# ဦးသန့် အရေးခင်း

စက်မှုတက္ကသိုလ် စိုးဝင်း



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း
ဦးသန့် (၁၉၀၉ - ၁၉၇၄)

## အပိုင်း (၁)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကွယ်လွန်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဦးသန့်၏ ရုပ်ကလာပ်ကို ကြီးကျယ်ခမ်းနားစွာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့် နောက်ဆုံး ဂါဝရ ပြုလုပ်၍ ဦးသန့်၏ မိသားစုဆန္ဒအရ ခိုင်တိုင်းပြည် မြန်မာနိုင်ငံတွင် ဦးသန့်ရုပ်ကလာပ်ကို သဂြိုဟ်ရန် အစီအစဉ်များကို ပြုလုပ်ပါသည်။

ဦးသန့်ကွယ်လွန်ကြောင်း သိလိုက်ရသည့်အတွက် မျိုးချစ်စိတ်ရှိသော မြန်မာတစ်မျိုးသားလုံး ယူကြုံးမရ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြပါသည်။ ကမ္ဘာ့အလယ်မှာ မြန်မာ့ဂုဏ်ကို ဆောင်ခဲ့သည့် ဦးသန့်၊ အာရှတိုက်သား ဦးသန့်သည် ကမ္ဘာ၏ အကြီးမားဆုံးသော တာဝန်ဝတ္တရားရှိသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် မြန်မာတစ်ဦး ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်သည် ရန်ကုန်စက်မှုတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား အင်ဂျင်နီယာကဲ့နှင့် လက်တစ်ကမ်းအလို နောက်ဆုံးနှစ်ဝက်တွင် ရောက်ရှိနေပါသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့ ဦးသန့် ရုပ်ကလာပ် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ နေဝင်းစစ်အစိုးရသည် ပြီးစလွယ်သဘောဖြင့် ဦးသန့်ရုပ်ကလာပ်ကို မြင်းပြိုင်ကွင်းဟောင်း ကျိုက္ကဆံကွင်း တစ်နေရာတွင် မဏ္ဍပ်ငယ်တစ်ခုသာ ဆောက်ပေးပြီး ကြက်ခြေနီအသင်းဝင် လူငယ်များနှင့်သာ အစောင့်ချထားပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့၊ အချိန် (၁) နာရီတွင် ကြံတောသင်္ချိုင်းသို့ ပို့ဆောင် သဂြိုဟ်မည်ဟု ပြည်သူလူထုကို ကြေညာခဲ့ပါသည်။

နိုင်ငံတော်ရာပနအဖြစ် တခမ်းတနား ဂုဏ်ပြုသဂြိုဟ်လိမ့်မည်ဟု ယူဆနေသည့် ပြည်သူလူထုသည် နေဝင်းစစ်အစိုးရ၏ လျစ်လျူရှုခြင်း၊ ဦးသန့်၏ ဂုဏ်သိက္ခာကိုမှမထောက်၊ လုပ်ရက်လေခြင်းရယ်လို့ ပြည်သူကြားဝယ် တဆင့်စကား ပြန့်နှံ့လို့ မကျေနပ်၊ ဝမ်းနည်း ဒေါသများ ပေါက်ကွဲစေခဲ့ပါသည်။

တချိန်တည်းတွင် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားတို့သည် ရာပနကော်မတီများ ဖွဲ့စည်းပြီး ရာပနလိုက်ပါပို့ဆောင်၊ နောက်ဆုံး ဂါဝရပြုလုပ်ရန် စီစဉ်ကြပါသည်။ ပထမ အစီစဉ်အရ ဘတ်(စ်)ကားများ ငှားပြီး ကျိုက္ကဆံကွင်းမှာ စုရုံးရန် ကျောင်းသားကိုယ်စားလှယ်များ ဘတ်(စ်)ကားများ သွားငှားပါသည်။ ဘတ်(စ်)ကားအဖွဲ့အစည်းများကိုသက်ဆိုင်ရာမှ ကျောင်းသားများအား မငှားရန် တားမြစ်ထားပါသည်။ ဘတ်(စ်)ကားငှားရမ်း၍ မရသောကြောင့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် စုရုံးပြီး ကျိုက္ကဆံကွင်းသို့ ခြေလျင်ဖြင့် ချီတက်ဖို့ အစီအစဉ်ပြောင်းလိုက်ရပါသည်။

ရာပနအခမ်းအနားနေ့၊ ကျွန်တော်တို့ စက်မှုတက္ကသိုလ်ကျောင်းသားများသည် ရရာ ဒေါ့ဂျစ်ကားများကို ငှားပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စုရပ်သို့ သွားရောက်ကြပါသည်။ ကျွန်တော်တို့ ဒေါ့ဂျစ်ကားများ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နယ်မြေကို ဝင်သည်နှင့် အရင်ရောက်နှင့်နေသည့် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားဘွေက လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ကြိုဆိုမှုသည် ကျွန်တော်တို့၏ ရင်ထဲတွင် တစ်မျိုးတစ်မည် ခံစားရပါသည်။

နေဝင်း ဦးဆောင်သော စစ်အစိုးရသည် ၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် မြန်မာပြည်လွတ်လပ်ရေး မော်ကွန်းဝင် ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီးကို ဖုံးခွဲဖျက်ဆီးပြီး ရာပေါင်းများစွာသော ကျောင်းသားစုစည်းမှုကို လက်နက်အားကိုးဖြင့် သတ်ဖြတ် ချိုးနှိမ်ခဲ့သော (၁၂) နှစ်ကျော်ကာလ ဤမေ့ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ပထမဦးဆုံး ထောင်ပေါင်းများစွာသော ကျောင်းသားများ ပြန်လည်ပေါင်းစည်း ညီညွတ် စုရုံးမိကြခြင်းဖြစ်ပါသည်။

ယဉ်ကျေးသော ကျောင်းသူ ကျောင်းသားများဖြစ်ကြ၍ စည်းကမ်းရှိကြပါသည်။ သုံးယောက်တစ်တွဲ တက္ကသိုလ်အလိုက် စီတန်းနေရာယူပြီး ရန်ကုန်စက်မှုတက္ကသိုလ်မှ ကားတစ်စီး၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ကားတစ်စီး၊ အသံချဲ့စက်များနှင့် "ကျွန်တော်တို့ ကျောင်းသားထုသည် ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်၏ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ရန်နှင့် နောက်ဆုံး ဂါဝရပြုလုပ်ရန် စည်းကမ်းတကျ ချီတက်လာကြောင်း ကြေညာပါသည်" လမ်းခရီးတစ်လျှောက်မှာလည်း ကျေနပ်ခြင်းအပြုံးနှင့် လူအုပ်ကြီးများက ကြိုဆိုကြသည်သာမက သောက်ရေများ၊ ဖီးကြမ်းငှက်ပျောသီးများ ဝေငှပေးခြင်းဖြင့် ခြေကျင်လျှောက်လာသော

ကျောင်းသားများကို အမောပြေစေပါသည်။

ဦးသန့်ရုပ်ကလာပ်ထားရှိသည့် ကျိုက္ကဆံကွင်းသည် ဦးသန့်ကို နောက်ဆုံးဂါရဝပြုရန်ရောက်ရှိနေသော လူအုပ်ကြီးနှင့် ပြည့်လျှံနေပါသည်၊ ရုပ်ကလာပ်ထားရှိရာ မဏ္ဍပ်အတွင်းတွင်လည်း ဦးသန့်မိသားစု၊ ဆွေမျိုးမိတ်ဆွေများနှင့် သက်ဆိုင်ရာလူကြီးများက နေရာယူထားပါသည်။ မျိုးချစ်စိတ်ရှိသော လူငယ်များ၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်ဟု အသိရှိသည့် လူငယ် တက္ကသိုလ်ကျောင်းသားထုကြီးသည် စနစ်တကျ ကျိုက္ကဆံကွင်းအတွင်းသို့ ဝင်ရောက်သောအခါ မိဘပြည်သူလူထုတစ်ရပ်လုံး၏ လက်ခုပ်သံများသည် မိုးခြိမ်းသံကဲ့သို့ ကွင်းပြင်တစ်ခုလုံး ဖုံးလွှမ်းသွားပါတော့သည်။ ပွဲကြည့်စင်များတွင် မိဘပြည်သူတို့နှင့် ပြည့်လျှံနေ၍ ကျောင်းသားထုတစ်ရပ်လုံးသည် ဦးသန့်ရုပ်ကလာပ် ထားရှိရာ မဏ္ဍပ်၏ အရှေ့ဘက် ကွင်းပြင်တွင် နေရာယူရလေသည်။

မွန်းလွဲချိန်ဖြစ်၍ ပူပြင်းလှသည့် အပူရှိန်အောက်တွင် "ဘာကြောင့်များ ဦးသန့်၏ ဈာပနကို ပြီးစလွယ် စီစဉ်ရသနည်း ဆိုသည့် မေးခွန်းသည်" ပြည်သူကျောင်းသားတို့၏ ရင်ကို ပူလောင်စေခဲ့သည်သာမက မကျေနပ်ခြင်းဆိုသည့် ခံစားချက်ကို ကျောင်းသားပြည်သူတို့ ရင်ထဲမှာ ခံစားလိုက်ရပါသည်။ ဤတွင် ကျောင်းသားထု၏ လှုပ်ရှားမှုသည် စတင်လာပါတော့သည်၊ လော်စပီကာမှ ကျောင်းသားများကို လှုံ့ဆော် စည်းရုံးလာပါတော့သည်၊ "ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အတွက် ဂူဗိမာန် ရရှိရေး ... ဒို့အရေး၊ ဒို့အရေး" ဟူသည့် ကြွေးကြော်သံနှင့်အတူ ကျောင်းသားများ လှုပ်လှုပ်ရှရှ ဖြစ်လာပါတော့သည်။ အရေးပေါ် ကျောင်းသားကိုယ်စားလှယ်များ စည်းဝေးပြီးနောက်ဆုံး ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အား ထိုက်သင့်သော ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်ရန် ဆုံးဖြတ်ပါသည်။ "ပြီးစလွယ် တည်ဆောက်ထားသော မဏ္ဍပ်"၊ "မြင်းပြိုင်ကွင်းဟောင်း"၊ "ကြံတောသုသာန်"၊ ဤအချက်တို့သည် အရုပ်ဆိုးလှပေသည်။ ထို့ကြောင့် ကျောင်းသားထုတစ်ရပ်လုံးက တက္ကသိုလ်နယ်မြေသို့ ပြန်လည်သယ်ဆောင်၍ ထိုက်သင့်သော ဈာပနအခမ်းအနားနှင့် ငြိမ်းချမ်းရေးဂူဗိမာန်ကြီး တည်ဆောက်မည်ဖြစ်ကြောင်း ကြွေးကြော်ကြလေသည်။ တဆက်တည်းမှာပဲ မဆိုင်သူများ မဏ္ဍပ်တွင်းမှ ဖယ်ရှားပေးရန် ကျောင်းသားထုက ကြေညာလိုက်ပါသည်၊ လျှပ်တစ်ပြက်အတွင်း အခြေအနေများ ပြောင်းလဲသွားပါသည်။ မဏ္ဍပ်အတွင်းမှ ကြက်ခြေနီလူငယ်များ၊ ဦးသန့် ဆွေမျိုးနှင့် မိသားစုများ၊ သက်ဆိုင်ရာ လူကြီးများ မဏ္ဍပ်အပြင်သို့ ထွက်ခွာသွားပါသည်။ မဏ္ဍပ်အတွင်းသို့ ကျောင်းသားများ ဝင်ရောက်နေရာယူထားလိုက်ပါသည်။

အသံချဲ့စက်မှ ကျောင်းသားကိုယ်စားလှယ်များက ၎င်းတို့သည် ဦးသန့်၏ ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေသို့ ပြန်လည် သယ်ဆောင်ပြီး ထိုက်သင့်သော ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်၍ ဂူဗိမာန်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းအတွက် ဦးသန့်၏ မိသားစုနှင့် ဆွေမျိုးမိတ်ဆွေများဆီမှ ခွင့်တောင်းပါသည်။ ဦးသန့်၏ အစ်ကို ဦးခန့်ကို အသံချဲ့စက်ရှိရာသို့ ဖိတ်ခေါ်လိုက်ပါသည်။ အသံချဲ့စက် တပ်ဆင်ထားသည့် ဖော့ဂျစ်ကား အရှေ့တစ်ပိုင်း၊ ကားစက်ထားရှိရာနေရာသည် ကျောင်းသားတို့၏ ယာယီစင်မြင့်သဖွယ်ဖြစ်သွားပြီး ကျောင်းသားအပါအဝင် လူအုပ်ကြီး၏ အာရုံသည် ထိုစင်မြင့်သို့ ရောက်နေကြသည်။ ဦးခန့် စင်မြင့်ပေါ်သို့ တက်ရောက်ပြီး ကျောင်းသားတို့အား စိတ်လိုက်မာန်ပါ မပြုလုပ်ရန်၊ အစိုးရနှင့် ဆန့်ကျင်ပြီး မပြုလုပ်ရန်၊ နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ဖို့ရန် တိုက်တွန်းပြောကြားသွားလေသည်။ အခြေအနေကို စောင့်ကြည့်နေသော လူထုကြီးနှင့် ကျောင်းသားထုတို့သည် အမြန်ဆုံး တက္ကသိုလ်နယ်မြေသို့ ဦးသန့်ရုပ်ကလာပ်ကို သယ်ဆောင်ရန် ကြွေးကြော်လာပါတော့သည်။

နောက်ဆုံး ကျောင်းသားကိုယ်စားလှယ်များ ဦးသန့်ရုပ်ကလာပ်ကို ပခုံးပြောင်းသယ်ယူပြီး လွမ်းသူပန်းခွေ တင်ဆောင်ရာကား (တိုယိုတာ ပစ်ကပ်) ခေါင်မိုးပေါ်သို့တင်ကြပါသည်။ ကျောင်းသားနှင့် သံဃာတော်များ ခြံရံလျက်၊ ထောင်ပေါင်းများစွာသော ကျောင်းသားထုကြီး၏ ချီတက်ရာလမ်းကြောင်းအတွင်းမှ ဦးသန့်ရုပ်ကလာပ်ကို လာရာလမ်းအတိုင်း တက္ကသိုလ်နယ်မြေသို့ပြန်လည် သယ်ဆောင်သွားပါသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း လူအုပ်ကြီးတွေနှင့် ပြည့်ကျပ်နေပြီး ကျောင်းသားထုတို့၏ ကြွေးကြော်သံများသည် အရာရာကို ဖုံးလွှမ်းနေပါသည်။

တက္ကသိုလ်နယ်မြေ အဓိပတိလမ်းအတိုင်း ရုပ်ကလာပ်ကို သယ်ဆောင်ပြီး ဘွဲ့နှင်းသဘင် အဆောက်အဦးရှေ့တွင် ယာယီစင်မြင့် ပြုလုပ်၍ ပြင်ဆင်ထားပါသည်။ တက္ကသိုလ်နယ်မြေတစ်ခုလုံးတွင် ကျောင်းသား၊ အရပ်သား၊ ရဟန်းသံဃာတော်များနှင့် ပြည့်လျှံနေပါသည်။ မကျေနပ်နေသည့် ကျောင်းသားများ၏ ကြွေးကြော်သံများ ဆက်တိုက် ထွက်ပေါ်လာပါသည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက် ၊ ၁၂ နှစ်လုံး မေ့မေးစည်းမှု မရှိခဲ့သော ကျောင်းသားများသည် ဤနေ့တွင် ပြန်လည်စုရုံးမိ၍ နေဝင်းစစ်အစိုးရအား ကျောင်းသားထုက တန်ပြန်တိုက်ပွဲဝင်ရန် ဖန်တီးနေသည့် အသွင်ဆောင်နေပါသည်။ နိုင်ငံရေးခံယူချက်ရှိသည့် တက္ကသိုလ်ကျောင်းသားများ၏ လှုပ်ရှားမှု စခန်းထလာပါသည်။ ကျောင်းသားများကို နည်းအမျိုးမျိုးသုံးပြီး ဥပဒေအမျိုးမျိုးထုတ်၍ ထွက်ပေါက်မရှိအောင် နေဝင်းစစ်အစိုးရသည် ဖိနှိပ်ချုပ်ချယ်ခဲ့သည်သာမက၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဆိုသည့် နားဝေ၍ကောင်းသော ဝေါဟာရများနှင့် ကျောင်းသားတို့အား မှိုင်းတိုက်ခဲ့ပါသည်။ အဖိနှိပ်ခံရသော ပြည်သူလူထုနှင့် ကျောင်းသားများသည် ယခုလက်ငင်းကိစ္စတွင် ထွက်ရပ်ပေါက်ကို ရှာသည်မှာ သဘာဝကျလှပေသည်။ နိုင်ငံရေးကြွေးကြော်သံများ ဒုန်းဒုန်းကျွက် ပေါက်ကွဲလာပါတော့သည်။

ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ဦးသန့်ရုပ်ကလာပ်ကို အားလုံးက ဂါရဝပြုကြပါသည်။ ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမအတွင်းသို့သံဃာတော်များခြံရံလျက် ဦးသန့်ရုပ်ကလာပ်ကို သယ်ဆောင်လာပါသည်။ ဘွဲ့နှင်းသဘင်ခန်းမရှိ စင်မြင့်ပေါ်တွင် ဦးသန့်ရုပ်ကလာပ်ကိုထားပြီး အရေးပေါ်ဈာပန ကော်မတီကို ဖွဲ့စည်းလိုက်ပါသည်။ ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် အနီးပတ်ဝန်းကျင်

> ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့ ဦးသန့်ရုပ်ကလာပ် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ နေဝင်း စစ်အစိုးရသည် ပြီးစလွယ်သော ဖြင့် ဦးသန့်ရုပ်ကလာပ်ကို မြင်းပြိုင်ကွင်းဟောင်း ကျိုက္ကဆံကွင်း တစ်နေရာတွင် မြှုပ်နှံမည် [illegible] ကြက်ခြေနီအသင်းဝင် လူငယ်များ နှင့်သာ အဆောင်ရွက်ခိုင်းထားပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့ ၊ အချိန် (၁) နာရီတွင် ကြံ့တော သချိုင်းသို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဟု ပြည်သူလူထုကို ကြေညာခဲ့ပါသည်။

တက္ကသိုလ်နယ်မြေသည် လူအုပ်ကြီးဖြင့် ပြည့်လျှံနေပါသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့ မြက်ခင်းပြင်တွင် ကျောင်းသားများ နေရာယူထားပြီး ကားခေါင်မိုးပေါ်မှနေ၍ လက်တစ်ဖက်တွင် မိုက်ကရိုဖုန်းကိုင်လျက် လက်သီးလက်မောင်းတန်းပြီး ကျောင်းသားတစ်ဦးချင်း တက်ရောက် ရင်ဖွင့်ကြပါသည်။ ဘာကိုမှ ဂရုမစိုက်နိုင်ကြတော့ပါ။ ၁၂ နှစ် ကာလနီးပါး နှုတ်ပိတ်ရေငုံနေခဲ့ရသော ကျောင်းသားများသည် မိမိတို့ရင်တွင်းမှ နိုင်ငံရေး ခံစားချက်များကို ဟစ်အော် ကြွေးကြော်ကြသည်။

"ပြောတော့ ဆိုရှယ်လစ် ဒီမိုကရေစီ၊ လုပ်တော့ တစ်ပါတီ ကောင်းစားရေး" အငက်ဆောင်းဆိုက်နေသည့် ပြည်သူလူထု ကိုယ်စား ကျောင်းသားများက နေဝင်းစစ်အစိုးရကို "အောက်ကိုလဲ ပြန်ကြည့်ပါအုံး၊ ကားဝယ် တိုက်ဆောက်နဲ့သာ အချိန်ဖြုန်း မနေပါနဲ့" ဟု တစ်ဖုံ၊ အမျိုးမျိုးသော စကားလုံးများနှင့် လျှောက်လဲနေကြလေသည်။ တက်ရောက်နားထောင်နေသော ကျောင်းသားထုနှင့် အရပ်သားတို့ လက်ခုပ်သံများ တဖြောင်းဖြောင်းနှင့် ထောက်ခံချီးမြှင့်နေကြလေသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၆) ရက်။ ဦးသန့်ရုပ်ကလာပ် ဘွဲ့နှင်းသဘင်ခန်းမ အတွင်း ထားရှိကြောင်း ကြားသိ၍ ရန်ကုန် ဆင်ခြေဖုံးမှ လူအများအပြားလာရောက် ဂါရဝပြုကြလေသည်။ ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်ရှိ အသံချဲ့စက် စကားပြောခွက်နှင့် လွတ်လပ်စွာ စကားပြောဆိုခွင့်ရှိသည်ဆိုသည့် ဒီမိုကရေစီ စစ်စစ်ကို ကျောင်းသားများက သရုပ်ဖော်နေပါသည်။ ကျောင်းသားများ ရဲရင့်ပြောင်မြောက်စွာ တစ်ဦးချင်း စင်မြင့်ပေါ်သို့ တက်ရောက်၍ မိမိတို့၏ ခံစားချက်များကို ရင်ဖွင့်ကြပါတော့သည်။ ဘွဲ့နှင်းသဘင်ခန်းမလုံးပြည့်ရှိ လူများကြီးက လက်ခုပ်သံများနှင့် ထောက်ခံအားပေးကြပါသည်။ ယာယီစျာပနကော်မတီမှ ကြေငြာချက်တစ်ရပ် ထွက်ပေါ်လာပါသည်။ ဦးသန့်၏ စျာပနကို နေဝင်းစစ်အစိုးရ အနေနှင့် နိုင်ငံတော် စျာပနအဖြစ် ပြုလုပ်ပေးရန် တောင်းဆိုသော စာကို နိုင်ငံတော်ကောင်စီသို့ ပို့လိုက်ပြီ ဖြစ်ကြောင်း၊ အကယ်၍ ယနေ့ညနေ (၄) နာရီ တိတိအထိ ပြန်ကြားချက် တစ်စုံတစ်ရာမျှ မရရှိပါက ကျောင်းသားများသည် ပြည်သူလူထု အကူအညီနှင့် မိမိတို့ဘာသာ စျာပနအခမ်းအနားပြုလုပ်၍ ငြိမ်းချမ်းရေးအုတ်ဂူဗိမာန် တည်ဆောက်မည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။ တစ်ချိန်တည်းမှာပင် အုန်းအုန်းကျွက်ကျွက် လက်ခုပ်သံများနှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုလုံး မိုးချုန်းသကဲ့သို့ ဖုံးလွှမ်းသွားပါတော့သည်။

နာရီလက်တံတို့သည် တရွေ့ရွေ့လည်ပတ်နေပါသည်။ ကျောင်းသားနှင့်အရပ်သားကိုယ်စားလှယ်တို့ တစ်ဦးပြီးတစ်ဦးလှည့်ကာ စင်မြင့်ပေါ်သို့ တက်ရောက်မိန့်ခွန်းပြောကြပါသည်။ နုနယ်သော နှလုံးသားပိုင်ရှင် မိန်းကလေးများပင် သူတို့၏ နှုတ်ဖျားမှ ထွက်လာသော စကားလုံးများသည် မိန်းမသားများနှင့် မကိုက်ညီတဲ့၊ မာကျောပြတ်သားလှပေသည်။

လူတိုင်း နာရီတကြည့်ကြည့်နှင့် (၄) နာရီကို စောင့်မျှော်နေကြပါသည်။ နောက်တော့ (၄) နာရီသာ ထိုးသွားသော်လည်း နိုင်ငံတော်ကောင်စီမှ လုံးဝ တုံ့ပြန် ဖြေကြားခြင်း မရှိသည့်အတွက်၊ ကျောင်းသား၊ အရပ်သား၊ သံဃာတော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်း (၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက် နေ့တွင် ကျောင်းသား သမဂ္ဂအဆောက်အဦးကြီးသည် ကျောင်းသားများနှင့်အတူ နေဝင်းစစ်အစိုး၏ လက်ပစ်ဗုံးဒဏ် ထိမှန်ပြိုကွဲပျက်စီးခြင်း ခံခဲ့ရပါသည်) နေရာကို ရှင်းလင်းပြီး ဦးသန့်အတွက် အုတ်ဂူတည်ဆောက်ပြီး သင်္ဂြိုဟ်မည်ဖြစ်ကြောင်း၊ ထိုတဆက်တည်းမှာပင် ငြိမ်းချမ်းရေး ဂူဗိမာန်ကိုလည်း တည်ဆောက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ကြပါသည်။

ဆုံးဖြတ်ချက်ရသည်နှင့် ကျောင်းသား၊ အရပ်သားများနှင့် သံဃာတော်များ သမဂ္ဂဟောင်းနေရာကို စတင်ရှင်းလင်း၍ ရန်ကုန်စက်မှုတက္ကသိုလ် ဗိသုကာဌာနနှင့် မြို့ပြဌာနမှ ကျောင်းသားများ တာဝန်ယူ ပုံဆွဲပြီး ဦးသန့်အုတ်ဂူနှင့် ယာယီဂူဗိမာန်ကို ဆောက်လုပ်ပါသည်။ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဆေးကျောင်းမှ တက္ကသိုလ်ကျောင်းသားများနှင့်အတူ အထက်တန်းနှင့် အလယ်တန်းကျောင်းပေါင်းစုံတို့မှ ကျောင်းသားများလည်း ပါဝင်လုပ်အားပေးကြပါသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၇) ရက်၊ ည (၇) နာရီ အချိန်တွင် ကျောင်းသား၊ သံဃာနှင့် ဦးသန့်မိသားစုတို့သည် အရေးပေါ်အစည်းအဝေးကို မန္တလေးဆောင်တွင် ပြုလုပ်ပါသည်။ ထိုအစည်းအဝေးတွင် အဖွဲ့ဝင် (၁၁) ဦး ပါဝင်ပါသည်။ ဦးသန့်၏ညီ ဦးသောင်းက ရန်ကုန်တိုင်း ပြည်သူ့ကောင်စီက ထုတ်လိုက်သော စာကို ထုတ်ပြပါသည်။ ဦးသန့်ကိစ္စနှင့် ပတ်သက်၍ အုတ်ဂူတည်ဆောက်ရေးနှင့် ဂူဗိမာန် တည်ဆောက်ရန် ကန်တော်မင်ပန်းခြံတွင် နေရာပေးမည်ဖြစ်ကြောင်း၊ ကျောင်းသားများကိုလည်း အရေးယူဖမ်းဆီးမည် မဟုတ်ကြောင်း ပါရှိလေသည်။ ဦးသောင်း အနေနှင့် ဦးသန့်ရုပ်ကလာပ်ကို အမြန်ဆုံးသင်္ဂြိုလ်ချင်ပြီ ဖြစ်ကြောင်း၊ ဒီဇင်ဘာလ (၈) ရက်နေ့ (၁၂) နာရီ အချိန်၌ သင်္ဂြိုလ်ရေးအစီစဉ် စတင်ရန် ကျောင်းသားကိုယ်စားလှယ်များအား ပြောကြားပါသည်။ ဒေါက်တာတင်မြင့်ဦး (ဦးသန့်၏သားမက်) ကလည်း၊ မိမိကိုယ်တိုင် ပုံစံရေးဆွဲထားသော ဦးသန့်၏ အုတ်ဂူဗိမာန်ကို ကန်တော်မင်ပန်းခြံတွင် ဆောက်လုပ်ပြီး သင်္ဂြိုလ်ရန် ပြင်ဆင်ပြီးဖြစ်ကြောင်း။ ကျောင်းသားနှင့် သံဃာတော်များအား အမြန်ဆုံး စီစဉ်ရန် ပန်ကြားသွားလေသည်။ ဦးသန့်စျာပနကိစ္စနှင့် ပတ်သက်၍ ကျောင်းသားကိုယ်စားလှယ်များ၊ သံဃာတော်များ အပြန်အလှန် ဆွေးနွေးကြပြီး၊ အစည်းအဝေး၏ ဆုံးဖြတ်ချက်ကို အများသဘောတူညီမှုဖြင့် ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း

ဆန္ဒပြမည်ဖြစ်ကြောင်း၊ ထိုအစည်းအဝေးတက်ရောက်သူအားလုံး သဘောတူညီလေသည်။ ပထမဦးဆုံး ဦးသန့်ရုပ်ကလာပ်သင်္ဂြိုဟ်ရေးအစီအစဉ်ကို ဒီဇင်ဘာလ ၈ ရက်နေ့၊ ၁၂ နာရီတိတိတွင် စတင်ရန် သဘောတူညီကြလေသည်။ ဆက်လက်၍ အောက်ပါ အချက် နှစ်ချက်ကို ဆွေးနွေးပြီး ဆုံးဖြတ် မဲခွဲရပါမည်။

(၁) ဦးသန့်၏ ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမမှ ကျောင်းသားသမဂ္ဂနေရာ ကျောင်းသားများ ဆောက်လုပ်ထားသော ဦးသန့် အုတ်ဂူပေါ်တွင် ဦးသန့်ရုပ်ကလာပ်ကို တင်၍ ဦးသန့်မိသားစုများ၊ ပြည်သူလူထု၊ ကျောင်းသား၊ သံဃာတော်များ နောက်ဆုံးဂါဝရပြုပြီး ကန်တော်မင်ပန်းခြံသို့ သယ်ဆောင်ရန်။

(၂) ဦးသန့်၏ ရုပ်ကလာပ်ကို ကျောင်းသားနှင့် ပြည်သူတို့၏ ချွေးနှင့် ဆောက်တည်နေသည့် ဦးသန့်အုတ်ဂူတွင် သင်္ဂြိုဟ်ပြီး ဦးသန့်ဂူဗိမာန်ကို ကျောင်းသားများ အသက်နှင့်သွေး စတေးခဲ့သည့် ကျောင်းသားသမဂ္ဂနေရာတွင် တည်ဆောက်ရန်။

## အပိုင်း (၂)

တစ်ဦးချင်း ဆန္ဒပြလိုက်သောအခါ (၇) မဲ (၄) မဲ နှင့် ပထမ အချက်ကို သဘောတူညီကြပါသည်။ (၇) ခုနှစ်မဲထဲမှာ ဦးစောဝင်း၊ ဒေါက်တာတင်မြင့်ဦး၊ သံဃာတော် နှစ်ပါးနှင့် ကျန်ကျောင်းသား ကိုယ်စားလှယ် သုံးဦး ပါဝင်ပါသည်။ (၄) မဲထဲမှာ ကျွန်တော်တို့ စက်မှုတက္ကသိုလ်မှ ကျောင်းသား (၃) ဦးနှင့် ဆေးတက္ကသိုလ် ကိုယ်စားပြု ဆေးကျောင်းသားတစ်ဦး အပါအဝင်၊ ကျောင်းသား (၄) ဦးသည် ဒုတိယ အချက်ကို မဲပေးပါသည်။ ဤတွင် ဦးသန့်ရုပ်ကလာပ် ကို (၇) ခုနှစ် မဲ (၄) မဲ နှင့် ဆုံးဖြတ်ပြီး ကန်တော်မင်ပန်းခြံတွင် သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ မြန်မာ့အသံလွှင့်ရုံ ရေဒီယိုမှလည်း ၈ – ၁၂ – ၁၉၇၄ ရက် ၁၂ နာရီ အချိန်တွင် ရှာပနအခမ်းအနား စတင်မည်ဟု ကြေညာပါသည်၊

ကျောင်းသားနှင့် သံဃာတို့သည် ကျောင်းသားထုနှင့် ပြည်သူလူထုကို ကိုယ်စားပြု၍၊ ဤအစည်းအဝေးသို့ တက်ရောက်လာခြင်းဖြစ်ပါသည်၊ မဲခွဲရာတွင် ကျောင်းသားနှင့် သံဃာတော်များ၏ ဆန္ဒများ ကွဲပြားခြားနားနေပါသည်။

အခြေအနေ ဖြစ်ရပ် အားလုံးကို ပြန်လည် စိစစ်သောအခါ နေဝင်းစစ်အစိုးရသည် ပြီးစလွယ် ဦးသန့် (ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း) ရုပ်ကလာပ်ကို ကြံတော သချိုင်းတွင် သင်္ဂြိုဟ်ရန် အစီအစဉ်ပြုလုပ်ပါသည်၊ ကျောင်းသားနှင့် ပြည်သူလူထုသည် မကျေနပ်နိုင်၍ လေးစားဂုဏ်ပြုထိုက်သော ဦးသန့် အား နိုင်ငံတော်ရှာပန အခမ်းအနားပြုလုပ်ပေးရန် နေဝင်း စစ်အစိုးရအား တောင်းဆိုခဲ့ပါသည်။ ပြည်သူလူထုနှင့် ကျောင်းသားတို့၏ တောင်းဆိုမှုကို တုန့်ပြန်မှု မရှိ၍၊ နောက်ဆုံး ကျောင်းသားတို့ အသက်သွေးနှင့် စတေးခဲ့သည့် ကျောင်းသားသမဂ္ဂဟောင်း နေရာတွင် ဦးသန့် ရုပ်ကလာပ်ကို သင်္ဂြိုဟ်ပြီး အုတ်ဂူနှင့် ဂူဗိမာန် တည်ဆောက်ပါသည်။

သမဂ္ဂအဆောက်အဦးနေရာတွင် လုပ်အားပေးနေသော ပြည်သူ ကျောင်းသားများ၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ဦးသန့် ရုပ်ကလာပ်ကို စောင့်ရှောက်နေသော ပြည်သူ ကျောင်းသားများ၊ အဓိပတိလမ်းမပေါ်တွင် အလှူငွေကောက်ခံနေသော ပြည်သူ ကျောင်းသားများ၊ ဦးသန့် ရုပ်ကလာပ်ကို နောက်ဆုံး လာရောက် ဂါဝရပြုကြသော ပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒသည် စာကြည့်တိုက်အဆောက်အဦးနေရာမှ အုတ်ချပ်များကို တစ်ယောက်တစ်လက်နှင့် လက်ဆင့်ကမ်း သယ်ယူဆောက်တည်နေသည့် အုတ်ဂူတွင် ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုဟ်ပြီး ဆက်လက်၍ ဦးသန့် ဂူဗိမာန်ဆောက်တည်ရန် ဖြစ်ပါသည်။

"လူကလေးရယ် အဖွားလဲ အုတ်တစ်ချပ်လောက် ဝင်သယ်ယူ ကုသိုလ်ပြုပါရစေ" ဆိုသည့် အဖွါးတို့၏ အသံနှင့်မှ မမှုသည့် လုပ်အားဖြင့် ဦးသန့်အုတ်ဂူ ဆောက်ရာတွင် အဖွါးအိုလည်း ပါဝင်လုပ်အားပေးခဲ့ပါသည်၊ အုတ်ဂူနှင့် ဂူဗိမာန် တည်ဆောက်ရာတွင် လုပ်အားပေးနေကြသည့် ပြည်သူ၊ ရဟန်းသံဃာနှင့် ကျောင်းသားတို့အတွက် ထမင်းထုပ်များကို ရပ်ကွက်များမှ လာရောက် လှူဒါန်းကြပါသည်။ ထမင်းထုပ်များတွင်လည်း "ငါ့ညီတို့ မင်းတို့ရဲ့ မှန်ကန်တဲ့ လုပ်ရပ်ကို ငါတို့ အားပေးတယ်၊ လုပ်ငန်းပြီးဆုံးသည်ထိ ဆက်လက်လုပ်ဆောင်ပါ" ဆိုသည့် စာရွက်ငယ်ကလေးများဖြင့် ပြည်သူလူထု ဆန္ဒကို ပြောကြားနေပါသည်။ ထိုတွင်မက မကျေနပ်နိုင်သည့် ဥက္ကလာပရပ်ကွက်က ပြည်သူတို့သည် ကျောင်းသားပြည်သူအများအတွက် ထမင်းထုပ် အလှူခံသည့် အဖွဲ့ကို ဟားမြစ်သည့် ရဲစခန်းအား မီးရှို့ဖျက်ဆီးလိုက်ပါသည်။

ဘွဲ့နှင်းသဘင်ခန်းမရှိ ပာစ်တိုင် မိုက်ကရိုဖုန်းမှလည်း ကျောင်းသူကလေးတစ်ဦး၏ ရင်ဖွင့်ချက် နိဂုံးချုပ် စကားလုံးများ ("ကျမ လက်ရှိ နေဝင်းစစ်အစိုးရ လုပ်ပုံကိုင်ပုံလေးတွေကို လွတ်လွတ်လပ်လပ် ဒိမိုကရေစီကျကျ ဝေဖန်ရတဲ့အတွက် များစွာမှ အားရကျေနပ်လှပါတယ်၊ အခုလိုပြောလို့ ကျမကို ဖမ်းပြီး ထောင်ချရင်လဲ ကျမ ထောင်ထဲမှာ နေရုံပါပဲ။ ဘာကြောင့်လဲဆိုတော့ ထောင်ထဲမှာမှ ထမင်းလေး မှန်မှန် စားရမှာ") သည် နုနယ်သော ကျောင်းသူကလေး ဖြစ်လင့်ကစား သူကလေး၏ ခံစားရမှုတို့သည် ပြင်းထန်လှပါသည်၊

ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နယ်မြေတစ်ခုလုံးသည် ခြေချစရာ မရှိ၊ ပြည်သူလူထုကြီးနှင့် ပြည့်လျှံနေပါသည်။

မန္တလေးဆောင် (၁၁) ဦး ရှာပနကော်မတီအစည်းအဝေးပြီးသည်နှင့် ကျောင်းသားများ အုပ်စုကွဲသွားပါသည်၊ စက်မှု

တက္ကသိုလ်မှ ကျောင်းသား သုံးဦးသည် နောက်ထပ် ဆက်လက်၍ ရှာပန အစီအစဉ်အစည်းအဝေးကို ကန့်ကွက်သည့်သဘောနှင့် ဆက်လက် မတက်ရောက်ကြတော့ဘဲ၊ အုတ်ဂူတည်ဆောက်ရာ ကျောင်းသားသမဂ္ဂအဆောက်ဦးဟောင်း နေရာကို စက်မှုတက္ကသိုလ်၏ ရုရပ်ဟု သတ်မှတ်လိုက်ပါသည်။ တစ်ယောက်တစ်ဆင့်၊ တယောက်နားဆိုသကဲ့သို့ ဦးသန့်၏ရုပ်ကလာပ်ကို ကျောင်းသားပြည်သူတို့ ရွေးနှင့်တည်ဆောက်သည့် အုတ်ဂူတွင် သဂြိုဟ်ရန် ဆုံးဖြတ်လိုက်ပါသည်။ သမဂ္ဂဟောင်း ဝန်းကျင်တစ်ခုလုံးကို စက်မှုတက္ကသိုလ် ကျောင်းသားများက နေရာယူ စောင့်ကြပ်လိုက်ပါသည်၊ ဦးသန့် ရုပ်ကလာပ်ကို အုတ်ဂူပေါ်တွင် နောက်ဆုံး ဂါဝရပြုပြီးခြင်း သဂြိုဟ်ဂူပိတ်ရန် ဘိလပ်မြေ (**Concrete cement mixture**) နှင့် ပန်းရန်ဆရာ (**Mason**) အဆင်သင့်ရှိရပါသည်။ တက်ညီလက်ညီ၊ တာဝန်ကိုယ်စီနှင့် ကျောင်းသားများ ညီညွတ်ကြပါသည်။

ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း ဦးသန့် ရုပ်ကလာပ်ကို အသက်ပေးနှင့် ကာကွယ်စောင့်ရှောက်မည့် အသေခံ (၁၂) ဦး ကျောင်းသား၊ ကျောင်းသူများ ခွပ်ဒေါင်း ခေါင်းစည်းနီများ ဦးခေါင်းတွင် စည်း၍ ခြံရံ စောင့်ကြပ်နေကြပါသည်။

ဒီဇင်ဘာလ (၈) ရက်၊ ၁၂ နာရီ ၁၉၇၄ ခုနှစ်၊ ဘွဲ့နှင်းသဘင်ခန်းမ ဝန်းကျင် တစ်ခုလုံး၊ တက္ကသိုလ်နယ်မြေ အဓိပတိလမ်းတစ်လျှောက်လုံးတွင် ဦးသန့် ရုပ်ကလာပ်ကို နောက်ဆုံး လာရောက် ဂါဝရဂုဏ်ပြုကြသော ပြည်သူများနှင့် ပြည့်လျှံနေပါသည်။ ကျောင်းသားသမဂ္ဂဟောင်း ပတ်ဝန်းကျင် တစ်ခုလုံးကို စက်မှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ လက်ကွဲမပြတ် စောင့်ကြပ်ထားပါသည်။ ဦးသန့် ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမမှ များပြားလှသည့် ကျောင်းသားကုကြားမှ ခဲရာခဲဆစ် ကျောင်းသားသမဂ္ဂ နေရာဟောင်းသို့ သယ်ဆောင်လာရလေသည်။

> နိုင်ငံတော်ရှာပနအဖြစ် တခမ်းတနား ဂုဏ်ပြုသဂြိုဟ်လိမ့်မည်ဟု ယူဆနေသည့် ပြည်သူလူထုသည် နေဝင်းစစ်အစိုးရ၏ လျစ်လျူရှုခြင်း၊ ဦးသန့်၏ ဂုဏ်သိက္ခာကိုမှမထောက်၊ လုပ်ရက်လေခြင်းရယ်လို့ ပြည်သူကြားဝယ် တဆင့်စကား ပြန့်နှံ့လို့ မကျေနပ်၊ ဝမ်းနည်း ဒေါသများ ပေါက်ကွဲစေခဲ့ပါသည်။ တချိန်တည်းတွင် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားတို့သည် ရှာပန ကော်မတီများ ဖွဲ့စည်းပြီး ရှာပန လိုက်ပါပို့ဆောင်၊ နောက်ဆုံး ဂါဝရပြုလုပ်ရန် စီစဉ်ကြပါသည်။

သမဂ္ဂဟောင်းနေရာ အုတ်ဂူနှင့် ယာယီ ဂူဗိမာန်တို့သည် တစ်ယောက်တစ်လက် တည်ဆောက်ခဲ့ပါသည်။ ဦးသန့် ရုပ်ပုံ ပန်းချီကားချပ်သည် ဂုဏ်ရှိလှပါသည်၊ အလံတော် သုံးခု လွှင့်ထူထားပါသည်။ ဗုဒ္ဓဘာသာ အလံတော်၊ ကုလသမဂ္ဂ အလံတော်နှင့် ကျောင်းသားသမဂ္ဂ ခွပ်ဒေါင်း အလံတော်တို့သည် အောင်ရမည် ဆိုသည့် အသွင်ဆောင်လျက် ကောင်းကင်ယံတွင် လေတလူလူနှင့် အလံတော်များ တင့်တယ် ထည်ဝါ ပျံ့မြူးနေကြပါသည်။ တစ်ချိန်က ဤနေရာသည် ကျောင်းသားများ စုစည်းရာ ကျောင်းသားသမဂ္ဂအဆောက်အဦးကြီး တည်ရှိခဲ့ပါသည်။ ဆရာကြီး ဦးသန့်သည် ကမ္ဘာတွင် မြန်မာပြည်သားတို့၏ဂုဏ်ကို ဆောင်ခဲ့သည်သာမက မိမိ၏ နောက်ဆုံးခရီးမှာပင် နိုင်ငံခြား သံတမန်များ၊ နိုင်ငံခြားသတင်းထောက်များ နောက်ဆုံး မှတ်တမ်းတင် သတင်းယူရန် ရောက်ရှိနေကြပါသည်။ ထို့ထက်သာမက တစ်ခါမှ စုစည်းမှု မရှိခဲ့သော ဘုန်းတော်ကြီးများ အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ကျောင်းသားများနှင့် ပူးပေါင်းလက်တွဲလျက်ရှိနေသည်မှာ အံ့ဖွယ်ရာ ဖြစ်ပါသည်၊

ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများ တည်ဆောက်သော အုတ်ဂူရှေ့စားပွဲပေါ်တွင် တင်၍၊ သံဃာတော်များ၊ ဦးသန့် မိသားစုများ၊ နိုင်ငံခြားသံတမန်များ၊ ပြည်သူ ကျောင်းသားများ နောက်ဆုံး ဂါဝရ ပြုကြပါသည်။

အစိုးရအရ ဦးသန့်ရုပ်ကလာပ်ကို ကန်တော်မင်ပန်းခြံသို့ သယ်ယူမည်ဟု ကြေညာလိုက်သည်နှင့် "ဦးသန့်ရုပ်ကလာပ်ကို သမဂ္ဂဝင်းအတွင်းမှ ဘယ်ကိုမှ မထုတ်ရဘူး" ဆိုသည့် ကြွေးကြော်သံများ တစ်ခဲနက် ဆူညံသွားပါတော့သည်။ သမဂ္ဂနေရာဟောင်းရှေ့ရှိ မန္တလေးဆောင်ခန်းမ အသံချဲ့စက်မှ ဦးခန့်အနေနှင့် ပြည်သူနှင့်ကျောင်းသားထုကို မေတ္တာရပ်ခံစကား အနည်းငယ် ပြောကြားသွားပါသည်၊ ဦးသန့် ရုပ်ကလာပ်ကို ကျောင်းသားများ တည်ဆောက်ထားသော အုတ်ဂူတွင် ထာဝရ သဂြိုဟ်ရန် ကြွေးကြော်သံများ ဆူညံသည်ထက် ဆူညံလာပါသည်။ အခြေအနေမှာ သက်ဆိုင်ရာ ကျောင်းသားကိုယ်စားလှယ်များက တစ်စုံတစ်ခုမှ မပြုလုပ်ပါက၊ ကျန်ကျောင်းသားများက အတင်းဝင်ရောက် သဂြိုဟ်မည့် အခြေအနေတွင် ရှိနေပါသည်။

နောက်ဆုံး ကျောင်းသားကိုယ်စားလှယ်များက ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများ တည်ဆောက်သော အုတ်ဂူတွင်သာ ထာဝရ သဂြိုဟ်မည် ဖြစ်ကြောင်း ကြေညာလိုက်သည့် အချိန်မှသာ၊ ကျောင်းသားထုနှင့် ပြည်သူများ လက်ခံ ကျေနပ်ကြလေသည်။ ကြေညာပြီးသည့်အတိုင်း ကျောင်းသားများ ဦးသန့်ရုပ်ကလာပ်ကို ပခုံးပြောင်းသယ်ယူပြီး အုတ်ဂူတွင် သဂြိုဟ်လိုက်ပါသည်။ ဘိလပ်မြေကလည်း အဆင်သင့်ပြင်ထားသည့်အတွက် ပန်းရန်ဆရာ လက်စွမ်းနှင့်အုတ်ဂူကို ထာဝရ ပိတ်လိုက်ပါသည်။ "အောင်ပြီ" "အောင်ပြီ" "အောင်ပြီ" ဟူသော ကြွေးကြော်သံများ မိုးကွဲလုမတတ် မြည်ဟိန်းသွားပါသည်။ သံဃာတော်များ ပရိတ်တရားနာပြီး၊ အမေသခံကျောင်းသား တပ်ဖွဲ့က၊ ကမ္ဘာ့ကုလသမဂ္ဂ အလံတော်နှင့် အုတ်ဂူကို လက်ယာရစ် သုံးပတ်၊ ပတ်ပြီး အလေးပြုပါသည်။ ယို့နောက် ကုလသမဂ္ဂ အလံတော် ကို အုတ်ဂူထက်တွင် လွှမ်းခြုံလိုက်ပါသည်။

ရင်းနေ့ညဘက်တွင် နေဝင်းစစ်အစိုးရဘက်မှ မြန်မာ့အသံကတစ်ဆင့် ကျောင်းသားများက ဦးသန့်မိသားစု၏ ဆန္ဒကို ပြင်းပယ်၍ ကျောင်းသားများ တည်ဆောက်သည့် အုတ်ဂူတွင် ဦးသန့်ရုပ်ကလာပ်ကို သဂြိုဟ်ကြောင်း၊ စာကြည့်တိုက် အဆောက်အဦးအတွက်ထားသော ဆောက်လုပ်ရေးပစ္စည်းများကို အလွဲသုံးစားပြုလုပ်ပြီး အုတ်ဂူဆောက်သည့်အတွက်၊ ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုနှင့် အရေးယူပေးရန် ၊ ရန်ကုန်တိုင်း ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ စာပို့ကြောင်း ကြေညာပါသည်။

ကျောင်းသားများအနေနှင့် ဂူဗိမာန်ကို ဆက်လက်တည်ဆောက်ရန်၊ အသေခံတပ်ဖွဲ့ အမည်တပ်ကာ ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့် အတွက် အသက်ကို ပဓာနမထားဘူးဆိုသည့် ခံယူချက်နှင့် ဦးသန့် အုတ်ဂူကို စောင့်ရှောက်ထားပါသည်။ မကျေနပ်နိုင်သည့် ပြည်သူလူထုကြီးနှင့် ကျောင်းသားတို့သည် နေဝင်းစစ်အစိုးရ၏ တစ်ပါတီဝါဒကို ဆက်လက် ကန့်ကွက်ဆန္ဒပြနေကြပါသည်။

ကျောင်းသားများသည် ပိုမို၍ စည်းလုံးညီညွတ်လာပါသည်။ တစ်ဦးကိုတစ်ဦး ညီအစ်ကိုမောင်နှမသဖွယ် စောင့်ရှောက်ကြပါသည်။ နေဝင်းစစ်အစိုးရ၏ အမ်အိုင်(Military Intelligent - MI) များကို မျက်ခြည်မပြတ် စစ်ဆေး၍ ဖမ်းမိသော အမ်အိုင်များကို ကျောင်းသားများက ရိုက်နှက် သတိပေးလိုက်ကြပါသည်။

တစ်ရက်၊ နှစ်ရက်၊ ကျောင်းသားများသည် ဆက်လက်၍ ဂူဗိမာန် ပြီးစီးရေးအတွက် ဆက်လက် လုပ်ကိုင်နေကြပါသည်။ သံဃာတော်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူတို့သည် သတင်းစာများနှင့် ရေဒီယိုတို့မှ ကျောင်းသားများအား နေဝင်းစစ်အစိုးရ၏ အမျိုးမျိုး ရှုံ့ချ ဝေဖန်မှုများကို ခံယူနေကြရပါသည်။

သုံးရက်မြောက်နေ့၊ ဒီဇင်ဘာ (၁၀) ရက်နေ့ ၁၉၇၄ ခုနှစ်၊ နေဝင်းစစ်တပ်သည် ကျောင်းသားများကို နှိမ်နင်းရန် တိတ်တဆိတ် စီမံပါသည်။ စစ်တပ်သည် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နယ်မြေတစ်ခုလုံးကို သိမ်းပိုက်လိုက်ပါသည်။ နယ်မြေတစ်ခုလုံး အတွင်းသို့ အဝင်အထွက်ကို ပိတ်လိုက်ပါသည်။ ၁၁ – ၁၂ – ၇၄ နံနက် ၂ နာရီတွင် ကျောင်းသားများနှင့် ဆန္ဒပြသူများ အများစု အိပ်မောကျချိန် လောက်တွင် အမိပတိလမ်းရှိ အဓိကဝင်ပေါက်တံခါးကြီးအား ကရိန်းကြီးဖြင့် တွန်းလှန် ဖျက်ဆီး၍ ကျောင်းပင်း အတွင်း ဝင်ရောက် ဖမ်းဆီးကြပါသည်။ ထိုသို့ ဝင်ရောက်ရာတွင် ဘွဲ့နှင်းသဘင်ခန်းမ နောက်ကွက်လပ်အား မီးမောင်းများ ထိုးပြီး ရဲများက ဒိုင်းကာများ၊ လက်ကိုင်တုတ်များဖြင့် စတင်ဝင်ရောက်ပြီး မျက်ရည်ယိုဗုံးများ၊ ခြေကျော်စက်များ၊ မော်တော်ကားများ အသုံးပြုပြီး ဆန္ဒပြသူများအား လူစုခွဲကာ ဦးသန့် အုတ်ဂူအားလည်း ဖြိုချ၍ ရုပ်ကလာပ်အား ပြန်လည်ဖေါ်ယူပြီး ရွှေတိဂုံဘုရား အနီး ကန်တော်မင်ပန်းခြံအောက်ရှိ သခင်ကိုယ်တော်မှိုင်း အုတ်ဂူအောက်နေရာသို့ ညတွင်းပင် မပြောင်းရွှေ့ မြှုပ်နှံပါသည်။ ထိုသို့ကြမ်းတမ်းစွာ ဖျက်ဆီးဖမ်းဆီးသည့်အတွက် ကျောင်းသားတချို့ သေဆုံးခဲ့ကြရပါသည်။ တချို့မှာ စစ်ဖိနပ်စာ ထိ၍ အရိုးကျိုး၊ တုတ်များ၏ ရိုက်ချက်ဒဏ်ကြောင့် ခေါင်းကွဲပြီး လဲကျသူများလည်းရှိပါသည်။ လက်နက်မဲ့သော ပြည်သူ၊ သံဃာတော်များ၊ ကျောင်းသားများကို အချုပ်ကားပေါ်သို့ အတင်းအဓမ္မ ဖမ်းဆီး တင်ဆောင်၍ ညတွင်းချင်းပင် အင်းစိန်အကျဉ်းထောင်သို့ ပို့ပါသည်။ သယ်ဆောင်ရာ စစ်ကား၏ အနောက်ပိုင်း အမိုးအကာမဲ့တွင် အားလုံးကို ပဆစ်ဒူးတုတ်၊ လက်နှစ်ဖက် ခေါင်းပေါ်တင်၊ ခေါင်းငုံ့၊ လှုပ်မရအောင် ထိုင်ခိုင်းပြီး၊ စစ်ကား၏ နောက်ပိုင်း လေးဘက်ထောင့်တွင် စစ်သားလေးဦးသည်၊ ကျီသရီး သေနတ်များနှင့် ချိန်ထားပါသည်။ စစ်ရုပ်ရှင်ကားများမှ စစ်ပွဲတွင် အကျဉ်းသမားများကို ဖမ်းဆီးသကဲ့သို့ နေဝင်းစစ်အစိုးရသည် ကျောင်းသား၊ ပြည်သူ၊ ရဟန်း သံဃာတော်များကို မတရား ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်၊ ညပိုင်းမှ စတင် ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ ပို့ဆောင်သော နောက်ဆုံး စစ်ကားသည် နံနက် (၈) နာရီ အချိန်ကို ဖြစ်ပါသည်။ ဤမြင်ကွင်းသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် ရင်နင့်ဖွယ်ရာ၊ မတတ်သာ လို့ လက်ပိုက်ကြည့်နေရသည့် အခြေအနေတွင် ရောက်ရှိနေပါသည်။

မြန်မာ့ဗုဒ္ဓဘာသာထုံးစံကိုမှ ဂရုမစိုက်၊ အုတ်ဂူကို ဖေါက်ခွဲပြီး သင်္ဂြိုဟ်ပြီးသည့် ရုပ်ကလာပ်ကို ထုတ်ယူခြင်း၊ ပြည်သူ၊ သံဃာတော်နှင့် ကျောင်းသားကျောင်းသူများကို ရက်ရက်စက်စက် သတ်ဖြတ် ဖမ်းဆီးခြင်းဆိုသည့် သတင်းကို ကြားသည့် ပြည်သူ လူထုကြီးမှာ နေဝင်းစစ်အစိုးရ၏ လုပ်ရပ်ကို လက်ခံနိုင်စွမ်း မရှိသည့်အဆုံး နံနက် ၈း၃၀ အချိန်လောက်တွင် ရန်ကုန်မြို့ရှိ အစိုးရ နှင့်သက်ဆိုင်သည့် မြန်မာ့ဆိုရှယ်လစ်ပါတီယူနစ်ရုံးများ၊ ရဲစခန်းများ၊ ရုပ်ရှင်ရုံ တချို့ကို မီးရှို့ဖျက်ဆီး တန်ပြန် အကြမ်းဖက် ဆန္ဒပြ ကြပါသည်။

“ငါတို့တစ်ပါတီ ကောင်းစားရေး ဆိုရှယ်လစ်ဝါဒကို ထိပါးလာလျှင် နေဝင်းစစ်အစိုးရသည် မည်သူကိုမှ အသက်ချမ်းသာ ပေးမည် မဟုတ်ကြောင်း”၊ တရုတ်ပြည်မှ ကွန်မြူနစ် ခေါင်းဆောင်ကြီး မော်စီတုန်း၏ စကားနှင့် နှိုင်း၍ “အာဏာသည် သေနတ်၏ ပြောင်းဝတွင် ရှိကြောင်း” ပြည်သူလူထုကြီးအား လက်တွေ့ သတ်ဖြတ်ပြပါသည်။

စစ်တပ်ပြောင်းဝကို၊ ပြည်သူတို့အား ချိန်ရွယ်ပစ်ခတ် နှိမ်နင်းပါသည်။ ရန်ကုန်မြို့တွင်းတွင် သေနတ်သံများ ဖုံးလွှမ်းလျက် လူပေါင်း မြောက်မြားစွာ သွေးမြေကျခဲ့ရပါသည်။ ရန်ကုန်မြို့တွင်းဝယ် စစ်နယ်မြေကဲ့သို့ တင့်ကားကြီးနှင့် လှည့်လည်လျက်၊ ကျီသရီးသေနတ်ကြီးများနှင့် ပစ်ခတ်နေပါသည်။ ရန်ကုန်မြို့တွင်းကိုလည်း စစ်အုပ်ချုပ်ရေး ဒေသအဖြစ် သတ်မှတ်ပြီး၊ ညမထွက်ရ အမိန့်များ ထုတ်ပြန်ပါသည်၊ ဖမ်းဆီးမိသည့် ပြည်သူများကို ပြည်သူပိုင်ပစ္စည်း ချိုးဖေါက်ဖျက်ဆီးမှုဆိုသည့် မဟုတ်မမှန်စွပ်စွဲကာ ထောင် (၃) နှစ်မှ ထောင် (၅) နှစ်ချ၍ အစွမ်းပြနေပါသည်။ ဦးသန့်ဈာပနကိစ္စတွင် ပါဝင်သော ပြည်သူ၊ သံဃာတော်၊ ကျောင်း သားများကို နေဝင်းစစ်ထောက်လှမ်းရေး အမ်အိုင် ပုဂ္ဂိုလ်များကို အသုံးပြုလျက် နေအိမ်များမှာ ပိုက်စိပ် ဖမ်းဆီးပါသည်။ နုနယ် ငယ်ရွယ်လှသည့် ကျောင်းသားကလေးများပင်မချန် အင်းစိန်ထောင်ထဲ သွင်းယားပါသည်။

ရာပေါင်းများစွာသော ကျောင်းသားနှင့် ပြည်သူ ရဟန်းသံဃာတော်များ အသက်ဆုံးရှုံးခဲ့ပါသည်။ ထောင်ပေါင်းများစွာ သော ကျောင်းသား၊ ပြည်သူတို့ကို ထောင်ချယားသည်။ ကျန်ကျောင်းသားများသည် အိုးပစ်အိမ်ပစ်၊ ပညာရေး ဆုံးရှုံးခံပြီး သူကို့ ၏ ဖမ်းဆီးမှုမှ ရှောင်တိမ်းနေရပါသည်၊ ရှောင်တိမ်းနေရသော ကျောင်းသားတချို့သည် တောတွင်း တော်လှန်ရေးအဖွဲ့အစည်းများ သို့ တချို့ရောက်ကြပါသည်၊ တချို့လည်း နိုင်ငံခြားတိုင်းပြည်များသို့ ခိုးထွက် ပုန်းလျှိုနေရပါသည်၊ သူတို့၏ ဘဝရေ့ရေးသည် မည်ကဲ့သို့ ဖန်တီးမည်ကိုကား မည်သူကမျှ မပြောနိုင်အောင်ဖြစ်ပါသည်၊

ကောက်ခံရရှိသော ရံပုံငွေ ၃၀၀,၀၀၀ ကျပ်၊ မည်သူထံတွင်ရှိနေသည်ကို စာရေးသူအနေနှင့် သတင်းမှန် မသိရှိသော်လည်း စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ အခြေအနေကြားမှ ဤမျှသော ငွေပမာဏကို ဦးသန့် ဂူဗိမာန်တည်ဆောက်ရန် လှူဒါန်းကြသော လုထု[ ]ကီး၏ စေတနာကို သိရှိနိုင်ပါသည်။

ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်ဆိုသည်ကို သာမန် အသိဉာဏ်ရှိသူတစ်ယောက်ပင် သိရှိပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ဖခင်ကြီး ဦးသန့် ကို အသိဉာဏ်ရှိသည့် လူသားအားလုံးက ထိုက်သင့်စွာ သဂြိုဟ်ရန် ကြိုးစားခဲ့သော်လည်း မဖျော်လင့်သည့် တုန့်ပြန်ချက်များကြောင့် မြင်မကောင်း ကြားမကောင်း အသက်များစွာ စတေးပြီး သွေးမြေကျပြီး ငြိမ်းချမ်းရေးဖခင်ကြီး ရုပ်ကလာပ် အခမ်းအနားကို ပြီးဆုံးလိုက်ရပါသည်။

အရေးကြီးဆုံးသော "ငြိမ်းချမ်းရေးကို နိုင်ငံရေးသမား လက်ခွက်ထဲတွင် မထားသင့်ပါ "
☆☆☆ ဦးသန့် (ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၊ အတွင်းရေးမှူးချုပ်ဟောင်း၊)☆☆☆
**" Peace is too important to be left exclusively to the politicians".**
**U Thant ( Former U.N. Secretary-General)**

ရင်သွေးငယ်တိုင်း ယဉ်ကျေးလိမ္မာရမည်။
ရင်သွေးငယ်တို့ ကမ္ဘာ ငြိမ်းအေးသာယာရမည်။
ရင်သွေးတို့ ခေတ် ဆန်းသစ်စေဆာရမည်၊ ☆☆☆ ဒေါက်တာ မင်းတင်မွန်☆☆☆

ပတ်သ်မြို့ (**Perth W Australia**) ကျောင်းသားများ၏ တေးသီချင်း။

## " ကမ္ဘာမကြေဘူး "

**ကမ္ဘာမကြေဘူး ငါတို့ သွေးနဲ့ ရေးခဲ့ကြတဲ့ မော်ကွန်းနေ့**
**တော်လှန်ရေး ဒီမိုကရေစီတိုက်ပွဲ အတွင်းမှာ ကျဆုံးသော**
**ကြေ့ာ် သူရဲကောင်းတို့ ရေ *****
**အာဇာနည်တွေနေတဲ့တိုင်းပြည် ရဲရဲတောက် ဗိုလ် ရဲ့ မြန်မာပြည်**
**ကိုယ်တော်မှိုင်း ရာဇဝင်တွေလဲ ရိုင်းခဲ့ရပြီ အဘိုးရေ *****
**သခင်အောင်ဆန်း နိုင်ငံတော်လဲ သွေးစွန်းခဲ့ပြီ အဖေရေ *****
**ကြေ့ာ် လုပ်ရက်ကြပေ ပေတစ်ရာပေါ်မှာ ပြည်သူ အလောင်းတွေ**
**အတုံးအရုံးနဲ့ လဲပြိုကာနေ *****
**ညီတစ်ကိုတို့ ** ပေတစ်ရာဓပါ်မှာစီးတဲ့ သွေးတွေ မခြောက်သေးဘူး**
**မတွေ့ဝေနဲ့ *** ဒီမိုကရေစီတိုက်ပွဲအတွင်းမှာ ကျဆုံးသော**
**ကြေ့ာ် *** သူရဲကောင်းတို့ တွေ့ တနိုင်ငံအမာ ဗိပြင်တော်လှန်ပစ်ပလေ ****
**ဗိုလ် ချစ်တဲ့ ဗိုလ် ရဲ့ မြန်မာပြည် *****

**စက်မှုတက္ကသိုလ် စိုးဝင်း**
မေလ (၂၁) ရက် နေ့ ၂၀၁၂

# လူငယ်တဦးရဲ့ မှတ်တမ်းမဲ့ မှတ်တမ်း
## ရေးသူ- ဝင်းနိုင်ဦး

**မှတ်တမ်း (၁)**
**ထောက်လှမ်းရေး**

ခေါင်းစွပ်နဲ့ သံခြေကျင်းနေ့ရက်များ

အဲဒီညက ရဲဘော်အောင်သူ (ပြည်တွင်းကိစ္စတွေမှာ အဓိက တာဝန်ရှိသူ) နဲ့ မမာမာ (ကိုအောင်သူ့ ဇနီး) ရဲ့ မိဘတွေအိမ် (တောင်ဥက္ကလာ၊ (၁၃)ရပ်ကွက်) ကို ကျနော်ရောက်တော့ ည ကိုးနာရီလောက် ရှိပါပြီ။ မန္တလေး ရဟန်းပျို သမဂ္ဂက ဦးဇင်းတပါး၊ အောက် ဗကသ (ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ်၊ အောက်ဗမာပြည်) က ကျောင်းသားတချို့နဲ့ သွားရောက် လျှို့ဝှက် တွေ့ဆုံ ဆွေးနွေး၊ အစီအစဉ် တချို့ ချပြီး ကျနော် ပြန်လာတာပါ။ အိမ်ရောက်တော့ အောင်သူနဲ့ တွေ့တယ်။

`ဝေလင်းနဲ့ ချိန်းထားတာ ဒီကောင် ရောက်မလာဘူး´

တွေ့တွေ့ချင်း အောင်သူက ပြောတယ်။

`ဘယ်လိုဖြစ်တာလဲ´
`မပြောတတ်ဘူး´
`ဝေလင်းအိမ် သွား စုံစမ်းကြည့်ပါလား´

အောင်သူ ထွက်သွားတယ်။ နာရီဝက်ကြာတော့ ပြန်ရောက်လာတယ်။

`အိမ်ကိုလည်း ဝေလင်း ပြန်မရောက်သေးဘူးတဲ့။ သူ့မိန်းမက ပြောတယ်´

ကျနော် အတွေးရခက်သွားတယ်။

`သူ့မိန်းမ ဘယ်လိုနေလဲ၊ စိတ်ပူနေပုံရလား´
`ဟင့်အင်း၊ အေးအေးဆေးဆေးပါပဲ။ ဒီလိုပဲ ပြန်မလာတဲ့ ညတွေ ရှိတယ်ဆိုတော့ ... ...´
`ဒီကောင် အဖမ်းခံရပြီလို့ အောင်သူထင်လား´
`မပြောတတ်ဘူး၊ ဘာမဆို ဖြစ်နိုင်တဲ့ အခြေအနေပဲ´

ကျနော် တွက်ချက်ကြည့်တယ်။ အဖြေမရဘူး။ စိတ်နည်းနည်း လေးလာတယ်။

`ကိုယ် မြို့ထဲ သွားလို့ ရနိုင်လား´
`မရတော့ဘူး၊ အခု ဆယ်နာရီထိုးတော့မယ်။ ကားတွေ ဆိုက်ကားတွေလည်း လုံးဝ မရှိတော့ဘူး။ လမ်းတွေပေါ်မှာ လူတွေလည်း မရှိတော့ဘူး။ စစ်ကားတွေပဲ ပတ်မောင်းနေတယ်´

ဟုတ်တယ်။ ကာဖျူးက ဆယ်နာရီဆို စပြီ။ ငါးမိနစ်၊ ဆယ်မိနစ်ပဲ ကျန်တော့တယ်။
`ညဆယ်နာရီက မနက်လေးနာရီထိ ည မထွက်ရ အမိန့်´။

***

ဘာမှ မတတ်နိုင်တော့ဘူး။ ဒီအိမ်မှာပဲ အိပ်ရတော့မှာပဲ။ ရပ်ကွက်ထဲမှာ အိပ်စရာ အိမ် သုံးလေးအိမ်တော့ ရှိပါရဲ့။ ဒါပေမယ့် အဲဒီအိမ်တွေ အားလုံးကို ဝေလင်း သိနေတယ်။ အဖမ်းခံရထားတဲ့ လူတယောက်၊ သို့မဟုတ် အဖမ်းခံရပြီလို့ သံသယ ဝင်စရာရှိတဲ့ လူတယောက် သိနိုင်တဲ့ နေရာတွေမှာ မနေသင့်ဘူး။ ဒါပေမယ့် ဘာပဲပြောပြော အခုအချိန် ကျနော့်မှာ ရွေးချယ်စရာ မရှိတော့ဘူး။ ဝေလင်းလဲ အဖမ်းခံရချင်မှ ခံရမှာပါ။ အခုလောက်ဆို အိမ်ပြန်ရောက်နေမှာပေါ့။ စသဖြင့် ကျနော် ဖြေတွေးနေမိတယ်။ အောင်သူကတော့ နှစ်လမ်း သုံးလမ်းကျော်က အိမ်မှာ သွားအိပ်တယ်။

ဘာပဲဖြစ်ဖြစ် မနက်လေးနာရီတော့ မြန်မြန်ရောက်ချင်တယ်။ သုံးနာရီခွဲဆိုရင် ကျနော် ဒီကထွက်မယ်။ မွန္တလေး တက်မယ်။ ရန်ကုန်ကနေ ခဏရှောင်နေမယ်။ မွန္တလေးမှာလည်း လုပ်စရာတွေ ရှိနေတယ်။

အတွေးတွေ ရှုပ်ယှက်ခပ်နေတယ်။ ကျနော် စိုးရိမ်လွန်ပြီး အတွေးတွေ ရှုပ်နေတာ ထင်ပါရဲ့။ ဒါနဲ့ စိတ်ထဲ ပေါ့ပေါ့ပါးပါး ဖြစ်အောင် အိမ်သားတွေနဲ့ ဟိုပြောဒီပြော စကားဝိုင်း ဖွဲ့နေလိုက်တယ်။ ရယ်ရယ်မောမော။

***

ဆယ်နာရီ။ ဆယ်နာရီခွဲ။ ဆယ့်တနာရီ။ ဆယ့်တနာရီခွဲ။ ဆယ့်နှစ်နာရီ...။ ဟုတ်တယ်။
ဆယ့်နှစ်နာရီလောက်လည်း ရောက်ရော အိမ်ထဲကို ထောက်လှမ်းရေးတွေ ဝင်လာပါလေရော။

သူတို့ ဝင်လာတာ သိပ်မြန်တာပဲ။ အားလုံး အရပ်ဝတ်တွေနဲ့ပါ။ လေးငါးယောက် ရှိမယ်ထင်တယ်။
လမ်းပေါ်မှာလည်း တချို့ကို လှမ်းတွေ့ရတယ်။

ကျနော်ကလည်း ဘာကြောင့်မှန်း မသိ၊ အဲဒီအချိန် တကယ့်ကို အေးအေးဆေးဆေး။ စိတ်က လုံးဝ ငြိမ်ကျသွားတယ်။ စောစောက ပူပန်တာတွေတောင် မေ့သွားတယ်။ ပေါ့ပေါ့ပါးပါး။ (နောက်ပိုင်း ပြန်စဉ်းစားကြည့်တိုင်း အဲဒီတုန်းက ကျနော် ဘာကြောင့် အေးအေးဆေးဆေး ရှိခဲ့မှန်း အဖြေမရဘူး။ ကျနော် သတ္တိသိပ်ကောင်းလွန်းလို့ မဟုတ်တာတော့ သေချာပါတယ်။ ဒါပေမယ့် တနေ့ ဒီလိုကြုံမယ်ဆိုတာ ကျနော် ပိုင်းဖြတ်ထားပြီးသား မို့လား။)

မှတ်မှတ်ရရ ကျနော် အဖမ်းခံရပြီဆိုပြီး စိတ် မချမ်းမမြေ့နဲ့ ကျနော့်ကို ငေးစိုက်ကြည့်နေတဲ့ အိမ်သားတွေကိုတောင် ရိုးရိုးခရီးထွက်ခါနီး နှုတ်ဆက်သလို လူစေ့အောင် ကျနော် ရယ်ရယ်မောမော လိုက်နှုတ်ဆက်လိုက်သေးတယ်။ အောင်သူ့မိန်းမရဲ့ အမေကိုတောင် `ကဲ၊ သွားပြီအမေရေ၊ အမေ ဒီညနေချက်တဲ့ ဟင်းက သိပ် စားကောင်းတာပဲ။ ကျနော်မမေ့ဘူး´ လို့ ရယ်ရယ်မောမော ပြောပြီး ဖက်ရမ်း နှုတ်ဆက်လိုက်သေးတယ်။

အမေက ဘာစကားမှ ပြန်မပြောနိုင်ဘူး။ ကျနော့်ကို ငေးနေတယ်။ (မာမာ့ အမေက ကျနော်ပြောခဲ့တဲ့ အဲဒီ နောက်ဆုံးစကားကို ကျနော့်ကို ဖမ်းသွားပြီး နောက်ပိုင်း ပြော မဆုံးဘူးတဲ့။)

ထောက်လှမ်းရေးတွေက အိမ်ထဲကနေ အမြန်ဆုံး ပြန် ထွက်ချင်ပုံရတယ်။ ရပ်ကွက်ထဲမှာ အကြာကြီး နေချင်ဟန် မတူဘူး။ ကျနော့် ပစ္စည်းတွေကို ကမန်းကတမ်း ရှာပြီး (ဘာပစ္စည်းမှလည်း သူတို့ မတွေ့ပါ) ကျနော့်ကို လက်ထိပ်ခတ်တယ်။ (လက်ထိပ်က လက်မ နှစ်ချောင်းကို ပူးပြီး ခတ်တဲ့ လက်ထိပ်)။ အောင်သူ့ကိုလည်း သူ သွားအိပ်တဲ့ အိမ်ကနေ ဖမ်းလာတာ တွေ့ရတယ်။

`ဇော်ထက် ဘယ်မှာလဲ´

လာဖမ်းတဲ့ ထောက်လှမ်းရေးတွေထဲက အကြီးဆုံးလို့ ယူဆရသူက မေးတယ်။ ဇော်ထက်က ကျနော် ထိုင်းမှာ ရှိတုန်းက ပြည်တွင်ကို အရင် လျှို့ဝှက် လွှတ်ထားတဲ့ ရဲဘော်ပါ။

ကျနော်က...

`မနေ့ထဲက ထွက်သွားတာ ပြန်မရောက်ဘူး´
`ဘယ်မှာ ရှိနိုင်လဲ´
`မပြောတတ်ဘူး´

သူတို့က ညတွင်းချင်း အကုန် ဖမ်းချင်ပုံရတယ်။ အမှန်က ဇော်ထက် ဘယ်မှာ ရှိတယ်ဆိုတာ ကျနော် သိပါတယ်။ ညနေကမှ သူ့ကို ကျနော် တနေရာ လွှတ်လိုက်တာပဲ။ (ရဲဘော် ဇော်ထက်ရဲ့ စွန့်စားခန်းတွေ အကြောင်း ပြောမယ်ဆိုရင် အများကြီးပါ။ တာဝန်တခု ပေးလိုက်ရင် ဘယ်လောက်ပဲ အခက်အခဲ ရှိရှိ၊ ဘယ်လောက်ပဲ အခြေအနေ မပေး မပေး၊ ဘယ်လောက်ပဲ အန္တရာယ် များများ၊ မဖြစ် ဖြစ်အောင် လုပ်တတ်ပြီး၊ လုပ်ပြီးရင်လဲ `ဟောဒီမှာ ကျုပ်ဗျ´ ဆိုပြီး ရင်ကော့ ပြောတတ်တဲ့ ရဲဘော်ပါ။ အခုတော့ ဆုံးပါးသွားရှာပါပြီ)။

အဲဒီညက တခြား ရဲဘော်နှစ်ယောက်ရဲ့ အိမ်ကိုလည်း တခြားထောက်လှမ်းရေး အဖွဲ့နှစ်ဖွဲ့က သွား ဝိုင်းသေးကြောင်း နောက်ပိုင်းမှာ သိရပါတယ်။ အိမ်တွေမှာ သူတို့ မရှိကြလို့ မမိလိုက်ပါ။ ထောက်လှမ်းရေးတွေက သူတို့ ထင်ရတဲ့ နေရာတွေ သွားရောက် မွှေနှောက် ရှာဖွေကြသေးပေမယ့် ဇော်ထက်ကိုလည်း မမိလိုက်ပါ။

လမ်းထိပ်ရောက်တော့ ထောက်လှမ်းရေးတွေက ကျနော်နဲ့ အောင်သူ့ကို အသင့် စက်နှိုးစောင့်နေတဲ့ အီး-၂ဝဝဝ ကားတစီးပေါ် တက်ခိုင်းတယ်။ ထောက်လှမ်းရေး တယောက်က ဘေးမှာ၊ ကျနော့်ခါးကို သေနတ်ပြောင်းနဲ့ ခပ်တင်းတင်း ထောက်ထားတယ်။ ဥက္ကလာက လမ်းကြမ်းတော့ ကားက ခုန်နေတယ်။ ဝုန်းဝုန်းဒိုင်းဒိုင်း။ ကားထဲမှာတော့ တိတ်ဆိတ်လို့။

ထောက်လှမ်းရေးတွေကလည်း ဘာစကားမှ မပြောကြဘူး။ ကျနော် တခုခု ပြောချင်လာတယ်။ ဒါနဲ့ အောင်သူ့ကို မျက်စေ့ လှမ်း မှိတ်ပြလိုက်တယ်။ ကားတချက် ခုန်လိုက်တိုင်း ခုန်လိုက်တိုင်း ကျနော့် နံဘေးကို ထောက်ထားတဲ့ သေနတ်က ကျနော့်ကို ဆောင့်ဆောင့် တိုးလာတာ သတိထားမိတယ်။ ဒါနဲ့ ကျနော်က ရယ်ပြီး သေနတ်နဲ့ ထောက်ထားတဲ့ ထောက်လှမ်းရေးကို-

`အဟာမ်၊ အဟာမ်၊ ဒီမှာ အကို။ လမ်းက ကြမ်းလို့ ကားက ဆောင့်နေတယ်။ မတော်တဆ ကျည်ဆံ ထွက်သွားဦးမယ်။ ကျနော်က ဒီအလုပ်တွေသာ လုပ်နေတာ သေမှာတော့ အကြောက်သား။ သေနတ် ဘေးဖယ်ထားရင် မကောင်းဘူးလား´

ကျနော်က တမင်နောက်ပြောင် ပြောတာပါ။ သူတို့ကလည်း ဒါကို သိပါတယ်။ ဒါပေမယ့် မရယ်ကြပါဘူး။ ဘာ စကားမှလည်း ပြန် မပြောကြပါဘူး။ သေနတ်ကိုလည်း ထောက်ထားတာကနေ ဖယ်မပေးပါဘူး။ ကျနော့်ကိုတော့ ဝိုင်းပြီး စိုက်ကြည့်နေကြတယ်။ ဒီလိုနဲ့ ကားပေါ်မှာ တိတ်ဆိတ် ငြိမ်သက်သွားပြန်ပါရော။ ဒါနဲ့ ကျနော်က-

`အဟာမ်၊ အကိုတို့ကို ကျနော် တခုပြောပြချင်တယ်။ ကျနော်တို့က လက်နက်တွေ ဘာတွေနဲ့ မဆိုင်ဘူး။ အကြမ်းမဖက် Non-violence ပဲ စိတ်ဝင်စားတာ။ ဒီလိုလူတွေကိုပါ အကိုတို့က ခုလို ဖမ်းတယ်ဆီးတယ် ဆိုတော့ ကျနော်တို့ ကျောင်းသား အားလုံးကို သေနတ်ကို ယုံကြည်ခိုင်းတာ။ တနည်းအားဖြင့် တောထဲကို မောင်းထုတ်တာနဲ့ တူနေပြီ။ ဒီတော့ ကျနော်တို့ကလည်း တောထဲ မသွားချင်ဘဲ သွားကြရရရော´
`ဟော့ကောင်။ မင်း သောက်ပါးစပ် ပိတ်ထားစမ်း´

ရှေ့မျက်နှာချင်းဆိုင် အောင်သူ့ဘေးမှာ ထိုင်နေတဲ့ ထောက်လှမ်းရေးက အံကြိတ်သံနဲ့ လှမ်းပြောလိုက်တာပါ။

`မဟုတ်ဘူးလေ။ အကိုတို့ စဉ်းစား´

ကျနော့်စကား မဆုံးလိုက်ရဘူး။ ဘေးက လူက ကျနော့်နံဘေးကို သေနတ်ပြောင်းနဲ့ ဆောင့်ထိုးလိုက်တာ ကျနော် `အင့်´ခနဲ အသက်ရှူကြပ်သွားတယ်။

`ဟော့ကောင်။ မင်းသောက်တရား ဟောတာကို နားထောင်ဖို့ မင်းကို ဖမ်းလာတာ မဟုတ်ဘူး။ မင်း သောက်ပါးစပ်တော့ ဟိုရောက်မှ တွေ့မယ်။ မအေ-´

ဆဲရင်း သေနတ်ပြောင်းနဲ့ ထပ်ပြီး ဆောင့်ထိုးပြန်တယ်။ နောက်တယောက်က-

`အောက်ဆင်းထိုင်စမ်း´

ကျနော်တို့ နှစ်ယောက်လည်း ထိုင်ခုံပေါ်က ဆင်းပြီး ကားကြမ်းပြင်ပေါ် ဆင်းထိုင်ရတယ်။ ပြီးတော့ ကျနော်တို့ကို ခေါင်းစွပ် အမည်းကြီးတွေ စွပ်ချလိုက်တယ်။ မှောင်မည်းသွားတယ်။ ဘာမှ မမြင်ရတော့ဘူး။ ကျနော် နည်းနည်း တွန့်သွားတယ်။ အွန္တရာယ် အနံ့ စရလာတယ်။

ကားက ဟိုကွေ့ ဒီကောက်နဲ့ မောင်းနေတာ သတိထားမိတယ်။ အကွေ့တွေကို လိုက်မှတ်ကြည့်တယ်။ များလိုက်တာ။ ကြာတော့ မမှတ်မိတော့ဘူး။ (ထောက်လှမ်းရေး စာအုပ်တွေထဲမှာ ပါလေ့ရှိတဲ့ အတိုင်း ကားထဲ ဖမ်းလာသူ နေရာ မမှတ်မိအောင် လုပ်နေတာလားလို့ တွေးမိတယ်)။

နှစ်နာရီလောက် ကြာတော့ ကားရပ်သွားတယ်။ မေးမြန်း အော်ဟစ်သံတချို့ ကြားရတယ်။ အစောင့်ဂိတ် တခုနဲ့ တူပါရဲ့။ နောက်တော့ ကားက ခြံဝင်းတခုထဲ မောင်းဝင်လိုက်တယ်လို့ ထင်မိတယ်။ ခဏကြာတော့ ရပ်သွားတယ်။

`ထစမ်း´
`သွား´

ခေါင်းစွပ် မည်းမည်းထူထူကြီး စွပ်ထားတာဆိုတော့ မျက်လုံးထဲမှာ မှောင်ပိန်းနေတာ။ ဒီကြားထဲ လက်ထိပ်ကလဲ ခပ်သေးသေးဆိုတော့ ကားအနောက်ဖက်ကို ခြေထောက်နဲ့ စမ်းပြီးသွားရတယ်။ အောက် ပြုတ်ကျသွားမှာ စိုးလို့ပါ။ တကယ်တော့ စိုးရိမ်စရာ မလိုပါဘူး။ အဲဒီလို ကားကြမ်းပြင်ကို စမ်းစမ်း သွားနေချိန်မှာပဲ ထောက်လှမ်းရေး တယောက်က နောက်ကနေ ကျနော့်ကို တအားဆောင့်ကန်ထည့်လိုက်တာ ကားပေါ်ကနေ အောက်ကို ဘယ်လို ပြုတ်ကျသွားမှန်း မသိလိုက်ဘူး။ အောက်ရောက်လို့ အလန့်တကြား လူးလဲ ထမယ်ကြံရုံရှိသေး။ အောက်မှာ အရန်သင့် စောင့်နေတဲ့ လူတွေက အော်ဟစ်ဆဲဆိုရင်း ကျနော့်ကို ဝိုင်းကန်ကြပါလေရော။ လူ ဘယ်နှစ်ယောက်လည်း မသိဘူး။ သူတို့ ဝိုင်းကန်ကြတာ ဘယ်လောက်ကြာမှန်းလည်း မသိဘူး။ ကျနော် သတိရနေသလား။ သတိလစ်နေသလား။ ကျနော့်ကိုယ်ထဲမှာပဲ ကျနော် ရှိနေသေးလား။ ဒါမှမဟုတ် တခြား တနေရာရာမှာလား။

ကျနော့်ကိုယ်ထဲမှာပဲ ကျနော်ရှိနေတာ သေချာချိန်မှာတော့ ကျနော့်ကို သူတို့ လမ်းတလျှောက် ဒရွတ်တိုက် ဆွဲသွားနေကြပါပြီ။ နောက် ကျနော့်ကို အခန်းတခန်းထဲကို အထုပ်တထုပ် ပစ်ထည့်လိုက်သလို ပစ်ထည့်လိုက်တယ်။ အခန်းထဲ ကျနော် ပုံလဲနေတယ်။

`ထ ထိုင်စမ်း´
`နံရံကို မှီစမ်း´

ကျနော် အလန့်တကြား လူးလဲထ၊ နံရံကို မှီရင်း ဆောင့်ကြောင့် ထိုင်နေရတယ်။ သူတို့ အပြင်ထွက်သွားကြပြီး တံခါးပိတ်သံ ကြားရတယ်။ တကိုယ်လုံး ဆတ်ဆတ်တုန်အောင် နာပြီး ကျနော် မောနေတယ်။ စိုးရိမ်ပူပန်စိတ်လဲ တစိမ့်စိမ့် ဝင်လာတယ်။ ဒီကောင်တွေ လုပ်ပုံကိုင်ပုံက သောက်ရမ်းကြီးပါလား။ ဘာတွေ ဖြစ်လာဦးမလဲ။ မှန်းမရတာက ပို ဆိုးတယ်။ ခေါင်းစွပ်ကြီးကလည်း စွပ်ထား၊ ခေါင်းစွပ်ထဲမှာလည်း မှောင်မည်းနေတော့ အားငယ်သွားသလိုပဲ။ လူက ဒီမျက်လုံး ဒီအလင်းကိုပဲ အားကိုးနေရတာ မဟုတ်လား။ မျက်လုံး ရှိပေမဲ့လဲ မမြင်ရ၊ မှောင်မည်းမည်းကြီး ဖြစ်နေတော့ စိတ်က ငယ်သွားတာနဲ့ တူပါရဲ့။ မရေရာ၊ မသေချာသလိုကြီး ခံစားရတယ်။

(ခေါင်းစွပ် စွပ်တဲ့ကိစ္စမှာ လူနဲ့ နေရာတွေကို မမှတ်မိအောင် ဆိုတဲ့အပြင် အဲဒီလို စိတ်ထားမျိုး ဝင်သွားအောင်လည်း ရည်ရွယ်ပုံရပါတယ်။ ထောက်လှမ်းရေး စ ရောက်ရောက်ခြင်း ဖမ်းဆီးလာသူတွေကို လူ အဆင့်အတန်းမပေးဘဲ အောက်တန်းစား သတ္တဝါ တကောင်လို၊ တိရိစ္ဆာန်တကောင်လို နှိမ်ချ ရိုင်းပျပြီး ဆက်ဆံတာကလည်း စိတ်သိမ်ငယ်သွားအောင်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပျက်သွားအောင် လုပ်တာပါပဲ။ အဲဒီတုန်းကတော့ အဲဒါတွေ ကျနော် မသိပါဘူး)။

အခန်းထဲမှာတော့ ကျနော် တယောက်ထဲ။ တိတ်ဆိတ်လို့၊ မောဟိုက်လို့၊ လှောင်အိုက်လို့၊ ချောက်ခြားလို့။ ပြီးတော့ စိတ်တွေရှုပ်ထွေးလို့လည်း နေသေးတယ်။ ကျနော့်အထင် တနာရီလောက်လား၊ နှစ်နာရီလောက်လား အကြာမှာ တံခါးကို `ဒိုင်း´ခနဲ ဆောင့်ကန် ဖွင့်သံ ကြားရတယ်။ လန့်သွားတယ်။ `ဟေး´ `ဟေး´ နဲ့ ညာသံတွေ ပေး၊ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ အခန်းထဲ ပြေးဝင်လာကြတာ။ တောမှာ နွားအုပ်ပြိုင်ကျသလိုပဲ။ ညစ်ညစ်ပတ်ပတ်တွေ အော်ဟစ်ဆဲရေး၊ ကျနော့်ကို စစ်ဘိနပ်တွေနဲ့ ဝိုင်းကန်ကြ၊ ဝိုင်းနင်းကြ။ မှတ်မှတ်ရရ၊ တယောက်က `ငါ´ နဲ့ ကိုင်တုတ်ပြီး မျက်နှာကို ရှေ့တည့်တည့်ကနေ ဖြတ်ရိုက်ထည့်လိုက်တာ ကျနော့်မျက်လုံးထဲ မီး

ဝင်းဝင်းတောက်သွားတယ်။ လက်ထိပ်က နောက်ပြန်ခတ်ထားတာ ဆိုတော့ မျက်နှာကို လက်နဲ့ ပိတ်ကာလို့ မရဘူးပေါ့။ နောက်တခါ အဲဒီလိုပဲ ဖြတ်ရိုက်ပြန်တယ်။ မျက်လုံးထဲ ဝင်းခနဲ။ နောက်တခါ။ ဝင်းခနဲ။ နောက်တခါ...

အား။ မျက်လုံးတွေ။ မျက်လုံးတွေ ရှိသေးရဲ့လား။ လွင့်စင်ထွက်များ ကျသွားပြီလား။ မျက်လုံးထဲက စေးစေးပြစ်ပြစ် အရည်တွေ စီးကျလာတယ်။ သွေးတွေလား။

`ဟင်း။ မင်းတို့က မင်းတို့ကို မင်းတို့ လည်လှပြီ ထင်နေလား။ လွှတ်ပေးထားလို့ ထားမှန်းမသိ။ မအေ- တွေ´

ကျနော် ငြိမ်နေတယ်။ အသံမထွက်အောင် မနည်း ကြိုးစားနေရတယ်။ မညည်းနဲ့။ မအော်နဲ့။

`လမ်းတုန်းကလို စကားတွေ ဘာတွေ ပြောအုံးလေကွာ´
`တရားဟောအုံးလေကွာ´
`ဟီး Non-violence လားကွ´
`တကယ့် Non-violence က ဒီမှာကွ´

ရိုက်တယ်။ ထပ်ရိုက်တယ်။ ကန်တယ်။ ရိုက်...

မရပ်ကြတော့ဘူးလား။ မရပ်ကြတော့ဘူးလား။ ယဉ်ကျေးတဲ့ ပေဟဒီ ရာစုကြီးမှာ။ ပညာတတ်တယောက်၊ အရပ်ရှည်ရှည် ပိန်ပိန်ကိုင်းကိုင်း။ သူ့ရဲကောင်းဖြစ်ဖို့ စိတ်မဝင်စားသူ။ ဒါပေမယ့် အဓိပ္ပာယ် တစုံတရာနဲ့ အသက်ရှင်လိုသူ၊ လူ့သိက္ခာ၊ ငြိမ်းချမ်းရေး၊ တရားမျှတမှုနဲ့ ချစ်ခြင်းမေတ္တာကိုသာ ယုံကြည်သူ။ အဲဒီ လူတယောက် ...

အလို...။ ကျနော် ဘယ်ရောက်နေပါလိမ့်။ ကျနော် မောနေတယ်။ အသံထွက်ကြည့်တယ်။ မရဘူး။

စစ်ဘိနပ်တွေ၊ စစ်ဘိနပ်တွေ...။ ရှေ့မှာ၊ နောက်မှာ၊ ဝဲမှာ၊ ယာမှာ၊ တခါတခါ ရင်ဘတ်ပေါ်မှာ။ အဲဒီအချိန် လူတယောက်ရဲ့ ဘဝဟာ ဘာမှ မသေချာတော့ဘူး။ အသက်ရှင်မှု၊ အနာဂတ်၊ လူ့ဂုဏ်သိက္ခာ...။ ဘာမှ မသေချာတော့ဘူး။

ကျနော် အော်မိသလား၊ မအော်မိသလား။ သံမံတလင်း ကြမ်းပြင်ပေါ်မှာ ကျနော် လိမ့်နေတာပဲ။ နောက် ကျနော့်ကို ဆွဲထူပြီး နံရံမှာ ကပ် ထိုင်ခိုင်းတယ်။ ဒါပေမယ့် ထိုင်လို့ မရဘူး။ ပုံလဲကျသွားတယ်။ တယောက်က ဆွဲထူပြီး ကိုင်ပေးထားတယ်။ အဲဒီအချိန် တယောက်က ရိုက်ရ၊ ကန်ရတာ အားမရရှာသေးဘူး ထင်ပါရဲ့။ ကျနော့်လည်ပင်းကို ဖြတ်ရိုက်လိုက်တာ ကျနော် အသက်ရှူမရ ဖြစ်သွားတယ်။ ကျနော် ခဏ သတိလစ်သွားသလားပဲ။ (လည်ပင်းကို အဲဒီလို ဖြတ်ရိုက်ထားတဲ့ ဒဏ်ကြောင့် နောက်ပိုင်း ရေသောက်တာတောင် ခက်နေတယ်။ နင်နေတယ်။ နာနေတယ်)။

ကျနော် ကြည်ကြည်လင်လင် သတိထားမိချိန်မှာတော့ အခန်းထဲမှာ ကျနော် တယောက်ထဲ။ သူတို့ မရှိကြတော့ဘူး။ ကျနော်လည်း ပုံလဲနေတယ်။ အရပ်ကြီးပြတ်ဆိုတာ ဒါမျိုးကို ခေါ်တာ ထင်ပါရဲ့။ နံရိုးတွေ ကျိုးကုန်ပြီလား။ မျက်လုံးတွေရော ရှိသေးလား။ အသက်ရှူလို့ မဝဘူး။ မှုန်းပြီး နည်းနည်း ရှူနေရတယ်။ (ထောင်ထဲရောက်လို့ တလကြာထဲအထိ ညာဘက် နံရိုးတွေက အောင့်နေတယ်။ အသက်ကို နည်းနည်းချင်း ခွဲပြီး

ရှုရတယ်။ အပြည့် ရှုလို့ မရဘူး။ ဟိုဘက် ဒီဘက် လှည့်ဖို့ ကိစ္စလောက်ကိုပဲ ဖြည်းဖြည်းချင်း ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ကြာအောင် လှည့်ယူရတယ်။ ဒါတောင် မအော်ဘဲ၊ မညည်းဘဲ လှည့်လို့ မရဘူး။ ထောင်က ဆေးကု မပေးဘူး။ အိမ်ကနေ ဆေးမှာပြီး ကုယူရတယ်)။

အတော်ကြာတော့ တံခါးဆောင့်ဖွင့်သံ၊ ခြေသံတွေ ကြားရပြန်တယ်။ ဆော်ကြဦးမှာပဲ ထင်ပါရဲ့။ သတိလစ်သွားလိုက်စမ်းပါ။ ဟေ့ကောင်။ ဝင်းနိုင်ဦး။ သတိလစ်လိုက်စမ်း။ ဟုတ်တယ်။ ကျနော်လန့်နေတယ်။ မလန့်အောင် ကြိုးစားကြည့်တယ်။ မအောင်မြင်ဘူး။ မျက်လုံးကလည်း မမြင်ရဘူး။ နားနဲ့ပဲ ကြည့်နေရတာ။

ဒါပေမယ့် ဒီတခါတော့ မရိုက်ဘူး။ မေးခွန်းတွေ စမေးတယ်။ ကိုယ်ရေး အချက်အလက်တွေကို အရင် စမေးတယ်။ ပြီးတော့ တခြားမေးခွန်းတွေ ...။

(ဒီနေရာမှာ တခုဖြတ်ပြောချင်ပါတယ်။ ရဲဘော် ဝေလင်း ကိစ္စပါ။ ထောက်လှမ်းရေးတွေ ကျနော်နေတဲ့ အိမ်ထဲ ဝင်လာချိန်မှာ ဝေလင်း အဖမ်းခံရပြီဆိုတာ မှန်းဆနိုင်ပေမယ့် အတိအကျ ပြောလို့ မရပါဘူး။ ထောက်လှမ်းရေး စခန်းရောက်ပြီး မေးခွန်းတွေ စမေးမှပဲ ဝေလင်း အဖမ်းခံရတာ သေချာသွားပါတယ်။ သူ အဖမ်းခံရပုံက ဒီလိုပါ။

ABSDF A ဖွဲ့ရှိရာ ထိုင်းနယ်စပ်ကို ပြန်တော့မယ့်၊ ပြည်တွင်းကို လျှို့ဝှက်တာဝန်နဲ့ ရောက်နေတဲ့ ABSDF A ဖွဲ့က ရဲဘော်နှစ်ဦး (မြင့်ဆွေနဲ့ ေA ၁င်နိုင်။ ယခု သေဒဏ်ကျခံထားရသူ နှစ်ဦး၊ မြင့်ဆွေကတော့ ထောင်ထဲမှာပဲ ဆုံးပါးသွားပါပြီ) လူ့ဘောင်သစ်ပါတီ ရုံးခန်းကို A`ဒီနေ့က ရောက်လာကြပါတယ်။ သူတို့က နယ်စပ် မပြန်ခင် ဝေလင်းနဲ့ A ရေးတကြီး တွေ့လိုကြောင်း၊ ဝေလင်းဆီက A ကူA ညီရမှ ဖြစ်မယ့် A ကြောင်း လူ့ဘောင်သစ်ပါတီ A တွင်းရေးမှူးကတဆင့် A ချိန်းA ချက် လုပ်ပါတယ်။ နောက် တာမွေက လက်ဘက်ရည်ဆိုင် တဆိုင်မှာ ချိန်းတယ်။ ဆိုင်ကို ဝေလင်းရောက်ချိန်မှာ မြင့်ဆွေနဲ့ ေA ၁င်နိုင်တို့ကို စားပွဲ တလုံးမှာ ထိုင်နေတာ တွေ့ရတယ်။ စားပွဲမှာ ထိုင်မိရင်ပဲ မြင့်ဆွေနဲ့ ေA ၁င်နိုင့် A မူA ရာကို ကြည့်ရင်း တခုခုတော့ မှားနေပြီလို့ စိတ်ထဲ မသိုးမသန့် ဖြစ်တာနဲ့ ဆိုင်ထဲကနေ ဝေလင်း ကမန်းကတန်း ပြန်ထွက်တယ်။ A`ဒီA ချိန် ဘေးနားက စားပွဲမှာ ထိုင်နေသူတွေ ထလာပြီး ဝေလင်းကို ဝိုင်းပိတ်ဆို့၊ လက်ထိပ်ခတ်၊ လေးဘီးကားတစီးပေါ် ပစ်တင်၊ ဝိုင်းဖိ၊ ကားကို A တင်း မောင်းပြေးပါတော့တယ်။

A မှန်က လူ့ဘောင်သစ် A တွင်းရေးမှူး မသိလို့ပါ။ မြင့်ဆွေနဲ့ ေA ၁င်နိုင်တို့ကို လူ့ဘောင်သစ် ရုံးခန်း၊ A တွင်းရေးမှူးဆီ ရောက်ချိန်မှာ ထောက်လှမ်းရေးတွေ A တူ ပါလာတာပါ။ ဝေလင်းနဲ့ A ချိန်းA ချက် လုပ်ခိုင်းတဲ့ A စီA စဉ်ကလည်း ထောက်လှမ်းရေးပဲ စီစဉ်တာပါပဲ။ မြင့်ဆွေနဲ့ ေA ၁င်နိုင်တို့က နယ်စပ်ကနေ လက်နက်တွေ ပြည်ထဲကို သွင်းလာသူတွေ၊ နယ်စပ်ပြန်ခါနီးမှာ ဖမ်းမိသူတွေ ဖြစ်ပါတယ်။ သူတို့ A မှုတွဲမှာ A ဖမ်းခံရသူတွေ မနည်းပါဘူး။)

ထောက်လှမ်းရေးတွေက ကျနော့်ကို ကြမ်းပြင်ပေါ်ကနေ နောက်မှီပါတဲ့ ခုံတလုံးပေါ် ပြောင်းပြီး ထိုင်ခိုင်းတယ်။ ကျနော်လည်း မှိုနေတယ်။ ဘယ်A ချိန်၊ ဘယ်A ချက် ရိုက်တော့မှာလဲ ဆိုတဲ့ A သိက တကယ် A ရိုက်ခံရတာထက် ပိုနာတယ်ထင်တယ်။ ဟုတ်တယ်။

သူတို့ မေးခွန်းမေးပုံကလည်း မျက်နှာကို ဖြတ် ဖြတ်ရိုက်လိုက်သလိုပါပဲ။ A သံနိမ့်မြင့် A တက်A ကျ မရှိ။ A သံသေ။ ကျောက်သား ကျောက်ဆိုင်လို A သံမျိုးနဲ့။ ပြီးတော့ ရထားတစင်း ဖြတ်မောင်းသွားသလိုမျိုး ဝေါခနဲ မေးချတာ။ မဟုတ်ဘူး။ မဟုတ်ဘူး။ ရထားက ဖြတ်မောင်းသွားတာ မဟုတ်ဘူး။ ကိုယ်ပေါ် ဖြတ်ကြိတ်သွားတာ။

စ မေးတော့ ကျနော် ချက်ချင်း မဖြေနိုင်သေးဘူး။ A`ဒါကိုပဲ ချက်ချင်း မဖြေရကောင်းလားဆိုပြီး ထုံးစံA တိုင်း မျက်နှာကို ဖြတ်ရိုက်ပြန်တယ်။ ရိုက်တာကလည်း ပြင်းလိုက်တာ။ တခါတခါ ထိုင်ခုံပေါ်ကနေ လူက ေA ၁က်ကို ပြုတ်ပြုတ်ကျသွားတယ်။ မျက်နှာကို ရှေ့တည့်တည့်က ဖြတ်ရိုက်တာဆိုတော့ မျက်လုံးထဲ ဝင်းခနဲ လက်ခနဲပေါ့။ တခါတခါလည်း ဘာမှ A ကြောင်း မရှိဘဲ ရိုက်ရင် ရိုက်ပြန်ပါရော။

(ရန်ညိုး ရန်စ မရှိဘဲ လူတယောက်ကို ဘာလို့များ ခုလောက် လွယ်လွယ်ကူကူ ရက်ရက်စက်စက် ရိုက်နှက်နိုင်ပါလိမ့်။ ဒီစိတ်ထားက A`ဒီတုန်းက ကျနော့်A တွက် A ဆန်းပဲ။ နားလည်လို့ မရဘူး။ သူတို့ကိုလည်း A့ A ၁းသင့်မိတယ်။ လူတယောက်ဟာ ဒီလောက် ရက်စက်နိုင်လား။ ဒီလောက် ရိုင်းစိုင်းနိုင်လား။ သူတို့မှာ ဇနီးမယားနဲ့ သမီးသားတွေ ရှိကြမှာပါ။ A°မ်ပြန်ရောက်တော့ ဒီ ရက်စက်တဲ့၊ ရိုင်းစိုင်းတဲ့ လက်တွေနဲ့ ဇနီးမယားကို ဖက်ပွေ့နိုင်ကြသလား။ သမီးသားကို ချီပွေ့ ယုယနိုင်ကြသလား။)

မေးခွန်းကို ဖြေတဲ့A ခါ လေးနေရင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေရင်လည်း ရိုက်ပြန်ရော။ သူတို့ သဘောက ချက်ချင်း မဖြေတာ၊ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတာဟာ လိမ်ဖို့ ကြိုးစားနေတာလို့ ယူဆထားပုံရတယ်။ တကယ်တော့ သူတို့ မေးခွန်းတွေမှာ ကျနော် ဖြေနိုင်တာလည်း ရှိ၊ မဖြေနိုင်တာလည်း ရှိ။ မဖြေဘူးဆိုတာက ကျနော် A မှန်တကယ် မသိတာတွေရော၊ သိပေမယ့် A ဖြေပေးလို့ မဖြစ်တာပါ ပါပါတယ်။ ကိုယ့်ရဲဘော်တွေကို မထိခိုက်ေA ၁င်၊ A ဖမ်း မခံရသေးသူတွေနဲ့ လုပ်လက်စ A လုပ်တွေ မထိခိုက်ေA ၁င်ပါ။ ပြီးတော့ ကိုယ့်A ခန်း ကဏ္ဍကိုလည်း မကြီးမားေA ၁င်ပေါ့။ ကိုယ့်ကို တာဝန်ကြီးတယ်လို့ သူတို့ မယူဆရင် A မှုပေါ့တယ်။ ကိုယ့်ကို A ကြောင်းပြုပြီး A ဖမ်းခံရတဲ့လူ A ရေA တွက်လည်း နည်းတယ်။

(တချို့ A မှုတွေမှာ ဒီသဘောကို မလိုက်နာတဲ့ A တွက် A ဖမ်းခံရသူ A ရေA တွက် များရုံမက တိုက်ရိုက် မသက်ဆိုင်သူတွေပါ ပါသွားပါတယ်။ A ကျိုးဆက်ကတော့ လုပ်ဖော်ကိုင်ဖက် ရဲဘော်A ချင်းချင်း စိတ်ဝမ်း ကွဲပြားသွားကြတာ၊ လူထုရဲ့ A ၁းတက်သရော A ကူA ညီတွေ လျော့ကျသွားတာပါ။ A မှုA ၁းလုံးကို မဆိုလိုပါဘူး။ ယူကျီA လုပ်ရဲ့ စွမ်းဆောင်ရည်တွေ ကျဆင်းသွားခြင်း A ကြောင်းတွေထဲမှာ A`ဒီA ချက်က A မိက ကျပါတယ်။ A စစ်ခံရာမှာ မတတ်သာတဲ့ A ဆုံး မပြောမဖြစ် ဖော်ရ ပြောရတော့မယ်ဆိုရင် ဖမ်းလို့ မရနိုင်တဲ့သူ၊ ဖမ်းလို့ မလွယ်နိုင်တဲ့သူ A တတ်နိုင်ဆုံး ဖြစ်ဖို့ လိုပါတယ်။ တခြားA ချက်တွေလည်း A များကြီးပါ။ တိုက်ဆိုင်တဲ့ A ချိန်တချိန်မှာတော့ ကျနော်တို့ ယူကျီလုပ်ငန်းရဲ့ A ရေးကြီးတဲ့ A ၁းနည်းချက်တွေ A ကြောင်း ဆွေးနွေးကြည့်ချင်ပါသေးတယ်။ ကျနော်တို့လည်း A ၁းနည်းချက်တွေနဲ့ပါ။

နောက်ပိုင်း ကျနော့် A တွေA ကြုံA ရ ပြောရရင် ဖြေနိုင်တာကို မြန်မြန် A ဖြေပေးပြီး မဖြေနိုင်တာကိုတော့ မသိဘူး ဆိုပြီး `ဘူး´ ခံတာ၊ ဘူးခံလို့ A နှိပ်စက်ခံရတာ ပိုကောင်းတယ်။ ခံတော့ ခံရမှာပဲ။ တကယ်တော့ ထောက်လှမ်းရေးမှာ လိမ်တဲ့ကိစ္စက သတိနဲ့ မလုပ်ရင်၊ သတိမကြီးရင် သိပ် A ္တရာယ်များတာမျိုးပါ။ ကိုယ့်A တွက်ရော ကိုယ့်ရဲဘော်တွေ A တွက်ပါ ။ ဒါကြောင့် ဖြစ်နိုင်ရင် သိပ်A ရေးကြီးတဲ့ ကိစ္စ နည်းနည်းလောက်ပဲ ကြိုတင် ရွေးချယ်၊ ပြင်ဆင်၊ သတိထားပြီး လိမ်တာ ကောင်းတယ်။ ဘာလို့လဲ ဆိုတော့ လိမ်တာက ရက်တွေ ကြာလာတဲ့ A ခါ ကယောင်ကတမ်းတွေ ဖြစ်လာတဲ့ A ခါ (နောင်မှာ ဖြစ်လည်း

ဖြစ်လာတယ်) ကိုယ် ဘယ်လို လိပ်ထားတယ်ဆိုတာ ကိုယ့်ဖာသာ မေ့မေ့သွားတော့ တချို့ လိမ်ထားတာတွေ ပေါ်သွားပြီး A`ဒီA ခါကျတော့ သူတို့က ပိုပြီး ပက်ပက်စက်စက်၊ ရက်ရက်စက်စက် လုပ်ပါတယ်။

တပြိုင်တည်း ဖမ်းမိတာ နှစ်ယောက်၊ နှစ်ယောက် A ထက် ဖြစ်ခဲ့ရင် လူခွဲမေး၊ လူခွဲစစ်ပြီး ထွက်ချက်တွေကို ပြန်တိုက်စစ်တာကြောင့် လိမ်ဖို့ A ခွင့်A လမ်းက သိပ်နည်းသွားတယ်။ သိပ်ခက်တယ်။ ဖြေတဲ့ A ခါတွေမှာလဲ A မြန် ဖြေရတာဆိုတော့ တခါတခါ မရည်ရွယ်ဘဲ တချို့ A စတွေ ထွက်သွားတတ်တယ်။ A`ဒီ A စကို ထောက်လှမ်းရေးက ယူသွားပြီး တခြားလူကို သွားစစ်၊ တခါ A`ဒီလူဆီက ထွက်လာတဲ့ A စကို ယူပြီး နောက်တယောက်ကို စစ်။ တိုက်စစ်၊ လှည့်စစ်၊ တပတ်ရိုက်စစ်၊ A ယှံသွင်း စစ်။ ဒါကြောင့် လိမ်ဖို့ မလွယ်ဘူး။

ကိုယ်တယောက်ထဲပဲ သိတဲ့ A ချက်A လက်တွေ၊ ဒါမှမဟုတ် A တူတူ A ဖမ်းခံရတဲ့ လူတွေ မသိနိုင်တဲ့ A ချက်A လက်တွေ ဆိုရင်တော့ ကိုယ် ပိရိရင် ပိရိသလောက် လွတ်လွတ်လပ်လပ် လိမ်လို့ရ၊ A ကျိုးသင့် A ကြောင်းသင့် လိမ်လို့ ရပါတယ်။ မေးခွန်းတွေ မေးတာမှာ မေးပြီးသားတွေကို ထပ်ခါထပ်ခါ ပြန် မေးတာမျိုးလည်း A ကြိမ်ကြိမ်။ ကိုယ့်A ရင် A ဖမ်းခံထားရတဲ့ သူတွေ၊ ကိုယ်နဲ့လည်း ဆက်စပ်နေသူတွေရဲ့ ထွက်ချက်တွေကို ကိုင်ပြီး စစ်မေးတာမျိုးလည်း ရှိတယ်။ A`ဒီနည်းနဲ့ A ချက်A လက်တချို့ သူတို့ သိထားနှင့်၊ ရ ထားနှင့်တာ ကိုယ်က မသိနိုင်ဘူး။ ဒီတော့ သူတို့ ထောက်လှမ်းရေး သိပ်သိနေပါလား ဆိုပြီး A ထင်ကြီး စိတ်ဝင်၊ ပြီးတော့ လိမ်လို့ ဖုံးလို့ ဖြစ်ပါ့မလားဆိုတဲ့ ကိုယ့်ကိုယ်ကို မယုံကြည်မှုတွေ၊ စိတ်မချမှုတွေ ဝင်လာပါတယ်။ သိပ် မလိမ်ရဲတော့ဘူးပေါ့။)

ရေ မတိုက်တာကတော့ တော်တော်ဆိုးတယ်။ မေးခွန်းတွေကလည်း ဆက်တိုက်ဖြေနေရတယ်။ နှစ်ရက်လောက် ကြာတဲ့ A ထိ ကျနော့်ကို ရေမတိုက်ဘူး။ နှုတ်ခမ်းတွေလည်း ခြောက်ပြီး ကွဲနေတယ်။ ဖူးယောင်လာတယ်။ မျက်နှာမှာ နှုတ်ခမ်းတွေ ရှိနေတာ မသိလိုက် မသိဖာသာ မဟုတ်တော့ဘဲ၊ သက်သက်ကြီး A ပင်ပန်းခံ `မ´ ထားရသလိုပဲ။

နှစ်ရက်လောက် A ကြာမှာ ရေတိုက်ဖို့ ကျနော် ထပ်ပြောတယ်။ တကယ်တော့ ပြောခဲ့တာ A ကြိမ်ကြိမ်ပါ။ ပြောတိုင်း A ရိုက်ခံရတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ ရေဆာတာက A ရိုက်ခံရတာထက် ပို ဆိုးတယ် ထင်လာတယ်။ ကံA ဒးလျော်စွာ ဒီတခါတော့ မရိုက်ဘူး။

`ကောင်းပြီ၊ ရေတိုက်မယ်။ ဒါပေမယ့် တခု မင်းA ရင်ရေး။ ABSDF ဗဟိုကို မင်း တင်ခဲ့တဲ့ A စီရင်ခံစာ။ စာမျက်နှာ ခြောက်ဆယ်ကျော်။ A`ဒါကို မင်းရေး။ ပြီးရင် ရေတိုက်မယ်´
`စာမျက်နှာ ခြောက်ဆယ်ကျော်။ ကျနော် ဘယ်မှတ်မိမလဲ။ ဒါလောက် A များကြီး။ ခြောက်ဆယ်ကျော်လည်း မဟုတ်ပါဘူး။´
`မလိမ်နဲ့။ မှတ်မိသလောက် ရေး။ စာမျက်နှာ ခြောက်ဆယ်ကျော်တယ်။ A`ဒီ A စီရင်ခံစာ ငါတို့ ရထားပြီးပြီ´
`ဒါဆို ကျနော့်ကို ဘာလို့ ရေးခိုင်း…´
`လျှာ မရှည်နဲ့၊ ရေးခိုင်းချင်လို့ ရေးခိုင်းတာ။ ရေး´

သူက စာရွက်တွေနဲ့ ဘောလ်ပင် ချထားပြီး A ပြင်ထွက်သွားတယ်။ လက်ထိပ်ဖြုတ်ပေး ထားခဲ့တယ်။ ပြီးတော့ A ပြင်ကနေ လှမ်းGA ာ်တယ်။

`ခေါင်းစွပ် ချွတ်လိုက်။ ငါပြန်လာလို့ တံခါးဖွင့်သံကြားရင် ခေါင်းစွပ် ပြန်စွပ်´

ကျနော် ခေါင်းစွပ် ချွတ်လိုက်တယ်။

`A ၁း´ ခနဲ လန့်eA ၁်ပြီး ချက်ချင်း မျက်လုံး ပြန်မှိတ်လိုက်ရတယ်။ A လင်းရောင်က မျက်လုံးထဲ ဝင်လာတာ စူးချွန်ချွန်နဲ့ ဆောင့်ထိုးလိုက်သလိုပဲ။ စူးလိုက် နာလိုက်တာ။ ရေကလည်း သိပ်ဆာနေတယ်။ ရေမသောက်ရဘဲ လူတယောက် ဒီလောက် ကြာကြာနေနိုင်တာ ဟုတ်ရောဟုတ်ရဲ့လား။ ယုံတောင် မယုံချင်ဘူး။

စာရွက်နဲ့ ဘောလ်ပင်ကို ကောက်ယူလိုက်တယ်။ စဉ်းစားတယ်။ ဘာရေးရင် ကောင်းမလဲ။ စာမျက်နှာ ခြောက်ဆယ်ကျော်တဲ့၊ ပြဿနာ၊ A စီရင်ခံစာ သူတို့ ရထားတယ်ဆိုတာ တကယ်များလား။ ကျနော် တွေဝေသွားတယ်။ စဉ်းစားမရဘူး။ ဒီလိုနဲ့ ကျနော် စပြီး ရေးတယ်။ ခေါင်းထဲမှာလည်း စာလုံးတွေ မပေါ်ဘဲ ရေတွေပဲ ပေါ်နေတယ်။ ရေ သိပ်သောက်ချင်တာပဲ။ လက်တွေလည်း တုန်နေတယ်။

တနာရီလောက် A ကြာမှာ တံခါးဖွင့်သံ ကြားရတယ်။ ဒါနဲ့ ကမန်းကတန်း ခေါင်းစွပ် ပြန် စွပ်လိုက်ရတယ်။ စောစောက လူ ဝင်လာတယ်။ ရှေ့မှာ ထိုင်တယ်။ ကျနော့် ရေးလက်စ စာရွက်တွေကို လှမ်းယူသံ ကြားရတယ်။

`ဖြောင်း´

ကျနော့် မျက်နှာကို ဖြတ်ရိုက်တာ။ မျက်လုံးထဲ ဝင်းခနဲ။

`ဖြောင်း´ `ဖြောင်း´ ထပ်ရိုက်တယ်။ ဘယ်ပြန် ညာပြန်။ မျက်နှာတည့်တည့်ကို ဖြတ်ရိုက်တာ။ ရိုက်လိုက်တိုင်း လူက နောက်ပြန် ယိုင်ယိုင်သွားတယ်။ သူက ဆဲတယ်။

`တနာရီလောက် ကြာတာ ဒီ တမျက်နှာပဲ ရလားကွ´
`ကျနော် စဉ်းစားလို့ ရတာ ဒီလောက်ပဲ´
`ဟေ့ကောင်၊ ကိုယ့်ကိုကိုယ်လဲ ပြန်ကြည့်ဦး။ လူလဲ လုပ်ထားတာ ကြေနေပြီ။ ဒါတောင် သောက်မှတ် မရှိဘူး။ ကိုယ့်ကိုကိုယ် မနေမြောဘူး ထင်တယ်။ ဟုတ်လား။ မeA -။ eA း။ ငါ ပြန်ထွက်မယ်။ ထပ်ရေး၊ ဒီမှာ ဟေ့ကောင်၊ ရီးတီးယားတား မလုပ်နဲ့၊ သေပြီးလို့ A ရိုးပဲ ကျန်ရင်တောင် A ရိုးကို ရိုက်စစ်ဦးမယ်ကွ။ သိလား။ ဘာမှတ်လဲ´

စားပွဲကို `ဖြောင်း´ ခနဲ ရိုက်ပြီး သူပြန်ထွက်သွားတယ်။ ကျနော် ဘယ်လို လုပ်ရမလဲ။ A စီရင်ခံစာ သူတို့ ရထားပြီတဲ့။ `A စ်´နေတာလား။ A စ်တာဆိုရင် ဘာလို့ A စီရင်ခံစာ A ကြောင်းနဲ့ စာမျက်နှာ A ရေA တွက်တွေ ပြောနိုင်တာလဲ။ တကယ်ပဲ တနည်းနည်းနဲ့ သူတို့ ရထားပြီလား။ ကျနော် မှန်းလို့ မရဖြစ်နေတယ်၊ နေပါဦး။ A`ဒီ A စီရင်ခံစာက ABSDF ဗဟိုကို တင်ထားတာ။ ဗဟိုကို တင်တယ်ဆိုတာတောင် တကယ်တော့ ထိပ်ပိုင်း လေးယောက်လောက်ကိုပဲ A စီရင်ခံစာ ပေးထားတာ မဟုတ်လား။ ဘယ်လို ဖြစ်တာလဲ၊ ကဲ မတတ်နိုင်ဘူး။ လွှဲကာမှသာ လွှဲရော။ လွှဲလို့ ရိုက်ကာမှသာ ရိုက်ရော၊ သူတို့ လက်ထဲ A စီရင်ခံစာ ရောက်မနေဘူးလို့ A ရင် ယူဆထားတာ ကောင်းမယ်။ ကျနော် စမ်းကြည့်ချင်စိတ် ပေါက်နေတယ်။ ဟုတ်တယ်။

ဒါပေမယ့် ဘာA ကြောင်းA ရာ ရေးရင် ကောင်းမလဲ။ စဉ်းစားလို့လည်း ဘာမှ ပေါ်မလာဘူး။ ရေတွေပဲ ပေါ်လာတယ်။ ရေ ဆာလိုက်တာ။ ရေ... ရေ...။ ကျနော် ဘောလ်ပင်ကို ကိုင်ပြီး စရေးတယ်။ ရေးပြီးရင်း ရေးတယ်။ ခေါင်းထဲ ပေါ်လာသမျှ ရေးတယ်။ ရေ... ရေ...။

၁၉၈၈ ခုနှစ်A တွင်း သင်္ကန်းကျွန်း၊ ဘီA့စီ ခေါင်းဖြတ်သတ်မှုမှာ `ကိုကိုနိုင် ဆိုတဲ့လူ ပါတယ်´ လို့ သတင်းထွက်တော့ `ကိုကိုနိုင်´ နာမည်နဲ့ လူတွေကို လိုက်ဖမ်းပါတော့တယ်။ နောက်ဆုံး ခေါင်းဖြတ်သတ်မှုမှာ ပါဝင်တဲ့ တကယ့်ကိုကိုနိုင် A စစ်ကို ဖမ်းမိချိန်မှာတော့ ကိုကိုနိုင်နာမည်နဲ့ တခြားလူနှစ်ယောက်ကို ထောင်ဒဏ် ဆယ့်ငါးနှစ်နဲ့ ဆယ့်ရှစ်နှစ်စီ A ပြစ် ပေးပြီးသွားပါပြီ။ ထောက်လှမ်းရေးမှာလည်း နည်းမျိုးစုံ သုံးပြီး ရက်ရက်စက်စက် ညှပ်းပန်း နှိပ်စက်ပြီးပါပြီ။ A မှန်တကယ် ကျူးလွန်တဲ့ ကိုကိုနိုင်ကို ဖမ်းမိပြီး ထောင် A နှစ်နှစ်ဆယ် ချလိုက်ပေမယ့် A ရင် ဖမ်းထားတဲ့ ကိုကိုနိုင် နှစ်ယောက်ကို လွှတ်မပေးဘဲ A င်းစိန်ထောင်မှာ ဆက်ပြီး ထောင်ချထားပါတယ်။

တခါတုန်းက A`ဒီA ပြစ်မဲ့ ကိုကိုနိုင် နှစ်ယောက်ထဲက တယောက်နဲ့ ကျနော် ထောင်ဝင်စာ A တူ ထွက်ရပါတယ်။ သူ့ကို သူ့မိန်းမနဲ့ သုံးလေးနှစ် A ရွယ်သမီးလေးက လာတွေ့ပါတယ်။ ခလေး စကားပြောတတ်စမှာ သူ့ကို ထောက်လှမ်းရေးက ဖမ်းလိုက်တာပါ။ ကြားမှာ သံဇကာ နှစ်ထပ်ခြားပြီး ဟိုဘက်ဒီဘက် တယောက်နဲ့ တယောက် တွေ့ကြချိန်မှာ ကိုကိုနိုင်ရော သူ့မိန်းမပါ စကားမပြောနိုင်ဘဲ တယောက်ကို တယောက် ကြည့်ရင်း ငိုကြွေးကြတာ တွေ့ရပါတယ်။ သမီးလေးကလည်း သံဇကာကို ကိုင်၊ မျက်လုံးထဲ မျက်ရည်A ပြည့်၊ မျက်တောင် ပုတ်ခတ် ပုတ်ခတ်နဲ့ သူ့A ဖေကို ကြည့်နေတာ သနားစရာပါ။

နိုင်ငံရေး A ကျပ်းသားပဲ ဖြစ်ဖြစ်၊ ရာဇဝတ်A ကျပ်းသားပဲ ဖြစ်ဖြစ် မတတ်နိုင်တဲ့ A ဆုံး `ကိုယ်လုပ်လို့ ကိုယ်ခံရတာပဲ´ ဆိုပြီး ဒုက္ခကို ဖြေနိုင်ကြပေမယ့် ကိုကိုနိုင်တို့လို လူမျိုးတွေကျတော့ ဘယ်လို ဖြေကြမလဲ။

**နဝတ ညှပ်းပန်းရေး စခန်း**
**(ဒုတိယပိုင်း)**

နဝတ ထောက်လှမ်းရေး စခန်းတွေမှာ နိုင်ငံတကာ ကျင့်ဝတ်၊ လူ့ကျင့်ဝတ်နဲ့ ဘာသာတရား A ဆုံးA မတွေကို ဘေးဖယ်ပြီး စည်းလွတ်ဝါးလွတ် ပရမ်းပတာ ညှပ်းပန်း နှိပ်စက်တာ ခံရပြီးလို့ ထောင်ထဲ ရောက်ပြန်တော့လည်း နိုင်ငံရေး A ကျပ်းသားတွေဟာ A`ဒီလိုညှပ်းပန်း နှိပ်စက်ခံရမှုတွေကနေ လွတ်မြောက် မသွားကြရပါဘူး။ ၁၉၉၀ ခုနှစ်၊ A င်းစိန်ထောင် နိုင်ငံရေး A ကျပ်းသားများ ဆန္ဒပြပွဲနဲ့ သရက်ထောင်တွင်း နိုင်ငံရေး A ကျပ်းသားများ ညှပ်းပန်း နှိပ်စက်မှု A ကြောင်းတွေမှာတုန်းက ကျနော် ဖော်ပြခဲ့တဲ့ ညှပ်းပန်း နှိပ်စက်မှုတွေA ပြင် တခြားညှပ်းပန်း နှိပ်စက်မှုတွေလည်း ထောင်ထဲမှာ A များကြီးပါ။

တခါတုန်းက A င်းစိန်ထောင် A မှတ်(၄) A ဆောင်မှာ ကျောင်းသားလေးဆယ်လောက်က တောင်ယာ A လုပ်လုပ်ရတော့ ပင်ပန်းလွန်းလို့ `မလုပ်နိုင်တော့ဘူး´ လို့ ထောင်ကို တင်ပြကြပါတယ်။

ထောင်A ာဏာပိုင်တွေက `A လုပ် မလုပ်ရင် ထောင်မှာ မနေရဘူး။ တိုက်မှာ သွားနေမှ ရမယ်´ လို့ ပြောပါတယ်။

A`ဒီ A ချိန်တုန်းက A င်းစိန်ထောင် တိုက်(၆)တိုက်မှာ နိုင်ငံရေးA ကျဉ်းသား ငါးရာလောက် ရှိပါတယ်။ A`ဒီ တိုက်တွေမှာ သွားနေရမယ် လို့ နားလည်ပြီး ကျောင်းသားတွေက `ဒါဆိုရင် တိုက်မှာ သွားနေမယ်´ လို့ ပြောတော့ သူတို့ A ားလုံးကို တိုက် ပို့လိုက်ပါတယ်။ ဒါပေမယ့် နိုင်ငံရေး A ကျဉ်းသားတွေ ထားတဲ့ တိုက်တွေကို မဟုတ်ပါဘူး။ ပြစ်ဒဏ်တိုက်ခေါ် စစ်ခွေးတိုက်ကိုပါ။

မကြာပါဘူး။ ထောင်ဝါဒါတွေ ရောက်လာပြီး ကျောင်းသားA ားလုံးကို ဘာမပြော ညာမပြောနဲ့ တခန်းချင်း ထုတ်၊ ခြေထောက်တွေကို ဒေါက်ခြေကျင်းခတ်၊ ပြီးတော့ ရက်ရက်စက်စက် ရိုက်နှက်ပြီး တိုက်ပိတ် ပြစ်ဒဏ် ပေးလိုက်ပါတော့တယ်။

A မှန်က တိုက်ပိတ် ပြစ်ဒဏ်ဆိုတာက ကြီးလေးတဲ့ ထောင်စည်းကမ်းမျိုး ချိုးဖောက်မှ ပေးရတာမျိုးပါ။ A ခုဟာက `A ဆောင်မှာ မနေချင်ရင် တိုက်ထဲ သွားနေရမယ်´ လို့ မလိမ့်တပတ်လုပ် ခေါ်ထုတ်ပြီး စစ်ခွေးတိုက် ရောက်တော့မှ ရိုက်နှက်ပြီးတော့ ထောင်Uပဒေ ချိုးဖောက်လို့ ဆိုပြီး တိုက်ပိတ် ပြစ်ဒဏ် ပေးတာပါ။

A`ဒီလိုနဲ့ စစ်ခွေးတိုက်မှာ (၁)လ နေရချိန်A တွင်း ကျောင်းသားတွေကို ဒေါက်ခြေကျင်း တောက်လျှောက် ခတ်ထားပြီး နေ့တိုင်း ထုတ်ရိုက်လို့ တချို့ဆိုရင် A ရိုက်ခံနေရင်း သတိလစ် မေ့မျောသွားတာတောင် A ရိုက် မရပ်ပါဘူး။ ရိုက်တာကလည်း ပရမ်းပတာ ဝိုင်းရိုက်တာဖြစ်ပြီး A ပြစ်ကို မပြောဘဲ `ဘာနိုင်ငံရေးသမားလဲကွ၊ နိုင်ငံရေး လုပ်ချင်ပါးကွ´ A စရှိသဖြင့် ထောင်Uပဒေနဲ့ ဘာမှ မဆိုင်တဲ့ ဇော်ကားမော်ကား စကားတွေ ပြောပြီး ဆဲဆို ရိုက်တာမျိုးပါ။

သာယာဝတီထောင်မှာလည်း ၁၉၉၂ခုနှစ်တုန်းက `ထောင်ပိုင်ကို လုပ်ကြံဖို့ ကြံစည်တယ်´ ဆိုတဲ့ A ခြေA မြစ် မရှိတဲ့ စွပ်စွဲချက်နဲ့ နိုင်ငံရေး A ကျဉ်းသား တရာလောက်ကို ပက်ပက်စက်စက် ရိုက်နှက်ပြီး တိုက်ပိတ် ပြစ်ဒဏ် ပေးလိုက်ပါသေးတယ်။

တခါတုန်းက A င်းစိန်ထောင်၊ ကြိုးတိုက်က သေဒဏ်ကျ A ကျဉ်းသားတွေကို ကြိုးတိုက်မှာ လူကျပ်လို့ တိုက် A မှတ်(၆)ကို ခွဲပို့ပါတယ်။ ကြိုးသမားတွေ A ထုပ်A ပိုးတွေနဲ့ တန်းစီ ပြောင်းရွှေ့နေတာကို လမ်းတဖက်တချက်မှာ ထောင်ဝါဒါတွေက တန်းစီရပ်၊ ဟိုဘက်ဒီဘက် နှစ်ဖက်ညှပ် ပိတ်ရပ်ပြီး A ကျဉ်းသားတွေရဲ့ ပါးတွေ၊ မျက်နှာတွေကို ဖြတ်ရိုက်ပါတယ်။ `ဘာလို့ A ပြစ်မရှိဘဲနဲ့ A ခုလို ရိုက်ရတာလဲ´ လို့ မေးကြည့်တော့ `ဒါ ထောင်ထုံးစံ´ လို့ ထောင်ဝါဒါတွေက ဖြေကြပါတယ်။

သရက်ထောင်မှာလည်း ဇော်ဝင်းထွဋ်ဆိုတဲ့ ကျောင်းသားလေးတယောက် သောက်ရေခွက် လက်ထဲက လွတ်ကျသွားတာကိုပဲ `ထောင်A ာဏာပိုင် ဆန့်ကျင်ပါတယ်´ ဆိုပြီး ပုံကြီးချဲ့ လုပ်ကြံ၊ စွပ်စွဲ၊ ရိုက်နှက် တိုက်ပိတ်ခဲ့ပါတယ်။ ရိုက်ပုံ ရိုက်နည်းကလည်း A`ဒီ ကျောင်းသားလေးကို ဒေါက်ခြေကျင်း ခတ်၊ A`ဒီ ဒေါက်ခြေကျင်းနဲ့ မိန်းရေးလ်လို့ ခေါ်တဲ့ ဗဟိုရုံးကနေ ပေ(၃၀၀)လောက် ဝေးတဲ့ တိုက်နံပါတ် A မှတ်(၃)A ထိ ဝမ်းလျားထိုး မိချောင်းသွား သွားခိုင်းပြီး လမ်းတလျှောက် ထောင်ဝါဒါတွေက A ပေါ်ကနေ စီးပြီး ရိုက်နှက်သွားတာပါ။ A`ဒီလို ရိုက်ပြီးတဲ့A ချိန်ကျတော့ ရိုက်တဲ့A ထဲမှာ ပါတဲ့ ထောင်ဝါဒါ တပါးကဆိုရင် `ရိုက်လို့ A ရသာ ရှိလိုက်တာကွာ။ ဝါးရင်းတုတ် သုံးချောင်းကို ပြတ်ထွက်သွားတာပဲ´ လို့ A ားရပါးရ ပြန် ပြောပါတယ်။

`ဒါမှ နိုင်ငံရေး သမားကောင်တွေ မှတ်မှာ´ လို့လည်း ဆိုလိုက်ပါသေးတယ်။ ဝါးရင်းတုတ် သုံးချောင်း A ပိုင်းပိုင်း ကျိုးပြတ်သွားတဲ့A ထိ A ရိုက်ခံရတဲ့ လူတယောက် ဘယ်လောက် နာကျင် ခံစားရလိမ့်မလဲဆိုတာ တွေးသာ ကြည့်ပါတော့။

တခါကလည်း သာယာဝတီထောင်က ရော်လီထွန်းကို သရက်ထောင်ကို ထောင်ပြောင်းလိုက်ပါတယ်။ သရက်ထောင် ရောက်တော့ ထောင်ပိုးဝကတည်းက ရော်လီထွန်းကို တောက်လျှောက် ရိုက်လာလိုက်တာ တိုက်A မှတ်(၄) ရောက်တဲ့ A ထိ A ဝေးကြီးပါပဲ။ ရော်လီထွန်းက နာကျင်တာကို ခံကြိတ်ခံရင်း မျက်ရည်တွေ တွေတွေကျနေပါတယ်။ A မှတ်(၄) တိုက်ရှေ့ကို ရောက်တော့လည်း သူ့ကို ထိုင်ခိုင်းထားပြီး `မင်းလားကွ ရော်လီထွန်း´ ဆိုပြီး ထောင်ဝါဒါတွေ ဝိုင်းရိုက်တာ ရော်လီထွန်း ပုံလဲကျသွားတဲ့ A ထိပါပဲ။

`ခုမှ ရောက်လာတဲ့ သူ့ကို ဘာA ပြစ်မှ မရှိဘဲ ဘာလို့ A ခုလောက် ရိုက်ရတာလဲ´ လို့ မေးကြည့်တော့ `A ပြစ်တော့ မရှိဘူး။ ဒါပေမယ့် ဒါ ထောင်ထုံးစံပဲ´ လို့ ထောင်ဝါဒါတွေက ဖြေကြပါတယ်။ A`ဒီနောက်တော့ ရော်လီထွန်းကို ဒေါက်ခြေကျင်း ခတ်ထားလိုက်တာ နေ့ရော ညပါ ဘယ်တော့မှ ဖြုတ်မပေးတော့ပါဘူး။ ဒေါက်ခြေကျင်းဒဏ်ကြောင့် ခြေထောက်တွေ ပွန်းစားပြီး ယောင်ကိုင်းလာလို့ နောက်ဆုံး လမ်းတောင် မလျှောက်နိုင်တော့လောက်Aေ ခင် ဖြစ်လာတဲ့A တွက် `ဒေါက်ခြေကျင်း ဖြုတ်ပေးပါ´ လို့ A သနားခံ တောင်းပန်တာတောင်မှ ထောင်A ဂါကာပိုင်တွေက ဖြုတ်မပေးပါဘူး။

သရက်ထောင်မှာ နိုင်ငံရေး A ကျဉ်းသားတွေဟာ တောင်ယာတွေကို ရေလောင်းဖို့ A တွက် ရေတွင်းထဲကနေ ရေ ဆွဲတင်ရပါတယ်။ လေးထောင့် သံပုံးနဲ့ လေးပုံးစာလောက် A ရွယ်ရှိတဲ့ ရေတိုင်ကီပြတ်ကြီးနဲ့ ရေတွင်း A နက်ကြီးထဲက ရေကို ဆွဲတင်ကြရတာပါ။ တရက် တရက်ကို A`ဒီ ရေတိုင်ကီပုံးနဲ့ ပုံး(၉၀၀)လောက် ရေဆွဲတင်ကြရပါတယ်။ နေလင်း ဆိုတဲ့ ဆယ်တန်းကျောင်းသားလေး ဆိုရင် ပင်ပန်းလွန်းလို့ ရေဆွဲရင်း သတိလစ် ပစ်လဲ သွားခဲ့ဖူးပါတယ်။

ထောင်မှာ ရေစုပ်စက် ရှိရဲ့သားနဲ့ ဘာလို့ စက်ကို မသုံးဘဲ နိုင်ငံရေး A ကျဉ်းသားတွေကို ရေဆွဲခိုင်းတာလဲ လို့ မေးတော့ `တမင် ဆွဲခိုင်းတာ´ လို့ ထောင်A ဂါကာပိုင်တွေက ဖြေပါတယ်။

တခါတုန်းကလည်း A ငံးစိန်ထောင် တိုက်A မှတ်(၅) မှာ တက္ကသိုလ်ကျောင်းသား ကိုAေ ခင် (ယခု ဒုတိယA ကြိမ် နှစ်ရှည် ထောင်ဒဏ် ထပ်မံကျခံနေရသူ) နဲ့ တခြားကျောင်းသား တယောက်တို့ ရက်ရက်စက်စက် A ရိုက်နက်ခံကြရပါတယ်။ ဖြစ်ပုံကတော့ A ခန်းထဲမှာ ဆေးလိပ်သောက်တယ် ဆိုပြီး ကိုAေ ခင်တို့ နှစ်ယောက်ကို A ခန်းထဲကနေ A ပြင် ခေါ်ထုတ်သွားပါတယ်။

A`ဒီတုန်းက ဆောင်းတွင်း မနက်A စောကြီး ငါးနာရီလောက်ပါ။ သူတို့ကို တိုက် ရုံးခန်းနားက ဇန်ဒါပင် စခန်းလို့ ခေါ်တဲ့ နေရာထိ ရောက်Aေ ခင် ကျောက်ခဲကြမ်းတွေ ခင်းထားတဲ့ လမ်းပေါ်မှာ ဝမ်းလျားထိုးပြီး မိကျောင်းသွား သွားခိုင်းပါတယ်။ ဇန်ဒါပင် ခြေရင်းရောက်တော့ သူတို့ နှစ်ယောက်ကို ကိုယ်တုံးလုံး ချွတ်ပြီး သုံးပင်လိမ် ကြိမ်လုံးနဲ့ ရိုက်ပါတော့တယ်။ ချမ်းချမ်းစီးစီး ဆောင်းတွင်း မနက် A စောကြီး ကြိမ်လုံးတွေနဲ့ တရွှမ်းရွှမ်း ရိုက်နက်သံ၊ သူတို့ နှစ်ယောက်ရဲ့ Aေ ာ်ဟစ် ညည်းညူသံတွေ ကြားရတဲ့ နိုင်ငံရေး A ကျဉ်းသားတိုင်း မျက်ရည် လည်ကြရပါတယ်။

တကယ်တော့ ဆေးလိပ်သောက်တဲ့ ကိစ္စလောက်နဲ့ ရိုက်နက်စရာ မလိုပါဘူး။ ပြီးတော့ ထောင်ထဲမှာ ဆေးလိပ်သောက်ခွင့် ပေးထားတာပဲ မဟုတ်လား။ A ခုက တမင် ရိုက်ချင်လို့ ရိုက်တာပါ။

၁၉၉၂ ခုနှစ် မေလတုန်းက သရက်ထောင်မှာ ကိုပြည့်နဲ့ ကိုလှဒွေးတို့ နှစ်ယောက်ကို `ပုံစံထိုင်တာ မမှန်လို့´ ဆိုပြီး မဖြစ်စလောက် A ပြစ်ကလေးနဲ့ A ဆောင်ကနေ ဓာတ်တိုင် သုံးတိုင်စာလောက် ဝေးတဲ့ တိုက် A မှတ်(၃) A ထိ ဝမ်းလျှားထိုး မိကျောင်းသွား သွားခိုင်းရင်း လမ်းတလျှောက် ထောင်ဝါဒါတွေက A ပေါ်စီးကနေ စီးပြီး ပက်ပက်စက်စက် ေA ာ်ဟစ် ရိုက်နှက်ကြပါတယ်။ A မှန်ဆို A`ဒီလောက် ရိုက်နှက် A ပြစ်ပေးရတဲ့ ပြစ်မှုမျိုးက ထောင်ဖောက်ဖို့ ကြံစည်မှု ပေးတဲ့ ပြစ်ဒဏ်မျိုးပါ။

A`ဒီလို မတရားသဖြင့် ရက်ရက်စက်စက် ညှဉ်းဆဲ ရိုက်နှက် A ရေးယူတဲ့ ကိစ္စမျိုးတွေဟာ စစ်A စိုးရခေတ် ထောက်လှမ်းရေး စခန်းတွေမှာ ၊ ထောက်လှမ်းရေး စခန်းတွေမှာ၊ A ကျဉ်းထောင်တွေထဲမှာ ဖြစ်ခဲ့တာ ဖြစ်နေတာတွေ A များကြီးပါပဲ။ A`ဒီလို နည်းမျိုးစုံ ညှဉ်းပန်း နှိပ်စက်ခံရတဲ့ သူတို့ရဲ့ တကယ့် A ပြစ်ကတော့ ပါဒေ ချိုးဖောက်လို့ မဟုတ်ပါဘူး။ နိုင်ငံရေး A ကျဉ်းသားတွေ ဖြစ်ကြလို့ပါ။

**နဝတ ညှဉ်းပန်းရေး စခန်းများ**
**(တတိယပိုင်း)**

စစ်A စိုးရနဲ့ ထောင်A ဘဏာပိုင်တွေက နိုင်ငံရေး A ကျဉ်းသားတွေကို ညှဉ်းပန်း နှိပ်စက်မှုတွေ A ပြင် ထောင်တွင်း လျှို့ဝှက် လုပ်ကြံမှု၊ A ကောက်ကြံမှုနဲ့ မိသားစုတွေကို စိတ်ပိုင်းဆိုင်ရာ ညှဉ်းဆဲမှုတွေကလည်း ရှိပါသေးတယ်။

တခါတုန်းက A ငးစိန်ထောင် A မှတ်(၄)ဆောင်မှာ နိုင်ငံရေး A ကျဉ်းသား၊ စက်မှု တက္ကသိုလ်ကျောင်းသား ဝင်းနိုင် (သရက်ထောင် ဘောလ်ပင် ကိစ္စနဲ့ A ရိုက်ခံရသူ၊ A ခုကိစ္စက သရက်ထောင် မပြောင်းခင် A ဖြစ်A ပျက်ပါ) ကို သတ်ဖို့ ထောင်A ဘဏာပိုင်တွေက လူဆိုးတွေနဲ့ တိုင်ပင် ကြံစည်ခဲ့ဖူးပါတယ်။

A ပြစ်ကတော့ A မှတ်(၄) A ဆောင်မှာ နိုင်ငံရေး A ကျဉ်းသားတွေ စုစုစည်းစည်း ညီညီညွတ်ညွတ် ရှိနေတာရယ်၊ A သက် ဆယ့်လေးငါးနှစ် A ရွယ်လောက်သာ ရှိသေးတဲ့ ခလေး ရာဇဝတ် A ကျဉ်းသားတချို့ကို သက်သာတဲ့ ထောင်ရုံးA လုပ်တချို့မှာ A လုပ်ရေA ာင် နိုင်ငံရေး A ကျဉ်းသားတွေက ငွေကြေး ကူညီကြတာရယ်ကို ထောင်A ဘဏာပိုင်တွေက `ဒါ ဝင်းနိုင် လက်ချက်၊ ဒီကောင် ကေဘီဂျီလုပ်တယ်။ ထောင်ကို ထောက်လှမ်းရေး လုပ်တယ်´ ဆိုတဲ့ တဖက်သတ် စွပ်စွဲချက်နဲ့ပါ။

ဒါနဲ့ နောက်ဆုံးမှာ ထောင်လူဆိုးတွေကို သုံးပြီး ဝင်းနိုင်ကို A ကောက်ကြံဖို့ စီစဉ်ပါတော့တယ်။ စီစဉ်ပုံက နာမည်ကြီး လူဆိုးတဦးကို ဝင်းနိုင်ကို သံချွန်နဲ့ ထိုးသတ်ဖို့ ထောင်မှူးစိုးဝင်းက ပြောပါတယ်။ ဝင်းနိုင်ကို ထောင်A ဘဏာပိုင်တွေက တခုခု လုပ်ဖို့ ကြံစည်နေတာကို တချို့ ရာဇဝတ် A ကျဉ်းသားတွေက တဆင့် နိုင်ငံရေး A ကျဉ်းသားတွေ သိရတော့ `ဝင်းနိုင် တခုခု ဖြစ်ရင် ထောင်A ဘဏာပိုင်တွေ လက်ချက်လို့ ယူဆမယ်´ ဆိုပြီး ထောင်A ဘဏာပိုင်တွေ ကြားေA ာင် သတင်းလွှင့်လိုက်ပါတော့တယ်။

A`ဒီမှာ ထောင်A ဘဏာပိုင်တွေ A ကျပ်ရိုက်သွားပြီး A ခုန လူဆိုးကိုခေါ်၊ `ဝင်းနိုင်ကို မသတ်နဲ့တော့၊ ရန်စပြီး လူကြားထဲ A ရှက်ကွဲရုံ ပါးရိုက်၊ ပြီးရင် ရန်ဖြစ်တယ် ဆိုပြီး မင်းရော ဝင်းနိုင်ပါ တိုက်ပိတ်ပြစ်ဒဏ်ပေးမယ်၊ မင်းကို ကောင်းကောင်းထားမယ်။ ဝင်းနိုင်ကိုတော့ ငါတို့ ကြိုက်သလို လုပ်မယ်´ လို့ ညှိပါတယ်။

A`ဒီလို စီစပ်နေတုန်း ထောင်ပြောင်း A မိန့်ထွက်လာလို့ ဝင်းနိုင်တို့ နိုင်ငံရေး A ကျဉ်းသား တရာ သရက်ထောင် ပြောင်းလာရတာနဲ့ ထောင်A ဒဏ်ပိုင်တွေရဲ့ A စီA စဉ် ပျက်သွားပါတယ်။ ထောင်A ဒဏ်ပိုင်တွေရဲ့ A`ဒီ A စီA စဉ်A သေးစိတ်ကို A`ဒီ လူဆိုးက ပြန်ပြောပြလို့ သိရတာပါ။

ဝင်းနိုင်လိုမျိုးပဲ မကသဖ A ဖွဲ့က စက်မှု တက္ကသိုလ်ကျောင်းသား ဇော်မျိုးေA ဒင်လည်း ကြုံခဲ့ရပါသေးတယ်။

တညဇော်မျိုးေA ဒင်က သူနဲ့ A°ပ်ယာ ဘေးချင်းကပ်၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒ ဌာနက ဆရာပီးမောင်မောင်ကို ဒဿနိကဗေဒ ပညာရပ်A ကြောင်း လေသံ တိုးတိုးနဲ့ မေးမြန်းနေပါတယ်။ A`ဒီA ချိန်မှာ ဇော်မျိုးေA ဒင်ကို မလိုလားတဲ့ A ကျဉ်းသားတပီးက `ည ကိုးနာရီကျော်ပြီ၊ စကားမပြောနဲ့၊ ထောင်A ဒဏ်ပိုင်တွေကို တိုင်ပြောမယ်´ လို့ ပြောပါတယ်။

ထောင်ထဲမှာ UပဒေA ရ ည ကိုးနာရီကျော်ရင် စကားမပြောရဘူးလို့ စည်းကမ်း သတ်မှတ်ချက် ရှိပါတယ်။ ဒါပေမယ့် စည်းကမ်းချက်A နေနဲ့သာ ရှိတယ်၊ လူတိုင်း တိုးတိုးတိတ်တိတ် ပြောနေကြတာပါ။ ထောင်ဝါဒါတွေ၊ ထောင်A ရာရှိတွေ ကိုယ်တိုင်လည်း သူတို့ခင်တဲ့ A ကျဉ်းသားတွေနဲ့ လာလာ စကားပြောနေကြတာပါပဲ။ A ဆန်း မဟုတ်ပါဘူး။ စကားပြောတဲ့ ကိစ္စ ထောင်A ဒဏ်ပိုင်နဲ့ တိုင်မယ်လို့ ပြောတဲ့ A ကျဉ်းသားကို ဇော်မျိုးေA ဒင်က `ထောင်Uပဒေ A တိုင်း လုပ်မယ်ဆိုရင် ထောင်A ဒဏ်ပိုင်လည်း ကြောက်စရာ မလိုဘူး´ လို့ ပြောလိုက်ပါတယ်။ A`ဒီနောက် ကိစ္စက ေA းေA းဆေးဆေးပဲ ပြီးသွားပါတယ်။ ဒါပေမယ့် ကိစ္စမပြီးနိုင်တာက ထောင်A ဒဏ်ပိုင်တွေပါ။

ဖော်ပြခဲ့တဲ့ ဝင်းနိုင်လိုပဲ ဇော်မျိုးေA ဒင်ကို ထောင်A ဒဏ်ပိုင်တွေက တဖက်သတ် ညှိုးထား၊ တေးထားတာတွေ ရှိတော့ A ချက်ပေါ်ပြီ ဆိုပြီး နောက်နေ့မှာ ဇော်မျိုးေA ဒင်နဲ့ စကားများတဲ့ A ကျဉ်းသားကို ထောင်A ဒဏ်ပိုင်တွေက ခေါ်ယူလိုက်ပါတယ်။

ပြီးတော့ A`ဒီ A ကျဉ်းသားကို `သူနဲ့ ဇော်မျိုးေA ဒင် ညက ရန်ဖြစ်တယ်။ ဇော်မျိုးေA ဒင်က သူ့ကို ထိုးကြိတ်ဖို့ ကြိုးစားတယ်။ ထောင်A ဒဏ်ပိုင်တွေကို စော်ကားမော်ကား ပြောတယ်။ ဆရာမောင်မောင်နဲ့ နိုင်ငံရေး စကားတွေ ပြောတယ်´ စသဖြင့် A ချက်A လက်တွေ လုပ်ကြံပြီး A ထက်A ဒဏ်ပိုင်တွေကို တိုင်တန်းဖို့ သင်ပေးပါတယ်။

A`ဒီ A ကျဉ်းသားက `A`ဒီလို ဟုတ်မှမဟုတ်တာ၊ မတိုင်ချင်ဘူး´ လို့ ပြောတော့ A`ဒီA ကျဉ်းသားကို A မျိုးမျိုး ခြိမ်းခြောက်ပြီး `တိုင်ရမယ်´ လို့ ပြောတာနဲ့ နောက်ဆုံး A`ဒီ A ကျဉ်းသား တိုင်ရပါတော့တယ်။ A`ဒီလိုနဲ့ နောက်ဆုံး ဘယ်လိုမှ ရှင်းခွင့် မရှိတော့ဘဲ ဇော်မျိုးေA ဒင်နဲ့ ဆရာမောင်မောင်တို့ကို ဒေါက်ခြေကျင်းခတ်၊ တိုက်ပိတ်ပြစ်ဒဏ် (၃)လ ပေးလိုက်ပါတော့တယ်။

တခါတုန်းကလည်း သရက်ထောင်မှာ ထောင်ဝင်စာကိစ္စနဲ့ ပတ်သက်လို့ ပြဿနာ တခု ဖြစ်ခဲ့ပါသေးတယ်။ သက်ဆိုင်ရာ မိသားစုနဲ့ ထောင်ဝင်စာ တွေ့ပြီးချိန်မှာ `ပုံစံ´ လို့ ထောင်A ဒဏ်ပိုင်တွေက A ချက်ပေး ေA ာ်လိုက်တာနဲ့ တပြိုင်နက် A`ဒီ A ကျဉ်းသားဟာ မိသားစုနဲ့ စကားပြောနေတာကို ချက်ချင်းရပ်၊ ထောင်A ဒဏ်ပိုင်တွေ ရှေ့မှာ ဒူးတုပ်၊ ခေါင်းငုံ့၊ ဖက်ချိုးပြီး ထိုင်ပေးရမယ်လို့ A မိန့်ထုတ်ပါတယ်။

နိုင်ငံရေး A ကျပ်းသား A ၁းလုံး A့ A ၁းသင့်သွားကြပါတယ်။ ထောင်ထဲမှာ ကိုယ်နေနေရတဲ့ ဆင်းရဲ ပင်ပန်းပြီး ေA ၁က်တန်းနောက်တန်းကျ နေနေရတဲ့ ဘ၀ကို A ပြင်က ကိုယ့်မိသားစု မြင်သွား၊ သိသွားပြီး စိတ်ဆင်းရဲကြမှာကို ဘယ်A ကျပ်းသားမှ မလိုလားကြပါဘူး။ ကိုယ့်ဒုက္ခနဲ့ ကိုယ် ကြိတ်မှိတ်သာ ခံချင်ကြပါတယ်။ မိသားစုတွေ A နေနဲ့ သူတို့ ရှေ့မှောက်မှာ ထောင်A ၁ဏာပိုင်တွေရှေ့ ဒူးတုပ် ခေါင်းငုံ့ပေးနေရတာကို မြင်သွားရင် ဘယ်လိုလုပ် စိတ်ချမ်းသာ နိုင်ပါ့မလဲ။

A`ဒီလိုနဲ့ ထောင်ဝင်စာ တွေ့ချိန်ကျတော့ ရပ်ဝေးကနေ မိသားစုတွေ ရောက်လာကြပါတော့တယ်။ A`ဒီမှာ သက်ဆိုင်ရာ နိုင်ငံရေး A ကျပ်းသားတွေက `ဘယ်သူမှ ထောင်ဝင်စာ ထွက်မတွေ့ကြဘူး´ ဆိုပြီး မိမိတို့ရဲ့ ထောင်ဝင်စာ A ခွင့်A ရေးကို A ဆုံးရှုံးခံလိုက်ကြပါတယ်။ တကယ်တော့ `မိသားစုနဲ့ ထောင်ဝင်စာတွေ့တယ်´ ဆိုတာက ထောင်ထဲမှာ ဒုက္ခတွေခံနိုင်ဖို့ A သက်ဆက်ပေးတဲ့ A ရာလို့ ခံစားရတာမို့ ထောင်ဝင်စာတွေ့ခွင့်ကို ဘယ်A ကျပ်းသားမှ လက်လွှတ် A ဆုံးရှုံးမခံချင်ကြပါဘူး။ ထောင်A ၁ဏာပိုင်တွေက A ကျပ်းသားတွေကို လူ့သိက္ခာ ချိုးနှိမ်ရုံမက ဘာမှမဆိုင်တဲ့ A ပြင်က မိသားစုကိုပါ စိတ်ဆင်းရဲေA ၁င် လုပ်တာမို့ A ခုလို ထောင်ဝင်စာတွေ့ခွင့် A ဆုံးရှုံးခံကြတာပါ။

A`ဒါမျိုးA ပြင် နိုင်ငံရေး A ကျပ်းသားတွေကို ထောင်ပြောင်းတာမျိုးတွေလည်း ရှိပါသေးတယ်။ A ကျပ်းသားတွေနဲ့ A ပြင်က သက်ဆိုင်ရာ မိသားစုတွေ ဒုက္ခမရောက် ရောက်ေA ၁င် လုပ်တာပါ။ ရန်ကုန်က A ကျပ်းသားကို မြင်းခြံထောင်၊ မန္တလေးထောင်ကို ပြောင်း၊ မန္တလေးက A ကျပ်းသားကို ရန်ကုန်ထောင် ပြောင်း၊ A`ဒီလို ရှုပ်ရှက်ခပ်နေေA ၁င် လုပ်တော့ A ကျပ်းသား ပြောင်းတဲ့နောက် သက်ဆိုင်ရာ မိသားစုတွေ လိုက်တွေ့ရတာ ပိုက်ဆံလည်းကုန်၊ လူလည်း ပင်ပန်း၊ စိတ်ဓာတ်လည်း ကျကြပါတယ်။ ဒါ့A ပြင် ရန်ကုန်ဇာတိ ညီA ကို ဒါမှမဟုတ် သားA ဖတွေဆိုရင်လည်း တယောက်ကို သရက်ထောင်၊ နောက်တယောက်ကို မန္တလေးထောင် စသဖြင့် လူစုခွဲပြီး ပြောင်းရွှေ့ပစ်ပါတယ်။ ရန်ကုန်မှာ ရှိတဲ့ မိသားစုက သားကို သရက်ထောင်သွားတွေ့ပြီး ခင်ပွန်းဖြစ်သူကို တခါ မန္တလေးထောင်မှာ ပြေး တွေ့ရပြန်ပါတယ်။

စစ်A စိုးရခေတ် ထောင်တွေမှာ နိုင်ငံရေး A ကျပ်းသားတွေကို မတရား ရိုက်နှက် ညှဉ်းပန်း နှိပ်စက်တာတွေ၊ သူတို့ကိုရော၊ မိသားစုတွေကိုပါ ဒုက္ခ မရောက်ရောက်ေA ၁င် ကြံဖန် လုပ်ဆောင်တာမျိုးတွေဟာ ပြောမကုန်ပါဘူး။

တခါတခါလည်း A ကျပ်းသားကို နာမ်နှိမ်နေတဲ့ A နေနဲ့ တမင် ချိုးတဲ့ A နေနဲ့ ရိုက်နှက်နေချိန်မှာ ယောကျ်ားရင့်မကြီး စင်စစ် ဖြစ်ရက်နဲ့ `ကြောက်ပါပြီရှင့်´ လို့ ေA ာ်ခိုင်းတာမျိုးတွေ၊ ကိုယ့်နာမည်ရှေ့မှာ မိန်းမလို `မ´ တတ်ခိုင်းပြီး Uပမာ `ကိုဇော်ဝင်း´ ဆိုရင် `မဇော်ဝင်းပါရှင့်´ လို့ ေA ာ်ခိုင်းတာမျိုးတွေလည်း လုပ်တတ်ပါသေးတယ်။ A`ဒီလို မပြောသူ မေA ာ်သူဆိုရင် မျှော့နေေA ၁င် A ရိုက်ခံရတော့တာပါ။

တချို့ဆိုရင် ရိုက်လို့ နာတဲ့ဒဏ် မခံနိုင်လွန်းတော့လို့ ပိုင်း ရိုက်နေတဲ့ကြားထဲက A တင်းရှန်းထ၊ A နီးက A¸တ်နံရံကို ခေါင်းနဲ့ ပြေးဆောင့်ပြီး ကိုယ့်ကိုယ်ကို သတိလစ်သွားေA ၁င် လုပ်ယူတာမျိုးတွေတောင် ရှိပါတယ်။ ဒါတောင် သရက်ထောင်မှာ နိုင်ငံရေး A ကျပ်းသားတဦး A ရိုက်ခံနေရတာ မခံနိုင်လွန်းတော့လို့ A`ဒီလိုမျိုး A¸တ်နံရံနဲ့ ခေါင်း ပြေးဆောင့်လိုက်တာ သတိလစ်မသွားဘဲ ခေါင်းတင် ကွဲသွားတော့ သူ့ကို A¸တ်နံရံနဲ့ ခေါင်း မတိုက်နိုင်ေA ၁င် A¸တ်နံရံနဲ့ ဝေးလံတဲ့ ကွင်းပြင်ထဲ ဆွဲခေါ်သွားပြီး A`ဒီမှာ ထောင်ဝါဒါတွေက တက်နင်းပြီး ဆက်ရိုက်ကြပြန်ပါတယ်။ A`ဒါနဲ့တင် ကိစ္စ မပြီးသေးပါဘူး။ A¸တ်နံရံနဲ့ ခေါင်း ပြေးတိုက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး

`ရိုက်နေတာကို ငြိမ်မခံဘူး၊ A`ဒီA တွက် ငြိမ်မခံတဲ့ A ပြစ် ကျူးလွန်တယ်။ ထောင်ဥပဒေ ချိုးဖောက်တယ်´ ဆိုပြီး သူ့ကို ဒေါက်ခြေကျင်းခတ် တိုက်ပိတ် ပြစ်ဒဏ် ပေးလိုက်ပါသေးတယ်။

**နိဂုံး**
**A ကျဉ်းထောင်**
**လွတ်လပ်မှုနှင့် နိုင်ငံတော်**

နိုင်ငံရေး A ကျဉ်းသားတွေရဲ့ ကိုယ်စား ပြောရရင် ၁၉၈၈ခုနှစ်၊ ဒီမိုကရေစီ A ရေးတော်ပုံကြီးမှာ ကျနော်တို့ တောင်းဆိုခဲ့တာဟာ လွတ်လပ်မှု၊ တရားမျှတမှု၊ ဘဝလုံခြုံမှုနဲ့ ကြောက်ရွံ့ခြင်းက ကင်းလွတ်ပြီး လူ့ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့ ဘဝတွေ ရှိခံစားကြနိုင်ဖို့ ဖြစ်ပါတယ်။ A`ဒါတွေဟာ ကမ္ဘာပေါ်က တခြားနိုင်ငံသားတွေ ရရှိ ခံစားနေကြရတဲ့ မထူးဆန်းတဲ့၊ လူ့မွေးရာပါ A ခွင့်A ရေးတွေလည်း ဖြစ်ပါတယ်။ A`ဒီ A ခွင့်A ရေးတွေ ရရှိဖို့A တွက် တရားနည်းလမ်းကျစွာ၊ ငြိမ်းချမ်းစွာ၊ ဘယ်ဘာသာတရား၊ ဘယ်လူ့ယဉ်ကျေးမှု A ဆုံးA မကာပဲ ဖြစ်ဖြစ် ခွင့်ပြုနိုင်တဲ့၊ တကမ္ဘာလုံးက နိုင်ငံသူ နိုင်ငံသားတွေ လက်သင့်ခံနိုင်တဲ့ နည်းလမ်းတွေနဲ့သာ ကျနော်တို့ တောင်းဆိုခဲ့ကြတာပါ။

ဒါပေမယ့် ကျနော်တို့ လက်ခံရရှိလိုက်တာကတော့ လူ့ဂုဏ်သိက္ခာ A ချိုးနှိမ်ခံရမှု၊ A ကျဉ်းထောင်၊ သံခြေကျင်း၊ ညှဉ်းပန်း နှိပ်စက်မှုနဲ့ သေခြင်းတရားတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ဘယ်လို ဆင်းရဲဒုက္ခနဲ့ပဲ ကြုံကြုံ `A မှန်တရားဟာ ရှုံးနိမ့်ဖူးတယ်လို့ ရာဇဝင်မှာ သင်တို့ ဖတ်ဖူးပါစ´ ဆိုတဲ့ ကဗျာ တပုဒ်လိုပါပဲ။ မှန်ကန် တရားမျှတပြီး A ါးကောင်းတဲ့ ကျနော်တို့ရဲ့ ယုံကြည်ချက်နဲ့ A သံတွေ တိတ်သွားေA ါင် ဘယ်A ကျဉ်းထောင် နံရံနဲ့မှ ပိတ်လှောင်ထားလို့ မရသလို ဘယ်စစ်A စိုးရရဲ့ စစ်ဖိနပ်တွေကမှလည်း ပျောက်ပျက်သွားေA ါင် နင်းချေ မပစ်နိုင်ပါဘူး။

ဒီမိုကရေစီတို့၊ လူ့A ခွင့်A ရေးတို့ဆိုတာ ကျနော်တို့ကို တိရိစ္ဆာန်နဲ့ ကျေးကျွန်တွေလို A သတ်မှတ် မခံရဖို့A တွက် လိုA ပ်ချက် ဖြစ်ပါတယ်။ A မှန်က ဒီမိုကရေစီနဲ့ လူ့A ခွင့်A ရေး ဆိုတာ ကျနော်တို့ရဲ့ မွေးရာပါ A ခွင့်A ရေးတွေ ဖြစ်ပြီး ကျနော်တို့ရဲ့ မွေးရာပါ ကိုယ်ပိုင် ပစ္စည်းတွေလည်း ဖြစ်ပါတယ်။ ဒါကို မလိမ့်တပတ်လုပ်ပြီး ၁၉၆၂ ခုနှစ်မှာ ကျနော်တို့ဆီကနေ စစ်ခေါင်းဆောင်တွေက A ဓမ္မ လုယူသွားတာပါ။ A`ဒီနောက်တော့ စစ်A စိုးရ A ဆက်ဆက်ဟာ ပြည်သူတွေကို A သိဉ ါဏ်တုံးေA ါင် လုပ်ပြီး ကိုယ့်A ခွင့်A ရေးကို ကိုယ့်ဟာမှန်းတောင် မသိတော့ဘဲ A ါဏာပိုင်တွေ ပေးမှ ကမ်းမှ သနားမှ ရမယ့် A ရာမျိုးဖြစ်ေA ါင် လုပ်ကြံခဲ့၊ လုပ်ကြံဆဲ ဖြစ်ပါတယ်။

ကျနော်တို့ ပိုင်ဆိုင်တဲ့ A ခွင့်A ရေးတွေကို မတရား လုယက် ယူငင်ထားတာလည်း ခံရသေး၊ ပြန်တောင်းတော့လည်း ထောင်ချ၊ နှိပ်စက်၊ ညှဉ်းပန်း၊ ပစ်သတ်ခံရသေး။ ဒါ့A ပြင် သူ ပေးမှ ကမ်းမှ သနားမှ ကျနော်တို့ ရရမယ့် A ရာမျိုးလို လုပ်နေသေးတာကတော့ ကျနော်တို့ ပြည်သူတွေကို စော်ကားတာ၊ ကျနော်တို့ရဲ့ ဘဝတွေကို စော်ကားတာ၊ နောက်ဆုံး ကျနော်တို့ရဲ့ A သိဉ ါဏ်ကိုပါ စော်ကားတာ ဖြစ်ပါတယ်။ A`ဒီလို လုပ်ဆောင်နေသူတွေဟာ ကျနော်တို့ကို A ုပ်ချုပ်တဲ့ A စိုးရဖြစ်ဖို့ ထိုက်တန်ပါရဲ့လား။

ကုလသမဂ္ဂ A ပြည်ပြည်ဆိုင်ရာ လူ့A ခွင့်A ရေး ကြေညာ စာတမ်းကြီးမှာ...

`လူခပ်သိမ်းတို့၏ ဇာတိဂုဏ် သိက္ခာနှင့် တကွ လူတိုင်း A ညီA မျှ ခံစားခွင့် ရှိသည့် လူ့A ခွင့်A ရေးများကို A သိA မှတ် ပြုခြင်းသည် လူခပ်သိမ်း၏ လွတ်လပ်မှု၊ တရားမျှတမှု ငြိမ်းချမ်းမှုတို့၏ A ခြေခံ A ုတ်မြစ် ဖြစ်သောကြောင့်တည်း´ လို့ ရေးသားထားပါတယ်။

ဟုတ်ပါတယ်။ လူ့A ခွင့်A ရေး ရှိမှ ဘယ်နိုင်ငံ ဘယ်လူမျိုး မဆို လွတ်လပ်နိုင်၊ တရားUပဒေ စိုးမိုးနိုင်၊ ငြိမ်းချမ်းရေး ရနိုင် တိုင်းပြည် တိုးတက် ကြီးပွားနိုင်လို့ ဖြစ်ပါတယ်။ လူ့A ခွင့်A ရေး ဆိုတာ လူတိုင်းA တွက် သေရေးရှင်ရေး လိုA ပ်ချက်၊ ကျနော်တို့ နေ့စUကိစ္စ၊ စားစားသွားသွား ကိစ္စတွေA တွက် လိုA ပ်ချက် ဖြစ်ပါတယ်။

နဝတ၊ နA ဖခေတ် A ကျUးထောင်တွေထဲမှာ သေဆုံးသွားရသူတွေလည်း မနည်းပါဘူး။ ဦးသော်က၊ ဦးစိန်ဝင်း၊ ဦးခင်မောင်မြင့်၊ ဦးညိုဝင်း၊ ဦးတင်မောင်ဝင်း၊ ဦးတင်ရွှေ... A များကြီးပါပဲ။ (နောင်ရော ဘယ်သူတွေ သူတို့နောက် လိုက်ကြရဦးမလဲ)။ ကျနော်တို့ နိုင်ငံA တွက် A များကြီး A လုပ်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်A ကျော်A မော်တွေ ဆုံးရှုံးလိုက်ရတာပါ။ တချို့လည်း A သက် မသေကြပေမယ့် ကိုယ်A ဂါ ချို့ယွင်းသွားရ၊ ဦးနှောက် ချို့ယွင်းသွားရပါတယ်။ တချို့လည်း ဘဝ ပျက်သွားကြရပါတယ်။

လူA များစု လွတ်လပ်ဖို့A တွက် တချို့လူတွေဟာ သူတို့ရဲ့ လွတ်လပ်ခွင့်ကို A ဆုံးရှုံးခံပြီး A ကျUးထောင်တွေထဲ A ပိတ်လှောင် ခံနေကြရပါတယ်။ လူများစု A သက်A န္တရာယ် လုံခြုံရေးA တွက် တချို့လူတွေဟာ သူတို့ရဲ့ A သက်တွေ A သေခံ ပေးဆပ်ခဲ့ကြရပါတယ်။ လူများစု ဘဝတွေ ပျော်ရွှင် ချမ်းမြေ့နိုင်ဖို့A တွက် သူတို့ဟာ သူတို့ရဲ့ မက်မော စွဲလမ်းဖွယ် သားယာချမ်းမြေ့တဲ့ ဘဝတွေကို စွန့်လွှတ် A စတေးခံနေကြပါတယ်။ တရားမျှတမှု ထွန်းကားရေးA တွက် သူတို့ဟာ မတရားမှုတွေ၊ မတရားသဖြင့် ညှUးပန်း နှိပ်စက်တာတွေကို A ံကြိတ် ခံယူနေကြပါတယ်။ လူများစုရဲ့ ဘဝတွေ A ခြိမ်းခြောက် မခံရစေဖို့A တွက် ခြိမ်းခြောက်မှု မျိုးစုံကို သူတို့ ကြံ့ကြံ့ခံ ရင်ဆိုင်နေကြပါတယ်။ သူတို့ လိုလားခဲ့တာဟာ ဘာမှ ရှုပ်ရှုပ်ထွေးထွေး မဟုတ်ပါဘူး။ လွတ်လပ်မှု၊ တရားမျှတမှု၊ လူ့ဂုဏ်သိက္ခာနဲ့ ငြိမ်းချမ်းရေးမျှသာ ဖြစ်ပါတယ်။

`တိုင်းပြည်A တွက်´ `တိုင်းပြည်A တွက်´ လို့ ပြောပြီး စစ်ဗိုလ်ချုပ်တွေ ကျိုကျိုတက် ချမ်းသာနေကြပါတယ်။ `တိုင်းပြည်A တွက်´ `တိုင်းပြည်A တွက်´ လို့ပဲ ပြောနေတဲ့ ဒီမိုကရေစီရေး ကြိုးပမ်းနေသူတွေကျတော့ A ချုပ်နှောင်ခံကြရ၊ ညှUးပန်း နှိပ်စက် ခံကြရ၊ ဘဝ ပျက်ကြရ၊ A သက် သေကြရပါတယ်။ A`ဒီလို ဒုက္ခတရားနဲ့ စွန့်လွှတ်မှုတွေကို သူတို့ ကြိတ်မှိတ် သည်းခံ၊ A နစ်နာခံနေကြတာဟာ ကိုယ်ကျိုးစီးပွားA တွက် မဟုတ်ဘဲ `တိုင်းပြည်A တွက်´ `တိုင်းပြည်A တွက်´ လို့ လိပ်ပြာသန့်စွာ သူတို့ ကြေညာရဲကြပါလိမ့်မယ်။ ဒါပေမယ့် ပြည်သူ A များစု ဆင်းရဲငတ်မွတ်၊ A မောဖောက် ကပ်ဆိုက်နေချိန်မှာ စစ်ဗိုလ်ချုပ်တွေရဲ့ ကျိုကျိုတက် ချမ်းသာ ကြွယ်ဝမှုတွေကတော့ ဘယ်သူ့A တွက်ပါလဲ။ ပြည်သူတွေ A တွက်ပါလား။

`သမိုင်းနိဂုံးနဲ့ နောက်ဆုံး လူသား´ စာA ုပ်ကို ရေးသားပြုစုခဲ့သူ ပါမောက္ခ ဒေါက်တာ ဖရန်စစ် ဖူကူယာမက `ဒီကနေ့ ကမ္ဘာကြီးဟာ လစ်ဘရယ် ဒီမိုကရေစီ လို့ ခေါ်တဲ့ ဒီမိုကရေစီ ဝါဒဆီကိုသာ လုံးဝ ဦးတည်နေပြီ´ လို့ ကြွေးကြော်လိုက်ပါတယ်။ ကျနော်တို့ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီ တောင်းဆိုသံဟာ ကျနော်တို့ နိုင်ငံရဲ့ သမိုင်းက တောင်းဆိုနေတဲ့ A သံ၊ ကမ္ဘာ့သမိုင်းက တောင်းဆိုနေတဲ့ A သံ၊ နောက်ဆုံး လူ့သမိုင်းကိုက တောင်းဆိုနေတဲ့ A သံ ဖြစ်ပါတယ်။ သမိုင်းတခုလုံးက ကျနော်တို့ A သံနဲ့ ကျနော်တို့ ယုံကြည်ချက် နောက်ကွယ်မှာ ခိုင်မာ A ားကောင်းစွာ တည်ရှိနေပါတယ်။

ဒါပေမယ့် A`ဒီ သမိုင်းA ရှိန်A ဟုန်ကြီး´ ကို သွေးရူးသွေးတမ်းနဲ့ တားဆီးနှောင့်ယှက်လိုသူ၊ တချို့လည်း ရှိနေပါတယ်။ ဒါပေမယ့် ကမ္ဘာကြီးမှာ သူတို့လို လူတွေ၊ သူတို့ရဲ့ A ဖော်တွေ များများစားစားတော့ မကျန်တော့ပါဘူး။ ဘာလို့လည်း ဆိုတော့ ယဉ်ကျေးတဲ့ လူ့ကမ္ဘာ လူ့A သိုင်းA ဝိုင်းက သူတို့ကို ယဉ်ကျေးမှု A ပြင်ဘက်က လူတွေ၊ A ရိုင်းA စိုင်းတွေ၊ ခေတ်နောက်ကျန် A မြင် ကျဉ်းမြောင်းနေသူတွေ၊ တယူသန် တဇောက်ကန်းတွေ၊ သားသတ်သမားတွေ၊ ကောက်ကျစ် စဉ်းလဲသူတွေ၊ ဂုဏ်သိက္ခာ မရှိသူတွေA ဖြစ် သတ်မှတ်ပြီး လူရာမသွင်း၊ A ဖက်မတန် လက်မခံကြတော့လို့ပါ။

A`ဒီလို သမိုင်း A ရှိန်A ဟုန်ကြီးကို သွေးရူးသွေးတမ်း တားဆီးနေသူတွေနဲ့ ပတ်သက်လို့ ထောင်ထဲမှာ ကျဆုံးသွားတဲ့ ကျောင်းသားခေါင်းဆောင်ဟောင်း ဦးခင်မောင်မြင့် ပြောသွားတဲ့ စကားကို ပြောရမှာပါ။ `ဗိုလ်နေဝင်းတို့ A ုပ်စုကို သတိပေးလိုက်မယ်။ ဒါ တောင်ပြိုနေတာ၊ လက်နဲ့ ကာလို့ မရဘူး´ ဆိုတဲ့ စကားပါ။

***

လူမျိုးခွဲခြားရေး A စိုးရ လက်ေA ာက်မှာ ထောင်(၂၆)နှစ် A ကျဉ်းကျခံခဲ့ရသူ တောင်A ာဖရိက သမ္မတ နယ်လ်ဆင် မင်ဒဲလားကလည်း သူ့ရဲ့ ကိုယ်ရေး A တ္ထုပ္ပတ္တိ ဖြစ်တဲ့ လွတ်လပ်မှုA တွက် ခရီးကြမ်း (Long Walk To Freedom) စာA ုပ်မှာ A ခုလို ရေးသားခဲ့ဖူးပါတယ်။

`A ပြင်မှာပဲ ဖြစ်ဖြစ်၊ A ကျဉ်းထောင်ထဲမှာပဲ ဖြစ်ဖြစ်၊ မတရားမှုကို ဆန့်ကျင်ရာမှာ ငယ်သည် ကြီးသည် ဖြစ်စေ၊ မတရားမှု မှန်သမျှ ကျနော်တို့ ဆန့်ကျင် တိုက်ခိုက်ရမှာပဲ။ A`ဒါဟာ ကျနော်တို့ကိုယ် ကျနော်တို့ လူလို သတ်မှတ်နိုင်၊ ပြောနိုင်ဖို့A တွက် ဖြစ်ပါတယ်။ ဖိနှိပ်ရက်စက်တဲ့ A ာဏာရှင်တွေရဲ့ A ကျဉ်းထောင် ရည်ရွယ်ချက်က နိုင်ငံရေး A ကျဉ်းသားတွေရဲ့ စိတ်ဓာတ်နဲ့ ယုံကြည်ချက်တွေကို ဖျက်ဆီးပစ်ဖို့ပါ။ A`ဒီA တွက် A ာဏာပိုင်တွေက နိုင်ငံရေး A ကျဉ်းသားတွေရဲ့ A ားနည်းချက်တိုင်းကို A မြတ်ထုတ်ဖို့၊ A ားထုတ်ကြိုးပမ်းမှုတိုင်းကို ဖျက်ဆီးပစ်ဖို့၊ ကိုယ်ရည်ကိုယ်သွေး မှန်သမျှ ချေမှုန်းပစ်ဖို့ A မြဲကြိုးစားကြပါတယ်။ ကျနော်တို့ကို လူသားတွေ မဟုတ်တော့ေA ာင်၊ ရှိရှိသမျှ ကျနော်တို့ရဲ့ တန်ဖိုးနဲ့ ဂုဏ်သိက္ခာမှန်သမျှ ပျက်စီးသွားေA ာင် ဖျက်ဆီးချေမှုန်း ပစ်ပါတယ်။ ကျနော် စိတ်ဓာတ် မကျပါဘူး။ စိတ်ဓာတ်ကျလိုက်ရင် ကျနော်ရရှိမယ့် A ရာက A ရှုံးနဲ့ သေခြင်းတရားသာ ဖြစ်လို့ပါပဲ…´

***

ပါ်ဒေ ပညာရှင်လည်း ဖြစ်၊ နိုင်ငံရေး ပညာရှင်လည်း ဖြစ်တဲ့ Dean Inge ပြောခဲ့တဲ့ စကားနဲ့ ကျနော့်ရဲ့ တင်ပြချက်တွေကို A ဆုံးသတ်လိုပါတယ်။

Dean Inge က ဒီမိုကရေစီ စနစ်နဲ့ A ာဏာရှင် စနစ်ကို နှိုင်းယှဉ်ပြီး `A မှန်ပြောရရင် လက်ညှိုးထောင်ရာကို ရေတွက် A ုပ်ချုပ်ရသော ဒီမိုကရေစီ စနစ်သည် A ကောင်းဆုံး စံပြနည်းစနစ် မဟုတ်သည့်တိုင် လက်ညှိုးများကို ဖြတ်ပစ်သော A ာဏာရှင် စနစ်ထက်မူ ကောင်း၏´ တဲ့…။

ဟုတ်ကဲ့။ ကျနော်တို့ ဒီကနေ့ ဒီမိုကရေစီရေးA တွက် ကြိုးပမ်းဆောင်ရွက်နေတာဟာ ကျနော်တို့ရဲ့ လက်ညှိုးတွေ A ဖြတ် မခံနိုင်ကြလို့ပါ။

သတင်းဂျာနယ်စာစဉ်–၄

နိုင်ငံရေးစာပေခွင့်ပြုချက်–၀၅၈၃

၀၅၈၃ (က)

# တော်လှန်ရေးခရီးဝယ်

## ဘုံပေါက်သာကျော်

သတင်းဂျာနယ်

(၁၉၇၃၊ ဇူလိုင်–၁၅)

# မာတိကာ

**အမှာစာ**

**သေရေးရှင်ရေးရွေးနွေးပွဲ**

မဝေးကွာသောအတိတ်

**တရုတ်လင်းချိုင်းတွင်းစစ်ပညာ**

ဂျာကလိုဘတ်သဘော်ကြီးကို

နောက်ဆုံးတွေ့ရခြင်း

သေနတ်-သေနတ်

**ပုသိမ်သို့လေကြမ်းချိုရပြီ**

ထောင်လွတ် ထောင်ကျများနှင့် ရောထွေးရခြင်း

ဘုံပေါက်သာကျော်လူမိုက်လော

မောင်စောထွန်း

မောင်စိန်ထွန်း

မြသာ

ကျနော်၏ပီတိ

**ကျနော်စွေးပြေးဝက်ပြေးပြေးရပြီ**

လူမျိုးရေးအဓိကရုဏ်းကို

အသက်ပေးကာကွယ်ခြင်း

ဗိုလ်ရန်အောင်နှင့်အတူ စစ်တွေမြို့သို့ ချီတက်ခြင်း

**စစ်တွေစရိုင်အုပ်ချုပ်ရေးပွဲကြပြီ**

ကိုညိုထွန်း ကျောက်ကျလုဆဲဖြစ်ရခြင်း

သိန်းပေါင်းများစွာ ရတနာသိုက်ရပြီ

အဝီစိငရဲကျသွားခြင်း

ကြောင်ကျော်ဇော

**ဖက်ဆစ်ဂျပန်တော်လှန်ရေးထဲ ခြေစုံပစ်ဝင်ခြင်း**

ဝမ်းနည်းဖွယ်ရာရန်ပွဲ

ဗိုလ်လက်ျာနှင့် ဆုံခဲ့ခြင်း

ဘကြီးသနားပါတယ်

ဂျပန်စစ်တက္ကသိုလ်မှပြေးပြီ

အိန္ဒိယရှိ ဦးသိန်းဖေမြင့်ကို ဆက်သွယ်ခြင်း

နေလိုလလို ဘုန်းတောက်ခဲ့သော ဦးပညာသီဟ

အိန္ဒိယရှိ ဦးသိန်းဖေမြင့်ကို ဒုတိယအကြိမ် ဆက်သွယ်ခြင်း

ကျနော်၏ဘခင်ခွင့်ပြုချက်

**ရခိုင်ကျွန်စစ်သားများ ရခိုင်ပြည်လာကြခြင်း**

ဦးသိန်းဖေမြင့်ထံ တတိယလူလွှတ်ခြင်း

ဝါယာလက်စက်ဖြင့်တိုက်သည်

အသဲထိတ်စရာများ

အရေးထဲဆလားပေါ်ပြီ

သို့မဟုတ် အရေးထဲမဖြစ်သင့်တာဖြစ်ပြီ

**ဖက်ဆစ်ဂျပန်ကိုတော်လှန်ပြီ**

ပေါက်တောမြို့ကို သိမ်းခြင်း

ပထမဆုံး ရာထူးနှင့်ကြုံသည်

မိုက်ရူးရဲလှထွန်းကျော်

လိပ်ကျောက်စခန်းသို့ချီလေပြီ

**မဟာမိတ်ကလိမ်ကျမှုများ စံရခြင်း**

ငါတို့ဘာလုပ်ကြမလဲ

ဗြိတိသျှနယ်ချဲ့ကို ယှဉ်ပြိုင်ရပြီ

## အမှာစာ (သို့မဟုတ်) စာရေးသူ
## ၏
## တိုက်တွန်းစာ

၇-နှစ် ၄-လကျော် နိုင်ငံရေးအထိန်းသိမ်းခံဘဝမှ ၁၉၇၂ခု ဖေဖော်ဝါရီလ ၂၃-ရက်နေ့တွင် ကျနော် လွတ်လာခဲ့သည်။ ၁၉၇၂-ခုနှစ် မတ်လ ၃ရက်နေ့ ကျနော်တို့နေအိမ်တွင် ရခိုင်ပြည်နှင့် ဆီလျော်သော စီးပွားရေးလုပ်ငန်းဆောင်တာများ ထူထောင်ရေးစသည့်အချက်သုံးချက်ကို အခြေခံပြီး ကျနော် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ယင်းသတင်းစာ ရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦးလည်းဖြစ်သော စာပေသမားတစ်ဦးလည်း ဖြစ်သော ကိုစောလှဖြူနှင့် မိတ်ဆက်ရင်း ရခိုင်ပြည်တွင် ဖြစ်ခဲ့သည့် တော်လှန်ရေးများကို သူတို့လူငယ်တစ်စု ပြုစုလျက်ရှိကြောင်းနှင့် ကျနော်၏အတွေ့အကြုံများကိုလည်း သိရှိလိုကြောင်း စသည်တို့ကို တင်ပြသည်။ ကျနော်မှတ်မိသမျှကိုပြောရန် ကျနော်တာဝန်ယူလိုက်သည်။

ကိုစောလှဖြူ ကိုကျော်သိန်း စသောလူငယ်များ၊ ကျနော့်ထံအကြိမ်ကြိမ်လာပြီး ကျနော်၏အတွေ့အကြုံ များကို အကြမ်းအားဖြင့် မှတ်တမ်းယူရင်း၊ ကျနော့်အား ကျနော်ဖြတ်သန်းခဲ့သော တော်လှန်ရေးအတွေ့အကြုံ များကို စာရေးရန် တိုက်တွန်းလာကြသည်။ ကျနော်မှာ သွေးတိုးသရောဂါနှင့် နှလုံးရောဂါရှိနေရာ ကိုစောလှဖြူ တို့၏တိုက်တွန်းချက်ကို ဝမ်းနည်းစွာဖြင့် ကျနော်ငြင်းပယ်လိုက်ရသည်။

ကျနော်၏လုပ်ဘော်ကိုင်ဘက်များ ဖြစ်ခဲ့သူများကလည်း ကျနော်ဖြတ်သန်းခဲ့သော တော်လှန်ရေး အတွေ့အကြုံများကိုရေးရန် ဝိုင်းဝန်းတိုက်တွန်းကြသည်။ အခြားတွေ့ရသောရဲဘော်များကလည်း တိုက်တွန်း ကြသည်။ ခေတ်သမိုင်းတွင် အုပ်တစ်ချပ်ဖြစ်ရေးအတွက် ရေးရန်မလွှဲသာ၍ ကျနော်တာဝန်ယူလိုက်ရသည်။

ကျနော်ဖြတ်သန်းခဲ့သောတော်လှန်ရေးအတွေ့အကြုံများအနက်၊ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ရပ်များကို ရေးသားရန် ကျနော်ဆုံးဖြတ်လိုက်သည်။ တကဲ့ တကယ်ရေးသည့်အခါ များစွာအခက်အခဲတွေ့သည်။ တော်လှန်ရေးလုပ်ရပ်များထဲတွင် ကျနော်လုံးဝမမှတ်မိ ချက်များရှိသည်။ ဝိုးတဝါးမှတ်မိချက်များရှိသည်။ အတော်အသင့်မှတ်မိချက်များရှိသည်။ ကွင်းကွင်းကွက်ကွက် မှတ်မိချက်များရှိသည်။ ထို့အတူ ၁၃၀၀-ပြည့်အရေးတော်ပုံကြီးဖြစ်ခဲ့သော လွန်ခဲ့သည့် ၃၄နှစ်ကပင်ဖြစ်ခဲ့သော ကျနော်၏ နိုင်ငံရေးအဘိဓမ္မာ (Ideology)နှင့် ကျနော်၏ နိုင်ငံရေးသဘောတရား(Theory)ကိုလည်း ထိုကဲ့သို့ပင်၊ လုံးဝမမှတ်မိချက်များ၊ ဝိုးတဝါး ထင်မြင်ချက်များ၊ အတော်အသင့် မြင်ချက်များ၊ ကွင်းကွင်းကွက်ကွက် မြင်ချက် များဖြင့် ဖြစ်လျက်ရှိသည်။

ကျွန်တော်ကွင်းကွင်းကွက်ကွက် ပြန်လည်တွေးတော၍ ရသေးသော နိုင်ငံရေးအဘိဓမ္မာ၊ နိုင်ငံရေး သဘောတရားနှင့် လက်တွေ့လုပ်ငန်းများကို အဓိကထားပြီး ရေးသားပါသည်။ ယင်းကြောင့် ဤစာအုပ်သည် ပြည့်စုံလုံလောက်သော စာအုပ်မဖြစ်နိုင်၊ ဖြည့်စွက်စရာများ၊ ပြင်ဆင်စရာများဖြင့် ပြွမ်းတီးနေရမည်မှာ သဘာဝ ကျပါသည်။

ပြင်ဆင်စရာ ဖြည့်စွက်စရာများကို အားမနာတမ်းဖြည့်စွက်ပြင်ဆင်ရန် လိုပါမည်။ ရခိုင်ပြည်တွင် တော်လှန်ရေးအသီးသီးကို ကာယကံမြောက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ခေါင်းဆောင်များစွာ ရှိသေး သည်။ ယင်းခေါင်းဆောင်များကလည်း မိမိတွေ့ကြုံခဲ့သော ဖြတ်သန်းခဲ့သော တော်လှန်ရေးလုပ်ငန်းဆောင်တာ များကို ဖော်ထုတ်ကြမှသာ ရခိုင်ပြည်ခေတ်သမိုင်းကို မှတ်တမ်းပြည့်စုံစွာ တင်နိုင်မည်ဖြစ်ပါသည်။

ပြင်ဆင်စရာ၊ ဖြည့်စွက်စရာ ဝေဖန်စရာများဖြင့် ပြွမ်းတီးနေမည့် ဤစာအုပ်ကို ရေးသားသော ကျွန်တော်အား တဆံခြည်မျှ မထောက်ထားဘဲ ရေဒီယိုနှင့်တကွ သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများမှ ဆဲဆိုတိုင်းထွာ ဝေဖန်ရေးမှစပြီး

နှစ်ဦးကြားဝေဖန်ရေးထိ ဝေဖန်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြုလုပ်ကြပါရန် ကျနော်အနူးအညွတ် မေတ္တာရပ်ခံပါသည်။

ကျနော်ကား မကုန်ခမ်းနိုင်သော နိုင်ငံရေးပညာကို အမြဲတမ်းဆည်းပူးလေ့လာသင်ကြားနေသော ရာသက်ပန် သင်တန်းသားတစ်ဦးသာ ဖြစ်ရာ ဆဲဆိုဝေဖန်ရေးမှ နှစ်ကိုယ်ကြားဝေဖန်ရေးထိ၊ ဝေဖန်မည့် ဝေဖန်ရေးဟူသမျှကို အပြုံးမပျက်ဘဲ ပေးသမျှပညာကို သင်ကြားယူသွားမည်ဖြစ်ပါကြောင်း။

ထာဝစဉ် ငြိမ်းချမ်းသာယာဝပြောရေးသို့. . . . . .

ဘုံပေါက်သာကျော်

၁၉၇၂-ခု၊ မေလ (၁၇)ရက်

# ဖသေဖရးရှင်ဖရး ဖဆွးဖနွးပွဲ

ရေနံဆီမီးခွက်၏အလင်းရောင်ကား မှိတ်တုတ် မှိတ်တုတ်။ စိတ်အား ထက်သန်စွာ ဆွေးနွေးလျက် ရှိကြသူများ၏ မျက်လုံးများကား အရောင်တဖိတ်ဖိတ်တောက်လျက်။ ဆွေးနွေးပွဲတွင် ပါဝင်လျက်ရှိသူများမှာ ဆရာတော်ဦးပညာသီဟ (ရခိုင်တိုင်း ဖဆပလ၏ နာယကဆရာတော်) မြေအောက်တော်လှန်ရေးဌာနချုပ်မှ ကိုယ်စားလှယ်များ ဖြစ်ကြသော ကိုသိန်းအောင်၊ သခင်တင်မြ(အလံနီကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီတို့တွင် ဗဟိုကော်မတီ အလုပ်အမှုဆောင် ခေါင်းဆောင်ဖြစ်ခဲ့ပြီး ယခုမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် ကုန်သွယ်ရောင်းဝယ်ရေး၊ ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးရာကော်မတီ အတွင်းရေးမှူး) ကိုမြ (စစ်တွေမြို့မှ ဘီအက်စီ နောက်ဆုံးနှစ်ကောလိပ်ကျောင်းသားတစ်ဦးဖြစ်ပြီး ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်) နှင့် ရခိုင်ပြည်ကျောင်းသားများ သမဂ္ဂ ခေါင်းဆောင်တစ်ဦးဖြစ်သော ဘုံပေါက်သာကျော်တို့ ပါဝင်ကြသည်။ စစ်တွေမြို့ရှိ စုံထောက်များ၊ ပုလိပ်များ မရိပ်မိစေရေး အတွက် တစ်ဦးစ နှစ်ဦးစ လူစုခွဲပြီး ယခု ဦးဥတ္တမလမ်းရှိ တန်ခိုးဘုန်းတော်ကြီးကျောင်း မိန်းမဇရပ်သို့ လာရောက်ကြခြင်း ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့သမားကို လက်နက်စွဲကိုင် တိုက်ထုတ်ရေးအတွက် ယခု ဂျပန်များနှင့်ဆက်သွယ်ပြီး သခင်အောင်ဆန်းတို့လူစု ဖော်မိုဆာတွင် စစ်ပညာသင်ကြားလျက်ရှိရာ ရခိုင်ပြည်မှ ဖော်မိုဆာသို့ စစ်ပညာသင်ကြားရေးအတွက် ပို့ဆောင်ပေးရန်တာဝန်ယူခြင်း၊ ဂျပန်ပြည်မှ လက်နက်ခဲယမ်းမီးကျောက်များ အကူအညီရရှိရာ ယင်းခဲယမ်းမီးကျောက်များနှင့် စစ်ပညာသင်ကြားပြီး ပြန်လာသူများကို ဂျပန်စစ်ရေငုတ် သင်္ဘောဖြင့် ပို့ဆောင်ပေးပြီး ဗြိတိသျှနယ်ချဲ့သမားကို လက်နက်စွဲကိုင်တိုက်ထုတ်ခါ မိမိတို့နိုင်ငံ လွတ်လပ်စေရန် ဖြစ်သည်။ လွတ်လပ်ရေးရမှသာလျှင် မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ပြီး အေးချမ်းသာယာစည်ပင်ဝပြောသော နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်သည်ဆိုသော အဓိပ္ပါယ်သက်ရောက်သည့်စကားများ၊ အချက်အလက်ပေါင်းများစွာဖြင့် ကိုသိန်းအောင်က ရှေ့ဆောင်တင်ပြဆွေးနွေးလျက်ရှိသည်။

ကိုသိန်းအောင်နှင့် သခင်တင်မြတို့ ရှေ့ဆောင်တင်ပြဆွေးနွေးလျက်ရှိသော အချက်အလက်များမှာ ယခုအကြိမ် ဆိုလျှင် နှစ်ကြိမ် သုံးကြိမ် ခန့်ရှိနေပြီဖြစ်၍ ဘုံပေါက်သာကျော်အတွက် နှုတ်ငုံရနေပြီဖြစ်သော အချက်အလက်များ ဖြစ်ရကား ထိုဆွေးနွေးပွဲအတွင်း ကျနော်ကုန်ဆုံးခဲ့သော မဝေးကွာသောအတိတ်ကို တရေးရေးတွေးလျက်ရှိခဲ့ရသည်။ ကျနော်၏အတွေးသည် လွန်ခဲ့သောနှစ်ရက်က ကိုသိန်းအောင် သခင်တင်မြတို့ နှင့် တွေ့ဆုံချက်များမှစပြီး ၁၃၀၀-ပြည့်အရေးတော်ပုံကြီးထိ တရေးရေးတွေးလျက် ရှိနေသည်။

## မဝေးကွာသောအတိတ်

လွန်ခဲ့သောနှစ်ရက်ခန့် ညဥ့်ဦးပိုင်းက ဘုံပေါက်သာကျော်သည် စစ်တွေပချီကရာချိတ်ရပ်ကွက်ရှိ တက္ကသိုလ်ကျောင်းသား ကိုမြအိမ်သို့ တိတ်တဆိတ်ရောက်ခဲ့ပြီ။ ကိုသိန်းအောင်၊ သခင်တင်မြ၊ ကိုမြနှင့် ဘုံပေါက်သာကျော်တို့ အကြိတ်အနယ် ဆွေးနွေးပြီးခဲ့ပြီ။ ထိုဆွေးနွေးပွဲတွင်လည်း ကိုသိန်းအောင်၊ သခင်တင်မြတို့က ဗြိတိသျှနယ်ချဲ့သမားများကို လက်နက်စွဲကိုင် တိုက်ဖျက်ရေးလမ်းစဉ်ကို ထပ်၍ အသေးစိပ် ရှင်းပြခဲ့ကြသည်။ အလွန်ဝမ်းနည်းစရာကောင်းသောစကားကိုလည်း သူတို့ထံမှ တိတိကျကျသိရှိခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ်၏ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော ကိုဘစ် နှင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ခေါင်းဆောင်များဖြစ်ကြသော ဆရာကြီး ဦးအောင်ထွန်းဦးတို့က ဗြိတိသျှနယ်ချဲ့သမားများကို တိုက်ဖျက်ရေးအတွက် ခါးခါးသီးသီး ငြင်းပယ်လိုက်ခြင်းပင်ဖြစ်သည်။

လွန်ခဲ့သော ၅-ရက်ခန့်က တက္ကသိုလ်ကျောင်းသားကိုမြက စစ်တွေပချီကရာချိတ်ရှိ ကိုသိန်းအောင်၊ သခင်တင်မြတို့ကို ဝှက်ထားသောနေအိမ်သို့ ချိန်းသဖြင့် ညဥ့်ဦးပိုင်းက၊ ကျနော်သွားရောက်ခဲ့ဘူးလေပြီ။ ဤသို့ ညဥ့်ဦးပိုင်းရောက်မှ သွားလာရသည်မှာ ဗြိတိသျှနယ်ချဲ့၏စုံထောက်နှင့် ပုလိပ်များက ကျနော်အား မျက်ခြည်မပြတ် ထောက်လှမ်းလျက်ရှိသောကြောင့် ဖြစ်သည်။ ထိုနေ့ကပင် ကိုသိန်းအောင်၊ သခင်တင်မြတို့၏ ဗြိတိသျှနယ်ချဲ့သမားများကို လက်နက်စွဲကိုင်တိုက်ထုတ်ရေးလမ်းစဉ်ကို ကျနော်အကြွင်းမဲ့လက်ခံခဲ့ပြီဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သမားကို လက်နက်စွဲကိုင်တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်တွင် ကျနော်အနေဖြင့် ထောင်အစ၊ ကြိုးစင်အလယ်၊ စစ်တလင်းမြေပြင်တွင် အသက်ပေးရေးအထိ၊ သက်စွန့်ကြိုးပမ်း ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ၊ ဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း ကတိပေးပြီးဖြစ်သည်။

သို့သော် ကျနော်မှာ ကျောင်းသားများ၊ လူငယ်များမျှကိုသာ ဩဇာညောင်းသူဖြစ်ရာ၊ လက်ရှိလုပ်ရမည့် ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးလုပ်ငန်းသည် ဗြိတိသျှနယ်ချဲ့ ဩဇာတိုက်ရိုက်သက်ရောက်သော မြို့ပြအရပ်များထက်၊ ကျေးလက်တောရွာများကို အခြေခံမှ အောင်ပွဲပို၍ ရနိုင်စရာရှိသဖြင့် ရခိုင်တစ်ပြည်လုံးတွင် နိုင်ငံရေးဩဇာလွှမ်းမိုးလျက်

ရှိသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးခေါင်းဆောင်များ၊ အထူးသဖြင့် ကိုဘဇံ၊ ဦးအောင်ထွန်းဦး၊ ဦးသာဇံလှ တို့နှင့် ဆွေးနွေးရန် ကိုသိန်းအောင်၊ သခင်တင်မြတို့ ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသား အစည်းအရုံးခေါင်းဆောင်များနှင့် အထပ်ထပ်လျှို့ဝှက်ဆွေးနွေးခဲ့ကြသည်။

ကျနော်ကိုယ်တိုင်လည်း ကျနော်တို့၏ကျောင်းသားများ သမဂ္ဂကို စတင်ထူထောင်ပေးခဲ့သော ကိုဘစံနှင့် ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးခေါင်းဆောင်တစ်ချို့တို့အား ဗြိတိသျှနယ်ချဲ့ တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေး ကိစ္စကို တဘက်တလမ်းမှ တင်ပြခဲ့သည်။ ယင်းခေါင်းဆောင်ကြီးများသည် ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေး ကိစ္စကို လက်မခံကြရုံမက "အမှည့်ရော၊ အစိမ်းပါ မီးလောင်မခံနိုင်"ဟူသောစကားလုံးဖြင့် ကျနော်တို့အားလည်း လုပ်ခွင့် မပေးဘဲ တားမြစ်ထားကြသည်။ ယင်းကြောင့် စစ်တွေမြို့ ပချိကရာချိတ်ရပ်ကွက်ရှိ အိမ်တွင် ကိုသိန်းအောင်၊ သခင်တင်မြ၊ ကိုမြတို့နှင့် ကျနော်တိတ်တဆိတ်လာတွေ့ရင်း ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးခေါင်းဆောင်များက ခါးခါး သီးသီးငြင်းပယ်လိုက်သည်ဆိုချက်ကို အတိအကျသိရသည်မှာ မအံ့ဩတော့ပေ။ ဝမ်းနည်းခြင်းကား ဖြစ်ခဲ့မိ၏။

ထိုဆွေးနွေးပွဲတွင် ကျနော်က ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ခေါင်းဆောင်များ ခါးခါးသီးသီး ပယ်ချသည့်တိုင်၊ ယင်းအစည်းအရုံး၏အသဲနှလုံးနှင့် တူပြီး၊ ကျယ်ပြန့်သော ပြည်သူလူထု၏ကြည်ညိုလေးစားမှုကိုခံနေရသော ဦးပညာသီဟနှင့် ဦးစိန္တာတို့မှာ မြေပုံနယ်ဘက်တွင် ရှိနေ၍ လောလောဆယ်မတွေ့နိုင်သည့်တိုင် ဦးပညာသီဟနှင့် လက်ငင်း သွားတွေ့မည်။ ဦးပညာသီဟကို ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်ကို လက်ခံနိုင်အောင် ကျွန်တော် တင်ပြသွားမည်။ ဦးပညာသီဟလက်ခံလျှင် ကျနော်နှင့် ဦးပညာသီဟတို့ ဆွဲဆောင်က ဆရာတော်ဦးစိန္တာပါဝင်လာနိုင်စရာ ရှိသည်။ ဦးပဥ္စင်းများမှာ နှုတ်လုံ၍လျှို့ဝှက်ချက်ပေါက်ကြားနိုင်စရာ မရှိကြောင်းတို့ကို ကျနော်တင်ပြရာ၊ အားလုံးက သဘော တူသဖြင့် ဦးပညာသီဟထံသို့ ယင်းနေ့ညဉ့်ချင်းပင် ကျနော်သွားတွေ့တော့၏။

တန်ခိုးကျောင်း ဆရာတော်ကြီးနှင့်တကွ လက်ထောက်ဘုန်းတော်ကြီးများမှာ၊ ကျနော်နှင့် ခင်မင်ရင်းနှီးနေရကား နေ့မရွေး၊ ညမရွေး၊ တန်ခိုးကျောင်းသို့ ကျနော်ဝင်ထွက်နိုင်ခဲ့သည်။ ရေနံဆီမီးခွက် မှိတ်တုတ် မှိတ်တုတ်လင်းလျက်ရှိသော တန်ခိုးဘုန်းတော်ကြီးကျောင်း မိန်းမဇရပ်ကိုရောက်လျှင်ပင် ကျနော်က ဦးပညာသီဟအား ရန်ကုန်မြေအောက်ဌာနချုပ်မှ ခေါင်းဆောင်များရောက်ရှိနေရာ၊ ကျနော်ယင်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့၍ ယခုလာခြင်းဖြစ်ကြောင်းကို နိဒါန်း ပျိုးပြီး ကိုသိန်းအောင်၊ သခင်တင်မြတို့တင်ပြလိုက်သော ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်ကို ကွက်ကွက် ကွင်းကွင်းရှင်းပြလိုက်တော့၏။ ဆန်စက်များက ဥဩမှုတ်ခဲ့ပြီး ညဉ့်၁၂နာရီကျော်ခဲ့ပြီးဖြစ်ရာ ထိုမိန်းမဇရပ်တွင် တဦးတည်း ရှိသော အမယ်အိုကြီးကို အားနာသဖြင့် ကျနော်အိမ်သို့ ပြန်ခဲ့ရလေသည်။

ကျနော်နောက်တစ်နေ့ နံနက်စောစောထပြီး ဦးပညာသီဟထံသွားခဲ့ပြန်သည်။ ဦးပညာသီဟ၏ အကြိတ်အနယ်မေး မြန်းချက်များကို ဖြေကြားခဲ့ရသည်။ ယင်းနေ့ညနေပိုင်းတွင် ကျနော်တို့ကျောင်းသားများ သမဂ္ဂခေါင်းဆောင်များ လျှို့ဝှက်ဆွေး နွေးပြီး ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်ကို လက်ခံလိုက်ကြပြီဖြစ်သည်။ ယင်းနေ့ညဉ့်ဘက်ပိုင်းတွင် ဦးပညာသီဟထံသို့ ကျနော်တိတ်တဆိတ်ထပ်သွားရပြန်သေးသည်။ ဦးပညာသီဟအား ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးလမ်းပေါ်သို့ ရောက်လာအောင် ကျနော်အကြိမ်ကြိမ်အလီလီ ကြိုးစားလေတော့၏။ ကျနော်၏ကြိုးပမ်းချက် အချည်းအနှီးမဖြစ်။ မျိုးချစ်စိတ်ဓါတ်ပြင်းထန်သော ဦးပညာသီဟ လက်ခံသွားခဲ့ပြီ။ သို့သော် ဦးပညာသီဟက လွတ်လပ်ရေး ရလျှင် ရခိုင်ပြည်သီးခြားသမတနိုင်ငံအဖြစ်ထိ ပေးနိုင်မည် မပေးနိုင်မည်ကို ကျနော်အားမေးရာ ယင်းမေးခွန်းများသည် ကျနော်ဖြေဆိုနိုင်သောမေးခွန်း မဟုတ်ရကား မြေအောက်တော်လှန်ရေး ဌာနချုပ် ခေါင်းဆောင်များအား ကျနော်တင်ပြရတော့ သည်။ မြေအောက်ဌာနချုပ်ခေါင်းဆောင် ကိုသိန်းအောင်က ဆက်လက်ပြောကြားလျက်ရှိသည်။ သူ၏မျက်လုံးအစုံမှာလည်း ရွှန်းရွှန်းတောက်လျက်၊ ကျနော်က အတိတ်ကို ဆက်လက်တွေးလျက်။

၁၉၃၆-ခုနှစ်၊ ကောလိပ်ကျောင်းသားများသပိတ်ကို အထောက်အကူပြုခြင်းအားဖြင့် စစ်တွေမြို့ ကျောင်းသားများ သမဂ္ဂမှ လှုံ့ဆော်စည်းရုံးချက်အရ စစ်တွေမြို့ပေါ်ရှိ အထက်တန်းကျောင်းများ သပိတ်တိုက်ပွဲ ဆင်နွှဲခဲ့ကြသည်။ ထိုကျောင်း သားများ သပိတ်တိုက်ပွဲတွင် စစ်တွေမြို့ အမျိုးသား အထက်တန်းကျောင်း ၊ သပိတ်ခေါင်းဆောင်များထဲ၌ ကျနော်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ၁၉၃၆-ခုနှစ်မတိုင်မီကပင်၊ စစ်တွေမြို့သို့ မကြာခဏရောက်တတ်ပြီး၊ မကြာခဏနိုင်ငံရေးတရား ဟောပြောပွဲ ပြုလုပ်လေ့ရှိသော ဆရာတော်ဦးဥတ္တမ၏ ကမ္ဘာ့နိုင်ငံတကာရေးရာများ၊ အိန္ဒိယမဟတ္တမဂန္ဒီကြီး၏ နိုင်ငံရေး လုပ်ရပ်များ၊ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးများကို ကြားနာရရာ၊ ကျနော်၏စိတ်ဓါတ်တွင် မျိုးချစ်စိတ်ဓါတ်များ ကိန်းအောင်း ခြင်း၊ ကျွန်ဘဝမှလွတ်မြောက်လိုခြင်းတို့ တဖွားဖွားပေါ်လာခဲ့ပြီဖြစ်သည်။

၁၉၃၆-ခုနှစ်၊ ကျောင်းသားများ သပိတ်တိုက်ပွဲမှစပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဌာနချုပ်နှင့် ဒို့ဗမာအစည်းအရုံးမှထုတ်ဝေသော စာရွက်စာတမ်းများနှင့် နဂါးနီမှကိုနု(ဝန်ကြီးချုပ်ဟောင်း ဦးနု)၊ ကိုဗဟိန်း(ဌာနချုပ်

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ)၊ သခင်စိုး၊ စသူတို့၏ စာအုပ်စာတမ်းများကိုလည်း ဘတ်ရှုလာနိုင်ခဲ့ရာ ကိုလိုနီကျွန်ဘဝလွတ်မြောက်ရေးအတွက် အသေခံ အနစ်နာခံရန် ဝန်မလေးတော့သော စိတ်ဓာတ်များ ခိုင်ခိုင်မာမာရှိလာတော့၏။

၁၉၃၈-ခုနှစ်(၁၃၀၀-ပြည့် အရေးတော်ပုံကြီး)အရေးတော်ပုံကြီး ပေါက်ကွဲခဲ့လေပြီ။ အလုပ်သမား၏ သပိတ်များ၊ ကျောင်းသားများ၏ သပိတ်များနှင့် လယ်သမားတိုက်ပွဲများ၊ ငွားငွားကားကွား ဖြစ်ပေါ်ခဲ့လေပြီ။ ထိုစဉ်က ကျနော်မှာ ရခိုင်ပြည် ကျောင်းသားများသမဂ္ဂတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေရစဉ်ဖြစ်သည်။ ၁၃၀၀-ပြည့်အရေးတော်ပုံကြီး အဟုန် ပြင်းထန်စွာ ပေါက်ကွဲလာသည်နှင့် တပြိုင်နက် ရခိုင်ပြည်ကျောင်းသားများ သမဂ္ဂ၏ဥက္ကဋ္ဌ ကိုစံရွှေ (ယခု ရခိုင်ပြည် ဗကပ ကော်မီတီဝင်)မှာ ဖျားနာခြင်း၊ နေမကောင်းခြင်း ဘာတစ်ခုမှမဖြစ်ဘဲ ကျောင်းသားများသပိတ်ကို ခေါင်းမဆောင်ရဲသဖြင့် ဥက္ကဋ္ဌအဖြစ်မှ ပြတ်ပြတ်သားသား နှုတ်ထွက်သွားခဲ့သည်။ ကိုစံရွှေနှင့် ရင်းနှီးသော ကိုကျော်မြ (ယခု ရခိုင်ပြည် ဗကပခေါင်းဆောင်နှင့် ဗကပ ဗဟိုကော်မီတီဝင်)နှင့် ကျနော်တို့သွားပြောသော်လည်း ကြောက်ရွံ့စိတ်ကြီးနေသော ကိုစံရွှေ လက်မခံတော့ပြီ။ ယင်းကြောင့် ရခိုင်ပြည်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌနှင့် သပိတ်ဥက္ကဋ္ဌအဖြစ် ကျနော်တစ်ထစ်လှမ်း၍ တာဝန်ထမ်းဆောင်ရတော့သည်။ ဗြိတိသျှနယ်ချဲ့အစိုးရက အရေးယူတော့မည်၊ ထောင်ကျတော့မည်ဆိုသောတာဝန်ကို တလှမ်းတိုး၍ ကျနော် ထမ်းဆောင်လိုက်ခြင်းပင်ဖြစ်၏။

ကိုစံရွှေ စိတ်ကြိုက်ဖွဲ့စည်းခဲ့သော ရခိုင်ပြည် ကျောင်းသားများ သမဂ္ဂ အမှုဆောင်ကော်မီတီများမှာ စိတ်မချရသူများ ပါဝင်ခဲ့ရာ၊ ၎င်းတို့အား စိတ်ချရစေရေး၊ ကျောင်းသားများ သပိတ်ခေါင်းဆောင်များအား စိတ်ချရစေရေးတို့အတွက်ည ကျမ်းကျိန်ရေးပြဿနာ ပေါ်ပေါက်လာခဲ့သည်။ ကျောင်းသားများအား ကျမ်းကျိန်ရမည့် ဘုန်းတော်ကြီးများ၊ ဦးပဉ္ဇင်းများကို လိုက်ရှာရာ ဗြိတိသျှနယ်ချဲ့စနစ်ကို မုန်းတီးပြီး လွတ်လပ်ရေးတိုက်ပွဲ ဝင်ရဲသော လုပ်ရဲကိုင်ရဲသော တန်းခိုးကျောင်းမှ ဦးပဉ္ဇင်း ဦးပညာသီဟအား တွေ့ခဲ့ရသည်။ ဦးပညာသီဟကို မော်တော်ကားဖြင့် ပင့်ဖိတ်ပြီး ကျောင်းသားများအား ကျမ်းကျိန်ခဲ့ရသည်။ ရွှေရောင်လွှမ်းနေသော ကျမ်းစာအုပ်ကြီးကိုပိုက်ပြီး ဦးပညာသီဟက ကျောင်းသားခေါင်းဆောင်များကို အကြိမ်ကြိမ်ကျမ်းကျိန်စေခဲ့လေ၏။ စစ်တွေမြို့ မိဇ္ဇရပ်ကွက်လည်း ကျောင်းသားများ သပိတ်စခန်း ဌာနချုပ်ဖြစ်ခဲ့ရ၏။ ကျောင်းသားများသပိတ်ကို စေတနာဖြင့် ကူညီခဲ့သော ဦးသဒိုးလှ (ယခု အငြိမ်းစားကျောင်းဆရာ)နှင့် မိဇ္ဇရပ်ကွက်မှ ပုဂ္ဂိုလ်များကိုကား ကျနော်တသက်တွင် မေ့နိုင်စရာမရှိတော့ပေ။

၁၃၀၀-ပြည့် ကျောင်းသားများ သပိတ်အတွင်း ကျနော်တို့ ပညာသင်ကြားလျက်ရှိသော စစ်တွေမြို့ အမျိုးသားအထက်တန်းကျောင်းကြီးမှာ ကျောင်းသားသပိတ်ခေါင်းဆောင်များနှင့် ကျောင်းအုပ်ကြီး (မစ္စတာဖိနော်ဒိန်)၊ ဆရာကြီး ဦးစံထွန်းအောင် စသော ကျောင်းအုပ်ဆရာကြီးများနှင့် နားလည်မှုယူပြီး ကျောင်းကိုအကန့်အသတ်မရှိ ပိတ်ပင်ပေးခြင်းကြောင့် ဘာတစ်ခုမျှ ပြဿနာမပေါ်၊ နော်မံကျောင်းကြီး (ယခု အမှတ်-၂ အစိုးရအထက်တန်းကျောင်းကြီး) နှင့် အစိုးရအထက်တန်းကျောင်းကြီး (ယခု အမှတ်(၁) အစိုးရ အထက်တန်းကျောင်းကြီး)တို့မှာ နေ့စဉ်နှင့်အမျှ ကျောင်းချိန်မှန်မှန် ကျောင်းဖွင့်ထားသဖြင့် နေ့စဉ်ကျောင်းဖွင့်ချိန်တိုင်းတွင် သပိတ်တားရေးကိစ္စကို မလွှဲမရှောင်သာတော့ဘဲ လုပ်ရတော့သည်။

ကျနော်၏နေ့စဉ်တာဝန်မှာ နံနက်စောစောဖျာလိပ်များကို စက်ဘီးတစ်စီးတွင် တင်ပြီး နော်မံကျောင်းကြီးနှင့် အစိုးရအထက်တန်းကျောင်းကြီးတို့၏ ဝင်းတံခါးများတွင် ဖျာလိပ်များကို ခင်းပေးပြီး သပိတ်တားမည့်ကျောင်းသားများကို စိတ်ဓါတ်ကြွလာအောင် ဆွေးနွေးပြခြင်း၊ သပိတ်တားကျောင်းသားများ၏ နံနက်စာ ထမင်းဟင်းတို့ကို အိုးကြီး အိုးငယ်များဖြင့် ပေးပို့ခြင်း၊ အိပ်ပြီးသပိတ်တားနေသော ကျောင်းသားများအား နင်းပြီးကျောင်းတက်သူများ ပေါ်လာလျှင် အရေးပေါ်ဖြေရှင်းပေးခြင်း၊ ညနေစာစားပြီး ညဉ့်ပိုင်းတွင် သပိတ်စခန်း၌ နေ့စဉ် ဆွေးနွေးပွဲများ ကျင်းပရခြင်းတို့ ဖြစ်သည်။

မိဇ္ဇရပ်ကွက်မှ အစိုးရအထက်တန်းကျောင်းသို့ သပိတ်တားများအတွက် ဖျာလိပ်များပို့တိုင်း နေ့စဉ် အိုးတန်းရွာဦးသာဇံလှလမ်းကို ဖြတ်သွားရသည်။ စစ်တွေ ပုလိပ်ခရိုင် ရဲဝန်ရုံး စာရေးကြီးချုပ်၏မိန်းမသည် ကျနော်ဤသို့ ဖျာလိပ်များဖြင့် ဖြတ်သွား၍ တွေ့တိုင်း "အောင်ကြွဇံတူ ကျောင်းဖျက် ဖျာလိပ်နှင့်သွားပြီ"ဟု ကြားလောက်အောင် ပြောသည်။ တစ်ကြိမ် နှစ်ကြိမ် ကျနော် သည်းခံသည်၊ သုံးကြိမ်၊ လေးကြိမ် ရက်စက်စွာ ရှုတ်ချသည့် ထိုမိန်းမအပေါ် ကျနော်သည်းမခံနိုင်တော့၊ ဖျာလိပ်များ တင်ယူလာသောစက်ဘီးကို လွှင့်ပစ်လိုက်ပြီး "ခွေးမ၊ နယ်ချဲ့ ဒလံမ၊ သေပေတော့"ဟူသော ကြုံးဝါးသံနှင့်အတူ လမ်းဘေးရှိ အုတ်ခဲများကို ဖော်ယူခါပစ်ရန် ပြေးတော့သည်။ ကျနော်၏ ကျယ်လောင်သောကြုံးဝါးသံကို ကြားကြသော အိမ်နီးချင်းများ ဝိုင်းဝန်းဆွဲထားခြင်းနှင့် ဖြေရှင်းပေးခြင်းတို့ကြောင့် ကြီးများသော ရန်ပွဲမဖြစ်ခဲ့ရပေ။ သို့သော် အင်္ဂလိပ်မျက်နှာဖြူ ခရိုင်ရဲဝန်ကြီးတမျှ တန်ခိုးအာဏာကြီးထွားနေသော ခရိုင်ရဲဝန်စာရေးကြီးချုပ်၏ မိန်းမကား ထိုအချိန်မှစ၍ ကျောင်းသားများသပိတ်ကို ရှုတ်ချဆဲဆိုခြင်း မပြုရဲတော့ပေ။

ဤသို့ ကျောင်းသားသပိတ်တားနေစဉ် စစ်တွေမြို့ ထိပ်သီးစက်ရှင်တရားသူကြီး ဦးသာဇံဦး၏ သမက်လည်းဖြစ်၊ မိမိကိုယ်တိုင်လည်း အထက်တန်းတရားသူကြီးဖြစ်သော ဦးဖသထော်သည် မိမိကိုယ်ပိုင်မှန်ကားဖြင့် သားသမီးများအား တင်ပြီး အစိုးရအထက်တန်းကျောင်းသို့ လာသည်။ သပိတ်တားပြီး ကျောင်းတံခါးဝများတွင် လဲလျောင်းနေကြသော ကျောင်းသားများကြောင့် ကျောင်းတွင်းသို့ တိုက်ရိုက်မဝင်နိုင်။ သူ၏ကားရပ်ထားသောနေရာသို့ ကျွန်ုပ်ချဉ်းကပ်သွားသည်။ သူ့အား ဗိုလ်အောင်ကျော်နှင့် မန္တလေးအာဇာနည်များ မတရားကျဆုံးခဲ့ရခြင်းတို့ကို ကျွန်ုပ်တင်ပြရုံမျှသာ ရှိသေးသည်။ သူကကျွန်ုပ်အား ရာဇသံပေးသည်။ သူ့သားသမီးများ ကျောင်းတက်လိုသဖြင့် သပိတ်တားကျောင်းသားများ ဖယ်ပေးရန် ရာဇသံဖြစ်သည်။ ကျွန်ုပ်လည်း သပိတ်မှောက်ကျောင်းသားများ မဖယ်ပေးနိုင်။ ကျောင်းတက်လိုက နင်းပြီးတက်ရန် ပြောရာ သူနှင့်သားသမီးများ သပိတ်မှောက်ကျောင်းသားများ၏ရင်ကို နင်းတက်ကြသည်။

"ကပ္ပါး. . . ကပ္ပါး. . . ခွေး . . . ခွေး. . . သပိတ် သပိတ်မှောက်မှောက်"ဟူသော ကြွေးကြော်သံကို သံပြိုင်ဟစ်ကြလေ၏။ (ကပ္ပါးဆိုသောစကားလုံးမှာ ဗြိတိသျှနယ်ချဲ့အလိုတော်ရိ ကပ်မြှောင်ခစားနေသူဟူ၍ ဖြစ်သည်) သို့သော် ဦးဖသထော်နှင့် သားသမီးများကား သပိတ်မှောက်ကျောင်းသားများ၏ ရင်ဘတ်ကိုနင်းပြီး ကျောင်းတက်သွားကြလေသည်။ ပုလိပ်များထဲမှ ပုလိပ်တစ်ချို့က သပိတ်မှောက်ကျောင်းသားများ၏ ရင်ဘတ်ကို လေးလံသော စစ်ဘိနပ်များနှင့်နင်းပြီး ကျောင်းသို့ ဝင်ကြခြင်းများလည်း ရှိခဲ့ကြသည်။ သပိတ်မှောက်ကျောင်းသားများအား ရမယ်ရှာ ရန်စခြင်းပင် ဖြစ်သော်လည်း နေ့စဉ်ဆွေးနွေးခြင်း၊ သဘောတရားပေးခြင်း ပြုထားသောသပိတ်မှောက်ကျောင်းသားများနှင့် ခိုက်ရန်ဖြစ်ပွားမှု လုံးဝမရှိခဲ့။

ဤသို့ ဗြိတိသျှအစိုးရ၏ ကပ်မြှောင်ခစားနေသော ဖြူရိုကရက်အရာရှိဆိုးများနှင့် ပုလိပ်များ၏ ရန်စကို ခံလာခဲ့ရရာ ကျွန်ုပ် ဦးပညာသီဟထံ အကူအညီတောင်းရတော့၏။ နောက်တစ်နေ့ အစိုးရအထက်တန်းကျောင်းကြီးအား သပိတ်တားချိန်တွင် ဦးပညာသီဟနှင့် ရေဝတတ်ဘုန်းတော်ကြီးကျောင်းမှ ဦးပဥ္စင်းတစ်ပါး (ယခု လူထွက်ပြီး လက်လုပ်လက်စားဘဝဖြင့် အသက်မွေးနေသော ဦးစံဂိုးအောင်) လာရောက်ကူညီအားပေးကြသည်။ ၇-ရက်၊ ၈-ရက်ခန့် ဦးပညာသီဟတို့ သပိတ်တားရာထိ လာပြီး ကူညီအားပေးသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ်မှ သပိတ်လှန်ရန် အမိန့်အရ ကျွန်ုပ်တို့ သပိတ်လှန်သည်အထိ နော်မံကျောင်းကြီး၊ အစိုးရအထက်တန်းကျောင်းကြီးနှင့် မည်သည့်စာသင်ကျောင်းမှ စာမသင်နိုင်ကြပေ။

၁၃၀၀-ပြည့်အရေးတော်ပုံအတွင်း ကျောင်းသားများ သပိတ်အထွတ်အထိပ်သို့ ရောက်နေချိန်တွင် ကျောင်းသားများ၏ညီလာခံကို ရန်ကုန်မြို့မကျောင်းကြီးတွင် ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ သပိတ်မှောက်ကျောင်းသားများ၏ ရွေးချယ်တင်မြှောက်ချက်အရ ကိုသာဇံ( ယခု သမဝါယမဝန်ထောက် စစ်တွေမြို့)နှင့် ကျွန်ုပ်ကို ရခိုင်ပြည် သပိတ်မှောက်ကျောင်းသားများ၏ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ၁၃၀၀-ပြည့်ကျောင်းသားညီလာခံသည် ကျွန်ပညာရေးစံနစ်ဆိုးကို တိုက်ဖျက်ရန်အဆိုများနှင့်အတူ စစ်တွေမြို့တွင် အဆင့်မှီသော ကောလိပ်ကျောင်းဖွင့်လှစ်ပေးရန် တောင်းဆိုခဲ့သည်၊ စစ်တွေမြို့တွင် အဆင့်မှီသော ကောလိပ်ကျောင်း ဖွင့်လှစ်ပေးရန် အရေးဆိုသောအဆိုမှာ ယင်းညီလာခံတွင် ကျွန်ုပ်တင်သွင်းပြီး ညီလာခံမှသောင်းသောင်းဖျဖျ အတည်ပြုခဲ့ခြင်းဖြစ်သည်။

၁၃၀၀-ပြည့်အရေးတော်ပုံကြီးအတွင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဌာနချုပ်၏ အမိန့်အရ ကျွန်ုပ်တို့ကျောင်းသားသပိတ်လှန်ခဲ့ရပြီ။ ဒေါက်တာဘမော်အစိုးရ ပြုတ်ခဲ့ပြီ၊ ကျွန်ုပ်အား ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌနှင့် ကျောင်းသားများ သပိတ်ဥက္ကဋ္ဌ လုပ်ခဲ့ခြင်းကြောင့် ဆွေမျိုးသားချင်းများကပင် ဝိုင်းပယ်ထားကြပြီ။ စာသင်ကျောင်းများလည်း အသီးသီးအသက်ဝင်ကာ အေးဆေးစွာ စာသင်ကြားလျက်ရှိကြပြီ။ မိဇ္ဈာ ဦးသတိုးလှ နေအိမ်မှနေပြီး အမျိုးသားအထက်တန်းကျောင်းသို့ ကျွန်ုပ်တက်ရောက်ပညာသင်ကြားခဲ့ရသည်။ ရခိုင်ပြည်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌနှင့် ကျောင်းသားများ သံမဏိတပ် တာဝန်မှူးအဖြစ် ကျွန်ုပ်ဆက်လက်ထမ်းဆောင်ခဲ့ရပြန်သည်။ ကျွန်ုပ်တို့ အမျိုးသားအထက်တန်းကျောင်းမှာ ပြည်လုံးချမ်းသာဘုရားကြီးအနီးရှိ ယခုတောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းနေရာတွင် ရှိခဲ့ရာ ဦးဥတ္တမလမ်းတွင်ရှိသော တန်ခိုးဘုန်းတော်ကြီးကျောင်းမှ ဖြတ်သန်းသွားရသဖြင့် နိုင်ငံရေးကို ခြေစုံပစ်ဝင်လာပြီဖြစ်သော ကျွန်ုပ်ကား သမဂ္ဂကိစ္စများ၊ ကျောင်းသားကိစ္စများရှိမှသာလျှင်ကျောင်းသို့ တက်ပြီး အခြားအချိန်များတွင်ကား ဦးပညာသီဟနှင့်ဌင်း၊ အခါပေါင်းများစွာ စစ်တွေသို့ ရောက်ရှိတိုင်း ဦးပညာသီဟနှင့် အတူနေသော ဦးစိန္တာနှင့်ဌင်း၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံရေးရာများကို ဆွေးနွေးခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်။ အထူးသဖြင့် ဂျာမဏီ ဟစ်တလာက ပိုလန်ကို ဝင်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဒုတိယကမ္ဘာစစ်ကြီးကို အဓိကထားကာ ဝေဖန်ဆွေးနွေးကြသည်။

ကျွန်ုပ်၏ကြိုးပမ်းမှုကြောင့် ဦးထုပ်၊ ဖိနပ်မှစပြီး သံမဏိတပ် ယူနီဖောင်းအစုံအလင်နှင့်တကွ သံမဏိတပ် စစ်သုံးတူရိယာအစုံအလင်ဖြင့် ရာချီလျက်ရှိသော ကျောင်းသားသံမဏိတပ်ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ ကျောင်းဆင်းချိန်ညနေပိုင်းတွင် အခြေခံစစ်ပညာကို အစိုးရအထက်တန်းကျောင်းတွင်း ကျောင်းပြင်နှင့် ယင်းကျောင်းရှိ မိုးလုံအားကစားရုံ

ကြီးတွင် သင်ကြားပြသနိုင်ခဲ့သည်။ ကျယ်ပြန့်သောကျောင်းသားနှင့် လူငယ်ထုအတွင်း ကိုလိုနီကျွန်ဘဝမှ လွတ်လပ်လိုသော မျိုးချစ်စိတ်ဓါတ်နှင့် ဇာတိသွေး ဇာတိမာန်များ တက်ကြွလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ကျောင်းစာကြည့်တိုက်များ၊ ကျောင်းအားကစားပစ္စည်းများ၊ ကျောင်းစကားရည်လုပွဲများ၊ နိုင်ငံရေးဟောပြောပွဲများကိုလည်း တက်တက်ကြွကြွဖြင့် ကျောင်းသားထုတစ်ရပ်လုံးပါဝင်အောင် လှုံ့ဆော်စည်းရုံးနိုင်ခဲ့သည်။

ကျောင်းသားများထံမှ တစ်လတစ်ပဲကျ ကောက်ခံသော ရုံပုံငွေဖြင့် မလုံလောက်ရကား၊ စစ်တွေမြို့တွင် လှည့်လည်၍ ရုံပုံငွေရှာရသည်။ ကျနော်နှင့် ကျောင်းသားခေါင်းဆောင်စုတို့ စက်ဘီးများစီး၍ ရုံပုံငွေရှာရာတွင် ကျနော်ရှေ့ဆောင်ပြီး ရခိုင်တိုင်း ဝန်ရှင်တော်မင်းကြီးအိမ်သို့ သွားရောက်အလှူခံခဲ့ဘူးသည်။ အမည်မမှတ်မိပြီဖြစ်သော အင်္ဂလိပ်အမျိုးသား ရခိုင်တိုင်း ဝန်ရှင်တော်မင်းကြီးသည် ကျနော်အင်္ဂလိပ်စကားဖြင့် ပြောဆိုသော ကျောင်းသားရုံပုံငွေကိစ္စကို သဘောကျနှစ်ခြိုက်ကာ ငွေ ၂၅ကျပ် ထည့်ဝင်ခဲ့သည်။ ယင်းရုံပုံငွေထည့်သည့် ရခိုင်တိုင်းဝန်ရှင်တော်မင်းကြီး လက်မှတ်ကိုယူကာ ခရိုင်ဝန်၊ ခရိုင်ရဲဝန်မှစပြီး အင်္ဂလိပ်အမျိုးသားများ အပါအဝင် အစိုးရအမှုထမ်း၊ အရာထမ်းများထံ ရုံပုံငွေကောက်ခံခဲ့ရာ နှစ်စဉ်ရခဲ့သော ကျောင်းသားရုံပုံငွေထက် ငွေထောင်ချီပိုရခဲ့သည်။

နိုင်ငံရေးသို့ ခြေစုံပစ်ဝင်လာခဲ့သော ကျောင်းသား၏သဘာဝအတိုင်း နိုင်ငံရေးသမား သခင်များနှင့်လည်း ပေါင်းသင်းလာခဲ့ရသည်။ စစ်တွေမြို့မှနေပြီး 'ဒို့လက်ရုံး'သတင်းစာကို ထုတ်ဝေခဲ့သော ကိုစံရွှေမှာ ကျနော်၏အရင်းနှီးဆုံး သခင်ဖြစ်ရာ သခင်စံရွှေ၏ ဒို့လက်ရုံးသတင်းစာတွင် မီးခဲအမည်ဖြင့် ကျောင်းသားရေးရာဆောင်းပါးများ၊ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်သော အရေးအကြောင်းများကို စေတနာဝန်ထမ်းတည်းဖြတ်ပေးခြင်း စသောလုပ်စရာကိုင်စရာများကိုလည်း ကျနော်ဝင်ရောက် လုပ်ကိုင်ပေးခဲ့၏။

ဦးပညာသီဟ၊ ဦးစိန္တာနှင့် ကျနော်မှာ တစ်နေ့လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ ရက်ရှည်ပေါင်းသင်းလာသောအခါ တစ်ဦးနှင့်တစ်ဦး အူရောအသည်းရော ပေါင်းသင်းမိလာခဲ့ကြသည်။ ပြောမနာ ဆိုမနာဖြစ်ခဲ့ကြသည်။ ရခိုင်တောင်သူ လယ်သမားများထဲတွင် ခေါင်းဆောင်မှုပေးလျက်ရှိသော ဦးပညာသီဟ၊ ဦးစိန္တာတို့ထံမှ ဖောင်စီးရင်းရေစတ်၊ လယ်လုပ်ရင်း ထမင်းငတ်လျက်ရှိကြသော တောင်သူလယ်သမားများ၏ ဘဝများကို ရင်နှင့်ဖွယ်ရာသိခဲ့ရသည်။ ဦးပညာသီဟနှင့် ဦးစိန္တာတို့ သည် ကျေးရွာများတွင် တကယ်ဖြစ်နေသော လယ်သမားများ၏ စုတ်စုတ်နစ်နေသောဘဝများကို ကျေးရွာအမည်နှင့်တကွ ပြောပြရာ ယင်းလယ်သမားများ၏ တကယ့်ဖြစ်ရပ်များထဲတွင် ကျနော်၏တစ်သက်တာတွင် မေ့ပျောက်မရနိုင်သော ဇာမိဒါ မြေရှင်စနစ်ဆိုးကို သိခဲ့ရခြင်းပင်ဖြစ်သည်။

ရခိုင်ပြည်သည် အိန္ဒိယနိုင်ငံ (ဗြိတိသျှကိုလိုနီခေတ် အိန္ဒိယနိုင်ငံမှာ ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်သည်) နှင့် နယ်စပ်ချင်း ဆက်လျက်ရှိ၏။ အိန္ဒိယနိုင်ငံရှိ ဇာမိဒါမြေရှင်စနစ်ဆိုးဝင်လာသည်ဟု ယူဆရသည်။ ရခိုင်ပြည် စစ်တွေခရိုင်ရှိ သိန်းပေါင်းများစွာသော မြေဧကမှာ ဦးရဲကျော်သူနှင့် ၎င်း၏သား ဦးရွှေသာ ကုမ္ပဏီပိုင်မြေ များစွာရှိခဲ့ရာ၊ အဆိုးဝါးဆုံးမှာ 'ပြုစုဂေါင်း'စနစ်ဆိုးပင်ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့အစိုးရထံမှ ဧကထောင်ပေါင်းများစွာကို နှစ် ၉၀-အတွက် ဂရန်မြေအဖြစ် ခံယူသည်။ ယင်းဂရန်မြေတွင် ဇာမိဒါမြေရှင်ကြီးသည် ငွေကြေးအနည်းအပါးအကုန်အကျခံကာ ချုံပုတ်သစ်ပင် များကို သုတ်သင်ပစ်ပြီး၊ လယ်ယာမြေအဖြစ် ဖော်ထုတ်ယူသည်။

"ပြုစုဂေါင်းလယ်ယာမြေတွင် လုပ်ကိုင်စားသော၊ လယ်ယာအလုပ်သမားများသည် လယ်တရှည်း (၆. ၄)ဧကတွင် စပါးတောင်း ၃၀၀ မှ ၅၀၀ထိ ပေးရခြင်း၊ စပါးများကို ချိန်တွယ်ယူခြင်းပြုရာတွင် တလင်းထဲရှိ စပါးများကို တတောင်းမျှ လယ်ယာအလုပ်သမားများကို ယူခွင့်မပြုဘဲ တရားဝင်သုံးစွဲသော ၁၂-သစ်တောင်းဖြင့် မယူ ၁၄-သစ်တောင်းဖြင့် ချိန်တွယ် ယူခြင်း၊ ပင်ထောင်အတိုးကြီးစား စနစ်ဆိုးမှာလည်း ယူရင်းငွေထက် ၃-ဆ၊ ၄-ဆပေးရခြင်း၊ လင်ကွာ မယားကွာကိစ္စမှစပြီး အိမ်တွင်းရေး ရပ်ရွာရေးကိစ္စများတွင်လည်း "ပြုစုဂေါင်း"ဆိုသူ၏အဆုံးအဖြတ်ကို တသွေမတိမ်းလိုက်နာရခြင်း၊ "ပြုစုဂေါင်း" ဆိုသူက မွေးမြူထားသောလူမိုက်တို့၏ နှိပ်စက်မှုကို အလူးအလဲခံရခြင်း၊ နေ့စဉ်နှင့်အမျှ အသက်အန္တရာယ်ကို စိုးရိမ်ရခြင်း၊ 'ပြုစုဂေါင်း'လက်ထဲတွင် ကြိမ်ဒါဏ်ပေးနိုင်သည့် အခွင့်အာဏာရှိနေခြင်း၊ လယ်ယာလုပ်ငန်းပြီးစီးလျှင် "ပြုစုဂေါင်း"အတွက် မိုးတွင်းသုံးထင်းများကို အခမဲ့ခုတ်ပေးရခြင်းတို့ကို ဆောင်ရွက်ပေးရရုံမက လူအသဲနှလုံးမဲ့၍ လူသားစားတတ်သော "ပြုစုဂေါင်း" အိမ်တွင် အလုပ်အကျွေးပြုရန် မယားပျို သမီးပျိုများကို ပေးဆက်ရသည်များလည်း အထင်အရှားရှိခဲ့ခြင်းတို့ကို တောလက်ကျေးရွာအမည်၊ လယ်ယာအလုပ်သမားများ အမည်နှင့်တကွ ဦးပညာသီဟ၊ ဦးစိန္တာတို့ပြောပြတိုင်း ကျနော်လက်သီး ကို ကျစ်လစ်စွာ ဆုတ်ခါ အံကြိတ်ပြီး မြေရှင်စနစ်ဆိုးကို အသက်ရှိသမျှကာလပတ်လုံး တိုက်ဖျက်သွားရန် အထပ်ထပ်အလီလီ အဓိဋ္ဌာန်ပြုခဲ့ရသည်။

ရခိုင်တိုင်းသမိုင်းမှတ်တမ်းတွင် မှတ်တမ်းတင်ရမည့် ရခိုင်တိုင်းဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ ပေါက်တောမြို့ တွင် ညီလာခံကို ၁၉၃၉-၄၀ ခုနှစ်တွင် ကျင်းပလျက်ရှိသည်။ ဒို့ဗမာအစည်းအရုံး၏ဌာနချုပ် ကိုယ်စားလှယ်များအဖြစ်

သခင်စိုးတို့ တက်ရောက်ကြသည်။ ဗြိတိသျှနယ်ချဲ့ စနစ်ဆိုး၏ ယုတ်မာမှုများကို ကွင်းကွင်းကွက်ကွက်ပေါ်အောင် သခင်စိုးတို့က သောင်းချီတက်လျှက် လူထုအစည်းအဝေးတွင် ဟောပြောသွားသည်။ ကျနော်ခေါင်းဆောင်ပြီး ကျနော်တို့ကျောင်းသားများ သံမဏိတပ်က ပေါက်တောမြို့ စာသင်ကျောင်းတွင် စခန်းချခါ ညီလာခံလုံခြုံရေးနှင့် မရေမတွက်နိုင်သော အောက်ခြေ သိမ်းလုပ်ငန်းများကို ကျောဖိရင်ဖိဆောင်ရွက်ကြရသည်။ ညီလာခံတွင် မအိပ်မနေအပင်ပန်းခံရသဖြင့် သံမဏိတပ်မှ ကျောင်းသားခေါင်းဆောင်တစ်ဦး ရုတ်တရက် ရူးသွပ်ခြင်းအထိ ဖြစ်သွားခဲ့ရသည်။

စစ်တွေမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ၁၀-တန်းကျောင်းသားအဖြစ် နာမည်သာရှိပြီး နိုင်ငံရေးထဲ ခြေစုံ ပစ်ဝင်နေသော ကျနော်မှာ ဦးပညာသီဟနှင့် ဦးစိန္တာတို့ထံမှ စုတ်စုတ်မြုပ်နေသောလယ်သမားများ၏ ဘဝများကို အသိဖြင့် မရောင့်ရဲနိုင်သဖြင့်၊ အသက် ၁၇-နှစ်ခန့်ကပင် ဦးပညာသီဟတို့နှင့်အတူ၊ ကျေးလက်တောရွာများထိ ဆင်းခါ အထပ်ထပ် ကိုယ်တွေ့လေ့လာခဲ့သည်။ အထူးသဖြင့် ဒို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်လေးမောင်အား မသွားရဟု ပုဒ်မ-၁၄၄ဖြင့် တားမြစ်ထားသော မစဲကျွန်းသို့ ဦးပညာသီဟနှင့်ကျွန်တော် တကျွန်းလုံး ဒေါင့်စေ့အောင် ခြေလျင်လျှောက်ခဲ့ခြင်းပင်ဖြစ် သည်။ စစ်တွေအနောက်ဘက်ရှိ မစဲကျွန်းမှာ၊ ဗြိတိသျှနယ်ချဲ့အစိုးရကို ဆန့်ကျင်ရေးတွင်လည်းကောင်း၊ သူရသတ္တိရှိရာတွင် လည်းကောင်း၊ ထိုစဉ်က အလွန်တရာနာမည်ကြီးနေသော ကျွန်းဖြစ်သည်။ မစဲကျွန်းကို တစ်ကျွန်းလုံးဒေါင့်စေ့အောင် ဦးပညာ သီဟနှင့် ကျနော်မရပ် မနားခြေလျင် လျှောက်ပြီး နယ်ချဲ့ ဆန့်ကျင်ရေး ဆွေးနွေးပွဲများ၊ တရားဟောပွဲများကို ရွာတိုင်းစေ့ ပြုလုပ်ခဲ့ကြသည်။

ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်မီးကြီး တောက်လောင်ကျွမ်းလျက်ရှိခဲ့ပြီ၊ ဗြိတိသျှနယ်ချဲ့အစိုးရက ဂျာမဏီများကို ဘီလူးရုပ်ဖြင့် ပိုလန်အစရှိသော ဥရောပနိုင်ငံများအား ဝင်စီးပုံ၊ ဥရောပနိုင်ငံများ သွေးတွင်းထဲ နစ်မွန်းလျက်ရှိပုံတို့ကို နေရာတကာတွင် ရုပ်လုံးဖော်ကြေညာချက်များဖြင့် ကြေညာခြင်းပြုလျက်ရှိခဲ့ပြီ။ အမျိုးသားအောင်ပွဲ နေ့ထူးနေ့မြတ်ကို ကျနော် တို့ကျောင်းသားများသမဂ္ဂမှ ကြီးမှူးပြီး စစ်တွေ-ဝက်ဘာကွင်းတွင် မီးပြိုင်ပွဲများနှင့် အခြားပြိုင်ပွဲများပါဝင်ပြီး သိမ့်သိမ့်သဲသဲ ကျင်းပခဲ့၏။ သောင်းချီ၍ရောက်ရှိနေသော ပြည်သူလူထုအား ကျနော်က နိုင်ငံရေးတရားဟောခဲ့သည်။ ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ လွတ်လပ်ရေးကိစ္စကို ကျနော်တစ်နာရီကျော် ရဲရဲတောက်ဟောပြောခဲ့သည်။

ယင်းတရားပွဲပြီးလျှင် ကျနော့အား နေ့မရွေး ညမရွေး ဖမ်းတော့မည်ဟူသော သတင်းမှာ၊ စစ်တွေမြို့လုံး တောမီး လောင်သကဲ့သို့ ပြန့်နှံ့သွားသည်။ ဒေါက်တာဘမော်ဂိုဏ်းနှင့် ဒို့ဗမာအစည်းအရုံး သခင်များပါဝင်သော 'ဗမာ့ထွက်ရပ်ဂိုဏ်း' ၏ စာတမ်း၊ ဗြိတိသျှနယ်ချဲ့ထံ အရေးဆိုရမည့်အချက်များနှင့် လုပ်ငန်းစဉ်များပါဝင်သော စာရွက်များ ကျနော်၏ လက်ထဲသို့ ရောက်လာခဲ့သည်။

'ဗမာ့ထွက်ရပ်ဂိုဏ်း'၏ ယင်းစာတမ်းများ ကျနော့လက်ထဲသို့ ရန်ကုန်ဌာနချုပ်မှ တိုက်ရိုက်ရောက်လာခြင်းမဟုတ် ပေ။ ရန်ကုန်မြို့ရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဌာနချုပ်နှင့် ဒို့ဗမာအစည်းအရုံးဌာနချုပ်တို့တွင် အရေးပါသော ကိုဘစံက ကျနော့အား ပေးအပ်ဆောင်ရွက်ခိုင်း၍ ရောက်လာခြင်းဖြစ်သည်။

ယင်း"ဗမာ့ထွက်ရပ်ဂိုဏ်း"စာတမ်းများကို ကျနော့အား ပေးအပ်လိုက်စဉ်က ကိုဘစံသည် ကျနော်အား ခေါ်တွေ့ပြီး ဤလုပ်ငန်းမှာ ကျနော်နှင့်ထိုက်တန်သည်ဖြစ်၍ ပေးအပ်လိုက်ခြင်းတို့ကို ပြောပြလိုက်သည်။ ကိုဘစံ၏စိတ်မနောတွင် ထောင်ကျစရာ၊ သေစရာရှိလျှင် ကျနော်ခံရလေအောင် မြှောက်ပင့်ပေးခြင်း ဖြစ်သည်ဟု ကျနော်မထင်၊ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်သော ကိုလိုနီကျွန်ဘဝမှ လွတ်လပ်ရေးနှင့် ဖာမီဒါမြေရှင်စနစ်ဆိုးမှ လွတ်လပ်ရေးအတွက်ဆိုလျှင် ထောင်ကျရုံမက အသက်ပင်သေချင်သေပေစေ၊ ဆောင်ရွက်မည်ဟု အထပ်ထပ်အဓိဋ္ဌာန်ပြုထားသော ကျနော်အတွက် "ဗမာ့ထွက်ရပ်ဂိုဏ်း" စာတမ်းကို ဆောင်ရွက်ပေးရန် ကျနော်နှစ်ထောင်းဝမ်းမြောက်စွာ လက်ခံယူသွားခဲ့သည်။

ကျနော်၏ ကျောင်းသားများ သမဂ္ဂခေါင်းဆောင်အစည်းအဝေးကို ကျနော်ဖိတ်ခေါ်ယူသည်။ "ဗမာ့ထွက်ရပ်ဂိုဏ်း" စာတမ်းကို အကောင်အထည်ဖော်ရန် ကျနော်တို့ဆုံးဖြတ်ကြသည်၊ စစ်တွေမြို့ အမျိုးသားအထက်တန်းကျောင်းကြီးသို့ စုရုံး ချီတက်လာကြရန် ကျနော်တို့စစ်တွေတစ်မြို့လုံးကို မောင်းခတ်လှုံ့ဆော်သည်။ လက်ကမ်းကြေညာများဖြင့် လှုံ့ဆော်သည်။ ကြေညာပိုစတာများဖြင့် လှုံ့ဆော်သည်။ စစ်တွေအမျိုးသား အထက်တန်းကျောင်းလုံးပြည့် ရောက်လာသောပြည်သူ့အစည်း အဝေးတွင် ကျနော်သဘာပတိအဖြစ်ဆောင်ရွက်သည်။ "ဗမာ့ထွက်ရပ်ဂိုဏ်း" ကြေညာစာတမ်းကို ကျနော်ဖတ်ပြသည်။ "ဗမာ့ထွက်ရပ်ဂိုဏ်း"မှ လွတ်လပ်ရေးအာမခံချက်ပေးရန် ဗြိတိသျှထံအရေးဆိုသော အရေးဆိုချက်အပါအဝင် အခြားအရေး ကြီးသော အချက်များကို ဆုံးဖြတ်ခဲ့ကြသည်။ ယင်းတရားပွဲပြီးလျှင်ပင် ကျနော်အား ဖမ်းတော့မည်ဟူသောသတင်း ဒုတိယအကြိမ် ပြန့်နှံ့သွားပြန်တော့၏။ ရက်ရှည်လများ ကြာလာသည်နှင့်အမျှ ဦးပညာသီဟ၊ ဦးစိန္တာနှင့် ကျနော်မှာ ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး၊ မြေရှင်စနစ်ဆိုးတိုက်ဖျက်ရေးလုပ်ငန်းများတွင် စိတ်တူကိုယ်တူဖြစ်ကြရုံမက တစ်ဦးနှင့် တစ်ဦး အသဲနှလုံးချင်း ဆက်စပ်ပေါင်းဘက်လာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်သတင်းများပါသော အင်္ဂလိပ်သတင်းစာများကို

ကျနော်ယူလာပြီး ဦးပညာသီဟနှင့် ဦးစိန္တာတို့အား ဘတ်ပြခြင်း၊ အဓိပ္ပါယ်ပြန်ခြင်းများ၊ ပြုလုပ်ပေးခဲ့ရာ ဦးပညာသီဟ၊ ဦးစိန္တာတို့က အင်္ဂလိပ်သတင်းစာဘတ်နိုင်သည့်အဆင့်ထိရောက်အောင် အင်္ဂလိပ်စာသင်ကြားလိုသည်ဟု ပြောလာကြသည်။ နံနက် ၁၀နာရီမှ ညနေ ၃နာရီခွဲထိ အချိန်သတ်မှတ်ပြီး ဦးပညာသီဟနှင့် ဦးစိန္တာတို့၏ စာပြသူအဖြစ် အလွယ်တကူ ကျနော် တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးပညာသီဟနှင့် ဦးစိန္တာတို့ကလည်း ကျနော်အား ထိုစဉ်က စစ်တွေမြို့တွင် နာမည်ကြီးလျက်ရှိသော ဘိလပ်ရည်စက်ရုံထွက် လိမ္မော်ရည်၊ သံပုရာရည်၊ ဂျင်းရည်များကို တစ်ဦးတစ်ပုလင်းစီ တိုက်ကျွေးခဲ့ကြ၏။

ဦးပညာသီဟ၏အားပါးတရ ပြောလိုက်သော စကားဟိန်းသံကြောင့် ကျနော်၏မဝေးကွာသော အတိတ်ကို စိတ်ကူးယဉ်နေရာမှ ရုတ်ချည်းမျှ ပြတ်သွား၏။ ကိုသိန်းအောင်၊ သခင်တင်မြတို့၏ တင်ပြချက်များအပြီးတွင် ဦးပညာသီဟက "ဌာနချုပ်ကိုယ်စားလှယ်များနှင့် မတွေ့မီကပင် ဘုံပေါက်သာကျော်နှင့် ဦးပဥ္စင်း အထပ်ထပ်တွေ့ခဲ့ရတယ်၊ ဒီလမ်းစဉ်ကို ဦးပဥ္စင်း လက်ခံတယ်၊ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ဘယ်သူလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ အရေးမကြီးဘူး၊ ဦးပဥ္စင်း ဒီလမ်းစဉ်ကို လက်ခံတာ ဦးပဥ္စင်းရော ဦးစိန္တာပါ လက်ခံတယ်ဆိုဒါ သဘောပေါက်ဖို့လိုတယ်။ ဦးပဥ္စင်း ဦးစိန္တာနှင့် ဘုံပေါက်သာကျော်တို့ပေါင်းပြီး ဒီလမ်းစဉ်ကို ရခိုင်ပြည်မှာ ထိထိရောက်ရောက် ခရီးရောက်အောင် လုပ်သွားမယ်ဆိုတာကို စိတ်ချစေလိုတယ်၊ လွတ်လပ်ရေးရပြီး နိုင်ငံထူထောင်ကြရင် ရခိုင်ပြည် သီးခြားသမတနိုင်ငံအဖြစ်ထိ ပေးနိုင်မယ်၊ မပေးနိုင်မယ်ဆိုဒါ ဦးပဥ္စင်းသိလိုတယ်"ဟု ဦးပညာသီဟ အားပါးတရ စိတ်အားထက်သန်စွာ ပြောလိုက်သည်။

ကိုသိန်းအောင်၊ သခင်တင်မြတို့က ရခိုင်ပြည် သီးခြားသမတနိုင်ငံအထိ ထူထောင်ခွင့်ပေးနိုင်ကြောင်း ဌာနချုပ်ကိုယ်စား တာဝန်ယူခဲ့ကြသည်။ ရေနံဆီမီးခွက် မှိတ်တုတ်မှိတ်တုတ်ဖြင့် စစ်တွေတန်ခိုးကျောင်း မိန်းမဇရပ်တွင် ကျင်းပလျှက်ရှိသော သေရေးရှင်ရေး ဆွေးနွေးပွဲကား အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီ၊ သခင်တင်မြက အရေးကြီးသော စစ်ပညာသင်ကြားပေးလိုသည် ဆိုချက်အရ စစ်တွေတရုတ်သင်္ချိုင်းတွင် နောက်တစ်နေ့မွန်းလွဲပိုင်းတွင် တွေ့ကြရန် ကျနော်စီစဉ်ပေးရန် တာဝန်ယူလိုက်ရသည်။ တန်ခိုးကျောင်းပတ်ဝန်းကျင်တွင် ပုလိပ်များ စုံထောက်များ ရှိသည် မရှိသည်ကို ခြောင်းမြောင်းကြည့်ရှုခါ ပုလိပ်များ စုံထောက်များ အရိပ်အရောင်ကိုမျှ မမြင်ရသဖြင့် တစ်ဦးစ နှစ်ဦးစီ လူစုခွဲခါ ကျနော်တို့ ညသုတ်ခြေတင်ပြန်ခဲ့ရလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ကျောင်းသားခေါင်းဆောင်များနှင့် ကျနော်တွေ့ပြီး ၎င်းတို့၏ သဘောတူညီချက်အရ စစ်တွေခရိုင်မြေအောက်တော်လှန်ရေးအဖွဲ့တွင် ဦးပညာသီဟနှင့် ဦးစိန္တာတို့အား နာယကဆရာတော်များ အဖြစ်လည်းကောင်း၊ လုပ်ပိုင်ခွင့်အာဏာရှိသော အတွင်းရေးမှူးတာဝန်ကို ကျနော်ထမ်းဆောင်ပြီး ကိုသာထွန်းဦး (ယခု ရခိုင်ပြည် ဗကပကော်မတီဝင်) ကိုသာကျော် (ယခု ဒုဝန်ကြီး) ကိုသာကျော် (ယခု အထူးအရာရှိ ဗမာ့တပ်မတော်ဗိုလ်မှူး) တို့ပါဝင်သော ကော်မတီကိုဖွဲ့လိုက်ကြသည်။ ဂျပန်သို့ စစ်ပညာသင်ကြားရေး၊ ဂျပန်ရေငုပ်သင်္ဘောဖြင့် လက်နက်ယူရေးအတွက် ကျနော့်ကိုပင် အားလုံးသဘောတူကြပါသည်။ ယင်းကော်မတီဖွဲ့စည်းခြင်း စာရွက်ကို ဦးပညာသီဟနှင့် ကျနော်လက်မှတ်ရေးထိုးခဲ့ကြသည်။

## တရုတ်သင်္ချိုင်းတွင်း စစ်ပညာ

သခင်တင်မြ သင်ကြားပြသမည့် စစ်ပညာကို သင်ယူရန်ကျနော်နှင့် ကျောင်းသားများ သမဂ္ဂခေါင်းဆောင်များ တစ်ဦးစီဖြင့်လည်းကောင်း၊ နှစ်ဦးတစ်တွဲဖြင့်လည်းကောင်း၊ စက်ဘီးများဖြင့် စစ်တွေ တရုတ်သင်္ချိုင်းဇရပ်သို့ တဖွေးဖွေးရောက်လာခဲ့ကြသည်၊ ရောက်လာသူတိုင်းတွင် ကျနော်စီစဉ်ခဲ့သည့်အတိုင်း စွပ်ကျယ်အင်္ကျီကို ရှပ်အင်္ကျီထပ်ပြီး ဘောင်းဘီတိုကို အပေါ်မှ လုံချည်ဝတ်၍ ရောက်လာကြသည်။ ကျနော်တို့ ကျောင်းသားခေါင်းဆောင်များ၏ လျှို့ဝှက်စည်းဝေးကျင်းပရန်ရှိတိုင်း ကျနော်တို့သည် ကျောင်းသားများ သမဂ္ဂအဆောက်အဦးတွင် တစ်ခါမျှမစည်းဝေးကြ။ ပုလိပ်နှင့် စုံထောက်များ မျက်ခြေပြတ်သော ဦးရဲကျော်သူ ကျောင်းတိုက်ရှိ ဦးရဲကျော်သူ၏ အရိုးဂူအုတ်တိုက်နှင့် စစ်တွေသင်္ချိုင်းတို့သာ ကျနော်တို့ လျှို့ဝှက်ဆွေးနွေးရေး အဆောက်အဦးဖြစ်ရာ ယခုလျှို့ဝှက်စစ်ပညာရေးအတွက် ကွင်းပြင်ကျယ်ပြန့်စွာရှိသည့် တရုတ်သင်္ချိုင်းကို ကျနော် တမင်ရွေးချယ်လိုက်ခြင်းဖြစ်၏။

မွန်းတည့်ပိုင်းတွင် သခင်တင်မြတို့ ရောက်လာကြပြီ၊ ကျနော်အပါအဝင် ကျောင်းသားများ သမဂ္ဂခေါင်းဆောင်များနှင့် သခင်တင်မြတို့ အလိုက်သင့်လိုက် ပြောဆိုဆွေးနွေးကြသည်။ မိနစ် ၃၀ခန့်မျှကြာသော စစ်ပညာနှစ်ကွက်ကို သခင်တင်မြ သင်ကြားပြသသည်။ စစ်ပညာတစ်ကွက်မှာ ခြေကိုစုံပူးမထားဘဲ ခြေကိုရှေ့တစ်ဘက် နောက်တစ်ဘက်ထားပြီး ရင်ဝကို ရှေ့ခြေဘက်သို့ ကိုင်းထားကာ ရန်သူလှံစွပ်ဖြင့် ထိုးလာလျှင် လက်ဖြင့် ပုတ်ခတ်ပြီး ကာကွယ်ရေးနှင့် ရန်သူ့သေနတ်ဝင်လုရေး ဖြစ်၏။ အခြားစစ်ပညာတစ်ကွက်မှာ လက်ပစ်ဗုံးပစ်နည်းနှင့် ပစ်လိုက်သော လက်ပစ်ဗုံးပေါက်ကွဲလျှင် ပစ်လိုက်သူ မိမိအား မထိခိုက်စေရေးအတွက် ရင်ဘတ်နှင့် မြေကြီးမထိအောင် အလျားလိုက် ဝပ်နည်းဖြစ်သည်။ ကျနော်တို့ လူစုနှင့်တကွ

ကျောင်းသားပေါင်းများစွာမှာ ကျောင်းသားများ သံမဏိတပ်မှသင်ကြားပေးသော ညွှန်ကြားပေးသောစစ်ပညာအခြေခံကို ကျကျနနတတ်မြောက်ထားသူများ ဖြစ်ကြသည်၊ သခင်တင်မြနှင့် ဆွေးနွေးရေးလည်း ပြီးပြီ၊ စစ်ပညာသင်ကြားရေးလည်း ပြီးဆုံးခဲ့ပြီ၊ ကျနော်တို့ကျောင်းသားများ သမဂ္ဂခေါင်းဆောင်များ တစ်ဦးစ နှစ်ဦးစစီဖြင့် လူစုခွဲကာ စက်ဘီးဖြင့် ထွက်ခွာသွားကြပြီ။

သခင်တင်မြတို့နှင့် ကျနော် ကျန်ရစ်ခဲ့၏။ သခင်တင်မြတို့အား ဦးပညာသီဟနှင့်ကျနော် လက်မှတ်ရေးထိုးထားသော စစ်တွေခရိုင် မြေအောက်တော်လှန်ရေးအဖွဲ့၏စာရင်းကို ကျနော်ပေးအပ်လိုက်သည်။ ဂျပန်ပြည်သို့ (ဖော်မိုဆာကျွန်း) စစ်ပညာသင်ကြားရန် ဂျပန်စစ်ရေငုပ်သင်္ဘောဖြင့် လက်နက်ယူရန် ကျနော့်အား ရွေးချယ်ထားပြီးဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ရပ်များကို သခင်တင်မြတို့အား ကျနော်မေးရတော့၏။ သခင်တင်မြတို့က ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းကြီး၏ကျောင်းအုပ်ဆရာကြီး ဦးရွှေကျော် (ယခု အငြိမ်းစား အမျိုးသားမှတ်ပုံတင်နှင့် လူဝင်မှုကြီးကြပ်ရေးမင်းကြီး)အိမ်သို့လိုက်လာခဲ့ရေး ယင်းဆရာကြီးအိမ်သို့ရောက်လျှင် ပုသိမ်မြို့ မြေအောက်တော်လှန်ရေးအဖွဲ့နှင့် ဆရာကြီးအဆက်ရှိရာ ၎င်းတို့က ဂျပန်ရေငုပ်သင်္ဘောဖြင့် သွားရေးကို စီစဉ်ပေးမည်ဟု ပြောကြသည်။ သခင်တင်မြတို့နှင့် ကျနော် တရွတ်သချိုင်းမှမိမိတို့ အိမ်သို့ပြန်ခဲ့ကြသည်။ မကြာမီ ကိုသိန်းအောင်တို့ ရန်ကုန်သို့ ပြန်သွားခဲ့ကြသည်။

## ဂျာလာကိုဘတ်သင်္ဘောကြီးကို နောက်ဆုံးတွေ့ရခြင်း

စစ်တွေခရိုင် မြေအောက်တော်လှန်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီးပြီ၊ ဖော်မိုဆာသို့သွားရေး၊ ဂျပန်စစ်ရေငုတ်သင်္ဘောဖြင့် လက်နက်ယူရေးလည်း စီစဉ်ပြီးပြီ ကိုမြ ရန်ကုန်ပြန်ရေးကို အပူတပြင်းစီစဉ်ရ၏။ ကာလကတ္တား၊ စစ်တွေ၊ ရန်ကုန်တို့သို့ ပြေးဆွဲနေသော ဂျာလာကိုဘတ် စသောပင်လယ်ကူးသင်္ဘော၏ကိုယ်စားလှယ် ဦးဘမောင်၏သား မောင်သန်းစိန် (ယခု ရန်ကုန်မီးရထားရုံး)မှာ ကျနော်တို့ကျောင်းသား သံမဏိအဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်သဖြင့် ရန်ကုန်သင်္ဘောလက်မှတ်ကို လွယ်လင့်တကူရခဲ့သည်။ ကိုမြအား သင်္ဘောဆိပ်တွင် ဘမ်းက ဝိုင်းလုရန် ကျနော်စီစဉ်သည်။ ကျနော်နှင့် လူငယ်တစ်ဆယ်ကျော်ခန့် လူစုခွဲပြီး ကိုမြအား ဂျာလာကိုဘတ်သင်္ဘောပေါ် အရောက်ပို့ကြသည်။ သင်္ဘောထွက်သည်အထိ ရင်တမမနှင့် ကျနော်တို့ စောင့်ရှောက်ကြရသည်။ ဂျာလာကိုဘတ် ပင်လယ်ကူးသင်္ဘောကြီးသည် ယခုစစ်တွေအကောက်ခွန် ဖောင်တော်ကြီး ထက်ရှည်လျားသော ပင်လယ်ကူးသင်္ဘောကြီးဖြစ်သော်လည်း ယခုလက်ရှိ ဖောင်တော်ကြီးကို ဆိုက်ကပ်ပြီး လူများ ဝန်များ တင်နိုင်သည်၊ ဂျာလာကိုဘတ်နှင့် ကိုမြ စစ်တွေကုလားတန်မြစ်ဝမှထွက်ပြီး ကွယ်သွားမှ ကျနော်တို့လူစုပြန်ခဲ့သည်။ မကြာမီ ဒုတိယကမ္ဘာစစ်မီး ကျနော်တို့အား လောင်ကျွမ်းလာပြီး ဤဂျာလာကိုဘတ်သင်္ဘောကြီးကို နောက်ဆုံးမြင်ခြင်းဖြင့် မြင်ခဲ့ရသည်ကို ကျနော်သိပင်မသိခဲ့၊ အိပ်မက်ပင် မမက်ခဲ့ပေ။

## သေနတ်. . . သေနတ်

တော်လှန်ရေးကို ကာယကံမြောက် ဆင်နွှဲမည်ဆိုလျှင် သဘာဝအလျောက် သေနတ်များ၊ လက်နက်ခဲယမ်းမီးကျောက်များ လိုကြောင်းကို တော်လှန်ရေးသမားတိုင်း အသိဖြစ်သည်။ ယခု ကျွန်တော်တို့လည်း ဗြိတိသျှနယ်ချဲ့စနစ် တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးကို ထမ်းဆောင်ရန်ဖြစ်နေရာ သေနတ်များမှာ လက်ငင်းလိုနေသောပြဿနာဖြစ်၏။ ထိုစဉ်က စစ်တွေ ကျေးလက် ဝါဘိုစပါးထားရွာနေ ဦးခွီးချေမှာ ခြောက်လုံးပြူးသေနတ်လုပ်တတ်သူအဖြစ် နာမည်ကြီးနေရာ ဦးပညာသီဟနှင့် ကျနော်တို့ ဦးခွီးချေအား ခေါ်ပြီး တန်ခိုးကျောင်းတွင် လျှို့ဝှက်ဆွေးနွေးကြသည်။ ဦးခွီးချေမှာ နာမည်ကြီးသလို ခြောက်လုံးပြူး မလုပ်တတ်၊ ခြောက်လုံးပြူးကျည်ဆံဖြင့် ပစ်နိုင်သော တစ်ချက်ပေါက်သေနတ်သာ လုပ်တတ်သူ ဖြစ်နေသည်။ ယင်းကြောင့် ဦးခွီးချေထံမှ သေနတ်ရရေးကို လက်လျှော့လိုက်ရသည်။

ဦးခွေးချေထံမှ လက်နက်ရရေး မကြိုးစားမီ လအနည်းငယ်ခန့်က မျိုးချစ်ကျော်ဦး၊ ဝက်ဖြူ ဦးကျော်သာနှင့် ကျနော် ခြောက်လုံးပြူးသေနတ်တစ်လက်ရရှိရေးကို အားတက်သရော ကြိုးစားခဲ့ပြီ။ မျိုးချစ်ကျော်ဦး(ဖဆပလ အစိုးရခေတ်က စစ်ဘက်နှင့် မြို့ပြအုပ်ချုပ်ရေးဘက် နှစ်ဘက်စလုံးကို ချုပ်ကိုင်နိုင်ရေးအတွက် အထူးမင်းကြီး၊ အထူးအရေးပိုင် ခန့်ထားခဲ့သည်၊ ထိုစဉ်က ရခိုင်တိုင်းတွင် ဦးညိုထွန်း အထူးမင်းကြီး တာဝန်ထမ်းပြီး မျိုးချစ်ကျော်ဦး စစ်တွေခရိုင် အထူးအရေးပိုင်အဖြစ် တာဝန်ထမ်းခဲ့သည်။ ရသေ့တောင်မြို့တွင် သေနတ်အပစ်ခံရပြီး သေဆုံးသွားသည်၊) ဝက်ဖြူကျော်သာ (ယခု ဝါယာလက်အော်ပရေတာ) တို့နှင့် ကျနော်ပူးပေါင်းပြီး ပုလိပ်ရဲဌာနအုပ် (ယခုပြည်သူ့ရဲ ဒုလုံခြုံရေးမှူး) တစ်ဦး၏ခြောက်လုံးပြူးကို ရသလိုယူရန် စီစဉ်ခဲ့သည်။ မျိုးချစ်ကျော်ဦး၏ဘခင်မှာ စစ်တွေမြို့မ ရဲဌာန၏ စာရေးကြီးဖြစ်ပြီး သူမှာ ယခုမင်းဘာကြီးလမ်းရှိ ရဲသားအိမ်များ၊ ရဲဌာနအုပ်အိမ်များကို အချိန်မရွေး ဝင်ထွက်နိုင်သူဖြစ်သည်။ သူက တိတိကျကျ လက်ထောက်ချပေးရန်

တာဝန်ယူသည်။ ရဲဌာနအုပ်အိမ်မှ ခြောက်လုံးပြူး သေနတ်ကို ရသလိုယူရန် ဝက်ဖြူဦးကျော်သာနှင့် ကျနော်က တာဝန်ယူသည်။ ခြောက်လုံးပြူးသေနတ်တစ်လက်ရရေးအတွက် တရေးမှမအိပ်ဘဲ တပတ်ခန့်ကြိုးစားကြသည်။ အောင်မြင်မှုမရခဲ့၊ မိုးသည်းထန်စွာရွာသောညဥ့်များကြောင့် ဝက်ဖြူဦးကျော်သာ သေလုမျောပါး အအေးပတ်ဖျားနာရောဂါ (နမိုးနီးယား)ဖြစ်ခါ သေနတ်ရရေးကို လက်လျှော့လိုက်ရသည်။ ခြောက်လုံးပြူးသေနတ်ရလျှင် လက်စွန်လက်ဖျား၊ နယ်စွန်နယ်ဖျားတွင် အဆက်အသွယ်မဲ့ အကူအညီမဲ့ဖြစ်နေသော ပုလိပ်ကင်းဂိတ်ငယ်များကို အလစ်ဝင်စီးရန် စီစဉ်ထားသော ကျနော်တို့လုပ်ငန်းစဉ်မှာလည်း သဲထဲရေသွန်သလို ဖြစ်သွားခဲ့ရသည်။

### ပုသိမ်သို့ ဒလကြမ်း ချီရပြီ

အမျိုးမျိုးဒုက္ခဆင်းရဲခံသော်လည်း ခြောက်လုံးပြူးသေနတ်တစ်လက်ပင် မရဖြစ်ခဲ့ရာ ကိုသိန်းအောင်၊ သခင်တင်မြတို့နှင့် သဘောတူခဲ့သည့်အတိုင်း ပုသိမ်မြို့သို့ ကျနော်သွားရန် စီစဉ်ရသည်။ ဦးပညာသီဟအပါအဝင် ကျနော်တို့မြေအောက်တော်လှန်ရေးခေါင်းဆောင်စု လျှို့ဝှက်စွာအထပ်ထပ်အလီလီ ခေါင်းချင်းရိုက်ကြသည်။ ရှေ့လုပ်ငန်းစဉ်ကို အကြိတ်အနယ်ဆွေးနွေးကြသည်။ ၁၃၀၀-ပြည့်အရေးတော်ပုံကြီးအတွင်း ကျနော်တို့၏ ကျောင်းသားသပိတ်အတွေ့အကြုံကို စံနမူနာယူပြီး တဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ကို စီစဉ်ကြသည်၊ ပုသိမ်မြို့သို့ သွားရာတွင် ကျနော်အဖမ်းခံရ၍ဖြစ်စေ၊ အသက်သေသွား၍ဖြစ်စေ ကျနော်ကျဆုံးသွားပါက လုပ်ငန်းစဉ်များ ဆက်လက်လုပ်နိုင်ရန် အသေးစိပ်ရေးဆွဲကြသည်။

ရှေ့လုပ်ငန်းစဉ်များကို အသေးစိပ်စီစဉ်ပြီးကြပြီ။ စစ်တွေခရိုင်တွင်းရှိ နယ်ကျောင်းသားများအား ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးကိစ္စ၊ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ကိစ္စတို့ကို ရှင်းပြရေးအတွက် မြို့နယ်များသို့ သွားကြရန် ကျနော်တို့ တာဝန်ခွဲယူကြသည်။ မြို့ဟောင်းမြို့သို့သွားရန် ကျနော်တာဝန်ကျ၍ မြို့ဟောင်းမြို့သို့ ကျနော်သွားခဲ့သည်။ ယုံကြည်စိတ်ချရသော မြို့ဟောင်းမြို့ပေါ်ရှိ ကျောင်းသားခေါင်းဆောင်အချို့ကို ကျနော်တို့လုပ်ဆောင်လျက်ရှိသော လုပ်ငန်းဆောင်တာများကို အသေးစိပ်ရှင်းပြပြီး ကျောင်းသားထုအစည်းအဝေးတွင် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကြောင့် တိုင်းပြည်တွင် အလုပ်လက်မဲ့ခြင်း၊ လယ်မဲ့ခြင်း၊ စာမတတ်ခြင်း၊ ငတ်ပြတ်ခြင်း၊ ရောဂါထူခြင်းစသော အနိဋ္ဌာရုံများဖြစ်နေရာ လွတ်လပ်ရေးရလျှင် အေးချမ်းသာယာဝပြောသော နိုင်ငံဖြစ်မည်ဟူသော သဘောတရားများ၊ ကျောက်သားထုဥဈောက်ထဲသို့ရောက်အောင် လှုံ့ဆော်စည်းရုံးပေးမည်မှာ ကျနော်တို့တာဝန် မဟုတ်ပါလား။

နယ်ကျောင်းသားများကိစ္စကို ၅-ရက်ခန့်အတွင်း အပြီးလုပ်ပြီး ပြန်လာရန် ချိန်းဆိုထားကြသည့်အတိုင်း စစ်တွေမြို့တွင် ကျနော်တို့ခေါင်းဆောင်စု ပြန်လည်ရောက်ရှိကြပြီ။ နယ်အသီးသီး၏အတွေ့အကြုံများကို လျှို့ဝှက်စွာဆွေးနွေးပွဲတွင် တစ်ယောက်တစ်ယောက်စီတင်ပြ ဆွေးနွေးသွားကြပြီ။ နယ်အသီးသီးရှိကျောင်းသားလူငယ်များ၏ ဇာတိသွေး ဇာတိမာန်တက်နေသော လုပ်ရဲကိုင်ရဲသောဘဝများကို လေ့လာတွေ့ရှိခဲ့ရသော ကျနော်တို့မှာ အားရကျေနပ် နှစ်သိမ့်လျက်ရှိကြ၏။

ဂျပန်ဖော်မိုဆာအထိသွားပြီး စစ်ပညာသင်ကြားရေးနှင့် လက်နက်ကူညီဆံရရှိရန်အတွက် ကျနော်ပုသိမ်သို့သွားရန် ငွေကြေးစုဆောင်းကြသည်၊ ငွေကြေးမပြည့်စုံလျှင် ပေါင်ရိုးပေါင်စဉ်အတိုင်း ကျနော်တို့ကျောင်းသားခေါင်းဆောင်စု၏ ပိုးလုံချည် နှင့် ဖောင်တိန်များကိုလည်း အပေါင်ဆိုင်တွင် ပေါင်နှံရ၏။ ကျနော်၏လတ်ဆတ်သောပိုးလုံချည်တစ်ထည်နှင့် ဖောင်တိန်တစ်ချောင်းလည်း ပေါင်နှံလိုက်သော ပစ္စည်းများစာရင်းတွင် ပါဝင်သွားပြီ၊ ရနိုင်သမျှငွေ ကျနော်လက်ထဲရောက်ပြီ။ အငတ်ငတ်အပြတ်ပြတ်ခံပြီး ချိုးခြံယင်း ငွေအနည်းငယ်ဖြင့် ဂျပန်ဖော်မိုဆာကျွန်းအထိ သွားရန်မှာ ကျနော်၏တာဝန်ပင်ဖြစ်လျက်ရှိပြီ။ ဤသို့ ငွေကြေးစုနေစဉ်အတောအတွင်း ဦးပညာသီဟအား ကျနော်လျှို့ဝှက်စွာတွေ့ပြီး ရှေ့လုပ်ငန်းစဉ်အသေးစိတ်အချက်များ အထူးသဖြင့် ဗြိတိသျှနယ်ချဲ့ဩဇာ တိုက်ရိုက်မသက်ရောက်သော ကျေးလက်တောရွာတွင် အခြေခံရအောင် သေချာစွာ စည်းရုံးရေးကိစ္စကို အထပ်ထပ်ဆွေးနွေးသည်၊ ကျနော် မင်းပြားမြို့သို့ မီးသင်္ဘောဖြင့် လိုက်သွား၏။ မင်းပြားသို့ ရောက်လျှင်ရောက်ချင်း မင်းပြားမြို့ရှိ ကျောင်းသားခေါင်းဆောင်စုကို ကျနော်တွေ့ဆုံဆွေးနွေးသည်၊ ညဥ့်ပိုင်းမြစ်ရေကျချိန်တွင် ငှက်သမ္ဗာန်တစ်စင်းရရေးကို လျှို့ဝှက်စွာ စီစဉ်ထားရန် ကိုဝေကျော် (ရန်ကုန်တက္ကသိုလ် ကောလိပ်ကျောင်းသားဖြစ်ပြီး ကျနော်၏အသဲချင်းဆက်နေသော မိတ်ဆွေတစ်ဦးဖြစ်သည်။ မောင်ကွာရွာရှိ ချင်းအမျိုးသားများ လုပ်ကြံသတ်ဖြတ်ရာတွင် အလံနီကွန်မြူနစ်ပါတီ အဖွဲ့ဝင် ရခိုင်အောင်လင်း၊ ရခိုင်မင်းလွင် စသူတို့နှင့်အတူ သတ်ဖြတ်ခံသွားရသူ ဖြစ်သည်) အား ပြောထားလိုက်သည်။ ကိုဝေကျော်စီစဉ်ပေးချက်အရ ယင်းနေ့ညဥ့် မြစ်ရေကျချိန်တွင် မင်းပြားမြို့မှ ကျနော်ခြေရာဖျောက်ပြီး ထွက်ခွာလာခဲ့ရသည်။

ထိုအချိန်က ကျနော်မှာ အလွန်တရာ ဘေးကြပ်နံကြပ်ဖြစ်နေသော အချိန်ကာလဖြစ်သည်။ ကျနော်၏ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး တရားပွဲများနှင့် လုပ်ရပ်များကို အကြိမ်ကြိမ်အထပ်ထပ် လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် ဗြိတိသျှလက်ပါးစေ ပုလိပ်များနှင့် စုံထောက်များ၏မျက်ခြေမပြတ် ကြည့်ရှုနေခြင်း ခံရသူတစ်ဦးလည်း ဖြစ်သည်။ ယင်းအပြင် ထိုစဉ်က နိုင်ငံရေး

ဩဇာ လွှမ်းမိုးနေသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ ခေါင်းဆောင်ကြီးများက "အစိမ်းရောင်အမည်ပါ မီးလောင်မခံနိုင်"ဆိုသောစကားလုံးဖြင့် ကိုသိန်းအောင်၊ သခင်တင်မြတို့၏ ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးအတွက် ဖွဲ့စည်းသော မြေအောက်တော်လှန်ရေးအဖွဲ့သို့ မဝင်ရန် ကျနော်အား တားမြစ်ပါလျက်နှင့် ယင်းမြေအောက်တော်လှန်ရေး၏ ခေါင်းဆောင်အဖြစ် တာဝန်ယူလိုက်သော ကျနော်အား ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသား အစည်းအရုံးက သရဲသဘက်ကဲ့သို့ သဘောထားကာ ကျနော်၏လှုပ်ရှားသွားလာမှုကို အမြဲအကဲခတ်လျက်ရှိနေကြသည်။ ရန်စရေးထိ ပြုလာကြသည်။ ဗြိတိသျှနယ်ချဲ့ပုလိပ်နှင့် စုံထောက်များအား မျက်ခြေပြတ်သွားအောင် ကျနော်တို့ ဉာဏ်ထွင်နိုင်သလောက် မြွေမြွေချင်း ခြေမြင်နေကြသော ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသား အစည်းအရုံး၏ထောက်လှမ်းမှုကိုကား ကျနော်တို့ ရှောင်တိမ်းမလွတ်နိုင်ကြတော့ပေ။

ကိုဝေကျော် စီစဉ်ပေးသော ကုလားအမျိုးသားတစ်ဦးတည်း လှေတက် ၂-စင်းကို တစ်ပြိုင်တည်းလှော်ခတ်သော လှေနှစ်ဦးခန့်သာ ထိုင်စီးနိုင်သည့် ငှက်သမ္ဗာန်ငယ်တွင် ထိုင်ရင်းငိုက်ရင်းလာခဲ့ရာ နံနက်အာရုဏ်တက်ခန့်တွင် ဦးစိန္တာ၏ ကျောက်နွားရွာ(ကျောက်ဖြူခရိုင် မြေပုံမြို့နယ်ကျောက်နွားရွာ) သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးသဘောထားနှင့်တကွ ဦးပညာသီဟနှင့် ကျနော်တို့ စီစဉ်ထားလျက်ရှိသော လုပ်ငန်းဆောင်တာများကို ဦးစိန္တာအား ကျနော်အသေးစိတ်ရှင်းပြသည်။ ဦးစိန္တာဝမ်းမြောက်စွာ ယင်းလမ်းစဉ်နှင့် လုပ်ငန်းစဉ်များကို လက်ခံသည်။ ကျနော်အားလည်း ငွေကြေးကူညီသည်။ ကျောက်နွားရွာအပါအဝင် ကြာအင်းတောင်တိုက်နယ်ကို အခြေခံစခန်းအဖြစ် စည်းရုံးထားရန်ကိုလည်း ဦးစိန္တာတာဝန်ယူသည်။ ဆရာတော်ဦးစိန္တာ၏စီစဉ်ပေးသည့်အတိုင်း မြေပုံမြို့တွင် ညဥ့်အချိန်ဆိုက်ကပ်ထားပြီး နံနက်လင်းသည်နှင့်တစ်ပြိုင်နက် သံတွဲမြို့သို့သွားမည့် အာရက် ဖလိုတီးယားမီးသင်္ဘောပေါ်သို့ ဘေးမသီရန်မခဘဲ ကျနော်ရောက်ရှိသွားသည်။

ထိုစဉ်က ရခိုင်ပြည်တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ရပ်လုံးကို အင်္ဂလန်ကျွန်းမှ မျက်နှာဖြူများ၏ အစုရှယ်ယာများဖြင့် အာရက် ဖလိုတီးယားကုမ္ပဏီဟူ၍ တည်ရှိခဲ့သည်။ ယင်းကုမ္ပဏီက ရခိုင်စကားကို ရခိုင်ကဲ့သို့ ပြောနိုင်ပြီး ရခိုင်အကြောင်းကို ကောင်းကောင်းသိသော မစ္စတာဟန်းကွတ်ဆိုသော အင်္ဂလိပ်မျက်နှာဖြူ အုပ်ချုပ်လျက်ရှိခဲ့သည်။ လိမ္မာပါးနပ်သော မစ္စတာဟန်းကွတ်သည် ဆရာတော်ဦးပညာသီဟနှင့် ဆရာတော်ဦးစိန္တာတို့အား တပည့်တစ်ဦးအပါအဝင် ယင်းဆရာတော်တို့အား သူတို့ပိုင်မီးသင်္ဘောတွင် အထူးပြုထားသောအခန်း (cabin) ဖြင့် မည်သည့်နေရာထိမဆို အခမဲ့စီးနိုင် ခွင့် လက်မှတ်ကပ်လှူပူဇော်ထားသည်။ ဆရာတော် ဦးပညာသီဟ၏နယ်ထွက်သွားလာရေးတွင် ကျနော်ယင်းမီးသင်္ဘောများဖြင့် အကြိမ်ပေါင်းများစွာ သွားလာဘူးခဲ့ခြင်းကြောင့်လည်းကောင်း၊ ကျနော်ကိုယ်တိုင် ကျောင်းသားများကိစ္စ နိုင်ငံရေးကိစ္စများကြောင့် အကြိမ်ကြိမ်သွားလာခဲ့ဘူးခြင်းကြောင့်လည်းကောင်း၊ မီးသင်္ဘောစာရေးများမှာ ကျနော်နှင့် ရင်းနှီးသိကျွမ်းသူများ ဖြစ်ကြသည်။ ဆရာတော်ဦးစိန္တာစီစဉ်ပေးလိုက်သည့်အတိုင်း လှေငယ်ဖြင့် တိုက်ရိုက်ကပ်၍ ကျနော်ညဥ့်အချိန်မတော် တက်လာခဲ့သောမီးသင်္ဘောတွင်လည်း ကျနော်၏အသိအကျွမ်း သင်္ဘောစာရေး ဦးမောင်လှကျော် ဖြစ်နေသည်။ ယင်းကြောင့် ဦးမောင်လှကျော်၏ သင်္ဘောစာရေးခန်းကို ကျနော်ဝင်ထွက်သုံးစွဲခွင့်ရသွား၏။ ကျနော်ခြေရာဖျောက်ခဲ့သည့်အတိုင်း မြေပုံမြို့ကလည်း ကျနော်သံတွဲသွားသည်ကို တစ်ဦးမျှမတွေ့လိုက်ကြ၊ မသိလိုက်ကြချေ။

မြေပုံမြို့မှ ထွက်ခွာသော မီးသင်္ဘောနှင့် ညဥ့်အိပ်ပြီး သံတွဲမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ပြီ။ ထိုခေတ်က တက္ကသိုလ်ကျောင်းသားများ ရှားပါးသောခေတ် ဖြစ်သဖြင့် သံတွဲမြို့ရှိ တက္ကသိုလ်ကောလိပ်ကျောင်းသား ကိုကျော်ရင် (ကွယ်လွန်ခဲ့သော မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်) ကို အလွယ်တကူ ရှာတွေ့သည်။ ကိုသိန်းအောင်၊ သခင်တင်မြ၊ ကိုမြတို့၏ ပြောခဲ့သောစကားများအရ ကိုကျော်ရင်မှာ သံတွဲခရိုင် မြေအောက်တော်လှန်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သည်ကို ကျနော်သိခဲ့ပြီးဖြစ်သည့်အတိုင်း ကိုကျော်ရင်အား ကျနော်၏အမည်နှင့်တကွ ကျောင်းသားများ သပိတ်မှစပြီး ယနေ့မြေအောက်တော်လှန်ရေးလုပ်ငန်းတွင် လုပ်ဆောင်လျက်ရှိသော ကျနော်၏လုပ်ဆောင်ချက်များကိုလည်းကောင်း၊ ယခုပုသိမ်သို့သွားပြီး ဂျပန်ဖော်မိုဆာကျွန်းထိ သွားမည့်ကိစ္စရပ်များကို တင်ပြလိုက်သည်။ ကိုကျော်ရင်၏ စီစဉ်ပေးချက်အရ သံတွဲမြို့ နေအိမ်တစ်အိမ်တွင် ခေတ္တတည်းခိုနေထိုင်ခဲ့ရသည်။

ကိုကျော်ရင်နှင့် ကျနော်လုပ်ငန်းစဉ်များကို နှစ်ကြိမ် သုံးကြိမ် လျှို့ဝှက်ဆွေးနွေးကြသည်။ ကိုကျော်ရင်နှင့် ဆွေးနွေးရသည်မှာ အားရကြေနပ်စရာများ ရပြီဖြစ်သဖြင့် ခရီးသည်တင် မော်တော်ကားဖြင့် ဂွမြို့သို့ နေ့ချင်းပေါက် ကျနော်လာခဲ့သည်။ ဂွမြို့တွင် ကျနော်၏ ဆွေမျိုးရင်းချာ ဖြစ်သော (Sub Inspector of Excise) ယစ်မျိုးအုပ် ဦးရွှေထွန်းအောင်(ယခု ယစ်မျိုးမှူးအဖြစ်မှ အငြိမ်းစားယူသွားပြီး စစ်တွေမြို့ အိုးတန်းရပ်ကွက်တွင် နေထိုင်လျက်ရှိသည်) အိမ်တွင် တည်းခိုနေထိုင်လိုက်သည်။ ဦးရွှေထွန်းအောင်၏ ကူညီစီစဉ်ပေးချက်အရ ဂွမြို့မှ ဘော်မီး၊ သဲဖြူစသောစခန်းများကို တစ်နေ့ကုန်တစ်နေ့ခန်း ခြေလျင်ဖြတ်

ပြီး လှေတစ်တန် ခြေတစ်လှဲ့ဖြင့် ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးရွှေကျော်နေအိမ်သို့ ကျနော် ရောက်သွားသည်။

ဆရာကြီး ဦးရွှေကျော်မှာ ယခင်က ကျနော်နှင့် အကျွမ်းဝင်ဘူးသူမဟုတ်ပေ။ သို့သော် ဆရာကြီးဦးရွှေကျော်၏ဇနီး၏ မောင်ငယ်များဖြစ်ကြသော မောင်စောအောင်နှင့် မောင်ကျော်နုတို့မှာ ကျနော်၏ရင်းနှီးခင်မင်သော သူငယ်ချင်းများဖြစ်ကြသဖြင့် ဆရာကြီးဦးရွှေကျော်အား ကျနော်၏ကျောင်းသားသပိတ်လုပ်ငန်းမှစ၍ ယခုလာရောက်ရသောကိစ္စကို ကျနော် အသေးစိတ်တင်ပြသည်။ ဆရာကြီးက ကျနော်ကဲ့သို့ ဖော်မိုဆာကျွန်းသို့သွားရန် ပုသိမ်မြို့မှ စီစဉ်ထားသူများလည်းရှိသဖြင့် ၎င်းတို့နှင့်အတူတူသွားရေးအတွက် စောင့်ဆိုင်းနေရမည်။ သူ့နေအိမ်တွင်ပင် မသွားရသည်အထိ စောင့်ဆိုင်းနေရန်ပြောပြီး ကျနော်အား ကောင်းစွာနေရာထိုင်ခင်းပေးပြီး ကောင်းစွာကျွေးမွေးပြုစုပေးသည်ကို ကျနော်၏တစ်သက်တွင် ဘယ်တော့မှ မေ့ဘွယ်မရှိပါ။ မျိုးချစ်စိတ်ဓါတ်နှင့် ဇာတိသွေး ဇာတိမာန်ရှိသော ဆရာကြီးသည် နိုင်ငံရေးအရ လုပ်ရဲကိုင်ရဲသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သော်လည်း စိတ်သဘောထား မွန်မြတ်သူတစ်ဦးဖြစ်သဖြင့် ကျနော့်အား အမြဲအားပေး အားမြှောက်ပြုခြင်း၊ ဆွေးနွေးခြင်းများကို နေ့စဉ်လိုလိုပြုပေးခဲ့သည်။

## လက်ချည်းသက်သက်ပြည်တော်ပြန်ရခြင်း

ကျနော်တို့အား ဂျပန်ဖော်မိုဆာကျွန်းသို့ သွားရေးနှင့် လက်နက်များရရေးအတွက် ဂျပန်ရေငုတ်သင်္ဘောသို့သွားရန် တစ်နေ့သွားရနိုးနိုးဖြင့် ဆရာကြီး နေအိမ်တွင် ကျနော်စောင့်ဆိုင်းနေရသည်။ ရက်များတစ်နေ့ပြီး တစ်နေ့ ကုန်သွားခဲ့သည်။ ကျနော်မြှော်လင့်ကြီးစွာ စောင့်ဆိုင်းနေသော ဂျပန်ဖော်မိုဆာသွားရေးမှာ အကောင်အထည် ဖြစ်မလာခဲ့သေးချေ။ ဆရာကြီး ဦးရွှေကျော်ထံမှ ဝမ်းနည်းဘွယ်ရာစကားကိုသာ ကြားရလေတော့သည်။ ဆရာကြီးက "ဖော်မိုဆာသွားရန်မလိုတော့ပြီ။ ဗြိတိသျှတို့ စကၤာပူစစ်စခန်းကို အင်အားဖြည့်ရန်လာခဲ့သော ဗုန်းဒဏ်ခံနိုင်သည့် ပရင့်စ်အော့ဝေလ်စစ်သင်္ဘောကြီးကို ဂျပန်တို့ နှစ်မြှုပ်ပစ်ခဲ့ပြီ။ ဗြိတိသျှအစိုးရ၏ စကၤာပူစစ်စခန်းကြီးလည်း မလှုပ်နိုင်ဖြစ်သွားပြီ။ ယခင်အစီအစဉ်အတိုင်း မဟုတ်တော့ဘဲ ယခုအစီအစဉ်သစ်သို့ ပြောင်းသွားပြီ။ ယခု သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)တို့ ဂျပန်တပ်များနှင့် ပူးပေါင်းပြီး ယိုးဒယား (ယခု ထိုင်းနိုင်ငံ)မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်တော့မည်"ဟု အဓိပ္ပါယ်ရသောစကားကို ဆရာကြီးပြောသွား၏။

ဦးခွီးချေဖြင့် မြောက်လုံးပြူးလုပ်ရေး မအောင်မြင်ခဲ့သလို စစ်တွေရဲဌာနအုပ်တစ်ဦးထံမှ ခြောက်လုံးပြူးကို ရသလို ယူရေး မအောင်မြင်ခဲ့သလို ကျနော်ဖော်မိုဆာသို့သွားရေးနှင့် လက်နက်များ ရရေးမှာလည်း မအောင်မြင်ဘဲ လက်ချည်း သက်သက်ဖြင့် ကျနော်ပြည်တော်ပြန်ခဲ့ရလေသည်။

## ထောင်လွတ် ထောင်ကျများနှင့် ရောထွေးရခြင်း

ပုသိမ်မြို့မှ ဂွမြို့သို့ ကျနော်သွားခဲ့သောလမ်းအတိုင်း ပြန်လည်သည်။ ဂွမြို့တွင် ဦးရွှေထွန်းအောင် အိမ်တွင်ပင် တည်းခိုရပြန်သည်၊ ကျနော်၏လိုလားသမျှကို မငြီးငြင်ဘဲ ဦးရွှေထွန်းအောင် ကူညီသည်၊ သံတွဲသို့ ဘေးအန္တရာယ်မရှိဘဲ ရောက်အောင် ပို့ပေးသည်။ သံတွဲကိုကျော်ရင်နှင့် ဒုတိယအကြိမ် တွေ့ဆုံရပြန်သည်။ ကိုကျော်ရင်အား ကျနော် ပုသိမ်မှ ရရှိခဲ့သောသတင်းများနှင့် ဖြစ်ရပ်များကို အသေးစိပ်ရှင်းပြသည်။ ကိုကျော်ရင်က ဗြိတိသျှအုပ်ချုပ်ရေးသည် ယခုများစွာ ကြမ်းကြုတ်လျက်ရှိပြီ၊ ပြန်ရေးကိစ္စကို သူစီစဉ်ပေးမည်။ ယခု သူထားသောနေအိမ်တွင် ပုန်းလျှိုးဝှက်နေထိုင်ရန်ပြောချက်အရ ကိုကျော်ရင်စီစဉ်ပေးသော သံတွဲချောင်းကမ်းနားရှိ နေအိမ်တစ်အိမ်တွင် ပုန်းလျှိုးနေထိုင်ရပြန်သည်။ ရခိုင်ပြည်သို့ ရောက်ဘူးသူဟူသမျှ သိပြီးဖြစ်သည့်အတိုင်း ရခိုင်ပြည်တွင် တစ်နေရာမှ တစ်နေရာသို့ သွားလာရေးမှာ ရေကြောင်းခရီးကို အသုံးပြုရရာ သံတွဲမှစစ်တွေပြန်ရေးအတွက် အခက်အခဲကြုံလျှက်ရှိရသည်။ သို့သော် အကြောင်းတိုက်ဆိုင်လာခဲ့ရာ ဗြိတိသျှအုပ်ချုပ်ရေး ယိမ်းယိုင်လာပြီဖြစ်သဖြင့် သံတွဲထောင်မှ ထောင်ကျအကျဉ်းသမားများကို လွှတ်ပေးခဲ့ရသည်။ ထိုလွှတ်လာသောအကျဉ်းသမားများနှင့်အတူ ရောနှောပြီး မီးသင်္ဘောဖြင့်ပင် ကျနော်စစ်တွေသို့ ပြန်ခဲ့၏။ ပုသိမ်သို့သွားရာတွင် မြေပုံမြို့မှ သံတွဲထဲ သင်္ဘောစာရေးခန်းကို အသုံးပြုခဲ့သလို သံတွဲမှစစ်တွေသို့ပြန်ရာတွင်လည်း သင်္ဘောစာရေးခန်းကိုပင် အသုံးပြုလိုက်ရသဖြင့် ကျနော် စစ်တွေသို့ ချေမောစွာရောက်ရှိသွားခဲ့၏။

## ဘုံပေါက်သာကျော် လူမိုက်လော

စစ်တွေမြို့သို့ ပြန်ရောက်ချိန်တွင် ၁၉၄၀-၄၁ ခုနှစ်တွင် ကျင်းပခဲ့သော ကျောက်တော်မြို့ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ညီလာခံ၏ ဆွေးနွေးပွဲထဲမှ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော မျိုးချစ်ကျော်ဦးကို ဖမ်းဆီးခဲ့ပြီ။ ထိုနှစ်တစ်ဆက်တည်း အခြားခေါင်းဆောင်တစ်ချို့ကိုလည်း ဖမ်း၍မျိုးချစ်ကျော်ဦးနှင့်အတူ အိန္ဒိယကူမီလာ

ထောင်သို့ ပို့ထားခဲ့ပြီ။ ကျနော့်အားလည်း ဖမ်းဆီးရန်ဖြစ်ကြောင်း သိခဲ့ရသည်။ အဘမ်းခံမည်လော၊ တော်လှန်ရေးလုပ်မည်လောဟူသော လမ်းခွဆုံသို့ ကျနော်ရောက်နေခဲ့၏။

၁၃၀၀-ပြည့်အရေးတော်ပုံကြီးတွင် ကျောင်းသားသပိတ်အတွေ့အကြုံနှင့် တဆက်တည်း တွေ့ကြုံခဲ့ရသော ကျနော်၏ အတွေ့အကြုံအရ လူလိမ္မာ၊ လူနတ်ချမ်းသာ၏ ကလိမ်ကျမှုများကို ကျနော်အထပ်ထပ် ခံလာရပြီဖြစ်သည်။ ယင်းကြောင့် ကတိတည်သော သတ္တိရှိသော လူတစ်ချို့လိုကြောင်း ကျနော်သိခဲ့သည်။ ကျနော်အထပ်ထပ် အမိဌာန်ပြုထားသော ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေး၊ လွတ်လပ်ရေးနှင့် ဇာမီဒါ မြေရှင်စနစ်ဆိုး အမြစ်ပြုတ်တိုက်ထုတ်ရေးတို့အတွက် ကတိတည်သော သတ္တိရှိသော လူတစ်ချို့ကို ၁၃၀၀ပြည့်ခန့်ကပင် ကျနော်စည်းရုံးခဲ့ပြီးဖြစ်သည်။

ဒုတိယကမ္ဘာစစ်မီးလောင်ကျွမ်းပြီး စစ်တွေမြို့သူမြို့သားများ တောလက်ကျေးရွာများသို့ ဖရိုဖရဲပြောင်းရွှေ့ရမည့် အချိန်ထိ ရန်ကုန်တွင် လမ်းမတော် ဘိုးတုတ်ခေတ်ကဲ့သို့ စစ်တွေမြို့တွင် "လူမိုက်ခေတ်" တစ်ခေတ်ထကြွခဲ့ကြောင်း ကောင်းစွာ မှတ်မိကြလိမ့်မည်။ ထိုလူမိုက်များအနက် နာမည်ကြီးလူမိုက်များမှာ "လှဖော်သူ"နှင့် "ဒုံကာ"ဆိုသူနှစ်ဦး ဖြစ်ခဲ့သည်။ "လှဖော်သူ၊ ဒုံကာ"ဆိုလျှင် စစ်တွေမြို့ တစ်ဝှမ်းလုံး အထူးသဖြင့် စစ်တွေမြို့တွင် အစည်ကားဆုံး ရပ်ကွက်ဖြစ်သော လမ်းမကြီး တစ်ဝှမ်းလုံးတွင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ခဲ့ကြသည်။ ထိုလူမိုက်များနှင့်တစ်ပြိုင်တည်း ရပ်ကွက်များတွင်လည်း "လူမိုက်"ဟု သမုတ်ခံရသူများ ရှိခဲ့သည်။ လူမိုက်ဟု သမုခ်ခံရသူများထဲတွင် ခွေးမြီးကောက်ကျည်တောက်စွပ်ဖြစ်နေသော လူမိုက်ရှိသလို မိမိ၏သတ္တိကို အရက်လောင်းပြီး မူးမူးရမ်းရမ်း ပြုနေသူများလည်း ရှိခဲ့သည်။

"လူမိုက်ဒုံကာ"ဆိုသူသည် ဇာမီဒါမြေရှင်ကြီး၊ ဘဏ်တိုက်ပိုင်ရှင်ကြီးတစ်ဦးဖြစ်သော စစ်တွေမြို့ နာမည်ကြီး သူဌေး ဦးထွန်းပေါ်၏လက်ကိုင်တုတ်ဖြစ်သဖြင့် ငွေကြေးဖြင့် အငှားခံ၍ လူသတ်နေသော လူသတ်သမားတစ်ဦးဖြစ်ခဲ့သည်။ စစ်တွေမြို့ ရပ်ကွက်တစ်ချို့တွင်ရှိသော လူမိုက်ဟု သမုတ်ခံရသူတစ်ချို့ကား သူဌေးထံ လူသတ်အငှားခံနေကြသူများမဟုတ်၊ မဟုတ်မခံ စိတ်ဓာတ်အရင်းခံပြီး မိမိ၏သတ္တိကို အရက်သေစာသောက်စားမူးယစ်ကာ ရမ်းရမ်းကားကား ပြုနေသူများ ရှိခဲ့သည်။ လူမိုက်ဟုရပ်ကွက်က သမုခ်ခံရသော်လည်း မဟုတ်မခံစိတ် အရင်းခံရှိပြီး ကတိတည်သော၊ သစ္စာရှိသော လူသုံးဦးကို ကျနော် တရင်းတနှီးပေါင်းသင်းဆက်ဆံကာ သူတို့ဦးနှောက်ထဲသို့ ဗြိတိသျှနယ်ချဲ့တိုက်ခိုက်ဖျက်ဆီးရေး၊ လွတ်လပ်ရေးသဘောတရားများကို စိတ်ရှည်ရှည်နှင့် သွတ်သွင်းခြင်း၊ စည်းရုံးခြင်းများပြုခဲ့သည်။ ယင်းသုံးဦးမှာ မောင်စောထွီး၊ မောင်စိန်ထွန်းနှင့် မြသာတို့ ဖြစ်ကြသည်။ ယင်းသုံးဦးသာ ကျနော့်အား အသက်ပေး၍ မကူညီခဲ့လျှင် ကျနော်၏ ဗြိတိသျှတိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲသည် တစ်မျိုးတစ်မည် ဖြစ်သွားနိုင်သည်၊ ဗြိတိသျှနယ်ချဲ့ "ရာဇဝတ်ပုတ်"လက်ထဲတွင် ကျနော် သေကောင်းသေနိုင်သည်။

**မောင်စောထွီး**

ကျနော်၏အဘိုး၊ အဘတို့၏ ရပ်ကွက်ဖြစ်သော စစ်တွေမြို့ ရွာပဂေါင်းရွာသားတစ်ဦးဖြစ်သည်။ ကျနော်၏ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သည်။ သူ၏ဖခင်မှာ တစ်ချိန်က စစ်တွေမြို့တွင် ထိပ်သီးလူမိုက်တစ်ဦးဟု သမုခ်ခံရသူတစ်ဦးဖြစ်ကြောင်း သိရသည်။ ကျနော်အရွယ်ရောက်၍ သူ့အိမ်သို့ ကျနော်အမြဲသွားလာနေထိုင်ချိန်တွင် သူ့ဖခင်သည် အသက်အရွယ်ကြီးနေပြီး အလွန်တရာ စိတ်အေးချမ်းသာစွာ နေထိုင်သော သားသမီးများကို အလိုလိုက်သော အဘိုးအိုတစ်ယောက် ဖြစ်နေပြီ။ မောင်စောထွီးသည် ကျွန်းမာရေးနှင့် ကာယဗလကို နှစ်ပေါင်းများစွာ လေ့ကျင့်လာသူတစ်ဦးဖြစ်ပြီး အရပ်အမောင်းကောင်း၍ သူ၏ညာလက်မောင်းကြွက်သားမှာ ၁၄-လက်မခွဲရှိသော လူသန်တစ်ဦးဖြစ်သည်။ ကျနော်နှင့် ကာယဗလ လေ့ကျင့်ဘက်လည်း ဖြစ်သည်။ သူ၏ပင်ကိုယ်စိတ်ရင်းမှာ မဟုတ်မခံ စိတ်ဓာတ်ရှိပြီး အငှားသတ်ခြင်း၊ ခိုးခြင်း စသော မဖွယ်မရာ လုပ်ဆောင်ခြင်းလည်း မရှိသူဖြစ်သည်။ မိတ်ဆွေကို ချစ်ခင်တတ်ပြီး ကတိတည်သော သတ္တိရှိသူတစ်ဦးဖြစ်သည်။ သူ့မှာအရက်သောက်စားပြီး မူးမူးယစ်ယစ် ရမ်းရမ်းကားကား မကြာခဏဖြစ်လေ့ ဖြစ်ထရှိသူတစ်ဦးဖြစ်သည်။ ကျနော် ရှင်းလင်းစွာ ဆွေးနွေးပြသော ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေး၊ လွတ်လပ်ရေးတို့ကို သဘောပေါက်လက်ခံလျက်ရှိသူဖြစ်သည်။ သူ့ကို နာမည်ကြီးလှဖော်သူနှင့် ဒုံကာတို့ကပင် မစော်ကားရဲချေ။

**မောင်စိန်ထွန်း**

ကျနော်၏မိခင်တို့ ရပ်ကွက်ဖြစ်သော စစ်တွေမြို့ ရွှေပြားတောင်ပိုင်းရွာသားတစ်ဦးဖြစ်သည်။ ကျနော့်ထက်အသက် ၄-နှစ်ခန့် ကြီးသည်။ ရွှေပန်းထိမ်လုပ်ငန်းဖြင့် အသက်မွေးမြူနေသော ရွှေပန်းထိမ်အလုပ်သမားတစ်ဦးဖြစ်သည်။ အရက်သေစာ မူးယစ်လာလျှင် ဆဲဆိုတတ်သော မကောင်းသောအကျင့်ရှိ၍ ရပ်ကွက်မှ လူမိုက်လိုလို သမုခ်ထားခြင်း ခံရသူတစ်ဦး

ဖြစ်သည်။ သူမှာ သူတစ်ပါးကိုလည်း မတရားမလုပ်သလို မိမိကို စော်ကားလာလျှင်လည်း မခံတတ်သူဖြစ်ပြီး စိတ်ရင်းကောင်းသူတစ်ဦးဖြစ်သည်။ ကတိစကားတည်ပြီး လုပ်ရဲကိုင်ရဲသူ တစ်ဦးဖြစ်သည်။ ကျနော်ရှင်းလင်းဆွေးနွေးပြသဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ကြောင့် ဆင်းရဲဒုက္ခများ ဆိုက်ရောက်မှုကို သဘောပေါက်ပြီး ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တိုက်ဖျက်ရန် သဘောတူချက် ရထားသူဖြစ်သည်။

### မြသာ

ယခု စစ်တွေမြို့ မင်္ဂလာမြိုင်ဟု နာမည်တွင်နေသော ကသဲရွာသားတစ်ဦးဖြစ်သည်။ ထိုစဉ်က ကသဲရွာမှ လူနေအိမ်ခြေ ၂၀ ခန့်သာရှိပြီး လက်လုပ်လက်စား ဆင်းရဲသားများ နေထိုင်သော ချောင်ကျကျ မြို့စွန်ရပ်ကွက်ငယ်တစ်ခု ဖြစ်ခဲ့သည်။ ကျနော်နှင့် ဆွေမျိုးတော်စပ်၍ ကျနော်ကသူ့ကို "အခင်ချေမြသာ" (ဦးရီးမြသာ)ဟု ခေါ်ဆိုခဲ့ရသည်။ ကသဲရွာ ဆင်းရဲသားရပ်ကွက်ငယ်တွင် မြသာပင်လျှင် အစစအရာရာတို့ကို ရှေ့ဆောင်ရှေ့ရွက်ပြုနေပြီး တစ်ရပ်ကွက်လုံးက လေးစားခံနေရသူဖြစ်သည်။ လက်လုပ်လက်စားတစ်ဦးဖြစ်ရာ အရက်ပုန်းလည်း ရောင်းစားနေသူဖြစ်သည်။ ကျနော်ပြောပြဆွေးနွေးပြ၍ လွတ်လပ်ရေးကို မိမိဆန္ဒအလျောက်လက်ခံထားသူတစ်ဦးလည်းဖြစ်သည်။

မီးသင်္ဘောဖြင့် သံတွဲမှစစ်တွေဆိပ်ကမ်းသို့ ရောက်လျှင်ရောက်ချင်း ကျနော်ကသဲရွာဘက်သို့ သုတ်ခြေတင်ခဲ့သည်။ ယင်းနေ့ညဉ့်ပင်လျှင် တန်ခိုးကျောင်းရှိ ဦးပညာသီဟနှင့် လျှို့ဝှက်သွားရောက်ဆွေးနွေးခဲ့သည်။ ပုသိမ်အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးရွှေကျော်ထံမှသိခဲ့သောအချက်အလက်များကို ဦးပညာသီဟအား ကျနော်တင်ပြသည်။ ဦးပညာသီဟကလည်း ခမ္မီးအမျိုးသားများကို ဖိဖိစီးစီး စည်းရုံးခဲ့ရာ မြို့ဟောင်းမြို့နယ် လောင်းရှည်ချောင်းရွာကို အဓိကအခြေစိုက်စခန်းအဖြစ် ပြုလုပ်ထားကြောင်း ကျနော့်အားပြောပြသည်။ ရှေ့လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးကြသည်။

စစ်တွေမြို့သို့ပြန်ရောက်ပြီး (၂)ရက်ခန့်အတွင်းတွင် ကျနော်တို့ မြေအောက်တော်လှန်ရေးအဖွဲ့ဝင်များနှင့်လည်းကောင်း၊ မောင်စောထွီး၊ မောင်စိန်ထွန်း၊ မြသာတို့အားလည်းကောင်း၊ ကျနော်တွေ့ကြုံချက်များနှင့် ကျနော်ပုသိမ်မှ သိရှိခဲ့သော အချက်အလက်များကို ကျနော်ဆွေးနွေးတင်ပြပြီးခဲ့ပြီ။ ကျနော်က ရပ်ကွက်တွင် နှစ်ညဉ့်ထက်မအိပ်။ ကသဲရွာ၊ ရွှေပြားတောင် ရွာပင်္ဂေါင်းရပ်ကွက်များတွင် လှည့်လည်နေထိုင်စားသောက်သည်။ ညဉ့်ဖြစ်စေ၊ နေ့ချိန်ချစ်ချစ်တောက်နေသော မွန်းတည့်ပိုင်းတွင် ဖြစ်စေ၊ ကျနော်မလွဲသာ၍ သွားလာရတိုင်း ကုတ်အင်္ကျီအထူကြီးကို အမြဲဝတ်သည်။ ယင်းကုတ်အင်္ကျီအထူကြီးတွင် သစ်သား၂ပိုင်းထည့်ထားပြီး ခြောက်လုံးပြူး ၂လက်ဖြင့် သွားလာနေသလို၊ လူမိုက်ဂိုက်လိုလို ခပ်တည်တည်ဖြင့်သွားလာသည်။ ကျနော့်မှာ ကျန်းမာရေးနှင့် ကာယဗလကို ၆-နှစ် ၇-နှစ်တိုင် လေ့ကျင့်လာသူတစ်ဦးဖြစ်ရာ ကျနော်၏ ညာလက်မောင်းကြွက်သားမှာ ၁၃-လက်မခွဲခန့်ရှိသည်။ လူနှစ်ဦးဘမ်းထားခြင်းကို အလွယ်တကူ ရုန်းနိုင်သော ခွန်အားလည်းရှိသည်။ မလွှဲမရှောင်သာ၍ သွားလာရချိန်တွင် ပုလိပ်တစ်ဦးစ နှစ်ဦးစနှင့် ရင်ဆိုင်တိုးမိသော်လည်း ကျနော့်အား မယှဉ်ပြိုင်ရဲကြပေ။ မဘမ်းရဲကြပေ။

### ကျနော်၏ပီတိ

ကသဲရွာ မြသာအိမ်တွင် နေထိုင်ရတိုင်း အရက်ပုန်းသောက်စားသော ကရင်အမျိုးသား စစ်သားတချို့နှင့် ထောင်ဝါဒ်တစ်ဦးကို အမြဲလိုလို တွေ့ရသည်။ ကျနော် မည်သူမည်ဝါဖြစ်သည်ကို မပြောရန် မြသာအား ကျနော်မှတ်ပိတ်ထား၍ ကျနော်မည်သူမည်ဝါဖြစ်သည်ကို စစ်သားများနှင့် ဝါဒါတို့မသိကြ။ ၎င်းတို့နှင့်အတူ ကျနော်အရက်သောက်ရင်း အသိအကျွမ်းဖြစ်လာခဲ့၏။ ခင်မင်ရင်းနှီးခြင်းဖြစ်လာခဲ့၏။ ထောင်ဝါဒါထံမှ စစ်တွေထောင် အထူးအိမ်တွင် နဂါးနီဦးထွန်းရွှေနှင့် ဝန်ကြီးဟောင်း ဦးဘဦးတို့ရှိကြကြောင်း သိရှိရသည်။ ကရင်အမျိုးသား စစ်သားများထံမှ ဂျပန်လေယာဉ်ပျံဗုံးကြလျှင် လေယာဉ်ပျံပစ်အမြောက်သမားမှအပ ဖရိုဖရဲ ထွက်ပြေးကြကြောင်းများကိုလည်း သိရသည်။

တစ်နေ့ ကသဲရွာမြသာအိမ်တွင် ကရင်အမျိုးသားစစ်သားနှစ်ဦးနှင့် ကျနော်အရက်သောက်နေစဉ် ဂျပန်စစ်လေယာဉ်ပျံများ အုပ်လိုက်လာရောက်သည်။ ကျနော်နှင့်အရက်သောက်နေသော ကရင်အမျိုးသားစစ်သားနှစ်ဦးမှာ လေယာဉ်ပျံသံကြားချိန်ကပင် ထွက်ပြေးသွားကြပြီ။ ပုလုပ်တောင်ရှိ စစ်တပ်စခန်းများနှင့် ပုလိပ်တန်းလျားများကို ဂျပန်လေယာဉ်များက ဗုံးကြဲချသည်။ ပြင်းထန်စွာပေါက်ကွဲနေသော အသံယားဘွယ်ကောင်းသည့် ဗုံးသံများကို ကျနော် ပထမဆုံးအကြိမ် ကြားရခြင်းပင်ဖြစ်သော်လည်း ပြင်းထန်သော ဇာတိသွေး ဇာတိမာန်၏ တိုက်တွန်းချက်အရ စစ်သားမဲ့ ပုလိပ်မဲ့ဖြစ်နေသော တန်းလျားသို့ပြေးဝင်ကာ ရသမျှကျည်ဆံကို အလစ်သုတ်ယူသည်။ ရိုင်ဖယ်ကျည်ဆံအနည်းငယ် ကျနော်လက်ဝယ်ရယူနိုင်သည်။ ပုလုပ်တောင် တန်းလျားမှ မနားတဲ မြသာအိမ်သို့ ပြန်ပြေးသည်။ ရွှေရောင်တစ်လက်လက်တောက်နေသော ရိုင်ဖယ်ကျည်ဆံများကို

လက်ပေါ်တင်ကြည့်ရတိုင်း ရွှေတုံးရွှေခဲရသည်ထက် ဝမ်းသာသောဝမ်းမြောက်မှုဖြင့် ကျနော်ပီတိဖြစ်လျက်ရှိခဲ့သည်။

ယင်းရိုင်ဖယ်ကျည်ဆံ အနည်းငယ်ရရှိသောညဉ့်တွင်ပင် ဦးပညာသီဟထံ လျှို့ဝှက်စွာသွား၏။ ကျနော်၏ အောင်မြင်ခဲ့သော စွန့်စားမှုကိုလည်းပြော ကျနော်၏အစီအစဉ်ကိုလည်း တင်ပြတော့သည်။ ကျနော့အစီအစဉ် အတိုချုပ် သဘောမှာ ယခုကျည်ဆံအနည်းငယ်ရခဲ့သလို နောင်ဖုံးကြလျှင် လက်နက်ကျည်ဆံများကို ရအောင်လုပ်မည်။ ကရင်အမျိုးသား စစ်သားများကိုလည်း စစ်တပ်မှပြေးရေးအတွက် ဆွယ်ကရနိုင်မည်။ စစ်သား၊ လက်နက်၊ ကျည်ဆံများကို ရွှေပြားတောင်ပိုင်း ကမ်းနားလမ်းရှိ ကိုမောင်စိန်ထွန်းအိမ်တွင် ထားမည်။ လောင်းရှည်ချောင်းမှ လေးပင်းတက်လှေ (ဥရောပမြိုင်လှေကို ခြေကန် ထောက်ပြီး တက်ရှည်ဖြင့် လှော်ခတ်သလို လှော်ခပ်ရသော လှေဖြစ်ပြီး ယင်းတက်ရှည်မျိုးတစ်ဘက်တွင် နှစ်တက်ကျဖြင့် လှော်ခပ်ရသောလှေကို လေးပင်းတက်လှေဟုခေါ်သည်။)တစ်စင်းစီ မောင်စိန်ထွန်းအိမ်သို့ ပို့ထားရမည်။ မောင်စိန်ထွန်းအိမ်မှ လောင်းရှည်ချောင်းရွာ ရောက်လျှင် ယင်းလှေကို လှူလဲပြီး မောင်စိန်ထွန်းအိမ်သို့ ချက်ချင်းထပ်ပို့ရမည်ဖြစ်သည်။ ကျနော်၏ အစီအစဉ်ကို ဦးပညာသီဟ သဘောတူသည်။ ဦးပညာသီဟ လောင်းရှည်ချောင်းသို့ မဆိုင်းမတွ ထွက်သွား၏။ မောင်စိန်ထွန်း အားလည်း ကျနော် လျှို့ဝှက်စွာ သွားတွေ့ပြီး ဦးပညာသီဟနှင့်ကျနော် သဘောတူညီချက်ကို ပြောပြသည်။ သူ့အိမ်တွင် စစ်ပြေး စစ်သား၊ လက်နက်ခဲယမ်းမီးကျောက် ဝှက်ထားမည်။ လောင်းရှည်ချောင်းမှလာသော ခမ္ဘီးအမျိုးသားများကိုလည်း ဝှက်ထားပြီး တတ်အားသမျှ ကျွေးမွေးရမည်၊ စစ်ပြေးစစ်သားလက်နက် ခဲယမ်းမီးကျောက်များကို လှေအရောက် လုံခြုံအောင် တာဝန်ယူဆောင်ရွက်ရမည်ဆိုသော အချက်ကို ကျနော်တင်ပြရာ ကိုမောင်စိန်ထွန်း ဝမ်းမြောက်ရွှင်လန်းစွာ တာဝန်ယူသွား၏။

စစ်တွေမြို့ ပုလုပ်တောင်ရှိ ဗြိတိသျှစစ်တပ်နှင့် ပုလိပ်တန်းလျားများကို ဂျပန်များ စတင်ဖုံးကြလိုက်သည်နှင့် စစ်တွေ မြို့သူမြို့သားများသည် ကျေးလက်တောရွာများသို့ သင်္ဘောများ၊ လှေများ၊ သမ္ပာန်များဖြင့် အုပ်လိုက်ချီ၍ ထွက်ပြေးလျက်ရှိကြ ပြီ။ ဂျပန်လေယာဉ်များ မကြာခဏ လာရောက်ဖုံးကြ၏။ ကျနော်အဆက်ရထားသော အရက်သောက်ဘော်သောက်ဘက် ထောင်ဝါဒါမှတဆင့် စစ်တွေထောင်ထဲရှိနေသော နဂါးနီဦးထွန်းရွှေနှင့် ကျနော်ဆက်သွယ်မှုရလသည်။ ဦးထွန်းရွှေအား ကျနော်သိသမျှကို တစ်ရွက်ပြီးတစ်ရွက် စာရေးပေး၏။ ထောင်ဝါဒါ၏ပြောပြချက်အရ ဦးထွန်းရွှေအား အိန္ဒိယထောင်သို့ ပို့မည်။ ပင်လယ်ကူး လူစီးသင်္ဘောဖြင့် ပို့မည်တို့ကို ကျနော်ကြိုတင်သိသည်။ ယင်းကြောင့် ဦးထွန်းရွှေအား ထောင်မှ ဆိပ်ကမ်း အဆင်းတွင် ကျနော်တို့ လုနိုင်က လုမည်ဆိုသော စာတိုတစ်စောင်ကို ဦးထွန်းရွှေထံကျနော်ပေးလိုက်၏။ ဦးထွန်းရွှေက သူ့အသက်အန္တရာယ် မကင်းသဖြင့် လမ်းတွင်လုခြင်းမပြုရန် တားမြစ်သည်။ ဂျပန်ဖုံးကြရာတွင် ပုလုပ်တောင်တန်းလျားမှ ခဲယမ်းမီးကျောက်များ ကျနော်အလစ်ယူခြင်း၊ ကရင်အမျိုးသား စစ်သားများကို ဆွယ်ယူခြင်း၊ စသည်တို့ကိုပြုပြီး စစ်တွေ ရွှေပြားတောင် ကိုမောင်စိန်ထွန်းအိမ်မှ လောင်းရှည်ချောင်းသို့ လေးပင်တက်လှေဖြင့် စစ်ပြေးကရင်အမျိုးသားစစ်သားများနှင့် ကျည်ဆံတို့ကို အခေါက်ခေါက်ပို့ခဲ့ပြီ။ စစ်တွေမြို့ကိုလည်း မြို့ပြအုပ်ချုပ်ရေးမှ စစ်ဘက်အုပ်ချုပ်ရေးသို့ ပြောင်းလိုက်ပြီဖြစ်သဖြင့် စစ်တွေမြို့သူ မြို့သားများ တစ်ယောက်မကျန် ထွက်ခွာသွားကြပြီ။

### ကျနော် ခွေးပြေး ဝက်ပြေး ပြေးရပြီ

စစ်တွေမြို့ကို စစ်အုပ်ချုပ်ရေးသို့ ပြောင်းသည့်နေ့တွင် တစ်မြို့လုံးရှိလူများ ချက်ချင်းထွက်ခွာသွားရေးကို မောင်းခတ် ကြေငြာခဲ့သည်။ အုပ်စုချီပြောင်းရွှေ့ခဲ့ပြီဖြစ်သဖြင့် အနည်းငယ်မျှသာ ကျန်ရှိခဲ့သော စစ်တွေမြို့သူ မြို့သားများသည် မီးရာ သင်္ဘောများ၊ လှေများ၊ သမ္ပာန်များဖြင့် ပြောင်းရွှေ့သွားကြပြီ။ အကြံသမားဖြစ်သော ကျနော်တို့တစ်စုသာလျှင် စစ်တွေမြို့တွင် ကျန်ရစ်ကြသည်။ မောင်စောထွီးနှင့် ကျနော် သူ့မိဘအိမ်တွင် ပုန်းအောင်း ကျန်ရစ်သည်။ ကျနော်တို့ လူဘော်ကျော့နှစ်ဦး ပထမဆုံးတွေ့ရသောအခက်အခဲမှာ နှစ်ဦးစလုံး ထမင်းမချက်တတ်ခြင်းပင်ဖြစ်၏။ နှစ်ဦးတိုင်ပင်ပြီး ထမင်းချက်ကြသည်။ ဘယ်လိုလုပ်၍ချက်သည်ဖြစ်စေ ကော်ကဲ့သို့သော ထမင်းကိုသာ ကျနော်တို့ချက်တတ်၏။ ကော်ကဲ့သို့ထမင်းကို အာလူးဖြင့် စားကြ၏။ ရက်သတ္တပတ်ခန့်ပင် မပြည့်သေး၊ ညဉ့် ၉နာရီခန့်တွင် ပြင်းထန်သော တံခါးခေါက်သံ ကြားရသောကြောင့် ကျနော်တို့နှစ်ဦး အသဲထိတ်ရတော့၏။ အိမ်ကို ဒါး၊ ဒုတ်လက်နက်ဆွဲကိုင်ထားသော ကုလား ၄၀ခန့် ဝိုင်းထားပြီး ယင်းကုလား များထဲတွင် ရိုင်ဖယ်သေနတ်ကိုင်ထားသော "ရာဂျာပုတ်"စစ်သားတစ်ချို့လည်း ပါ၏။ ပြေးပေါက်မရှိ၊ ကျနော်မီးအိမ်ကို မီးထွန်းပြီး တံခါးဖွင့်ပေးလိုက်သည်။ ရာဂျာပုတ်တပ်ကြပ်နှင့် ရာဂျာပုတ်စစ်သား ၃-ဦး ၄-ဦး သေနတ်ချိန်ရွယ်ပြီး အိမ်ထဲဝင် လာသည်။ ကျနော်တို့အား ပစ်မည်ပြုသည်။ ကျနော်တို့နှစ်ဦးတတ်သမျှသော ဟိန္ဒူစတန်နီစကား၊ အင်္ဂလိပ်စကားများဖြင့် ပြောပြသည်။ အင်္ဂလိပ်စကားများဖြင့်လည်း ညပ်၍ ညပ်၍ပြောသည်။

သို့သော် နှစ်ကိုက်ခန့်က ကျနော်တို့ရင်ဝကို ချိန်ရွယ်ထားသော ရိုင်ဖယ်ပြောင်းဝကား တဆံချည်မျှမရွေ့၊ ရာဂျာပုတ် စစ်သားတစ်ချို့နှင့် ဒါးဒုတ်ကိုင် ကုလားလူမျိုးတချို့ တစ်အိမ်လုံးကို မွှေနှောက်ရှာဖွေကြသည်။ အိမ်သူအိမ်သားများ မသယ် ယူနိုင်သောပစ္စည်းများ အထည်အဝတ်များနှင့် ကျနော်တို့၏ အထည်အဝတ်များပါမကျန် သူတို့ယူကြသည်။

ကျနော်တို့ နာရီဝက်ခန့်ပြောခွင့်ရသောအခါ ရာဂျာပုတ်တပ်ကြပ်ကြီး စိတ်ပြောင်းသွားပြီး ကျနော်တို့နှစ်ဦးအား စစ်ဌာနချုပ်သို့ လိုက်ရန်ပြောတော့သည်။ ကျနော်တို့နှစ်ဦးရှေ့မှ ရာဂျာပုတ်စစ်သားနှစ်ဦးနှင့် နောက်မှရာဂျာပုတ်စစ်သားများနှင့် ဒါးဒုတ်ကိုင်ကုလားများဝိုင်းပြီး ခေါ်လာသည်။ ယခု စစ်တွေပန်းခြံလမ်းနှင့် ရွှေဘန်းလမ်းဒေါင့်ရှိ မောင်စောထွီးတို့နေအိမ်မှ လမ်းမကြီးသို့ ခေါ်ဆောင်လာသည်။ လမ်းမကြီး (ယခု ချိုင်းနား စတိုး)နားထိ ရောက်ကြပြီ။

မောင်စောထွီးသည် ရာဂျာပုတ်တပ်ကြပ်ကြီးအား တစ်လမ်းလုံး တတွတ်တွတ် ဟိန္ဒူစတန်နီစကားဖြင့် ပြောလာသည်။ မောင်စောထွီးပြောသော ဟိန္ဒူစတန်နီစကား၏ အဓိပ္ပါယ်အတိုချုပ်မှာ တပ်ကြပ်ကြီးတို့သည် ပင်ပန်းဆင်းရဲစွာ လပေါင်းများစွာ မယားကွဲ သားကွဲဖြစ်နေပြီဟု ယူဆကြောင်း တပ်ကြပ်ကြီး သဘောတူလျှင် ရခိုင်မိန်းမချောနှစ်ဦးရှိသော နေရာကို သူပြလိုကြောင်း စသည်တို့ပင်ဖြစ်ရာ ယခု ချိုင်းနားစတိုးရှေ့ရောက်လျှင် လူသားစားလိုသော ရာဂျာပုတ် တပ်ကြပ်ကြီးက မင်းပြောသောမိန်းမဘယ်မှာလဲဟု ပြန်မေးသည်။ တခ်နုပ္ပတ္တိ လတ်တလောဉာဏ်ရှိသော မောင်စောထွီးက ယခုချိုင်းနားစတိုးတည်ရာတွင်ရှိသော နှစ်ထပ်တိုက်ဟောင်းကို လက်ညှိုးထိုးပြခါ တပ်ကြပ်ကြီးတို့ ဤမှူလူအုတ်အုတ်သောင်းသောင်းလုပ်လျှင် မိန်းမတံခါး ဖွင့်ပေးမည်မဟုတ်။ ဒုတ်ဒါးကိုင်ထားသော ဤလူအုပ်ကို ထိုလမ်း(အိုးတန်းဘက်ရှိ ရွှေဘန်းလမ်း)သို့ သွင်းထားပါ။ ကျနော်ခေါ်ပေးပါမည်ဟု ပြောလိုက်သည်။ ရာဂျာပုတ်တပ်ကြပ်ကြီး၏အမိန့်ကြောင့် ဒုတ်ဒါးကိုင် ကုလားများ အိုးတန်းဘက်ရှိ ရွှေတန်းလမ်းဘက်သို့ ဝင်သွားကြသည်။ ကျနော့်လက်ကို မောင်စောထွီးကဆွဲပြီး ရှေ့မှ ယင်းအိမ်ဘက်သို့ လာသည်။ ကျနော်တို့နောက်မှ ရာဂျာပုတ် တပ်ကြပ်ကြီးကို မောင်စောထွီး တစ်အားတွန်းပြီး "ပြေး"ဟူသောအသံကို ဟစ်ကာ သူလည်းပြေး၊ ကျနော်လည်းပြေး၊ ခွေးပြေး၊ ဝက်ပြေး ပြေးရသည်။ စစ်အုပ်ချုပ်ရေးကြောင့် မှောင်ချထားသော စစ်တွေမြို့တွင် ကျည်ဆံများ လွှမ်းမိုးသွားသည်။ ပိုးကြူးမီးများပျံသလို ကျနော်တို့ဘေးနားမှ ကျည်ဆံများလည်း တဝီဝီဖြတ်သွားတော့၏။ ကျနော်တို့နှစ်ဦး လမ်းမကြီးမှ ဦးဥတ္တမလမ်းကို ချိုးကာ ဂြစ်ဖားဘုန်းကြီးကျောင်းထိ မရပ်မနားပြေးလွှားကြရ၏။ ဂြစ်ဖားဘုန်းကြီးကျောင်းဝိုင်းထဲတွင် ငုတ်တုတ်ထိုင်ငိုက်မြည်းရင်း မိုးသောက်အရုဏ်ကို ကြိုဆိုရ၏။ မိုးသောက်အရုဏ်ရောက်သည်နှင့် ၎င်းဘုန်းတော်ကြီးကျောင်းမှထွက်ပြီး ကိုမောင်စိန်ထွန်း၊ ကိုသာကျော် (ယခု ဗမာ့တပ်မတော် ဗိုလ်မှူး) တို့ကို ခေါ်ကာ ကျနော်တို့ ညဦးသေဘေးမှ လွတ်ခဲ့သည်ကို တင်ပြသည်။ ဆတ်ရိုးကျချောင်းကို ကူး၍ စစ်တွေမြို့မှထွက်ခွာခဲ့ရ၏။

### လူမျိုးရေးအဓိကရုဏ်းကို အသက်ပေးကာကွယ်ခြင်း

ဆတ်ရိုးကျမင်းကန်တို့မှတဆင့် တန်ခိုးရွာသို့ရောက်သွားရာ ဦးပညာသီဟထံသွားရင်းလားရင်း ကျနော့်အား များစွာချစ်ကျွမ်းဝင်ခဲ့သော တန်ခိုးဆရာတော်ကြီးနှင့် လက်ထောက်ဆရာတော်များက ကျနော်တို့အား လှိုက်လှဲစွာကြိုဆိုကြသည်။ အစားကောင်းများနှင့် နေရာထိုင်ခင်းများကို ပေးကြသည်။ ကျနော်တို့ကလည်း သေတွင်းသေပေါက်မှ လွတ်လာခဲ့ချက်များကို ဆရာတော်များအား တင်ပြသည်။ အအိပ်ပျက် အစားပျက်ခံခဲ့သော ကျနော်တို့လူစု ၄-ရက်ခန့်သာ တန်ခိုးရွာတွင် အစားကောင်းများ စားရသေးသည်။ ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်းဖြစ်ပြီး မြေပုံမြို့နယ် ရက်ချောင်းပိုင်းနှင့် မင်းပြားမြို့နယ် ပန်းမြောင်ကြီးချောင်းတို့မှ စတင်ဖြစ်ခဲ့သည်ဟု သိရတော့သည်။

ကျနော်တို့ ထမင်းစား မဖြောင့်တော့ပြီ။ တန်ခိုးဆရာတော်ကြီးအား ကျနော်တို့အား လောင်းရှည်ချောင်းသို့ လှေဖြင့်ပို့ရန် အပူကပ်ရတော့၏။ စစ်တွေမြို့တွင် အငတ်အပြတ် ဒုက္ခခံကာ သေဘေးမှ သီသီကလေးလွတ်လာခဲ့သော ကျနော့အား စေတနာထက်သန်စွာဖြင့် ကျွေးမွေးလိုသော ဆရာတော်များသည် ကျနော်တို့သွားရန် လှေရှာမပေး။ အစားအသောက်ကောင်းများကိုသာ ဖိဖိစီးစီးကျွေးမွေး၏။ ကျနော်အကြောင်းအမျိုးမျိုးပြကာ အပူကပ်ခြင်းကြောင့် တန်ခိုးရွာရောက်ပြီး ရက်သတ္တတစ်ပတ်ခန့်တွင်မှ ကျနော်တို့လောင်းရှည်ချောင်းသို့ လှေဖြင့်ရောက်နိုင်ခဲ့၏။

လောင်းရှည်ချောင်းသို့ ရောက်သွားသော်လည်း ဦးပညာသီဟကိုလည်းကောင်း၊ စစ်ပြေးကရင်အမျိုးသား စစ်သားများကိုလည်းကောင်း၊ ကျနော်တို့ မတွေ့တော့ပေ။ ဦးပညာသီဟမြောင်းဘွေမြို့တွင် ရှိသည်ဟုသိရသဖြင့် မြောင်းဘွေမြို့သို့ ကျနော်တို့ လိုက်ကြသည်။ မြောင်းဘွေတွင် ဦးပညာသီဟကို မတွေ့။ ဇီးပင်ကြီးကျွန်းဘက်သို့ ဦးပညာသီဟကူးပြီး တောင်စဉ်ကမ်းတရိုး သွားမည်ဟု သိရသည်။ ဦးပညာသီဟကား အဆင်သင့်ဆင့်ဆိုထားသော လှေများ၊ လမ်းပြများဖြင့် သွားသည်။ ကျနော်တို့ကား မရောက်ဖူးသော မသိသောရွာသားများထံမှ မေတ္တာစေတနာလှေဖြင့် သွားလာရရာ ဦးပညာသီဟကို ကျနော်တို့ လိုက်မမှီတော့ပေ။ လိုက်လေဝေးလေ ဝေးသွားတော့၏။ ထိုထက် ကျနော်တို့သည် ဆိုးဝါးသော ခေတ်ကြီးကို မမျှော်လင့်ဘဲ ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။ စစ်တွေမြို့တွင် မြို့ပြအုပ်ချုပ်ရေးပျက်ပြီး မရှေးမနှောင်းတွင် စစ်တွေခရိုင် နယ်ပေါင်းများစွာ မြို့ပေါင်းများစွာတို့တွင်လည်း 'မာရှယ်လော'ဖြင့်အုပ်ချုပ်သော အာဏာရှင်ပေါင်း မှိုလိုပေါက်လာသည်။ ဦးဂန္ဓမာတို့က မြို့ဟောင်းနှင့် မြို့ဟောင်းမြို့နယ် တစ်ဝှမ်းတွင်လည်းကောင်း၊ ဦးသိန်းကျော်အောင်၊ ဦးကျော်ယနှင့် ဦးပန်းသာအောင်တို့က မင်းပြားမြို့နှင့် မင်းပြားမြို့နယ်တွင်လည်းကောင်း၊ ပေါက်တောနယ်တွင် ဦးထွန်းလှအောင်ကလည်းကောင်း၊ ငါမင်း ငါချင်းစနစ်

"မာရှယ်လော"ဖြင့် အုပ်ချုပ်လျက်ရှိသည်။ အာဏာရှင်များဟု လက်မှတ်ရေးထိုးထားသော ဦးသိန်းကျော်အောင်၊ ဦးကျော်ယ တို့သည် မင်းပြားမြို့၊ မြို့ဟောင်းမြို့၊ ကျောက်တော်မြို့နှင့် ယင်းမြို့နယ်များကို "မာရှယ်လော"ဥပဒေဖြင့် အုပ်ချုပ်လျက်ရှိခဲ့ သည်။ စစ်တွေခရိုင် ဘူးသီးတောင်မြို့၊ မောင်းတောမြို့၊စစ်တွေမြို့တို့မှအပ ပေါက်တော၊ မင်းပြား၊ မြို့ဟောင်း၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့တို့တွင် ဗြိတိသျှနယ်ချဲ့အုပ်ချုပ်ရေးပျက်လျက်ရှိခဲ့သည်။

ဦးပညာသီဟကို လိုက်မမီသောကျနော်တို့လူစု မင်းပြားမြို့ရှိ ကိုဘအေး (ကျနော်တို့ ကျောင်းသားသမဂ္ဂ၏ အရေးပါ သောခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ယခု ရန်ကုန်ကန်တော်ကလေး ကျောင်းဆရာအဖြစ် လုပ်ကိုင်နေသည်)၏ မိဘများ အိမ်တွင် တည်းခိုနေထိုင်သည်။ မင်းပြားမြို့ရှိ ကျနော်တို့ ကျောင်းသားများ သမဂ္ဂကို ကျနော်တိုက်တွန်းချက်အတိုင်း မင်းပြား မြို့ နယ်ပိုင်ဝန်ထောက်ရုံးတွင် ကျောင်းသားနှင့် လူငယ် ၄၀၀-ခန့်တို့ပါဝင်သော အစည်းအဝေးကျင်းပသည်။

ယင်းအစည်းအဝေးတွင် ကျနော်က ကုလား-ရခိုင်လူမျိုးရေး အဓိကရုဏ်းမဖြစ်သင့်ကြောင်း၊ ကုလား-ရခိုင်လူမျိုးရေး ဖြစ်ရခြင်း၏အဓိကအကြောင်းရင်းမှာ ဗြိတိသျှနယ်ချဲ့သမား၏သွေးခွဲအုပ်ချုပ်ရေးစနစ် Divide and Rule ဆိုးကြောင့် ဖြစ်ကြောင်း၊၊ ယင်းကြောင့် အဓိကတရားခံမှာ ဗြိတိသျှနယ်ချဲ့သမားများသာဖြစ်၍ ဗြိတိသျှနယ်ချဲ့စနစ်ကို ကုလား၊ ချင်း၊ ခမွီး၊ ရခိုင်ပူးပေါင်းပြီး တိုက်ရမည်ဖြစ်ကြောင်း၊ ဗြိတိသျှနယ်ချဲ့သမားလက်မှ လွတ်လပ်ရေးကို အရယူရမည် ဖြစ်ကြောင်း၊ ယင်းကြောင့် ယခုဖြစ်နေသော ကုလားရခိုင်လူမျိုးရေး အဓိကရုဏ်းကို ရပ်စဲသွားအောင် ကျနော်တို့ အသက်ပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို ဟောပြောသည်။

ကျနော်၍သို့ ဟောပြောရုံမက ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်းတားရေးအတွက် ဦးပညာသီဟထံလူငှားပြီး လွှတ်ရန်စာရေးနေဆဲတွင် ကျနော်တို့အား အာဏာရှင်၊ သိန်းကျော်အောင်၊ မောင်ကျော်ယတပ်မှ မင်းပြားမြို့ကို အုပ်ချုပ်ရန် အာဏာလွှဲထားသော အာဏာရှင် ဦးရွှေယ (အငြိမ်းစားကျောင်းဆရာ ၊ ယခု စစ်တွေမြို့ လျှောက်လွှာစာရေး) ကိုမဲမောင် နှင့်တစ်ဦးတို့၏ စေခိုင်းချက်အရ လက်နက်ကိုင် ၁၀-ဦးခန့်တို့က အသေသတ်ရန် ဝိုင်းဘမ်းတော့သည်။ ကျနော်က ဦးပညာသီဟထံ ရေးဆဲစာကိုတွေ့ရာ ကျနော်တို့အား ဝိုင်းဘမ်းသူများထဲမှ ခေါင်းဆောင်လုပ်သူသည် ယင်းစာကို ယူပြီး နာရီဝက်ခန့်ပျောက်သွားသည်။ ဘယ်သူနှင့်သွားဆွေးနွေးသည်ကို ကျနော်တို့မသိကြ။ နာရီဝက်ခန့်တွင် သူပြန်ရောက်လာပြီး ကျနော်တို့အား မင်းပြားအချုပ်ခန်းတွင် ချုပ်နှောင်လိုက်တော့သည်။ ယင်းနေ့တွင် ကျနော်တို့အား ဘမ်းသူများနှင့် သွားဘမ်း သည့် ကျနော်တို့ကဲ့သို့ အဘမ်းခံရသော အစိုးရကျောင်းဆရာ ဦးမောင်သာပန်းကို ဆွဲထုတ်ခါ မင်းပြားဘော်လုံးကွင်းတွင် ဓါးဖြင့် အပိုင်းပိုင်းဖြတ်၍ သတ်ဖြတ်ပစ်လိုက်ကြ၏။ ထိုစဉ်က "မာရှယ်လော"ဖြင့် အုပ်ချုပ်သော အာဏာရှင်များ ဘမ်းဆီး လျှင် မဆိုင်းမတွဲ လက်ငင်းသတ်ဖြတ်ခြင်းခံရသည်ကို အားလုံးအသိဖြစ်သည်။

အချုပ်သမားများ ကင်းမဲ့နေသည်မှာ အတော်ကြာပြီဖြစ်သော မင်းပြားအချုပ်ခန်းမှ ကြမ်းပိုး(ဂုပိုး)များသည် အဘမ်းခံ ရသောသာကျော် (ယခု ဗမာ့တပ်မတော် ဗိုလ်မှူး)မောင်စောထွီး၊ မောင်စိန်ထွန်းနှင့် ကျနော်တို့အား ညဥ့်ရောနေ့ပါ ထိုင်၍ပင် မနေနိုင်အောင်သည်အထိ သွေးစုတ်ကြတော့၏။ သေရမည့်အတူတူ ပျော်ပျော်သေကြစို့ဟူသော ကျနော်တို့ဆုံးဖြတ်ချက် အတိုင်း ရခိုင်ဒုံးသီချင်းများကို သီဆိုကာ ကျနော်တို့ နေ့မရွေး ညမရွေး ဒုံးကကြတော့သည်။ ငါးကောင်း ဟင်းကောင်းများနှင့် ကိုဝကျော်နှင့် ကိုဘအေးတို့အိမ်မှပို့သော ထမင်းများကိုလည်း မြိန်ရေရှက်ရေ စားသောက်ကြရ၏။ အချိန်မရွေး အသတ်ခံရ မည်ဖြစ်သော "မာရှယ်လော"ဖြင့်အုပ်ချုပ်သည့် အာဏာရှင်များ၏ ဓါးအောက်တွင် ကံဆိုးမည်ဟု ဆိုကောင်းဆိုရမည်ဖြစ်သော ကျနော်တို့ကား ထပ်ဆင့်သေတွင်း သေပေါက်နှင့် ရင်ဆိုင်တိုးရပြန်သည်။

ဦးဂန္ဓမာ၊ ဦးသိန်းကျော်အောင်၊ ဦးကျော်ယ၊ ဦးထွန်းလှအောင်တို့က 'မာရှယ်လော'ဖြင့် အာဏာရှင်များအဖြစ် အုပ်ချုပ်ကြသကဲ့သို့ ဗြိတိသျှစစ်အုပ်ချုပ်ရေးကလည်း 'မာရှယ်လော'စစ်ဥပဒေဖြင့် ဆက်လက်အုပ်ချုပ်လျက် ရှိခဲ့သည်။ စစ်တွေ ခရိုင်အရေးပိုင် ဦးကျော်ခိုင်သည် မေဂျာ(ဗိုလ်မှူး) ဦးကျော်ခိုင်ဖြစ်လာပြီး စစ်တွေခရိုင်အတွင်းရှိ မြို့များကို ဂေါ်ရခါးနှင့် ရာဂျာပုတ်စစ်သားများ အပြည့်တင်ထားသော အမ်၊ ကျီ၊ ဘီ၊ စစ်သင်္ဘောများဖြင့် သွားလာအုပ်ချုပ်လျှက်ရှိခဲ့သည်။

ကျနော်တို့ မင်းပြားအချုပ်ခန်းတွင်ရှိစဉ် တစ်နေ့သောညဥ့် ၉-နာရီကျော်ခန့်တွင် မင်းပြားတစ်မြို့လုံး အုတ်အုတ် သောင်းသောင်းဖြစ်ခါ ပြေးလွှားသံများ လွှမ်းမိုးသွားသည်။ အချုပ်ခန်းတွင်ရှိ ထိုင်ခုံပေါ်တက်၍ ကျနော်တို့ ကြည့်ကြရာ လက်ဆွဲဓါတ်မီးများဖြင့် သေနတ်များကို အသင့်ကိုင်၍ စစ်စည်းကမ်းဖြင့် တက်လာသော ဂေါ်ရခါးနှင့် ရာဂျာပုတ်စစ်သား များနှင့် မေဂျာဦးကျော်ခိုင်တို့ကို တွေ့မြင်ရသည်။ မေဂျာသည် ပေါက်တောမြို့တည်ရာ ပေါက်တောမြစ်မှ မင်းပြားသို့လာစဉ် ရေလမ်းတွင်တွေ့သော လှေတစ်စီးပြည့်ပါသည့် သခင်မောင်မောင်နှင့် အရပ်သား ၁၀-ဦးကျော်ခန့်ကို တစ်ဦးမျှ အရှင်မထားဘဲ သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး မင်းပြားသို့လာခြင်းဖြစ်သည်။ ကိုဘဇံ၏ဘခင် အငြိမ်းစားစက်ရှင်တရားသူကြီး ဦးသာဇံဦးအပါ အဝင် မြို့လူကြီးများကို ခေါ်ထုတ်ပြီး မင်းပြားငွေတိုက်မှ သခင်များ အသိမ်းခံလိုက်ရသောငွေများကို တစ်ပြားမကျန်ပြန်ပေး ရမည်ဆိုသော ရာဇသံအတိုင်း ထိုလူကြီးများ၏အိတ်ထဲမှ ငွေများကိုလျော်ပေးလိုက်ရသည်။

မေဂျာတို့လူစု ဂါတ်ထဲသို့ဝင်လာပြီး ကျနော်တို့လူစု အသဲတထိတ်ထိတ်ဖြင့် အိပ်ယောင်ဆောင်နေကြ၏။ မေဂျာက မင်းပြားမြို့ပိုင် ဦးမောင်သာပွင့်(ယခု အငြိမ်းစားယူသွားသော ပဲခူးတိုင်းမင်းကြီး) ကို "အချုပ်ခန်းထဲ ဘယ်သူတွေရှိသလဲ" ဟု မေးသည်။ စေတနာကောင်းရှိပြီး လိမ္မာပါးနပ်သော မြို့ပိုင် ဦးမောင်သာပွင့်က "လူငယ်တစ်စု အရက်မူး၍ တစ်ညဥ့်ချုပ်ထားရတယ်၊ နံနက်တွင် လွှတ်လိုက်ပါမယ်"ပြန်ပြောသည်။ ဦးမောင်သာပွင့်ပြောဆိုချက်ကို မေဂျာယုံကြည်သဖြင့် မင်းပြားအချုပ်ပေါ်သို့ မတက်ခဲ့ဘဲ အချုပ်ခန်းအောက်ဆင့်မှ ပြန်သွားသည်။ သေတွင်း သေပေါက်ထဲတွင် ထပ်ဆင့်သေပေါက်တိုးသော ကျနော်တို့လူစု သေမင်းခံတွင်းနှင့် လွဲသွားရပြန်တော့သည်။ အမြဲတမ်းအရက်မူးပြီး "မာရှယ်လော"ဖြင့် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခဲ့သောမေဂျာ(ရခိုင်အမျိုးသား အိုင်စီအက်စ်တစ်ဦးဖြစ်သည်)တို့သည် ယင်းနေ့ညဥ့်ချင်းပင် အမ်၊ ဂျီ၊ ဘီ စစ်သင်္ဘောဖြင့် မင်းပြားမှထွက်ခွာသွားကြလေသည်။

နေ့ရောညဥ့်ပါ ထိုင်မနေနိုင်အောင် ကြမ်းပိုး(ဂျပိုး)နှိပ်စက်မှု၊ မိနစ်စက္ကန့်ပိုင်းတွင် သေဆုံးနိုင်သည့်ထက်မြက်သော အာဏာရှင်များ၏ဓါးအောက်တွင် ရက်သတ္တနှစ်ပတ်ခန့် မင်းပြားအချုပ်ခန်းတွင် နေထိုင်လျက်ရှိစဉ် မြောင်းဘွေကျောင်းအုပ်ကြီး ဦးသောကြာအောင် (မြောင်းဘွေစာသင်ကျောင်းကို ကိုယ်ပိုင်ထူထောင်ပြီး ကိုယ်တိုင်ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ကျနော်၏အသဲချင်းဖလှယ်ထားသော လုပ်ဘော်လုပ်ဘက် ကိုမောင်စိန်လှ၏ဘခင်ဖြစ်သည်။ နိုင်ငံရေးသြဇာတိက္ကမနှင့် လူထုယုံကြည်မှုကို လှိုက်လှဲစွာခံယူခဲ့ရသူ ဖြစ်သည်။) မင်းပြားအချုပ်ခန်းရှိ ကျနော်တို့ထံသို့ မမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ပါးစပ်မှလည်း တတွတ်တွတ်ပြောသည်။ ဆရာကြီးက 'ဒီကောင်တွေ တော်တော်မိုက်ကန်းတယ်၊ မင်းတို့ကို ဘမ်းထားဒါ သိလျှင်သိချင်း ငါလိုက်လာတယ်၊ မင်းတို့ငါနှင့်လိုက်ပြီး ငါ့အိမ်တွင် ကောင်းစွာစားသောက်နေကြ' ဟု ဒေါမာန်နှင့်ပြောသည်။

မင်းပြားအချုပ်ခန်းမှလွတ်လာသော ကျနော်တို့လူစုသည်န မင်းပြားမြို့ထဲရှိ ကျနော်တို့ ကျောင်းသားခေါင်းဆောင်များနှင့် မိတ်ဆွေများကို လှိုက်လှဲစွာ နှုတ်ဆက်ပြီး ဆရာကြီးသောကြာအောင်နှင့်အတူ မြောင်းဘွေမြို့သို့ လိုက်သွားကြသည်။

ဆရာကြီးစီစဉ်ပေးသည့်အတိုင်း ဆရာကြီးအိမ်နှင့်ကပ်လျက်ရှိသော မြောင်းဘွေစာသင်ကျောင်းတွင် တည်းခိုရသည်။ အအိပ်ကောင်း၊ အစားကောင်းများဖြင့် ဆရာကြီးက ကျနော်တို့အား ပြုစုပျိုးထောင်ပေး၏။ ဆရာကြီးထံမှ အာဏာရှင်များဖြစ်သော ဦးသိန်းကျော်အောင်၊ ဦးမောင်ကျော်ယတပ်ဖွဲ့များတွင် ကျနော်တို့၏ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ မောင်ကံကြီး (ထိုစဉ်က မြောင်းဘွေကျောင်းတွင် အထက်တန်းပြဆရာလုပ်ခဲ့သည်။ ကျနော်တို့ နှောင်ဖွဲ့ခဲ့သော အလံနီကွန်မြူနစ်ပါတီနှင့် ဒီမိုကရေစီသစ်ပါတီတို့တွင်လည်း အရေးပါသော ခေါင်းဆောင်တစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ယခုကျောင်းဆရာဖြစ်နေသည်) အတွင်းရေးမှူးဖြစ်နေခြင်း၊ ဦးသိန်းကျော်အောင်တို့ကို အသိမပေးပဲ ကျနော်တို့အား သုတ်သင်လို၍ ယခုကဲ့သို့ဘမ်းရခြင်း စသည်တို့ကို သိရတော့၏။

ဆရာကြီးအား ကျနော်က ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲခန်းများကို အသေးစိပ်တင်ပြသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ဘုံရန်သူ ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ရမည်ဖြစ်ရာ ခမ္မီး၊ ချင်း၊ မူဆလင်နှင့် ရခိုင်တို့လက်တွဲညီညီ ပူးပေါင်းတိုက်ခိုက်ရန်လို၍ ယနေ့ဖြစ်နေသော ကုလား-ရခိုင်လူမျိုးရေး အဓိကရုဏ်းကို အသက်ပေးတားမြစ်ရမည်ဖြစ်ကြောင်း တို့ကို အခြေခံထားပြီး အထပ်ထပ်ဆွေးနွေးဝေဘန်ပြသည်။ နှစ်ရက် သုံးရက် ကျနော်ဆွေးနွေးဝေဘန်ပြသောအခါ ဆရာကြီး သံသယကင်းစွာဖြင့် လက်ခံသွား၏။ ယင်းကြောင့် ဆရာကြီးက ကုလား-ရခိုင်အဓိကရုဏ်းထဲ မီးတဟုန်းဟုန်းတောက်လောင်မှုအောက်တွင် နစ်မွန်းလျက်ရှိသော ကျောက်တော်မြို့နယ်တွင် ရှိနေသည့် ဦးသိန်းကျော်အောင်တို့ထံ ကျနော်နှင့်တွေ့ဆုံဆွေးနွေးရေးအတွက် အကြောင်းကြားပေးမည်ဟု တာဝန်ယူသွားသ၏။ ဆရာကြီးတာဝန်ယူဆောင်ရွက်ပေးချက်အတိုင်း အာဏာရှင် ဦးသိန်းအောင်ကျော်၊ ဦးမောင်ကျော်ယတို့နှင့် မကြာမီကျနော် ဆွေးနွေးပွဲ ကျင်းပရ၏။

မင်းပြားဗိုလ်တဲတွင် ဦးသိန်းကျော်အောင်၊ ဦးမောင်ကျော်ယ အပါအဝင် သူတို့ခေါင်းဆောင်များနှင့် ကျနော်တို့ ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်ကို အခြေခံပြီး ဆွေးနွေးကြသည်။ ၂-ရက် ၃-ရက်စသည့်ဖြင့် အထပ်ထပ်အလီလီ ဆွေးနွေးကြသည်။ ကုလား ၂၀၀ ကို တစ်ဦးတည်း သတ်ခဲ့ပြီ။ ကုလား ၃၀၀-ကို တစ်ဦးတည်းသတ်ခဲ့ပြီဆိုပြီး ဂုဏ်တုဂုဏ်ပြိုင် အသားယူနေခဲ့သော ဦးသိန်းကျော်အောင်တို့နှင့်ပါလာသော တပ်ဗိုလ်တပ်သားတို့ကိုလည်း ကျနော်က ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးနိုင်ငံရေး တရားများကို ဟောပြောပြသည်။ ဦးသိန်းကျော်အောင် အပါအဝင် ခေါင်းဆောင်အများစုက လက်ခံသကဲ့သို့ ၎င်းတို့၏ တပ်ဗိုလ်တပ်သားအများစုကလည်း လက်ခံကြသည်။ ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်ကို လက်မခံဘဲ ထွက်သွားသူများ ရှိခဲ့သလို ယင်းလမ်းစဉ်ကို လက်ခံပြီး အသစ်ဝင်လာသူများလည်း ရှိ၏။ ယင်းကြောင့် တပ်တွင်းသဘောတရားကို ပြုပြင်ပြီး အခြေခံစစ်ပညာကို ကျနော်တို့ ခေါင်းဆောင်သင်ကြားရလေတော့၏။

ဦးသိန်းကျော်အောင် စသူတို့နှင့် ကျနော် ရင်းနှီးလာသောအခါ ကုလား ရခိုင်လူမျိုးရေးအဓိကရုဏ်း၏ဖြစ်ရပ်များကို သိလာရသည်။ ကျနော်လည်း ယင်းအဓိကရုဏ်းကို အခြေခံကျကျ သဘောပေါက်လာရသည်။ ကုလား-ရခိုင်အဓိကရုဏ်းဖြစ်ရခြင်းသည် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးများအနက် 'သွေးခွဲအုပ်ချုပ်ရေး' (Divide and Rule) သည် အဓိကအရင်းခံ ကမ္ဘာပိုင်းတရားခံဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သည် ကလိန်ကျသောနည်းဖြင့် ရခိုင်ပြည်အား ကိုလိုနီကျွန်ဘဝသို့ သွတ်သွင်းခဲ့စဉ်ကစပြီး ရခိုင်အမျိုးသား လွတ်လပ်ရေးတိုက်ပွဲသည် လက်နက်စွဲကိုင်နည်းဖြင့်လည်းကောင်း၊ နိုင်ငံရေးနည်း၊ စည်းရုံးရေးနည်းများဖြင့်လည်းကောင်း၊ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့်ပေါ်ခဲ့သည်။ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံစသည်တို့တွင် ထင်ရှားခဲ့သော ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော ရခိုင်အမျိုးသား ဦးဥတ္တမနှင့် ရခိုင်အမျိုးသားခေါင်းဆောင်များမှာ ကျနော်တို့ခေတ်တိုင် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို ဆန့်ကျင်တိုက်ဖျက်ကြသည်။ ဗြိတိသျှနယ်ချဲ့သည် သူအုပ်ချုပ်ရေးတည်မြဲရေးအတွက် ရခိုင်ပြည်တွင် သွေးခွဲရေး၊ အုပ်ချုပ်ရေးစနစ်ဆိုးကို အကောင်အထည်ဖြင့် အသက်သွင်းလာခဲ့သည်။ နိုင်ငံခြားမှရာပေါင်းများစွာ ကုလားများကို ရခိုင်ပြည်သို့ သွင်းပြီးမြေယာများကို ပေးခဲ့သည်။ ကုလားမြေရှင်စနစ်ကို ထူထောင်ပေးခဲ့သည်။ ကုလားမြေရှင်ကြီးများသည် ကိုယ်ပိုင်ဈေးများနှင့် ဆိုင်ကြီးများကို တဘက်မှလည်း တည်ထောင်ခဲ့သည်။ ဇရာမအတိုးကြီးစားစနစ်ကိုပြုကာ ရခိုင်အမျိုးသားများ၏လယ်ယာမြေများကို သိမ်းယူခဲ့သည်။ ကုလားလူမိုက်များကို မွေးမြူထားပြီး သူတို့ခြံ၊ သူတို့ရွာသို့ ရခိုင်အမျိုးသားကျွဲနွားများ ဝင်လာလျှင်ပြန်မပေးဘဲ ထားခြင်းနှင့် ရခိုင်အမျိုးသမီးများကို ဖျက်လိုဖျက်ဆီး လုပ်ခြင်းထိ ပြုလုပ်လာခဲ့ကြသည်။ ယင်းကြောင့် ကုလားဓနရှင်၊ မြေရှင်၊ ဈေးပိုင်ရှင်၊ ဆိုင်ပိုင်ရှင်တို့နှင့် ရခိုင်အမျိုးသား လယ်မဲ့ယာမဲ့များ၏ ပဋိပက္ခသည် နှစ်ပေါင်းများစွာ အမြစ်တွယ်လာသော ပဋိပက္ခဖြစ်ခဲ့ရသည်။

လက်ရှိ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင်လည်း ကုလားဓနရှင် မြေရှင်ကြီးတို့သည် အစဉ်အလာအားဖြင့် ဗြိတိသျှနယ်ချဲ့၏ အရာရှိအရာခံများနှင့် ပုလိပ်တို့၏ မြှောက်ပင့်ပေးချက်အရ မျိုးချစ်ကျော်ဦးတို့အား ဖမ်းဆီးပြီး အိန္ဒိယကိုမီလာထောင်သို့ ပို့ခဲ့စဉ်ကပင် ပုန်းလျှိုးဝှက်လျှိုးလုပ်နေရသော နိုင်ငံရေးသမားများကို ဗြိတိသျှနယ်ချဲ့အလိုကျ ထောက်လှမ်းပေးရသည်။ သူတို့အနေဖြင့် (ဦးသိန်းကျော်အောင်တို့အနေဖြင့်) တိုင်းရင်းသား မူဆလင်ကျေးရွာများကို မထိခိုက်ရအောင် စောင့်ထိန်းထားခြင်းကိုလည်း ကျနော်သိခဲ့ရတော့၏။

ယင်းအပြင် ထိုအချိန်က နိုင်ငံရေးရှေ့ဆောင်မှုပေးထားသော လန်ဒန် အင်္ဂလန်ပြည် ဝတ်လုံတော်ရရှေ့နေကြီး ဦးသာဇံလှနှင့် ဦးအောင်ထွန်းဦးတို့ ကြီးမှူးသည့် ရခိုင်ဓနရှင်အမျိုးသား အဖွဲ့အစည်းဖြစ်သော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည် ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေး လွတ်လပ်ရေးအတွက် တိကျသော နိုင်ငံရေးလမ်းစဉ်မရှိခဲ့ခြင်း ဖြစ်သည်၊ ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး စသူတို့မှာလည်း ပလက်ဝနယ်အတွင်း တောကြိုတောင်ကြားများထဲတွင် လျှို့ဝှက်နေထိုင်ကာ အုံကြွနေသောပြည်သူလူထုကို ကံယက်မြှောက်ဦးဆောင်မှုမပေးနိုင်ခြင်းတို့ကြောင့်လည်း ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်း ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ခဲ့ရခြင်းကို ကျနော်သိခဲ့ရတော့၏။ ကမ္ဘာပိုင်းအခြေခံများ မည်သို့ရှိပါစေ ယနေ့လက်ငင်းတာဝန်မှာ ဗြိတိသျှနယ်ချဲ့စနစ်တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးသာလျှင်၊ ကျနော်တို့၏တာဝန်ဖြစ်သဖြင့် ယင်းတာဝန်ကို ကျနော်အသက်ပေး၍ ဆောင်ရွက်နိုင်ခဲ့သည်ကို ကျနော်ကြည်နူးမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျောက်ဖြူခရိုင်၊ မြေပုံမြို့နယ်နှင့်တကွ စစ်တွေခရိုင်၊ ပေါက်တော၊ မင်းပြားမြို့ပေါင်း၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စသောမြို့နယ်များတွင် ကုလား၊ ရခိုင် အဓိကရုဏ်းမီး ငြိမ်းခဲ့ရလေပြီ။

## ဗိုလ်ရန်အောင်နှင့်အတူ စစ်တွေမြို့သို့ ချီတက်ခြင်း

ဦးသိန်းကျော်အောင်တို့ တပ်ဖွဲ့များကို အခြေခံပြီး ကျနော်တို့ နိုင်ငံရေးသဘောတရားများနှင့် စစ်ပညာအခြေခံများ သျှင်ပေးနေစဉ် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ရခိုင်စစ်ကြောင်း ဗိုလ်ရန်အောင်တပ်ဖွဲ့များနှင့် ဂျပန်များ မင်းပြားမြို့သို့ ရောက်လာကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ရန်အောင် တပ်ဖွဲ့များနှင့် ကျနော်တို့ ဦးသိန်းကျော်အောင်တို့ အကြွင်းမဲ့ ပူးပေါင်းလိုက်ကြသည်။ ဗိုလ်ရန်အောင်နှင့်အတူ ရခိုင်ပြည်အုပ်ချုပ်ရေးဘက်ကို တာဝန်ယူထားသော ကိုမြလည်း ပါလာသည်။ ဗိုလ်ရန်အောင်တပ်များ ဂျပန်တပ်များ၊ မင်းပြားသို့ရောက်လျှင်ပင် ကိုဘစံတို့လည်း ပါဝင်လာသည်။ ကိုမြကို မှီငြမ်းပြီး တက္ကသိုလ်ကျောင်းသားများလည်း ပါဝင်လာကြသည်။ ဗိုလ်ရန်အောင်နှင့်တကွ လက်ထောက်ဗိုလ်များနှင့် ကိုမြတို့အားဖြစ်လျှက်ရှိသော လုပ်လျှက်ရှိသော လုပ်ငန်းဆောင်တာများကို ကျနော်အသေးစိပ်တင်ပြသည်။ ကိုသိန်းကျော်အောင်တို့ကို သေဒဏ်အပြစ်များထိပေးရန် ဗိုလ်ရန်အောင်တို့ စီစဉ်ထားချက်များလည်း ပျက်ပြယ်သွားအောင် ကျနော် ဆောင်ရွက်လိုက်သည်။ နှစ်ရက် သုံးရက်ခန့်မျှ အစီအစဉ်ပြုပြီး၊ လှေများလောင်းများ စုခါ ဗိုလ်ရန်အောင်တို့နှင့်အတူ ကျိုးမင်းကန်ချောင်းဘက်မှနေပြီး ပုဏ္ဏားကျွန်းကို သိမ်းပိုက်ကြသည်။

ဗိုလ်ရန်အောင်နှင့် ကျနော်တို့ ပုဏ္ဏားကျွန်းမြို့တွင် တပ်စွဲနေစဉ် စစ်တွေမြို့မှ ကုလားတန်မြစ်သို့ဆန်ပြီး ဗြိတိသျှ အမ်ဂျီဘီ စစ်သင်္ဘောများ တက်လာကြသည်။ ကျောက်ဆိပ်စခန်းရှိ ဂျပန်များက မော်တာအမြောက်များဖြင့် ပစ်ခတ်သဖြင့် ဗြိတိသျှအမ်ဂျီဘီစစ်သင်္ဘောများ စစ်တွေဘက်သို့ပြန်လည် ဆုတ်ခွါသွားကြသည်။ မကြာမီ ပုဏ္ဏားကျွန်းချောင်းအတိုင်း မီးသင်္ဘောတစ်စင်းဝင်လာသည်။ မေဂျာဦးကျော်ခိုင် စီးလေ့ရှိသော မီးသင်္ဘောဖြစ်ရာ ဗမာ့လွတ်လပ်ရေးတပ်မတော်က ဝိုင်းဝန်းပစ်ခတ်ကြသည်။ ယင်းမီးသင်္ဘောပြန်လှည့်ပြေးရာ ဆရာဝန်ဦးအောင်သာလှ မီးသင်္ဘောမှ ခုန်ဆင်းလိုက်၏။ ကမ်းသို့ တက်လာရာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကျည်ဆံသင့်ပြီး အသက်ပျောက်သွားရသည်။ နောင်မှသိရသည်မှာ မူဆလင်အမျိုးသားခေါင်းဆောင်များ၏ ဆွေးနွေးရန်ပြောပြချက်အရ မေဂျာဦးကျော်ခိုင် မီးသင်္ဘောဖြင့်သွားသည်။ ဘူးသီးတောင်မြို့နယ် ဂေါ်တူပြင်အနီးသို့ရောက်လျှင် သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းကို သင်္ဘောအပေါ်ထပ်ဦးပိုင်း ပြတင်းမှကြည့်နေသော မေဂျာဦးကျော်ခိုင်အား ကြိုတင်နေရာယူထားသော မူဆလင်အမျိုးသား လက်နက်ကိုင်များက ပစ်ခတ်လိုက်သည်။ ဦးကျော်ခိုင်၏ရင်ဝကို ကျည်ဆံဖောက်ထွင်းသွားရာ ဘူးသီးတောင်မှ ဆရာဝန် ဦးအောင်သာလှတို့ ကြပ်မတ်ကုသသော်လည်း မရနိုင်၍ စစ်တွေသို့လာကြရာ ယင်းမီးသင်္ဘောဖြင့် ဦးအောင်သာလှတို့ လိုက်လာခဲ့ခြင်းကို သိရတော့သည်။

ဆရာဝန်ဦးအောင်သာလှ သေဆုံးခဲ့သောဖြစ်ရပ်ပြီး နောက်တစ်နေ့တွင် ဗိုလ်ရန်အောင်နှင့် ကျနော်တို့ စစ်တွေကျေးလက်အမြင့်ကျွန်းရွာသို့ ယင်းလှေများဖြင့်ပင် ချီတက်လာကြသည်။ အမြင့်ကျွန်းတွင် တပ်စခန်းချကြသည်။ ဗိုလ်ရန်အောင် တိုက်ရိုက်တာဝန်ပေးချက်အရ ကိုမောင်စိန်လှ (မြောင်းဘွေ ကျောင်းဆရာ) နှင့်ကျနော် ရန်သူသတင်းထောက်လှမ်းရန် စစ်တွေမြို့သို့ လာကြရသည်။ ထိုအချိန်တွင် ရခိုင်အမျိုးသားကို မဲမဲမြင်လျှင် ရာဂျာပုတ်စစ်သားများက ပစ်ခတ်သတ်ဖြတ်နေချိန်ဖြစ်သည်။ စစ်တွေမြို့ရှိ ရန်သူဗြိတိသျှသတင်းကို လောက်လှမ်းပြီး ကျနော်တို့နှစ်ဦးပြန်လာကြရာ ကြက်ကိုင်းတန်ရွာအလွန် အပင်ကြီးအောက်တွင် ခြစ်ခြစ်ပူနေသော နေဒဏ်ကို ကာကွယ်ရင်း ကျနော်တို့နှစ်ဦး သဘောတူညီချက်ဖြင့် ဗိုလ်ရန်အောင်ထံမှ ပေးလိုက်သော ဂျပန်ပစ္စတိုကို စတင်ပစ်ခတ်သည်။ လေးကြိမ် ငါးကြိမ်ပစ်သည်။ တစ်ချက်မှမပေါက်၊ ကိုစိန်လှ ယင်းပစ္စတိုကို ပြုပြင်ပြီး ခြောက်ကြိမ် ခုနှစ်ကြိမ်ပစ်သည်။ တစ်ချက်မျှမပေါက်၊ အကယ်၍ ရန်သူနှင့်တွေ့လျှင် ဤပစ္စတိုအားကိုးဖြင့် ရန်သူကို ပစ်မိလျှင် ရန်သူကျည်ဆံဖြင့် ကျနော်တို့သေကြမည်ကို ပြောကြပြီး နှစ်ဦးတသောသောရီမောကြ၏။ ကျနော်တို့ ထောက်လှမ်းရခဲ့သော သတင်းများကို ဗိုလ်ရန်အောင်ထံ တိုက်ရိုက်ပေးပို့ကြရသည်။

ဂျပန်စစ်လေယာဉ်အကူအညီဖြင့် ကျောက်ဆိပ်မှ တန်ခိုး၊ မင်းကံတို့ကို ဖြတ်ပြီး စစ်တွေမြို့သို့ ဂျပန်များ စစ်တကြောင်း၊ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးခေါင်းဆောင်များဖြစ်ကြသော ကိုသာဇံလှ၊ ကိုဘစံနှင့် ကောလိပ်ကျောင်းသားများကို အမြင့်ကျွန်းတွင် ထားခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ ကျနော်တို့ ကျောက်တန်း၊ ကြက်ကိုင်းတန်တို့ကိုဖြတ်ခါ စစ်တွေသို့ စစ်ကြောင်းတစ်ကြောင်း ချီလျက် စစ်ကြောင်းကြီးနှစ်ကြောင်းညပ်ပြီး စစ်တွေကို ချီတက်လာကြသည်။ ဗိုလ်ရန်အောင်နှင့် ကျနော်တို့ ယခု ကြက်ကိုင်းတန်ရွာအနီးသို့ရောက်လျှင် ရွှေပြေးကင်းမှ သေနတ်ပစ်သံများ ကြားရသည်။ မမျှော်လင့်သောရန်သူနှင့် ရှေ့ပြေးကင်းတိုက်ပွဲဖြစ်ပြီဟု ကျနော်ယူဆ၏။ မိနစ်အနည်းငယ်အတွင်း ရှေ့ပြေးကင်းမှ ဗိုလ်ရန်အောင်ထံ သတင်းပို့သည်။ ဗိုလ်ရန်အောင်နှင့် ကျနော်တို့ ယခု သက်ကယ်ပြင်ဈေးအနီးမှ ဖြတ်သန်းချီတက်လာသည့်အခါ ရှေ့ပြေးကင်းမှ မှားပြီးပစ်မိ၍ သေဆုံးနေသော မူဆလင်အမျိုးသားနှစ်ဦးနှင့် ယင်းသူတို့သယ်ယူလာသော လက်တွန်းလှည်းတစ်စီးပြည့် စီးကရက်သေတ္တာများကို တွေ့ရသည်။ ယင်းစီးကရက်သေတ္တာများကို သယ်ယူကြသည်။

ဆက်လက်ချီတက်ရာ စစ်တွေ ရခိုင်သင်္ချိုင်းအနီးသို့ရောက်လျှင် သဲချောင်းဘက်သို့ သွားလမ်းရှိ စစ်တွေမြို့တွင် အကြီးဆုံးဖြစ်သော ဝါယာလက်စက် အဆောက်အဦးကို သိမ်းယူသည်။ ရန်သူခုခံမှု အလျဉ်းမရှိ ယင်းမှ မေယုလမ်းအတိုင်း ချီတက်ကြပြန်ရာ ဗြိတိသျှစစ်တပ်နှင့် ပုလိပ်တပ်များထားခဲ့သော ပုလုတ်တောင်နှင့် လေယာဉ်ကွင်းကို သိမ်းပိုက်လိုက်ကြသည်။ မေယုလမ်းအတိုင်း ဆက်လက်ချီတက်ခါ အိန္ဒိယအင်ပီးရီးယယ်ဘဏ် (Imperial Bajk of India) ယခု စစ်တွေခရိုင်ဘီအိုးဒီစီရုံးကို ကျည်ဆံတစ်ချက်မျှ မဖောက်ရဘဲ သိမ်းယူရသည်။ ကျည်တံတစ်ချက်မျှ မဖောက်ရဘဲ သိမ်းယူခဲ့သော အိန္ဒိယအင်ပီးရီးယယ်ဘဏ်တွင် ငွေကြေးတစ်ပြားမျှမတွေ့။ အိန္ဒိယအင်ပီးရီးယယ်ဘဏ်နှင့် ကိုက်အနည်းငယ်ဝေးသော တိုင်းမင်းကြီးရုံးအပါအဝင် ရုံးကြီးကန္နားများကိုလည်း ဆက်လက်သိမ်းကြ၏။ စစ်တွေမြို့၏နှလုံးသည်းပွတ်ဖြစ်သော အချက်အချာများအားလုံး ကျနော်တို့ တပ်မတော်လက်ထဲရောက်သွားပြီ၊ ဗိုလ်ရန်အောင်နှင့် ကျနော်တို့ ချီတက်လာသော လမ်းတစ်လျှောက်တွင် ဂျပန်စစ်လေယာဉ်တစ်စင်းပျံဝဲပေးပြီး ကူညီသည်။

တစ်နေ့လုံး ခြစ်ခြစ်တောက်ပူနေသောနေဒဏ်ကို ခံပြီး ချီတက်လာရခြင်းကြောင့် ရေကို အငမ်းမရသောက်လိုကြသော ကျနော်တို့သည် ရေကိုစစ်ဆေးနေဆဲဖြစ်၍ သောက်ခွင့်မရကြ။ နှစ်နာရီခန့်ကြာမှ ရေသောက်ခွင့်ရကြသည်။ ဗိုလ်ရန်အောင်နှင့် စစ်ဌာနချုပ်ကို အိန္ဒိယအင်ပီးရီးယယ်ဘဏ်တွင် တပ်စွဲပြီး အခြားတပ်ဖွဲ့များသည် ပလ္လင်တောရှိ အိမ်ကြီးအိမ်ကောင်းများတွင် နေရာယူကြသည်။ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး ခရစ်ယန်သီလရှင်နှင့် ယင်းဘုန်းတော်ကြီးတို့က

မွေးမြူစောင့်ရှောက်ထားသော မိဘမဲ့အမျိုးသမီးတစ်စုကိုသာ စစ်တွေမြို့တွင် တွေ့ရလေသည်။

ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အနစ်နာခံ အသေခံခါ ရိုးဖြောင့်စွာဆောင်ရွက်တတ်သော ကျနော်၏စိတ်ဓါတ်ကို သိရှိနားလည်လာသော ဗိုလ်ရန်အောင်က စစ်တွေမြို့တွင်းသို့ ဝင်လာမည့်သူများ၏ ကိစ္စရေးရာများ၊ တပ်မတော်ရေးရာများ တို့ကို ဆောင်ရွက်နိုင်ရန် သူ့စစ်ဌာနချုပ်တွင် ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ရန်တိုက်တွန်းချက်အရ ကျနော် ဗိုလ်ရန်အောင် စစ်ဌာနချုပ်၏ ပြန်ကြားရေးတာဝန်ကို ထမ်းဆောင်သည်။ ဗိုလ်ရန်အောင်သည် သူ့တပ်ထဲမှ အားထားသော ဗိုလ်တစ်စုနှင့် ကျနော့်ကိုရွေးချယ်ပြီး အိမ်ဖန်စောင့်တာဝန်ကို ယူခိုင်းသည်။

စစ်တွေမြို့ကို သိမ်းပြီးတစ်ပတ်ခန့်တွင် ကုလား ရခိုင်လူမျိုးရေး အဓိကရုဏ်းမီးကို အပြီးပိုင်ချုပ်ငြိမ်းစေရေးအတွက် ကျနော်၏တင်ပြချက်အရ ရခိုင် မူဆလင်ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော အထက်တန်းရှေ့နေကြီး ကိုယာဆိန်အိမ်သို့ အိမ်တိုင် ယာရောက် ကျနော်တို့ သွားကြ၏။ မှန်မော်တော်ကားတစ်စီးတွင် ဗိုလ်ရန်အောင်၊ ရခိုင်ပြည် အုပ်ချုပ်ရေးတာဝန်ခံ ကိုမြနှင့် ကျနော်အပါအဝင် လူငါးဦး၊ ခြောက်ဦးခန့်ဖြစ်သွားပြီး ဦးယာဆိန်အိမ်တွင် ဦးယာဆိန်နှင့်တွေ့ကြသည်။ ကျနော်တို့က ဘုံရန်သူ ဗြိတိသျှနယ်ချဲ့တိုက်ရေးနှင့် လွတ်လက်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ညီညွတ်ရေးကိုလိုကြောင်း အကျယ် တဝင့်ရှင်းပြကြသည်။ ရခိုင်တိုင်းရင်းသားစိတ်ပြည့်ဝသော ဦးယာဆိန်းသည် သူ၏နိုင်ငံရေးလုပ်ဆောင်ချက်များကိုလည်း ပြောပြခါ ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်းတားရေးအတွက် သူစွမ်းရည်ရှိသမျှ လုပ်ကိုင်သွားမည်ကို နှစ်ထောင်းဝမ်းမြောက် စွာ တာဝန်ယူလိုက်သည်။ သို့သော် ဘူးသီးတောင်၊ မောင်တောနယ်တို့တွင် ဖြစ်နေသော ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်းမီး သည် တနေ့ထက်တစ်နေ့ ကျယ်ပြန့်စွာ အဟုန်ပြင်းစွာ ဖြစ်ပွားလာသည်။ ရခိုင်လူမျိုးများ ရာလိုက်ချီ၍ သေကြေနေကြရပြီ။

**စစ်တွေခရိုင်အုပ်ချုပ်ရေးဖွဲ့ကြပြီ**

ကျနော်ကား ဗိုလ်ရန်အောင်တို့နှင့် ကိုမြတို့၏ယုံကြည်အားထားရသူတစ်ဦးဖြစ်ခဲ့သည်။ အစစအရာရာကို တိုင်ပင် ဆွေးနွေးခြင်း ခံရခဲ့သည်။ စစ်တွေခရိုင် အုပ်ချုပ်ရေးဖွဲ့စည်းရေးကို တိုင်ပင်ကြတိုင်း၊ ဗိုလ်ရန်အောင်နှင့် ကိုမြတို့က စစ်တွေခရိုင် အုပ်ချုပ်ရေးမှူးတာဝန်အထိ ကျနော်အား ထမ်းဆောင်စေချင်ကြသည်။ ကျနော်မှာ အချောင်သမားတစ်ဦးမဟုတ်၊ ရာထူး ငန်းသူလည်း မဟုတ်ရာ နိုင်ငံရေးသြဇာတိက္ကမရှိသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ ခေါင်ပေါ်ကျော်၍ ကျနော်မလုပ်ကိုင်လို၊ နေရာမှန်သာဖြစ်စေချင်သည်။ စစ်တွေခရိုင်အုပ်ချုပ်ရေးကိစ္စကို အထပ်ထပ်ဆွေးနွေးလာသောအခါ ကျနော်တင်ပြသလို သဘောတူကြသည်။ စစ်တွေခရိုင်အုပ်ချုပ်ရေးနှင့် ၎င်းခရိုင်ရှိ မြို့နယ်အသီးသီးအုပ်ချုပ်ရေးအဖွဲ့တွင် ကျနော်တို့ကျောင်းသားနှင့် လူငယ်များက ကာကွယ်ရေးတာဝန်ကိုယူပြီး၊ အုပ်ချုပ်ရေးမှူးနှင့်တကွ အခြားဌာနအသီးသီးတို့တွင် ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသား အစည်းအရုံးခေါင်းဆောင်များနှင့် ကျနော်ကြည်ညိုလေးစားသော ကျောင်းဆရာတစ်ချို့ကို ထည့်သွင်းပေးရန် သဘောတူကြသည်။ စစ်တွေမြို့သိမ်းပြီး ၄-၅ရက်အတွင်း စစ်တွေမြို့ ဒေါ်မြသန္တာ မူလတန်းကျောင်း (ယခု ရွှေပန္နာ မူလတန်းကျောင်း) တွင် ဗိုလ်ရန်အောင်ကိုယ်တိုင်ကြီးမှူးပြီး စစ်တွေခရိုင်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းကြသည်။ ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသား အစည်းအရုံးခေါင်းဆောင်များဖြစ်ကြသော ဦးသာဇံလှ၊ ဦးအောင်ထွန်းဦးနှင့် ကျနော် ကြည်ညိုလေးစားသော စစ်တွေအမျိုးသားအထက်တန်းကျောင်း၊ အထက်တန်းပြဆရာများဖြစ်ကြသည့် ဦးစံထွန်းအောင်၊ ဦးဘိုးမြစိန်တို့ပါဝင်ပြီး ကျနော်ခရိုင်ကာကွယ်ရေးမှူးအဖြစ် တာဝန်ယူသော စစ်တွေခရိုင် အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းသည်။ ထို့နည်းတူ ပေါက်တော၊ မင်းပြား၊ မြို့ဟောင်း ကျောက်တော်မြို့များသို့ ကိုမြနှင့်ကျနော်သွားရောက်ပြီး မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ အသီးသီးတို့ကို ထူထောင်ပေးခဲ့ကြသည်။

စစ်တွေတွင်ကျနော်တို့လူစု ဦးသိန်းကျော်အောင်နှင့်အတူ အစိုးရရှေ့နေကြီး ဦးဖသထော်နေအိမ် (ယခုတရားရုံးချုပ် ဝတ်လုံတော်ရရှေ့နေကြီး၊ ဦးမောင်ကျော်ဇံနေအိမ်)တွင် နေထိုင်ခဲ့ကြသည်။ ဗြိတိသျှလေယာဉ်များ အလစ်သုတ်လာပြီး မကြာခဏ ဗုံးကြဲခြင်းကို ခံခဲ့ရ၏။ ချက်ပြုတ်ရေးတာဝန်ကို ဦးသိန်းကျော်အောင် လုံးဝတာဝန်ယူသည်။ ရယ်မောစရာ ပုံတိုပတ်စများ ဦးသိန်းကျော်အောင် အခါမလပ် ပြောတတ်ရာ ဦးသိန်းကျော်အောင်ကြောင့် ကျနော်တို့လူစု စားစားသောက် သောက် ပျော်ပျော်ရွှင်ရွှင်နေခဲ့ရ၏။

**ကိုညိုထွန်း ကျောက်ကျလုဆဲဖြစ်ရခြင်း**

စစ်တွေမြို့ကို သိမ်းပြီး စစ်တွေလေယာဉ်ကွင်းနှင့် စစ်တန်းလျားများ တစ်ဝှမ်းတွင် မြေပေါ်မြေအောက်ရှာဖွေကြရာ လက်နက်ကျည်ဆံရတနာများစွာ တူးဖော်ရရှိခဲ့သည်။ စစ်တွေမြို့သိမ်းပြီး မကြာမီပင် ဦးပညာသီဟ အူယားဖားယား ပေါ်လာ သည်။ ဦးပညာသီဟက ဘူးသီးတောင်နယ်တွင် ရာပေါင်းများစွာ ရခိုင်အမျိုးသားများ ပိတ်ဆို့ခံနေရပြီး မူဆလင်အမျိုးသားများ ၏လက်ထဲတွင် သေလုဆဲဖြစ်နေကြခြင်းကို နေရာဌာနနှင့်တကွ အသေးစိတ်တင်ပြသည်။ ယင်းရခိုင်အမျိုးသားများကို

ကယ်တင်ရန် လက်နက်ကျည်ဆံများလိုသည်ဟု ပြောခါ မိမိလိုသော လက်နက်ကျည်ဆံများကိုလည်း တင်ပြသည်။ ကျနော်မှာ ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးကိုအတားအဆီးဖြစ်နေသော ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်းကို မလိုလားသော်လည်း လူသားအနွယ်ထဲရှိသော ရခိုင်အမျိုးသားသေလုဆဲ ဒုက္ခိတများကို အသက်ဘေးမှ ကာကွယ်ရန်ကိစ္စကို လက်မခံဘဲ နေနိုင်မည်လော။

ဗိုလ်ရန်အောင်နှင့် သူ့လက်ထောက်အရေးပါသူများ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ အရေးပါသူများ၊ ဦးပညာသီဟ၊ ကိုမြနှင့်ကျနော်ပါဝင်သော လျှို့ဝှက်ဆွေးနွေးပွဲ ကျင်းပကြရသည်။ ဦးပညာသီဟတောင်းဆိုသော လက်နက်ကျည်ဆံများ ဦးပညာသီဟပြောသော စခန်းထိပ်ပို့ရေးကို ကိုညိုထွန်း (ဖဆပလ ဝန်ကြီးဟောင်း၊ သီဟကုမ္ပဏီပိုင်ရှင်နှင့် ယခုသံအမတ်ကြီး) တာဝန်ယူရန်ဆုံးဖြတ်လိုက်ကြသည်။ အာရကံဖလိုတီးယား ဆိပ်ကမ်း (ယခုစစ်တွေမြို့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဆိပ်ကမ်း)ရှိ သိမ်းထားသောမီးသင်္ဘောသို့ ညဥ့်အချိန်တွင် လက်နက်ခဲယမ်းမီးကျောက်များကို တိတ်တဆိတ်တင်ပေးကြသည်။ နံနက်အရုဏ်တွင် ကိုညိုထွန်း ယင်းသင်္ဘောသို့ ဆင်းသွားသည်။ ဘယ်လိုသိ၍ ဘယ်အချိန်ကရောက်နေမှန်း မသိသောဂျပန်များသည် ဂျပန်စက်သေနတ်များနှင့် ဝိုင်းထားပြီး ဦးပညာသီဟထံပို့ရန် သင်္ဘောပေါ်ရောက်နေသော လက်နက်များ ကျည်ဆံများအားလုံးကို သိမ်းယူသွားတော့၏။ ဗိုလ်ရန်အောင် အကြိမ်ကြိမ် ဂျပန်စစ်ဗိုလ်များနှင့် ဖြေရှင်းယူသဖြင့် ကိုညိုထွန်းဘေးမခခဲ့။

## သိန်းပေါင်းများစွာ ရတနာသိုက်ကိုရပြီ

စစ်တွေမြို့ကိုသိမ်းပြီး တိကျစွာ ထောက်လှမ်းကြရာ မြစ်ဝကျွန်းပေါ် တစ်ချို့မြို့များနှင့် သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ၊ ငွေတိုက်တို့မှ သိမ်းယူခဲ့သော သိန်းပေါင်းများစွာသောငွေများသည် မေဂျာဦးကျော်ခိုင်၏စီစဉ်မှုဖြင့် ဘူးသီးတောင်ငွေတိုက်တွင် စုပုံလျက်ရှိကြောင်း သိခဲ့ရသည်။ မောင်တောမြို့သို့လည်း ဗြိတိသျှစစ်တပ်များ မကြာခဏ အလုံးအရင်းနှင့်ရောက်တတ်ကြောင်းကိုလည်း သိခဲ့ရသည်။

ဘူးသီးတောင်ကို သိမ်းယူနိုင်ရန် ဗိုလ်ရန်အောင်နှင့်ကျနော်တို့ နိုင်ငံရေးနည်းနှင့် စည်းရုံးရေးနည်းများကိုသုံးပြီး အမျိုးမျိုးကြိုးစားကြသည်။ ဗိုလ်ရန်အောင်၏ကိုယ်စားလှယ်အဖြစ် စေလွှတ်ခံရသော ဗမာစစ်ဗိုလ်တစ်ဦးနှင့် ရခိုင်တပ်ကြပ်ကြီးတစ်ဦးတို့ကို မူဆလင်အမျိုးသားတို့က သတ်ဖြတ်ခြင်းဖြင့်သာ အဖတ်တင်တော့၏။ အဆုံးသတ်ရတော့၏။ မေဂျာဦးကျော်ခိုင်လုပ်ကြံ သတ်ဖြတ်ခံရသည့်နောက်တွင် ဘူးသီးတောင်နယ်ရှိ ရာပေါင်းများစွာသော ရခိုင်အမျိုးသားများသည် စစ်ပြေးကုလားများနှင့် မူဆလင်အမျိုးသားများ၏ သတ်ဖြတ်မှုကြောင့် သွေးချောင်းစီးလျက် ရှိခဲ့ရပြီ။ မောင်တောနယ်ရှိ ရခိုင်အမျိုးသားများကား မောင်တောမြို့ရှိ အရာရှိ အရာခံများ၏အကူအညီကြောင့် အိန္ဒိယသို့ရွှေ့ပြောင်းနိုင်သဖြင့် ရွှေ့ပြောင်းသွားခြင်းကြောင့် အတော်အသင့်အသက်ဘေးမှ လွတ်ကင်းသွားခဲ့ရပြီ။ စစ်ပြေးကုလားများနှင့် လက်နက်ကိုင် မူဆလင် အမျိုးသားတို့ပေါင်းပြီး ဘူးသီးတောင်မြို့ကို လာရောက်တိုက်ခိုက်ခြင်းကို ဘူးသီးတောင်ရှိပုလိပ်များနှင့် လက်နက်ကိုင် ဘူးသီးတောင် မြို့သူမြို့သားများ ခုခံကာကွယ်လျက် ရှိခဲ့ရပြီ။

ဗိုလ်ရန်အောင်ကိုယ်တိုင်ကြီးကြပ်သော ဗမာ့လွတ်လပ်ရေးတပ်မတော်၏ တပ်ဖွဲ့ဝင်များနှင့်အတူ ကိုမြ၊ ကိုသာထွန်းဦး (ယခု ဗကပ ရခိုင်ပြည်ကော်မတီ) နှင့်ကျနော်တို့ မီးသင်္ဘောဖြင့် ဘူးသီးတောင်သို့ ချီတက်သွားကြ၏။ ကျနော်တို့ထင်ခဲ့သလို စစ်တွေမှ ဘူးသီးတောင်ရေကြောင်းခရီးတွင် ခုခံမှုများ တစ်စုံတစ်ရာမတွေ့ဘဲ ဘူးသီးတောင်မြို့ကို ချောမောစွာ ရောက်ရှိသွားကြ၏။ ဘူးသီးတောင်မြို့ကို ရောက်လျှင်ပင် ထုံးတမ်းစဉ်လာအတိုင်း ပုလိပ်လက်ထဲမှ ခဲယမ်းမီးကျောက်များကို ဗမာ့လွတ်လပ်ရေးတပ်မတော်မှ သိမ်းလိုက်တော့သည်။ ကိုမြ၊ ကိုသာထွန်းဦးနှင့် ကျနော်တို့လည်း မိမိတို့တာဝန်အတိုင်း ဘူးသီးတောင်ငွေတိုက်မှ သိန်းပေါင်းများစွာသောငွေများကို သိမ်းယူလိုက်ရတော့သည်။ ဘူးသီးတောင်ငွေတိုက်တွင် ဖြန့်ကြဲနေသော ငါးမူးစေ့များ၊ မတ်စေ့များ၊ စသည်တို့ကို ဘူးသီးတောင်မြို့သို့ရောက်နေကြသော စစ်ပြေးဒုက္ခသည် ဒိုင်းနက်အမျိုးသားများအား ကျနော်တို့ပေးကမ်းကြ၏။ သိန်းပေါင်းများစွာသော ရတနာသိုက်ကို ကျနော်တို့ တူးဖော်ယူငင်၍ လက်ဝယ်ရခဲ့ပြီ။ ဘယ်သူဝမ်းမမြောက်ဘဲ နေမည်နည်း။

## အဝီစိငရဲ ကျသွားခြင်း

ဗိုလ်ရန်အောင်တပ်ရောက်ပြီး နှစ်ရက်ခန့်တွင် ဘူးသီးတောင်မြို့ကို မပြတ်မလပ် အားစမ်းနေသော ကုလားစစ်ပြေးများနှင့် လက်နက်ကိုင်မူဆလင်အမျိုးသားတို့သည် ဘူးသီးတောင်မြို့ကို တောင်ပေါက်ဝမှနေ၍ လာရောက်ပစ်ခတ်ကြသည်။ တောင်ပေါက်ဝတွင် တောင်ကုန်းများမှ ကျနစွာ နေရာယူထားရာ ရန်သူများသည် အနည်းငယ်မျှသာ ပစ်ခတ်နိုင်ပြီး ကျဆုံးသူ

များနှင့် ဒဏ်ရာရသူများကို ယူခါ ပြန်ဆုတ်သွား၏။ ကျနော်နှင့် ဇကိုက်ခန့်ကွာ နေရာရှိ တပ်သားတစ်ဦး ကျည်ဆံထိခံလိုက်ရ၏။ ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်း တားဆီးရန် အစွမ်းကုန် ကြိုးစားကြသော်လည်း စနစ်တကျစီစဉ်ထားသော ကလိမ်ခြံမှုဆလင်များလက်ထဲတွင် ဗိုလ်ရန်အောင်နှင့် ရခိုင်သားတစ်စု သွေးအေးအေးဖြင့် လုပ်ကြံသတ်ဖြတ် ခံသွားကြရသည်။

ဤသို့ နှစ်ကြိမ် သုံးကြိမ်ခန့် တိုက်ပွဲဖြစ်သည်။ ဤသို့တိုက်ခိုက်နေစဉ်အတွင်း ဗိုလ်ရန်အောင်၏တပ်ထဲတွင် တစ်ဗိုလ်တပ်သားများ ပွစိပွစိဖြစ်လာကြ၏။ မူဆလင်အမျိုးသားတစ်ချို့က ဗြိတိသျှနယ်ချဲ့ ဒီဝီဇံတပ်မကြီးသည် ဘူးသီးတောင်သို့ ချီတက်လာမည်ဟု နိုင်ငံရေးဝါဒဖြန့်ချိခြင်း ပြုလာကြသည်။ ထိုကောလာဟဠသတင်းကို ကျနော်တို့ အထပ်ထပ်စုံစမ်းသည်။ ဘာတစ်ခုမျှ ယုတ္တိမရှိချေ။ ကျနော်က ယခု ဘူးသီးတောင်တွင် ကျနော်တို့ခုခံနေရသော လက်နက်ကိုင် ရန်သူများသည် ဗြိတိသျှနယ်ချဲ့၏စစ်တပ်များမဟုတ်၊ ကုလားစစ်ပြေးတစ်စုနှင့် လက်နက်ကို မူဆလင်အမျိုးသား တချို့သာဖြစ်ရာ ကျနော်တို့ ကောင်းမွန်စွာ ခုခံနိုင်သဖြင့် ဘူးသီးတောင်မှတပ် မဆုတ်သင့်ကြောင်းနှင့် ကုလား-ရခိုင်လူမျိုးရေး အဓိကရုဏ်းတားရေးကို အခြေစိုက်ပြီး မူဆလင် အမျိုးသားများကို လှုံ့ဆော်စည်းရုံးသင့်ကြောင်းတို့ကို ဗိုလ်ရန်အောင်တို့အား ကျနော်အလေးအနက်တင်ပြထားခဲ့လျက်ရှိသည်။

ဘူးသီးတောင်မြို့ထဲတွင် အသိအကျွမ်းများကို နှုတ်ဆက်ရင်း ကျနော်မြို့ထဲသို့ သွားလာလည်ပတ်နေသည်။ ဗိုလ်ရန်အောင်တပ်မှ တပ်သားတစ်ဦး အူယားဖားယားပြေးလာပြီး ဗိုလ်မှူး ဗိုလ်ရန်အောင်၏အမိန့်အရ ဘူးသီးတောင်ဆိပ်ကမ်းတွင် ဆိုက်ထားသော မီးသင်္ဘောသို့ ယခုချက်ချင်းဆင်းခဲ့ရန် သတင်းလာပို့သည်။ ကျနော်လည်း သုတ်ချေတင်ခါ မီးသင်္ဘောပေါ်သို့ ဆင်းလာသည်။ ဗိုလ်ရန်အောင်နှင့်တကွ ဗိုလ်တပ်သားများနှင့် ကိုမြကိုတွေ့သည်။ ကိုသာထွန်းဦးကို သင်္ဘောအနှံ့ကျနော်ရှာကြည့်သည်။ ကိုသာထွန်းဦးကို မတွေ့။ သို့နှင့် ဗိုလ်ရန်အောင်ထံ ကျနော်သွား၍ ကိုသာထွန်းဦး မရောက်သေး၍ စောင့်ဆိုင်းရန် သတင်းပို့ရသည်။ မီးသင်္ဘောမှ ဥဩမှုတ်ခါ ကိုသာထွန်းဦးကို စောင့်သည်။ ဤသို့စောင့်နေစဉ် မီးသင်္ဘောပေါ်သို့ ဖိဆင်းလာသောလူအုပ်ကို အစောင့်တာဝန်ကျရဲဘော်များ ဟန့်ဆီးတားမြစ်သည်။ အသဲနှလုံးကြေကွဲစွာဖြင့် ဟစ်အော်ငိုကြွေးပြီး ဖိဆင်းလာသောလူအုပ်ကို ဟန့်တားမရ။ အသက်ရှင်ရေးအတွက် ဖိဆင်းနေသောလူအုပ်သည် ပို၍ဟစ်အော်ငိုကြွေးခါ ဖိဆင်းမြဲ ဖိဆင်းလာကြသည်။ ယင်းကြောင့် ဗိုလ်ရန်အောင်နှင့် ကျနော်တို့စီးလျက်ရှိသော သင်္ဘောကို ဆိပ်ကမ်းမှ ခွာလိုက်ရတော့၏။ ကျနော်တို့ မီးသင်္ဘောထွက်သွား၍ ကိုက် ၅၀-မျှမရောက်မီ ကာကီဘောင်းဘီကို ဝတ်ဆင်ကာ အပြေးအလွှားဟစ်အော်ခြင်း၊ လက်ပြခြင်းပြုနေသော ကိုသာထွန်းဦးကို တွေ့ရသည်။ ကျနော် သင်္ဘောစက်မောင်းဆရာထံ ချက်ချင်းပြေးပြီး သင်္ဘောဦးကို ကမ်းသို့ထိုးကပ်ပေးရန် ပြောသည်။ ကိုသာထွန်းဦး မီးသင်္ဘောပေါ် ခုန်တက်ပြီး လိုက်ပါလာရတော့သည်။

ဗိုလ်ရန်အောင်တပ်ဆုတ်ပြီး ဖရိုဖရဲဖြစ်သွားသော ဘူးသီးတောင်မြို့သားများသည် စက်ဖျက်၍ မသွားမလာနိုင်သဖြင့် ကြာမြင့်စွာ ပစ်ပယ်ထားပြီဖြစ်သော မီးသင်္ဘောတစ်စီးကို ဘူးသီးတောင်ဆိပ်ကမ်းသို့ ကပ်စေလိုက်သည်။ လူအုပ်သည် အစုလိုက် အခဲလိုက် ယင်းမီးသင်္ဘောပေါ်သို့တက်ကြသည်။ ယင်းမီးသင်္ဘောပေါ်တွင် ရပ်စရာနေရာလည်း မရှိပြီ။ ဆိပ်ကမ်းတွင်လည်း ရာပေါင်းများစွာ ဟစ်အော်ငိုကြွေးခါ ဖိဆင်းနေဆဲလူထုများဖြင့် ပြည့်နှက်လျှက်ရှိနေ၏။ ယင်းမီးသင်္ဘော ဘူးသီးတောင်ဆိပ်ကမ်းမှ ခွာထွက်လာ၏။ မီးသင်္ဘောစက်ခုတ်ပြီး ကိုက် ၂၀-မျှသာ သွားသေးသည်။ အရပ်သားပြည်သူများကို တင်ခေါ်လာသော မီးသင်္ဘောတုန်ခါပြီး ယိမ်းယိုင်နေတော့သည်။ ဆားငန်ရေများ ဒလဟောဝင်လာပြီး ယိမ်းယိုင်တုန်ခါနေသော ယင်းမီးသင်္ဘောသည် လူထုငိုကြွေးဟစ်ငိုသံနှင့်အတူ စုန်းစုန်းနစ်မြုပ်သွားတော့သည်။ သိန်းပေါင်းများစွာသော ရွှေငွေပစ္စည်းများနှင့်အတူ လူသုံးရာကျော်၏ အသက်ကို ဘူးသီးတောင်ချောင်းသည် မတုန်မလှုပ် ဝါးမျိုပစ်လိုက်၏။

ကျနော်တို့ မီးသင်္ဘောစစ်တွေရောက်ပြီး ဗိုလ်ရန်အောင်၏ စစ်ဌာနချုပ်ကို ဆန်စက်သူဌေး ဦးကျော်ဇံဦး၏ နေအိမ် (ယခု ယုန်ဦးမောင်နုအိမ်)တွင် အခြေစိုက်သည်။

**ကြောင်ကျော်ဇော**

ကိုကျော်ဇောမှာ ကျနော်တို့စစ်တွေ ရွာပေါင်းရပ်ကွက်မှ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သည်။ စစ်တွေ နော်မံကျောင်းကြီးတွင် အထက်တန်းပညာသင်ကြားနေသူဖြစ်သည်။ ကျနော်တို့၏ ရခိုင်ပြည် ကျောင်းသားများ သမဂ္ဂနှင့် ၁၃ဝဝပြည့်ကျောင်းသားသပိတ်တွင် အရေးပါခဲ့သောကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ပြီး စစ်တွေခရိုင်မြေအောက်တော်လှန်ရေးအဖွဲ့၏ ကော်မတီဝင်တစ်ဦးဖြစ်သည်။ ဘူးသီးတောင်မှ စစ်တွေသို့ ပြန်ရောက်ပြီး ဗိုလ်ရန်အောင် စစ်ဌာနချုပ်ကို ဦးကျော်ဇံဦးအိမ်တွင် စခန်းချထားခဲ့စဉ် ကိုကျော်ဇော (ကွယ်လွန်ခဲ့သော ပြည်ထောင်စု စစ်ရဲဗိုလ်) နှင့် ကျနော့် ရောင်းရင်းများ စစ်တွေကသိုက်တောရပ်ကွက် ဦးထွန်းအောင် (ယခင်စစ်တွေ အရေးပိုင် စာရေးကြီးချုပ်)အိမ်တွင် နေထိုင်ကြသည်။ စစ်ဌာနချုပ်တွင်

ပြန်ကြားရေးမှူးနှင့် စစ်တွေခရိုင်ကာကွယ်ရေးမှူးအဖြစ် ကျနော်တာဝန်ထမ်းဆောင်နေသော်လည်း နံနက်ရော ညနေပါ ကျနော့ရောင်းရင်းများနှင့် ထမင်းအတူစားကြသည်။

စစ်တွေမြို့တွင် အရပ်သူ အရပ်သားများ အနည်းငယ်နေထိုင်ပြီး ဆိတ် မမွေးမြူကြသော်လည်း တစ်ခါတစ်ခါ ဆိတ်ရောက်လေ့ ရောက်ထရှိသည်။ ဤသို့ ကျနော်တို့နေထိုင်စဉ် ဆိတ်တစ်ကောင်ရကြရာ နံနက်စာကို ဆိတ်သားဟင်းနှင့် စားပြီး ကျန်ဆိတ်သားများကို တံစို့ဖြင့် ကင်ထားကြသည်။ နံနက်စာစားပြီး တာဝန်ထမ်းရန် ကျနော်စစ်ဌာနချုပ်သို့ သွားသည်။ ညနေပိုင်း ကျနော်ပြန်လာပြီး ထမင်းစားကြသည်။ ဆိတ်သားဟင်းမပါ။ သို့နှင့်ကျနော်က "ဆိတ်သားဟင်း ခူးပေးပါအုံး" ဟုပြောရာ တန်နုကပ္ပတ္တိလတ်တလောဉာဏ်ရှိသော မောင်စောထွီးက ဆိတ်သားကင်များကို ကြောင်စားသွားတယ်"ဟု ပြန်ပြောသည်။ ကျနော်က အလွန်ရှားပါးသော ဆိတ်သားကင်များကို ကောင်းစွာမထားကြဘူးလားဆိုပြီး တတွတ်တွတ် အပြစ်တင်စကားပြောသည်။ မောင်စောထွီးက "ဆိတ်သားကင်များကို သံဇကာဘီရိုထဲ သော့ခပ်ခါ သိမ်းဆည်းထားတယ်၊ ဆိတ်သားကင်များကို ကြောင်သံပုရာရည်ဖြင့် စားသွားတယ်"ဟုပြောခါ ကျော်ဇောအား မျက်စောင်းထိုးပြသွား၏။ ကျနော်တို့အားလုံးသည် ငိုအားထက် ရယ်အားသန်ကာ တဟောဟောရယ်မောလိုက်ကြသည်။ ပြောမနာ ဆိုမနာ အသဲချင်းဆက်၍ ပေါင်းကြသော ကျနော်တို့၏ ရဲဘော်စိတ်ဓာတ်၊ တစ်ဦးလည်ချောင်းထဲရှိ ထမင်းခဲကို တစ်ဦးက နှုတ်ထုတ်စားသောက်လျှင်လည်း ကြေနပ်ကြသော ကျနော်တို့ဘဝ။

**ဖက်ဆစ်ဂျပန်တော်လှန်ရေးထဲ ခြေစုန်ပစ်ဝင်ခြင်း**

ဘူးသီးတောင်မှ တပ်ဆုတ်လာ၍ မကြာမီ ရန်ကုန်ဌာနချုပ်သို့ တပ်ဆုတ်လာရန်၊ ဗိုလ်ရန်အောင်ထံ အကြောင်းကြားချက်ရောက်လာခဲ့သည်။ ဗိုလ်ရန်အောင်နှင့်တကွ တပ်ဖွဲ့မှူးအားလုံးနှင့်အတူ ကျနော်ပါ မင်းပြားသို့ ထွက်ခွာလာကြသည်။ မင်းပြားတွင် စခန်းချနေဆဲ သခင်စိုး၊ ဦးသိန်းဖေမြင့် သခင်တင်မြနှင့် ဦးတင်ရွှေတို့ရောက်လာကြသည်။ သခင်စိုးသည် ဗိုလ်ရန်အောင် အလုပ်သမားဘဝကပင် ခင်မင်ရင်းနှီးခဲ့သူဖြစ်၍ ဗိုလ်ရန်အောင်နှင့် တိုးတိုးကြိတ်ကြိတ် စတင်ဆွေးနွေးကြသည်။ ဗိုလ်ရန်အောင်ထံမှ ကျနော်တို့သိရချက်မှာ ဒုတိယကမ္ဘာစစ်ကြီးသည် လက်ရိုးကျ ကမ္ဘာ့နယ်ချဲ့သမားများဖြစ်သော ဗြိတိသျှနယ်ချဲ့နှင့် ပြင်သစ်နယ်ချဲ့ကတစ်ဘက် ခေတ်ပေါ် နယ်ချဲ့ ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့ကတစ်ဘက်၊ ကိုလိုနီနိုင်ငံများ လုယက်ကြရင်း စတင်ဖြစ်ပေါ်ခဲ့သော စစ်ဖြစ်သည်။ သို့သော် ၁၉၄၁-ခု၊ ဇူလိုင်လအတွင်း ဆိုဗီယက်ယူနီယံကို ဂျာမဏီနာဇီ ဖက်ဆစ်တို့က စစ်မကြေငြာဘဲ အတင်းဒလကြမ်းဝင်စီးခဲ့သည်မှစပြီး ဆိုဗီယက်ယူနီယံစစ်ထဲဝင်ရခါ၊ ဆိုဗီယက်ယူနီယံ၊ အင်္ဂလန်ပြင်သစ်၊ အမေရိကန်တို့ပါဝင်သော ကမ္ဘာ့ဒီမိုကရေစီတပ်ပေါင်းစုကို ဖွဲ့စည်းထူထောင်ခဲ့ကြပြီ။ တရုတ်ပြည်တွင်လည်း မော်စီတုံးခေါင်းဆောင်သော တရုတ်ကွန်မြူနစ်ပါတီနှင့် ချန်ကေရှိတ်တို့ပင် ဖက်ဆစ်ဂျပန်စနစ်ဆိုး တိုက်ဖျက်ရေးအတွက် မဟာမိတ်ဖွဲ့ပြီ။ ဂျပန်၏အာရှတိုက်သားများ သာတူညီမျှကောင်းစားရေး ဆိုသည်မှာလည်း၊ လိမ်ညာမှုများ ဖြစ်ကြောင်းတို့ကို သခင်စိုးက တင်ပြဆွေးနွေးကြောင်း သိရသည်။ သခင်စိုးအား ငွေငါးသောင်းပေးလိုက်ကြောင်းကိုလည်း ဗိုလ်ရန်အောင်က ကျနော်အားပြောပြ၍ သိရသည်။

ကျနော်မှာ ထိုအချိန်တွင် နေ့ပိုင်းအကြိမ် ၂၀-နှင့် ညဥ့်ပိုင်းအကြိမ် ၃၀-ခန့် အသဲအသန် ဝမ်းကိုက်နေသောအချိန် ဖြစ်သည်။ ယင်းကြောင့် သခင်စိုးတို့ ဗိုလ်ရန်အောင်နှင့် ဆွေးနွေးပြီးနောက်ပိုင်းတွင် ဆက်လက်ပြုလုပ်သော ထိပ်တန်းလျှို့ဝှက် ဆွေးနွေးပွဲသို့ ကျနော်တစ်ကြိမ်သာ တက်ရောက်နိုင်ခဲ့သည်။ သို့သော် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ကျနော်ချင်းချက်မဲ့ လက်ခံသည်။ ယင်းကြောင့် ဦးသိန်းဖေမြင့်တို့နှင့်အတူ အိန္ဒိယသို့ လျှို့ဝှက်သွားကြရေးတွင် ကျနော်ပါဝင်ရန် သဘောတူလိုက်သည်။ ဗိုလ်ရန်အောင် စစ်ဌာနချုပ်တွင် ထမ်းဆောင်နေသော တာဝန်များနှင့် စစ်တွေခရိုင် ကာကွယ်ရေးမှူးတာဝန်များကို ကျနော်အပ်လိုက်သည်။ ကျနော်အား အိန္ဒိယသို့သွားရန် ဦးသိန်းဖေမြင့် စောင့်သည်။ တစ်နေ့ကြာသွားသည်။ ကျနော် ဝမ်းကိုက်ရောဂါမှာမသက်သာ။ နောင်တွင် ကျနော့်အား ကြီးစွာဒုက္ခရောက်စေသော လိပ်ခေါင်းသွေးသွန်ရောဂါဖြစ်စေမည့် ကျနော်၏ဝမ်းကိုက်ရောဂါသည် တစ်နေ့ထက်တစ်နေ့ပို၍ အသဲအသန်ဖြစ်လာတော့သည်။ ရက်သတ္တပတ်တစ်ပတ်ခန့် ဦးသိန်းဖေမြင့်တို့ စောင့်နေသော်လည်း ကျနော်၏ဝမ်းကိုက်ရောဂါသက်သာမှုမရှိ ဖြစ်နေရာ၊ ဦးသိန်းဖေမြင့်နှင့် ကျနော် ဆွေးနွေးကြသည်။ ထိပ်တန်းလျှို့ဝှက် ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းကို လုပ်ကိုင်နေကြသော ဦးသိန်းဖေမြင့်တို့အတွက် ဤထက်ပို၍ စောင့်ဆိုင်းရန်မသင့်၊ ယင်းကြောင့် ဦးသိန်းဖေမြင့်တို့ အိန္ဒိယသွားကြရေး၊ အကယ်၍ ကျနော်မသေမပျောက်လျှင် အိန္ဒိယနှင့် မြန်မာပြည် ဆက်သွယ်ရေးတို့ကို ကျနော်ဆောင်ရွက်ရန် သဘောတူကြသည်။ လျှို့ဝှက်နေမည့် သခင်စိုးကို ရှာဖွေရန်မလွယ်ကူ။ ဗမာလွတ်လပ်ရေးတပ်မတော်တွင် နာမည်ကြီးနေသော ဗိုလ်လက်ျာကို အလွယ်တကူ ရှာနိုင်သည်။ သို့နှင့် ဗိုလ်လက်ျာထံစာရေးမည်ဆိုပြီး ဦးသိန်းဖေမြင့်က ဖိုးလှဖေဟု နာမည်တစ်ခါ ဗိုလ်လက်ျာထံ စာတစ်စောင်ရေးပြီး ကျနော့်အား ပေးသွားခဲ့၏။

**ဝမ်းနည်းဖွယ်ရာရန်ပွဲ**

ကျနော် ဤသို့ အသဲအသန် ဝမ်းကိုက်နေဆဲ ဖက်ဆစ်ဂျပန်တော်လှန်ရေး စိတ်အားထက်သန်နေသော ဗိုလ်ရန်အောင်နှင့် ကျနော်တို့သည် ရခိုင်ပြည်တွင် ဗိုလ်ရန်အောင်တပ်များကို မြေအောက်တော်လှန်ရေးလုပ်ခါ ပျောက်ကြားစစ်ဆင်ရေး ဆောင်ရွက်နိုင် မဆောင်ရွက်နိုင်တို့ကို လေ့လာခဲ့ကြသည်။ ဂျပန်စစ်တပ်များအား ပန်းသပြေဖြင့် ပျော်ရွှင်သောနှလုံးသားဖြင့် ကြိုဆိုနေကြသော ရခိုင်ပြည်သူလူထုသည်လည်းကောင်း၊ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး၏အရေးပါသော ခေါင်းဆောင်တို့၏လက်မခံရဲခြင်းတို့ကြောင့်လည်းကောင်း၊ ဗိုလ်ရန်အောင်နှင့်တပ်ဖွဲ့များ ရန်ကုန်ဌာနချုပ်သို့ပြန်ရန် စီစဉ်ကြလေပြီ။ ဗိုလ်ရန်အောင်အား လက်နက် ၂၀၀ နှင့် ငွေ ၉သိန်းပေးခဲ့ရန် ကျနော်တင်ပြထားသည်။ ပြောစရာရှိလျှင် ပြောတတ်သော ကျနော်၏ပါးစပ်သည် ဗိုလ်ရန်အောင်၏ စစ်ဗိုလ်များကိုလည်း လက်နက် ၂၀၀နှင့် ငွေ ၉သိန်း ပေးထားခဲ့ကြရန် ပြောသည်။ ဗိုလ်ရန်အောင်တပ်မှ တစ်ချို့စစ်ဗိုလ်များ နှုတ်ပိတ်နေကြသည်။ ဗိုလ်ရန်အောင်၏လက်ထောက်တပ်မှူး ဗိုလ်အောင်ဇေယျအားလည်း ဤလက်နက်များ ငွေများပေးခဲ့ရေးကို ကျနော်ပြောဆိုမိသည်။ ဘူးသီးတောင် အဝီစိငရဲပြသနာတွင်းကလည်း ကျနော်နှင့် စကားစစ်ထိုးဘူးခဲ့သော ဗိုလ်အောင်ဇေယျသည် ကျနော်တင်ပြချက်ကို နိုင်ငံရေးစစ်ရေးတို့ဖြင့် ဝေဖန်သင့်ပါလျက်နှင့် ဤသို့မဝေဖန်။ ခါးသီးသော ကြိမ်းဝါးသော စကားလုံးများဖြင့် ရခိုင်အမျိုးသားရေးရာထိ စော်ကားလာရာ ကျနော်စိတ်ကို မချုပ်တီးနိုင်ဘဲ၊ လက်သီးဖြင့်ထိုးမိသည်။ အသဲအသန်ဖြစ်ခဲ့သော ဝမ်းကိုက်ရောဂါကြောင့် နလံမထူနိုင်သေးသော ကျနော်အား ဗိုလ်အောင်ဇေယျ လက်သီးဖြင့် ပြန်ထိုးလျှင် ကျနော်လှလှကြီး ခံရမည်ဖြစ်သည်။ သို့သော် ဗိုလ်အောင်ဇေယျ ကျနော့်အား လက်သီးဖြင့် ပြန်မထိုး၊ ချက်ချင်းသုတ်ခြေတင် ထွက်ပြေးသွားသည်။ မိနစ်သုံးဆယ်ခန့်ပင်မကြာ၊ ကျနော်နေထိုင်သော ကိုဝေကျော်၏အိမ်ကို စက်သေနတ်များ၊ ရိုင်ဖယ်သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြတော့၏။ စက်သေနတ်သံများနှင့် ကိုဝေကျော်၏ မိခင်နှင့်ညီမ၏ ငိုယိုဟစ်အော်သံများဖြင့် ဆူညံသွားတော့၏။ ဗိုလ်ရန်အောင်ကိုယ်တိုင်ပြေးလာပြီး ဟန့်ဆီးမှ အပစ်အခတ် ရပ်စဲသွားတော့သည်။ ထိုအချိန်တွင် တာဝန်များမှ နှုတ်ထွက်သွားပြီဖြစ်သော ကျနော့်ထံတွင် ဘာလက်နက်မျှပင်မရှိပေ။

**ဗိုလ်လက်ျာနှင့် ဆုံခဲ့ခြင်း**

ဗိုလ်အောင်ဇေယျနှင့် ဝမ်းနည်းဖွယ်ရာ ရန်ဖြစ်ကြပြီး မကြာမီရန်ကုန်သို့ပြန်ရန် ဗိုလ်ရန်အောင်တပ် မင်းပြားမှ ထွက်ခွါသွားတော့၏။ ဗိုလ်ရန်အောင်တပ်နှင့်အတူ ကိုမြ(ရခိုင်တိုင်း ဘီအိုင်အေ အုပ်ချုပ်ရေးမှူးဖြစ်ခဲ့သော ဘီအက်အေ နောက်ဆုံးနှစ်ကျောင်းသားနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်)တို့ လိုက်သွားကြသည်။ ဝမ်းကိုက်ရောဂါကြောင့် နလံမထူနိုင်သေးသော ကျနော် မင်းပြားတွင်ပင် နေထိုင်ခဲ့သည်။ နလံထူလျှင်ထူချင်း ကျနော် ကျွမ်းကျင်သော သံတွဲနှင့် ဂွမြို့များမှတဆင့် ကျနော်နှင့် ကိုရွှေဘော်(ဗမာ့လွတ်လပ်ရေးတပ်မတော် ခေတ်အတွင်းက မင်းပြားမြို့နယ်) တာကွယ်ရေးတာဝန်ခံဖြစ်ခဲ့သည်။ ယခု ကန်ထရိုက်လုပ်ငန်းလုပ်နေသူဖြစ်သည်) ပုသိမ်သို့လိုက်သွားကြသည်။ ပုသိမ်မှ မီးသင်္ဘောစီးပြီး ရန်ကုန်မြို့သို့ လိုက်လာသည်။ ရန်ကုန်သို့ရောက်လျှင် အသိအကျွမ်းများထံ စုံစမ်းရာ ရခိုင်ပြည်မှ ပြန်လာခဲ့သော ဗိုလ်ရန်အောင် ငှက်ဖျားရောဂါစွဲကပ်ပြီး ရူးပေါပေါဖြစ်၍ ဆေးရုံရောက်နေကြောင်း၊ ဗိုလ်လက်ျာ ပျဉ်းမနားတွင်ရှိနေကြောင်း သိရသည်။ ကိုရွှေဘော်နှင့်ကျနော် ပျဉ်းမနားသို့ ဆက်ပြီးလိုက်သွားကြသည်။ ပျဉ်းမနားရှိ ဗိုလ်လက်ျာနေအိမ်တွင် ဗိုလ်လက်ျာကို ဝမ်းမြောက်စွာ ကျနော်တို့သွားတွေ့သည်။ ဦးသိန်းဖေမြင့်ထံမှ ပေးလိုက်သောစာကို ပေးလိုက်သည်။ ကျနော်၏စိတ်ကူးတွင် ဗိုလ်လက်ျာနှင့် ဦးသိန်းဖေမြင့်တို့ကို ဘယ်ပုံဘယ်နည်းဆက်သွယ်ပေးမည်ဟု ကြံစည်တွေးတောလျက်ရှိသည်။ တပ်သားရဲဘော်များနေသော မြင်းဇောင်းတွင် ကိုရွှေဘော်နှင့်ကျနော်တည်းခိုနေကြသည်။ တပ်သားများနှင့်အတူ ထမင်းစားကြသည်။ တညဥ့်အိပ်သည်။ ဗိုလ်လက်ျာထံမှ ဘာမျှမပြော၊ နှစ်ညဥ့်အိပ်သည်။ ဗိုလ်လက်ျာထံမှ ဘာမှမသိရ။ ကျနော်တို့ မိမိအသိဥာဏ်ဖြင့် နားလည်သွားခါ ပျဉ်းမနားမှ ရန်ကုန်သို့ပြန်လာကြသည်။ ယနေ့ထိ ဗိုလ်လက်ျာကို နောက်ထပ်မတွေ့ရသေး။ သို့သော် ထိုစဉ်က ဗြိတိသျှနယ်ချဲ့တိုက်ပွဲများတွင် ရခဲ့သောအောင်ပွဲနှင့် ဂျပန်နီပွန်များကို အထင်ကြီးခြင်း၊ ဗိုလ်လက်ျာတွင် ရှိခဲ့သလားဟု ကျနော်ယူဆခဲ့သည်။

**ဘကြီးသနားပါတယ်**

ဗိုလ်လက်ျာထံမှ ဖြူသည်မဲသည်ကို မသိခဲ့ရသော ကျနော်တို့ မီးရထားဖြင့် ရန်ကုန်သို့ပြန်လာကြသည်။ မီးရထားပေါ်တွင်ကယ်ပါများ သီဆို၍လည်းကောင်း၊ တီးမှုတ်၍လည်းကောင်း ပိုက်ဆံတောင်းကြသည်။ ချောမောလှပသော အသက်နှစ်ဆယ်ခန့် ကယ်ပါတစ်ဦး ကျနော်တို့ မီးရထားတွဲသို့ ဝင်လာသည်။ သီချင်းဆိုပြီး ပိုက်ဆံတောင်းသည်။ ကျနော်နှင့် ဘေးချင်းယှဉ်ထိုင်နေသောခုံမှ ခန့်ငြားစွာ ဝတ်ဆင်ထားသော အသက်(၅၀)အရွယ်တစ်ဦးနားသို့ ကယ်ပါသူလေး ရောက်လာ

သည်။ ထိုလူသည် ကယ်ပါသူ၏လက်ထဲ ပိုက်ဆံထည့်ပေးရင်း "တူမလေး သနားပါတယ်" ဟုပြောခါ ခပ်ပြုံးပြုံးကလေး မျက်နှာထားဖြင့် ကယ်ပါသူကို စိုက်ကြည့်သည်။ ကယ်ပါသူသည် ချက်ချင်းနောက်သို့ ဆုတ်သွားခါ "ဘကြီး သနားဒါ သိပါတယ်၊ ဘကြီးသနားတာ ကြောက်ပါတယ်"ဟုပြောပြီး ဘူတာသို့ရောက်လျှင် ကျနော်တို့ မီးရထားတွဲမှ သုတ်ခြေတင်ပြေး သွားတော့သည်။ ကယ်ပါသူ၏နက်နဲသောစကားများကို ကျနော်စိတ်ဖြင့် အကြိမ်ကြိမ်ရွတ်ဆိုပြီး ကျနော်အထပ်ထပ်ပြုံးမိသည်။ ဤသို့ ဘကြီးမျိုး နိုင်ငံရေးနယ်ပယ်တွင် မရှိပါသလော။

## ဂျပန်စစ်တက္ကသိုလ်မှပြေးပြီ

ပျဉ်းမနားမှ ရန်ကုန်သို့ပြန်ရောက်ခဲ့ကြသည်။ နိပ္ပွန်ဂျပန်များအား ရောမ အထင်ကြီးနေကြသူများချည်း တွေ့ရသည်။ ဂျပန်ဖက်ဆစ်တော်လှန်ရေးကို ထိုးထိုးကြိတ်ကြိတ်ပင် ကျနော်တို့ မဆွေးနွေးရဲ။ သခင်စိုးဘယ်နေရာတွင် ရှိသည်ကိုလည်း ကျနော်တို့မသိ။ ရန်ကုန်မြို့ရှိ ကိုရွှေဘော်ယောက္ခမ ဆရာဝန်ဦးစိန်ခိုင်၏အိမ်တွင် ကျနော်တို့ သောင်တင်လေတော့သည်။

ရန်ကုန်သို့ ဆေးဝါးကုသရန်ရောက်နေသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဥက္ကဋ္ဌ ဦးသာဇံလှကို ကျနော် သွားရောက်တွေ့သည်။ ဦးသာဇံလှ၏တိုက်တွန်းချက်အရ စစ်တက္ကသိုလ်သို့ဝင်ရန် ကျနော်လက်ခံသည်။ ဦးသာဇံလှ ကိုယ်တိုင် ဒေါက်တာဘမော် (ထိုစဉ်က ဂျပန်ပေးသော လွတ်လပ်သော မြန်မာနိုင်ငံ၏အဓိပတိ) အား ကျနော်ကို စစ်တက္ကသိုလ် သွင်းပေးရန်ပြောပြချက်အရ မင်္ဂလာဒုံတွင် ပထမဆုံးဖွင့်သော စစ်တက္ကသိုလ်သို့ ကျနော်ဝင်ခွင့်ရသွားတော့ သည်။ ကျွန်တော်ကိုယ်တိုင်လည်း အဆင့်မြင့်သော စစ်ပညာကို လိုလားသူတစ်ဦးဖြစ်သဖြင့် စစ်တက္ကသိုလ်သို့ဝင်ခွင့်ရခဲ့သည် ကို ကျနော်များစွာ နှစ်ထောင်းဝမ်းမြောက်သည်။ စစ်တက္ကသိုလ်သို့ရောက်ပြီး ကျနော်လေ့လာခဲ့ရာ ဤစစ်တက္ကသိုလ်မှ စစ်ပညာရပ်များ သင်ကြားပြီးလျှင် ဂျပန်နိုင်ငံထိသွားပြီး ၄-နှစ်တိုင် စစ်ပညာဆက်သင်ရမည်ဖြစ်ကြောင်း သိရသည်။ ဖက်ဆစ် ဂျပန်တော်လှန်ရေးကို အာသာငန်းငန်း သက်စွန့်ကြိုးပမ်းဆောင်ရွက်လိုသော ကျွန်တော်ကား နှစ်ပတ်တွင် မကြာမီ မင်္ဂလာဒုံ စစ်တက္ကသိုလ်မှ ထွက်ပြေးလေတော့၏။ ဖက်ဆစ်ဂျပန်များ၏ စစ်ဝရမ်းပြေးဘဝသို့ ကျနော်အလိုအလျောက် ရောက်သွားခဲ့ တော့၏။

## အိန္ဒိယရှိ ဦးသိန်းဖေမြင့်ကို ဆက်သွယ်ခြင်း

ကျွန်တော်စစ်တက္ကသိုလ်မှ ထွက်မပြေးမီကပင် ဦးသာဇံလှ ရောဂါဖြင့် သေဆုံးခဲ့ပေပြီ။ ကိုရွှေဘော်ကိုလည်း ကျနော်စစ်တက္ကသိုလ်မှ ပြေးခဲ့ကြောင်းမပြောရန် လုံလောက်စွာ နှုတ်ပိတ်နိုင်ခဲ့ပြီဖြစ်သော်လည်း ကျနော်စိတ်မလုံ။ အိန္ဒိယရှိ ဦးသိန်းဖေမြင့်နှင့် ဆက်သွယ်ခါ ဖက်ဆစ်ဂျပန် တော်လှန်ရေးလုပ်ငန်းဆောင်တာများလည်း လုပ်ရန်ရှိရာ၊ ရန်ကုန်တွင် တာရှည်မနေနိုင်တော့ဘဲ ရခိုင်ပြည်သို့ ပြန်ခဲ့၏။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးလုပ်ခဲ့စဉ်ကပင် ကျနော်တို့ အခြေခံစခန်းအဖြစ် အခြေစိုက်ခဲ့သော မြို့ဟောင်းမြို့နယ် လောင်းရှည်ချောင်းရွာသို့ ကျနော်ဒုံးစိုင်းလာခဲ့သည်။ ဦးပညာသီဟကို လောင်းရှည်ချောင်းတွင် မတွေ့၊ ဦးပညာသီဟ ရခိုင်တပ်သားများနှင့်အတူ ပလက်ဝမြို့ဘက်သို့ သွားရှိကြောင်း သိရသည်။ ဦးပညာသီဟကို စောင့်ရင်း လောင်းရှည်ချောင်းရွာ (ခမွီးအမျိုးသားကျေးရွာ)တွင် ဩဇာရှိနေသည့် ဗိန္ဒော ဆေးသမား ဦးလေသာအောင်ကို ရင်းနှီးစွာပေါင်းသင်းခါ ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေး သဘောတရားများဖြင့် ကျနော်စတင် ဆွယ်ယူတော့၏။ ယင်းအပြင် ၎င်းခမွီးရွာတွင် ဩဇာညောင်းသော ကိုဝါကြီး (ခမွီးအမျိုးသားအမည်) ၏ ဆွေမျိုးမိသားစုတို့ကို တဖြည်းဖြည်းစည်းရုံးယူတော့၏။ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းကို လက်ခံထားသော ဦးလေသာအောင်နှင့် ကျနော် အနီး အနား ကျေးရွာများသို့ သွားလာရင်း ယင်းကျေးရွာများမှ ရနိုင်သမျှတို့ကို တစ်ဦးစ နှစ်ဦးစ ကျနော်တို့ စည်းရုံးယူတော့သည်။ ဤသို့ ကျနော်တို့လုပ်ဆောင်နေစဉ် မောင်လှကျော် (စစ်တွေမြို့ကျနော်တို့ ရွာပေါင်း ရွာသားတစ်ဦးဖြစ်သည်။ နောင်တွင် ကျနော်တို့ နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစုတွင် ဒုတိယအထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်) ရောက်လာသည်။ မောင်လှကျော်ကို ဖက်ဆစ်တော်လှန်ရေး သဘောတရားဖြင့် ကျနော်စည်းရုံးသည်။ မောင်လှကျော် ယင်းသဘောကို ချွင်းချက်မရှိ လက်ခံသည်။

ဦးပညာသီဟပြကေးသို့ရောက်ကြောင်း သိလျှင်သိခြင်း၊ ဦးပညာသီဟနှင့်ကျနော် သွားတွေ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးလုပ်ငန်းကို ဆွေးနွေးကြသည်။ ကျနော်က ပျဉ်းမနားထိသွားပြီး လုပ်ဆောင်ခဲ့သော ဖြစ်ပျက်ခဲ့သော ကျနော်၏ လုပ်ဆောင်ချက်များကို တင်ပြသည်။ ဦးပညာသီဟကလည်း သူလုပ်ဆောင်လျက်ရှိသော လုပ်ငန်းများကိုပြောသည်။

သူ့လက်ထဲတွင်ရှိ ရခိုင်တပ်သားများကို ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် သုံးမည်ဆိုသည်ကိုလည်း ကတိပေးသည်။ ဦးသိန်းဖေမြင့်ထံ မောင်လှကျော်ကို လွှတ်ရန် သဘောတူကြသည်။ ယင်းကြောင့် မောင်လှကျော်အား ဦးသိန်းဖေမြင့်ထံ သွားရေးအတွက် ကျနော်စီစဉ်ပေးသည်။ ဦးသိန်းဖေမြင့်ထံ စာရေးပေးသည်။ ကျနော်တို့ ဦးသိန်းဖေမြင့်စာဖြင့် ဗျဉ်းမနား ဗိုလ်လက်ျာထံ သွားခဲ့ခြင်းမှစပြီး ကျနော်သိခဲ့သောအကြောင်းအရာများကိုလည်းကောင်း၊ ဦးပညာသီဟ၊ ရခိုင်တပ်သားများအား ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် တာဝန်ယူခြင်းတို့ကိုလည်းကောင်း၊ နှုတ်ငုံရအောင်ထိ မောင်လှကျော်ကို ကျနော်ပြောပြသည်။ အဘက်ဘက်မှ စိတ်ချရသောအခါ မောင်လှကျော်ကို ဦးသိန်းဖေမြင့်ရှိရာ အိန္ဒိယသို့ ကျနော်စေလွှတ်လိုက်သည်။ မောင်လှကျော်သည် ဦးသိန်းဖေမြင့်ထံ အခြားတစ်ဦးတစ်ယောက်မျှ မရောက်မီ ဦးဦးဖျားဖျား ရောက်သွားသူဖြစ်မည်ဟု ကျနော်ယူဆသည်။ မောင်လှကျော် အိန္ဒိယသို့ ချောမောစွာ ရောက်သွားခြင်း ဦးသိန်းဖေမြင့်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်း တစ်ခါတစ်ခါ မဟာမိတ်ရှေ့တန်းစစ်မြေပြင်ထိ ဆင်းခါ လှုပ်ရှားနေခြင်းကို ဝမ်းမြောက်ဖွယ်သိရသည်။

## နေလိုလလို ဘုန်းတောက်ခဲ့သော ဦးပညာသီဟ

ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းကို တစ်ရွာဝင်တစ်ရွာထွက် လူတစ်ဦးဘဲရရ အခက်အခဲကြားမှ သက်စွန့်ကြိုးပမ်းနေရစဉ် ဗမာ့ကာကွယ်ရေးတပ်မတော်မှ စစ်ဗိုလ်တစ်ယောက် ရခိုင်ပြည် စစ်တွေခရိုင်သို့ ပေါ်ပေါက်ခဲ့သည်။ သူ့အား ရန်ကုန်စစ်ဌာနချုပ်မှ တာဝန်ပေးသည့်အတိုင်း စစ်တွေခရိုင်ရှိ ဆရာဝန်ဟူသမျှကို အတင်းခေါ်ယူတော့သည်။ စစ်တွေခရိုင်ရှိ အုပ်ချုပ်ရေးမှူးနှင့်တကွ ဦးပညာသီဟနှင့် ကျနော်တို့က စစ်တွေခရိုင်ရှိ ဆရာဝန်များကို မခေါ်ရန်ပြောသော်လည်း လုံးဝလက်မခံချေ။

စစ်တွေခရိုင်သည် အိန္ဒိယနှင့် နီးကပ်သဖြင့် အိန္ဒိယဆရာဝန်များ၏ စားကျက်ဖြစ်သည်။ အိန္ဒိယဆရာဝန်များ၏ ငွေအိတ်လည်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်မီးလောင်ကျွမ်းသောအခါ အိန္ဒိယမှဆရာဝန်များအားလုံး အိန္ဒိယသို့ ပြန်ပြေးသွားရာ စစ်တွေခရိုင်တွင် ဆရာဝန်မလုံလောက်တော့ပေ။ ဆရာဝန်မလုံလောက်သော စစ်တွေခရိုင်မှ ရှိသမျှဆရာဝန်များကို ဗမာ့ကာကွယ်ရေးတပ်မတော်တွင်း တာဝန်ထမ်းရန် ခေါ်သွားလျှင် လူဦးရေတစ်သန်းမျှရှိသော စစ်တွေခရိုင်သူ၊ ခရိုင်သားများ မှာချဒုက္ခကြီးကြုံရတော့မည်။ ယင်းကြောင့် ဆရာဝန်များကို ခေါ်ယူနေသော ဗိုလ်နှင့်အတူ ဆရာဝန်များနှင့် ဦးပညာသီဟရော၊ ကျနော်ပါ၊ ရန်ကုန်သို့လိုက်သွားရသည်။ ရခိုင်ဆရာဝန်များရော၊ ဦးပညာသီဟနှင့်ကျနော်ပါ ရန်ကုန်ဗဟန်းရှိ ဓညဝတီကျောင်းတိုက်တွင် တည်းခိုကြသည်။ ရန်ကုန်သို့ရောက်လျှင် ဦးပညာသီဟနှင့် ဗိုလ်ချုပ်အောင်ဆန်းတိုက်ရိုက်တွေ့ဆုံရေးအတွက် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဌာနချုပ်ရုံးသို့ ကျနော်သွားပြီးလေ့လာတော့သည်။ သဘောထားပြည့်ဝသော ဆရာကြီး ဦးဘိုးကွန်း (ထိုစဉ်က ဗိုလ်မှူးတာဝန်ထမ်းဆောင်ခဲ့သည်။ နောင်ပြည်သူ့ရဲဘော်အချုပ်၏ ဥက္ကဋ္ဌနှင့်သံအမတ်ကြီး စသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ကွယ်လွန်သူ ဦးဘိုးကွန်းဖြစ်သည်)နှင့် ကျနော်ဆက်သွယ်မိတော့သည်။ ဤသို့ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးပညာသီဟ တိုက်ရိုက်တွေ့ဆုံနိုင်ရန် စီစဉ်ရင်း၊ သခင်မြ၊ သခင်သန်းထွန်းနှင့် ဗိုလ်ရန်အောင်တို့ထံလည်း ကျနော်သွားသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး မြေအောက်ခေါင်းဆောင်သခင်စိုးကိုလည်း တွေ့လိုတွေ့ငြား ကျနော်လိုက်ရှာသည်။ အခါခပ်သိမ်း ပြည်သူ့ဘက်တွင် ရဲရဲတောက်ရပ်တည်သောသစ္စာ၊ သမာဓိ၊ ပညာလည်းရှိသော သခင်ကိုယ်တော်မှိုင်းသည် ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ရပ်များကို ပြောပြလေတော့သည်။ သခင်မြ(လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော ပြည်ထဲရေးဝန်ကြီးနှင့် ဆိုရှယ်လစ်ပါတီဌာနချုပ်ဥက္ကဋ္ဌ) နှင့် သခင်မြအိမ်တွင် အမြဲတွေ့ရသော သခင်ခင်အောင် (သခင်မြ၏တူအရင်းဖြစ်သည်။ ပြည်သူ့တိုးတက်ရေးပါတီဌာနချုပ်ဥက္ကဋ္ဌ) သခင်သန်းထွန်း (ဗကပဌာနချုပ်ဥက္ကဋ္ဌ)နှင့် ဗိုလ်ရန်အောင်တို့ထံမှလည်း နိုင်ငံရေးရာများ၊ စစ်မက်ရေးရာများကို သိရသည်။ ကျနော်လည်း သူတို့အား ရခိုင်ပြည်အခြေအနေကို တင်ပြလေသည်။ အိန္ဒိယရှိ ဦးသိန်းဖေမြင့်နှင့် ဆက်သွယ်ရေး ရရှိခြင်းတို့ကိုလည်း သူတို့အား ကျနော်တင်ပြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးပညာသီဟတွေ့ဆုံဆွေးနွေးနိုင်သောရက်ချိန်းရခဲ့ပြီ၊ ရခိုင်ဆရာဝန်များပြန်ရရေးနှင့် ဆေးပစ္စည်းများရရေးအတွက် မည်သို့သော အချက်အလက်များ တင်ပြအပ်သည်ကို ဦးပညာသီဟနှင့်ကျနော် ဆွေးနွေးကြတော့သည်။ ရခိုင်ဆရာဝန်များနှင့် ဆွေးနွေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆွေးနွေးမည့်နေ့တွင် ဦးပညာသီဟနှင့်အတူ ကျနော်လိုက်ပါသွား၏။ ဗိုလ်မှူးဘိုးကွန်းအခန်းသို့ ကျနော်ဝင်သွားသည်။ ဗိုလ်ချုပ်နှင့်တွေ့ရန် ဦးပညာသီဟ ဗိုလ်ချုပ်အခန်းသို့ တက်သွားသည်။ ဗိုလ်မှူးဘိုးကွန်းနှင့် ကျနော်စကားပြောရင်း ဦးပညာသီဟကို ခုန်နေသောနှလုံးဖြင့် စောင့်ဆိုင်းနေရသည်။ နှစ်နာရီခန့်ကြာပြီးမှ ဦးပညာသီဟသည် ဗိုလ်မှူးဘိုးကွန်းအခန်းရှိ ကျနော်အား ဟစ်ခေါ်သည်။ ဦးပညာသီဟ၏မျက်နှာ ပြုံးရွှင်လျက်ရှိသည်။ အောင်မြင်ခဲ့ပြီဟု ကျနော်နားလည်သွား၏။ ဓညဝတီကျောင်းတိုက်ထိ သွား၍ ဆွမ်းစားရန်အချိန်မရှိ

ပြီ ဖြစ်ရကား၊ လမ်းဘေးထမင်းဆိုင်တွင် ဦးပညာသီဟလည်း ဆွမ်းစား၊ ကျနော်လည်း ထမင်းစားတော့သည်။ ဆွမ်းစားရင်း ဦးပညာသီဟက ဗိုလ်ချုပ်အောင်ဆန်းနှင့်အကြိတ်အနယ်ပြောခဲ့သော အချက်များကို အားပါးတရ ပြောသည်။ ဆရာဝန်များ ကိုလည်း ရခဲ့ပြီ၊ ဗိုလ်ချုပ်သည် စကားပြောသန်မာသလောက် စိတ်သဘောထားပြည့်ဝသူဖြစ်ကြောင်းကို ဦးပညာသီဟ သတ္တုချခါ စကားပြောဆုံးတော့၏။ ချိုပြုံးနေသောမျက်နှာဖြင့် မြင်းလှည်းနှင့်ပြန်လာကြသော ဦးပညာသီဟနှင့်ကျနော်တို့ကို ရခိုင်ဆရာဝန်များ ဝိုင်းဝန်းကြိုဆိုကြတော့၏။ ဆရာဝန်များနှင့် ဆေးပညာများယူပြီး ရခိုင်ပြည်သို့ ပြန်ရတော့မည်ဆိုသော စကားများကို ဦးပညာသီဟ ရင်ဖွင့်လိုက်ရာ အသက်အရွယ်ရပြီဖြစ်သော ရခိုင်ဆရာဝန်များ မြူးတူးကခုန်ကြတော့၏။ ဆရာဝန်များ၏ငွေအိတ်ပွင့်သွားပြီ၊ မည်သို့ဖြစ်မည်၊ မည်သည့်ဌာနသို့ သွားရမည်ဟု မသိသဖြင့် ချွေချွေတာတာ ခြစ်ခြစ် ခြုတ်ခြုတ် သုံးစွဲနေကြသောဆရာဝန်များသည် ငွေကို ဒလဟောသုံးစွဲတော့၏။ ရန်ကုန်သို့ရောက်သည့်နေ့ကပင် ဓညဝတီ ကျောင်းတိုက် မိမွေဇရပ်မှ နွားမြီး၊ နွားရိုးဟင်းသက်သက်ဖြင့် စားနေခဲ့ရသော ကျွန်တော်တို့မှာ ငွေအိတ်ပွင့်သွားသော ဆရာဝန်များထံမှ တရုတ်ပျော်ပွဲစားရုံများတွင် အရပ်တမြမြနှင့် ထမင်းကောင်း၊ ဟင်းကောင်းများ စားရလေတော့သည်။

ရခိုင်ဆရာဝန်များနှင့် ဂျပန်ခေတ်တွင် အလွန်ရှားပါးသော နိုင်ငံခြားဆေးပညာများကို သေတ္တာလိုက်သယ်ယူခဲ့ရ သော သာယာသောအပြုံးပိုင်ရှင် ဦးပညာသီဟအား ရခိုင်ပြည်သူပြည်သားများ နှစ်ထောင်းအားရစွာ ကြိုဆိုကြသည်။ ဦးပညာသီဟ၏ကောင်းသောကျော်ဇောမှုသည် ရခိုင်တစ်ပြည်လုံးတွင် ပျံ့နှံ့သွားလေသည်။ ကျော်ဇောပြီး နိုင်ငံရေးသြဇာ ကြီးမားလျက်ရှိသော ဦးပညာသီဟအား မြေယာပြုပြင်ရေးလုပ်ရန် ကျနော်နှိုးဆော်တော့၏။ ဦးပညာသီဟနှင့် ကျွန်နော်မှာ ဇာမိဒါမြေရှင်စနစ်ဆိုးကို ခါးခါးသီးသီးမုန်းတီးရွံရှာသူများ ဖြစ်ရာ မြေယာပြုပြင်ရေးလုပ်ရန် ဦးပညာသီဟက လွယ်ကူစွာ သဘောတူ၏။ ဦးပညာသီဟနှင့် ကျနော်တို့လုပ်ခဲ့သော မြေယာပြုပြင်ရေးသည် အခြားတိုင်းပြည်များတွင် လုပ်ခဲ့သော မြေယာတော်လှန်ရေးနှင့် ထပ်တူဖြစ်ချင်မှဖြစ်မည်။ ကျနော်တို့၏မြေယာပြုပြင်ရေးမှာ အင်္ဂလိပ်ငွေစက္ကူများဖြင့် ပေါင်နှံခဲ့သော လယ်ယာမြေများကို ဖောဖောသီသီနှင့် ပေါချင်တိုင်း ပေါနေသော ဂျပန်ငွေစက္ကူများဖြင့် အင်္ဂလိပ်ငွေစက္ကူတစ်ကျပ် ဂျပန်ငွေ တစ်ကျပ်စီ ရာနှုန်းတန်ဘိုးထားပြီး ဦးရဲကျော်သူကုမ္ပဏီနှင့် ဦးရွှေသာကုမ္ပဏီတို့ထံမှ ရွေးယူခွင့်ပြုစေခဲ့ခြင်းပင်ဖြစ်သည်။ နာယကဆရာတော် ဦးပညာသီဟဆိုပြီး ဦးပညာသီဟ၏တံဆိပ်တုံးလက်မှတ် ပြုလုပ်ထားခါ အတွင်းရေးမှူးအဖြစ် ကျနော် ရှိလျှင်ကျနော်လက်မှတ်ရေးထိုးပြီး ကျနော်ရုံးတွင်မရှိလျှင် ဦးစောသာအောင် (ရလကဥက္ကဋ္ဌဖြစ်သည်၊ စစ်တွေလမ်းမကြီး မြို့မေတ္တာခါတ်ပုံတိုက်ပိုင်ဖြစ်သည်)ဖြစ်စေ ဦးအောင်ဘန်း (ယခု စစ်တွေမြို့နယ် သမဝါယမ ရုံးစာရေးကြီး) ဖြစ်စေ တစ်ဦးဦး လက်မှတ်ရေးထိုးပြီး ကုမ္ပဏီပိုင်ရှင်၊ မြေပိုင်ရှင်ကြီးများ၏ လယ်ယာမြေများကို လယ်လုပ်သော လယ်သမားများ လက်ထဲသို့ ရောက်စေခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် ဦးပညာသီဟသည် ရခိုင်တောင်သူလယ်သမားများ၏ အချစ်တော်ဖြစ်ခါ နေလို လလို ဦးပညာသီဟ ဘုန်းတောက်ခဲ့သည်။ ဂျပန်လွတ်လပ်ရေးပေးထားသည်ဆိုသော မြန်မာနိုင်ငံကို တသွေးတသံ၊ တမိန့် အုပ်ချုပ်ရေးစနစ်ဖြင့် ဒေါက်တာဘမော်က အဓိပတိအဖြစ် ခံယူပြီး ခရိုင်မြို့နယ်အုပ်ချုပ်ရေးများ ရှိသကဲ့သို့ စစ်တွေခရိုင်တွင် လည်း ရှိခဲ့သည်။ ဦးပညာသီဟနှင့် ကျနော်တို့မှာ ခရိုင်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် အခြားမည်သည့်အဖွဲ့အစည်းတွင်မျှ ပါဝင်ကြသူများ မဟုတ်ကြ၊ သို့သော် ဦးပညာသီဟ၏ နိုင်ငံရေးသြဇာ၊ စစ်ရေးသြဇာကို အသုံးပြုပြီး ဖော်ပြပါမြေယာပြုပြင် ရေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ဆရာတော်ဦးစိန္တာ**

ကျနော်မှ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် နေ့မအား ညမအား လှုံ့ဆော်စည်းရုံးနေရခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများကို နေသားတကျ ဖွဲ့စည်းခြင်း၊ အိန္ဒိယရှိ ဦးသိန်းဖေမြင့်ထံသို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း၊ ပေါင်းကူး တံတားအဖြစ် ကျနော်ဆက်သွယ်ပေးရခြင်း၊ ဖက်ဆစ်နှိပ်စက်ညှင်းဆဲမှုဖြင့် အသက်သေသွားသည့်တိုင် ဖက်ဆစ်ဂျပန် ဆန့်ကျင် ရေး လှုပ်ရှားမှုများကို ဖော်ဆောင်မလုပ်မည့် လက်ရွေးစင်သံမဏိများကို ရွေးချယ်စေလွှတ်ရခြင်း၊ အခါခါကျနော်ကိုယ်တိုင် ရန်ကုန်သို့ သွားလာနေရခြင်း စသောမရေမတွက်နိုင်သည့် လုပ်ငန်းဆောင်တာများကြောင့် ဗြိတိသျှတိုက်ဖျက်ရေး မြေအောက် တော်လှန်ရေးလုပ်ငန်းဖြင့် ပုသိမ်မြို့ ဆရာကြီး ဦးရွှေကျော်ထံ သွားစဉ်ကတစ်ကြိမ်သာ ဦးစိန္တာအား ကျနော်တွေ့ခဲ့ရသည်။ ဦးစိန္တာသည် ပြဿနာဟူသမျှကို နက်နက်နဲနဲ တွေးယူတတ်သည်။ ဆွေးနွေးပွဲများဖြင့် မည်သို့ဖြစ်ပါစေ၊ ဦးစိန္တာ၏ပြုံးသော မျက်နှာနှင့် အေးဆေးသာယာသော အသံကိုသာ ကြားရတတ်သည်။ အပြောအဆို၊ အမူအရာ၊ နူးညံ့သိမ်မွေ့သော ဦးစိန္တာ သည် သဘောတရားရေးရာကို နက်နက်နဲနဲတွေးမြင်တတ်ခြင်းကြောင့် သူ၏ဆုံးဖြတ်ချက်ကို မည်သို့သော အခက်အခဲများ၊

အသက်အန္တရာယ်များဖြင့် ကြုံကြိုက်စေကာမူ အလွယ်တကူ စွန့်လွှတ်ခြင်း မရှိတော့ပေ။

ဗြိတိသျှနယ်ချဲ့စနစ်တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲတွင် မြေအောက်တော်လှန်ရေးအဖွဲ့၏ နာယက ဆရာတော်ဦးစိန္တာသည် မြေပုံမြို့နယ်၊ အမ်းမြို့နယ်တို့တွင် တော်လှန်ရေးလုပ်ငန်းများကို ကာယကံမြောက်လုပ်ကိုင်နေခဲ့သည်။ တောင်ကုတ်မှစစ်ကြောင်းချီလာသော ဗိုလ်ရန်အောင်တို့နှင့်ပေါင်းပြီး ဗိုလ်ရန်အောင်ထားခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခါ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးနှင့် ယင်းခရိုင်တွင်းရှိ မြို့နယ်အသီးသီးအုပ်ချုပ်ရေးများကို ကြောဖိရင်ဖိ ပါဝင်ဆောင်ရွက်ခဲ့သည်။

ဗိုလ်ရန်အောင်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်များ ရန်ကုန်ဌာနချုပ်သို့ ဆုတ်ခွာသွားသည်နှင့်တစ်ပြိုင်နက် မကြာမီ ဦးစိန္တာအား ဖက်ဆစ်ဂျပန်များ ဖမ်းဆီးလေတော့၏။ (ကျနော် ဦးသိန်းဖေမြင့်ပေးသောစာဖြင့် ဗိုလ်လက်ျာထံသွားနေခိုက်တွင် ဦးစိန္တာဖက်ဆစ်ဂျပန်များ၏ ဘမ်းဆီးခြင်းခံနေရသည်) ဖက်ဆစ်ဂျပန်များ၏ အကြောင်းပြချက်မှာ မြေပုံမြို့နယ် ရက်ချောင်း ကုလားရွာတွင် ဖြစ်ခဲ့သော ကုလား-ရခိုင်လူမျိုးရေးအဓိကရုဏ်းသည် ဦးစိန္တာကြောင့်ဖြစ်ခဲ့ခြင်း၊ နာမည်ကြီး ဓားပြဗိုလ် မောင်သာဦးကို ဦးစိန္တာမွေးထားခြင်း စသောအကြောင်းပြချက်များ၊ မဟုတ်မဟပ်စွပ်စွဲချက်များဖြင့် ဖက်ဆစ်ဂျပန်များ ဖမ်းဆီးခဲ့သည်။ ဖက်ဆစ်ဂျပန်များသည် ဖမ်းထားသူများအား အရှင်လတ်လတ် လက်သည်းခွာသည်။ လက်ထိပ်များကို အပ်ဖျားများ ဖြင့်ထိုးသည်။ ချည်နှောင်ထားပြီး နှာခေါင်းတွင်းသို့ ရေလောင်းသွင်းသည်။ ချည်နှောင်ထားသူများ၏ ဝမ်းဗိုက်တွင် ကြွက်အရှင် ကို အုပ်ဆောင်းထဲထားပြီး ဝမ်းဗိုက်ကို ကြွက်တွင်းတူးစေသည်။ ဤသို့ လူမဆန်စွာ ရက်စက်ကြမ်းကြုတ်သည့် ဂျပန်ဖက်ဆစ် သည် ဖက်ဆစ်ဝါဒအတိုင်း ဘမ်းသည်ဆိုလျှင်ပင် ဦးစိန္တာအား လူမဆန်စွာ ညှင်းဆဲလေတော့၏။ ဆရာတော်ဦးပညာသီဟနှင့် တကွ ဆရာတော်ဦးစိန္တာ၏တပည့်များ ကြိုးစားမှုကြောင့် ဆရာတော်ဦးစိန္တာ မသေမပျောက်ဘဲ လွတ်လာခဲ့သည်။ ယင်းကြောင့် ဆရာတော်ဦးစိန္တာသည် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို လုပ်ကိုင်ဆောင်ရွက်သော်လည်း မိမိ၏ခြေကို မိမိထိန်းထားခါ ယုံကြည် ရသော တပည့်ရင်း ဦးငအောင်ချေ (မြေပုံမြို့နယ် ကြာအင်းတောင် ကျေးရွာသားဖြစ်သည်)တို့မှတစ်ဆင့် ဆရာတော်ဦးပညာ သီဟနှင့် ကျနော်အား အဆက်အသွယ် ပြုလေတော့သည်။

## အိန္ဒိယရှိ ဦးသိန်းဖေမြင့်ကို ဒုတိယအကြိမ်ဆက်သွယ်ခြင်း

ရခိုင်ဆရာဝန်များနှင့် ဆေးပစ္စည်းသေတ္တာတို့ဖြင့် ဦးပညာသီဟနှင့် ကျနော်တို့ ရခိုင်ပြည်သို့ ပြန်ရောက်ကြပြီ။ ကျနော်စည်းရုံးထားသော သံမဏိလူငယ်များထဲမှ ဦးသိန်းဖေမြင့်ထံလွှတ်ရန် မြို့ဟောင်းမြို့နယ်၊ နက်ရွာသား ကိုထွန်းအောင် ကျော် (ပြည်တွင်းစစ်ကာလတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ သတ်ဖြတ်သွားခြင်းခံသွားရသော စစ်တွေခရိုင် ပြည်သူ့ရဲဘော် ခေါင်းဆောင်တစ်ဦးဖြစ်သည်)ကို ကျနော်ရွေးချယ်တော့သည်။ ကိုထွန်းအောင်ကျော်သည် အင်္ဂလိပ်စကားနှင့် အင်္ဂလိပ်စာပေ များကို တတ်သူမဟုတ်၊ ယင်းကြောင့် နယ်စပ်ရှိ ဗြိတိသျှစစ်တပ်မှ မသတ်ဖြတ်နိုင်ရန် ကိုထွန်းအောင်ကျော်အား "Please allow me to see U Thein Pe. No. 135 Head Quiarter in Calcutta"ကာလကတ္တားမြို့ရှိ နံပါတ် ၁၃၆ ဌာနချုပ် ဦးသိန်းဖေနှင့် ကျနော်အား တွေ့ခွင့်ပေးပါ" ဟူသော အင်္ဂလိပ်စကားကို သင်ကြားပေးခဲ့ရသည်။ ဦးသိန်းဖေမြင့် အားလည်း သခင်ကိုယ်တော်မှိုင်းကစပြီး ဖက်ဆစ်ဂျပန်များကို လက်မခံဖြစ်နေခြင်း၊ ဝန်ကြီးသခင်မြ၊ သခင်သန်းထွန်းတို့က လည်း ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အထောက်အကူပြုလာခြင်း၊ ဗိုလ်ရန်အောင်၏ကြံခိုင်သော ဖက်ဆစ်ဂျပန် တော်လှန်ရေးလုပ်ရပ်များနှင့် ကျနော်တို့လုပ်ဆောင်နေသော လုပ်ရပ်များကို ကျနော့်နှုတ်ဖြင့် အထပ်ထပ်ပြောပြရာ၊ ယင်း စကားလုံးများနှင့် ပြောပြချက်အားလုံးကို နှုတ်ငုံအာဂုံရသည်အထိ ကိုထွန်းအောင်ကျော်အား ကျက်မှတ်စေခဲ့သည်။ ကိုထွန်းအောင်ကျော် နှုတ်ငုံအာငုံရနေသည့်အခါ ဦးသိန်းဖေမြင့်ထံ ကျနော်စာရေးသည်။ လုံလောက်သောငွေကြေးကိုပေးပြီး သွားရမည့်လမ်းကို ညွှန်းလိုက်တော့သည်။ ကိုထွန်းအောင်ကျော် အောင်မြင်စွာ ရောက်သွားခြင်းကို လမ်းပြမှတဆင့် သိခဲ့ရ သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအောင်ပွဲကို မျှော်မှန်းပြီး ကျနော်ပျော်ခဲ့သည်။

တစ်လခန့်အတွင်း အိန္ဒိယမှ ကိုထွန်းအောင်ကျော် ကျနော့်ထံသို့ ပြန်ရောက်လာခဲ့သည်။ ဦးသိန်းဖေမြင့်ပြောလိုက် သော အကြောင်းအရာများကို နှုတ်ငုံအာဂုံပြန်ပြီး ပြောပြသည်။ ရွှေချောင်းအနည်းငယ်ကိုလည်း ထုတ်ပြသည်။ သားရေခါးပတ် လည်းပြသည်။ ယင်းသားရေခါးပတ်ထဲတွင် အင်္ဂလိပ်စာ နိပ်စက်ဖြင့်ရိုက်ထားသော စာရွက်တစ်ရွက်စီကို ဓာတ်ပုံရိုက် သည်။ ယင်းဓာတ်ပုံကို တစ်ဖန်သေးငယ်သော ဓာတ်ပုံထဲ ဖြစ်သွားအောင် ဓာတ်ပုံထပ်ရိုက်ပြီး ခါးပတ်ထဲတွင် ထည့်ပေးလိုက်ခြင်းကို ရှင်းပြသည်။ သူကိုယ်တိုင် ရန်ကုန်သို့လိုက်ပြီး ဦးသိန်းဖေမြင့် ညွှန်ကြားလိုက်သည့်အတိုင်း ဆက်လက်၍တာဝန်ထမ်းဆောင်

ရမည်ကို ရှင်းပြသည်။ ရန်ကုန်သို့ တစ်ခါမျှမရောက်ဘူးသော ကိုထွန်းအောင်ကျော် အလွယ်တကူ သွားနိုင်ရေးအတွက် သွားရေးလာရေးနှင့်တကွ၊ တဲခိုသွားရမည့်နေရာများနှင့် တဲခိုရမည့်အိမ်များ၏ အိမ်ရှင်နာမည်ကိုလည်း ကျနော်ပြောပြသည်။ စာတစ်စောင်ကိုလည်း ကျနော်ရေးပေးလိုက်သည်။ အိန္ဒိယသို့တစ်ခါမျှမရောက်ဘူးသော်လည်း၊ အိန္ဒိယကာလကတ္တားရှိ ဦးသိန်းဖေမြင့်ထံ အောင်မြင်စွာ သွားရောက်နိုင်ခဲ့ပြီး၊ ဦးသိန်းဖေမြင့်ထံမှ အရေးကြီးသော ညွှန်ကြားချက်များကိုသာ သားရေခါးပတ်ထဲသွင်းယူလာနိုင်သော ကိုထွန်းအောင်ကျော်သည် ဦးသိန်းဖေမြင့် ညွှန်းရာသို့လည်း အောင်မြင်စွာ သွားခဲ့သည်။ သက်စွန့်ကြိုးပမ်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

## ကျနော်၏ဘခင်ခွင့်ပြုချက်

အာရှတိုက်သားများသာ တူညီမျှ ကောင်းစားရေး "မြန်မာပြည်အား ၁၉၄၃-ခု၊ ဩဂုတ်လ (၁)ရက်နေ့ကပင် လွတ်လပ်ရေးပေးလေပြီ"ဟု ကမ္ဘာတစ်ဝှမ်းအား အသံကောင်းဟစ်နေသော ဖက်ဆစ်ဂျပန်များ၏ စစ်ဝါဒီစနစ်ဆိုးနှင့် ဖက်ဆစ်စနစ်ဆိုးတို့ကိုကား တစ်နေ့ထက်တစ်နေ့ ဗူးပေါ်သလို ပေါ်လာခဲ့သည်။ ပန်းသပြေခက်ဖြင့် ရေချမ်းဖြန်း၍ နီပွန်ဂျပန်စစ်သားများကို ကြိုဆိုခဲ့သော ပြည်သူ့လက်များသည် ရရာလက်နက်ဖြင့် ဖက်ဆစ်ဂျပန်ကို တွန်းလှန်မည့်လက်များ ဖြစ်နေသည်။ မဟာမိတ်လေယာဉ်ပျံများသည် စစ်တွေမြို့ကို ထွားထွားညက်ညက် ဖြစ်အောင် နေ့ရောညပါ ဗုန်းကြဲလေယာဉ်များဖြင့် အသုတ်လိုက်၊ အသုတ်လိုက် ဗုန်းကြဲကြလေပြီ။ စစ်တွေမြို့သာမက၊ ပေါက်တောမြို့၊ မင်းပြားမြို့၊ မြို့ဟောင်းမြို့တို့လည်း မဟာမိတ်များ ဗုံးဒဏ်ကြောင့် မီးဟုန်းဟုန်းတောက်ခဲ့ပြီး ပြာပြာဝပ်ခဲ့ရပြီ။ စစ်တွေခရိုင် နေရာအနှံ့အပြားရှိ ချောင်းများ မြစ်များတွင်လည်း လှေငယ်များပင် မသွားနိုင်လောက်အောင် "လောင်းဆရာများ"ဟုနာမည်ပေးခံရသော မဟာမိတ်လေယာဉ်ပျံများတ လှေကြီးလှေငယ်တွေ့သမျှကို စက်သေနတ်များ စက်အမြောက်များဖြင့် ပစ်ခတ်နေကြပြီ။ မဟာမိတ်များသည် အိန္ဒိယနယ်စပ်တစ်လျှောက်မှ ရခိုင်ပြည်သို့ စစ်ကြောင်းများ အမျိုးမျိုးခွဲက၊ ဒီဝီဇံတပ်မကြီးများဖြင့် ချီတက်လာခြင်း၊ တပ်စွဲထားခြင်းများကို ပြုလာကြသည်။ တော်လှန်ရေးသမားများထံမှ အကူအညီမယူဘဲ၊ မိမိတို့ချည်းသက်သက်ဖြင့် ရခိုင်ပြည်ကို ပြန်လည်သိမ်းပိုက်နိုင်ရန် မဟာမိတ်များ အမျိုးမျိုးကြိုးစားလာကြသည်။ သို့သော်ရခိုင်ပြည်မှ တော်လှန်ရေးသမားများနှင့် အတူတကွရှိနေသော ရခိုင်တိုင်းရင်းသားများ၏အကူအညီကို မရသဖြင့် မဟာမိတ်များ မအောင်မြင်၊ ဒီဝီဇံတပ်မကြီး ၃-ခု၊ ၄-ခု(လေးသောင်းခန့်)ဖြင့် ကျောက်တော်မြို့မှ စစ်တွေမြို့သို့ သွားရာ ကုလားတန်မြစ်ကမ်းနားတွင်ရှိပြီး ကျောက်တော်မြို့မှ (၁၀)မိုင်ခန့်ဝေးသော အပေါက်ဝတွင် မဟာမိတ်များ တပ်စွဲခဲ့သည်။ ယင်းအပေါက်ဝတွင် မဟာမိတ် ဒီဝီဇံတပ်မကြီးတို့ကို ဂျပန်များဝင်ရောက်တိုက်ခိုက်ရာ တော်လှန်ရေးသမားများ၏ အကူအညီကိုမရသော မဟာမိတ် ဒီဝီဇံတပ်မကြီးသည် အမြောက်ကြီးများအပါအဝင် သေနတ်များ သောင်းချီထားခဲ့ပြီး ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြရသည်။ စစ်တွေခရိုင်တွင် တစ်ရွာမှတစ်ရွာသို့ လှေငယ်များဖြင့် သွားလျှင်ပင် ဘယ်ကခေါင်းပေါ်ရောက်မှန်းမသိသော "လောင်းဆရာ" လေယာဉ်ပျံ၏ လက်ချက်ဖြင့် အသက်သေရသည့်အချိန်ဖြစ်သည်။

ဆရာတော် ဦးနာရဒ (ပေါက်တောမြို့ ကျောင်းတိုက်ဆရာတော်ကြီး) ဆရာတော်ဦးပညာသီဟနှင့် ကျနော်တို့ ရန်ကုန်သို့ သွားရန်ဖြစ်လာခဲ့သည်။ တရားဝင်အကြောင်းပြချက်မှာ ဟောင်းနွမ်းနေပြီဖြစ်သော အင်္ဂလိပ်ငွေစက္ကူ တသိန်းကျော်ခန့်ကို ဂျပန်ငွေစက္ကူဖြင့် ဖလှယ်ရန်ဖြစ်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး လှုပ်ရှားမှုများထဲတွင် မရေမတွက်နိုင်သော နေ့စဉ်လုပ်ငန်းများထဲ နစ်မြုပ်နေသောကျနော်မှာ မိဘ၊ ညီမနှင့် ညီငယ်များကို မတွေ့ရသည်မှာ လပေါင်းအတော်ကြာခဲ့ပြီဖြစ်၍ ရန်ကုန်သို့မသွားမီ ရက်သတ္တတစ်ပတ်ခန့်တွင် ကျနော်၏မိဘနေထိုင်သော မြို့ဟောင်းမြို့နယ် ဘုရားများရွာသို့ ရောက်သွားခဲ့သည်။ မိဘအိမ်တွင် နှစ်ရက်ခန့်နေထိုင်ခဲ့သည်။ 'လောင်းဆရာ'လေယာဉ်ပျံကြောင့် လှေငယ်များပင် မသွားရဲ မလာရဲဖြစ်နေချိန် ကျနော်ထပ်တလဲလဲ ရန်ကုန်မြို့သို့ သွားနေခြင်းသည် ကျနော့်တွင် မခွဲနိုင်သော အိမ်သူသက်ထားရှိလေပြီဟု ယူဆထားသော စိတ်ရင်းကောင်းရှိပြီး သားသမီးများကို များစွာချစ်ခင်တတ်သလောက် အလွန်တရာစကားနည်းသည့် ကျနော့်သခင်သည် ကျနော့်အားခေါ်ပြီး အသက်စွန့်ပြီး ရခိုင်ပြည်နှင့် ရန်ကုန်ကို ခေါက်တုန့်ခေါက်ပြန်သွားလာခြင်း မပြုရေးနှင့် မည်သို့မိန်းမမျိုးဖြစ်ပါစေ၊ သူသဘောတူခွင့်ပြုကြောင်း ပြောသည်။ အိမ်သူသက်ထားဆိုသည်ကို အိပ်မက်ပင်မမက်မိဘဲ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို အသဲရော အသက်ပါသွင်းပြီးလုပ်ကိုင်ဆောင်ရွက်ခဲ့သော ကျနော်မှာ ဘခင်၏စကားကြောင့် ငိုအားထက် ရယ်အားသန်ရတော့သည်။ ဘခင်ဖြစ်ပစေ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် လုပ်ဆောင်နေခြင်းကို မပြောနိုင်သည့် တော်လှန်ရေးသမား၏ထုံးစံအတိုင်း အိမ်သူသက်ထားရှိ၍ ရန်ကုန်သို့သွားခြင်းမဟုတ်ကြောင်း ရှင်းပြလိုက်ရတော့သည်။

## ရခိုင်ကျန်ရစ်သားများ ရခိုင်ပြည်လာကြခြင်း

ဆရာတော် ဦးနာရဒ၊ ဆရာတော် ဦးပညာသီဟတို့နှင့်အတူ ကျနော်တို့ ရန်ကုန်သို့လာခဲ့ကြသည်။ မဟာမိတ် "လောင်းဆရာ" လေယာဉ်များ၏ဘေးရန်ကို ရှောင်ကွင်းပြီး လှေဖြင့်တစ်သွယ်၊ ခြေလျင်တစ်လှည့် ကျနော်တို့လာခဲ့ကြသည်။ တစ်ခါတစ်ခါ လေးလံသော အင်္ဂလိပ်ငွေစက္ကူသေတ္တာကို ကျနော်အပါအဝင် ကျနော်တို့ထမ်းပြီး တောင်ကုန်းများအသွယ်သွယ်ကို ဖြတ်ကျော်ရသည်။ အကြောင်းတိုက်ဆိုင်သွားသဖြင့် ဂျပန်မော်တော်ကားဖြင့် တောင်ကုတ်မှ ညဥ့်ထွက်၍ ပဒေါင်းမြို့ထိ ရောက်နိုင်ခဲ့သည်။ ပဒေါင်းမှပြည်ကိုဖြတ်ကာ ပေါင်းတည်မြို့ ဦးအောင်လှသံ(ယစ်မျိုးဝန်ထောက်) အိမ်တွင် ကျနော်တို့ နှစ်ရက်ခန့် အနားယူ တည်းခိုနေထိုင်ကြသည်။ ဤသို့တည်းခိုနေစဉ်အတွင်း ဦးအောင်လှသံ၏သား စောထွန်းဦးကို ဖက်ဆစ်ဂျပန်တော်လှန်ရေးထဲ ပါဝင်လာအောင် ကျနော်စည်းရုံးလေတော့၏။ ဤသို့တည်းခိုနေစဉ် ပေါင်းတည်မြို့မှာ မဟာမိတ်ဗုံးဒဏ်ခံရသော်လည်း ကျနော်တို့ အထိအခိုက် လုံးဝမရှိ။

မဟာမိတ်လေယာဉ်ပျံများ၏ ဗုံးဒဏ်စက်သေနတ်ဒဏ်မှ ကင်းလွတ်ပြီး ရန်ကုန်မြို့ ကြည့်မြင်တိုင် ကမ်းနားလမ်းရှိ ဆရာကြီး ဦးရွှေဖြူအိမ်တွင် ကျနော်တို့ တည်းခိုကြသည်။ ကျနော်မှာ လုပ်ရိုးလုပ်စဉ်အတိုင်း သခင်မြ၊ သခင်ခင်အောင်၊ သခင်သန်းထွန်းနှင့်တကွ တွေ့ဆုံသင့်သောပုဂ္ဂိုလ်များထံ အထပ်ထပ်အကြိမ်ကြိမ်သွားရောက်တွေ့ဆုံသည်။ ရခိုင်ပြည်အခြေအနေများကို ကျနော်တင်ပြသည်။ သခင်စိုးထံပို့မည်ဆို၍ ဦးသိန်းဖေမြင့်ထံမှစကားများ၊ စာရွက်စာတမ်းများကို သခင်သန်းထွန်း ထံကျနော်ပေးအပ်လိုက်သည်။ ပုဂ္ဂိုလ်အသီးသီးထံမှလည်း နိုင်ငံရေး၊ စစ်ရေးအခြေအနေများကို ကျနော် လေ့လာသည်။

အာလံမြို့အနီးတွင် အနောက်တိုင်း စစ်ဌာနချုပ်အဖြစ် ချထားသောတိုင်းမှူး ဗိုလ်ရန်အောင်ထံသို့လည်း သွားတွေ့သည်။ ဗိုလ်ရန်အောင်အား ဦးသိန်းဖေမြင့်ထံမှ ကိုထွန်းအောင်ကျော်နှင့်ပါလာသည့် စကားများကို ကျနော်ပြောပြသည်။ ဦးသိန်းဖေမြင့်ထံမှပေးပို့ခဲ့သော စာရွက်စာတမ်းများကိုလည်း ခွဲဝေပေးသည်။ ရခိုင်ပြည်တွင် ကျနော်တို့၏ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းဆောင်တာများကိုလည်း တင်ပြသည်။ ဗိုလ်ရန်အောင်က သူ၏ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းလုပ်ရပ်များသည် သူကိုင်ထားသော တပ်ဖွဲ့တွင်သာမက အာရှလူငယ်အစည်းအရုံးထဲတွင်လည်း ရှိနေကြောင်း အားပါးတရ မြိန်ရေမြိန်ရှက် ပြောပြသည်။ အာလံမြို့ရှိ သူစည်းရုံးထားသော အာရှလူငယ်ခေါင်းဆောင်များနှင့်ပင် အာလံမြို့တွင် ကျနော့်အား တွေ့ဆုံ မိတ်ဆက်ပေးတော့သည်။

သခင်မြ၊ သခင်ခင်အောင်၊ သခင်သန်းထွန်း၊ ဗိုလ်ရန်အောင်၊ ကိုဗဆွေ (ဖဆပလ ဝန်ကြီးချုပ်ဖြစ်ခဲ့သည်၊ ကာကွယ်ရေးဝန်ကြီးအဖြစ် နှစ်ပေါင်းများစွာလုပ်ခဲ့သည်။)နှင့်တကွ ကျနော်တွေ့ခဲ့သော ပုဂ္ဂိုလ်များထံမှ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံ (နောင်ဆိုရှယ်လစ်ပါတီ) ပါတီ၊ အာရှလူငယ်တို့ပါဝင်သော ဖစ်ဆစ်တော်လှန်ရေး အတွက် တပ်ပေါင်းစုကြီးတစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် လုံးပမ်းကြိုးစားလျက်ရှိကြောင်းကို ဝမ်းမြောက်ဘွယ်ရာ သိရခြင်းဖြစ်သည်။ ယင်းအပြင် နိုင်ငံတကာရေးရာနှင့် ဥရောပစစ်မြေပြင်တွင် ဆိုဗီယက်ယူနီယံကို ခေတ်မီလက်နက်မျိုးစုံဖြင့် တိုက်ခိုက်နေသောဂျာမဏီ, နာဇီဖက်ဆစ်စစ်တပ်များသည် ထင်သလို အောင်ပွဲမရဘဲ စတာလင်ဂရက် တိုက်ပွဲများတွင် စစ်ရှုံးလျက်ရှိခြင်းတို့ကိုလည်း သိရခြင်းဖြစ်သည်။

မော်လမြိုင်ရှိ ကိုမြ(ယင်းအချိန်တွင် ယစ်မျိုးဝန်ထောက်အဖြစ် မော်လမြိုင်တွင် တာဝန်ထမ်းဆောင်နေခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုတွင် ဖက်ဆစ်ဂျပန်များ၏သတ်ဖြတ်မှုကို ခံသွားခဲ့ရသည်)ထံ ကျနော်တို့သွားခဲ့ကြသည်။ ကိုမြအား ရခိုင်ပြည် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းဆောင်တာများကို ကျနော်တင်ပြသည်။ အိန္ဒိယဦးသိန်းဖေမြင့်နှင့် ဆက်သွယ်ပြီးလုပ်ထားသော လုပ်ငန်းများကိုလည်း ကျနော်ရှင်းပြသည်။ ကိုမြကသူတို့လည်း အားထားရသူတစ်စုနှင့် ဖက်ဆစ်တော်လှန်ရေးအတွက် လုပ်ဆောင်လျက်ရှိကြောင်းကို ပြောပြသည်။ ကိုမြထံတွင် ရက်သတ္တတစ်ပတ်ခန့် ကျနော်တို့ စားသောက်နေထိုင်သည်။ ကျိုက္ကမီသို့ပင် ပျော်ပျော်ရွှင်ရွှင်သွားလာနေထိုင်ခဲ့သည်။

မော်လမြိုင်မှ ရန်ကုန်သို့ ကျနော်ပြန်လာခါ မြေအောက်ကွန်မြူနစ်ပါတီထုတ် ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ဆိုင်သောစာရွက်စာတမ်းများယူပြီး ဗိုလ်ရန်အောင်( အာလံမြို့အနီးရှိ အနောက်တိုင်း စစ်ဌာနချုပ်) ထံသို့ သွားကြတော့သည်။ ရခိုင်ပြည်သည် အိန္ဒိယပြည်နှင့် နယ်စပ်ချင်းဆက်စပ်နေသဖြင့် ရခိုင်ပြည်တွင် ဖက်ဆစ်ဂျပန်များအား လက်နက်စွဲကိုင်တိုက်ခိုက်ရေးကို ဦးဦးဖျားဖျား ကျနော်တို့တိုက်သင့်က တိုက်သွားမည်ဖြစ်ကြောင်းကို ဗိုလ်ရန်အောင်အား ကျနော်တင်ပြသည်။ သူ့တပ်ထဲတွင် ရခိုင်အမျိုးသားများစွာရှိသော်လည်း မယုံမဖြစ်သော ကိုသာကျော် ယခုဗမာတပ်မတော် ဗိုလ်မှူး)နှင့် ကိုလှထွန်းကျော်

တို့ကို ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ကျနော်တပ်မှထုတ်ယူသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် လုံခြုံစွာ ကျနော်တို့ သွားနိုင်ရေးစသည်တို့အတွက် သူထံမှ ကျနော်တို့အား ရခိုင်ပြည်သို့ တာဝန်ဖြင့် လွှတ်သလို စာတစ်စောင်ရေးပေးရန် ကျနော်တင်ပြရာ ဗိုလ်ရန်အောင် ချောချောမောမော လိုက်လျောပေးလေ၏။ ကျနော်တို့လိုလားသော စာမျိုးကိုရေးပေးလေ၏။

ဗိုလ်ရန်အောင်၏အနောက်တိုင်း စစ်ဌာနချုပ်မှ ကိုသာကျော် (ယခု ဗမာ့တပ်မတော် ဗိုလ်မှူး)၊ ကိုလှထွန်းကျော်၊ ကိုမောင်အေး၊ ကိုစောဖြူ (ယခု ဗမာ့တပ်မတော် ဦးစီးဗိုလ်မှူးကြီး) ကိုလှဖြူသံ (ယခုဗမာ့တပ်မတော်ဗိုလ်ကြီး)နှင့် မြို့ဟောင်းမြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဌ)ကိုစောထွန်းဦး ပေါင်းတည်မြို့ယစ်မျိုးဝန်ထောက် ဦးအောင်လှသံ၏သားဖြစ်သည်။ ကျနော်ရန်ကုန်မှ ဗိုလ်ရန်အောင်ထံလာစဉ် ပေါင်းတည်မြို့ သူတို့အိမ်တွင် တည်းခိုခဲ့သည်၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ကျနော်နှင့်အတူ လိုက်လာခဲ့သည်)နှင့် ကျနော်တို့ ရှေ့တန်းစစ်မြေပြင်သို့ဆင်းကာ တံဆိပ်များကိုတပ်ဆင်ပြီး မကွေးမြို့သို့ မော်တော်ကားဖြင့် လာကြသည်၊ မကွေးမြို့အဝင်တွင် စစ်ဆင်ရေးကင်းစခန်းကို ကျနော်တို့ရောက်ကြပြီး ဂျပန်စစ်သားနှင့် ပုလိပ်များက ကျနော်တို့၏မသက်ာဘွယ်ရာအထုပ်အပိုးများကို မွှေနှောက်ရှာဖွေလိုကြသည်၊ မွှေနှောက်ရှာဖွေလျှင် ဖက်ဆစ်ဂျပန်တော်လှန်ရေး၏ စာရွက်စာတမ်းများကို တွေ့မည်ဖြစ်သဖြင့် ကျနော်တို့က မွှေနှောက်ရှာဖွေရေးကို လက်မခံ၊ အကြိတ်အနယ် စကားများကြရသည်။ ကျနော်တို့ ရခိုင်ပြည်ဘက် ပလက်ဝရှေ့တန်းစစ်မျက်နှာတွင် ဂျပန်များနှင့်ပူးပေါင်းပြီး ဗြိတိသျှနယ်ချဲ့ကို တိုက်ဖျက်ရန် သွားသူများဖြစ်ကြောင်းကို ကင်းမှူးဖြစ်သော ဂျပန်စစ်ဗိုလ်အား ယုံကြည်လောက်အောင်ပြောနိုင်သဖြင့် မွှေနှောက်ရှာဖွေခြင်းမခံရဘဲ ကျနော်တို့လွတ်ခဲ့သည်။

ကျနော်တို့ ရခိုင်ပြည်ရှေ့တန်းစစ်မျက်နှာသို့ သွားရမည့်သူများဖြစ်၍ ကျနော်တို့အား မင်းဘူးမြို့သို့ ကူးတို့ဖြင့်ပို့ရန် မကွေးနယ်ပိုင်ဝန်ထောက်အား ကျနော်တို့တင်ပြကြသည်။ မကွေးနယ်ပိုင်ဝန်ထောက်၏စီစဉ်ပေးမှုကြောင့် မင်းဘူးသို့ကျနော်တို့ ချောမောစွာရောက်ကြသည်။ မင်းဘူးနယ်ပိုင်ဝန်ထောက်ကိုလည်း ကျနော်တို့ အကူအညီတောင်းရာ မင်းဘူးနယ်ပိုင်ဝန်ထောက်သည် နွားလှည်းသွားနိုင်သည့်ရွာထိ နွားလှည်းကို ကျနော်တို့အား လိုက်ပို့စေသည်။ နွားလှည်းဖြင့် မသွားနိုင်တော့သည့် ချင်းအမျိုးသားကျေးရွာငယ်မှစပြီး အမ်းတောင်ကြားလမ်းရှိ တောတောင်အထပ်ထပ်ကို ကျနော်တို့ခြေလျင်သွားရတော့၏။ အမ်းတောင်ကြားလမ်း ခရီးတဲငယ်တစ်ခုတွင် ကျနော်တို့အနားယူနေစဉ် မမျှော်လင့်သော မိုးသည်းထံစွာ ရွာသွန်းလေတော့သည်။ သည်းထန်စွာ သုံးရက်ခန့် ရွာသွန်းသောမိုးကြောင့် တောဆင်ရိုင်းများပင် ဖြတ်သန်းမကူးရဲသော ပြင်းထန်သည့် ရေစီးမှုကို ကြုံရတော့သည်။ ပြင်းထန်သော ရေစီးသန်သော ရေများဝိုင်းနေသော ကျနော်တို့တည်းခိုသည့် တဲငယ်တွင် အစားရိက္ခာပြတ်သွားသည်။ စားစရာဆန်လုံးဝမရှိ တဲအနီးပတ်လည်ရှိ အဝါရောင်သန်းနေသောစပါးများကို ခုတ်လှဲကာ မီးကင်ပြီး ထုတ်ယူသောဆန်များကို စားရတော့၏။

ရခိုင်ရိုးမတောင်ပေါ်တွင် ငတ်ချိပြတ်ချိဖြစ်ခဲ့သော ကျနော်တို့လူစု ရခိုင်ပြည်အမ်းမြို့သို့ရောက်သွားကြသည်။ အမ်းမြို့တွင် ထိုစဉ်က စစ်ပြေးခိုလှုံသမားအဖြစ်ဖြင့် နေထိုင်သော ကျနော်၏တစ်ရွာတည်းသား ကိုဘသာ (ယခုအကောက်တော်ဌာန ကာကွယ်ရေးအရာရှိ) ကိုတွေ့သည်။ သူ့အိမ်တွင်ပင် ကျနော်တို့ တည်းခိုစခန်းချကြသည်။ ကိုဘသာတို့အိမ်သားများ ကျနော်တို့အားကောင်းမွန်စွာ ချက်ပြုတ်ထားသောငါးဟင်း၊ အသားဟင်းများနှင့် ကျွေးမွေးဧည့်ခံသည်။ ရခိုင်ရိုးမတောင်တွင် ငတ်ချိပြတ်ချိဖြစ်လာပြီး ထမင်းကို မြိန်ရေရှက်ရေ စားတတ်သောကျနော်တို့ ၇-ဦးသည် ကျနော် ၇-ဦးအတွက် တစ်ဦးလျှင် နို့ဆီဗူး နှစ်ဗူးကျစီဖြင့် တွက်ချက်ပြီး ချက်ပေးထားသော ထမင်းကုန်ရုံမက ကိုဘသာတို့အိမ်သား ၉-ဦးအတွက် ချက်ထားသော ထမင်းများလည်း ကုန်သွားသည်။ ကိုဘသာ၏ဇနီးအိုးတစ်လုံးဖြင့် ဆန်ယူနေသည်ကို တွေ့မှသာလျှင် ကျနော်တို့ ရိပ်မိခါ အစားရပ်လိုက်တော့သည်။ စေတနာရှိသော ရခိုင်အမျိုးသားများ၏ ထုံးစံအတိုင်း ကျနော်တို့ မြိန်ရေရှက်ရေ ထမင်းစားနိုင်ခြင်းအတွက် သူတို့ဧည့်ခံရသည်ကို ဝမ်းမြောက်ကြောင်း ကိုဘသာနှင့် အိမ်သူအိမ်သားများ ပြောမဆုံးရှိတော့၏။ အမ်းမြို့ ကိုဘသာအိမ်တွင် သုံးရက်ခန့်အနားယူပြီး ကျနော်တို့ ခရီးဆက်ထွက်ခဲ့ကြသည်။

ခြေတလှဲ့၊ လှေတလှဲ့ဖြင့် ခရီးကြမ်းဆက်ခဲ့ကြရာ မြေပုံမြို့နယ် ဝက်ဂေါင်းရွာသို့ ကျနော်တို့ရောက်သွားကြသည်။ ဝက်ဂေါင်းရွာတွင် စစ်ဘေးခိုလှုံသမား စစ်တွေမြို့ အိုးတန်းရပ်ကွက်နေ ကုန်သည်ကြီး ဦးလှထွန်းဦးအိမ်တွင် ကျနော်တို့ တည်းခိုကြသည်၊ ဆရာတော်ဦးစိန္တာထံသို့လည်း ကျနော်သိခဲ့သော အခြေအနေအရပ်ရပ်ကို စာရေးပြီး ကျနော်အကြောင်းကြားလိုက်သည်၊ ယင်းရွာတွင် စစ်ဘေးခိုလှုံသမားအဖြစ် မိဘတို့နှင့်အတူရှိနေသော ကျနော်တို့ ကျောင်းသားခေါင်းဆောင် ကိုဘအေးနှင့် ၎င်း၏ညီ ကိုဘမြိုင်တို့ကို ဖက်ဆစ်ဂျပန်တော်လှန်ရေးကို မကြာမီ အကောင်အထည်ဖော်ရတော့မည်ဖြစ်၍

ကျနော်နှင့်တစ်ပါတည်း ခေါ်ယူလာသည်။ ယင်းရွာမှတဆင့် မင်းပြားသို့လာခဲ့ရာ မင်းပြားတွင် အဆင်သင့်တွေ့သော ကျနော်တို့ ကျောင်းသားသံမဏိတပ်ခေါင်းဆောင် ကိုသာထွန်းဦး (ယခုတောခိုဗကပ ရခိုင်ပြည်ကော်မတီ)ကို ကျနော်ခေါ်ယူလာခဲ့သည်။

မင်းပြားမှတစ်ဆင့် ကျနော်တို့ အခြေခံစခန်းဖြစ်သော မြို့ဟောင်းမြို့နယ် ပြတေးရွာသို့ ကျနော်တို့သွားပြီး ပြတေးတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး အခြေခံစခန်းကို ကျနော်တို့ အခိုင်အမာ ထူထောင်ကြတော့သည်။ ကျနော်ပြန်မရောက်မီကပင် ရန်ကုန်မှရောက်နေပြီဖြစ်သော ဦးပညာသီဟအား ကျောင်းတိုက်ရွာတွင် ကျနော်သွားတွေ့သည်။ ကျနော်လေ့လာဆည်းပူးခဲ့သော နောက်ဆုံးအခြေအနေများကို ကျနော်ဦးပညာသီဟအား နှစ်ယောက်ချင်းတင်ပြသည်။ ဦးပညာသီဟကလည်း သူလုပ်ကိုင်လျက်ရှိသော အခြေအနေအရပ်ရပ်ကို ကျနော်အား ပြောပြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အခြေအနေများ ရင့်မာနေပြီ၊ တိုးတက်သောပြည်သူလူထုများ ဖက်ဆစ်ဂျပန်အား တော်လှန်ရန် အဆင်သင့်ဖြစ်နေလေပြီ။ ကျနော်စည်းရုံးထားသောသူများထဲမှ စိတ်ချရသော သံမဏိစိတ်ဓာတ်ရှိသူများကို ပြတေးသို့ခေါ်ယူပြီး ခိုင်မာကျစ်လစ်သော တေဒါကောင်းများ ဖြစ်လာအောင် ကျနော်က နိုင်ငံရေးရာကိုလည်းကောင်း၊ ကိုသာကျော် (ဗမာ့တပ်မတော် ဗိုလ်မှူး) က စစ်ရေးစစ်ရာများကိုလည်းကောင်း နေ့ဆက်မပြတ် သင်ကြားပေးရတော့၏။

## ဦးသိန်းဖေမြင့်ထံ တတိယလူလွှတ်ခြင်း

ပြတေးစခန်းတွင် ခိုင်မာကျစ်လစ်သော တေဒါကောင်းများ မွေးထုတ်ရေးအတွက် ကျနော်တို့ နိုင်ငံရေးရာများ၊ စစ်မက်ရေးရာများ သင်ကြားပြသနေစဉ် ကျနော်နှင့်အတူ ဗျဉ်းမနား ဗိုလ်လက်ျာထံ သွားခဲ့သူ ကိုအောင်ရွှေဘော်၏ ထိမ်းမြားမင်္ဂလာဆောင်ကို လူကြီးမိဘများ၏ စီမံချက်ဖြင့် ယိုးချောင်းရှိ ယိုးတရုတ်ရွာတွင် ကျင်းပတော့၏။ ဦးပညာသီဟရော ကျနော်ပါ ဦးပညာသီဟ၏ကိုယ်ရံတော်တပ်နှင့်အတူ လေးပင်တက်လှေဖြင့် ပြတေးမှတိုက်ရိုက် ယိုးတရုပ်ရွာသို့ သွားကြရတော့သည်။ ကိုရွှေဘော်မင်္ဂလာဆောင်သို့ရောက်နေသော ကိုသာကျော် (ယခု ဒု-ဝန်ကြီး) ကို တွေ့ရသည်။ ကိုသာကျော်မှာ ဆရာတော်ဦးပညာသီဟတို့ နာယကအဖြစ် ဆောင်ရွက်ခဲ့သော စစ်တွေခရိုင်မြေအောက် တော်လှန်ရေးအဖွဲ့၏ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ရခိုင်ပြည်ကျောင်းသားများ သမဂ္ဂ၏ ဥက္ကဋ္ဌလည်းဖြစ်ခဲ့သည်။ ကျနော်၏အသဲချင်းဆက်နေသော ရောင်းရင်းရဲဘော် တစ်ဦးလည်း ဖြစ်သည်။ ယင်းကြောင့် ကိုသာကျော်နှင့်တွေ့လျှင် သောက်စားကြရင်း ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ရပ်များကို ကျနော်ပြောပြလေတော့သည်။ ကိုသာကျော် ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းကို အလွယ်တကူ လက်ခံသည်။ ယင်းကြောင့် ရခိုင်ပြည်တွင် ကျနော်တို့၏ ဖက်ဆစ်ဂျပန်တိုက်ဖျက်ရေးလုပ်ငန်းရပ်များနှင့် ရန်ကုန်မြို့ရှိ ဝန်ကြီးများနှင့် ဗိုလ်ရန်အောင်ထံမှ သိခဲ့ရသော အချက်အလက်များကို ဦးသိန်းဖေမြင့်ထံ တင်ပြနိုင်ရန် သူ့ကို ကျနော်ပြောပြသည်။ အထူးသဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ကွန်မြူနစ်ပါတီ ပြည်သူ့အရေးတော်ပုံပါတီနှင့် အာရှလူငယ်တို့ ဖက်ဆစ်တော်လှန်ရေးအတွက် တပ်ပေါင်းစုဖွဲ့စည်းရန် အလားအလာရှိနေပြီဖြစ်ခြင်းကို သူ့အား ကျနော်အသေးစိတ် ရှင်းပြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ကျနော်တို့ထံ လက်နက်များ ပို့ရေးကိုလည်း ဦးသိန်းဖေမြင့်ထံတင်ပြရန် ကျနော်ပြောလိုက်သည်။ ဦးသိန်းဖေမြင့်အား ကျနော်ပြောလိုက်သည့်အတိုင်း အသေးစိတ်တင်ပြရန် အထပ်ထပ်မှာကြားပြီး ဦးသိန်းဖေမြင့်ထံ စာရေးပေးခါ ကိုသာကျော်အား ဦးသိန်းဖေမြင့်ထံ စေလွှတ်လိုက်သည်။ ကိုသာကျော် အိန္ဒိယသို့ ချောမောအောင်မြင်စွာ ရောက်ကြောင်းကို လမ်းပြမှတဆင့်သိရာ ကျနော်၏ ပျော်ရွှင်မှုမှာ မိုးထိအောင် ရောက်သွားခဲ့သည်။

ကိုရွှေဘော်မင်္ဂလာဆောင်ပြီးလျှင်ပြီးချင်း အိန္ဒိယရှိ ဦးသိန်းဖေမြင့်နှင့် ဆက်သွယ်မှုပိုမိုလွယ်ကူစေရန်နှင့် လေထီးဖြင့်ဆင်းလာမည့်သူများအတွက် လုံခြုံရေးနှင့် နေသားတကျဖြစ်ရေးအတွက် ဦးပညာသီဟနှင့် ကျနော်တို့ ယိုးချောင်းရှိ ညီချေရွာ (ခမွီးအမျိုးသားကျေးရွာ) သို့သွားကြသည်။ ယင်းရွာလူကြီးများနှင့် အကြိတ်အနယ် ဆွေးနွေးခါ အစီအစဉ်များပြုလုပ်ပြီး ပြန်ကြသည်။ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသော "လောင်းဆရာ" လေယာဉ်ပျံသည် ကုနလားတန်မြစ်ကို ညစ်သန်းကောင်ဖြတ်ကူးလာသော ကျနော်တို့၏ လေးပင်တက်လှေကို သံသယကြီးစွာဖြင့် ခေါက်တုန့်ခေါက်ပြန်ကြည့်သည်။ လေယာဉ်ပျံသံကြားစဉ်ကပင် တက်မခတ်ဘဲ မျှောထားရာ သစ်တုံးလော၊ လှေလောဟု မခွဲနိုင်ဖြစ်သွားသဖြင့် "လောင်းဆရာ" လေယာဉ်ပျံ၏ ပစ်ခတ်မှုမှ လွတ်ခဲ့ရသည်။

"လောင်းဆရာ"လေယာဉ်ပျံဘေးမှလွတ်ခဲ့သော ဦးပညာသီဟနှင့် ကျနော်တို့ ပြတေးရွာသို့ ချောမောစွာ ရောက်ကြသည်။ ပြတေးရှိ ကျနော်တို့ စစ်တန်းလျားသို့ ကျနော်ဝင်သွားသည်။ ကျနော်ပြန်လာလျှင် ခါတိုင်းပြုံးရွှင်စွာ ကြိုဆိုကြသော

ကျနော်တို့လူစု ကျနော်အား ပူနွေးသောမျက်ရည်ဖြင့် ကြိုဆိုကြသည်။ ကျနော်ယိုးတရုပ်၊ ကိုမောင်ရွှေဘော် မင်္ဂလာဆောင်သို့ သွားရှိစဉ် ဦးလေးသာအောင်၏သား ကျော်ဦးလာပြီး သောက်စားမူးယစ် ရမ်းကားရာ ကျော်ဦးအား ကိုမောင်အေး အနည်းငယ် ရိုက်ပုတ်ဆုံးမခဲ့သည်။ ဆုံးမခံရသောကျော်ဦးသည် ညဉ့်အချိန်တွင်ပုန်းပြီး ဓားဖြင့်ခုတ်သဖြင့် ကိုမောင်အေး ပွဲချင်းပြီး သေဆုံး ခဲ့ရခြင်းကြောင့် ကျနော်အားပူနွေးသော မျက်ရည်ဖြင့် ကြိုဆိုကြခြင်းဖြစ်ပေသည်။ ကိုမောင်အေး မတရားသေဆုံးရ၍ စိတ်ထိ ခိုက်သူများထဲတွင် ကိုမောင်စောဖြူ (ယခု ဗမာ့တပ်မတော် ဦးစီးဗိုလ်မှူးကြီး)မှာ စိတ်အထိခိုက်ဆုံးဖြစ်သည်။ လွတ်လပ်ရေး အတွက် အသက်အသေခံရန် အသင့်ရှိသော ကိုမောင်အေးအား လူသတ်သမားလက်ထဲ စတေးခံသွားရပြီ။

## ဝါယာလက်စက်ဖြင့်တိုက်သည်

၁၉၄၄-ခုနှစ်အလယ်လောက်တွင် ဦးသိန်းဖေမြင့်ထံ ရခိုင်ပြည်မှ သွားကြသူများမှာ တစ်ဦးစ နှစ်ဦးစ မဟုတ်ကြပြီ။ အုပ်စုလိုက်သွားလိုက်ပြန်လိုက် ပြုနေကြပြီ။ အမဲသားစည်များ၊ စီးကရက်ဘူးများ၊ ထောပတ်ဘူးများကိုလည်း ကျနော်တို့ အိန္ဒိယပြန်များထံမှ အခါခါစားသောက်နေခဲ့ရပြီ။ ကျနော်ထံသို့ ကျနော်လက်ခံယူသော တရုတ်အမျိုးသား ဝါယာလက် စက်ပစ္စည်းများနှင့် ခြောက်လုံးပြူးတို့ကို ကိုထွန်းလှိုင် (ဖဆပလအစိုးရ အထူးခရိုင်ရဲဝန် လုပ်ခဲ့သည်။ ဖဆပလနှင့် ပတစခေတ် တို့တွင် စစ်တွေခရိုင်မြေယာကော်မတီ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်)ကိုကျော်ဇောတို့အား လွှဲအပ်ပြီး ရဲဘော်တို့ မသေဘဲ ဤအော်ပရေတာများနှင့် ဝါယာလက်စက် မထိခိုက်စေရဟူသော တာဝန်ကို ပေးအပ်လိုက်သည်။ ကျနော်တို့ အခြေခံထားသော လောင်းရှည်ချောင်း( ခမ်မီးအမျိုးသားကျေးရွာ) ကျေးရွာတစ်ဘက်ကမ်းရှိ ပြားတော (ပင်လယ်ကမ်းနားတို့ တွင် တွေ့ရသောကနစိုတောကဲ့သို့ အပင်များနှင့် ချုံများ ထူထပ်စွာပေါက်ရှိပြီး နွံများ လူတစ်ရပ်အထိ နက်သဖြင့် လူသွား လူလာမရှိဘဲ မိကျောင်းမများ ဥများဥလေ့ရှိသော ထူထပ်သည့်တောတစ်မျိုးဖြစ်သည်။)တွင် ၎င်းတို့အား တဲငယ်ဖြင့် နေစေ သည်။ စားနပ်ရိက္ခာဟူသမျှကို ယင်းလောင်းရှည်ချောင်းရွာမှပင် ယူငင်စားသောက်ရေးကိုလည်း စီစဉ်ပေးသည်။ ဝါယာလက် စက်နှင့် အော်ပရေတာတို့ကို တာဝန်ယူလိုက်ခြင်းသည် လူမဆန်စွာ ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ်ဂျပန်ခေတ်တွင် သေတွင်နစ်နိုင်သောတာဝန်ကို ကျနော်တို့ပုခုံးသို့ တာဝန်ပြောင်းယူလိုက်ခြင်းပင်ဖြစ်၏။

၁၉၄၄-ခုနှစ် နှစ်လယ်လောက်ကပင် ဤဝါယာလက်အော်ပရေတာနှင့် ဝါယာလက်စက်ပစ္စည်းများ၊ ကျနော်တို့လက် သို့ရောက်ခဲ့ပြီ။ ဤဝါယာလက်အော်ပရေတာနှင့် ဝါယာလက်စက်များ ရောက်စဉ်ကပင် ဖက်ဆစ်ဂျပန်စစ်သားများ၏ ထိပ် မီးလောင်တော့၏။ ယင်းဝါယာလက်စက်ဖြင့် ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ် (ဂျီအက်ဒိုင်)သို့ တစ်နေ့နှစ်ကြိမ်မှန်မှန် ကြေးနန်းသတင်းပို့နိုင်ခြင်းကြောင့် ထိုးစစ်ဆင်ရန် ရာချီထောင်ချီသွားကြသော ဖက်ဆစ်ဂျပန် ဒီဝီဇံတပ်မကြီးများ ဗုံးမိုးရွာ ခံရ၏။ ဂျပန်စစ်အခြေခံစခန်းများ ဗုံးဒဏ် စစ်သေနတ်ဒဏ်များကြောင့် မီးဟုန်းဟုန်းတောက်ရသည်။ ဂျပန်ရိက္ခာစခန်းများ မီးလောင်ဗုံးဒဏ်ကြောင့် မရှုမလှပျက်စီးသွားရ၏။ ဖက်ဆစ်ဂျပန်များ၏ စစ်ဆင်ရေးနှင့် စစ်မှုရေးရာများသည် မကြံဘူးအောင် အခက်အခဲကြီးနှင့် ရင်ဆိုင်သွားရတော့၏။

## အသဲထိတ်စရာများ

ဝါယာလက်အော်ပရေတာတို့နှင့်အတူ ပါလာသောစတင်းဂန်းသေနတ်များမှာ ယင်းစတင်းဂန်းကို အသုံးပြုသော အညွှန်းလည်း တစ်ခါတည်းပါလာခဲ့သည်။ ထိုအချိန်က စတင်းဂန်းသည် ဧရာမခေတ်မှီလက်နက်ဆန်းဖြစ်နေသည်။ ယင်းကြောင့် ကျနော်တို့ သင်ကြားနေသော စစ်ပညာရပ်များတွင် စတင်းဂန်း၏အစိပ်အပိုင်းနှင့် စတင်းဂန်းအသုံးပြုနည်း သင်တန်းကိုလည်း တိုးချဲ့စစ်ပညာအဖြစ် သတ်မှတ်ခါ သင်ပေးရသည်။

ဤသို့ ကျနော်တို့ ပြတောနှင့် လောင်းရှည်ချောင်းရွာ နှစ်ရွာကို အခြေခံယူပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အဘက်ဘက်မှဆောင်ရွက်နေစဉ် ဂျပန်သတင်းများကို အတိအကျထောက်လှမ်းရေးနှင့် ညီချေရွာ အခြေစိုက်စခန်းကို ကျစ်လစ်ခိုင်မာစွာ ပြုရေးတို့အတွက် ထွန်းလှိုင်နှင့်ကျနော် ပြတောမှညီချေရွာသို့ လာကြသည်။ လမ်းခရီးတွင် အုန်းပတီရွာကို ဖြတ်သွားရရာ အုန်းပတီရွာမှအထွက်တွင် အုန်းပတီရွာသို့ဝင်လာသော ဖက်ဆစ်ဂျပန်တပ်နှင့် ပက်ပင်းပါ ရင်ဆိုင်တိုးရတော့ ၏။ ဂျပန်တပ်ကြပ်ကြီးက ကျနော်တို့အား ရပ်တန့်ခိုင်းသည်။ ကိုထွန်းလှိုင် လွယ်ထားသော လွယ်အိတ်ကိုနှိုက်ခါ အင်္ဂလိပ် စာအုပ်ဟောင်းကို ထုတ်ယူသည်။ ဂျပန်စကားဖြင့် အင်္ဂလိပ်သူလျှိုလော၊ ဤအင်္ဂလိပ်စာအုပ်ကို ဘာကြောင့် သွားလာတိုင်း ယူသွားရသလဲဟုမေးသည်။ ကျနော်တို့ အသဲတစ်ထိတ်ထိတ် ဖြစ်နေကြသည်။ ကိုထွန်းလှိုင်သည် ယင်းစာအုပ်မှ စာရွက်ကို

ဆုတ်ပစ်ပြီး ပေါင်နှစ်ချောင်းကား၍ ဖင်ကို စက္ကူဖြင့်သုတ်ပြသည်။ ဂျပန်တပ်ကြပ် ရယ်ရယ်မောမောဖြင့် "ကောင်းတယ် ကောင်းတယ်"ဟု ဗမာစကားမပီမသပြောခါ ထွက်သွားသည်။ ကျနော်တို့နှစ်ဦးလည်း မိမိလိုရာဘက်သို့ လာခဲ့ကြသည်။ ကိုက် ၅၀-ခန့်အကွာသို့ရောက်လျှင် ကျနော်တို့နှစ်ဦး ဟားတိုက်ရယ်မောကြတော့သည်။ ထိုဂျပန်တပ်ကြပ်သည် ကိုထွန်းလှိုင် လွယ်ယူလာသော လွယ်အိတ်ထဲသို့ အကယ်၍မွှေနှောက်ကြည့်လျှင် အင်္ဂလိပ်ပြည်လုပ် ခြောက်လုံးပြူးသေနတ်ကို တွေ့မည်။ ယင်းခြောက်လုံးပြူးသေနတ်တွေ့လျှင် ဂျပန်များ ဘမ်းမည်။ အဘမ်းမခံလိုလျှင် အသက်ပေး၍ ခုခံရမည်သာတည်း။ ယခု ဤသို့မဖြစ်ခဲ့ရ။ လက်တစ်လုံးခြား ဘေးမထိဘဲ ကျနော်တို့လွတ်ခဲ့၍ ကျနော်တို့နှစ်ဦး ဟားတိုက်ရယ်နိုင်ကြသည်။

ညီချေရွာသို့ ကျနော်တို့ ရောက်သွားကြသည်။ ကျစ်လစ်ခိုင်မာသော အခြေခံစခန်းဖြစ်ရေးအတွက် လုပ်စရာများကို လုပ်ကိုင်ဆောင်ရွက်ပြီး ကျနော်တို့ချောမောစွာ ပြတေးသို့ ပြန်ရောက်ကြသည်။ ပြတေးတွင်နေစဉ် မပျက်မကွက် ဆောင်ရွက်ရသော တပ်စိပ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ စတင်းဂန်းအစိပ်အပိုင်းများ၊ စတင်းဂန်းအသုံးချနည်းများ၊ စစ်မက်ရေးရာများကို ကိုသာကျော် (ယခုဗမာ့တပ်မတော်ဗိုလ်မှူး) က ခေါင်းဆောင်သင်ကြားပေးပြီး တီဟာရံကွန်ဖရင့်သဘောတား ၊ သခင်စိုး ခေါင်းဆောင်သော မြေအောက်ကွန်မြူနစ်ပါတီမှ ထုတ်ဝေသောလွတ်လပ်ရေး ကြေငြာစာတမ်းနှင့် အခြားစာတမ်းများ ဦးသိန်း ဖေမြင့်ထံမှပို့ခဲ့သော ညွှန်ကြားလွှာနှင့် ပျောက်ကြားစစ်စာတမ်းများ၊ နဂါးနီမှထုတ်ခဲ့သောစာအုပ်များကို အခြေခံပြီး သမရိုးကျ မျိုးချစ်ဝါဒမှ လွတ်မြောက်ခါစဖြစ်သော ကျနော်က ဦးဆောင်ဆွေးနွေးသည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးသည် အမျိုးသားလွတ်လပ်ရေး၏ အထောက်အကူဖြစ်အောင် ကျနော်တို့ပြုရမည်။ လွတ်လပ်ရေးကို အနုနည်းနှင့်ဖြစ်စေ၊ ရသည့်နည်းဖြင့် ယူရမည်။ ဖက်ဆစ်ဂျပန်နှင့် ဗြိတိသျှ ကိုလိုနီကျွန်ဘဝမှ လွတ်လပ်ရေး ရမှသာ ဒီမိုကရေစီထွန်းကားပြီး ဝေဆာဖွံ့ဖြိုးသော ဆိုရှယ်လစ်စနစ်ကို တည်ဆောက်သွားနိုင်မည်ဆိုသော သဘောတရားကို ကျနော်၏ ကေဒါများအား ကျနော်ထပ်တလဲလဲ သွတ်သွင်းထားသည်။ ဤသို့နေ့စဉ်မပျက်မကွက် ဆောင်ရွက်ရသော စစ်မက် ရေးရာ နိုင်ငံရေးရာများကို ဆောင်ရွက်ခါ နံနက်စာစားပြီး နှစ်နာရီမျှ ကျနော်တို့ အနားယူလေ့ရှိသည်။ ကျနော်တို့နေသော စစ်တန်းလျားတွင် လေထီးဖြင့်ချပေးထားသော စတင်းဂန်းသေနတ်များ၊ စီးကရက်ဘူးများ၊ ထောပတ်ဘူးများ၊ အမဲသားစည်များ ကိုလည်း ပြောင်ကျကျ ကျနော်တို့ထားသည်၊ တနေ့ နံနက်စာစားပြီး ကျနော်တို့အနားယူနေစဉ် အရပ်ဝတ်ကို ဝတ်ဆင်ထား သော မေဂျာတာဂျီမာ ကျနော်တို့ စစ်တန်းလျားသို့ ရုတ်တရက်ရောက်လာပြီး စစ်တန်းလျားပေါ်သို့တက်ရန် ခြေလှမ်းလာ သည်၊ မေဂျာတာဂျီမာကို မြင်လျှင်မြင်ခြင်း ကျနော်တဟုန်ထိုးပြေးဆင်းပြီး ခါးကိုဘက်ထားလိုက်သည်။ ကျနော်တို့ထံသို့ အလည်လာသည့်အတွက် များစွာအားရဝမ်းမြောက်ကြောင်းဖြင့် အစချီခါ အားရဝမ်းသာသောမျက်နှာဖြင့် ကျနော်က မေဂျာ (ဗိုလ်မှူး) တာဂျီမာအား အော်ကြီးဟစ်ကျယ်ပြောလေတော့၏။ မေဂျာတာဂျီမာအား ဆယ်မိနစ်ခန့်မျှ ခါးဘက်ခြင်း၊ လက်ဆွဲ ခြင်း ပြုထားနိုင်ခြင်းကြောင့် ကျနော်တို့ စစ်တန်းလျားရှိ စတင်းဂန်းသေနတ်စသည်များကို လျှို့ဝှက်ပစ်ရန် အချိန်ရလိုက်ခြင်း ဖြစ်သည်၊ အကယ်၍ ဤသို့လျှို့ဝှက်ရန် ဆယ်မိနစ်အချိန်မရလိုက်ပါက မေဂျာတာဂျီမာသာ ကျနော်တို့ထောင်ထားသော စတင်းဂန်းသေနတ်များ၊ စီးကရက်ဘူးများ၊ ထောပတ်ဘူးများ၊ အိန္ဒိယကာလကတ္တားမှ ပို့ထားသောစတင်းဂန်းသုံးနည်း စာရွက် အညွှန်းများ၊ ပျောက်ကြားစစ်ဆင်ရေးစာတမ်းများနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးစာတမ်းများကို တွေ့သွားလျှင် မေဂျာတာဂျီ မာကို ပစ်သတ်ရမည်။ သို့မဟုတ် ဖက်ဆစ်ဂျပန် လက်ထဲကျနော်တို့ အသေခံမည့်လမ်း (၂)သွယ်တွင် တလမ်းလမ်းကို ရွေးချယ်ရန်သာရှိတော့သည်။

မေဂျာတာဂျီမာအား ကျနော်တို့ စစ်တန်းလျားတွင် ကျနော်တို့ ကောင်းမွန်စွာ ဧည့်ဝတ်ကျေပြွန်စွာ ဧည့်ခံပါသည်။ မေဂျာတာဂျီမာထံမှ ကျနော်တို့ ခါတိုင်းကြားဘူးနေသော အာရှတိုက်သားများ သာတူညီမျှကောင်းစားရေးဝါဒနှင့် ဗမာပြည် အား လွတ်လပ်ရေးပေးထားပြီဖြစ်သော်လည်း ဗမာအစိုးရတွင် ကုန်းလေ၊ ရေတပ်များ အခိုင်အမာမရှိသေး၍ ဂျပန်တပ်များ က ကူညီရခြင်းဖြစ်ပြီး စစ်ပြီးလျှင် ဖြစ်စေ၊ ဗမာအစိုးရတွင် လုံလောက်သော ကုန်း၊ လေ၊ ရေတပ်များ ဖွဲ့ပြီးလျှင်ဖြစ်စေ၊ ဂျပန်တပ်များပြန်မည်ဖြစ်ကြောင်းကို ပြောပြလေတော့၏။

**အရေးထဲ ဆလားပေါ်ပြီ**

**(သို့မဟုတ်)**

**အရေးထဲမဖြစ်သင့်တာဖြစ်ပြီ**

ပြတေးရွာတွင် တိုးတိုးကြိတ်ကြိတ်ဖြင့် ပွစိပွစိဖြစ်ခါ ပြဿနာကြီးတစ်ခု ပေါ်နေသည်။ ပြည်သူလူထုနှင့် ကွင်းဆက်လည်းရှိပြီး၊ ပြည်သူလူထုထဲ မြှုပ်နှံထားသော ကျနော်၏နားထဲသို့ ထိုပြဿနာကြီးရောက်လာတော့သည်။ မဲမညိုတည်း ဟူသော လင်ရှိမိမ္မ၏အိမ်တက်လမ်းတွင် ညဥ့်အချိန်မတော် စစ်ဘိနပ်ခြေရာများကို တွေ့ရသော ပြဿနာဖြစ်သည်။ ဆိုလိုသည်မှာ စစ်ဘိနပ်စီးခါ ရင်ကော့ပြီး ကားယားကားယား သွားလာနေလေ့ရှိသော ကျနော်တို့ကေဒါတစ်ဦးဦးနှင့် လင်ရှိမိမ္မမဲမညိုတို့ ဖောက်ပြန်နေကြပြီဟု တိုးတိုးကြိတ်ကြိတ် ပြတေးရွာသူရွာသားများ ပြောနေကြခြင်းဖြစ်သည်။

ကျနော်တို့လူစုမှာ လက်ရွေးစင်ကေဒါများဖြစ်ကြသော ကိုသာထွန်းဦး(ယခုတောခို ဗကပ ရခိုင်ပြည်ကော်မတီ) ကိုသာကျော် (ယခု ဗမာ့တပ်မတော်ဗိုလ်မှူး) ကိုသန်းစိန် (ယခုဗမာ့တပ်မတော်ဗိုလ်မှူးကြီး) ကိုဘအေး (ယခုကျောင်းဆရာ) ကိုယက်သေး (စစ်တွေခရိုင်ပြည်သူ့ရဲဘော်ခေါင်းဆောင်ဟောင်း) ကိုကျော်ဇော (ကွယ်လွန် ပြည်ထောင်စုစစ်ရဲဗိုလ် ) ကိုထွန်းလှိုင် (ဖဆပလအစိုးရ အထူးခရိုင်ရဲဝန်ဖြစ်ခဲ့သည်။ ဖဆပလနှင့် ပထစတို့ခေတ်တွင် စစ်တွေခရိုင် မြေယာကော်မတီဥက္ကဋ္ဌဖြစ်ခဲ့သည်။) ကိုလှဖြူသံ( ယခုဗမာ့တပ်မတော်ဗိုလ်ကြီး) ကိုစောထွန်းဦး (ပေါင်းတည် ယစ်မျိုးဝန်ထောက်သားဖြစ်ပြီး ကျောင်းသားတစ်ဦးဖြစ်သည်။) ကိုဘမြိုင်(ကျောင်းသား)ကို ရွှေကျော်ဦး (ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ခေါင်းဆောင်ခဲ့သော ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်တွင် တပ်ရင်းမှူးလုပ်ခဲ့သည်။ ဗကပဗိုလ်မှူးအဖြစ် အလင်းဝင်ခဲ့သည်။ ယခု မော်ကွန်းပထမအဆင့် ရထားသူဖြစ်သည်) ကိုမောင်ဦးကျော် (ထိုစဉ်က ကောလိပ်ကျောင်းသားဖြစ်သည်။ ယခု ကုန်သွယ်ရေး ၁ ဇုံမန်နေဂျာ) ကိုဘထွန်း (ယခု အငြိမ်းစားရုံးဝန်ထောက်) စသူတို့သာရှိရာ ဤကေဒါများသည် မိမိတို့အသိဉာဏ်ဖြင့် မိမိတို့ဆန္ဒအလျောက် စည်းကမ်းကို လိုက်နာနေသူများဖြစ်ကြသည်။

ကျနော်တို့လူစုမှာ ထိုအချိန်က အင်္ဂလိပ်၊ မြန်မာစာ ၉တန်း၊ ၁၀တန်းရှိသူများဖြစ်ကြပြီး ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဆောင့်ကြွားကြွားပြုခြင်းမရှိကြပေ။ အထူးသဖြင့် ထိုစဉ်က ခမွီးအမျိုးသားများကို ရခိုင်လူမျိုးများက ပဒေသရာဇ်လူမျိုးရေးဝါဒအရ "ချင်း"ဟုခေါ်ကာ လူမျိုးရေးအရ နှိမ်နင်းမှုရှိခဲ့သည်။ ကျနော်တို့လူစုသည် ခမွီးအမျိုးသားများနှင့် ညီရင်းအကိုတမျှ တန်းတူရည်တူပေါင်းသင်းကြသည်။ ၎င်းတို့နှင့် စားအတူ၊ သွားအတူ၊ အိပ်အတူ နေထိုင်ကြသည်။ ငွေကြေးရေးတွင်လည်း ကျနော်တို့ မိမိတို့ကိုယ်ကျိုးအတွက် ငွေမရှာ၊ မိန်းမများကိစ္စနှင့်ရှင်းရှင်းလင်းလင်းရှိကြသည်။ ယင်းအရည်အချင်းများကြောင့် လောင်းရှည်ချောင်း ခမွီးရွာမှစပြီး ယင်းပတ်ဝန်းကျင်ရှိ ခမွီးရွာများမှာ ကျနော်တို့အား ဆန်နှင့်ဟင်းသီးဟင်းရွက်များကို အဘိုးအခ တစ်ပြားမှမယူဘဲ ကူညီကြသည်။ ယင်းရွာများ ရွာလုံးကျွတ် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ပါဝင်နေကြသည်။ ပြတေးနှင့်လောင်းရှည်ချောင်းရွာမှာနှစ်ဖာလုံခန့်မျှသာ ဝေးမည်ဖြစ်ရာ ပြတေးတွင် အရေးထဲဆလားပေါ်လျှင် (အရေးထဲ မဖြစ်သင့်တာဖြစ်လျှင်) လုလုကြီးကျနော်တို့ ဈောက်ကျသွားနိုင်သည်။

လင်ရှိမိန်းမနှင့်ဖောက်ပြန်လျှင် အောဇနှလုံးနာစွာဖြင့် ဝိုင်းပယ်လေ့ရှိသော ထုံးတမ်းစဉ်လာကို အမြဲစွဲနေသည့် ရခိုင်တိုင်းရင်းသားများ အထူးသဖြင့် ခမွီးအမျိုးသားများ၏ ဓလေ့အတိုင်း မဲမညိုပြဿနာသည် ကျနော့အား ဦးနှောက်ခြောက်ခြားစေသော ပြဿနာဖြစ်သွားသည်။ ယင်းကြောင့် အသဲချင်းဆက်နေသော ကျနော်၏ ကေဒါများကို ကျနော်လေ့လာသည်။ အိပ်ချင်ယောင်ဆောင်နေသော်လည်း သုံးညဥ့်ထိ ကျနော်မအိပ်ဘဲ ကေဒါများကို ကျနော်ထောက်လှမ်းရသည်။ ကျနော်၏ ကေဒါများ ဘာတစ်ခုမျှ ပြစ်မှုကျူးလွန်သည်ကို မတွေ့ရ။ သို့နှင့်ပြတေးရွာတွင် စစ်ဘိနပ်စီးသူများရှိသည် မရှိသည်ကို ကျနော်လေ့လာသည်။ ပြတေးရွာတွင် စစ်ဘိနပ်စီးသူ တစ်ဦးမျှမရှိ။

ဤသို့လေ့လာနေဆဲ ဦးပညာသာမိကို စစ်ဘိနပ်စီး၍ သွားလာနေသည်ကို ကျနော်တွေ့ရသည်။ ဦးပဥ္စင်းဦးပညာသာမိသည် သာမညဦးပဥ္စင်းမဟုတ်၊ ဆရာတော်ဦးပညာသီဟ၏လက်ထောက်ဖြစ်သည်။ ဆရာတော်ဦးပညာသီဟပြတေးဌာနချုပ်တွင်မရှိလျှင် ဦးပညာသီဟကိုယ်စား အစစအရာရာကို ဆောင်ရွက်ပိုင်ခွင့်ရှိသော ဦးပညာသီဟက အာဏာကုန်လွှဲအပ်ခြင်းခံထားရသည့် ဦးပဥ္စင်းဖြစ်သည်။ ကျနော်တို့နှင့် တကျွမ်းတဝင် ချစ်ခင်နေသော ဦးပဥ္စင်းလည်း ဖြစ်သည်။ သို့နှင့် ဦးပညာသာမိထံ ကျနော်သွားရောက်ပြီး မဲမညိုပြဿနာတွင် ပါဝင်သည့်တိုင် နောင်ကို မပြုလုပ်ရေးကို ကျနော်ပြောပြသည်။ ယခု ပြတေးရွာမှ ကျနော်တို့အား တလွဲထင်နေကြောင်းတို့ကိုလည်း ကျနော်ရှင်းပြသည်။ သူကဲ့သို့ ပုဂ္ဂိုလ်ကို ဤသို့မစွပ်စွဲသင့်ကြောင်း အစချီကာ ဦးပညာသာမိ ကျနော့်အား ဘုမှုတ်လေတော့သည်။

ပြတေးမှအားထားရသော လူငယ်နှစ်ဦးသုံးဦးကို ကျနော်စည်းရုံးပြီး မဲမညိုအိမ်သို့ ညဥ့်အချိန်မတော် ဝင်ထွက်သွားလာသူများ ရှိသည်မရှိသည်ကို စောင့်ကြည့်ခိုင်းခဲ့သည်။ နှစ်ရက်ပင်မကြာမီ ဦးပညာသာမိ စစ်ဘိနပ်စီးပြီး ညဥ့်အချိန်မတော် ဝင်ထွက်သွားလာနေကြောင်း ကျနော် တိကျစွာ သိရသည်။ ဦးပညာသာမိထံ ကျနော်သွားပြီး နှစ်ယောက်ချင်း ဆွေးနွေးပြသည်။ ရွာသူရွာသားများ ကျနော်တို့အား မဲမညိုကိစ္စနှင့်အထင်အမြင် လွဲမှားနေသဖြင့် နောက်ထပ်မဲမညိုနှင့် မကျူးလွန်ရန် ကျနော်ရှင်းရှင်းဘွင်းဘွင်းတင်ပြသည်၊ သို့သော် ဦးပညာသာမိ၊ ကျနော်၏ ဆွေးနွေးတင်ပြချက်ကို လက်မခံ။ ဦးပညာသာမိ ကျနော့်အား ထပ်၍ ဘုမှတ်တော့၏။

စားနေကျကြောင်ဖား ဦးပညာသာမိသည် လက်လုပ်လက်စား မဲမညို၏ လင်ယောကျ်ားအား ခါတိုင်းစေခိုင်းနေကျ အတိုင်း ညဥ့်အိပ်သွားရမည့်နေရာသို့သွားရန် စေခိုင်းထားလေသည်။ ညဥ့်အချိန်တွင် ဦးပညာသာမိ မဲမညိုထံသွားမည်ကို တထစ်ချသိထားသောကျနော်တို့ ဦးပညာသာမိကို မျက်ခြေမပြတ် စောင့်ကြည့်ထား၏။ ကျနော်တို့ ချောင်းမြောင်းကြည့်နေ ရင်း၊ ဦးပညာသာမိ၊ မဲမညိုအိမ်ထဲရောက်သွားပြီ။ ဦးလေသာအောင်နှင့် ကျေးရွာလူကြီးများအားခေါ်ရန် ကျနော်စေလွှတ်လိုက် သည်။ ကျနော်နှင့်ကျေးရွာလူကြီးများ မဲမညို အိပ်ခန်းတွင် စစ်ဘိနပ်စီးသော ဦးပညာသာမိကို ခိုးဝန်နှင့်အတူ ကားကားယား ယားလက်ပူးလက်ကြပ်ဖမ်းဆီးလိုက်ကြတော့၏။ ဦးပညာသာမိနှင့် မဲမညိုကို စစ်ဆေးမေးမြန်းရာ သူတို့နှစ်ဦးရာသက်ပန် လင်မယားအဖြစ် နေထိုင်မည်ကို ကတိပြုကြသဖြင့် ထိမ်းမြားမင်္ဂလာဆောင်ပေးလိုက်ရသည်။ မင်္ဂလာဆောင်အထိမ်းအမှတ် အဖြစ် ဦးပညာသာမိပိုင် ဆိတ်မတစ်ကောင်ကို ဦးပညာသာမိ၏သဘောတူညီချက်အရ ကျနော်တို့ ယင်နေ့ညဥ့်ပင် ချက်ပြုတ် စားသောက်လိုက်ကြသည်။

နောက်တနေ့ စစ်တန်းလျားတွင် ကျနော်လဲလျောင်းနေစဉ် မဲမညိုလင်ယောကျ်ားဟောင်း ခရီးရောက်မဆိုက်၊ အူယား ဖားယားပြေးလာသည်။ ကြေကွဲစွာ ငိုယိုနေသော မျက်ရည်များနှင့် မိခင်နှင့်တူသော သူ့မိန်းမ မဲမညိုအား သူ့အားပြန်အပ်ရန် တောင်းဆိုလေတော့သည်။ ကျနော် အံ့ဩသွားသည်။ ငေးငိုင်သွားသည်။ ညနေပိုင်းတွင် ကျနော်ဖြေရှင်းပေးမည်ဟု ဖြောင်းဖျ ပြောဆိုကာ သူ့အားကျနော်လွှတ်လိုက်ရသည်။

ညနေပိုင်းတွင် ဦးလေသာအောင်နှင့် ရွာလူကြီးများကိုလည်း ကျနော်ဖိတ်ခေါ်ထားသည်။ မဲမညိုနှင့်တကွ၊ မဲမညို၏ လင်ယောကျ်ားဟောင်းနှင့် လင်သစ်တို့ကိုလည်း ကျနော် ဖိတ်ခေါ်ထားသည်။ ကျနော် ဖိတ်ခေါ်ထားသူများအားလုံးရောက်ကြ ပြီ။ မဲမညို၏အိမ်တွင် စစ်ဘိနပ်ခြေရာကျသည်မှစပြီး ရွာသူရွာသားများ၊ ကျနော်တို့အား အထင်လွဲမှားမှုဖြစ်ခဲ့ရခြင်းမှ အစချီ ခါ၊ ဖြစ်ပျက်သွားရသော ဖြစ်ရပ်များကို၊ ကျနော်ရှည်လျားစွာ ရှင်းပြသည်။ လင်ဟောင်းနှင့် လင်သစ်နှစ်ဦးတွင် မဲမညို ကြိုက်သလို ရွေးနိုင်ကြောင်းကိုလည်း ကျနော်ပြောပြသည်။ ငိုယိုလျက်ရှိသော မဲမညိုသည် လင်သစ် ဦးပညာသာမိ တဖြစ်လဲကို ရွေးကောက်လိုက်သည်။

ထက်မြက်သော ဦးပညာသာမိတဖြစ်လဲဖြစ်သူကို ကျနော်တို့၏ဖက်ဆစ်ဂျပန်တော်လှန်ရေးထဲ ပါဝင်ရန် ကျနော်စည်းရုံးသည်။ သူသည် ကျနော်တို့၏ ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းတွင်သာ ပါဝင်ခဲ့သည် မကသေး၊ ကျနော် တို့၏ ရှေ့လုပ်ငန်းစဉ်များတွင်လည်း ထက်ထက်မြက်မြက် ပါဝင်ဆောင်ရွက်ခဲ့ရာ ဖဆပလစစ်တပ်၏ ပစ်သတ်မှုကြောင့် သေဆုံးခဲ့ရသည်။

## ဖက်ဆစ်ဂျပန်ကို တော်လှန်ပြီ

၁၉၄၄ ခုနှစ်ကုန်ခါနီးလာခဲ့ပြီ။ ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းများ တပွဲပြီးတပွဲ အောင်မြင်မှုများ ရခဲ့ပြီ။ ရခိုင်ပြည်သူလူထုကလည်း ဖက်ဆစ်ဂျပန်တော်လှန်ရန် အုံကြွနေကြပြီ။ လောင်းရှည်ချောင်း တစ်ဖက်ကမ်းရှိ ဝါယာလက်မှ ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်သို့ တိတိကျကျ သတင်းပို့နိုင်သဖြင့် ရခိုင်ပြည်တွင် သိန်းချီ၍ရှိနေသော ဖက်ဆစ်ဂျပန် တပ်များ မည်သည့်စစ်ဆင်ရေးမှ မလုပ်နိုင်ဘဲ ပုံးမိုးရွာသွန်းမှုကို အလူးအလဲ ခံနေကြရပြီ။ ကာလကတ္တားရှိ မဟာမိတ် စစ်ဌာနချုပ်မှ ပို့ခဲ့သော စာကူးစက်ငယ် (Geslenter) ဖြင့် "လေမုန်တိုင်း" အမည်နှင့် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းရပ် များနှင့် ဖက်ဆစ်ဂျပန်စစ်ရှုံးသတင်းများကိုလည်း တလနှစ်ကြိမ် ကျနော်တို့ ထုတ်ဝေဖြန့်ချိနိုင်လျက်ရှိခဲ့ပြီ။ ကျနော်တို့၏လှုံ့ဆော် ပေးမှုကြောင့် ဖောဖောသီသီရှိနေသော ဂျပန်ငွေဖြင့် ဦးရဲကျော်သူဘဏ်၊ ဦးရွှေသာဘဏ်တို့မှ လယ်ပြန်ရွေးယူခြင်းဖြင့် လယ်လုပ်သူ လယ်ပိုင်ရေးလုပ်ငန်းလည်း ကြီးထွားစွာအောင်မြင်နေပြီ။ ထိုစဉ်က ကျနော်တို့ ကြွေးကြော်သံဖြစ်သည့် "ကိုယ်လုပ် လယ် ကိုယ်လုပ်ကြ"၊ "ကိုယ့်လုပ်လယ်မှထွက်သမျှစပါးကိုယ်ယူ"၊ "မြေဆီခမပေးနှင့်"ဟူသောကြွေးကြော်သံကြောင့် ဇာမီဒါ

မြေရှင်ကြီးများလည်း မြေဆီခ(သီးစားခ) မရသည့် အခြေဆိုးသို့ ရောက်နေပြီ။ နိုင်ငံရေးရာနှင့် စစ်ပညာရပ်များကို သင်ကြားထားသော ကျနော်တို့ ကေဒါများလည်း နိုင်ငံရေးရော စစ်ရေးပါ တပ်စုတပ်ခွဲစသည်များကို ဦးဆောင်နိုင်သောအခြေအနေများ ရှိခဲ့ပြီ။ ဖက်ဆစ်တော်လှန်ရေးတပ်ထဲဝင်ရန် ရဲဘော်များလည်း အစုလိုက် အစုလိုက် တဖွေးဖွေးရောက်ရှိကြပြီ။ ဥရောပစစ်မြေပြင်တွင် ဖက်ဆစ်ဂျာမဏီများ စစ်ရှုံးမှုနှင့် ရင်ဆိုင်လျက်နေရပြီ။

၁၉၄၄-ခုနှစ် ဒီဇင်ဘာ ၂၅-ရက်နေ့နံနက်ပိုင်းတွင် ကျနော်တို့၏ကေဒါများ နေ့စဉ်ဆောင်ရွက်နေသော ဝတ္တရားအတိုင်း ပြတေးရွာမှ တဖါလုံခန့်ဝေးသော စေတီပျက်အနီးတွင် စစ်ပညာသင်ကြားပြသလျှက်ရှိနေကြသည်။ ကျနော် နိုင်ငံရေးစာတမ်းတစ်ခုကို ဘတ်လျက်ရှိနေခဲ့သည်။ ဦးပညာသီဟတပည့်တစ်ဦး ကျနော့်ထံလာရောက်ပြီး ဦးပညာသီဟက အရေးကြီးသော ကိစ္စတရပ်ကို နှစ်ဦးတည်း ဆွေးနွေးရန်လို၍ ချက်ချင်းလိုက်လာရန်ပြောသဖြင့် ကျနော်မဆိုင်းမငံ့ဘဲ ဦးပညာသီဟထံလိုက်သွားသည်။ ဦးပညာသီဟက စာရွက်ကို ကမ်းပေးသည်။ ဆရာတော်ဦးစိန္တာ၏စာဖြစ်သည်။ စာ၏အဓိပ္ပါယ်အတိုချုံးမှာ ဦးစိန္တာကို မြေပုံမြို့နယ် ကျောက်နွားရွာမှ ဖက်ဆစ်ဂျပန်များ ဖမ်းယူခဲ့သည်။ ယခု မင်းပြားမြို့နယ် ကုလားမတောင်ကျေးရွာအနီးရှိ တောထဲတွင် တပည့်တချို့နှင့်အတူ ဂျပန်များနှင့်ရောနှောပြီး အကျယ်ချုပ်သဘောထားရှိသည်။ မည်သို့ဆောင်ရွက်ရမည်ကို အကြောင်းပြန်ရန်ဖြစ်သည်။ ယင်းဦးစိန္တာ၏စာကိုဖတ်ပြီး စာယူလာသူများ ပြန်သွားပြီလားဟု ကျနော်က ဦးပညာသီဟကို မေးသည်။ ဦးပညာသီဟက စာပေးလာသော ဦးပညာသီဟ၏တပည့်များကို သူဆိုင်းငံ့ထားသည်။တွေ့လိုကတွေ့နိုင်သည်ဟုပြောပြီး ဦးစိန္တာ၏တပည့်ဖြစ်သူ ကိုကျော်ဇံရှိန် (ယခု ရခိုင်ပြည် ကွန်မြူနစ်ပါတီဌာနချုပ် ဥက္ကဌ)တို့ကို ခေါ်ပေးသည်။ ကိုကျော်ဇံရှိန်ထံမှ ဦးစိန္တာအား ဂျပန်စစ်သားများ မနှိပ်စက်ကြောင်း၊ ကုလာမတောင်ရွာ အရှေ့ဘက်တောထဲတွင် ဂျပန်စစ်စခန်းများချထားသော ဝါးတဲငယ်များတွင် ရောနှောထားကြောင်း ၎င်းတဲစုအတွင်းမှအပြင်အပ အခြားနေရာသို့သွားလာခြင်းမပြုရကြောင်းတို့ကို သိရသည်။ ဦးစိန္တာလွတ်မြောက်ရေးကိစ္စနှင့်ပတ်သက်ပြီး ဦးပညာသီဟနှင့် ကျနော်ဆက်လက်ဆွေးနွေးကြသည်။

ပြတေးမှမြောက်ဘက် နှစ်ဖာလုံခန့်ဝေးသော ကျောင်းတိုက်ရွာ (ခမွီးအမျိုးသားကျေးရွာ)တွင် ကာနယ် (ဗိုလ်မှူးကြီး) မာယုယာမ (စစ်ရေးစစ်ရာကိစ္စရှိလျှင် စစ်ယူနီဖောင်းဝတ်သည်။ ရိုးရိုးနေချိန်တွင် အများအားဖြင့် သင်္ကန်းဝတ်၍နေသည်) မေဂျာ (ဗိုလ်မှူး) တာဂိုမာတို့ ခေါင်းဆောင်သော ဖက်ဆစ်ဂျပန်၏ စစ်ဌာနချုပ်ခွဲတစ်ခုရှိသည်။ ယင်းစစ်ဌာနချုပ်ခွဲမှနေ၍ ဦးပညာသီဟကို အကြံပေးခြင်း၊ ရခိုင်တပ်များကို အကြံပေးခြင်းများ ပြုလုပ်ကြသည်။ ကျောင်းတိုက် ဂျပန်စစ်ဌာနချုပ်ခွဲတွင် ကာနယ်မာယုယာမနှင့် မေဂျာတာဂိုမာတို့ ယခု မရှိကြ။ ကပ္ပတိန်(ဗိုလ်ကြီး) နဂါးမိုသာရှိသည်။ ဦးစိန္တာလွတ်ရေးကို ကပ္ပတိန်နဂါးမိုထံတင်ပြသော်လည်း အကြောင်းထူးမည်မဟုတ်၊ ယင်းကြောင့် ကာနယ် မာယုယာမတို့ကို စောင့်ရင်း ကိုကျော်ဇံရှိန်တို့ကိုလည်း ဆိုင်းငံ့ထားသင့်ကြောင်းတို့ကို ဦးပညာသီဟနှင့်ကျနော် သဘောတူညီကြသည်။ ကနော် မိမိ၏စစ်တန်းလျားသို့ ပြန်လာခဲ့သည်။

၁၉၄၄ခု ဒီဇင်ဘာလ ၂၅ရက်မွန်းလွဲပိုင်းတွင် ကပ္ပတိန် နဂါးမို ကျနော်တို့ထံလာပြီး မနက်ဖြန်နံနက်စောစော သူတို့နှင့်တပါတည်းလိုက်နိုင်အောင် အဆင်သင့်ပြင်ထားရန် လာပြောသည်။ မဆိုင်းမငံ့ဘဲ ဦးပညာသီဟထံ ကျနော်သုတ်ခြေတင်တော့သည်။ ဦးပညာသီဟအား မသာယာသောမျက်နှာဖြင့် ငိုင်တိုင်တိုင်ထိုင်၍တွေ့သည်။ သူ့ကိုလည်း ကပ္ပတိန်နဂါးမိုက မနက်ဖြန်နံနက်စောစော ဂျပန်တပ်များနှင့်အတူ လိုက်လာရေးကို ပြောသွားပြီဟု ဦးပညာသီဟမပြောမီကပင် ကျနော်သိနေပြီ။ ဦးပညာသီဟနှင့် ကျနော် ခေါင်းချင်းရိုက်ပြီး ဆွေးနွေးကြသည်။ ဖက်ဆစ်ဂျပန်များ ဦးစိန္တာကို အကျယ်ချုပ်ဘမ်းထားပြီ။ ဦးပညာသီဟနှင့် ကျနော်တို့အား မနက်ဖြန်နံနက်စောစော ဂျပန်တပ်များနှင့်အတူ လိုက်လာရန် ခေါ်ခြင်းမှာ ဂျပန်တပ်များဆုတ်ရာတွင် ဓားစာခံခေါ်ထားခြင်းဖြစ်မည်။ ဓားစားခံဖြစ်သော ဦးပညာသီဟနှင့် ဦးစိန္တာတို့ကို ဖက်ဆစ်ဂျပန်များက ကိုင်ထားပြီး သူတို့တပ်များအား ရခိုင်အမျိုးသားများ စစ်ဆင်မှုမပြုနိုင်အောင် ပြုလုပ်ထားမည်ဆိုချက်ကို ဦးပညာသီဟနှင့်ကျနော်အကြွင်းမဲ့ သဘောတူကြသည်။ သို့သော် မနက်ဖြန်စောစော ဂျပန်တပ်များနှင့်လိုက်သွားမည်လော၊ ရှောင်တိမ်းနေကြမည်လော ဖက်ဆစ်ဂျပန်များအား တိုက်မည်လောဟူသောပြဿနာကို အဘက်ဘက်ကနေပြီး ဒေါင့်စေ့အောင် ဦးပညာသီဟနှင့်ကျနော် အကြိမ်ကြိမ်ဆွေးနွေးကြသည်။ ဦးပညာသီဟနှင့် ကျနော်တို့ မနက်ဖြန်မနက်စောစော ဂျပန်တပ်များနှင့်အတူလိုက်မသွားဟူသော ဆုံးဖြတ်ချက်ကိုလည်း ထပ်ပြီးဆုံးဖြတ်ကြသည်။ ရှောင်တိမ်းမည်လော၊ တိုက်မည်လော ဟူသောပြဿနာကို နာရီပေါင်းအတော်ကြာအောင် ဦးပညာသီဟနှင့်ကျနော် မနားမနေ ဆွေးနွေးကြသည်။ ညနေစောင်းသွားပြီးမှ ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်တော့မည်ဆိုသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ကြသည်။

ကျောင်းတိုက်ရှိ ဖက်ဆစ်ဂျပန်စစ်ဌာနချုပ်ခွဲကိုတိုက်ရန် ဆုံးဖြတ်ခဲ့သော ဦးပညာသီဟနှင့်ကျနော်ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ကျနော်တာဝန်ယူလိုက်သည်။ ကျောင်းတိုက် (ခမ္မီးအမျိုးသားကျေးရွာ) ရွာကို ခမ္မီးအမျိုးသားများ အချိန်မရွေး ထွက်ဝင်သွားလာနိုင်သည်။ ယင်းကြောင့် ဦးပညာသီဟ၏ကိုယ်တော်ရံဖြစ်ကြသော ခမ္မီးအမျိုးသားလက်နက်ကိုင်များချည်းဖြစ်သော ကျောက်ဖြူတပ်စိပ်ကို လောင်းရှည်ချောင်းမှ ပြတေးသို့လာကြရန် ကျနော်အခေါ်လွှတ်လိုက်သည်။ ဦးစိန္တာထံသို့လည်း ယခုစာနှင့်သွားသူပြောချက်ကို တိတိကျကျဆောင်ရွက်ရန်ဆိုသော စာတိုတစ်စောင်ကို ဦးပညာသီဟနှင့်ကျနော်လက်မှတ်ရေးထိုးပေးသည်။ ကိုကျော်ဇံရွှီးအား ခေါ်ယူပြီး ယနေ့ညဉ့်ပင် ဖက်ဆစ်ဂျပန်များကို စတင်တိုက်ခိုက်တော့မည်ဖြစ်ကြောင်း ဦးစိန္တာအား ကုလားမတောင်ရွာ တောတောင်ထဲမှ အသက်စွန့်ထုတ်ယူခဲ့ လုံခြုံသောစခန်းတွင် လျှို့ဝှက်နေထိုင်ရေးစသည်တို့ကို အထပ်ထပ်မှာကြားခဲ့ ဖြစ်ရေသင့်သည် ဖြစ်ရေမသင့်သည်ကို မစောင့်ဘဲ ချက်ချင်းသွားကြရန် ကိုကျော်ဇံရွှီးတို့ကို ဦးစိန္တာထံစေလွှတ်လိုက်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးစခန်းများ၊ စခန်းခွဲများ(အသီးသီးမှလည်း) နီးစပ်ရာ၊ လက်လှမ်းမီရာ ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ကြရန် အမိန့်ပေးလိုက်ကြောင်းကို ပါးစပ်ဖြင့်ပြောရန် အသေအချာ ပြောဆိုပြီး ဖက်ဆစ်တော်လှန်ရေးစခန်းခွဲအသီးသီးသို့လည်း ဦးပညာသီဟနှင့် ကျနော်က ဆက်သားများ စေလွှတ်ခဲ့ကြသည်။

ယင်းနေ့ညဉ့် ၈နာရီခန့်လောက်တွင် တပ်စိပ်မှူးကျော်ဖြူနှင့် ၎င်း၏တပ်စိပ်ကို ပြတေးဦးပညာသီဟအိမ် ခြံဝင်းတွင် တွေ့ဆုံပြီး ဖက်ဆစ်ဂျပန်များကို ယနေ့ညဉ့် ဘာ့ကြောင့် တိုက်ရမည်ကို သူတို့စိတ်ဝင်စားအောင် ရှင်းပြသည်။ ကျောင်းတိုက်ရှိ ဖက်ဆစ်ဂျပန်စစ်ဌာနချုပ်ခွဲကို မည်သို့ဝင်စီးရမည့်ပုံကြမ်းကိုလည်း ကျနော်တင်ပြသည်။ အားလုံးသဘောပေါက်ကြပြီဖြစ်၍ ပြတေးမှကျောင်းတိုက်သို့ တိတ်တဆိတ် အမှောင်ထုအောက်တွင် ကျနော်တို့ ချီတက်လာကြသည်။ ကျောင်းတိုက်သို့ မရောက်မီ ကိုက်အနည်းငယ်ခန့်ကရပ်ပြီး ဂျပန်စစ်သားများ ဝင်လမ်းတွင် အစောင့်ရှိသည်မရှိသည်ကို ကင်းထောက်ကြသည်။ ဂျပန်စစ်သားတစ်ဦးမျှ ရွာဝင်လမ်းတွင် မတွေ့၊ ကျောင်းတိုက်ရွာသို့ ကျနော်တို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာကြသည်။ ကျောင်းတိုက်ရွာတွင် အရပ်သားများထက် ၃-ဆ၊ ၄-ဆရှိသော ခွေးများသည် ကျနော်တို့လူအုပ်အား ကိုက်ဝါးစားမည်ဟု ကြိမ်းဝါးသံဖြင့် မိုးထိအောင် ဟောင်လေကြတော့သည်။ ကြီးမားသောခွေးဟောင်သံကြောင့် ကျနော်တို့ ချောင်ကျကျတစ်နေရာတွင် ကပ်ခိုလိုက်ကြသည်။ ကျောင်းတိုက်ရှိ ဖက်ဆစ်ဂျပန် ဌာနချုပ်ခွဲဝင်လမ်းကို ကင်းထောက်သည်။ ဂျပန်စစ်သား အစောင့်အရှောက်လုံးဝမရှိ၊ ဖက်ဆစ်ဂျပန်ဌာနချုပ်ခွဲချထားသော အိမ်မှခရစ်စမတ်ပွဲတော်၏ သောက်စားနေသံများကိုသာ ကြားရသည်။ ယင်းကြောင့် ကျနော်နှင့်ပါလာသောတပ်စိပ်ကို အိမ်နီးကို နီးနိုင်သမျှကပ်စေပြီး ရိုင်ဖယ်များနှင့်မရပ်မနား ပစ်ခတ်စေတော့၏။ ဖက်ဆစ်ဂျပန်ဌာနချုပ်ခွဲ ချထားရာအိမ်မှာ အော်ဟစ်သံများ၊ သေနတ်သံများဖြင့် ဆူညံလျက်ရှိသွား၏။ ကျနော်တို့ မရပ်မနားဆယ်မိနစ်ခန့် ပစ်ခတ်နေစဉ် ဂျပန်၏စက်ကလေးကျည်ဆံများ ကျနော်တို့ ခေါင်းပေါ်မှ ဖြတ်သွားလေသည်။ ဖက်ဆစ်ဂျပန်များပြန်လည်ခုခံသည်။ ဂျပန်ဘက်မှ သေနတ်သံများမှာ ဂျပန်စစ်သားနှစ်ဦးတည်းဖြင့် ခုခံနေကြောင်း ကျနော်တို့ တိုက်ခိုက်ရင်းသိလာရာ ကျနော်တို့ ဖိတိုက်ကြတော့၏။ တိုက်ရင်းခိုက်ရင်း ဂျပန်စစ်သားနှစ်ဦး မှောင်ကြီးမဲမဲအောက်တွင် ပျောက်ကွယ်သွားလေသည်။ ကျနော်တို့ အပစ်အခတ်ရပ်ခဲ့ နေရာယူပြီးစောင့်ကြသည်။ တစ်နာရီကြာလေပြီ။ ယင်းကြောင့် ခမ္မီးအမျိုးသားတပ်သား ၄-၅ဦးကို နေရာချထားပြီး ကျနော်တို့ ပြတေးသို့ပြန်လာကြသည်။ ကျနော်ကိုယ်တိုင် ဦးပညာသီဟထံ ချက်ချင်းသွားပြီး တိုက်ပွဲအခြေအနေကို တင်ပြသည်။ ကျနော်တို့ ညဉ့်လုံးမအိပ်တော့ဘဲ နေရာများယူခဲ့ အဆင်သင့် ပြင်ထားကြ၏။ ယင်းနေ့ညဉ့် ၁၂နာရီအချိန်တွင် လှေသမားတစ်ဦးနှင့်အတူ ဂျပန်နှစ်ဦး ပြတေးလှေဆိပ်မှ တက်လာပြန်သည်။ အသင့်ရှိနေသောကျနော်တို့တပ်မှ ဖက်ဆစ်ဂျပန်နှစ်ဦးကို ပစ်ခတ်လိုက်ရတော့၏။ ၁၉၄၄- ခု ဒီဇင်ဘာလ ၂၅ ခရစ္စမတ်နေ့က ကျနော်တို့ ပစ်ခတ်လိုက်သော သေနတ်သံသည် အသံလွှင့်ရုံမရှိသော ကျနော်တို့အဘို့ ဖက်ဆစ်ဂျပန်အား မစေ့စပ်စတမ်း (စစ်ကြေညာ) လိုက်ခြင်းပင် ဖြစ်ခဲ့ပြီဖြစ်၍ ဖက်ဆစ်ဂျပန်တော်လှန်ရေး ရခိုင်ပြည်တွင် အုံကြွဖြစ်ပေါ်လာခဲ့၏။ ဖက်ဆစ်ဂျပန်များကို တော်လှန်ရေးအတွက် စစ်ပညာနှင့် နိုင်ငံရေးပညာများကို သင်ကြားရန် အိန္ဒိယသို့ ရောက်ရှိနေကြသော ရခိုင်ရဲဘော်များလည်း တစ်ဦးစ နှစ်ဦးစ မဟုတ်တော့ဘဲ ဆယ်ဖြင့်ချီ၍ နေရာအနှံ့အပြား လေထီးဖြင့် ခုန်ဆင်းလာခဲ့ကြလေ၏။

ယင်းညဉ့် ၂-နာရီ (၁၉၄၄-ခု၊ ဒီဇင်ဘာလ ၂၆-ရက်၊ (၁၂၀၀နာရီခန့်တွင်)မေဂျာ (ဗိုလ်မှူး) ကြူး (ခြေမ ယမနတ) ကိုညိုထွန်း၊ ကိုကြာလှအောင် (ယခုတောခို ရခိုင်ပြည်အမျိုးသားညီညွတ်ရေးနှင့် လွတ်မြောက်ရေးပါတီဌာနချုပ်ဥက္ကဋ္ဌ) နှင့် တပ်သားတစ်ချို့ ပြတေးဘက်သို့ မမျှော်လင့်ဘဲ ရောက်လာသည်။ ရှေ့လုပ်ငန်းစဉ်များအတွက် အချိန်ယူဆွေးနွေးရမည်ဖြစ်သဖြင့် မေဂျာကြူး၊ ကိုညိုထွန်း(ဝန်ကြီးဟောင်း၊ ယခုသံအမတ်ကြီး)ကိုကြာလှအောင် အပါအဝင် ဦးပညာသီဟနှင့် ကျနော်တို့ အားလုံး လောင်းရှည်ရွာမှတဆင့် အကြီးတော်မရွာ (ခမ္မီးအမျိုးသားကျေးရွာ) သို့ ပြောင်းရွှေ့လာကြသည်။ ရှေ့လုပ်ငန်းစဉ်များ

ကို အကြီးတော်မရွာတွင် ဆွေးနွေးကြသည်။ ကြူတပ်ဖွဲ့နှင့် ခြသေ့်အောင် ပျောက်ကြားတပ်ဖွဲ့ဟူ၍ တပ်ဖွဲ့နှစ်ဖွဲ့ ဖွဲ့စည်းရန် ဖြစ်သွားသည်။ ကြူပျောက်ကြားတပ်ဖွဲ့ကို ကိုကြာလှအောင် ခေါင်းဆောင်ပြီး ခြသေ့်အောင် ပျောက်ကြားတပ်ဖွဲ့ကို ကျနော် ခေါင်းဆောင်သည်။ မိမိဆန္ဒအလျောက် ရွှေတန်းစစ်မြေပြင်သို့ ဆင်းရန်တာဝန်ကို ကျနော်တာဝန်ယူလိုက်သည်။ ကိုလှထွန်းကျော် (ဗိုလ်ရန်အောင်တပ်မှထုတ်ယူပြီး ကျနော်ခေါ်လာခဲ့သူဖြစ်သည်။ နောင်စစ်တွေမြို့ ကုန်သည်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ မြေပုံတပ်ပေါင်းစု ညီလာခံတွင် ငွေတစ်ထောင်လှူခဲ့သူဖြစ်သည်။ ) နှင့်ကိုထွန်းအောင်ကျော်(နောင်ဖြစ်ခဲ့သော ပြည်တွင်းစစ်တွင် ဗကပတို့ သတ်ဖြတ်၍ သေဆုံးသွားရသော စစ်တွေခရိုင် ပြည်သူ့ရဲဘော် ခေါင်းဆောင်တစ်ဦးဖြစ်သည်)တို့ကို ခြောက်လုံးပြူးတစ်လက်စီ ပေးအပ်ပြီး ဂျပန်တစ်ဦးစ နှစ်ဦးစကို အလစ်စီးရေး၊ ရွှေတန်းစစ်နယ်မြေ ထောက်လှမ်းရေးနှင့် လက်နက်ရရေး တာဝန်ကို ကျနော်ပေးလိုက်သည်။

ဒီဇင်ဘာလ ၂၅ရက်နေ့က ကျောင်းတိုက်ရွာ ဖက်ဆစ်ဂျပန် စစ်ဌာနချုပ်ခွဲ တိုက်ပွဲတွင် ကပ္ပတိန် နဂါးမှီ ပလက်ဝမှ ဂျပန်အလိုတော်ရိ စကားပြန်နှင့် ဂျပန်စစ်သားသုံးဦးကို သေဆုံးအောင်တိုက်ခိုက်ခဲ့ပြီး ပြတေးတွင် ဂျပန်စစ်သားနှစ်ဦးကို လည်း သုတ်သင်နိုင်ခဲ့သော အောင်ပွဲခံ ကျနော်တို့လူစုသည် အောင်ပွဲတစ်ပွဲပြီးတစ်ပွဲ ရတော့မည်ဆိုသော ယုံကြည်ချက်ဖြင့် ကျနော်တို့အား ပေးလိုက်သော 'ဖက်ဆစ်ဂျပန် တော်လှန်ရေးတပ်သားများ၍ မဟာမိတ်များက အကူအညီပေးကြရန်" ရေးသားသည့် မေဂျာကြူ၏လက်မှတ်ပါ စာရွက်များကိုယူခါ မြို့ဟောင်းမြို့နယ် အကြီးတော်မရွာမှ ပေါက်တောမြို့နယ်ဘက်သို့ ကျနော်တို့ ခြသေ့်အောင် ပျောက်ကြားတပ်ဖွဲ့များ ဆင်းလာကြသည်။ စွန်ရဲရွာတွင် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် တာဝန်ယူထားသည့် မင်းပြားမြို့မှ လူငယ်ခေါင်းဆောင် ကိုမဲမောင်ကို တွေ့ရသည်။ ဦးပညာသီဟ၊ ဦးစိန္တာနှင့် ကျနော်တို့က ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် အားကိုးအားထား ပြုထားသော ကိုမဲမောင်အား တွေ့ရသဖြင့် ကျနော်လှိုက်လှဲစွာ ဝမ်းမြောက်သွားသည်။ ကိုမဲမောင်အား ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် တပ်သားမည်မျှ စုဆောင်းထားရှိသလဲ စသော ကိစ္စများကို ကျနော်မေးမြန်းသည့်အခါ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ကာယကံမြောက် ဘာတစ်ခုမျှမလုပ်ဘဲ မိမ္မချော တစ်ဦးကို ခိုးယူပေါင်းသင်းကာ ယနေ့တွင်ပင် ထိမ်းမြားမင်္ဂလာပွဲအဖြစ် ပျော်ပွဲရွှင်ပွဲများ လုပ်လျှက်ရှိခြင်းကို အတိအကျ သိရသည်။ 'ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် တာဝန်ထမ်းဆောင်ရန် တာဝန်ယူပြီး မထမ်းဆောင်သောသူသည် ရန်သူ ထက်ကြောက်စရာကောင်းသူဖြစ်တယ်"ဒီလိုသစ္စာဖောက်မျိုးကို သတ်ပစ်သင့်တယ်" "ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ပေးထားတဲ့လက်နက်တွေကို ခုချက်ချင်းအပ်"ကျနော်ကြိမ်းမောင်းပြီး ကိုမဲမောင်ထံမှ လက်နက်များကို ကျနော်သိမ်းယူသွား သည်။

တာဝန်ဝတ္တရားအရ မလွှဲသာ၍ ရဲဘော်ချင်းဖြစ်ခဲ့သော ကိုမဲမောင်ကို ကျနော် ကြိမ်းဝါးရသော်လည်း ကျနော် စိတ်မကောင်း၊ များစွာဝမ်းနည်းခြင်းဖြစ်သွားရာ စွန်ရဲမှပေါက်တောသို့ ကျနော်တို့ ချက်ချင်းထွက်ခွာလာကြ၏။ ပေါက်တောအ နီးရှိ သရဲရွာ ဦးစံဂိုးအောင်နှင့် ၎င်း၏သားများ တဲစုတွင် ကျနော်တို့ တပ်စွဲနေထိုင်လိုက်ကြ၏။ ဦးစံဂိုးအောင်မှာ ဗြိတိသျှ နယ်ချဲ့တိုက်ထုတ်ရေးခေတ်က သူသည် သူ့သားများနှင့်အတူ ရရာလက်နက်ကို စွဲကိုင်ခါ ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ထုတ် ခဲ့သော ပေါက်တောမြို့နယ် လယ်သမားခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ကျနော်တို့ ခေါင်းဆောင်ခဲ့သော ဗြိတိသျှနယ်ချဲ့ တိုက်ထုတ်ရေးနှင့် လွတ်လပ်ရေးခေတ်ကပင် ကျနော်စည်းရုံးထားသော စိတ်ချရသော ပေါက်တောမြို့နယ် ခေါင်းဆောင်တစ်ဦး လည်းဖြစ်သည်။

ဦးစံဂိုးအောင်၏မိသားစုထဲသို့ ရောက်လျှင်ပင် ပေါက်တောဆရာတော် ဦးနာရဒထံ သတင်းပို့ရန် ဦးစံဂိုးအောင်၏ သားတစ်ဦးကို ကျနော်စေလွှတ်လေတော့၏။ ဆရာတော် ဦးနာရဒထံ ကျနော်ရေးလိုက်သောစာ၏ အဓိပ္ပါယ်မှာ ဖက်ဆစ်ဂျပန် တော်လှန်ခဲ့သောနေ့နှင့် နေရာကိုဖော်ပြခါ တော်လှန်ရင်း ယခုကျနော်တို့ ဦးစံဂိုးအောင်မိသားစုများ၏ တဲစုသို့ ရောက်ရှိနေ ခြင်းနှင့်တကွ ဦးပညာသီဟ၊ ဦးစိန္တာတို့အတွက်လည်း မစိုးရိမ်ရေး၊ ဆရာတော်လည်း ဖက်ဆစ်ဂျပန်များနှင့်မတွေ့အောင် ရှောင်တိမ်းရေးနှင့် ဖက်ဆစ်ဂျပန်သတင်းများရရှိက ကျနော်တို့ထံပို့ရေး စသည်တို့ကို အခြေခံပြီး ကျနော်ရေးပို့ခဲ့သည်။ ဆုတ်စစ်ပြုနေသော ဖက်ဆစ်ဂျပန်များကို တိုက်ဖျက်သွားရန် ရေလမ်းဆုံနှင့် ကုန်းလမ်းဆုံတို့တွင်လည်း ခြသေ့်အောင် ပျောက်ကြားတပ်များ တချို့ကို ခွဲဝေပြီး ကျနော်တာဝန်ချပေးလိုက်သည်။

**ပေါက်တောမြို့ကို သိမ်းခြင်း**

စေတနာကောင်းရှိပြီး ရိုးသားသော လွတ်လပ်ရေးအတွက် အသက်စွန့်ရန် ဝန်မလေးသော ဦးစံဂိုးအောင်နှင့် မိသားစုသည် ကျနော်တို့အား အစစအရာရာတွင် အားတက်သရော လှိုက်လှဲစွာ ကူညီကြသည်။ ကျနော်တို့အား ငါးဟင်းများ၊ အသားဟင်းများ ကောင်းမွန်စွာ ကျွေးမွေးပြုစုသည်။ ဦးစံဂိုးအောင်၏သားများသည် အနီးအနားကျေးရွာများသို့သွားပြီး၊ ဖက်ဆစ်ဂျပန်တပ်များ၏ သတင်းကိုထောက်လှမ်းပေးကြသည်။ ဦးစံဂိုးအောင်မိသားစု၏ နှုတ်လုံမှုကြောင့် ဖက်ဆစ်ဂျပန် သတင်းဟူသမျှကို ကျနော်ရသည်။ ဖက်ဆစ်ဂျပန်တပ်များကို ပျောက်ကြားစနစ်ဖြင့် ကျနော်တို့လှုပ်ရှားနိုင်သည်။ ကျနော်တို့ သတင်းကို ဂျပန်လုံးဝမရပေ။ မော်တာအမြောက်များ၊ စက်သေနတ်ကြီး စက်သေနတ်ကလေး စသည့် ခေတ်မီလက်နက်များကို စွဲကိုင်ထားသည့် ဖက်ဆစ်ဂျပန်တပ်များသည် ကျနော်တို့ လျှို့ဝှက်စခန်းမှ အလှမ်းမကွာသော မြစ်များ ချောင်းများမှ လှေကြီး လှေငယ်အသွယ်သွယ်ဖြင့်လည်းကောင်း၊ စက်လှေများဖြင့်လည်းကောင်း၊ ဖြတ်သန်းသွားကြသည်။ ဖက်ဆစ်ဂျပန်များ ကျနော်တို့၏ အနံ့ကိုပင် မရှုမိပေ။

တစ်နေ့နှစ်ကြိမ်ကျ၊ ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်၊ (ဂျီအက်အိုင်)သို့ ကျနော်တို့၏ ဝါယာလက်သတင်းပို့မှုကြောင့် ပုန်းအောင်းစရာမရှိအောင် ဗုံးမိုးရွာခြင်းခံရ၍လည်းကောင်း၊ ရခိုင်ပြည်အနှံ့အပြားတွင် ဖက်ဆစ်တော်လှန်ရေး ဒီလှိုင်းတက်ကြွနေခြင်းကြောင့်လည်းကောင်း၊ ပေါက်တောမြို့နှင့်တကွ၊ ပေါက်တောနယ် နေရာအနှံ့အပြားမှ ဂျပန်တပ်များ ဆုတ်ခွာသွားခဲ့ရသည်။ ၁၉၄၅-ခု၊ ဇန်နဝါရီလဆန်းလောက်တွင် ပေါက်တောမြို့ကို သွေးတစ်စက်မျှမကျဘဲ ကျနော်တို့ သိမ်းပိုက်လိုက်ကြသည်။

**ပထမဆုံးရာထူးနှင့်ကြုံသည်**

ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ် (ဂျီအက်အိုင်)သို့ ပေါက်တောမြို့ကို ကျနော်တို့သိမ်းလိုက်ကြောင်းကို နေ့စွဲ ရက်စွဲနှင့်တကွ ဝါယာလက်ကြေးနန်းသတင်းပို့ခဲ့သည်။ ကာလကတ္တားမဟာမိတ်စစ်ဌာနချုပ်က ပေါက်တောမြို့ကို ကျနော်တို့ သိမ်းနိုင်သည်ကို ဝမ်းမြောက်ကြောင်း စစ်တွေမြို့ကိုလည်း ကျနော်တို့ ပေါက်တောမြို့ကို သိမ်းသည့်နေ့တွင်ပင် မဟာမိတ် တပ်ဖွဲ့များ သိမ်းပိုက်ခဲ့ပြီဖြစ်ကြောင်း။ စစ်တွေမြို့ မဟာမိတ်စစ်ဌာနချုပ် ရှေ့တန်းမှူးဖြစ်သော ဗိုလ်ချုပ်နှင့်သွားရောက်တွေ့ဆုံရန် မေတ္တာရပ်အကြောင်းကြားကြောင်း။ စစ်တွေမြို့မှ အမ်ဂျီဘီ စစ်သင်္ဘောဖြင့် လာခေါ်မည့်နေ့ရက်ပါသော မေတ္တာရပ်ခံ ကြေးနန်းစာတစ်စောင် ရောက်လာသည်။

ကျနော်တို့အား စစ်တွေမြို့ရှိ မဟာမိတ်ရှေ့တန်းစစ်ဌာနချုပ်သို့သွားရန် ချိန်းဆိုထားစဉ် ကိုလှထွန်းကျော်အား အင်္ဂလိပ်စစ်သားများ၊ ဘမ်းဆီးထားသည့်သတင်းကို ကျနော်သိရှိလာ၏။

ချိန်းဆိုထားသည့် နေ့ရက်၊ နာရီအတိုင်း၊ စစ်တွေမြို့မှ အမ်ဂျီအမ် စစ်သင်္ဘောတစ်စင်း၊ ပေါကတောမြို့သို့ ရောက်လာတော့သည်။ ပေါက်တောဆိပ်ကမ်းမှဆင်းပြီး၊ ယင်းအမ်ဂျီအမ် စစ်သင်္ဘောဖြင့် စစ်တွေမြို့သို့ လိုက်လာကြသည်။ စစ်တွေမြို့ တည်ရာ ကုလားတန်မြစ်ရိုးသည် ကျနော့တသက်တွင် တခါသာမြင်ဘူးသော ဧရာမစစ်သင်္ဘောကြီးများနှင့်တကွ ရာပေါင်းများစွာသော စစ်သင်္ဘောကြီးများဖြင့် ပြည့်ကြပ်လျှက်ရှိနေသည်။ ဆယ်ပေါင်းများစွာသော သင်္ဘောများကလည်း လှုပ်လှုပ်ရွရွ သွားလာနေသလို၊ ဆယ်ပေါင်းများစွာသော သင်္ဘောများကိုလည်း ကျောက်ချခါ ဣန္ဒြေရရငြိမ်နေကြ၏။ စစ်တွေဆိပ်ကမ်းသို့ ကျနော်တို့ရောက်ကြသည်။ အဆင်သင့်စောင့်နေသော မျက်နှာဖြူအရာရှိက ပြုံးရွှင်စွာကြိုဆိုပြီး ကျနော်တို့အား စက်ရှင်တရားသူကြီး ဦးသာဇံအိမ်(ယခု ပါကစ္စတန် ဒုကောင်စီဝန်ရုံး) ရှေ့ရှိ အထက်တန်းရှေ့နေကြီး ဦးလှဖော်ဇံအိမ်တွင် ကောင်းစွာနေရာချပေးသည်။ တသက်တွင် တစ်ခါကြုံခဲ့ပြီး ယနေ့ထိ တစ်ခါမျှ မကြုံဘူးသေးသော မျက်နှာဖြူစားပွဲထိုးဖြင့် ကျနော်တို့အား ဥရောပတိုက်သားတို့၏ စားဘွယ်ဘောဇဉ် အဟာရတို့ကို ကျွေးမွေးပြုစုသည်။ နောက်နေ့တွင် ဦးသာဇံဦးတိုက်တွင် ဗွီဖို့စ် (Victory Force) ခေါ် ရှေ့တန်းတပ်ဖွဲ့များ၏ ဗိုလ်ချုပ်နှင့် တွေ့ဆုံခွင့်ပေးသည်။

ပြုံးပြုံးရွှင်ရွှင်ကျနော်တို့အား လက်ဆွဲနှုတ်ဆက်သော ဗွီဖို့စ် စစ်ဗိုလ်ချုပ်သည်န သူ၏လက်အောက်ခံ မျက်နှာဖြူ အရာရှိကြီးနှစ်ဦးနှင့်လည်း မိတ်ဆက်ပေးခါ လက်ဆွဲနှုတ်ဆက်ကြပြီး ဖက်ဆစ်ဂျပန်များ၏အခြေအနေကို အနည်းငယ်မျှ မေးမြန်းပြောဆိုသည်။ ဗွီဖို့စ်ဗိုလ်ချုပ်က ခင်ဗျားတို့ဆီက ဘုန်းကြီးဖြစ်ပါစေ ကျနော်တို့ မယုံ၊ ဂျပန်ဘက်တော်သားတွေဟု ယူဆထားတယ်၊ ခင်ဗျားတို့ဆီကို ကျနော်တို့ ဝါယာလက်ချပေးခဲ့တယ်။ ခင်ဗျားတို့ ဂျပန်စစ်သတင်းတွေကို တိတိကျကျပေးနိုင်တဲ့အတွက် အောင်ပွဲတွေအများကြီးရှိခဲ့တယ်။ ခင်ဗျာတို့ကို လှိုက်လှဲစွာယုံတယ်။ ခင်ဗျားတို့သဘောတူမယ်ဆိုရင် ခင်ဗျားတို့ကို

တပ်ရင်းတစ်ရင်းဖွဲ့ပေးမယ်။ လက်နက်တွေ လစာတွေနဲ့ ရှေ့တန်းစစ်မျက်နှာအတွက် ကုန်ကျငွေတွေ အားလုံးပေးမယ်၊ ခင်ဗျားတို့ဘယ်လိုသဘောရသလဲ"ဟူသော အဓိပ္ပါယ်ရှိသည့် အင်္ဂလိပ်အမျိုးသားစကားဖြင့် မိန့်ခွန်းချွေလေတော့သည်။

မျက်နှာဖြူ ဗိုလ်မှူးဖိုစ်ဗိုလ်ချုပ်၏စကားလုံးများသည် တစ်လုံးပြီးတစ်လုံး ကျနော်၏အသဲကို အောင့်နင့်သည်ထက် အောင့်နစ်လာစေသည်။ မျက်နှာဖြူများသည် မျက်နှာမဲများကို အထင်သေးသည်ဟုလည်း ကျနော်ထင်လာသည်။ အမျိုးသားလွတ်လပ်ရေးအတွက် အသေခံနေသော ငါတို့အား ရာထူးဖြင့် ဖျားယောင်းခြင်းသည် ငါတို့အား စော်ကားသည်ဟုလည်း ကျနော်ယူဆလာသည်။ ယင်းကြောင့် ဗိုလ်မှူးဖိုစ် ဗိုလ်ချုပ်ပြောပြီးလျှင် ပြီးချင်း မာယာမကြွယ်သော ကျနော်၏ပါးစပ်သည် "တီဟာရံယော်တာ"ကြေညာချက်များအတိုင်း ဖက်ဆစ်စစ်တပ်များကို တိုက်ဖျက်တဲ့လူမျိုးနဲ့ တိုင်းပြည်များကို လွတ်လပ်ရေးထိ ပေးမယ်ဆိုလို့ ကျနော်တို့ ယခုတိုက်နေတာ၊ ကျနော်တို့ကို ငွေကြေးလစာ ရာထူးပေးနေစရာမလိုပါ။ ဖက်ဆစ်ဂျပန်တိုက်ရန်လက်နက်သာပေးပါ"ဟုပြောခါ ကျနော်လက်နက်တောင်လေသည်။ ထို့ပြင်ကျနော်သည် ကျနော်၏လည်ပင်းတွင် အမြဲဆွဲထားသော ရတနာလည်ဆွဲကိုလည်း ထုတ်ယူလိုက်တော့၏။ ကျနော်သွားလာနေစဉ်တွင်သာမက၊ ကျနော်အိပ်နေစဉ်ပင် ကျနော်နှင့်အမြဲရှိသော ရတနာသုံးမျိုးရှိသည်။ ယင်းရတနာသုံးမျိုးမှာ ကျနော်၏သေနတ်၊ ကျနော်၏လည်ဆွဲတံဆိပ်နှင့် သံဖြူကြုတ်ငယ်ထဲ ထည့်ထားသော သုံးစက္ကန့်တွင် သေနိုင်သည့် အဆိပ်ဆေးလုံးပင်ဖြစ်၏။

ကျနော်၏လည်ပင်းမှ ဆွဲထုတ်လိုက်သော မြန်မာပြည်မြေပုံကို အလယ်မှထားပြီး အပေါ်မှ (Burma Patriotic Front) "မြန်မာမျိုးချစ်တပ်ဦး" ဟု ရေးသားထားသည့် လည်ဆွဲတံဆိပ်ကို ခုံပေါ်တင်သည်။ ဤလည်ဆွဲတံဆိပ်သည် မဟာမိတ်တပ်များက ဖက်ဆစ်တော်လှန်ရေးတပ်များကို အသိအမှတ်ပြုရန်ပေးထားသော လည်ဆွဲတံဆိပ်ဖြစ်ပါတယ်။ ကျနော်တာဝန်ပေးချက်အရ ဖက်ဆစ်ဂျပန်ကိုတော်လှန်ရေးရာ ပြုလုပ်ရန် လှထွန်းကျော် တာဝန်ယူသွားပါတယ်။ လှထွန်းကျော်ကို မဟာမိတ်တို့ ဘမ်းထားတယ်ဟု သိရပါတယ်။ လှထွန်းကျော်ကို ကျနော်နဲ့ တွေ့ခွင့်ပေးပါ။ လှထွန်းကျော်ကိုလွှတ်ပါ"ဟု ကျနော်ရှည်ရှည်လျားလျား တင်ပြတောင်းဆိုလိုက်သည်။

ကျနော်၏စကားများကြောင့် အောင့်သက်သက်ဖြစ်သွားသော ဗိုလ်မှူးဖိုစ်ဗိုလ်ချုပ်သည် လိမ္မာပါးနပ်သော မျက်နှာဖြူ၏ဟန်မပျက်ဘဲ "လှထွန်းကျော်ကို ဘမ်းထားတာမှန်ရင် တွေ့ခွင့်ပေးမယ်၊ လှထွန်းကျော်ကို လွှတ်မယ်၊ ခင်ဗျားတို့အား လက်နက်များ ပေးရေး မပေးရေးကို သူ့အရာရှိများနဲ့ ဆွေးနွေးမယ်"ဟု ကျနော့်အား ကတိပေးသည်။ ဗိုလ်မှူးဖိုစ်ဗိုလ်ချုပ်နှင့် ဆွေးနွေးပွဲပြီးစီးခဲ့ပြီ၊ စစ်တွေမြို့တွင်းသို့ ကျနော်တို့အား သွားလာခွင့်ပြုထားသည်။ မဟာမိတ်တပ်များ၏ဗုံးဒဏ်ကြောင့် အဆောက်အဦးများ ၉၀-ရာခိုင်နှုန်းကျော်ပျက်စီးခဲ့သော စစ်တွေမြို့သည် ကျနော်တို့အား ဝမ်းနည်းကြေကွဲစွာ ကြိုဆို၏။ စစ်တွေမြို့ထဲရှိ လက်ကျန် အဆောက်အဦးများတွင်လည်း မျက်နှာဖြူ မျက်နှာမဲ နိုင်ငံခြားစစ်သားများ၊ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ရှိ ရွက်ထည်တဲမျိုးစုံတွင်လည်း စစ်သားများ စသည်ဖြင့် နေရာတကာတွင် စစ်သားများ ပြည့်လျှံလျှက်ရှိသည်။ ဗိုလ်မှူးဖိုစ်ဗိုလ်ချုပ်ထံမှ ရထားသောစကားကြောင့် စစ်တွေမြို့တွင် ကျနော်တို့ စောင့်ဆိုင်းရင်း သွားလာနေထိုင်ကြသည်။

## မိုက်ရူးရဲ လှထွန်းကျော်

လူကြီးများ၊ လူလိမ္မာများ၊ လူနတ်ချမ်းသာ၊ နိုင်ငံရေးသမားကြီးတို့ ထိုစဉ်က ကျနော့်အား "မိုက်ရူးရဲကောင်လေး"ဟူ၍လည်းကောင်း၊ ကျနော်၏ရင်တွင်းနှင့်မနောစိတ်တွင် တဟုန်းဟုန်းတောက်လောင်နေသောဇာတိသွေး၊ ဇာတိမာန်ကို တန်ဘိုးထားရမှန်း မသိသူ၊ နိုင်ငံရေး ခေါင်းဆောင်ကြီးများကလည်း ထောင်ကျစရာ၊ နစ်နာစရာ၊ သေစရာရှိလျှင်၊ ခိုင်းသမျှလုပ်ကိုင်ဆောင်ရွက်ပေးသဖြင့် "မျက်ကန်းမျိုးချစ်ကောင်လေး"ဟူ၍လည်းကောင်း၊ ကျနော်၏နောက်ကွယ်တွင် ကျနော့်အား သူတို့အမျိုးမျိုး နာမည်ပေးကြသည်။ လူလိမ္မာ၊ နိုင်ငံရေးသမားကြီးများက ကျနော့်အား အပေါ်ယံပေါင်းသင်း ဆက်ဆံသကဲ့သို့ ကျနော်လည်း ယင်းလူလိမ္မာကြီးများကို နှိုက်နှိုက်ချွတ်ချွတ်ဆက်ဆံလေ့မရှိပေ။ ကျနော် နှိုက်နှိုက်ချွတ်ချွတ်ဖြင့် အသဲရောအူရောပါ ကျနော်ဆက်ဆံသူများသည် ကျနော်နှင့် စိတ်တူကိုယ်တူ ဘဝတူများသာ ဖြစ်သည်။ ထိုသို့ ကျနော်နှိုက်နှိုက်ချွတ်ချွတ်ဆက်ဆံနေသူများထဲတွင် လှထွန်းကျော်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ လှထွန်းကျော်သည် စစ်တွေမြို့ ရွာပေါင်းရပ်သားတစ်ဦးဖြစ်သည်။ ကျနော်၏ငယ်သူငယ်ချင်းတစ်ဦးဖြစ်သည်။ သူသည်ရဲရင့်၍ ရိုးသားတည့်မတ်သူဖြစ်သည်။ မဟုတ်မခံတဇွတ်ထိုးလုပ်တတ်သူ ဖြစ်သည်။ ဗိုလ်ရန်အောင်တပ်တွင် စစ်ပညာကို တတ်ကျွမ်းစွာသင်ခဲ့ပြီး သေနတ်ပစ်လက်ဖြောင့်၍ ရဲရင့်သော လှထွန်းကျော်ကို ဂျပန်တစ်ဦးစ နှစ်ဦးစ အလစ်စီးရေး၊ ရှေ့တန်းစစ်နယ်မြေ ထောက်လှမ်းရေးနှင့် လက်နက်ရရေးတို့အတွက် ကျနော်တာဝန်ပေးလိုက်သည့်အတိုင်း ဆောင်ရွက်ရင်း လှထွန်းကျော် ယခု အဘမ်းခံနေရပြီ။

ဗိုလ်ဖိုစ်ဗိုလ်ချုပ်နှင့်တွေ့ပြီး နောက်တစ်ရက်တွင် လှထွန်းကျော်အား ကျနော်တွေ့ခွင့်ရပါသည်။ ကျနော်တို့နှစ်ဦး မျက်နှာချင်းဆိုင်မိလျှင်ပင် တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ဝမ်းနည်းဝမ်းသာဖြစ်သွားသောနှလုံးသားကို မတားဆီးနိုင်သဖြင့် နှစ်ဦးစလုံးမျက်စိထဲမှ မျက်ရည်များ ခုန်ထွက်သွားကြသည်။ ကိုလှထွန်းကျော်၏လုပ်ဆောင်ခဲ့ချက်များကို ကိုလှထွန်းကျော် ပြောပြသည်။ သူယူခဲ့သောတာဝန်အတိုင်း၊ စစ်တွေမြို့နယ် မြောက်ပိုင်းကျေးရွာတစ်ရွာသို့ သူရောက်သွားသည်။ ယင်းကျေးရွာတွင် ကိုကျော်သာ (ယခု စစ်တွေ မြန်မာ့ရေနံကော်ပိုရေးရှင်း ရုံးအုပ်) တို့နှင့်တွေ့သည်။ စစ်တွေမှဆုတ်လာသော ဂျပန်ကင်ပေတိုင်များ အပါအဝင်၊ အသေခံဖက်ဆစ်ဂျပန် ၃၀၀-ခန့်ကို သူတို့ရဲဘော်တစ်စု လမ်းဖြတ်တိုက်ပွဲဆင်ကြသည်။ အင်အားကြီးသော ဖက်ဆစ်ဂျပန်များကို အပြီးပိုင် မနှိမ်နင်းနိုင်၍ ဖက်ဆစ်ဂျပန်သတင်းပို့ရေးနှင့် အကူအညီရရေးအတွက် စစ်တွေမြို့ သိမ်းစပြုသည့် မဟာမိတ်တို့ထံ ကိုကျော်သာနှင့်အတူလာကြရာ စစ်တွေမြို့တွင် ချုပ်ထားသည်ဖြစ်ကြောင်းကို ကိုလှထွန်းကျော်က ကျနော့်အား ရှင်းလင်းတင်ပြသည်။ သူ့အားချက်ချင်းလွှတ်ရန် ဗိုလ်ဖိုစ်ဗိုလ်ချုပ်ထံ ကျနော်အရေးဆိုထားခြင်း၊ ကျနော်တို့ ပေါက်တောမြို့သိမ်းထားခြင်း စသည်တို့ကို ကျနော်ပြောပြခါ၊ သူ့အား ကျနော် အားပေးနှစ်သိမ့်လေ၏။ သူ့အား ကျနော်တွေ့ရသောနေရာမှာ ကျနော်တို့တည်းခိုနေသောအိမ်နှင့် ကိုက် ၁၀၀ခန့်မျှသာဝေးမည့်နေရာဖြစ်သည်။ စက်ရှင်တရားသူကြီး ဦးသာဇံဦးတိုက်နောက်ရှိ ဖက်ဆစ်ဂျပန်စစ်ပုလိပ် ကင်ပေတိုင်များ တည်ဆောက်ခဲ့သော ဂျပန်ခေတ်နာမည်ဆိုး အချုပ်ခန်းတွင်ဖြစ်သည်။ လှထွန်းကျော်ထံ ရနိုင်သော စားစရာများယူပြီး ကျနော်အနည်းဆုံး တစ်နေ့နှစ်ကြိမ်ကျ သွားတွေ့သည်။ ပင်ကိုယ်သတ္တိရှိလှသော လှထွန်းကျော်ကား မဟာမိတ်အချုပ်သားဘဝဖြင့် နေရသော်လည်း တဆံချည်မျှမတုန်မလှုပ် လွတ်လပ်ရေးကို အလကားအဘယ်မှာ ရနိုင်မည်နည်း။

## လိပ်ကျောက်စခန်းသို့ ချီလေပြီ

ဗိုလ်ဖိုစ်ဗိုလ်ချုပ်၏အဖြေကိုစောင့်ရင်း စစ်တွေမြို့တွင် ကျနော်တို့ ၃ရက်ခန့်နေထိုင်ခဲ့ကြသည်။ ဤသို့နေစဉ်ကင်းထောက်ရန်လော၊ ဗုံးကြဲရန်လော၊ အဘယ်ကြောင့်လာသည်ကို မပြောနိုင်သော ဂျပန်စစ်လေယာဉ်တစ်စုသည် စစ်တွေမြို့ဘက်သို့လာခဲ့ရာ ကုလားတန်မြစ်ထဲရှိ သင်္ဘောများမှ အမြောက်နှင့်ပစ်ခတ်သဖြင့် ကုလားတန်မြစ်ကို မဖြတ်ရဲဘဲ ပြန်ပြေးသွားကြ၏။ ကြေးစားစစ်ဗိုလ်၊ ကြေးစားစစ်သားမလုပ်လိုဆိုသော ကျနော်၏စကားကို မုန်းတီးရွံရှာသွား၍လား၊ သို့မဟုတ် သည်ကောင်လေးတွေ လူပါးဝသည်ဟုထင်၍လား မပြောတတ်၊ ဗိုလ်ဖိုစ်မှအရာရှိများသည် ကျနော်တို့အား ကျည်ဆံအနည်းငယ်နှင့် အမဲသားစည်၊ စည်းကရက်ဘူး၊ ထောပတ်စသော စားစရာအတော်အသင့်မျှသာ ပေးသည်။ ကျနော်တို့အား လေထီးဖြင့်လက်နက်ချပေးရေးအတွက် ကာလကတ္တားစစ်ဌာနချုပ်သို့ သူတို့ထောက်ခံပေးမည်ဆိုသောစကားလုံးများဖြင့် ကျနော်တို့အား ဖျားရည်ဖြင့် ဝမ်းချလေတော့၏။ မည်သို့ပင်ဖြစ်စေ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးသည် အမျိုးသားလွတ်လပ်ရေးကို အထောက်အကူပြုဖြစ်စေရမည်ဟု ယုံကြည်စိတ်ထားသော ကျနော့်အဘို့ကား တလက်မမျှ စိတ်မပျက်၊ မည်သို့ အခြေဆိုးနှင့် ရင်ဆိုင်ရရ လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်များကို တိုက်ရမည်မဟုတ်ပါလော။

အမ်ဂျီဘီ စစ်သင်္ဘောဖြင့် ပေါက်တောမြို့သို့ ကျနော်တို့ ပြန်ရောက်ရပြီ။ ရွှေတန်းစစ်မျက်နှာမှပို့၍ ရွှေတန်းကျသော စစ်မျက်နှာဖြစ်သည့် လိပ်ကျောက်စခန်းသို့ ရာပေါင်းထောင်ပေါင်းများစွာ ရှိသေးသော ဖက်ဆစ်ဂျပန်စစ်သားများ အနံ့မရအောင် ပြည်သူလူထုအကူအညီဖြင့် ကျနော်တို့ ရောက်ခဲ့ကြ၏။ လိပ်ကျောက်ရွာ၏ တောင်ဘက် ၂-မိုင်၊ ၃-မိုင်ခန့်တွင် မြေပုံမြို့နယ် ပဲကောက်ရွာရှိသည်။ ပဲကောက်ရွာ၏မြောက်ဘက် ပဲကောက်တောင်တန်းတစ်လျှောက်တွင် ထောင်ပေါင်းများစွာသော ဂျပန်များသည် ကြီးကျယ်ခန့်ငြားသော ကတုတ်များ၊ ကျင်းများဖြင့် အခိုင်အမာ တပ်စွဲထားသည်။ စစ်သင်္ဘောများကို ပစ်ခတ်မည့် အမြောက်ကြီးများလည်း ရှိသည်။ လိပ်ကျောက်ရွာ၏အရှေ့ဘက် ၄-ဖာလုံခန့်ကျယ်မည့် မြစ်တစ်ဘက်ကမ်းမှ သွားလျှင် တသွေးတသံတမိန့်ဖြင့် အုပ်ချုပ်သော ဒေါက်တာဘမော်အစိုးရ၏ မင်းပြားမြို့နယ် ရုံးချထားသော ကျောက်ခုတ်ရွာရှိသည်။ ပဲကောက်ရွာနှင့် ကျောက်ခုတ်ရွာတို့မှာ ရာပေါင်းများစွာ ဂျပန်စစ်သားများ သွားလာနေသောနေရာများဖြစ်သည်။ သို့နှင့်လိပ်ကျောက်ရွာသည် ရာပေါင်းများစွာသော ဂျပန်စစ်သားများ၏ခြေမှုန်းပစ်ခြင်းကို အချိန်မရွေးခံရမည့်နေရာဖြစ်သည်။ သို့ဖြစ်၍ ဖက်ဆစ်ဂျပန်များ၏ ချေမှုန်းသုတ်သင်ပစ်ခြင်းကို ရှောင်ကွင်းနိုင်စေရေးနှင့် လျှို့ဝှက်စခန်း ပြုနိုင်စေရေးတို့အတွက် လိပ်ကျောက်ရွာနှင့်တကွ အနီးအနားကျေးရွာများကို ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးအတွက် ခိုင်မာကျစ်လစ်အောင် စည်းရုံးယူသည်။ အနီးအနားတွင် တိုက်ပွဲများမဖြစ်အောင် ကျနော်တို့ ဆောင်ရွက်ကြသည်။ ဖက်ဆစ်ဂျပန်များကို အော့နှလုံးနာနေသော ရွာသူရွာသားများသည် ကျနော်တို့ စည်းရုံးထားသည့်အတိုင်း ကျနော်တို့သတင်းကို ဖက်ဆစ်

ဂျပန်ထံမပို့၊ ဖက်ဆစ်ဂျပန်၏ စစ်ရေးလှုပ်ရှားမှုများ၊ ဖက်ဆစ်ဂျပန်များ၏ တပ်စွဲထားရာနေရာများကို အတောမသတ် သတင်းလာပေးကြသည်။ ကျနော်တို့ကလည်း ငွေကြေးတစ်ပြားမျှမပေးနိုင်၊ သူတို့လည်း ငွေကြေးတစ်ပြားမျှ မယူဘဲ မိမိတို့အသိဉာဏ်ဖြင့် ကျနော်တို့အား ဝိုင်းဝန်းကူညီကြသည်။

၁၉၄၅-ခု ဇန္နဝါရီလ တတိယပတ်လောက်တွင် ရောမဝမ်းမြောက်ဘွယ်ရာများကို ကျနော်တွေ့ရသည်။ နံပါတ်တစ်ဝမ်းမြောက်ဘွယ်ရာအချက်မှာ ကိုကြာလှအောင် ခေါင်းဆောင်သော ကြံ့ပျောက်ကြားတပ်များကို မြို့ဟောင်းမြို့နယ် စက်သားရွာတွင် လေထီးဖြင့် လက်နက်ချပေးသည်။ မဟာမိတ်ထုတ် ဂျပန်ငွေစက္ကူတုများနှင့် ဗြိတိသျှအိန္ဒိယငွေစက္ကူများ ချပေးသည်။ လေထီးချလက်နက်များဖြင့် မြို့ဟောင်းမြို့နယ်၊ ကျောက်တော်မြို့နယ်များတွင် နေရာအနှံ့အပြား ကြံ့ပျောက်ကြားများ ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်လျက်ရှိပြီဆိုသော ဦးပညာသီဟ၏စာဖြစ်သည်။ ဒုတိယဝမ်းမြောက်ဘွယ်ရာအချက်မှာ ကုလားမတောင်ရွာအနီးရှိ တောထဲတွင် ဂျပန်စစ်သားများ ဝိုင်းထားသော တဲငယ်ထဲမှလွတ်မြောက်လာသော ဆရာတော်ဦးစိန္တာက သူယခုလုံခြုံရေးစခန်းတွင် ရှိနေရာ လုပ်ငန်းစဉ်မည်သို့ဖြစ်သည်ကို စာပေးလာသော သူ့တပည့်ဖြင့် အကြောင်းပြန်နိုင်ကြောင်းနှင့် သူနှင့်ဆက်သွယ်နိုင်ကြောင်း စာဖြစ်သည်။ တတိယဝမ်းမြောက်ဘွယ်ရာမှာ တော်လှန်ရေးတပ်ဦး ကျေညာစာတမ်းပင်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ကျနော်စည်းရုံးထားသူများကိုလည်း ကျနော်လက်လှမ်းမှီသမျှ ခေါ်ယူသည်။ အသစ်အသစ်ရဲဘော်များလည်း မိမိဆန္ဒအလျောက် ဝင်လာကြသည်။ ယင်းကြောင့် ဖက်ဆစ်ဂျပန်ကို စတိုက်စဉ်က တစ်ရာခန့်ပင်မရှိသော ကျနော်တို့လူစုသည် ရာပေါင်းအနည်းငယ်ရှိသော ကျနော်တို့လူစုဖြစ်လာသည်။ ဝင်လာသောရဲဘော်များကို လိပ်ကျောက်ရွာအနီးတွင် နေ့စဉ်အချိန်မှန်မှန် စစ်ပညာပေးခြင်းနှင့် နိုင်ငံရေးပညာပေးခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးကြရသည်။ ယင်းကြောင့် ကျနော်တို့ ငွေကြေးပြတ်သွားရာ မြက်ပင်နှင့်အတူ ရောနှောပေါက်နေသောForce) ခေါ် အလွန်ခါးသည့်ဂန့်ဂါးဟင်းကို နေ့စဉ်ရေလဲအမျိုးမျိုးနှင့် စားနေရ၏။ ကိုမောင်ဦးကျော် (ယခု နကရဖ ဒုမန်နေဂျာ) ကိုခေါင်းဆောင်စေပြီး တပ်သားအနည်းငယ်ဖြင့် ဦးပညာသီဟထံ ငွေကြေးတောင်းခံရန်နှင့် တော်လှန်ရေးတပ်ဦး ကျေညာချက်စာတမ်းပါအချက်အလက်များကို ဆောင်ရွက်သွားရန် သဘောတူခြင်းတို့ကို ကျနော်စာရေးပြီး စေလွှတ်လိုက်ရသည်။ ဦးစိန္တာထံမှ စေလွှတ်လိုက်သော ဦးစိန္တာတပည့်ကိုမေးရာ ဦးစိန္တာအတွက် မကြောင့်ကြရသော လုံခြုံရေးစခန်းငယ်တစ်ခုတွင်ရှိသည်။ ဆက်သွယ်မည့်ကျေးရွာနှင့် လူအမည်ကို ကျနော့အား ပေးသည်။ ယင်းကြောင့် ဦးစိန္တာထံသို့ ဖက်ဆစ်ဂျပန်တပ်များ အနှံ့အပြားသွားလာနေဆဲဖြစ်၍ ယခု လုံခြုံရေးစခန်းတွင်ပင် ဆက်လက်နေထိုင်ရေး၊ တော်လှန်ရေးတပ်ဦး ကြေငြာစာတမ်းပါသဘောတရားများ၊ ကြာအင်းတောင်တိုက်နယ်တစ်ဝှမ်းရှိ ဖက်ဆစ်ဂျပန်စစ်ရေးစစ်ရာကိစ္စများကိုထောက်လှမ်းရေးအတွက် သွားလာနိုင်သော သူ့တပည့်တချို့ကို စေလွှတ်ရေးစသည့်ကိစ္စများကို ရေးပြီး၊ ကျနော် ဦးစိန္တာထံ စာပြန်လိုက်သည်။ တော်လှန်ရေးတပ်ဦး ကျေညာစာတမ်းမှာ ကျနော်တို့ကေဒါများ ဝေဖန်သုံးသပ်စရာ လက်ငင်းနိုင်ငံရေး အခြေခံတရားတစ်ခုဖြစ်လာသည်။

## မဟာမိတ် ကာလိပ်ကျမှုများ ခံရခြင်း

ခဲမှန်ဘူးသော စာသူငယ်ဖြစ်နေသည့် ဖက်ဆစ်ဂျပန်များသည် တစ်နေရာမှတစ်နေရာသို့ လာလျှင်ဖြစ်စေ၊ ရိက္ခာလုရာတွင် ဖြစ်စေ၊ ယခင်ကလို အနည်းငယ်မျှသော တပ်ဖြင့်မသွားကြတော့ပြီ၊ သုံးရာခန့်မှ ငါးရာခန့်ထိပါသော တပ်ဖြင့်သာ သွားလာလှုပ်ရှားကြသည်။ သတိလစ်မခံဘဲ၊ သုံးရာအုပ်စု ငါးရာအုပ်စုဖြင့် သွားလာလှုပ်ရှားနေသော ဖက်ဆစ်ဂျပန်များကို ကျနော်တို့အသက်ပေးတိုက်လိုသော်လည်း လက်နက်အင်အား လူအင်အားချင်းမမျှဖြစ်နေသည်။ ကြံ့ပျောက်ကြားတပ်များကို လေထီးဖြင့် လက်နက်များနှင့်ငွေများချပေးခြင်းကို အတိအကျသိရပြီဖြစ်ရာ၊ ကျနော်တို့အားလည်း စတင်းဂန်း ၅၀ အပါအဝင် လက်နက်မျိုးစုံ ၅၀၀-ခန့် ချပေးရန် ကာလကတ္တားစစ်ဌာနချုပ်သို့ ဝါယာလက်ကြေးနန်းပို့ကြတော့၏။ တစ်နေ့လျှင် နှစ်ကြိမ်မှန်မှန် ဆက်သွယ်မှုရထားသော ကာလကတ္တားစစ်ဌာနချုပ်မှ နှစ်ရက်ခန့်တိုင်၊ ကျနော်တို့တောင်းဆိုထားသော လက်နက် ၅၀၀-ကိစ္စကို ဘာတစ်ခုမျှ အကြောင်းမပြန်၊ ကျနော်တို့ လက်နက် ၅၀၀ တောင်းသော သုံးရက်မြောက်နေ့တွင်သာလျှင် လက်နက်များကို စန္ဒလဆန်း ၅ရက်လထွက်ချိန်တွင် လေထီးဖြင့်ချပေးမည်။ လိုအပ်သလို အစီအစဉ်များပြုလုပ်ကြရန် ညွှန်ကြားလွှာ ဝါယာလက်ကြေးနန်းစာကို ရရှိ၏။ ဖက်ဆစ်ဂျပန်များကို မှန့်မှန့်ညက်ကြေ၊ တိုက်ဖျက်သုတ်သင်လိုသော ကျနော်တို့လူစု ပျော်မဆုံး မော်မဆုံးဖြစ်သွားကြသည်။

ဆရာတော်ဦးပညာသီဟထံ ကျနော်လွှတ်လိုက်သော ကိုမောင်ဦးကျော်တို့သည် မဟာမိတ်ထုတ်လုပ်သော ဂျပန် စက္ကူတု ငါးထောင်နှင့် စတင်းဂန်းတစ်ချို့ဖြင့် ရက်သတ္တပတ် အပြည့်မှီ ပြန်ရောက်လာသည်။ သူတို့ထံမှ ဖက်ဆစ်ဂျပန်တပ်များ နှင့် ကြူပျောက်ကြားတပ်များ တိုက်ပွဲများ အောင်မြင်မှုများသတင်းတို့ကိုလည်း အားတက်ဘွယ်ရာ ကြားသိရသည်။

လေထီးဖြင့် ချပေးမည့်လက်နက်ကိစ္စကို အသေးအမွှားမှစပြီးကျနော်တို့ အစီအစဉ်ပြုကြသည်။ လိပ်ကျောက်ရွာ အနောက်ဘက်၊ တမိုင်ခန့်မျှဝေးကွာသော လယ်ကွင်းကြီးကို လေထီးကျမည့်နေရာအဖြစ် ရွေးချယ်သည်။ တီ(T) ပုံသဏ္ဍာန် မီးပုံကြီးဖြင့် အချက်ပြပြီးပြုရန်လည်း ဆုံးဖြတ်ကြသည်။ လိုလေသမျှကို ကျနော်တို့ ပြင်ဆင်ထားပြီးပြီ၊ ကျနော်တို့ပြင်ဆင်ချက် များ အသေးစိပ်အကြောင်းအရာများကို ကာလကတ္တားစစ်ဌာနချုပ်သို့ ပေးပို့သည်။ ကာလကတ္တားစစ်ဌာနချုပ်ကလည်း ကျနော် တို့ တင်ပြချက်အားလုံးကပို သဘောတူသည်။ စန္ဒာလဆန်း ၅-ရက်နေ့သို့ ရောက်ရန် ရက်သတ္တနှစ်ပတ်ခန့်လိုသေးသည်။ ကျနော်တို့မှာ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရင်း၊ ပျော်ရွှင်သောနှလုံးသားဖြင့် လေထီးဖြင့် လက်နက်များ ချပေးမည့်ရက်ကို ကျနော်တို့ စောင့်ကြိုနေကြသည်။

လေထီးဖြင့် ချမည့်လက်နက်များကို စောင့်ရင်း ဒေါက်တာဘမော်အစိုးရ၏ မင်းပြားမြို့နယ်ရုံးတည်ရာ၊ ကျောက်ခုတ် ရွာကို ဖက်ဆစ်ဂျပန်စစ်သားများ အလစ်တွင် ကျနော်တို့ ဝင်စီးကြသည်။ ဒေါက်တာဘမော်အစိုးရ၏ပုလိပ်များ၊ တစ်စုံတစ်ရာ မျှ ခုခံခြင်းမပြုကြ၊ လက်နက်များ၊ ကျည်ဆံများကိုသာ ကျနော်တို့သိမ်းယူပြီး ချွင်းချက်မရှိဘဲ၊ ပုလိပ်များအားလုံးကို ကျနော်တို့ လွှတ်ငြိမ်းခွင့်ပြုလိုက်သည်။ ပြည်သူလူထုကို ကိုယ်စားပြုသော ပြည်သူ့ကောင်စီဖြင့် ကျေးရွာများကို အုပ်ချုပ်စေလေသည်။ ကျနော်တို့ ဩဇာလွှမ်းမိုးသော နေရာဟူသမျှတွင် ဖက်ဆစ်ဂျပန်သူကြီးများကို ဖြုတ်ပစ်သည်။ ရွာသူကြီးအစား ကျေးရွာဥက္ကဋ္ဌ ဖြင့် ပြည်သူ့ကော်မီတီများ ဖွဲ့စည်းထူထောင်ပေးသည်။

ဖက်ဆစ်ဂျပန်၏ရှေ့တန်းစစ်မျက်နှာများကို ရိက္ခာထောက်ရာတွင် ရိက္ခာမှူးကြီးလည်းဖြစ်ပြီး ပြည်သူလူထုက ဖိတ်ဖိတ် တုန်ကြောက်နေရသူတစ်ဦးမှာ ဗိုလ်ကြီးအောင်လှခိုင်ဖြစ်သည်။ သူသည် သူဆင့်ဆိုသော ရိက္ခာများအတိုင်း မပို့နိုင် သော ကျေးရွာလူထုကို ဂျပန်ဖက်ဆစ်နည်းအတိုင်း သူနှင့်သူလက်ပါးစေအစုက ညှင်းဆဲသတ်ဖြတ်နိုင်သော အာဏာရှိသူ တစ်ဦးလည်းဖြစ်သည်။ သိန်းကြွယ်ချမ်းသာနေသော ဧရာမခေတ်ပျက် သူဋ္ဌေးတစ်ဦးလည်းဖြစ်သည်။ ကျောက်ခုတ်ရွာရှိ ဒေါက်တာဘမော်အစိုးရရုံးတည်ရာကို ကျနော်တို့ သိမ်းပိုက်လိုက်ခြင်း သတင်းမရခဲ့သော ဗိုလ်ကြီးကျောက်ခုတ်သို့ ရောက်လာရာ ကျနော်တပ်မှဘမ်းပြီး၊ ခြောက်လုံးပြူးသေနတ်၊ ဂျပန်ဓားရှည်နှင့်တကွ၊ သူ့ကို လိပ်ကျောက်ရစခန်းရှိ ကျနော့ ထံပို့လိုက်သည်။ ဗိုလ်ကြီးနှင့်အတူ သူ၏ညားခါစ ဇနီးချော မခိုင်ကျော့လည်း ပါလာသည်။ မခိုင်ကျော့၏ခန္ဓာကိုယ်တွင် တစ်ထွာမျှရှိမည့် ရွှေလက်ကောက်များ၊ ရွှေလည်ဆွဲများဖြင့် ဆင်ယင်ထားသည်။ ဗိုလ်ကြီးကို ကျနော်တို့ စစ်ဆေးမေးမြန်းကြ သည်။ အဓိကစစ်ဆေးချက် ၂ချက်မှာ သူနှင့်သူ့လက်ပါးစေများ၏ လက်နက်များ ဘယ်မှာလဲဟူသော အချက်တစ်ချက်နှင့် ဖက်ဆစ်ဂျပန်များ၏ အခိုင်အမာတပ်စွဲထားသော နေရာဘယ်မှာလဲဟူသောအချက် ဖြစ်သည်။ ဗိုလ်ကြီးက ဖက်ဆစ်ဂျပန်များ အခိုင်အမာတပ်စွဲထားသောနေရာများကို ပြောပြသည်။ သူ၏လက်နက်မနည်းများမှာ သူ၏မိဘကျေးရွာဖြစ်သော ငှက်ကြီးကျွန်း ကျေးရွာတွင် ရှိသည်ဟုဆိုသည်။

မခိုင်ကျော့ထံသို့ ကျေးရွာလူကြီးများ၊ ကျေးရွာအမျိုးသမီးခေါင်းဆောင်များနှင့်အတူ၊ ကိုကျော်ဇောနှင့် ကျနော်သွားကြ သည်။ ဗိုလ်ကြီးအောင်လှခိုင်အား မလွှဲသာ၍ ဘမ်းထားခြင်းဖြစ်ကြောင်းကို ကျနော်ရှင်းပြသည်။ သူမကို ယခု အမျိုးသမီး ဥက္ကဋ္ဌအိမ်တွင် ခေတ္တထားရမည်ဖြစ်ရာ၊ သူမ၏လက်ဝတ်လက်စား ရွှေထည်ပစ္စည်းများကို မပျောက်ရအောင် ပြုထားရန် ကျနော်တို့တာဝန်ရှိ၍ စာရင်းအင်းနှင့် သိမ်းထားမည်ဖြစ်ကြောင်း သူမကိုလာခေါ်ရန် ဘယ်သူ့ကိုခေါ်လိုသလဲဟုမေးရာ ကိုကျော်လှညို (ယခု စစ်တွေမြို့၊ အိုးတန်းရပ်နေ၊ စစ်တွေမြို့၏ ထိပ်သီးသူဋ္ဌေးတစ်ဦးဖြစ်သော ကွယ်လွန်သူ ဦးကျော်လှညို) ကိုခေါ်ပေးရန် သူမပြောသည်။ ရွှေထည်ပစ္စည်းများကို စာရင်းအင်းပြုပြီး ကောင်းစွာသိမ်းဆည်းထားရန် ကိုကျော်ဇောကို ကျနော်တာဝန်ပေးချက်အရ ကိုကျော်ဇောသည် ယင်းအိမ်တွင် ရှိနေသည့် ကျေးရွာလူကြီးများနှင့် အမျိုးသမီးဥက္ကဋ္ဌ၏ ရှေ့မှောက်တွင်ပင် စာရင်းအင်းပြုပြီး ရွှေထည်ပစ္စည်းများကို လက်ခံသွားသည်။ ကျနော်လည်း တစ်ချက်လွှတ် စစ်အမိန့်ထုတ် လိုက်သည်။ မခင်ကျော့တည်းခိုနေသော အိမ်ခြံဝင်းသို့ နေ့မဆို၊ ညဥ့်မဆို၊ မည်သည့်အကြောင်းရှိသည်ဖြစ်စေ၊ ရဲဘော်များ၊ တပ်ဗိုလ်များနှင့်တကွ တစ်စုံတစ်ဦးမျှ မဝင်ရဟူသော တစ်ချက်လွှတ်စစ်မိန့်ကို ချက်ချင်းအာဏာတည်စေလိုက်ခြင်းဖြစ်သည်။ မခင်ကျော့တည်းခိုနေသော အိမ်ခြံဝင်းသို့ ကျနော်နှင့်တကွ၊ ရဲဘော်များလည်း မဝင်ကြ၊ ရွာသားများလည်း တစ်ဦးမျှ မဝင်ကြ၊ တော်လှန်ရေးအာဏာတည်လေစွ။

ဗိုလ်ကြီး၏ အစစ်ခံချက်အရ ဗိုလ်ကြီး၏လက်များကို ကြိုးနှင့်တုတ်ပြီး သူဝှက်ထားသော သေနတ်များကို ဖော်ထုတ်ယူရန် ကိုရွှေကျော်ဦးကို ခေါင်းဆောင်စေပြီး တပ်သားများနှင့် ငှက်ကြီးကျွန်းရွာသို့ သွားစေသည်။ နံနက်စာစားပြီး ကိုရွှေကျော်ဦး နှင့်တပ်သားများ ဗိုလ်ကြီးကို ကြိုးဖြင့်တုတ်ခါ ခေါ်ယူသွားကြသည်။ အလစ်ချောင်းနေသော အကြံသမား ဗိုလ်ကြီးသည် ငှက်ကြီးကျွန်းရွာအနီး အရောက်တွင် ကိုရွှေကျော်ဦးတို့ အငိုက်ကို ချက်ကောင်းယူခါ ထွက်ပြေးသည်။ ကိုရွှေကျော်ဦး စတင်းဂန်းသေနတ်ဖြင့် ထွက်ပြေးနေသော ဗိုလ်ကြီးကို သူကိုယ်တိုင်လည်း နောက်မှပြေးလိုက်ရင်း ပစ်ခတ်သည်။ ကျည်ဆံတစ်တောင့်မျှ ဗိုလ်ကြီးကို မထိ၊ ဗိုလ်ကြီးချောမောစွာ အောင်မြင်စွာ လွတ်မြောက်သွားလေပြီ။ ကျနော်တို့ တပ်သားများ ဗိုလ်ကြီးကို ငှက်ကြီးကျွန်းရွာတွင် အိမ်တိုင်းစေ့ မွှေနှောက်ရှာဖွေကြသည်။ ဗိုလ်ကြီး၏ အနံ့ကိုပင် မခံမိကြ။ ဗိုလ်ကြီး၏ ဇာတိချက်ကြွေ အရပ်တွင် ဗိုလ်ကြီးအား အဘယ်မှာ ရှာဖွေတွေ့အံ့နည်း။

ကျနော်ခေါ်ထားသော ကိုကျော်လှညိုရောက်လာသည်။ လိပ်ကျောက်ရကျေးရွာ လူကြီးများရှေ့တွင် မခင်ကျော့အား ကိုကျော်လှညိုလက်သို့ လွှဲအပ်သည်။ ရွှေထည်ပစ္စည်းအားလုံး မှန်သည် မမှန်သည်ကို မခင်ကျော့ကိုမေးမြန်းသည်။ မခင်ကျော့က ရွှေထည်ပစ္စည်း အမှန်အတိုင်းရှိသည်ဟုပြောသည်။ ယင်းကြောင့် ရွှေထည်ပစ္စည်းအားလုံးကို မခင်ကျော့ထံ လွှဲအပ်ပေးလိုက်သည်။ ဤရွှေထည်ပစ္စည်းများတစ်ချို့သည် ခေတ်ပျက်သူဌေးဗိုလ်ကြီး အောင်လှခိုင်ပိုင်ပစ္စည်းများဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဝါဝါလိုလို နီနီလိုလို အရောင်အဆင်းရှိသော ရွှေထက် ဝါဝါလိုလို နီနီလိုလို အရောင်အဆင်းရှိသော ကျည်ဆံကိုသာ အာသာငန်းငန်း တပ်မက်သော ကျနော်တို့အဘို့ ရွှေတရွှေးသားမျှပင် ယူငင်ထားလိုက်ခြင်းမပြုချေ။ ကိုကျော်လှညိုနှင့် မခင်ကျော့တို့မောင်နှမအား၊ လိပ်ကျောက်ရရွာမှ သူတို့သွားလိုရာ နေရာထိ၊ ကျနော်တို့ ချောမောစွာ ပို့ပေးလိုက်သည်။

ဗိုလ်ကြီးချောမောစွာ၊ အောင်မြင်စွာလွတ်သွားခြင်းသည် ကျနော်၏ထိပ် မီးလောင်သွားခြင်းပင်ဖြစ်သည်။ ကျနော်များစွာ ဘေးကြပ်နံကြပ်ဖြစ်သွားသည်။ ဗိုလ်ကြီးသည် ကျနော်တို့၏လိပ်ကျောက်ရစခန်းကို သိသွားသည်။ ရာပေါင်းများစွာသော ဖက်ဆစ်ဂျပန်တပ်သားများကို ခေါ်ယူလာပြီး ကျနော်တို့အား မှုန့်မှုန့်ညက်ညက်ကြေအောင် ဗိုလ်ကြီးပြုလုပ်နိုင်စွမ်းရှိသည်။ အခြားတစ်ဘက်ကလည်း ကာလကတ္တား မဟာမိတ်စစ်ဌာနချုပ်က လိပ်ကျောက်ရရွာအနီးတွင် လေထီးဖြင့်လက်နက်များချပေးရန် သဘောတူအတည်ပြုထားသည်။ ဗိုလ်ကြီးအောင်လှခိုင်နှင့် ဖက်ဆစ်ဂျပန်များ ဘေးရန်ကြောက်ပြီး လိပ်ကျောက်ရစခန်းမှ ကျနော်တို့ ရှောင်ကွင်းသွားခါ အခြားတစ်နေရာတွင် လေထီးဖြင့် လက်နက်များချရေးကို စီစဉ်လျှင် မဟာမိတ်စစ်ဌာနချုပ်က လုံခြုံရေးမရှိ၍ ဆိုင်းငံ့ထားရန် ပြုသွားမည်ကို ဖက်ဆစ်ဂျပန်ဘေးရန်ထက် ကျနော်တို့ ကြောက်ကြသည်။

ကျနော်တို့ခြသေ့်အောင်တပ်မှ ကျနော်ဆွေးနွေးနေကြဖြစ်သော ခေါင်းဆောင်စုကို ကျနော်ခေါ်ယူဆွေးနွေးသည်။ ကျနော်ကဲ့သို့ပင် လေထီးဖြင့်ချပေးမည့် လက်နက်များရရေးကို မထိခိုက်ချင်ကြ။ ယင်းကြောင့် လိပ်ကျောက်ရစခမ်းတွင် ဆက်လက်နေမည်။ ဗိုလ်ကြီးအောင်လှခိုင်နှင့် ဂျပန်စစ်သားများ၏ သွားလာလှုပ်ရှားမှု မှန်သမျှကို ကြိုတင်သတင်းရနိုင်အောင် စီစဉ်မည်စသော ဆုံးဖြတ်ချက်များချကာ၊ အစီအစဉ်များကို ဒလဟော အကောင်အထည်ဖော်လေတော့၏။ လိပ်ကျောက်ရရွာအနီး ပတ်ဝန်းကျင်ရွာများသို့လည်းကောင်း၊ မြစ်တစ်ဘက်ကမ်းရှိ ရွာများသို့လည်းကောင်း၊ ကျနော်နှင့် ကျနော်တို့ ခေါင်းဆောင်ပိုင်းများ လှည့်လည်သွားလာခါဟောပြောခြင်း၊ စည်းရုံးခြင်းများကို၊ အင်တိုက်အားတိုက် ပြုရလေတော့သည်။ အကယ်၍ လိပ်ကျောက်ရစခမ်းသို့ ဖက်ဆစ်ဂျပန်များ ချီတက်လာလျှင် မမျှော်လင့်သောနေရာများမှ ဖက်ဆစ်ဂျပန်များကို ခုခံတွန်းလှန်ရန်လည်း စီစဉ်ကြ၏။ လျှို့ဝှက်စွာ တပ်ပျောက်သွားသော ပျောက်ကြားစစ်ပရိယာယ်ကိုလည်း အသုံးပြုရန် စီစဉ်ကြ၏။ လှုံ့ဆော်ရေး စည်းရုံးရေးကိစ္စကြောင့် ၁၉၄၅-ခု၊ ဇန္နဝါရီလကုန်လောက်၊ နံနက် ၈-နာရီခန့်တွင် ကျနော်နှင့် တပ်သားတစ်စု လှေငယ်များဖြင့် ငှာလုံခန့်ကျယ်မည့်မြစ်ကို လိပ်ကျောက်ရတစ်ဖက်ကမ်းသို့ ကူးကြရသည်။ မြစ်အလယ်လောက်ရောက်လျှင် ထူထပ်သောဆီးနှင်းများ ကျလာသည်။ နှစ်ကိုက်သုံးကိုက်မျှသာ ဝေးကွာသောအဝေးကိုပင် မမြင်ရဖြစ်သွားသည်။ တဘက်ကမ်းသို့ လှေကပ်၍ ကမ်းပေါ်သို့ တက်လုဆဲဆဲတွင် မြောက်များစွာသော ဂျပန်စစ်သားများ အော်ကြီးဟစ်ကျယ်စကားများကို သွားရင်းပြောဆိုသံကြားရသည်။ ကျနော်တို့ လှေငယ်များနှင့်အတူ လိပ်ကျောက်ရရွာသို့ ပြန်ဆုတ်ခဲ့ရ၏။ လိပ်ကျောက်ရစခမ်းတွင် ခမောင်းရွာဘက်မှ ကျေးရွာဆက်သားနှစ်ယောက်ခန့်ရောက်၍ တွေ့သည်။ ခမောင်းတောရွာမှ ဖက်ဆစ်ဂျပန်စစ်သား ၅၀၀-ခန့်ဖြတ်သွားသည်ကို သတင်းပို့လာခြင်းဖြစ်သည်။ ဖက်ဆစ်ဂျပန်များ သိမ်းဆည်းမသွားရအောင် ဝှက်ထားသောလှေကို ဆွဲထုတ်ယူငင်နေခဲ့ရ၍ အချိန်အတော်ကြာခြင်းကိုလည်း သိရသည်။ လိပ်ကျောက်ရတစ်ဘက်ကမ်းတွင် ကျနော်တို့ ပက်ပင်းပါတိုးမိလုဆဲဆဲဖြစ်ခဲ့သော ဂျပန်စစ်တပ်သည် ၅၀၀မျှရှိသော ဂျပန်စစ်တပ်ဖြစ်၍ အကယ်၍မြစ်လယ်

တွင်ထူထပ်သော နှင်းသာမကျခဲ့လျှင် ကျနော်နှင့် ၁၅-ဦးခန့်ထက်မပိုသော ရဲဘော်များ၏အသက်သည် ဖက်ဆစ်ဂျပန်များ၏ အောက်တွင် ပျောက်ကွယ်ဆုံးရှုံးနိုင်စရာရှိသည်။

ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်မှ လေထီးဖြင့်ချပေးမည့်လက်နက်များရလျှင် ငါတို့ရှေ့သို့ မည်သို့ ဆက်လုပ်ရမည်နည်းဟူသော ပြဿနာကို ကျနော်တို့ခေါင်းဆောင်များ အလေးအနက်ထား၍ အထပ်ထပ်ဆွေးနွေးကြသည်။ တော်လှန်ရေးတပ်ဦး၏ကြေငြာစာတမ်းသည် ကျနော်တို့ ခံယူထားသော နိုင်ငံရေးခံယူချက်နှင့်တစ်ထပ်တည်း အံဝင်ဂွင်ကျဖြစ်နေသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး မဟာမိတ်အရေခြုံ၍ ဝင်လာမည့် ဗြိတိသျှနယ်ချဲ့စနစ်ကိုလည်း လွတ်လပ်ရေးအတွက် လက်နက်စွဲကိုင်တိုက်ခိုက်ခြင်း အပါအဝင် နည်းမျိုးစုံဖြင့် ကျနော်တို့ ဆက်လက်တိုက်ခိုက်ရေးကို ကျနော်တို့ အကြွင်းမဲ့ ချွင်းချက်မရှိ လက်ခံထားခဲ့ပြီဖြစ်သည်။ ယင်းကြောင့် လေထီးဖြင့်ချမည့် လက်နက်များရလျှင် ကြပ်စင်ကျွန်းကို ဖြတ်ပြီး တောင်စိုင်ကမ်းရှိ ကမ်းနီရွာ၊ ကြာအင်းတောင်ရွာများဘက်သို့ သွားမည်။ ဆရာတော်ဦးစိန္တာအကူအညီဖြင့် တောင်စိုင်ကမ်းတွင် အခြေခံစခန်းပြုပြီး သောင်းပေါင်းများစွာ ထူထပ်စွာရှိနေသည့် ဖက်ဆစ်ဂျပန်များကို မဟာမိတ်နှင့် ပူးတွဲတိုက်ရင်း ရခိုင်ရိုးမတောင်ကို ကျော်ဖြတ်မည်။ ရခိုင်ရိုးမတောင်ဘက်သို့ရောက်လျှင် ဖက်ဆစ်တော်လှန်ရေးသမားများနှင့် ဆက်သွယ်မည်။ ယင်းဖက်ဆစ်တော်လှန်ရေးသမားများထံမှတဆင့် ခေါင်းဆောင်များကို တွေ့အောင်ရှာပြီး လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့စစ်တပ်များကို မရပ်မနား ဆက်လက်တိုက်ခိုက်ရန် လိုကလည်း ဆက်လက်တိုက်ခိုက်သွားရန်ဖြစ်သည်။ ကျနော်၏ ဤသဘောတရားသည် တပ်ဖွဲ့ခေါင်းဆောင်များမှတဆင့် တပ်တွင်းထဲသို့ နက်ရှိုင်းစွာဝင်လျက်ရှိသည်။ တပ်ဖွဲ့ဝင်ရဲဘော်များလည်း ကြီးမားစွာ စိတ်ဓါတ်တက်ကြွလျက်ရှိကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးတို့အတွက် အသက်စွန့်လွှတကြရန် အဆင်သင့်ဖြစ်လျက်ရှိကြသည်။

ကျနော်တို့ ဝါယာလက်ကြေးနန်းဖြင့် သေချာစွာသတင်းပေးနိုင်မှုကြောင့် မြေပုံမြို့သို့ မဟာမိတ်တပ်များ၊ ရေကြောင်းဖြင့် (မြေပုံမြို့ကို ရေကြောင်းလမ်းမှအပ အခြားလမ်းဖြင့် ထိုအချိန်တွင် မဟာမိတ်တပ်များ သိမ်းပိုက်ရန်အကြောင်းမရှိ) သိမ်းပိုက်လာလျှင် ချေမှုန်းသုတ်သင်ရန် စောင့်ဆိုင်းနေသော ပဲကောက်တောင်တန်းတစ်လျှောက်ရှိ ဖက်ဆစ်ဂျပန်များသည် ဗုန်းမိုးရွာသွန်းမှုကြောင့် ကြီးမားစွာ အထိနာလျက်ရှိသည်။ ဖက်ဆစ်ဂျပန်များသည် ပဲကောက်တောင်ရိုးတစ်လျှောက် တောကြီးမျက်မဲတွင် ကြီးမားခိုင်ခန့်သော ကတုတ်များကို တည်ဆောက်ထားသည်။ မြေပြင်ပစ် အမြောက်များ၊ လေယာဉ်ပစ်အမြောက်များဖြင့် ထောင်ပေါင်းများစွာသော ဂျပန်များသည် နေသားတကျ နေရာယူထားသည်။

ကျနော်တို့အား လေထီးဖြင့် လက်နက်ချပေးရေး မတိုင်မီ ၃-ရက်၊ ၄-ရက်ခန့်က ဧရာမ ဆိုးဝါးသော ၊ ဧရာမဝမ်းနည်း ကြေကွဲဘွယ်ကောင်းသော သတင်းဆိုးကျနော့်ထံ ရောက်လာသည်။ နောက်တန်းစစ်မျက်နှာသို့ ရောက်သွားပြီဖြစ်သည်ဟု အကြောင်းပြကာ ကြုပျောက်ကျားတပ်ဖွဲ့များကို လက်နက်သိမ်းလိုက်ပြီ။ ဦးပညာသီဟ ရှုံးမတတ်ငိုကြွေးလျက်ရှိသည်ဟူသော သတင်းဆိုးပင်ဖြစ်သည်။ ဤသတင်းဆိုး ဟုတ်မဟုတ် မှန်မမှန်ကိုထောက်လှမ်းရန် ရဲဘော် ၃-ဦး၊ ၄-ဦးခန့်ကို ဦးပညာသီဟထံ ကျနော်ချက်ချင်း စေလွှတ်သည်။ ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်ကို ကျနော် သံသယဝင်လာသည်။ ယင်းကြောင့် ကျနော်တို့၏ဝါယာလက် ကြေးနန်းဖြင့် ကျနော်တို့အား ချိန်းဆိုထားသည့်အတိုင်း လေထီးဖြင့် လက်နက်များ ချပေးရေးကို ကျနော်ထပ်မံတင်ပြတောင်းဆိုသည်။

လေထီးဖြင့် လက်နက်ချပေးမည့်ရက် တစ်နေ့ထက်တစ်နေ့ နီးကပ်လာပြီ၊ စန္ဒာလပင် ဆန်းပေါ် ၈ သုံးရက်သို့ရောက်ခဲ့ပြီ။ ကျနော်နှင့်တကွ ရဲဘော်များအားလုံး ပျော်တပြုံးပြုံးနှင့် လေထီးဖြင့်ချပေးမည့်လက်နက်များကို စောင့်ဆိုင်းလျက်ရှိကြသည်။ သို့သော် ကာလကတ္တားမဟာမိတ် စစ်ဌာနချုပ်မှ လာသောဝါယာလက်ကြေးနန်းသည် ကျနော်တို့၏အသဲနှလုံးကို အစိပ်စိပ်အမွှာမွှာဖြစ်သွားစေလေသည်။ ကျနော်တို့အား လေထီးဖြင့်လက်နက်ချပေးရေးကို ဖျက်သိမ်းထားလိုက်သည်ဟူသော ဝါယာလက်ကြေးနန်းသည် အဘယ်မှလျှင် ကျနော်တို့၏အသဲနှလုံးကို အစိပ်စိပ်အမွှာမွှာ မဖြစ်ဘဲ နေနိုင်အံ့နည်း။ အစီအစဉ်အားလုံး ဆောင်ရွက်ပြီးနေပြီဖြစ်၍ သတ်မှတ်ထားသောရက်၊ သတ်မှတ်ထားသောအချိန်တွင် လေထီးဖြင့် လက်နက်များ ချပေးရေးကို ဆောင်ရွက်ပေးရန် ကျနော်တို့ ဝါယာလက်စက်ဖြင့် ကျနော်တို့လည်း တစ်နေ့ နှစ်ကြိမ်မှန်မှန် မေတ္တာရပ်ခံသည်။ ဤအတွင်း မဟာမိတ်တပ်များ မြေပုံကို လာသိမ်းလျှင် ချေမှုန်းသုတ်သင်ရန် အခိုင်အခံ့ ပြုထားသောပဲကောက်တောင်ရိုးတစ်လျှောက်ရှိ ဂျပန်စစ်သားများသည် စစ်လေယာဉ်အုပ်လိုက်ချီ၍ ဗုန်းမိုးရွာသော ဒဏ်မခံနိုင်သဖြင့် ရာလိုက်ထောင်လိုက်ချီ၍ ဆုတ်ခွာနေကြရလေပြီ။

ဦးပညာသီဟထံ ကျနော်စေလွှတ်ခဲ့သော ရဲဘော် ၃-၄-ဦး လိပ်ကျောက်ရဲစခမ်းသို့ ပြန်ရောက်ကြ၏။ ကြုပျောက်ကျား

တပ်များမှာ နောက်တန်းစစ်မျက်နှာကို ရောက်သွားပြီဖြစ်၍ ဖက်ဆစ်ဂျပန်များအား တိုက်ခိုက်ရန်လုပ်ငန်း ကုန်ဆုံးသွားပြီဖြစ်သဖြင့် လက်နက်များ သိမ်းရကြောင်းကို အကြောင်းပြကာ ကြူပျောက်ကျားတပ်များကို လက်နက်သိမ်းခြင်း၊ ဦးပညာသီဟ ငိုကြွေးနေခြင်းတို့ကို အတိအကျသိရသည်။

ထိုအချိန်က လေယာဉ်မှနေ၍ လေထီးဖြင့် လက်နက်များ၊ ပစ္စည်းများ ချပေးရေးကို စန္ဒာလဆန်း ၅-ရက်၊ ၆-ရက်၊ ၇-ရက်၊ ၈-ရက်၊ ၉-ရက်တို့သာ ရွေးချယ်ပြီး လေထီးဖြင့် ချပေးလေ့ရှိရာ စန္ဒာလဆန်း ၅-ရက်သို့ ရောက်ခဲ့ပြီ။ လေထီးဖြင့် လက်နက်ချပေးခြင်းမပြု၊ နောက်တနေ့ နောက်တနေ့ စသည်ဖြင့် မျှော်လင့်ကြီးစွာဖြင့် ကျနော်တို့ မျှော်ကြသေးသည် ကျနော်တို့ ဝါယာလက်ကြေးနန်းဖြင့်လည်း လေထီးဖြင့် လက်နက်ချပေးရေးကို တစ်နေ့လျှင် နှစ်ကြိမ်မှန်မှန် သတင်းပေးကြသေးသည်။ သို့သော် ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်မှ ကျနော်တို့ထံ အပ်တစ်ချောင်းပင် လေထီးဖြင့် ချမပေးတော့ပေ။ လေထီးဖြင့် လက်နက်ချရေးကို နေ့-ရက်-နာရီပါ အသေအချာသတ်မှတ်ပါလျက်နှင့် အပ်တစ်ချောင်းမျှပင် လေထီးဖြင့် ချမပေးခြင်းသည် ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်က ပြောင်ပြောင်တင်းတင်း သစ္စာဖောက်လိုက်ခြင်းပင် မဟုတ်ပါလော။

## ငါတို့ဘာလုပ်ကြမလဲ

လေထီးဖြင့်လက်နက်ချပေးမည့် မျှော်လင့်စရာရက်များကုန်ဆုံးသွားသည့်အခါ ကျနော်တို့၏တပ် ပွစိပွစိဖြစ်သွားသည်။ ကလိမ်ခြုံ မဟာမိတ် အရေခြုံ ဗြိတိသျှနယ်ချဲ့စစ်တပ်များကို တွန်းလှန်တိုက်ခိုက်ရန် တောင်းဆိုလာကြသည်။ ကျနော့်အတွက် ဗေရာမအခက်အခဲနှင့် ရင်ဆိုင်ရပြီ။ အများစု၏ဆန္ဒကို ကျနော် ဆန့်ကျင်ရတော့မည်။

မဟာမိတ်အရေခြုံ ဗြိတိသျှနယ်ချဲ့ကို ချက်ချင်းလက်ငင်း လက်နက်စွဲကိုင်တိုက်ခိုက်ရန် မလိုလားသေးကြောင်းကို ကျနော်တို့ ကေဒါများနှင့် တပ်ဖွဲ့ခေါင်းဆောင်များကိုလည်း ကျနော်အထပ်ထပ်အကြိမ်ကြိမ်ဆွေးနွေးပြသည်။ ခြသေ့်အောင် ပျောက်ကျားတပ်ဖွဲ့အားလုံးကိုလည်း တန်းစီပြီး ကျနော်တရားဟောပြောသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးသည် လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် မလုပ်မဖြစ်သော လုပ်ငန်းဆောင်တာ ဖြစ်သည်။ ကာလကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်မှ လက်နက်များရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းကို ဉာဏ်စွမ်းရှိသမျှ ကိုယ်စွမ်းရှိသမျှ ဆောင်ရွက်ရမည်ဖြစ်သည်ဟူသော သဘောထားကို အဓိကထားကာ ကျနော် အထပ်ထပ်ရှင်းလင်းဟောပြောသည်။ ပွစိပွစိဖြစ်နေသောကျနော်တို့တပ်ဖွဲ့ တဖြေးဖြေး သဘောပေါက်လက်ခံသွားသည်။

ကာလကတ္တားမဟာမိတ်စစ်ဌာနချုပ်သည် လေထီးဖြင့် လက်နက်များ ချပေးရေးကို ပြောင်ပြောင်တင်းတင်း ရိုက်ချိုးပစ်လိုက်သော်လည်း ကျနော်တို့ဆောင်ရွက်ဆဲ ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်း ဆောင်တာများကို ကျနော်တို့ မပျက်မကွက် ဆက်လက်ဆောင်ရွက်သွားသည်။ ပဲကောက်တောင်ရိုးတစ်လျောက် အခိုင်အမာတပ်စွဲထားသော ဖက်ဆစ်ဂျပန်များ ဆုတ်ခွာသွားကြသဖြင့် မဟာမိတ်တို့ မြေပုံကို အလွယ်တကူ သိမ်းပိုက်သွားနိုင်သည်။ ကာလကတ္တား မဟာမိတ်စစ်ဌာနချုပ်မှ လေထီးဖြင့် လက်နက်များ ချမပေးသော်လည်း ကျနော်တို့အား ချီးကျူးထောပနာပြုသော ကြေးနန်းသဝဏ်လွှာများ အဆက်မပြတ်ရောက်လာသည်။ နေ့စဉ်ရက်ဆက်ရောက်လာသည်။

မဟာမိတ်တပ်များ မြေပုံမြို့ကို သိမ်း၍ သုံးရက်ခန့်အကြာတွင် ချီးကျူးထောပနာပြုသော ကြေးနန်းကို အထပ်ထပ်ပို့ခဲ့သည်။ ကာလကတ္တားမြို့ရှိ မဟာမိတ် စစ်ဌာနချုပ်သည် စစ်တွေမြို့သို့သွား၍ လက်နက်များအပ်ရန် ညွှန်ကြားလွှာကြေးနန်း ပို့လေတော့သည်။ လေထီးဖြင့်လက်နက်များ ချပေးမည်ဆိုပြီး လက်နက်များ ချမပေးခဲ့၍ ကြိမ်မီးအုံးဖြစ်နေသော ရဲဘော်များ၏ ဒေါသသည် ပြင်းထန်စွာပေါက်ကွဲထွက်လာ၏။ ဖက်ဆစ်ဂျပန်များကို ရခိုင်ရိုးမတောင်တစ်ဖက်ထိ သွားရောက်တိုက်ခိုက်ရင်း ဖက်ဆစ်ဂျပန်တော်လှန်ရေးခေါင်းဆောင်များနှင့် ဆက်သွယ်ရေး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် ဆက်လက်တာဝန်ထမ်းဆောင်ရန် ရည်မှန်းထားသောကျနော်တို့မှာ ယခု ဖက်ဆစ်ဂျပန်များကို စတင်တိုက်ခိုက်ရုံမျှသာရှိသေးသည်။ စစ်တွေမြို့တွင် လက်နက်သွားအပ်ရမည့်ပြဿနာကို မမျှော်လင့်ဘဲ ရင်ဆိုင်ရသည်။ ယင်းကြောင့် မဟာမိတ် အရေခြုံ ဗြိတိသျှနယ်ချဲ့တပ်များကို ချက်ချင်းတိုက်ရန် ပြင်းထန်စွာ အရေးဆိုလာတော့သည်။ တရုပ်အမျိုးသား ဝါယာလက်အော်ပရေတာ ကြေးစားနှစ်ဦးကပင် သူတို့၏ဝါယာလက်စက်များနှင့် လက်နက်ပစ္စည်းများကိုယူပါ၊ တရုပ်အမျိုးသားရှိသည့် နေရာသို့သာ သူတို့အား ပို့ပါဟု တောင်းဆိုလာကြသည်။ အများစု၏ဆန္ဒကို မလိုက်လျောနိုင်သောကျနော့်အဘို့ အဘက်ဘက်မှ အကြပ်အတည်းဖြစ်သွားသည်။

ခြသေ့်အောင် ပျောက်ကျားတပ်ဖွဲ့ ကေဒါခေါင်းဆောင်များဖြစ်ကြသော ကိုသာကျော်( ယခု တပ်မတော်ဗိုလ်မှူး) ကိုသာထွန်းဦး( ယခု တောခို ဗကပ ရခိုင်ပြည်ကော်မီတီ)၊ ကိုကျော်ဇော (ကွယ်လွန် ပြည်ထောင်စု စစ်ရဲဘော်) ကိုမောင်ကလေး (ပြည်ထောင်စုစစ်ရဲတပ်ရင်းမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ တောခိုရခိုင်ပြည်၊ ပြည်သူ့ရဲဘော် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ယခု ကျောက်ဖြူခရိုင် ဘီအီးဒီစီ ခရိုင်မှူးအဖြစ် ဆောင်ရွက်လျှက်ရှိသည်။) ကိုသန်းစိန်(ယခု ဗမာ့တပ်မတော် ဗိုလ်မှူးကြီး) ကိုဘအေး (ယခု ကျောင်းဆရာ) စသူများကို ကျနော်အကြိတ်အနယ် ဆွေးနွေးဖြေရှင်းပြသည်။ ကျနော်အဓိကဆွေးနွေးသော အချက်များမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ပြုရသော လက်နက်ကိုင်တိုက်ပွဲသည် နောက်ဆုံးတိုက်ပွဲမဟုတ်၊ ပြည်တော်ပြန် ဗြိတိသျှနယ်ချဲ့ထံမှ နည်းမျိုးစုံဖြင့်လွတ်လပ်ရေးကို တိုက်ယူရအုံးမည်။ လက်နက်စွဲကိုင်ပြီး လွတ်လပ်ရေးအတွက် ဆောင်ရွက်ရန်လိုက ဆောင်ရွက်ရအုံးမည်။ ဗြိတိသျှနယ်ချဲ့ထံမှ နည်းမျိုးစုံဖြင့်တိုက်၍ လွတ်လပ်ရေးရသည့်တိုင် တစ်နိုင်ငံလုံး စည်ပင်ဝပြောသာယာရေးအတွက်၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရအုံးမည်။ ငါတို့ ယခု လက်နက်မချဘဲ ဗြိတိသျှနယ်ချဲ့စနစ်ကို ချက်ချင်းတိုက်လျှင် မြန်မာပြည်တစ်ဝှမ်းလုံးတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး များ မဟာမိတ်ထံမှ လက်နက်ရရေးအတွက် ငါတို့အနစ်နာခံရမည်။ ငါတို့လက်ထဲရှိ လက်နက်များကို အကြွင်းမဲ့အားလုံး မပေးအပ်၊ မဟာမိတ်တို့ ပေးခဲ့သော လက်နက်များနှင့် လက်နက်တစ်ချို့ကို ပေးအပ်မည်ဖြစ်ကြောင်းတို့ကို ကျနော်အသေးစိတ် ရှင်းလင်းတင်ပြသည်။ ကျနော်၏ကေဒါများ လက်မခံချင်ကြ၊ မျက်နှာမကောင်းကြ၊ ကျနော်အချောင်သမားဖြစ်သွားပြီလော၊ ကျနော် ဗြိတိသျှအလိုတော်ရိ ဖြစ်သွားပြီလောဟု မိမိကိုယ်ကို မိမိအထပ်ထပ်ဝေဖန်ရေးလုပ်သည်။ ကျနော်အချောင်သမား လည်း မဟုတ်သေး၊ ဗြိတိသျှနယ်ချဲ့အလိုတော်ရိလည်း မဖြစ်သေးဟု မိမိကိုယ်ကို မိမိယုံကြည်စိတ်ချသည်။ ယင်းကြောင့် မိမိ၏မှန်ကန်သော ခိုင်မာသော အယူအဆကို အများ၏ဆန္ဒနှင့်ဆန့်ကျင်ပြီး အတိုက်အခံပြုသွားရန် ကျနော်သံဓိဋ္ဌာန်ချ လိုက်သည်။

## ဗြိတိသျှနယ်ချဲ့ကို ယှဉ်ပြိုင်ရပြီ

ဖက်ဆစ်ဂျပန်တော်လှန်ရေးဥခွံအတွင်း ကျယ်ပြန့်သော ပြည်သူလူထုတော်လှန်ရေးဖြစ်ပေါ်လာမည်ကို အသေအလဲ ကြောက်ရွံ့စိုးရိမ်နေသော မဟာမိတ်အရေခြုံ ဗြိတိသျှနယ်ချဲ့ စစ်ဌာနချုပ်သည် လက်နက်များကို စစ်တွေမြို့သို့ သွားရောက်အပ် နှံရန် ဝါယာလက်ကြေးနန်းဖြင့် အထပ်ထပ်ညွှန်ကြားခဲ့ပြီး လက်နက်များပေးအပ်မည်ကို ဆုံးဖြတ်ချက်မချရသော ကျနော်တို့ အဘို့ ယင်းကိစ္စကို ကြေးနန်းမပြန်သေးဘဲ ထားသည်။ ကျနော်၏ မှန်ကန်သော ခိုင်မာသော အယူအဆကို ကေဒါခေါင်း ဆောင်များကိုသာမက တပ်ဖွဲ့ခေါင်းဆောင်များကိုလည်း ကျနော်အထပ်ထပ်အလီလီ အကြိတ်အနယ် တင်ပြဆွေးနွေးသည်။ ခြသေ့်အောင် ပျောက်ကျားအားလုံးကိုလည်း စုရုံးတန်းစီစေကာ ကျနော်အလီလီဟောပြောသည်။

ကျနော်၏မလျော့တမ်းဖွဲ့ဖြင့် ကြိုးစားမှုကြောင့် ရက်သတ္တတစ်ပတ်ကျော်ခန့်လောက်တွင် စေတနာဝန်ထမ်းအသေခံ ကြရန် အသင့်ရှိသည့် ခြသေ့်အောင် ပျောက်ကျားတပ်ဖွဲ့ တစ်ဖွဲ့လုံး လက်နက်တစ်ချို့အပ်ရေးကိစ္စကို ကျေနပ်စွာ လက်ခံ သွားကြသည်။ စစ်တွေမြို့သို့ လက်နက်အပ်ရန် သဘောတူသည်ဆိုသော ဝါယာလက်ကြေးနန်းကို မဟာမိတ်စစ်ဌာနချုပ်သို့ ပို့စေသည်။ ဆရာတော် ဦးနာရဒနှင့် ဆရာတော်ဦးစိန္တာတို့ထံသို့လည်း ကျနော်တို့၏ ဆုံးဖြတ်ချက်များအပြည့်အစုံကို ကျနော် စာရေးပို့လိုက်သည်။ သို့သော် လက်နက်များအပ်ရန်သွားကြသော ကျနော်တို့သည် လိပ်ကျောက်ရစခန်းမှ အနောက်ဘက်တွင် ရှိသော စစ်တွေမြို့သို့ မသွားကြ။ လိပ်ကျောက်ရစခန်းမှ မြောက်ဘက်တွင်ရှိသော ကျနော်တို့၏ အဓိကအခြေခံစခန်းဖြစ်သည် ပြတေးရွာသို့ သွားကြသည်။ လိပ်ကျောက်ရမှ ပြတေးသို့သွားရင်း အိုင်ပိုင်းရွာသို့ရောက်ကြသည်။ အိုင်ပိုင်းရွာသူကြီးအိမ်၌ အိုင်စီအက်စ် ရခိုင်တိုင်းမင်းကြီး ဦးကျော်မင်းကို နိုင်ငံခြားသား စစ်သားများ အခြံအရံဖြင့် မမျှော်လင့်ဘဲ တွေ့ရသည်။ အိုင်ပိုင်းရွာသူကြီး ဦးမောင်ဦးကျော်သည် မင်းပြားမြို့နယ်တွင် အထူးအာဏာရ ရွာသူကြီးလည်းဖြစ်သည်။ မြေရှင်ကြီးလည်း ဖြစ်သည်။

မြေပုံမြို့ကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့သော မဟာမိတ်တပ်များသည် ကျနော်တို့နှင့် ပြည်သူတို့၏အကူအညီမယူဘဲ၊ မိမိတို့တပ်ဖွဲ့များချည်းသက်သက်ဖြင့် တောင်စိုင်ကမ်းရှိ ကန်းနီရွာ၊ ကြာအင်းတောင်ရွာများဘက်သို့ ချီတက်တိုက်ခိုက်ကြသည်။ တောင်စိုင်ကမ်းတစ်ရိုး ထူထပ်သောတောကြီး၊ တောင်ကြီးများထဲတွင် ခိုင်မာတောင့်တင်းသော ကတုတ်များဖြင့် အသင့်စောင့် နေသော ဖက်ဆစ်ဂျပန်တပ်များသည် သောင်းချီတက်လာသော မဟာမိတ်တပ်များကို ပယ်ပယ်နယ်နယ် ခုခံတွန်းလှန်၏။ မဟာမိတ်တပ်သားများ ထောင်ချီသေဆုံးခါ၊ ဆုတ်ခွာထွက်ပြေးရသည်။

အိုင်ဝိုင်းရွာသို့ခြေချမိလျှင်ပင် ကျနော်တို့နှင့် ဆက်သွယ်ထားသော ကျေးရွာသားများထံမှ ဦးကျော်မင်း(တိုင်းမင်းကြီး)၏ကြိမ်းဝါးသောစကားများကို သိရတော့သည်။ တိုင်းမင်းကြီးသည် အိုင်ဝိုင်းရွာသူကြီး နေအိမ်မှနေပြီး ကျေးရွာသားများကို စုစည်းစေခါ အင်္ဂလိပ်ပြန်ရောက်လာပြီဖြစ်၍ ဝဝဖြိုးဖြိုးစားရမည်၊ ဝတ်ရမည်ဖြစ်ကြောင်း မြေခွန်မြေခများကိုလည်း ပေးရမည်ဖြစ်ကြောင်း၊ မားပြလိုလိုလုပ်နေကြသော နိုင်ငံရေးသမားများ (ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားများကို ဆိုလိုသည်) သည် ပခြုပ်ထဲမှကြက်များသာဖြစ်ရာ သတ်စားချင်ချိန်တွင် သတ်စားမည်ဖြစ်ကြောင်းတို့ကို ပြောသွားခြင်းသိရသည်။ အိုင်စီအက်စ်တိုင်းမင်းကြီးပြောသွားသော စကားများသည် ဗြိတိသျှနယ်ချဲ့၏ပေါ်လစီဖြစ်ရာ မကြာမီဆရာတော် ဦးနာရဒနှင့်တကွ၊ ခေါင်းဆောင်များကို ဖမ်းခြင်း၊ ကြိုးဒဏ်အပြစ်ပေးခြင်း၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးထဲ ပါခဲ့သူများကို လူစဉ်မမှီအောင် ညှင်းပန်းနှိပ်စက်ခြင်းများ ပြုခဲ့ကြသည်။

တိုင်းမင်းကြီး၏ကြိမ်းဝါးသောစကားများသည် ကျနော်၏အသဲကို အပ်ဖျားနှင့် ဆွသလိုဖြစ်သွားသည်။ ယနေ့ ညဥ့်ချင်းပင် အိုင်ဝိုင်းရွာဇရပ်တွင် ရွာသူရွာသားများကို စုစည်းစေပြီး၊ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို ကျနော်စိမ်ခေါ်တော့သည်။ တီဟာရုံကွန်ဖရင့်၊ ယော်တာကွန်ဖရင့် ကျေညာချက်များအရ လွတ်လပ်ရေးလိုချင်၍ ဖက်ဆစ်ဂျပန်များကို လက်နက်ကိုင်စွဲတိုက်ခိုက်ရခြင်းဖြစ်ကြောင်း၊ ဗြိတိသျှနယ်ချဲ့က လွတ်လပ်ရေးမပေးလျှင် ဗြိတိသျှနယ်ချဲ့ကိုလည်း ဖက်ဆစ်ဂျပန်ကဲ့သို့ ထပ်တူထပ်မျှသဘောထားခါ လက်နက်စွဲကိုင်တိုက်ဖျက်သွားရမည်ဖြစ်၍ မိမိတို့လက်ထဲရှိ လက်နက်များကို မအပ်နှံကြဘဲ အဘက်ဘက်မှ အဆင်သင့်လုပ်ထားရမည်ဖြစ်ကြောင်း၊ မြေခွန်မြေဆီခလည်း ပေးစရာမလိုကြောင်း၊ ဗြိတိသျှနယ်ချဲ့က ကျွန်လုပ်သည်ဟု ယနေ့ကြေငြာလျှင် ငါတို့ ယနေ့တိုက်မည်ဟု ကျနော် စိမ်ခေါ်သည်။ အိုင်ဝိုင်းရွာဇရပ်ပေါ်တွင် ကျနော်တို့တည်းခိုကြပြီး လမ်းအသီးသီးတွင် လုံလောက်သော တပ်ကင်းများအသီးသီး ချထားသည်။ အိုင်စီအက်စ် ရခိုင်တိုင်းမင်းကြီးကို တုပြိုင်လိုက်သည်၊ အိုင်စီအက်စ် ရခိုင်တိုင်းမင်းကြီးနှင့်ပါလာသော နိုင်ငံခြားစစ်သားများထဲမှ တစ်ဦးတစ်ယောက်ကိုမျှ ကျနော်တို့ နေရာဘက်သို့ မလာရဲကြပေ။ အိုင်စီအက် ရခိုင်တိုင်းမင်းကြီးတို့လည်း အိုင်ဝိုင်းရွာမှထွက်ခွာသွားကြသည်။ ကျနော်တို့လည်း အိုင်ဝိုင်းရွာမှ ထွက်ခွာလာခဲ့ကြသည်။ ရောက်ရာနေရာတွင် မိမိတို့လက်ထဲရှိ လက်နက်များကို ဗြိတိသျှနယ်ချဲ့ထံ မအပ်ဘဲ လွတ်လပ်ရေးအတွက် အဆင်သင့်ပြင်ထားရန်၊ မြေခွန်မြေဆီခမပေးရန်တို့ကို ကျေးရွာသားများအား ကျနော်တို့ ဟောပြောပြသကြသည်။ ပြတေးသို့ အေးအေးဆေးဆေးပြန်လာကြသည်။ ပြတေးသို့ရောက်လျှင် ရှိက်ကြီးတင်ငိုယိုနေသော ဦးပညာသီဟကို တွေ့ရသည်။ ကျနော်အား ဦးပညာသီဟဘက်သို့ အားပါးတရဆို၏။ တစ်နေ့လုံး ငိုယိုနေသဖြင့် ဦးပညာသီဟနှင့်ကျနော် ဘာတစ်ခုမျှ မဆွေးနွေးလိုက်ရ၊ နောက်တစ်နေ့ရောက်မှ ဦးပညာသီဟအား ကျနော်နှစ်ယောက်ချင်းသွားတွေ့သည်။ တီဟာရုံကွန်ဖရင့်၊ ယော်တာကွန်ဖရင့်တို့က မည်သို့ထုတ်ပြန်ကြေငြာစေကာမူ၊ နှစ်ပေါင်းတစ်ရာကျော် အဆီစုတ်သွေးစုတ်ခဲ့သော မဟာမိတ်အရေခြုံ ဗြိတိသျှနယ်ချဲ့သည် ကျနော်တို့အား အသာတကြည် လွတ်လပ်ရေးပေးမည်မထင်၊ နည်းမျိုးစုံဖြင့် လွတ်လပ်ရေးကို တိုက်ယူရမည်၊ လက်နက်ဖြင့် တိုက်ယူသင့်က လက်နက်ဖြင့် တိုက်ယူရမည်။ ယင်းကြောင့် လက်နက်များ ဝှက်ထားမည်၊ မဟာမိတ်စစ်ဌာနချုပ်မှပေးသော လက်နက်များနှင့် အခြားလက်နက် အနည်းငယ်ကိုသာ အပ်သွားမည် စသည်ဖြင့် ကျနော်တို့ ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များကိုလည်း ဦးပညာသီဟကို တင်ပြသည်။ ဦးနာရဒနှင့် ဦးစိန္တာတို့ထံ ကျနော်ရေးခဲ့သောစာများအကြောင်းကိုလည်း ပြောပြသည်။ ကြူပျောက်ကျားတပ်ဖွဲ့များ လက်နက်အပ်လိုက်ရသည်ကို ရှက်ပြီး ရှိက်ကြီးတငင် ငိုယိုနေသော ဦးပညာသီဟသည် ကျနော်တို့၏ဆုံးဖြတ်ချက်များကို အအူလိုက်အသဲလိုက် ထောက်ခံတော့၏။ လက်ခံတော့၏။

ဘရင်းဂန်းစသော လက်နက်အကြီးစားများ အပါအဝင် လက်နက်ကောင်းများကို ရဲဘော်များထံမှ ကျနော်တို့ သိမ်းကြသည်။ လျှို့ဝှက်ထားရန် သတ်မှတ်ထားသောလက်နက်များ ကျည်ဆံများကို ကျနော်တို့၏ အဓိကရလျှို့ဝှက်စခမ်းဖြစ်သည့် ပြတေးရွာမှ နှစ်ဖာလုံခန့်ဝေးသော လောင်းရှည်ချောင်းရွာသို့ လျှို့ဝှက်စွာပင် ရွှေ့ကြပြောင်းကြသည်။ အခြားတစ်ဘက်မှလည်း စစ်တွေမြို့သို့သွားရန် လှေများကို စီစဉ်သည်။

ဤသို့စီစဉ်နေဆဲတွင် လက်နက်ကိုင်ရဲဘော်များကိုလည်း အထပ်ထပ်စုရုံးလှုံ့ဆော်ခါ ပညာပေးသည်။ အမေရိကန်၊ ဆိုဗီယက်ယူနီယံ၊ ဗြိတိသျှ၊ ပြင်သစ်တို့ ခေါင်းဆောင်သော ကမ္ဘာ့ဒီမိုကရေစီ တပ်ပေါင်းချုပ်ကြီးက တီဟာရန်ကွန်ဖရင့်၊ ယော်တာကွန်ဖရင့် ကျေညာစာတမ်းများဖြင့် ဖက်ဆစ်ဝါဒီကို လက်နက်စွဲကိုင် တိုက်သောတိုင်းပြည်နှင့် လူမျိုးအား လွတ်လပ်ရေးပေးထိုက်ကြောင်း အသိအမှတ်ပြုခြင်းကို မည်သို့ ထုတ်ပြန်ကျေညာစေကာမူ၊ ငါတို့အား နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်

ခဲ့သော မဟာမိတ်အရင်းရှင်ဗြိတိသျှနယ်ချဲ့ကို စည်းရုံးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည်ဖြင့် အဘက်ဘက်မှတိုက်ရမည်ဖြစ်ကြောင်း၊ ယင်းတိုက်ပွဲများအနက် လက်နက်စွဲကိုင်သော တိုက်ပွဲသာ အဓိကရနှင့် အဆုံးအဖြတ်ပေးမည့်တိုက်ပွဲဖြစ်ကြောင်း၊ ယင်းကြောင့် ဂျပန်ဖက်ဆစ်လက်နက်များ ဝှက်ရကြောင်း၊ ဝှက်ထားသောလက်နက်များအတွက် ခိုင်မာစွာ နှုတ်လုံရန်လိုကြောင်း၊ ဗြိတိသျှနယ်ချဲ့လက်ပါးစေ စစ်တပ်၊ ပုလိပ်တပ်တို့က အကယ်၍ဖမ်းဆီးညှင်းဆဲရိုက်ပုတ်သတ်ဖြတ်သည့်တိုင်အောင်၊ လျှို့ဝှက်ထားသောလက်နက်များကို မဖော်ထုတ်မိကြရန် သံဓိဋ္ဌာန်ချထားရမည်ဖြစ်ကြောင်းတို့ကို ရဲဘော်များအား ကျနော်ကိုယ်တိုင် ဦးဆောင်ပြီး အထပ်ထပ် ပညာပေးသည်၊ မိမိ၏စေတနာဆန္ဒအလျောက် အနစ်နာခံ၊ အသေခံရန်၊ ခြသေ့်အောင်ပျောက်ကျား တပ်ဖွဲ့ထဲဝင်လာသော ရဲဘော်များ နှစ်ခြိုက်စွာလက်ခံကြသည်။

ဤသို့အဘက်ဘက်မှ ပြင်ဆင်ပြီးမှ လှေကြီး လှေငယ်အသွယ်သွယ်ဖြင့် စစ်တွေမြို့သို့ ကျနော်တို့လာကြသည်။ စစ်တွေမြို့တွင် ကျနော်တို့ လက်နက်များအပ်ရမည့် အဆောက်အဦးသို့ ချောမောစွာရောက်သွား၏။ ကျနော်တို့ အထင်ကြီးခဲ့သော ခေါင်းဆောင်တစ်ချို့သည် ခင်မင်ရင်းနှီးစွာပျော်ရွှင်စွာဖြင့် သောသောညံလျက် ဗြိတိသျှနယ်ချဲ့ စစ်အရာရှိများနှင့် ဝီစကီအရက်ကို တမြမြသောက်လျက်တွေ့ရသည်။ မချိသောနှလုံးသားဖြင့် လက်နက်အပ်ရန်လာရသော ကျနော်၏နှလုံးသားကို အရက်ဖြင့်မစိမ်လို၊ ဗြိတိသျှနယ်ချဲ့ စစ်အရာရှိများနှင့်လည်း အသဲချင်းဆက်၍ မပေါင်းလို၊ ဝီစကီအရက်သောက်ရေးကို ကျနော်ခါးခါးသီးသီး ငြင်းပယ်လိုက်သည်။ ကျနော်တို့အပ်ရန်လာသော လက်နက်နှင့် ကျည်ဆံစာရင်းများကို သက်ဆိုင်ရာသို့အပ်ခါ ယင်းအဆောက်အဦးမှ ချက်ချင်းကျနော်ထွက်လာ၏။ ကျနော်တို့ အပ်နှံရန်ပါလာသည့် လက်နက်များကို ယင်းအဆောက်အဦးပေါ်သို့ တင်ကြရန် ရဲဘော်များကို ကျနော်အမိန့်ပေးလိုက်သည်၊ လက်နက်များကို စာရင်းနှင့်တကွ အပြီးအပိုင် အပ်နှံလိုက်လေသည်။

ပရိယာယ်ကြွယ်ဝသော မဟာမိတ်အရင်းရှင်ဗြိတိသျှနယ်ချဲ့စစ်အရာရှိသည် ကျနော်တို့ ရှေ့တန်းစစ်မျက်နှာတွင် အသက်စွန့်လျက် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို ချီးကျူးထောပနာစကားပြောသည်၊ နှစ်သိမ့်စကားပြောသည်။ အခြားအခြားသောလက်နက်အပ်ခဲ့သူများကို လစာပေးသကဲ့သို့ ကျနော်တို့အားလည်း လစာငွေကြေးပေးသည်။ စောင်နှင့်လုံချည်တို့ကိုလည်း ပေးသည်။ ကျနော်တို့ ငွေကြေးကို တစ်ပြားမှ လက်မခံ၊ နိုင်ငံလွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်များကို လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းကို ရှင်းပြခါ ပြင်းပြင်းထန်ထန်ငြင်းပယ်လိုက်သည်။ ကျနော်တို့လက်နက်များအပ်သောအဆောက်အဦးတွင် ကျနော်တို့ ခြင်္သေ့အောင် တပ်ဖွဲ့သားများအိပ်ရန် နေရာမလုံလောက်။ စစ်တွေမြို့ရှိ လက်ကျန်အဆောက်အဦးများနှင့် လမ်းအသွယ်သွယ်တို့တွင်လည်း နိုင်ငံခြားစစ်သားများနှင့် ပြည့်ကြပ်လျက်ရှိသည်။ ကျနော်တို့ကဲ့သို့ ခေါင်းဆောင်စုတစ်ချို့ အိပ်ရန်သာ နေရာထိုင်ခင်းပေးနိုင်သည်။ ယင်းကြောင့် ကျနော်အပါအဝင် ခေါင်းဆောင်များ၊ တပ်ဗိုလ်တပ်သားများ အားလုံးသည် ရာထူးအဆင့်အတန်းမခွဲဘဲ ယင်းအဆောက်အဦးရှေ့ရှိ မြေကြီးပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်ကြသည်။

မဟာမိတ်အရင်းရှင်ဗြိတိသျှနယ်ချဲ့လက်သို့ လက်နက်များ အပ်ခဲ့ရသော ကျနော်တို့ ခြင်္သေ့အောင်ပျောက်ကျားတပ်ဖွဲ့အားလုံး မချိသောနှလုံးဖြင့် ပြတောသို့ လှေကြီးလှေငယ်အသွယ်သွယ်ဖြင့် ပြန်လာခဲ့ကြသည်။

ပြတောသို့ရောက်လျှင် ရဲဘော်များကိုအစဉ်ပေးလျက်ရှိသော လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး၊ ပညာပေးသည့်အပြင် လက်နက်ခဲယမ်းမီးကျောက်များ၊ စုဆောင်းရေးကို အဓိကထားပြီး သင်ကြားပေးသည်။ ဖက်ဆစ်ဂျပန်ခေတ်သုံးနှစ်သုံးမိုး၊ ရှေ့တန်းစစ်မျက်နှာဖြစ်ခဲ့သော ရခိုင်ပြည်တွင် အပေါက်ဝ၌ ဗြိတိသျှ ဒီဗီဇတပ်များ ပျက်ပြုန်းခဲ့သလို နေရာပေါင်းများစွာတွင် ဗြိတိသျှတို့ ထောင်ပေါင်းသောင်းပေါင်း များစွာသောလက်နက်များကို မသယ်ယူနိုင်ဘဲ စွန့်ခဲ့ရာ အင်္ဂလိပ်နှင့်အမေရိကန်နိုင်ဖယ်တစ်လက်သည် ဖောဖောသီသီဖြစ်နေသော ဂျပန်ငွေစက္ကူတစ်ရာပင် မပေးရပေ။ အင်္ဂလိပ်နှင့် အမေရိကန်နိုင်ဖယ်များ ရခိုင်ပြည်သားများလက်ထဲတွင် ထောင်ပေါင်းများစွာ ပြန့်ကြဲလျက်ရှိသည်။ ဗြိတိသျှနယ်ချဲ့ကို လက်နက်စွဲကိုင်တိုက်ဖျက်လျှင် လက်နက်များ ရရှိရေးအတွက် ပြည်သူ့လက်ထဲတွင် သေနတ်များ ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်များလက်ထဲရောက်မသွားစေရေး၊ ရနိုင်သမျှလက်နက်ခဲယမ်း မီးကျောက်စုဆောင်းရေးတို့ကိုလည်း ရဲဘော်များကို ကျနော်ဦးဆောင်ပြီး အကြိမ်ကြိမ်လှုံ့ဆော်သည်၊ အထပ်ထပ်ပညာပေးသည်။

ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအောက်မှ လက်နက်စွဲကိုင် ရုန်းထွက်ရန်လိုအပ်လာလျှင် လိုအပ်သောအချိန်တွင် ပြန်ခေါ်နိုင်ရေးအတွက် ရဲဘော်များ၏လိပ်စာအပြည့်အစုံကို ယူသည်။ ကိုသာကျော် (ယခု တပ်မတော်ဗိုလ်မှူး)၊ ကိုကျော်ဇော(ကွယ်လွန် ပြည်ထောင်စုစစ်ရဲဗိုလ်) စသော ကေဒါများအားလုံးထဲမှ လက်ရွေးစင်ကေဒါတစ်စုကို ရွေးချယ်ပြီး

ကျန်ကေဒါများ၊ တပ်ဗိုလ်များ၊ ရဲဘော်များအားလုံးကို အိမ်ပြန်ကြရန် ကျနော်အမိန့်ပေးလိုက်ရသည်။ ခွဲခွာကြရမည်ကို သိသောအခါ အရက်မူးပြီး ရမ်းကားသော ရဲဘော်များလည်း ရမ်းကားသည်။ ရှိုက်ကြီးတငင် တစ်ဦးကို တစ်ဦးဘက်၍ ငိုသော ရဲဘော်များလည်း ငိုကြသည်။ သဘောတရားခိုင်မာသည်၊ စိတ်ဓာတ်ကြံ့ခိုင်သည်ဆိုသူများပင် မျက်လုံးအိမ်တွင် တရွှမ်းရွှမ်းစိုနေသော မျက်ရည်များဖြင့် ပြည့်လျှံလျက်၊ ၁၉၄၅-ခု မတ်လ ပထမပတ်လောက်တွင် ကျနော်တို့ ဖက်ဆစ်ဂျပန်တော်လှန်ရေး စခမ်းသိမ်းလိုက်ရပေသည်။

ဦးပညာသီဟကို အိန္ဒိယသို့ အလည်အပတ်လာရန် မဟာမိတ်မျက်နှာဖြူ စစ်အရာရှိများက ဖိတ်ခေါ်၍ ဦးပညာသီဟ အိန္ဒိယသို့ စစ်လေယာဉ်ဖြင့်လိုက်သွားသည်။ ဦးပညာသီဟနှင့်အတူ ကိုကြာလှအောင် (ယခုတောခို၊ ရခိုင်ပြည် အမျိုးသား ညီညွတ်ရေးနှင့် လွတ်မြောက်ရေးပါတီဌာနချုပ် ဥက္ကဋ္ဌ) တို့လည်း လိုက်ပါသွားသည်။ ဦးပညာသီဟတို့ကို အိန္ဒိယသို့ ခေါ်သွား၍ ရက်သတ္တပတ် နှစ်ပတ်ခန့်လောက်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအရှိန်ကြောင့် စည်းရုံးစွာဖြင့် အုံကြွလျက်ရှိသော ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများကို အစိပ်စိပ်အမွှာမွှာခွဲလိုသော၊ ကောက်ကျစ်စဉ်းလဲယုတ်မာသော ဗြိတိသျှနယ်ချဲ့သည် ဦးပညာသီဟကို စစ်တွေမှ အိန္ဒိယအသွား စစ်လေယာဉ်ပျံပေါ်တွင် သတ်ဖြတ်ပစ်ပြီး ဦးပညာသီဟအလောင်းကို ပင်လယ်ထဲ ပစ်လိုက်ပြီ၊ ကိုကြာလှအောင်ကို အိန္ဒိယထောင်ထဲ အကျဉ်းချထားလိုက်ပြီဟု ပါးစပ်ဖြင့် အနံ့အပြားကြေငြာသည်၊ ဆရာတော် ဦးနာရဒ၊ ဦးသိန်းကျော်အောင် စသော ခေါင်းဆောင်များကိုလည်း အစီအစဉ်အရ တစ်ပြိုင်တည်းဖမ်းသည်။ ဗြိတိသျှနယ်ချဲ့ စစ်တပ်နှင့် ပုလိပ်တပ်များက အပျိုအအို၊ အရွယ်ရောက်၊ အရွယ်လွန်မရွေးဘဲ ရွာလုံးချီ၍ မုဒိန်းကျင့်ပွဲပြုလုပ်သည်။ ကျေးရွာ နေအိမ်များကို မီးရှို့ဖျက်ဆီးသည်။ "ဗမာ့မျိုးချစ်တပ်" လည်ဆွဲရှိသော ဗမာ့တော်လှန်ရေးသမားများကို ရာလိုက်ချီပြီး ဖမ်းကာ လူမဆန်သောညှင်းဆဲမှုများဖြင့် လူစဉ်မမှီအောင် နလံမထူအောင် ညှင်းဆဲနှိပ်စက်သည်။ မြေခွန်၊ မြေဆီခများကို အကြမ်းဖက် တောင်းယူသည်။ လက်နက်ရှာသည်ဟု အကြောင်းပြပြီး ပြည်သူလူထု၏ရွှေငွေပစ္စည်းများကို လုယက်လာသည်။ ငါတို့အရှင် သခင် ဖက်ဆစ်ဂျပန်များ နေရာတွင် ငါတို့အရှင်သခင် ဗြိတိသျှနယ်ချဲ့ရောက်လာခဲ့ပြီ။

ဗြိတိသျှနယ်ချဲ့သမားများ၏ စစ်ရေး၊ နိုင်ငံရေးထိုးစစ်ကို တွန်းလှန်နိုင်ရန် ဆရာတော်ဦးစိန္တာထံ ကျနော်သွားသည်။ ကျောက်ဖြူခရိုင်၊ မြေပုံမြို့နယ် ကြာအင်းတောင်တိုက်နယ်၊ မဟာမြိုင်လျှို့ဝှက်စခန်းတစ်ခုတွင် ဆရာတော်ဦးစိန္တာနှင့်တွေ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအရှိန်ကြောင့် အုံကြွစွာ စည်းရုံးလျက်ရှိသော ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများကို ဗြိတိသျှနယ်ချဲ့အလိုတော်အတိုင်း၊ ဗဟိုဦးဆောင်မှုမရှိဘဲ၊ သူတလူငါတမင်း၊ လက်နက်စွဲကိုင်ပုန်ကန်မှုဖြစ်ခါ၊ ဖြိုခွဲပျက်စီးခြင်း မဖြစ်ရအောင် တားဆီးထိန်းသိမ်းပြီး၊ ဗြိတိသျှနယ်ချဲ့ကို အဘက်ဘက်မှ တော်လှန်သောထိုးစစ်များဖြင့် ခုခံတော်လှန်ကြရန် ဆုံးဖြတ်ကြသည်။ ဗမာပြည်ရှိ ဖက်ဆစ်ဂျပန် တော်လှန်ရေးခေါင်းဆောင်ကြီးနှင့် ဆက်သွယ်ရေးကိုလည်း ဆုံးဖြတ်ကြသည်။

ယင်းကြောင့် ဗမာပြည်ရှိ ဖက်ဆစ်ဂျပန်တော်လှန်ရေးခေါင်းဆောင်ကြီးများနှင့် ဆက်သွယ်ပြီး၊ ဗြိတိသျှလက်အောက် ယနေ့ရခိုင်ပြည် အခြေအနေများကို တင်ပြရန်နှင့် ဗြိတိသျှနယ်ချဲ့ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ညှိနှိုင်းရန် ကိုမောင်စိန်လှ (ယခု ကျောင်းဆရာ) ကိုခေါင်းဆောင်စေပြီး၊ ကိုသန်းစိန်(ယခု ဗမာ့တပ်မတော်ဗိုလ်မှူးကြီး) ကိုလှသံဖြူ (ယခု ဗမာ့တပ်မတော်ဗိုလ်ကြီး) ကိုစောထွန်းဦး( ပေါင်းတည်မြို့၊ ယစ်မျိုးဝန်ထောက် ဦးအောင်လှသံ၏သားဖြစ်သည်။ ဤကိုယ်စားလှယ်အဖွဲ့နှင့် သွားရာတွင် ဤကိုယ်စားလှယ်တစ်ဖွဲ့လုံးကို လောင်းရှည်မြို့အနီး၊ ဗြိတိသျှနယ်ချဲ့စစ်တပ်မှ ဘမ်းမိ၍ ကိုစောထွန်းဦးအား တစ်နေ့လုံး နေပူလှမ်းခါ ညှဉ်းဆဲ၍ သေဆုံးခဲ့ရသူဖြစ်သည်)တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို တယွေချောင်းဘက်မှ လောင်းရှည်မြို့ဘက်သို့ စေလွှတ်လိုက်သည်။

ရခိုင်ပြည်ဘက်တွင်လည်း ဦးစိန္တာနှင့်ကျနော်တို့ ကြာအင်းတောင်းတိုက်နယ် မဟာမြိုင်တောစခန်းများကို အခြေစိုက်ပြီး၊ ပြုဘွယ်ရာအစီအစဉ်များကို အသေးအမွှားကစပြီး မနားမနေ အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သော တပ်ဗိုလ်တပ်သားများကို ဗြိတိသျှနယ်ချဲ့ဘေးရန်မှ ကယ်တင်ရေးနှင့် စနစ်တကျနေရာချထားရေး၊ ဘမ်းဆီးခံနေရသော ခေါင်းဆောင်များလွတ်ရေး၊ ဂျပန်ငွေစက္ကူတရားမဝင်ဖြစ်သွား၍ ပြေးစရာလည်း မြေမရှိ ပေးစရာလည်း ငွေမရှိဖြစ်နေရာ လယ်သမားများ မြေခွန် မြေဆီခ မပေးရေး၊ မိမိလုပ်သောလယ်ကို လက်ငုတ်လက်ရင်းလုပ်ကိုင်ရေး၊ ဗြိတိသျှနယ်ချဲ့၏ရွာသူကြီးများ ဖြုတ်ပစ်ပြီး ပြည်သူ့ကော်မတီများဖြင့် အုပ်ချုပ်ရေး၊ ပြည်သူ့လက်ထဲရှိ လက်နက်များ၊ ဗြိတိသျှနယ်ချဲ့ လက်ထဲမရောက်ရေး စသည်တို့ကို ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ အခက်အခဲများ၊ သေတွင်းသေပေါက်များထဲမှ ဇွဲသတ္တိဖြင့် ရခိုင်ပြည်အနှံ့အပြားတွင် အကောင်အထည်ဖော်သွားကြသည်။

ထို့ပြင် ကြာအင်းတောင်တိုက်နယ်တွင် ကြာအင်းတောင် ရွာနီစခန်း၊ ပန်းမြောင်ကြီးချောင်းတွင် မြင်းကြမ်းဆိပ်ရွာနီ

စခမ်း၊ လေးမြို့ချောင်းတွင် မော်ရွာ၊ ရွာနီစခမ်း၊ မြို့ဟောင်းမြောက်ပိုင်းတွင် ဘုရားကြီးရွာနီစခမ်း စသည်ဖြင့် ရွာနီစခမ်းများကိုလည်း ဦးစိန္တာနှင့် ကျနော်တို့ ကျယ်ပြန့်စွာ အုတ်မြစ်ချပေးကြသည်။ ရခိုင်ရိုးမတောင်စွယ် တောင်ဖျားများတွင်လည်း လက်နက်စွဲကိုင်ထားသော ရဲဘော်များ အမြဲရှိနေသည့် လက်နက်များ၊ ကျည်ဆံများသို့လှောင်ထားသော မဟာမြိုင်တောစခမ်းများကို နေရာအနှံ့အပြား မှိုလိုပေါက်လာအောင် ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ အုတ်မြစ်ချပေးကြသည်။ ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ကား ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ဖြင့်တိုက်ရန် အဆင်သင့် လွတ်လပ်ရေး အလကားမရသည်ကို ကမ္ဘာ့လူ့သမိုင်းက ဖော်ထုတ်ခဲ့သည့်အတိုင်း လွတ်လပ်ရေးကို အာသာငန်းငန်း မက်နေသော ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ကား၊ ဗြိတိသျှနယ်ချဲ့ရင်ဝကို သေနတ်ဖြင့်တေ့ခါ မောင်းဖြုတ်ရမည့်အချိန်ကို စောင့်ဆိုင်းလျက်။ ။ အနှစ်သာရအားဖြင့် မကြေပြေသော စစ်ပြိုင်အစိုးရဖွဲ့လျက်၊ ဦးပညာသီဟကား အိန္ဒိယမှ ပြန်မရောက်သေး။ ။

မည်သည့်ခြိမ်းချောက်မှုဖြင့် မည်သည့်အကြပ်ကိုင်မှု မည်သို့သောရာထူးဖြင့် ဖြောင့်ဖျမှုမရှိဘဲ၊ မိမိတို့ဆန္ဒအလျောက်၊ စိတ်တူသဘောတူ၊ ဦးပညာသီဟနှင့်ကျနော် သဘောတူပြီး၊ ဝှက်ထားခဲ့သော ဤလက်နက်များသည် မကြာမီတစ်နေ့သောအခါ တစ်ဦး၏ရင်ဝကို တစ်ဦးတေ့ပြီး မောင်းဖြုတ်ရမည့်သေနတ်များ ဖြစ်လာလိမ့်မည်ဟု ကျနော်တစ်ခါမျှ အိပ်မက်ပင် မမက်ဘူးခဲ့။ ရခိုင်တိုင်း ဖဆပလဟူပြီး ဦးပညာသီဟနှင့် ကိုကျော်မြ( ယခုတောခို ဗဟိုကော်မတီ) တို့ကတစ်ဘက်၊ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဆိုပြီး၊ ဦးစိန္တာနှင့် ကျနော်တို့က တဘက်ဖြစ်ခါ၊ အဖွဲ့ကြီးနှစ်ဖွဲ့ ကွဲပြားသွားရမည်ကိုလည်း ကျနော်တစ်ကြိမ်မျှ မမျှော်မှန်းခဲ့ပေ။ သို့သော် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော “ဘရောက်ဒါဝါဒ”၏မွှေနှောက်မှုကြောင့် တကယ့်တကယ်ဖြတ်သန်းခဲ့ရသော ရခိုင်ပြည်ခေတ်သမိုင်းတွင် ရခိုင်တိုင်း ဖဆပလ ဦးပညာသီဟနှင့် ဦးကျော်မြတို့ တဂိုဏ်း၊ ရခိုင်ပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဦးစိန္တာနှင့်ကျနော်တို့ တဂိုဏ်းဖြစ်စေခဲ့သည်။ ဦးပညာသီဟနှင့် ကျနော် တစ်ဦး၏ရင်ဝကို တစ်ဦးတေ့ပြီး သေနတ်မောင်းဖြုတ်ခဲ့ရပေပြီ။ ပြည်တွင်းသောင်းကျန်းမှု စစ်မီးလျှံကား ယနေ့ထိ လောင်ကျွမ်းနေဆဲ။

# မြောက်ပိုင်းဒေသမှ အရိုးတွန်သံများ

ရေးသူ-(ကို)အောင်မိုးဝင်း

(အပိုင်း- ၁)

(က)

ကျောင်းသားတပ်မတော်(မြောက်ပိုင်း)ရဲ့တိုက်ပွဲဝင်ခွပ်

ဒေါင်းအလံကို မြတ်မြတ်နိုးနိုးလွှင့်ထူခဲ့တဲ့ ရဲဘော်တွေ

အားလုံးကို မင်္ဂလာနှစ်သစ်ဖြစ်ပါစေ လို့ နှုတ်ဆက်လိုက်

ပါရစေ။ နှစ်သစ်မှာ အနာဂတ်အတွက် တက်ကြွလန်းဆန်း

တဲ့ခြေလှမ်းတွေနဲ့ ရှေ့ခရီးဆက်ကြမယ်။

မကောင်းဆိုးဝါးတွေ ပူးကပ်နေတဲ့ပတ်ဝန်းကျင် ကို ရှင်းထုတ်ကြမယ်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (အထက်ဗမာပြည်)

ရဲဘော်တယောက်အနေနဲ့၊ ၁၉၉၈ မန္တလေးညီလာခံကို လာရောက်

တက်ခဲ့ကြတဲ့ မိုးညှင်းဒေသက ကျောင်းသားတပ်မတော် ရဲဘော်တွေကို

အထူးတလည် နှုတ်ခွန်းဆက်သ ချင်သလို၊ ကျောင်းသားတပ်မတော်

(မြောက်ပိုင်း) ရဲ့ တော်လှန်ရေးသမိုင်းဂုဏ်သိက္ခာကို သွေးစီး

ချောင်းတွေပေါ်မှာ မျှောချ၊ အဖွဲ့ဖျက်ပစ်သည်အထိ သေးသိမ်အောင်

လုပ်ခဲ့ကြတဲ့၊ သူ့လူကိုယ့်ဘက်သား လူသတ်သမားများကိုတော့

သမိုင်းစာရင်းရှင်းတမ်းအဖြစ် ဆက်လက်လုပ်ဆောင်သွားကြပါမယ်။

ကျောင်းသားတပ်မတော်နဲ့ တော်လှန်ရေးကို အသက်စွန့်ပြီး ချစ်ခဲ့ကြပေမဲ့၊

ကျဆုံးစာရင်းမှာ အသိအမှတ်ပြုမခံရတဲ့ ရဲဘော်တွေအတွက် ဆက်လက်

မေးခွန်းထုတ် ကြရပါလိမ့်မယ်။ စိန်ခေါ်တောင်းဆိုကြရပါလိမ့်မယ်။ ဒါပေမဲ့

ကျနော်တို့ဟာ ဗုဒ္ဓဘာသာတွေပါ။ သူတပါးကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံ

တွေကို ကျနော်တို့ဆီ လောင်မြိုက်ကူးစက်မှုတွေ မရှိစေချင်ပါဘူး။ ပြဿနာ

တွေကို စိတ်အေးအေးထားပြီး ဖြေရှင်းကြရပါလိမ့်မယ်။



လူပုဂ္ဂိုလ်တစုံတယောက်အပေါ်မှာ မှန်းတီးခြင်းမျိုး၊ တဖွဲ့နဲ့တဖွဲ့အုပ်စုဖွဲ့ သိက္ခာချတိုက်ခြင်းမျိုးကို ရှောင်ရှားပြီး၊ ဒီမိုကရေစီအရေးတော်ပုံရှုန်းကန်မှုရဲ့ အားနည်းချက်တွေကို သင်ခန်းစာယူကြသင့်ပါတယ်။ မှတ်တမ်းအဖြစ်လောက်သာ ထားရှိခြင်းမပြုလုပ်ပဲ၊ ဆက်လက် အရေးယူဆောင်ရွက်ရပါမယ်။

တကယ်တော့ ဒီအကြောင်းအရာတွေကို ဒီမိုကရေစီအရေးတော်ပုံအောင်မြင်ဆုံးခန်း တိုင်တဲ့အချိန်ကျမှ ဖွင့်ပြောဖို့ မြိုသိပ်ခဲ့ကြပါတယ်။ ဒီမိုကရေစီအရေးတော်ပုံကို လေးမြတ်စွာလုပ်ကိုင်နေကြတဲ့ ကျောင်းသားတပ်မတော်ရဲဘော်တွေ နဲ့ လှုပ်ရှားမှု သမိုင်းကို မထိခိုက်စေချင်တာတကြောင်း၊ ကျန်တဲ့ မျိုးဆက်သစ်လူငယ်တွေ ဟာ ဒီအကြောင်းအရာတွေကို ဖတ်ပြီး နိုင်ငံရေးအပေါ် စိတ်ပျက်သွားမှာ တကြောင်းကြောင့် ဖွင့်မပြောချင်ခဲ့ပါဘူး။ ဒါပေမဲ့ အစုလိုက်အပြုံလိုက်၊ လူသတ်မှုမှာပါဝင်ပတ်သက်နေခဲ့တဲ့

သူတွေဟာ၊ ကျောင်းသားတပ်မတော်(မြောက်ပိုင်း) ကို စံနစ်တကျဖျက်ဆီးသွားပြီး နောက်၊ ထိုင်းနယ်စပ်မှာ အကျင့်ပျက်ခြစားမှုတွေကို အုပ်စုလိုက်ကျူးလွန်ပြီး၊ နိုင်ငံတကာက ထောက်ပံ့တဲ့ငွေတွေကို အောင်သေအောင်စား စည်းဖိမ်ခံ ပျော်မြူးခဲ့ကြတယ်။ ပြည်ပ ဒီမိုကရေစီအရေးတော်ပုံလှုပ်ရှားမှုကို နာမည်ပျက်အောင်လုပ်ခဲ့ကြတယ်။ နိုင်ငံတကာက ယုံကြည်မှုမဲ့လာပြီး NGOs တွေနဲ့ ငွေထောက်ပံ့သူတွေက ပြည်တွင်းကိုအာရုံရွေ့သွားတဲ့အခါမှာတော့ ပြည်တွင်းနိုင်ငံရေးကို ဝင်ရောက်ရှုပ်ကြဖို့ ခြေလှမ်းပြင်နေကြတယ်။ ဒီတခါတော့ မရတော့ပါဘူး။

(၁)

ဒီနေရာမှာ KIA နဲ့ ပတ်သက်လို့ ပြောစရာတခုရှိပါတယ်။ ကျောင်းသားတွေ အယောက်(၉၁) ကျော်ဖမ်းထားတာကို ကြားတော့ KIA ဗိုလ်မှူးတွေက လာရောက်မေးပါတယ်။ ( ထုံးစံအားဖြင့်တော့ KIA က ကျောင်းသားတပ်မတော်အပေါ်မှာ ဝင်ရောက်စွက်ဖက်လေ့မရှိပါဘူး)၊ " ငါတို့မှာ ဘရန်ဆိုင်းလက်ထက်ကတည်းက ရန်သူ့ထောက်လှမ်းရေးဆိုလို့ (၅)

ယောက်လောက်သာ မိဘူးပါတယ်။ မင်းတို့ဟာက များလှချည်းလား။ ဟုတ်လို့လား” ဆိုတော့ “ ရော်နယ်အောင်နိုင် က အော် - ဗိုလ်မှူးတို့ကလည်း ကျားကိုက်ပါတယ် ဆိုမှ အပေါက်နဲ့လား လို့ မေးနေရသေးတယ်။ ဗိုလ်မှူးတို့က ငါးယောက်ပဲ မိတယ်ဆိုတော့ ညံ့တာပေါ့” လို့ ရယ်မောပြီးဖြေတယ်လို့သိရပါတယ်။ ရော်နယ်အောင်နိုင် ရဲ့ “ All the Wars are Dirty” အင်တာဗျူးမှာ ကေအိုင်အေ အပေါ်အပြစ်တွန်းချထားတဲ့ စကားတွေကို ပြုံးမိပါတယ်။ လူသတ်တာတွေကြားတော့ ဖုံးမရဖိမရ အနံ့တွေထွက်လာတဲ့အခါကျတော့ ကေအိုင်အေ က စစ်ခေါင်းဆောင်တွေ ဖွတ်အတင်းဝင်ရောက်လာပြီး ရပ်ခိုင်းတော့တယ်။ နန်းအောင်ထွေးကြည် ကို ခေါ် ထုတ်သွားတယ်။

တကယ်တော့ လူသတ်မှုအပြင် နောက်ထပ်မေးရမဲ့ မေးခွန်းတခုကတော့ အေဘီ ( မြောက်ပိုင်း) ဟာ ဗဟိုလို မဟုတ်ပါဘူး။ ဗဟိုကော်မတီတွေက ချမ်းသာကြပါတယ်။ ကေအိုင်အေ ဆီက ကျောက်စိမ်းတွင်းတွေအပါအဝင် အထောက်အပံ့တွေရထားကြပါတယ်။ အဲ့ဒီ ရံပုံတွေတွေ ဘယ်ရောက်သွားသလဲ ဆိုတာကလည်း စိတ်ဝင်စားစရာပါ။ ကာယကံရှင်တွေဖြေဆိုနိုင်ကြပါလိမ့်မယ်။

(၈)

ပထမပိုင်းအနေနဲ့ မြောက်ပိုင်းဒေသမှာ အသတ်ခံခဲ့ရတဲ့ ကျောင်းသားရဲဘော်တွေရဲ့ စာရင်းကို ပေးပို့လိုက်ပါတယ်။ လူနှစ်ယောက်အကြောင်းကိုတော့ အထူးပြောချင်ပါတယ်။

တဦးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ရဲမေ မခင်ရှိုဦး အကြောင်းပါ။ သူမ နဲ့ စွပ်စွဲခံရတဲ့ ပြည်စိုးနိုင် (ရန်ကုန်) ကို လိုင်စင်လို အေးခဲတဲ့ရာသီအောက်မှာ မြေမြှုပ်ပြီး၊ ခေါင်းကိုသာမြေပေါ် ဖော် ထားခဲ့တယ်။ နှိပ်စက်မှုဒဏ်ကြောင့် သေဆုံးသွားတဲ့အခါ၊ မခင်ရှိုဦး ကို အေးခဲနေတဲ့ ရုပ်အလောင်းအား Oral Sex လုပ်ခိုင်းတယ်။ မျိုးဝင်းတို့ အုပ်စုတစုလုံးက မုဒိမ်းကျင့်ပြီး ခေါင်းဖြတ်သတ်ဖို့ လုပ်တဲ့အခါ၊ “ နှောင်ဘဝမှာ ခုလို ခေါင်းပြတ်ကြီးနဲ့ မသေပါရစေနဲ့၊ သေနတ်နဲ့ပစ်သတ်ပေးပါ” လို့ တောင်းဆိုတဲ့အတွက် သံချောင်းက သေနတ်နဲ့ဝင်ပစ်ပေးခဲ့တယ်။ ဒုတိယတဦးကတော့ ကိုကျော်ဝေ ပါ။ သူ့ကို ပျော့မိုင်းနဲ့ချည်ပြီး ဘောလုံးကွင်းထဲပတ်ပြေးခိုင်းတယ်။ ပျော့မိုင်းကွဲသွားခဲ့တဲ့အတွက် လက်ပြတ်သွားတယ်။ အဲ့ဒီ လက်ပြတ်ကြီးနဲ့ပဲ အချုပ်ထဲမှာ ဆက်လက်ချုပ်နှောင်ထားခဲ့တယ်။ သူ့လိုပဲစစ်ကြေရေးကာလမှာ မိုင်းခွဲခံရတဲ့သူတွေရှိပါတယ်။

အောက်ဖော်ပြပါသူတွေက ဖေဖော် ဝါရီ (၁၂) ရက်နေ့မှာ ခေါင်းဖြတ် အသတ်ခံရသူတွေဖြစ်တယ်။ ရဲဘော်၊ တပ်ကြပ်ကြီး၊ ဗိုလ်ကြီး ဆိုတဲ့ အမည်တွေဟာ အဲ့ဒီကာလက ကျောင်းသားတပ်မတော်ရဲ့ ရာထူးတွေအဖြစ်အသုံးပြုထားခြင်းဖြစ်ပါတယ်။

(၁) ကိုထွန်းအောင်ကျော် ( ကျောင်းသားတပ်မတော်ဥက္ကဋ္ဌ၊ မန္တလေး)

သံပြားအားမီးဖုတ်ပြီး ပေါင်ခြေသလုံးထိ ကပ်ထားခြင်း၊ ဗိုက်ပေါ် သို့ ကတ္တရာစီးပြားများကို မီးရှို့၊ အစက်ချ မီးမွှေးခြင်း၊ သံချောင်းများကို မီးဖုတ်ခါ၊ ပေါင်အတွင်းသို့ ထိုးသွင်းခြင်း၊ စိတ်ဓါတ်ပျက်ပြားချောက်ခြားစေရန်၊ ကိုကျော်ဝေကို

ထင်းတုံးပေါ်တင်ပြီး ခေါင်းဖြတ်သတ်ထား၍၊ ထိုခေါင်းပြတ်မှ၊ ပန်းထွက်နေသော သွေးများကို၊ သောက်ခိုင်းခြင်း၊ ကိုချိုကြီး၏ လက် ကို လက်ကောက်ဝတ်မှ ခုတ်ပြတ်သော်လည်း၊ ခုတ်ချက်မမှန်ကာ၊ လက်ဝါးအရင်းပိုင်းမှ ပြတ်ထွက်၍၊ ( လက်မ တချောင်းထဲပင် ကျန်ထားပါသည်)၊ ထိုလက်ပြတ်အား ကိုက်ထားခိုင်းခြင်း၊ ခေါင်းဖြတ်သတ်ခံရချိန်ထိ၊ ဒုတ်ကောက်ဖြင့်သာလမ်းလျှောက်နိုင်ပြီး၊ အသတ်ခံလိုက်ရချိန်တွင်၊ ခေါင်းမပြတ်သဖြင့်၊ ပြန်ထလာသည်ကို၊ ပေါက်ပြားနောက်ဖင်ဖြင့်၊ ရိုက်ချ သတ်ခံရပါသည်။

(၂) ကိုချိုကြီး ( မန္တလေး)
စစ်ဆေးရေးကာလတွင် ဗိုက်ပေါ်တွင် မီးရှို့ခံရခြင်း၊ လက်ဝါးကပ်တိုင်တွင် လက်များကို သံချောင်းဖြင့် ရိုက်နက်စစ်ဆေးခံရခြင်း၊ ကိုကျော်ဝေအား ခေါင်းဖြတ်သည့်နေ့တွင် လက်ဝါးအရင်းပိုင်းမှ ခုတ်ဖြတ်ခံရခြင်း၊ ခေါင်းဖြတ်သည့်အခါတွင်၊ ထူးခြားစွာဖြင့် တည်ငြိမ်စွာ ခုတ်ဖြတ်ခံသွားပါသည်။

(၃) ရဲဘော် ကျော်ဝေ ( မန္တလေး)
ဦးခေါင်းအား ထင်းတုံးပေါ်တင်ပြီး၊ ကိုမျိုးဝင်းမှ ခေါင်းဖြတ်သတ်ခဲ့ပါသည်။ အသတ်မခံရသေးချိန်တွင်၊ တောင်းပန်သေးသော်လည်း အသတ်ခံရမည်ကို သိသောအခါ၊ မမွစစ် ကျောင်းသားကွ၊ မင်းတို့ သတ်လို့ ငါသေပေမဲ့၊ ငါ့ဝိညာဉ်မသေဘူးကွ၊ ကျော်ဝေ- မမွစစ် ကျောင်းသားကွ၊ သတ်လိုက် ရတယ် လို့ အော်ဟစ်သွားခဲ့ပါသည်။ စစ်ကြောရေးကာလတွင်လည်း မိုင်းခွဲပွဲတွင် လက်ကို မိုင်းခွဲခံရ၍ လက်ဖြတ်ပစ်ရသူဖြစ်ပါသည်။

(၄) ရဲဘော် အောင်ဖိုး ( ရန်ကုန်)
ကိုသံချောင်း၊ ကိုမျိုးဝင်း၊ ကိုအောင်နိုင်တို့မှ ကော်မတီဝင်များနေထိုင်ရာ တည်းစခန်းရှေ့သို့ခေါ်ယူပြီး ခြေထောက်တွင် မိုင်းအပျော့စားကပ်ပြီး၊ မိုင်းခွဲ၍ ခြေဖြတ်ခံရ၊ ( ထိုမိုင်းခွဲပွဲတွင်) မငယ် ( နန်းအောင်ထွေးကြည်) အပါအဝင် နှိပ်စက်ခံခဲ့ရသော်လည်း၊ ကံကောင်းထောက်မစွာ၊ လက်မိုင်းခွဲမခံခဲ့ရ၊ နောက်ပိုင်းတွင် ထိုခြေပြတ်ဘဝနှင့်ပင်၊ ခေါင်းဖြတ်သတ်ခံရပါသည်။

(၅) ရဲဘော် ကျော်ကျော်မင်း (မုံရွာ)

သေဒဏ်ချမှတ်လိုက်သည်ဟု အမိန့်စာပြန်သောအခါတွင်၊ အောက်ပိုင်း ရုတ်တရက်သေ၊ မိမိကိုယ်မှ သေးထွက်မှန်းကို မိမိမသိသည်အထိ၊ ထိတ်လန့်၍၊ ခေါင်းဖြတ်မည့်နေရာသို့ တွဲခေါ်ယူခဲ့ရပါသည်။

(၆) ရဲဘော် မောင်မောင်ကြွယ် ( ရန်ကုန်)
ဒေါ်ချိုချိုကျော်မြင့်၏ မွေးစားသားဟုဆိုသည်။ အပတ်စဉ် (၅) ကာလတွင်၊ ကိုမျိုးဝင်းအား အများဆုံးဝေဖန်ခဲ့သူဖြစ်သည်။ မိမိ၏ပါးစပ်အား တိတ်ဖြင့်ကပ်၍၊ ကိုမျိုးဝင်း ကို အသံတိတ်ဆန္ဒပြခဲ့သည်။

ကျောင်းသားတပ်ထောက်လှမ်းရေးများ၏ ( အထူးသဖြင့် ကိုမျိုးဝင်းမှ ညွှင်းပမ်းနှိပ်စက်ခဲ့) ခေါင်းဖြတ်သတ်ခံခဲ့ရပါသည်။

(၇) တပ်ကြပ်ကြီး တူးတူး ( မြစ်ကြီးနား)
ခေါင်းဖြတ်ခံနီးတွင် ဆုတောင်းခိုင်းသောအခါ၊ မည်သည့်စကားတလုံးမှ မဆိုပဲ၊ ခေါင်းဖြတ်သတ်ခံရ၊

(၈) ကိုလှမြင့် ( တပ်ကုန်း)
ခေါင်းဖြတ်သတ်ခံရချိန်ထိ၊ မိမိမှာ ထောက်လှမ်းရေး မဟုတ်ကြောင်း၊ ပြင်းထန်စွာငြင်းဆန်သွားပါသည်။

(၉) ရဲဘော် ရန်အောင် ( ရန်ကုန်)
ခေါင်းဖြတ်သောအခါ ပြန်ထလာသဖြင့်၊ ရင်ဘတ်အား သေနတ်ဘက်နက် ဖြင့် ထိုးသတ်ခံရ၊

(၁၀) တပ်ကြပ်ငွေးမြင့်ဝင်း ( ရန်ကုန်)
အပတ်စဉ် (၅) သင်တန်းကာလ၊ တပ်တွင်းဆွေးနွေးပွဲတွင်၊ ကိုမျိုးဝင်းအား ပြင်းထန်စွာ ဝေဖန်ခဲ့သဖြင့်၊
ခေါင်းဖြတ်သတ်ခါနီးတွင်၊ ကိုမျိုးဝင်းမှ၊ " ဟေ့ကောင် မင်း ငါ့ကို အပတ်စဉ် (၅) တုံးက ပြောသလို ပြောနိုင်သေးလားဟု
အငြိုးကြီးစွာ မေးခဲ့သည်ကို ကျနော်ကိုယ်တိုင်နားဖြင့်ကြားရပြီး၊ ငွေးမြင့်ဝင်းမှ သေနတ်နှင့်
ပစ်သတ်ပေးရန်တောင်းဆိုသဖြင့်၊ သေနတ်ဖြင့် ပစ်သတ်ခံရပါသည်။

(၁၁) ရဲမေ မခင်ရှိုဦး ( ရန်ကုန်)

အသတ်ခံရခါနီးတွင်၊ ဗိုလ်ယိုရှစ်ခိုးတောင်းပန်သော်လည်း၊ ရဲဘော်များအားလုံးရှေ့တွင် ကိုယ်တုံးလုံးချွတ်ပြီး၊ သေနတ်ဖြင့်
ပစ်သတ်ခံရပါသည်။

(၁၂) ဗိုလ်သာစု ( ရန်ကုန်)
ခေါင်းဖြတ်သတ်ခံခဲ့ရ

( ၁၃) ရဲဘော်အောင်အောင် ( ကသာ)
ခေါင်းဖြတ်သတ်ခံရသည်

(၁၄) ရဲဘော်အေးမြင့် ( ကသာ)
ခေါင်းဖြတ်သတ်ခံရသည်

(၁၅) တပ်ကြပ်ကြီး သောင်းမြင့် ( စစ်ကိုင်းတိုင်း)
ခေါင်းဖြတ်သတ်ခံခဲ့ရသည်

(၁၆) ရဲဘော် သက်နိုင် ( ရန်ကုန်)
ခေါင်းဖြတ်သတ်ခံရ

(၁၇) ပြည်စိုးနိုင် ( ရန်ကုန်)
ညတွင်းချင်းပင် ဖမ်းဆီးခံရခါ၊ လိုင်စင် ကဲ့သို့ ရေခဲသောအရပ်တွင် မြေကြီးထဲတွင် ကိုယ်ကို မြှုပ်ခါ၊ ခေါင်းလေးသာ ဖေါ်ထားပြီး နှိပ်စက်ခဲ့ပါသည်။ ဘုန်းနိမ့်စေရန် မခင်ချိုဦးအား ခေါင်းပေါ်သို့ ကျော်ခွ ခိုင်းခဲ့ကြသည်။ ထို့နောက် ဥနောက်အမြေးပါးယောင် ရောဂါအခံရှိသော ပြည်စိုးနိုင် သည် ဦးခေါင်းကို ရိုက်နှက်ပါ များသည့်အတွက်၊ မနက်ရောက်သောအခါ၊ စစ်ဆေးရင်းသေဆုံးသွားခဲ့ရပါသည်။ မခင်ချိုဦးနှင့်လည်းဖောက်ပြန်နေသည် ဟု စွပ်စွဲခံခဲ့ရပါသည်။

အထက်ပါစာရင်းထဲမှာ ကိုကျော်ဝေ ( မွန္တလေး) နဲ့ ပြည်စိုးနိုင် တို့က ဖေဖေါ်ဝါရီ (၁၅) ရက်သတ်ဖြတ်ခံရမှုထဲမှာ စာရင်းမကြေငြာခဲ့ပါဘူး။ စာရင်းမကြေငြာပဲ အသတ်ခံရသူတွေက

(၁) ကိုကျော်ဝေ ( မွန္တလေး)

(၂) ကိုစိုးဝင်းသန်း ( မွန္တလေး)- KIA ဆေးရုံမှာတက်နေစဉ်၊ သန်းဇော် နှင့် လူတစုမှလာရောက်ခေါ်ဆောင်သွားခါ အာသံကုန်းတွင် သတ်ဖြတ်ခဲ့သည်။

(၃) ကိုဝင်းနောင် (ရန်ကုန်) ပြေလဆန်းပိုင်းအတွင်း ဗန်းမော်ခရိုင်မှာ အသတ်ခံရ၊

(၄)ကိုရန်ရှင်း (ရန်ကုန်)- ရက်စက်စွာနှိပ်စက်ခံခဲ့ရပြီး ခုတ်ထစ် သတ်ဖြတ်ခံခဲ့ရသည်

(၅) ဦးကျော်ကျော်ဘုန်း ( ခရိုင်မှူး) - ရှေ့တန်းမှာ လူမဆန်စွာ ညှင်းပမ်းနှိပ်စက် သတ်ဖြတ်ခံခဲ့ရသည်

ဒုတိယပိုင်းမှာ စစ်ကြောရေးစခန်းတွင် သေဆုံးခဲ့သူ (၁၄) ယောက်နှင့် ကျောင်းသားတပ်မတော် ( မြောက်ပိုင်း) စစ်ကြောရေးစခန်းနှင့်အကျဉ်းထောင်မှာ တာဝန်ယူခဲ့သူများ ရဲ့နာမည်စာရင်းတွေ၊ အဖြစ်အပျက်တွေကို တင်ပြသွားပါမယ်။

(အပိုင်း- ၂)

ခုခံချေပချင်သူတွေဘက်မှ ကျောင်းသားတယောက်ကနေ ဖေ့ဘွတ်မှာ မှတ်ချက်တခုပေးထားတာကို ဖတ်လိုက်ရပါတယ်။ "တာဝန်ရှိသူတွေကလည်း ဒီကိစ္စ ကို ပြန်လည်တုန့်ပြန်ဖို့ လုပ်နေတယ်" ဆိုတဲ့ စကားပါ။ ကျေးဇူးတင်ပါတယ်။ မင်းသိခဲ့ရဲ့ မမင်းဖြူမှန်မှန်ပြော ဝတ္ထုထဲက စကားလို၊ " အိုင်ဝီ အောင်သင်း ရေ- ဒီ ကွင်းဆက် က စိတ်ဝင်စားစရာ အကောင်းဆုံးပဲဗျ၊ ဇာတ်လမ်းကတော့ အထွဋ်အထိပ် ကို ရောက်လာပြီဗျို့." လို့ ပြောရမလို ဖြစ်လာပါပြီ။ ကျနော်တို့ လိုချင်တာလည်း " အဲ့ဒီ တာဝန်ရှိသူတွေဆိုတာ ဘယ်သူလဲ" ဆိုတဲ့မေးခွန်းပါပဲ။ သွေးအေးအေးနဲ့ လူသတ်ခဲ့တဲ့သူတွေကို ဘဝမှာ တခါတလေ လောက်တော့ ပြန်ပြီး အမဲလိုက်ကြည့်ချင်စိတ်က ပေါ်နေတာ အခုမှ မဟုတ်ပါဘူး။ ဇာတ်လမ်းတခုပြောပြမယ်ဗျာ။



မသတ်ရသေးပဲ ဖမ်းဆီးချုပ်နှောင်ထားတဲ့ ကျောင်းသား (၅၀) ကျော် အကျဉ်းထောင်က ဖောက်ထွက် လွတ်မြောက်သွားပြီ ဆိုတာ ကို သိလိုက်တဲ့ "မျိုးဝင်း" ဟာ အရုပ်ကြိုးပြတ်လဲကျသွား ပြီး "ဟာကွာ ငါ့ဘဝတော့ သွားပါပြီ" လို့ ငြီးငြူတယ်ဆိုပဲ။ သူမတရားသဖြင့် နိပ်စက်နိုင်ခွင့်ရှိတဲ့ ကမ္ဘာမြေဟာ စတင်

မိးလောင်ပြီးပြိုကျနေပြီ။ သိတ်မကြာဘူး။ အကုသိုလ်ကံက

သူ့နောက်ကို လိုက်ပါလာတယ်။ နောက်ကျည်ထိ သေဆုံး

သွားတယ်။ (တချို့ကတော့ နှုတ်ပိတ်ခံရတယ် လို့ ဆိုတယ်)

တကယ်တော့ သူ့ကို မသေစေချင်ပါဘူး။ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်

မှုတွေနဲ့ အဲ့သလို မြန်မြန်အသက်ထွက်သွားတာ မတန်လိုက်တာ

ဗျာ။ တကယ်ဆို သံချောင်းလိုပဲ အကျဉ်းထောင်ထဲမှာ ကြိုးမိန့်

(၅) ခါလောက်ကျရမှာ။ အင်း- ရော်နယ် အောင်နိုင် ကတော့

ဒီကိစ္စတွေကို ဘယ်သူ တာဝန်ခံဖြေရှင်းမှာလဲ။ အဖွဲ့ကို ဖျက်ပစ်

မှုဖြစ်မယ် လို့ အကြံပေးသတဲ့။ ကျောင်းသားတပ်မတော်

(မြောက်ပိုင်း) ရဲ့ သမိုင်းကို ခြေရာဖျောက်ဖို့ ကြိုးစားတဲ့သူတွေ

က သွေးရောတကယ်ရှိလို့လား။ စိတ်ဝင်စားတယ်ဗျာ။

"ဟော့ဒီ အစုလိုက်အပြုံလိုက် လူသတ်မှုကို ဘယ်သူက

တာဝန်ယူဖြေရှင်းပေးမလဲ" ဆိုတဲ့အချက် ကိုပေါ့။

နေပါအုံး။ တာဝန်ရှိသူတွေထဲမှာ " လှဆိုင် ( ကချင်သံဝဲဝဲနဲ့ပြော

ရရင် လှဆောင် ပေါ့ဗျာ) ဆိုတဲ့သူရောပါမလား။ သူက တရုပ်

နယ်စပ်မှာ ဇာတ်မြုပ်နေနေသူ လို့ သိရတယ်။ အာသံကုန်းမှာ

မျိုးဝင်းနဲ့အတူ ကျောင်းသားတွေကို ဓါးနဲ့အပိုင်းပိုင်းခုတ်သတ်

ခဲ့သူ လို့ နာမည်ကြီးတာပဲ။ တွေ့ချင်ပါသေးတယ်ဗျာ။ ဒီလောက်

ဘီလူးသရဲစီးနေတဲ့ နလုံးသား ဘယ်လို ဆဲလ်နဲ့များဖွဲ့စည်းထား

သလဲ လို့ပါ။

(က)

ဒုတိယပိုင်းကို ဆက်ရေးတဲ့အခါ ခံစားမှုပြင်းထန်စွာနဲ့

ဝင်ရောက်မှတ်ချက်တွေရေးပေးတဲ့ မိတ်ဆွေတချို့ကို

အနူးအညွတ်မေတ္တာရပ်ခံ ချင်တာတခုရှိပါတယ်။ ကျောင်းသား

တပ်မတော် (ABSDF) ရဲဘော်တွေကို ထိခိုက်စေမဲ့ ပြီးစလွယ်

ကောက်ချက်ချမှုတွေကို ရှောင်ကျဉ်စေချင်ပါတယ်။ ပြည်တွင်းမှာ နိုင်ငံရေးစိတ်မဝင်စားတဲ့ကျောင်းသားတွေက

မိဘတွေနဲ့အတူ

နေ၊ စာသင်ကျောင်းတွေမှာပျော်ပါး၊ စီးပွားရေးလုပ်၊ ဘဝရဲ့

အနာဂတ်အတွက် ပြင်ဆင်နေကြချိန်မှာ၊ အေဘီရဲဘော်တွေဟာ
ငှက်ဖျားတောထဲမှာ ဘဝကို စတေးပြီး တိုင်းပြည်ကိုချစ်ခဲ့ကြ
တယ်။ သူတို့ရဲ့ပုဂ္ဂလိက ဘဝတွေစွန့်လွှတ်ခဲ့ကြရတယ်။
တိုင်းရင်းသားနယ်မြေတွေမှာ နားလည်မှုတစုတည်ဆောက်ဖို့အတွက် ဘဝပေါင်းများစွာပေးဆပ်ခဲ့ကြရတယ်။ ဒါကြောင့်
နေဝင်း၊
သန်းရွှေ ဖက်ဆစ်အစိုးရကို ဆန့်ကျင်ခဲ့ကြတဲ့ အေဘီအပါအဝင်၊
ဒီမိုကရေစီရေး တိုက်ပွဲဝင်သူတွေရဲ့ ပေးဆပ်မှုတွေကို အသိ
အမှတ်မပြုချင်နေပါ။ ထိခိုက်စော်ကားစေတဲ့ စကားလုံးတွေ
မပေးစေချင်ပါဘူး။ လူတစုရဲ့ သွေးစွန်းတဲ့လုပ်ရပ်ကို ကြည့်ပြီး၊
ကျောင်းသားတပ်မတော် ဆိုတာ ဒီလိုရက်စက်သလား ဘာညာ
အတွေးတွေ မတွေးစေချင်ပါ။ သူတို့တတွေဟာ နှလုံးသားတွေ
ထိခိုက်ခံစားလွယ်လို့၊ တိုင်းပြည်ထဲက ပြည်သူတွေဆင်းရဲ
ဒုက္ခတွေက လွတ်မြောက်စေဖို့အတွက် တောခိုလက်နက်ကိုင်
ကြတယ်၊ ဘဝကိုမြှုပ်နှံစတေးခဲ့ကြတယ် ဆိုတဲ့အချက်ကို
လက်ခံစေချင်ပါ။ ရဲဘော်တွေက ရိုးသားချစ်စရာကောင်း
ပါတယ်။ ကျနော်တို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ
အဖွဲ့ချုပ် နဲ့ ကျောင်းသားတပ်မတော်ဆိုတာ ဒင်္ဂါးပြားတခုရဲ့
ခေါင်းနဲ့ပန်းလို ပဲ၊ ခွဲခြားမရပါဘူး။ ဒီလိုခွဲမရတဲ့ ညီညွတ်မှုကို
အိပ်မက်ဆိုးတွေကြားမှာ သတ်ပစ်ချင်တဲ့ လူတစုကတော့
ကိုထွန်းအောင်ကျော် လို မန္တလေး ဗမာနိုင်ငံလုံးဆိုင်ရာ၊
ညီလာခံက တရားဝင်တင်မြှောက်ခဲ့တဲ့ ခေါင်းဆောင်တယောက်
အပါအဝင်၊ ကျောင်းသား (၃၈) နီးပါးကို သတ်ဖြတ်ပြလိုက်ပြီး၊
ကျောင်းသားတပ်မတော်နဲ့ ရန်ကုန်၊ မန္တလေး ကျောင်းသား
တွေကြားမှာ ခါးခါးသီးသီး နာကျင်မှုတခုဖြစ်သွားအောင်
ကြံစည်ခဲ့ကြပါတယ်။ တကယ်ပဲ အောင်မြင်ခဲ့ပါတယ်။ မန္တလေး
ကျောင်းသားထုဟာ ကျောင်းသားတပ်မတော် ( မြောက်ပိုင်း)
ခေါင်းဆောင်ဆိုသူတွေကို အမှုန့်ချေပစ်နေချင်ကြတာ အမှန်ပါ။
ဒါပေမဲ့ မကောင်းမှုဆိုတာ စိတ်ကွယ်ရာ မရှိပါဘူး။ ပြဿနာ
တွေကို သတိတရားနဲ့ချဉ်းကပ် အဖြေရှာကြည့်ကြမယ်။
အဖွဲ့အစည်းတွေကြား အက်ကွဲကြောင်းတွေ၊ စိတ်ဒဏ်ရာတွေ
ထင်အောင် ဘယ်သူလုပ်ခဲ့သလဲ ဆိုတာကို စမ်းစစ်ကြည့်ကြမယ်။

ဒီစာကိုရေးနေတဲ့အချိန်အထိ၊ ကျနော်ဟာ ကျောင်းသားတပ်မတော်

ရဲဘော်တွေနဲ့ ခံစားချက်တူ၊ ရည်ရွယ်ချက်တူ တည်ရှိနေမယ်။

မြောက်ပိုင်း ကျောင်းသားတပ်မတော်ရဲ့ (၇၀၁) တပ်ရင်းကို

စတင်ဖွဲ့စည်းစဉ်တုံးက ကျနော်တို့ကိုယ်တိုင်၊ မွန္တလေးမြို့

မျက်ပါးရပ် စစ်တပ်နားမှာ စာရွက်တွေဝေခဲ့ဘူးခဲ့တယ်။

မွန္တလေးမြို့ကို ကျောင်းသားတပ်မတော် နဲ့အတူပြန်လာမဲ့

သူငယ်ချင်းတွေကို မျှော်ခဲ့ဘူးတယ်။

(ခ)

အဖြစ်အပျက်တွေကို တင်ပြတဲ့အခါ၊ လူတိုင်းမှာ လက်ခံပိုင်ခွင့်၊

ငြင်းဆန်ပိုင်ခွင့်ရှိပါတယ်။ လူတွေအားလုံးမှာ သူတို့ရဲ့အမြင်

တွေကို တင်ပြနိုင်တဲ့ အခင်းအကျင်းတခုရရှိထားကြပြီးသားပါ။

မြောက်ပိုင်း၊ ကချင်ဒေသမှာ လုပ်သွားခဲ့သလိုမျိုး၊ ဝန်မခံရင် နှိပ်စက်၊ နှုတ်တိုက်သင်ပေးထားတာကိုပြောရမယ်ဆိုတဲ့

ဖွတ်အတင်း၊

အကြမ်းဖက်အနိုင်ကျင့်တဲ့ အလုပ်မျိုး၊ စွပ်စွဲချက်မျိုးတွေကို၊

ကျနော်တို့ မလုပ်ပါဘူး။ ခုခံချေပချင်တဲ့သူတွေမှာလည်း ချေပ

ပိုင်ခွင့်ရှိစေ ရပါမယ်။ ကျနော်တို့ကလည်း နားထောင်ချင်ပါတယ်။

ခင်ဗျားတို့ဆီမှာ စာရွက်စာတမ်းတွေ မပြည့်စုံဘူး ဆိုရင်လည်း

ဖြည့်ဆည်းပေးဖို့ အသင့်ပါ။

"ဒါတွေဟာ တကယ်ဖြစ်ခဲ့တာတွေမှ ဟုတ်ရဲ့လား။ ကျောင်းသား

ချင်း ဒီလိုလုပ်တာ ဖြစ်နိုင်ပါ့မလား" လို့ သံသယနဲ့ကောက်ချက်

ချသူ တယောက်ရဲ့ စကားလုံးတွေကို ကျနော်သဘောကျမိပါ

တယ်။ ဒီလိုဆို ကျနော်တို့ဘက်က ပြန်လည်မေးမဲ့ မေးခွန်းတခု

ကို ဖြေဖို့ အသင့်ပြင်ထားပေးပါ။ ဒီအဖြစ်အပျက်တွေဟာ

တကယ်ဖြစ်ပျက်ခဲ့တယ်ဆိုရင်၊ ကျောင်းသားတွေကို အစုလိုက်

အပြုံလိုက် သတ်ခဲ့တဲ့ သူတွေဟာ ကျောင်းသားဖြစ်နိုင်ပါ့မလား။

လူသတ်မှုကို ယဉ်ပါးကျွမ်းဝင်နေတဲ့ (စံနစ်တကျလေ့ကျင့်

သင်ကြားထားတဲ့ စစ်ထောက်လှမ်းရေးတွေရောမဖြစ်နိုင်ဘူး

လား)။ မွန္တလေးသားတွေက မေးခွန်း( ၃) ခု နဲ့ စောင့်နေပါ့မယ်။

(၁) ကျောင်းသားချင်းသတ်တာလား

(၂) ကျောင်းသားတွေက စစ်ထောက်လှမ်းရေးတွေကို

သတ်တာလား

(၃) စစ်ထောက်လှမ်းရေးတွေက ကျောင်းသားတွေကို

သတ်တာလား

ဇာတ်လမ်းတခုလုံး ဇာတ်ရည်လည်လာတဲ့အခါကျရင်

ဒီမေးခွန်းသုံးခုထဲက တခုခုကို စာဖတ်သူတွေ ဖြေနိုင်ကြမှာပါ။

(ဂ)

ဒီကိစ္စကို ကျနော်က ဦးဆောင်ပြောပြနေတာ ကျနော့်မှာ

အကြောင်းရှိပါတယ်။ မျိုးဝင်း ( မိုးညွှန်း) ဆိုတာ ကျနော်တို့ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတဦးဖြစ်သလို၊

သမိုင်းဆောင်

အတူတကွ နေထိုင်ပျော်ပါးခဲ့ကြဘူးသူတွေပါ။ သမိုင်းဆောင်မှာ

ကတည်းက သွေးဆာပြီး လက်ယဉ်လေ့ရှိတဲ့ မျိုးဝင်း တယောက်

အရေးတော်ပုံအပြီး၊ မြောက်ပိုင်းဒေသမှာ လက်နက်ကိုင်

တော်လှန်ရေးလုပ်နေတယ် ဆိုတော့ ဘုရားတလိုက်မိတယ်။

နိုင်ငံရေးအတွေးအခေါ် မရှိတဲ့ လူမိုက်တွေ လက်နက်ကိုင်တဲ့အခါ၊

တော်လှန်ရေးသမားဖြစ်မလာနိုင်ပါဘူး။ အကြမ်းဖက်သမား၊

ခါးပြဂိုဏ်းလောက်သာဖြစ်လာမှာ အသေအချာပါ။ ဒါကြောင့်

လည်း သူရှိနေတဲ့ မြောက်ပိုင်းကို သွားမယ်ဆိုတဲ့အတွေးမျိုးတခါမှ

မတွေးခဲ့ပါဘူး။ ကိုထွန်းအောင်ကျော်၊ ရော်နယ်အောင်နိုင်၊

ကိုစိုးလင်း ( အေဘီ ဗဟိုမှာ ဖမ်းဆီးခံရသူ) သုံးယောက်က

မန္တလေးသားတွေပါ။ ခုတော့- ရော်နယ်အောင်နိုင် တယောက်

သာ မဲဆောက်မှာ ကြီးပွားချမ်းသာပြီး၊ ပါတီပွဲတွေမှာ သောက်စား

မူးယစ် အဆီယစ် ရီဝေနေတဲ့ မျက်နှာကြီးကို ကြိမ်ဖန်များစွာတွေ့ရ၊

ဖေ့ဘွတ်မှာ မိန်းကလေးတွေကို အီစကလီ စာလေးတွေ လိုက်ရေး

နေတာကိုတွေ့ရပေမဲ့၊ ကိုထွန်းအောင်ကျော် (ဗကသ-အထက်

ဗမာပြည် ဒု-ဥက္ကဋ္ဌ၊ ကျောင်းသားတပ်မတော်၊ မြောက်ပိုင်း-ဥက္ကဋ္ဌ)

က အသတ်ခံရ၊ ကိုစိုးလင်းက မန္တလေးကို ပြန်လည်ထွက်ပြေး

လာရပါတယ်။

မြောက်ပိုင်းကိစ္စနဲ့ ပတ်သက်ပြီး စစ်အစိုးရက ၁၉၉၂ ဇွန်လ(၃) ရက်၊ ဗုဒ္ဓဟူးနေ့ မှာ သတင်းစာရှင်းလင်းပွဲလုပ်ပါတယ်။ (မပူပါနဲ့။ သူတို့ရဲ့ အစိုးရရဲ့ သတင်းစာရှင်းလင်းပွဲနဲ့ ကျနော်ပြောနေတဲ့ အချက်အလက်တွေ ဘယ်သူက မှန်သလဲ ဘယ်သူက ပိုပြီး အသေးစိတ်လဲ ဆိုတာ သိရဖို့ ယှဉ်ပြီးတင်ပေးသွားပါမယ်။ Far Eastern Economic Review ( ၁၉၉၂ ဂျူလိုင် ၁၆)မှာပါတဲ့ Bertil Lintner ရဲ့ Loss of innocence ဆောင်းပါးတွေကို လည်း ဖတ်ကြရမှာပါ။) စစ်အစိုးရဆိုတာ ယုံကြည်ရတဲ့သူတွေ မဟုတ်တော့ ကျနော်တို့က သူတို့ရဲ့ဝါဒဖြန့်ချိရေးဆောင်းပါး တွေ၊ သတင်းစာရှင်းလင်းပွဲတွေကို အရေးလုပ်ဖတ်လေ့မရှိ ပါဘူး။ သူတို့က မြစ်ထဲရေရှိတယ်ပြောနေရင်တောင်မှ ပြေးပြီး ကြည့်ရအုံးမှာပါ။ တလျှောက်လုံးလိမ်ဆင်တွေပဲ ပြောနေတော့၊ သူတို့ဘာပြောပြော ယုံကိုမယုံခဲ့တာပါ။ ဒီအချက်အလက်တွေ ကို ဗိုလ်ချုပ်ခင်ညွှန့်ရဲ့ စစ်ထောက်လှမ်းရေးဆီက ရတာလား လို့ နာမည်ဝှက်သုံးပြီး အပေါ်စားပျက်လုံး နဲ့ အောက်ဖဲ နဲ့ လာရှုံး နေသူတွေကို တခုပဲပြောလိုက်ပါရစေ။ ကျနော့အကြောင်းသိချင်ရင်၊ ABSDF မိုးညွှင်းအုပ်စုက RIT ကျောင်းသာတွေကို မေးကြည့် လိုက်ပါ လို့ အကြံပေးချင်ပါတယ်။ မျိုးဝင်းဆိုတဲ့ ပုဂ္ဂိုလ်ကတော့ သေသွားတော့ ထားလိုက်ပါတော့။ ဘယ်ကရလဲ သိချင်ရင် စိတ်မလောပါနဲ့။ သိလာရပါစေမယ် လို့ ဖြေထားပါရစေ။ တခုတော့ သတိပေးလိုက်ပါရစေ။ တခါတုံးက ABSDF ( မြောက်ပိုင်း) ခေါင်းဆောင်တွေကို ထောက်ခံခဲ့သူတွေဟာ အခုချိန်မှာ ထိတ်လန့် တုန်လှုပ်ပြီး ဖြောင့်ချက်တွေပေးထားခဲ့တယ် ဆိုရင် ခင်ဗျားတို့ ဘယ်လိုနေမလဲ။

(ဃ)

ထောက်လှမ်းရေးလို့ စွပ်စွဲခံရတဲ့ ကျောင်းသားတွေဟာ ပြည်တွင်း ကို ပြန်ဝင်လာတော့လည်း စစ်အစိုးရက ဖမ်းပြီး ထောင်ဒဏ်နှစ် ရှည်တွေချခဲ့ပြန်ပါတယ်။ ပါရောင်ဒေသမှာတုံးက ကိုယ်တိုင်

ကိုယ်ကျ စစ်ကြောရေးစခန်းမှာ ဝင်ရောက်နိုပ်စက် ရိုက်နှက်ခဲ့တဲ့၊ လက်နက်မှုနဲ့ကျတယ်ဆိုတဲ့ ကျောင်းသားတပ်မတော်ရဲဘော်တချို့ကတော့ ထောင်ဒဏ် (၂) နှစ်လောက်နေရပြီး၊ တက္ကသိုလ်တွေမှာ ကျောင်းပြန်လာတက်ကြပြန်တယ်။ သူတို့ကလည်း မိုးညှင်းဘက်က ကျနော့်သူငယ်ချင်းတွေပါ။

စက်မှုမေဂျာ က တယောက်ဆို၊ "နန်းစော" ဆိုတဲ့ကောင်မလေးကို ကောင်းကောင်းနိုပ်စက်၊ ရိုက်နှက်ခဲ့တဲ့ထဲမှာ ပါခဲ့သေးတယ်။ အဲ့ဒီအချိန်က စပြီး မြောက်ပိုင်းဒေသရဲ့အဖြစ်အပျက်တွေကို စတင်ခြေရာခံလိုက်ခဲ့မိတော့တယ်။ စစ်ကြောရေးစခန်းက ထွက်ပြေးလွတ်မြောက်လာသူတွေရော၊ စစ်ကြောရေးမှာ ပါဝင်ခဲ့သူတွေရော၊ နှစ်ဘက်လုံးက ကျနော်နဲ့ရင်းနှီးခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းတွေဖြစ်နေတယ်။ နှစ်ဘက်လုံးက ရင်ဖွင့်သံတွေကို ရင်နာနာ နားထောင်ခဲ့ရတော့တယ်။

"ဘုရားရေ- ဘာတွေဖြစ်ကုန်တာလဲ" လို့ တနေခဲ့ရတယ်။

တကယ်တော့ ခေါင်းဖြတ်အသတ်ခံရသည့် (၁၅) ယောက်အပြင်၊ စစ်ကြောရေးစခန်းမှာ ညှင်းပမ်းနိုပ်စက် လို့ သေဆုံးသွားခဲ့သူ (၁၄) ယောက်ရှိပါတယ်- နောက်ပိုင်းမှာ နာမည်တွေကို အသေးစိတ်ဖေါ်ပြထားပါတယ်။

ကဲ- ဟော့ဒီ စာရင်းတွေကရော၊ အစိုးရထောက်လှမ်းရေးဆီက ရတယ်လို့ ပြောချင်ပါသေးလား။

ခံခဲ့ရခဲ့သူတွေက ဘယ်မှာ မေ့နိုင်မှာလဲ။ လူတိုင်းမှာ ဝက်ဖဲတွေရှိတယ်ဆိုတာ မမေ့ဖို့လိုတယ်။

**ထောက်လှမ်းရေး သူလျှို လို့ စွပ်စွဲပြီး တာဝန်ခံဖမ်းဆီးသူတွေကတော့**

(၁) ဗိုလ်မှူးသံချောင်း (ခ) မြင့်စိုး ( ဗဟိုစစ်ရေးတာဝန်ခံ)

(၂) အတွင်းရေးမှူး အောင်နိုင် ( ဥက္ကဋ္ဌ အဖြစ် ရာထူးတိုးမြင့်ခံခဲ့ရသည်)

(၃) ဗိုလ်ကြီး မျိုးဝင်း ( တွဲဘက် အထွေအထွေ အတွင်းရေးမှူး-တစ်-၊ ဒု -စစ်ရေးတာဝန်ခံ ) မိုးညှင်း- နန်းမား

(၄) တပ်ကြပ်ကြီး သန်းဇော် ( မှူးလေး- ဗဟိုထောက်လှမ်းရေး တာဝန်ခံ)

(၅) တပ်ကြပ်ကြီး ဇော်ဇော်မင်း ( မိုးညှင်း- ဗဟိုထောက်လှမ်းရေး)

(၆) ဒုတပ်ကြပ် အောင်စိုးမြင့် ( မိုးညှင်း- ဗဟို ထောက်လှမ်းရေး)

(၇) တပ်ကြပ်ကြီး ကျော်ထင်ဦး ( မိုးညှင်း- ဗဟိုထောက်လှမ်းရေး)

(၈) ရဲဘော် မောင်ထွေး ( ဖန်းမော်)

(၉) ရဲဘော် ဖိုးနောင်း ( ဖန်းမော်)

(၁၀) ရဲဘော် သက်လင်း ( ဖန်းမော်)

**စစ်ကြောရေးအဖွဲ့ဝင်များ**

(၁) လှဆိုင်း ( မြစ်ကြီးနား) တွဲဘက် အထွေထွေ အတွင်းရေးမှူး -၂ အာသံကုန်း ခေါင်းဖြတ်ပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ခါးကိုင်ပြီး သတ်ဖြတ်ခဲ့သူဖြစ်တယ်။ လှဆိုင်း (လှဆောင်) ဆိုသူဟာ တရုပ်နယ်စပ်မှာ ဇာတ်မြှုပ်နေနေတယ် လို့ သိရတယ်။

(၂) စိန်အေး ( မိုးညှင်း- ကချင်ဒေသ ခရိုင်မှူး)

(၃) အောင်သန်း (မိုးညှင်း ( ၇၀၁ ) တပ်ရင်းမှူး)

(၄) သက်ထွန်း ( မိုးညှင်း တပ်ခွဲမှူး)

(၅) စောရင်ထွေး ( ရွှေကူ တပ်ခွဲမှူး)

(၆) သိုက်ထွန်းဦး ( ရန်ကုန်- ၅၀၁ တပ်ရင်းမှူး)

(၇) ရဲလင်း ( ရန်ကုန်- ရန်ကုန်ဒေသ ခရိုင်မှူး ( သူလည်း ထောက်လှမ်းရေးအဖြစ် ဖမ်းခံရပြန်တယ်)

(၈) ညီညီကျော်- ( မွန္တလေး- မွန္တလေး ဒေသခရိုင်မှူး) ( ထောက်လှမ်းရေးအဖြစ် ဖမ်းခံရပြန်တယ်)

**ထောင်မှူးတာဝန်ခံများ**

(၁) ဒုအရာခံဗိုလ် အောင်မင်း ( မိုးညှင်း)

တပ်ကြပ်ကြီး ထိန်လွှန် ( ဖန်းမော်)

(၂) တပ်ကြပ်ကြီး အေးမောင် ( မိုးညှင်း)

ရဲဘော် လက်သီး

(၃) တပ်ကြပ်ကြီး တာတီး ( မိုးညှင်း)

တပ်ကြပ်ကြီး စောမြမောင်

(၄) တပ်ကြပ်ကြီး လှမျိုးအောင် ( မိုးညှင်း- တာဝန်ပေါ့လျော့မှုဖြင့် သေဒဏ်ချ သတ်ဖြတ်ခံရသည်)

ခေါင်းဖြတ်သတ်ခံရတဲ့ ကျောင်းသား(၁၅) ယောက်အပြင်၊ စစ်ကြော ရေးစခန်းမှာ လူမဆန်သည့် ညှင်းပန်း နှိပ်စက်မှုကြောင့် သေဆုံးခဲ့တဲ့ ကျောင်းသားတပ်မတော်ရဲဘော် (၁၄) ယောက်ကတော့

(၁) ရဲဘော် စိုးမင်းအောင်

(၂) ဗဟိုကော်မတီဝင် ဦးစိန်

(၃) ရဲဘော် ပြည့်စိုးနိုင် ( ရန်ကုန်)

(၄) ရဲဘော် အေးကျော်

(၅) ရဲဘော် ကျော်ဌေး

(၆) ရဲဘော်ကျော်ကျော်ဦး

(၇) ဒုအရာခံဗိုလ် အောင်ကိုး ( ဖန်းမော်)

(၈) တပ်ကြပ်ကြီး ဇော်ဝင်းချစ် (ဖန်းမော်)

(၉) ဗဟိုကော်မတီဝင် ခင်မောင်အေး (စစ်ကိုင်း)

(၁၀) ရဲဘော်တင့်လွင် ( မြစ်ကြီးနား)

(၁၁) အောင်မင်း ( မန္တလေး)

(၁၂) အရှည်ကြီး ဝင်းသိန်း

(၁၃) ရဲဘော် စိုးကြီး

(၁၄) ရာကွတ်ဘိုင် ( တရုပ်ပြည်၊ ယင်ကျန်း)

ဘာကြောင့် ဒီလို အစုလိုက်အပြုံလိုက် လူသတ်ပွဲတွေဖြစ်ခဲ့ရတာ လဲ။ ပြဿနာရဲ့ အဓိကတရားခံဟာ ဘယ်သူတွေလဲ။ ဇာတ်လမ်း တခုလုံးကို တတိယပိုင်းမှာ ရေးသွားပါမယ်။ ခုခံချေပ ချင်သူတွေရဲ့ ဇာတ်လမ်းတွေကိုလည်း ဖတ်ချင်ပါတယ်။ ပြည်သူလူထု ဆိုတာ အကောင်းဆုံး ဆုံးဖြတ်ပိုင်ခွင့်ရှိသူတွေပါ။

" ဒီအိမ်ပေါ်မှာ ကောင်းချီးမင်္ဂလာရောက်စေသော်" တဲ့ ခရစ်စမတ်မှာ မိတ်ဆွေတွေအားလုံး ကံကောင်းကြပါစေ။

(အပိုင်း- ၃)

မိတ်ဆွေတွေကို အသိပေးစရာ နှစ်ခုရှိပါတယ်။ တကယ်တော့
ကျနော်ဟာ ဒီလို စိတ်ထိခိုက်၊ ဒဏ်ရာအနာတရဖြစ်စရာကောင်းတဲ့
အကြောင်းအရာတွေကို အင်တာနက်မှာ တင်ပြီးမရေးချင်ပါဘူး။ ၁၉၉၈ ထိုင်းနယ်စပ်ကိုရောက်လာကတည်းက
ဒီကိစ္စတွေကို ရှင်းကြဖို့ ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့ဘူးတယ်။ "အရေးတော်ပုံပြီး ရင် ရှင်းမှာပါ"
ဆိုတဲ့ စကားနဲ့သာ ချေးသိပ်ခဲ့တယ်။ ဒါပေမဲ့ သိကြတဲ့အတိုင်းပဲ။ ပြည်ပ
မှာ ဒီလို စရိုက်တွေနဲ့သွားလို့ကတော့ အရေးတော်ပုံသက်တမ်း နောက်ထပ်
နှစ်(၅၀) ကြာလည်း ပြီးနိုင်မယ် မထင်ဘူး။ လွန်ခဲ့တဲ့ တနှစ်ကျော်လောက်က ဒေါက်တာနိုင်အောင်တယောက်၊
ကျနော့်ဆီကို လမ်းကြုံလို့အလည်ဝင်လာပါတယ်။ အဲ့ဒီတုံးကလည်း သူကတဆင့်၊ ရော်နယ်အောင်နိုင် ဆီကို
စကားလက်ဆောင်ပါးလိုက်ပါတယ်။ ကာယကံရှင်တွေနဲ့တွေ့ဆုံဆွေးနွေးဖို့ လုပ်ပါ။ ဒီကိစ္စဟာ
လူတွေသက်ရှိထင်ရှားရှိနေစဉ်မှာ ရှင်းရမယ် လို့ ပြောလိုက်ပါတယ်။ အဲ့ဒီစကားတွေကို ကျနော့ဘာသာ ကြားကနေ
ပွဲစားလုပ်ပြောပေးနေတာ အကြောင်းရှိပါတယ်။ သူ့ကို သဲကြီးမဲကြီးလိုက်နေတဲ့ အုပ်စုတွေရှိနေသလို၊
အချိန်ကြာလာတာနဲ့အမျှ၊ ဒီကိစ္စကြီးက ရှုပ်ထွေးလာတော့မှာမို့ပါ။ ပက်ပက်စက်စက် ခံလိုက်ရသူတွေက
အများကြီးပဲလေ။ ဘယ်လိုလုပ်ကြေအေးနိုင်မှာလဲ။ ပြီးတော့ ရော်နယ်အောင်နိုင်တယောက် ဘီဘီစီ မှ
ဘယ်လိုအလုပ်ပြုတ်ခဲ့သလဲ ဆိုတဲ့အချက်တွေကိုလည်း ကျနော်သိနေလို့ပါ။



ကျနော်က ဒီလိုတွေးတယ်။ " လူသတ်မှုကြီးက ဆိုးဆိုးဝါးဝါးဖြစ်ခဲ့ပြီ။ ကျူးလွန်ခဲ့သူတွေက ကာယကံရှင်တွေကို

သေသေချာချာ တောင်းပန်ပြီး အဖွဲ့အစည်းအတွက် သိက္ခာပြန်ဆယ်လို့ရမဲ့ ဇာတ်သိမ်းခန်းလေး တခုလိုမျိုးဆို သိတ်ကောင်းမှာပဲ" လို့ စိတ်ကူးခဲ့ မိတယ်။ ဥပမာ ရဝမ်ဒါမှာ ပြန်လုပ်တဲ့ ပြန်လည်သင့်မြတ်ရေးဇာတ်လမ်းတွေလိုမျိုးပေါ့။ ဒါပေမဲ့ ဒါကလည်း ကျနော့်စိတ်ကူးပါ။ ကြုံတွေ့ခံစားခဲ့ရသူတွေရဲ့ ဆန္ဒကိုသာ ဦးစားပေးစဉ်းစားကြရမှာ မဟုတ်လား။ လူသတ်မှုမှာ တာဝန်ရှိသူတွေက ဘာမှအကြောင်းမပြန်လာတဲ့အတွက် ခုလို အင်တာနက်ပေါ်မှာ ချရေးပြီး ပြည်သူလူထုနဲ့သတင်းသမားတွေကို ချပြရတဲ့အဆင့်ကိုရောက်သွားတာပါ။ ဒါကလည်း ကျနော်ရွေးတဲ့ လမ်းမဟုတ်ဘူး။ ကာယကံရှင်တွေ ရွေးတဲ့လမ်းဖြစ်တယ်။

ဒုတိယကအချက်ကတော့- ကျနော့်ရဲ့ ဆောင်းပါးတွေဟာ ဖေ့ဘွတ်မှာတင်ရေးပြီး ပျောက်သွားလိမ့်မယ်ထင်ရင်တော့ အကြီးအကျယ် မှားသွားပါလိမ့်မယ်။ ဒီ အစုလိုက်အပြုံလိုက် လူသတ်မှုကြီးကို တင်ပြတဲ့အခါ ကျနော်တို့သင်ကြားခဲ့တဲ့ အင်ဂျင်နီယာဘာသာရပ် တခုဖြစ်တဲ့ System Dynamics လို တည်ဆောက်ထားခဲ့ပါတယ်။ လူတွေ၊ အဖြစ်အပျက်တွေ၊ အကြောင်းအရာတွေကို ခန့်မှန်းတွက်ချက်ထားတဲ့ System တွေမှာ ထည့်ထားတယ်။ အဲ့ဒီ ဒီဇိုင်းကို ပုံဖေါ်လည်ပတ်ကြည့်တယ်။ အရှိန်တခုရောက်ရင် သတ်မှတ်ထားတဲ့ အချက်အလက်တွေ၊ ဇာတ်ဆောင်တွေဟာ ဟော့ဒီ System ထဲမှာ အလိုလို လိုက်ပြီးလည်ပတ်ရပါတယ်။ မလည်ပတ်ဘူးဆိုရင်၊ နောက်တဆင့်မှာ ကြိတ်ချေခံရတာတ်ပါတယ်။ အခုမှ စလည်ပတ်ခါစပဲ ရှိပါသေးတယ်။ အရှိန်ရလာတာနဲ့အမျှ ခရီးတခုဟာ မလွဲမသွေရောက်လာမှာပါ။ လူတွေဟာ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ဘယ်အရာနဲ့မှ မလဲဖို့လိုပါလိမ့်မယ်။ ဒီ အဖြစ်အပျက်ကြီးကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့တဲ့သူတချို့ ဟာ ယနေ့ချိန်ထိ တာဝန်မဲ့စွာ တိတ်ဆိတ်နေတာကို တွေ့ရပါတယ်။ ရှက်စရာကောင်းတဲ့ ဂုဏ်သိက္ခာတွေပါပဲ။ သွေးဆူပြီး ဆန္ဒစောနေတဲ့ မိတ်ဆွေတွေလည်း ဇာတ်လမ်းကို ဆုံးအောင်နားထောင် စေချင်ပါတယ်။ ပြည်သူလူထုရဲ့ အသံကို နားထောင်ကြည့်ပါ။ ကာယကံရှင်တွေရဲ့အသံတွေကို နားထောင်ကြည့်ပါ။ အဆင်ပြေသွားမှာပါ။ တရားကို နတ်စောင့်ပါတယ်။ မြောက်ပိုင်းဒေသမှ အရိုးတွင်းသံများ ( အပိုင်း-၃- ) ကို သုံးသပ်ကြည့်နိုင်ကြပါစေ။

(က)

ကမ်းပါးပြိုတဲ့ ညအောက်ကိုမှ အနီးကပ်ရောက်သွားမိခဲ့ကြတယ်။ တဖြည်းဖြည်းမှောင်မိုက်လာတဲ့ ပါရောင်ရဲ့ အာသံကုန်းမြင့်ပေါ်မှာ ငါ့တို့ခန္ဓာကိုယ်တွေက ရွေ့နေဆဲပဲလေ ဟိုး--- အေးစက်တဲ့လေထုထဲကနေ " တက္ကသိုလ် ---- ဒို့ ကျောင်း------" ဆိုတဲ့ ဆွေးဆွေးမြေ့မြေ့ ဆိုနေသံတွေလေ--- အိမ်ပြန်ချင်လိုက်တာကွာ--- "တက္ကသိုလ်နယ်မြေတနေရာဆီမှာ--" သီချင်းကို ဘယ်သူဆိုနေတာလဲ။ ----- ငါတို့လည်း သီချင်းသံတွေနဲ့အတူ လွင့်မျောနေတယ်။ "လှဆောင်" ဆိုတဲ့ကောင်က ခေါင်းပြတ်ကြီးကို ကန်ချရင်း " ကျောင်းသားဆိုတဲ့ကောင်တွေ တော်တော်ခေါင်းမာတဲ့ကောင်တွေပဲ" " တော်တော်လည်း သွေးသောက်ရဲဘော်တွေ ပီသကြပါလား" တဲ့ သန်းဇော်တို့ အုပ်စုက သူတို့လက်ထဲက ဓါးတွေကို ပစ်ချလိုက်တယ်။ " ဒီကောင်တွေကို ခုတ်ရတာ တော်တော်နဲ့ မပြတ်ဘူး"တဲ့ သူတို့ရဲ့အသံနက်ကြီးတွေကို ဝိညာဉ်တွေ နဲ့ လိုက်ကြည့်နေမိတယ်။ ကျော်ဝေ- ချိုကြီး- စိုးဝင်းသန်း--- ထစမ်း ထစမ်း ခေါင်းပြတ်တွေကို နောက်မှ ပြန်ဆက်ကြကွာ--- အဲ့ဒီ လှဆောင်၊ မိုးဝင်း၊ သန်းဇော် ၊ သံချောင်း ဆိုတဲ့ကောင်တွေ

နောက်ကို လိုက်ကြရမယ် သူတို့ရဲ့ လိပ်ပြာတွေကို ငါတို့ ဝိညာဉ်တွေနဲ့ ချုပ်ထားကြဟေ့ သူတို့ရဲ့ လိပ်ပြာတွေကို ငါတို့ ဝိညာဉ်တွေနဲ့ ချုပ်ထားကြ---- ဟိုမယ် ----ဟိုမယ်-- "လှဆောင်" ဆိုတဲ့ကောင် ကချင်ပြည်နယ်ထဲမှာ ပြန်ပေါ်လာပြီ သေရွာနားထောင်စမ်း သေရွာနားထောင်စမ်း အဲ့ဒီ လူသတ်သမားတွေရဲ့ခြေသံတွေကို ငါတို့ကြားနေဆဲပဲ ကျော်ဝေ-- မင်းဟစ်ကြွေးခဲ့တဲ့စကားတခွန်း ပြန်အော်ပြောလိုက်စမ်းကွာ "ငါ့ကို မင်းတို့ သတ်လို့ရမယ်- ငါ့ဝိညာဉ်ကို မင်းတို့မသတ်နိုင်ပါဘူးကွာ၊ ဓမ္မစစ်ကျောင်းသား ကျော်ဝေ ကွ" "ငါ့ကို မင်းတို့ သတ်လို့ရနိုင်မယ်- ငါ့ဝိညာဉ်ကို မင်းတို့ မသတ်နိုင်ပါဘူး" "ငါ့ကို မင်းတို့ သတ်လို့ရနိုင်မယ် ငါ့ဝိညာဉ်ကို မင်းတို့ မသတ်နိုင်ပါဘူး"

(၁)

ဝိညာဉ်စီး တယ်ဆိုတဲ့ ဝေါဟာရကို ခင်ဗျားတို့ ကြားဘူးမလားမသိဘူး။ ကျနော်ကတော့ အသံထွက်ခွင့်မရရှာတဲ့ ဝိညာဉ်တွေ ကို ကျနော့အခန်းငယ်လေးထဲမှာ သိမ်းထားခဲ့တယ်။ ညတိုင်ရင် ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ သစ္စာဆိုခဲ့တယ်။ " သူတို့အတွက် ထုတ်ပြော နိုင်ခွင့်ရမဲ့ အခွင့်အရေး တခါလောက်ဖြစ်ဖြစ် ရပါရစေသား" လို့။ ခုတော့ ကာယကံရှင်တွေရဲ့ ကျွံဝင်လာတဲ့ စကားတွေထဲမှာ ဝန်ခံခြင်းတဝက်၊ အမှားတသက် ထင်ထင်ရှားရှားတွေနေရပြီ။ ဧရာဝတီမဂ္ဂဇင်း ( အင်္ဂလိပ်) ဆောင်းပါးထဲမှာ ဆောင်းပါးရှင်တွေက မြောက်ပိုင်းလူသတ်ပွဲနဲ့ပတ်သက်ပြီး၊ ရော်နယ်အောင်နိုင် ကို မေးခွန်းတခုမေးတော့၊ ရော်နယ်အောင်နိုင်က လူသတ်မှုကို ငြင်းဆန်မှုမရှိစွာပဲ ဖြေခဲ့တယ်။ "ကျောင်းသား (၁၅) ယောက်ဟာ ထောက်လှမ်းရေးအစစ်အမှန်ဖြစ်ကြောင်း ခိုင်မာတဲ့အထောက်အထားတွေရှိပါ သတဲ့။ "ဆောင်းပါး (၁) နဲ့ (၂) မှာ ကျနော် ခင်းထားတဲ့ လမ်းကြောင်းထဲကို တည့်တည့်ဝင်လာတာပဲ" လို့ တွေးနေမိတယ်။ တကယ်တော့ ရော်နယ်အောင်နိုင်တယောက်၊ ၁၉၉၂ ဖေဖေါ်ဝါရီ (၁၈) ရက်နေ့ The Nation သတင်းစာ ကို ပြန်ဖတ်သင့်တာပေါ့။ မြောက်ပိုင်း လူသတ်ပွဲ အပြီးမှာ၊ The Nation သတင်းထောက် Yindee Lertcharoenchok က အဲ့ဒီနေရာကို ရောက်သွားပြီး မြောက်ပိုင်း ABSDF ခေါင်းဆောင်တွေ၊ ဖမ်းဆီးထားခံရတဲ့ ကျောင်းသားတွေနဲ့တွေ့ဆုံအင်တာဗျူးထားမှုကို ဆောင်းပါးလုပ်ထားတာ။ ဆောင်းပါးအမည်က Burmese Rebels Defend Executions။ အဲ့ဒီဆောင်းပါးရဲ့ ( အပိုဒ်-၁၃) မှာ ကျော်ကျော် ( ကချင်) နဲ့ ရော်နယ် အောင်နိုင်က အခုလို ဝန်ခံထားတယ်။ Aung Naing and Kyaw Kyaw , however, admitted that torture, particularly " beating and telephone-wire electric shocks " were applied to force confessions. "ဝန်ခံဖို့အတွက် ရိုက်နှက်ခြင်းနဲ့ လျှပ်စစ်ရှော့တိုက်ခြင်းလို နှိပ်စက်ညင်းပမ်းမှုတွေကိုအသုံးပြုခဲ့ပါတယ်" တဲ့။ သူတို့လိုချင်တဲ့ အဖြေမထွက်မချင်း နှိပ်စက်ညှင်းပမ်းမှုတွေကို ရက်ရက်စက်စက်လုပ်ခဲ့ကြတာဆိုတာမို့လား။ နှိပ်စက်ခံရသူတွေက နောက်ဆုံး သူတို့ပြောတာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ စစ်ကြောရေးစခန်းက လွတ်ရင်ပြီးရော၊ "ဟုတ်တယ်" လို့ အဖြေပေးလိုက်ကြရတော့တယ်။ ဒီအချက်ကို ထောင်ကျဘူး သူတိုင်းသိပါတယ်။ တကယ်တော့ မြောက်ပိုင်းလူသတ်မှုဖြစ်ပွားနေစဉ်ကာလတုံးက ကျနော်နဲ့လုပ်ဖေါ်ကိုင်ဘက် ဗကသ (အထက်ဗမာပြည်) ခေါင်းဆောင် တချို့ ဟာ မန္တလေးအကျဉ်းထောင်ထဲမှာပါ။ မန္တလေးထောက်လှမ်းရေးအုပ်စုတွေက သူတို့ကို အကျဉ်းထောင်ထဲကနေ ညတိုင်းဆွဲထုတ်ပြီး၊ ဓါတ်ပုံတွေကို ပြပြီး သေချာမှုတွေ ယူသတဲ့။ "ဒါ-- ထွန်းအောင်ကျော် ဟုတ်တယ်မို့လား" " ဒီ ပုံကတော့ စိုးဝင်းသန်း မို့လား" " ဒီကောင်ကရော ဘယ်သူလဲ"

အကျဉ်းထောင်တွင်းမှာ ရောက်နေရှာတဲ့ ဇကာသတွေဟာ ကြိတ်ပြီး ငိုခဲ့ရတယ် လို့ ဆိုတယ်။ လူတွေသေပြီးတိုင်း ဓါတ်ပုံတွေက အမြန်ရောက် ရောက်လာတော့ ပါရောင် စခန်းရဲ့ လူသတ်မှုတွေထဲမှာ အစိုးရစစ်ထောက်လှမ်းရေးရဲ့လူတွေက တောက်လျှောက် သတင်းပို့နေတယ် ဆိုတာ ခန့်မှန်းလို့ရတာပေါ့။ ဓါတ်ပုံတွေကို ကြည့်လိုက်ပြန်တော့လည်း လူသေတွေကို ညမှာ သေသေချာချာ ရိုက်ထားတာလို့ ဆိုတယ်။ ဒါဖြင့် မွန္တလေး ထောက်လှမ်းရေးဆီကို ဓါတ်ပုံတွေ ပေးပို့နေသူတွေက ဘယ်သူလဲ။ မွန္တလေးထောက်လှမ်းရေးတွေဆီကို ဓါတ်ပုံတွေ ပေးပို့နေသူတွေက ဘယ်သူတွေလဲ။ သေချာတာတော့ ထောက်လှမ်းရေးလို့စွပ်စွဲခံရ၊ အသတ်ခံရတဲ့သူတွေမဟုတ်ဘူးလေ။

(၈)

ကိုထွန်းအောင်ကျော်ကို ဖမ်းဆီးချုပ်နှောင်ထားစဉ်ကာလမှာ "နန်းအောင်ထွေးကြည်" ဆိုတဲ့ ဘေဘီရဲမလေးက သူနဲ့ စကားပြောခွင့်ရခဲ့တယ်။ နန်းအောင်ထွေးကြည်ဆိုတာ ကျနော်တို့တင်ပြထားတဲ့ ဓါတ်ပုံ (ရဲမေ ၄ ယောက်ရပ်နေတဲ့ပုံ) ထဲက ညာဘက်အစွန်က ကောင်မလေး။
တကယ်တော့ မြောက်ပိုင်း ကျောင်းသားတပ်မတော် ရဲ့ စစ်ထောက်လှမ်းရေးခေါင်းဆောင်တွေဟာ နန်းအောင်ထွေးကြည် ကိုလည်း ထောက်လှမ်းရေးလို့စွပ်စွဲ၊ ဖမ်းဆီးနှိပ်စက်ခဲ့ကြတယ်။ သူမမျက်နှာကို မီးရဲရဲထောက်နေတဲ့ ထင်းမီးနဲ့ ထိုးနှိပ်စက်ခဲ့တယ်။ နဂိုက ချောမောလှပခဲ့တဲ့ မျက်နှာတခုလုံး ဒဏ်ရာဒဏ်ချက်တွေရခဲ့ရှာတယ်။ ပြီးတော့ နမချင်းမစာနာ မိုက်မိုက်ရိုင်းရိုင်း စစ်ဆေးနည်းတွေကို လုပ်ခဲ့တယ်။ ကိုထွန်းအောင်ကျော် ကိုယ်တိုင်ကလည်း အသတ်ခံရတော့မယ် လို့ သူကိုယ်တိုင်သဘောပေါက်သွားတဲ့အခါမှာတော့ နန်းအောင်ထွေးကြည် ကို ပြောရှာတယ်။ " မငယ် ငါ့စိတ်ထဲမှာတော့ နင် လွတ်သွားလိမ့်မယ်လို့ထင်နေတယ်။ ဟုတ်တယ်ဟာ ငါ့စိတ်ထဲမှာ တကယ့်ကို ယုံကြည်နေတာ နင်လွတ်သွားလိမ့်မယ်။ နင်လွတ်သွားတဲ့ အခါကျရင် ဟောဒီနေရာလေးမှာ ဖြစ်ပျက်ခဲ့တဲ့ အရာတွေအားလုံးကို ပြန်ပြီးပြောပြပေးပါမယ် လို့ ဂတိပေးစမ်းပါဟာ" တဲ့။ " စိတ်ချပါအကိုကြီး ကျမပြောပြပါမယ်" တဲ့။ နန်းအောင်ထွေးကြည် က မျက်ရည်တွေကြားကနေ ဂတိပေးခဲ့တယ်။ ဘ၀ဆိုတာ အံ့ဩ ဖို့ ကောင်းပါတယ်။ နန်းအောင်ထွေးကြည်အပါအ၀င် မြောက်ပိုင်းဒေသမှာ ကြုံတွေ့ခံစားလာခဲ့ရသူတွေ၊ ကျူးလွန်ခဲ့သူတွေ အများအပြား နဲ့ ဆုံဆည်းခွင့်၊ စကားပြောဆွေးနွေးခွင့်တွေ ရလိုက်တယ်။ မငယ် (ခ) နန်းအောင်ထွေးကြည်က " ကျမလေ ဒီအဖြစ်အပျက်တွေကို တရက်မှ မမေ့နိုင်ခဲ့ဘူး" တဲ့။ သူမက ဘယ်သူ့ကိုမှ အဆက်အသွယ်မလုပ်ပဲ သူတယောက်တည်း အောက်စီမှာ ဇာတ်မြှုပ်နေပြီး ဘ၀ကို ရှင်သန်ခဲ့ရတယ်။ ငရဲက သယ်လာတဲ့ ဒဏ်ရာတွေကို ကျနော်မြင်နေရတယ်။ ဟုတ်မှာပေါ့လေ။ ကျနော်လည်း သူတို့တတွေပြန်ပြောပြတဲ့ ဇာတ်လမ်းတွေကို ဆက်ပြီးနားမထောင်ရဲလောက်အောင်ပဲ။ ပါရောင်ဒေသ က အော်ဟစ်ဆူညံနေတဲ့ ဝိညာဉ်တွေ ကျနော့ရင်တခုလုံးဆီ မရှိမဆန့်လူးလွန့်နေတယ်။ "နန်းအောင်ထွေးကြည်" ကို ကျနော်ပြောခဲ့ဘူးတယ်။ " ဖြစ်ခဲ့တာတွေအတွက် ယူကြုံးမရဘူးဗျာ။ ဒါပေမဲ့ အချိန်တန်ရင် ဒီလူတွေ သူ့အရှိန်နဲ့သူသွားမှာပါ။ ခင်ဗျား မပူပါနဲ့။ တည်ငြိမ်အောင်နေပါ။ အကုသိုလ်ကံတွေကို ရောက်မလာစေနဲ့။ ဒီ လူတွေ ၀ဋ်လည်အုံးမှာပါ။ ယုံစမ်းပါ" လို့။ နန်းအောင်ထွေးကြည်က ကျနော့ကို ပြောတယ်။ "ကိုအောင်မိုး၀င်း ကလည်း ထိန်လင်း အတိုင်းပဲ သံ၀ေဂ

တရားစကားတွေ ပြောတယ်” တဲ့။ အေးလေ။ သူမရဲ့ ဘဝမှာ ရက်ရက်စက်စက်ကြုံတွေ့ခဲ့တာဆိုတော့ ပြင်းပြင်းထန်ထန်တုန့်ပြန်ချင်တဲ့စကားလုံးတွေကို အလိုရှိမှာ အမှန်ပဲ။ ကျနော်တွေးတာက ဒီလိုပါ။ ဒါဟာ အစုလိုက်အပြုံလိုက် လူသတ်ပွဲ ပဲ။ လူတွေကို လပေါင်းများစွာဖမ်း၊ နှိပ်စက်ညှင်းပမ်းပြီးမှ ခေါင်းဖြတ်သတ်တာမျိုးတွေဆိုတာ ကျနော်နေနေတဲ့ အမေရိကန်ပြည်ထောင်စုမှာ တခါတလေပြတဲ့ စိတ္တဇ လူသတ်ကား ရုပ်ရှင်တွေမှာပဲ ကြည့်ဘူးတယ်။ ဒါပေမဲ့ ဒီလောက်မများဘူး။ ဒီလို လူမျိုးတွေကို ရင်ဆိုင်ဖို့အတွက် ဝုန်းဝုန်းဒိုင်းဒိုင်း စိတ်ခံစားမှုတွေနဲ့သွားလုပ်လို့မဖြစ်ဘူး။ စံနစ်တကျပြင်ဆင်ရမယ်။ သူတို့လိုပဲ သွေးအေးအေးနဲ့ တုန့်ပြန်ရမယ်။ ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတွေယောင်ယောင် ဟန်ဆောင်ထားတဲ့ မျက်နှာဖုံးတွေကို တဆင့်ခြင်းဆွဲချွတ်ပစ်ရမယ်။ တခါတလေတော့လည်း ရီစရာတော့ ကောင်းတယ်။ လူသတ်မှုနဲ့ ဆက်နွယ်နေတဲ့ သူတွေက သူတို့ကို အင်တာနက်မှာ တယောက်ယောက်က ချတိုင်း၊ နောက်ကွယ်ကနေ ကျနော်က မြှောက်ပေးတယ် လို့ ထင်ကြတယ်။ ကျနော်က ဘာလို့နောက်ကွယ်က နေရမှာလဲ။ ထိုင်းနယ်စပ်ကို ခြေချ ကတည်းက ဒီကိစ္စကို ပြောင်မေး၊ ပြောင်ပြော၊ ပြောင် စိန်ခေါ်နေခဲ့တာပဲ မို့လား။ လာရင် ရှေ့တည့်တည့်က လာမှာ စိတ်ချ လို့ စိတ်ထဲမှာ ပြောနေမိတယ်။ ကျနော်ကြောက်ရမဲ့အဖွဲ့ဆိုတာ တဖွဲ့မှ မရှိဘူးလေ။ ကြောက်တတ်ရင် အစောကြီးကတည်းက နိုင်ငံရေးမလုပ်ဘူး။ အထူးသဖြင့် ခွေးအ လိုလို လူမျိုးတွေကို ကြောက်စရာမလိုဘူး။ ခွေးအ ဆိုတာက အုပ်စုရှိမှ အမဲလိုက်ရဲတယ်။ အပုပ်ကို စားတယ်။ ဒါပေမဲ့ ခွေးအ တွေ အမဲလိုက်လေ့ရှိတဲ့ နေရာဒေသဟာ သိတ်ကျဉ်းပါတယ်။ ကျနော်တို့ အမဲလိုက်မဲ့နေရာက အများကြီးပါ။ ဘာပဲဖြစ်ဖြစ်၊ သမိုင်းဆိုတာကတော့ ရှင်းကြရအုံးမှာပါ။ လူဆိုတာ စိုက်တဲ့အတိုင်း ရိတ်သိမ်းကြရမယ်။

(ဃ)

ကချင်လွတ်မြောက်ရေးတပ်မတော် ( KIA) ၊ မငယ် (ခ) နန်းအောင်ထွေးကြည်နဲ့ ပတ်သက်လို့ မှတ်မှတ်ရရဖြစ်နေတဲ့ အကြောင်းအရာလေးတခုကို ပြောပြချင်ပါတယ်။ ၁၉၉၂ အစိုးရသတင်းစာရှင်းလင်းပွဲမှာ ကေအိုင်အေ နဲ့ မွန္တလေး၊ ရန်ကုန် ကျောင်းသားထုကို ရန်တိုက်ပေးထားတာတွေ့ကြပါလိမ့်မယ်။ ကေအိုင်အေ ဟာ ကချင်ကျောင်းသားတွေကို အသုံးချပြီး ဗမာကျောင်းသားတွေကို သတ်တယ်-- ဘာညာ ဆိုတဲ့ ဝါဒဖြန့်မှုတွေပါ။ စစ်အစိုးရရဲ့ သတင်းစာရှင်းလင်းပွဲကို သံယောင်လိုက်ပြီး လျှောက်ပြောနေတဲ့ သူတွေရှိတယ်။ တချို့ကတော့ ဖြစ်သမျှ ရာဇဝတ်မှုကို သေဆုံးသွားတဲ့ မျိုးဝင်းအပေါ်မှာ လွှဲချပြီး ဇာတ်လမ်းဆင်ရှောင်ထွက်ဖို့ ကြိုးစားချင်ပုံရပါတယ်။ တကယ်တော့ ရှောင်ထွက်လို့မရပါဘူး။ အာသံကုန်းမြင့်မှာ လူသတ်မှုကို ကျူးလွန်ခဲ့တာ မျိုးဝင်းတယောက်တည်း မဟုတ်သလို၊ ဖမ်းဆီးထားတဲ့ မွန္တလေးကျောင်းသားတချို့ကို ရိုက်နက်နှိပ်စက်ပြတဲ့ အထဲမှာ ရော်နယ်အောင်နိုင်လည်းပါပါတယ်။ မွန္တလေးက ကျောင်းသားခေါင်းဆောင်တယောက်ဖြစ်တဲ့ ကိုရာကျော်ရဲ့မျက်နှာ ကို စစ်ဖိနပ်နဲ့ ချွတ်ပြီး ရိုက်ခဲ့တာ ရော်နယ်အောင်နိုင်ပါ။ ဗမာပြည်ဆီကို ထွက်ပြေးလွတ်မြောက်သွားတဲ့ ကိုရာကျော် ကတော့ မွန္တလေး အကျဉ်းထောင်ထဲမှာ ထောင်ဒဏ် နှစ်ရှည်ကျရင်း ကျဆုံးခဲ့ပါတယ်။ မျိုးဝင်း တို့ အုပ်စုက ကေအိုင်အေဟာ သူတို့နောက်က ရှိတယ်။ သူတို့ကသာ ကေအိုင်အေနဲ့ပိုင်တယ် ဆိုတဲ့ ထင်ယောင်ထင်မှား ဟန်ပန်တွေကို လုပ်ခဲ့ကြပုံရပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်တချို့က သတိပေးခဲ့တယ် လို့ဆိုပါတယ်။ " ကျနော်တို့မှာ

အတွေ့အကြုံရှိတယ်။ ဖြုတ်ထုတ်သတ် လုပ်ခဲ့မိလို့ ကျနော်တို့ပါတီဟာ တလျှောက်လုံးပေးဆပ်နေရတယ်။ ခင်ဗျားတို့မလုပ်ကြပါနဲ့ဗျာ" လို့ တိုက်တွန်းခဲ့တယ်။ နားမထောင်ပါဘူး။ လူသတ်မှုတွေ နားနဲ့မဆန့်အောင် ကြားလာရတဲ့အခါ ကေအိုင်အေခေါင်းဆောင်တွေရောက်လာပြီး အတင်းဝင်ရောက်တားဆီးပါတော့တယ်။ ကေအိုင်အေဟာ မျိုးဝင်းနဲ့ ကျောင်းသားတပ်မတော် မြောက်ပိုင်းခေါင်းဆောင်တွေကို အင်မတန်စိတ်ပျက်သွားခဲ့တယ်။ နန်းအောင်ထွေးကြည်ကို သူတို့စစ်မေးမယ် ဆိုပြီး၊ လွှဲပြောင်းယူခဲ့တယ်။ ဗိုလ်ချုပ်ဇော်မိုင် နဲ့ ခေါင်းဆောင် သုံးယောက်က နန်းအောင်ထွေးကြည်ကို စစ်ဆေးစဉ်ကာလက မှတ်တမ်းတွေ ကို ယူပြီး ပြန်လည်မေးခွန်းထုတ်ခဲ့တယ်။ "သမီးရဲ့ ထောက်လှမ်းရေး ကိုယ်ပိုင်နံပါတ်က (------x+) ဟုတ်လား" "ဟုတ်ပါတယ်" ဗိုလ်ချုပ်ဇော်မိုင်နဲ့ ကေအိုင်အေ ခေါင်းဆောင်တွေက ရီကြတယ်။ "ကဲ--- ငါ့သမီး ခုချိန်က စပြီး သမီးဝန်ခံပြောဆိုနေတဲ့ ထောက်လှမ်းရေးဆိုတာကြီးကို မေ့လိုက်တော့။ "သမီးပြောတဲ့ ကိုယ်ပိုင်နံပါတ်က ဗိုလ်ချုပ်နေဝင်း နဲ့ တန်းတူဖြစ်နေတယ်" တဲ့။ ဗမာစစ်ခေါင်းဆောင်တွေနဲ့ တသက်လုံးတိုက်လာခဲ့တဲ့ ကေအိုင်အေ က ရန်သူရဲ့ ကိုယ်ပိုင်နံပါတ်တွေ၊ သင်တန်းဆင်း နံပါတ်တွေကို အလွတ်ရတာပေါ့။ တကယ်တော့ စစ်ထောက်လှမ်းရေးနံပါတ်ဆိုတာတွေကလည်း မျိုးဝင်း၊ သံချောင်းနဲ့ စစ်ကြောရေးမှာ ပါဝင်ခဲ့သူတွေက ဖွတ်အတင်းဖန်တီးဝန်ခံခိုင်းတာ ဆိုတော့ နန်းအောင်ထွေးကြည်အနေနဲ့ အဲ့ဒီအတိုင်းပဲ နုတ်တိုက်ရွတ်ဝန်ခံ ထွက်ဆိုရတော့တယ်။ ဗိုလ်ချုပ်ဇော်မိုင်က နန်းအောင်ထွေးကြည်ကို ပြောတယ်။ "ငါ့သမီး- ဒီကိစ္စက ပြန်ပြီးရှင်းရမယ်။ ဒီလိုခံနေလို့မဖြစ်ဘူး။ ငါ့သမီးတို့က ခံခဲ့ရတာကိုး။ ဒါပေမဲ့ အချိန်ကို စောင့်ပါ။ ငါတို့လည်း အပစ်အခတ်ရပ်ဆဲတော့မှာဆိုတော့ ----" မကြာခင်မှာပဲ ကေအိုင်အေ နဲ့ ဗမာအစိုးရကြားမှာ ငြိမ်းချမ်းရေးသဘောတူညီမှု စကားပြောပွဲတွေက စတင်ခဲ့တယ်။ နန်းအောင်ထွေးကြည်လည်း ဒုက္ခသည်စခန်းက တဆင့် အော်စီ ( ------) ကို ထွက်လာခဲ့တော့တယ်။ ဗိုလ်ချုပ်ဇော်မိုင်ပြောသလိုပါပဲ။ "ကျမ အချိန်ကိုစောင့်နေခဲ့ရတယ်" တဲ့။ စောင့်ခဲ့ရတဲ့ အချိန်ကလည်း အနှစ် (၂၀) ကျော်ဖြစ်သွားတယ်။ တကယ်တော့ မြောက်ပိုင်း လူသတ်မှုဟာ တချက်ခုတ် (၃) ချက်ပြတ် ကြံတဲ့ပွဲဖြစ်တယ်။

(၁) ဒီမိုကရေစီအင်အားစုဘက်က ကျောင်းသားအစစ်အမှန်တွေကို သတ်ပစ်တယ်

(၂) ကျောင်းသားတပ်မတော်နဲ့ ကျောင်းသားသမဂ္ဂကြားမှာ အထင်အမြင်မှားအောင်ရန်တိုက်ပေးတယ်။

(၃) ဖေဖော်ဝါရီ (၁၂) ပြည်ထောင်စုနေ့မှာ အစုလိုက်အပြုံလိုက် သတ်ပြလိုက်ခြင်းအားဖြင့်၊ ကေအိုင်အေ ဟာ ဗမာကျောင်းသားတွေကို သတ်ဖြတ်လိုက်ကြပြီ ဆိုပြီး ဗမာကျောင်းသားနဲ့ ကေအိုင်အေ ကို ရန်တိုက်ပေးလိုက်တယ်။

မျိုးဝင်းတို့အုပ်စုကို ကချင်လက်နက်ကိုင်တပ်က ပစားပေးထား မြှောက်ပင့်ထားပြီး ဗမာကျောင်းသားတွေကို သတ်ခဲ့တယ် ဘာညာပေါ့။ ၁၉၉၂ သတင်းစာရှင်းလင်းပွဲရဲ့ ရည်ရွယ်ချက်က အဲ့ဒါပါပဲ။ မျိုးဝင်းတို့အုပ်စုရဲ့ နှိပ်စက်မှု အစစ်အမှန်တွေကို ရောထည့်ပေးလိုက်ပြီး စစ်အစိုးရက သူတို့လိုချင်တဲ့ နိုင်ငံရေးဝါဒဖြန့်ချိပွဲကို လုပ်ခဲ့တယ်။ ပြဿနာက ပြည်သူတွေဟာ အစိုးရသတင်းစာရှင်းလင်းပွဲထဲက အချက်အလက်တွေကို ဘာတခုမှ မယုံကြည်ခဲ့ကြတော့၊ မြောက်ပိုင်းမှာ နှိပ်စက်သတ်ဖြတ်ခဲ့ တာတွေကိုလည်း နားမထောင်ခဲ့ကြတော့ဘူး။ ပြန်ဝင်လာတဲ့ ကျောင်းသားတွေက သူတို့ရဲ့ ဒဏ်ရာကို လှန်ပြလည်း အစိုးရရဲ့လုပ်ကြံဝါဒဖြန့်မှု လို့ ထင်နေခဲ့ကြတယ်။ လှိုင်းက တအားကြီးနေတဲ့အချိန်၊ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ စစ်ထောက်လှမ်းရေးတွေ ကလည်း ဒီအချက်ကို သဘောပေါက်ပုံရတယ်။ မြောက်ပိုင်းကနေ အသက်လုပြေးလာတဲ့ ကျောင်းသားတွေလည်း ကံမကောင်းကြပါဘူး။ ထောင်ဒဏ်နှစ်ရှည်တွေ ကျကုန်ကြပြန်တယ်။

(၀)

ကိုထွန်းအောင်ကျော် အကြောင်းကို ပြောမယ်ဆိုရင် ဗကသ ညီလာခံနှစ်ခုအကြောင်းကို မိတ်ဆက်ပေးရမယ်။ ၁၉၈၈ အရေးတော်ပုံ အပြီး နောက်ဆုံးကျင်းပတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများညီလာခံ နှစ်ခုလုံးဟာ မန္တလေးမှာ ကျင်းပခဲ့တာဖြစ်တယ်။ ၁၉၈၉ မှာကျင်းပတဲ့ ဗကသ ညီလာခံကို မန္တလေးတက္ကသိုလ်၊ အင်း၀ဆောင် (၉) မှာ ပြုလုပ်ခဲ့တယ်။ ရန်ကုန်ဗကသခေါင်းဆောင်တွေက ကိုပြုံးချို၊ ကိုဇော်ဇော်အောင်၊ ကိုရန်မျိုးသိန်း ( ဆေးတက္ကသိုလ်)၊ ဒုတိယအကြိမ်ကျင်းပတဲ့ ညီလာခံက ၁၉၉၀ ၊ မန္တလေး မစိုးရိမ်တိုက်ထဲမှာ ကျင်းပတာဖြစ်တယ်။ ရန်ကုန် ဗကသ က နှစ်ဖွဲ့ကွဲ နေတယ်။ ကိုကိုကြီး ဦးဆောင်တဲ့ ဗကသ နဲ့ ကိုအောင်ထွန်း( ကျောင်းသားသမဂ္ဂ သမိုင်းစာအုပ်ရေးသူ)၊ ဗသက်အောင်၊ ဖြိုးမင်းသိန်း တို့ ခေါင်းဆောင် တဲ့ (အောက်ဗမာပြည်၊ ဗကသ)၊ အခု ရှစ်လေးလုံးမျိုးဆက်မှာ လုပ်နေတဲ့ ကိုထွန်းမြင့်အောင် ဆိုတာလည်း ဖြိုးမင်းသိန်းနဲ့တဖွဲ့တည်းပဲလေ။ ၁၉၉၀ တလျှောက်၊ ရန်ကုန် ဗကသ နှစ်ဖွဲ့လုံး မန္တလေးကို လာကြရတယ်။ ကိုပြုံးချို၊ ကိုညိုထွန်း၊ ကိုကိုကြီး တို့တတွေလည်း သက်ရှိထင်ရှားရှိနေပါသေးတယ်။ ပြည်ပမှာရောက်နေသော မဟာ့ မဟာ ကျောင်းသားတော်လှန်ရေး ခေါင်းဆောင် ဆိုသူများ----- ကိုယ့်သမိုင်းတွေချည်း ကိုယ်ရည်သွေး အမွှန်းတင်ပြောမနေပါနဲ့။ သူများတွေရဲ့ သမိုင်းတွေကိုလည်း အသိအမှတ်ပြုကြပါအုံး။ အပြင်မှာ သမိုင်းလိမ်တာတွေ၊ လက်ဝါးကြီးအုပ်တာတွေများလာတယ်။ ဂိုဏ်းဂဏဖွဲ့ရန်ဖြစ်တာကလည်း များလာတယ်။ တယောက်နဲ့တယောက် ကလည်း လေးစားမှုမရှိတော့ဘူး။ နောက်မျိုးဆက်တွေကလည်း မလေးစားတော့ဘူးလေ။ သမိုင်းနားမလည်တော့ ဗကသ ခေါင်းဆောင်က ထောက်လှမ်းရေးဖြစ်၊ NGOs တွေဆီမှာ ပိုက်ဆံရှာနိုင်တဲ့သူတွေက ခေါင်းဆောင်ဖြစ်လို့ဖြစ်နဲ့။ ပြည်ပမှာ အဲ့သလို မိုးကြီးချုပ်နေမဲ့အစား၊ ရှစ်လေးလုံးမျိုးဆက်ရဲ့ ဂုဏ်သိက္ခာကို ပြန်ပြီးတော့ ဆယ်ယူကြစေချင်ပါတယ်။ ကိုထွန်းအောင်ကျော် ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်းမှာ မန္တလေး ကျောင်းသားတွေရဲ့ ကိုယ်ပိုင်အသံလွှင့်ဌာနတခုရှိပါတယ်။ GTI ကျောင်းဝင်း အတွင်းကနေ ထုတ်လွှင့်တာပါ။ ကိုထွန်းအောင်ကျော် ဆိုတာ ဂျီတီအိုင် ကျောင်းသားသမဂ္ဂရဲ့ ဥက္ကဋ္ဌ ပါ။ သူ့ကို ချစ်ခင်လေးစားသူ တွေက "အကိုကြီး" လို့ခေါ် ဆိုလေ့ရှိတယ်။ အရေးတော်ပုံအရှိန်မြင့်လာတယ်။ သူ့ကိုလည်း သပိတ်တပ်ပေါင်းစုထဲမှာ တွေ့လာရတယ်။ ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း အစည်းအဝေးပွဲတွေမှာ သွားတက်ခဲ့တယ်။ ဒေါ်ခင်ကြည်ရှာပန အခမ်းအနားတွေမှာ ဦးဆောင်ပါဝင် ခဲ့တယ်။ ရန်ကုန်ကျောင်းသားခေါင်းဆောင်တော်တော်များများက သူ့ကို သိကြပါတယ်။ သူ့ရဲ့ ညီ ကိုလတ် က ကိုမောင်မောင်ဝမ်းတို့နဲ့ အတူ မကသ မှာ လုပ်တယ်။ ဗကသ သမဂ္ဂညီလာခံ ( ၁၉၈၉) ၁၉၈၈ ဩဂုတ်စ် (၂၈) မှာ ပြုလုပ်ခဲ့တဲ့ ဗကသ ညီလာခံဟာ တတိုင်းပြည်လုံးက ကျောင်းသားတွေကို မစုစည်းနိုင်ခဲ့ဘူး။ ကျောင်းသားတွေဟာ တနိုင်ငံလုံးကို ကိုယ်စားပြုမဲ့ ညီလာခံတခုကိုကျင်းပကြဖို့ ပြင်ဆင်ခဲ့ကြတယ်။ ထုံးစံအတိုင်း ဗကသ၊ မကသ ကွဲနေတော့ မန္တလေးမှာ ညီလာခံနှစ်ခုဖြစ်ခဲ့တယ်။ တခုက- မန္တလေးတက္ကသိုလ်၊ အင်း၀ဆောင် (၉) မှာ ကျင်းပတဲ့ ဗကသ ညီလာခံ။ နောက်တခုက ကိုမောင်မောင်ဝမ်း၊ ကိုလတ်၊ တို့ ဦးစီးကျင်းပတဲ့ ရတနာဘုံမွှံနယ်မြေ ကဋ္ဌနဆောင် ထဲက၊ မကသ ညီလာခံ။ ရန်ကုန် ဗကသ ကနေ တက်လာတဲ့ ကျောင်းသားခေါင်းဆောင်တွေက ကိုပြုံးချို၊ ကိုဇော်ဇော်အောင်၊ ရန်မျိုးသိမ်း တို့ဖြစ်တယ်။ ကိုညိုထွန်း ကတော့ မန္တလေးမှာ ဗကသ ဖွဲ့စည်းဖို့အတွက် ဘုရားကြီး၊ မြတောင်၊ မစိုးရိမ် --

စတဲ့ ဘုန်းကြီးကျောင်းအစည်းအဝေးတွေမှာ ကတည်းက ကျောက်ချ ပါဝင်နေတော့တယ်။ အဲ့ဒီညီလာခံမှာ- ဗကက ( အထက်ဗမာပြည်) ဥက္ကဋ္ဌ က ကိုသန့်စင် ( ဆေးတက္ကသိုလ်) နဲ့ အပြိုင် ကျောင်းသားထုထောက်ခံတဲ့ခေါင်းဆောင်က ကိုထွန်းအောင်ကျော်။ သူကလည်း လူချစ်လူခင်များတယ်။ ၁၉၈၉ ဗကသ ညီလာခံကို ရော်နယ်အောင်နိုင် ( အနကလ)၊ ကိုစိုးလင်း ( အနကလ) တို့လည်း ပါဝင်ခဲ့ကြပါတယ်။ လူထုဒေါ်အမာ၊ MA ဒေါ်အုံး၊ ဒေါ်ကြည်ကြည် ( သခင်ဇင့် မိန်းမ) တို့လို နာမည်ကြီး မျိုးချစ် ပုဂ္ဂိုလ်တွေအပြင်၊ နိုင်ငံရေးအဖွဲ့ အသီးသီးက ပုဂ္ဂိုလ်တွေ၊ ရဟန်းသံဃာတော်တွေ၊ တက်ရောက်ခဲ့ကြတယ်။ ဒီညီလာခံထဲမှာ ဗိုလ်ကြီးမြင့်ဦးရဲ့ စစ်ထောက်လှမ်းရေးတွေကလည်း တရားဝင်တက်ရောက် သတင်းယူခဲ့ကြတယ်။ အဲ့ဒီတုံးက ကိုထွန်းအောင်ကျော်ဘေးမှာ တိုးတိုးတိတ်တိတ် နဲ့ အကြံပေးလိုက် လုပ်နေတာ ရော်နယ်အောင်နိုင် ပဲ မဟုတ်လား။ တကယ်တော့ ရော်နယ်အောင်နိုင်၊ ကိုထွန်းအောင်ကျော်၊ ကိုစိုးလင်း ဆိုတာ ညီလာခံမှာ တတွဲတည်းထိုင်ခဲ့တဲ့ သူငယ်ချင်တွေမဟုတ်လား။ ကဲ-- ဗကသခေါင်းဆောင်တယောက်ဟာ ထောက်လှမ်းရေးဖြစ်လို့ ခေါင်းဖြတ်သတ်လိုက်ပါတယ် ဆိုတဲ့ အခိုင်အမာဝန်ခံချက်တွေကို မွန္တလေးသားတွေကို ရှင်းပြပေးသင့်တာပေ့ါ။ မွန္တလေးသားတွေကလည်း ဒီကိစ္စကို ပြင်းပြင်းထန်ထန် တုန့်ပြန်ကြမယ်ဆိုတာတော့ ယုံကြည်စေချင်ပါတယ်။ အချက်အလက်တွေ များနေမှာမို့ တတိယပိုင်း ကို ဒီမှာပဲ ရပ်လိုက်ပါမယ်။ စတုတ္ထပိုင်းမှာ " နန်းအောင်ထွေးကြည်" ရဲ့ အစီရင်ခံစာတွေ ကို သူမရဲ့ မှုရင်းလက်ရေးနဲ့အတူ တင်ပြပေးပါမယ်။

(အပိုင်း- ၄)

အခုပြောနေတဲ့ ကိစ္စက " ခင်ဗျား ဘယ်သူ့ကို ချစ်လဲ " ဆိုတဲ့ မေးခွန်းမဟုတ်ဘူး ခင်ဗျားဟာ ရက်စက်ကြမ်းကြုတ်၊ ယုတ်မာသူတွေကို ကာကွယ်ခုခံမလား (ဒါမှမဟုတ်) ဒီမိုကရေစီ နဲ့ အပြစ်မဲ့ပြည်သူလူထုဘက်က ရပ်တည်မလား ဆိုတဲ့ ရွေးချယ်မှုဖြစ်တယ် ဒီ တပွဲမှာ ကိုယ့်ရဲ့သမိုင်းတန်ဘိုးကို ကိုယ့်ဘာသာ သတ်မှတ်ကြရပါလိမ့်မယ်။

အစုလိုက်အပြုံလိုက်လူသတ်ပွဲကြီးကို ကျူးလွန်ခဲ့သူတွေက " သူတို့ ကွပ်မျက်ခဲ့တဲ့ ကျောင်းသား (၁၅) ယောက်ဟာ အစိုးရသူလျှိုတွေဖြစ်ကြောင်း ခိုင်မာတဲ့အထောက်အထားတွေ ရှိပါတယ်" လို့ ဆိုခဲ့တယ်။ တကယ်တော့ သူတို့ပြောပြောနေတဲ့ ခိုင်လုံတဲ့အထောက်အထားဆိုတာ " မြောက်ပိုင်းစစ်ကြောရေးခွေ" လို့ လူသိများတဲ့ ဗွီဒီယို တိတ်ခွေလေးတခုထင်ပါရဲ့။ အဲ့ဒီ တိတ်ခွေလေးထဲမှာ နှိပ်စက်ညှင်းပမ်းခံရသူတွေရဲ့ ဖြောင့်ချက်တွေကို တမှတ်တရ ရိုက်ကူးထားတယ်။ သူတို့ကသာ အဲ့ဒီတိတ်ခွေလေးကို ခိုင်လုံတဲ့အထောက်အထားအဖြစ်ယုံကြည်ပြီး ရည်ညွှန်းနေတာ။ ကျနော်ကတော့ အဲ့ဒီတိတ်ခွေဟာ ကိုယ့်ရှူးကိုယ်ပြန်ပတ်တဲ့ သက်သေ ( သို့မဟုတ်) ကိုယ့်လည်ပင်းကို ကိုယ့်ဘာသာပြန်ညှစ်မဲ့ ကြိုးကွင်းလို့ ပဲ မြင်မိတယ်။ အဲ့ဒီ တိတ်ခွေလေးကို သေသေချာချာ ကြည့်ခဲ့မိဘူးပါတယ်။ အဲ့ဒီတိတ်ခွေလေးကို ကြည့်ပြီး၊ " စစ်ကြောရေးကို ဦးဆောင်သူတွေကလဲကွာ ဒီလောက်တောင် ညံ့ရသလား၊ ဒီလောက်တောင် ဗဟုသုတ နည်းလှချည်းလား" လို့ တွေးနေမိတယ်။ တကယ်တော့ စစ်ကြောရေးကို ဦးဆောင်ခဲ့ကြသူတွေဟာ မန္တလေးလှုပ်ရှားမှု ကို ကောင်းကောင်းနားလည်ပုံမရပါဘူး။ သတ္တိရှိကြမယ်ဆိုရင်- အဲ့ဒီ တိတ်ခွေလေးကို ဖေ့ဘွတ်မှာတင်ပေးပြီး ပြည်သူအားလုံးကို ပြပေးပါလား။ မန္တလေးကျောင်းသားတွေအတွက်တော့ အထူးလက်ဆောင်တခုဖြစ်မှာပါ။ ကိုယ့်သူငယ်ချင်းတွေ ရှိကြရမှာပါ။ ဒါပေမဲ့ သဲလွန်စတခုပေးပြီး အတိတ်ကို နည်းနည်းနိုးဆွထားချင်တယ်။ မန္တလေးကျောင်းသားတွေ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ထောက်လှမ်းရေး (၁)၊ ထောက်လှမ်းရေး (၁၆) ၊ ဗိုလ်ကြီး မြင့်ဦး နဲ့ အမျိုးသားထောက်လှမ်းရေး ဗျူရို ဆိုတာတွေ ပါမယ်ဗျာ။ သူတို့ဘယ်လို လုပ်ထားသလဲ။ စောင့်ကြည့်ကြရအောင်ပါ။

မြောက်ပိုင်းဒေသမှ အရိုးတွန်သံများ (အပိုင်း-၄-) အဖြစ် နန်းအောင်ထွေးကြည် ရဲ့ အစီရင်ခံစာ ကို တင်ပြသွားမှာဖြစ်ပါတယ်။ ပထမပိုင်းမှာ- ကျောင်းသားတပ်မတော် ( မြောက်ပိုင်း) စတင်တည်ထောင်ခြင်း နဲ့ အာဏာအလွဲသုံးစားလုပ်မှု၊ ခေါင်းဆောင်တွေရဲ့ အခွင့်ထူးခံလူတန်းစား တည်ဆောက်မှုတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို တင်ပြထားပါတယ်။

ခင်မင်လေးစားစွာဖြင့်

အောင်မိုးဝင်း



**နန်းအောင်ထွေးကြည်ရဲ့ အစီရင်ခံစာ**

( က )

ကျောင်းသားတပ်မတော် ABSDF ( NB )ကို မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ဒေသဖြစ်သည့် KIA ဗဟို ဌာနချုပ် ပါဂျောင်ဒေသ လိုင်စင်စခန်း တရုတ်ပြည်နယ်စပ်တွင်တည်ထောင်ခဲ့သည်။ တရုတ်ပြည် ယွနန် ပြည်နယ် ရွှေလီမြို့မှ ကားလမ်းခရီးဖြင့် ဧကဒိုင်အေ ဗဟိုဌာနချုပ်သို့ အလွယ်တကူသွားရောက်နိုင်သည်။ ကျောင်းသားတပ်မတော်ကို ၁၉၈၈ ကာလတွင် ABSDF ( ကချင်ပြည်နယ် ) အနေဖြင့်စတင်ထူထောင်ခဲ့သည်။ ထိုစဉ်က ကိုကျော်ကျော်မှ ကချင်ပြည်နယ် ဥက္ကဌ အဖြစ်တာဝန်ယူခဲ့ပြီး စစ်ရေးတာဝန်ခံအဖြစ် မြင့်စိုး ခေါ် သံချောင်းနှင့် အတွင်းရေးမှူးအဖြစ် မိုးညှင်းမြို့နယ် နမ်းမားမှ နမ့်ခေါက်လော ရွာနေ…မျိုးဝင်းတို့က တာဝန်ယူ ဦးစီးခဲ့ကြသည်။ ဗဟိုဦးစီးမှူးများအဖြစ် လွှမ်းမိုးနှင့် နေဒွန်းတို့မှ တာဝန်ယူခဲ့ကြသည်။

၁၉၈၉ ခုနှစ် ဧပြီလတွင် မိမိနှင့်အတူ ရန်ကုန်မြို့မှ မခင်ချိုဦး ၊ ဒွေးမြင့်ဝင်း ၊ အောင်ကျော်ဦးနှင့် သန်းထွန်းစိုးခေါ် တိုက်ပိတ် ငါးဦးအဖွဲ့ အေဘီအက်စ်ဒီအက်ဖ် (ကချင် ပြည်နယ်) သို့ရောက်ရှိခဲ့ကြပြီး သန်းထွန်းစိုးမှအပ မိမိအပါဝင် လေးဦးမှာ ကျောင်းသားတပ်မတော် စစ်သင်တန်းအပတ်စဉ် (၃) သို့တက်ရောက်ခဲ့သည်။ သန်းထွန်းစိုးမှာ ရန်ကုန်မြို့သို့ စည်းရုံးရေး အင်အားစုဆောင်းရေးအတွက် အမှတ်စဉ် (၃) သင်တန်းမတက်ရောက်ခဲ့ပါ။

၁၉၈၉ ခုနှစ် နှစ်လည်ပိုင်းခန့်တွင် အမှတ်စဉ် ၁ မှ ကျောင်းသားရဲမေ ခင်မာအေး (မြစ်ကြီးနား) အမဖြစ်သူ မမူနဲ့အတူ ABSDF (ကချင်ပြည်နယ်) သို့ရောက်ရှိလာသော မြတ်ကို ဆိုသူအား စစ်အစိုးရ သူလျှို အဖြစ် စွပ်စွဲပြီး သတ်ဖြတ်ခဲ့သည်။ ထိုသတ်ဖြတ်မှုကို မျိုးဝင်းနှင့် သံချောင်းတို့မှ ဦးဆောင်ခဲ့သည်။ ထိုစဉ်အချိန်ကာလက ABSDF (

ကချင် ) ဉက္ကဌ ကိုကျော်ကျော်မှာ တာဝန်ဖြင့် မာနယ်ပလောရှိ ABSDF (တောင်ပိုင်း ဗဟို) သို့သွားရောက်နေချိန်ဖြစ်သည်။ ABSDF (ကချင်ပြည်နယ်) ဦးစီးမှုများ နှင့် ဗဟို ကော်မတီဝင်များမှာလည်း တာဝန်အသီးသီးဖြင့် ရှေ့တန်းစခန်း များသို့ရောက်ရှိနေချိန်ဖြစ်သည်။

(၁)

ABSDF ( ကချင်ပြည်နယ် ) စစ်သင်တန်း အမှတ်စဉ် ( ၄ ) ကို ဗဟိုဌာနချုပ် ပါဂျိုဒေသ လိုင်စင်စခန်းတွင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းအမှတ်စဉ် ( ၅ )တွင် ရန်ကုန်နှင့် မန္တလေးမှ ကျောင်းသားအများအပြားပါဝင်လာခဲ့သည်။ သန်းထွန်းစိုး ခေါ် တိုက်ပိတ် နှင့်အတူ ရန်ကုန် ၊ ပဲခူးမှကျောင်းသားအချို့ပါလာပြီး သင်တန်းအမှတ်စဉ်(၅) ကိုတက်ရောက်ခဲ့သည်။ ထိုအပတ်စဉ် ( ၅ ) သင်တန်းအချိန်ကာလတွင် တပ်တွင်းမကျေနပ်မှုများ သင်တန်းသားများအတွင်း၌ ဖြစ်ပွားခဲ့သည်။ အတွင်းရေးမှူးတာဝန်ယူထားသော မျိုးဝင်း ၏ ဒေသအစွဲနှင့် သဘောထားကျဉ်းမြောင်းမှု အတွေးအမြင် တဘက်သတ်ဆန်မှုများ အပေါ် အဓိကထားပြီး မကျေနပ်မှုများ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ထို အပတ်စဉ် ( ၅ ) နှင့် ( ၆ ) သင်တန်းသားများထဲတွင် နောင် ABSDF (NB) ဉက္ကဌ ဖြစ်လာမည့် အောင်နိုင် (ယခု ရော်နယ်အောင်နိုင် ဟူသောအမည်ဖြင့် ယိုးဒယားနယ်စပ်နှင့် ချင်းမိုင်တွင် သတင်းထောက်လုပ်နေသူ ဘီဘီစီ မြန်မာပိုင်းအစီစဉ်မှ ၂၀၀၈ ခုနှစ်တွင် နှုတ်ထွက်စာတင်ခဲ့ရသူ)၊ ရဲလင်း၊ညီညီကျော် (နောင်တွင် စစ်အစိုးရ၏သူလျှိုများအဖြစ် ဖမ်းဆီးခံရသူ) တို့သည် ..ABSDF (NB) ဗဟိုကော်မတီအဖြစ် ရွေးချယ်ခံရသူများ ပါဝင်ပါသည်။ အပတ်စဉ် (၅) သင်တန်း မဖွင့်မီတွင် ABSDF (ကချင်ပြည်နယ်ကို) ABSDF (၇၀၁) တပ်ရင်းအဖြစ် သတ်မှတ်ခဲ့ပါသည်။

အပတ်စဉ် ( ၅ ) သင်တန်းကာလအတွင်း ဖြစ်ပွားခဲ့သော တပ်တွင်းမကျေနပ်မှု များကြောင့် ABSDF (၇၀၁) တပ်ရင်း နောက်တန်းရှိ ရဲဘော် ရဲမေများနှင့် အပတ်စဉ် (၅) ကျောင်းသား သင်တန်းသားများအား မျိုးဝင်းမှ မကျေလည်မှုများ ဆွေးနွေးရန်အတွက် တပ်တွင်းခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ကျောင်းသားအများအပြားမှ..... ဦးဆောင်တာဝန် ယူနေသော ကျောင်းသား ခေါင်းဆောင်များနှင့် ရဲဘော်ရဲမေများ အကြား ကွာဟမှုများ၊ မျိုးဝင်း၏ တဘက်စွန်းရောက်သောစိတ်ဓါတ်များ၊ မျိုးဝင်း ၏ ဒေသစွဲ တယူသန်အတွေးအမြင်များ မတရားမှုများကို ဝေဖန်ပြောဆိုခဲ့ကြသည်။ သို့သော်လည်း မျိုးဝင်းမှ " ငါတို့တော်လှန်ရေးလုပ်ဘို့တောထဲလာတာ ဒီမိုကရေစီအတွက် လာတာ ဖြစ်တယ် ဒီမိုကရေစီခံစားဘို့မဟုတ်ဘူး စစ်တပ်မှာ ဒီမိုကရေစီမရှိဘူး ရွေးကောက်ပွဲမရှိဘူး " ဟုပြောဆိုပြီး တင်ပြမှုများနှင့် မေးခွန်းများကိုမေးကြားခြင်းကို ဖြေကြားခြင်းမရှိပဲ ပယ်ချခဲ့သည်။ ညှိနှိုင်းမှုမရှိပဲ..တွေ့ဆုံဆွေးနွေးပွဲကိုရုတ်သိမ်းခဲ့သည်။ မကျေလည်မှုများပိုမိုပြင်းထံခဲ့သည်။

မျိုးဝင်း မှ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် သူ့အား ဝေဖန်တိုက်ခိုက်ခဲ့သူများအား အငြိုးကြီးစွာဖြင့်မှတ်သားထားသည်။ အကြောင်းမှာ သူ့အားဝေဖန်တိုက်ခိုက်ခဲ့သူများအားလုံးသည် ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် စတင်ဖမ်းဆီးခဲ့သည့်

သမိုင်းဆိုးတွင်ခဲ့သည့် စစ်အစိုးရ သူလျှိုအဖြစ် အစုလိုက်အပြုံလိုက် ဖမ်းဆီးနှိပ်စက်၊ ခေါင်းဖြတ်သတ်ဖြတ်ခံခဲ့ကြသည်မှာ မိမိအပါဝင်ဖြစ်ပါသည်။

(၈)

အမှတ်စဉ် (၅) သင်တန်းပြီးဆုံးပြီး ABSDF (၇၀၁) တပ်ရင်းမှ ABSDF (မြောက်ပိုင်း ဗဟို) အဖြစ် ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်ပြောင်းလဲ ရေးအတွက် ညှိနှိုင်းရေးများပြုလုပ်ခဲ့သည်။ ဥက္ကဋ္ဌ နှင့် ဗဟိုကော်မတီဝင် အသစ်များပြန်လည်ဖွဲ့စည်းရေးအတွက် စည်းရုံးရေးများ ပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်း ကိုယ်စားလှယ်အဖြစ် သန်းထွန်းစိုး ကို စာရင်းပေးသွင်းခဲ့ကြသည်။ ကိုယ်စားလှယ်အသီးသီးမှာလည်း စည်းရုံးရေးအတွက် တာဝန်များနှင့် ရှေ့တန်းနယ်မြေများသို့ ထွက်ခွာခဲ့ကြသည်။ ယွင်ရှေ့တန်းနယ်မြေမှာ ရှိနေသော ABSDF (ကချင်ပြည်နယ်) ဦးစီးမှူး လွှမ်းမိုး မှာ နောက်တန်းဗဟို (၇၀၁) သို့ ပြန်လည်ရောက်ရှိလာသည်။ လွှမ်းမိုးနှင့် မျိုးဝင်း တို့ နှစ်ဦးကြားတွင် မကျေလည်မှုများ ရှိခဲ့သည်။ လွှမ်းမိုးမှ မျိုးဝင်းအား တပ်တွင်း ရံဘုံငွေ နှင့် ကျောက်စိမ်းရောင်းဝယ်မှုများတွင် မျိုးဝင်းမှ ကိုယ်ကျိုးသုံးကြောင်း စွဲချက်တင်ရန် ကြိုးပမ်းခဲ့သည်။
သို့သော် မျိုးဝင်းက သူ၏ ဒေသခံနယ်လူများ၏ နောက်ခံအင်အားတောင့်တင်းမှုကြောင့် မျိုးဝင်းနှင့် သံချောင်းတို့ ဦးဆောင်ပြီး၊ လွှမ်းမိုးအား ၁၉၉၈ မတ်လ ခန့်တွင် ဖမ်းဆီးပြီး စစ်အစိုးရ သူလျှိုအဖြစ် စွပ်စွဲခါ နှိပ်စက်ညှင်းပမ်းခဲ့သည်။ တချိန်တည်းမှာပင် ရန်ကုန်တိုင်းတာဝန်ခံ ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်မည့် သန်းထွန်းစိုး ကိုပါ ဖမ်းဆီးခဲ့သည်။ ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ဖို့ အကြပ်ကိုင်ခဲ့သည်။ သန်းထွန်းစိုးမှ နုတ်ထွက်ခဲ့သည်။ ရဲလင်းမှ ရန်ကုန်တိုင်း ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်ရန် သဘောတူခဲ့သည်။
လွှမ်းမိုးအား ဖမ်းဆီးပြီး ညှင်းပမ်းနှိပ်စက် စစ်ကြောရေးဝင်နေစဉ်ကာလအတွင်း မျိုးဝင်းမှ ရဲဘော်တဦးအား စေလွှတ်ပြီး မိမိအား စစ်ကြောရေးနေရာသို့ လာရန် အမိန့်ပေးခဲ့သည်။ မိမိမှာ ထိုအချိန်က လွှမ်းမိုး၏ ဦးစီးရုံးတွင် တာဝန်ယူနေခဲ့သူဖြစ်သည်။ လွှမ်းမိုးအား စစ်ကြောနေသောအခန်းထဲတွင် လွှမ်းမိုး၏ ရှေ့တွင်ပင် မျိုးဝင်းက မိမိ ၏ နားထင်ကို သေနတ်ဖြင့် တေ့ပြီး " လွှမ်းမိုး က မင်းကို ဘာတွေခိုင်းလဲ" ဟု မေးမြန်းခဲ့သည်။ အမှန်စင်စစ်မှာ ထိုအချိန်က မိမိအား ထောက်လှမ်းရေး သူလျှိုအဖြစ် စွပ်စွဲဖမ်းဆီးဖို့ အစီအစဉ်ရှိကြောင်း နောင်မှ သိခဲ့ရသည်။ သို့သော်လည်း ကံကောင်းစွာဖြင့် သံချောင်းမှ " မငယ် မင်းပြန်တော့" ဟု အမိန့်ပေးသဖြင့် အဆောင်သို့ပြန်ခဲ့သော်လည်း ဘာကြောင့် မိမိ ဦးခေါင်းအား သေနတ် ဖြင့်ချိန်ပြီး မေးမြန်းခဲ့ရခြင်းကို စဉ်းစားမိသည်။
ထိုအဖြစ်အပျက်ဖြစ်ပြီး ၃-၄ ရက်အကြာတွင် မျိုးဝင်းနှင့် သံချောင်း ဦးဆောင်ပြီး၊ လွှမ်းမိုးနှင့် သန်းထွန်းစိုး တို့အား လက်နောက် ပြန်ကြိုးတုပ်ပြီး တပ်ရင်း၏ ဗဟိုအလည်ဖြစ်သည့် စစ်ရေးလေ့ကျင့်ရေးကွင်းသို့ ခေါ်ဆောင်လာသည်။ ရဲဘော်၊ ရဲမေများ အားလုံးကိုလည်း လူစစ်၊ တန်းစီ ခိုင်းပြီး သတိဆွဲခိုင်းထားသည်။ ကွင်းလယ်ခေါင်တွင် ကျင်းတူးထားပြီး ထိုကျင်းထိပ်တွင် လွှမ်းမိုးနှင့် သန်းထွန်းစိုး တို့အား ကြိုးတုတ်လျှက်နှင့် ထိုင်ခိုင်းထားသည်။
မျိုးဝင်းနှင့် သံချောင်းတို့မှ လွှမ်းမိုးအား "ထောက်လှမ်းရေးသူလျှိုမဟုတ်လား" ဟု ကျယ်လောင်စွာ ဒေါသတကြီး မေးသည်။

လွှမ်းမိုးမှ " ကျနော် မဆလ မဖြစ်ပါရစေနဲ့ ဗကပ ( ဗမာပြည်ကွန်မြူနစ်ပါတီ) ပဲ ဖြစ်ပါရစေဗျာ" ဟု ဖြေကြားခဲ့သည်။ သံချောင်းမှ လွှမ်းမိုးအား သေနတ်ဖြင့် ချိန်ပြီး တန်းစီနေသော မိမိတို့ ကျောင်းသားရဲဘော် ရဲမေများ ရှေ့တွင် သွေးအေးစွာ ပစ်သတ်ခဲ့သည်။ လွှမ်းမိုး၏ အသက်ကင်းမဲ့သော ခန္ဓာကိုယ်ကြီးအား တိရစ္ဆာန်တကောင်ကဲ့သို့ ကန်ချပြီး မြေဖို့ကာ လူသတ်ပွဲကိုကြည့်နေခဲ့ရသော မိမိတို့အား၊ ထိုမြေပုံပေါ်တွင် စစ်ရေးပြလျှောက်ခိုင်း ဖို့ အမိန့်ပေးခဲ့သည်။ သန်းထွန်းစိုးအား ကြိုးတုပ်လျှက် နှင့် ပင် အချုပ်ခန်းသို့ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။ ၁၉၉၁ ဧပြီလတွင် သန်းထွန်းစိုး အား အချုပ်မှ လွှတ်ပေးခဲ့သည်။

(ဃ)

လွှမ်းမိုးအား သတ်ဖြတ်ပြီး မကြာမီ၊ စစ်သင်တန်းအမှတ် (၅) သင်တန်းဆင်းခဲ့သူ ရန်ကုန်မှ "ကိုအောင်ကျော်" ဆိုသူကိုလည်း မသက်ကာ မှ နှင့် မျိုးဝင်းနှင့် သံချောင်းမှ ဖမ်းဆီးခဲ့ပြီး စစ်ကြောရေးမှာ နှိပ်စက်ခဲ့သည်။ ထို စစ်ကြောရေး ဒဏ်ရာနှင့်ပင် ကိုအောင်ကျော်မှာ KIA ဆေးရုံတွင် ဆေးကုသမှု ခံရင်းနှင့် အသက်ဆုံးရှုံးခဲ့ရသည်။ များမကြာမီ ဖွဲ့စည်းအုပ်ချုပ်ပုံ ရွေးကောက်ပွဲအတွက် ရှေ့တန်းသို့ထွက်သွားသူများ၊ ဗဟိုနောက်တန်းသို့ ပြန်ရောက်ရှိလာခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ABSDF ( မြန်မာပြည် မြောက်ပိုင်း ဥက္ကဋ္ဌအဖြစ် ကိုထွန်းအောင်ကျော် (မန္တလေး)၊ အထွေထွေ အတွင်းအရေးမှူးအဖြစ် အောင်နိုင်(မန္တလေး) နှင့် စစ်ရေးတာဝန်ခံအဖြစ် သံချောင်းတို့ကို ပြန်လည်ရွေးချယ်ခဲ့သော်လည်း မျိုးဝင်းမှာ မဲမရပဲ ရှိနေခဲ့သည်။ သို့သော်လည်း ဗဟိုကော်မတီဝင်များ၏ ဆုံးဖြတ်ချက်အရ၊ မည်သူမျှ မဲပေးရွေးချယ်ခြင်းမရှိခဲ့သော မျိုးဝင်းအား ABSDF (ကချင်) အနေဖြင့်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သူတဦးအနေဖြင့် တွဲဘက်အတွင်းရေးမှူး (၁) နှင့် ဒု- စစ်ရေးတာဝန်ခံရာထူးကို ပေးခဲ့သည်။
ABSDF ( မြောက်ပိုင်း) အဖြစ်ဖွဲ့စည်းအပြီးတွင် ယိုးဒယားမြန်မာနယ်စပ်ရှိ မာနယ်ပလော စခန်းမှ ABSDF ဗဟို ဌာနချုပ် ဥက္ကဋ္ဌ ကိုမိုးသီးဇွန်မှ အမှတ် ( ၅၀၁) တပ်ရင်းကို ABSDF ( မြောက်ပိုင်း) တွင်အင်အားဖြည့်ပူးပေါင်းဖို့ စေလွှတ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မှ (၄၀၁) တပ်ရင်းတို့ရှိလာပြီး၊ ကျောင်းသားရဲဘော် ကိုယ်ပိုင်နံပါတ်မှာ ၅၀၀ ခန့်ရှိလာသည်။ ( အမှန်စင်စစ် လူအင်အားမှာ အကြောင်းအမျိုးမျိုးကြောင့် ၃၅၀ ခန့်သာ ရှိသည်)
၁၉၉၀ ခုနှစ် နှစ်လည်ပိုင်းလောက်တွင် နောက်တန်းတွင် ရှိနေသော ကျောင်းသားရဲဘော်ရဲမေများ တာဝန်ဖြင့် ရှေ့တန်းသို့ တဖွဲ့ပြီး တဖွဲ့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ သန်းထွန်းစိုး မှာ ရှေ့တန်းတွင် စစ်အစိုးရတပ်နှင့် တိုက်ပွဲဖြစ်ပွားပြီး စစ်အစိုးရ၏ ဖမ်းဆီးမှုကို ခံခဲ့ရသည်။ မိမိလည်း ရှေ့တန်း ဗန်းမော် ခရိုင်သို့ တာဝန်ဖြင့်ထွက်ခွာခဲ့ရသည်။ ထိုခရီးစဉ်တွင် စစ်ရေးတာဝန်ခံ သံချောင်းတယောက် တိုက်ပွဲတွင် ဒဏ်ရာပြင်းထန်စွာရပြီး ညာဘက် လက် ဆုံးရှုံးခဲ့ရသည်။ များမကြာမီ မိမိတို့စစ်ကြောင်း ဗဟိုသို့ ပြန်လည်ရောက်ရှိခဲ့ပြီး၊ တာဝန်ပေးချက်အရ KIA မှ ဖွင့်လှစ်သော ဘဏ္ဍာရေးသင်တန်းသို့ တက်ရောက်ခဲ့ရသည်။ ရှေ့တန်းထွက် ကျောင်းသားရဲဘော် ရဲမေများ တဖွဲ့ဖွဲ့ နှင့် ဗဟိုနောက်တန်းသို့ ပြန်လည်ရောက်ရှိလာသည်။ ထိုနှစ် ၁၉၉၁ ခုနှစ် ရှေ့တန်းမှ ပြန်လည်ရောက်ရှိလာသော ကျောင်းသားရဲဘော်ရဲမေများ ABSDF ( မြောက်ပိုင်း) ဗဟို ဌာနချုပ် သို့ ပြန်လည်ရောက်ရှိခြင်းသည် ပြုပြင်မရတော့သည့် ကျောင်းသားတပ်မတော် ၏

ဆိုးသွမ်းသော သမိုင်းအမှားဖြစ်ရပ်ဆိုးများ ပေါ်ပေါက်ခဲ့ရသည့်နှစ် ဖြစ်စေခဲ့သည်။

ထို အချိန်မှာ တပ်တွင်းရှိ ကျောင်းသားရဲဘော်၊ ရဲမေများ ထမင်း နှင့် ဆားငပိ တို့သာ စားနေရချိန်တွင်၊ တပ်တွင်း ဦးဆောင်နေသော ကျောင်းသားခေါင်းဆောင် တာဝန်ယူထားသူများမှာ တလလျှင် တရုပ်ငွေ ယွမ် (၃၀) လခစားကြသည်။ လူကြီးများအတွက် အသေးသုံးစားစရိတ် ဆိုကာ အခွင့်ထူးခံစားကြသည်။ ကျောင်းသားခေါင်းဆောင်တိုင်းတွင် သူတို့၏ ဝေရာဝတ်စ ထမင်းချက်၊ အကျႌလျှော်၊ ထင်းခွေ၊ ကိုယ်ရေးကိုယ်တာ ခိုင်းစေရန်အတွက် တော်လှန်ရေးလုပ်ရန်လာသည့် ကျောင်းသားငယ်များအား အနားတွင်ထားပြီး ခိုင်းစားကြသည်။



နန်းအောင်ထွေးကြည် ရဲ့ အစီရင်ခံစာ ကို ဆက်လက်တင်ပြသွားပါမယ်။
ဒုတိယပိုင်းမှာ လူဖမ်းပွဲ စတင်ဖြစ်ပေါ်ခြင်းတွေကို အသေးစိတ်ဖတ်ရှုရမှာ
ဖြစ်ပါတယ်။

(အပိုင်း- ၅)

နားထောင်စမ်း-

ဒီည-- ပါရောင် ရဲ့အကျဉ်းထောင်ထဲမှာ "ယုဇနပင် နဲ့ ဖဲကြိုးဝါ" သီချင်း ဆိုမဲ့သူမရှိဘူး "ထွန်းအောင်ကျော်"ရဲ့ ဝိညာဉ်တွေက စန္ဒယားခလုတ်တွေပေါ်မှာ ပြေးဆော့နေတယ်၊ သမင္ဂ အလံတော်အောက်မှာ--- သမင္ဂ အလံတော် အောက်မှာ ------- တဲ့လေ...............

"လှဆိုင်း၊ မျိုးဝင်း၊ သံချောင်း၊ အောင်နိုင်၊ သန်းဇော်" တို့အတွက် ဆယ်ဘဝစာ လိပ်ပြာချောက်လန့်နေတော့မယ်

မြောက်ပိုင်းဒေသရဲ့ ရက်စက်ကြမ်းကြုတ် လူမဆန်တဲ့အစုလိုက် အပြုံလိုက် လူသတ်ပွဲကြီးအပြီး၊ မန္တလေးစစ်ထောက်လှမ်းရေးတွေ ပြောနေကျ စကားတခုရှိတယ်။ သူတို့ဖမ်းဆီးထားတဲ့ ကျောင်းသားတွေ ဆီက အဖြေမရမချင်း "ဟေ့ ကောင်တွေ မှန်မှန်ဖြေနော် မဖြေရင် ABSDF (မြောက်ပိုင်း) က ကောင်တွေကို ခေါ်လိုက်ရမလား" ဆိုတဲ့ ခြိမ်းခြောက်မှုပဲဖြစ်တယ်။ တကယ်တော့ ABSDF ( မြောက်ပိုင်း) ကို ၁၉၉၂ ခုနှစ်အတွင်းမှာ ခေါင်းဆောင်ခဲ့ကြသူတွေ၊ စစ်ကြောရေးစခန်းမှာ ပါဝင်ခဲ့တဲ့သူတွေဟာ ဖက်ဆစ်အစိုးရက ဆရာတင်ရလောက်အောင်အထိ ရိုင်းစိုင်းကြမ်းကြုတ်ခဲ့ကြတယ်။

ဒါဟာ ABSDF ( မြောက်ပိုင်း) ရဲ့ သမိုင်းဖြစ်တယ်။

အဖွဲ့ဝင် (၃၀၀) ကျော်လောက်သာ ရှိတဲ့အဖွဲ့မှာ ယုတ်မာသိမ်ဖျင်းတဲ့ အောက်တန်းစား လူတစု ဦးဆောင်ပြီး ကျောင်းသား အယောက် (၁၀၀) ကျော်ကို မတရားသဖြင့်စွပ်စွဲ ၊ တချို့ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တယ်။

ဒါဟာ ABSDF ( မြောက်ပိုင်း) ရဲ့ သမိုင်းဖြစ်တယ်။

ကျောင်းသားတပ်မတော်(မြောက်ပိုင်း) ဥက္ကဋ္ဌ နဲ့ ဗကသ ခေါင်းဆောင်တွေ အပါအဝင် အပြစ်မဲ့ ကျောင်းသားတွေကို လူမဆန်စွာနှိပ်စက်သတ်ဖြတ်ခဲ့တယ်။ သမိုင်း ဆိုတာ လိမ်ညာလို့မရဘူး။ ပြင်ဆင်လို့မရဘူး။ ဖာထေးကာကွယ်လို့မရဘူး " နိုင်ငံရေးအတွေ့အကြုံ

မရင့်ကျက်ခြင်း” ဆိုတာကို နားလည်နိုင်ပေမဲ့ “ယုတ်မာကြမ်းကြုတ်ခြင်း” ဆိုတာ မိမိကိုယ်တွင်းမှာ ဖွဲ့တည်နေတဲ့ သန္ဓေ ဖြစ်တယ်။ ဒီလို ကမ်းကုန်အောင် ယုတ်မာရက်စက်တဲ့ လုပ်ရပ်ကို အစိုးရဘက်ကပဲလုပ်လုပ်၊ ဒီမိုကရေစီရေးအတွက် ကြိုးပမ်းနေတဲ့ မည်သည့်အဖွဲ့အစည်းကပဲ လုပ်လုပ်၊ လက်ခံလို့မရပါ။ ဆန့်ကျင်တိုက်ဖျက်သွားရပါလိမ့်မယ်။

ရန်သူ့သူလျှို ဆိုတာ--

ရန်သူ့ သူလျှို ဆိုတဲ့စကားကို အုပ်စုတစုကချည်း လူပါး၀ စွပ်စွဲပြောဆိုနေမှုကို လုံး၀ခွင့်မပြုနိုင်ပါ။ ဒါဟာ ပါရောင် မဟုတ်ဘူး။ မာနယ်ပလော မဟုတ်ဘူး။ လက်နက်ကိုင်ထားသူချင်း အုပ်စုဖွဲ့ပြီး အားနည်းသူကို အနိုင်ကျင့်လိုက်မယ်ဆိုတဲ့ မဲပြ ဂိုဏ်းဆန်ဆန် အတွေးအခေါ်တွေဟာ (၂၁) ရာစုမှာ အသုံးမ၀င်တာ ဒီကနေ့ စစ်အာဏာရှင်တွေတောင် သဘောပေါက်ပါတယ်။ ရန်သူ့သူလျှိုဆိုတာ- စွပ်စွဲခံခဲ့ရတဲ့ ကျောင်းသားတချို့ထဲမှာလည်းရှိနိုင်သလို၊ လူသတ်မှုကို ရိုင်းရိုင်းစိုင်းစိုင်းကျူးလွန်ခဲ့ကြတဲ့ ABSDF (မြောက်ပိုင်း) ကို ဦးဆောင်ခဲ့သူ သံချောင်း၊ ရော်နယ်အောင်နိုင်၊ မျိုး၀င်း နဲ့ လှဆိုင်း တို့လည်းဖြစ်နိုင်တယ်။ ထိုင်းနယ်စပ်မှာ ခြစားအကျင့်ပျက်နေတဲ့ ဒီမိုကရေစီရေးအကြောင်းပြပြီး ချမ်းသာနေတဲ့ အဖွဲ့အစည်းတွေထဲမှာလည်း ရှိနိုင်တယ်။ လူတိုင်းမှာ အုပ်စုရှိတယ်။ လက်ယဉ်တယ်။ ဝှက်ဖဲတွေရှိတယ် ဆိုတာ မမေ့ဖို့ လိုပါလိမ့်မယ်။

အနိမ့်ဆုံးသဘောတူညီမှု ရန်သူ့ သူလျှို လို့ ပြောဆိုနေတဲ့ အဖွဲ့တွေကိုလည်း၊ အခြားအဖွဲ့တွေက ပြန်လည်စစ်မေးပိုင်ခွင့်ရှိရမယ်။ ဒါပေမဲ့ မွန္တလေး၊ ရန်ကုန် ကျောင်းသား လှုပ်ရှားမှု သမိုင်းကို နားမလည်ပဲ တော်လှန်ရေးခေါင်းဆောင်ယောင်ယောင် လေသံ နဲ့ အပေါ်စီးက စွပ်စွဲနေမယ် ဆိုရင် “ ကိုယ် အသုံးမကျတာ၊ ဗဟုသုတ မရှိတာ လူသိတယ်” ဆိုတာမျိုးဖြစ်နေမယ် လို့ သတိပေးပါရစေ။ ဘာပဲဖြစ်ဖြစ် အနိမ့်ဆုံး သဘောတူညီမှုအဖြစ် “ ဒီ လို ရက်စက်ကြမ်းကြုတ်တဲ့၊ လူမဆန်တဲ့ လုပ်ရပ်” ကို ပြင်းပြင်းထန်ထန်ရှုတ်ချကြရပါလိမ့်မယ်။ အစုလိုက်အပြုံလိုက် ရာဇ၀တ်မှုကို ရာဇ၀တ်မှုကြီး အဖြစ် ဆွဲချက်တင်ကြရပါလိမ့်မယ်။ မတရားမှုကို မရှုတ်ချရဲသူတွေ၊ အဖွဲ့အစည်းတွေကို တော်လှန်သူတွေအဖြစ် မသတ်မှတ်နိုင်သလို၊ တရားမျှတမှု

အတွက် တိုက်ပွဲဝင်ပါတယ် ပြောဆိုနေခြင်းဟာလည်း သံသယဖြစ်စရာ ကောင်းနေပါတယ်။ ဘယ်လိုမှ အထင်ကြီးလို့မရပါ။

လူသတ်မှုမှာ အဓိက တာဝန်ရှိသူများအတွက် ..
၁၉၉၂ ကာလ ABSDF မြောက်ပိုင်းလူသတ်မှုမှာ အဓိက တာဝန်ရှိသူ တွေက ရော်နယ်အောင်နိုင်( ယခု-ချင်းမိုင်) ၊ မျိုးဝင်း ( သေဆုံး)၊ သံချောင်း ( ထောင်တွင်း) ၊ တို့ဖြစ်ပြီး၊ အာသံကုန်းမြင့်ပေါ်မှာ ကျောင်းသား တွေကို ခေါင်းဖြတ်သတ်မှုမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တဲ့ လှဆိုင်း (ယခု- ABSDF မြောက်ပိုင်း)၊ နဲ့ သန်းဇော်တို့ အုပ်စုကို "ယောက်ျား ပီသပါ၊ သတ္တိရှိပါ၊ လူထုကို မျက်နှာချင်းဆိုင်ရဲပါ" လို့ ပြောလိုက်ပါရစေ။ ဒီလို လူတွေကို ကာကွယ်ဖို့ကြိုးစားနေတဲ့သူတွေ၊ အဖွဲ့အစည်းတွေကိုလည်း သမိုင်းရဲ့ ပုတ်ပောင်နံစော်နေတဲ့ တွင်းနက်တခုမှာ ချန်ထားပစ်ခဲ့ပါမယ်။

မိတ်ဆွေတွေအတွက် ဂတိစကား ကာယကံရှင်တွေရဲ့ သူရဲဘောကြောင် မှုတွေဟာ ကျနော်တို့ မျှော်လင့်ထားတဲ့အတိုင်းဖြစ်လာတာမို့ ဖြစ်စဉ်တခု လုံးဟာ ကျနော်တို့တည်ဆောက်ထားတဲ့ System Dynamics ထဲမှာပဲ စံနစ်တကျလည်ပတ်နေကြတာဖြစ်တယ်။ ဒါဟာ ကောင်းတဲ့ အချက်ပါ။ နံရံတိုင်းမှာ နားတွေရှိတယ် ဆိုတဲ့ စကား ကို မကြာခင်မှာ နားလည် သွားကြပါလိမ့်မယ်။



**နန်းအောင်ထွေးကြည်ရဲ့** အစီရင်ခံစာ ( ဒုတိယပိုင်း)ကို ဆက်လက် ဖေါ်ပြလိုက်ပါတယ်။

ABSDF (မြောက်ပိုင်း) တွင် ဖြစ်ပွားခဲ့သော ထောက်လှမ်းရေးသူလျှိုများ
အဖြစ် စတင်ခဲ့ပုံမှာ ( ၅၀၁) တပ်ရင်းမှူး သိုက်ထွန်းဦး (ယခု Australia
နိုင်ငံသို့ ရောက်ရှိနေသူ) ၏ အောက်ခြေသိမ်း အလုပ်လုပ်ပေးနေရသည့်
ကျောင်းသားရဲဘော် စိုးမင်းအောင် တပ်မှ ထွက်ပြေးရာမှ စတင်ခဲ့သည်။
ထိုတပ်ပြေး စိုးမင်းအောင် အား တရုပ်ပြည်မှ ပြန်လည်ဖမ်းဆီးခေါ်ဆောင်
လာပြီး လူမဆန်စွာ ညှင်းပမ်းနှိပ်စက်ပြီး ထောက်လှမ်းရေးသူလျှို ဟုတ်ပါ
သည်ဟု မတရားဝန်ခံခိုင်းသည်။ ညှင်းပမ်းမှုများ ဒဏ်ကြောင့် မခံမရပ်နိုင်
ဖြစ်ပြီး မတရားဝန်ခံချက်ကို ဟုတ်သည်ဟု ဖြေကြားခဲ့သည်။ ထိုမှတဆင့်
ထောက်လှမ်းရေးသူလျှို၏ အမည်ကို နှိပ်စက်ပြီး မေးလေတော့သည်။
ထို စိုးမင်းအောင်၏ ထွက်ဆိုချက်များအရ၊ ကျောင်းသား ရန်အောင်ကို
ဖမ်းဆီးနှိပ်စက်သည်။ ထိုမှတဆင့် အဆင့်ဆင့် နှိပ်စက်ဖမ်းဆီးရာ
သူလျှိုများအဖြစ် မတရားဖမ်းဆီးခံရသူပေါင်း၊ ( မိမိ အပါအဝင်)
ကျောင်းသား (၁၀၁) ဦး ရှိလာသည်။

ABSDF ( မြောက်ပိုင်း) တွင် ကျောင်းသားအင်အား (၃၀၀) ကျော်ခန့်သာ
ရှိချိန်တွင် ထောက်လှမ်းရေးသူလျှိုအဖြစ် ဖမ်းဆီးနှိပ်စက်ခြင်းခံရသူပေါင်း
မှာ (၁၀၁) ဦးရှိခဲ့သည်။ ပထမဆုံး ဖမ်းဆီးနှိပ်စက်ခြင်းခံရသော ကျောင်းသား
စိုးမင်းအောင်မှာ စစ်ကြောရေးဒဏ်ဖြင့် သေဆုံးသွားခဲ့ရသည်။ ညှင်းပမ်း
နှိပ်စက်မှုကြောင့် စစ်ကြောရေး ဒဏ်ဖြင့် သေဆုံးသွားရသော ကျောင်းသား
ရဲဘော်မှာ (၁၃) ဦးရှိပြီး တရုပ်ပြည် ယင်ကျန်းတွင် လုပ်ကိုင်စားသောက်
နေသော အရပ်သား (၁) ဦးရှိသည်။ ၁၉၉၂ ပြည်ထောင်စုနေ့တွင် ရက်စက်
စွာသတ်ဖြတ်ခံရသူ (၁၅) ဦးရှိသည်။ ထိုသေဒဏ်ချမှတ်ရာတွင် အဓိက
**တာဝန်ရှိသော (၃) ဦး**မှာ ထိုကာလတွင် ABSDF (မြောက်ပိုင်း)၏ ထိပ်တန်း
တာဝန်ယူထားသော ကျောင်းသားတပ်မတော် ခေါင်းဆောင်ဖြစ်သည့်

**(၁)** အောင်နိုင် ( ABSDF-မြောက်ပိုင်း ဥက္ကဋ္ဌ) ဘီဘီစီ မြန်မာပိုင်း
အသံလွှင့်ဌာနမှ နုတ်ထွက်ခဲ့ရသူတဦးဖြစ်ပြီး ယခုအခါ ချင်းမိုင်နေထိုင်ကာ အင်တာနယူးအေဂျင်စီတွင်
လုပ်ကိုင်နေသောသူဖြစ်သည်။
**(၂)** သံချောင်း (ခ) မြင့်စိုး ( ၂၀၀၆ ဖေဖော်ဝါရီ ၂၃ ရက်နေ့စွဲပါ ကြေးမုံနှင့်
မြန်မာ့အလင်း သတင်းစာအရ စစ်အစိုးရမှ ဖမ်းဆီးခံခဲ့ရသူ)

(၃) မျိုးဝင်း ( ၁၉၉၂ မေလ ကုန်ခန့်တွင် တိုက်ပွဲကျဆုံး)

ABSDF ( မြောက်ပိုင်း) တွင်ဖြစ်ပွားခဲ့သည့် တပ်မတော် ထောက်လှမ်းရေး သူလျှိုများဟု ဖမ်းဆီးရာတွင် တာဝန်ရှိသည့် ကျောင်းသား**ဦးဆောင်သူများမှာ**

(၁) ဗိုလ်မှူးသံချောင်း (ခ) မြင့်စိုး ( ဗဟိုစစ်ရေးတာဝန်ခံ)

(၂) အတွင်းရေးမှူး အောင်နိုင် ( ဥက္ကဋ္ဌအဖြစ် ရာထူးတိုးမြင့်တာဝန်ယူခဲ့သည်)

(၃) ဗိုလ်ကြီး မျိုးဝင်း (တွဲဘက် အထွေအထွေ အတွင်းရေးမှူး-တစ်၊ ဒု -စစ်ရေးတာဝန်ခံ) မိုးညှင်း- နန်းမား

(၄) တပ်ကြပ်ကြီး သန်းဇော် (မန္တလေး- ဗဟိုထောက်လှမ်းရေး တာဝန်ခံ)

(၅) တပ်ကြပ်ကြီး ဇော်ဇော်မင်း (မိုးညှင်း- ဗဟိုထောက်လှမ်းရေး)

(၆) ဒုတပ်ကြပ် အောင်စိုးမြင့် (မိုးညှင်း- ဗဟို ထောက်လှမ်းရေး)

(၇) တပ်ကြပ်ကြီး ကျော်ထင်ဦး (မိုးညှင်း- ဗဟိုထောက်လှမ်းရေး)

(၈) ရဲဘော် မောင်ထွေး (ဗန်းမော်)

(၉) ရဲဘော် ဖိုးနောင်း (ဗန်းမော်)

(၁၀) ရဲဘော် သက်လင်း (ဗန်းမော်)

**စစ်ကြောရေးအဖွဲ့ဝင်များ**

(၁) လှဆိုင်း ( မြစ်ကြီးနား) တွဲဘက် အထွေထွေ အတွင်းရေးမှူး -၂ (အာသံကုန်း ခေါင်းဖြတ်ပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ခါးကိုင်ပြီး သတ်ဖြတ် ခဲ့သူဖြစ်တယ်။ လှဆိုင်း ဟာ ABSDF (မြောက်ပိုင်း) ပြန်လည်ဖွဲ့စည်းစဉ် မှာ ပါဝင်နေဆဲဖြစ်သည်ဟု သိရသည်)

(၂) စိန်အေး ( မိုးညှင်း- ကချင်ဒေသ ခရိုင်မှူး)

(၃) အောင်သန်း (မိုးညှင်း ( ၇၀၁ ) တပ်ရင်းမှူး)

(၄) သက်ထွန်း (မိုးညှင်း တပ်ခွဲမှူး)

(၅) စောရင်ထွေး (ရွှေကူ တပ်ခွဲမှူး)

(၆) သိုက်ထွန်းဦး (ရန်ကုန်- ၅၀၁ တပ်ရင်းမှူး)

(၇) ရဲလင်း (ရန်ကုန်- ရန်ကုန်ဒေသ ခရိုင်မှူး)(ထလရအဖြစ် အဖမ်းခံရ)

(၈) ညီညီကျော်- (မန္တလေး- မန္တလေး ဒေသခရိုင်မှူး) (ထလရအဖြစ် အဖမ်းခံရ)

**ထောင်မှူးတာဝန်ခံများ**

(၁) ဒုအရာခံဗိုလ် အောင်မင်း ( မိုးညှင်း)၊တပ်ကြပ်ကြီး ထိန်လွှန် (ဗန်းမော်)

(၂) တပ်ကြပ်ကြီး အေးမောင် ( မိုးညှင်း) ၊ ရဲဘော် လက်သီး

(၃) တပ်ကြပ်ကြီး တာတီး ( မိုးညှင်း)၊ တပ်ကြပ်ကြီး စောမြမောင်

(၄) တပ်ကြပ်ကြီး လှမျိုးအောင် ( မိုးညှင်း- တာဝန်ပေါ့လျော့မှုဖြင့် သေဒဏ်ချ သတ်ဖြတ်ခံရသည်)

၁၉၉၂ ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် သေဒဏ်ချပြီး **ရက်စက်စွာ သတ်ဖြတ်ခံရသည့် (၁၅) ဦး**

(၁) ရဲမေ ခင်ရီဦး (ရန်ကုန်) - အသတ်မခံရခင် ကိုယ်တုံးလုံးချွတ်ပြီး ABSDF (မြောက်ပိုင်း) ရဲဘော်များအား ဖျော်ဖြေခဲ့ရ- သူမ၏တောင်းဆိုမှုအရ သံချောင်းမှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

(၂) တပ်ကြပ် ငွေးမြင့်ဝင်း (ရန်ကုန်) (တောင်းဆိုမှုအရ သံချောင်းမှ သေနပ်ဖြင့် ပစ်သတ်ခဲ့။ အသတ်မခံရခင် မျိုးဝင်းမှ မင်းဘာတတ်နိုင်သေးလဲဟု အပြုံးတကြီး ကြိမ်းမောင်းခဲ့)

(၃) ရဲဘော်မောင်မောင်ကြွယ် (ရန်ကုန်) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၄) ရဲဘော်သက်နိုင် ( ရန်ကုန်) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၅) ဗိုလ်သာခု (ရန်ကုန်) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၆) ရဲဘော် အောင်ဖိုး (ရန်ကုန်) (သေဒဏ်မချခင် ခြေထောက်တွင် မိုင်းချည်ပြီး မိုင်းခွဲခြေဖြတ်ခြင်း ခံခဲ့ရ)

(၇) ဥက္ကဋ္ဌ ထွန်းအောင်ကျော် (မန္တလေး) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၈) ရဲဘော်ရန်အောင် (မန္တလေး) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၉) ကိုရီကြီး (မန္တလေး) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၁၀) ကိုလှမြင့် (မန္တလေး) ( ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၁၁) ရဲဘော်မောင်မောင် (ကသာ) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၁၂) ရဲဘော် အေးမြင့် (ကသာ ) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၁၃) ရဲဘော် ကျော်ကျော်မင်း (မုံရွာ ) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

(၁၄) တပ်ကြပ်ကြီး သောင်းမြင့် (စစ်ကိုင်းတိုင်း ) (ခေါင်းဖြတ်သတ်ခံခဲ့ရ)

**(၁၅) တပ်ကြပ်ကြီး တူးတူး (မြစ်ကြီးနား) (ခေါင်းဖြတ်သတ်ခံခဲ့ရ)**

အထက်ပါ (၁၅) ဦးတွင်- မခင်ချိုဦးနှင့် ဒွေးမြင့်ဝင်းမှာ မိမိနှင့်အတူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် လုပ်အားပေးခဲ့ပြီး ABSDF (ကချင်ပြည်နယ်) သို့ ရောက်ရှိခဲ့ပြီး ၁၉၈၉ ခုနှစ်၊ မေလ စစ်သင်တန်း အမှတ်စဉ် (၃) ကို တက်ရောက်ခဲ့သည်။ သူတို့နှစ်ဦး၏ တောင်းဆိုချက် အရ သံချောင်း မှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ကျန် (၁၃) ဦးမှာ ရက်စက်စွာ ခေါင်းဖြတ်သတ်ခံခဲ့ရသည်။ ခေါင်းဖြတ်သတ်ခြင်းကို "မျိုးဝင်း" နှင့် "လှဆိုင်း" တို့ နှစ်ဦးမှ ပြုလုပ်ခဲ့သည်။ လှဆိုင်းမှာ ယခုအခါ ABSDF ( မြောက်ပိုင်း) တွင် ပြန်လည်ပါဝင်လုပ်ကိုင်နေကြောင်းသိရသည်။ ကြေပြာခြင်းမရှိပဲ **ရက်စက်စွာ သတ်ဖြတ်ခြင်း ခံခဲ့ရသူ (၅) ဦး**

(၁) ကိုကျော်ဝေ ( မန္တလေး) -
စစ်ကြောရေးကာလတွင် အဆိပ်နှင့်လက်နက်များထုတ်မပေးနိုင်သော ကြောင့် လက်ကို မိုင်းခွဲဖြတ်ခြင်းခံခဲ့ရသည်။ ဒုတိယအကြိမ် အဆိပ်ထုတ် မပေးနိုင်သဖြင့် ဦးခေါင်းကို ထင်းတုံးပေါ်တင်ပြီး "မျိုးဝင်း" မှ ခေါင်းဖြတ် သတ်ခဲ့သည်။

(၂) စိုးဝင်းသန်း ( မန္တလေး)
၁၉၉၂ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ညတွင် တပ်သား တရုတ်ကြီး၏ လွဲမှား သော သတင်းပေးမှုကြောင့် သတ်ဖြတ်ခြင်းခံရသည်။ ဖြစ်ရပ်မှာ စိုးဝင်းသန်း မှာ နာမကျန်းဖြစ်ပြီး KIA ဆေးရုံတွင် ဆေးကုသခံယူရသည်။ KIAမှ စိုးဝင်းသန်း နာမကျန်းမှ ပျောက်ကင်းပြီဖြစ်ကြောင်း ဆက်သွယ်ရေး စက်နှင့် အကြောင်းကြားမှုကို သတင်းလက်ခံသော တရုတ်ကြီးမှာ "စိုးဝင်းသန်း ပျောက်ဆုံးနေသည်ဟု သန်းဖော်မှ တဆင့် မျိုးဝင်းထံ သတင်းပို့ခဲ့သည်။ မျိုးဝင်းတို့က အုပ်စု(၂) စုခွဲကာ တွေ့သည့်နေရာ ခုတ်သတ်ဖို့ အမိန့်ပေးခဲ့သည်။ အုပ်စု တစ်စုမှာ တရုပ်ပြည်လမ်းကြောင်းကို သွားပြီး၊ တစ်စုမှာ KIA ဆေးရုံသို့သွားကာ မည်သို့မည်ပုံ စိုးဝင်းသန်း ပျောက်ဆုံးကြောင်း သတင်းရယူသည်။ သို့သော် စိုးဝင်းသန်းမှာ ထွက်ပြေး ခြင်းမဟုတ်ပဲ ရောဂါပျောက်ကင်းသဖြင့် ABSDF ကျောင်းသားများလာခေါ် မည်ကို စောင့်ဆိုင်းနေသည်။ သို့သော်လည်း မျိုးဝင်းမှ "ငါသေဒဏ်ချခဲ့ပြီး

ဖြစ်တဲ့အတွက် တခါတည်း လူသတ်ကုန်းပေါ် ခုတ်သတ်လိုက်တော့ ဟု ပြောရာ၊ ထိုအမိန့်ကို နာခံပြီး၊ သန်းဇော်တို့အုပ်စုက "စိုးဝင်းသန်း" ကို သတ်ဖြတ်ခဲ့သည်။

(ထိုဖြစ်စဉ်ကို မိမိတို့ အတိအကျ သိရှိနေရခြင်းမှာ ထိုနေ့ည (ဖေဖော်ဝါရီ ၁၉) ရက်နေ့တွင် မျိုးဝင်းနှင့်အောင်နိုင်တို့မှ မိမိအပါအဝင်၊ ဘိုဘို ( ရန်ကုန်)၊ ဝဏ္ဏဇော် ( ရန်ကုန်)၊ ရဲလင်း ( ရန်ကုန်)၊ ညီညီအောင် ( ပဲခူး)၊ ကျော်နိုင်ဦး (သာယာဝတီ)၊ ကိုညီညီ ( မန္တလေး)၊ စုစုပေါင်း (၇) ဦးအား မိဘများထံ မိမိတို့မှာ ထောက်လှမ်းရေးသူလျှိုများဖြစ်ပြီး ကျောင်းသားတပ်မတော်၏ ဖမ်းဆီးခြင်းခံနေရပါသည်။ သို့သော် မိမိတို့အား လာရောက်ခေါ်ဆောင်ပါက ကျောင်းသားတပ်မတော်မှ သဘောထားကြီးစွာဖြင့် မိမိတို့အား အချုပ်မှ လွတ်မြောက်ပြီး အိမ်သို့ ပြန်လည် ထွက်ခွာခွင့်ပြုမည်ဟု ကတိပေးသဖြင့် မိမိတို့ (၇) ဦး၊ မိဘများထံ စာရေးဆက်သွယ်ရသော နေ့၊ အချိန်ဖြစ်နေပါသည်။)

**(၃)** ဝင်းနောင် (ရန်ကုန်) ၁၉၉၂ ဧပြီလဆန်းပိုင်းခန့်က ဗန်းမော်ခရိုင်တွင် သတ်ဖြတ်ခံခဲ့ရသည်

**(၄)** ရန်ရှင်း (ရက်စက်စွာ နှိပ်စက်ပြီး ခုတ်ထစ် သတ်ဖြတ်ခြင်းခံခဲ့ရသည်)

**(၅)** ဦးကျော်ကျော်အုန်း ( ခရိုင်မှူး) ( ရှေ့တန်းတွင် လူမဆန်စွာ ညှင်းပမ်းနှိပ်ဆက်ခံခဲ့ရသည်)

လူမဆန်သည့် **ညှင်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့တဲ့ ကျောင်းသားတပ်မတော်ရဲဘော် (၁၄) ဦး**

**(၁)** ရဲဘော် စိုးမင်းအောင်

**(၂)** ဗဟိုကော်မတီဝင် ဦးစိန် (ရန်ကုန်)

**(၃)** ရဲဘော် ပြည့်စိုးနိုင် (ရန်ကုန်)

**(၄)** ရဲဘော် အေးကျော်

**(၅)** ရဲဘော် ကျော်ငွေး

**(၆)** ရဲဘော် ကျော်ကျော်ဦး

(၇) ဒုအရာခံဗိုလ် အောင်ကိုး(ဖန်းမော်)

(၈) တပ်ကြပ်ကြီး ဇော်ဂင်းချစ်(ဖန်းမော်)

(၉) ဗဟိုကော်မတီဝင် ခင်မောင်အေး(စစ်ကိုင်း)

(၁၀) ရဲဘော် တင့်လွင်(မြစ်ကြီးနား)

(၁၁) အောင်မင်း (မန္တလေး)

(၁၂) အရှည်ကြီး ဂင်းသိန်း

(၁၃) ရဲဘော် စိုးကြီး

(၁၄) ရာကွတ်ဘိုင် (တရုတ်ပြည်၊ယင်ကျန်း)

စစ်ကြောရေးကာလတွင် **ထွက်ပြေးလွတ်မြောက်သွားသူ (၄)ဦး**

(၁) ညီညီကျော် (မန္တလေး)

(၂) ရဲဘော် သက်တင် (ဖန်းမော်)

(၃) ရဲဘော် ဂမ်လီ (လဇွန်ဂမ်လီ)

(၄) စိုးကြိုင်

မျိုးဝင်း၏ **အမိန့်အရ ထောင်မှ လွတ်ခဲ့သူ (၃) ဦး**

(၁) တပ်ကြပ်ကြီး ခင်မောင်ဇော်(မန္တလေး) ဗဟိုစစ်ရုံးတာဝန်ခံ

(၂) ရဲဘော် မိုးဇော်ထွန်း (ခ) မိုးကြီး (ရန်ကုန်)

(၃) ရဲမေ သင်းသင်းညီ (ရန်ကုန်)

ဥက္ကဋ္ဌ အောင်နိုင် နှင့် VCs မျိုးဝင်းတို့၏ သဘောအရ ၁၉.၂. ၁၉၉၂ တွင် မိဘများထံ စာရေးခေါ်သောကြောင့် မိဘများ ABSDF( မြောက်ပိုင်း)သို့ ရောက်ရှိလာခဲ့ကြသည်။ ထိုစဉ်က မိမိတို့အား မိဘများ လာရောက် ခေါ်ဆောင်ပါက အိမ်ပြန်ခွင့်ပေးမည့် ကတိကို ABSDF(NB) ခေါင်းဆောင် များက ကတိဖျက်ခဲ့ပြီး မိမိတို့ အိမ်ပြန်လိုပါက ပြန်နိုင်သည်။ သို့သော် မိဘ များအား တောတွင်းတွင်ခေါ်ဆောင်ထားမည်ဟု အကြပ်ကိုင်သဖြင့် မိမိတို့ မှာ လာရောက်ခေါ်ဆောင်သည့် မိဘများအား "အမေတို့အိမ်ပြန်ကြပါ။ မိမိတို့ ကျောင်းသားတပ်မတော်မှာပင် ဆက်လက်နေထိုင်သွားမည်ဟု ပြောခဲ့ပါသည်။ ထိုအခါ မိမိ၏ မိခင်မှာ မြေပေါ်တွင် ဒူးနှစ်ဘက် စုံထောက်

ပြီး လက်အုပ်မိုးကာ ကျောင်းသားခေါင်းဆောင်များအား ရှစ်ခိုးငိုယို တောင်းပန်ကာ မိမိတို့ (၇) ဦးအား သနားသဖြင့် အချုပ်မှ လွှတ်ပေးရန် ပြောဆို ပန်ကြားခဲ့ပါသည်။ မိမိတို့၏ **အသနားခံမှု နှင့် အချုပ်မှ လွတ်မြောက်ခဲ့သူ (၇) ဦးမှာ**

**(၁)** ရဲမေ နန်းအောင်ထွေးကြည် ( ရန်ကုန်)

**(၂)** ရဲဘော် ဝဏ္ဏဇော် ( ရန်ကုန်)

**(၃)** ခရိုင်မှူး ရဲလင်း (ရန်ကုန်) ( စစ်အစိုးရမှ ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည်)

**(၄)** ရဲဘော် မိုးကျော်သူ (ခ) ဘိုဘို (ရန်ကုန်) ( စစ်အစိုးရမှ ထောင်ဒဏ် ၂၁ နှစ် ချမှတ်ခဲ့သည်)

**(၅)** ရဲဘော် ညီညီအောင်(ခ) ဒိုဇာ ( ပဲခူး)

**(၆)** ကိုညီညီ ( မွန္တလေး)

**(၇)** ရဲဘော် ကျော်နိုင်ဦး(ခ) ကြောင် (သာယာဝတီ)

မိမိတို့ (၇) ဦး ထောင်မှ လွတ်လာပြီး မကြာမီ ထောင်အတွင်းတွင် ကျန်ရှိနေသော ကျောင်းသား (၅၆) ဦး ထောင်ဖောက် ထွက်ပြေးလွတ်မြောက် သွားကြသည်။ ထိုညတွင်းချင်းပင် မိမိတို့ (၇) ဦး နှင့် ခင်မောင်ဇော်၊ မိုးကြီး တို့အား ဒုတိယအကြိမ် ပြန်လည်ဖမ်းဆီးခဲ့သည်။ အကျဉ်းသား (၅၆) ဦး ထောင်ဖောက်ပြေးမှု နှင့် ပတ်သက်ပြီး၊ ထိုစဉ်က တာဝန်ကျခဲ့သော **ထောင်မှူး လှမျိုးအောင်** အပါအဝင်၊ **ကျောင်းသား (၃) ဦး**အား တာဝန် ပေါ့လျော့မှု နှင့် သတ်ဖြတ်ပစ်ခဲ့သည်။

ABSDF (NB) ရှိ တပ်ရင်း (၇၀၁)၊ (၅၀၁) နှင့် (၄၀၁) တွင် အင်အား စုစုပေါင်း (၂၀၀) မျှသာ ကျန်တော့သည်။ မတရားဖမ်းဆီးပြီး အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများကြောင့် ပြည်တွင်း ပံ့ပိုးမှုများ ရပ်ဆိုင်းခဲ့ပြီး၊ မည်သူမှလည်း ပူးပေါင်းလာခြင်း မရှိတော့ပါ။ တပ်ရင်းများအတွက် လူအင်အားဖြည့်ဆီးရန် လိုအပ်လာသဖြင့် ထိုအချိန်ကာလ ABSDF (မြောက်ပိုင်း) ဉက္ကဋ္ဌ ရာထူးကို တိုးမြှင့်ရယူလိုက်သော အောင်နိုင် (ယခု - ချင်းမိုင် တွင် သတင်းသမား လုပ်နေသူ)၊ သံချောင်းတို့၏ သဘော တူညီမှု၊ ဦးဆောင်ဆုံးဖြတ်မှုများဖြင့်၊ ကျေးလက်တောရွာများတွင် နေထိုင်ကြသော ငယ်ရွယ်သူများကို လက်နက်ပြ ခြိမ်းခြောက်ပြီး

ABSDF (မြောက်ပိုင်း) မှ ပို့ချသော စစ်သင်တန်းတက်ရောက်ခိုင်းပြီး ကျောင်းသားရဲဘော် ရဲမေ များ အဖြစ် မတရားသိမ်းသွင်း တာဝန် ထမ်းဆောင်စေခဲ့သည်။

မှတ်မိသလောက်ဆိုလျှင် ၁၉၉၂ ဖွန်လ ပိုင်းလောက်ခန့်လောက်ဖြစ်နိုင်သည်။ ထောက်ဖောက်ပြေးသော အကျဉ်းကျ ကျောင်းသားများ (၂၁.၅.၉၂) နောက်ပိုင်း၊ မျိုးဝင်း တိုက်ပွဲကျခဲ့သည်။ ( ၁၉၉၂ မေလ)။ နောက်ပိုင်းတွင် လက်ရှိ ထိုင်းနိုင်ငံတွင် သတင်းထောက်လုပ်နေသူ၊ အောင်နိုင် နှင့် မြင့်စိုး(ခ) သံချောင်းတို့၏ ဦးဆောင်မှုဖြင့် ကချင်ပြည်နယ် ဖန်းမော်ခရိုင်၊ မန်နောင် ကျေးရွာနှင့် မြို့လှ၊ သာယာကုန်းရွာတို့တွင် ဝမ်းဆာရာစားသောက်နေသော အရပ်သား လူငယ်လူရွယ်များအား လက်နက်ပြ ဖမ်းဆီးပြီး ABSDF (မြောက်ပိုင်း) ကျောင်းသားတပ်မတော်၏ အင်အားအဖြစ် ဖြည့်ဆီးခဲ့သည်။ စစ်သင်တန်း အမှတ်စဉ် (၈) နှင့် အမှတ်စဉ် (၉) ဖွင့်လှစ်ပြီး သင်တန်းပေးခဲ့သည်။
အပိုင်း (၆) အဖြစ် မျက်မြင်သက်သေ နောက်ထပ်တယောက်ရဲ့ စာ ကို တင်ပြပေးပါ့မယ်။ စိတ်ဝင်စားစရာအပြည့်ပါ။

(အပိုင်း- ၆)

မြောက်ပိုင်းဒေသမှ အရိုးတွန်သံများ ကို တင်ပြခဲ့တာ အပိုင်း (၆) ကိုရောက်ရှိလာခဲ့တယ်။ ဒုတိယအဆင့် ကို ရောက်လာပြီ လို့ ဆိုရ ပါလိမ့်မယ်။ ဒီအဆင့်မှာ ကျူးလွန်ခဲ့သူတွေ နဲ့ ကိုယ်တိုင်ခံစားခဲ့ရ သူတွေကို လေးလေးနက်နက် တိုက်တွန်း ချင်တာလေး တစ်ခုရှိပါ တယ်။ ကျဆုံးသွားခဲ့တဲ့ ကျောင်းသားတပ်မတော်ရဲဘော်၊ သူငယ်ချင်း တွေရဲ့ လိပ်ပြာဝိညာဉ်တွေ၊ ကိုယ့်ရဲ့ ဒဏ်ရာတွေကို သိက္ခာရှိရှိ ကာကွယ်ခုခံသောအားဖြင့်၊ ကာယကံရှင်တွေဟာ သတ္တိရှိရှိ၊ ပြောင်ထွက် ဆွေးနွေးကြပါ။ တယောက်ချင်းစီ ဖြစ်ဖြစ်၊ အုပ်စုလိုက်ဖြစ်ဖြစ်၊ လိုအပ် မယ်ထင်တဲ့ စာတမ်းတွေကို တင်ကြဖို့ အချိန်ရောက်ပြီလို့ ယူဆပါ တယ်။ သူများရေးတဲ့ဆောင်းပါးတွေမှာ မှတ်ချက်ဝင်ပေးတာမျိုးတွေ၊ ပဟေဠိ ပုစ္ဆာတစ်ပုဒ် တွက်သလိုမျိုး မေးခွန်းထုတ်နေတဲ့လုပ်ရပ် တွေ၊ ပြဇာတ်ထဲက ဒဏ်ရာအနာတရမင်းသားတယောက် ကိုယ့်ရဲ့ ကြေကွဲမှုကို အယားဖြေ တယောထိုး ငိုကြွေးနေတာမျိုးတွေကို ရပ်သင့် ပါပြီ။ ကိုယ့်နှလုံးသားကို ကိုယ့်ဘာသာ သစ္စာရှိဖို့လိုပါတယ်။

ကျနော်ကတော့ ကျနော်တို့ရဲ့ လုပ်ဖေါ်ကိုင်ဘက်၊ ဗကသ ကျောင်းသား ခေါင်းဆောင်တွေဖြစ်တဲ့ ကိုထွန်းအောင်ကျော်၊ ကျောင်းသားတပ်မတော် (မြောက်ပိုင်း ဥက္ကဋ္ဌ)၊ ရဲဘော်စိုးဝင်းသန်းနဲ့ ကျဆုံးခဲ့သော အပြစ်မဲ့ ကျောင်းသားများ၊ ကိုယ့်ရဲ့ယုံကြည်မှုကို ရိုးသားသန့်စင်စွာ သတ္တိရှိရှိ ရပ်တည်ခဲ့တဲ့ နန်းအောင်ထွေးကြည်နဲ့ တခြားရဲဘော်တွေအတွက် ဆက်လက်ရပ်တည်တိုက်ပွဲဝင်သွားပါမယ်။ မရှင်းမလင်းလုပ်နေတဲ့ သူတွေအတွက် ကျနော်တို့ရဲ့အသံတွေ တစုံတရာမှ ရှိမှာမဟုတ်ဘူး ဆိုတာကိုတော့ တိတိကျကျပြောချင်ပါတယ်။ ကာယကံရှင်တွေက သူရဲဘော ကြောင်စွာ ဆက်လက် ငြိမ်သက်နေမယ် ဆိုရင်တော့ ကြိုတင် သတိပေးလိုက်ပါရစေ။ တတိယအဆင့်မှာ မုန်တိုင်း ကို ပို ဖြတ်ကြရပါ လိမ့်မယ်။ ပိုပြီးအရုပ်တကြွဲအကျိုးနဲမဲ့ဖြစ်ရပ်တွေကို ကြုံတွေ့ကြရပါ လိမ့်မယ်။

**မကောင်းဆိုးဝါးတကောင်ရဲ့ အသံ**



"ရော်နယ်အောင်နိုင် ရဲ့ အသံကို ကြားရတိုင်း ပါဂျောင်စခန်းမှာ ညှင်းဆဲ နှိပ်စက်ခံရတဲ့ အသံတွေကို ကြားနေရတယ်၊ သူ့အသံမှာ မကောင်းဆိုးဝါး တစ်ကောင်ရဲ့ အနိုးအငွေ့တွေ ရှိက်ခပ်နေတယ်" လို့ အသက်မသေပဲ ပြည်တွင်းကို ပြန်ရောက်သွားတဲ့ ကျောင်းသားတပ်မတော်ရဲဘော်ဟောင်း တွေက ရင်ဖွင့်ပြလေ့ရှိကြတယ်။ တကယ်တော့ ရော်နယ်အောင်နိုင် ဆိုတဲ့သူဟာ လွန်ခဲ့တဲ့အနစ် (၂၀) လောက်က မြောက်ပိုင်းဒေသမှာ မတရားသဖြင့် စွပ်စွဲ သတ်ဖြတ် ခဲ့တဲ့ အစုလိုက်အပြုံလိုက် လူသတ်မှု တွေကို လူတွေမေ့ပျောက်လောက်ပြီ လို့ ထင်နေသလားမသိပါဘူး။

အသံလွှင့်ဌာနတွေနဲ့ အင်တာဗျူးတဲ့အခါတိုင်း လူတတ်ကြီးလုပ်ပြီး သတိလက်လွတ် ပြောဆိုလေ့ရှိတယ်။ သူ့ရဲ့ အင်တာဗျူး တစ်ခုကတော့ မြောက်ပိုင်းဒေသမှာ ဒဏ်ရာအနာတရဖြစ်ခဲ့တဲ့ သူတွေအားလုံးကို မီးတောက်လောင်၊ ဒေါသထွက်စေခဲ့တယ်။ မှတ်မှတ်ရရ၊ ၂၀၀၆ ခုနှစ်မှာ လူသတ်သမား သံချောင်းတယောက် စစ်အစိုးရဆီကို လက်နက်ချပြီး ဝင်သွားတဲ့အခါ စစ်အစိုးရက သံချောင်းရဲ့ လူသတ်မှု၊ ရာဇဝတ်မှုတွေ အတွက် ထောင်ဒဏ် (၅) ခါ ချမှတ်ခဲ့တယ်။ ရော်နယ်အောင်နိုင်ကို ABSDF (မြောက်ပိုင်း)နဲ့ ပတ်သက်ပြီး၊ အင်တာဗျူးလုပ်သူက မေးခွန်းတစ်ခု မေးတဲ့အခါ၊ သူက လူတတ်လုပ်ပြီး၊ " ABSDF မှာ ရန်သူ့သူလျှိုလို့ ယူဆသူအားလုံးကို သတ်ပစ်ရမယ်ဆိုတဲ့ မူ ရှိတယ်" လို့ ဖြေကြားခဲ့တယ်။ အထဲမှာ နားထောင်လိုက်ရတဲ့ ကျောင်းသားတပ်မတော် ရဲဘော်ဟောင်း တွေက သူ့ရဲ့အမေးအဖြေကို နားထောင်ပြီး ပါဂျောင်ဒေသဆီက

မချမဆန့်အန်ထွက်လာတဲ့ ရဲဘော်သူငယ်ချင်းတွေရဲ့ အော်သံတွေကို နာနာကျင်ကျင် ခံစားလိုက်ကြတယ်။ ရော်နယ်အောင်နိုင် ဆိုတဲ့သူက လူသတ်မှုကို မိန့်ရည်ရှက်ရည်ထောက်ခံ ပြောဆိုနေတုံးပါလား ဆိုတာ နားလည်သဘောပေါက်လိုက်ကြတယ်။ ရော်နယ်အောင်နိုင်က ဘာလို့ ထင်ယောင်ထင်မှား ကမ္ဘာမှာ ကိုယ့်ဘာသာလိမ်ချင်နေရတာလဲ။ တကယ်ဆို ထွန်းအောင်ကျော် ဆိုတဲ့ပုဂ္ဂိုလ်ဟာ မန္တလေးကတည်းက ရင်းနှီးကျွမ်းဝင် ခဲ့တဲ့သူဖြစ်သလို၊ ထောက်လှမ်းရေးမဟုတ်ကြောင်း သက်သေပြခဲ့တဲ့ဖြစ်ရပ်တွေကိုလည်း ကြုံတွေ့ခဲ့ရဘူးတယ်မို့လား။

ရန်သူ့သူလျှိုတွေဟာ ကျောင်းသားတပ်မတော်ကို ဖြိုခွဲဖို့အတွက် အဆိပ်တွေ ခိုးယူလာခဲ့ပါတယ် လို့ စွပ်စွဲခဲ့တယ်။ ကျောင်းသားတွေကို ဖမ်းဆီးနှိပ်စက်တယ်။ အဆိပ်ရှာမတွေ့တော့ လက်ဖြတ်တယ်။ ခန္ဓာကိုယ်ကို မီးရှို့တယ်။ ရက်စက်မှုပေါင်းစုံကျူးလွန်ခဲ့ပြီး ခေါင်းဖြတ်သတ်ခဲ့ကြတယ်။ ABSDF(NB) စစ်ကြောရေးခေါင်းဆောင်တွေ ကျောင်းသားတွေထံမှာ ရှာမတွေ့ခဲ့တဲ့ အဆိပ်တွေက သတင်းထောက်တွေရှေ့မှာလည်း ရောက်ရော ဘာကြောင့် အရုံသင့်ထုတ်ပြထားတဲ့ သက်သေခံ ပစ္စည်းတွေဖြစ်နေရတာလဲ။ တတ်လည်းတတ်နိုင်ကြလေရဲ့။ ဒါပေမဲ့ ဒါတွေဟာ ကိုယ့်ရှူးကိုယ်ပတ်မဲ့ ထောက်ကွက်တွေဖြစ်လာခဲ့ပြန်တယ်။ သက်သေပြချက်တွေ ရှိခဲ့ပေမဲ့

တကယ်တော့ ထောက်လှမ်းရေးလို့ စွပ်စွဲခံရတဲ့ကျောင်းသားတွေဟာ ထောက်လှမ်းရေးမဟုတ်ကြောင်း သက်သေပြခဲ့ ကြတဲ့ ရဲမေ၊ ရဲဘော်တွေရှိကြပါတယ်။ ဒီအထဲက အထင်ရှားဆုံး သက်သေပြပါဆိုရင် ရဲမေ "သင်းသင်းညီ" ပဲ ဖြစ်ပါတယ်။ ABSDF (မြောက်ပိုင်း)ရဲ့ ခေါင်းဆောင်တယောက်ဖြစ်တဲ့ မျိုးဝင်းက သူတို့ဖမ်းထားတဲ့ ရဲမေတွေကို ထောက်လှမ်းရေးဟုတ်ဟုတ် သေသေချာချာ စစ်မေးနိုင်ဖို့အတွက်၊ "သင်းသင်းညီ" ဆိုတဲ့ ရဲမေလေး ကိုလည်း ဖမ်းဆီးချင်ယောင်ဆောင်ပြီး၊ သူတို့ဖမ်းထားတဲ့ " ရန်သူ့ထောက်လှမ်းရေး" လို့ စွပ်စွဲခံရသူတွေအထဲကို ထည့်ထားပေးလိုက်တယ်။ "သင်းသင်း"လည်း အဖမ်းခံရတဲ့သူတွေနဲ့ ရက်အတော်ကြာ၊ အတူသွားနေလိုက်ပြီးတဲ့နောက် သဘောပေါက်သွားတယ်။ "သူတို့ဟာ ထောက်လှမ်းရေးတွေ မဟုတ်ဘူး။ စစ်အစိုးရကို တကယ်

ဆန့်ကျင်ဖို့ လက်နက်ကိုင်နယ်မြေထဲကို ထွက်လာတဲ့ ကျောင်းသား၊ ကျောင်းသူ အစစ်အမှန်တွေဖြစ်တယ်”လို့ ABSDF ခေါင်းဆောင် မျိုးဝင်း ဆီကို ရှင်းပြခဲ့တယ်။ မျိုးဝင်း ဆိုတဲ့ကောင်က “ မဟုတ်ဘူး” ဆိုတဲ့ အဖြေကို မလိုချင်ဘူး။ “သူတို့ဟာ ထောက်လှမ်းရေးတွေဖြစ်တယ်” ဆိုတဲ့ အဖြေကိုသာ လိုချင်သူဖြစ်တော့၊ “သင်းသင်းညီ”ရဲ့ စကားကို လက်မခံဘူး။ “သင်းသင်း” လည်း ထောက်လှမ်းရေးလို့ စွပ်စွဲခံရတဲ့ ကျောင်းသူတွေနဲ့အတူရောပြီး နှိပ်စက် ညှင်းပမ်းခံခဲ့ရတယ်။

**အရိပ်တွေလိုက်လာပြီ ....**

ရော်နယ်အောင်နိုင်က ၂၀၀၈ မတိုင်ခင်မှာ လန်ဒန်မြို့က ဘီဘီစီမြန်မာပိုင်း ဆီကို အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်ကိုင်ဖို့ ရောက်လာခဲ့တယ်။ သူရဲ့ အသံ ကို ကြားတိုင်း ငရဲကျနေသလို ခံစားနေရတဲ့ ကျောင်းသားတပ်မတော် ရဲဘော်ဟောင်းတွေကလည်း ရော်နယ်အောင်နိုင် ကို တစ်ခုခု ပြန် တုန့်ပြန် ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အော်စတြေးလျားမှာ အခြေချနေတဲ့ “နန်းအောင်ထွေးကြည်” က ဘီဘီစီ မြန်မာပိုင်းဌာနမှူး၊ ဒေါ်တင်ထားဆွေ ကို ဖုံးဆက်ပြီးပြောတယ်။ “အန်တီ တို့ ဘီဘီစီ ဌာန က သတင်းထောက်တွေ အနေနဲ့ ကျောင်းသားတပ်မတော်မြောက်ပိုင်း မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်း အရာတွေကို မကြားမိဘူးလား။ ကိုအောင်နိုင်နဲ့ ပတ်သက်တဲ့ အကြောင်း အရာတွေ ပြန်စုံစမ်းသင့်တယ်။ သတင်းထောက်ဆိုတာ ဘက်မလိုက်ဘူး လို့ သေချာရင် ဒီကိစ္စကို အလေးအနက်ထားသင့်တယ်- ဘာညာ ဆိုတာ တွေကို ကောင်းကောင်းမွန်မွန် ဆွေးနွေးတယ်။ ဒေါ်တင်ထားဆွေက “ကိုအောင်နိုင်နဲ့ ပတ်သက်လို့ ဘယ်သူမှ စောတက မတက်ပါဘူး။ မငယ် တယောက်တည်း တက်လို့လည်း သူ့ကို ရာထူးခန့်ထားရာကနေ ဖယ်ပစ် ဖို့ မဖြစ်နိုင်ဘူး” ဆိုတဲ့ သဘောမျိုး တုန့်ပြန်တယ်။ နန်းအောင်ထွေးကြည် ကလည်း “ဒါဆိုလည်း ရပါတယ် အန်တီ” ဆိုပြီး နောက်ထပ်တဆင့် တက်လိုက် တယ်။ ပြည်တွင်းက ကျောင်းသားတပ်မတော်ရဲဘော်တွေရဲ့ တိုင်စာတွေ ဘီဘီစီ မြန်မာပိုင်းဌာဆီကို ရောက်လာတယ်။ ဒါပေမဲ့ မြန်မာပိုင်း ဌာနမှူး ဒေါ်တင်ထားဆွေက ရော်နယ်အောင်နိုင် အပေါ် အရေးယူမှုလုပ်ဖို့ မစတင်သေးပဲ “ဘယ်လိုလုပ်လိုက်တာလဲ” ဆိုတဲ့ စိတ်အနှောက်အရှက် ဖြစ်တဲ့လေသံနဲ့ မေးခွန်းထုတ်လာတယ်။ ဘီဘီစီ မြန်မာပိုင်း ဌာနဆီမှာ

ပို့ထားတဲ့ တိုင်စာတွေအားလုံးကို နောက်ထပ် ပုဂ္ဂိုလ်တယောက်ဆီ ထပ်ပို့လိုက်တယ်။ ဘီဘီစီဌာနရဲ့ ဒါရိုက်တာဆီကို ဖြစ်တယ်။ ဘီဘီစီ သတင်းဌာနရဲ့ ဒါရိုက်တာက၊ မြန်မာပိုင်းဌာနမှူး ဒေါ်တင်ထားဆွေကို ခေါ်ပြီး မေးမြန်းခံရတော့မှ၊ ရော်နယ်အောင်နိုင် တယောက်လည်း ဘီဘီစီ ဌာန ကို စွန့်ခွာလိုက်ရတော့တယ်။ အံ့ဩဖို့ကောင်းတာက ကာယကံရှင်တွေရဲ့ထွက်ချက်တွေ၊ မြောက်ပိုင်းဒေသရဲ့ သတ်ဖြတ်မှုတွေ အကြောင်းတွေကို စာတမ်းတွေရေးသားပေးပို့ခဲ့ပေမဲ့၊ ၂၀၀၈ နောက်ပိုင်းမှာထိ၊ ဘီဘီစီက ဦးမောင်မောင်သန်းလို ပုဂ္ဂိုလ်တွေဟာ ရော်နယ်အောင်နိုင်ကို အင်တာဗျူးလုပ်နေဆဲပဲဖြစ်တယ်။ စာတမ်းတွေကို သေသေချာချာ မဖတ်တာလား။ ဌာနမှူးဆီက မဖတ်ရတာလား။ ဒါမှမဟုတ် မတရားသဖြင့် သတ်ဖြတ်ခံရတဲ့ ကျောင်းသားတွေဘက်က သားသမီးချင်း ကိုယ်ချင်းစာနာ စိတ်မရှိတာလား ဆိုတဲ့အချက်ကိုတော့ ကာယကံရှင်တွေမှ သိလိမ့်မယ်။ သတင်းသမားတွေရဲ့ ရပ်တည်ချက်အတွက် စိတ်မကောင်းစရာပဲလို့ ပြောယုံမှတပါး ဘာမှ မရှိပါ။

ဘီဘီစီ- မြန်မာပိုင်း ဆီကို စာပို့ခဲ့တဲ့ သင်းသင်းညီ ရဲ့ လက်ရေးမူ ကို ပူးတွဲ တင်ပြပေးလိုက်ပါတယ်။

သူမ ရေးခဲ့တဲ့ အချက်တွေက အောက်ပါအတိုင်းဖြစ်ပါတယ်။

စက်တင်ဘာ၊ ၂၀၀၈



သို့

ကျမနာမည် သင်းသင်းပါ။ လွန်ခဲ့သော (၁၀) နှစ်ကျော် ကာလက ABSDF (NB)ရဲ့ အဖွဲ့ဝင်တဦးပါ။ BBC မြန်မာပိုင်း အစီအစဉ် ဌာနမှ ကိုအောင်နိုင် အား အမြဲတမ်း ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းကို ပြန်လည် စဉ်းစားစေလိုပါသည်။ ကိုအောင်နိုင်သည် ABSDF (NB) တွင် အထွေထွေ အတွင်းရေးမှူး အနေဖြင့် တာဝန်ယူစဉ်ကာလတွင်၊ ဖြစ်ပွားခဲ့သော ပြဿနာများကို ပြန်လည်ပြီး သုံးသပ်စေချင်ပါသည်။ ထိုစဉ်က ABSDF (NB) မှ ရဲဘော်ရဲမေများကို ထောက်လှမ်းရေးဟု စွပ်စွဲပြီး၊ ဖမ်းဆီးသော အကွဲအပြဲ ပြဿနာများတွင် ကျမကို ABSDF (NB) မှ တွဲဘက် အထွေထွေ အတွင်းအရေးမှူး မျိုးဝင်းမှ ဖမ်းဆီးခြင်း ဟန်ဆောင်ပြီး အကျဉ်းသားများကြားတွင် စုံစမ်းစေခဲ့ပါသည်။ ကျမက “အားလုံးထောက်လှမ်းရေးမဟုတ်” ဟု ဆိုသောအခါ၊ တွဲဘက် အထွေထွေ အတွင်းရေးမှူး မျိုးဝင်းမှ ၊ ကျမကို “သေချာရှာပါ ရှိကိုရှိတယ်” ဆိုပြီး ဆက်လက် ခိုင်းစေခဲ့ပါသည်။ ကျမကိုလည်း မျိုးဝင်းတို့ ခိုင်းထား သော လူမှန်းမသိ သောကြောင့်၊ စစ်ကြောရေးမှာ၊ ကျမကိုယ်တိုင် ရင်ဘတ် ထဲတွင် ကျင်စက်နှင့် တို့ကာ အနှိပ်စက် ခံခဲ့ရပါတယ်။ ထို့နောက် ကျမက “ဒီလိုမျိုး မနေနိုင်ဘူး သတ်ရင်လည်း သတ်” လို့ ပြောသောအခါမှ ပြန်လွှတ် ပေးခဲ့ပါတယ်။

ဒါပေမဲ့ အားလုံးထောက်လှမ်းရေးမဟုတ် ဟူသော ကျမ၏ ပြောဆိုချက်ကို လုံးဝလက်မခံပဲ၊ ညှင်းဆဲ သတ်ဖြတ်မှုများကို တရားမဲ့စွာ ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ အကျဉ်းထောင်ထဲတွင် ကျမကိုယ်တိုင်လည်း ညှင်းဆဲမှုများကို မတရားသဖြင့်ခံခဲ့ရပါသည်။ ထောက်လှမ်းရေးမဟုတ်ပဲ သတ်ဖြတ်ခြင်းခံခဲ့ရသူများမှာ၊ သမိုင်းကြောင်းအမှန်ကို ပြန်ပြောရန် မတတ်နိုင်တော့ပါဘူး။ ကံကောင်းထောက်မစွာ ကျန်ခဲ့တဲ့ ကျမက သေဆုံးသွားတဲ့ အကိုကြီး ကိုထွန်းအောင်ကျော် (ဥက္ကဋ္ဌ) ABSDF (NB) နှင့် သူငယ်ချင်းရဲဘော်ရဲဘက်များကိုယ်စား ပြောရခြင်း ဖြစ်ပါသည်။ အသက်ရှင်ကျန်ပြီး ပြည်တွင်းပြန်ရောက်လာတဲ့ စွပ်စွဲခံရသူများထဲတွင် နိုင်ငံရေးလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင် နေသည့်အတွက်၊ ထောင်ကျ နေသူများ၊ ထွက်ပြေးတိမ်းရှောင်နေသူများ၊ အများအပြားပင် ရှိနေသည့်အတွက်၊ ယခုတဖန် ကိုအောင်နိုင်၏ အင်တာဗျူးများကို သိရှိရသည့်အခါ၊ ထိုသူများအစား ကျမရင်နာမိပါသည်။ ထိုကဲ့သို့ နောက်ခံသမိုင်းကြောင်း ကောင်းစွာရှင်းလင်းခြင်းမရှိသူအား၊ BBC မှ ဝန်ထမ်းခံရန် သင့်မသင့်ကို ပြန်လည်ပြီး စဉ်းစားစေချင်ပါသည်။

သင်းသင်း

ABSDF (NB) ရဲမေဟောင်း

မှတ်ချက်- ABSDF (NB) ဆိုတာ ကျောင်းသားတပ်မတော် (မြောက်ပိုင်း) ကိုအတိုကောက် ရေးထားခြင်းဖြစ်ပါတယ်။

ခုတော့ ရဲမေ "သင်းသင်းညီ" က ဗမာပြည်ထဲမှာ ပြန်ရောက်နေပါတယ်။ ကျောင်းသားတပ်မတော်မြောက်ပိုင်းမှာ မတရားသဖြင့်စွပ်စွဲ သတ်ဖြတ်ခံရတဲ့ ကျောင်းသားတွေအတွက် ရည်ရွယ်ပြီး တေးသီချင်းတွေ သီဆိုထုတ်လုပ်ဖို့ အတွက် လုပ်ဖေါ်ကိုင်ဘက်တွေနဲ့အတူ ပြင်ဆင်နေပါတယ်။ ထွက်လာရင်လည်း အားပေးလိုက်ကြပါအုံး လို့ နိုးဆော်လိုက်ပါရစေ။

မြောက်ပိုင်းဒေသမှ အရိုးတွန်သံများ -အပိုင်း (၇) - မှာ နောက်ထပ် ကျောင်းသားတပ်မတော်ရဲဘော်၊ သက်သေ တစ်ယောက်ရဲ့ စာ ကိုတင်ပြပေးပါမယ်။

(အပိုင်း- ၇)

ကိုထွန်းအောင်ကျော် ကျဆုံးအပြီး နောက်တနှစ် ၁၉၉၃ နှစ်ပတ်လည်နေ့မှာ၊ ကိုထွန်းအောင်ကျော်ကို လေးစားချစ်ခင်တဲ့ ရဲဘော်များနဲ့ သူ့မိသားစုတွေက မွန္တလေးမှာ နှစ်လည်ဆွမ်းကျွေးခဲ့ပါတယ်။ တချို့က ငွေကြေးအကူအညီပေးဖို့ ပိုက်ဆံကောက်ကြပါတယ်။ အကွက်ချောင်းနေတဲ့ စစ်ထောက်လှမ်းရေးတွေကလည်း

"ဟာ ဒီမိုကရေစီ လှုပ်ရှားမှုအတွက် တကယ်တန်ဘိုးရှိတဲ့ ခေါင်းဆောင် တယောက် ကျဆုံးသွားတာ ဝမ်းနည်းစရာပဲ၊ ဂျီတီအိုင် ကျောင်းရှေ့မှာ သူ့ရဲ့ ရုပ်ထုကို ထုပေးရမယ်"




လို့ပြောဆိုပြီး သူတို့ကလည်း ငွေကြေးထည့်ချင်သလိုလို လုပ်ပါတယ်။ ကျောင်းသားတွေက

"စစ်ထောက်လှမ်းရေးတွေဟာ ကျောင်းသားလှုပ်ရှားမှု အားနည်းချက်ကို အသုံးချပြီး သပ်လျှိုဖြိုခွဲ အပုပ်ချတော့မယ်"

ဆိုတာကို ရုတ်ချည်းနားလည်လိုက်ကြပါတယ်။ သူတို့တွေပြောခဲ့တာ ရှင်းရှင်းလေးပါ။

"စစ်ထောက်လှမ်းရေးတွေ ကြောင့် ကျောင်းသားတွေ တောခိုကြတယ်။ မဖြစ်သင့်တာတွေဖြစ်ခဲ့ ကြုံခဲ့ကြတယ်။ ဒါတွေအားလုံးဟာ ရှင်တို့ကြောင့်

ဖြစ်တာဖြစ်တယ်” လို့ ဆိုခဲ့ကြပါတယ်။

ပြောချင်တာက ကိုယ့်ရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကို ကိုယ့်ဘာသာ နာမည်ဖျက်ဖို့ ကြိုးစားချင်တယ် ဆိုရင်၊ ၁၉၉၃ ခုနှစ်ကတည်းက စစ်ထောက်လှမ်းရေးတွေပေးတဲ့အကူအညီကိုယူပြီး လုပ်လို့ရပါတယ်။
ပြည်တွင်းကျောင်းသားလှုပ်ရှားမှု သမိုင်းကို မသိတဲ့ တချို့သော (လက်ချိုးရေ လို့ရတဲ့) သူတချို့က “ရန်သူ့လူတွေဟာ သမိုင်းကို ပြောင်းပြန်လှန်ဖို့ ကြိုးစားနေတယ်” ဆိုတဲ့ သွေးရူးသွေးတန်း စကားတွေကို လှုံ့ဆော်ကြည့်ပါတယ်။ မြောက်ပိုင်းလူသတ်မှုကြီးကို နဂိုကတည်းက ဘယ်သူမှန်တယ်။ ဘယ်သူမှားတယ် ဆိုတာ သမိုင်းက ဆုံးဖြတ်ပြီးသားပါ။ ဉာဏ်ရှိတဲ့သူတွေက ဒီ အစုလိုက် အပြုံလိုက် လူသတ်မှုဟာ ဘယ်လောက်အပြစ်ကြီးတယ် ဆိုတာသိလို့ ငြိမ်သက်နေကြတယ်။ လက်ဝင်မလှုံကြဘူး။ ဉာဏ်မမှီတဲ့သူတွေသာ အဖွဲ့အစည်းကို ချစ်ဟန်ဆောင်ပြပြီး လက်ဝင်လှုံတယ်။ ကျောခြင်းကပ်ကြမယ် ဘာညာအော်နေကြတာ။ ကျောခြင်းကပ်ချင်သူများရဲ့ အရည်အချင်းတချက်လောက် ကြည့်ပါရစေ။ သမိုင်းဆိုးနဲ့အတူ မြေမြှုပ်ပေးလိုက်ပါ့မယ်။

**လူသတ်မှုမှာ အဓိကတာဝန်ရှိသူတွေက သူတို့ကိုယ်တိုင် မဖြေရှင်းရဲတဲ့အခါ ABSDF ခေါင်းစဉ်ကို အကာအကွယ်ယူပြီး ကွေ့ဝိုက် ပြောဆိုဖို့ကြိုးစားတယ်။ လူတချို့ကတော့ လူတစုရဲ့ ယုတ်မာမှုကို အကြောင်းပြပြီး ABSDF ကို တိုက်ခိုက်ဖို့ကြိုးစား ကြတယ်။ ဒီလုပ်ရပ်နှစ်ခုလုံးကို ကျနော်တို့က သတိရှိဖို့လိုပါတယ်။**

ကာယကံရှင်တွေဟာ သတ္တိရှိရှိ မဖြေရှင်းသရွေ့ အနာဂတ်မှာ ပိုမို မဲမှောင်တဲ့ လမ်းကြောင်းကိုသာတွေ့ရလိမ့်မယ်။ တောင်ပြို နေတာ၊ လက်ဖဝါးနဲ့ကာဖို့ မကြိုးစားစေချင်ပါ။ တကယ်တော့ ကျောင်းသားတပ်မတော်ရဲဘော်ဟောင်းတွေဟာ သူတို့အဖွဲ့အစည်းရဲ့အလံတော်ကို သိက္ခာရှိရှိလွှင့်တင်ချင်လို့ ပုဂ္ဂိုလ်ရေး စာတွေပို့ ဖြေရှင်းခိုင်းနေတာ နှစ်ကြာနေပါပြီ။ ခေါင်းဆောင်လုပ်ခဲ့သူတွေက တာဝန်မဲ့လုပ်၊ ခံစားမှုမဲ့လုပ်ခဲ့ကြလို့ အခုလို အပြစ်ဆိုးကြီးဟာ

အပြင်ကို ရောက်ရှိလာခဲ့ခြင်းဖြစ်တယ်။ ခုချိန်ကျမှ ဘာလို့ အရှိန်ပြင်းပြင်း ဖောက်ခွဲကြသလဲဆိုရင် အဓိက အချက် (၃) ချက်ရှိပါလိမ့်မယ်။

(က) ရော်နယ်အောင်နိုင်ရဲ့ မဆင်မခြင် အင်တာဗျူးများ

(ခ) ကိုထွန်းအောင်ကျော်တို့တတွေကျဆုံးခဲ့တာအနှစ်(၂၀) ကြာ

(ဂ) ABSDF( မြောက်ပိုင်း) ပြန်လည်ဖွဲ့စည်းတဲ့အခါ လူသတ်သမား လုဆိုင်း တို့တတွေ ပြန်ပါနေတယ်။ စိတ်ကူးမယဉ်စေချင်ပါဘူး။ အပြစ်မဲ့ကျောင်းသားတွေကို လည်မျိုကိုခုတ်ဖြတ်သတ်ခဲ့သူတွေဟာ တော်လှန်ရေးသမားတွေ မဖြစ်နိုင်သလို၊ သမိုင်းဆိုတာ အချိန်တန်ရင် နေရာမှန်ကို ပြန်ရောက်သွားတဲ့ ကိစ္စတခုပဲဖြစ်ပါတယ်။ ABSDF (မြောက်ပိုင်း) မှာ တာဝန်ထမ်းခဲ့ပြီး ကြောက်မက်ဘွယ် အဖြစ်ဆိုးကြီး ကို ကိုယ်တိုင်ကိုယ်ကျတွေ့ခဲ့တဲ့ "ရဲဘော်ကျော်ခိုင်ဝင်း"က ၂၀၁၈ ခု ဝန်းကျင်မှာ စာနစ်စောင်ရေးဖွင့်ဟခဲ့တယ်။ ကာယကံရှင်တွေက ဘာမှ အကြောင်းမပြန်ခဲ့ဘူး။ ဖတ်ကြည့်ကြပါ မိတ်ဆွေတို့ ....

**ကိုအောင်နိုင်**

ကျနော် ကျော်ခိုင်ဝင်း ပါ။ ကိုအောင်နိုင် မှတ်မိနေလိမ့်မယ်လို့ လုံးဝ ယုံကြည်ထားပါတယ်။ ကျနော်တို့ တောမခိုခင် မန္တလေး (အနကလ)၊ မိုးညှင်း (အနကလ)နဲ့ အမရပူရ(အနကလ)မှာ အတူတူလှုပ်ရှားခဲ့ တာတွေ၊ ကျနော် တောခိုမဲ့ညက ကိုအောင်နိုင်ရယ်၊ ကိုစိုးလင်းရယ်၊ ကိုမြင့်ကျော်ရယ် မန္တလေးမြောက်ပြင်က ကိုမြင့်ကျော်တို့ ဦးလေးအိမ်မှာ နောက်ဆုံးအိပ်ခဲ့ကြတာကို ကိုအောင်နိုင် မှတ်မိပါလိမ့်မယ်။ ကိုအောင်နိုင် ကို ကျနော်အရမ်းစကားပြောချင်ပါတယ်။ မေးလဲမေးစရာရှိပါတယ်။ တတ်နိုင်ရင် ကျနော့်ကို ဆက်သွယ်ပေးပါ။ ကိုအောင်နိုင်ရဲ့ လက်အောက် မှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ရဲဘော်တွေရဲ့ ဂုဏ်သိက္ခာကို၊ သူတို့ရဲ့ ခံစားမှုတွေကို ညာတာထောက်ထားစွာဖြင့် ကျနော်တို့နဲ့ ရင်ဆိုင် ဖြေရှင်းပေးပါခင်ဗျား။

ကိုအောင်နိုင် ပြောသလို၊ သူတို့ဟာ ထောက်လှမ်းရေးတွေပါဆိုရင် ဘာလို့ ဘိုဘို ( မိုးကျော်သူ) ကို စစ်အစိုးရက ထောင်ဒဏ် အနှစ် (၂၀) ချထားရတာလဲ။ ကိုရာပြည့် ဘာလို့ထောင်ထဲမှာ အသေဆိုးနဲ့ သေခဲ့ရတာလဲ။ ကိုအောင်နိုင်တို့ ထောက်လှမ်းရေးဗိုလ်အဆင့်

သတ်မှတ်ထားတဲ့ နန်းအောင်ထွေးကြည် အခုထိ မြန်မာနိုင်ငံ ပြန်လို့မရတာလဲ။ ဖိုးကျော် (မြွေဟောက်)တို့ ဒုက္ခသည်စခန်းကို ပြန်ရောက်လာရတာလဲ။ ကိုရဲလင်း ဘာလို့ ထောင်ထဲပြန်ရောက် သွားရတာလဲ။ ကိုထိန်လင်း ဘာလို့ထောင်ထဲထည့်ခံရတာလဲ။ ကျနော်လည်း မြန်မာနိုင်ငံမှာ ရှိတုံးက ခရီးထွက်တိုင်း ဘာလို့ ထောက်လှမ်းရေးကို သတင်းပို့နေရတာလဲ။

ဒါတွေအားလုံးပြောနေရင် ကုန်မှာလဲမဟုတ်ပါ။
ကိုအောင်နိုင် ပါးစပ်က ပြောနေတဲ့ စစ်အစိုးရ၊ အာဏာသိမ်းအစိုးရ၊ လူ့အခွင့်အရေးချိုးဖောက်တဲ့ အစိုးရ၊နိုင်ငံရေးအကျဉ်းသားတွေကို နှိပ်ကွပ်တဲ့အစိုးရတောင်မှ ကိုအောင်နိုင်တို့လို လူသားတယောက် အပေါ် မရက်စက်ခဲ့ပါ။ မညှင်းဆဲခဲ့ပါ။ မနှိပ်စက်ခဲ့ပါ။ လူ့အခွင့်အရေး မချိုးဖောက်ခဲ့ပါဘူး။ အစုလိုက်အပြုံလိုက်၊ လည်ပင်းကို ဓါးနဲ့ခုတ်ဖြတ် မစီရင်ခဲ့ပါဘူး။ အမျိုးသမီးတယောက် (မခင်ချိုဦး)က သတ်ခံကာနီး ငိုယိုတောင်းပန်တာတောင် ကိုယ်တုံးလုံးကို ရဲဘော်တွေအားလုံး ရှေ့မှာ ချွတ်ပြီး မပစ်သတ်ခဲ့ပါဘူး။ ကိုကျော်ဝေလို ထင်းတုံးပေါ် ခေါင်းတင်ပြီး ခုတ်ဖြတ်မသတ်ခဲ့ပါဘူး။ ကိုထွန်းအောင်ကျော်ရဲ့ ဗိုက်ပေါ်ကို ရင်ဘောင်ကြမ်းတင်ပြီး မီးမရှို့ခဲ့ပါဘူး။ ဘိုဘို လိုမျိုး နှာခေါင်းကို သံချိတ်နဲ့ချိတ်ပြီး နိုင်ငံရေးသမားတွေကို မစစ်ဆေးခဲ့ ပါဘူး။ စစ်ကြောရေးမလုပ်ခဲ့ပါဘူး။ ရေခဲနေတဲ့ လိုင်စ် (ပါကျောင်)လို နေရာမျိုးမှာ မြေကြီးထဲကို ကိုယ်တကိုယ်လုံးမြှုပ် တည်လုံးခေါင်းလေးပဲ ဖေါ်ပြီး မစစ်ဆေးခဲ့ပါဘူး။ နှိပ်စက်တာတွေ ပြောရင်ကုန်မှာ မဟုတ်ပါ။ ကျနော် လောဘတကြီး နဲ့ ကိုအောင်နိုင်ကို တောင်းဆိုနေတာ မဟုတ် ပါ။ အေဘီ ရဲဘော်တွေ အားလုံးရဲ့ ဂုဏ်ကို ငဲ့ညှာသောအားဖြင့် မှားခဲ့ပါတယ် လို့ ကိုအောင်နိုင် ပါးစပ်ကနေ ဝန်ချတောင်းပန်တာလေး တခုကိုပဲ အားလုံးက ကြားချင်နေကြတာပါဗျာ။ ဝန်ခံပေးပါ ကိုအောင်နိုင်။ မှားခဲ့တယ်။ အဖွဲ့အစည်းအတွက် မှားခဲ့ပါတယ် လို့ ဝန်ချတောင်းပန် ပေါ ကိုအောင်နိုင်။ နောက်မှ စာဆက်ရေးပါအုံးမယ် ကိုအောင်နိုင်

**ဓေတ္တ ကိုရိုးယား + ၈၂ ၁၀ ၃၅၁၁ ၁၁၃၉**
**+၈၂ ၇၀ ၈၁၈၂ ၀၃၆၀**

**ရဲဘော် ကျော်နိုင်ဝင်းရဲ့ အစီရင်ခံစာ**

ABSDF (NB) တွင်တာဝန်ထမ်းဆောင်စဉ်၊ ကိုသံချောင်း၊ ကိုမျိုးဝင်း၊ ကိုအောင်နိုင်တို့မှ ကျောင်းသားတပ်မတော်ခေါင်းဆောင် ကိုထွန်းအောင်ကျော်နှင့်တကွ၊ စစ်မှန်သော ကျောင်းသားရဲဘော်များအား အချင်းချင်းသုတ်သင်ရှင်းလင်းရက်စက်မှုများကာလ၊ ကိုယ်တွေ့မျက်မြင် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။ အေဘီတွင် ကိုသံချောင်း စစ်ရေးတာဝန်ခံ၊ ကိုမျိုးဝင်းအထွေထွေ အတွင်းရေးမှူး၊ အပတ်စဉ် (၅) သင်တန်းကာလတွင် တပ်တွင်းဆန္ဒပြမှု တရပ်ပေါ်ပေါက်ခဲ့ပါသည်။ တပ်တွင်းခေါင်းဆောင်များဦးဆောင်မှုညံ့ဖျင်း သည့် အဓိကအကြောင်းအရာဖြစ်ခဲ့ပါသည်။ ထိုအချိန်ကာလတွင် ကိုထွန်းအောင်ကျော်၊ ကိုအောင်နိုင်၊ ကိုစိုးလင်း၊ ကိုညီကျော် စသည့် ကျောင်းသားခေါင်းဆောင်များ ရောက်ရှိလာပြီး ထိုရောက်ရှိလာသော ကျောင်းသားခေါင်းဆောင်များအား တပ်တွင်းရှိရဲဘော်များက အားပေး ထောက်ခံကြပါသည်။ ထို့နောက် တပ်တွင်းခေါင်းဆောင်နေရာများ အတွက် ရွေးကောက်ပွဲလုပ်ပြီး ခေါင်းဆောင်တင်ကြသည့်အခါတွင် ကိုမျိုးဝင်းသည် လူကြိုက်အနည်းဆုံးသူတယောက်ဖြစ်ခဲ့ပါသည်။ ထိုအချိန်မှ စပြီး ကိုမျိုးဝင်း၏အတွင်းစိတ်တွင် အမှတ်အငြိုးတေးဖြစ်လာခဲ့ပါသည်။ သူ၏ အာဏာပါဝါလျော့ကျသွားခြင်းဖြစ်ပါသည်။ သို့သော် ကိုမျိုးဝင်းအား အသစ်ဖွဲ့စည်းသော ကျောင်းသားတပ်မတော်ဖွဲ့စည်းပုံတွင် တွဲဘက် အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ခန့်လိုက်ခြင်းသည် ကျောင်းသား တပ်မတော်ပြိုကွဲရန် အောက်ပါ ဖြစ်ရပ်မှန် ရက်စက်မှုများ၏ အစပင် ဖြစ်ပါတော့သတည်း။

ထိုအသစ်ဖွဲ့စည်းသော ကျောင်းသားတပ်မတော်တွင် ကိုအောင်နိုင် သည် အဖွဲ့အတွက် အလွန်အရေးပါသော အထွေထွေအတွင်း ရေးမှူးရာထူးကို လက်ခံရယူထမ်းဆောင်ခဲ့ပါသည်။ အထက်ပါကဲ့သို့ ဖွဲ့စည်းပုံအသစ်ဖြင့် ကျောင်းသားတပ်မတော်သည် အင်အားခိုင်မာ ကျစ်လစ်စွာ နယ်မြေခံလူထုအားပေးထောက်ခံမှု အားကောင်းစွာ အရှိန်အဟုန် ကောင်းနေစဉ်တွင် တပ်တွင်းရဲဘော်တယောက်ဖြစ်သော

တပ်သား စိုးမင်းအောင် တပ်မှထွက်ပြေးခဲ့ပါသည်။ ထို တပ်ပြေးစိုးမင်းအောင်အား တရုပ်ပြည် ရင့်ကျန်းမြို့တွင် ပြန်လည်ဖမ်းစည်းရရှိမိကာ ရိုက်နှက်နှိပ်စက် စစ်ကြောပြီး အစိုးရထောက်လှမ်းရေးဟု အတင်းအကြပ်ဝန်ခံခိုင်းခဲ့ပါသည်။ စိုးမင်းအောင်မှ တဆင့် ကျောင်းသားတပ်မတော်တွင်းရှိ အခြားသော ကျောင်းသားတပ်မတော်တွင်းရှိ အခြားသော ကျောင်းသားများ၏အမည်ကို မေးကာ ထိုကျောင်းသားများသည်လည်းပဲ ထောက်လှမ်းရေးဖြစ်ပါသည်ဟု မဝန်ခံမခြင်း လူ့မဆန်စွာ လူ့အခွင့်အရေးကို အစွမ်းကုန်ချိုးဖောက်ကာ ကိုသံချောင်းနှင့် အပေါင်းပါများက သေသည်အထိ ညှင်းပမ်းနှိပ်စက်ခဲ့ကြပါသည်။ ထိုမှတဆင့် ကိုမျိုးဝင်းသည် သူ့အား အပတ်စဉ် (၅) သင်တန်းကာလဆန့်ကျင်ခဲ့သူများအား နှိပ်ကွပ်ရန် အကွက်မြင်သွားပြီး သူ့အား အတိုက်အခံလုပ်ခဲ့သူများကို ထောက်လှမ်းရေးဟု စွပ်စွဲကာ အစုလိုက်အပြုံလိုက်ဖမ်းဆီးပြီး ပြောပြမကုန်နိုင်လောက်သော ညှင်းပမ်းနှိပ်စက်မှု မျိုးစုံဖြင့် သေသည်အထိလည်းကောင်း၊ မသေမရှင်ဖြစ်သည်အထိလည်းကောင်း၊ လူလုံးမလှတော့သည်အထိ လည်းကောင်း၊ ယုတ်စွာအဆုံး မိန်းခလေးများဖြစ်သော အဖမ်းခံထောက်လှမ်းရေးဟု အစွပ်စွဲခံ မငယ် (နန်းအောင်ထွေးကြည်)၊ မခင်ချိုဦးတို့၏ မိန်းမ အင်္ဂါထဲသို့ပင် ရာဖွေစစ်ဆေးကာ အမျိုးသမီးတို့၏ အခွင့်အရေးကိုပါ ချိုးဖောက်ပြီး စစ်ကြောရေးကြီးကို စတင်ခဲ့ပါသည်။ ညှင်းပန်းနှိပ်စက် လူ့အခွင့်အရေးချိုးဖောက်ခဲ့မှုများနှင့် ညှင်းပမ်းနှိပ်စက်ခံခဲ့ရသူများကို ကျွန်တော်သည် အောက်ပါအတိုင်း ကိုယ်တွေ့မျက်မြင် မိမိအရှေ့တွင် မျက်ဝါးထင်ထင် မြင်ခဲ့ရသည်ကို နှိပ်စက်ခံရခဲ့သော လူအမည်များဖြင့်တကွ ဖေါ်ပြထားပါသည်။

**ကိုထွန်းအောင်ကျော် ( မှူးလေး)**

သံပြားအားမီးဖုတ်ပြီး ပေါင်ခြေသလုံးထံ ကပ်ထားခြင်း၊ ဗိုက်ပေါ်သို့ ကတ္တရာစီးပြားများကို မီးရှို့၊ အစက်ချ မီးမွှေးခြင်း၊ သံချောင်းများကို မီးဖုတ်၍၊ ပေါင်အတွင်းသို့ ထိုးသွင်းခြင်း၊ စိတ်ဓါတ်ပျက်ပြားချောက်ခြားစေရန်၊ ကိုကျော်ဝေကို ထင်းတုံးပေါ်တင်ပြီး ခေါင်းဖြတ်သတ်ထား၍၊ ထိုခေါင်းပြတ်မှ၊ ပန်းထွက်နေသော သွေးများကို၊ သောက်ခိုင်းခြင်း၊ ကိုချိုကြီး၏လက်ကို လက်ကောက်ဝတ်မှ ခုတ်ပြတ်သော်လည်း၊ ခုတ်ချက်မမှန်ကာ၊ လက်ဝါးအရင်းပိုင်းမှ ပြတ်ထွက်၍၊ (လက်မ

တချောင်းထဲပင် ကျန်ထားပါသည်)၊ ထိုလက်ပြတ်အား ကိုက်ထား နိုင်းခြင်း၊ ခေါင်းဖြတ်သတ်ခံရချိန်ထိ၊ ဒုတ်ကောက်ဖြင့်သာ လမ်းလျှောက် နိုင်ပြီး၊ အသတ်ခံလိုက်ရချိန်တွင်၊ ခေါင်းမပြတ်သဖြင့်၊ ပြန်ထလာသည်ကို၊ ပေါက်ပြားနောက်ဖင်ဖြင့်၊ ရိုက်ချ သတ်ခံရပါသည်။

**ကျော်ကျော်မင်း (မုံရွာ)**

သေဒဏ်ချမှတ်လိုက်သည်ဟု အမိန့်စာပြန်သောအခါတွင်၊ အောက်ပိုင်း ရုတ်တရက်သေ၊ မိမိကိုယ်မှ သေးထွက်မှန်းကို မိမိမသိသည်အထိ၊ ထိတ်လန့်ခါ၊ ခေါင်းဖြတ်မည့်နေရာသို့ တွဲခေါ် ယူခဲ့ရပါသည်။

**ကိုချိုကြီး ( မန္တလေး)**

စစ်ဆေးရေးကာလတွင် ဗိုက်ပေါ် တွင် မီးရှို့ခံရခြင်း၊ လက်ဝါးကပ်တိုင်တွင် လက်များကို သံချောင်းဖြင့် ရိုက်နက်စစ်ဆေးခံရခြင်း၊ ကိုကျော်ဝေအား ခေါင်းဖြတ်သည့်နေ့တွင် လက်ဝါးအရင်းပိုင်းမှ ခုတ်ဖြတ်ခံရခြင်း၊ ခေါင်းဖြတ် သည့်အခါတွင်၊ ထူးခြားစွာဖြင့် တည်ငြိမ်စွာ ခုတ်ဖြတ်ခံသွားပါသည်။

**မောင်မောင်ကြွယ်(ရန်ကုန်) ဒေါ်ချိုချိုကျော်ငြိမ်း၏ မွေးစားသား ဟုဆိုသူ**

အပတ်စဉ် (၅) ကာလတွင်၊ ကိုမျိုးဝင်းအား အများဆုံးဝေဖန်ခဲ့သူဖြစ်သည်။ မိမိ၏ပါးစပ်အား တိတ်ဖြင့်ကပ်ခါ၊ ကိုမျိုးဝင်း ကို အသံတိတ်ဆန္ဒပြခဲ့သည်။ ကျောင်းသားတပ်ထောက်လှမ်းရေးများ၏ (အထူးသဖြင့် ကိုမျိုးဝင်းမှ ညှင်းပမ်းနှိပ်စက်ခဲ့) ခေါင်းဖြတ်သတ်ခံခဲ့ ရပါသည်။

**ဘူးဘူး (မြစ်ကြီးနား)**

ခေါင်းဖြတ်ခံနီးတွင် ဆုတောင်းနိုင်းသောအခါ၊ မည်သည့်စကားတလုံးမှ မဆိုပဲ၊ ခေါင်းဖြတ်သတ်ခံရ။

**ကိုလှမြင့် (တပ်ကုန်း)**

ခေါင်းဖြတ်သတ်ခံရချိန်ထိ၊ မိမိမှာ ထောက်လှမ်းရေး မဟုတ်ကြောင်း၊ ပြင်းထန်စွာငြင်းဆန်သွားပါသည်။

**ရန်အောင် (ရန်ကုန်)**

ခေါင်းဖြတ်သောအခါ ပြန်ထလာသဖြင့်၊ ရင်ဘတ်အား သေနတ်ဘက်နက် ဖြင့် ထိုးသတ်ခံရ။

**အောင်ဖိုး (ရန်ကုန်)**

ကိုသံချောင်း၊ ကိုမျိုးဝင်း၊ ကိုအောင်နိုင်တို့မှ ကော်မတီဝင်များနေထိုင်ရာ တည်းစခန်းရှေ့သို့ခေါ်ယူပြီး ခြေထောက်တွင် မိုင်းအပျော့စားကပ်ပြီး၊ မိုင်းခွဲခါ ခြေဖြတ်ခံရ၊ (ထိုမိုင်းခွဲပွဲတွင်) မငယ်(နန်းအောင်ထွေးကြည်) အပါအဝင် နိပ်စက်ခံခဲ့ရသော်လည်း၊ ကံကောင်းထောက်မစွာ၊ လက်မိုင်းခွဲ မခံခဲ့ရ၊ နောက်ပိုင်းတွင် ထိုခြေပြတ်ဘဝနှင့်ပင်၊ ခေါင်းဖြတ်သတ်ခံရပါသည်။

**ငွေမြင့်ဝင်း (ရန်ကုန်)**

အပတ်စဉ် (၅) သင်တန်းကာလ၊ တပ်တွင်းဆွေးနွေးပွဲတွင်၊ ကိုမျိုးဝင်း အား ပြင်းထန်စွာ ဝေဖန်ခဲ့သဖြင့်၊ ခေါင်းဖြတ်သတ်ခါနီးတွင်၊ ကိုမျိုးဝင်းမှ၊ "ဟေ့ကောင် မင်း ငါ့ကို အပတ်စဉ် (၅) တုံးက ပြောသလို ပြောနိုင်သေးလား ဟု အပြုံးကြီးစွာ မေးခဲ့သည်ကို ကျနော်ကိုယ်တိုင်နားဖြင့်ကြားရပြီး၊ ငွေမြင့်ဝင်းမှ သေနတ်နှင့် ပစ်သတ်ပေးရန်တောင်းဆိုသဖြင့်၊ သေနတ်ဖြင့် ပစ်သတ်ခံရပါသည်။

**မခင်ချိုဦး (ရန်ကုန်)**

အသတ်ခံရခါနီးတွင်၊ ငိုယိုရှစ်ခိုးတောင်းပန်သော်လည်း၊ ရဲဘော်များအားလုံး ရှေ့တွင် ကိုယ်တုံးလုံးချွတ်ပြီး၊ သေနတ်ဖြင့် ပစ်သတ်ခံရပါသည်။

**ကိုကျော်ဝေ (မွန္တလေး)**

ဦးခေါင်းအား ထင်းတုံးပေါ်တင်ပြီး၊ ကိုမျိုးဝင်းမှ ခေါင်းဖြတ်သတ်ခဲ့ပါသည်။ အသတ်မခံရသေးချိန်တွင်၊ တောင်းပန်သေးသော်လည်း အသတ်ခံရမည်ကို သိသောအခါ၊ ဓမ္မစစ် ကျောင်းသားကွ၊ မင်းတို့ သတ်လို့ ငါသေပေမဲ့၊ ငါ့ဝိညာဉ် မသေဘူးကွ၊ ကျော်ဝေ- ဓမ္မစစ် ကျောင်းသားကွ၊ သတ်လိုက်ရတယ်လို့ အော်ဟစ်သွားခဲ့ပါသည်။ စစ်ကြောရေးကာလတွင်လည်း မိုင်းခွဲပွဲတွင် လက်ကို မိုင်းခွဲခံရခါ လက်ဖြတ်ပစ်ရသူဖြစ်ပါသည်။

**ပြည်စိုးနိုင် (ရန်ကုန်)**

ညတွင်းချင်းပင် ဖမ်းဆီးခံရခါ၊ လိုင်စင်ကဲ့သို့ ရေခဲသောအရပ်တွင် မြေကြီးထဲတွင် ကိုယ်ကို မြှုပ်ခါ၊ ခေါင်းလေးသာ ဖော်ထားပြီး နှိပ်စက်ခဲ့ပါသည်။ ဘုန်းနိမ့်စေရန် မခင်ရှိူဦးအား ခေါင်းပေါ်သို့ ကျော်ခွ နိုင်းခဲ့ကြသည်။ ထို့နောက် ဥနောက်အမြှေးပါးယောင် ရောဂါအခံရှိသော ပြည်စိုးနိုင်သည် ဦးခေါင်းကို ရိုက်နှက်ပါ များသည့်အတွက်၊ မနက်ရောက်သောအခါ၊ စစ်ဆေးရင်းသေဆုံးသွားခဲ့ရပါသည်။ မခင်ရှိူဦးနှင့်လည်းဖောက်ပြန်နေသည် ဟု စွပ်စွဲခံခဲ့ရပါသည်။

**မငယ်(ခ) နန်းအောင်ထွေးကြည်၊ ရန်ကုန်**

သူမ၏ ချောမောသော ရုပ်ရည် ပျက်စီးသည်အထိ မီးဖိုထဲမှ မီးစွဲလောင်နေသော ထင်းချောင်းဖြင့် မျက်နှာအား အထိုးခံခဲ့ရသည်။ သေဒဏ်စာရင်းတွင်ပါသော်လည်း ကံကောင်းထောက်မစွာ အသက်မသေခဲ့ပါ။

**နန်းစော (ဗန်းမော်)**

သူမ၏ လက်မသည် ကျိုးကျေသွားပြီး ယခုတိုင် ကွေးဆန့် မရတော့သည့်တိုင်အောင် ဝါးဆစ်ပိတ်ဝါးဖြင့် အရိုက်ခံခဲ့ရသည်။ ကိုအောင်နိုင်တို့ထောက်လှမ်းရေးဟု စွပ်စွဲထားသော နန်းစောသည် ယခုအခါ စက်တင်ဘာအရေးအခင်းမှစပြီး လိုက်လံဖမ်းဆီးခံနေရသဖြင့် ပြည်တွင်းတွင်မိန်းခလေးတန်မဲ့ ထွက်ပြေးတိမ်းရှောင်နေရသည်။ (ယခုအခါ ထိုင်းနယ်စပ်သို့ရောက်ရှိနေပါပြီ)

**ကိုထိန်လင်း (ဟသ်ာတ)**

ညလုံးပေါက် ရိုက်နှက်စစ်ဆေးပြီး အဆိပ်ရည် ပုလင်းထုတ်ပေးရန်စစ်ဆေးခဲ့၊ မိုးလင်းသောအခါ စစ်ဆေးတာ မခံနိုင်သဖြင့် သူ ပန်းချီဆွဲသောအခါ အသုံးပြုသော ပန်းချီဆေးရည်များကို ထုတ်ပေးခဲ့ရ၊ ထိုဆေးရည်များဖြင့် သူ၏မျက်နှာကို လောင်းချ သုတ်လိမ်းခံခဲ့ရ၊ ကိုယ်ပေါ်သို့လည်း လောင်းချခံခဲ့ရပါသည်။ ပြန်လည်လွှတ်မြောက်လာသော်လည်း စစ်အစိုးရမှ ကိုအောင်နိုင်တို့ထောက်လှမ်းရေးဟု

ယူဆခဲ့သူများကို ပြန်လည်ထောင်ချခဲ့ပါသည်။

**ဘိုဘို (မိုးကျော်သူ)**

နာခေါင်းတွင် သံချိတ်ဖြင့် ချိတ်ဆွဲကာ အဖောက်ခံခဲ့ရ၊ ယခုအချိန်ထိ ကိုနိုင်အောင်တို့ထောက်လှမ်းရေးဟု အစွပ်စွဲခံရသော သူသည် မန္တလေး အကျဉ်းထောင်တွင် ထောင်ဒဏ် အနှစ် (၂၈)ချမှတ် ခံထားရသည်။ (ယခု ပြန်လည်လွတ်မြောက်လာပြီး ပြည်တွင်းတွင်)

အထက်ပါဖြစ်ရပ်များသည် ကျနော်ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့သော အဖြစ်အပျက်များဖြစ်ပါသည်။ မည်သည့်လူနှင့်မဆို ကျွန်တော်ကိုယ်တိုင် ရှင်းရဲပါသည်။ နေ့ရက်များကို အတိအကျမမှတ်မိသော်လည်း ကျနော်ရေးသောစာကို ကျနော်တာဝန်ယူပါသည်။ ထိုအဖြစ်အပျက်များအတွင်း ကိုအောင်နိုင်သည် ဥက္ကဋ္ဌ ရာထူးတာဝန်ယူပြီး ဖြစ်ပျက်ခဲ့သော်လည်း ကိုအောင်နိုင်ကို ကျနော်နားလည် နိုင်ခဲ့ပါသည်။ သူသည်လည်း အသက်ကို ဉာဏ်စောင့်ရမှာပေါ့လို့ ပေါ့တွေးထားခဲ့ပါသည်။ အထက်ပါအဖြစ်အပျက်များကို မည်သူ့ကိုမှ မပြောတော့ပါဟု ဆုံးဖြတ်ထားခဲ့သည်မှာ ဆယ်စုနှစ်ကျော်လာခဲ့ပါသည်။ ထိုသို့ နေလာရာ တနေ့တွင် ဘီဘီစီ အသံလွှင့်ဌာနမှ ရော်နယ်အောင်နိုင် ဆိုသည့် သတင်းထောက်တယောက် ချင်းမိုင်မှ သတင်းပေးပို့ ဖတ်ကြားလိုက်သည်ကို ကြားလိုက်ရပါသည်။ အသံကို သိသည်။ ရင်းရင်းနှီးနှီးသိသည်ဟု မှတ်ထားလိုက်ပါသည်။ နောက်ပိုင်းတွင် စုံစမ်းကြည့်သောအခါ အောဘီ (မြောက်ပိုင်း)မှ ကိုအောင်နိုင် ဖြစ်နေသည်ကို သိလိုက်ရပါသည်။ ထိုအချိန်အထိ ကျနော့်စိတ်ထဲတွင် ကိုအောင်နိုင်အား နားလည်နိုင်ပါသည်။ စပ်ခွန်ကျော်လို့ပင်ခေါ်ခေါ်၊ သံချောင်းပင်ဖြစ်ဖြစ်၊ မြင့်စိုးပင်ဖြစ်စေ၊ အဖမ်းခံရသောအခါ ကိုအောင်နိုင်သည် လူတတ်ကြီးလုပ်ပြီး ကျောင်းသားတပ်မတော်အတွင်း အချင်းချင်းသတ်ဖြတ်ကြတုံးက ဥပဒေ တခုရှိပါတယ်။ ဘာလဲဆိုတော့ အဲ့ဒီတုံးက ထောက်လှမ်းရေးလို့ သံသယရှိသူတွေကို ကွပ်မျက်ရမယ်ဆိုတဲ့ ဥပဒေ ရှိပါတယ်လို့ သတင်းမီဒီယာတခုတွင် ဖွင့်ဆိုသွားပါသည်။

ထိုအချိန်မှ စပြီး ကိုအောင်နိုင်သည် အထက်ပါ အဖြစ်အပျက်များ တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ပါလားဟု သုံးသပ်မိသည်။ နောက်ပိုင်း ကျွန်တော်သည် အေဘီတွင် ယခုအချိန်အထိ တာဝန် ထမ်းဆောင်နေသော ရဲဘော်များနှင့် ပြန်လည် အဆက်အသွယ် ရခဲ့သည်။ ကိုအောင်နိုင် အကြောင်းစုံစမ်းသောအခါ၊ သူသည် ABSDF (မြောက်ပိုင်း)ကို ဖျက်သိမ်းခိုင်းကြောင်း၊ မဖျက်သိမ်းပါက မင်းတို့ဘဲ လူသတ်ခဲ့တာတွေကို တာဝန်ယူဖြေရှင်းရလိမ့်မယ်ဟု ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ဆိုပြီးလျှင် ပူးတွဲပါ ကိုအောင်နိုင်ရဲ့ လူတွင်ကျယ် လုပ်ထားသော အင်တာဗျူးကို ဖတ်လိုက်ရသောအခါ အထက်ပါ လူသတ်နှိပ်စက် လူ့အခွင့်အရေးချိုးဖောက်ပွဲကြီးတွင် ကိုအောင်နိုင် တယောက်သည်လည်း အင်တိုက်အားတိုက်ပါဝင်ခဲ့ပါလား ဆိုတာကို လက်မခံချင်ပဲ လက်ခံလိုက်ရပါတော့သည်။

ထို့အတွက်ကြောင့် ဘီဘီစီ မြန်မာပိုင်းဌာနအနေဖြင့် ကိုအောင်နိုင် ကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ခဲ့သူတဦးအား အလုပ်ဆက်လက် ခန့်သင့် မခန့်သင့် ဆိုတာကို စဉ်းစားပေးစေလိုပါတယ်။ အထူးသဖြင့် အန်တီဒေါ်တင်ထားဆွေ အနေဖြင့် ခေါင်းအေးအေးတည်ငြိမ်စွာ ဆုံးဖြတ်နိုင်လိမ့်မယ်လို့ ကျွန်တော်သည် အထူးမျှော်လင့်မိပါသည်။ ဘီဘီစီဟာ ကျနော်တို့နှင့်အတူ စစ်အစိုးရကို လက်တွဲတိုက်ပွဲဝင်နေသော အားကိုးရတဲ့ ရဲဘော်တယောက်လို့ ဘဲ ကျနော့ရင်ထဲမှာ အမြဲရှိနေမှာပါ။

**ယုံကြည်လေးစားလျှက်**
**ကျော်ခိုင်ဝင်း**
**ABSDF (NB) ရဲဘော်ဟောင်း**

မြောက်ပိုင်းဒေသမှ အရိုးတွန်သံများ (အပိုင်း-၈) ကို ရေးနေရင်းက၊ ဖြည့်စွက်ချက် တခုကို ထည့်ပေးရတော့မယ် ဆိုတာ သဘောပေါက်ခဲ့ကြတယ်။ ဒီလိုထည့်ဖို့ရာ အကြောင်းဖန်လာခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ ကိုမိုးသီးဇွန် ဗဟိုကော်မတီရဲ့ ၁၉၉၂ (မတ်လ)မှာ ထုတ်ဝေခဲ့တဲ့စာတစောင်နဲ့ သူ့ရဲ့ စရိုက်လက္ခဏ၊ ပြောဆိုနေမှုတွေ ကြောင့်ပဲဖြစ်ပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ ရဲဘော်များနဲ့ မြောက်ပိုင်းဒေသမှ ထွက်ပြေးလွတ်မြောက်လာသူများ သေသေချာချာဖတ်စေချင်ပါတယ်။ ကျောင်းသားခေါင်းဆောင်လို့ ကြွေးကြော်နေတဲ့သူတွေဟာ မြောက်ပိုင်းဒေသမှာ နှိပ်စက်ဖမ်းဆီးခံခဲ့ရ၊ အသတ်ခံခဲ့ရတဲ့သူတွေအပေါ် ဘယ်လိုသဘောထားသလဲ ဆိုတာ သိစေချင်လို့ပါ။ စာရဲ့ အဆုံးသတ်မှာ တင်ပြထားတဲ့ ဒေါက်တာနိုင်အောင်ရဲ့စာဟာ ဒီဆောင်းပါးရဲ့ အဓိကအချက်အလက်လို့ ပြောလိုက်ချင်ပါတယ်။



**ရှေ့ဆက်ရမဲ့ခရီး**

ကျနော်နဲ့ မအေးအေးစိုးဝင်းတို့နှစ်ယောက် မနေ့ကမှ တွေ့တွေ့ဆိုင်ဆိုင် ဖုန်းစကားပြောဖြစ်ကြတယ်။ သူနဲ့ကျနော်က ဖေ့ဘွတ်ပေါ်မှာသာ

တစ်ယောက်ရေးတာတစ်ယောက် ဆွေးနွေးခဲ့ကြပေမဲ့ လူပုဂ္ဂိုလ်ချင်း အရ အဆက်အသွယ်မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုမိုးသီးဇွန်ရဲ့ လုပ်ရပ်တွေကြောင့်ပဲ ကျနော်တို့တွေ ဖုံးဆက်ဖြစ်ကြတယ်။ ရှေ့ဆက်လုပ်ရမဲ့ အလုပ်တွေအတွက် ကျနော်တို့ကြားမှာ ရှင်းရှင်းလင်းလင်းသွားချင်တာကြောင့် တယောက်နဲ့တယောက် ပွင့်ပွင့်လင်းလင်း ပြောဆိုတိုင်ပင်ကြခြင်းဖြစ်တယ်။ မြောက်ပိုင်းဒေသမှ အစုလိုက်အပြုံလိုက် လူသတ်မှုကိစ္စကိုဆွေးနွေးကြတဲ့အခါမှာ အုပ်စုတိုက်ပွဲပုံစံအသွင်ကူးပြောင်းချင်တဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအစွန်းရောက်တဲ့သူတွေအားလုံးကို ရှောင်ပြီး ကျနော်တို့က လုပ်ချင်ပါတယ်။ အုပ်စုတိုက်ပွဲပုံစံနဲ့ချည်းကပ်တဲ့အရာမှန်သမျှဟာ အမှန်တရားကို မရောက်နိုင်ပါဘူး။ ဒါကြောင့် ကျနော်က မအေးအေးစိုးဝင်းကို ကိုမိုးသီးဇွန်အပေါ် ထားတဲ့သဘောထားတွေကို မေးခဲ့တော့ သူ့အဖြေက ရှင်းပါတယ်။ သူက အမှန်တရားဘက်ကပဲ ရပ်တည်မယ်၊ ဘယ်သူ့လူမှ မဟုတ်ဘူး လို့ ဆိုပါတယ်။ ကိုမိုးသီးဇွန်ရဲ့ သဘောထားတွေ၊ လုပ်နည်းလုပ်ဟန်တွေကိုလည်း ကျနော့်ကို ရှင်းပြပါတယ်။

မငယ်(ခ) နန်းအောင်ထွေးကြည်နဲ့လည်း သေသေချာချာမေးမြန်းဖြစ်ပြန်တယ်။ ကိုမိုးသီးဇွန်တို့ ထုတ်ပြနေတဲ့စာဟာ မငယ် (နန်းအောင်ထွေးကြည်) ဆီက ရခဲ့တာလား။ ကိုယ့်အတွက် အသက်ရှူပေါက်ရမဲ့ စာတစောင်ကို ထုတ်ပေးခဲ့ရဲ့သားနဲ့ ဘာကြောင့် သူက အခုလို ကိုယ်ချင်းစာစိတ်မဲ့တဲ့ စကားတွေပြောနေသလဲ။ အစုံပါပဲ။ အားလုံးတိုင်ပင်ပြီးတဲ့အခါ ကျမ၊ ဒီအကြောင်းအရာတွေကို မိတ်ဆွေတွေ သိထားသင့်တယ် ထင်လို့ ရေးပြလိုက်တာပါ။ မဟုတ်ရင် သူကပဲ အမှန်တရားကို ချစ်သယောင်ယောင်၊ နစ်နာနေသူတွေဘက်ကပဲ ပြတ်ပြတ်သားသားရပ်တည်နေသယောင်ယောင် နမ်းဖြူးဟန်ဆောင်နေမှာစိုးလို့ပါ။

**မြောက်ပိုင်းကိစ္စအပေါ်မှာ**

၁၉၉၂ တုံးက မြောက်ပိုင်းလူ့သတ်မှုတွေအပေါ်မှာ၊ ကိုနိုင်အောင့်အုပ်စုက ဘယ်လို၊ ကိုမိုးသီးအုပ်စုက ဘယ်လိုသဘောထားတယ် ဆိုတဲ့ ကြေငြာချက်တွေဟာလည်း မဖြစ်မနေဖတ်ရမှာဖြစ်သလို၊

ဒီကနေ့လက်ရှိမှာ အဲ့ဒီလူတွေက မြောက်ပိုင်းလူ့သတ်မှုအပေါ်မှာ ဘယ်လို သဘောထားတယ်၊ ကိုယ်ချင်းစာစိတ် ဘယ်လိုရှိတယ် ဆိုတာကိုလည်း သိဖို့လိုပါလိမ့်မယ်။ တကယ်တော့ စာရွက်စာတမ်းတွေအားလုံးက ကျနော်တို့လက်ထဲမှာ အကုန်ရှိပြီးသားပါ။ ကိုအောင်ထူးရဲ့ လက်မှတ်နဲ့ထိုးထားတဲ့စာ၊ ဒေါက်တာနိုင်အောင်ရဲ့စာတွေအပြင်၊ ကိုမိုးသီးဇွန်ရဲ့ ဗဟိုအလုပ်မှုဆောင်အဖွဲ့ အမည်ပေးထားတဲ့စာတွေလည်း ကျနော်တို့ဆီမှာ ဖိုင်တွဲနဲ့သိမ်းထားပြီးသားပါ။ တောင်ပိုင်းမှာဖြစ်ပျက်ခဲ့တာတွေကို သေသေချာချာ မသိတာကြောင့် ဝင်မပါချင်တာတပိုင်း၊ မြောက်ပိုင်းကိစ္စကိုသာ အရင်ရှင်းချင်တာ တပိုင်းကြောင့် အဲ့ဒီ အဆင့်ကို ထိကို မထိခဲ့တာပါ။ ဒါပေမဲ့ အခုတော့ ကိုမိုးသီးဇွန်တို့ ဘက်က ၁၉၉၂ တုံးက စာကို ထုတ်ပြနေတာကြောင့် ကြားဖြတ်ရှင်းပြရမဲ့အဆင့် ကို ရောက်လာခဲ့ပါတယ်။

**ကိုမိုးသီးဇွန်၊ နန်းအောင်ထွေးကြည် နဲ့ ကိုထိန်လင်း**

၂၀၀၉ ခုနှစ်မှာ နန်းအောင်ထွေးကြည် တယောက်၊ ထိုင်းကို ပြန်တော့ ကိုမိုးသီးဇွန် နဲ့ ထိုင်းနယ်စပ်က ဒီမိုကရေစီရေးလှုပ်ရှားသူတချို့နဲ့ ဆုံခဲ့ပါတယ်။ ကိုမိုးသီးဇွန်ကိုယ်တိုင် နန်းအောင်ထွေးကြည်တည်းခိုတဲ့နေရာကို လိုက်ခဲ့ပြီး "ဟာ ဟုတ်တယ်၊ ဒီကောင်တွေ ရက်စက်လွန်းတယ်။ ဒီ မြောက်ပိုင်းကိစ္စကို ဖေါ်ထုတ်ရမယ်" လို့ အာဘောင်အာရင်း သန်သန်ပြောခဲ့ပါတယ်။ ဒီကနေ့ ကိုမိုးသီးဇွန်တို့အုပ်စု ရတဲ့ ၁၉၉၂ စတိတ်မန့်ဆိုတာ နန်းအောင်ထွေးကြည်က ရတာလား။ (ဒါမှမဟုတ်) ကိုမိုးသီးဇွန်တို့ရဲ့ သုသေသနဌာနကြီးက ရတာလား။ ကာယကံရှင်တွေ အသိကြဆုံးပါ။ ကိုအောင်နိုင်ဦးက မွေးနိုင် ဘယ်လို အသတ်ခံခဲ့ရတယ် ဆိုတာတွေတောင် နန်းအောင်ထွေးကြည်ကို ရှင်းပြခဲ့တာမို့လား။ ကိုထိန်လင်း တယောက် ထိုင်းကို ပန်းချီပြပွဲသွားတဲ့အခါမှာလည်း၊ ကိုမိုးသီးဇွန်တို့အုပ်စုက မြောက်ပိုင်းကိစ္စကို ဖေါ်ထုတ်ဖွင့်ချပြီး ကိုနိုင်အောင်တို့ကို ချဖို့ တိုက်တွန်းခဲ့သေးတယ် လို့ သိရပါတယ်။ ဒီလို အာဘောင်အာရင်း သန်သန်ပြောခဲ့တဲ့ ကိုမိုးသီးဇွန်ဟာ ကိုထိန်လင်းနဲ့ ကျနော်တို့တွေ မြောက်ပိုင်းကိစ္စကို စတင်ရေးလာ ကတည်းက သွေးရူးသွေးတန်းနဲ့ လိုက်ကန့်ကွက်ခဲ့ပါတယ်။ သူနဲ့ရင်းနှီးတဲ့ကျောင်းသားတချို့ကို ဒီကိစ္စတွေထဲမှာ

မပါဖို့ တိုက်တွန်းခဲ့တယ်။ "ရေးသားနေတဲ့ သူတွေဟာ ရန်သူ့ အကြိုက်လိုက်လုပ်နေတယ်။" "ABSDF ကို တိုက်ခိုက်နေတယ်" ဆိုတဲ့ ဝါဒဖြန့်ချိရေးတွေအပြင်၊ "ကာယကံရှင်တွေက မရေးပဲ ဘာလို့ မအေးတို့က ဆွေ့ဆွေ့ခုန်နေတာလဲ" ဆိုတဲ့စကားမျိုး တွေ ကိုလည်း မအေးအေးစိုးဝင်းကို ပြောခဲ့တယ် လို့ သိရပါတယ်။

## တိုင်းပြည်ရဲ့ရန်သူဆိုတာ ဘယ်သူလဲ

တိုင်းပြည်ရဲ့ ရန်သူဆိုတာ အာဏာရှင်ဖြစ်တဲ့ နေဝင်း၊ သန်းရွှေ စစ်အုပ်စုတင်ခေါ် ဆိုတာ မဟုတ်ပါဘူး။ သူတို့လိုပဲ အာဏာရူး၊ နေရာရူးပြီး ကိုယ်ခေါင်းဆောင်မဖြစ်ရင် ကျန်တဲ့သူတွေကို တိုက်ခိုက် ချေမှုန်းဖို့ ကြိုးစားနေတဲ့ သဘောထားသေးသိမ်သူ အားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။ ခေါင်းဆောင်ရူးရင်းရူးရင်းနဲ့ ဘယ်သူတွေ မြောင်းထဲရောက်ကုန်ကြပြီလဲ။ အမေရိကားကျောင်းသား အစည်းအဝေးတချို့မှာ "ပြည်တွင်းပြန်ဝင်ဖို့အတွက် ကျနော့ကို ကိုယ်စားလှယ်ပေးကြပါခင်ဗျား" လို့တောင်းနေရတဲ့အဆင့်ကို ဘယ်သူတွေရောက်ကုန်ကြပြီလဲ။ ကိုယ့်ဘာသာ ပြန်သုံးသပ် စေချင်ပါတယ်။

## ကာယကံရှင် ဆိုတာဘယ်သူလဲ

ကာယကံရှင်ဆိုတာ ထွက်ပြေးလွတ်မြောက်လာသူတွေနဲ့ အသတ်ခံ ရသူတွေကိုမှ ကာယကံရှင်လို့ခေါ်တာ မဟုတ်ပါဘူး။ လုပ်ဖေါ်ကိုင်ဘက် ဗကသ (အထက်ဗမာပြည်) ရဲဘော်များကလည်း၊ သူတို့ရဲဘော်တွေ ဟာ ရန်သူသူလျှိုမဟုတ်ကြောင်း ပြတ်ပြတ်သားသား ရပ်တည်ငြင်းဆန် ပိုင်ခွင့်ရှိပါတယ်။ ကျနော်တို့ဟာ အဖွဲ့အစည်းနဲ့လုပ်တဲ့အခါတိုင်း ကိုယ့်ရဲ့ ရဲဘော်တွေဘက်က တာဝန်ယူ ရပ်တည်လေ့ရှိပါတယ်။ မျက်နှာလွှဲခဲပစ်လုပ်လေ့မရှိပါဘူး။ ဒါမှာလည်း ရဲဘော်ရဲဘက်စိတ် ရှိတယ်ခေါ်မှာပါ။ ကိုထွန်းအောင်ကျော်နဲ့ စိုးဝင်းသန်းဟာ ဗကသ ခေါင်းဆောင်တွေဖြစ်တဲ့အတွက် ဗကသ ရဲဘော်တွေကလည်း သူတို့ရဲ့ သမိုင်းရေးဆိုင်ရာ ကိစ္စတွေကို တာဝန်ယူ ရပ်တည်သွားကြမှာပါ။ ကိုမိုးသီးဇွန်ဘဝမှာ ကိုယ့်အပေါ် ကောင်းခဲ့တဲ့ လူတွေအပေါ် ရဲဘော် ရဲဘက် စိတ်ရှိခဲ့ပါသလား။ မိုးထဲလေထဲမှာ ချကြွေးပစ်ခဲ့အဖြစ်မျိုး

ဘယ်နှစ်ခါ လုပ်ခဲ့ပါသလဲ။ ကိုဇော်ထွန်း (ဆေးတက္ကသိုလ်) ဘယ်လိုသေခဲ့ပါသလဲ။ မြောက်ပိုင်းကိုရောက်သွားတဲ့ တောင်ပိုင်းက ABSDF ရဲဘော်တွေရဲ့လုံခြုံရေးကိုရော တာဝန်ယူခဲ့ဘူးပါရဲ့လား။ ထပ်ပြီးပြောလိုက်ပါမယ်။ မြောက်ပိုင်းအစုလိုက်အပြုံလိုက် လူသတ်မှုဟာ အမျိုးသားရေးပါ။ မတရားမှုကို ဆန့်ကျင်သူ၊ ယဉ်ကျေးမှု ရှိသူအားလုံး ပါဝင်ပိုင်ခွင့်ရှိပါတယ်။

## အောင်ပွဲကို ရပြီဆိုပဲ

ကိုမိုးသီးဇွန် ရဲ့ နီးစပ်တဲ့သူတယောက်က ဆိုပါတယ်။ "ဒီမိုကရေစီ အောင်ပွဲရခါနီးခါမှ မြောက်ပိုင်းလူသတ်မှုအပုပ်တွေကို ဖေါ်နေကြတယ်" တဲ့။ နေစမ်းပါအုံး။ "အောင်ပွဲရခါနီးပြီ" ဆိုတဲ့စကားနဲ့ "၂၀၀၈ အခြေခံဥပဒေအောက်အားလုံးဒူးထောက်ရေး" ဆိုတဲ့စကား ကွဲပြားအောင်လုပ်ဖို့လိုပါလိမ့်မယ်။ လူငယ်တွေကို မီးရှို့ခိုင်း၊ ခဲနဲ့ပေါက်ခိုင်း မင်းမဲ့စရိုက်လှုံ့ဆော်မှုတွေပြောပြီး၊ ပြည်တွင်းကို ပြန်ဝင်ဖို့ ချောင်းနေတဲ့ ခပ်ညံ့ညံ့ကျောင်းသားခေါင်းဆောင်တယောက်လို အလုပ်မျိုး ကျနော်တို့ မလုပ်ခဲ့တာတော့ သေချာပါတယ်။ ကြွေးကြော်သံတွေ ရမ်းရမ်းကားကားပြောပြီး မေ့ပျောက်လွယ်၊ ဒူးထောက်လွယ်တဲ့သူတွေ၊ မဟုတ်ခဲ့တာလည်း သေချာပါတယ်။

## ဗကသ ( အထက်ဗမာပြည်) အပေါ် သဘောထား

တကယ်တော့ ကျနော်ထိုင်းနယ်စပ်ကို ရောက်ခါစ ၁၉၉၈ လောက်မှာထိ ကိုမိုးသီးဇွန်ဟာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ (အထက်ဗမာပြည်) ညီလာခံတွေကို ခါးခါးသီးသီး ငြင်းပယ်လေ့ရှိပါတယ်။ သူပါခဲ့တဲ့ ဩဂုတ်စ် (၂၈) ဗကသ လောက်ကိုသာ သမိုင်းလို့ထင်ပြီး ကျန်တဲ့ ဗကသ သမိုင်းတွေကို "ဘယ်သူ့ကို ကိုယ်စားပြုလို့လဲ" ဆိုတဲ့ မေးခွန်းတွေထုတ်ပြီး သူများတွေရဲ့ သမိုင်းကို အထင်သေးသူဖြစ်တယ်။ လက်မခံသူဖြစ်တယ်။ ဗကသ၊ လူ့ဘောင်သစ်၊ ABSDF စတဲ့အဖွဲ့တွေအားလုံးကို သူတယောက်တည်းပဲ ပိုင်ဆိုင်သယောင်ယောင် လက်ဝါးကြီးအုပ် မင်းမူချင်သူတယောက်ဖြစ်တယ်။ ကိုထွန်းအောင်ကျော်ဟာ မန္တလေးမှာ ထင်ရှားတဲ့ခေါင်းဆောင်တယောက်လို့ သိခဲ့မယ်ဆိုရင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (အထက်ဗမာပြည်)ရဲ့ ညီလာခံကိုလည်း သိနေသင့်ပါတယ်။ ကျနော်တို့ပြောတဲ့ ဗကသ သမိုင်း ဟုတ်မဟုတ် လက်ရှိအသက်ထင်ရှားရှိနေတဲ့

ကိုကိုကြီး၊ ကိုပြုံးချို တို့ကို မေးလိုက်ပါ။ ဒါကြောင့် ၁၉၉၂ မှာ ထုတ်ဝေခဲ့တဲ့ ကိုမိုးသီးဇွန် အုပ်စုရဲ့ မြောက်ပိုင်းဒေသ လူသတ်မှုအပေါ် သဘောထားကို ကြေငြာချက်ကိုဖတ်ပြီး လူတွေရဲ့ ရင်ထဲမှာ မေးခွန်းတွေရောက်လာပါတယ်။

ဗဟိုကော်မတီရဲ့သဘောထားကတော့ ထားလိုက်ပါတော့။ ဘာမှ မှတ်ချက်မပေးချင်ပါ။ ဗဟိုကော်မတီထဲမှာ ကျနော်တို့အပေါ် သဘောထားမှန်တဲ့သူတွေ ရှိနေလို့ပါ။ ဒါပေမဲ့ ကိုမိုးသီးဇွန်ရဲ့ စရိုက်လက္ခဏာကတော့ ကြေငြာချက်နဲ့ကွာဟနေပါတယ်။ ကိုမိုးသီးဇွန်ဟာ မြောက်ပိုင်းလူသတ်မှုကို တကယ်ရှုတ်ချချင်တဲ့ ဆန္ဒရှိတယ်ဆိုရင် ဘာဖြစ်လို့ အခုချိန်မှာ ခံစားခဲ့ရသူတွေဘက်က ကိုယ်ချင်းစာစိတ် တစက်မှ မရှိခဲ့တာလဲ။ ဘာလို့ အဖြစ်မှန်ရေးသားနေသူတွေကို နည်းပေါင်းစုံလိုက် တိုက်ခိုက်နေတာလဲ။ ဘာကို ကြောက်နေတာလဲ။ လူတော်တော်များများကတော့ ကိုမြေးနိုင် အသတ်ခံရတဲ့ အမှုဟာ မြောက်ပိုင်းကိစ္စ နဲ့ ဆက်နွယ်နေတာကြောင့် သူ့ဆီကို အမှုပတ်လာမှာ စိုးလို့ လို့ ဆိုကြပါတယ်။ ကျနော်တို့ အုပ်စုမှာတော့ အဲ့ဒီထက် စိတ်ဝင်စားစရာကောင်းတဲ့ စာတစောင် ရှိနေပါတယ်။ ဒီစာတစောင် နဲ့ ၁၉၉၂ ဗဟိုကော်မတီက ထုတ်ဝေတဲ့ သဘောထားကြေငြာချက်ကို နှိုင်းယှဉ်ပြီး ဖတ်လို့ရနိုင်အောင်လို့ပါ။

**ဒေါက်တာနိုင်အောင်ရဲ့စာ**

တကယ်တော့ ဒီစာကို အပြင်မှာထုတ်ပြဖို့ စိတ်ကူးတစက်မှ မရှိခဲ့ပါဘူး။ ဒေါက်တာနိုင်အောင်က ကိုသန်းဝင်းရဲ့စာကို တုန့်ပြန်ခဲ့တဲ့အခါ ကျနော့ဆီကို (၄၉) တွဲပြီး ပို့ပေးခဲ့ပါတယ်။ ကျနော်က စည်းထားပါတယ်။ ဒီလို ပုဂ္ဂိုလ်ရေးယုံကြည်လို့ ပေးတဲ့စာ ကို ထုတ်ပြလေ့မရှိပါဘူး။ ဒါပေမဲ့ ကိုသန်းဝင်း က အဲ့ဒီစာကို ထုတ်ဖေါ်ပြောခဲ့ပြီး ဖြစ်သလို၊ ကိုမိုးသီးဇွန် ရဲ့ ကြောက်လန့်တကြား လိုက်လံတားဆီးခဲ့တဲ့ လုပ်ရပ်တွေကို သံသယဖြစ်ခဲ့လို့ ဒီစာကိုထုတ်ပေးလိုက်ပါတယ်။ အရေးကြီးတဲ့ စာကြောင်းကို လိုင်းတားပေးထားပါတယ်။

ဒေါက်တာနိုင်အောင့် ရဲ့ စာအရဆိုရင်တော့ "မြောက်ပိုင်းလူသတ်မှုကို အမိန့်ပေးသူဟာ ကိုမိုးသီးဖြစ်ပါတယ်" တဲ့။ ကိုသန်းဝင်းနဲ့ အပြန်

အလှန်ရေးတဲ့စာ အဆုံးသတ်ခါနီးမှာ ဟော့သလိုရေးထားပါတယ်။
"အဖွဲ့နှစ်ဖွဲ့ မကွဲခင်မှာ ရန်သူ့သူလျှိုတွေကို သတ်ဖို့ ကိုမိုးသီးက ခွင့်ပြုခဲ့တာကို မင်းသိသလား။ စာရွက်စာတမ်းတွေအားလုံးကို ငါတို့ သိမ်းထားပါတယ်"

Do you know that Ko Moe Thee gave the permission to execute the spys in northern before the split?

We have kept all documents.

ကိုနိုင်အောင်ရဲ့စာဟာ လွန်ခဲ့တဲ့ (၂) နှစ် ၂၀၁၀ ဖေဖော်ဝါရီလ (၁၀) ရက်နေ့က ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီကာလတုံးက ကိုသန်းဝင်းဟာ ကိုမိုးသီးနဲ့ ကိုနိုင်အောင်ဆီကို အိပ်ဖွင့်ပေးစာတွေရေးနေတဲ့အချိန်ပါ။ သူတို့ဖြစ်နေတဲ့ကိစ္စက ကျနော်နဲ့ဘာမှ မပတ်သက်ပါဘူး။ ဒါပေမဲ့ မြောက်ပိုင်း ကိစ္စတွေပါလာတိုင်း ကျနော်နဲ့သက်ဆိုင်မယ် ထင်လို့ ကိုနိုင်အောင်က ကျနော့်ကို စာတွဲပို့ပေးလိုက်တယ် လို့ ယူဆပါတယ်။ မြောက်ပိုင်းကိစ္စတွေကို ကျနော်နဲ့ ဒေါက်တာနိုင်အောင် အေးအေးဆေးဆေး ပြောဖြစ်ကြပါတယ်။ ကျနော်တို့အမြင်တွေတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ဆွေးနွေးခဲ့ကြပါတယ်။ ကိုမိုးသီးဇွန်ကတော့ ၁၉၉၈ ကာလ၊ ထိုင်းနယ်စပ်မှာကတည်းက မြောက်ပိုင်းလူသတ်မှုအကြောင်း စကားစတိုင်း အပြောမခံခဲ့ပါ။ ဒါဟာ ကျနော်တွေ့ခဲ့ရတဲ့ ABSDF ခေါင်းဆောင်နှစ်ယောက်ရဲ့ သဘောသဘာဝဖြစ်ပါတယ်။ ကျန်တဲ့ ကိစ္စတွေ၊ စာရွက်စာတမ်းတွေကတော့ ကာယကံရှင်တွေကသာ ဆက်ပြီး ဆွေးနွေးကြပါလိမ့်မယ်။ ဒီအပေါ်မှာ ကျနော့်သဘောထား ဘာမှ မပေးချင်ပါ။ ဒေါက်တာနိုင်အောင်ရဲ့စာကို တွဲပြီး တင်ပြလိုက်ပါတယ်။

--- On Wed, 2/10/10, Naing Aung

wrote:

From: Naing Aung dna_freeburma@yahoo.com

Subject: Re: Open Letter to Moe Thee Zun and Naing Aung

[1 Attachment]

To: "Aung Moe Win" , "Than Win"

Date: Wednesday, February 10, 2010, 10:34 PM

Dear Ko Than Win,

If it is true that you are writing letters attacking Ko Moe Thee and me and started to involve in non-sense and time wasting wrangling, here is my first and last response.

First of all, I don't usually reply those letters written by those based on their self claimed status and out of frustration.

But I don't want the ordinary people to hate more and more of 88 generation over your furious over you are wrong and I am right, clean and clever.

If Moe Thee claimed the social event as political one, please talk to Ko Moe Thee. I criticized him face to face, I don't attack in front of the people who don't need to know.

Secondly, if you want to talk about history of ABSDF, please remember what you have done to ABSDF.

Don't you know that there are thousand of ABSDF will point the fingers on you during your administration.

Thirdly, most of decisions of ABSDF were made by committee, I never acted alone like you did. But I take the responsibility as chair of ABSDF whether I agreed the decision or not. I still do.

Fourthly, I am not saying I am right all the time, people has rights and wrongs. It is important to learn and correct. Whether you like it or not, I am still working for the movement. People like you who left ABSDF cannot tell that I have destroyed ABSDF. How many members left when I assumed Chairmanship? You are the one who supported ko Moe Thee after the split even knowing what ko Moe Thee's behavior as you mentioned. Do you know that Ko Moe Thee gave the permission to

execute the spys in northern before the split?

We have kept all documents. In one day, those will be

explained to family but during the movement time,

I have only one enemy.

So i want you to get matured. Please swallow your personal

guilty feeling and support in best way you can.

If you don't satisfy on what the people in the movement doing,

please do some constructive and positive works.

Nobody can stop you if you are doing good.

Please don't make the ordinary people to hate your revolution

more than you did.

Please don't post this email without my authority.

best,

DNA

---

(အပိုင်း-၉)


ABSDF

PRESS RELEASE

**အမှာ ....**

မြောက်ပိုင်းဒေသ အရိုးတွန်သံများ (ဆောင်းပါး-၇)မှာ အစီရင်ခံစာတင်သူတဦးဖြစ်တဲ့ ရဲဘော်ကျော်မိုင်ဝင်းက အဲ့ဒီကာလတုံးက ကိုရီးယား နိုင်ငံမှာပါ။ အခုတော့ သူက ကချင်ပြည်နယ် မိုးညှင်းကို ပြန်ရောက်နေပါပြီတဲ့၊ မြောက်ပိုင်းဒေသရဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲအကြောင်းကို သိချင်ရင် သူ့ကို ဆက်သွယ်မေးမြန်း နိုင်ပါသတဲ့။ သူ့ရဲ့ ဖုံးနံပါတ်- ၀၉၄၉၃၀၁၈၀၁ ဖြင့်ဆက်သွယ် နိုင်ပါကြောင်း ....။

ဆောင်းပါး ( အပိုင်း-၉-) ကို ဆက်လက်တင်ပြလိုက်ပါတယ်။

**လူသတ်သမားများရဲ့ စိတ္တဇ ရောဂါ**

တရုတ်ပြည်ရဲ့ ၀ရုန်းသုန်းကား ယဉ်ကျေးမှုတော်လှန်ရေးကို ဦးဆောင်ခဲ့သူ၊ လေးဦးဂိုဏ်းအဖွဲ့ခေါင်းဆောင်၊ (မော်စီတုံးရဲ့ မိန်းမ) Jiang Qing ကို ဖမ်းဆီးစစ်ဆေးတဲ့ တရားခွင်က စိတ်ပျက်စရာအလွန်ကောင်းပါတယ်။ သူမရဲ့ ခက်ထန် ခေါင်းမာမှုကို နောက်ဆုံးချိန်ထိ အထင်အရှားတွေ့ခဲ့ရပါတယ်။ တရားရုံးမှာ သူမကြောင့် သေကြေပျက်စီးခဲ့သူတွေရဲ့ဆွေမျိုး

သားချင်းတွေ၊ ပါတီဝင်တွေက မျက်ရည်နဲ့ပြောပြီး ရင်ဖွင့်နေစဉ်မှာတောင် သူမဟာ မထေ့မဲ့မြင် ပေါက်ငမ်း သရော်တော်တော် တုံ့ပြန်ခဲ့တယ်။ သူမရဲ့ ရာဇဝတ်မှုတွေကို မှန်ကန်တဲ့လုပ်ရပ်လို့ သူမကိုယ်တိုင်က ယုံကြည်နေပုံရပါတယ်။ တကယ်တော့ သူမဟာ ရုပ်ရှင်မင်းသမီး၊ ပြဇာတ်မင်းသမီးအဖြစ် ရှင်သန်ရပ်တည်ခဲ့တဲ့ အမျိုးသမီးတယောက် ဖြစ်တယ်၊ မော်စီတုံးကို ချည်းကပ်ပြီး နိုင်ငံရေးလောကမှာ ထင်ရှား လာတဲ့ ဇာတ်ကောင်တယောက်ဖြစ်လာခဲ့တယ်။ သူမရဲ့ ခက်ထန် မာကျောမှု့၊ ခေါင်းမာမှုတွေကို လူကြားထဲမှာ ဘယ်လိုပဲ ပြပြ၊ သူမ တယောက်တည်း နေတဲ့အခါကျတော့ အထီးကျန်သိမ်ငယ်စိတ်တွေနဲ့ ခြောက်လှန့်နေတတ်ပါတယ်။ လူ့အဖွဲ့အစည်းက သူမကို လက်မခံ တော့ဘူး ဆိုတာကို သူမကောင်းကောင်းသိပါတယ်။ ၁၉၉၁ မှာ ကျန်းမာရေးအခြေအနေကြောင့် အပြင်ဆေးရုံကို တက် ကုသခွင့် ရခဲ့ပါတယ်။ ထောင်တွင်းကို ပြန်မရောက်တော့ပါဘူး။ သူမကိုယ်တိုင် သတ်သေပစ်လိုက်ပါတော့တယ်။ တကယ်တော့ တရုပ်ပြည်ရဲ့ ယဉ်ကျေးမှုတော်လှန်ရေး အဖြစ်အပျက်ရယ်၊ ၁၉၉၄ ရဝမ်ဒါမှာ ဖြစ်ပွားခဲ့တဲ့ လူမျိုးစုသုတ်သင် ရှင်းလင်းရေးတွေကို ကြည့်လိုက် မယ်ဆိုရင် ဝရုန်းသုန်းကား လှုံ့ဆော်မှုတွေကြောင့် လူအုပ်ဟာ သွေးကြွလာပြီး အုပ်စုတစု ကို အုပ်စုတစုက စွပ်စွဲသတ်ဖြတ်ခဲ့ကြ တာပါ။ ဒီလိုမျိုးအဖြစ်အပျက်တွေကို Mob Psychology လို့ ခေါ်ပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းကိုရွမှာ ဖြစ်ပွားခဲ့တဲ့ အစုလိုက် အပြုံလိုက် လူသတ်မှုကတော့ လူတွေကို သွေးအေးအေးနဲ့ လပေါင်းများစွာ ဖမ်းဆီးနှိပ်စက်၊ ခုတ်ထစ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ပါ တယ်။ မြောက်ပိုင်းဒေသမှာ ဖြစ်ပွားခဲ့တဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲအကြောင်း ပြောကြတဲ့အခါ၊ လူသတ်မှုကို ကျူးလွန်ခဲ့သူ တွေက သူတို့ကပဲ မှန်သရောင်ရောင် ပြောဆိုနေမှုတွေကို ကြားရတိုင်း၊ ယဉ်ကျေးမှုတော်လှန်ရေးရဲ့ အမှားတွေကို ဦးဆောင်ခဲ့သူ၊ Jiang Qing ရဲ့ ကိုယ့်ဘာသာ သတ်သေမှုတွေကို သတိယဖြစ်ပါတယ်။

**ရုပ်ရှင်ကားနှစ်ကား၊ ရွေးချယ်မှုနှစ်ခု**

အဖွဲ့အစည်းတွေဟာ ကိုယ့်သမိုင်းကို ဘယ်လိုအဆုံးသတ်မလဲ ဆိုတဲ့

မေးခွန်းကို စဉ်းစားနိုင်ဖို့အတွက် ရုပ်ရှင်ကားနှစ်ကားကို မိတ်ဆက်ပြီး သတိပေးချင်ပါတယ်။ တကားကတော့ ဗမာပရိသတ်တွေ ရင်းနှီး ကျွမ်းဝင်ခဲ့တဲ့ "ဝံပလွေများနှင့် ကခုန်ခြင်း" Dance with Wolves ဆိုတဲ့ရုပ်ရှင်ပါ။ လူဖြူတွေ အမေရိကားကို ကျူးကျော်သိမ်းပိုက်တဲ့ သမိုင်းနောက်ခံလေးတွေကို တင်ပြရင်း၊ ဒါရိုက်တာ "ကယ်ဗင်ကော်စနာ" က အဆိုးအကောင်း၊ ကျူးကျော်မှုနဲ့ တုန့်ပြန်မှု၊ အမှားနဲ့ အမှန်တွေကို ပွင့်ပွင့်လင်းလင်းချပြတယ်။ ဒေသခံ အမေရိကန်တွေရဲ့ ပျက်စီးသွား တဲ့ ဘဝတွေကို စာနာနားလည်အောင် ရိုက်ပြခဲ့တယ်။ သူများတွေရဲ့ ဘဝကို စာနာနားလည်ရင်း၊ သမိုင်းအမှားတွေကို ဝန်ခံခဲ့တဲ့ ကား မို့လည်း Dance with Wolves ဟာ ဆုအများကြီးဆွတ်ခူးခဲ့ပါတယ်။

နောက်ရုပ်ရှင်ကားတကားကတော့ American History X " အမေရိကန် သမိုင်း အိတ်(-က)(-စ) ဆိုတဲ့ ကားပါ။ Ku Klux Klan လို့ ခေါ်တဲ့ လူဖြူအစွန်းရောက် ကေသုံးလုံးတွေအကြောင်းကြားဖူးမိကြပါလိမ့်မယ်။ လူဖြူတွေသည်သာ မြင့်မြတ်တယ် ဆိုတဲ့အယူအဆ နဲ့ အာဖရိကန် အမေရိကန်တွေကို နည်းပေါင်းစုံသတ်ဖြတ်နှိပ်စက်ခဲ့တဲ့ ကေသုံးလုံး လူငယ်တယောက် အကျဉ်းထောင်ထဲကို ရောက်သွားတဲ့အချိန်မှာတော့၊ သူလေးစားခဲ့တဲ့ ကေသုံးလုံးခေါင်းဆောင်တွေဟာ မူးယစ်ဆေးဝါး၊ မကောင်းမှုမျိုးစုံနဲ့ ပတ်သက်နေတယ် ဆိုတာကို ထင်ထင်ရှားရှား သဘောပေါက်လိုက်တယ်။ ကိုယ်ကျင့်သိက္ခာကို တန်ဘိုးထားတဲ့ သူဟာ ကေသုံးလုံးခေါင်းဆောင်တွေကို ရှောင်ဖယ် အန်တုလာတဲ့ အခါ၊ သူလေးစားခဲ့ဘူးတဲ့ ကေသုံးလုံးဂိုဏ်းတွေကပဲ သူ့ကို ဖိနှိပ် ရက်စက်တော့တယ်။ နောက်ဆုံး ယောကျ်ားခြင်း အဓမ္မကျင့်ခံရသည် အထိ ခံခဲ့ရတယ်။ ထောင်ကလွတ်တော့ လူဖြူအစွန်းရောက်တွေနဲ့ ပတ်သက်နေတဲ့ သူ့ညီကို၊ ထောင်အတွေ့အကြုံတွေပြောပြီး၊ ကေသုံးလုံးဂိုဏ်းတွေနဲ့ အဝေးဆုံးမှာ နေဖို့ သတိပေးခဲ့တယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ အမေရိကန်သမိုင်းကို သင်တဲ့အခါ၊ ကေသုံးလုံးတွေရဲ့ သမိုင်းကို အမွှန်းတင် ဖြီးဖြောက် ပြောဆိုရဲတဲ့သူ မရှိပါဘူး။

ဒါကြောင့် ငါ့အဖွဲ့အစည်းမှ ငါ့အဖွဲ့အစည်း ဆိုအော်ဟစ်၊ သူများတွေ

ရဲ့ သမိုင်းကိုလည်း မလေးစား၊ မှားခဲ့တဲ့သူတွေဘက်က တိတ်တဆိတ် ရပ်တည်နေကြမယ် ဆိုရင်တော့ ကေသုံးလုံးတွေရဲ့ သမိုင်းဆိုးတွေ လိုပဲ လူတွေရဲ့ နှုတ်ဖျားမှာ ကျန်ရစ်ခဲ့မှာ အမှန်ပါ။ ကျနော်ပြောခဲ့သ လိုပဲ။ ကိုထွန်းအောင်ကျော်တို့ ကျဆုံးခြင်းအကြောင်းကို ဖေ့ဘွတ်မှာ ရေး၊ အနှစ်(၂၀) အခမ်းအနားတွေကျင်းပပြီး မေ့လျော့သွားမယ်လို့ တွက်ထားရင်တော့ မှားသွားပါလိမ့်မယ်။ မုန်တိုင်းက ဆက်လက် တိုက်ခတ်နေမှာပါ။ အစုလိုက်အပြုံလိုက် လူသတ်မှုကြီး အပေါ်မှာ တာဝန်မဲ့၊ သတ္တိမဲ့၊ အရည်အချင်းမဲ့တဲ့သူများရဲ့ အသည်းမာမှု၊ မသိကျိုးကျွံပြုမှုဆိုတာတွေ ဟာ တကယ်ဖြစ်နိုင်ပါ့မလား။ သူ့ရဲဘော ကြောင်စွာ တိတ်ဆိတ်နေတာကော မဖြစ်နိုင်ဘူးလား။ အနာဂတ်ကို စိတ်ဝင်စားပါတယ်။

**တရားခံများ၊ သက်သေများနှင့် ဓရဲ၏ လားရာ**

မြောက်ပိုင်း ကျောင်းသားတပ်မတော်အတွင်းက အစုလိုက်အပြုံလိုက် လူသတ်မှုမှာ တာဝန်ရှိသူ ခေါင်းဆောင်(၃) ဦးကတော့ ဂျော်နယ်အောင်နိုင်၊ သံချောင်း (ထောင်တွင်း)နဲ့ မျိုးဝင်း(သေဆုံး)တို့ဖြစ်ပြီး၊ စစ်ကြောရေး ကို ဦးဆောင်ပြီး ခေါင်းဖြတ်မှုကို ကိုယ်တိုင်ကျူးလွန်ခဲ့တဲ့ လုဆိုင်း (လက်ရှိ ABSDF မြောက်ပိုင်း) ၊ သန်းဇော်တို့ ဖြစ်တယ်ဆိုတာ အားလုံးသိပြီးကြပြီးဖြစ်ပါတယ်။

ဆောင်းပါး (၄)မှာ ဆွေးနွေးတင်ပြချင်တဲ့အကြောင်းအရာကတော့ ၁၉၉၂ ခုနှစ် မတ်လ (၁) ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ကျောင်းသား တပ်မတော်ရဲ့ သတင်းထုတ်ပြန်မှုပဲဖြစ်ပါတယ်။ သတင်းထုတ်ပြန်မှု တွေက အင်္ဂလိပ်လိုတွေချည်းဖြစ်နေတော့ အောက်ခြေကျောင်းသား ရဲဘော်တွေက ကောင်းကောင်းသိရှိခဲ့ဟန်မတူပါဘူး။ အင်္ဂလိပ်လို ထုတ်ပြန်ခဲ့တာလည်း အကြောင်းရှိပုံရပါတယ်။ မြောက်ပိုင်း ABSDF အစုလိုက်အပြုံလိုက် လူသတ်မှုဟာ နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း မှာ နာမည်ပျက်လာတော့ ABSDF ခေါင်းဆောင်တွေဟာ သူတို့ အဖွဲ့အစည်းကို အဖတ်ဆည်ဖို့ကြိုးစားခဲ့ပုံရပါတယ်။ ဒါပေမဲ့

အဖတ်ဆယ်ဖို့ ကြိုးစားခါမှ သက်သေဖြစ်ခဲ့ရပြန်ပါတယ်။

ကိုအောင်ထူး (ယန္တ - ရွှေ့နေများကောင်စီ၊ BLC) လက်မှတ်နဲ့ အင်္ဂလိပ်လိုထုတ်ပြန်ထားတဲ့ သတင်းထုတ်ပြန်မှုကို အတတ်နိုင်ဆုံး ဆီလျော်အောင် ဘာသာပြန်ပေးထားပါတယ်။

**ABSDF (ဘယ်ဘက်တွင် စည်းတဆိပ်နှင့် ခွပ်ဒေါင်း)**
**ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး**
**ဗဟိုကော်မတီ (ဌာနချုပ်)**

ABSDF ( မြောက်ပိုင်းဒေသ)မှ နိုင်လုံသော သက်သေများနှင့် တွဲထားသော အစီရင်ခံစာအရ၊ စစ်အစိုးရရဲ့ သူလျှို (၁၅) ယောက် ကို သတ်ဖြတ်ကွပ်မျက်ပစ်လိုက်ပါပြီ။

(၁) သတ်ဖြတ်ကွပ်မျက်ပစ်လိုက်တဲ့ ရန်သူ့သူလျှို (၁၅) ယောက်ဟာ အမျိုးသား ဒီမိုကရေစီကို ဆက်သွယ်ခဲ့တဲ့ စစ်အစိုးရရဲ့ ထောက်လှမ်းရေး တိုက်ပိတ်(၁) သန်းထွန်းစိုးရဲ့ အပေါင်းအပါများဖြစ်ပါတယ်။ သန်းထွန်းစိုး ဆိုသူဟာ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရင်းနှီး ကျွမ်းဝင်အောင်လုပ်ပြီးနောက် ကျောင်းသားတပ်မတော်(မြောက်ပိုင်း) ဆီသို့ ဝင်ရောက်လှုပ်ရှား ခဲ့ပါတယ်။ နောက် မကြာခင်မှာ၊ စစ်အစိုးရ (SLOC) ထံသို့ လက်နက်ချသယောင်ယောင် ဟန်ဆောင်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်သည် ကျောင်းသားတပ်မတော်(မြောက်ပိုင်း)နှင့် အမြဲမပြတ်ဆက်သွယ်လှုပ်ရှားနေသည် ဟု ထွက်ဆိုခဲ့ပါသည်။ စစ်အစိုးရ ရဲ့ စစ်ထောက်လှမ်းရေးဗျူရို (MIS) နဲ့ အမျိုးသားထောက်လှမ်းရေး ဗျူရို (NIB) တို့ရဲ့ ညွှန်ကြားချက်အောက်မှာ၊ တိုက်ပိတ်(၁) သန်းထွန်းစိုး နဲ့ အပေါင်းအပါ သူလျှို (၁၅) ယောက်တို့ဟာ “ဒေါ်အောင်ဆန်းစုကြည်သည် လက်နက်ကိုင်သူပုန်များနှင့် ဆက်သွယ်ခဲ့သည်” ဆိုတဲ့ ဇာတ်လမ်းအတုတခုကို ဖမ်းဆင်းခဲ့ပါတယ်။ ဒီလိုဖန်တီးခြင်းအားဖြင့် သူမကို ရာဇဝတ်မှု ဥပဒေနှင့် ဆက်နွယ် ဖမ်းဆီးနိုင်မှာဖြစ်ပါတယ်။

(၂) ၁၉၈၈ အရေးတော်ပုံ ကာလအတွင်း၊ စစ်အစိုးရရဲ့ ထောက်လှမ်း
ရေးတွေဟာ အပြစ်မဲ့ ပြည်သူတွေကို လုယက်ခြင်း၊ ရာဇဝတ်သား
တွေကို ထောင်မှလွှတ်ပေးပြီး အစားအစာနဲ့သောက်ရေတွေထဲမှာ
အဆိပ်ခပ်ခြင်း--- စတဲ့ အဖျက်အမှောင့် လုပ်ငန်းတွေ ကျူးလွန်အောင်
လှုံ့ဆော်ခဲ့ကြတယ်။ သူတို့ကို ဖမ်းဆီးမိပြီး ပြည်သူ့ခုံရုံးမှာတင်တဲ့
အခါ ကြားသိခဲ့ရပါတယ်။ သာမန်ပြည်သူတွေလိုပဲဝတ်စားဆင်ယင်
ထားတဲ့ စစ်ထောက်လှမ်းရေးတွေဟာ၊ ဒေါသထွက်နေတဲ့ ပြည်သူ
လူထုကြီးကို ခေါင်းဖြတ်သတ်တဲ့ဖြစ်ရပ်တွေ ကျူးလွန်အောင် သွေးထိုး
လှုံ့ဆော်ကြပြီး ၊ စစ်တပ်မှ အာဏာသိမ်းခွင့်ရစေတဲ့ နည်းလမ်းတခု
ကို ဖန်တီးခဲ့ကြပါတယ်။ စစ်အာဏာသိမ်းပြီးတဲ့အခါမှာတော့
ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်တင်ပြီး ဂုဏ်သိက္ခာပျက်ယွင်းအောင်
ပြုလုပ်ခဲ့ကြပါတယ်။ (အမျိုးသားခေါင်းဆောင်တယောက်ဖြစ်တဲ့
သူမအနေနဲ့ စစ်အာဏာမသိမ်းခင်နဲ့ စစ်အာဏာသိမ်းအပြီး ဖမ်းဆီး
ထိန်းသိမ်းခံရသူများအတွက် ဘာတခုမှ လုပ်ပေးလို့ မရတော့ပါဘူး)။
ABSDF (မြောက်ပိုင်း)မှာ ကွပ်မျက်သတ်ဖြတ်ခဲ့တဲ့ ရန်သူ့သူလျှို
(၁၅) ယောက်ဟာ အဲ့ဒီထောက်လှမ်းရေးတွေရဲ့ တစိတ်တပိုင်းဖြစ်ပြီး
... (ကြိုးစားဖတ်ပေမဲ့ စာကြောင်းထဲမှာပါသော စာလုံးများမရှင်းပါ။
သို့သော် အရေးမကြီးပါ။ စွပ်စွဲချက်တွေကို ခန့်မှန်းလို့ရပါသည်)

(၃) မြောက်ပိုင်းကျောင်းသားတပ်မတော်ကို ဖြိုခွဲဖို့အတွက်၊ စစ်အစိုးရ
ဟာ ရန်ကုန်ကျောင်းသား၊ မန္တလေးကျောင်းသား၊ -- စတဲ့ မတူကွဲပြား
တဲ့ နယ်မြေအသီးသီးမှ ကျောင်းသားအုပ်စုတွေကို အုပ်စုခွဲစေလွှတ်ပြီး
"ရေလှိုင်းစစ်ဆင်ရေး" ကို ဆင်နွှဲခဲ့ပါတယ်။ မတူကွဲပြားတဲ့ အတွေးအခေါ်
တွေနဲ့ ABSDF ခေါင်းဆောင်တွေရဲ့ နေထိုင်မှုပုံစံတွေကို မေးခွန်း
ထုတ်ဝေဖန်လာခဲ့ပါတယ်။ စစ်အစိုးရပြုလုပ်တဲ့ အမျိုးသားညီလာခံ
မစတင်ခင်မှာ၊ ABSDF နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကြားမှာ
အထင်အမြင်လွဲမှားအောင်ဖန်တီးပြီး၊ ABSDF ရဲ့ ဂုဏ်သိက္ခာ နိမ့်ဆင်းကာ လက်နက်ချအညံ့ခံစေခြင်းများဖြစ်ပေါ် အောင်
ဖန်တီးခဲ့ကြပါတယ်။ စစ်အစိုးရ
ရဲ့ စီမံကိန်းအရ၊ အမျိုးသားညီလာခံကျင်းပနေချိန်အတွင်းမှာ လက်နက်
မချတဲ့ကျောင်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်။ ဒါဟာ ABSDF
ကို ကွဲပြဲအောင်လုပ်မဲ့ စစ်အစိုးရရဲ့ နိုင်ငံရေး အစီအစဉ်တရပ်ပဲဖြစ်ပါတယ်။

(၄) တခြားတဘက်မှာတော့၊ "ရေလှိုင်းစစ်ဆင်ရေး"အရ၊ ရှစ်လေးလုံး အရေးတော်ပုံ သုံးနှစ်ပြည့်မှာ၊ ရန်သူ့သူလျှိုတွေဟာ ကျောင်းသား ခေါင်းဆောင်နဲ့ မဟာမိတ်တွေကို အဆိပ်ခပ်သတ်ဖို့ ကြိုးစားခဲ့ကြ ပါတယ်။ တချိန်တည်းမှာပဲ၊ ကွန်မြူနစ်ဒိုလို့ ယူဆရတဲ့ သူတို့ထဲက တချို့ဟာ၊ ရေလှိုင်းစစ်ဆင်ရေးကို ဆင်နွှဲဖို့အတွက် အသေးစား လက်နက်(၁၅) လက်နဲ့ လက်နက် ခဲယမ်းမီးကျောက်တွေကို သယ်ဆောင်လာခဲ့ကြပါတယ်။ အဲ့ဒါတွေကိုလည်း သိမ်းဆည်း ရခဲ့မိပါတယ်။

(၅) ဒါတွေဟာ စစ်ပွဲတခုအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေဆိုခဲ့ ပေမဲ့ စွပ်စွဲခံရသူတွေဟာ ခုခံကာကွယ်ပိုင်ခွင့်ရှိခဲ့ပါတယ်။ ရန်သူ့ သူလျှိုတွေရဲ့အမှုကို တရားရုံးမှာ ကြားနာခဲ့ပါတယ်။ စွပ်စွဲခံရသူတွေ အနေနဲ့ သူတို့ဟာ ရန်သူ့သူလျှိုတွေဖြစ်ကြောင်း သူတို့ကို ကွပ်မျက် မသတ်ဖြတ်ခင်မှာ ရှင်းလင်းစွာဝန်ခံထွက်ဆို သက်သေခံခဲ့ပါတယ်။

**(ကိုအောင်ထူး လက်မှတ်)**
**အောင်ထူး**
**အတွင်းရေးမှူး (၁)**
**ဗဟိုကော်မတီ**
**ကျောင်းသားတပ်မတော် (ABSDF)**
**မတ်လ(၁) ရက်၊ ၁၉၉၂**

ကျနော်ဗျာ- ၁၉၉၂ မတ်လ(၁) ရက်မှာ ထုတ်ဝေတဲ့ ကျောင်းသား တပ်မတော်ရဲ့ စတိတ်မန့်ကို ဖတ်ပြီး BLC က ကိုအောင်ထူး ကို အကြံပေးချင်ပါတယ်။ "ခင်ဗျားဗျာ- တတ်နိုင်ရင် ရှေ့နေ လုပ်မစား ပါနဲ့။ ခင်ဗျား လိုက်တဲ့ အမှုက ရှုံးပြီး ခင်ဗျားလူ ထောင်ကျမှာစိုးလို့ပါ" လို့။ ဘာကြောင့်ကျနော် ဒီလိုအကြံပေးရပါသလဲ။ ခင်ဗျားတို့ရဲ့ ထုတ်ပြန် ကြေငြာချက်ကို သုံးသပ်ကြည့်ပေတော့။

ထုတ်ပြန်ချက်ထဲက နံပါတ်(၁) ကတော့ ထားလိုက်တော့။ ဒေါ်အောင်ဆန်း

စုကြည်အပေါ် စေတနာထားပြီး စိုးရိမ်ရှာလို့ဖြစ်တာလို့ နားလည်ပေးလို့ ရပါတယ်။ အချက် (၂) ကိုကြည့်ပျာ။ ၁၉၈၈ မှာ စစ်ထောက်လှမ်းရေး တွေဟာ ဒေါသထွက်နေတဲ့လူအုပ်ကြီးကို ခေါင်းဖြတ်သတ်ဖို့ လှုံ့ဆော်ခဲ့ တယ် လို့ဆိုတယ်။ မြောက်ပိုင်းဒေသမှ အဲ့သလို၊ မိုက်မိုက်ရိုင်းရိုင်း ခေါင်းဖြတ် သတ်ခဲ့တာ ဘယ်သူတွေလဲ။ မျိုးဝင်း၊ သံချောင်း၊ လှဆိုင်၊ သန်းဇော် --- တို့တတွေလား၊ ကိုထွန်းအောင်ကျော်နဲ့ စွပ်စွဲခံရသူတွေလား။ ထုတ်ပြန် ချက်က ရှေ့နောက်မညီဘူးဖြစ်နေတယ်။ ထုတ်ပြန်ချက်ထဲက ဥပမာတွေ ကလည်း တက်တက်စင်အောင်လွဲနေတယ်။ ကိုထွန်းအောင်ကျော် ဆိုတာ ဗကသ (အထက်ဗမာပြည်) ခေါင်းဆောင်တယောက်ဖြစ်တယ် ဆိုတဲ့ သမိုင်းကို မသိခဲ့ကြတာလား။ သိသိချည်းနဲ့ ခေါင်းဖြတ်သတ်ခဲ့ကြ တာလား။ ခက်တော့နေပြီ။ သမိုင်းနားမလည်ပဲနဲ့ အဖွဲ့အစည်း ခေါင်းဆောင် လုပ်တော့၊ ပေါက်လွှတ်ပဲစားပဲဖြစ်တော့မှာပေါ့။

အချက် (၃) ကို စမ်းစစ်ကြည့်ပါ။ မြောက်ပိုင်းကျောင်းသားတပ်မတော် ခေါင်းဆောင်တွေဟာ ရေဘင်မျက်မှန်တွေ တပ်ပြီး မာဖီးယား ခေါင်းဆောင်တွေလို နေခဲ့ကြတယ်လို့ဆိုတယ်။ ရဲဘော်တွေက ငပိနဲ့ စားနေရချိန်မှာ ခေါင်းဆောင်တွေက လခယူ၊ ကိုယ်ဆုပ် လက်နယ် ပြုစုပေးမဲ့ တပည့်တပမ်းတွေထား စိုင်းစားကြတာပါ။ ဒါကို မြင်နေတဲ့ ရဲဘော်တွေမှာ ဝေဖန်ပိုင်ခွင့်မရှိဘူးလား၊ ဒေါ်ချိုချိုကျော်မြင့်ရဲ့ မွေးစား သားလို့ လူသိများတဲ့ မောင်မောင်ကြွယ်ဆို အဲ့သလို အခွင့်ထူးခံ ခေါင်းဆောင်တွေကို ဆန့်ကျင်လေ့ရှိလို့ သူ့ကို မျိုးဝင်းက ညှိုးခဲ့တာလို့ သိရတယ်။ ကျနော်ကတော့ ခေါင်းဆောင်တွေ ခြစားအကျင့်ပျက်တာ ယုံတယ်။ ထိုင်းနယ်စပ်နဲ့ မဲဆောက်မှာလည်း ဒီအတိုင်းပဲလေ။ လူတွေကို အခွင့်အရေးပေး၊ ငွေပေးပြီး ပျက်စီးအောင်လုပ်၊ အပြစ်ကျူးလွန်သူခြင်း ကျောခြင်း ကပ်ထားတဲ့ အစုတ်ပဲ့ဆုံးနိုင်ငံရေးကို ပြုပါဆိုရင် မဲဆောက်၊ ချင်းမိုင် နိုင်ငံရေးပါပဲ။ သူတို့နဲ့ သန်းရွှေ ရဲ့ စစ်အစိုးရ အကျင့်စရိုက်တွေ ဟာ သူမသာ ၊ ကိုယ်အသုဘ ပါပဲ။

အချက် (၄) ကတော့ ကာယကံရှင်တွေကိုသာမေးကြည့်ပါတော့။ နှိပ်စက်စစ်မေးတုံးက မရခဲ့တဲ့ အဆိပ်တွေ၊ လက်နက်တွေကို ကိုယ့်ဘာသာ ဘယ်ကရှာပြီး သတင်းစာရှင်းလင်းပွဲလုပ်လဲ

မသိပါဘူး တဲ့။

ကဲ-- ကိုအောင်ထူးနဲ့ ၁၉၉၂ ကျောင်းသားတပ်မတော် (ဗဟိုဌာနချုပ်) ခေါင်းဆောင်များကို အတိတ်ရဲ့ စဉ်းစားစရာများကို တွေးစေပြီး ဆောင်းပါး (၉) ကို နိဂုံးချုပ်ပါရစေ။

ကိုထွန်းအောင်ကျော်နှင့် ကျဆုံးခဲ့သော ကျောင်းသားတပ်မတော် (မြောက်ပိုင်း) ရဲဘော်များ ကောင်းရာသုဂတိလားပါစေ။ မတရားသဖြင့် နှိပ်စက်စော်ကားသူများလည်း မသန့်ရှင်းသော ဝိညာဉ်တွေမှ ဆေးကြောသန့်စင် လွတ်မြောက်နိုင်ကြပါစေ။ အမှန်တရား ပေါ်ထွန်းပါစေ။

**-အောင်မိုးဝင်း**

(အပိုင်း- ၁၀)



ABSDF



မြောက်ပိုင်းဒေသမှ အရိုးတွန့်သံများရဲ့ အဆင့်(၃) ကို

ရောက်လာပြီ။ ဒီအဆင့်ဟာ ကြိုတင်ပြောထားသလိုပဲ၊

မုန်တိုင်းပိုထန်လာမယ်။ မျက်နှာဖုံးတွေ ပိုကွာ ကျလာမယ်။

စည်းပိုင်းအတွင်းမှာ တရားဝင် ရင်ဆိုင်ဖို့ ကမ်းလှမ်းကြ

တော့မယ်။ နန်းအောင်ထွေးကြည်ကတော့ လူသတ်သမား ရော်နယ်အောင်နိုင်နဲ့ တာဝန်ရှိသူများကို ကဗျာတပုဒ်နဲ့ ရာဇသံပေးလိုက်တယ်။ ပြည်တွင်းမှာ ရှိတဲ့ ကျောင်းသား တွေကလည်း သူတို့သာ ထောက်လှမ်းရေးမှန်ရင် သက်သေပြပါ ဆိုတဲ့ စိန်ခေါ်မှုတရပ်ကို တရားဝင်ကြေငြာခဲ့တယ်။ တကယ်တော့ အမှန်တရားဖေါ်ထုတ်ရေးအဆင့်က ပြီးဆုံးသွားပြီ။ ဘယ်သူတွေက လက်နက်ကိုင် တော်လှန်ရေးကို ဖျက်ဆီးခဲ့သူတွေလဲ၊ ဘယ်သူတွေ က ဒီမိုကရေစီရေးလှုပ်ရှားသူအစစ်လဲ ဆိုတာတွေကလည်း ရှင်းရှင်း ကြီးဖြစ်သွားပြီ။ မြောက်ပိုင်းဒေသ အရိုးတွန့်သံများ (အပိုင်း- ၁၀) ကို ဆက်လက်တင်ပြလိုက်ပါတယ်။

(၁)

"ကိုထွန်းအောင်ကျော် ကို ပုဂ္ဂိုလ်ရေးအရတော့ စိတ်မကောင်း ပါဘူး။ ဒါပေမဲ့ လက်နက်ကိုင်တော်လှန်ရေးမှာတော့ ကိုယ်တာဝန် ကိုယ်ကျေအောင် လုပ်ရတာပါပဲ"
တဲ့ ရော်နယ်အောင်နိုင်ရဲ့ရောဝတီ မဂ္ဂဇင်းအင်တာဗျူးကို ဖတ်လိုက် မိတဲ့ မိတ်ဆွေတယောက်က
"အောင်မလေး အင်တာဗျူးတွေက သောက်ကျိုးနည်းလောက်အောင် ကြီးကျယ်လှချည်လားကွာ။ လက်နက်ကိုင်တော်လှန်ရေး ဆိုပါလား ဟေ့။ မွန္တလေးဆန္ဒပြပွဲမှာတောင် သွေးမရှိခဲ့တဲ့ကောင်က ဘယ်နေရာ မှာ သွားပြီး လက်နက်ကိုင်ပြီး တိုက်ပွဲဝင်သလဲ မသိဘူး"
လို့ ပြောဆိုပြီး နံ့ကို ပုတ်လိုက်တယ်။ ကျနော်ကတော့ စိတ်မပါတပါ ပြုံးနေမိတယ်။

"မွန္တလေးသားတွေနဲ့ ဗကသ များအဖွဲ့ချုပ်ဟာ "
ထွန်းအောင်ကျော် ကို ချစ်သလား၊ ရော်နယ်အောင်နိုင် ကို မုန်းသလား" ဆိုတာ ဖေဖေါ်ဝါရီ (၁၂) ရက်နေ့မှာ ကျင်းပတဲ့ပွဲက တဆင့်၊ ဖော့ဘွတ် စာမျက်နှာတွေကတဆင့်၊ ရှင်းလင်းတဲ့အဖြေတခုပေးပြီးပြီလို့ ထင်ပါ တယ်။ ၁၉၉၂ မှာ ကျောင်းသား (၁၅) ယောက်ကို ခေါင်းဖြတ်သတ် အပြီးမှာတော့ ကျောင်းသားတပ်မတော်(မြောက်ပိုင်း) ရဲ့ အပုတ်နံ့

တွေက နိုင်ငံတကာမှာ တထောင်းထောင်းထနေပြီ။ ထိုင်းနိုင်ငံ သတင်းထောက်၊ ရင်ဒီ က၊ ကျောင်းသားတပ်မတော် (မြောက်ပိုင်း) ခေါင်းဆောင်တွေနဲ့ တွေ့ပြီး အင်တာဗျူးတဲ့အခါ၊ သူတို့က အတည် ပေါက်ပဲ၊ ရဲရဲကြီး ဂတိပေးခဲ့တယ်။

"အသတ်ခံရသူတွေထဲမှာ ကျောင်းသားစစ် တယောက်များပါခဲ့မယ် ဆိုရင် ကိုယ့်စိတ်နဲ့ကိုယ် ကြိုးစင်တက်သွားမယ်" ဆိုပဲ။ အင်း- ကိုယ့်ဘာသာ စိန်ခေါ်မှုအရဆိုရင်တော့၊ ကြိုးမိန့်ကျမှာက တကြိုးတောင် မကဘူး၊ အပြင် (၃၇) မင်း၊ အတွင်း (၃၇) မင်းပါ ပင့်ပြီး (၃၈) ကြိုး တောင်း၊ အခမ်းအနားလုပ်၊ ကွပ်မျက်ရမလို ဖြစ်နေပြီ။

(၂)

နန်းအောင်ထွေးကြည်ရဲ့ ရာဇသံ ကဗျာ ကို ဖတ်အပြီးမှာတော့ "ဗမာပြည်တော်လှန်ရေးသမိုင်းမှာ အမျိုးသမီးတယောက်က သူပုန် လို ဟန်ဆောင်နေတဲ့ ယောကျ်ားရင့်မာကြီးတွေကို စိန်ခေါ်တာ ဒီတခါပဲ ရှိမယ်ထင်တယ်" လို့ တွေးလိုက်မိတယ်။
"ကျနော်တို့မှာ ခိုင်မာတဲ့ သက်သေတွေရှိပါတယ်" ဆိုတဲ့သူတွေရဲ့ ပြိမ်သက်မှုကလည်း သူရဲဘောကြောင်တာထက် ဆိုးဝါးလွန်း လှတယ်။ ဘာပဲဖြစ်ဖြစ် သုတေသနစာတမ်းအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးက " ရေလှိုင်းစစ်ဆင်ရေး" ဆိုတဲ့ ဝေါဟာရ ပဲ ဖြစ်တယ်။ ဒီ ဝေါဟာရဘယ်လိုပေါ်ပေါက်ခဲ့သလဲ၊ ဘယ်လို ဇာတ်လမ်းမျိုးဖြစ်မလဲ ဆိုတာကို ကာယကံရှင်တွေရဲ့ ရှင်းလင်းချက်စာတမ်းတွေကို စောင့်မျှော် နေခဲ့တယ်။

ဒီတပတ်မှာ ကိုအောင်ထူး ရဲ့လက်မှတ်နဲ့ထုတ်ဝေခဲ့တဲ့ ABSDF စတိတ်မန့် (၁၉၉၂ မတ်လ ၁ ရက်) နဲ့ ဒေါက်တာနိုင်အောင်ရဲ့ သတင်းစာရှင်းလင်း ပွဲ (၁၉၉၂ မေလ ၃၁) ကို နှိုင်းယှဉ် သုံးသပ်ကြဖို့ တင်ပြလိုက်ပါတယ်။

**မြောက်ပိုင်း ကျောင်းသားတပ်မတော်တွင် ဖမ်းဆီးခံထားရသည့် ရန်သူ့သူလျှိုများနှင့် ပတ်သက်ပြီး ကျောင်းသားတပ်မတော် ဥက္ကဋ္ဌ ၏**

သတင်းထုတ်ပြန်ချက်

ကချင်ဒေသကိုတစ်လကြာ အလည်သွားပြီးတဲ့နောက်မှာ ကျနော်အနေနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စစ်အစိုးရ အပေါ် ယခင်ကထက်ကိုပိုပြီး ခါးသီးစွာ ခံစားခဲ့ရပါတယ်၊ အဖမ်းဆီးခံနေရသူများရဲ့ ပြောကြားထွက်ဆိုချက်အားလုံးကို ရိုးရိုးသားသား ဖတ်ရှုနားထောင်ခဲ့ပါတယ်၊ ငြိမ်ဝပ်ပိပြားရေးအဖွဲ့ (SLORC)ရဲ့ ဖိနှိပ်ရေး ယန္တယားတစ်ခုဖြစ်နေသော မြန်မာနိုင်ငံအမျိုးသား ထောက်လှမ်းရေးအဖွဲ့(NIB)ဟာ ရှစ်လေးလုံး ပြည်သူ့အုံကြွမှုကြီးကို ဂရန်းသုန်းကားဖြစ်အောင်၊ မင်းမဲ့စရိုက်ဖြစ်လာအောင် ဖန်တီးခဲ့မှုတွေမှာ အဓိက တာဝန်ရှိခဲ့ပါတယ်၊ သူတို့ဟာ စနစ်ကျခိုင်မာတဲ့ စီမံချက်နဲ့အတူ မိမိတို့ အတိုက်အခံ အင်အားစုတွေအတွင်းကို ထိုးဖေါက်ဝင်ရောက်ပြီး ရှုပ်ထွေးမှု၊ ညီညွတ်ရေးပြိုခွဲမှုတို့ကို ဖန်တီးကာ၊ အပေါ်စီးက ရအောင် ကြိုးစားခဲ့ကြပါတယ်။ သူတို့ရဲ့ လူတွေကို သတင်းပေးသမား၊ ထောက်လှမ်းသမားများအဖြစ်အသုံးချပြီး နည်းမျိုးစုံနဲ့ ထိုးဖေါက်ဝင်ရောက်လာကြတာဖြစ်တယ်၊ သူတို့ရဲ့ အဓိကပြစ်မှတ်ကတော့ ထင်ရှားတဲ့ ခေါင်းဆောင်များနဲ့ အတိုက်အခံ အင်အားစုတွေပဲဖြစ်တယ်၊ သူတို့ရဲ့ မဟာဗျူဟာတစိတ်တပိုင်းအရ၊ ABSDF ဟာ ပစ်မှတ်တခုဖြစ်ခဲ့ပြီး၊ သူတို့ရဲ့ သူလျှိုတွေကို "ရေလှိုင်း စစ်ဆင်ရေး" ခေါင်းစဉ်အောက်မှ ထိုးဖေါက်ဝင်ရောက်နိုင်ရေးပင် ဖြစ်တယ်၊ သူတို့ အဓိက လုပ်ဆောင်ရမဲ့အရာတွေကတော့

(၁) အဖွဲ့အစည်းများအတွင်း မတည်မငြိမ်ဖြစ်အောင်ဖန်တီးလုပ်ဆောင်ရေး

(၂) အဆင့်မြင့် ရာထူးနေရာတွေကို ရယူထားရှိရေး

(၃) မဟာမိတ်အဖွဲ့များနဲ့ ထောက်ခံအားပေးသောအဖွဲ့အစည်းများနှင့်နားလည်မှုလွဲမှားရေး

(၄) ခိုင်မာတဲ့ အတိုက်အခံခေါင်းဆောင်တွေကို လုပ်ကြံ

သတ်ဖြတ်ရေးတို့ပင်ဖြစ်သည်၊

နောက်ဆုံး အပြီးသတ်ဆောင်ရွက်ရမဲ့အချိန်ကတော့ အမျိုးသား ညီလာခံ ကျင်းပမည့် အချိန်ဖြစ်သည့် ၁၉၉၂နှစ်ကုန်ပိုင်းတွင် ဖြစ်ပါသည်၊ တစ်ချို့အုပ်စုတွေကတော့ အမျိုးသားညီလာခံ မကျင်းပခင် အလင်းဝင်ကြရန်ဖြစ်တယ်။ ကျန်နေမဲ့အုပ်စုတွေကိုတော့ ဖိအားတွေကို အပြင်းအထန်ပေးပြီး အမျိုးသားညီလာခံအပြီးတွင် ဖြစ်လာမည့် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ပေးသည့်အချိန်တွင် အလင်းဝင်ကြရန်ပင် ဖြစ်သည်၊ (ဒီစပိုင်အဖွဲ့ရဲ့ ခေါင်းဆောင်တွေ ကတော့ အမျိုးသားညီလာခံကို ၁၉၉၂ ကုန်ပိုင်းမှာ ကျင်းပလိမ့်မယ် ဆိုတဲ့အချက်ကို သိရှိပြီးသားဖြစ်တယ်) လွတ်ငြိမ်းချမ်းသာခွင့် ပေးအပြီး၊ နောက်ဆုံးကျန်ရှိနေဦးမည်ဖြစ်သည့် အုပ်စုတွေကတော့ ပြင်းထန်တဲ့ စစ်ဆင်ရေးနဲ့အတူ ချေမှုန်းခံရလိမ့်မည်ဖြစ်သည်၊ ကျနော်အနေနဲ့ ရန်သူ့ သူလျှို(၁၅) ယောက်ကို ကွပ်မျက် သတ်ဖြတ်ပစ်လိုက်ခြင်းဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ် လို့ ယုံကြည်တာကြောင့် ထပ်မံအငြင်းပွားစရာ မရှိတော့ပါ။ ဗဟိုကော်မီတီဟာ ယခုဆုံးဖြတ်ချက် လုပ်ငန်းစဉ်တလျှောက်လုံးမှာ လုံးဝ ပါဝင်ပတ်သက်ခဲ့ခြင်း မရှိသော်လည်း ဗဟိုကော်မတီကိုယ်စား ကျနော့်အနေနဲ့ တာဝန်ရှိခဲ့တယ်ဆိုတာလက်ခံပါတယ်၊ ဖမ်းဆီးထားတဲ့ ကျန်ရှိနေသေးသော ရန်သူ့သူလျှိုတွေကို အမြဲသဘော ဆန်စွာ ဖြေရှင်းသွားမယ်ဆိုတဲ့ အကြောင်းကို နိုင်ငံတကာ အသိုင်းအဝိုင်း ထံ ရှင်းပြချင်ပါတယ်။

မကြာသေးခင်ကပဲ ကျနော်၊ ABSDF မြောက်ပိုင်းကော်မတီနဲ့ ကချင် လွတ်မြောက်ရေးအဖွဲ့ ခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးပြီး အောက်ပါ ဆုံးဖြတ်ချက်တွေ ချမှတ်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြပါတယ်၊

(၁) ABSDF အနေဖြင့် နောက်ထပ်ကျန်ရှိနေသေးတဲ့ စပိုင်တွေကို သေဒဏ်မပေးရေး

(၂) မိမိတို့တော်လှန်ရေးလှုပ်ရှားမှုအပေါ် ရပ်တည်ချက်မှန်မှန်

ပြောင်းလဲလာသူတွေအားလုံးကို သာမန်အဖွဲ့ဝင်တွေအဖြစ် ပြန်လည်လက်ခံသွားရန်၊

(၃) ကျနော်တို့ အနေဖြင့် လုံးဝလက်မခံနိုင်သော ရန်သူ့သူလျှိုများကိုမူ ၄င်းတို့၏အနာဂတ်လုံခြုံရေး အတွက် နိုင်ငံတကာအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်သည်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒီမိုကရက်တစ် အစိုးရများ အနေဖြင့်လည်း သူလျှိုများအား မြန်မာပြည် ဒီမိုကရေစီရေးပြောင်းလဲမှုရှိသည်အထိလက်ခံသွားပါရန် ABSDF အနေဖြင့် မေတ္တာရပ်ခံသွားမည်ဖြစ်သည်၊

(၄) အကယ်၍ သူတို့ကို ပြည်ပနိုင်ငံတွေမှာ လက်ခံထားရှိပေးနိုင်ခဲ့ခြင်း မရှိခဲ့လျှင်၊ သူတို့ကို ထောင်ဒဏ်တစ်နှစ်စီချမှတ်ပြီး မိဘဆွေမျိုးတို့၏ ခံဝန်ချက်ဖြင့် ပြန်လွှတ်ပေးသွားမှာဖြစ်သည်၊သူတို့တစ်တွေဟာ ကျနော်တို့ရဲ့ ရန်သူတွေဖြစ်ခဲ့သော်လည်းပဲ သူတို့ဟာ ယုတ်မာရက်စက်တဲ့ အာဏာရှင်စနစ်ရဲ့ သားကောင်တွေအဖြစ်လက်ခံထားပါတယ်၊ ဒါဟာ ကျနော်တို့ရဲ့ အနာဂတ်အကျိုးစီးပွါးနဲ့ လူအခွင့်အရေးကို စာနာထောက်ထားလို့ပဲဖြစ်ပါတယ်၊ ပြီးရင် ကျနော်တို့အနေဖြင့် သူတို့နဲ့ပတ်သက်တဲ့ ရန်သူ့သူလျှိုမှတ်တမ်း အထောက်အထားအသေးစိတ်တွေကို လူသိရှင်ကြားဖေါ်ပြပေးသွားမှာဖြစ်တယ်၊ ထို့အတွက်ကြောင့် ကျနော်တို့အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေကို ပန်ကြားလိုသည်မှာ ရန်သူ့သူလျှိုတွေရဲ့ အနာဂတ်အတွက် ကျနော်တို့ကို နားလည်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုပေးသွားကြ ပါရန်မေတ္တာရပ်ခံအပ်ပါသည်၊

ဆန္ဒမွန်များဖြင့်

(လက်မှတ်)

မေလ(၃၁)ရက်နေ့၊ ၁၉၉၂ခုနှစ်

ဒေါက်တာနိုင်အောင်

ဥက္ကဋ္ဌ

ဗဟိုကော်မီတီ

ABSDF

(၃)

တကယ်တော့ တတိယအဆင့်မှာ မုန်တိုင်းရဲ့ ဗဟိုချက်မဟာ ဘယ်ကိုဦးတည်တော့မယ်ဆိုတာ လူတိုင်းနီးပါးသိနေပြီ။ ဒါပေမဲ့ မိုးပြိုနေတာကို မသိတဲ့ ပရွက်ဆိတ်တကောင်ကတော့၊ နိုင်ငံရေး လူပျက်တယောက်လို လုပ်နေတဲ့အခါ ကျနော့မှာ သူ့ကို ကြည့်စေချင် တဲ့ ရုပ်ရှင်ကားလေးတကားနဲ့ နှုတ်ဆက်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ In The Bedroom ဆိုတဲ့ ရုပ်ရှင်လေးအကြောင်းကို ပြောပြချင်ပါတယ်။ ၂၀၀၁ ခုနှစ်က အကယ်ဒမီ (၅) ဆုရတဲ့ကားလေးပါ။ အမေရိကန် ပြည်ထောင်စု၊ မိန်းပြည်နယ်ရဲ့ ဆိတ်ကမ်းမြို့လေးတမြို့မှာ ဖြစ်ပျက်ခဲ့တဲ့ ရာဇဝတ်မှုလေးတခုအကြောင်းကို ရိုက်ကူးထားတဲ့ ကားလေးပါ။ ဇာတ်လမ်း အတိုချုပ်ကို ပြောရရင်၊ ဒေါက်တာ "မက်" နဲ့ "ရုဒ်" လို့ခေါ်တဲ့ လင်မယား နှစ်ယောက်မှာ ဖရန့် လို့ ခေါ်တဲ့သားလေးတယောက်ပဲရှိတယ်။ သူတို့ရဲ့ သာလေး ဖရန့်က "နက်တလီ" လို့ခေါ်တဲ့ အသက်ကြီးကြီး မိန်းမ တယောက်နဲ့ချစ်ရည်မျှ နေခဲ့တယ်။ "နက်တလီ" ရဲ့ ယောကျ်ားဟောင်း "ရစ်ချတ်"က အင်မတန်ဆိုးသွမ်းတယ်။ မိန်းမဟောင်း နက်တလီ ဆီကို လာလာပြီး နှိပ်စက်ရိုက်နက်လေ့ရှိတယ်။ တရက်မှာတော့ နက်တလီကို လာနှိပ်စက်လေ့ရှိတဲ့ "ရစ်ချတ်" နဲ့ "ဖရန့်" ထိပ်တိုက်တွေ့ကြ၊ ထိုးကြ ကြိတ်ကြပြီး၊ ရစ်ချတ် ဆိုတဲ့လူဆိုးက "ဖရန့်"ကို ပစ်သတ်ပစ်လိုက်တယ်။

ဒီအမှုဟာ တရားရုံးကိုရောက်ရှိခဲ့ပေမဲ့၊ လူသတ်မှုကို မျက်မြင်သက်သေ အဖြစ်ထွက်ဆိုမဲ့ သူမရှိဘူး။ "နက်တလီ" ဆိုတဲ့ အမျိုးသမီးကလည်း သူမရှေ့မှာ ဖြစ်ပျက်ခဲ့တာကို ကိုယ်တိုင်မြင်ခဲ့ပေမဲ့ ရစ်ချတ်ရဲ့ အန္တရာယ်ကို ကြောက်နေတာကြောင့်၊ အဖြစ်မှန်ကို မထွက်ဆိုရဲဘူး၊ တရားသူကြီးကလည်း လုံလောက်တဲ့ မျက်မြင်သက်သေမရှိခဲ့တဲ့အတွက် ရစ်ချတ်ကို လူသတ်မှုနဲ့ အပြစ်ပေးလို့မရဘူး၊ ဒီလိုနဲ့ လူသတ်သမား ရစ်ချတ်တယောက် ရာဇဝတ်မှုကနေ ကွင်းလုံးကျွတ်လွတ်သွားခဲ့တယ်။

ဒေါက်တာ "မက်" နဲ့ "ရုဒ်" အတွက်တော့၊ သူတို့သားကို သတ်သွားတဲ့ လူသတ်သမား ရစ်ချတ် ကို မြို့ကလေးမှာ တွေ့တွေ့နေရခြင်းဟာ ခြောက်လှန့်နေတဲ့အိပ်မက်ဆိုးတခုကို မက်နေရသလိုမျိုးပါပဲ။ သူတို့နှစ်ယောက် ညရောက်ရင် အိပ်ယာပေါ်မှာ အဲ့ဒီ စိတ်မသက်မသာဖြစ်စေတဲ့ ခံစားမှုတွေကို ပြောကြတယ်။ အိပ်မပျော်ကြဘူး။ အသတ်ခံရတဲ့ ဖရန့် ရဲ့ အမေဖြစ်သူ "ရုဒ်" ဟာ ခံစားရတာတွေများလာတော့ အိမ်မှာ ယောကျာ်းဖြစ်သူ ဒေါက်တာမက် ကို အော်ဟစ် တောင်းဆိုတယ်။ "ရှင်တခုခု လုပ်စမ်းပါရှင်၊ ကျမ ဒါတွေကို ဆက်မခံစားနိုင်တော့ဘူး" တဲ့။ ဒေါက်တာရစ်ချတ် တယောက် ဆေးခန်းပိတ်ပြန်တဲ့အခါ အိမ်ကို မပြန်သေးပဲ ဘား တခုကိုသွားတယ်။ မိတ်ဟောင်းဆွေဟောင်းတချို့နဲ့ တိုင်ပင်တယ်။ နောက်မကြာဘူး။ သူတို့ရဲ့ အစီအစဉ်ကို စတင်တော့တယ်။ တညမှာ "ရစ်ချတ်" နေတဲ့အိမ် ကို သွားပြီး စောင့်တယ်။ အပြင်ကပြန်လာတဲ့ "ရစ်ချတ်" ကို သေနတ်နဲ့ချိန်ပြီး၊ သူ့ရဲ့ အဝတ်အစားတွေကို အိပ်ထဲထည့်ခိုင်းတယ်။ စားပွဲပေါ်မှာ ခရီးသွားသလိုလို သက်ရောက်စေမဲ့ လေယာဉ်လက်မှတ် ဖြတ်ပိုင်းလေးကို တင်ထားခဲ့တယ်။ "ရစ်ချတ်" ကတော့ သူသတ်ခဲ့တဲ့ ဖရန့် ရဲ့ အဖေဒေါက်တာ"မက်" က သူ့ကို ဒီမြို့ကလေးမှာ မမြင်စေချင်တော့လို့ မြို့ကနေ ထွက်သွားခိုင်းတာ လို့ ထင်နေတယ်။ တကယ်တော့ မဟုတ်ဘူး။ ဒေါက်တာ "မက်" က ရစ်ချတ် ဆိုတဲ့ကောင်ကို တောအုပ်တခုထဲမှာ ခေါ်သွားပြီး ပစ်သတ်ပစ်လိုက်တယ်။ မနက်လင်းတော့ အိမ်ပြန်လာတဲ့ ဒေါက်တာ ရစ်ချတ်ကို သူ့အမျိုးသမီး ရုဒ် က တချက်ကြည့်ပြီး ဘာမှမမေးတော့ဘူး။ ဇာတ်လမ်းလေးက အဲ့သလို အဆုံးသတ်ထားတယ်။

အပေါ်ယံဇာတ်လမ်းကို ကြည့်လိုက်မယ် ဆိုရင်တော့ In the Bedroom ရုပ်ရှင်ကားဟာ လက်စားချေမှုတခုကို ရိုက်ပြတာလို့ ထင်စရာရှိပါတယ်။ ဒါပေမဲ့ နိုင်ငံတကာရုပ်ရှင်အသိုင်းအဝိုင်း၊ အနုပညာအသိုင်းအဝိုင်း တခုလုံးက ဒီဇာတ်ကားကို တခုတ်တရ အမွှန်းတင်ပြောဆိုကြသလို၊ နယူးယောက်တိုင်းမ် သတင်းစာကြီးက ဆိုရင် "ဆယ်စုနှစ်တွေအတွင်းမှာ အရေးကြီးဆုံးရုပ်ရှင်ကား တကား နဲ့ ဒီကိစ္စဟာ ဘာကြောင့်အရေးကြီးသလဲ" ဆိုတဲ့ ဆွေးနွေး ထောက်ခံဝေဖန်မှုတွေကို ဝေဝေဆာဆာ

ရေးသားခဲ့တယ်။

ဒီကားကို ဘာကြောင့် အကယ်ဒမီ ဆု (၅) ဆုပေးခဲ့တာလဲ။ ရာဇဝင်မှု ဇာတ်လမ်းနဲ့ နောက်ခံထားတဲ့ ရုပ်ရှင်ကားတကားကို နိုင်ငံတကာ ပြည်သူတွေ ဘာကြောင့်ကြိုက်ခဲ့ကြသလဲ။ အဓိက အချက်တွေကတော့ လင်မယားနှစ်ယောက် ညတိုင်ရင် အိပ်ယာပေါ်မှာ ရင်ဖွင့်ပြောဆိုကြတဲ့ အပြန်အလှန်စကားပြောခန်းတွေ၊ စိတ်ခံစားမှုတွေပဲဖြစ်တယ်။ သူတို့ နှစ်ယောက် ပြောဆိုနေကြတဲ့ ခံစားမှုတွေ၊ ဒဿန တွေကို လူတွေက ခံစားနားလည်နိုင်ခဲ့ကြတယ်။ ဒါကြောင့်လည်း အဆင့်အတန်းရှိတဲ့ နိုင်ငံတကာ အနုပညာအသိုင်းအဝိုင်းဟာ၊ စာနာနားလည်ခံစာနိုင်မှု ကို အရေးပါတဲ့ ကျင့်ဝတ်အဖြစ်ထည့်သွင်းပြီး အမှတ်ပေးခဲ့ကြတာ ဖြစ်တယ်။

(၄)

စာနာနားလည်မှုမရှိတဲ့ အနုပညာသမားတွေရဲ့ အောက်ခြေလွတ်မှု၊ အတ္တကြီးမားမှုတွေကိုလည်း ကျနော်တို့လောကထဲမှာ တခါတလေ တွေ့ရတတ်ပါတယ်။ အပြင်လောကမှာ ဘာတွေဖြစ်နေမှန်းမသိပဲနဲ့ အပြိမ့်စင်က မီးစလိုက်ကို စိတ်ဆွဲနေသလိုမျိုး ဟိုဟာပြောရင် ဒီကိစ္စက မှိန်သွားမယ် ပြောလို့ပြော၊ ပုရွက်ဆိတ်နဲ့ ပုရုတ်ဆီကို ဥပမာ ပေးလို့ ပေး ခက်တော့တာပဲ။ ယုတ်မာရက်စက်သူနဲ့ ယဉ်ကျေးတဲ့ လူ့ အဖွဲ့အစည်းဆိုတာ ဘယ်တုံးကမှ အချင်းချင်းမဖြစ်ခဲ့သလို၊ ရန်သူလို့ သတ်မှတ်ထားသူတွေဆီကနေ "အဘ ကျနော် နိုင်ငံခြား သွားမလို့ မုန့်ဘိုးပေးပါအုံး" ဆိုတဲ့ မျက်နှာပြောင်ပြောင် အလုပ် တွေလည်း ကျနော်တို့မလုပ်ခဲ့ပါဘူး။ မိသားစုတခုလုံးလည်း နိုင်ငံခြားကို ပို့မထားခဲ့ပါဘူး။ "ခွင့်လွှတ်ခြင်းတရားတွေ တသွင်သွင် ပြောပြီး ကိုယ်က ဘယ်လိုသဘောထားကြီးကြောင်း ပြောဆိုနေမှု တွေဟာ မရိုးသားတဲ့ လေလံတင်မှု၊ လက်ခုပ်သံမျှော်မှု တခုဖြစ်တယ်" တဲ့။ ကိုယ့်ဘာသာ သတိထားရမှာက အဇာတသတ်နောက်လိုက် မဖြစ်မိဖို့ရယ်၊ လူရည်လည်သူတွေချင်း ဆက်သွယ်ပြီး NGOs တွေနဲ့ ပေါင်းစီးပွားရေးလုပ်ဖို့ကြိုးစားနေကြတဲ့ နိုင်ငံရေးစားကျက်ထဲမှာ

မမျှော်ပါမိဖို့ရယ် ဆိုတဲ့အချက်ပါပဲ။

(၅)

"ရန်သူစစ်တပ်က ထောင်ချီသတ်တာကျတော့ ဘာမှမပြောဘူး။ လူ(၁၅) ယောက် (၃၈) လောက် သတ်ခံရတာကို ပြောနေတယ်၊ ငါတို့ရဲဘော်တွေ ဘယ်လိုပေးဆပ်ခဲ့ရတယ်" ဆိုတဲ့စကားကို ကြားမိတော့ ကျနော်တို့အညာဘက်မှာ နောက်ပြောင် ပြောဆိုနေတဲ့ "တံတားကြိုး သခင်များ" ဆိုတဲ့ဝေါဟာရကို သွားသတိယမိတယ်။ ဒုတိယကမ္ဘာစစ်အပြီး ဖက်ဆစ်ဂျပန်တွေ စစ်ရှုံးဆုတ်ခွာသွားတော့ တော်လှန်ရေးမှာ လေးလေးနက်နက် မပါဝင်ခဲ့ဘူးသူတွေက လက်ပတ်တွေစည်း၊ လက်နက်တွေကိုင်ပြီး တော်လှန်ရေးခေါင်းဆောင် ယောင်ယောင် ထွက်လာကြတော့တယ်။ ရွာထိပ်က တံတားကြိုးကို ချိုးကြပစ်လိုက်ပြီး၊ သူတို့ တိုက်ထုတ်လိုက်လို့ ဖက်ဆစ်ဂျပန်တွေပဲ ထွက်ပြေးသွားသလိုလို၊ လုပ်ကြတော့တယ်။ မကြာပါဘူး။ သခင်ဆိုတဲ့နာမည်တွေကို ရှေ့မှာတပ်ပြီး၊ တည်ငြိမ်မှုမရှိသေးတဲ့ ရွာမှာ ရွာသားတွေကို အနိုင်ကျင့်တော့တယ်။ အကြောင်းသိသူတွေကတော့ သူတို့ကို တံတားကျိုးသခင် များလို့ ခေါ်ဝေါ်ကြတာပေါ့။ ဒါပေမဲ့ သူတို့က အုပ်စုဖွဲ့ပြီး "ငါတို့က ဘယ်လိုအနစ်နာခံခဲ့တယ်" ဆိုတာတွေပြော၊ ထန်းတောထဲမှာလည်း ညနေတိုင်ရင်မူးရူး၊ သောက်ထားတဲ့အရက်ဖိုး၊ ထမင်းဖိုးကိုလည်းမပေး၊ တွေ့ကရာ စော်ကားတော့တာပဲ။ အခုကျနော်တို့တတွေ ကြုံတွေ့နေရတဲ့ ပြည်ပနိုင်ငံရေးမှာလည်း အဲ့သလို "တံတားကျိုးသခင်များ" က နေရာအနှံ့တွေ့နေရတယ်။ တကယ် လက်နက်ကိုင်တိုက်လာတဲ့ ရဲဘော်တွေက အမှန်တရားနဲ့ ရိုးသားမှုကို ဘာနဲ့မှ မလဲဘူး။ သူတို့ပေးဆပ်ခဲ့ရတာတွေကိုလည်း စာဖွဲ့ပြောမနေဘူး။ "ကိုယ့်အဖွဲ့အစည်းကို ဘယ်လိုချစ်ကြောင်း၊ လက်နက်ကိုင် တော်လှန်ရေးကို ဆက် ဆင်နွှဲရမယ်၊ ဘုံရန်သူကို မျက်ခြေမပြတ်နဲ့" လို့ ဟစ်ကြွေးနေသူတွေကို ကြည့်လိုက်တော့၊ တော်တော်များများက နိုင်ငံတကာ ဒိုနာတွေဆီက ငွေလိမ်တောင်းနေသူတွေ၊ တတိယနိုင်ငံတွေမှာ သောက်စားမူးယစ်နေသူတွေ၊ အစိုးရဆီက

လူမှုဖူလုံရေးလိမ်တောင်းစားနေသူတွေကိုသာ တွေ့ရတယ်။

လူမှုတော်လှန်ရေး တရပ်လုပ်တယ်ဆိုတာ ဖက်ဆစ် အစိုးရကျူးလွန်နေတဲ့ စရိုက်တွေကို အတုယူဖို့မဟုတ်ဘူး။ တော်လှန်ရေးလုပ်ခဲ့တာကို အကြောင်းပြုပြီး အခွင့်အရေး ယူဖို့မဟုတ်ဘူး။ အစိုးရဘက်က သတ်တာတွေကိုပြောပြီး၊ ငါတို့ဘက်က ယုတ်မာတာတွေကို ပါးစပ်ပိတ်ထားလို့ အဆိုပြုတဲ့သူဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်တဲ့ ကြံ့ဖွံ့ အဖွဲ့ဝင်တွေနဲ့ အတူတူပဲ ဖြစ်သွားမှာပေါ့။ လူနေမှုအဆင့်မြင့်တဲ့ နိုင်ငံတွေမှာ နေပြီး ကြံ့ဖွံ့လို စိတ်ဓါတ်တွေ မွေးနေကြ၊ ခြစားအကျင့်ပျက်သူတွေနဲ့ သူတော်ချင်းချင်းသတင်းလွှေ့လွှေ့လုပ်နေကြတာတော့ စိတ်မကောင်းစရာပဲ။ ပြောသာပြောရတာပါ။ ဘာမှမဟုတ်ပဲ စစ်သွေးကြွပုံစံတွေနဲ့ ကိုယ့်ဘာသာ ကိုယ်ရှိန်ကိုယ်ဝါတောက်ပပြနေတဲ့ လူတွေက လက်ရှိုးရေ လို့ရပါတယ်။ သူတို့က ကျောင်းသားတပ်မတော်ကို ချစ်ဟန်ဆောင်ပြီး၊ အကျင့်ပျက် လူ တယောက်နှစ်ယောက်ကို အကာအကွယ်ပေးနေတာ လူတိုင်းက သိနေပေမဲ့ သူတို့လို လိုက်အဆင့်မနိမ့်ချင်လို့ ယှဉ်ပြီး မပြောပဲနေကြတာ။ တကယ် တိုက်လာခဲ့တဲ့ ဒီမိုကရေစီရေးလိုလားသူတွေနဲ့ ကျောင်းသားတပ်မတော်က ရဲဘော်တွေ က အမှန်တရားနဲ့ ရိုးသားမှုကို ချစ်တယ်။ မြောက်ပိုင်းလူသတ်မှုကို အကြီးအကျယ်ရှုတ်ချပြီး စာနာနားလည်စွာပါဝင်နေကြတယ်။ ပြည်တွင်းကို သဝဏ်လွှာတွေပို့ကြတယ်။ အဲ့သလို နိုင်မာတည်ကြည်တဲ့ ABSDF ရဲဘော်တွေရှိနေမှတော့ ကျန်တဲ့ ပြည်ပရောက် ကြံ့ဖွံ့တွေဆိုတာ၊ ခါတ်တိုင်အောက်မှာ ပုံ့ဝဲနေတဲ့ တရာသီစာ ပရစ်အော်သံတွေ အဖြစ်သာ ဆူညံကျန်ရစ်ခဲ့တာပါ။

တရားမျှတမှုအတွက် တောင်းဆိုတိုက်ပွဲဝင်သံတွေ မကြာခင်ကြားကြရပါလိမ့်မယ်။

**-အောင်မိုးဝင်း**




“ပေးဆပ်ခဲ့သမျှ အတွက် ၊ မမေ့ကောင်းရာအဖြစ်၊
သစ္စာပန်းတစီး” ........

**ကိုမင်းကိုနိုင်**

“သမိုင်းရဲ့ အမှန်တရား ဆုံးဖြတ်ချက်ကို ဘယ်အရာနဲ့မှ
ပြောင်းလဲလို့မရနိုင်ပါ”...

**ကိုမြတ်စံ**



ကျောင်းသားတပ်မတော် မြောက်ပိုင်းဒေသမှာ ကျဆုံးသွားတဲ့ ကျောင်းသားရဲဘော်တွေအတွက် ရန်ကုန်၊ မန္တလေးမြို့တွေမှာ အခမ်းအနားလုပ်တဲ့အခါ ကိုမင်းကိုနိုင်နဲ့ ကျောင်သားတချို့ဟာ အပြင်းအထန် နေမကောင်းတဲ့ ကြားကနေ အခမ်းအနားကို

တက်ခဲ့ကြတယ်၊ တိုင်းပြည်အတွက် အလုပ်များနေတဲ့ကြားကနေ၊ တခုတ်တရ တက်ရောက် ပြောဆိုဆွေးနွေးကြတယ် လို့ ဆိုတယ်။ သူတို့ရဲ့ စကားလုံးတွေကလည်း ရင်ကိုထိခပ် ခံစားစေခဲ့တယ်။ သမိုင်းရဲ့ အလင်းအမှောင်ကို နားလည်တန်ဘိုးထား သူတွေက၊ အဖြစ်အပျက်တွေကို ရှင်းရှင်းလင်းလင်း သုံးသပ်ခံစားတယ်။ လူ့အဖွဲ့အစည်းမှာ တရားမျှတမှုတွေ၊ မေတ္တာတွေထွန်းကားဖို့ အတွက်၊ တည်ငြိမ်စွာဖြတ်သန်းကြတယ်။ ဆုံးရှုံးမှုနဲ့ ညီညွတ်မှု တွေရဲ့ အပေးအယူကို နားလည်ကြတယ်။

မြောက်ပိုင်းအရိုးတွင်းသံများရဲ့ အဆင့် (၃) ကို ဖြတ်ကြတဲ့အခါ၊ ကျနော်တို့ ကြိုတင်မျှော်လင့်ထားတဲ့အတိုင်းပဲ မျက်နှာဖုံးတွေ ကွာကျလာမယ်။ စိတ်ခါတ်အဆင့်အတန်းတူရာ စုကြမယ်။ နိုင်ငံရေးသုံးသပ်နိုင်စွမ်းရေချိန်အနိမ့်အမြင့်ပေါ်မှာ မူတည်ပြီး၊ ယုတ်မာ ရိုင်းစိုင်းမှုကို မလိမ့်တပတ်ကာကွယ်ချင်သူတွေ၊ အရက်ပုန်းရောင်းသူဆီမှာ တောက်တိုမယ်ရ အသုံးခံရသူတွေရဲ့ သွေးရူးသွေးတန်းတွေ စကားသံတွေကိုလည်း ရံဖန်ရံခါကြား နေရမယ်။ သူတို့ကိုတော့
"ကမ္ဘာပျက်နေတဲ့အချိန်မှာ ရွာက ဖတ်မင်းသားဂိုက်နဲ့ စတီဒီယို အဆိုတော် ဖြစ်ချင်သူတွေပါလား" လို့ နားလည်ပေးလိုက် ပါတယ်။ တကယ်တော့ ဒီလိုလူတွေကို စဉ်းစားနေစရာ အကြောင်း မရှိပါဘူး။ ရာဇဝတ်မှုရဲ့ အရိပ်တွေက နွယ်မြက်ရိုင်းတွေလို တရိပ်ရိပ် တက် ချည်နှောင်နေတဲ့အချိန်မှာ ကြွင်းထဲက ကြွက်တွေဆိုတာ အပေါ်ကို မော့ကြည့်ရင်း စုတ်တသတ်သတ် ကျန်ရစ်ခဲ့ကြရမှာပါ။

**ခွေးအ နှစ်ကောင်ကို အမဲလိုက်ခြင်း**

တခါတုံးက လူဆိုးလူမိုက်ဆန်ဆန်အုပ်စုဖွဲ့ပြီး သခင်အားရ ကျွန်ပါးဝ လုပ်၊ သူများတွေကို ဆဲဆို ခြိမ်းခြောက်လေ့ရှိတဲ့ လူတယောက်ကို မေးကြည့်မိဘူးတယ်။ ခြသေ့ နဲ့ ခွေးအ ရဲ့ ကွာခြားမှုကို ရှင်းရှင်း လင်းလင်း နားလည်လား ဆိုတဲ့မေးခွန်းပါ။ ခြသေ့ဆိုတဲ့ ကောင်က တကောင်တည်း အမဲလိုက်ဖို့ဝန်မလေးဘူး။ လတ်လတ်ဆတ်ဆတ်

အသားကို စားလေ့ရှိတယ်။ ခွေးအကတော့ အုပ်စုရှိမှ အမဲလိုက်ရဲလေ့ ရှိတယ်။ သူတို့ရဲ့ထောင်ချောက်ထဲကို ဝင်လာမှ ကိုက်သတ်ရဲတဲ့ သတ္တိရှိတယ်။ သူများတွေရဲ့ စားကြွင်းစားကျန်တွေကို ကိုက်ချီ စားသောက်ဖို့ ဝန်မလေးသလို၊ ယုတ်မာ ကောက်ကျစ်တဲ့အကြံတွေ ကျင့်သုံးဖို့လည်း ဝန်လေးသူတွေ မဟုတ်ဘူး။ အဖွဲ့အစည်း အသီးသီး က လူတွေဟာ အမှန်တရားကို ရှာဖွေတဲ့အခါ၊ မိမိတို့အနေနဲ့ `ခွေးအတွေလား၊ ခြင်္သေ့လိုမျိုး သတ္တိရှိသူတွေ လား" ဆိုတဲ့ အချက်ကို ကိုယ့်ဘာသာ မေးခွန်းထုတ်ကြဖို့ လိုပါလိမ့်မယ်။

ဇော်ဇော်မင်း (မိုးညှင်း)နဲ့ သန်းဇော် (မွန္တလေး) ဆိုတာ ကျောင်းသားတပ်မတော် (မြောက်ပိုင်း) ဒေသဆီက အလင်းပြန်ဝင် လာတဲ့ ရာဇဝတ်ကောင် နှစ်ယောက်ပါ။ ဖေဖော်ဝါရီ (၁၂) အာသံ ကုန်းပေါ်က ခေါင်းဖြတ်သတ်ပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ သူတွေဖြစ်တယ်။ ဖမ်းခံထားရတဲ့ ကျောင်းသားတွေကို ရက်ရက် စက်စက် ညှင်းဆဲ နှိပ်စက်ခဲ့သူတွေဖြစ်တယ်။ ကျောင်းသားတွေကို သတ်ဖြတ်၊ လက်နက်ကိုင်တော်လှန်ရေးကို ဦးကျိုးအောင်ခဲ့၊ ကျောင်းသားတပ်မတော် (မြောက်ပိုင်း)ကို သမိုင်းရဲ့ အပုတ်နံ့တွေ ထဲမှာ ပိုးစိုးပက်စက် ထားပစ်ခဲ့ပြီးတဲ့နောက်၊ သူတို့ဟာ တာဝန် တခု ပြီးဆုံးသွားပြီလို့ ယူဆ ဟန်တူပါတယ်။ ဗမာပြည်ထဲကို လက်နက်ချ အလင်းဝင်လာခဲ့ကြပါတယ်။ မြောက်ပိုင်းဒေသမှာ ရန်သူ့ သူလျှို လို့ စွပ်စွဲခံရတဲ့သူတွေက စစ်အစိုးရရဲ့ အကျဉ်း ထောင်တွေထဲမှာ ခါးသီးနာကျင်စွာ ရှင်သန်နေရချိန်မှာ၊ ရာဇဝတ် ကောင် နှစ်ဦးဖြစ်တဲ့ ဇော်ဇော်မင်းနဲ့ သန်းဇော်တို့ကတော့၊ စစ်ထောက်လှမ်းရေးတွေနဲ့ စီးပွားရေးလုပ်အကာအကွယ်ယူပြီး ဆောင့်ကြွား ဆောင့်ကြွား လျှောက်သွားနေခဲ့ကြပါတယ်။ ပြန်တွင်းကို ထွက်ပြေးလွတ်မြောက်လာတဲ့ ကျောင်းသားတွေက "ခင်ဗျားတို့က ဘာတွေလဲ ကျနော်တို့ကိုကျတော့ ရန်သူ့ ထောက်လှမ်းရေးလို့ စွပ်စွဲ၊ နှိပ်စက် ညှင်းပန်းခဲ့ပြီး အခုကျတော့ ခင်ဗျားတို့က စစ်ထောက်လှမ်းရေးတွေနဲ့ပေါင်း ဒီမိုကရေစီ အင်အားစုတွေကို၊ ချေမှုန်းနေတယ်။ နောက်ရုက်တားဆီး နေတယ်" လို့ မျက်နှာချင်းဆိုင်သွားပြောပြီး စိန်ခေါ်ကြတဲ့အခါ၊

အဲ့ဒီ ရာဇဝတ်ကောင် နှစ်ကောင်က စစ်ထောက်လှမ်းရေးတွေဆီ ပြေးကပ်ပြီး ကျောင်းသားတွေဟာ သူတို့ကို ရန်လုပ်နေတဲ့ အတွက် အကာအကွယ်ပေးပါ လို့ အကူအညီတောင်းခဲ့ကြပါတယ်။ စစ်ထောက်လှမ်းရေးတွေကလည်း သူတို့ရဲ့ လူနှစ်ယောက်ကို အကာအကွယ်ပေးခဲ့ပါတယ်။ "ဖော်ဖော်မင်းနဲ့ သန်းဖော်ကို နောက်ရက် တဲ့သူ ဘယ်သူမဆို၊ အဖမ်းခံရမယ်" အထိ ပေါ်ပေါ်တင်တင် ခြိမ်းခြောက်ခဲ့ကြပါတယ်။

ကျောင်းသားတပ်မတော် မြောက်ပိုင်း မျက်နှာဖုံးစွပ်ထားခဲ့ပြီး၊ စစ်ထောက်လှမ်းရေးနဲ့ ပလူးပလဲလုပ်နေတဲ့ ဖော်ဖော်မင်းနဲ့ သန်းဖော် တို့ဟာ တောထဲမှာ သူတို့နှိပ်စက်သတ်ဖြတ်ခဲ့တဲ့ ကျောင်းသားတွေ၊ ဝိညာဉ်တွေအပေါ်မှာ၊ ယနေ့တိုင် မထေမဲ့မြင် ပြုလုပ် စော်ကားနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ပါဂျောင်ဒေသတုံး ကလို ကျောင်းသားတွေကို နှိပ်စက်သတ်ဖြတ်ဖို့၊ သူတို့အတွက် အခွင့်မသာတော့ဘူး ဆိုတာကိုလည်း နားလည်နေပုံရပါတယ်။ ဒီလို ခွေးအ နှစ်ကောင် ဟာ ရွှေဝါရောင်တော်လှန်ရေးမတိုင်ခင်က ကျောင်းသားခေါင်းဆောင်တွေ၊ ဒီမိုကရေစီရေး အင်အားစုတွေကို အုပ်စုဖွဲ့ အနိုင်ကျင့်ဖြိုခွဲခဲ့တဲ့ စွမ်းအားရှင်တွေနဲ့ အဆင့်အတန်း အတူတူပဲဖြစ်တယ်။ စွမ်းအားရှင်တွေ၊ ကြံ့ဖွံ့တွေ ဆိုတာ တယောက် ချင်းစီ နေထိုင်နေတဲ့အခါ သိတ်ကြောက်တတ်ပါတယ်။ အုပ်စုရှိမှ၊ အကာအကွယ်ရှိမှ မိုက်ရိုင်းကြမ်းကြုတ်တဲ့အလုပ်ကို လုပ်ရဲခဲ့ကြတာ ပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ စိတ်ရောဂါပညာရှင်တွေရဲ့အဆိုအရတော့ အကြမ်းဖက်မှုတွေကို မီးကုန်ယမ်းကုန် ကျူးလွန်ခဲ့မိသူတိုင်းမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှစ်ခုစလုံးမှာ အကြီးမားဆုံး ချို့ယွင်း ချက်၊ အားနည်းချက်တွေ အပြည့်ရှိကြတယ် လို့ဆိုတယ်။ အာသံ တောင်ကုန်းရဲ့ လူမသိသူမသိ တောနက်နက်ထဲမှာ ကျောင်းသား သွေးကို သောက်ခဲ့တဲ့ ခွေးအ နှစ်ကောင်ရဲ့ အားနည်းချက်ကို စောင့်ကြည့်ကြရပါမယ်။ မန္တလေး၊ မိုးညှင်း၊ မိုးကောင်း ဘက်က သတင်းမီဒီယာသမားတွေ၊ ဒီမိုကရေစီ အင်အားစုတွေ အနေနဲ့ သူတို့ရဲ့ လက်ရှိပုံပန်းသဏ္ဍာန်တွေ၊ လှုပ်ရှားမှုတွေကို အဆက်မပြတ် မှတ်တမ်းတင်ထားပြီး၊ ဓါတ်ပုံတွေကို ပြည်သူလူထုကြားမှာ ဖြန့်ထား

ပေးသင့်ပါတယ်။ တချိန်ချိန်မှာ အသုံးဝင်လာမှာမို့ပါ။

**၁၉၉၀ ဗကသများ ညီလာခံ**

အမေရိကားမှာ ABSDF ခေါင်းဆောင်တယောက်နဲ့ ဆုံတွေ့တုံးက "၁၉၉၀ မန္တလေးမှာ ကျင်းပတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂ ညီလာခံမှာ ကျောင်းသားတပ်မတော်(မြောက်ပိုင်း) ကိုယ်စား လှယ်တွေ လာရောက်တက်ခဲ့ကြတာ သိလား" လို့ မေးခဲ့မိတယ်။ သူက မြေပေါ်ကျောင်းသားလှုပ်ရှားမှု သမိုင်းနဲ့ တော်တော် အလှမ်း ဝေးပါတယ်။ "မသိဘူး" တဲ့။ ကျနော် စိတ်တော်တော်လေသွားတယ်။ တခါတလေ ဒီလူတွေ မြေပေါ်ကျောင်းသားလှုပ်ရှားမှု သမိုင်းကို မသိပဲနဲ့ ခင်ဗျားတို့ ဘယ်လို တော်လှန်ရေးလုပ်လဲလို့ မေးကြည့် ချင်တယ်။ ဘာမှလည်း ဖြစ်လာမှာမဟုတ်တော့ မမေးဖြစ်ခဲ့ပါဘူး။

တကယ်တော့ မစိုးရိမ်တိုက်ပေါင်းထဲမှာ ဗကသ ရဲဘော်တွေရဲ့ ညှဉ့်ဝတ်ကျေမှုကို မြိန်ရည်ရှက်ရည် စားခဲ့ကြတဲ့ မြောက်ပိုင်းဒေသ မှ ကျောင်းသားတပ်မတော်ရဲဘော်တွေအနေနဲ့ မန္တလေး၊ ရန်ကုန်မှ တောခိုလာတဲ့ကျောင်းသားတွေဟာ ရန်သူ့ သူလျှို မဟုတ်ဘူး ဆိုတာ ကောင်းကောင်းသိကြပါတယ်။ ဒါဖြင့် ဒီလို ရက်ရက် စက်စက် နှိပ်စက် ညှင်းပမ်းမှုကြီးကို ငြိမ်သက်စွာ ထိုင်ကြည့် နေခဲ့တာဟာ ဖော်ဖော်မင်း တို့နဲ့ အတူ ပူးပေါင်းကြံစည်ခဲ့တာလား။ မတတ်သာလို့ ဝင်ရောက် မစွက်ဖက်ခဲ့တာလား။ ခွပ်ဒေါင်း အလံ တော်အောက်မှာ ကိုယ့်ရဲဘော်ချင်း လုပ်ကြံသတ်ဖြတ်မှုကို ကျူးလွန် ခဲ့သူတွေက သူတို့ရဲ့ လိပ်ပြာတွေကို ဘယ်လိုသန့်စင်ကြမလဲ။ သစ္စာအဖောက်ခံလိုက်ရတဲ့ မြို့က လူတွေအတွက်တော့၊ အမှန်တရား ပေါ်ပေါက်ရေးကလွဲလို့ မည်သည့်အဖွဲ့အစည်းကိုမှ ဂရုစိုက်နေမှာ မဟုတ်ဘူး ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း နားလည်ထားဖို့ လိုကြပါလိမ့်မယ်။ ကျောင်းသားထု ညီညွတ်ရေး နဲ့ အဖွဲ့အစည်း ခေါင်းဆောင်တွေရဲ့ ဂုဏ်သိက္ခာရှိမှု၊ မရှိမှု ဆိုတာ၊ အမှန်တရား ပေါ်မှာ ဘယ်လောက် သတ္တိရှိရှိ ရပ်တည်တိုက်ပွဲဝင်သလဲ ဆိုတဲ့ အချက်ပေါ်မှာ အဓိက မူတည်ပါတယ်။ တရားမျှတမှုကို "ဘူး"ကွယ်

ပြင်းပယ်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေနဲ့ ညီညွတ်စရာ အကြောင်းတစက်မှ မရှိပါ။

**သတင်းမီဒီယာခေတ်ကြီးမှာ၊ ဇီဝလက်နက်၊ ဓါတုလက်နက်တွေနဲ့ အကြမ်းဖက်နေတဲ့ ခေတ်ကြီးမှာ ---- အနှစ်မပါတဲ့ ဟန်ရေးပြမှုတွေကို ကျော်လွန်ပြီး ၊ တယောက်နှလုံးသားကို တယောက် အကဲခပ်တတ်ဖို့ လိုပါလိမ့်မယ်။**

မြောက်ပိုင်းဒေသမှာ ဖြစ်ပွားခဲ့တဲ့ အစုလိုက်အပြုံလိုက်လူသတ်ပွဲနဲ့ ပတ်သက်ပြီး၊ ကာယကံရှင်တွေရဲ့ ပြောဆိုသံတွေကို ဆက်လက် နားစွင့်သွားပါမယ်။ ဘယ်သူ ဘာလဲ ဆိုတာရှင်းရှင်းလင်း သိရှိနားလည် နေကြမှတော့၊ ကိုယ့်ရဲ့ နည်းဗျူဟာတွေကို စံနစ်တကျ တည်ဆောက် ကြရပါလိမ့်မယ်။ တရားကို နှတ်စောင့်ပါတယ်။ နစ်နာခံစားရသူတွေ အားလုံးအတွက် တရားမျှတတဲ့ မနက်ခင်း မကြာခင် လင်းလက်တောက်ပ နိုင်စေရပါမယ်။

**-အောင်မိုးဝင်း**

# မြောက်ပိုင်းတွင် ကြွေလွင့်သွားသော ကျောင်းသားများ အမှတ်တရ နေ့သို့ ဖိတ်ခေါ်ခြင်း



သေတွင်းကို ချဉ်းနင်းသူချင်း

အချင်းချင်း ဂုဏ်ပြုလိုတယ်

သေသည်ဖြစ်စေ

ရှင်သည်ဖြစ်စေ

တစ်ဦးချင်းတွေရဲ့ ဖြတ်သန်းမှု

မြင့်မြတ်ရဲရင့်မှုတို့ အတွက်

အဓိပ္ပါယ်နက်တဲ့ဆုံဆည်းမှု

အခုပြုကြမယ်

နှစ်(၂၈)တိုင်

စိတ်နိုင်နိုင်နဲ့

သေသူများရဲ့ ကိုယ်စား ရှင်သူများဖြစ်ခဲ့

ကျန်ရစ်တဲ့သူများကို ဖိတ်ခေါ် လိုတယ်......

ဒို့ အထဲမှာနေ သေတာက-

(၁) စည်သူ (စမ်းချောင်း)

(၂) စမ်းမြင့်ကိုကို(ပျဉ်ပုံကြီး)

(၃) အောင်ဝင်း(မြစ်ကြီးနား)

(၄) သိန်းနိုင်ချို(မွန္တလေး)

(၅) ကျော်ကျော်ဦး(မုံရွာ)

(၆) စံလွင်လေး(အမရပူရ) ထောင်မှလွတ်ပြီး မကြာခင်သေဆုံး

(၇) ရာပြည့်(ခ) ခင်မောင်ထွန်း အိုးဘိုထောင်အတွင်းသေဆုံး

အဝေးရောက်သွား ရေမြေခြားက- (ပြည်ပ)

(၁) မငယ်(ခ)နန်းအောင်ထွေးကြည် (ကမာရွတ်၊ရန်ကုန်)

(၂) ထင်လင်းအောင် (သထုံ)

(၃) ထိန်လင်း (အင်္ဂပူ/ဧရာဝတီတိုင်း)

(၄)ဖိုးကျော်(ခ)ကျော်ဝင်းဆွေ (စမ်းချောင်း၊ရန်ကုန်)

(၅)နန်စော (ပန်းမော်)

ကျန်နေသူများ က (ပြည်တွင်း)

ရင်း(၄၈၁)မှ

(၁) ကျော်စွာဝင်းမောင် (ရန်ကုန်)

(၂) တိုးကြည် (ဒေါပုံ၊ရန်ကုန်)

(၃) ဝဏ္ဏဇော် (ရန်ကုန်)

(၄) ပိပိ(ခ)တင်လှမ်းမိုး(ရန်ကုန်)

(၅) ဇော်မိုး (ရန်ကုန်)

ရင်း(၅၊၁၁)မှ

(၆) သိန်းထွန်း (ကျောင်းကုန်း/ရန်ကုန်)

(၇) ကျော်မျိုး (သထုံ)

(၈) နိုင်လင်း (သထုံ)

(၉) လှဝေ (သထုံ)

(၁၀) မောင်မောင်ဝေ (ဒလ)

(၁၁) အောင်နိုင် (သနပ်ပင်)

ရင်း(၇၊၁၁)မှ

(၁၂) ညီညီကျော် (မန္တလေး)

(၁၃) ညီညီ (မန္တလေး)

(၁၄) ဂျိုးဖြူ(ခ)နိုင်ဝင်းအောင်(မန္တလေး)

(၁၅) နိုဖြူ(ခ)ခင်မောင်ဇော် (မန္တလေး)

(၁၆) ကိုဇင်(ခ)ကျော်ဆန်းဦး (မန္တလေး)

(၁၇) မန္တလာထိန်လင်း(ခ)လွင်မင်းသန့် (မန္တလေး)

(၁၈) စိုးလွင် (မန္တလေး)

(၁၉) ရဲလင်း (ရန်ကုန်)

(၂၀) ဘိုဘို(ခ)မိုးကျော်သူ (စမ်းချောင်း၊ရန်ကုန်)

(၂၁) မိုးကြီး(ခ)မိုးဇော်ထွန်း (ရန်ကုန်)

(၂၂) မြင့်ဇော်ဝင်း (ရန်ကုန်)

(၂၃) သင်းသင်းညီ (ရန်ကုန်)

(၂၄) ကိုကြောင်(ခ)ကျော်နိုင်ဦး (သာယာဝတီ)

(၂၅) ရိုဇာ(ခ)ညီညီအောင်( ပဲခူး)

(၂၆) ကျော်ဦး(ခ)အောင်ကျော်ဦး (ရန်ကုန်/ပဲခူး)

(၂၇) ဒဿ(ခ)မောင်မောင်ခင် (ကသာ/ဘုတလင်)

(၂၈) ကျော်ဇင်ထွန်း (ကသာ)

(၂၉) ဗိုးဆန်း(ခ)ဆန်းဝင်း (ကသာ)

(၃၀) သက်တင် (ဖန်းမော်/ရန်ကုန်)

(၃၁) ဂမ်မလီ (ဖန်းမော်)

(၃၂) စိုးကြိုင် (ကျွန်းကြီး၊ဖန်းမော်)

(၃၃) ဥတည်ဘွား(ခ)ကျော်သိန်း (ကျွန်းကြီး၊ဖန်းမော်)

(၃၄) စိုးလေး(ခ)စိုးဝင်းထွန်း (အင်းတော်/ပွင့်ဖြူ)

(၃၅) ဘိုတောက်(ခ)ထွန်လင်းစိုး (အင်းတော်/ )

(၃၆) စံမျိုးအောင် (အင်းတော်)

(၃၇) နိုင်အောင်(ခ)ဌေးမြင့်သိန်း (မိုးကုတ်)

(၃၈) မတူးတူး (မိုးညှင်း)

(၃၉) ရက္ခစိုး(ခ)စိုးမိုး (မိုးညှင်း/ )

(၄၀) အီနွတ်(ခ)သန့် ဇင်မိုး (မိုးညှင်း)

(၄၁) ကိုမျိုး (နမ့်ဆော်လော်/နမ္မား)

(၄၂) ဝင်းနိုင်စိုး (နမ္မား)

(၄၃) အောင်အောင် (နမ္မား)

(၄၄) တာကော(ခ)ထွန်းဇံ (မြစ်ကြီးနား)

(၄၅) ပေါ်ဦး (မုံရွာ)

(၄၆) မြင့်ဇော် (မုံရွာ)

(၄၇) အောင်မွန် (မုံရွာ)

(၄၈) စိန်ဂေါ်လီ(ခ)မျိုးဇော်အောင် (ကန့်ဘလူ)

(၄၉) စွေစောင်း(ခ)ဝင်းမြင့် (ထန်းတပင်၊ဗိုးကုန်း)

(၅၀) ဘောတလုံး(ခ)ကျော်ကျော်နိုင် (ကာဘိုး)

(၅၁) OK(ခ)အုန်းကြိုင် (မွန္တလေး/ဗိုးကုန်း)

(၅၂) ခင်မောင်ကြည် (အထက်မင်းလှ)

(၅၃) ကံမြင့်ဦး (လယ်ဝေး)

(၅၄) ထွန်းဦးခိုင် (ရွှေဘို)

(၅၅) ဇော်ထွန်း (ကျောက်မြောင်း)

ရင်း(၇၈၂)မှ-

(၅၆) မြင့်သိန်း(ဘာဘူ) (ကသာ/မန္တလေး)

(၅၇) ညီညီနိုင် (ဂန့်ဂေါ)

(၅၈) ဟန်ဝင်းအောင် (ကာသိုး/မန္တလေး)

ABSDF(ဗဟို)မှလွတ်မြောက်

(၅၉)စိုးလင်း (မန္တလေး)

အားလုံး စုံစေချင်ပါတယ်၊ ဆက်သွယ်ပါ။

ညီညီကျော်(ဖုန်း-၀၉၉၁၀၁၀၈၇၅၃)နဲ့

နီးစပ်ရာသူငယ်ချင်းများကိုပေါ့။

(ကို Kyaw Gyi AB ၏ facebook စာမျက်နှာမှ

ထပ်ဆင့်ကူးယူ ဖော်ပြပါသည်။)

# ကျနော် လူကက်ဆက် (စ-ဆုံး)

ရေးသူ- ပန်းချီ(ကို)ထိန်လင်း



(၁၉၉၂ ဖေဖော်ဝါရီ ၁၃ ရက် The Nation သတင်းစာတွင် ဖော်ပြခဲ့သည့် ဓာတ်ပုံ (ဝဲမှယာ - ကိုကျော်နိုင်ဦး၊ မနန်းအောင်ထွေးကြည်၊ ကိုနိုင်ဝင်းအောင်၊ ကိုညီညီ၊ ကိုတိုးကြည်))

တလောက သန်းကျီးမတွေ အကြောင်း ရေးလိုက်တော့ တချို့လည်း သဘောတွေကျ၊ တချို့ကလည်း ပူပန်ကြ အသံမျိုးစုံ ကြားခဲ့ရပါ တယ်။ ဒီတခါတော့ တမျိုးပြောင်းပြီး "ပိုး" တွေအကြောင်း ရေးမယ် စိတ်ကူးမိပါတယ်။ ပိုးက ရိုးရိုးပိုးမျိုးမဟုတ်ပါဘူး ဂီတပိုး၊ အနုပညာ ပိုးများ အကြောင်းပါ။ သန်းကျီးမတွေကို ရေနွေးတွေ ကြိုထားတဲ့ ဒယ်အိုး ထဲ ထည့်လိုက်တော့ အားလုံးကြွကုန်ပေမယ့် ဒီအနုပညာပိုးက ရေနွေး အိုးထဲ ထည့်လည်း မသေ၊ လျှပ်စစ်နဲ့တို့လို့လည်း မသေ၊ အင်မတန် ချိုးရ နှိမ်ရ ခက်တတ်ပါတယ်။ ၁၉၉၈ နေ ၂၀၀၄ နှစ်ကုန်ပိုင်းထိ အင်းစိန်ထောင်၊ မန်းထောင်နဲ့ မြောင်းမြထောင် သုံးထောင်ကို ဂန္ဓာရီလှည့်လည် စံမြန်းစဉ်ကာလ ခြောက်နှစ်ခွဲအတွင်း ထောင်အာဏာပိုင်နဲ့ အရှင်းရဆုံးအမှုဟာ ထောင်တွင်း သီချင်းအော်ဆိုမှု အများဆုံးပါ။ တခါကဆို သီချင်းအသစ် တပုဒ်ကို စိတ်နဲ့ရေးပြီးစ သီချင်းတပုဒ်ကို ထ အသံစမ်းဆိုကြည့်တော့ ထောင်ဂန်ထမ်းတွေ နံပတ်တုတ်တွေ တိုက်ထဲကို အလန့်တကြား ပြေးဝင်လာကြပါတယ်။ နောက်တော့ ကျနော် သီချင်းဆိုတာဆိုလည်း သိရော ဆဲလိုက်ဆိုလိုက်တာ မိုးမွှန်နေသွားတော့တာပါပဲဗျာ။ သူတို့ အဆိုအရ ကျနော့်သီချင်းဆိုသံဟာ ခွေးဟောင်သံထက်ကို ဆိုးတယ် လို့ ဆိုပါတယ်။ အဲဒီလောက်ထိ ပါရမီ ထူးခြားပါတယ်။ အဲဒီကြားထဲက ကိုထိန်လင်းက စိတ်ကူးလွဲနေတာ ပန်းချီဆွဲရမှာ

မဟုတ်ဘူးဗျ၊ သီချင်း ဆိုရမှာလို့ တခါတလေ ကာရာအိုကေမှာ တစုံတယောက် ပြောလာ ရင်တော့ ကျနော်လက်ထဲက မိုက်ကရိုဖုန်းဟာ ဆွဲလုမယူခဲ့ရင် တခြား လူရဖို့ မမြင်တော့ပါဘူး။ အဲလောက်ရူးပါတယ်။ ရူးတဲ့အထဲမှာတော့ ကာလတခုမှာ လူကက်ဆက် ဖြစ်သွားတဲ့ အထိပါ။ အဲဒီကာလက စီဒီတွေ မပေါ်သေးတဲ့ ကက်ဆက်ခေတ် ဖြစ်တာမို့ လူကက်ဆက် ဖြစ်သွားရတာပါ။ ခုလို စီဒီခေတ်၊ အိုင်ပေါ့ ခေတ်ဆိုရင်တော့ လူစီဒီ၊ လူအိုင်ပေါ့တို့ ဘာတို့ ဖြစ်သွားနိုင်ပါတယ်။ လူကတ်ဆက်က ဘယ်တုန်းက ဖြစ်ခဲ့ဘူးပြန်တာတုန်းဟု မေးသော် ၁၉၉၁ စက်တင်ဘာ နောက်ပိုင်းကနေ ၁၉၉၂ မိုးလယ်ပိုင်းအတွင်း ကချင်ပြည်နယ် ပါရောင်ဒေသ ABSDF (NB) တပ်ဖွဲ့၏ အကျဉ်းသား ဘဝကဟု တိတိကျကျ ပြောမှဖြစ်ပါလိမ့်မယ်။

အဲဒီလို ပြောရတဲ့အကြောင်းကတော့ တောင်ပိုင်း ထိုင်းနယ်စပ်မှာ ABSDF တပ်ဖွဲ့ဟာ တော်လှန်ရေးတပ်ဖွဲ့တခုအဖြစ် ဆက်လက် ရပ်တည် နေပြန်ပါတယ်။ အဲဒါကြောင့် မဆီမဆိုင် အလကားနေရင်း မတ်တပ် တချို့က ဒီတပ်ဖွဲ့က ရဲဘော်တွေကို ဒီပြဿနာတွေနဲ့ ဆက်စပ် ပတ်သက်နေသယောင် ထင်ယောင်ထင်မှား မဖြစ်ရဖို့ တိတိကျကျ ကြိုပြောထားရခြင်း ဖြစ်ပါသဗျ။ ပြဿနာက တောင်ပိုင်းတပ်ဖွဲ့ ဦးဆောင်သူတွေထဲမှာက ကိုမျိုးဝင်း နာမည်တူက ရှိနေတော့ အလကားနေရင်း ကိုမျိုးဝင်း အိပ်ရာအောက် ရေဝပ်တဲ့ကိန်း ဝင်နိုင်တာ မြင်ယောင်မိလို့ပါ။ ကျနော့်အနေနဲ့ ဒီအကြောင်းအရာကို ရေးသားဖို့ လက်တွန့်တဲ့ အထဲမှာ အဓိက အချက်တခုကတော့ နှစ်ပေါင်း ၂ဝ ကျော်လာ တဲ့ ကျောင်းသားတော်လှန်ရေးသမိုင်း အလံတော်ကို မည်သို့ပင် ဖြစ်စေ ချစ်နေဦးမည်ဆိုတဲ့ စာသားလို ဒုက္ခအပေါင်း ခါးစည်းခံပြီး စွဲစွဲမြဲမြဲ လုပ်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိနေသေးတယ်ဆိုတာကို လည်း သိနေတဲ့အခါ အတော် လက်တွံ့မိတယ်ဆိုတာ ရိုးသားစွာ ဝန်ခံပါတယ်။ ပြည်ပကို ထွက်ခွင့်စပြီးရတော့ ချင်းမိုင်ကို ပန်းချီပြပွဲကိစ္စနဲ့ လာတဲ့ အချိန်မှာ လက်ရှိ အောဘီခေါင်းဆောင်(ကို) သံခဲက သမီးလေးနဲ့ အတူ ဆိုင်ကယ်လေးနဲ့ လေယာဥ်ကွင်းလာကြိုသဗျ။ ကျနော်တို့ တောစခိုကာစက အိန္ဒိယ လေခွန်းစခန်းမှာ ကျနော့်အနွံအတာ အများကြီး သည်းခံနားလည်မှုပေးခဲ့တဲ့ သူငယ်ချင်းဖြစ်လို့ပါ။

ပန်းချီပြပွဲ ဖွင့်ပွဲအပြီး နောက်တရက်မှာတော့ သံခဲက မင်းကို ဒီနေ့ စပါယ်ရှယ်ဒင်နာ ကျွေးမယ်ဆိုပြီး လာခေါ်ပါတယ်။ သိတဲ့အတိုင်း လက်ရှိ အောဘီဥက္ကဋ္ဌတဦးက တည်ခင်းမယ့် ညစာဆိုတော့ တော်တော်လေး စိတ်ဝင်စားပြီး သူ့ဆိုင်ကယ်လေးနောက်ကနေ လိုက်သွားပါတယ်။ လမ်းမှာ စမူဆာတို့၊ နံပြားတို့၊ ဒန်ပေါက်တို့ရတဲ့ ကုလားဆိုင်တဆိုင်ကို ဝင်ပြီး ပဲဟင်းနဲ့ ကြက်သားဟင်း ၂ ထုပ် ဝင်ဝယ်သဗျ။ ပြီးတဲ့အခါကျတော့ သူတို့မိသားစု ငှားထားတဲ့ အခန်းလေးကို သွားကြပါတယ်။ သူတို့မိသားစု သုံးယောက်နေတဲ့ အခန်းလေးထဲရောက်တော့ မဒမ်သံခဲက ကျနော့်အတွက် အထူးစီမံထားတဲ့ ဟင်းတခွက်နဲ့ စောင့်နေပါတယ်။ တခြားဟုတ်ပါရိုးလားဗျာ။ ကျနော်တို့ အိန္ဒိယမှာ

နေခဲ့စဉ်က ရွှေလုံဗိုလ်လို့ နာမည်ကြီးတဲ့ ကုလားအော်ပြုပ်သီးကို ငပိနဲ့ ထောင်းထားသဗျ။ ပြောစရာတခုရှိတာကတော့ မဒမ်သံခဲ (ကျနော်တို့အခေါ် ဒေါ်လှိုင် ခေါ် မခင်ဆွေလှိုင်) ဟာ ကျနော်တို့ မြောက်ပိုင်းပြဿနာတွေ ဖြစ်နေချိန်မှာ ပါရောင်မှာ တထိတ်ထိတ် တလန့်လန့်နဲ့ ဖြစ်ပျက်သွားတဲ့ အနိဋ္ဌာရုံအားလုံးကို မြင်တွေ့ခဲ့ရတဲ့ မျက်မြင်တဦးလည်း ဖြစ်ပါသဗျ။ ဒီလိုနဲ့ သုံးဦးသား ရေးပေဟောင်း နှောင်းဖြစ်တွေ ပြောရင်း မျက်ရည်ဖြိုင်ဖြိုင်ကျရပါတယ်။ (ရွှေလုံဗိုလ်ပြုပ်သီးကြောင့်ပါ ဒီပြုပ်သီးက စားတဲ့သူတိုင်း မျက်ရည် ကျအောင် စပ်ပါတယ်။) ထမင်းစားပြီးတော့ စကားပြောကြရင်း ကိုထွန်းအောင်ကျော်တို့တွေ ထောက်လှမ်းရေးအဖြစ် စွပ်စွဲခံခဲ့ရပြီး ကျဆုံးခဲ့ရတာနဲ့ ပတ်သက်ပြီး လက်ရှိတောင်ပိုင်း ABSDF (NB) က တော်လှန်ရေးသမား ကျောင်းသား ရဲဘော်တွေသာ ဖြစ်တဲ့အကြောင်း ကြေညာချက်ထုတ်ပေးဖို့ သင့်၊ မသင့်ကိစ္စ စကားပြောမိကြပါတယ်။ ဒီတော့ သူက ခပ်ရှင်းရှင်းပဲ ဒီလိုပြောပါတယ်။ သူငယ်ချင်း မင်းစဉ်းစားကြည့် ဒီကိစ္စဖြစ်နေချိန် ငါက အနောက်ပိုင်း (အိန္ဒိယ) ဘက်မှာပဲ ရှိသေးတာ၊ မျက်စိနဲ့ တပ်အပ် မြင်ခဲ့တာလည်း မဟုတ်ဘူး။ ပြီးတော့ ဒီကိစ္စမှာ တိုက်ရိုက်ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ သက်ရှိထင်ရှားရှိနေပါရက်နဲ့ ဘာသဘောထားမှ မပေးဘဲ ရေငုံနေကြတာကို ငါက သဘောထားထုတ်ပေးဖို့ ဘာမှမလိုဘူးထင်တယ် လို့ ပြောပါတယ်။ သူပြောတာ အမှန်ပါပဲ။

အမှန်ကတော့ ကျနော်တို့ မသေဘဲ ကျန်နေသူတွေ လုပ်ရမယ့် အလုပ်ပါ။ ကျနော်တို့တွေရဲ့ အားနည်းချက်။ ကျနော်တို့တွေရဲ့ တာဝန်ပျက်ကွက်မှုသက်သက် ဖြစ်ပါတယ်။ ပြီးတော့ ဆက်ပြောတာက ငါတို့က အခုလက်ရှိ ရှိနေတဲ့ အခြေအနေ ကို ထိမ်းထားနိုင်ဖို့ကို မနည်းရုန်းကန်နေရတာ။ အပြင်ရောက်နေတဲ့ ကိုယ့်မြန်မာတွေ ကူညီနေလို့ ဒီလောက်ထိ ရပ်တည်နေနိုင်တာ။ ဒါလည်း အမှန်ပါ။ လောလောဆယ် ကျနော်တို့ သုံးယောက် ထမင်းစားနေရတာ ကိုက သူတို့မိသားစု အိပ်ခန်းထဲမှာ စားနေရတာပါ။ အိပ်ခန်းနဲ့ မီးဖိုချောင်နဲ့ ထမင်းစားခန်းကို ပေါင်းထားတဲ့ သရီးအင်န်ဝမ်း အခန်းလေးကို ကြည့်ပြီး လက်ရှိ အေဘီ အတွက် စခန်းပြင်ထွက်ပြီး လှုပ်ရှားနေတဲ့ ခေါင်းဆောင် တဦးတောင် ခုလို ကျပ်ကျပ်တည်းတည်း ချို့ချို့တဲ့တဲ့ နေရရင် အထဲမှာ ရုန်းနေရတဲ့ ရဲဘော်တွေခမျာ ဘယ်လောက် ခက်ခဲကြမလဲဆိုတာကို ခန့်မှန်းမိပြီး စာနာမိပါတယ်။ ဒီလို အကျပ်တည်းကြား ခရီးဆက်နေတဲ့ သူတို့စိတ်ဓာတ်ကိုလည်း လေးစားမိသွားပါတယ်။ ဒါကြောင့် အခု ရေးသားမယ့် လူကတ်ဆက် အဖြစ်အပျက်များမှာ လက်ရှိ ABSDF တပ်ဖွဲ့မှာ တာဝန်မရှိပါကြောင်း ကြိုတင် ပြောထားရပါတယ်။ ရိုးရိုးသားသားပြောရရင် ခုလို ကြိုတင် ရှင်းလင်းထားရတာကလည်း သတင်းတွေထဲမှာ အမြဲပါပါလာတတ်တဲ့ ရဲဘော်သံခဲ ဆိုတဲ့ ဒီပုဂ္ဂိုလ်ကို နည်းနည်းလန့်တာလည်း ပါပါတယ်။ မလန့်လို့လည်း မရဘူးဗျ။ ကျနော်ရဲ့ ငယ်ကျိုးငယ်နာအားလုံးကို ဒီငသိက သိထားတာ၊ မတော် အိန္ဒိယ စခန်းမှာ နေခဲ့တုန်းက ကျနော်ကြောင်ခဲ့တဲ့ ကသည်းမတွေထဲက တယောက်ယောက် နာမည်ကို မှားရိုက်သလိုနဲ့ အွန်လိုင်းကနေ ကျနော့်မိန်းမမေးလ်ထဲ ရိုက်ထည့်လိုက်တာမျိုးပေ့ါဗျာ။ ဆောရီး တလုံး ထဲနဲ့တင် ကျနော် စပွန်ဆာပျောက်သွားနိုင်တဲ့ အကွက်လေးတွေက

ရှိနေတော့ ကြိုးခင်းရကျင်းရ တင်ရမြောက်ရတာလေးတွေတော့ ရှိတာ ပေါ့ဗျာ။ ကျနော်တို့ လူပြက်တွေ ပြက်လုံးပြက်တာတောင်မှ မပြက်ခင် မှာ ရပ်ရွာအခြေအနေ ကြည့်ပြီး ပဏာမအမှုနဲ့ ဂါရဝပြုပါသည် ဆိုတာ လေးတွေက လုပ်ရသေးတာကိုး။ နို့မဟုတ်ရင် ပွဲခင်းထဲ ဖားခုန် ဝင်လာတာကနေ ကျားခုန်ဝင်လာတယ်ဖြစ်လို့ ပြေးပေါက်တွေ မှားခဲ့ရဖူးတဲ့ ကိုယ်တွေ့တွေက ရှိခဲ့တာကိုး။ နောက်ပြဿနာတခုကတော့ ကိုထွန်းအောင်ကျော် နာမည်တူပြဿနာ ပါ။ ခက်တာက ၂ ယောက်စလုံးက အေဘီဥက္ကဋ္ဌတွေချည်း ဖြစ်နေတာ ပါ။ ခုလောလောဆယ် အမေရိကားမှာ ရှိနေတဲ့ ကိုထွန်းအောင်ကျော် က တောင်ပိုင်းက ဥက္ကဋ္ဌဟောင်းဖြစ်ပြီး ကျနော်တို့ရှေ့က ၁၉၇၄ မျိုးဆက် က ဖြစ်ပြီး ကျနော်တို့ထက်အရင် ထောင်ပုံစံထမင်းကို စားခဲ့သူပါ။ ဒီလောက် နိဒါန်းပျိုးပြီးပြီဆိုရင်ဖြင့် ကျနော့် လူကက်ဆက်ဖက်ကို လှည့်လို့ရပြီ ထင်တယ်ဗျာ။ ပြောမယ့်သာ ပြောရတာ အွန်လိုင်းမှာ စာရေးရတာလည်း မလွယ်ဘူးဗျ။ ပြောသလို အင်မတန် ဖင်နွှဲကြွေးမကင်း တဲ့ လူတွေ လုပ်တဲ့ အလုပ်ဗျ။ ရေးတဲ့စာမူက စာရိုက်လို့ မပြီးသေးခင် ကွန်မင့်က အောက်က အရင်တက်လာတဲ့ ခေတ်ကြီးကိုး။

ကျနော်တို့ ပါရောင်မှာ ဖြစ်ပွားခဲ့တဲ့ သန်းကိုးမ အတွေ့အကြုံကို ဖတ်ပြီး ကြတဲ့နောက်မှာ အမျိုးမျိုး တုန့်ပြန်လာတာတွေရပါတယ်။ ကျနော်ကို လည်း ဒီပြဿနာကို ဘယ်သူတွေ ကျူးလွန်တယ်။ ဘယ်သူတွေ ဘယ်ပုံ သေဆုံးခဲ့ရတယ်။ ဘယ်သူတွေ အသက်မသေဘဲ ကျန်နေတယ် ... စသည်ဖြင့်ပေါ့ဗျာ။ ပြောရရင် ကျနော်နဲ့အတူ ထွက်ပြေးလာကြတဲ့ ရဲဘော် ၅၀ လုံး ပြည်တွင်းမှာ အသက်ရှိထင်ရှား ရှိနေကြသလို တိကျတဲ့ စာရင်း ဇယားနဲ့ ထုတ်ဖို့လည်း လုပ်နေတယ်ဆိုတာ ကြားရပါတယ်။

နောက် တကယ်ကြုံခဲ့ရတဲ့ ရဲဘော်တွေရဲ့ ပြောကြားချက်တွေကတဆင့် အချက်အလက်တွေကို ဖေ့ဘွတ်စာမျက်နှာပေါ် တက်လာတာလည်း တွေ့နေရတာမို့ အချက်အလက်တွေ သိချင်ရင်တော့ အဲဒီစာမျက်နှာတွေ ကိုပဲ ညွှန်းဆိုရပါတယ်။ ကျနော်အဓိက ရေးချင်တာက အဲဒီကာလဆိုးကြီး မှာ ကျနော်တို့ ဘယ်လို ခံစားရသလဲ၊ ဘယ်လို အသက်ရှင်အောင် မွေးခဲ့ ကြသလဲ၊ ဘယ်လို အမှားတွေ ရှိခဲ့သလဲဆိုတဲ့ အချက်တွေကိုပါ။ ဒီလိုဗျ ဒီပြဿနာတွေ မဖြစ်ခင်က ABSDF(NB) အဖွဲ့ရဲ့ ဥက္ကဋ္ဌက ကိုထွန်းအောင်ကျော်ပါ။ ဥက္ကဋ္ဌအပါအဝင် ဗဟိုကော်မတီဝင် အားလုံး လိုလိုကို ထောက်လှမ်းရေးတွေဆိုပြီး ဖမ်းဆီးခဲ့တဲ့အဖွဲ့မှာ ဥက္ကဋ္ဌ လုပ်ခဲ့ သူက ကိုအောင်နိုင်။ အတွင်းရေးမှူးက ကိုမျိုးဝင်းပါ။ စစ်ရေးတာဝန်ခံက ကိုသံချောင်းပါ။ ကျနော်တို့ကို ဖမ်းဆီးနှိပ်စက် စစ်ဆေးတဲ့ ကိစ္စတွေ ကိုတော့ ကျောင်းသားတပ် ထောက်လှမ်းရေးတပ်ဖွဲ့က ဆောင်ရွက်ပြီး ကိုမျိုးဝင်းက ဦးစီးသဗျ။

အဲဒီကာလမှာတော့ ထောက်လှမ်းရေးတပ်ဖွဲ့ဟာ ထင်တိုင်းကြဲခွင့် ရှိပါတယ်။ ကျနော်တို့ကိုလည်း အချိန်မရွေး

ထောင်ကနေ ခေါ်ထုတ် ပြီး အချက်အလက် လိုချင်သည်ဖြစ်စေ မလိုချင်သည်ဖြစ်စေ ခေါ်ယူ ပြီး ကြိုက်တဲ့နည်းနဲ့ စစ်ဆေးလို့ရပါတယ်။ ညှဉ်းပန်းနည်းမျိုးစုံကို လည်း တီထွင်ခွင့်ရှိပါတယ်။ ဒီလို ပြောရတာကတော့ တကြိမ်မှာ ကျနော်ကို ခေါ်ပြီး ပါးစပ်ထဲကို ဂါယာကြိုး ၂ ပင် ပူးထည့်ပါတယ်။ ပြီး ပါးစပ်ကို တိတ်နဲ့ ပိတ်လိုက်ပါတယ်။ ပြီးတော့ ဂါယာစကို လက်နဲ့ လှည့်ခေါ်ရတဲ့ တယ်လီဖုန်းနဲ့ ဆက်ပြီး လျှပ်စစ်ဓာတ် ထွက်လာတဲ့ အထိ လှည့်ပြီး ညှဉ်းဆဲပါတော့တယ်။ အမှန်တော့ စမ်းသပ်တာပါ။ အဲဒီက ထွက်လာတဲ့ လျှပ်စစ်ဓာတ်ကြောင့် ကျနော့် ခေါင်းတပိုက်မှာ လျှပ်စစ်စီးနေတာကို မျက်လုံးမှိတ် အော်နေတဲ့ အာရုံမှာ မြင်နေရတဲ့ အထိပါပဲ။ စစ်နေတဲ့ ချာတိတ်တွေက ကျနော့်ကို ကြည့်ပြီး တခွီးခွီး သဘောကျ ရယ်ပါတယ်။ အကြောင်းကတော့ ကျနော့် မျက်နှာဟာ လျှပ်စစ်စီးဆင်းမှုကြောင့် တွန့်လိမ်ရှုံ့တွနေတဲ့ကြားက ကြွက်သားတွေ တဆတ်ဆတ်ဖြစ်သွားပုံဟာ တော်တော် ရီစရာကောင်းနေပုံရပါတယ်။ အဲဒါကိုပဲ ထပ်ခါထပ်ခါ လုပ်ပြီး တခွီခွီ ဖြစ်နေပါတယ်။ နောက်တော့ သူတို့ရဲ့ ရှာဖွေတွေ့ရှိချက်ကို ဉက္ကဌကို ခေါ်ပြလိုက်ပါ သေးတယ်။ ကြည့်ကြည့် နည်းနည်းလေး လှည့်ရင် နည်းနည်းလေး ရွဲ့တယ်၊ များများလှည့်ရင် များများရွဲ့တယ် စသည်ဖြင့်ပေါ့ဗျာ။ အဲဒီချိန် က ကျနော့်ကို နှိပ်စက်နေတဲ့ထဲက ဖိုးနောင်းဆိုတဲ့ ကောင်လေးဆိုတာ ကလည်း ၁၈ နှစ်လောက် ရှိပါဦးမယ်ဗျာ။ တခါကျတော့လည်း ကျနော့်ကို ထင်တိုင်း လိမ့်ရိုက်နေရာက သူတို့ တချက်ရိုက်ရင် ကျနော်က ဒူဝေဝေ လို့ အော်ပေးရမယ်လို့ ပြောလာပြန်သဗျ။ အဲဒီတော့ ကျနော့်လို ကောင်မှာလည်း ပေါကြောင်ကြောင်နဲ့ ဒူဝေဝေ ရတာပေါ့ဗျာ။ နောက်တော့ နာလွန်းမက နာတော့လည်း ဒူဝေဝေတင်မက ဒူဝေးဝေး ဝေးဝေးထိ ကွန့်ရတဲ့ထိပေါ့ဗျာ။

အဲလို ထောက်လှမ်းရေး နှိပ်စက်ချိန်ကလွဲလို့ ကျန်တဲ့အချိန်တွေ ကတော့ ကျနော်တို့တွေဟာ အကျဉ်းထောင်တာဝန်ကျတဲ့ အဖွဲ့ရဲ့ လက်ထဲမှာပဲ နေရသဗျ။ အဲဒီ ထောင်ကုန်းတာဝန်ခံဆိုတဲ့ အဖွဲ့ ကလည်း သူတို့ခေါင်းဆောင်ပိုင်းနဲ့ ထောက်လှမ်းရေးအဖွဲ့က အယုံကြည်ရဆုံးထဲမှာမှ လက်ရဲဇက်ရဲ နာမည်ရသူတွေကို တပ်ဖွဲ့ ဖွဲ့ပေးထားတာမို့ ထောင်လုံခြုံရေးအဖွဲ့က ဒုတိယ တန်းခိုးထွားဆုံးပေါ့ဗျာ။ အဲဒီလုံခြုံရေးလက်မှာ ကျနော်တို့အသက်ကို ဂကွက်အပ်ထားရတာမို့ သူတို့ပြုသလို နရပါတယ်။ သူတို့ကလည်း သူတို့ ခန့်ထားတဲ့ တာဝန် နဲ့ လျော်ညီစွာ လက်စွမ်းလက်စ အပြိုင်ပြရပါတယ်။ တညမှာတော့ ကျနော်တို့ကို မျက်နှာတွေ စည်းထားပြီး အိပ်ရာထဲ လှဲခါနီးမှာ လူကက်ဆက် အထူးဖျော်ဖြေရေးအစီအစဉ် ဖြစ်ပေါ်လာပါတယ်။ အဲဒါကတော့ မင်းတို့အထဲက ဘယ်သူ သီချင်းကောင်းကောင်း ဆိုတတ်သလဲကွတဲ့။ အားလုံး တိတ်ပြီး နေပါတယ်။ ဘာများ လုပ်ဦး မလို့လဲပေါ့လေ။ လုပ်ပါကွတို့က ဒီကုန်းပေါ်မှာ နေ့နေ့ညည စောင့် နေရတာ။ ပျင်းစရာကြီး အပျင်းပြေ သီချင်းဆိုတဲ့ အစီအစဉ်လေး လုပ်ရအောင်ဆိုတော့ တယောက်က ကိုဘောကြီး ဆိုတတ်တယ် ဆိုပြီး ကျနော့်ဆီကို ကျနော်တို့ထဲက တယောက်က ချွန်တွန်းလုပ် လွှတ်လိုက်ပါတယ်။ ကျနော် အဖမ်းမခံရခင်မှာ အူကျသလို ဖြစ်လို့ ခွဲစိတ်မှုတခု လုပ်ခဲ့ တာကို စွဲပြီး ကျနော့်ကို ဖမ်းတဲ့အခါမှ မင်းလို ထောက်လှမ်းရေးက မတန်မရာ ဗိုလ်ချုပ်ငယ်နာမည် မှည့်ရကောင်းလားဆိုပြီး

နောက်နာမည် တခုရှိလား မေးပါတယ်။ အဲဒီမှာ တယောက်က တလောလေးက ဒီကောင် ဘောခွဲထားတာ ဘောကြီးလို့ ခေါ်ရအောင်ဆိုပြီး နံနိမ်လိုက်ပြီး တဲ့နောက် ကျနော့်နာမည်ဟာ ဘောကြီး ဖြစ်လာပါတယ်။ နောက်ဆုံးတော့ ကျနော်က တတ်သည့်ပညာ မနေသာဆိုသလို နေဖြူစိုးသိန်းရဲ့ လူပျိုကြီးသီချင်းကို ခပ်နောက်နောက်လေး ဆိုပြ လိုက်ပြီးတဲ့ နောက်မှာတော့ ကျနော်ဟာ ထန်းပင်တက်လက်မှတ်ရတဲ့ လူတယောက်ဖြစ်သွားပြီး မကြာခဏဆိုသလို ဒီသီချင်းကို ဆိုပြရတဲ့ဘဝ ရောက်ပါတော့တယ်။ အဲဒီနောက်တော့ စောစောက သီချင်းဆိုခိုင်းတဲ့ လူက ကျနော့်မျက်နှာနား လာရပ်ပြီး ပါးစပ်ဟာလို့ ဆိုပါတယ်။ ကျနော် ပါးစပ်ဟလိုက်တော့ သူသောက်နေတဲ့ ဆေးပေ့ါလိပ်ကို လာတပ်ပေးပြီး သောက်လို့ ပြောပါတယ်။ ဘယ်ပြောကောင်းမလဲဗျာ ကျနော်ဟာ နေရင်းထိုင်ရင်း လူ ၇၀ ကျော်လောက်ထဲမှာ ဆေးပေ့ါလိပ် ပထမဆုံး စသောက်ခွင့်ရတဲ့ ကံထူးသူ ဖြစ်သွားတာပေ့ါ။ သောက်တယ်ဆိုတာ ကလည်း သူ့စေတနာ ရှိသလောက် သုံးလေးဖွာပေ့ါဗျာ။ လက်ပြန်ကြိုး ချည်ထားတဲ့အပြင် မျက်လုံးကလည်း စီးထားသေးတာကိုး။ ဒီလိုနဲ့ ကျနော်တယောက် ဆေးလိပ်ကလေး သောက်ခွင့်ရပြီး ထောင်စောင့်နဲ့ ကောင်တွေရဲ့ မျက်နှာသာရတာလေး ကြားတဲ့အခါ နောက်ဘယ်သူ သီချင်းဆိုချင်သေးလဲ ဆိုတဲ့အခါ နောက်ထပ် ဖိုးဆိုချင်လေးတွေ ပေါ်လာပါတယ်။ တယောက်က ဆိုနေချိန်မှာ ကျန်တဲ့လူတွေက လှဲနေကြရပါတယ်။ သီချင်းဆိုတဲ့သူကပဲ ထထိုင်ပြီး မျက်နှာစည်းထားရက်က ဆိုပြရပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီညလေးဟာ ကျနော်တို့ဘဝမှာတော့ လက်ရှိခံနေရတဲ့ ဒဏ်ရာတွေ ဒုက္ခတွေထဲ ကနေ အပြန်အလှန် ဆိုပြကြတဲ့ သီချင်းလေးတွေထဲ စီဆင်းမျောပါ သက်သာခွင့်လေး တခဏရခဲ့တဲ့ ညလေးတည အစဖြစ်ခဲ့ပါတယ်။

ရာသီဥတုတွေ ပြောင်းလဲသလိုပဲ ကျနော်တို့ လုံခြုံရေးတဖွဲ့ရဲ့ သဘော ထားကလည်း အမျိုးမျိုးပြောင်းနေတာမို့ တညမှာတော့ လုံခြုံရေး တာဝန်ခံတဲ့ အဖွဲ့ရော ထောက်လှမ်းရေးတာဝန်ခံတဲ့ အဖွဲ့တွေရော တပ်ဖွဲ့ကို ခေါင်းဆောင်တဲ့ လူတွေပါ ထောင်ကုန်းအောက် တနေရာရာမှာ သောက်ကြပြီး တော်တော်ရေရှိန် မှန်လာတော့မှ တက်လာကြပါတယ်။ ဒီလိုညမျိုးတွေဟာ ကျနော်တို့တွေအတွက် တော့ မြင်ရာဇာတွတ်ပီ စကားကို ငှားပြောရမယ်ဆိုရင်တော့ ဒီည ကံမကောင်းပါလားလို့ ပြောရမယ့်ညပါ။ ထုံးစံအတိုင်း တရားခံ တွေ ထ ဆိုတော့ ထထိုင်နေရပြီး မျက်နှာတွေ စည်းထားတဲ့ ကျနော် တို့ရှေ့က အလာလမ်းပေါ်မှာ လူတွေ လမ်းတွေ လျှောက်နေကြသံ ဆဲဆိုကြိမ်းမောင်းသံတွေပဲ ကြားနေရပြီး သူတို့ကိုတော့ ဘယ်မြင် ရမလဲဗျာ။ တယောက်က ဟာ ဒီကောင်တွေ သီချင်းဆိုကောင်း တယ်ဗျ ဆိုပြီး စလာပါတော့တယ်။ အဲဒီအချိန်မှာ ထောင်မှူးလုပ်တဲ့ ကောင်က အားလုံးနားထောင် ခုချိန် ကစပြီး မင်းတို့က လူကက်ဆက်တွေ လုပ်ရမယ်။ မင်းတို့ကို ဘယ်ဘက်ပါး ကို ရိုက်လိုက်ရင် အဲဒါ ကက်ဆက်ဖွင့်တာပဲ။ မင်းတို့ရတဲ့ သီချင်းကို ဆိုရမယ်။ ညာဘက်ပါးကို ရိုက်လိုက်ရင် stop ပဲ နားလည်လားလို့ အော်လိုက်တော့ အားလုံးကလည်း နားလည်ပါတယ်လို့ ပြန်ဖြေလိုက် ရတာပေ့ါဗျာ။ အဲဒီလို ပြန်ဖြေပြီး သူတို့ကြားမှာ ဘယ်ကက်ဆက်ကို စဖွင့်ရင် ကောင်းမလဲဆိုတာ နည်းနည်းကြိတ်ပြောသံ တိုးတိုးကြား နေရပြီး ဘောကြီး၊ ဘောကြီး ဆိုတာလည်း ကြားရသဗျ။

စတ္တန့်ပိုင်း အတွင်းမှာပဲ ဖြန်းကနဲ ကျနော့်ဘယ်ဘက်ပါး ပူကနဲ ဖြစ်သွားတာမို့ ကောက်ကာငင်ကာနဲ့ လူပျိုကြီးသီချင်းရဲ့ အင်ထရိုတီးလုံးလေး ပြာပြာသလဲကောက် ပါးစပ်နဲ့ဆိုရင်း လူကက်ဆက်ဘ၀ အရှင်လတ်လတ် ကျရောက်သွားပါတော့တယ်။ ပြောရရင်တော့ အဲဒီညက ကျနော်ကနေ အစပြုပြီး သီချင်းဆိုတတ် တဲ့ အကျဉ်းသားရဲဘော် အတော်များများဟာ လူစင်စစ်ကနေ လူကက်ဆက်ဘ၀ ရောက်သွားခဲ့ရသဗျ။ ပါးရိုက်တဲ့ လက်ဆတွေကတော့ အမျိုးမျိုးပေ့ါဗျာ။ တချို့ကျတော့လည်း ဆိုနေရင်းက ညာဘက်ပါးကို ပြင်းပြင်းရိုက်ပြီး ပိတ်လိုက်တော့ အူကြောင်ကြောင်နဲ့ ဘာဆက်လုပ်ရမယ် မသိ ဖြစ်နေချိန်မှာ ပြန်အိပ်တော့လေဆိုပြီး ရင်ဂကို ဖိနပ်နဲ့ ဆောင်ကန် လိုက်တာ ခံရပြီးမှ လန်ကျသွားတဲ့သူတွေလည်း ရှိပေ့ါဗျာ။ တကယ်စေ့စေ့တွေးကြည့်တော့ ဒါဟာ အကြီးအကျယ် ဇာ်ကား တဲ့ကိစ္စပါ။ ဒါပေမယ့် ကျနော်ဆိုတဲ့ကောင်က ဘယ်လောက်ထိ ရူးသလဲဆိုတော့ အဲဒီအစီအစဉ်ကို စပြောပြနေတုန်းက တော်တော် ဆန်းပြားတဲ့ စိတ်ကူးလေးပဲ တော်တော် စိက်ကူးကောင်းတဲ့ လူလို့ စိတ်ထဲက တွေးမိနေသေးဗျာ။ ပါးရိုက်ချလိုက်တော့မှ ဘုရားတ မိတာဗျ။ အဲဒီနောက်ပိုင်းက စလို့ ကျနော်တို့အားလုံးဟာ ဒီလူကက်ဆက် တွေအဖြစ် အစောင့်တွေနဲ့ ထောင်ကုန်းပေါ်တက်လာတဲ့ ဗီအိုင်ပီ တွေကို ဖျော်ဖြေရတာဟာ အစဉ်အလာတခု ယဉ်ကျေးမှုတခု ဖြစ်လာပါတော့တယ်။ ကျနော်အတွက်တော့ စာစောကလို လူက ဂမ်းတွင်းရူး ဖြစ်နေကြောင့် လည်းဖြစ်လို ဒီသီချင်းသီဆိုတဲ့ အစီစဉ်မှာ ပါဂင်ရတဲ့ လုံလောက်တဲ့ နောက်အကြောင်းတခု ရှိပါတယ်။ သီချင်းဆိုခိုင်းတဲ့ လူက ကျနော်တို့ကို နှိပ်ကွပ်နေတဲ့ ထောင်အာဏာပိုင်တို့ ထောက်လှမ်းရေးတို့ ဖြစ်ပေမယ့် နားထောင်နေတဲ့လူ အများစုကတော့ ထောက်လှမ်းရေးရဲ့ နှိပ်စက်မှု ဒဏ်နဲ့ သေလုမြောပါး ဖြစ်နေရသူတွေ ဘယ်နေ့ထုတ်ပြီး သတ်မလဲဆိုတာ တထိတ်ထိတ် ဖြစ်နေရတဲ့ ဘဂတူ တော်လှန်ရေးရဲဘော်တွေ ဖြစ်နေလို့ ပါ။ တကယ်လည်း နေ့မြင် ညပျောက် သွားတာတွေကလည်း မနည်း မနောကိုးဗျ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် အသက်ရှင်ခွင့် ရတဲ့အချိန်လေး တခုမှာ စိတ်လေးခဏ အနပညာကြောင့် သက်သာရရလည်း မနည်း ဘူးဆိုတဲ့ စိတ်နဲ့ ပါးရိုက်ရိုက် မရိုက်ရိုက် သီချင်းဆိုကြချိန်တွေတိုင်း အရိုက်ခံပြီး ဂင်ဆိုခဲ့တဲ့အပြင် နောက်ပိုင်းမှာ တကိုယ်တော် အငြိမ့် ပြက်လုံး အစီအစဉ်လေးတွေပါ ဆောင်းပြီး တင်ဆက်ဖြစ်ပါတယ်။ ဒီလောက်ဖြစ်နေတဲ့ကြားမှာ ဂင်ပြီး ရီစရာ ပြက်လုံးထုတ်ရတာ တော်တော် အန္တရာယ်များသလို စိန်ခေါ် ချက်လည်း များပါတယ်။ နားထောင်နေတဲ့ လူတွေက ကိုယ့်ကိုမှ မမြင်နိုင်တာကိုး၊ ထိုင်နေရင်း ကနေ လုပ်ရတာဖြစ်သလို ကိုယ့်မျက်နှာကိုလည်း ပိတ်စကြီးနဲ့ စည်းထားတာဆိုတော့ နောက်ဆုံးမှာ ရေဒီယိုက လာတဲ့ ရေနံချောင်း ဖေကာ်ကောင်းဆိုတဲ့ ဦးဓာတ်ဆီ၊ ဦးဓာတ်ဆံတို့ ပြက်လုံးကို အစအဆုံး ရနေတာမို့ အဲဒီပြက်လုံးကို အခြေအနေကြည့်ပြီး တိုက်ရိုက်ပြက်တဲ့ အခါ ပြက်၊ နည်းနည်း လစ်ရင်လစ်သလို ကိုယ်ထည့်ပြောချင်တာလေးေ တွကိုလည်း ထည့်နဲ့ ထောင်တွင်း ပျော်တော်ဆက်တယောက် ဖြစ်ခဲ့ပါတယ်။ သီချင်းဆိုဖို့ တောင်းဆိုခံရတဲ့သူအတွက် တခုကောင်းတာက သူများတွေ မြေပေါ်မသက်မသာ လှဲအိပ်နေရချိန်မှာ သူက ထိုင်နေခွင့်ရတာ နာထောင် နေတဲ့ အစောင့်က စေတနာရှိရင် ဆေးလိပ်လေး တဖွာ နှစ်ဖွာ သောက်ခွင့် ရတာတို့ဖြစ်ပြီး အင်မတန် အန္တရာယ်များတာကတော့ မူးပြီးတက်လာတဲ့ လူတွေရဲ့ အမိက

ပစ်မှတ်ဖြစ်သွားတတ်ထာ ကိုယ်ရွေးလိုက်တဲ့ သီချင်း မှားလို့ နားထောင်နေတဲ့ကောင်က နားကြားပြင်းကတ်ပြီး ဆောင့်ကန်တာတို့ ခံရတတ်ပါတယ်။

ဉပမာ ထူးအိမ်သင်ရဲ့ ညီလေးရေဆိုတဲ့ သီချင်းမျိုးပေါ့ဗျာ။ အောင်မာ ထောက်လှမ်းရေးက ရာစစ မှန်ရာလုပ် ဟုတ်တာပြောဖို့ မမေ့နဲ့ လုပ် နေသေးတယ်၊ ငါတို့ကို ရိုနေတာပေါ့ ဟုတ်လား ဆိုတဲ့နောက်မှာ နှစ်ရက်၊ သုံးရက်လောက် အစာတောင် မြိုမရတဲ့ အခြေအနေမျိုးကို ကျရောက်သွားနိုင်လို့ပါ။ မှတ်မှတ်ရရကတော့ အမရပူရဘက်လာတဲ့ အေဘီယူဂျီလောက မှာ မုန့်တိုင်း ၃ လို့ သိထားကြတဲ့ စံလွင်လေး (ခေါ်) စံစံက ခေတ်ဟောင်းတေးတွေ တော်တော်ရသလို အသံကလည်း တော်တော်ကောင်းပါတယ်။ သူ့ မကြာခဏ ဆိုလေ့ရှိတဲ့ သီချင်း ကတော့ ဆရာမြို့မငြိမ်း ရေးတဲ့ ရေချိုးဆိပ်နဲ့ နပန်းဆံ သီချင်းပါ။ ဒါကြောင့် မကြာခဏ သူ့ပါးကလည်း လက်ဝါးတောင်းတတ်ပါတယ်။ ဖြန်းကနဲ ပြီးတာနဲ့ လုပ်ပါဦးကွ အိပွဲ အိပွဲ ပြောလိုက်ရင် သူက စဆို ပါတော့တယ်။ အိပွဲ အိပွဲ ငှက်သမ္မာန် ခတ်သွားတယ် ...။ ကိုစံလွင်လေးကို စစ်ဆေးတဲ့အချိန်မှာ ဓားမြောင်ကို မီးဖုတ်ပြီး ခြေသလုံးထဲ ထိုးထည့်တဲ့ ဒဏ်ရာကို တော်တော်ကြာကြာ ခံစား ရရှာပါတယ်။ နောက်ပိုင်း စခန်းက ထွက်ပြေးကြတဲ့ထဲမှာ ကျနော် တို့နဲ့အတူ ပါလာပြီး ၁၉၉၈ ကျနော်တို့ နိုင်ငံရေး ပြန်လည်လှုပ်ရှား တဲ့ စွဲချက်တွေနဲ့ စစ်အစိုးရက ထောင်ပြန်ချတော့လည်း ကျနော်တို့ နဲ့အတူ ပျော်ပျော်ကြီး ပါလာပါတယ်။ ၅ ညနဲ့ ၇ နှစ်ပါ။ မန်းလေး ထောင်ထဲမှာ ကျနော်တို့နဲ့ ဆက်ပြီး အိပွဲ အိပွဲ သီချင်း ဆက်ဆို ကြပါတယ်။ ခုတော့ ထောင်က ပြန်လွတ်လာပြီး အထဲမှာ စဖြစ်ခဲ့တဲ့ ခုခံအားနည်းရောဂါကြောင့် တောင်မြို့မှာ ကွယ်လွန်ပြီလို့ ကြားရပါတယ်။

နောက် အဆိုကောင်းတယောက်ကတော့ စမ်းချောင်း အခြေခံပညာ သမဂ္ဂ ကျောင်းသားလေးဘဂက တောခိုလာတဲ့ ဘိုဘို (ခေါ်) မိုးကျော်သူပါ။ ငယ်ငယ်လေးနဲ့ တောခိုလာလို့ လူတကာ ချစ်ကြတဲ့ ဘိုဘို တယောက်ဟာလည်း အသက်မသေရေးအတွက် ကျနော် NIP က ပါလို့ ထွက်ဆိုချက်ပေးပြီး အကျဉ်းသားဖြစ်လာရရှာပါတယ်။ ဘိုဘို ကျောင်းသားတပ်ဖွဲ့က တီးဝိုင်းမှာ ပင်တိုင်အဆိုတော်ဖြစ်ပြီး အခမ်းအနားတွေမှာ တော်လှန်ရေးသီချင်းတွေ အမြဲဆိုရတာမို့ ကျောင်းသားတပ်ထဲက ကေအိုင်အေဘက်က မိသားစုတွေက အစ ချစ်ကြခင်ကြသူပါ။ သူတပါးကို အမြဲကူညီတတ်ပါတယ်။ သူက အမြဲတမ်း "သဘာဂရဲ့ရင်သွေးငယ်" သီချင်းကို ဆိုတတ်ပါတယ်။ ဒီလိုနဲ့ တညမှာတော့ အစောင့်တာဂန်ကျတဲ့သူက ဘိုဘိုရဲ့ သဘာဂ ရဲ့ရင်သွေးငယ် အပြီးမှာ ကျောင်းသားတော်လှန်ရေးတပ်ဖွဲ့ သီချင်းတပုဒ် ကို ဆိုဖို့ တောင်းဆိုပါတယ်။ ဘိုဘိုက ဒီသီချင်းတော့ မဆိုပါရစေနဲ့ အကိုရယ်ဆိုပြီး တောင်းပန်ပါတယ်။ အဲဒီလို အချီအချ ဖြစ်နေကတည်း က ဘိုဘို့ ဘေးမှာ ကပ်ပြီး လှဲအိပ်နေတဲ့ ကျနော့်စိတ်ထဲမှာ ပြဿနာ တော့ စပြီဆိုတာ သိနေပါတယ်။ နောက်ဆုံးတော့ ဘိုဘိုဟာ မငြင်း သာတော့ဘဲ "ပုံသာပုံပါ ခွပ်ဒေါင်းနီ" ဆိုတဲ့ သီချင်းကို လွမ်းလွမ်း ဆွတ်ဆွတ်နဲ့

စဆိုပါတော့တယ်။ ဒီလိုအခြေအနေမျိုးမှာ ထွက်လာတဲ့ ဘိုဘိုရဲ့ သီချင်းသံကြောင့် ဒဏ်ရာကိုယ်စီနဲ့ မြေပေါ်မှာ မျက်နှာကို စည်းပြီး လှဲအိပ်နေကြရတဲ့ ကျနော်တို့အားလုံးဟာ စူးနစ်တဲ့ ဝေဒနာနဲ့ အတူ သီချင်းစာသားတွေနောက်မှာ မျောပါနေပါတော့တယ်။

"... ပျံသာပျံပါ ခွပ်ဒေါင်းနီ မုန်တိုင်း မိုးသက်ချိ ..." တဲ့။ ကျနော်တို့ဟာ ခွပ်ဒေါင်းနီသီချင်းမှာ သိပ်ကြာကြာ မနစ်မျောလိုက်ပါဘူး၊ "ဖုန်း .. ခွပ် .. အင့်" ဆိုတဲ့ အသံနဲ့အတူ ဘိုဘိုရဲ့ တကိုယ်လုံး ကျနော့်အပေါ် ပုံကျလာပါတယ်။ အကြောင်းကတော့ သူ သီချင်းဆို တဲ့အချိန်မှာ အင်မတန် လက်ယဉ် သွေးဆာတတ်တဲ့ လက်သီးဆိုတဲ့ နောက်တန်း လုံခြုံရေးတာဝန်ကျ တယောက်ဟာ အရက်မူးဝင်လာပြီး သီချင်းဆိုနေတဲ့ ဘိုဘို့မျက်နှာကို စစ်ဘိနပ်နဲ့ ဆောင့်ကန်ချလိုက်လို့ပါ။ ပြီးတော့ ပြန်ထခိုင်းပါတယ်။ ထောက်လှမ်းရေးက လူပါးဝလို့ ကျောင်းသား တော်လှန်ရေးသီချင်း ဆိုရကောင်းလားဆိုပြီး ပါလာတဲ့ M22 မောင်းပြန် သေနတ်ဒင်နဲ့ ခေါင်းကို ရိုက်ချလိုက်တဲ့ အခါက်မှာတော့ ဘိုဘို့ခေါင်းက သွေးတွေ ကျနော် မျက်နှာပေါ်ကို ပေါက်ပေါက် ပေါက်ပေါက် ကျလာပါတယ်။ အဲဒီမှာ မရပ်သေးဘဲ ပြန်ထခိုင်းလိုက် ရိုက်ချလိုက်နဲ့ အကြိမ်ကြိမ် ထင်တိုင်းကြဲနေပါတော့တယ်။ ခံရတဲ့သူမှာတော့ မသိပါဘူး၊ ကျနော့်စောင်နဲ့ အကျီတွေကတော့ သွေး နဲ့ ရွှဲနစ်နေပေမယ့် ကျနော်လည်း မလှုပ်ရဲပါဘူး။ ဘယ်သူ့ဆီကမှလည်း ဘာအသံမှ ထွက်မလာပါဘူး။ အမှန်တရားကို ချစ်လွန်းလို့ ကျနော်တို့ အားလုံးဟာ ကိုယ့်နားထဲမှာ အတိုင်းသား ကြားနေရတဲ့ ဒီမတရားမှုကြီး အတွက် တားမြစ်ကန့်ကွက်ဖို့ နေနေသာသာ နားရွက်တောင် မခတ်ရဲဘဲ ငြိမ်စင်းနေရတဲ့အဖြစ်ကို စေ့စေ့ပြန်တွေးကြည့်တိုင်း မိမိကိုယ်မိမိ စက်ဆုပ်အော့နလုံးနာရပါတယ်။ တကြိမ်မှာတော့ မူးနေတဲ့ လက်သီးဟာ ဘိုဘို့ကို ပြန်ထခိုင်းပြီး မျက်နှာ ကို သေနတ်ပြောင်းနဲ့ ဆောင့်ထိုးချလိုက်ပါတယ်။ ကံဆိုးချင်တော့ သေနတ်ပြောင်းဟာ ဘိုဘို့ကို ချော်ပြီး အိပ်နေတဲ့ ကျနော့်နံကြားထဲ ကို အရှိန်နဲ့ တိုးဝင်ဆောင့်ပါတော့တယ်။ နံရိုးတော့ ကျိုးပြီလို့ စိတ်ထဲမှာ ခံစားလိုက်ရပါတယ်။ နောက်ဆုံး အားရအောင် နှိပ်စက်နေတဲ့ တချိန်လုံး ဘယ်သူ တဦးတယောက်ကမှ တားမြစ်ခြင်းမရှိပါဘူး။ တနာရီလောက် ကြာတော့ သူနာပြုအဖွဲ့ ရောက်လာပြီး ခေါင်းက ကွဲနေတာတွေကို အစိမ်းချုပ်ချုပ်နေကြတာ အားလုံးနားမှာ ကြားနေခဲ့ရပါတယ်။

ဒီဘိုဘို (ခေါ်) မိုးကျော်သူဟာ ၁၉၉၈ ခုနှစ် ကျနော်နဲ့အတူ စစ်အစိုးရက ဖမ်းဆီးထောင်ချတဲ့အထဲမှာ အမှုတွဲဖြစ်ပြီး ကျနော်တို့က ၅ ည နဲ့ ၇ နှစ် သာ ကျပေမယ့် မိုးကျော်သူကို ၁၂၂ ပုဒ်မနဲ့ နှစ်နှစ်ဆယ် ချလိုက်ပါတယ်။ မန်းထောင်ရဲ့ ညချမ်းဂီတ ဆည်းဆာတွေဆိုရင် အမြဲပွဲတောင်းခံရပြီး မကြာ ခဏ "ပျံသာပျံပါ ခွပ်ဒေါင်းနီ" သီချင်းကို ဆိုလေ့ရှိပါတယ်။ ၂၀၀၀ ခုနှစ် မန်းထောင် ထောင်တွင်းတိုက်ပွဲတွေမှာ ကျနော်တို့ကို ရိုက်နှက်ပြီး မြောင်းမြထောင်ကို ပို့လိုက်ချိန်မှာ ဘိုဘိုတယောက်က မန်းထောင်မှာ ဆက်ကျန်နေရပြီး အဲဒီနေ့က နားကို ပိတ်ရိုက်ခံလိုက် ရတဲ့အတွက်

နားလေးသွားတယ်လို့ နောက်ပိုင်းကြားရပါတယ်။ ဟိုတလောကတော့ ဘိုဘိုတယောက် ပြန်လွတ်လာပါတယ်။ အွန်လိုင်းပေါ်မှာ တနေ့က တွေ့တော့ ခု ထောင်က လွတ်လာပြီး ဘာတွေလုပ် နေလဲဆိုတော့ ၈၈ က စပြီး ဒီမိုကရေစီတော်လှန်ရေးနှစ် ၂၀ ကာလ အတွင်း ထင်ရှားခဲ့တဲ့ တိုက်ပွဲဝင် တော်လှန်ရေးသီချင်းတွေကို ခုလူငယ် တွေ ကြားဖူးရအောင် ပြန်ဆိုမယ့်စီးရီးတခုကို လုပ်နေတယ်။ အခု အတီးပိုင်းပြီးပြီ အဆိုတွေပဲ ကျန်တော့တယ်တဲ့။ ဘယ်သူဆိုမှာလဲလို့ မေးတော့ .....
"အဟီး ... ကျနော်ပဲပေါ့" ... တဲ့။ လူငယ် ပြောလေ့ရှိတဲ့ စကားနဲ့ပြောရင်တော့ "အင်း... မနိုင်ပါလား" လို့ တွေးမိပါတယ်။
"ကျနော်ကတော့ ရေနံချောင်းက ဖေက်ကောင်းကိုးဗျ။ သပိတ်မှောက်ရင်း လာခဲ့တယ် (ဂါးဟားဟား)" "လောကလည်တဲ့ တနေ့တော့ မနက်စာကို ညမှ ပေါင်းစားရတယ် (ဂါးဟားဟားဟား)" "တနေ့ကလည်း လူသုံးယောက် ကျနော့်ကို ဝိုင်းရိုက်တာ၊ ဘယ်ရ မလဲဗျ။ သူတို့က ဘူ။ ကျူပ်က ကုလားသုံးစီး (ဂါးဟားဟား)" "သောက်ဆိုလည်း သောက်လိုက်တာပဲ။ တနေ့က ပုလင်းဆွဲပြီး ဂတ်တဲရှေ့ ဖြတ်လျှောက်သွားတော့ ဌာနာအုပ်က မေးတယ် ဘယ်သွားမလို့လဲတဲ့။ ကျနော် မကြောက်ပါဘူး။ ပြောင်ပြောင်ပဲ ပြောလိုက်တယ်။ ရေနံဆီ ဂယ်သွားမလို့ပါ (ဂါးဟားဟားဟား)" ဒီပြက်လုံးတွေကိုတော့ မဆလခေတ် ရေဒီယိုတွေကို နားထောင် ခဲ့လေ့ရှိတဲ့ သူတွေကတော့ ရင်းရင်းနှီးနှီး မှတ်မိနေပါလိမ့်မယ်။ ဟုတ်ပါတယ် ရှေးခေတ် လူရွှင်တော်ကြီး ဦးဓာတ်ဆီ၊ ဦးဓာတ်ဆံ၊ ဦးကြင်ခဲတို့ရဲ့ နာမည်ကြီး ရေဒီယိုပြက်လုံးတွေပါ။ ဒီပြက်လုံးတွေကို ရွေးချယ်တင်ဆက်ရတာက ကျနော်တို့ ရဲဘော် အကျဉ်းစံတွေအားလုံးဟာ မျက်နှာတွေကို အဂတ်တွေ စည်းထားလို့ဗျ။ ခင်ဗျားတို့ ဖတ်ရတဲ့အတိုင်း မူလပြက်လုံးမှာ ရယ်ရမယ့် နေရာရောက်တိုင်း မျက်လုံးတွေကို သွေးညီနဲ့ လွှမ်းနေတဲ့ ပိတ်စတွေ စည်းထားတဲ့ လူ ရှစ်ဆယ်လောက်ဟာ တဂါးဂါး၊ တဟားဟားနဲ့ ပွဲကျနေသဗျ။ သူတို့တွေ ထဲမှာ တချို့က လက်ကောက်ဝတ် ဖြတ်တဲ့နေရာက ပတ်တီးတွေ စည်းထားသူတွေ၊ ပတ်တီးတွေ စည်းထားတဲ့ အင်္ကျီမပြည့်ဂတော့တဲ့ ခြေထောက် တွေ၊ ထိပ်တုံးရှည်ကြီးရဲ့ ခတ်ထားခံရသူတွေ၊ ခေါင်းတွေမှာ ပတ်တီးတွေ ဖွေးနေသူတွေ ပါသဗျ။ ဒီလောက် နာကျင်ဖွယ်ကောင်းတဲ့ အခြေအနေထဲမှာတောင် ဒီလူတွေ အားလုံးဟာ တဂါးဂါး၊ တဟားဟားနဲ့ ပွဲကျအောင် အသံတု ၂ မျိုး၊ ၃ မျိုး လောက်နဲ့ ဖမ်းစားနိုင်တယ်ဆိုတော့ ကျနော်ဟာ နိုင်ငံတော်အဆင့် "စည်သူနေမျိုးဗလ အလင်္ကာကျော်ခေါင် ဟာသဂိဏ္ဍာ" ဆိုတဲ့ ဘွဲ့မျိုးတောင် ရသင့်ပေတယ်လို့ စာရှုသူ တွေးမိသွားနိုင်ပါတယ်။ လူရွှင်တော်ဘဝမှာ ပွဲတပွဲမှာ ပြက်သမျှ ပရိသတ်က ရယ်ကြတယ်ဆိုတာမျိုးက အလွန် ရှားပါတယ်။ ဘယ်လောက်နာမည်ကြီးတဲ့ လူပြက်ပဲဖြစ်ဖြစ်၊ ပရိသတ်က မသိလိုက်ရလို့ ရှော်သွားတဲ့ အလုံးဆိုတာကတော့ ရှိစမြဲပဲဗျ။ အခုပွဲ မှာကတော့ ပရိသတ်က ရာခိုင်နှုန်းပြည့် အူလှိုက်သည်းလှိုက် ရီကြ သဗျ။ တခါတလေဆို မရယ်ရမယ့် နေရာတွေမှာပါ လိုက်ပြီး အူလှိုက် သည်းလှိုက် ရယ်ကြသဗျ။ ဘယ်မရယ်လို့ ရမလဲဗျာ။ ထောင်မှူးဆိုတဲ့ ယမမင်းလက်သစ်က ဗီအိုင်ပီ ဖျော်ဖြေရေးပွဲမို့ အမိန့်က ကြိုထုတ်ပြီးသားဗျ။ အကုန်ထထိုင်ရမယ်၊ လူရွှင်တော်ဘောကြီးရဲ့ ပြက်လုံးမှာ ရယ်ရမယ့်နေရာရောက်ရင် ရယ်ရမယ်ဆိုတာ ကြိုအမိန့်က ထုတ်ထားဗျ။ စောစောပိုင်း ပြက်လုံး တခုနှစ်ခုလောက် မှာ မသဲကွဲလို့ သူများနဲ့ ရောယောင်မရယ်ဘဲ အူကြောင်ကြောင်ဖြစ်နေတဲ့ တယောက်ကို

မင်းက ဘာလို့ မရယ်တာလဲဆိုပြီး "ဂွမ်း" ကနဲ ခေါင်းကို တချက်ကျွေးလိုက်တဲ့အသံကို အားလုံးကြားလိုက်ရပြီးတဲ့နောက်မှာ ကျန် တဲ့သူအားလုံးဟာ ကျနော် တလုံးပြက်ပြီးတာနဲ့ "ဝါးကနဲ ... ဝါးကနဲ" ရေဒီယို ဟာဒယရှင်ဆေးမှာ နောက်က လိုက်ရယ်ပေးတဲ့ လူတွေအတိုင်း လိုက်လိုက်ရယ်လိုက်ကြတာ တခါတခါ သူတို့ရယ်သံက ရှေ့က ပြက်လုံး ပြက်နေတဲ့ ကျနော်တောင် လန့်လန့်သွားတဲ့အထိဗျ။ သူတို့ရယ်သံကြောင့် နောင်ပြည်တွင်းပြန် အငြိမ့်ကဖြစ်ရင် ရှေ့က ဝါးရင်းတုတ်တချောင်းနဲ့ ခေါက်တုန့်ခေါက်ပြန် ရယ်ဖို့လှုံ့ဆော်ပေးနေတဲ့ မောင်မင်းကြီးသားကို ခေါ်သွားချင်စိတ်တောင် ပေါ်မိပါသဗျာ။

တကယ်ပါ။ ကဗျာဆရာ မာယောကော့စကီးနဲ့ ကျနော်တို့ခေတ်ရဲ့ ကဗျာဆရာ ကိုချော (မောင်ချောနွယ်) တို့ စကားလုံးတွေ ငှားသုံးရရင် ဒါဟာဖြစ်ခဲ့တယ်။ ပါကျောင် မှာ ဖြစ်ခဲ့တယ်။ အရှေ့ ခွန်နှစ်ဘ၀၊ အနောက် ခွန်နှစ်ဘ၀ အနုပညာမရ တဲ့ကောင်တွေအတွက် ဖျော်ဖြေရေးမှာ ဖြစ်ခဲ့တယ်လို့ ပြောရပါလိမ့်မယ်။ ကျနော့်အနေနဲ့ သူတို့နေရာကနေ တွေးကြည့်လိုက်တော့ လွန်ခဲ့တဲ့ တခါ က မြန်မာပြည်ကို အုပ်ချုပ်သွားခဲ့တဲ့ အင်္ဂလိပ်ဘုရင်ခံတောင် မရှုစားခဲ့ရ ဘူးတဲ့ ပါဖေါင်းမင့် ရှိုးမျိုးပေ့ါဗျာ။ လက်နောက်ပြန်တုပ်၊ မျက်လုံးတွေ အဝတ်စည်း၊ ငုပ်တုပ် ခစားရင်းက ပြက်လုံးအလိုက်နဲ့ တဝါးတဟားဟား အော်ရယ်ပေးနေရရှာတဲ့ သားကောင်တွေရှေ့မှာ ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း မိမိတို့ရဲ့ ငရဲပြည်တမျှ ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ကို မြိန်ရည်ရှက်ရည် ခံစားနေကြသဗျ။ တခါတခါကျတော့လည်း ကျနော်တို့ကို ဖမ်းဆီးထားတဲ့ တော်လှန်ရေး တပ်ဖွဲ့ခေါင်းဆောင်တွေဟာ များသောအားဖြင့်တော့ ညဘက် စုပြီး အရက်သောက်ဖြစ်ပြီး တော်တော်လေး ရေချိန်ကိုက်လာပြီဆိုရင် တရားခံ တွေကို သွားရိုက်ရအောင်ဆိုပြီး အုပ်စုလိုက်ကြီး တက်လာတတ်ကြသဗျ။ အဲလိုညမျိုးကတော့ ကျနော်တို့အဖို့ သူတို့တင်ဆက်တဲ့ ပါဖောင်းမင့်ကို ခံစားကြရတော့တာပေ့ါဗျာ။ အဲလိုမျိုးဆိုရင်တော့ "တရားခံတွေ ထကြစမ်း" ဆိုတဲ့ အသံနက်ကြီးကို စကြားရသဗျ။ ညှင်းဆဲထားလို့ တုတ်တုတ်မှ မလှုပ်နိုင်တော့တဲ့ လူကလွဲလို့ အားလုံး ဖေးကာ၊ တွဲကာ ထကြရသဗျ။ လူတွေဟာ ဗြိတိသျှ ပန်းပုကျော် ဟင်နရီမိုးစ်ရဲ့ စစ်အတွင်း လန်ဒန် မြေအောက် လိုဏ်ခေါင်းထဲမှာ တုံလုံးပက်လက် လဲနေတဲ့လူတွေကို ဆွဲထားတဲ့ ပန်းချီကားထဲကလိုပေ့ါဗျာ။ အမျိုးမျိုးသော ဆဲဆိုကြိမ်းမောင်းသံတွေ၊ ဘွတ်ဖိနပ်တွေ ရုပ်တိုက် ရွေ့လျားနေသံတွေ ဆူနေတဲ့ကြားမှာ "ခွမ်း" "ခွမ်း" ဆိုတဲ့ အသံကြီး ဟာ ထိုင်နေတဲ့ ကျနော်တို့လူတန်း တဘက်ထိပ်ကနေ တရွေ့ရွေ့ နီးလာနေသလို အဲဒီနောက်ကနေ "ဟိုတယောက် ကွဲသွားပြီ" စတဲ့ ခပ်အုပ်အုပ် အချင်းချင်း ပြောသံတွေလည်း ကြားနေရတာမို့ မိမိခေါင်း ကို ရိုက်လာမဲ့ တုတ်နဲ့ အံကိုက်လောက်ဖြစ်အောင် စိတ်မှန်းနဲ့ ချိန်ပြီး စောင့်နေလိုက်သဗျ။ အဓိက ရည်မှန်းချက်ကတော့ ကိုယ့်ခေါင်းက အမာနေရာပေါ် တုတ်ကျပြီး ပထမတုတ်ချက်မှာတင် ခေါင်းကွဲသွား ဖို့ဗျ။ ဒီလိုနဲ့ ခွမ်းကနဲ ကိုယ့်မျက်စိထဲ ဝင်းကနဲ တချက်ဖြစ်ပြီး လဲအကျ "ဘောကြီး ခေါင်းကွဲသွားပြီ" လို့ နောက်က လိုက်ကြည့်နေတဲ့ လူရဲ့ မှတ်ချက်အပြီးမှာ ကျနော့်မျက်နှာပေါ် သွေးတွေစီးကျလာတဲ့နောက် စိတ်ထဲမှာ

နည်းနည်းပေ့ါသွားပါတယ်။ အစိမ်းချုပ်ချုပ်မယ့် သူနာပြု တွေ မကြာခင်တော့ ရောက်လာပါလိမ့်မယ်။ ဘာပဲပြောပြော "နောက်တစ်ခါ လာပြန်ပြီပေါ့ ဖေးဖေး" ဆိုတဲ့ မူးမူးနဲ့ ကြွေးကြော် ရိုက်နက်ဦးမယ့် နောက်အကျော့တွေမှာ ကိုယ်လွတ်သွားပါတယ်။ ဒီလို စောစာစီးစီး တချက်တည်းနဲ့ ကွဲသွားတဲ့ ကိုယ့်ခေါင်းရဲ့ ထိလွယ်၊ ကွဲလွယ်မှုအပေါ် တော်တော်ဂုဏ်ယူသွားသဗျ။ ဒီလိုနဲ့ အကျဉ်းသားများ ရိုက်နက်ခြင်း အနုပညာလို့ ခေါ်မယ်ဆို ခေါ် လို့ရတဲ့ အကြောင်းမယ် ကျနော်တို့ အကျဉ်းကျနေတဲ့ ဒုက္ခိတတွေကို အရက်မူးပြီး တက်ရိုက်တဲ့ အကျင့်ဟာ ABSDF (NB) ဆိုတဲ့ တော်လှန်ရေး တပ်ဖွဲ့ရဲ့ ခေါင်းဆောင်တွေကြားမှာ ယဉ်ကျေးမှုသဖွယ် ဖြစ်လာပါတယ်။ ဥက္ကဋ္ဌ၊ ရင်းမှူး၊ ခွဲမှူး၊ ထောက်လှမ်းရေးမှူး၊ တခါတလေ အထူး ဧည့်သည်တွေရောပေ့ါဗျာ။ နောက်ပိုင်းမှာတော့ မရိုက်ခင်ကတည်းက အကွဲချုပ်မယ့် သူနာပြု ရဲမေတွေကိုပါ တခါတည်း ခေါ်လာတတ်သဗျ။ မှဆိုးစိုင်သင်ဆိုသလိုပေ့ါဗျာ။

ဒီမြင်ကွင်းကို မြန်မာ့စာပေလောကမှာ သရော်စာ အလွန်အရေး ကောင်းလှတဲ့ ဆရာကြီးမောင်ထင်များ တွေ့ရင် ဒီလိုများ ရေးမလား မသိဘူးဗျ။ "မိမိတို့နိုင်ငံအတွက် အသက်ကိုပင် မငဲ့ကွက်ဘဲ ပေးလှူထားသော တော်လှန်ရေးခေါင်းဆောင်ကြီးများပီပီ ရဲစိတ်၊ ရဲမာန်တို့ကို အခါမလပ် ဖြစ်ပေါ်နေစေရေးအတွက် အထောက်အပံ့ကောင်း အလို့ငှာ အရက်သေစာ တို့ကို သောက်ကြ စားကြရသော်လည်း မြို့ကြီးများပေါ်တွင် စည်းစိမ် ယစ်ကာ အပျော်အပါးကြား မျောပါနေသူများကဲ့သို့ သူရာမူးယစ်ပြီးချိန် တွင် အနိုပ်ခန်း၊ ကာရာအိုကေ၊ နိုက်ကလပ်များသို့ သွားရောက် ကခုန် ခွင့်မျိုး စိုးစဉ်းမျှ မရနိုင်သော ဘဝမျိုးတွင် နေရရှာသော တော်လှန်ရေး ခေါင်းဆောင်များခမျာ မိမိတို့ ဖမ်းဆီးထားသော တရားခံများအား သွားရောက် ရိုက်နက်ခြင်းဖြင့်သာ အပန်းဖြေရရှာလေသည်။" လို့လေ …။ အဲဒီတော့ ရိုက်နက်မှုဟာ ယဉ်ကျေးမှုတရပ်ဖြစ်လာပြီး သူ့ထက်ငါ သာအောင် လာရောက်ရိုက်နက်တဲ့ မလေ့ ထွန်းကားနေချိန်မျိုးမှာ အစောပိုင်းက တင်ပြခဲ့သလို "ကျွန်မကတော့ ရန်ကုန်မြို့ … ဒေါ်ကြင် ဒေါ်ကြင်နဲ့ … အပျိုကြီးပေ့ါရှင်။ ကလေးကို ငါးဆယ်ကျော်နေပြီ" လို့ ကျနော် ရှေ့က ပြောသွားတဲ့ နောက်မှာ "ဂါးဟားဟား" လို့ အားရပါးရ ပါတီစီဖင့်လုပ်ရတဲ့ အလုပ်မျိုးလောက်ကတော့ အီးစီးချော့ပေ့ါဗျာ။ အဲဒီအချိန်မျိုးမှာ ခင်ဗျားက လာပြီး "ဒါသက်သက် လူအချင်းချင်း ခြေနဲ့နင်းတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုကြီးပဲ" ဆိုပြီးတော့ လာတော့ မတားလေနဲ့။ ကျုပ်တို့နဲ့ပါ ရန်သူဖြစ်သွားနိုင်သဗျ။ စောစောက ပြောသလို စိတ်ပြောင်းပြီး တုတ်သွားဆွဲတော့ ခင်ဗျားက ဘာမှတတ်နိုင်တာ မဟုတ်ဘူးဗျ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒီလိုပဲ ဆူဆူဆဲဆဲ လူကက်ဆက်ညတွေဟာ ကျနော်တို့ရဲ့ လူသားဘဝကို ပြန်ရတဲ့ ညတွေမို့ ခုလို တကူးတက ရေးပြ ရပါသဗျ။ ကျန်တဲ့အချိန်တွေကတော့ ခင်ဗျားတို့ ဖေ့ဘွတ်ပေါ်မှာ ဖတ်ဖူး ကြသလို တိရိစ္ဆာန်တမျှ ဘဝတွေကိုး။

ပထမဦးဆုံး ကိုနေဝင်း ရေးပြီး ခိုင်ထူး ဆိုခဲ့တဲ့ "ခတ္တာ" သီချင်းကို အမြဲ ဆိုလေ့ရှိတဲ့ လူကက်ဆက်ကတော့ ကသာမြို့ကနေ တောခိုလာတဲ့ မောင်မောင်ခင် (ခေါ်) ဒဿပါ။ နာမည်ရင်းက မောင်မောင်ခင်။ မောင်မောင်ခင်ဆိုတဲ့

နာမည်ကလည်း ABSDF (NB) အဖွဲ့မှာ နှစ်ယောက် ရှိသဗျ။ အခု နောက်ဆုံးထွက်တဲ့ ရမ်ဘိုဇာတ်ကားနဲ့ The Lady ဇာတ်ကားတွေမှာ နအဖစစ်ဗိုလ်အဖြစ် ဝင်သရုပ်ဆောင်တဲ့ ကိုမင်းဌေး (ခေါ်) မောင်မောင်ခင်ကလည်း အေဘီမြောက်ပိုင်းကပဲဗျ။ သူက ကံကောင်းသွားတာက ကျနော်တို့ ပြဿနာတွေ ဖြစ်နေချိန်မှာ မြစ်ကြီးနား ဘက် ရှေ့တန်းစခန်းတခုကို ရောက်နေတယ်လို့ သူပြောပြဖူးသဗျ။ ဒီအနိဋ္ဌာရုံတွေ မကြုံလိုက်ရဘူးပေါ့ဗျာ။ ကျနော် ခုပြောတဲ့ မောင်မောင်ခင် က နောက်ပိုင်း ကျနော်တို့နဲ့အတူ ထွက်ပြေး လွတ်မြောက်လာတဲ့အထဲမှာ ပါလာပြီး ခုတော့ ကသာမှာပဲ နေနေတယ်ဗျ။ ကျနော်တို့ ပြန်လွတ်လာတဲ့ အထဲမှာ ဒဏ်ရာအများဆုံးပေါ့။ သူ့ကို ဘယ်လောက်ရိုက်ရိုက် "ကျောင်းသားကွ ထောက်လှမ်းရေး မဟုတ်ဘူး" လို့ပဲ ထွက်ဆိုသတဲ့။ ဒါကြောင့် နောက်ဆုံးမှာတော့ ကိုယ်တုံး လုံးချွတ်ပြီး ကိုယ်ပေါ်ကို "ရင်ပေါင်ကြမ်း" လို့ခေါ်တဲ့ တရုတ်ပြည်ဘက် အိမ်မိုး ကတ္တရာပြားတွေကို မီးရှို့ပြီး ကတ္တရာစက်တွေကို ကိုယ်ပေါ် ချတော့မှ ကိုယ်တော်က ကျနော်နဲ့ ဘဂတူ ထောက်လှမ်းရေး ဖြစ်လာတဲ့ သူပါ။ တကယ်က လူပျော်ပါ။ ဒုက္ခတွေထဲမှာကို တခါတခါ ဟာသ ပြောတတ်ပါသေးတယ်။ မီးလောင်ရာတွေကတော့ သူ့ကိုယ်အနှံ့ သေရာပါခဲ့သဗျ။ ထန်းသမားများ အမူးပြေ ထန်းနို့မော့ကြည့် ဆိုသလို တောထဲက ပြေးလာပြီး နောက်ပိုင်း ၁၉၉၅ လောက်က စာပေးစာယူ စာမေးပွဲဖြေကြတဲ့အချိန် ကျောင်းတွေ ပိတ်လိုက်ရတဲ့ လှုပ်ရှားမှုမှာ ဒသသတို့က ဇာတ်လိုက်တဲ့ဗျ။ သူ့လိုပဲ "ရင်ပေါင်ကြမ်း" ဒဏ်ကြောင့် NIP က ထောက်လှမ်းရေး ဗိုလ်ကြီးပါလို့ ထွက်ချက်ပေးလိုက်ရသူက ဥက္ကဋ္ဌ ကိုထွန်းအောင်ကျော် ပါ။ မြေပေါ်မှာ ငုတ်လေးငုတ်ရိုက်ပြီးတော့ ပက်လက်လှန်ပြီး လက်ရော ခြေထောက်ကိုပါ တုပ်ပြီးတော့မှ ဝမ်းဗိုက်ပေါ်မှာ "ရင်ပေါင်ကြမ်း" စကို ခင်းပြီး မီးဖိုခဲ့တယ်လို့ ထောက်လှမ်းရေး စစ်ကြောရေးတာဝန်ခံ တပ်ကြပ်ကြီး သန်းဇော်က ကျနော်တို့ကို လာပြောလို့ သိရတာပါ။ နောက်တော့ ဖနောင့်ကနေ သံချောင်းကို မီးတို့ပြီး ရိုက်ထည့်ပါတယ်။ ဒီလောက်ထိ သွေးအေးအေးနဲ့ ရက်ရက်စက်စက် လုပ်လို့သာ ကိုထွန်းအောင်ကျော်ဟာ သူ့ကိုယ်သူ ထောက်လှမ်းရေးပါလို့ ပြောခဲ့ ရတာ ဖြစ်ပါတယ်။ ကျနော်တို့နဲ့အတူ ချုပ်ထားစဉ် တလျှောက်လုံး ကိုထွန်းအောင်ကျော်ဟာ ဝမ်းဗိုက်က မီးလောင်ထားတဲ့ ဒဏ်ရာ၊ ခြေသလုံးထိ သံကို ရိုက်သွင်း ထားတဲ့ ဒဏ်ရာတို့ကြောင့် လမ်းကောင်းကောင်း မလျှောက်နိုင်တော့ ပါဘူး။

ဒီလို ဒဏ်ရာတွေကြောင့် မထနိုင်လောက်အောင် ဖြစ်နေပေမယ့် လူကက်ဆက်အဖြစ် ပျော်တော်ဆက်ရတဲ့ အဖြစ်ကလည်း မလွတ်ခဲ့ပါဘူး။ သူ့ကိုက ငြိုးတေးထားလေတော့ သီချင်းသာ ဆိုရတယ်၊ အဆဲအဆို အကန်အကြောက်လည်း ခံရရှာပါတယ်။ အစောပိုင်းရက်များမှာ သူ သီဆိုတဲ့ သီချင်းကတော့ "တိမ်တမာန်" သီချင်းပါ။ "မိုးပြာမှုန်ဝေ ... တိမ်မဲညိုရိပ်တွေ ... တောင်ပြန်လေ ..." သီချင်းစာသားတွေအတိုင်း သူ လွမ်းလွမ်းဆွေးဆွေး သီဆိုတိုင်း ကျနော်တို့ဟာ သူနဲ့အတူ လွင့်ပါ ခံစားခဲ့ကြရပါတယ်။

ကိုထွန်းအောင်ကျော်ဟာ နောက်ပိုင်းရောက်လာတဲ့အခါမှာတော့ ထောင်လုံခြုံရေးက "ဘယ်သူ သီချင်းဆိုပြမလဲ" လို့

မေးရင်ကို တခါတရံ မှာ သူ့သဘောနဲ့သူကို ထထိုင်ပြီး ကိုနေဝင်းရဲ့ 'အားလုံးကို ကျော်ဖြတ်ရမယ်' ဆိုတဲ့ သီချင်းကို ဆိုလေ့ရှိပါတယ်။ အသတ်ခံရကာနီး ရက်ပိုင်းတွေမှာတော့ မင်းမင်းလတ်ရဲ့ "ယုဇနပင်နဲ့ ဖဲကြိုးဝါ" သီချင်း ကို သီဆိုသဗျ။ ဒီအကျဉ်းကျနေတဲ့ ဘဝနဲ့ ဒီသီချင်းဟာ ကိုထွန်းအောင်ကျော် မှာ ဖဲကြိုးဝါလေးတွေ သစ်ပင်မှာ ချည်ပြီး စောင့်နေမယ့်သူများ ရှိခဲ့လေသလား လို့ တွေးမိပေမယ့် မမေးသာလို့ မမေးဖြစ်ခဲ့ပါဘူး။ တကြိမ်မှာတော့ သူနဲ့ကျနော် မိုးကာစတခုထဲမှာ ထမင်းပုံစားခွင့် ရခဲ့သဗျ။ သူက ပတ်ဝန်းကျင်ကို အသာလေး နိုးကြည့်ပြီး "ကိုဘောကြီး ကျနော့် ကိုတော့ သူတို့ အရှင်ဆက်ထားမယ် မထင်ဘူး။ တကယ်လို့များ ခင်ဗျား ဆက်ပြီး အသက်ရှင်ခဲ့ရင်တော့ အဖြစ်မှန်ကို အခွင့်သာရင် ဖော်ထုတ်ပေး ပါဗျာ" လို့ တိုးတိုးလေး ကပ်မှာပါတယ်။ စကားပြောနေတာကို မြင်ပြီး ဆဲဆိုသံတွေနဲ့ ပစ်ပေါက်တာ ခံလိုက်ရတာမို့ "စိတ်ချပါလို့" ကမန်းကတန်း သူ့ကို အဖြေပေးပြီး နောက်မှာ စကားပြောခွင့် မသာတော့ပါဘူး။ ကိုထွန်းအောင်ကျော်ရဲ့ သီချင်းတွေအကြောင်းကို ဒီလောက် ဖွဲ့နွဲ့ နေရတာက အကြောင်းရှိသဗျ။ သူဆိုတဲ့ပုံက တကယ့် အဆိုတော် တယောက်လို ဆိုနိုင်သလို တလုံးတလေ ယိုင်သွားတာ တိမ်းသွား တာမျိုးကို မရှိပါဘူး။ ဂစ်တာနဲ့ ကီးဘုတ် ၂ မျိုးကို ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်သလို အနောက်တိုင်း ဂီတသင်္ကေတကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းတယ်လို့ သိရပါတယ်။ သီချင်းတပုဒ်ကို ဖွင့်နားထောင်ပြီး သင်္ကေတကို ဒါရိုက် နောက်က လိုက်ရေးနိုင်သဗျ။ ဒါကြောင့်လည်း အေဘီတပ်ဖွဲ့က ရဲဘော်၊ ရဲမေတိုင်းက အကိုကြီးတယောက်လို ချစ်ကြတာပါ။ ကျနော် အံ့သြတာကတော့ အင်မတန် စရိုက်ကြမ်းတဲ့ တာတီးဆိုတဲ့ လုံခြုံ ရေးတာဝန်ကျတဲ့ လူက တခြားလူတွေ လစ်ရင် သူ့ဆီကို ဂစ်တာကို ပုက်ယူလာပြီး အစ်ကိုကြီး တပုဒ်လောက် တီးပြပါလို့ ယဉ်ယဉ်ကျေးကျေး တောင်းဆိုတာမျိုး တွေ့ဖူးလို့ပါ။ ကိုထွန်းအောင်ကျော် ဂစ်တာကို စိတ်ကြိုက် ကြိုးညှိပြီး တာတီးအတွက် စိုင်းထီးဆိုင်ရဲ့ နာမည်ကြီးသီချင်းတပုဒ်ဖြစ်တဲ့ "ပျောက်ဆုံးနေသောနှလုံးသား" သီချင်းကို တီးပြတဲ့ နေ့ကိုတော့ မေ့မရ နိုင်တော့ပါဘူး။ ကျနော်တို့အပေါ် အဆဲအဆို အကန်အကြောက် နာမည်ကြီးတဲ့ တာတီးတယောက် စကားမပြောနိုင်ဘဲ ငြိမ်နေပြီး တော်တော် ကြာမှ "ကျေးဇူးပါပဲ အစ်ကိုကြီးရာ" လို့ ပြောသွားတာ ကြားရတော့ တကယ့်ကို အံ့သြမိပါတယ်။

နောက်ပိုင်း ကျနော် အစိုးရရဲ့ အထူးဧည့်သည်အဖြစ် မန္တလေးထောင် မှာ စံမြန်းရင်း မန္တလေး နိုင်ငံရေး အသိုင်းအဝိုင်းနဲ့ နီးနီးစပ်စပ် နေခွင့်ရ တော့မှ သိလာရတာကတော့ ကိုထွန်းအောင်ကျော်တို့က မန္တလေးမှာ ရွှေမျိုးအသိုင်းအဝိုင်း တော်တော် တောင့်တင်းတယ်လို့ ဆိုတာပါပဲ။ အထူးသဖြင့် ဆရာမကြီး လူထုဒေါ်အမာတို့နဲ့ ဆွေရိပ်၊ မျိုးရိပ် မကင်းဘူး ဆိုတာ သိလာရသလို ကိုထွန်းအောင်ကျော်တို့ ညီအစ်ကိုတွေဟာ အိမ်မှာ အပျော်တမ်းတီးဝိုင်းတခု ထောင်ထားတဲ့အထိ ဂီတဝါသနာ ကြီးတယ်လို့ ဆိုပါတယ်။

ကိုထွန်းအောင်ကျော်ရဲ့ "ယုဇနပင်နဲ့ ဖဲကြိုးဝါ" သီချင်းကို ဂစ်တာနဲ့ တီးတာကို တကြိမ်မှာတော့ ကျနော်တို့

နားထောင်ခွင့်ရခဲ့ဖူးပါတယ်။ အဲဒါ အသတ်မခံရမီ ရက်ပိုင်းအလိုကပါ။ ဒီလို စပယ်ရှယ်ဂစ်တာနဲ့ ဆိုပြတာကို နားထောင်ခွင့်ရတာက နားထောင်ချင်တယ်လို့ တောင်းဆို တဲ့သူက ဉက္ကဋ္ဌလုပ်တဲ့ ကိုအောင်နိုင် ဖြစ်လို့ပါ။ ကျနော်တို့အားလုံး အစ်ကိုကြီးက တခုခုများ ပြန်ပြောလိုက်လေမလား နားကို အသားကုန် စွင့်ထားကြပါတယ်။ ခဏလေတော့ အကိုကြီး ဂစ်တာလက်ခတ်သံ ညက်ညက်လေး ထွက်လာပါတယ်။ တိုးလျှသော်လည်း ခွန်အားရှိတဲ့ သူ့အသံကို ဒီနေ့ထိ နားထဲက မထွက်ပါဘူး။ "အိုး ... ခေါင်းမှာ စည်းတဲ့ ဖဲကြိုးဂါတွေ တပုံကြီး အများကြီး အများကြီး တွေ့တယ် ..." ကိုထွန်းအောင်ကျော်လိုပဲ ဂီတမှာ ကျွမ်းကျင်သူကတော့ ကျနော်တို့ အခေါ် မငယ် (ခေါ်) နန်းအောင်ထွေးကြည်ပါ။ မငယ်က အောဘီတီးဝိုင်း မှာ သီချင်းဆိုရင် ဂစ်တာကို ကိုယ်တိုင် တီးဆိုတတ်သလို ကိုယ်တိုင်လည်း အောဘီတပ်ဖွဲ့အတွက် တော်လှန်ရေးသီချင်းတွေ ရေးခဲ့သူပါ။ မငယ်က ရန်ကုန်တက္ကသိုလ်က စိတ်ပညာအဓိက နောက်ဆုံးနှစ်မှာ တောခို လာတာပါ။ မငယ်တယောက် NIP က လွှတ်လိုက်တဲ့ အရာရှိပါလို့ ကိုယ့်ကိုကိုယ် ထွက်ချက်ပေးလာအောင် ဘယ်လို ညှင်းဆဲခံခဲ့ရတယ် ဆိုတာ မဖော်ပြပါရစေနဲ့။ ကေအိုင်အေက ဗိုလ်ချုပ်ဖော်မိုင်တို့က ကယ်ထားလိုက်ပြီး နောက်ပိုင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ ဘယ်မြန်မာအသိုင်းဝိုင်းကိုမှ အဆက်အသွယ်မလုပ်ဘဲ နှစ်ပေါင်း ၂၀ နီးပါး ဖာတ်မြှုပ်နေတာ ခုထိပါပဲ။ မငယ်က သီချင်းဆိုနိုင်းပြီ ဆိုရင် မြန်မာပြည်သိန်းတန်ရဲ့ "တောင်ပြာတန်းက မောင့်အချစ်ကို" ဆိုတဲ့သီချင်း အမြဲဆိုလေ့ရှိသဗျ။ မငယ်ရဲ့ ထူးခြားမှု နောက်တခုက သူ့အလှပါ။

အောဘီ ရဲဘော် အသိုင်းအဝိုင်းတင်မက ကေအိုင်အေ မိသားစုတွေထဲထိ သူ့အလှက ကျော်ကြားပါတယ်။ သူ့ရဲ့ ထူးခြားတဲ့ အလှကြောင့်ပဲ ဒုက္ခတွေတာ တော့ ပြောပါရစေ။ ထုံးစံအတိုင်း အဲဒီညက ခေါင်းဆောင်တွေ တော်တော် မူးလာကြသဗျ။ သူတို့ရှေ့က ပုလင်းတွေထဲက အရက် တွေ တဖြည်းဖြည်း ကုန်လာတာနဲ့အမျှ သူတို့ခန္ဓာကိုယ်တွေထဲက တော်လှန်ရေးစိတ်ဓာတ်တွေဟာလည်း တရိပ်ရိပ် တက်လာကြပုံရ ပါတယ်။ နောက်ဆုံးမှာတော့ ကျနော်တို့ဆီ ရောက်လာပြီး လူကက်ဆက် တွေထ လုပ်တာပေါ့ဗျာ။ အဲဒီမှာ မငယ်က သီချင်းဆိုရသဗျ။ မငယ်က သီချင်းဆိုကောင်းသလို ရုပ်ရည်ကလည်း ချောတော့ တက်လာတဲ့ ခေါင်းဆောင်ကြီးများလည်း တော်တော်လေး မျောသွားပုံရသဗျ။ အဲဒီမှာတင် သူတို့ထဲက တပ်ရင်းမှူး ဦးအောင်သန်းဆိုတဲ့ ပုဂ္ဂိုလ်က အလယ်မှာ ဗိုထားတဲ့ မီးပုံကြီးထဲက ထင်းစကြီးတခုကို ကောက်ယူပြီး သီချင်းဆိုနေတဲ့ မငယ်ရဲ့မျက်နှာကို ထိုးထည့်ပါရောဗျာ။ ပြီးတော့လည်း အယုတ္တ၊ အနတ္တတွေပေါ့ဗျာ။ ကျနော်ထင်ပါတယ်၊ ထောက်လှမ်းရေးမ ဆိုပြီး ထပ်ထပ်ခေါ်နေတာက ဆဲဆို ကန်ကြောက်နေတာထက် ပိုနာမယ် ထင်ပါတယ်။ မျက်နှာပြင်မှာ သေရာပါ မီးလောင်ရာကြီး ပါပါရောလားဗျာ။

ဒီနေရာမှာ ဖြတ်ပြီး ပြောလိုတာက လူကက်ဆက် အပိုင်းတစ်ကို ဖတ်ပြီး ပြည်တွင်းမှာရှိတဲ့

လူကက်ဆက်ဟောင်းတွေဆီက ကွန်ပလိမ်း တက်လာ တာလေး ပြောချင်သဗျ။ အကိုရေးတဲ့ ဆောင်းပါးမှာ ကက်ဆက်ဖန်ရှင် တွေ ကျန်ခဲ့တယ်တဲ့ဗျ။ ဒါကြောင့် ဖန်ရှင်တွေအကြောင်း နည်းနည်းဖြည့် ပါရစေလား။ ဒီလိုဗျ သူတို့က ကက်ဆက်အဖွင့်နဲ့ အပိတ် ဘယ်လို လုပ်တယ်ဆိုတာ ရေးပြထားပေမယ့် အသံ အတိုးအကျယ်စနစ်ကို ဘယ်လိုလုပ်တယ်ဆိုတာ ကျန်နေလို့ပါ။ အဲဒါကတော့ သူတို့ နားသယ် မွှေးကို စုပြီး ဆွဲလှည့်ပြီး အတိုးအကျယ် သူတို့လိုတဲ့အတိုင်း လိုက် သီဆိုရပါသဗျ။ နားသယ်မွှေးတိတဲ့ လူကျတော့ နားရွက်ပေါ့ဗျာ။ မန်းလေးက အောဘီယူကို တာဂန်ခံ ကိုချိုကြီးက မန်းသားပီပီ "ပန်းပုသူဇာ" သီချင်းကို ဆိုပါသဗျ။ လူပုံက အရပ်ရှည်ရှည် အသံက ခပ်သြသြဗျ။ ကျနော် အဖမ်းမခံရသေးခင် တရက်မှာ ကိုချိုကြီးကို ကားစင် တင်ထားတဲ့အကြောင်း သတင်းပြန်ကြားဌာနမှာ အတူ လုပ်နေတဲ့ ဖိုးဆန်း (ကသာ) က မျက်စိပျက် မျက်နှာပျက် လာပြောလို့ တဲအပြင်ထွက်ပြီး စစ်ရုံးနောက်က တောင်ကုန်းပေါ် ကြည့်လိုက်တော့ လက်ဂါးကပ်တိုင်မှာ လက်ဂါးနစ်ဘက်ကို သံရိုက်ဖောက်ပြီး ကားရားကြီး ဖြစ်နေတာ မျက်စိနဲ့ တွေ့ခဲ့ရဖူးပါတယ်။ နောက်ပိုင်းမှာတော့ အကျဉ်းကျ ခံရင်း သူခေါင်းဖြတ် အသတ်မခံရခင်အထိ အတူနေခဲ့ရပါတယ်။ မန္တလေးမှာ နေစဉ်က ကိုချိုကြီးက ကိုယ်ခံပညာထဲက (ကရာတေး ထင်ပါတယ်) သင်တန်း ဖွင့်ခဲ့ဖူးတာကြောင့် သူ့ကို ပြင်းပြင်းထန်ထန် နှိပ်စက်တာကို ခံခဲ့ရသဗျ။ နောက်ဆုံးတော့ ကိုချိုကြီး လက်ကို ခုတ်ဖြတ် ခဲ့တာပါပဲ။ လက်ပြတ်သွားပြီးတဲ့ နောက်မှာတော့ ကိုချိုကြီးရဲ့သွင်ပြင်ကို ကြည့်ရတာ သူ့ကိုယ်သူ သေလူလို့ စိတ်ဒုန်းဒုန်း ချလိုက်ဟန်တူပါတယ်။ ပိုပြီး တည်ငြိမ်လာတာ တွေ့ရပါတယ်။ နောက်ဆုံး သူတို့ကို ကွက်မျက် ခဲ့ပုံကို မြင်တွေ့ဖူးတဲ့ သူတွေ အပြောအရလည်း တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး သေခြင်းတရားကို ရင်ဆိုင်သွားတယ်လို့ ဆိုပါတယ်။ သူ့ကိုယ်သူ သေလူလို့ သတ်မှတ်လိုက်ပြီး နောက်ပိုင်းကာလတွေမှာ ကိုချိုကြီးဟာ ဒဏ်ရာတွေ ကိုက်ခဲတဲ့ ညတွေကလွဲရင် ညဘက် လူကက်ဆက်ဘဂမှာ စန္ဒရားလုထွင်ရဲ့ "ငှက်တေလေ" သီချင်းကိုပဲ ဆိုပါတော့တယ်။ ကျနော့်အနေနဲ့ ဒီသီချင်းကို မင်းသားကြီးဝင်းဦး သီဆိုတာကို မကြာခဏ ကြားဖူးပေမယ့် တကယ့်သီချင်းရဲ့ ကဗျာ ဆန်မှုကိုတော့ ကိုချိုကြီး အဆိုကြောင့်သာ နက်နက်နဲနဲ ခံစားသိရှိခွင့် ရခဲ့ပါတယ်။ ဘယ်အချိန်ပဲဖြစ်ဖြစ် ဒီသီချင်းကို ကြားရင် ကိုချိုကြီးကို သတိရပြီး ကျေးဇူးတင်မိရပါတယ်။ အထူးသဖြင့် ... "လေကို ဆန်ကာ ပြေးလေသလား ငှက်ငယ်၊ မြေကို လှန်ကာ ပြေးလေသလား ငှက်ငယ်" ဆိုတဲ့နေရာနဲ့ "ညဦးလွှာရုံ၊ မဲမဲ ထဲဂယ်၊ ကဗျာတေးများလည်း မဖွေရှာစမ်းချင်ပါနဲ့ကွယ်၊ အခက်ပွေ့ သေးတယ်၊ ငှက်တေလေကလေးရယ်" ... ဆိုတဲ့ နေရာရောက်ရင် ဘဂအမိပ္ပာယ်ပြည့်ဝတဲ့ သီချင်းတပုဒ်ကို မိတ်ဆက်ပေးခဲ့ပြီး လောက ထဲကနေ လေကိုဆန်ကာ ပြေးထွက်သွားခဲ့တဲ့ ကိုချိုကြီးကို အမြဲ အမှတ်ရနေမိပါတယ်။ ကိုထွန်းအောင်ကျော်တို့အရင် အသတ်ခံရသူ ကိုကျော်ဝေက ကိုနေဝင်း ရဲ့ "မောင့်လပြည့်ဝန်း" သီချင်းတပုဒ်ထဲကိုပဲ အမြဲဆိုတတ်တာမို့ မောင့်လပြည့်ဝန်း ကျော်ဝေလို့ တွင်တဲ့ထိပါ။ တကယ်က ကိုကျော်ဝေ က မန္တလေးဘွဲ့ရ ကျောင်းသားများ ဒီမိုကရက်တစ်ပါတီကလို့ သိရပါ တယ်။ ကိုကျော်ဝေနဲ့ ကျနော်တို့အားလုံးကြား ကွဲပြားမှုတခုကတော့ သူ့လည်ပင်းမှာ ကြိုးနဲ့ ဖောက်ထားတဲ့ သူ့ရဲ့ ခြေသန်းပြတ်လေးကို အမြဲဆွဲထားရပါတယ်။ အဲဒီခြေသန်း ပျောက်သွားရင်

သတ်မယ်လို့ ကြိမ်းထားတာမို့ သူမသေခင်ထိ လည်ပင်းမှာ ဆွဲထားရတဲ့ ဒီခြေသန်း ကို မြင်ရတိုင်း ကျနော်တို့မှာ ဘယ်လို နာကျင်ရမှန်းမသိအောင် နာကျင် ခဲ့ရပါတယ်။ ကိုကျော်ဂေဟာ ညှင်းဆဲမှုတွေကြောင့် သူ့ကိုယ်သူ ထောက်လှမ်းရေးပါလို့ ဝန်ခံထွက်ဆိုခဲ့ရပေမယ့် နောက်ဆုံး သတ်ကာ နီးမှာတော့ ... "ကျော်ဂေဟာ တော်လှန်ရေးသမား စစ်စစ်ကွ၊ ကျောင်းသား စစ်စစ်ကွ" လို့ ကြွေးကြော်ပြီးမှ အသတ်ခံသွားခဲ့တယ်လို့ ဆိုပါတယ်။ ခုဖေ့ဘွတ်စာမျက်နှာတွေပေါ်မှာ ရေးကြတဲ့ မြောက်ပိုင်းကိစ္စတွေမှာ ကိုထွန်းအောင်ကျော်နဲ့ တနေ့တည်း ကွပ်မျက်ခံခဲ့ရတဲ့ မခင်ချိုဦး အကြောင်းကို ဖတ်ရသူတိုင်း အလန့်တကြား ဖြစ်ကြရတာမို့ ကျနော် ထပ်မရေးပြချင်တော့ပါဘူး။ မချိုဟာ အသက်အရွယ်နဲ့ မမျှတဲ့ လောကဒဏ်ကို ရင်ဆိုင်သွားခဲ့ရသဗျ။ ကျနော်တို့ထဲမှ မိန်းကလေး အကျဉ်းသားတွေက အကျဉ်းသားအားလုံးအတွက် ထမင်းချက်ကျွေး ရပါတယ်။ ထမင်းချိန်မှာ ကျနော်တို့က သတ်မှတ်ထားတဲ့နေရာမှာ ခေါင်းငုံ့ထိုင်နေချိန်မှာ မချို၊ မငယ်၊ နန်းစောတို့က တပေပတ်လည် လောက်ရှိတဲ့ မိုးကာစမှာ ထမင်းတွေ ထည့်ပြီး လိုက်ချပေးရသဗျ။ ဟင်း လား ဆားပေ့ါဗျာ။ မချိုတို့က ထမင်းအိုးမှာ ကပ်နေတဲ့ ချိုးလေး တွေကို ခွာပြီး ကျနော်တို့ကို ထမင်းနဲ့ တို့စားရအောင် မျှဝေပေးတတ် ပါတယ်။ မချိုကို ကြည့်ရတာ သီချင်းတွေ ဘာတွေဆိုတာ ဝါသနာရှိ ပုံမရသလို ဆိုလည်း ဆိုဖူးပုံမရပါဘူး။ ဘယ်လိုပဲ ဝါသနာမပါပေမယ့် လူကက်ဆက်အဖြစ် ရွှေနားတော်သွင်းဘို့ ပင့်ကြွေးတခုအရ အလှည့် ကျလာတဲ့အခါ မချိုမှာ ဆိုပြရရှာပါတယ်။ သူအမြဲ ဆိုပြတတ်တဲ့ သီချင်း ကတော့ ဆရာမြို့မငြိမ်းရဲ့ "မပြီးသေးသော ပန်းချီကား" သီချင်းပါ။ နန်းစောက ဇန်းမော်မြို့ကဗျ။ ၁၆ နှစ်တောင် မပြည့်သေးပဲ တောခို လာသတဲ့။ ၉ တန်း ကျောင်းသူဘဝပဲ ရှိသေးသတဲ့။ ငယ်ပေမယ့် တောထဲမှာ သေနတ်ပစ်ပြိုင်ပွဲမှာ ချန်ပီယံဆု ရဖူးတယ်ဆိုပြီး ခုထိ ဝင့်ကြွားရင် ကြွားသလို ကြွားတတ်ပါတယ်။ အဲဒါဟုတ်၊ မဟုတ် မသိ ပေမယ့် ကျနော်တို့နဲ့ ထွက်ပြေးလာပြီး နောက်ပိုင်းမှာ ရန်ကုန်မှာ ဘွဲ့ရတဲ့ထိ ပညာကြိုးစားသင်ခဲ့တာတော့ အသိအမှတ်ပြုရပါတယ်။

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးမှာတော့ ကျောင်းသား ခေါင်းဆောင် ကျော်ကိုကိုရဲ့ နောက်ကွယ်ကနေ ပံ့ပိုးမှုတွေ လုပ်ခဲ့တဲ့ အတွက် ကိုရွှေထောက်လှမ်းရေးများ လိုက်လို့ ပြေးရ၊ ပုန်းရပါတယ်။ နောက်ဆုံးတော့ နန်းစောကို မတွေ့တဲ့အဆုံး သူတည်းနေတဲ့ အိမ်က ဘိုဘို့ အမေ ဒေါ်မြင့်မြင့်ကြည်ကို ဖမ်းပြီး နန်းစော ဘယ်မှာလဲ မေး ကာ ရိုက်တဲ့သတင်း မီဒီယာမှာ ပါလာတဲ့ထိပါ။ လူကက်ဆက်လုပ် တိုင်း သူဆိုတဲ့ သီချင်းက ကိုရဲလွင် ရေးပြီး ကိုခင်ဝမ်း ဆိုခဲ့တဲ့ "ပန်းခရမ်းပြာ" သီချင်းပါ။ သိကြတဲ့အတိုင်း အင်းလျားကန်ဘေးက ခရမ်းပြာဆောင်လေးမှာ နေခဲ့တဲ့ ကိုရဲတို့ ဘဝကို ဖွဲ့ထားတဲ့ ဒီသီချင်း နဲ့ ၉ တန်းနဲ့ တောခိုလာတဲ့ ဇန်းမော်သူ ဘယ်လို ဆက်စပ်ပြီး ရွေးဆို တယ် ဆိုတာကို ဒီနေ့ထိ စဉ်းစားမရခဲ့ပါဘူး။ ဖြစ်နိုင်တာကတော့ သူ့ခမျာလည်း ဒီသီချင်းတပုဒ်ပဲ အစအဆုံး ရပုံပေါက်ပါတယ်။ မျိုးချစ်လူငယ်များအစည်းအရုံးမှာ ဒု-ဥက္ကဋ္ဌ လုပ်ခဲ့ဖူးတဲ့ ကိုရဲလင်းက "သက်ဆိုင်သူသို့" သီချင်း ဆိုပါတယ်။ အောဘီ ဗဟိုကော်မတီဝင် အဖြစ်ကနေ ထောက်လှမ်းရေးဆိုပြီး ဝန်ခံခဲ့ရသဗျ။ တညမှာ သီချင်း ဆိုနေရင်း တပ်ရင်းမှူး

အောင်သန်းရဲ့ တုတ်ချက် တော်တော်ပြင်းပြင်း ထိသွားပြီး လုံးဝ သတိလစ်သွားပါတယ်။ ကျနော်တို့ကတော့ ကိုရဲကို သေပြီလို့ ထားရာက ၂ ရက်လောက်မှာ သတိလည်လာပါတယ်။ နောက်တော့ ၂ ပတ်လောက် ဘာမှ မေးလို့မရဘဲ အူကြောင်ကြောင် ဖြစ်နေပါသေးတယ်။ ကံကောင်းလို့ မသေမပျောက်ပဲ မြေပေါ်ပြန်ရောက် လာတော့မှ သိရတာက သူ့မှာ ချစ်သူ ကျောင်းဆရာမလေး တယောက်က သူ့ကို စောင့်နေတာပါ။ ဆရာမလေးနဲ့ ပြန်ဆုံခွင့်ရလို့မှ မကြာခင် ၁၉၉၈ မှာ ကျနော်တို့နဲ့ ထောင်ကျပြန်တော့ ထောင်တွင်းမှာ ဆက်ပြီး "သက်ဆိုင်သူသို့ ပို့မေတ္တာ တေးမဏ္ဍာရွှေ" ရပြန်ပါတယ်။ သူ့မေတ္တာကြောင့် သစ္စာစူးတာကတော့ ကျောင်းဆရာမလေးဟာ ၇ နှစ်တိတိ သူပြန်လာတာကို သစ္စာရှိရှိ စောင့်နေတာပါပဲ။

ထူးထူးခြားခြား ခင်မောင်တိုးရဲ့ "လောကတလင်းပြင်" ကိုပဲ သီဆို သူက ဂဏ္ဍာဇော်ပါဗျ။ ဒီမောင်က တချိန်က နာမည်ကြီး မင်းသားကြီး ဇော်ခင်ရဲ့ သားတော်မောင်ပါ။ အရပ်မောင်းက ကောင်းကောင်း ပြေငြိမ်းတို့လို ဆိုက်ဂိုက်မျိုးမို့ ဓာတ်ရှင်မင်းသားဘဝနဲ့ ကျော်ကြားနိုင် ပါရက်နဲ့ တောထဲမှာလာပြီး NIP ကပါလို့ ထွက်ဆိုရပါတယ်။ သူ ပြန်ပြောပြတာကတော့ သူ့ကို နိုပ်စက်မှုတလျှောက်လုံးမှာ အမှန် အတိုင်းပဲ ထွက်ဆိုခဲ့ရင်းကနေ မီးဖုတ်ထားတဲ့ ဓားမြောင်နဲ့ သူ့ခြေသလုံး ကို ကပ်တဲ့နောက်မှာတော့ ထောက်လှမ်းရေးက လွှတ်လိုက်တဲ့ တပ်သားတယောက်ပါလို့ လိမ်ညာထွက်ဆိုခဲ့တယ်လို့ ဆိုပါတယ်။ ကျနော် ရန်ကုန်ကို ပြန်ရောက် ပန်းချီဆရာတဦးအဖြစ် ကျင်လည်ရင်း တရက်မှာတော့ အရက်ဆိုင်မှာ မင်းသားကြီး ဦးဇော်ခင်နဲ့ ဆုံပါတယ်။ ကျနော်လည်း ကိုယ့်ကိုကိုယ် မိတ်ဆက်ပြီး ဂဏ္ဍာသူငယ်ချင်းပါ။ တောထဲမှာ ဆုံဖူးတယ်လို့ ပြောတော့ မင်းသားကြီးက တအံ့တသြ မျက်လုံးပြူးကြည့်ပါတယ်။ ပြီးတော့ ခေါင်းကို သွက်သွက်ခါရင်း "ဆိုးပါတယ်ဗျာ။ ဆိုးလွန်းပါတယ်ဗျာ" ဆိုတာကိုပဲ ခဏခဏ ပြောပြီး ခေါင်းပဲ ခါနေတာ မှတ်မိနေသဗျ။ ခု မြောက်ပိုင်းကိစ္စတွေကို အင်္ဂလိပ်ဘာသာနဲ့ ဝတ္ထုအသွင် ရေးခဲ့တဲ့ ဆမား ညီညီ (ခေါ်) ကိုညီညီကလည်း မကြာခဏ အဖွင့်ခံရတဲ့ လူကက်ဆက်ပဲခင်ဗျ။ အေဘီအတွက် မြေအောက်လုပ်ငန်းတွေကို မန်းလေးမှာ နေပြီး လုပ်ပေးရင်းက ဗဟိုကို ခဏတက်လာရင်း ငှက်သင့် တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ။ မန်းလေးမှာ ကိုယ်ပိုင် အင်္ဂလိပ်စာ သင်တန်းကျောင်း လေးဖွင့် အသက်မွေးတယ် ဆိုသဗျ။ ဒါကြောင့် အီးဂဲလ်ရဲ့ "ပော်တယ် ကယ်လီဖိုးနီးယား" သီချင်းနဲ့ "By the rivers of Babylon" "Country Road" စတဲ့ အင်္ဂလိပ်သီချင်းတွေကို ဆိုတတ်တာမို့ အထူးသဖြင့် ဘိုသီချင်းတွေ နားထောင်ချင်တဲ့ ဥက္ကဋ္ဌလေးနဲ့အဖွဲ့ တက်လာပြီဆိုရင်တော့ ထောင်မှူးလက်ဂါးက ကိုညီညီဆိုတဲ့ ကုလားရဲ့ ပါးပေါ် (ကိုညီက ဘာသာရေးကိုင်းရှိုင်းသူ အစ္စလမ်ဘာသာဝင် တဦးပါ) ကျရောက်ပါတော့တယ်။ ကိုညီညီဟာလည်း ပြင်းထန်တဲ့ စစ်ကြောရေးဒဏ် ခံခဲ့ရသဗျ။ သူနဲ့ နောက်ပိုင်း စကားပြောခွင့်ရတော့ သူဟာ မော်ဒန်အနုပညာကို ထဲထဲဝင် နားလည်တဲ့သူ ဖြစ်သလို မန္တလေးမှာ ပန်းချီချမ်းအေး၊ ကဗျာဆရာမ ဖြူမွှန်တို့ ဇနီးမောင်နှံ ရဲ့ မိတ်ဆွေ တယောက်ဆိုတာလည်း သိရသဗျ။ ခေတ်သစ်ပန်းချီကျော် ခင်ဝမ်းက သူ့ဖေးဖရိတ်တဲ့ဗျ။ ဒါကြောင့် မြန်မာသီချင်းဆို

နိုင်းပြီဆိုရင်တော့ ခင်ဂမ်းရဲ့ 'မြားဘုရင်' သီချင်းတပုဒ်ကိုပဲ ရွေးဆိုလေ့ရှိပါတယ်။ သေရေးရှင်ရေးဖြစ်လာတော့ လူတကိုယ် သီချင်းတပုဒ်တော့ ရဖို့ ဖြစ်လာတဲ့ ခေတ်ကြီးမှာ ဘဝမှာ သီချင်းတခါမှ မညည်းဖူးတဲ့ ကိုကြောင် (ခ) ကျော်နိုင်ဦးလို လူမျိုးလည်း ကြုံခဲ့ရဖူးပါတယ်။ သာယာဝတီ အကျဉ်းထောင်ကို ဖြတ်သန်းဖူးတဲ့ အကျဉ်းသားမှန်ရင် သာယာဝတီဈေး ထဲ ဦးကျားကြီးဆေးဆိုင်ကို မသိတဲ့လူ ရှိကို မရှိဘူးလို့ ပြောချင်သဗျ။ နိုင်ငံရေးအကျဉ်းသားတွေကို ကူညီတဲ့အလုပ်ကို ကိုယ့်အသိစိတ်နဲ့ကိုယ် သတ္တိရှိရှိ လုပ်ခဲ့တဲ့ သာယာဝတီ အန်အယ်လ်ဒီပါတီဝင် ဦးကျားကြီးလို လူမျိုး မြန်မာပြည်မှာ တော်တော်ရှားပါတယ်။ မန်းလေးထောင်လောက မှာ ဒေါ်ဂင်းမြမြတို့ကို မသိဘူးဆိုရင် မန်းထောင်နေခဲ့သူလို့ ပြောမရသလိုမျိုး ပါပဲ။ အဲဒီလို ထင်ရှားတဲ့ ဦးကျားကြီးသား ကိုကျော်နိုင်ဦးကို NIP က ဗိုလ် ဆိုပြီး စွဲချက်တင် စစ်ပါတယ်။ ကိုကြောင် (ခ) ကိုကျော်နိုင်ဦး (ဓာတ်ပုံထဲ အစွန်လူ) ခမျာ လူကက်ဆက်ဘဝမှာ နောက်ဆုံး တော်တော် အကျပ်ရိုက် ရှာပါတယ်။ နောက်ဆုံး နားဆူချင် ဆူစေတော့ ပါးပူတော့ မခံတော့ဘူးလို့ ဆုံးဖြတ်ပြီး ကိုကြောင်တယောက် သူ အစအဆုံး ကောင်းကောင်းရတဲ့ သီချင်းတပုဒ်ကို ဟဲ ချလိုက်ပါတယ်။ "ရောင်စုံ ဘောလုံး ... ရောင်စုံ ဘောလုံး ... တလုံး ငါးပြား" ... ပါ။ ကျနော်တို့ကို ၁၉၉၈ ခုမှာ ဖမ်းတော့ ကိုကြောင်ကို ထောက်လှမ်းရေးက လိုက်ပါတယ်။ ခုတော့ သူ့ကို လိုက်ခဲ့တုန်းက ထောက်လှမ်းရေးတွေ လည်း ၂၀၀၄ မှာ ထောင်ထဲ ရောက်ကုန်ပါတယ်။ ၂၀၀၅ မှာတော့ အေဘီက ကိုသံချောင်းကို အစိုးရ ဖမ်းမိပြီး သေဒဏ်ချလိုက်ပြီး ကိုသံချောင်းတယောက် သာယာဝတီထောင် ရောက်လာတယ်ဆိုတာ ကိုကြောင်က ပြောပါတယ်။ ပြီးတော့ ကိုသံချောင်းကို အပြင်ကနေ တတ်သလောက် ကူညီပေးသင့်တယ်လို့ ပြောတဲ့အခါ ကျနော်တို့ထဲမှာ ပစ်ထားလိုက်လို့ တယောက်မှ သဘောထား ပေးမလာတဲ့အတွက်တော့ ဒီနေ့ထိ ကျေနပ်မိပါတယ်။ ကျနော်တို့ သဘောကတော့ ကိုသံချောင်း ပြုခဲ့တဲ့ ကံက သူ့အကျိုး သူပေးပါလိမ့်မယ်။ ကျနော်တို့ ကြုံခဲ့ရဖူးတဲ့ ငရဲမျိုးက သဘောထားမျိုးကိုတော့ ကျနော်တို့နဲ့ ဆက်စပ်လာမယ့် အနာဂတ်မှာ သမိုင်းဘီး နောက်တပတ် ထပ်မလည်ကြဖို့က အရေးကြီး ဆုံး ဖြစ်ပါတယ်။ ကျနော်တို့က ဦးကျားကြီးသား ကိုကြောင်ကို "ကျားဆရာ၊ ကြောင်" လို့ နောက်လေ့ရှိပါတယ်။ ငါ့သားကို တောထဲမှာ ရက်ရက်စက်စက် လုပ်ခဲ့တဲ့ကောင်တွေပဲ "ထောင်ထဲမှာ အခု ခံစမ်း" လို့ ပစ်မထားတဲ့ ဦးကျားကြီးရဲ့ စိတ်ဓာတ်ကို ပိုလို့ လေးစားမိပါတယ်။ ပြောတော့ ရန်ကုန်သား၊ ဆိုတော့ "အမေနဲ့ ရွာကိုလွမ်းတယ်" လို့ မကြာခဏ ပြောတာခံရသူက စမ်းချောင်း အ.ထ.က ကျောင်းသားများ သမဂ္ဂ ခေါင်းဆောင်လုပ်ခဲ့တယ်ဆိုတဲ့ ဖိုးကျော် (ခ) ကျော်ဂင်းဆွေပါ။ တွံတေးသိန်းတန်ရဲ့ သီချင်းတွေကို တွံတေးသိန်းတန် လေသံအတိုင်း ဆိုတတ်ပါသဗျ။ တညမှာတော့ တွံတေးရဲ့ "အသီးတရာ အညှာတခု" ကို ပိုင်ပိုင်နိုင်နိုင် ချွဲချွဲနွဲ့နွဲ့ ဆိုတာမို့ ကျနော်တို့အားလုံး စာသားအတိုင်း စီးမျောနေကြပါတယ်။ မကြာပါဘူး ဖိုးကျော်ဟာ ချွဲချွဲနွဲ့နွဲ့ ဆိုနေရာကနေ ရုတ်တရက်ကြီး အလန့်တကြား ထိုးရပ်လိုက်သလို ကျနော်တို့လည်း သူနဲ့ အတူ လိုက်ပါနေရာက ရယ်ရမလို ငိုရမလို စိတ်မောလိုက်ရသဗျ။ တခြား နေရာ ဟုတ်ပါရိုးလား။ ကြည်း ရေ လေ တပ်မတော်တွင်းက သူငယ်ချင်း တွေ ဆိုတဲ့နေရာပေါ့ဗျာ။ ကံကောင်းလို့ အဲဒီညက တုတ်စာ မဖြစ်တာ။ တညမှာတော့ ထောင်မှူးတာဝန်ကျတဲ့

ကိုလမျိုးနောင်ဆိုတဲ့ ပုဂ္ဂိုလ်က တော်တော့်ကို မူးနေသဗျ။ ထုံးစံအတိုင်း ကျနော်တို့ကို တယောက်ပြီး တယောက် ထနိုင်းပြီး စည်းစိမ်ယူနေရာ မန္တလေးတက္ကသိုလ်က မြန်မာစာ ဒုတိယနှစ်ကျောင်းသား ကိုအောင်မင်း (ခ) ထိန်လင်း အလှည့် ရောက် လာပါသဗျ။ ကိုအောင်မင်းက တခါမှ သီချင်းဆိုဖို့ နိုင်းတာ မခံဖူးရလေ တော့ ကျနော်တို့တွေလည်း လှဲနေရာနေ ကိုအောင်မင်း ဘာများဆိုမလဲ နားစွင့်နေကြသဗျ။ "ကိုယ် အတန်တန်တားရက်နဲ့ သွားတော့မှာလား ... အို တခါတရံ အမှားအတွက်နဲ့ အပြစ်ပုံပြီလား" ဆိုတဲ့ ကိုနေဝင်းရဲ့ သီချင်းစာသားတွေ ကိုအောင်မင်းဆီက ထွက်လာပါတယ်။ ကျနော်တို့ အားလုံး ကိုနေဝင်းရဲ့ သီချင်းစာသားတွေအတိုင်း စီးမျောပါသွားပါတယ်။ ကိုအောင်မင်းက ကိုနေဝင်းခရေဇီကိုး။ "ကာယကံရှင် လူကိုယ်တိုင် အသိထက် ဘယ်ပိုနိုင်မှာတုန်း ... အများနဲ့ တယောက် တုဖက်ပြောရင် ... အားနည်းတဲ့ တယောက်က အရှုံးပေါ့ ... မသွားလည်းဘဲ ရောက်ခဲ့မိပြီကိုး ..." သီချင်းရဲ့ စာသားရော သံစဉ်ပါ အားအကောင်းဆုံး အလှဆုံးနေရာ အရောက်မှာ "ဖုန်း" "ဖုန်း" ဆိုတဲ့ အသံနဲ့အတူ ကိုအောင်မင်း သီချင်းဆိုသံ ထိုးရပ်သွားပြီး ထပ်ကာထပ်ကာ ဆဲသံနဲ့ ရိုက်သံတွေပဲ ထွက်လာပါတယ်။ "မင်းက အများနဲ့ တယောက်မို့ ခံရသလေး ဘာလေးနဲ့ မင်းတို့ကို ငါတို့က မတရား စွပ်စွဲဖမ်းထားတယ်လို့ ဆိုလိုတာပေါ့။ အေး ... ငါ့ နံချပ်ကူ အစွမ်း ပြရသေးတာပေါ့ကွာ။ မင်းတို့ကို စစ်နေတဲ့ ထောက်လှမ်းရေးလောက်တော့ ငါလည်း ရိုက်တတ်ပါတယ်ကွ" ဆိုတဲ့ စကားနောက်မှာ တဖုန်းဖုန်း ရိုက်သံ ညည်းညူသံ၊ ဆဲဆိုသံတွေဟာ ဆက်တိုက် စိတ်မချမ်းသာစရာ ထွက်ပေါ်လာပါတော့တယ်။ ဒီနောက်ပိုင်းမှာတော့ ရိုက်လိုက်၊ မောရင် ရိုက်တာ ရပ်ပြီး ဆဲဆိုနေလိုက်။ ခဏနေတော့ ရိုက်လိုက်နဲ့ စိတ်ရှိသလို ထင်တိုင်းကြဲနေတာကို ဘယ်သူ တဦးတယောက်ကမှလည်း လာမတားကြပါဘူး။ ကျနော်တို့ လှဲအိပ်နေတဲ့ လူတွေကလည်း တကယ်ကျတော့ အမှန်တရားအတွက် တိုက်ပွဲဝင်မယ်လို့ ကြွေးကြော်ချက်တွေနဲ့ တောထဲထွက်ခဲ့ကြသူတွေပါ။ တကယ့်လက်တွေ့မှာတော့ ဒီလူတယောက် မတားသဖြင့် ခံနေရတာ ကြီးကို ကြားနေပါလျက်နဲ့ ကျနော်တို့ လူ ၈၀ လောက်ထဲမှာ "ဟေ့လူ ဒီလူ မတရားသဖြင့်တော့ မလုပ်ပါနဲ့" လို့ တယောက်မှ မပြော နိုင်ခဲ့တာ ခုထိ ရှက်လို့ မဆုံးပါဘူး။ ကိုအောင်မင်းကို လိမ့်ရိုက်နေတဲ့ ထောင်မှူးက သူဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေတဲ့ လူလို့ မူးမူးနဲ့ ကြွေးကြော်ရင်း ရိုက်နေခဲ့တာကို ကြားနေရ တဲ့ ဘဝဟာ ကိုအောင်မင်းအတွက်သာမက ကျနော်တို့အတွက်လည်း ငရဲညပါပဲ။ တိုတိုပြောရရင် နောက်တနေ့ မနက်လင်းတော့ ကိုအောင်မင်း ထောင် အပြင်ကိုထွက် တန်းမစီနိုင်တော့ပါဘူး။ ကျနော်တို့တွေကတော့ ထုံးစံ အတိုင်း ကျောက်ထု၊ လမ်းခင်း၊ ထင်းသယ် ... စတဲ့ အလုပ်ကြမ်းခွင် တွေဆီ ထွက်လုပ်ရတာမို့ ကိုအောင်မင်းကို ထားခဲ့ရပါတယ်။ ညနေ အလုပ်တွေ သိမ်းလို့ ထောင်ပြန်ရောက်တော့ ကိုအောင်မင်း အသက် ငင်နေပါပြီ။ နောက်ပိုင်း ထမင်းချက်တာဝန်နဲ့ ကျန်ခဲ့တဲ့ နန်းစောတို့ ပြောပြလို့ သိရတာက ထောင်မှူးက ညက သူရိုက်ထားလို့ မထနိုင်တဲ့ ကိုအောင်မင်းကို ပဲများပြီး (ထောင်စကား အလုပ်မလုပ်ချင်လို့ အချောင် ခိုသည့် အဓိပ္ပါယ်) နေခဲ့တာမို့ နံချပ်ကူအသစ်ကို လမိုင်းတင်ရမယ်လို့ ပြောပြီး တနေ့ခင်းလုံး ဆက်ရိုက်နေတယ်လို့ သိရပါတယ်။ ကိုအောင်မင်း အနားကို ခွင့်တောင်းပြီး ကိုညီညီနဲ့ ဘိုဘိုတို့က

မှာစရာရှိတာမှာဖို့ မေး တော့ သွေးတွေပဲ ပါးစပ်က ဆက်ထွက်လာပြီး စကားတလုံးမှ ဆက်မထွက် လာဘဲ ကိုအောင်မင်း ကွယ်လွန်ခဲ့ပါတယ်။ ၂၀၀၅ ခုထောင်က လွတ်လာပြီးနောက်ပိုင်းမှာ ပိုင်အမ်စီအေက ကိုရဲ (ကိုရဲလွင်) ဆီ မကြာခဏ ရောက်ဖြစ်သလို ကိုနေဝင်းနဲ့လည်း ရံဖန်ရံခါ တွေ့ဖြစ် သူ့သီချင်းတွေအကြောင်း ပြောဖြစ်ပါတယ်။ ဒါပေမယ့် ကိုနေဝင်း သီချင်းစာသားတွေ သီဆိုရင်း လူ့လောကကို ကျောခိုင်းသွားခဲ့ရဖူးတဲ့ ဒီမိုကရေစီဘက်တော်သားတဦး ရှိခဲ့ဖူးတယ်ဆိုများ ကိုနေဝင်း သိခဲ့ရင် ဘယ်လောက်များ ကြေကွဲလိုက်မလဲလို့ စိတ်ထဲက တွေးမိပါတယ်။ ထုတ်တော့ မပြောဖြစ်ခဲ့ပါဘူး။ စာဖတ်သူကိုလည်း ကိုနေဝင်းတယောက် ကိုတော့ ဒီအဖြစ်ကို ပြန်မပြောမယ့်သူလို့ ယုံကြည်ပါရစေ။ ဒါဖြင့် ရိုက်သတ်လိုက်တဲ့ကိစ္စအတွက် ထောင်လုံခြုံရေးတာဝန်ခံ ဘယ်သူကမှလည်း လာပြီး မေးမြန်းတာ အရေးယူတာ မလုပ်ခဲ့ပါဘူး။ ကိုအောင်မင်း ရုပ်အလောင်းကို ညတွင်းချင်း ထောင်အပြင် ထုတ်ထား လိုက်ပြီးတော့ ကိုလမျိုးနောင်က သူ့ လုံခြုံရေးတပ်ဖွဲ့တွေဆီ အော်ပြော ပါတယ်။ "အရက်တလုံးနဲ့ စကားဂါ တစည်းရမယ်၊ ဘယ်သူတွေ တာဝန် ယူချင်လဲ" လို့ အော်မေးတာလဲ အတိုင်းသား ကြားရသဗျ။ အဲဒါက ပေါက်ဈေးပါ။ အဲဒီအချိန်က စစ်ကြောရေးကြောင့် သေတဲ့လူတွေကို မြှုပ်ပေးမယ်ဆိုရင် မြှုပ်တဲ့အဖွဲ့က အရက်တလုံးနဲ့ စကားဂါ ဆေးပေါ့ လိပ်တစည်း ရပါတယ်။ ဒါဆိုရင် ခု ကိုလမျိုးနောင် ဘယ်မှာလဲလို့ ဆောင်းပါးအောက်မှာ မေးလာမယ့် သူတွေအတွက်လည်း တခါတည်း ဖြေလိုက်ပါမယ်။ နောက်ပိုင်းမှာ ကျနော်အပါအဝင် ဖမ်းထားသူတွ ညသန်းခေါင် လောက် ထွက်ပြေးလွတ်မြောက်သွားတဲ့ ကိစ္စအတွက် သူနဲ့ ညတာဝန် ကျတို့ကို လက်ရှိ ဗဟိုကော်မီတီအဖွဲ့က သေဒဏ်ပေးပြီး ကိုထွန်းအောင်ကျော်တို့ကို သတ်ခဲ့တဲ့ ကုန်းပေါ်မှာပဲ ခေါင်းဖြတ်ခဲ့တယ် လို့ သိရသဗျ။ ကိုလမျိုးနောင်က သူ့ကိုမသတ်မီ အရက်အဝ သောက်ခွင့် တောင်းဆိုတယ်လို့ ဆိုပါတယ်။ ဒီမိုကရေစီ တပ်သားရဲဘော် တဦးကို တာဝန်ပေ့ါလျော့လို့သာ ခေါင်းဖြတ်ဖို့ အမိန့်ပေးလိုက်ရပေမယ့် လူ့အခွင့်အရေးကို အပြည့်အဝ လေးစားလိုက်နာတဲ့ ကိုအောင်နိုင်၊ ကိုသံချောင်း အပါအဝင် ခေါင်းဆောင်များက ခွင့်ပြုခဲ့တာမို့ ကိုလမျိုးနောင်ခမျာ တပ်ဖွဲ့ ဘက်ဂျက်ထဲက ငွေနဲ့ အရက်မူးအောင် သောက်သွားခွင့် ရသွားရှာတယ်လို့ သိရပါတယ်။ ဟုတ်ကဲ့။ ဒါဖြစ်ခဲ့ပါတယ်။ ဆိုးဝါးလှတဲ့အဖြစ်တွေ ကျနော်တို့ သမိုင်း မှာ ရှိခဲ့ပါတယ်။ တကယ်က ကျနော်တို့ ဖြတ်သန်းချိန်မှာ တာဝန် မကျေနိုင်ခဲ့ကြပါဘူး။ မိမိအသက်ကို ငဲ့ပြီး အမှန်တရားကို မျက်ကွယ် ပြု မသိချင်ယောင်ဆောင် ရေငုံနုတ်ပိတ်နေခဲ့ရတာလောက် ပြန်တွေး တိုင်း ရှက်စရာကောင်းတာ မရှိတော့ပါဘူး။ စာကို ဖတ်သူတွေထဲမှာ ကိုအောင်မင်းနဲ့ နီးစပ်သူများရှိခဲ့ရင် ကျနော်တို့ သူရဲဘောကြောင်မှု အတွက် တောင်းပန်လိုက်ပါတယ်။ တခါတခါကျတော့လည်း ဘဝမှာ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်ဖို့ ကြိုးစားရတာ သူများကို ခွင့်လွှတ်နိုင်ဖို့ ကြိုးစားရတာထက် အဆတရာ ခက်ခဲတယ်ဆိုတာ ကိုယ်တိုင် ကြုံတွေ့ရဖူးသူလောက်ပဲ နားလည် ခံစားနိုင်ပါလိမ့်မယ်။

**-ပန်းရှီ ထိန်လင်း**

# မြောက်ပိုင်းဒေသ အရိုးတွန်သံများကြောင့် နိုးထလာသော နလုံးသားပုံရိပ် တစ်ခု

(၁)

ဖေ့စ်ဘွတ် စာမျက်နှာပေါ်တွင်ဖတ်ရသည့် အဆိုပါအကြောင်းအရာ
များကို လွန်ခဲ့သည့် အနှစ် ၂၀ ခန့်ကတည်းက ကျမသိရှိခဲ့ပြီးဖြစ်
ပါတယ်။ လူစာရင်းအတိအကျကိုတော့ ဒီဆောင်းပါးဖတ်မှ သိရပါ
တယ်။ ဒီဆောင်းပါးမှာပါတဲ့အတိုင်းပါပဲ အခုအချိန်မှ ဖွင့်ပြောခဲ့ကြ
ရတာကတော့ အချိန်မကျသေးတာရယ်၊ ကျောင်းသားအချင်းချင်း
ဖြစ်ပျက်ခဲ့တာကို လက်ရှိ စစ်အစိုးရသိရှိခဲ့ရင် လက်ညှိုးထိုး ပြောစရာ
ဖြစ်လာမှာရယ်ကို မလိုလားတာရယ် စတာတွေကြောင့်ပါ။



ကျမလို ကာယကံရှင်တစ်ယောက်မဟုတ်တဲ့သူအနေနဲ့ ပြောရရင်
အစွပ်စွဲအနှိပ်စက်ခံခဲ့ရတဲ့ ကျောင်းသားတွေဟာ ကျောင်းသားစိတ်
အပြည့်ရှိပြီး မိမိတို့ အသက်အန္တရာယ် ထိခိုက်သည်အထိ ကြုံခဲ့ရ
ပေမဲ့ အဖွဲ့အစည်းဂုဏ်သိက္ခာအတွက် ရေငုံနေခဲ့ကြပါတယ်။
ကျောင်းသားသိက္ခာ ထိန်းခဲ့ကြတာပါ။ ဒါပေမယ့် ဒီမိုကရေစီဖော်ဆောင်

နိုင်တဲ့တစ်နေ့၊ နိုင်ငံရေးအပြောင်းအလဲတွေ ဖြစ်လာတဲ့ တစ်နေ့ကျရင် ဒီကိစ္စတွေ၊ ဒီလူတွေဟာ စစ်အစိုးရကလွှတ်လိုက်တဲ့ စစ်ထောက်လှမ်းရေးတွေ မဟုတ်ဘူးဆိုတာရယ်၊ မတရားညှင်းဆဲသတ်ဖြတ်ခဲ့တယ်ဆိုတာတွေရယ်ကို ဖော်ထုတ်ကျမယ်လို့ ရည်ရွယ်ထားပီးသားဆိုတာ အဲဒီအနှစ်နှစ်ဆယ်ဝန်းကျင်ကတည်းက ကျမ သိရှိပြီးသားပါ။ ဒီတော့ ကျမအနေနဲ့ သိပြီးသားတွေ မထူးဘဲနဲ့ ဘာလို့ရေးလာသလဲလို့ဆိုတာ ပြောရပါမယ်။ ဒီအကြောင်းအရာတွေ ဖတ်လိုက်ရတဲ့အခါ အစွပ်စွဲခံရပြီး သတ်ဖြတ်ခံခဲ့ရတဲ့၊ ညှဉ်းပန်းနှိပ်စက်ခံရတဲ့ ကျောင်းသားမိဘ၊ ညီအစ်ကိုမောင်နှမတစ်တွေ ရင်ထဲကို ကိုယ်ချင်းစာစိတ်နဲ့ ခံစားမိရပါတယ်။ ကိုယ့်ရဲ့သွေးသားကို နှိပ်စက်တာတွေကို ရင်နှင့်အမျှ၊ ကာယကံရှင်ခံစားရသည့်နည်းတူ ရင်ပွင့်မတတ် ခံစားခဲ့ရတာတွေက အသစ်တစ်ဖန်ခံစားလာရပြန်ပါတယ်။ အဲဒီအခါမှာ ကျမအမေလို ရင်းနှီးခင်မင်ချစ်ခင်လေးစားခဲ့ရတဲ့ ကျောင်းအုပ်ဆရာမကြီး တစ်ယောက်ရဲ့ လွန်ခဲ့တဲ့ အနှစ် ၂၀ က ပေါက်ကွဲလုမတတ် ခံစားခဲ့ရတဲ့ နှလုံးသားပုံရိပ်ကို ပြန်ပြီး မြင်ယောင်လာခဲ့ပါတယ်။

(၂)

ဆရာမကြီးဆိုပေမယ့် ကျမတို့ငယ်စဉ်က မူလတန်းပြဆရာမအဖြစ် ဆုံခဲ့ရပါတယ်။ ကျမလေးတန်းမှာ ကျမရဲ့ အတန်းပိုင်ဖြစ်ခဲ့ပြီး၊ ကျမ မိဘများနဲ့ ဆရာမကြီးခင်ပွန်းက ဌာနတစ်ခုမှာ အတူတာဝန်ထမ်းဆောင်တဲ့အတွက် ခင်မင်ရင်းနှီးကြပါတယ်။ လေးတန်းမှာ အတန်းပိုင်ဆရာမဖြစ်ခဲ့တဲ့အတွက် ဆရာမလို့ ခေါ်တာနှုတ်ကျိုးနေပေမယ့် ကျမနဲ့ သားသမီးဖွယ် နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးခဲ့ပါတယ်။ နောက်ဆုံး ကျမ ကျောင်းဆရာမ လုပ်နေတဲ့အထိ ဆရာမဟာ နှစ်ပေါင်းများစွာ ဆရာမကြီးဘဝနဲ့ အငြိမ်းစားယူသည်အထိ နှစ် ၄၀ ဝန်ထမ်းဘဝ တာဝန်ထမ်းခဲ့သူပါ။ စာအသင်အပြအလွန်ကောင်း

ပြီး၊ ကျောင်းသားများ ချစ်ကြောက် ရိုသေယုံမကာ မိဘများကပါ လေးစားကြပါတယ်။ ဆရာမ စာသင်သံကြားရတဲ့ ရပ်ကွက်ထဲက မိဘတချို့က သူ့ကလေးတွေစာကျက်ရင် "ဒါကဒီလိုပါ" ဟု ပြန်ရှင်းပြတတ်ရာ၊ ကလေးတွေက "အမေတို့တောင် စာတွေရနေပါလား" လို့ ပြန်ပြောမိကြပါတယ်။ ကလေးမိဘတွေကလည်း " အေး မင်းတို့ကံကောင်းတယ် ဒီလို ရှင်းကနဲ နားထဲဝင်အောင် သင်နိုင်တဲ့ ဆရာမမျိုးနဲ့ တို့တွေ့ခဲ့လို့ကတော့ ခုလို ကျောင်းတဝက်တပျက်နဲ့ ထွက်ခဲ့မှာမဟုတ်ဘူး" "မင်းတို့သေချာသင်ယူကြ" လို့ ပြောယူကြရပါတယ်။

ဆရာ ဆရာမ အချင်းချင်းမှာတင် လူမှုရေး စီးပွားရေး၊ ကုန်ကုန်ပြောရရင် ဆရာမပေါက်စလေးတွေရဲ့ အချစ်ရေးကအစ ဆရာမကိုပဲ တိုင်ပင်ကြတာတွေရပါတယ်။ ပေါင်းသင်းဆက်ဆံရေး အင်မတန်ကောင်းပြီး စိတ်နှလုံးအင်မတန်နူးညံ့ပါတယ်။ ဆရာမရော၊ ဆရာမ ခင်ပွန်းပါ ရုပ်ရည်ချောမောကြပါတယ်။ ဆရာမဟာ ရုပ်ရည်ချောမော၊ ကျက်သရေရှိပြီး မျက်နှာအမူအယာအေးချမ်းတည်ကြည်သလောက် ဆရာမဘဝဟာ ခက်ခဲကြမ်းတမ်းလှပါတယ်၊ လောကဓံရဲ့ ရိုက်ပုတ်တဲ့ဒဏ်ကို ဘဝတလျှောက်လုံး ခါးစီးခံခဲ့ရပါတယ်။ ဒါပေမယ့် နင်လားဟဲ့ လောကဓံလို့တောင် ကြုံးဝါးမနေဘဲ အဲဒီလောကဒဏ်နဲ့ အတူ လမ်းလျှောက်ရင်း ဘဝကို ဖြတ်သန်းခဲ့ပါတယ်။ ကျမဟာလည်း ဆရာမရဲ့ သမီးတစ်ယောက်သဖွယ်ချစ်ခင်ခဲ့ရသူဖြစ်တဲ့အတွက် ဆရာမ လောကဒဏ်နဲ့အတူ လမ်းလျှောက်ချိန်မှာ၊ တခါတရံ အဖော်အဖြစ် ပါခဲ့ပြီး အတူလျှောက်ဖြစ်ခဲ့တဲ့ ကာလတွေ ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း မေ့မရနိုင်တဲ့ နှလုံးသားပုံရိပ်တွေကို တထပ်ထဲ သိရှိခဲ့ရခြင်းပါ။

ဆရာမဟာ ဆီစက်ပိုင်ရှင် စက်သူဌေးသမီးဘဝကနေ ရှန်းကန် လှုပ်ရှား စိုးရိမ်မကင်းစွာ ရပ်တည်နေရမယ့်ဘဝကို သူ့ဘာသာ

ရွေးချယ်ခဲ့တာပါ။ ၁၉၆၂ခုနှစ် ကျောင်းသားအရေးအခင်းကြောင့် ဆရာမတို့ရွာကို တက္ကသိုလ်ကျောင်းသားတယောက် တိမ်းရှောင်လာရာက ဆရာမဘဝပြောင်းလဲခဲ့ပါတယ်။ အဲဒီကျောင်းသားဟာ အခုလက်ရှိ ဆရာမရဲ့ခင်ပွန်းပါပဲ။ ဆရာမက အဲဒီအချိန်က High School Final အောင်ထားပါတယ်၊ နိုင်ငံရေးသမားကို ယူရင် စိတ်ရှုပ်စရာတွေ ၊စိတ်ပင်ပန်းစရာတွေ ကြုံရလိမ့်မယ်လို့ ပြောကြဆိုကြပေမယ့် အသက် ၁၈ နှစ်မှာပဲ အိမ်ထောင်ပြုခဲ့ပါတယ်။ အဲဒီနောက်ရန်ကုန်မှာ အခြေချနေပြီး အသက် ၁၉ နှစ်၊ သားတစ်ယောက် မွေးအပြီးမှာ မူလတန်းဆရာမ စလုပ်ပါတယ်။ အဲဒီအချိန်မှာ နယ်က ဆရာမရဲ့ဖခင် ရုတ်တရက်ဆုံးခြင်း၊ ဆီစက်ကို ပြည်သူပိုင်သိမ်းခြင်း၊ အိမ်မီးလောင်ခြင်း စတာတွေ ဆက်တိုက်ကြုံခဲ့ရပါတယ်၊ ဒါတွေဟာ လူတိုင်းကြုံရတတ်တဲ့ လောကဓံတွေပါပဲလို့ ဖြေသိမ့်နိုင်ခဲ့တဲ့ ဆရာမဟာ သူ့ဘဝမှာ ဘယ်လိုမှ မေ့မရနိုင်မယ့် အဖြစ်အပျက်တွေ ရှိလာလိမ့်မယ်လို့ မထင်ခဲ့ပါဘူးတဲ့။

(၃)

ဆရာမရဲ့သားအကြီးဆုံးက ကျမနဲ့အသက်အရွယ် အတန်းအတူတူပါ။ ဒုတိယသမီး သမီးကြီးကတော့ ကျမထက် ငယ်ပါတယ်။ အဲဒီသမီးကြီးဟာ အဖေတူသမီးပါ၊ ဒါကြောင့် အဖေဖြစ်သူက တော်တော်ချစ်ပါတယ်၊ အဖေချစ်သမီးပီပီ အမေကို အဖေလောက်တော်တယ်လို့ ဘယ်တော့မှ မမြင်ပါ။ ဒါကြောင့်လည်း ကျမနှင့်ဆရာမ ဒီလောက်နီးနီးစပ်စပ် တွယ်တာမိတာ ဖြစ်နိုင်ပါသည်။ နောက်တခုက ဆရာမက နိုင်ငံရေးအကြောင်းမပြော၊ နိုင်ငံရေးအကြောင်းလည်းမဖတ်။ ကျောင်းစာသာ သင်ပါတယ်။ စာသင်သည်သာ သူ့အလုပ်။ ဆရာမရဲ့ သမီးကြီးက စာအုပ်တွေ စဖတ်ကတည်းက နိုင်ငံရေးစာအုပ်တွေကို ဖတ်ပါတယ်။

သူ့အဖေက လေ့ကျင့်ပေးထားခြင်းပင်။

၁၉၈၈ခုနှစ် ၊ မတ်လ ၊ စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကျဆုံးပြီးနောက် တက္ကသိုလ်ဝန်းကျင်က မငြိမ်သက်နိုင်တော့။ လှုပ်လှုပ်ရှားရှားဖြစ်နေပါတယ်။ ဇွန်လမှာ ရန်ကုန် တက္ကသိုလ် အရေးအခင်း စပါတယ်။ ဆရာမက သူ့သမီးကြီးကို ပူပန်ပါတယ်။ အဲဒီ သမီးကြီးအောက်မှာ သားအငယ်က ဖြူဖြူနွဲ့နွဲ့ အသားဖြူဖြူအရပ်ရှည်ရှည် ပိန်ပိန်ပါးပါး၊ မျက်နုံးကောင်းကောင်းနဲ့ လူချောတစ်ယောက်၊ သူက ဒုတိယနှစ် သင်္ချာအထူးပြုဖြင့် (လုပ်သားကောလိပ်) တက်ရောက်နေသူပါ။ ဒုတိယနှစ်ရောက်တော့ သူ့ဖခင်၏ရုံးမှာ အလုပ်ရလို့ လုပ်သားကောလိပ် ပြောင်းတက်ခဲ့တာပါ။ ဆရာမက စိတ်ပူလို့ "မင်းအစ်မ က ကျောင်းမှာစာမသင်တော့ဘူးဆိုလည်း မသွားနဲ့တော့ ပြောတာမရဘူး၊ ဘာကြောင့်သွားနေမှန်း မသိဘူး" ဟု ပြောရာ၊ အဲဒီသားအငယ်က "ကျောင်းသားတွေ ဟောတာပြောတာ သိပ်ကောင်းတယ်၊ အဲဒါသွားပြီး နားထောင်နေတာနေမှာပေါ့။ ဒီနေ့ခေတ် ဖြစ်ပျက်နေတာတွေ အမှန်အတိုင်း ပြောရဲတာ၊ သိပ်ကောင်းတာပဲ၊ မဆလ အစိုးရတော့ ဒီတချီ သေဖို့သာပြင်၊ ကျောင်းသားတွေက နောက်မဆုတ်တော့ဘူး၊ ကျောင်းသားတွေ သွေးမြေကျခဲ့ရတာတွေအတွက် ပေးဆပ်ရလိမ့်မယ်၊ ဒီအစိုးရကို အပြုတ်တိုက်ဖို့ စီစဉ်နေကြပြီ" လို့ ပြောပါတယ်။

အဲဒီလို သားငယ်က ပြောတာကို အမှတ်တမဲ့သာနေခဲ့ပြီး၊ သမီးကြီးကို စိတ်ပူပြီး အာရုံစိုက် နေလို့ သားအငယ်ကို မေ့လျော့နေခဲ့ပါတယ်။ အဲဒီ သားအငယ်က အဲဒီအချိန် အသက် ၂၀ အရွယ်ပါ။ အဲဒီအရွယ်ကစပြီး သူ့ဘဝတစ်ခုလုံး နိုင်ငံရေးနယ်ထဲ ကျောင်းသားတော်လှန်ရေး နယ်ထဲ ရောက်သွားလိမ့်မယ်လို့ သူ့အမေက မထင်ခဲ့ပါ။ အဲဒီအချိန်မှာ အစိုးရက တိုင်းပြည်အခြေအနေကို ရိပ်မိ၍ပဲလား အစိုးရဝန်ထမ်းတွေကို စည်းရုံးတာပဲလားမသိ ဝန်ထမ်းဆန် တစ်ယောက် ၃ လစာ

ထုတ်ပေးခဲ့ပါတယ်။ ဆရာမ သားအငယ်က အဖေ၊ အမေ၊ သူ့ကိုယ်တာ များကို ကားတစ်စီးဖြင့် ထုတ်၊ အိမ်သို့ပို့ခဲ့ပြီး အိမ်ကနေ ပျောက်ချင်း မလှပျောက်သွားပါတယ်။ ဆရာမ အချစ်ဆုံးသားအတွက် ဆရာမ ခံစားရလေပြီပေါ့..။

သမီးကြီးက ပြောတယ်တဲ့၊ သားငယ်က ကျောင်းမှာ တရားတက်ဟော တယ်၊ မျက်နှာစည်းရန် ပုဝါတောင်လို့တောင် ပေးလိုက်ရသေးတယ်တဲ့။ ဆန်တွေ လာပို့တော့ " အစ်မ ဒီဆန်တွေ တို့မိသားစု ၃ လ စားလို့ လောက်ရဲ့လား" လို့ မေးသွားတယ်။ "ငါမရှိရင် အဖေနဲ့အမေကို ဂရုစိုက်ပါ" လို့ပြောသွားတယ်။ "သူကတော့ တိုင်းပြည်အတွက် လုပ်စရာ တွေရှိလို့ သွားပီ" လို့ ပြောသွားတယ် ဆိုပြီး သမီးကြီးက ပြန်ပြောတော့ ဆရာမလည်း ဘာမှမပြောသာတော့ပါ။
သမီးကြီးကဆက်ပြောသေးသည်တဲ့
"မေမေစိတ်မပူနဲ့၊ မေမေ့သားတစ်ယောက်ထဲ မဟုတ်ဘူး၊ ဘယ်သွား တယ်၊ ဘာလုပ်တယ်ဆိုတာ ပြောလို့မရပေမယ့် သူတို့ကျောင်းသား လှုပ်ရှားမှုတွေ ဆက်လုပ်ဘို့ သွားကြတာပါ။ မေမေ့သားအတွက် အစစ အဆင်ပြေအောင်သာ ဆုတောင်းပေးပါ။ မေမေ ခွဲရတယ်ဆိုတာ သေသွားတဲ့ ကျောင်းသားတွေရဲ့ မိဘတွေလောက် မဆိုးပါဘူး" တဲ့

(၄)

၈-၈-၈၈ တွင် ကျောင်းသားများဦးဆောင်သော ရှစ်လေးလုံးအရေး တော်ပုံကြီးစတင်ပါတော့တယ်။ ပြည်သူတစ်ရပ်လုံး အုံးအုံးကြွက်ကြွက် တောင်းဆိုသံများကြောင့် မဆလ အစိုးရပြုတ်ကျခဲ့ပါတယ်။ ဆရာမရဲ့ သမီးကြီးနဲ့တကွ ဆရာမခင်ပွန်းပါ သားပျောက်၊ မောင်ပျောက် ရှာကြ ပါတယ်။ တရားဟောတဲ့နေရာမှာလည်း စောင့်ကြည့်၊ ချီတက်ရင်းနဲ့ လည်း ရှာကြပါတယ်။ သမီးကြီးက ကျောင်းသားသမဂ္ဂအဖွဲ့မှတဆင့်

စုံစမ်းပါတယ်။ အချို့ကျောင်းသားတွေက ဇွန်အရေးအခင်းပြီးကတည်းက ရှစ်လေးလုံးအရေးတော်ပုံအတွက် တစ်နိုင်ငံလုံးအနှံ့ တာဝန်ကျရာနယ်တွေကို ရောက်နေကြောင်းတော့ သိရပါတယ်။ ကနဦးအစ ပစ်ခတ်မှုများရှိရာ အသက်ရှင်ရက်ရှိပါ့မလား သံသယဝင်လာပါတယ်။ ဒီသံသယကို ဆရာမက မိခင်တို့ သိစိတ်နဲ့ ချေဖျက်နိုင်ပါတယ်။ ကိုယ့်သွေးသားဖြင့် ဖြစ်တည်ပြီး မိမိဝမ်းကြာတိုက်မှာ ကိုးလလွယ်ဆယ်လဖွားခဲ့ရတဲ့ သားကို မသေသေးပါ၊ အလိုလိုသိပါတယ်တဲ့၊ တွေ့အောင်ရှာကြပါပြောရင်း အိပ်ယာထဲ လဲပါတော့တယ်။ သမီးကြီးက သမဂ္ဂရှိရာ ရန်ကုန်ဆေးရုံကြီးကို သူတို့နေထိုင်ရာ မြို့စွန်ကနေ နေ့တိုင်း လမ်းလျှောက်သွားပါတယ်။ သူ့အလုပ်သူလုပ်ရင်း မောင်ကို စုံစမ်းပါတယ်။ သူလည်းစိတ်ပူနေပြီ၊ တစ်နေ့ပြန်လာမယ် ပြောသွားတာ ဒီအချိန်ပြန်လာရမှာပေ့ါဟု ဆိုကာမျှော်ရချေပြီ။ ကျမက ဆရာမကို စောင့်ရှောက်ပေးရင်း သားသမီးအပူများကို မျှဝေခံစားခဲ့ရပါတယ်။ စက်တင်ဘာ ၁၈ ရက်တွင်တော့ စစ်တပ်မှ အာဏာသိမ်းပါတယ်။ ကျောင်းသားတွေ အလုပ်သမားတွေ ပြည်သူတွေ တောခိုကြလေပြီ။ ဆရာမက သားအငယ်အတွက် ပူပင်သောကများမငြိမ်းနိုင်တဲ့အတွက် ကျန်သမီးများအား အတင်းအကြပ် တားမြစ်ပါတယ်။ ဆရာမလည်း အိပ်ယာတွင် ဘုံးဘုံးလဲကာ လူထူမှသာ ထနိုင်ခဲ့ပါတော့တယ်၊ မျှော်လင့်ချက်တွေ ပြိုလဲလုဖြစ်နေပါတော့တယ်။ လုံးဝ မထင်တားအချိန်မှာမှ အမျိုးသမီးတစ်ယောက် ရောက်လာပါတယ်။ သားငယ်ဟာ သန်လျှင်က သူငယ်ချင်းအိမ်ကို ရောက်နေတဲ့အကြောင်းနဲ့ သူဟာ သူငယ်ချင်းရဲ့ အမေ ဖြစ်တယ်ဆိုတဲ့ အကြောင်း၊ ခုလိုအချိန်မှာ သားကို လက်ခံမထားရဲတဲ့အတွက် လာခေါ်ဖို့ ပြောလာပါတယ်။

ဆရာမဟာ သားအသက်ရှင်ရက်ရှိနေတာကို ဝမ်းသာအားရဖြစ်သွားပြီး ထထိုင်ပါတယ်။ လမ်းတော့မလျှောက်နိုင်ပါဘူး။ ဆရာမခင်ပွန်းကတော့

အိမ်ရောက်ရင် ဖမ်းခံရမှာပေါ့၊ ဘယ်လိုလုပ်ကြမလဲ စဉ်းစားနေတုန်းမှာပဲ၊ သမီးကြီးက "သူလိုက်သွားမယ် ၊ သူကြည့်စီစဉ်ခဲ့မယ်၊ မေမေ နေကောင်းအောင်နေပါ၊ ဖေဖေက ဝန်ထမ်းဖြစ်တဲ့အတွက် ဖေဖေက ဆက်သွယ်တယ်ဆို မကောင်းပါဘူး" ဆိုကာ တခါမှ မမြင်ဘူးသည့် အမျိုးသမီးကြီးတစ်ယောက်နောက်ကို လိုက်သွားလေရာ၊ ဆရာမမှာ ဝမ်းသာစရာနှင့်အတူ စိတ်ပူပင်စွာ ကျန်ရစ်ခဲ့ပါတယ်။ သားငယ်က အရေးအခင်းကာလမှာ မြိတ်ကိုရောက်နေပြီး အဲဒီမှာ ကျောင်းသား အရေးတော်ပုံကို စတင်နိုင်ခဲ့ကြပါတယ်။ စစ်တပ်အာဏာသိမ်းပြီး ရန်ကုန်မှာရှိတဲ့ ကျောင်းသားတွေ နယ်စပ်ကို ရှောင်တိမ်းကြတော့ အရေးအခင်း မတိုင်ခင်ထွက်သွားတဲ့ သူတို့က ပြန်ဝင်လာကြတာပါ။ ဒါပေမယ့် ပေါ်ပေါ်တင်တင် နေတာမဟုတ်ပဲ လုံခြုံတဲ့နေရာမှာပုန်းနေကြတာပါ။

သန်လျှင်ကို ကျောင်းသားတချို့နဲ့တွေ့ဘို့အလာ၊ သူငယ်ချင်းဖြစ်သူ အိမ်ကို ဝင်တာဖြစ်ပါတယ်။ အိမ်ကိုပြန်မလိုက်နိုင်ပါ၊ ကျောင်းသားအရေး ကိစ္စများ လုပ်စရာများစွာ ရှိနေသေးတဲ့အတွက် သူ့ကို မေ့ထားလိုက်ပါ၊ ဘာအကြောင်းမှ မကြားရင် အသက်ရှင်ရက်ရှိနေသေးတယ်မှတ်ပါ လို့ ပြောပါတယ်တဲ့။ သမီးကြီးက" အမေက တခါလောက်တော့ တွေ့ချင် ရှာမယ်၊ ဘာမပြောညာမပြော ရုတ်တရက်ပျောက်သွားလို့ ခံစားနေရတာ ဖြစ်မယ်။ ဒီတကြိမ်တော့တွေ့လိုက်ပါ၊ အတင်းပြန်လဲ မခေါ်ပါဘူး၊ လုပ်စရာရှိတာဆက်လုပ်ပါ၊ တွေ့လိုက်ပါလို့" ပြောတဲ့ အချိန်မှာ ရန်ကုန်ဘက် က ညောင်တမ်းဆိပ်ကမ်းကို ရောက်မှ တွေ့မယ်လို့ အဖြေရပါတယ်။

ဒါပေမယ့် ညမထွက်ရအမိန့်ကရှိနေတော့ အချိန်က နာရီဝက်ပဲ ရပါတော့တယ်။ သမီးကြီးစီစဉ်ပေးလိုက်တဲ့ အိမ်ကို သားငယ်က သွားနှင့်ပြီး ဆရာမနဲ့ အန်ကယ် (ဆရာမ အမျိုးသား) တို့ကို သမီးကြီးက အပြေး အလွှား လာပြန်ခေါ်ပါတယ်၊ အံ့သြစရာပါပဲ ၊ သမီးကြီးက " မေမေ ဒီတခါမှမတွေ့ရင် တွေ့ဖို့ မလွယ်ဘူး။ သူလုပ်စရာတွေ ဆက်လုပ်မှာ

မို့၊ မေမေအားတင်းပြီး လိုက်လာပါ´လို့ပြောတယ်ဆို ဆရာမဟာ အနွေးထည်လေး ထပ်ဝတ်ပြီး လမ်းထလျှောက်ပါတယ်။ ကျမက ကျန်တဲ့ ဆရာမသမီးအငယ်တွေနဲ့အတူ အိမ်စောင့်ကျန်ခဲ့ရပါတယ်။ ညမထွက်ရ အမိန့်ကြောင့် ဘယ်လိုမှ ပြန်မလာနိုင်ဘူးဆိုတာသိလို့ပါ။

(၅)

စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ထုတ်ပြန်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေကို ပြဌာန်း ပါတယ်။ နိုင်ငံရေးပါတီစာရင်းတွေကို သတင်းစာမှာထုန်ပြန်တဲ့အခါ "ဗမာ့မျိုးချစ် လူငယ်အစည်းအရုံး" ဆိုတဲ့ ကျောင်းသားပါတီတစ်ခုမှာ သားငယ်နာမည်ကို တွေ့လိုက်ရပါတယ်။ မြေပေါ်မှာရှိနေတယ်ဆိုတာ သိထားလို့လည်း သူလို့ထင်တာပါ။

နောက်တော့ အဲဒီပါတီရဲ့ ဥက္ကဌဖြစ်သူက စိတ်အေးအေးနေဘို့ ဆရာမကို ကိုယ်တိုင်ပဲ အိမ်ကိုလာပြောပါတယ်။ နောက်ပိုင်းမှာ ဆရာမက ဘယ်လိုနေကြသလဲ၊ စားစရာရှိကြရဲ့လား သိချင်လာ ပါတယ်။ အဲဒီတုန်းက ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရမယ်ဆိုပြီး လက်မှတ်ထိုးထားရတဲ့အတွက် ထုံးစံအတိုင်း သမီးကြီးကို ပါတီ လိပ်စာအတိုင်း သွားခိုင်းပါတယ်။ စားစရာတွေ အပို့ခိုင်းပါတယ်၊ ဆန်ပြုတ်သောက်လိုက်၊ မရှိရှိတာ စားပြီး နေနေတာသိရတော့ ပို့ပေးနေရင်းက နောက်ဆုံး ဆရာမကိုယ်တိုင် သွားကြည့်ပါတယ်။ သားငယ်က "အမေမလာပါနဲ့၊ ကျနော်တို့က ရွေးကောက်ပွဲဝင်ဖို့ ထောင်တာမဟုတ်ဘူး၊ ကျောင်းသားအရေးကိစ္စတွေ လုပ်လို့ရအောင် မှတ်ပုံတင်ထားတာ၊ ထောက်လှမ်းရေးက ရိပ်မိရင်လည်း ရိပ်မိ နေလောက်ပြီ၊ အမေ ဒုက္ခရောက်မယ် လို့ တားပါတယ်"

နောက်ဆုံးမတော့ ဆရာမက ဘယ်လိုအကြောင်းတွေကြောင့်ပဲဖြစ်ဖြစ်

တနေ့ရာရောက်ပြီဆို ဘယ်မှာရှိနေတယ်ဆိုတာ သိရရင်ကျေနပ်ပြီ၊ သားတို့ ကျောင်းသားတွေကို မေမေ အမြဲမေတ္တာပို့နေတယ်၊ ဘယ်မှာရှိတယ်ဆိုတာသာပြောသွားပါ" လို့ မှာပါတယ်၊ ဆရာမရဲ့ မသိစိတ်ထဲမှာ နိုင်ငံရေးအခြေအနေတွေကြောင့် တစ်နေ့ သူ့သားသွားရမယ်ဆိုတာ သိနေပါတယ်။

တကယ်တန်းကျတော့ သော့ခပ်ထားတဲ့ ပါတီရုံးခန်းသာကျန်ခဲ့ပြီး၊ မြေလျှိုးသွားကြပါတယ်။ အခြေခံပညာကျောင်းသားသမဂ္ဂက ကျောင်းသားတွေပါ ပါသွားကြပါတယ်။ အငယ်ဆုံးကျောင်းသားက ၁၆ နှစ် ၁၇ နှစ် အရွယ်တွေပါ။ ဆရာမက အင်မတန်ရိုးတဲ့အတွက် ကျောင်းသားတပ်မတော် မြောက်ပိုင်းဆိုတာတောင်မသိပါဘူး။ နောက်ပိုင်း မိဘအချင်းချင်းမေးရာက ABSDF(NB) ကိုရောက်သွားမှန်း သိရပါတယ်၊ ဆရာမလည်း AB မြောက်ပိုင်း၊ တောင်ပိုင်းက ကျောင်းသားတွေကို ဘုရားရှစ်ခိုးတိုင်း မေတ္တာပို့ပါတယ်၊ တော်ရုံပို့တာမဟုတ်ပါဘူး၊ အရှည်ကြီးကို ရွတ်ပြီးပို့ပါတယ်။ ဆရာမရဲ့ မေတ္တာပို့မှာ ဒီမိုကရေစီလည်း ပါပါတယ်၊ ဒီမိုကရေစီရမှ ကျောင်းသားတွေ ပြန်လာကြမှာကိုး။

၁၉၉၂ ခုနှစ်ခန့်က စစ်အစိုးရက လုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုကို ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရပါတယ်။ ကျောင်းသားတပ်မတော် (မြောက်ပိုင်း)မှာ ကျောင်းသားအချင်းချင်း စစ်ထောက်လှမ်းရေးလို့ စွပ်စွဲပြီး သတ်ဖြတ်နေကြတာတွေကို ထွက်ပြေးလွတ်မြောက်လာတဲ့ သူတွေက အဏ်ရာတွေ ပြပြီးရှင်းကြပါတယ်။ ကျမမှတ်မိသလောက် ပြောရရင် အနူတွေတောင်ထွက်ကျလာလို့ ပြန်ထည့်ပြီး အစိမ်းချုပ်ချုပ်တာလဲပါရဲ့။ ကျမတို့တစ်အိမ်လုံး အစိုးရကို ဆဲကြပါတယ်။ ကျောင်းသားတွေကို သက်သက်သိက္ခာချတယ်ဆိုကာ လုံးဝမယုံခဲ့ပါ။ သားငယ် မြောက်ပိုင်းမှာရှိတယ်ဆိုတာ သိထားတဲ့ ကျမဟာ ဆရာမကို အဲဒီသတင်း

ကြည့်ရလား၊ ဖြစ်နိုင်ပါ့မလားလို့ သွားပြီးမေးခဲ့ပါတယ်။

ဆရာမဟာ စိတ်လှုပ်ရှားရင် နှလုံးခုန်မြန်ပြီး၊ ခြေဖျားလက်ဖျား အေးစက်တောင့်တင်းတဲ့ နှလုံးရောဂါတစ်မျိုး ရနေပြီဖြစ်တဲ့အတွက်၊ သေချာဆုံးအောင် မကြည့်တော့ပါတဲ့။ အတွေ့အကြုံတွေများလှပြီဖြစ်တဲ့ ဆရာမဟာ တခုခုကို တွေးဆနေပါတယ်။ ဖြစ်နိုင် မဖြစ်နိုင် လုံးဝမပြောပါ၊ တခုတော့ပြောပါတယ်။ အန်ကယ်ကတော့ "အစိုးရဟာ NLD ပြီးတော့ ကျောင်းသားတွေကို သိက္ခာချနေပြီဆိုပြီး ဆဲနေလေရဲ့" ကျမလည်း ကျမနဲ့ အန်ကယ် အမြင်ချင်းတူတယ်ဆိုပြီး အန်ကယ်နဲ့သာ စကားပြော ဖြစ်ခဲ့ပါတယ်။

(၆)

" အဖေနှင့် အမေခင်ဗျား"

"ကျနော်ဟာ စစ်ထောက်လှမ်းရေးက လွှတ်လိုက်တဲ့ ထောက်လှမ်းရေး ဖြစ်တဲ့အတွက် ကျောင်းသားခေါင်းဆောင်များက ဖမ်းဆီးထားပါတယ်။ မိဘများက တောင်းပန်ပြီး လာရောက်ခေါ်ဆောင်ပါမှ အသက်ချမ်းသာ ရာ ပေးမယ်လို့ ပြောပါတယ်။ ဒါကြောင့် အမေ (သို့မဟုတ်) အဖေ အမြန်ဆုံး လိုက်လာခဲ့ပါ"

ကျမ "စာကိုဖတ်ပြီးတာနဲ့ ဒီလောက် ကျောင်းသားအရေးတွေလုပ်နေတာ။ မိသားစုနဲ့ခွဲ၊ ကျောင်းပညာတဝက်တပျက်နဲ့ စွန့်ပြီးလုပ်လာတာ။ ဘာ ထောက်လှမ်းရေးလဲ။ လိုက်သွားခေါ်ရင် ထောက်လှမ်းရေးဆိုတာ ဝန်ခံ ရမှာလား" ဆိုပြီး ဒေါသတကြီးပေါက်ကွဲပါတော့တယ်။ မျက်ရည်များလည်း ရေသွန်သလို ဝေါကနည်းကိုကျလာပါတော့တယ်။

သမီးကြီးက ကျမပခုံးကိုလာကိုင်ပြီး" စာကို မိသားစုအားလုံး ဆယ်ခေါက် ထက်မနည်း ဖတ်ပြီးကြပါပြီ။ သားငယ် အသက်ရှင်ဖို့ အရေးကြီးတယ်၊ သွားခေါ်ပြီး ဟိုရောက်မှ အခြေအနေကြည့်ရမှာ။ ကိုယ်လဲမြင်ရတာ

မဟုတ်ဘူး။ သတင်းစာရှင်းလင်းပွဲက အဖြစ်အပျက်တွေဟာ အမှန်တွေ ဆို ကျောင်းသားအချင်းချင်း ပြဿနာတက်ကြတာဖြစ်မယ်၊ မိဘတွေ လိုက်သွားရင် ကလေးတွေဘဲ မရှိုင်းလောက်ပါဘူး။ ခုက သွားဘို့လည်း ပြင်နေပြီ၊ ။ အမကအိမ်မှာ ညီမလေးတွေနဲ့ လာနေပေးရင်ဖြစ်မလားလို့၊ အဲဒါပြောမလို့၊ ညီမလည်း ရှိနေမှာပါ။" ဖြစ်ပုံက ဆရာမ သမီးအငယ် တယောက်က ခွဲစိတ်ခန်းဝင်စရာရှိပါတယ်။ ဆရာဝန်နဲ့ ရက်ချိန်းပြီးသား၊ ဆရာမ နောက်ဆံမတင်းအောင် အိမ်မှာလူအင်အားဖြည့်တာပါ။ သမီးကြီးကလည်း သူ့အိမ်ထောင်နှင့်တခြားမှာ နေနေပေမယ့် ဒီရက်ပိုင်း မှာ သူရော သူ့အမျိုးသားပါ လာနေပါတယ်။

"အန်ကယ်က ဘာလို့လိုက်မသွားတာလဲ" ဆရာမ လိုက်သွားမှာကို သိလိုက်ရသည့်အတွက် ကျမ မေးလိုက်မိပါတယ်။

"သမီး အန်ကယ်နဲ့ လုံးဝမဖြစ်နိုင်ဘူး၊ သူက ဘုန်းကြီးစာချသွားလုပ်နေရင် သူ့ပါ ဖမ်းချုပ်ထားလိမ့်မယ်" ဟု ဆရာမက ပြောရာ အန်ကယ်က" အန်ကယ်က စကားများများ မပြောပါဘူး။ တခွန်းပဲပြောမှာ၊ "ဘာပြောမှာလဲ" မေးတော့ " ဟာ အန်ကယ့်ကို သွားနိုင်းလေ ။ အဲဒီတော့ ဘာပြောမလဲ သိရမှာပေါ့" တဲ့၊ အမှန်ကတော့ သွားခေါ်မယ့် ကျောင်းသားမိဘအချင်းချင်း ချိတ်ဆက်မိကြပြီးပြီ။ အလားတူစာမျိုး ရန်ကုန်ရှိ ကျောင်းမိဘတချို့နဲ့ မွန္တလေး၊ သာယာဝတီ စသဖြင့် စာများရောက်လာကြပြီးပြီ။ အများအား ဖြင့် အမေများသာ လိုက်ကြပါတယ်။ တချို့လည်းအဖေ လိုက်ကြပါတယ်။ ကျမထင်တာက ယောကျ်ားချင်းဆိုတော့ ပြောမှား ဆိုမှား စကားများကြရင် အသက်အန္တရယ်ရှိလို့ ထင်ပါတယ်။

တစ်ခုပဲရှိတယ်။ ကျမ အမှတ်မမှားပါက ဝန်ထမ်းဆို၍ ဆရာမတစ်ယောက်သာ ပါပါတယ်။။ ကျန်သူများက အငြိမ်းစားနှင့် ကုန်သည်များသာ၊ ဆရာမသည် မြို့နယ်၊ တိုင်း အဆင့်ဆင့်မှသည် ပညာရေးဝန်ကြီးဌာနအထိ စာတင်ရပါ တယ်။ သားအသက်ရှင်ရေးအတွက် သွားရောက်ခေါ်ခွင့်ပြုပါရန် အသနားခံစာ

တင်ရပါတယ်။ သွားရောက်မယ့် အဖွဲ့က ဆရာမသွားခွင့်ကျအောင် စောင့်ပေးကြပါတယ်။ တကယ့်ကို မိသားစုစိတ်ဓါတ် အပြည့်ရှိသူများပင်။ နောင်တချိန်တွင် ထိုမိသားစုများသည် ယခုနှစ်ပေါင်း ၂၀ ကျော်သည့်တိုင် ချစ်ခင်စည်းလုံးလျက် နေကြပါတယ်၊ သာရေးနာရေး ဖိတ်စရာမလို အလိုလိုသွေးစည်းကြတဲ့ သွေးသောက်မိသားစုများ ဖြစ်လာပါတယ်။ ဆရာမကို တစ်လအတွင်း ပြန်လာရန် ခံဝန်ချက်ပေးပြီး လိုက်ခေါ်ဖို့ ခွင့်ပြုလိုက်ပါတယ်၊ ကျမ ဆရာမအတွက် တော်တော်စိတ်ပူမိပါတယ်။ ဒါပေမယ့် စိတ်ဆောင်လို့လား မပြောတတ်ပါဘူး ဆရာမဟာ သွက်လက်နေပြီး သူ့ကိုယ်သူ ကျန်းမာအောင်နေပါတယ်။ ငါအသက်ရှင်မှ ဖြစ်မယ်လို့ တွေးကောင်းတွေးနေလိမ့်မယ် ထင်ပါတယ်။ တကယ်တန်းမှာ မျှော်လင့်သလို ဖြစ်မလာခဲ့ပါဘူး၊ ဆရာမဟာ တစ်လကျော်ကျော်လောက်နေမှ ပြန်ရောက်လာသလို သားငယ်လည်း ပါမလာပါ။ ဒါပေမယ့် ဆရာမဟာ သားကို မျက်မြင် အသက်ရှင်ရက် တွေ့ခဲ့ရလို့ထင်ပါတယ်၊ သိပ်စိတ်မလှုပ်ရှားပဲ ဖြစ်ကြောင်းကုန်စင် ပြောပြပါတယ်။ ရောက်ရောက်ချင်း ချက်ချင်းပေးမတွေ့ပါဘူးတဲ့၊ တော်တော်ကြာမှ တွေ့ရတဲ့အပြင် တွေ့တဲ့အခါ အပြောအဆို ဆင်ခြင်ရပါတယ်တဲ့၊ သူတို့ကို အချုပ်ခန်းကခေါ်ထုတ်ပြီး ပေးတွေ့ပါတယ်။

အားလုံးက သတိနဲ့နေနေရတာပါတဲ့၊ ကျောင်းသားတွေကို ရက်ရက်စက်စက် သတ်ခံခဲ့ကြတာတွေ မိဘတွေကို ပြောပြပါသတဲ့။ ဆောင်းပါးမှာပါတဲ့ အကြောင်းအရာတွေပါပဲ။ အဲဒီအတိုင်းပါပဲ၊ မိဘတွေနဲ့ပြန်ထဲ့ပေးမယ် ပြောပြီး ဘယ်လိုက ဘယ်လို စိတ်ပြောင်းသွားလည်း မသိပါတဲ့။ ပြန်လွှတ်ပေးဖို့ ဘာတစ်ခုမှမပြောတော့ပါဘူးတဲ့။ အဲဒီမှာ စောင့်ရင်းစောင့်ရင်း ရက်တွေကြာလာတာပါ။ နောက်ဆုံးတော့ မိဘတွေရဲ့တောင်းပန်မှုကြောင့် မသတ်ပါဘူး ဆိုတဲ့ ကတိရလို့ ပြန်လာခဲ့ပါတယ်တဲ့။ ဆရာမက ပိုဆိုးတာက တလအတွင်း ပြန်ရမယ့် ခံဝန်ချက်ကလည်းရှိနေတော့ နောက်ကြောင်းမအေးပဲ ဖြစ်ရပါတယ်တဲ့။ ဆရာမလို ဝန်ထမ်းအမျိုးသမီးတစ်ယောက်ဟာ သားဇောကြောင့် KIA ကချင်လွတ်မြောက်ရေးတပ်မတော်ကို ဖြစ်ပြီး ကျောင်းသားတပ်မတော်

စခန်းကို ဆိုးဝါးလှတဲ့ ရာသီဥတုနဲ့ လမ်းပန်းအခက်အခဲတွေကြားက

ရောက်အောင်သွားခဲ့တာကို ဘယ်တော့မှ မမေ့နိုင်ဖြစ်ခဲ့ရပါတယ်။

ဆရာမဟာ မိသားစုကိုရော သမီးတမျှရင်းနှီးတဲ့ကျမကိုရော ခုချိန်ထိ

လျှို့ဝှက်ထားတယ်လို့ ကျမ ထင်ထားတာ တခုရှိပါတယ်။ ကျမဘယ်တော့

မှ မေးမှာမဟုတ်သလို သမီးကြီးကလည်း သူလည်းဘယ်တော့မှ မမေးပါ

ဘူးတဲ့။ အဲဒါကတော့ အချုပ်ခန်းကနေ ထွက်ပြေးမှ လွတ်တော့မယ်ဆိုတာကိုပါ။

(၇)

ကျောင်းသားတွေကို ထောက်လှမ်းရေးတွေပါလို့ စပြီးဖမ်းစဉ်က စစ်ဆေးရေး

အဖွဲ့မှာ သားငယ်ပါပါတယ်။ သားငယ်ဟာ ဒီကျောင်းသားတွေက သူနဲ့အတူ

တွဲပြီးလုပ်လာတာ သူသိပါတယ်။ ဘယ်လိုမှ ထောက်လှမ်းရေး မဟုတ်ဘူး

ဆိုတာသိနေတော့ မေးတာမြန်းတာ ပျော့ပြောင်းပါတယ်။ နဂိုထဲကလည်း

စိတ်သဘောထားပျော့ပြောင်းတဲ့ အတွက်ကတကြောင်း၊ ထောက်လှမ်းရေး

မဟုတ်ဘူးဆိုတာ သိနေတာတွေကလည်း တကြောင်းကြောင့် သူ့ရဲ့ ညှာတာ

မေးထားတဲ့ အချက်တွေကို သဘောမကျရာက သားငယ်ကို စစ်ထောက်လှမ်း

ရေးပဲ။ မင်းလည်းသူတို့နဲ့ တစ်ဖွဲ့ထဲပဲ စွပ်စွဲပြီး ဖမ်းချုပ်တာပါပဲတဲ့။

သားငယ်ကို စစ်တဲ့အခါမှာ တစ်ရက်မှာတော့ ခေါင်းကို ဒုတ်ကနဲရိုက်ခွဲ

လိုက်တာ သွေးအိုင်ထဲ ပုံရက်သား ကျသွားပါသတဲ့။ သေပြီလို့ အားလုံး

က ထင်လိုက်ကြပေမယ့် မသေခဲ့ပါဘူး။ ဒဏ်ရာကို ပက်သခင်းတွေ

အတိုင်းအဆမရှိပေးပြီး ချုပ်ပါသတဲ့။ သားငယ်နာမည်ကို အော်ခေါ်ပြီး

မြို့ထဲကိုဝင်လာတဲ့ ချာတိတ်ကို တွေ့လိုက်ရတော့ အိမ်ထဲမှာရှိတဲ့

မိသားစုတွေ ကြောင်ငေးပြီး ကြည့်နေမိပါတယ်။ သူ့ကို သားငယ်တို့နဲ့

အတူ မြောက်ပိုင်းမှာ စွပ်စွဲဖမ်းခံထားရတယ်လို့ သိထားသူပါ၊

တိုက်တိုက်ဆိုင်ဆိုင် ကျမကလည်း ဆရာမဆီ ကျောင်းကိစ္စတစ်ခုနဲ့

ရောက်အလာ ဆရာမ စက်ချုပ်ဆိုင်သွားနေတာနဲ့ စောင့်နေခြင်းပါ။

ဆရာမရောက်လာတော့ ထုံးစံအတိုင်း တအံ့တသြ။

နောက်မှသိရတာက မိဘတစ်ယောက်က နောက်တခေါက်သူ့အစီအစဉ်နဲ့သူပြန်သွားပြီး အဲဒီတုန်းက ငယ်ရွယ်သေးတဲ့ သူ့သားနဲ့အတူ ဒီရှာတိတ်အပါအဝင် တချို့ကို အာမခံ ခေါ်ထုတ်လာတာပါ။ တဆက်ထဲ သားငယ်တို့က မကြာခင် အချုပ်ကနေထွက်ပြေးလာမှာ သိထားတဲ့အတွက် လမ်းခရီးမှာ ချိတ်ဆက်တွေ ထားပေးခဲ့ပါတယ်တဲ့။ အစိုးရဘက်ရောက်ရင် မဖမ်းမဆီးအောင် ဒုက္ခတွေ့နေတဲ့ ကျောင်းသားတွေ ရောက်လာရင် ကူညီအောင် စီစဉ်ပေးခဲ့ပါတယ်တဲ့၊ ခုဆို သားငယ်တို့လည်း ရောက်လောက်ပြီဆိုပြီး လာခဲ့တာပါတဲ့။ ဆရာမလည်း တော်တော်စိတ်ပူသွားချေပြီ။ ပြန်အဖမ်းခံရရင်တော့ သတ်မှာကျိန်းသေနေလေပြီ၊ ထိုရှာတိတ်က အာမခံပါတယ်။ သားငယ်တို့က ဒီတောလမ်းခရီးကို ကောင်းကောင်းကျွမ်းတယ်။ မျက်စေ့မလည်နိုင်၊ ဖြစ်နိုင်တာက မြို့ပေါ် ရောက်မှ မျက်စေ့လည်ပြီး တနေရာရောက်တာဖြစ်မယ်။ တောထဲကတော့ ကျိန်းသေလမ်းမပျောက်ပါဟု ဆိုပါတယ်။

ထိုအချိန် အန်ကယ်က နယ်ရောက်နေသည့်အတွက် ဖုန်းဆက်ခေါ်ပါတယ်။ အန်ကယ့်မှာ နယ်မိတ်ဆွေများစွာရှိပါတယ်။ နယ်လှည့်စာရင်းစစ်နေရသဖြင့် မရောက်ဖူးသည့်နယ်မရှိ အဆင်ပြေပါတယ်။ ကချင်ပြည်နယ်ရှိ နယ်ရုံးခွဲများကို သံကြိုးရိုက်၍ တဖုံ ၊ ဖုန်းဆက်၍တနည်း အကြောင်းကြားထားရာ မကြာမီ ဝန်းမော်မှာ အဖမ်းခံထားရတယ်လို့ မိတ်ဆွေတစ်ယောက်က သံကြိုးရိုက်ပါတယ်။ ကံတရားကား ဆန်းကျယ်လှပါတယ်။ အန်ကယ့်ထံမှ သိရတဲ့အချိန်မှာ ထိုလူနဲ့ သားငယ်တို့ ရုံးထုတ်စစ်တာနဲ့ ကြုံရခြင်းပါ။ တောခိုကျောင်းသားများ ဖမ်းမိတယ်လို့ သိရလို့ အန်ကယ့်သားလား မေးရာမှ " မင်းအဖေ စိတ်ပူနေတယ် ဦးလေး လှမ်းအကြောင်းကြားပေးမယ်" ဆိုကာ ဝမ်းသာအားရ လှမ်းပြောခြင်းပါ။

အထက်အဆင့်ဆင့် စာတင်ရင်း မိဘများ၏ တင်ပြမှုများကြောင့် နောက်ဆုံးတွင်တော့ မိဘရပ်ထံ ပြန်ရောက်ခဲ့ရချေပြီ။ ဆရာမ၏ နှလုံးသားတို့သည်လည်း ငြိမ်းချမ်းရချေပြီ။ သို့သော် စစ်အစိုးရ လက်အောက်တွင် ယုံကြည်ချက်ပြင်းထန်သော ကျောင်းသားသည် အဘယ်မှာ အေးအေးနေရပါမည်နည်း။ ၁၉၉၈ တခုသောရက်မှာ မေးစရာရှိ၍ ခဏဆိုကာ ခေါ်သွားရာ ဘယ်မှာမှ မေးမရတော့ဘဲ လအတော်ကြာမှ ထောင်ဝင်စာတွေ့သည့် လူတယောက်ကို အကူအညီ တောင်းပြီး ပြောခိုင်းလိုက်သဖြင့် မန္တလေးထောင်တွင် ရောက်နေတာ သိရတော့ပါတယ်။ နိုင်ငံရေးအမှုတွဲတစ်ခုဖြင့် ထောင် ၇ နှစ် ကျပါတော့ တယ်။ ဆရာမလည်း တောတွင်းအချုပ်ထောင်ကနေ မန္တလေးထောင် ကို သွားရပြန်ပါတယ်။ တလတခါသွားတွေ့ရင်း ၂ နှစ်အကြာ ပခုက္ကူ ထောင်ပြောင်းလိုက်တဲ့အတွက် ပိုပြီးဝေးလံစွာ သွားတွေ့ရပြန်ပါတယ်။ ၂၀၀၄ မှာတော့ သားငယ်ထောင်ကလွတ်မြောက်လာခဲ့ပါပြီ၊ သားငယ် အသက်လည်း ၄၀နား နီးလာချေပြီ။ ၂ နှစ်ခန့်အကြာမှာတော့ သူ့ကို ၁၈ နှစ်နီးပါး သစ္စာရှိစွာ စောင့်လာတဲ့ မိန်းကလေး အဲဒီအချိန်မှာတော့ အမျိုးသမီးကြီးနဲ့ လက်ထပ်လိုက်ပါတယ်။ ဆရာမတစ်ယောက် အဖေတူ သားလို့ မကြာခဏပြောတတ်တဲ့ သားငယ်အတွက် စိတ်အေးချမ်း နေတာကို ကြားသိနေရပါတယ်။

ကျမနဲ့ ဆရာမတို့လည်း လုပ်ငန်းတာဝန် မိသားစုတာဝန်တွေကြောင့် တနယ်တကျေးစီ ကွဲကွာနေခဲ့ကြပါတယ်။ မြောက်ပိုင်းဒေသမှ အရိုးတွင်း သံများ ဆောင်းပါးကို ဖတ်လိုက်ရတဲ့အခါမှာ ကျမရင်ထဲ ကျမချစ်တဲ့ ဆရာမရဲ့ သားအပေါ်ထားတဲ့ နှလုံးသားကို ပြင်းပြင်းထန်ထန် သတိရမိ ပါတယ်။ အကြောင်းအရာတွေဟာ ကိုယ်သိပြီးသားတွေဖြစ်ပါရက်နဲ့ နှလုံးသားတဆတ်ဆတ်တုန်အောင် ခံစားရပါတယ်၊ ဆရာမရော ဘယ်လိုနေပါလိမ့်။ သားငယ်နဲ့နီးနီးကပ်ကပ် မခွဲမခွာရှိနေပြီဖြစ်တဲ့ အတွက် နှလုံးသားတွေ ငြိမ်သက်နေပြီလား၊ အသက်အရွယ်၊ အတွေ့

အကြိုတွေကြောင့် ခံနိုင်ရည်ရှိပြီး အကြောင်းအရာတွေကို ဆုံးခန်းတိုင်အောင် ဖတ်နိုင်ပြီလား။ ဒါမှမဟုတ် လွန်ခဲ့တဲ့ အနှစ်(၂၀)။ အေးခဲနေတဲ့ ကချင်ပြည်နယ်ရဲ့ အအေးဒဏ်ကို အံတုရင်း ကျောင်းသားတပ်မတော်စခန်းဆီက ရဲခန်းအဖြစ်အပျက်တွေကို သတိရနေလေမလား၊ ခေါင်မိုးပေါ်က တစက်စက်စီးလာတဲ့ နှင်းရည်တွေဟာ မြေပေါ်မကျခင် တံစက်မြိတ်မှာ ခဲသွားပြီး အချောင်းလိုက်လေး တွဲကျနေတဲ့ မြင်ကွင်းကို ပြန်ပြောင်းသတိရနေလေမလား၊ ညဘက် အပေါ့အပါးထသွားချင်တဲ့အခါ ခေါင်းဖြတ်ခံထားရတဲ့ ကျောင်းသူလေးက ခေါင်းပြတ်ကြီးနဲ့ ချောက်တတ်တယ်ပြောကြလို့ ဟိုလူ့ လိုက်နှိုး ဒီလူ့လိုက်နှိုးပြီး သွားခဲ့ရတာတွေ သတိရနေလေမလား။

ရက်စက်လှတဲ့ လူမဆန်လှတဲ့ အဖြစ်တွေကို နှလုံးပျက်လုမတတ် ကြားခဲ့ရလို့ သိခဲ့ရလို့ ပြန်တောင်မတွေးချင်တော့ပါဘူး ဆိုတာတွေကို အဟောင်းတွေ အသစ်ဖြစ်ပြီး ဆရာမနှလုံးသားတွေ နာကျင်စွာခံစားနေလေမလား။ ဘယ်လိုပဲဖြစ်ဖြစ် သမိုင်းတစ်ပတ်လည်ပြီး ဖျောက်မရစွာ အမှန်တရားတွေ ဖော်ထုတ်နေပါပြီ။ မြောက်ပိုင်းဒေသမှ အရိုးတွန်သံများ ဆောင်းပါးလေးက သခင်သန်းထွန်းရဲ့နောက်ဆုံးနေ့များ စာအုပ်လိုပဲ သမိုင်းတွင်ပြီး၊ သင်ခန်းစာယူစရာ အဖြစ်အပျက်တွေဆိုတာကိုတော့ ဆရာမသိပြီး ကျေနပ်နေမယ်ဆိုတာ ဆရာမနှလုံးသားကို မှန်းဆ အဖြေရှာ သိနေပါတယ်။

-ရွှေစင်ဦး

( မောကွှစာမျက်နှာမှ ထပ်ဆင့်ကူးယူ ဖော်ပြပါသည်။

# ပါရောင်စခန်းမှ ဤသို့ ထွက်ပြေး လွတ်မြောက် ခဲ့ကြလေသည်

စက်တင်ဘာလ ၂၁၊ ၂၀၁၂

၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံအပြီး လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲရန် ကျောင်းသား လူငယ် များက မြန်မာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦးကို ဖွဲ့စည်း ခဲ့သည်။ မြန်မာနိုင်ငံ တောင်ပိုင်း(ဗဟို) ကို သောင်ရင်းမြစ် အရှေ့ဘက် ခြမ်းတွင် အခြေစိုက်ပြီး မြန်မာနိုင်ငံ မြောက်ပိုင်း (ဗဟို)ကို ကချင်ပြည်နယ် ပါရောင်ဒေသ တွင် အခြေစိုက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ကျောင်းသားတပ်ဖွဲ့ အတွင်း ယုံကြည်မှု ပျက်ပြယ်ကာ ကျောင်းသားရဲဘော် ၅၀ ကျော်တို့ ကို ထောက်လှမ်းရေး သူလျှိုများဟု စွပ်စွဲ၍ ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ဖြစ်စဉ်တွင် ညှဉ်းပန်း နှိပ်စက်ခြင်း ခံရသူများထဲမှ တစ်ဦးဖြစ်သူ ပန်းရှိုထိန်လင်းက ပါရောင်စခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ပုံကို မြန်မာအင်ဒီပဲန်ဒင့်သို့ ပြောကြားချက်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ကျွန်တော်တို့မှာ တန်းစီး သုံးယောက် ရှိတယ်။ အဲဒီသုံးယောက်ကလည်း ထောက်လှမ်းရေးလို့ သူတို့ ဝန်ခံထားတယ်။ သို့သော်လည်း စခန်းက သူတို့ကို နည်းနည်းတော့ ယုံကြည်တာပေါ့ဗျာ။ နောက်ပြီးတော့ ကိုဘိုဘိုတို့ ရှိတယ်။ မနန်းအောင်ထွေးကြည်တို့ ရှိတယ်။ သူတို့ မိဘတွေ လာပြီးတော့ သူတို့ကို ပြန်ထုတ် သွားကြတယ်။ ကျွန်တော်တို့ က စခန်းမှာ အားလုံး ၅၅ ယောက် ဒီအတိုင်း ကျန်ခဲ့တယ်။ ကျွန်တော်တို့ အားလုံး တတိတိနဲ့ သေတော့မယ့် အခြေအနေ မျိုးတော့ ရှိတယ်။ ခေါ်ပြီးတော့ စစ်ဆေးလိုက် သူတို့စိတ်ထဲမှာ မထင်ရင် သတ်လိုက်၊ အဲဒီလို အခြေအနေမျိုး ဖြစ်နေတယ်။ ကျွန်တော်တို့ စိတ်ထဲမှာ မျှော်လင့်တာက ဖြေရှင်းပြီးတော့ ပြေလည် သွားမလားလို့၊ မဖြစ်နိုင်ပေမယ့် မျှော်လင့်မိတယ်။ နောက်ဆုံး ကျတော့ ဒါဟာ မဖြစ်နိုင်တော့ဘူး။ ကျွန်တော် ပြောတဲ့ နှစ်ယောက်က စစ်ရေး အတွေ့အကြုံ
ရှိတယ်။ အရင် ကျောင်းသား တပ်ဖွဲ့ တုန်းကလည်း ဖိုက်တာတွေပဲ။ အဲဒီလို အခြေအနေမျိုးမှာ သူတို့တွေ က ထွက်ပြေးဖို့ စပြီးတော့ စဉ်းစား မိတယ်။ ကျွန်တော်တို့လည်း အဲဒီ အစီအစဉ်ကို နောက်ပိုင်းကျမှ တဖြည်းဖြည်းနဲ့ သိလာတယ်။ တချို့လူတွေ ကလည်း မသိဘူးပေါ့။

ထွက်ပြေးကြမယ့် နေ့နဲ့ ထွက်ပြေးမယ့် အချိန်တွေကို တိုင်ပင်ကြတယ်။ ရိက္ခာတွေ စုတာတွေ လုပ်ကြ တယ်၊ လက်နက်တွေ ဘာတွေ စုကြတယ်။ ကျွန်တော်တို့က အလုပ်လုပ်ရတော့ ဓားတို့၊ လှံတို့ ရှိတယ်။ အဲဒီအချိန်တွေမှာ ဘာဖြစ်သလဲဆိုတော့ ကိုထွန်းအောင်ကျော် တို့ကို သတ်ပြီးတဲ့ နောက်ပိုင်း စခန်းထဲမှာ အခြေအနေက နည်းနည်း ပျော့ပျောင်း လာတယ်။ လုံခြုံရေးတွေ၊ ဘာတွေကလည်း နည်းနည်း လျော့ လာတယ်။ လုံခြုံရေးတွေက

ရိုက်တဲ့အခါကျတော့လည်း ရိုက်ပေါ့။ တစ်ခါတလေ ကျတော့လည်း သူငယ် ချင်းတွေလို ဖြစ်တဲ့အခါ ဖြစ်ပေါ့။ ကျွန်တော်တို့ခြေထောက်မှာ ခတ်ထားတဲ့ သံကြိုးတွေကို အိပ်ခါနီး တိုင်း မှာ သံကြိုးတွေ ခိုင်ခံ့မှု ရှိ၊ မရှိ လက်တွေမှာ ချည်ထားတဲ့ကြိုးတွေ ခိုင်ခံ့မှုရှိ၊ မရှိကို တန်းစီးတွေက လိုက် စစ်ရ တဲ့ လုပ်ငန်းစဉ် ရှိတယ်။ သံကြိုးတွေ လျော့နေရင်လည်း တန်းစီးတွေက သိပ်မစစ်တော့ ဘူး။ ခြေထောက်တွေမှာ ခတ်ထားတဲ့ သော့တွေကို တောထဲ သွားရင်းနဲ့ ဖြုတ်ပေးထား ခဲ့တယ်။ လူ ၂၀ လောက်က ထွက်ပြေးမယ့် အစီအစဉ်ကို သိနေပြီ။ အချုပ်ထဲမှာက မိန်းကလေး နှစ်ယောက်ရှိတယ်။ သူတို့တွေက ချက်ရေး၊ ပြုတ်ရေးတွေကို လုပ်ကိုင်နေရင်းနဲ့ ထွက်ပြေးတဲ့အခါမှာ စားရေး သောက်ရေး အတွက် ရိက္ခာတွေကို ဝှက်ပေး ထားကြတယ်။ ကျွန်တော်တို့ တစ်တွေက ညဘက် ကင်းချိန်းတဲ့ အချိန်မှာ ထွက်ပြေးဖို့ စီစဉ်ထားတယ်။ ဘာကြောင့်လည်း ဆိုတော့ ညဘက် ၁၂ နာရီမှာ ဆီးတစ်ခါပဲသွားရတယ်။ တန်းစီးတွေက ဆီးသွားချင်တဲ့ ကောင်တွေထ ဆိုမှ တန်းစီပြီး ထရတယ်။ အိပ်ချိန်ပေးတဲ့အခါမှာ မအိပ် ဘဲ နေတဲ့သူတွေကို တန်းစီးတွေက ထုတာရိုက်တာ ရှိတယ်။ ဆီးသွားမယ့် အချိန်ကျရင် ကိုယ်အိပ် တဲ့ နေ ရာဘေးမှာ ပုလင်းချထားတယ်။ ဂလူးကို့စ် ပုလင်းတွေပေါ့။ အဲဒီ ပုလင်းတွေ ထဲကို ပေါက်ချပြီးမှ ပုံးထဲကို သွားသွန်ရတယ်။ ဆီးသွားဖို့ ပုလင်းမရှိဘူး အခက်အခဲ ဖြစ်တယ် ဆိုရင် လိုအပ်တဲ့ပုလင်းတို့၊ ဘာတို့ ယူဖို့ တန်းစီးတွေကပဲ သွားလို့လာလို့ ရတယ်။ အဲဒီ တန်းစီး သုံးယောက်ကပဲ အခရာကျတယ်။ အဲဒီတန်းစီး သုံးယောက် မပါဘဲ ထွက်ပြေးလို့ မရဘူး။  အဲဒီ သုံးယောက် စလုံးက ခန္ဓာကိုယ် တော်တော် တောင့် တင်းတယ်။ သူတို့က အဖမ်းခံထားရတဲ့ အချိန်ကလည်း နည်းတယ်။ နောက်ဆုံးမှ ဖမ်းတာ။ အခုလို ပြေး မယ့် အခြေအနေမျိုးမှာ သူတို့သုံးယောက် ပါလို့သာ ပြေးလို့ ရတာ။ စစ်ရေးအမြင်လည်း သူတို့ တော်တော် ရှိတယ်။ စစ်ပွဲ အတွေ့အကြုံတွေ သူတို့မှာ ရှိတယ်။ ပြေးမယ့်နေ့ ည ကျွန်တော်တို့ကို အိပ်ချိန်ပေး ထား တဲ့အချိန်မှာ သူတို့တွေကပဲ လက်နက်တွေ၊ ပစ္စည်းတွေကို ရှာဖွေ စုဆောင်း တယ်။ နောက်ပြီးတော့ ခြေထောက်တွေ၊ လက်တွေမှာ ချည်ထားတဲ့ကြိုးတွေ ကိုလည်း မစစ်တော့ ဘဲနဲ့ လျော့ပေး ထားတယ်။  ညအိပ်ပြီ ဆိုကတည်းကိုက ထွက်ပြေးမယ်လို့ သိထားတဲ့ သူတွေက သူတို့ရဲ့ကြိုးတွေ ဖြည်ထားပြီးသား။

ပြေးမယ့်သူတွေ အားလုံးမှာ သဘောတူညီချက် တစ်ခုရှိတယ်။ ဘာလဲဆိုတော့ မပြေးနိုင်တဲ့သူ၊ မထနိုင်တဲ့ သူတွေကို အရင်ဆုံး ခေါ်ထုတ်သွားမယ်။ အဲဒီလူတွေ မကုန်ဘဲနဲ့ ထတဲ့သူ ရှိရင် အဲဒီသူကို ဓားနဲ့ခုတ်ပြီး အပြတ်ရှင်းဖို့ တိုင်ပင်ထားပြီးသား။ နောက်တစ်ခုက ဘယ်သူမှ အသံ ထွက်လို့ မရဘူး။ ပြေးဖို့ အသိပေး မယ်။ ဒါပေမယ့် အသံ လုံးဝ ထွက်လို့မရဘူး။ အဲဒါက ပထမဆုံး ပေးထားတဲ့ (Message)ပဲ။ အသံ လုံးဝ ထွက်လို့ မရဘူး။ ဘာကြောင့်လဲ ဆိုတော့ အဆောင်တွေက တစ်ခုနဲ့ တစ်ခု အရမ်း နီးကပ်နေတယ်။ စခန်းရဲ့ အလယ်ခေါင်မှာက မီးဖိုရှိတယ်။ အဲဒီနေ့ညမှာက ကိုအောင်နိုင်ဆိုတဲ့ ကင်းသမားက တာဝန် ကျတယ်။ ကျွန်တော်တို့ အားလုံးလည်း ဓား၊ လက်နက်တွေ ကိုယ်စီ ဆောင်ထားပြီးတော့ ဘယ်အချိန် မှာ ထွက်မယ်။ ဘာလုပ်မယ် ဆိုတာကို ညှိပြီးသား ဖြစ်နေပြီ။ တန်းစီးတွေကလည်း သိတယ်။ ကံကောင်းတာက အဲဒီညက မိုးက အရမ်းရွာတယ်။ တန်းစီး နှစ်ယောက်ကတော့ အဲဒီအဆောင် ရှိတဲ့နေ

ရာအထိ သွားလို့ရတယ်။ သတ်မှတ်ချိန် ကျလို့ တန်းစီး နှစ်ယောက်က အစောင့်ရှိတဲ့ နေရာကို သွားပြီး ကင်းစောင့်နေတဲ့လူကို တစ်ယောက်က လည်မြိုကို ဓားနဲ့ ထောက်ထားပြီး ကျန်တဲ့တစ်ယောက်က အစောင့် ကိုင်ထားတဲ့ ဂျီဖိုးသေနတ် ကို ဆွဲယူလိုက်တယ်။ တန်းစီး နှစ်ယောက်စလုံးဟာ တကယ့်ကို သတ္တိရှိပြီး လုပ်နိုင် ကိုင်နိုင်တဲ့သူ တွေပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့က အိပ်ယာထပြီးတော့ အဆင်သင့် ထိုင်စောင့်နေကြပြီ။ တန်းစီး နှစ်ယောက်က ကြိုးပါ တစ်ခါတည်း ယူသွားပြီး အစောင့်ကို သူထိုင်နေတဲ့ ခုံနဲ့ပေါင်းပြီး ကြိုးတုတ်လိုက်တယ်။ ပါးစပ်ထဲကို အဝတ်တွေ ထည့်ပြီး စည်းထားလိုက်တယ်။ ကျွန်တော်တို့ အချုပ်ထဲမှာ ကျန်တဲ့ သူတွေက အိပ်နေတဲ့ သူတွေကို နိုးရတယ်။ နိုးတဲ့ နေရာ မှာလည်း စောစော က ပြော ခဲ့သလို နားနားကိုကပ် ပြီးထလို့ပဲ ပြောရတယ်။ လည်ပင်း ကို ဓားနဲ့ထောက်ထားရတယ်။ ဘာကြောင့်လဲဆိုတော့ အော်မှာစိုးလို့ ကျွန်တော်တို့အားလုံး ဆွဲထားတဲ့ အစီအစဉ်အရ အဲဒီလို လုပ်ရ တယ်။ အိပ်နေတဲ့သူတွေက ထောင်ဖောက် နေတာကို သိပြီး ပြူးပြူးပျာပျာနဲ့ ထအော်လိုက်မှာ စိုးလို့။ နောက်ပြီး တော့ မျက်လုံးတွေကိုလည်း စည်းထားတဲ့ အခါကျတော့ နားနားကိုကပ် ပြီးပြောနေ ရတာ။ နောက်တော့ စည်းထားတဲ့ မျက်လုံးအဝတ်စတွေ ကို ဖြတ်ထုတ်လိုက်တယ်။ တချို့ ကလည်း လှုပ်လှုပ်ရွရွနဲ့ ဆိုတော့ စိုးရိမ်တာပေါ့။

ကျွန်တော်တို့ကလည်း အားလုံးကို ထိုင်ခိုင်းထားပြီး သူတို့ရဲ့ ခေါင်းတွေပေါ်မှာ ဓားတွေကို မိုးထားရတယ်။ အရင်ဆုံး မိန်းကလေးတွေနဲ့ လမ်းမလျှောက် နိုင်တဲ့သူတွေကို စခန်းနဲ့ လွတ်တဲ့နေရာကို အရင်သွား ထားရ တယ်။ ကျန်တဲ့လူတွေ ကိုတော့ လုံးဝမထခိုင်းဘဲ ထိုင်ခိုင်းထားပါ တယ်။အပြင်ကို တစ်ယောက်ချင်း ထွက် ရ မယ့် အခြေအနေပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ အဆောင်တွေက တစ်ခုနဲ့တစ်ခု အရမ်းကပ်နေတယ်။ တချို့လူတွေဆိုရင် အိပ်ပျော်နေတော့ သူ့အနားကို ကပ်ပြီး ထ... ထလို့ ပြောတော့ လန့်ပြီးတော့ ကျွန်တော် ကိုမသတ်ပါနဲ့ဗျာ.... ကျွန်တော့်ကို မသတ်ပါနဲ့ဗျာလို့ လန့်ပြီးပြောတယ်။ အိပ်ယာက မထဘူး။ အဲဒါမျိုးတွေ လည်း ရှိခဲ့တယ်။ နောက်တော့ ခပ်ပြင်းပြင်းလေး ဓားနဲ့ထောက်ပြီး နားနားကို ကပ်ပြီး ပြော ရတယ်။ ပြီးတော့ မျက်လုံးမှာ စည်းထားတဲ့ အဝတ်ကို ဖြေပေးလိုက်ရတယ်။ အဲဒီတော့မှ သူလည်း ထွက်ပြေးရတော့မယ်ဆိုတာကိုသိလိုက်ရတယ်။ နေရာက ကေအိုင်အေတပ်နဲ့ ကျောင်းသားတပ်ကြားပေါ့ဗျာ။ ဒီနေရာတွေက သူတို့လည်း ကျွမ်းတယ်။ ကိုယ်လည်း ကျွမ်းတယ်။အားလုံး အဲဒီလမ်းကြားလေးက ပဲ ပြေးကြရ တယ်။ (ရှားပော်ဘာရီ) ရွာကိုဆင်းတယ်။ ကျွန်တော်တို့ အပြင်လည်း ရောက်ရော မိုးက သည်းကြီး မည်းကြီး ရွာတာ။ စခန်းမှာလည်း တစ်ယောက်မှ မကျန်ခဲ့ဘူး။ အကုန်ပြေးကြတာ။ တစ်ယောက်နဲ့ တစ်ယောက် ထိန်းပြီးတော့ ပြေးကြတာ။ သူတို့ သိသွားတဲ့အချိန်က အရမ်း နောက်ကျနေပြီ။ ကျွန်တော်တို့ နောက်ပိုင်း ပြန်ကြားရတာကတော့ သူတို့လည်း ကျွန်တော်တို့ နောက်ကို လိုက်တယ်။ ဒါပေမယ့် အရမ်းနောက်ကျနေပြီ။ ဘာကြောင့်လဲ ဆိုတော့ စောင့်နေတဲ့ ကင်းသမား အိပ်ဖို့ပြန်သွားမှ နောက်လူက ကင်းလာစောင့်မှာလေ။ ပထမ ကင်းသ မား ကို ကြိုးတုပ်ထားခဲ့တော့ အဲဒီလူ အိပ်ဖို့ မသွား မချင်း ဒုတိယလူက အိပ်ပျော်နေတော့ မလာဘူးပေါ့။ အဲဒါနဲ့ အချိန်တွေ တော်တော်ကြာသွားတယ်။ ကျွန်တော်တို့

အတွက်လည်း ပြေးဖို့ အချိန်တွေ အများကြီး ရသွားတယ်။ စခန်းမှာရှိတဲ့ အလံတိုင်မှာ အလံတင်ဖို့ တစ်ယောက်ရောက်လာမှ အဖြစ်အပျက်ကို တွေ့ ရတယ်။ အဲဒီမှာတင်ပဲ သူတို့လည်း ကျွန်တော်တို့ နောက်ကို အတင်းလိုက်ကြတယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ ကျွန်တော် တို့ကလည်း လမ်းမအတိုင်း မပြေးဘူး။ လယ်ကွက်တွေထဲက ပတ်ပြီး ပြေးကြတယ်။ တောနက်ထဲက ပြေးကြတယ်။ လျှိုကြီးတွေကို ဖြတ်ပြီးတော့ပြေးကြတယ်။ ခရီးတော့ သိပ်မတွင် ဘူးပေါ့။ သူတို့ကလည်း လိုက်တယ်။ ဒါပေမယ့် လမ်းလွဲသွားတယ်။ သူတို့ထင်တာ က မြန်မာစစ်တပ် ရှိတဲ့စခန်းကို တက်မယ်လို့ ထင်တာ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကောင်တွေ က ထောက် လှမ်းရေးတွေ ဆိုတော့ စစ်တပ်ထဲကိုပဲ ပြေးလိမ့် မယ်လို့ သူတို့ထင်တယ်။ သူတို့ ထဲက တစ်ဖွဲ့ကတော့ တရုတ်ပြည်ထဲကို ဆင်းလိုက်ကြတယ်။ အဲဒီ အဖွဲ့တွေ ကတော့ ဘာလုပ်သလဲဆိုတော့ သေနတ်ဒင်တွေ ကို ဖြတ်ပြီး သူတို့ဝတ်ထားတဲ့ ကုတ်အင်္ကျီ အရှည်ထဲမှာ ဝှက်ပြီး လိုက်ရှာကြတယ်။

ကျွန်တော်တို့ဆီမှာ ကင်းသမားဆီက ယူလာတဲ့ သေနတ်တော့ ပါတယ်။  ဒါပေမယ့် လုံလောက်တဲ့ လက်နက်တော့ မဟုတ်ဘူးပေါ့။ ကျွန်တော်တို့ကို ခေါ်ထုတ်တဲ့ တန်းစီးက အဲဒီ လက်နက်ကို သူ ကိုင်ထား တယ်။ ဘာကြောင့်လဲ ဆိုတော့ လက်နက်ကိုင်တာက သူက ကျွမ်းကျင်တယ်။ နောက်ဆုံးကနေပြီး သူက လိုက်ပေးတယ်။ တရုတ်ပြည်ထဲကို ဝင်ပြီး လိုက်တဲ့သူတွေက ဘာဖြစ်သလဲဆိုတော့ တရုတ်ရဲက သူတို့ကို မသင်္ကာဘူး။ သူတို့က မြို့ထဲကနေ ဖြတ်တာ။ သူတို့ကို တရုတ်ရဲက မသင်္ကာလို့ ဖမ်းပြီးတော့ လက် နက်တွေ ကို သိမ်းပြီး သူတို့ကို မြန်မာပြည်ထဲကို ပြန်လွှတ်လိုက်တယ်။ ကျွန်တော်တို့ ထွက်ပြေးသွားတဲ့ အချိန်မှာတော့ ကိုမိုးကြီးတို့က အကျယ်ချုပ်နဲ့ နေရတဲ့အချိန်ပေါ့။ အဲဒါတော့ ကိုမိုးကြီး ပြောပြပါဦး။

ဆက်လက်ဖော်ပြပါမည်။

http://www.myanmarij.com/?p=5702&fb_action_ids=467208453314077&fb_action_types=og.likes&fb_source=other_multiline&action_object_map={%22467208453314077%22%3A229563273837128}&action_type_map={%22467208453314077%22%3A%22og.likes%22}&action_ref_map=[

# စဉ်းစားစေချင်တယ် ဒေါက်တာ နိုင်အောင် ( ABSDF ဥက္ကဋ္ဌဟောင်း)

by Nang Aung Htwe Kyi on Wednesday, March 28, 2012 at 8:02pm ·

ကိုနိုင်အောင်ရဲ့ ဩဂုတ်လ ၁၉၉၁ ခုနှစ်မှ မေလ ၁၉၉၂ ခုနှစ် အထိ ABSDF-NB မှာ ဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများ ၊ကျောင်းသားအချင်းချင်း ရက်စက်စွာ ခေါင်းဖြတ် သတ်မှုများကို ခပ်ပေါ့ပေါ့ ခပ်ပါးပါးလွှာလွှာလေးရှင်းပြသုံးသပ်ပြီး အနူးအညွှတ်တောင်းပန် အပ်ပါသည် ဆိုတာကိုဖတ်မိပြီး ရသမျိုးစုံ ခံစားလိုက်ရပါတယ်။

ဟာသရသတပုဒ်ဖတ်လိုက်ရသလို အော်ဟစ်ပြီးရီလိုက်ရမှာလား ၊ ဒေါသဘဲထွက် လိုက်ရမှာလား ၊ ဒါမှမဟုတ် ကျေးဇူးရှင် ကြီးရှင့် ဆိုပြီးထိုင်ကန်တော့လိုက်ရမှာလား .. တပြိုင်နက် ခံစားမှုပေးနိုင်တဲ့ ဖြေရှင်းချက်ကိုဖတ်လိုက်ရပါတယ်။ တော်ပါပေတယ် ဒေါက်တာနိုင်အောင်ရယ် ၊ ဘယ်အချက်ကနေ စပြီးပြောရရင်ကောင်းမလဲ ။ နှစ်ပေါင်း ၂၀ ဆိုတော့ပြောစရာတွေ မေးစရာတွေများလှပေါ့ ။ " ဖမ်းဆီးစစ်ဆေးခံရမှုများ၌ လူသားဆန်မှု ကင်းမဲ့စေသည့်လူ့အခွင့်အရေး ချိုးဖေါက်မှုများရှိမရှိ " ဆိုတဲ့အချက်ကို စပြီး မေးခြင်ပါတယ် ။

(၁) ၁၉၉၂ ခုနှစ် ဖေဖေါ်ဝါရီ ၁၂ ပြည်ထောင်စုနေ့မှာ ကျောင်းသား ၁၅ ဦးကို ရက်စက်စွာခေါင်းဖြတ်သတ်တယ် ။ မခင်ချိုဦးကို မသတ်ခင်အဝတ်အစားချွတ်ပြစ်ပြီးမှ သတ်တာဖြစ်တယ် ။

(၂) အသတ်မခံရဘဲ ကျန်ရှိနေတဲ့ ကျောင်းသား တွေမှာ နည်းမျိုးစုံနဲ့ နှိပ်စက်ခံထားရတဲ့ ဒဏ်ရာဒဏ်ချက်တွေ ၊ ကျမ ကိုယ်တိုင်မှာတောင်လက်ကို ဒါးနဲ့ လှီးတဲ့ဒဏ်ရာ ၊ နှစ် ၂၀ ဆိုပေမဲ့ကျန် ရှိ နေပါသေးတယ် ။

( အဖမ်းမခံရတဲ့ မျက်မြင်သက်သေ တွေနဲ့ အဲ့ဒီ ၂ ချက် လေးနဲ့တင် လူ့အခွင့်အရေး ချိုးဖေါက် မှု့ အထမြောက်မမြောက် )အကုန်ရေးပြနေရင် ပြီးနိုင်မှာမဟုတ်လို့ပါ ။

လွန်ခဲ့တဲ့ ၂၀ နှစ်က ABSDF-NB တာဝန်ရှိခေါင်းဆောင်ပိုင်းမှ ကျောင်းသား ၈၀၀ မှာထောက်လှမ်းရေး ၈၀ ဖမ်း ခဲ့ပြီး ၁၅ ဦး ကိုသတ်ခဲ့တယ်လို့ ယိုးဒယားသတင်းထောက်ယင်ဒီး ကို ပြောခဲ့ပါတယ် ။ ထိုအချိန်က ကျောင်းသားအင်အား ၄၀၀ ပတ်ဝန်းကျင်သာရှိခဲ့တယ်။ သိသလောက် ပြောရရင်

စုစုပေါင်း ရက်ရက်စက်စက် ခုတ်သတ်တာ ၁၈ ဦး ။

လူမဆန်တဲ့ ညှင်းပမ်း နှိပ်စက်မှုဒဏ်တွေနဲ့ ကျဆုံးခဲ့တာ ၁၄ ဦး ။

မျိုးဝင်းသဘောနဲ့ ထောင်က လွှတ်ပေးလိုက်တာ ၂ ဦး ။

စစ်ကြောရေး ကာလမှာ ထွက်ပြေးလွတ်မြောက် သွားတာ စုစုပေါင်း ၄ ဦး ။

မိဘတွေ တောထဲလာပြီး ငိုပြီး တောင်းပန်ကြလို့ လွှတ်ခဲ့တာ ၇ ဦး ။

ထောင်ဖောက် ထွက်ပြေး လွတ်မြောက် ခဲ့တာ ၅၅ ဦး ၊ နှိပ်စက်ခံရတဲ့ ဒဏ်ရာတွေကြောင့် လမ်းမှာ ၁ ဦး သေခဲ့တယ် ။

ဆိုတော့စုစုပေါင်း ဖမ်းတာ ၁၀၀ ဦး ရှိတယ် ။

( လိုအပ်တဲ့ စာရင်းရှိရင် message မှာထားခဲ့ပါ ၊ ဒီစာရင်းဟာ ဒီအမှု တခုထဲရဲ့ စာရင်း ပါ ၊ မြတ်ကိုကို တို့ လွှမ်းမိုးတို့မပါသေးပါ ။ )

ကမ္ဘာ ကိုပထမ ဆုံး တင်ပြခဲ့တဲ့ Nation သတင်းစာမှာ ၁၅ ဦး ဘဲ သေဆုံးစာရင်း ပါတော့ ကျန်တဲ့ စစ်မှန်တဲ့ ကျောင်းသားသ မိုင်း ရိုက်ချိုး အသတ်ခံခဲ့ရတဲ့ ၁၈ ဦး က စာရင်းပျောက် အင်းပျောက် အလုပ်ခံ လိုက်ရပါလား ။ ဆိုတော့ ဒီလို လိမ်ညာပြီး လိုတိုး ပိုလျှော့ မမှန်ကန်တဲ့ သေဆုံးစာရင်း တွေ ဖမ်းဆီးတဲ့ စာရင်းလိမ် တွေကိုကော ဘယ်လိုကုလားဖန်ထိုး ဆင်ခြေပေးကြမလဲ ။ မြောက်ပိုင်း ကိစ္စသတ် ဖြတ်မှုတွေကို ထောက်ခံတာဝန် ယူ လက်မှတ်ထိုး ခဲ့တဲ့ ABSDF ဥက္ကဋ္ဌ ဟောင်း မို့လို့မေးလိုက်တာပါ ။

ကိုနိုင်အောင်ရဲ့ရှင်းလင်းချက်မှာဦးစိုင်းထွန်း၏

မေတ္တာရပ်ခံချက်အရငှင်း၏တူမဖြစ်သူနန်းအောင်ထွေးကြည်ကိုပြန်လွှတ်ပေးခဲ့ပြီးငှင်းနှင့်အတူတပါတည်းထည့်ပေးလိုက်ရန် မြောက်ပိုင်းဗဟိုနှင့် ညှိနှိုင်းခဲ့ပါသည် " ဆိုတဲ့အချက်မှာ ..

ကိုနိုင်အောင်ရေ .. အသားလွတ်ကြီး မျက်နှာပြောင်တိုက်ပြီး လူစွမ်းကောင်း လုပ်လိုက်ပြန်ပြီလားနော် ။ အံ့ပါရဲ့ ။ ကျေးဇူးတင်ပါတယ်ရှင့် ဆိုပြီးထိုင် ကန်တော့တာ ခံခြင်တယ်ထင်တယ် ။ ဟုတ်လား ။ ကျမအမေက ရော်နယ်အောင်နိုင်ရှေ့မှာ ဒူးထောက်ထိုင်ချပြီး တောင်းပန်ခဲ့ လိုက်ရတယ် ။ အားလုံး သိအောင် ပြောပြမယ်နော် ။

(၁) ၁၂ . ၂ . ၁၉၉၂ မှာ ၁၅ ဦး ကို ရက်စက်စွာ ခေါင်း ဖြတ်သတ်တယ် ။

(၂) ၁၃ . ၂ . ၁၉၉၂ မှာ NATION သတင်းထောက် ယင်ဒီး နဲ့ ကျမအပါအဝင် ၅ ဦး ကိုတွေ့ခိုင်းတယ် ။

(၃) ၁၉ . ၂ . ၁၉၉၂ မှာ မျိုးဝင်း ကမိဘတွေဆီ စာရေးခိုင်းလို့ ကိုမောင်မောင်မှတဆင့် ကျမတို့ (ရ) ဦး စာရေး ခဲ့ကြရတယ် ။အဲ့ဒီညမှာစိုးဝင်းသန်းကိုခေါင်းဖြတ်သတ်ခဲ့ပြန်တယ်။

(၄) ၁၉ . ၃ . ၁၉၉၂ မှာ မိဘ (ရ) ဦးအဖွဲ့ရောက် လာတယ် ။

(၅) ၂၀ . ၃ . ၁၉၉၂ မှာ အမေ နဲ့တွေ့ခွင့် ရခဲ့တယ် ။ ဒါပေမဲ့ မိဘနဲ့ပြန်ထည့်ပေးမဲ့ ဂတိဖျက်တယ် ။ကျမအမေက

ရော်နယ်အောင်နိုင်ကို ဒူးထောက်တောင်းပန် ၊ အမေတွေအားလုံးလဲ ပြောဆို တောင်းပန် ကြတော့မှ ....

(၆) ၂၄ . ၃. ၁၉၉၂ မှာ ကျမတို့ (၅) ဦး ABSDF-NB ရဲ့ထောင် မှ လွတ်မြောက် ခဲ့တာ ဖြစ်ပါတယ် ။

ကျမတို့ (၅)ဦး ထောင်ကလွတ် တဲ့အချိန် မှာ ABSDF-NB ထောင်တွင်းမှာ ကျောင်းသား (၅၅) ဦးကတော့ သံခြေကွင်းတွေနဲ့ သံကွင်း စွတ်မင်းသားများအဖြစ်နဲ့ ဆက်လက် အကျဉ်းကျခံနေရစဲပါ ။

ကိုနိုင်အောင် နဲ့ ပီထွန်းနဲ့ ABSDF-NB ကိုရောက်တာ ၁၉၉၂ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ ဆိုတော့ အသလွတ် နာမည်ကောင်း လက်မှတ် အတင်းဝင်ယူ နေပုံက ရီစရာကောင်း နေရောနော် ။ကျမတို့ရဲ့ မိဘတွေ ကိုသနားပါဦးလေ ကိုနိုင်အောင်ရေ ။

မတရားသဖြင့် ခံထားခဲ့ရတာ နှစ် ၂၀ ကျော်ရှိခဲ့ပါပြီ ။ ကိုယ်ချင်းစာနာစိတ်လေးများ ရှိပေးပါ ။

ပီထွန်းနဲ့ကျမနဲ့တွေ့တဲ့အချိန်မှာ ကျမထောင်ကလွတ်ပြီး ကျောင်းသား ရဲမေပြန်ဖြစ်နေပြီ ။ ကျမမှတ်မိတာပေါ့။ ကိုနိုင်အောင်က ကျမကို မေးမြန်းတယ်ဆိုတာ ဘာများမေးမြန်းလိုက်လို့လဲ၊ မြင်သာမြင်လိုက်တာပါ ။ ကျမစကားတစ်လုံးတောင် မပြောလိုက်ပါဘူး။ ပီထွန်းနဲ့သာ ရှမ်းဘာသာစကားနဲ့ ပြောသင့်ပြောထိုက်တာ ပြောပြီး ကျမအဆောင်ကို ပြန်သွားခဲ့တာပါ။ အော် ပီ ဆိုတာ ရှမ်းလိုခေါ်လိုက်တာ ဗမာလို ဘာသာပြန်ရင် အကိုလို့ခေါ်ပါတယ်။

ကိုနိုင်အောင်တို့ နားလည်အောင်လို့ပါ။

" မှန်သည်ဖြစ်စေ။ မှားသည်ဖြစ်စေ၊ အမှန်တကယ် သူလျှိုဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ " ကျမတို့အားလုံးရဲ့ ဒေါသတွေကို ကိုနိုင်အောင်လိုက်ထိုးဆွနေတာလား။ အယောက် ၁၈၈ ဟာ ကျောင်းသားတွေပါဆိုတာကို လက်မခံပဲ မျက်စေ့မှိတ်၊ နားပိတ်ပြီး ဖွတ်ပြောနေကြတုန်းလား။

မတရားနှိပ်စက်ကြတာ၊ မခံမရပ်နိုင်အောင် နှိပ်စက်ကြတာ။ ကိုနိုင်အောင်ကို ကျမခံခဲ့ ရသလို Electric Shock ၂ လုံး မပေးဘူးလေ ။တစ်လုံးပဲပေးမယ်။ ဘယ်လိုလဲ ကိုနိုင်အောင် (၇) လမဟုတ်ဘူး ။ တစ်ညပဲ။

ကျမလိုချင်တဲ့ အဖြေကို ရအောင်တောင်းပြမယ်။ ကိုနိုင်အောင် ကျမတို့ အယောက် ၁၈၈ ခံစားခဲ့ရသလို ခံစားခဲ့ဘူးလား။ စဉ်းစားကြည့်ပါ ။

ကျမတို့ကို နှိပ်စက်ပုံက သူတို့လိုချင်တဲ့ အဖြေရရင်ရ မရရင်ကြွ ။ အဖြူရောင်ပြပြီး ဟော့ကောင်ဖြေစမ်း ဒါအမဲလို့၊ အမဲလို့ မပြောမချင်း ကျမတို့ကို shock ရိုက် နှိပ်စက်၊ အမဲလို့ မဖြေလဲရတယ်။ မဖြေနဲ့။ သေလိုက်။ အတည်ပြောနေတာ။ သဘောပေါက်တယ်နော် ။

အမဲပါလို့ မပြောပဲ သေသွားတဲ့သူတွေရှိတယ်။ မဲလိုက်ဖြူလိုက် ပြောပြီးသေသွားတဲ့သူတွေရှိတယ်။

စစ်ချက်တွေနဲ့ ရိုက်ထားတဲ့ ဗွီဒီယို အခွေ ဖြန့်ချီလိုက်ပါ ကိုနိုင်အောင်။ မြောက်ပိုင်းအနှစ်နှစ်ဆယ် အထိမ်းအမှတ်မှာ ပြောခဲ့ပြီပဲ၊ စစ်ချက်နဲ့ ဗွီဒီယို ချပြပါလို့ ။ ကျမတို့ အယောက် ၁၀၀ ဆီက ယူထားတဲ့ တစ်ယောက်ကို တစ်ယောက် နင်ထောက်လှမ်းရေး။ သူလဲထောက်လှမ်းရေးဆိုပြီး စွဲဆိုထားခဲ့ရတဲ့ စစ်ချက်တွေ။

စကားပြောစက်က သူ့ဆီမှာ၊ အဆိပ်က ဟိုလူ့ဆီမှာ ဆိုတဲ့ စစ်ချက်တွေ၊ ဗွီဒီယိုတွေ ကိုနိုင်အောင်တို့ ဖျက်ဆီးဖျောက်ဖျက်လိုက်ပြီလား၊ မဖျက်ဆီးပြစ် သေးဘူးဆိုရင် တတိုင်းပြည်လုံးသိအောင်ပါ။

အဖြူကို အမဲဖြစ်အောင်။ အမဲပါလို့ မပြောပြောအောင် နှိပ်စက်ညှင်းပန်းပြီး ရထားတဲ့ ထွက်ချက်တွေကို နိုင်လုံတဲ့အထောက်အထားတွေပါဆိုရင် အခုချက်ချင်းချပြပါ။

တချို့စစ်ချက်ဆိုရင် စစ်ချက်အပေါ်မှာ သွေးတွေနဲ့နော် ကိုနိုင်အောင်၊ သွေးစက်တွေ ပေနေတဲ့ စစ်ချက်ကို ချပြလိုက်ပါ။ တောင်ပိုင်းမှာ ဒီစစ်ချက်တွေနဲ့ ဗွီဒီယိုအခွေ မရှိဘူး မပြောပါနဲ့။ယုံကြည်ဖို့ ခက်တယ် ။

ကျမတို့အယောက် ၁၀၀ လုံး တစ်ယောက်ကို တစ်ယောက် ကျနော်/ကျမတို့ရဲ့ ထောက်လှမ်းရေး ကွင်းဆက်တွေဟာ သူတို့ပါ .... ဟုတ်ပါတယ် ..... သူလဲပါပါတယ် .... သူကတော့ဖြင့် ဗိုလ်ကြီးပါ။ ဗိုလ်မှူးပါ။ ဒုဗိုလ်ပါလို့ ဖြေထားခဲ့ရတဲ့ အယောက် ၁၀၀ ရဲ့ စစ်ချက်တွေ၊

ကျမရဲ.ထွက်ချက်ဖြစ်တဲ့ ရေလိုင်းစစ်ဆင်ရေးတို. ငါးနှစ်စီမံကိန်းတို. ချပြလိုက်ပါ၊ ကျမရဲ. NIB ဒုဗိုလ် ကိုယ်ပိုင်နံပါတ်တို. ဘာတို. အကုန်အစင် တစ်ခုမကျန် ချပြပါ၊

အစဦးဆုံး အဖမ်းခံရတဲ့ စိုးမင်းအောင်ရဲ. ထွက်ချက်။ သူကနေ စတာ။ သူ.ထွက်ချက် မရှိဘူး မငြင်းနဲ. မဖျောက်ဖျက်ပစ်လိုက်ပါနဲ. ။

အခုထက်ထိလဲ ထောက်လှမ်းရေး ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေတဲ့ ဟုတ်လား။ တော်ပါတော့ ဘာတစ်ခုမှ ဖြစ်သည် ဖြစ်စေမဟုတ်ဘူး။

ကျမနဲ.တကွ အယောက်၁၀၀ ကျန်ခဲ့တဲ့သူတွေနဲ. အသတ်ခံခဲ့ရတဲ့ သူတွေရောဟာ လုံးဝစစ်မှန်တဲ့ ကျောင်းသားစစ်စစ်တွေဆိုတာ ပြောခဲ့ပြီးပါပြီ ။ ကိုမင်းကိုနိုင် ကိုကိုကြီး ကိုမြအေးတို့ ပြတ်သားစွာရပ်တည်ပေးခဲ့ပြီ ။

ကိုနိုင်အောင်နဲ. ကိုရော်နယ်အောင်နိုင် မှန်မှန်ပြောကြတော့။ ရှင်တို.ဖက်က ရရှိထားတဲ့ ခိုင်လုံတဲ့ အထောက်အထားတွေဆိုတာတွေနဲ့ ကျမတို့ ကျန်ရှိနေသူများနဲ့ ဖြေရှင်းပါတော့ ။

ကိုနိုင်အောင်နဲ့ ရော်နယ်အောင်နိုင်တို့ကို မေးပါရစေ။

(က) ကျမတို.ကို မတရားဖမ်းဆီး စွပ်စွဲပြီး မခံမရပ်နိုင်လောက်တဲ့ လူမဆန်တဲ့ နှိပ်စက်မှုတွေနဲ. ညှင်းပန်းပြီး ဘာလို့ အတင်းဝန်ခံခိုင်းရတာလဲ။

(ခ) ဘာလို. မင်းတို.ကွင်းဆက်တွေ ဖေါ်စမ်းဆိုပြီး လိုင်းတင်တဲ့ မေးခွန်းတွေ၊ နာမည်တွေကို ဖေါ်ပြောပြီး မေးရတာလဲ။

(ဂ) ကိုနိုင်အောင် (DNA) အနေနဲ. ဘာမှတိတိကျကျ မသိပဲ ဘာလို.ဒီလူသတ်မှုကို တာဝန်ယူတယ်ဆိုတဲ့ စာကိုလက်မှတ်ထိုးပြီး ထုတ်ပြန်ကြေငြာရတာလဲ။

(ဃ) ဒီလောက်အများကြီး မဟုတ်တာတွေပါ ပါတယ်ဆိုတော့ ဒါတွေကို သိနေရဲ.သားနဲ. ဘာလို. အဖြစ်မှန် အမှုမှန်ကိုဖုံးကွယ်ထားပြီး ခေါင်းရှောင်နေတာလဲ။

(င) မဟုတ်တာပါနေတယ်လို. သိရင်ကိုနိုင်အောင်ကိုယ်တိုင်ရော ဘာဖြစ်လို. ကိုသိန်းထွန်းတို.ကို နှိပ်စက်သွားရတာလဲ။

မေးခွန်းတွေ အများကြီးရှိနေသေးတယ်။ ရှင်းနေတာတွေကို ရှုပ်အောင်လုပ်ဖို. မကြိုးစားနဲ.တော့၊ အချိန်ဆွဲဖို.လဲ မကြိုးစားနဲ.တော့။

ကျမရဲ့နာမည်ကျော် ထွက်ချက်လဲ တင်ပြအုံး။ ရေလိုင်းစစ်ဆင်ရေးဆိုတာလေ။ အဲဒါဘယ်လိုရသလဲ ဆိုတာသိချင်ရင် ပြောပြမယ်။ ကျမကို လက်ဝါးကပ်တိုင်မှာကားစင်တင် ကြိုးတုပ်ပြီး နှိပ်စက်တော့ ဒီစစ်ချက်ကို ကျမသံချောင်းကို ဂဏ္ဍုတိုတစ်ပုဒ် ရေးပေးလိုက်တာ၊ ၅ နှစ် စီမံကိန်းဆိုတာ သိချင်ရင်တော့ လက်ရှိ ABSDF ဥက္ကဋ္ဌ သံခဲမိန်းမ ခင်ရွှေလှိုင် အသိဆုံးပဲ။

အဲဒါသူလုပ်ခဲ့တဲ့ ဖတ်လမ်း၊ ကျမက သူ့ကိုအကာအကွယ်ပေးပြီး အသားအနာခံ ကာကွယ်ပေးခဲ့ပြီး ရခဲ့တဲ့ဖတ်လမ်း၊ ဟုတ်ပြီလား။

ကိုနိုင်အောင်ကို ကျမက မိုးသီးဇွန်ထက် အင်အား တောင့်ချင်လို့ မြောက်ပိုင်းအဖွဲ့ ရှင့်လက်အောက်ရောက်လာအောင် မြောက်ပိုင်းနဲ့ မြောက်ပိုင်းလူသတ်မှုကြီးကို တာဝန်ယူလိုက်တာလို့ ကျမကတော့ သုံးသပ်လိုက်တယ်။ အာဏာတွေ ပါဝါတွေ ရှုးကြတယ်လား။

ကိုယ့်အာဏာအတွက် ကိုယ့်ကျောင်းသားအချင်းချင်း သတ်တာကို လက်မှတ်ထိုးတယ်တဲ့လား။

တော်ပြီ ဆက်ရေးနေလို့ အရှည်ကြီး အများကြီးဖြစ်တော့မယ်။

အချိန်မဆွဲဖို့ ကျမက မြောက်ပိုင်းအပေါ်က် ၁၈၈ ကိုယ်စား လေးစားစွာနဲ့တောင်းဆိုပါတယ်။

ကျမတို့ အပေါ်က ၁၀၀ ရဲ့ ထွက်ချက်တွေ။ စစ်ချက်တွေ၊ ဗွီဒီယိုကို တပြိုင်ထဲနဲ့ ပြည့်ပြည့်စုံစုံ တင်ပြ၊ ပေးပို့ပေးပါ။ ဖြည့်စွက်တာတွေ၊ ဖျောက်ဖျက်တာတွေ လုံးဝမလုပ်ပါနဲ့.၊ မရှိတော့ဘူး တချို့ပဲ ရှိပါတော့တယ်ဆိုပြီး ကွင်းဆက်ပြတ်အောင် မလုပ်စေခြင်ပါ ။

"ကိုနိုင်အောင် အနေဖြင့် ABSDF-NB အတွင်း ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့၌ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖို့အမိန့် ပေးခဲ့သည်ဖြစ်စေ ၊ မပေးသည် ဖြစ်စေ ။

သေဆုံးခဲ့သူများနှင့် နစ်နာခဲ့ရသူများ စစ်မှန်သော သမိုင်း ချေမှုဖျက်ဆီးခြင်း ခံစားရသူများအတွက် ကိုယ်ချင်းစာမှု တကယ်ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ။

ကိုယ်ချင်းစာမှု အခြေခံဖြင့် လေးနက်စွာတောင်းပန်အပ်ပါသည်ဆိုသောအချက်နှင့် မိမိဆောင် ရွက်ပေးနိုင်သည်များကိုလည်း ဆောင်ရွက်ပေးသွားပါမည် ဟူသောအချက်ကို ကြိုဆိုပါသည် ဟုပြောကြားရင်း ...

လေးစားစွာဖြင့်

နန်းအောင်ထွေးကြည် ။ (ABSDF-NB ရဲမေဟောင်း )

REF: Nang Aung Htwe Kyi

Posted by Admin-HWH



ဝဲ မှ ယာ

အောင်ဆွေဦး ။ အောင်ကြီး ။ သံချောင်း ။ ဒေါက်တာနိုင်အောင် ။ ရော်နယ်အောင်နိုင် ။ အောင်သန်း ခေါ် ဘဂျမ်း ။ နေဒွန်း ။ သိုက်ထွန်းဦး ။ ABSDF - NB မြောက်ပိုင်းကျောင်းသားတပ်မတော် ။ ပါဂျောင်ဒေသ ။ လိုင်စင်စခန်း ။ ၁၉၉၂ ခုနှစ် ။

# နိုင်အောင့် အတွက်ကို တတောင့်။

Nay Hline Htwe

ABSDF (တောင်ပိုင်း)က ကိုစိုးလင်းနဲ့ ကိုနေဝင်းအောင်ကဝ တဲ့ထောက်လှမ်းရေးဆိုတာ သေချာပါတယ်တဲ့လား Dr နိုင်အောင်မီဒီယာစာမျက်နှာထက်ကနေ ပြောလို့ရတယ်ဆိုပြီး အပိုင်ကိုပြောချ လိုက်ပါတဲ့ ပြည်တော်ပြန် နိုင်ငံရေးလုပ်စားသူကြီးကိုနိုင်အောင်ရေ....

ABSDF (တောင်ပိုင်း) အုပ်စုက မြောက်ပိုင်းလောက် အုပ်စုမတောင့်၊သေ သူသေ၊ရှင်သူက တပြည်တရွာစီမှာ တကွဲတပြား ကိုယ့်စားဝတ်နေရေး ကိုယ် ရုန်းကန်နေကြရတော့ ပြန်မဖြေရှင်းလောက်ဘူးဆိုပြီး အဲဒီချိန်က တော်လှန်ရေး လုပ်ဖော်ကိုင်ဖက်ချင်းကို ထောက်လှမ်းရေးလို့ စွပ်စွဲပြီး သတ် ဖြတ်နှိပ်စက် ဒီလူတွေကို နိုင်ငံရေးသေအောင် သတ်ခဲ့ပြီးတာတောင် အခု မြန်မာပြည် နိုင်ငံရေးမှာ သူရဲကောင်းဖြစ်ချင်သူကြီးက ထပ်ပြီး မြေမှုပ်လိုက် ပြန်တာလား။

ကျွန်မဟာ အသက်(၅၁)နှစ်ရှိတဲ့ အိမ်ထောင်ရှင်မ တယောက်ပါ၊ နိုင်ငံရေးနားမလည်ပါဘူး၊ရှင် ထောက်လှမ်းရေးလို့ပြောတဲ့ လုပ်သားကော လိပ်၊မြန်မာစာဌာနက ဆရာကိုနေဝင်းအောင်ရဲ့ ညီမအရင်းပါ။တောထဲမှာ ကျွန်မအစ်ကို သေပြီလို့တောင် ကြားခဲ့ရပြီးမှ ထောက်လှမ်းရေးလို့ စွပ်စွဲခံရ ပြီး နှိပ်စက်ခံခဲ့ရတာတွေ စွပ်စွဲနှိပ်စက်သူက ABSDF မှာတာဝန်အရှိဆုံးလို့ ဆိုတဲ့ Dr နိုင်အောင်ဆိုတာ အခု ပါဂျောင်ရှင်းတမ်းမှာ ထပ်ကြားရသလို မိုးသီးဇွန်နဲ့နိုင်အောင် နယ်လှ၊အာဏာလုရာကနေဖြစ်တဲ့ နိုင်ငံရေးလှည့် ကွက်ကလိမ်ကကျစ်တွေထဲမှာ ဓားစာခံဖြစ်ပြီး စွပ်စွဲခံရတာလို့ တဆင့် စကားကြားခဲ့ရတယ်။

ရှင် ဂျာနယ်စာမျက်နှာထက်မှာဝန်ခံသလို ထောက်လှမ်းရေးဆိုပြီး နှိပ်စက်၊ထောင်(၁၀)နှစ်ချ၊အချုပ်ထဲမှာ ကျွန်မအစ်ကိုနဲ့ ကိုစိုးလင်းအပါအ ဝင် ထင်ကျော်၊မြင့်ဦး တို့ဟာဒီတခါ စခန်းတစ်ခုကတစ်ခု ပြောင်းရင်တော့ ငါတို့ကို အသေသတ်ပြီး ထားခဲ့တော့မှာဆိုပြီး အချုပ်ခန်းဖောက်ထွက်ပြေး လို့လွတ်မြောက်ခဲ့ရတာပါ၊အချုပ်ထောင်ကျနေစဉ် ရှင်ကတော့ ဂျာနယ်စာ မျက်နှာထက်မှာအကျဉ်းသားအခွင့်အရေးပေးခဲ့တယ်လို့ ရေးခဲ့ပါတယ်။

ရှင်တို့ရဲ့ တောတွင်းအကျဉ်းခန်းမှာကျခဲ့ရတဲ့ ကျွန်မအစ်ကိုကတော့ သူ့ကို
နှိပ်စက်တာ၊သူများကိုနှိပ်စက်တာ၊တချို့မိန်းကလေးတွေကိုပြုကျင့်ဆက်ဆံ
ခဲ့တာတွေကြောင့် တခါတလေ ချက်ချင်းသေသွားရင်ကောင်းမယ်လို့ ကိုယ့်
ဘာသာကိုယ်တွေးမိတဲ့ အထိသွေးပျက်မတတ်ငရဲခန်းအနိဋ္ဌာရုံတွေကို တွေ့
ကြုံခံစားခဲ့ရပါတယ်တဲ့။ကျောင်းဆရာကို ရိုက်ဖူးတယ်ရှိအောင်ရိုက်ကြစမ်း
ကွာဆိုပြီး ကျောင်းသားငါးယောက်ကို ဝိုင်းရိုက်ခိုင်းပြီး အပျင်းဖြေတာ ဘယ်သူပါလဲ
ကိုနိုင်အောင် ၊ရှင်ရော Dr သောင်းထွန်းကရော တရားဥပဒေအရစစ်ဆေးခံရရင်
အဲဒီအချိန်မှာ တာဝန်ရှိခဲ့တဲ့ စစ်ထောက်လှမ်းရေးတွေပါ
ဝင်ဖြေရှင်းသင့်တယ် ပြောတာ ကျွန်မတို့က သိပ်ထောက်ခံတာပေါ့ရှင်၊
ရှင်တို့ကကျွန်မအစ်ကို ကို တောထဲမှာ သမချင်သလို သမ နေခဲ့သလိုဘဲ
ကျွန်မတို့ မိသားစု၊ဆွေမျိုးစုမှာ အဲဒီထောက်လှမ်းရေးတွေရဲ့စစ်ဆေးဖမ်းဆီး
ဒဏ်ကိုခံခဲ့ရတာပါ။

ကျွန်မဆို အဲဒီချိန်က ဘိုကလေးမြို့ တိုင်းရင်းဆေးခန်းမှာ
တာဝန်ကျနေတဲ့ အစိုးရဝန်ထမ်း တယောက်ပါ။ဆရာမကို ထောက်လှမ်းရေး
ဆွဲသွားတယ် ဆိုပြီးနာမည်ကိုကြီးလို့။မအူပင်ထောက်လှမ်းရေးတပ်ကိုခေါ်
သွားပြီး အစစ်ခံခဲ့ရတာ အဲဒီချိန်က ကျွန်မကိုစစ်မေးရင် နင့်အကို သူပုန်ဆို
တာ ထပ်နေတာပဲ။
ကျွန်မအစ်ကို ဘယ်မှာရှိနေလဲ။ဘာတွေလုပ်သလဲ။ဘယ်သူ
တွေနဲ့ ဆက်သွယ်လဲ ဆိုတာ အမျိုးမျိုး ခြိမ်းခြောက်စစ်မေးခံရတယ်။ကျွန်
မတို့ရဲ့ အိမ်ထောင်ဦးစီး အစ်မကြီးကိုတော့ ရန်ကုန်အိမ်ကနေ နှစ်ညအိပ်
သုံးရက်ခေါ်သွားပြီး အတော်အတန် နှိပ်စက် စစ်မေးခံရပါတယ်။အဲဒီစစ်ဆေး
ခံရတဲ့ ဒဏ်ကြောင့်မျက်လုံးတဖက် ဒဏ်ရာရပြီး ကွယ်လုနီးပါးဖြစ်သွားခဲ့ပါ
တယ်။ခြေထောက်နှစ်ဖက်မှာလည်း မျဉ်းလုံးနဲ့အလှိမ့်ခံထားရလို့အညိုအ
မည်းစွဲပြီး ခုထိ အဆစ်အမြစ်တွေနာနေတုန်းပါ။ကျွန်မ အခုရေးပြနေတဲ့ နှိပ်
စက်ခံရမှုကတော့ရှင်တို့ တောတွင်းဥပဒေနဲ့ စစ်ဆေးခံရပုံနဲ့မိုးနဲ့မြေကွာ
နေမှာပေါ့နော်။ရှင်တို့ ဝိုင်းနှိပ်စက်လိုက်တဲ့ မီမီခိုင်ဆိုတဲ့ မိန်းကလေး ဘယ်
လိုဖြစ်ခဲ့ရတယ်ဆိုတာ တောတွင်းမှာလဲ လူ့အခွင့်အရေးပေးခဲ့ပါတယ် ဆို
တဲ့ ရှင်တို့အသိဆုံးပါဘဲ။
စစ်ထောက်လှမ်းရေးက အဲဒီအချိန်မှာ ကျွန်မအစ်ကို ကိုအ

သေရရ အရှင်ရရ ဖမ်းချင်တယ်ဆိုတာ သူတို့အချင်းချင်းပြောဆိုမှုတွေ အရ ကျွန်မတို့ကို စစ်ဆေးမှုတွေအရ သိခဲ့ရတာပါ။ဒါပေမဲ့ ကျွန်မအစ်မ ကိုရော ကျွန်မ(အဲဒီတုန်းကအပျိုပါ) ကိုပါ မှဒိမ်းလဲမကျင့်ပါဘူး။မီမီခိုင်လို ဆေးလိပ်မီးနဲ့ အထိုးခံရတဲ့ ဒဏ်ရာ၊ရင်သား၊ဆီးစပ်တွေမှာ မရှိပါဘူး။ ကျွန်မတို့ ဂန်ခံထွက်ဆိုထားချက်တွေကို လက်မှတ်ထိုးခိုင်းထားတာ သူတို့ ဆီမှာရှိနေမှာပါ။ဒါကြောင့် အဲဒီအချိန်က ထောက်လှမ်းရေးတွေကိုလည်း ကျွန်မတို့အစ်ကို ထောက်လှမ်းရေးဟုတ်မဟုတ် အစစ်ခံစေချင်တယ်ဆိုတဲ့ ရှင်တို့စကားကို သိပ်ထောက်ခံပါတယ်ရှင်။အဲဒီအချိန် ပုဇွန်တောင်မြို့နယ် မှာတာဂန်ကျပြီး ကျွန်မတို့ ဆွေမျိုးတစ်စုကို ဒုက္ခတွေပေးခဲ့တဲ့ ထောက်လှမ်း ရေးတွေပါ ပါဂင်သင့်တယ်။

ကိုယ်လုပ်ခဲ့တဲ့ အမှားကို ဂန်ခံလိုက်စမ်းပါ။ယောကျ်ားတွေပဲ။ အဲဒီအချိန်တုန်းကမှားခဲ့ပါတယ်လို့သတ္တိရှိရှိ ဂန်မခံဘဲ ခုချိန်ထိ ကလိန်က ကျစ် နိုင်ငံရေးလုပ်စားဖို့ကြိုးစားနေတုန်းပါလား။နိုင်ငံရေးအပေါ် ဆက်ပြီး အမြတ်ထုတ်နိုင်ဖို့ ကြိုးစားနေသေးတယ်နော်။

ABSDF(မြောက်ပိုင်း)က အုံနဲ့သင်းနဲ့ အဖြစ်မှန်တွေကို အထုပ်ဖြေပြသွားပြီဖြစ်လို့ ရှင်ဘယ်လိုမှ ငြင်းလို့မရနိုင်ဘူးလေ။အဲဒီ

တော့ ကိုစိုးလင်းနဲ့ကိုနေဂင်းအောင် တို့ကတော့ ABSDF (တောင်ပိုင်း) ထောက်လှမ်းရေးတွေပါလို့ မိုးကြိုးကို ထန်းလက်နဲ့ကာလိုက်ပြန်တာပေါ့။ ရယ်စရာကြီးပေါ့။ရယ်စရာကြီးပါ။ကိုနိုင်အောင် မရှက်တတ်ဘူးလား။ငါတို့ သေအောင်နှိပ်စက်တာ မသေလို့ ကျန်နေတဲ့ ဒီကောင်တွေ ပြန်မဖြေရှင်းရဲ လောက်ဘူးထင်ပြီး မီဒီယာ စာမျက်နှာထက်တင်လိုက်ကြတာပေါ့လေ။ဟုတ် ပါတယ်၊တကယ်လဲ ကျွန်မအစ်ကိုဟာ နိုင်ငံရေးကိုစိတ်ကုန်သွားပါတယ်။ စိတ်ဒဏ်ရာ၊ကိုယ်ဒဏ်ရာတွေနဲ့ ည-ည ဆို ထ-ထ လန့်အော်ပြီး ပြန်မအိပ် နိုင်တော့အောင် စိတ်ဒဏ်ရာတွေရသွားခဲ့ပါတယ်။ဒါပေမဲ့ ကိုယ့်သမိုင်းကိုယ် ရှင်းရမယ်။အမှန်တရား ပေါ်စေရမယ်ဆိုပြီးသူတို့လဲသူတို့နည်းနဲ့ သူတို့ ဖြေရှင်းပါလိမ့်မယ်။

ကျွန်မကတော့ ရှင်တို့ဂျာနယ်အစောင်စောင်မှာပြောသလို စစ်မှန် တဲ့ တရားဥပဒေရှိရင် ဖြေရှင်းမှာပါဆိုတာရယ်၊စစ်ထောက်လှမ်းရေးတွေပါ ပါဂင်ဖြေရှင်းသင့်တယ်ဆိုတာရယ်ကို ကြိုဆိုထောက်ခံမျှော်လင့်နေပါတယ်။ တောတွင်းကနေ တော်လှန်ရေးလုပ်မယ်ဆိုပြီး တောခိုသွားမှ ရှင် တို့ရဲ့ နိုင်ငံရေးလှည့်ကွက်တွေထဲမှာ ရက်ရက်စက်စက်အသတ်ခံသွားရတဲ့

ကိုထွန်းအောင်ကျော်၊ကိုချိုကြီး၊ဦးစိန် တို့လိုလူတွေ အသက်မသေပေမဲ့ ဒီနိုင်ငံထဲမှာဘဲ ဘဝပျက်နေခဲ့သူတွေ၊စစ်အစိုးရကိုလဲကြောက်၊ရှင်တို့လိုက်သတ်မှာလဲ ကြောက်ပြီး ကိုယ့်တိုင်းပြည်မဟုတ်တဲ့ဆီ ပြေးပြီး မသေအောင်ရုန်းကန်နေသူတွေကို နိုင်ငံရေးသတ်ခဲ့ပြီးတာတောင်အားမရနိုင်သေးဘူးလား။

စစ်အစိုးရ ထောက်လှမ်းရေးတွေက ဖြိမ်းခြောက်စစ်မေးတာတောင် ကျွန်မ တုန်နေအောင်ကြောက်ခဲ့ရပါတယ်။ကျွန်မ အစ်ကိုအပါအဝင် ရှင်တို့နှိပ်စက်ခံခဲ့ရသူတွေဟာ သူတို့အသားနာ မခံနိုင်လွန်းလို့အသက်မသေဖို့အတွက် ရှင်တို့ဖြစ်စေချင်သလို ဝန်ခံထွက်ဆိုခဲ့ရတာ အဲဒီအချိန်က ရှင်တို့ကိုထောက်ပံ့ပေးနေတဲ့အဖွဲ့အစည်းတွေကိုပြနိုင်ဖို့ NGO တွေ၊သံရုံးတွေ၊နိုင်ငံခြားသတင်းဌာနကလူတွေကိုခေါ်ပြီး ဝန်ခံခိုင်းတဲ့အတိုင်း ရှင်တို့စိတ်တိုင်းကျ ဇာတ်လမ်းတွေ တ ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ ထောက်လှမ်းရေးတွေပါလို့ သက်သေပြနိုင်တယ်တဲ့လား?

ABSDF(မြောက်ပိုင်း)က တော်ဝင်နှင်းဆီ စားသောက်ဆိုင်မှာ ပါချောင်သတ်ဖြတ်ပွဲ အကြောင်း ရှင်းတမ်းလုပ်တုန်းကမီဒီယာတွေလဲတွေ့ခဲ့မြင်ခဲ့၊ကြားခဲ့ ရပါတယ်။လူတယောက်ရဲ့ ဂုဏ်သိက္ခာမရှိအောင် ကိုယ့်သေးကိုယ်ပြန်သောက်ရ၊ခြေထောက်နစ်ဖက်ကြိုးတုတ်၊လက်ပြန်ကြိုးတုတ်ပြီးထမင်းကိုခွေးကျွေးသလို ကျွေးဆိုတဲ့ လူမဆန်တဲ့ ရက်စက်နှိပ်စက်မှုတွေကနေ လွတ်မြောက်လာကြတဲ့ ABSDF (မြောက်ပိုင်း)အုပ်စု၊ABSDF(တောင်ပိုင်း)က မိန်းကလေး တယောက်တောင်တွေ့ပါတယ်။

ဘယ်သူတွေဟာ ကားအကောင်းစားကြီးစီးပြီးချမ်းသာတောက်ပြောင်နေသူပါ ပါသလဲ။သူတို့ကိုကြည့်လိုက်တာနဲ့ ဘဝပျက်ခဲ့ကြတာ၊စွန့်လွှတ်ခဲ့ကြတာ၊နွမ်းပါးနေခဲ့ကြတာ အသိသာကြီးပါ။ရှင်တို့လက်ထဲကလွတ်အောင်ပြေးခဲ့တဲ့ ကိုစိုးလင်းရဲ့ ဇနီးဆရာဝန်မ မှာရောဂါကြီးဖြစ်နေတာ ဆေးကုဖို့တောင်အနိုင်နိုင်ပါ။ကျွန်မ အစ်ကို ကိုနေဝင်းအောင်ဆို မနက်(၆)နာရီကနေ ည(၆)နာရီထိ ဆူရှီလိပ်မှ ထမင်းနပ်မှန်ပါတယ်။Dr နိုင်အောင်လို အဖွဲ့အစည်းတွေကထောက်ပံ့တဲ့ ဒေါ်လာတွေနဲ့ ကျည်ကာ ကားဝယ်မစီးနိုင်ပါဘူး။မဲဆောက်မှာ အိမ်နှစ်လုံး မရှိပါဘူး။ဘန်ကောက်မှာလဲ နေဖို့အိမ်မရှိပါဘူး။


ရှင်တို့ကျတော့ မြန်မာပြည်ထဲမှာ ဒီမိုကရေစီလဲရလာချိန်၊ပြည်ပကနေဘဲနိုင်ငံရေးဆက်လုပ်နေရင် ရှင်တို့တောင်စားနေကျ အဖွဲ့အစည်းတွေကမထောက်ပံ့တော့ဘူး၊မြန်မာပြည်ထဲ ပြန်ဝင်မှ ထောက်ပံ့ငွေရမယ်ဆိုလို့

ဒေါ်လာ ဆက်စားနိုင်အောင် ဂန်ကြီးတွေနဲ့ လက်ဂါးချင်းရိုက်ပြီး ပြန်ဝင်လာ ရုံသာမက နိုင်ငံရေး သူရဲကောင်း တောင်လုပ်လိုက်ချင်သေးတယ်။ ပါလတရားဆိုတာ မနေပါဘူး။အခုတောင် ရှင်တို့ ရက်ရက်စက်စက်သတ် ခဲ့တဲ့ ကိုထွန်းအောင်ကျော် တို့ တတွေရဲ့ အရိုးက တွန်နေပါပြီ။

# ငါနှင့်မတူငါ့ရန်သူ

## Making Enemies: War and State Building in Burma

Mary P.Callahan




ထွက်လာသောအာရှအသံမှစီစဉ်ထုတ်လွှင့်ခဲ့သည့်

သမိုင်းပညာရှင်ဒေါက်တာအောင်ခင် ၏

စေလိုင်းဆိုကာစာအုပ်စင် အသံလွှင့်ဆောင်းပါးကို

**Voice of Burma** တဆောင်

http://www.faxtoon.com/vob.htm

မှ ပြန်လည်ကူးယူဖော်ပြသည်

## *Curriculum Vitae*

Mary P. Callahan
Jackson School of International Studies
University of Washington
Box 353650
Seattle, WA 98195
Tel: 206-616-6206
email: mpc@u.washington.edu

## EMPLOYMENT

October 1999 – present
Assistant Professor, Jackson School of International Studies, University of Washington, Seattle, WA.

September 2002-December 2002
Visiting Assistant Professor, Department of History, University of California, Los Angeles, CA.

September 1995 – October 1999
Assistant Professor, Department of National Security Affairs, and Regional Director, Asia, Center for Civil-Military Relations, Naval Postgraduate School, Monterey, CA.

## EDUCATION

1996 *Ph.D., Government, Cornell University, Ithaca, NY.* Fields of concentration: Comparative Politics, Southeast Asia Studies, Civil-Military Relations.

1991 *M.A., Political Science, Cornell University, Ithaca, NY.* Fields of concentration: Comparative Politics, Southeast Asia Studies.

1989 *M.Soc.Sci., Asian Politics, University of Queensland, Brisbane, Australia.* Field of Concentration: International Relations.

1984 *M.Sc., Political Philosophy, London School of Economics and Political Science, London, England.* Fields of Concentration: Democratic and Liberal Philosophy.

1983 *B.A., with highest honors, Pennsylvania State University, University Park, PA.* Fields of Concentration: American Politics, Political Theory.

# ငါနဲ့မတူငါ့ရန်သူ

**Making Enemies by Mary P.Callahan**

**ဦးအောင်ခင်**

**လေလှိုင်းထဲကစာအုပ်စင်**

## အပိုင်း (၁)

ဗမာ့တပ်မတော်အကြောင်း စာအုပ်စာတမ်းပြုစုတဲ့ နိုင်ငံခြားသားတွေထဲမှာ Australia နိုင်ငံသား အင်ဒရူးဆဲလ်နဲ့ အမေရိကန်နိုင်ငံသူ မေရီကယ်လဟန် တို့ကို လူသိများပါတယ်။ သူတို့နှစ်ဦးစလုံးဟာ တပ်မတော်မော်ကွန်းတိုက်ကို အသုံးပြုခွင့် ရခဲ့သူတွေ ဖြစ်ပါတယ်။ လျှို့ဝှက်တဲ့ စစ်သဘာဝကြောင့် စစ်တပ်ကို လေ့လာရာမှာ အခက်အခဲတွေ အမျိုးမျိုးရှိတဲ့ကြားက အင်ဒရူးဆဲလ်နဲ့ မေရီကယ်လဟန် ဟာ ဗမာ့တပ်မတော်အကြောင်း စာအုပ်ထုတ်ဝေနိုင်တာဖြစ်ပါတယ်။ ကျနော်တင်ပြခဲ့တဲ့ အင်ဒရူးဆဲလ်ရဲ့ စာအုပ်မှာ မျက်မှောက်ခေတ်တပ်မတော်ကို အဓိကဦးစားပေးထားပါတယ်။ မေရီကယ်လဟန်ကတော့ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရတဲ့အကြောင်းရင်းကို တပ်မတော်သမိုင်းမှာ ရှာဖွေပါတယ်။

စစ်တပ်နဲ့ လူ့အဖွဲ့အစည်းဆက်သွယ်ပုံကို လေ့လာသုံးသပ်ပြီး Making Enemies ဆိုတဲ့ အမည်နဲ့ ဗမာ့တပ်မတော်သမိုင်းကို ၂၀၀၃ ခုနှစ်နှောင်းပိုင်းက ထုတ်ဝေလိုက်တာဖြစ်ပါတယ်။ စာမျက်နှာ ၂၇၀ ရှိပြီး အမေရိကန် ပြည်ထောင်စု နယူးရောက်ပြည်နယ် ကော်နဲတက္ကသိုလ်ပုံနှိပ်တိုက်က ထုတ်ဝေပါတယ်။ ဒီစာအုပ်ကို 'ငါနဲ့မတူငါ့ရန်သူ' ဆိုတဲ့အမည်နဲ့ လေလှိုင်းထဲကစာအုပ်စင်မှာ အပိုင်းလိုက်ခွဲပြီး တင်ပြသွားပါမယ်။ ၁၉၉၁–၉၂ ကာလ တပ်မတော်မော်ကွန်းတိုက်မှာ ၆ လ သုတေသနလုပ်ခွင့်ရလို့ စုဆောင်းမိတဲ့အချက်အလက်၊ ပြည်တွင်းပြည်ပ တွေ့ဆုံမေးမြန်းချက်၊ တပ်မတော်နဲ့ပတ်သက်တဲ့စာနယ်ဇင်းနဲ့ မြန်မာတက္ကသိုလ်တွေက မဟာဝိဇ္ဇာကျမ်းတွေကို ဖတ်ရှု လေ့လာပြီး ရေးသားထားတဲ့စာအုပ်ပါပဲ။

၁၉၉၁ မှာ ပြည်ဝင်ခွင့်ဗီဇာရရှိလို့ ရန်ကုန်မှာနေထိုင်စဉ်က ဆန္ဒပြတဲ့ကျောင်းသားကိုရော နှိမ်နင်းတဲ့စစ်သားကိုပါ မေရီကယ်လဟန် မြင်တွေ့ခဲ့ပါတယ်။ ငြိမ်းချမ်းစွာဆန္ဒပြပြီး ဒီမိုကရေစီ တောင်းဆို

တဲ့ကျောင်းသားကိုနှိမ်နင်းဖို့ အတွက် လက်နက်အပြည့်အစုံကိုင်ဆောင်ထားတဲ့ စစ်သားတွေက စစ်ဆင်ရေးလုပ်သလို ပြင်ဆင်နေတာဟာ အလွန် ကြည့်မကောင်းတဲ့ကိစ္စပါပဲတဲ့။ တကယ့် နိုင်ငံရေး သမားဆိုရင် ကိုယ့်နိုင်ငံသားကို ဒီလို ရက်ရက်စက်စက် လုပ်မှာမဟုတ်ပေမယ့် စစ်တိုက်တာကိုသာ နားလည်တဲ့စစ်သားကတော့ ဒါမျိုးလုပ်နိုင်ပါတယ်တဲ့။ တပ်မတော်ဟာ 'စစ်ဝတ်စုံဝတ်ထားတဲ့ နိုင်ငံရေး လှုပ်ရှားမှု' ဖြစ်တယ်ဆိုတဲ့ ဆရာ့ဆရာ ပရံပရတွေရဲ့သုံးသပ်ချက်ကိုလည်း မေရီကယ်လဟန်က လက်မခံပါဘူး။ တပ်မတော်သားဟာ နိုင်ငံရေးကိုနားမလည်ဘဲ စစ်ဆင်ရေးကိုသာနားလည်တဲ့ စစ်သား သက်သက်သာဖြစ်တယ်လို့ သူကမြင်ပါတယ်။ ဒီအချက်ကြောင့် မြန်မာပြည်မှာ နိုင်ငံရေးဘဝ ဆိတ်သုဉ်း နေတာ ဖြစ်ပုံရပါတယ်။

အနှစ် ၄၀ ကျော် စစ်တပ်က နိုင်ငံရေးအာဏာယူထားတဲ့ကိစ္စကိုသုံးသပ်ရာမှာ အာဏာရှင်ဇလေ့နဲ့ အာဏာရှင်တဦးရဲ့ ကောက်ကျစ်စဉ်းလဲမှုကို အကြောင်းရင်းအဖြစ် 'ကယ်လဟန်' က မယူဆဘဲ စစ်တိုက်ပြီးနိုင်ငံတော်တည်ထောင်တဲ့သမိုင်းစဉ်ကြောင့် လူထုကမထောက်ခံပေမယ့် စစ် အစိုးရ ကြာရှည်ခံနေတာလို့ ဖော်ထုတ်ထားပါတယ်။ ကျနော်တို့ အခုသိရှိထားတဲ့ မြန်မာ နိုင်ငံ တော်ဆိုတာ ကိုလိုနီခေတ်ကပေါက်ဖွားလာတာပါ။ ဗြိတိသျှကိုလိုနီအကျိုးစီးပွါးအတွက် ဗြိတိသျှ စစ်တပ် က အကြမ်းဖက်အင်အားသုံးပြီး နိုင်ငံတော်တည်ထောင်ခဲ့ပါတယ်။ နိုင်ငံသားရဲ့ အကျိုးစီးပွါးအတွက် တည်ထောင်တာမဟုတ်ပါဘူး။ တိုင်းသူပြည်သားနဲ့ဆက်ဆံရာမှာ အင်အားသုံးတာဟာ ကိုလိုနီခေတ် ရဲ့သဘာဝပါပဲ။

ဒုတိယကမ္ဘာစစ်ဖြစ်ပွါးလို့ ဂျပန်တပ်တွေဝင်လာတဲ့အခါမှာ ကိုလိုနီနိုင်ငံတော် နေ့ချင်း ညချင်းပြိုကွဲသွားပြီး အင်အားသုံးအကြမ်းဖက်တဲ့အဖွဲ့အစည်းမျိုးစုံပေါ်ထွက်လာပါတယ်။ စစ်တွင်း ကာလမှာ လက်နက်ကိုင်အုပ်စုအများအပြားပေါ်ထွက်လာတာဟာ နောက်ပိုင်းဖြစ်ပွါးမယ့် ပြည်တွင်းစစ် အတွက် ကြိုတင်လမ်းခင်းပေးသလို ဖြစ်နေပါတယ်တဲ့။ လက်နက်ကိုင်ပုန်ကန်သူကို အစိုးရတပ်က နှိမ်နင်း ပါတယ်။ သူပုန်ဆိုတာ ပြည်သူလူထုထဲကထွက်ပေါ်လာသူတွေမို့ ရေရှည်ပြည်တွင်းစစ်ဖြစ်တဲ့အခါမှာ ပြည်သူလူထုကို အန္တရာယ်ပေးနိုင်သူအဖြစ် အစိုးရတပ်ကမြင်လာပါတယ်။ အဖြစ်ကောင်းတဲ့ နိုင်ငံသားလား သူပုန်လားဆိုတာ အစိုးရအနေနဲ့ ခွဲခြားဖို့ခက်ခဲပါတယ်။ ဒီအခါမှာ ဘယ်သူ့ကို နိုင်ငံသားအဖြစ် သတ်မှတ်ပြီး ဘယ်သူ့ကိုရန်သူအဖြစ်သတ်မှတ်မယ်ဆိုတာကို တပ်မတော်က ဆုံးဖြတ်ပါတော့တယ်။

နိုင်ငံတော်တည်ထောင်စဉ်ကာလမှာ ပြည်တွင်းစစ်ဖြစ်ပွါးတာဟာ အင်အားသုံးပြီး အမွေ လုပ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်း ကြီးစိုးဖို့အခြေအနေကို ဖန်တီးလိုက်သလို ဖြစ်နေပါတယ်။ ကိုလိုနီ ခေတ်၊ ဂျပန့်ခေတ်၊ ဖဆပလခေတ် စတဲ့ခေတ်သုံးခေတ်မှာ အင်အားသုံးမှု၊ အကြမ်းဖက်အကျပ်ကိုင်မှု အသုံးများခဲ့တာကြောင့် အခုလို စစ်တပ်က ကြီးစိုးနိုင်တာလို့ 'မေရီကယ်လဟန်' က မြင်ပါတယ်။ ဒီ ခေတ်သုံးခေတ်ကိုအမွေဆက်ခံတဲ့ ဗိုလ်ချုပ်တွေအဖို့ကတော့ အစိုးရကို လက်နက်ကိုင်တိုက်ခိုက်နေ တဲ့သူပုန်နဲ့ လက်နက်မကိုင်ဘဲ ဒီမိုကရေစီလိုချင်ကြောင်း ဆန္ဒပြကြွေးကြော်နေတဲ့ကျောင်းသားဟာ အတူတူပါပဲတဲ့။

ဒါပေမယ့် အတင်းအဓမ္မဖိနှိပ်တာကို ကိုလိုနီခေတ်နဲ့ ဂျပန်ခေတ်ရဲ့ အမွေအနှစ်လို့ မပြောနိုင်ပါဘူး။ အခြားကိုလိုနီနိုင်ငံတွေမှာလည်း ဖိနှိပ်ရေးယန္တရား ရှိခဲ့တာပါပဲ။ ဒါပေမဲ့ လွတ်လပ်ရေးရတဲ့အခါ ဖိနှိပ်ရေးအတွက်တည်ဆောက်ထားတဲ့ ကိုလိုနီအုပ်ချုပ်ရေးယန္တရားကိုဖျက်သိမ်းပြီး လွတ်လပ်တဲ့ နိုင်ငံသားနဲ့ သင့်တော်တဲ့စနစ်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ အိန္ဒိယ၊ မလေးရှားနဲ့ ဖိလစ်ပိုင်မှာ ကိုလိုနီဖိနှိပ်ရေးယန္တရား မရှိတော့ပါဘူး။ ဒါကြောင့် မြန်မာပြည်မှာသာ ဘာဖြစ်လို့ ကိုလိုနီခေတ်ကလို အင်အားသုံး အကြမ်းဖက်တဲ့နည်းနဲ့ အုပ်ချုပ်နေတာလဲလို့ မေးစရာရှိလာပါတယ်။

လွတ်လပ်ရေးရခါနီး ပုန်ကန်ထကြွမှုနဲ့ကြုံတွေ့ရတာ မြန်မာပြည်တပြည်ထဲမဟုတ်ပါဘူး။ အခြား ကိုလိုနီနိုင်ငံတွေမှာလည်း သူပုန်ထကြတာပါပဲ။ ဒါပေမဲ့ အခြားနိုင်ငံတွေမှာ အတိုက်အခံကို ဖျက်ဆီးချေမှုန်းတာမျိုးမလုပ်ဘဲ စည်းရုံးသိမ်းသွင်းတဲ့နည်းနဲ့ နိုင်ငံရေးအရ အဖြေရှာနိုင်ခဲ့ပါတယ်။ မြန်မာပြည်မှာတော့ ဦးနုအစိုးရက အတိုက်အခံကိုစည်းရုံးသိမ်းသွင်းဖို့ တောင်လုပ်ကိုင်နေစဉ် ကေအဲမ်တီတရုတ်ဖြူတပ်ရင်းအချို့ ရှမ်းပြည်မှာဝင်ရောက်စခန်းချတာနဲ့ ကြုံရပါတယ်။ ကွန်မြူနစ်တရုတ်နီကိုဆန့်ကျင်တဲ့ အမေရိကန်ဟာ ကေအဲမ်တီတရုတ်ဖြူကို အားပေးပါတယ်။ ဒီကိစ္စကို ဦးနုအစိုးရက ကုလသမဂ္ဂနဲ့ အမေရိကန်ကိုတင်ပြပေမယ့်အချည်းနှီးဖြစ်ခဲ့ရပါတယ်။

ပြည်တွင်းစစ်နဲ့ တရုတ်ဖြူအန္တရာယ်ကြောင့် အစိုးရယန္တရားကို တပ်မတော်က ဝင်ရောက်ကြိုးကိုင်ပြီး အခြားအရပ်လုပ်ငန်းမှာပါ စွက်ဖက်လာပါတယ်။ ပြဿနာအကျပ်အတည်းကို စစ်ရေးအရ ဖြေရှင်းနေတဲ့အတွက် ပြုပြင်ရေးသမားကို အစိုးရက လက်မခံတော့ပါဘူး။ ဒီလိုအချိန်အခါမှာ နိုင်ငံတော်တည်ဆောက်သူဟာ စစ်ဗိုလ်ဖြစ်လာပြီး တိုင်းသူပြည်သားကို အန္တရာယ် (သို့မဟုတ်) ရန်သူလို့ မြင်လာကြောင်း 'မေရီကာယ်လဟန်' က သုံးသပ်ထားပါတယ်။

ရှေ့အပါတ် အပိုင်း (၂) မှာ ပြည်သူလူထုကို ရန်သူလို့သတ်မှတ်တဲ့ အစိုးရအကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၂)

လွတ်လပ်ရေးအတွက် ဂျပန်ခေတ်မှာ ဗမာ့တပ်မတော်ဖွဲ့စည်းခဲ့တာကိုအကြောင်းပြုပြီး တပ်မတော်ဟာ စစ်ဝတ်စုံဝတ်ထားတဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်တယ်လို့ သုံးသပ်တာမျိုးကို မေရီကာယ်လဟန်က လက်မခံပါဘူး။ ဗမာစစ်အစိုးရဟာ စစ်တိုက်ဖို့သာနားလည်တဲ့ စစ်သားအစိုးရဖြစ်လို့ ရွေးကောက်ပွဲတပွဲတောင် နိုင်အောင်လုပ်နိုင်တဲ့ နိုင်ငံရေးစွမ်းရည်ရှိတာမဟုတ်ဘူးလို့ ဆိုပါတယ်။ နိုင်ငံရေးအစိုးရမဟုတ်လို့သာ ၁၉၉၀ ရွေးကောက်ပွဲရှုံးနိမ့်ပြီး ပြည်တွင်းပြည်ပက ဝိုင်းဝန်းဆန့်ကျင်နေတဲ့ကြားက သက်ဆိုးရှည်နေတာလို့ သုံးသပ်ထားတာကို "ငါနဲ့မတူငါ့ရန်သူ" အပိုင်း ၂ မှာ တင်ပြပါမယ်။

ဥရောပသမိုင်းကိုကြည့်ရင် စစ်ဖြစ်တဲ့အတွက် ပျက်စီးပြိုကွဲသွားတဲ့ နိုင်ငံတွေကို တွေ့နိုင်သလို

နိုင်ငံသစ်တည်ဆောက်နိုင်တာကိုလည်း တွေ့နိုင်ပါတယ်။စစ်ဖြစ်တဲ့သဘာဝကိုလိုက်ပြီး အစိုးရစနစ် အမျိုးမျိုး ထွက်ပေါ်လာပါတယ်။ စစ်ဖြစ်တဲ့ အတွက် အင်အားသုံးအကြမ်းဖက်တဲ့အာဏာရှင်အစိုးရ မြန်မာပြည်မှာ ထွက်ပေါ်လာပေမယ့် အင်္ဂလိပ်နဲ့ ပြင်သစ်သမိုင်းမှာတော့ စစ်ဖြစ်တဲ့အတွက် ပြည်သူ့ ကိုယ်စားလှယ်စနစ် (သို့မဟုတ်) ဒီမိုကရေစီအစိုးရစနစ် ပေါ်ပေါက်လာရပါတယ်။ စစ်ဆင်ရေးအတွက် လိုအပ်တဲ့အင်အားကို ရရှိဖို့အတွက် ဥရောပဘုရင်ဟာ တိုင်းသူပြည်သားကို အားကိုးရပါတယ်။ ဥပမာ လိုအပ်တဲ့ဘဏ္ဍာငွေကိုရရှိဖို့အတွက် ရှင်ဘုရင်က အခွန်စည်းကြပ်ရပါတယ်။ ဘုရင့်တောင်းဆိုချက်ကို မလိုက်လျောနိုင်တဲ့အခါမှာ ပြည်သူလူထု ပုန်ကန်ထကြွလို့ ပြည်တွင်းစစ်ဖြစ်ပါတယ်။ ဒီလို ပဋိပက္ခ ဖြစ်လိုက် စေ့စပ်ညှိနှိုင်းပြီး အပေးအယူလုပ်လိုက်နဲ့ အင်္ဂလန်နဲ့ပြင်သစ်မှာ ပြည်သူ့ကိုယ်စားလှယ်အစိုးရ တဖြည်းဖြည်းပေါ်ထွန်းလာပါတယ်။ ဥရောပသမိုင်းကိုကြည့်ရင် နိုင်ငံတော်အစိုးရကို တည်ထောင်သူနဲ့ တိုင်းသူပြည်သားအကြား စေ့စပ်ညှိနှိုင်းပြီး အပေးအယူလုပ်နိုင်တာကြောင့် တဖြည်းဖြည်းနဲ့ ပြည်သူ့ ကိုယ်စားလှယ်ကိုအာဏာလွှဲအပ်တဲ့ ဒီမိုကရေစီစနစ်ပေါ်ထွန်းလာတာကို တွေ့နိုင်ပါတယ်တဲ့။

ဒါပေမဲ့ အခြားနေရာဒေသမှာတော့ ဥရောပသမိုင်းဖြစ်စဉ်မျိုးကို မတွေ့နိုင်ပါဘူး။ အာဖရိကဒေသကို ဥရောပသားတွေဝင်ရောက်တိုက်ခိုက်ပုံနဲ့ ဥရောပနိုင်ငံအချင်းချင်းစစ်ခင်းပုံဟာ လုံးဝ ကွဲပြားခြားနားတဲ့ဖြစ်ရပ်တွေပါ။ ကိုလိုနီနယ်ချဲ့တဲ့ပထမအဆင့်မှာ ဥရောပကုမ္ပဏီနဲ့ ခေတ်မီလက်နက် ကိုင်တဲ့ ကိုယ်ပိုင်ခံတိုက်ဆောင်တပ်ဖွဲ့ရောက်လာပြီး သူတို့လုပ်ငန်းကို အနှောင့်အယှက်ပေးသူမှန်သမျှကို တောင်ချေမှုန်းတော့တာပါပဲ။ စစ်နိုင်ရာဒေသကို သွေးစုပ်ခြယ်လှယ်နိုင်ဖို့ကိုသာ ဥရောပကုမ္ပဏီက အဓိကထားပါတယ်။ ဒါကြောင့် ကိုလိုနီအစိုးရရဲ့ အဓိကရန်သူဟာ ဒေသခံပြည်သူလူထု ဖြစ်လာပါတယ်။ အင်အားသုံးအုပ်ချုပ်တဲ့ ဥရောပကိုလိုနီအစိုးရဟာ ဥရောပတိုက်မှာလို ဒေသခံပြည်သူလူထုရဲ့ မှုပေါင်း ဆောင်ရွက်မှု (သို့မဟုတ်) ကူညီရိုင်းပင်းမှုကို ရရှိဖို့မလိုပါဘူး။

ဒါပေမဲ့ ကိုလိုနီစစ်အုပ်ချုပ်ရေးဟာ နေရာတိုင်းမှာ အစွမ်းထက်တာမဟုတ်တဲ့အတွက် ဒေသခံ ပြည်သူလူထုရဲ့ဆန့်ကျင်မှုကို ကြုံတွေ့ရပါတယ်။ လယ်သမားသူပုန်၊ အလုပ်သမားသမဂ္ဂ၊ ကျောင်းသားဆန္ဒပြပွဲ၊ အစာငတ်ခံတိုက်ပွဲ စတာတွေနဲ့ ဒေသခံပြည်သူလူထုက လက်တုံ့ပြန်ပါတယ်။ လူထုဆန့်ကျင်မှုပပျောက်ဖို့အတွက် ကိုလိုနီအစိုးရက နည်းနှစ်မျိုးသုံးပါတယ်။ ပထမနည်းက ဒေသခံ တိုင်းရင်းသားကတဆင့် အုပ်ချုပ်တဲ့နည်းဖြစ်ပြီး၊ ဒုတိယနည်းက ကိုလိုနီ အုပ်ချုပ်ရေးယန္တရားကို တည်ထောင်ပြီး စစ်တပ်အားကိုးနဲ့ တိုက်ရိုက်အုပ်ချုပ်တဲ့ နည်းပါပဲ။ လူများစု အန္တရာယ်ကို ကာကွယ်ဖို့ အတွက် တိုင်းရင်းသားလူနည်းစုကို စည်းရုံးသိမ်းသွင်းပြီး ကိုလိုနီစစ်တပ်ထဲ သွင်းထားပါတယ်။

တကယ်တော့ ကိုလိုနီအစိုးရဆိုတာ တိုင်းသူပြည်သားအလိုကို လိုက်လျောခြင်း မရှိတဲ့ အစိုးရပါပဲ။ ဒါကြောင့် ကိုလိုနီအစိုးရဟာ တိုင်းသူပြည်ရဲ့ရိုင်းပင်းမှုကို ရယူဖို့မကြိုးစားဘဲ အတင်းအဓမ္မ အကျပ်ကိုင်ဖိနှိပ်ပြီး မနာခံသူကို ဒဏ်ခတ်အပြစ်ပေးတဲ့နည်းကို သုံးပါတယ်။ ဒါကြောင့် အစိုးရ ဆန့် ကျင်ရေးလှုပ်ရှားမှုမှာပါဝင်တဲ့ အရပ်သား၊ ကျောင်းသားနဲ့ သံဃာတော်တွေကို ရန်သူလို့ သတ်မှတ် တာ ဖြစ်ပါတယ်။ အစိုးရက ပြည်သူလူထုကိုအမိန့်ပေးဆက်ဆံတာဟာ ကိုလိုနီခေတ်ရဲ့ ဆက်ဆံရေး စနစ်ဖြစ်ပါတယ်။ စစ်ဖြစ်တဲ့အခါမှသာ ဒီဆက်ဆံရေးစနစ်ကို ခဏဘေးဖယ်ပြီး ပြည်သူ့ဆန္ဒကို စဉ်းစား ပါတယ်။ ဥပမာ ပထမကမ္ဘာစစ်မှာ အိန္ဒိယစစ်သားတွေပါ ပါဝင်တိုက်ခိုက်ဖို့ အင်္ဂလိပ်ကိုလိုနီအစိုးရ

က စည်းရုံးတဲ့အခါမှာသာ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့ ကမ်းလှမ်းလာတာ တွေ့ရပါတယ်တဲ့။

ကိုလိုနီတွေလွတ်လပ်သွားတော့လည်း လွတ်လပ်တဲ့အမျိုးသားအစိုးရဟာ ကိုလိုနီအစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကိုပဲ ဆက်သုံးရပါတယ်။ ကိုလိုနီဘဝကနေ လွတ်လပ်ရေးရတဲ့ဖြစ်စဉ်မှာ ပေါ်ပေါက်လာတဲ့ ပြည်တွင်းစစ်ရဲ့ သဘာဝကိုလိုက်ပြီး စစ်တပ်မှာ ဩဇာအာဏာ အနည်းအများ ရှိလာ တာလို့ ‘ကယ်လဟန်’ ကသုံးသပ်ပါတယ်။ ကိုလိုနီအစိုးရချန်ထားခဲ့တဲ့အဖွဲ့အစည်းနဲ့ အင်အားကို လိုက်ပြီး ပြည်တွင်းစစ်ကိုကိုင်တွယ်ပုံကိုင်တွယ်နည်း ကွဲပြားသွားတယ်လို့လည်း ဆိုပါတယ်။ စစ်ပြီးခေတ်မှာ လက်နက်ကိုင်ပုန်ကန်ထကြွသူကို အမျိုးသားအစိုးရတွေကလည်း ချေမှုန်းပစ်ဖို့သာ ကြိုးစားကြတာ များပါတယ်။

ဒါပေမယ့် မလေးရှားနဲ့ဖိလစ်ပိုင်မှာတော့ စစ်အရေးအရဖြေရှင်းတဲ့နည်းကို စွန့်လွှတ်လိုက်ပြီး အတိုက်အခံကိုစည်းရုံးသိမ်းသွင်းကာ ပြည်သူ့ထောက်ခံမှုရယူတဲ့မဟာဗျူဟာကို ကျင့်သုံးပါတယ်။ စစ်ရေးအရရော နိုင်ငံရေးအရပါအဖြေရှာတဲ့အတွက် မလေးရှားနဲ့ဖိလစ်ပိုင်မှာ စစ်တပ်မှာရော အရပ်သားအဖွဲ့အစည်းမှာပါ လုပ်ပိုင်ခွင့်ရှိလာပါတယ်။ မြန်မာနဲ့အင်ဒိုနီးရှားမှာတော့ ဒီလိုစည်းရုံး သိမ်းသွင်းတဲ့နည်းကို စမ်းသပ်တာမျိုးရှိပေမယ့် ပြဿနာကို လက်နက်ကိုင် အကြမ်းဖက်ပြီး ဖြေရှင်းတဲ့နည်းကိုသာ တောက်လျှောက်ကျင့်သုံးလာတဲ့အတွက် ဗဟိုချုပ်ကိုင်မှုကိုကျားကန်တဲ့ စစ်ဗျူရိုကရေစီ ယန္တရားကသာ အားကောင်းလာတာကိုတွေ့ရပါတယ်တဲ့။

ဒါကြောင့် ဒီလိုနိုင်ငံတွေမှာ ချည့်နဲ့တဲ့အရပ်သားအုပ်ချုပ်ရေးနဲ့ အားကောင်းတဲ့ စစ်ဗျူရို ကရေစီအုပ်ချုပ်ရေးဆိုပြီး အစိုးရယန္တရားနှစ်ခု စပြိုင်ပေါ်ထွက်လာပါတယ်။ ပြည်တွင်းပဋိပက္ခကို ရင်ဆိုင် နေရတုန်း နိုင်ငံခြားဝင်ရောက်စွက်ဖက်တဲ့အန္တရာယ်နဲ့ ကြုံတွေ့ရတဲ့အစိုးရဟာ ပြည်တွင်းရေးကို စေ့စပ် ဆွေးနွေးဖြေရှင်းဖို့ ဦးစားမပေးနိုင်တော့ဘဲ အမျိုးသားလုံခြုံရေးကိုသာ ဦးစားပေးရပါတော့တယ်။ အင်ဒိုနီးရှားမှာသူပုန်ထဖို့ အမေရိကန်ကအားပေးတဲ့ကိစ္စနဲ့ မြန်မာပြည်ထဲ ကျူးကျော်ဝင်ရောက် စခန်း ချတဲ့ ကေအဲမ်တီ တရုတ်ဖြူကို အမေရိကန်ကကူညီတဲ့ကိစ္စကြောင့် ဒီနိုင်ငံတွေမှာ ပြည်တွင်းပဋိပက္ခကို အနုနည်းနဲ့ဖြေရှင်းဖို့ ဦးစား မပေးနိုင်တော့ဘဲ စစ်အင်အားကိုသာ ဦးစားပေးလာရကြောင်း ‘မေရီ ကယ်လဟန်’ ကသုံးသပ်ထားပါတယ်။

ရှေ့အပါတ် အပိုင်း ၃ မှာ ကိုလိုနီစစ်တပ်နဲ့ မြန်မာ့ဘုရင့်တပ်မတော်အကြောင်း တင်ပြပါ မယ်။

☆ ☆ ☆

# အပိုင်း (၃)

အထက်မြန်မာပြည်ကို အင်္ဂလိပ်သိမ်းပိုက်ချိန်ကစပြီး ကိုလိုနီအစိုးရက ဒေသခံတိုင်းသူပြည်သားကို ရန်သူလိုသဘောထားတဲ့ဓလေ့ ပေါ်ပေါက်လာရကြောင်း အစချီပြီး မြန်မာမင်းအုပ်ချုပ်ရေးနဲ့ ကိုလိုနီ

စနစ်ကျသွားပုံ မေရီကယ်လဟန် သုံးသပ်ထားတာကို ငါနဲ့မတူငါရန်သူ အပိုင်း (၃) ကိုတင်ပြပါမယ်။ အင်္ဂလိပ်ကိုလိုနီအစိုးရဟာ ဒေသခံမြန်မာပြည်သားတွေကို အန္တရာယ် (သို့မဟုတ်) ရန်သူလို့ယူဆတဲ့ အတွက် စည်းမျဉ်းဥပဒေပြဋ္ဌာန်းပြီး လက်နက်နဲ့အုပ်ချုပ်ပါတယ်။ ကိုလိုနီခေတ်က ကြေးတိုင်နဲ့ မြေတာရင်း မြေပုံမှာ ရပ်ရွာနဲ့လူနေအိမ်ခြေကို အသေးစိတ်ဖော်ပြတာကိုကြည့်ရင် မြန်မာ့လူမှုဘဝနဲ့ပတ်ဝန်းကျင်ကို အစိုးရကချုပ်ကိုင်ဖို့ အဓိကထားတာ ထင်ရှားပါတယ်။

မြန်မာမင်းလက်ထက်မှာ အကြွင်းမဲ့အာဏာရှင်စနစ်ကျင့်သုံးပေမယ့် ဘုရင်နန်းစိုက်ရာ မြို့တော်ကိုဗဟိုပြုတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တာကြောင့် မြို့နဲ့ဝေးလေ တိုင်းသူပြည်သားအဖို့ နေရထိုင်ရ ချောင်ချိလေဖြစ်ပါတယ်။ စစ်တိုက်ဖို့ စစ် သားစုဆောင်းတဲ့အခါမှာလည်း မြို့နဲ့ဝေးလေ စုဆောင်းရတာ ခက်ခဲလေပါပဲတဲ့။ ဒါကြောင့် ကုန်းဘောင်ခေတ်တပ်မှူးဟာ အစိုးရအမှုထမ်းလိုမကျင့်ကြံဘဲ ပုဂ္ဂလိက လုပ်ငန်းရှင်လို လုပ်ကိုင်တဲ့အတွက် အထက်နဲ့အောက်ဆက်ဆံရေးကို တိကျပြတ်သားစွာ ပြဋ္ဌာန်းထား တာမျိုး မရှိဘူးလို့ ဆိုပါတယ်။ နယ်ကတပ်မှူးတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တပ်သားစုဆောင်းပြီး စစ်စည်းကမ်းပြဋ္ဌာန်းကြပါတယ်တဲ့။ ဘုရင့်တပ်မတော်ဟာ ကိုယ့်နယ်မြေမှာထွန်ယက်စိုက်ပျိုးပြီး ဘဝ ရပ်တည်ကြပေမယ့် ကိုလိုနီစစ်တပ်လို အချိန်ပြည့်အမှုထမ်းတဲ့ လခစားစစ်တပ်မဟုတ်ပါဘူး။

ဥရောပမှာတော့ မြို့ပြနိုင်ငံအဆင့်လောက်မှာသာ စစ်တပ်နဲ့အုပ်ချုပ်နိုင်ပေမယ့် တပြည်လုံးကို အုပ်ချုပ်နိုင်လောက်အောင် အင်အားကြီးမားတဲ့စစ်တပ်ကို ဘယ်ဘုရင်မှ မထားနိုင်ပါဘူး။ ပြင်သစ် တော်လှန်ရေးမတိုင်မီက ဥရောပအစိုးရတွေဟာ နယ်စားပယ်စားကတဆင့်အုပ်ချုပ်ရတဲ့အစိုးရတွေပါ။ နယ်စားပယ်စားတွေပုန်ကန်ထကြွမှာနဲ့ သူပုန်နဲ့ပေါင်းသွားမှာကို စိုးရိမ်ရပါတယ်။ ဘုရင့်အစိုးရဟာ ပုဂ္ဂလိကအရင်းရှင်စီးပွားရေးစနစ်နဲ့ သဟဇာတဖြစ်အောင်လုပ်ရတယ်။ မကြာခဏစစ်ဖြစ်တဲ့အတွက် အစိုးရတင်တဲ့အကြွေးနဲ့ ပြည်သူပေးရတဲ့အခွန်တော် တိုးပွားလာတယ်။ အစိုးရရဲ့လုပ်ရပ်ကို လုပ်ငန်းရှင် အရပ်သားတွေကဆန့်ကျင်မှသာ  အုပ်ချုပ်သူအာဏာပိုင်ကလျှော့ပေးကြောင်း ဥရောပသမိုင်းက သက်သေပြနေတယ်။

ဒီနေရာမှာ အင်္ဂလိပ်သမိုင်းကို တင်ပြပါရစေ။ ဘုရင်ကအခွန်တိုးတောင်းတာကို ပါလီမန် လွှတ်တော်ကသဘောမတူတဲ့အတွက် ၁၇ ရာစုအင်္ဂလန်မှာ ပြည်တွင်းစစ် ၆ နှစ်ဖြစ်ပါတယ်။ ဘုရင့် လုပ်ပိုင်ခွင့်ကို ကန့်သတ်မှသာ ဘုရင်လိုချင်တဲ့အခွန်ဘဏ္ဍာပေးနိုင်မယ်ဆိုတဲ့ ပါလီမန်ရဲ့ ရပ်တည်ချက် ကြောင့် ဘုရင့်စစ်တပ်က တဘက် အောက်လွှတ်တော်နဲ့ သူကောင်းမျိုးကတဘက် ပြည်တွင်းစစ်ဖြစ်ကြ တယ်။ ခရွန်ဝဲခေါင်းဆောင်တဲ့ ပါလီမန်အဖွဲ့ စစ်နိုင်လို့ ၁၆၄၉ မှာ ချားလ်စ်ဘုရင်ခေါင်းဖြတ်ခံရပြီး အင်္ဂလန်ဟာ ၁၀ နှစ်လောက် သမတနိုင်ငံဖြစ်သွားတယ်။ အာဏာရှင်အစိုးရကိုခံတိုက်တာဟာ တရွက်ပေါ်က ပြုပြင်ရေးထက် ပိုပြီးထိရောက်ကြောင်း ပြသလိုက်တာပါပဲ။ ပါလီမန်တပ်ဖွဲ့ကိုဦးဆောင်ပြီး သမတလုပ်ခဲ့သူ တက္ကသိုလ်ကျောင်းသားဟောင်း အော်လီဗာခရွန်ဝဲရဲ့ ရုပ်ထုကို ဗြိတိသျှပါလီမန်မှာ ဒီကနေ့အထိ တွေ့ နိုင်ပါတယ်။

အင်္ဂလိပ်ပြည်တွင်းစစ်ကိုမကျေနပ်တဲ့အမျိုးသမီးတွေက ၁၆၄၃ မှာ ပါလီမန်ရှေ့မှာ ဆန္ဒပြ ကြတယ်။ ဒါကြောင့် အစိုးရကိုမကျေနပ်လို့ ပါလီမန်ရှေ့မှာဆန္ဒပြတဲ့ဓလေ့ အင်္ဂလန်မှာရှိခဲ့တာ အနှစ်

၁၆၀ ကျော်နေပြီ။ ပြည်သူလူထုရဲ့ဆန့်ကျင်မှုကြောင့် နိုင်ငံသားအခွင့်အရေး ပေါ်ထွက်လာတာပါ။ နိုင်ငံသားမှာ ရပိုင်ခွင့်နဲ့ လုပ်ပိုင်ခွင့်ရှိလာတဲ့အခါ အစိုးရဟာ ထင်သလိုကြမ်းရမ်းပြီး အခွန်ကောက်တာမျိုး မလုပ်ရဲတော့ပါဘူး။ ဘုရင့်အစိုးရဟာ အရပ်သားအကူအညီမပါဘဲ စစ်ခင်းနိုင်တာမဟုတ်လို့ အမြန် အလုန် လိုအင်ဆန္ဒပြည့်ဝဖို့အတွက် အပေးအယူလုပ်ရကြောင်း၊ ဥရောပသမိုင်းမှာ တွေ့နိုင်ပါတယ်။ ဒီအစဉ်အလာကြောင့် ဥရောပတိုက်မှာ အရပ်သားအစိုးရကို ဘုရင်နဲ့စစ်သားက ရိုသေလေးစားနေ ရတာပါ။

မြန်မာပြည်ကို စစ်တပ်နဲ့သိမ်းပိုက်တဲ့အခါမှာတော့ ဥရောပမှာလို အစိုးရနဲ့ပြည်သူ အပေးအယူလုပ်စရာ မလိုတော့ပါဘူး။ မြန်မာပြည်မှာ ဥရောပစစ်တပ်နဲ့ ကိုလိုနီအုပ်ချုပ်ရေး ယန္တရား ကြီးစိုးခဲ့ကြ အစိုးရနဲ့ပြည်သူ အစေးကပ်တာမဟုတ်ပါဘူး။ အင်္ဂလိပ်တည်ထောင်တဲ့ ခေတ်သစ်နိုင်ငံတော်မှာ မြန်မာပြည်သားတွေ ပထမဦးဆုံးရင်ဆိုင်ရတာဟာ ရိုင်းပယ်သေနတ်နဲ့ လိုက်နာရမယ့် စည်းမျဉ်း ဥပဒေတွေဖြစ်ပါတယ်။ ဖမာမင်းခေတ်ကလို ပြည်သူလူထုကိုထောက်ထားစာနာတာမျိုး ကိုလိုနီအစိုးရမှာ မရှိပါဘူး။

ဒီနေရာမှာ ကျနော့ရဲ့ဆရာတစ်ဆူဖြစ်တဲ့ အငြိမ်းစား သမိုင်းပါမောက္ခဆရာသန်းထွန်းကို ကိုးကားပါရစေ။ ၁၆၃၇ မှာ တရုတ်ကျူးကျော်မယ့်အန္တရာယ်ရှိလာလို့ နယ်စပ်ကို ဗမာစစ်တပ် လွှတ်တဲ့အခါမှာ စစ်ချီရာလမ်းတလျှောက်က ပြည်သူလူထုကို အနှောင့်အယှက်မဖြစ်စေဖို့ သာလွန်မင်းက အမိန့်ထုတ်ခဲ့ပါတယ်။ "စစ်ချီရာလမ်းကြောင်း၌တွေ့ရသော ကြက်၊ ဝက်၊ ဆိတ်နဲ့ နွားကို သတ်မစားရန်၊ မင်းသား၊ ဗိုလ်မှူး၊ တပ်မှူး၊ ဝန်၊ ဝန်မှူး၊ စစ်ကဲ၊ နာခံ၊ တပ်ရေး၊ အကြပ်တို့ကို ညွှန်ကြားလိုက်သည်။ ပြည်သူ့ပစ္စည်းကို မလုယက်ရ၊ ပြည်သူ့သမီးပျိုကို မစော်ကားရ၊ မည်သူ့ကိုမျှ အတင်းအဓမ္မမခိုင်းစေရ၊ အာဏာအလွဲသုံးစားလုပ်ပြီး ပြည်သူလူထုကိုမဖိနှိပ်ရ" ဟူသည်ဖြင့် အမိန့်ထုတ်ထားတာကို ကြည့်ရင် သာလွန်မင်းရဲ့စစ်တပ်ဟာ စည်းကမ်းရှိပြီး တိုင်းသူပြည်သားကိုရိုသေလေးစားတာ ထင်ရှားတယ်လို့ ဆရာသန်းထွန်းကဆိုပါတယ်။

တိုင်းသူပြည်သား သာယာဝပြောရေးကို သာလွန်မင်းက အဓိကထားတာမို့ အစိုးရ အရာထမ်းကို စည်းကမ်းနည်းလမ်း တင်းကျပ်ထားတာပါပဲ။ ပန်းဥယျာဉ်ကို ပြုစုပျိုးထောင်တဲ့ ဥယျာဉ်မှူးလိုပဲ အစိုးရအရာထမ်းဟာ တိုင်းသူပြည်သားကို ဂရုစိုက်ရပါလိမ့်မယ်။ ဒါကြောင့် အစိုးရအရာထမ်းက ပြည်သူပြည်သားကို ငွေမညှစ်နိုင်အောင် ကာကွယ်ရမယ်လို့ ဆိုပါတယ်။ အခွန်တော်စည်းကြပ်ဖို့သာ စိတ်ဝင်စားပြီး ပြည်သူ့ဘဝကိုစိတ်မဝင်စားတာဟာ ရာဇဝတ်မှုကျူးလွန်တာနဲ့ အတူတူပဲလို့ ဆိုပါတယ်။ စစ်ဒဏ်ကြောင့် ဘဝပျက်ခဲ့ရတဲ့တိုင်းသူပြည်သားတွေ ပြန်လည်နာလန်ထလာအောင် သာလွန်မင်းက စွမ်းဆောင်နိုင်ခဲ့တယ်လို့ ဆရာသန်းထွန်းကဆိုပါတယ်။ ပြည်သူ့ဘဝနဲ့ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုကို အစိုးရမင်းက အာမခံပြီး မတရားလုပ်တဲ့အရာထမ်းကို အပြစ်ပေးပါတယ်။ ပြည်သူ့ဘဝ သာယာစိုပြေအောင် သာလွန်မင်းကြိုးစားတာတွေအားလုံး အောင်မြင်ကြောင်း ဆရာသန်းထွန်းက "သာလွန်မင်းအုပ်ချုပ်ရေးစာတမ်း" မှာ ရေးထားပါတယ်။

ရှေ့အပါတ် အပိုင်း ၄ မှာ ကိုလိုနီခေတ်အကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၄)

နိုင်ငံတော်တည်ထောင်တဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံသူနိုင်ငံသားရဲ့ အကျိုးစီးပွားအတွက် ဖြစ်ပေမယ့် အင်္ဂလိပ်တည်ထောင်တဲ့ ကိုလိုနီနိုင်ငံရဲ့ ရည်ရွယ်ချက်ကတော့ ကုန်ထုတ်လုပ်ဖို့သာ ဖြစ်ကြောင်း။ အင်္ဂလိပ် ကိုလိုနီအရာရှိ ဂျေအက်စ်ဖာနီဗာလ်ပြောခဲ့တာကို အစချီပြီး ကိုလိုနီခေတ်အုပ်ချုပ်ရေးအကြောင်း မေရီ ကာယ်လဟန် သုံးသပ်ထားတာကို ငါနဲ့မတူ ငါ့ရန်သူ အပိုင်း ၄ မှာ ဒီကနေ့တင်ပြပါမယ်။

၁၉ ရာစု အရှေ့တောင်အာရှမှာ သဘာဝသယံဇာတရှာဖွေနေတဲ့အင်္ဂလိပ်နဲ့ပြင်သစ် အပြိုင်အဆိုင် စီးပွားရှာလိုက်တာ မြန်မာပြည်ကို အင်္ဂလိပ်သိမ်းပိုက်တဲ့အထိ ရောက်သွားပါတယ်။ မြန်မာပြည်ကို ကိုလိုနီနိုင်ငံသစ်အဖြစ် တည်ထောင်ဖို့ အင်္ဂလိပ်က စိတ်မကူးပါဘူး။ ဒါကြောင့် ကုန်းဘောင် မင်းဆက် ဇာတ်သိမ်းသွားတဲ့အခါမှာ မြန်မာပြည်ကို အိန္ဒိယကိုလိုနီအစိုးရရဲ့ လက်အောက်ခံပြည်နယ် တခုအဖြစ် သတ်မှတ်ပါတယ်။ အိန္ဒိယက အင်္ဂလိပ်ဟာ အိန္ဒိယကိုလိုနီအုပ်စိုးလာတာ နှစ်ပေါင်းတရာ ကျော်ပြီမို့ မြန်မာပြည်ကို အုပ်ချုပ်ရတာ ပြဿနာမဟုတ်ပါဘူး။ စစ်တပ်နဲ့အုပ်ချုပ်ရေးအရာရှိတွေရှိရင် ပြီးနေတဲ့ကိစ္စပါ။ အဓိကဦးတည်ချက်က အင်္ဂလိပ်နဲ့အခြားကုမ္ပဏီတွေ မြန်မာပြည်မှာ စီးပွားရေးလုပ်နိုင် အောင် အိန္ဒိယအစိုးရက စီစဉ်ပေးဖို့ဖြစ်ပါတယ်။ ကိုလိုနီအုပ်ချုပ်ရေးကြောင့် ဥရောပကုမ္ပဏီတွေ အကျိုးခံစားရပြီး မြန်မာပြည်သားတွေ ဒုက္ခရောက်ရပါတယ်။ ကိုလိုနီအစိုးရအဖို့ကတော့ တိုင်းပြည် တပြည်လုံး ငြိမ်ဝပ်ပြီး ပိပြားနေပြီး ကိုယ်လိုချင်တာကိုရဖို့ကသာ အရေးအကြီးဆုံးပါပဲ။

မြန်မာတပြည်လုံးကို သိမ်းပိုက်လိုက်တဲ့ ၁၈၈၅ ခုကစပြီး ၁၉၄၂ မှာ ဂျပန်ရောက်လာတဲ့ အထိ နှစ်ပေါင်း ၆၀ နီးပါးကျင့်သုံးခဲ့တဲ့ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်ဟာ စစ်အုပ်ချုပ်ရေးစနစ်ပဲဖြစ်တယ်လို့ သမိုင်းဆရာ ကားလ်ထရောကီ က ဆိုပါတယ်။ အင်္ဂလိပ်စစ်တပ် သိမ်းပိုက်တာကို ဆန့်ကျင်တဲ့ ပြည်သူ့ တော်လှန်ရေးကြောင့် ကိုလိုနီခေတ်မှာ စစ်တပ်က အရပ်လက်ထက် အာဏာပိုရှိတာဖြစ်ပါတယ်။ အင်္ဂလိပ် အိန္ဒိယစစ်တပ် အထက်မြန်မာပြည်ကို သိမ်းပိုက်စဉ်က ဗမာဘုရင့်တပ်မတော်ဟာ ထိထိ ရောက်ရောက် ခုခံတိုက်ခိုက်နိုင်တာမဟုတ်တဲ့အတွက် အလွယ်တကူသိမ်းပိုက်နိုင်ပါတယ်။

ဒါပေမယ့် သိမ်းပိုက်ပြီး မကြာမီ ပြည်သူ့တော်လှန်ရေးလှုပ်ရှားမှုကို ရင်ဆိုင်ရတဲ့အတွက် အိန္ဒိယစစ်သား တသောင်းခြောက်ထောင် ထပ်ပြီးစစ်ကူပို့ရပါတယ်။ ပြည်သူ့ပုန်ကန်မှုတခုလုံးကို ခေါင်းဆောင်မယ့်သူမရှိပေမယ့် မင်းလောင်းဆိုသူတွေ ဦးဆောင်တဲ့ လှုပ်ရှားမှုကို နေရာအနှံ့အပြားမှာ တွေ့နိုင်ပါတယ်။ ဗမာမိသားစုတိုင်းမှာ သူပုန်ဘက်တော်သားရှိနေပါတယ်။ ဒေသကို မကျွမ်းကျင်တဲ့ အင်္ဂလိပ်အိန္ဒိယစစ်တပ်အဖို့ကတော့ မမြင်ရတဲ့ ရန်သူကိုရင်ဆိုင်နေရသလိုဖြစ်နေတဲ့အတွက် ကျေးရွာ တွေကို မီးရှို့ဖျက်ဆီးတဲ့နည်းနဲ့ ပုန်ကန်မှုကို နှိမ်နင်းပါတယ်။ ဒီလိုလုပ်လေ ပုန်ကန်မှုပြင်းထန်လာလေလို့ နောက်ဆုံးမှာ မြေလှန်မီးရှို့တဲ့နည်းကိုစွန့်လွှတ်လိုက်ရပါတယ်။ စစ်တပ်က အလုံးအရင်းနဲ့ ငါးနှစ် လောက် အပြင်းအထန်စစ်ဆင်တော့မှ ပုန်ကန်ထကြွမှု အရှိန်အဟုန် လျော့သွားပါတယ်။

စစ်သားအတော်များများ အိန္ဒိယကို ပြန်ပို့လိုက်ပေမယ့် မြန်မာပြည်မှာ ဒုက္ခလာရင် နှိမ်နင်း ဖို့အတွက် စစ်သားသောင်းကျော်ထားပါတယ်။ ဒါကြောင့် ကိုလိုနီခေတ်မြန်မာပြည်မှာ စစ်တပ်ထားရတဲ့

မူလရည်ရွယ်ချက်က တိုင်းပြည်ကိုကာကွယ်ဖို့မဟုတ်ပါဘူး။ ကိုလိုနီအစိုးရ အကျိုးစီးပွားကို အန္တရာယ်ပေးမယ့် မြန်မာပြည်သားတွေကို ချေမှုန်းဖို့အတွက် စစ်တပ်ကို နေရာချထားတာ ဖြစ်ပါတယ်။ ကိုလိုနီအစိုးရအတွက် တိုင်းသူပြည်သားကို အတင်းအဓမ္မခိုင်းတာမျိုးလည်း စစ်တပ်ကလုပ်ပါတယ်။ ကားလမ်း ရထားလမ်းဖောက်လုပ်ရာမှာ ရွာသူ ရွာသားကို အတင်းအကျပ်ချောဆွဲတဲ့ဓလေ့ဟာ ကိုလိုနီခေတ်က စခဲ့တာပါ။ ဒါကြောင့်နိုင်ငံသားတွေ အမိန့်နာခံပြီး ငြိမ်ဝပ်ပိပြားနေအောင် စစ်တပ်က လုပ်ဆောင်ရတဲ့အပြင် ကိုလိုနီနယ်နိမိတ်ကို ကာကွယ်ဖို့လည်း တာဝန်ယူရပါတယ်။

ပြည်သူ့နေ့စဉ်ဘဝကို ချုပ်ကိုင်နိုင်ဖို့အတွက် ၁၉ ရာစုနှောင်းပိုင်းမှာ ပုလိပ်တပ်ဖွဲ့ကို တည်ထောင်ပါတယ်၊ ရိုးရာအစဉ်အလာ ထိန်းကွပ်မှုပျက်စီးသွားတဲ့ မြန်မာပြည်မှာ မှုခင်းများပြားလာပါတယ်။ မှုခင်းတိုးပွားတဲ့နှုန်းက လူဦးရေတိုးပွားတဲ့နှုန်းထက် များနေပါတယ်။ ပုလိပ်အဖွဲ့မှာ မြန်မာပြည်သားကို အသုံးပြုတာမို့ ပညာမတတ်တတတ် လစာမလောက်တလောက်နဲ့ အမှုထမ်းရတဲ့ ပုလိပ်တွေ လာဘ်စားတာကို အမျိုးသားဝါဒီနိုင်ငံရေးသမားတွေက ဝေဖန်တိုက်ခိုက်ကြပါတယ်။ ဒါကြောင့် ၁၉၂၃ အခြေခံဥပဒေပြဌာန်းတဲ့အခါမှာ ပုလိပ်အဖွဲ့သန့်ရှင်းရေးလုပ်ပြီး အဂတိလိုက်စားသူတွေကို အလုပ်ဖြုတ်ပစ်ပါတယ်။ ကျန်ရှိနေတဲ့ ပုလိပ်တွေကို လစာတိုးပေးပြီး အရည်အချင်းရှိတဲ့ သန့်ရှင်းတဲ့ ပုလိပ်အဖွဲ့ ဖြစ်လာအောင်ကြိုးပမ်းပေမယ့် မအောင်မြင်ပါဘူး။ မှုခင်းတွေများလာလို့ မနိုင်မနင်းဖြစ်လာတဲ့အတွက် ဖြုတ်ပစ်လိုက်တဲ့ ပုလိပ်အရာရှိတွေကို ပြန်ခန့်ရတဲ့အဖြစ် ရောက်သွားပါတယ်။

ပုလိပ်မနိုင်တဲ့အလုပ်ကို စစ်တပ်ကဝင်လုပ်တဲ့ အကျင့်ဟာ ကိုလိုနီခေတ်ကစခဲ့တာပါ။ ကိုလိုနီခေတ်မှာ ပုလိပ်တပ်ဖွဲ့ စစ်ပုလိပ်တပ်ဖွဲ့နဲ့ စစ်တပ်ဆိုပြီး နှိမ်နင်းရေးတပ်ဖွဲ့ ၃ ဖွဲ့ရှိပါတယ်။ သာမန်ပုလိပ်တပ်ဖွဲ့မှာ ဒေသခံမြန်မာပြည်သားတွေ ပါဝင်လာပြီး လက်နက်ကိုင်တဲ့ပုလိပ်ရှိသလို လက်နက်မကိုင်တဲ့ပုလိပ်တွေလည်း ရှိပါတယ်။ စစ်ပုလိပ်အဖွဲ့မှာတော့ လက်နက်ကိုင် အိန္ဒိယအမျိုးသားနဲ့ အင်္ဂလိပ်အရာရှိသာပါဝင်ပါတယ်။ ပုလိပ်မနိုင်တဲ့အလုပ်ကို စစ်ပုလိပ်ကလုပ်တဲ့ အရေးပေါ်နှိမ်နင်းရေးတပ်ဖွဲ့ပဲဖြစ်ပါတယ်။

၁၉၂၀ လောက်ကစပြီး အလုပ်သမားမကျေနပ်မှု အမျိုးသားရေးအုံကြွမှု စတဲ့ အရေးအခင်းတွေကို စစ်ပုလိပ်နဲ့ စစ်တပ်က ပူးပေါင်းပြီး နှိမ်နင်းပါတယ်၊ ဒီအထဲမှာ ၁၉၃၀–၁၉၃၂ အထိဖြစ်ပွား တဲ့ ဆရာစံလယ်သမားသူပုန်ဟာ အထင်ရှားဆုံးဖြစ်ပါတယ်၊ ဓါးကိုင်တဲ့ လယ်သမားသူပုန်ကို နှိမ်နင်းဖို့ အတွက် အိန္ဒိယကစစ်ကူပို့ပေးရပြီး အိန္ဒိယလက်နက်ကိုင်စစ်သား တသောင်းကျော်သုံးပါတယ်။ အစိုးရ ကို မနာခံသူမှန်သမျှကို ပြစ်မှုကျူးလွန်သူ သို့မဟုတ် နိုင်ငံတော်ရဲ့ရန်သူအဖြစ် သတ်မှတ်ပါတယ်။ အရပ်သားကို ရန်သူအဖြစ်မြင်တဲ့ ကိုလိုနီအစိုးရဟာ ရာဇဝတ်မှုနဲ့ နိုင်ငံရေးလှုပ်ရှားမှုကို နှိမ်နင်းရာမှာ ပုလိပ် စစ်ပုလိပ်နဲ့ စစ်တပ်ကိုသာသုံးတာမို့ ကိုလိုနီခေတ်မှာ လက်နက်ကိုင်တပ်ဖွဲ့ အရေးပါလာတာ ဖြစ်ပါတယ်။

အခွင့်ထူးခံအင်္ဂလိပ်ရဲ့ အကျိုးစီးပွားနဲ့ အာဏာပိုင်ဆိုင်မှုကို ထိပါးလာတယ်လို့ယူဆရင် လက်နက်မရှိတဲ့ ပြည်သူပြည်သားများကို ရန်သူသဖွယ် စစ်တပ်က နှိမ်နင်းဖို့ အဆင်သင့်ပါပဲ။ ဒါပေမယ့် ဆက်သွယ်ရေးလမ်းကြောင်းကောင်းတဲ့ ပြည်မမှာသာ ကိုလိုနီအစိုးရကြိုးမိုးနိုင်ပါတယ်။ အစိုးရကြိုးမိုးတဲ့

နေရာတိုင်းမှာ အစိုးရဟာ မညှာမတာအင်အားသုံးပြီး အာဏာပြလေ့ရှိပါတယ်။ ဒါကြောင့် အစိုးရက စစ်တပ်သုံးပြီး လူ့အဖွဲ့အစည်းကို အနိုင်ကျင့်တဲ့ဓလေ့ဟာ ကိုလိုနီခေတ်က စခဲ့တာဖြစ်ကြောင်း မေရီကယ်လဟန် သုံးသပ်ထားပါတယ်။

ရှေ့အပတ်အပိုင်း ၅ မှာ ကိုလိုနီခေတ် စစ်တပ်ဖွဲ့စည်းပုံအကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၅)

အိန္ဒိယမှာနှစ်ပေါင်းများစွာ အုပ်ချုပ်မင်းလုပ်ပြီးမှ မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်တဲ့ အင်္ဂလိပ် ကိုလိုနီ အစိုးရဟာ အိန္ဒိယစစ်သားကို အဓိကအားကိုးပါတယ်။ မြန်မာပြည်ကို အိန္ဒိယလက်အောက်ခံ ပြည်နယ်တခုအဖြစ်သတ်မှတ်လိုက်တဲ့အခါမှာလည်း တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် အိန္ဒိယစစ်တပ်နဲ့ အိန္ဒိယစစ်သားကိုပဲသုံးပါတယ်။ ဒါပေမယ့် ပထမကမ္ဘာစစ်နောက်ပိုင်း အိန္ဒိယပြည်မှာ နိုင်ငံရေးမငြိမ်မှု လုပ်လာတော့ မြန်မာပြည်ကိုသီးခြားအုပ်ချုပ်နိုင်အောင် ပထမဆုံးသောအခြေခံဥပဒေကို ၁၉၂၃ မှာ ပြဋ္ဌာန်းပါတယ်။ ဒီဥပဒေအရ တနေ့ကြရင် မြန်မာပြည်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးကျင့်သုံးလာမှာမို့ တိုင်းရင်းသားကို စစ်မှုထမ်းခိုင်းဖို့စဉ်းစားလာရကြောင်း မေရီကယ်လဟန်ကသုံးသပ်ထားတာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း ၅ မှာ တင်ပြပါမယ်။

အိန္ဒိယစ်စစ်သားကိုသုံးပြီး အိန္ဒိယကိုကြီးစိုးတဲ့အင်္ဂလိပ်ဟာ မြန်မာပြည်မှာလည်း မြန်မာပြည်သားကိုသုံးပြီးအုပ်ချုပ်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲမှာတိုက်ခိုင်းဖို့အတွက် ရခိုင်တိုင်းရင်းသားတွေကိုစစ်ထဲသွင်းဖို့ အိန္ဒိယကိုလိုနီအစိုးရက ၁၈၂၄ မှာ စီစဉ်ခဲ့ဘူးပါတယ်။ တနင်္သာရီ ဒေသကိုကာကွယ်ဖို့အတွက် ၁၈၃၃ မှာ မွန်တိုင်းရင်းသားတွေကို စစ်ထဲဝင်ခိုင်းပေမယ့် မှန်းချက်မကိုက်လို့ နောက်ပိုင်းမှာ မွန်တပ်ဖွဲ့ကိုဖျက်သိမ်းလိုက်ရပါတယ်။ ၁၈၅၂ မှာ ဒုတိယ အင်္ဂလိပ်–မြန်မာစစ် ဖြစ်ပွါးတော့ ဒေသခံတွေကိုစစ်တပ်ထဲသွင်းဖို့ ကြိုးစားပြန်ပါတယ်။ ဗမာအနည်းအကျဉ်းပါဝင်တဲ့ ပဲခူး ခြေမြန်တပ်ကို ဖွဲ့စည်းပါတယ်။ ဒါပေမဲ့ စစ်ပြီးသွားလို့ ဗမာဘုရင်နဲ့စစ်ဖြစ်ဖို့ အခွင့်အလမ်း နည်းသွားတဲ့အခါမှာ ပဲခူးခြေမြန်တပ်နဲ့ ရခိုင်တပ်ကို လက်နက်မကိုင်တဲ့အရပ်သားပုလိပ်အဖြစ် အသွင် ပြောင်းလိုက်ပါတယ်။

အဲဒီနောက်ပိုင်း ခရစ်ယာန်ဘာသာဝင်ဖြစ်သွားတဲ့ ကရင်တိုင်းရင်းသားတွေကို စစ်တပ်ထဲသွင်းဖို့ ကြိုးစားပါတယ်။ ပထမကမ္ဘာစစ်ဖြစ်ချိန်မှာ ဒေသတိုင်းရင်းသားစစ်မှုထမ်း ၃၀၀ လောက် ရှိတဲ့အနက် ၂၀၀ ကျော်က ကရင်တိုင်းရင်းသားဖြစ်ပါတယ်။ အဲဒီအချိန်က မြန်မာပြည်လူဦးရေဟာ ၁၂ သန်းဖြစ်တာမို့ စစ်မှုထမ်းတဲ့ဒေသခံတိုင်းရင်းသား အလွန်နည်းပါးနေတာ ထင်ရှားပါတယ်။ အိန္ဒိယစစ်သားကိုသုံးမယ့်အစား ဒေသခံမြန်မာပြည်သားကိုသုံးဖို့ အင်္ဂလိပ်အရာရှိက တင်ပြတဲ့အခါမှာ ကိုလိုနီ အစိုးရဟာ ဒေသခံတွေကို စစ်ထဲသွင်းဖို့စီစဉ်ပါတယ်။ ဒါပေမယ့် ဒေသခံတိုင်းရင်းသားကို သင်တန်းပေး

လေ့ကျင့်ပေးရတာဟာ အိန္ဒိယစစ်သားကို နိုင်းတာထက် ပိုပြီးစရိတ်အကုန်အကျများတဲ့အတွက် အင်္ဂလိပ်စကားတတ်ပြီး ကျင့်သားရနေတဲ့ အိန္ဒိယစစ်သားကိုပဲ ဆက်သုံးပါတယ်။

ပထမကမ္ဘာစစ်ပြီးခဲ့လို့ အိန္ဒိယပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့စီစဉ်တဲ့အခါမှာ မြန်မာပြည်ကို အိန္ဒိယလက်အောက်ခံပြည်နယ်အဖြစ် ဆက်ထားလို့မဖြစ်တော့ပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့ အဆင့်မမီသေးဘူးလို့ အင်္ဂလိပ်ကယူဆပါတယ်။ ဒါကြောင့် ၁၉၂၃ ခု ဂျန်နဝါရီလ ၁ ရက်နေ့မှာ ဒိုင်အာခီ အခြေခံဥပဒေကို ပြဌာန်းပြီး မြန်မာပြည်ကို ဘုရင်ခံအုပ်ချုပ်တဲ့ကိုလိုနီအဖြစ် သတ်မှတ်ပါတယ်။ ရွေးကောက်တင်မြှောက်ထားတဲ့ကိုယ်စားလှယ်အများစုပါဝင်တဲ့ ဥပဒေပြုကောင်စီနဲ့ ဘုရင်ခံ မှူးတွဲ အုပ်ချုပ်ပါတယ်။

အဲဒီအချိန်ကစပြီး အိန္ဒိယပြည်ကိစ္စနဲ့ မြန်မာပြည်ကိစ္စဟာ ကွဲကွဲပြားပြားဖြစ်လာတယ်လို့ ဆိုနိုင်ပါတယ်။ အိန္ဒိယလက်အောက်ကခွဲထုတ်လိုက်တဲ့မြန်မာပြည်မှာ အိန္ဒိယစစ်သား ဆက်သုံးတဲ့ကိစ္စဟာ စဉ်းစားရာဖြစ်လာပါတယ်။ အိန္ဒိယစစ်သားကို အိန္ဒိယပြည်ကာကွယ်ရေးအတွက်သာ သုံးသင့်တဲ့အတွက် နိုင်ငံခြားရောက်အိန္ဒိယစစ်သားတွေကိုပြန်ခေါ်ဖို့ အိန္ဒိယအမျိုးသားကွန်ဂရက်က တောင်းဆိုနေချိန်ဖြစ်ပါတယ်။ ဗမာအမျိုးသားဝါဒီတွေကတော့ အင်္ဂလိပ်စစ်တပ်ထဲ ဗမာတွေဝင်ခွင့်မပြုတဲ့ကိစ္စကို ဝေဖန်ရှုတ်ချနေပါတယ်။ လူဦးရေအများဆုံးဗမာဟာ စစ်တပ်ထဲမှာတော့ အနည်းဆုံးဖြစ်နေပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးချိန်ရောက်တော့မှ ဗမာစစ်တပ်ဖွဲ့စည်းဖို့ ကိုလိုနီအစိုးရက စဉ်းစားလာတာပါ။

အမျိုးသားရေးလှုပ်ရှားမှု အရှိန်ရနေတဲ့ကာလမှာ ဗမာတွေကို စစ်တပ်ထဲသွင်းလိုက်ရင် ပုန်ကန်လိမ့်မယ်လို့စိုးရိမ်ပြီး စစ်တပ်ထဲအဝင်မခံတာလို့ ကိုလိုနီအရာရှိဟောင်း J.S. Furnivall က ပြောဘူးတယ်။ အိန္ဒိယအတွေ့အကြုံကို သင်ခန်းစာယူပြီး နိုင်ငံရေးစိတ်ဓါတ်ရှိတဲ့ လူတန်းစားကို စစ်တပ်အဝင်မခံဘို့ အင်္ဂလိပ်ကဆုံးဖြတ်ထားတာပါပဲ။ ၁၉၂၀ ကျောင်းသားသပိတ်ကို တပြည်လုံး ထောက်ခံလို့ အမျိုးသားရေးလှုပ်ရှားမှုပေါ်ပေါက်လာရတာကိုကြည့်ပြီး ဗမာလူမျိုးကို စစ်တပ်ထဲ အဝင်မခံတာဘဲ ဖြစ်ပါလိမ့်မယ်။

၁၉၃၁ လူဦးရေစာရင်းမှာဖော်ပြတဲ့ မြန်မာပြည်သားစစ်သားဦး ရေမှာ ကရင်၊ ကချင်နဲ့ ချင်းစစ်သားက ၈၃ ရာနိုင်နှုန်းဖြစ်ပါတယ်။ လူဦးရေအများဆုံးဖြစ်တဲ့ဗမာဟာ စစ်သားဦးရေ အနည်းဆုံး ဖြစ်နေပါတယ်။ ဒီအချိန်မှာ အမျိုးသားဝါဒီ ဒုတိယမျိုးဆက်ပေါ်ထွက်လာပြီး ဒို့ဗမာအစည်းအရုံးကို ဖော်ပြီး နိုင်ငံရေးလှုပ်ရှားနေပါပြီ။ အင်္ဂလိပ်လက်အောက်ကလွတ်မြောက်အောင် ဘယ်နည်းနဲ့ လုပ်မလဲဆိုတာကို အရေးတကြီးစဉ်းစားလာတဲ့အချိန်အခါပါပဲ။ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှာ လက်နက်မကိုင်ဘဲ ဝါးချွန်သာကိုင်တဲ့ကိုယ်ပိုင်တပ်တွေ ဒီခေတ်မှာအထင်အရှားပေါ်ပေါက်လာပါတယ်။

လူငယ်တွေ ကိုယ်လက်ကြံ့ခိုင်ရေးနဲ့ အခြေခံစစ်ပညာ နားလည်ရေးအတွက် ဦးမောင်ကြီးက ၁၉၃၀ မှာ ‘ဓါတပ်’ ကိုဖွဲ့စည်းပါတယ်။ နောက်တော့ဦးမောင်ကြီးဟာ ပထမဆုံးသော ကာကွယ်ရေး ဝန်ကြီး ဖြစ်လာပါတယ်။ ဒို့ဗမာအစည်းအရုံးက လက်ရုံးတပ်ကိုဖွဲ့စည်းပြီး တက္ကသိုလ်ကျောင်းသား များသမဂ္ဂက သံမဏိတပ်ကိုဖွဲ့ပါတယ်။ ဦးစောမှာ ဂဠုန်တပ်ရှိသလို ဒေါက်တာဘမော်မှာ ဓါးမတပ်ရှိပါ တယ်။ ဒီတပ်တွေမှာပါဝင်တဲ့ လူငယ်ဦးရေဟာ များလှတာမဟုတ်ပေမဲ့ အခါကြီးရက်ကြီးမှာ စစ်ရေးပြ

ချီတက်ကြတာကြောင့် လူသိများတဲ့တပ်တွေပဲ ဖြစ်ပါတယ်။ အန္တရာယ်ပေးနိုင်တယ်လို့ အင်္ဂလိပ်က မယူဆလို့ ခွင့်ပြုထားတာပါ။ လက်နက်မကိုင်ရပေမဲ့ ရဲတပ်နဲ့ လက်ရုံးတပ်ဟာ စစ်ပညာအခြေခံတွေကို လေ့လာဆည်းပူးပြီး မြန်မာဘာသာနဲ့ရေးသားထုတ်ဝေတဲ့အထိ လေးနက်စွာလှုပ်ရှားတာ တွေ့ရပါတယ်။

၁၉၃၅ ရောက်မှ ဗမာကို စစ်တပ်ထဲဝင်ခွင့်ပြုလိုက်ပေမယ့် အင်္ဂလိပ်လက်အောက်မှာ စစ်မှုထမ်းချင်သူ သိပ်မရှိပါဘူး။ ၁၉၃၇ ဧပြီလ ၁ ရက်နေ့မှာ ဗြိတိသျှဘားမားစစ်တပ်ကို စစ်သား ၆၀၀၀၊ အရာရှိ ၅၀၀ နဲ့တည်ထောင်တဲ့အခါမှာ ဗမာဦးရေကနည်းပြီး အရင် အိန္ဒိယစစ်တပ်မှာ အမှုထမ်းခဲ့သူက အများစုဖြစ်နေပါတယ်။ ဂျပန်တပ်နဲ့အတူ ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေးတပ်မတော်) ရောက်လာတော့မှ ဗမာလူငယ်တွေ အလုံးအရင်းနဲ့ စစ်ထဲဝင်ကြပါတယ်။

ရှေ့အပါတ် အပိုင်း ၆ မှာ ဂျပန်ခေတ်ကိုတင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၆)

အထက်မြန်မာပြည်ကို အင်္ဂလိပ် သိမ်းပိုက်ပြီး ကုန်းဘောင်မင်းဆက်က နန်းချလိုက်တဲ့အခါမှာ မြန်မာပြည်သားတွေကပုန်ကန်ထကြွပြီး အင်္ဂလိပ်စစ်တပ်ကို လက်တုံ့ပြန်ကြပါတယ်။ ဒေသခံသူပုန်ကို ရင်ဆိုင်နေရတဲ့ ကိုလိုနီစစ်တပ်ဟာ သူပုန်နဲ့ပြည်သူ မခွဲခြားနိုင်တာကြောင့် ပြည်သူလူထုကို ရန်သူလို သဘောထားပြီး ဆက်ဆံလာပါတော့တယ်။ ပြည်သူလူထုကပုန်ကန်ထကြွလိုက် ကိုလိုနီစစ်တပ်က နှိမ်နင်းလိုက် ပြည်သူကငြိမ်သွားလိုက် ဖြစ်နေတာဟာ ကိုလိုနီခေတ်ရဲ့ အစိုးရနဲ့ပြည်သူလူထု ဆက်ဆံရေးပုံစံပါပဲ။ ဒါပေမယ့် ဂျပန်စစ်တပ်က မြန်မာပြည်ကိုသိမ်းပိုက်တဲ့အခါမှာတော့ ဂျပန်ရဲ့ရန်သူဟာ အင်္ဂလိပ် ကိုလိုနီစစ်တပ်ပါ။ မြန်မာပြည်သားတွေမဟုတ်ပါဘူး။ အင်္ဂလိပ်အင်ပါယာကိုဖြိုခွင်းနေတဲ့ ဂျပန်စစ်တပ်ဟာ မြန်မာပြည်သားတွေရဲ့ပူးပေါင်းဆောင်ရွက်မှုကိုရဖို့ လိုအပ်တဲ့အတွက် ရန်သူလိုသဘောထားလို့ မဖြစ်ပါဘူး။ ဒါကြောင့် ကိုလိုနီခေတ်မှာမရှိဘူးတဲ့ ဗမာ့တပ်မတော်ကိုတည်ထောင်ရာမှာ ဂျပန်က ကူညီတာ ဖြစ်ကြောင်း မေရီကယ်လဟန်သုံးသပ်ထားပုံကို ငါ့နဲ့မတူငါ့ရန်သူ အပိုင်း (၆) မှာ တင်ပြပါမယ်။

၁၉၄၁ ဒီဇင်ဘာလမှာစတဲ့ ဂျပန်ရဲ့စစ်ဆင်ရေးကို အင်္ဂလိပ်ကိုလိုနီစစ်တပ်ဟာ ၂ လကျော် သာခုခံနိုင်ပြီး ၁၉၄၂ မတ်လ ၇ ရက်နေ့မှာ ရန်ကုန်ကထွက်ပြေးပါတယ်။ ကိုလိုနီစစ်တပ်နဲ့အတူ ထွက်ပြေးကြတဲ့ အိန္ဒိယပြည်သားသုံးသိန်းခွဲ စစ်ပြေးဒုက္ခသည်ဖြစ်သွားပါတယ်။ ၆ လအတွင်း မြန်မာတပြည်လုံး ဂျပန့်လက်အောက်ကျရောက်သွားပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်တည်ထောင်တဲ့ ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ ဗမာအမျိုးသားဦးရေ အနည်းဆုံး တသောင်း၊ အများဆုံး ၅ သောင်းအထိရှိနိုင်တယ်လို့ ခန့်မှန်းပါတယ်။ ဒီအထဲမှာ အခြား တိုင်းရင်းသားတွေ မပါပါဘူး။

ဘီအိုင်အေတပ်သားတွေ များလာလေလေ ဂျပန်တပ်အတွက် စိုးရိမ်စရာဖြစ်လေလေမို့ ၁၉၄၂ မတ်လမှာ ဘီအိုင်အေကို ပြန်လည်ဖွဲ့စည်းပြီး ဇွန်လမှာဖျက်သိမ်းလိုက်ပါတယ်။ ဂျပန်စစ်ဝတ်စုံနဲ့ ဂျပန်လက်နက်ကိုင်ဆောင်တဲ့ ဘီဒီအေဗမာ့ကာကွယ်ရေးတပ်မတော်ဆိုတဲ့ ဗမာအမျိုးသားတပ်မတော် ကို ဂျပန့်လက်အောက်မှာ ဖွဲ့စည်းလိုက်မယ်ဆိုရင် ဗမာအမျိုးသားဝါဒီကို ထိန်းသိမ်းရလွယ်ကူပြီး လွတ်လပ်ရေးပေးဖို့လည်း ဆိုင်းထားနိုင် လိမ့်မယ်လို့ ဂျပန်စစ်တပ်ကယူဆပါတယ်။ ဗမာစစ်သားတွေကို ဗမာစစ်ဗိုလ်ကတာဝန်ယူထိန်းသိမ်းနိုင်ဖို့လည်း ရည်ရွယ်ပါတယ်။ ကင်ပေတိုင်စစ်ပုလိပ်လည်း အရေးပါ လာပါတယ်။

လွတ်လပ်ရေးမရတဲ့အပြင် လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းခံလိုက်ရတာမို့ ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဘီအိုင်အေခေါင်းဆောင်ပိုင်းဟာ လွတ်လပ်ရေးရဖို့ကိစ္စကို အဓိကမထားနိုင်တော့ဘဲ မိမိတို့ဖွဲ့စည်းထားတဲ့ ဗမာအမျိုးသားတပ်မတော် မပျောက်မပျက် ဆက်လက်ရှင်သန်နိုင်ဖို့ကိုသာ ဦးစားပေးလာရပါတယ်။ ဘီအိုင်အေကို ၇ လသားအရွယ်မှာဖျက်သိမ်းပြီး ပုံမှန်စစ်တပ်အဖြစ် အသွင် ပြောင်းလို က်တာဖြစ်ပါတယ်။

ဘီအိုင်အေဘက်တော်သား သခင်တွေဟာ ၁၉၄၂ ခုနှစ် ပထမ ၆ လပိုင်းမှာသာ ရပ်ရွာ အုပ်ချုပ်ရေးကို တာဝန်ယူပါတယ်။ ဂျပန်စစ်တပ်ကတော့ အုပ်ချုပ်ရေးမှာ ကိုလိုနီဝန်ထမ်းဟောင်းက တာဝန်ယူတာကိုပဲ လိုလားပါတယ်။ ဒါကြောင့် ကိုလိုနီဝန်ထမ်းဟောင်းကြီးစိုးတဲ့ ရပ်ရွာအုပ်ချုပ်ရေးစနစ် ‘ဒေါက်တာဘမော် ဦးဆောင်တဲ့ အမျိုးသားလူကြီးအစိုးရ’ နဲ့ တော်လှန်ရေးစိတ်ဓါတ် ပြင်းတဲ့ လူငယ် တွေ ပါဝင်တဲ့ ဗမာ့ကာကွယ်ရေးတပ်မတော် စသည်ဖြင့် အဖွဲ့အစည်း ၃ ခုကို ဂျပန်စစ်တပ်က ဖန်တီး လိုက်ပါတယ်။ ဒီအဖွဲ့အစည်း ၃ ခုလုံး နိုင်ငံရေးအရပေါင်း စည်းသွားမယ်ဆိုရင် ဗမာ့တပ်မတော် ဟာ ဂျပန်တော်လှန်ရေးကို ဦးဆောင်မှာမဟုတ်ဘူးလို့ မေရီကာယ်လဟန်ကမြင်ပါတယ်။ တော်လှန်ရေး ကို ဦးမဆောင်တဲ့ ဗမာ့တပ်မတော်ဟာ စစ်ပြီးခေတ်နိုင်ငံရေးလောကကိုလည်း ဦးဆောင်နိုင်မှာမယ် မရှိ ဘူးလို့ သုံးသပ်ပါတယ်။

ဘီအိုင်အေ–ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဖျက်သိမ်းပြီး ဘီဒီအေ–ဗမာ့ကာကွယ်ရေး တပ်မတော်ဖွဲ့စည်းရတဲ့ အဓိကရည်ရွယ်ချက်က ဗမာတပ်ဖွဲ့ကို ဂျပန်စစ်တပ်ကလိုအပ်သလို ထိန်းချုပ် ချယ်လှယ်နိုင်ဖို့ပါပဲ။ ဒါပေမဲ့ ဘီဒီအေတပ်ဟာ ဂျပန်ရည်ရွယ်သလိုဖြစ်မလာဘဲ ပြည်ချစ်လူငယ်တွေ စုဝေးရာနေရာ ဖြစ်လာပါတယ်။ ပထမဆုံးသောဗမာ့တပ်မတော်ကို ဂျပန်တည်ထောင်လိုက်တာဟာ အမျိုးသားစိတ်ဓါတ်နဲ့ လွတ်လပ်ရေးစိတ်ဓါတ်အရှိန်အဟုန်ကို ပြင်းထန်စေတဲ့အတွက် ဂျပန်ဟာ ကိုယ့်အန္တရာယ် ကိုယ်ဖန်တီးသလို ဖြစ်သွားပါတယ်တဲ့။

အင်အား နှစ်ထောင်က ငါးထောင်အထိရှိတဲ့ ဘီဒီအေတပ်ကိုဖွဲ့စည်းဖို့ ဂျပန်စစ်တပ်က ခွင့်ပြုလိုက်တာဟာ ဗမာ့တပ်မတော်ပေါ်ပေါက်မှုဖြစ်စဉ်မှာ အရေးကြီးတယ်လို့ မေရီကာယ်လဟန်က မြင်ပါတယ်။ အုတ်အရောရောကျောက်အရောရောဖြစ်နေတဲ့ ဘီအိုင်အေတပ်ကိုဖျက်သိမ်းကာ အသေအချာစိစစ်ရွေးချယ်ပြီး ကျစ်ကျစ်လစ်လစ်ဖွဲ့စည်းထားတဲ့ဘီဒီအေတပ် ပေါ်ပေါက်လာတာ ကြောင့် ဗမာစစ်သည်တွေထဲမှာ အဖွဲ့စိတ်နဲ့ ရဲဘော်စိတ် ကိန်းအောင်းလာတာလို့ ဆိုပါတယ်။ ဂျပန်

ခေတ်မှာ ပထမဆုံးတည်ထောင်တဲ့ဗိုလ်သင်တန်းကျောင်းနဲ့ ဘီအိုင်အေ–စစ်ရုံး အရေးပါပုံကိုလည်း ကယ်လဟန်က တင်ပြထားပါတယ်။

တစ်ခန်းတွေကရွေးချယ်လိုက်တဲ့ဗိုလ်လောင်းတွေ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းမှာ စုဝေးကြပါတယ်။ ဘီအိုင်အေ–ဗမာတပ်မှူးက ဗိုလ်လောင်းကိုရွေးချယ်ပြီး ဂျပန်ဆရာတွေက သင်တန်းပေးပါတယ်။ ၇ လကြာသင်တန်းကာလမှာ ဂျပန်ဆရာတွေက ဂျပန်စကားပြောပြီး ဂျပန်ပုံစံအတိုင်း လေ့ကျင့်သင်ကြားတာပဲဖြစ်ပါတယ်။ နားမလည်လို့ အရိုက်ခံရတဲ့သင်တန်းသားက များပါတယ်။ ဒီလိုအရိုက်ခံရလို့ ဂျပန်မုန်းတီးစိတ်ဝင်လာတာလည်း ဖြစ်နိုင်ပါတယ်တဲ့။ ဒါပေမဲ့ တချို့စစ်ဗိုလ်တွေ နောင်အနှစ် ၄၀ လောက်အထိ ဂျပန်ဆရာတွေနဲ့ ချစ်ခင်ရင်း နှီးနေတာကိုကြည့်ရင် စစ်တွင်းကာလမှာ ဆိုးတူကောင်းဘက်ခံစားကြရတာကို နှစ်ဦးနှစ်ဘက် သဘောပေါက်ပုံရပါတယ်။

ဘီအိုင်အေ–ဗမာ့ကာကွယ်ရေးတပ်မတော်ကိုထောက်ပံ့ဖို့နဲ့ ကြီးကြပ်အုပ်ချုပ်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဘီအိုင်အေစစ်ရုံးကို ရန်ကုန်မှာဖွင့်ပါတယ်။ ဖွင့်စမှာ ဂျပန်အမှုထမ်းက သုံးပုံတပုံ၊ ဗမာအမှုထမ်းက သုံးပုံနှစ်ပုံဖြစ်ပေမယ့် နောက်ပိုင်းမှာ ဗမာဦးရေ တိုးပွါးလာပါတယ်။ စစ်ရုံးဟာ ဂျပန်တော်လှန်ရေးပြင်ဆင်တဲ့ ဗဟိုဆက်သွယ်ရေးရုံး ဖြစ်လာပါတယ်။ မြေအောက်လှုပ်ရှားသူ တော်လှန်ရေးသမားတွေ အလွယ်တကူသွားလာနိုင်ဖို့ ဘီအိုင်အေစစ်ရုံးကပဲ စစ်ဝတ်စုံထုတ်ပေးပါတယ်။ ဗိုလ်သင်တန်းကျောင်းလိုပဲ စစ်ရုံးမှာလည်း နိုင်ငံရေးအဖွဲ့အစည်းအသီးသီးကစစ်ဗိုလ်တွေ ရှိနေပါတယ်။ ဒီစစ်ဗိုလ်တွေဟာ တော်လှန်ရေးကာလမှာ အဓိကအခန်းကဏ္ဍက ပါဝင်လာကြပါတယ်။ ရှေ့ အပါတ်အပိုင်း (၇) မှာ ဂျပန်တော်လှန်ရေးရဲ့ တပ်မတော်အခန်းကဏ္ဍကို တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၇)

ဂျပန်တော်လှန်ရေးကာလမှာ အသွင်မတူတဲ့အဖွဲ့အစည်းတွေ ယာယီမဟာမိတ်လုပ်ပြီး ဂျပန်ကို တော်လှန်ဖို့သာ အဓိက အာရုံစိုက်ခဲ့ကြပါတယ်။ သဘောထားကွဲလွဲသူတွေဟာ ဂျပန်တော်လှန်ရေး ကာလမှာသာ ယာယီလက်တွဲနိုင်ကြတာပါ။ အင်္ဂလိပ်ကလည်း ဂျပန်ဆန့်ကျင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုကို စည်းရုံးသိမ်းသွင်းရာမှာ ဗမာမုန်းတီးရေး သွေးထိုးပေးခဲ့ပါတယ်။ ဒါကြောင့် ဂျပန်စစ်ရှုံးလို့ စစ်ပြီးဆုံးတဲ့အခါမှာ အင်္ဂလိပ်၊ ဗမာနဲ့ တိုင်းရင်းသားတွေအကြား သဘောထားကွဲလွဲလာရုံသာ မကဘဲ ဗမာအဖွဲ့အစည်းတွေထဲမှာလည်း ဂိုဏ်းဂဏအကျိုးစီးပွါးကွဲပြားမှု ပိုမိုပြင်းထန်လာတာမို့ အခြေအနေဆိုးဝါးလာပုံ မေရီ ကယ်လဟန်သုံးသပ်တာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း (၇) မှာ တင်ပြလိုက်ပါတယ်။

သဘောထားချင်းမတူတဲ့ ကွန်မြူနစ်ပါတီနဲ့ နောင်အခါမှာ ဆိုရှယ်လစ်ပါတီဖြစ်လာတဲ့ ပြည်သူ့အရေးတော်ပုံပါတီဟာ အစကတည်းက အစေးကပ်တာမဟုတ်ပေမယ့် ဂျပန်တော်လှန်ရေး

အတွက် ဖွဲ့လိုက်တဲ့ AFO ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့မှာ နှစ်ဖွဲ့စလုံး ပါဝင်လာရပါတယ်။ ဂျပန်နဲ့ပေါင်းတာကို စခဲ့ကတည်းကဆန့်ကျင်ခဲ့တဲ့ ကွန်မြူနစ်တွေဟာ ဂျပန်စစ်တပ်ရောက်လာချိန်ကစပြီး ဂျပန်ဆန့်ကျင်ရေးလုပ်ပါတယ်။ ကွန်မြူနစ်က အင်္ဂလိပ်နဲ့ လက်တွဲပြီး ဂျပန်ဆန့်ကျင်ရေးလုပ်ချင်ပေမယ့် ပြည်သူ့အရေးတော်ပုံကတော့ အင်္ဂလိပ်နဲ့လက်တွဲဖို့ စိတ်မကူးဘဲဂျပန်ခေတ်အစိုးရအဖွဲ့မှာနေရာယူပြီး လှုပ်ရှားပါတယ်။ ဂျပန်ခေတ်အဖွဲ့အစည်းအားလုံးလိုလိုမှာ ကွန်မြူနစ်ပါတီကဝင်ရောက်ပြီး ဖက်ဆစ်ဆန့်ကျင်ရေးအတွက် စည်းရုံးရေးဆင်းပါတယ်။ အစိုးရရာထူးရယူတဲ့ ကွန်မြူနစ်ပါတီဝင်တွေကလည်း သူ့နည်းသူ့ဟန်နဲ့ ဖက်ဆစ်ဆန့်ကျင်ရေးမြေအောက်လှုပ်ရှားမှုကို အကူအညီပေး ပါတယ်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဘဟိန်း၊ သခင်သိန်းဖေတို့ဟာ ထင်ရှားတဲ့ကွန်မြူနစ်ဝါဒီတွေဖြစ်ပါတယ်။

ဦးဘဆွေ၊ ဦးကျော်ငြိမ်းခေါင်းဆောင်တဲ့ ပြည်သူ့အရေးတော်ပုံပါတီကတော့ မြေအောက်တော်လှန်ရေးအတွက် ပြည်သူလူထုထဲဝင်ပြီး စည်းရုံးတာမျိုးမလုပ်ပါဘူး။ လုံခြုံရေးအတွက် ပါတီခေါင်းဆောင်ပိုင်းဟာ အစိုးရအဖွဲ့မှာ ပါဝင် လုပ်ကိုင်ပါတယ်။ တချိန်တည်းမှာ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်လိုတဲ့စစ်ဗိုလ်အချို့နဲ့လည်း အနီးကပ်ဆက်သွယ်ထားပါတယ်။ ဖက်ဆစ်တော်လှန်ရေးအတွက်ရော အင်္ဂလိပ်ဆန့်ကျင်ရေးအတွက်ပါ ဗမာ့အမျိုးသားတပ်မတော်ကိုအသုံးပြုဖို့ ပြည်သူ့အရေးတော်ပုံပါတီက ရည်ရွယ်ထားပုံရပါတယ်။ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနဲ့ အမျိုးသားတပ်မတော်က ကိုယ်စားလှယ်တွေ ၁၉၄၄ ဩဂုတ်လမှာတွေ့ဆုံဆွေးနွေးပြီး AFO ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကို တည်ထောင်ပါတယ်။ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ အတွင်းရေးမှူး သခင်သန်းထွန်း၊ နိုင်ငံရေးခေါင်းဆောင်က သခင်စိုးဖြစ်ပါတယ်။ စစ်ပြီးခေတ်မှာ ကွန်မြူနစ်ပါတီနဲ့ပြည်သူ့အရေးတော်ပုံပါတီ ပြိုင်ဆိုင်ကြရာမှာ တပ်မတော်ကစစ်ဗိုလ်တွေကလည်း မိမိတို့ထောက်ခံတဲ့နိုင်ငံရေးပါတီကိုသာ သစ္စာရှိကြပါတယ်။

BIA ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးစိုးစဉ်က ဖိနှိပ်ခံရတဲ့လူနည်းစုတွေထဲမှာ ကရင်ဟာ ဒုက္ခ အရောက်ဆုံးပါပဲ။ မြောင်းမြမှာတင် BIA လက်ချက်နဲ့သေဆုံးတဲ့ ကရင်အမျိုးသား ၂၀၀၀ နီးပါး ရှိပါတယ်။ ကရင်ရွာတွေကိုဖုံးကြဲ တိုက်ခိုက် ဖို့ ဗိုလ်နေဝင်းကိုယ်တိုင် ဂျပန်လေတပ်ကို တိုက်တွန်းဘူးကြောင်း သူ့ဆရာဖြစ်သူ တာကာဟရှိ ဟရှိုရိုး ကိုယ်တိုင် ၁၉၇၄ က ကျနော့်ကိုပြောပြဘူးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ရဲ့ကြိုးပမ်းမှုကြောင့် ကရင်–ဗမာဆက်ဆံရေး ပြန်ကောင်းသွားတဲ့အတွက် စောကြာဒိုးခေါင်းဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးကရင်တပ်ရင်းကို ၁၉၄၄ မှာ ဖွဲ့စည်းနိုင်ပါတယ်။ အရှေ့ပိုင်းဒေသက ကရင်၊ ကရင်နီပြောက်ကျား တသောင်းကျော်ကို အင်္ဂလိပ်က လက်နက်ပေးပါတယ်။

အင်္ဂလိပ်ရဲ့ရန်သူ ဂျပန်နဲ့လက်တွဲခဲ့တဲ့ ဗမာ့တပ်မတော်ဟာ ဂျပန်ကိုတိုက်ထုတ်ဖို့ ပြင်ဆင်နေတဲ့ အင်္ဂလိပ်နဲ့ပူးပေါင်းဖို့ကြိုးစားတဲ့အခါမှာ ပြဿနာရှိလာပါတယ်။ ဂျပန့်မိတ်ဆွေ ဗမာ့တပ်မတော်ကို သစ္စာဖောက်လို့သတ်မှတ်ခဲ့တဲ့ အင်္ဂလိပ်ကိုလိုနီအစိုးရဟာ သစ္စာဖောက်နဲ့လက်တွဲရမှာကို မသိုးမသန့်ဖြစ်နေပုံရပါတယ်။ မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်ဖို့ပြင်ဆင်တဲ့အခါမှာ ဂျပန်–ဗမာဆန့်ကျင်ရေးကို ရှေ့တန်းတင်ပြီး တိုင်းရင်းသားလူမျိုးစုကို အင်္ဂလိပ်ကစည်းရုံးပါတယ်။ ဂျပန်နဲ့ဗမာ လက်တွဲနေချိန်မှာ ဆုတ်ခွာခဲ့ရတဲ့ အင်္ဂလိပ်စစ်တပ်ဟာ နယ်စပ်ဒေသနေ တိုင်းရင်းသားတွေကို ပြောက်ကျားဖွဲ့ပြီး ဂျပန်

ဆန့်ကျင်ရေးလုပ်ပါတယ်။ ရခိုင်၊ ချင်းနဲ့ ကချင်ဒေသမှာ တော်လှန်ရေးပြောက်ကျားတပ်တွေကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဗမာမှန်းတီးရေးကိုဆွပေးပြီး ဂျပန်ကိုရော ဗမာကိုပါတိုက်ဖို့ စည်းရုံးသိမ်းသွင်းတာပါပဲ။ ဒီအချက်ကြောင့် နောင်အခါ ဗမာနဲ့လူမျိုးစုတွေအကြား အထင်မှားအမြင်မှားဖြစ်လာတာလို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။

နိုင်ငံရေးပါတီစုံပါဝင်တဲ့ **AFO** ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ **BNA** ဗမာအမျိုးသားတပ်မတော်တို့လက်တွဲပြီး ဂျပန်ကိုတော်လှန်ဖို့ပြင်ဆင်နေပြီဆိုတာကို သိရတဲ့အချိန်မှာ ဗမာသခွာဖောက်နဲ့လက်မတွဲဖို့ အိန္ဒိယရောက်ကိုလိုနီအရာရှိတွေက အင်္ဂလိပ်ဘုရင်ခံကို သတိပေးပါသေးတယ်။ ဒါပေမဲ့ အိန္ဒိယရောက် သခင်သိန်းဖေ (ခေါ်) ဦးသိန်းဖေမြင့်၊ သခင်တင်ရွှေနဲ့ ရခိုင်အမျိုးသားဦးညိုထွန်းတို့ရဲ့ဆောင်ရွက်မှုကြောင့် အင်္ဂလိပ်–အမေရိကန်မဟာမိတ်တပ်ဟာ ဗမာ့တော်လှန်ရေးအဖွဲ့နဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဗမာစစ်တပ်နဲ့ဂျပန်စစ်တပ်ကို ရန်သူလိုသဘောထားပြီးဖွဲ့စည်းခဲ့တဲ့ တိုင်းရင်းသားပြောက်ကျားတပ်တွေ အဖို့ကတော့ ဂျပန်စစ်ဝတ်စုံဝတ်ပြီး ဂျပန်သေနတ်ကိုင်ဆောင်တဲ့ ရန်သူဟောင်းဗမာနဲ့ လက်တွဲပြီး ဂျပန်စစ်တပ်ကိုတိုက်ခိုက်ဖို့ပြင်ဆင်ရတာ စိတ်မသက်သာစရာပါတဲ။ ဘုံရန်သူ ဂျပန်ကို တိုက်ခိုက်တဲ့တပ်ဖွဲ့တွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့စည်းရုံးရေးဆင်ပြီး တိုက်ခိုက်နေတာမို့ ရည်ရွယ်ချက် အသီးသီးရှိနေကြပါတယ်။ တိုင်းရင်းသားမဟာမိတ်ပြောက်ကျားကိုဦးဆောင်သူ အင်္ဂလိပ်နဲ့အမေရိကန်အရာရှိအချို့ က စစ်ပြီးရင် ကိုယ်ပိုင်အုပ်ချုပ်ရေး (သို့မဟုတ်) လွတ်လပ်ရေးရနိုင်မယ်လို့ တိုင်းရင်းသားတွေကို ပြီစလွယ်ကတိပေးတာမျိုးလည်း ရှိပါတယ်။ ဒါကြောင့် စစ်ပြီးခေတ် ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှုမှာမပါလိုတဲ့ ကရင်၊ ကချင် တိုင်းရင်းသားအဖွဲ့တွေဟာ သူတို့လှုပ်ရှားမှုကို အင်္ဂလိပ်–အမေရိကန် အကူအညီပေးလိမ့်မယ်လို့ မျှော်လင့်ခဲ့တာဖြစ်ဟန်တူတယ်လို့ ကယ်လဟန်က သုံးသပ်ပါတယ်။

အသွင်မတူတဲ့အုပ်စုတွေ ဘုံရန်သူဂျပန်ကို စုပေါင်းတိုက်ခိုက်လို့ ဂျပန်လက်နက်ချလိုက်ရပေမယ့် မတည့်အတူနေတဲ့အခြေအနေ ရှိနေဆဲပါပဲ။ စစ်နိုင်လို့ပြန်ရောက်လာတဲ့ ကိုလိုနီအရာထမ်းနဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေရဲ့မှတ်တမ်းမှာ ဗမာတော်လှန်ရေးအုပ်စုကို သစ္စာဖောက်လို့ရေးထားတာ တွေ့ရပါတယ်။ ဗမာ တော်လှန်ရေးအုပ်စုကလည်း အင်္ဂလိပ်ကို ယာယီမဟာမိတ်အဖြစ်သာ သတ်မှတ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးမှာပါဝင်ခဲ့တဲ့ တိုင်းရင်းသားပြောက်ကျားတွေကလည်း အတွေးကိုယ်စီနဲ့ လှုပ်ရှားကြပါတယ်။ ရှေ့အပါတ် အပိုင်း (၈) မှာ စစ်ပြီး ခေတ်တပ်မတော်ဖွဲ့စည်းပုံအကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၈)

မဟာမိတ်တပ်ပေါင်းစု၊ ဗမာ့အမျိုးသားတပ်မတော်နဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ စတဲ့ အသွင်မတူတဲ့ အဖွဲ့အစည်းတွေပူးပေါင်းပြီး ဂျပန်ကိုတိုက်ထုတ်လို့ မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်တဲ့ ၁၉၄၅ ခုနှစ် ပထမ ၆ လပိုင်းဟာ စစ်ပြီးခေတ်မြန်မာပြည်ကိုဖန်တီးလိုက်တဲ့ အချိန်ကာလဖြစ်ပါတယ်။ ဘုံရန်သူ ဂျပန်စစ်တပ်မရှိတော့တဲ့အခါမှာ ရည်ရွယ်ချက်မတူတဲ့ ဂျပန်ဆန့်ကျင်ရေးအင်အားစုအချင်းချင်း ပဋိပက္ခ ဖြစ်လာရပုံကို ငါနဲ့မတူငါ့ရန်သူ အပိုင်း (၈) မှာ မေရီကာယ်လဟန်က သုံးသပ်ထားပါတယ်။

ရန်ကုန်ကိုသိမ်းပိုက်ပြီးချိန်အထိ မြန်မာပြည်အုပ်ချုပ်ရေးကို ဘယ်အဖွဲ့အစည်းက ချုပ်ကိုင်သလဲဆိုတာ ပြောဖို့ မလွယ်ပါဘူးတဲ့။ ဂျပန်ဆန့်ကျင်ရေးအင်အားစုထဲပါဝင်ခဲ့ကြတဲ့ အဖွဲ့အစည်းအသီးသီးမှာ စစ်ပြီးခေတ်မြန်မာပြည်နဲ့ပတ်သက်ပြီး အယူအဆအမျိုးမျိုးရှိကြတဲ့အတွက် အတွေးကိုယ်စီနဲ့ တိုင်းပြည်အနာဂတ်ကို စိတ်ကူးယဉ်ကြပါတယ်။ ဘုံရန်သူကိုလက်တွဲတိုက်ခိုက်ဖို့ မဆုံးဖြတ်မီကတည်းက ရှိခဲ့တဲ့ ကွဲလွဲတဲ့အယူအဆ အတွေးအခေါ်တွေလည်း ပြန်လည်ထွက်ပေါ်လာပါတယ်။ စစ်ပြီးခေတ်မြန်မာပြည်ကို ကြီးစိုးဖို့ပြိုင်ဆိုင်တဲ့ အင်အားစုသုံးစုရှိပါတယ်။ ပထမအင်အားစုက ဗိုလ်ချုပ်ကြီးမောင့်ဘက်တန် ခေါင်းဆောင်တဲ့ မဟာမိတ်တပ်ပေါင်းစုဖြစ်ပြီး၊ ဒုတိယက ဘုရင်ခံဒေါ်မန်စမစ် ဦးဆောင်တဲ့ 'ကက်စ်ဘီ' ခေါ် မြန်မာပြည်အုပ်ချုပ်ရေးအဖွဲ့ဖြစ်ပါတယ်။ တတိယအင်အားစုက ဗမာနိုင်ငံရေးအဖွဲ့တွေဖြစ်ပြီး ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့၊ ဗမာ့အမျိုးသားတပ်မတော်အခြား အမျိုးသားအဖွဲ့အစည်းတွေ ပါဝင်ပါတယ်။

စစ်သေနာပတိချုပ် မောင့်ဘက်တန် ဦးဆောင်တဲ့ မဟာမိတ်တပ်ပေါင်းစုအတွက်ကတော့ မြန်မာပြည်ကိုသိမ်းပိုက်တာဟာ စစ်ဆင်ရေးရဲ့ ပထမအဆင့်သာဖြစ်ပါတယ်။ မဟာမိတ်တပ်ကြီးဟာ မြန်မာပြည်ကိုသိမ်းပြီးတာနဲ့ အရှေ့တောင်အာရှမှာကျန်ရှိနေသေးတဲ့ ဂျပန်တပ်တွေကို တိုက်ခိုက်ဖို့ ဆက်လက်စစ်ချီရပါတယ်။ မဟာမိတ်တပ်ကြီးသိမ်းပိုက်ခဲ့တဲ့နေရာကိုဝင်ရောက်လာတဲ့ အင်အားစုတွေကတော့ ဖက်ဆစ်ဆန့်ကျင်ရေးဗမာအဖွဲ့တွေနဲ့ 'ကက်စ်ဘီ' အုပ်ချုပ်ရေးအဖွဲ့ပါပဲ။ ဗမာလက်နက်ကိုင်အဖွဲ့တွေက လွတ်လပ်ရေးလိုချင်ပြီး 'ကက်စ်ဘီ' အဖွဲ့ကတော့ ကိုလိုနီစနစ်ကို ပြန်လည် အသက်သွင်းလိုပါတယ်။

မြန်မာပြည်မှာ ဂျပန်ကြီးစိုးနေတုန်း ၁၉၄၃ မှာ 'ကက်စ်ဘီ' အုပ်ချုပ်ရေးအဖွဲ့ကို အိန္ဒိယမှာ ဖွဲ့စည်းပါတယ်။ ရည်ရွယ်ချက်က စစ်ပြီးရင် မြန်မာပြည်ကိုပြန်လည်အုပ်ချုပ်ဖို့ပါပဲ။ ဂျပန်နဲ့ပူးပေါင်းတဲ့ ဗမာ့တပ်မတော်ကို သစ္စာဖောက်တပ်လို့ ကိုလိုနီအရာထမ်းတွေပါဝင်တဲ့ 'ကက်စ်ဘီ' အဖွဲ့က အမည်ပေးထားပါတယ်။ ဗမာ့အမျိုးသားတပ်မတော်နဲ့ လက်တွဲတိုက်ခိုက်ဖို့ မဟာမိတ်တပ်ကဆုံးဖြတ်တာကို ကက်စ်ဘီအဖွဲ့က မထောက်ခံပါဘူး။ ဒါကြောင့်မို့ ဖက်ဆစ်ဆန့်ကျင်ရေးဗမာအဖွဲ့နဲ့ 'ကက်စ်ဘီ' အုပ်ချုပ်ရေးတို့ ပဋိပက္ခဖြစ်ကြပြီး ပစ်ကြခတ်ကြတဲ့အထိ အခြေအနေဆိုးဝါးလာပါတယ်။ ကက်စ်ဘီ အရာထမ်းနဲ့ လက်နက်ကိုင်ဗမာဟာ တဦးနဲ့တဦး ရန်သူလိုသဘောထားလာတယ်လို့ ဆိုနိုင်ပါတယ်။

ဒီလိုအခြေအနေမှာ ကိုလိုနီအုပ်ချုပ်ရေးကို ပြန်လည်ကျင့်သုံးလို့ မဖြစ်နိုင်တော့ပါဘူး။ နိုင်ငံရေး နိုးကြားတက်ကြွတဲ့ပြည်သူလူထုလက်ထဲ သေနတ်ရောက်နေတာမို့ အင်အားသုံး ကိုလိုနီစနစ် ကျင့်သုံးလို့ မရတော့ပါဘူး။ ဒီအခြေအနေကြောင့် ပုံစံတမျိုးမျိုးနဲ့ လွတ်လပ်ရေးပေးရတော့မယ်ဆိုတာကို အားလုံးသဘောပေါက်နေကြပုံရပါတယ်။ ကဲ – ဒီလိုဆိုရင် လွတ်လပ်တဲ့မြန်မာပြည်ကို ဘယ်သူအုပ်ချုပ်မလဲ ဆိုတဲ့ပြဿနာ ပေါ်လာပါတယ်။ မောင့်ဘက်တန်ရဲ့ မဟာမိတ်တပ်ကြီးနဲ့ လက်တွဲပြီး ဂျပန်ကို တိုက်ခိုက်ခဲ့တဲ့ ဗမာလက်နက်ကိုင်အဖွဲ့ကို အာဏာလွှဲပေးမှာလား။ ဒါမှမဟုတ်လည်း ၁၉၄၂ ကတည်းက သစ္စာရှိရှိ အိန္ဒိယအထိလိုက်လာခဲ့တဲ့ ကိုလိုနီအရာထမ်းဗမာတွေလက်ထဲ အာဏာအပ်မလား ဆိုတဲ့ ပြဿနာပါပဲတဲ့။ ဒီကိစ္စကို လန်ဒန်ကအင်္ဂလိပ်အစိုးရကလည်း ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ပါဘူး။

ဖက်ဆစ်ဆန့်ကျင်ရေးဗမာအဖွဲ့နဲ့ လက်တွဲဖို့ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်ကို ခွင့်ပြုတုန်းကလည်း လန်ဒန်ကအင်္ဂလိပ်အစိုးရဟာ စိတ်မပါတပါ ဖြစ်ခဲ့ပါသေးတယ်။ ဂျပန်နဲ့ ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ခဲ့တဲ့ဗမာကို အင်္ဂလိပ်အစိုးရ မမေ့သေးပါဘူး။ ဖက်ဆစ်ဆန့်ကျင်ရေးဗမာအင်အားစုကို အင်္ဂလိပ်အစိုးရကမယုံကြည်သေးတာကို ဗိုလ်ချုပ်ပီးအားစ် Pearce ခေါင်းဆောင်တဲ့ 'ကက်စ်ဘီ' အဖွဲ့က အခွင့်ကောင်းယူပြီး ဗမာလက်နက်ကိုင်ပြောက်ကျားနဲ့ မောင့်ဘက်တန်ရဲ့ မဟာမိတ်တပ်အကြားနားလည်မှုပျက်ပြားအောင် ဆောင်ရွက်ပါတော့တယ်။ တကယ်တော့ စစ်ပြီးခေတ်မြန်မာပြည်မှာ ကိုလိုနီအုပ်ချုပ်ရေးယန္တရား မရှိတော့တဲ့အတွက် ပြန်လည်ဝင်ရောက်လာတဲ့ အင်္ဂလိပ်ကိုလိုနီအရာရှိတွေဟာ ဘာလုပ်ရမှန်းမသိ စမ်းတဝါးဝါးဖြစ်နေချိန်မှာ သစ္စာဖောက်ဗမာကို လက်စားချေချင်တဲ့ အင်္ဂလိပ်အချို့က အခွင့်ကောင်းယူတာပါပဲ။

မဟာမိတ်တပ်ကြီးချီတက်တိုက်ခိုက်သွားတဲ့ စစ်ကြောင်းနောက်ကလိုက်ပါတဲ့ ဖက်ဆစ်ဆန့်ကျင်ရေးဗမာတပ်ဖွဲ့ဟာ သူတို့သိမ်းပိုက်ရာနေရာဒေသမှာအုပ်ချုပ်ရေးတည်ဆောက်ပါတယ်။ ၁၉၄၂ မှာ ဂျပန်စစ်ကြောင်းနောက်ကလိုက်ပြီး ဘီအိုင်အေအုပ်ချုပ်ရေးတည်ထောင်တဲ့ပုံစံမျိုးပါပဲ။ နောက်တော့ ကက်စ်ဘီ အုပ်ချုပ်ရေးအဖွဲ့ရောက်လာပြီး အရင်ရောက်နေတဲ့ဗမာအဖွဲ့ကို အရေးယူ အပြစ်ပေးဖို့နဲ့ မောင်းထုတ်ဖို့ ကြိုးစားပါတော့တယ်။ ရန်ကုန်ကိုမသိမ်းရသေးခင် ၁၉၄၅ မေလ ၁ ရက်နေ့မှာ ဂျပန်ငွေစက္ကူကို တရားမဝင်ကြောင်း ကက်စ်ဘီအဖွဲ့က ကြေညာတာဟာ အတော် ရက်စက်တဲ့လုပ်ရပ်ပါပဲ။ ဂျပန်ပိုက်ဆံနဲ့ စပါးရောင်းထားတဲ့လယ်သမားနဲ့ လက်လုပ်လက်စားဆင်းရဲသားဟာ အထိနာဆုံးဖြစ်ပါတယ်။ မြန်မာပြည်သားအဖို့ကတော့ စာနာစိတ်ကင်းမဲ့တဲ့နေရာမှာ အင်္ဂလိပ်နဲ့ဂျပန်ဟာ အတူတူပါပဲ။

၁၉၄၅ မေလ ၃ ရက်နေ့မှာ မဟာမိတ်တပ်ကြီး ရန်ကုန်ကိုသိမ်းပိုက်လိုက်တဲ့အခါ ဖက်ဆစ်ဆန့်ကျင်ရေးဗမာအဖွဲ့တွေနဲ့ လက်တွဲဖြုတ်ချိန်ရောက်ပြီလို့ 'ကက်စ်ဘီ' အုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်ပါတယ်။ တချိန်တည်းမှာပဲ စစ်တွင်းကာလတလျှောက်လုံး သစ္စာရှိစွာ အင်္ဂလိပ်နဲ့လက်တွဲခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ အကျိုးစီးပွားကို မြှင့်တင်ဖို့ အချိန်ရောက်လာပြီလို့ 'ကက်စ်ဘီ' အဖွဲ့က ယူဆပါတယ်။

ရန်ကုန်သိမ်းပြီး တပတ်အကြာမှာ ဗိုလ်ချုပ်အောင်ဆန်းကို စစ်တရားခံအဖြစ်ဖမ်းဆီးပြီး ရုံးတင် စစ်ဆေးဖို့နဲ့ ဗမာ့အမျိုးသားတပ်မတော်ကိုဖျက်သိမ်းဖို့ ကက်ဘိအုပ်ချုပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်ပီးအားစ်က တောင်းဆိုပါတယ်။ မဟာမိတ်စစ်သေနာပတိချုပ် မောင့်ဘက်တန်ဟာ ဒီအကြောင်း သိတာနဲ့ ပီးအားစ်နေရာကို ဗိုလ်ချုပ် **Hubert Rance** နဲ့ အစားထိုးလိုက်ပါတယ်။ ဒါပေမယ့် ပီးအားစ်ရဲ့ ကက်ဘိအဖွဲ့ဟာ ၆ လလောက် အင်္ဂလိပ်–မြန်မာ ရန်မီးပွားအောင် တို့မီးရှို့မီး လုပ်နိုင်ခဲ့တဲ့ အတွက် အင်္ဂလိပ်အုပ်ချုပ်ရေးနဲ့ ဗမာအမျိုးသားရေးအဖွဲ့ အစည်းတွေအကြား ယုံကြည်မှုရှိအောင်လုပ်ဖို့ ခက်ခဲသွားပါတယ်။ ရှေ့အပါတ်မှာ စစ်ပြီးခေတ် တပ်မတော်သစ်တည်ဆောက်ပုံကို တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၆)

စစ်ပြီးခေတ် ပဋိပက္ခအရှုပ်အထွေးကြားက တပ်မတော်သစ်ပေါ်ပေါက်လာပုံအကြောင်း မေရီ ကယ်လဟန် သုံးသပ်ထားတာကို တင်ပြပါမယ်၊ စစ်ပြီးရင် မြန်မာပြည်မှာ ဘယ်လိုစစ်တပ်မျိုး တည်ထောင်မယ်ဆိုတဲ့ကိစ္စမှာ ဒေါမန်စမစ်ခေါင်းဆောင်တဲ့ အိန္ဒိယရောက်ကိုလိုနီအစိုးရနဲ့ ဗိုလ်ချုပ် အောင်ဆန်းတို့အဖွဲ့ဟာ အမြင်မတူကြပါဘူး။ ဒေါမန်စမစ်တို့အဖွဲ့ဟာ ကိုလိုနီခေတ်ကာပုံစံအတိုင်း တိုင်းရင်းသားလူမျိုးစုကို အခြေခံတဲ့စစ်တပ်ကို ဖွဲ့စည်းလိုပါတယ်။

ချင်း–ကချင်ပြောက်ကျားအကူအညီနဲ့ နယ်စပ်ဒေသကို ပြန်လည်သိမ်းပိုက်နိုင်တာမို့ ဒီ ဒေသမှာ အင်္ဂလိပ် အရာရှိ ကြီးကြပ်တဲ့ လူမျိုးစုတပ်ကိုတည်ထောင်ပြီး မြန်မာပြည်မှာတော့ ကရင် အိန္ဒိယနဲ့ အင်္ဂလိပ်မြန်မာကပြားပါဝင်တဲ့ လူမျိုးစုံတပ်ကို ဒေါမန်စမစ်တို့အဖွဲ့က တည်ထောင်လိုပါတယ်။ စစ်မဖြစ်မီကရှိခဲ့တဲ့ ကိုလိုနီစစ်တပ်ကို အသက်ပြန်သွင်းဖို့ရည်ရွယ်တာပါပဲ၊ ဒါပေမယ့် လက်တွေ့အခြေ အနေဟာ ဒေါမန်စမစ်ရဲ့ စီမံကိန်းနဲ့ တခြားစီဖြစ်နေပါတယ်၊ မဟာမိတ် တပ်ပေါင်းစု နိုတက်တိုက်ခိုက် သွားတဲ့စစ်ကြောင်းမှာ ကျန်ရှိနေသေးတဲ့ ဂျပန်အကြွင်းအကျန်ကို အပြတ်ရှင်းပြီး ကက်ဘိ အုပ်ချုပ်ရေး ကို ကူညီဖို့တာဝန်ယူသူဟာ အင်္ဂလိပ်တပ်ဖွဲ့နဲ့ ဗမာတပ်ဖွဲ့တွေဖြစ်နေပါတယ်။

ဒီလိုမူးတွဲတာဝန်ထမ်းဆောင်ရာမှာ အင်္ဂလိပ်နဲ့ဗမာတပ်ဖွဲ့စုစည်းညှိနှိုင်းပြီး လုပ်ကိုင်ရတာ ရှိသလို အင်္ဂလိပ်ဘက်ကအနိုင်ကျင့်ပြီး ဗမာ့ဆီကလက်နက်ကို သိမ်းသွားတာမျိုးလည်းရှိပါတယ်။ ဒီကိစ္စ မျိုးဟာ စစ်သေနာပတိချုပ် မောင့် ဘက်တန်ကို စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်၊ ဂျပန်ကိုတိုက်ရာ မှာ ဗမာလက်နက် ကိုင်အဖွဲ့က ကူညီနိုင်တယ်လို့ မောင့်ဘက်တန်က ယုံကြည်ထားသလို တနေ့ကျရင် ဗမာတပ်ဖွဲ့ကို ဖျက်သိမ်းဖို့ ဗမာကပဲ သဘောတူလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်၊ ဒါပေမယ့် ဒေါမန်စမစ်ရဲ့ ကက်ဘိအုပ်ချုပ်ရေးအဖွဲ့ကတော့ ဗမာတပ်ဖွဲ့ပြိုကွဲပျက်စီးသွားတာကို မြင်လိုပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့အဖို့ကတော့ BNA ဗမာ့အမျိုးသားတပ်မတော် ဆက်လက် ရှင်သန်ရေးဟာ ပထမဦးစားပေးဖြစ်ပါတယ်။ ဗမာအမျိုးသားတပ်မတော်ဟာ ဂျပန်ကိုတော်လှန်တဲ့အခါ

မှာ ပြည်သူ့လွတ်လပ်ရေးတပ်မတော်ဖြစ်လာပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ၁၉၉၉ ထုတ် တပ်မတော်သမိုင်း ဒုတိယတွဲမှာ ဖော်ပြထားတာကတော့ မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်ချိန် ၁၉၄၅ ဇွန်လ နှောင်းပိုင်းမှာ ဒေါ်မန့်စမင်ရဲ့ အကြံပေးချက်အရ PBF ဗမာ့မျိုးချစ်တပ်မတော်လို့ တရားဝင်အမည်ပြောင်း ကြောင်းသိရပါတယ်။

မြန်မာ့အနာဂတ်နိုင်ငံရေးနဲ့စစ်ရေးကိစ္စမှာ ကက်စ်ဘီအုပ်ချုပ်ရေးနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ဟာ ပြဒါးတလမ်းသံတလမ်းဖြစ်နေပါတယ်။ ဒါပေမယ့် စစ်အခြေအနေကြောင့် နှစ်ဘက်စလုံး မိမိ ရည်ရွယ်ချက်ကို အကောင်အထည်မဖော်နိုင်သေးတဲ့အတွက် အပေးအယူလုပ်ရာက ပေါ်ထွက်လာတဲ့ အစီအစဉ်အရ စစ်ပြီးခေတ်တပ်မတော်သစ်ကို ဖွဲ့စည်းဖို့စီစဉ်တာဖြစ်ကြောင်း မေရီကာယ်လဟန်က သုံးသပ်ပါတယ်။ ကက်စ်ဘီအုပ်ချုပ်ရေးကတပက် PBF ဗမာ့မျိုးချစ်တပ်မတော်ကတပက် အချေအတင် ပြောနေတုန်း စစ်သေနာပတိချုပ်မောင့်ဘက်တန်က ဗမာတပ်နဲ့တိုင်းရင်းသားတပ်ဆိုပြီး စစ်တပ်နှစ်တပ် ပါဝင်တဲ့ အမြဲတမ်း တပ်မတော်သစ်ကို ဖွဲ့စည်းဖို့တင်ပြတာပါပဲ။

ဒိုမီနီယံ–ကိုယ်ပိုင်အုပ်ချုပ်ရေးမရသေးမီကာလမှာ ဒီတပ်မတော်သစ်ကို အင်္ဂလိပ် စစ်မင်းကြီး လက်အောက်မှာထားရမယ်လို့ဆိုပါတယ်။ ဗမာစစ်ဗိုလ်စစ်သားသာပါဝင်တဲ့ ဗမာတပ်ကို ဗမာလူမျိုးဖြစ်သူ ဒုတိယစစ်မင်းကြီးကအုပ်ချုပ်ပြီး တိုင်းရင်းသားလူမျိုးစုတပ်ကိုတော့ တိုင်းရင်းသားဖြစ်သူ ဒုတိယစစ်မင်းကြီးက အုပ်ချုပ်ဖို့ဖြစ်ပါတယ်။ လူမျိုးကို အခြေခံပြီး ခွဲခြားထားတဲ့စစ်တပ် ၂ တပ်ပါဝင်တဲ့ တပ်မတော်သစ်တည်ထောင်မယ့် အစီအစဉ်ကို ကက်စ်ဘီအုပ်ချုပ်ရေးအဖွဲ့–ဗြိတိသျှစစ်တပ်– PBF မျိုးချစ်ဗမာတပ်မတော်နဲ့ ဖဆပလအဖွဲ့တို့က လက်ခံ ကြပါတယ်။

ဗမာ့တပ်ရင်း ၄ ရင်း၊ ကချင်–ချင်းနဲ့ကရင်က တပ်ရင်း ၂ ရင်းစီ အသီးသီးတည်ထောင်ကြဖို့ ဗိုလ်ချုပ်အောင်ဆန်းတို့ဘက်ကသဘောတူပါတယ်။ “တပ်ရင်းများကို လူမျိုးအလိုက် သီးခြားဖွဲ့စည်းရန်– ဆိုလိုသည်မှာ ဗမာကို ဗမာတပ်ရင်းသို့ ကရင်များကို ကရင်တပ်ရင်းသို့ သွတ်သွင်းဖွဲ့စည်းရန်” သေည်ဖြင့် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့စွဲပါ ဗိုလ်ချုပ်အောင်ဆန်းတင်ပြတဲ့ စာတမ်းကို ၁၉၉၅ ထုတ် တပ်မတော်သမိုင်း တတိယတွဲ စာမျက်နှာ ၄၁ မှာလည်း ဖော်ပြထားတာကို တွေ့ရပါတယ်။

ဒီလို အသွင်မတူ– အစဉ်အလာမတူ–ဦးတည်ချက်မတူတဲ့ လူမျိုးအခြေခံတဲ့ စစ်တပ် ၂ တပ်ကို စစ်ပြီးခေတ်တပ်မတော်သစ်ထဲ ထည့်ဖို့စီစဉ်တာဟာ မဖြစ်ဖြစ်အောင် စပ်ဟပ်ပြီး နိုင်ငံရေးအရ အမြေရှာတဲ့ ရေတိုအစီအစဉ်သာဖြစ်ပြီး သမားရိုးကျပုံမှန်စစ်တပ်ဖွဲ့စည်းပုံမျိုးမဟုတ်ပါဘူးတဲ့၊ ရုတ်တရက် ပေါက်ကွဲနိုင်တဲ့ အခြေအနေကို ရှောင်တဲ့သဘောနဲ့ ရေတိုကိုကြည့်ပြီး စစ်တပ် ၂ တပ်ကို ပေါင်းစပ်ဖို့ စီစဉ်တာပါတဲ့၊ ရေတိုနိုင်ငံရေးအစီအစဉ်အရ ဖွဲ့စည်းထားတဲ့တပ်မတော်ဟာ စစ်ပြီးခေတ်မှာ နိုင်ငံရေးပြိုင်ဆိုင်မှု အပြင်းထန်ဆုံးနေရာဖြစ်လာတယ်လို့ မေရီကာယ်လဟန်သုံးသပ်ပါတယ်။ လူမျိုးအခြေခံတဲ့ စစ်တပ်ဖွဲ့စည်းပုံဟာ ရေရှည်မှာ တပ်မတော်ကိုရော တိုင်းပြည်ကိုရော ဒုက္ခပေးလာတာ တွေ့ရပါတယ်။

ဗမာတပ်နဲ့တိုင်းရင်းသားတပ်ကို ပူးပေါင်းဖို့ရည်ရွယ်ထားပေမယ့် ၁၉၄၅ ဩဂုတ်မှာ ဂျပန်သူ ဂျပန် လက်နက်ချတဲ့အခါမှာ PBF ဗမာမျိုးချစ်တပ်မတော်အတွက် ဖိုးရိမ်စရာဖြစ်လာပါတယ်၊ PBF

ကို ဖျက်သိမ်းတော့မယ်ဆိုတဲ့ ကောလာဟလသတင်းပြန့်နှံ့လာပါတယ်၊ ဒါကြောင့် ဩဂုတ်လ ၁၂ ရက်နေ့ ရန်ကုန်မြို့မှာ ကျင်းပတဲ့ တပ်မှူးများအစည်းအဝေးမှာ PBF တပ်သားကို တပ်ဖွဲ့လိုက် တပ်မတော်သစ်မှာ ပါဝင်ခွင့်ပြုဖို့နဲ့ PBFကို တပ်မတော်ရဲ့ကျောရိုးအဖြစ် သဘောထားပြီး တိုင်းရင်းသားတွေကိုပါဝင်ခွင့်ပြုဖို့ ပထမဆုံးအကြိမ် PBF ကတောင်းဆိုလာပါတယ်။ ဒီကိစ္စကို နေ့သူရိန် ညီလာခံမှာ အတည်ပြုပါတယ်။ ဖဆပလအဖွဲ့နဲ့ PBF ဗမာ့မျိုးချစ်တပ်မတော်ဟာ တနေ့တခြား အင်အားတိုးမွားနေပါတယ်၊ အင်္ဂလိပ်ကိုလိုနီမှာ အမျိုးသားရေးလှုပ်ရှားမှုကို နှိမ်နင်းတဲ့အခါ အိန္ဒိယစစ်သားကို အသုံးမပြုဖို့ အိန္ဒိယအမျိုးသားဝါဒီတွေက တောင်းဆိုနေချိန်လည်းဖြစ်ပါတယ်။

အဲဒါကြောင့် ဗမာ့မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းလိုက်မယ်ဆိုရင် ပေါ်ပေါက်လာမယ့် လက်နက်ကိုင်တော်လှန်ရေးကို နှိမ်နင်းနိုင်တဲ့ စစ်အင်အား အင်္ဂလိပ်မှာရှိတော့မှာမဟုတ်ပါဘူး၊ ဒီလိုအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ကို သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ကိုလာဖို့ စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဖိတ်ခေါ်လိုက်ပါတယ်၊ ရှေ့အပတ် ကန္ဒီစာချုပ်ကမွေးထုတ်လိုက်တဲ့ တပ်မတော်သစ်အကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၁၀)

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့မှာ ၁၉၄၅ စက်တင်ဘာလ ၆ ရက်– ၇ ရက်မှာကျင်းပတဲ့ညီလာခံက စစ်ပြီးခေတ် တပ်မတော်သစ် ပေါက်ဖွားလာပါတယ်။ အမြဲတမ်းတပ်မတော်သစ်နဲ့အတူပေါ်ပေါက်လာတဲ့ နိုင်ငံရေးနဲ့လူမျိုးရေးပြဿနာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း ၁၀ မှာ မေရီကယ်လဟန်သုံးသပ်ထားတာကို တင်ပြပါမယ်။ စစ်သေနာပတိချုပ် မောင့်ဘက်တန် ဦးဆောင်တဲ့ မဟာမိတ်အရာရှိတွေရယ်၊ မြန်မာပြည်တပ်မက အင်္ဂလိပ်တပ်မှူးတွေရယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ PBF စစ်ဗိုလ်တွေရယ်၊ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ကိုယ်စားလှယ်တွေရယ် တွေ့ဆုံဆွေးနွေးပြီး သဘောတူချက်ရယူတဲ့ ညီလာခံဖြစ်ပါတယ်။

ရည်ရွယ်ချက်က အရင်က မူအားဖြင့်သဘောတူခဲ့တဲ့အတိုင်း ဗမာတပ်နဲ့ တိုင်းရင်းသားတပ်ဆိုတဲ့ စစ်တပ် ၂ တပ်ပါဝင်တဲ့ တပ်မတော်သစ်ကို တည်ဆောက်ဖို့ပါပဲ။ PBF မျိုးချစ်ဗမာ့တပ်မတော်သားတွေချည်းပါဝင်တဲ့ တပ်ရင်းက ၃ ရင်း၊ PBF အဖွဲ့ဝင်မဟုတ်တဲ့ ဗမာတွေသာပါဝင်နိုင်တဲ့ တပ်ရင်း ၁ ရင်း၊ ကရင်၊ ကချင်နဲ့ချင်းက တပ်ရင်း ၂ ရင်းစီ စုစုပေါင်း တပ်ရင်း ၁၀ ရင်းရှိတဲ့ တပ်မတော်သစ်ကို ဖွဲ့စည်းဖို့ ကန္ဒီညီလာခံကဆုံးဖြတ်ပါတယ်။ အင်အားတသောင်းနှစ်ထောင်ရှိတဲ့ အမြဲတမ်းတပ်မတော်သစ်ကို တည်ထောင်တာပါပဲ။ ဒီအထဲမှာ ငါးထောင်ကျော်ဟာ PBF မျိုးချစ်တပ်မတော်က လာမှာဖြစ်ပါတယ်။

ရဲဘော်သုံးကျိပ်ဝင်ဖြစ်တဲ့ ဗိုလ်ကျော်ဇော ဦးဆောင်တဲ့ တပ်ရင်း ၃၊ ဗိုလ်နေဝင်း ဦးစီးတဲ့ တပ်ရင်း ၄၊ ဗိုလ်ဇေယျ ဦးဆောင်တဲ့ တပ်ရင်း ၅ ဆိုတဲ့ တပ်ရင်းတွေတည်ထောင်ရေးကို ဦးစားပေးဖို့

လည်း ဆုံးဖြတ်ပါတယ်။ အမြဲတမ်းတပ် မတော်ဦးစီး စစ်မင်းကြီးအဖြစ် အင်္ဂလိပ်စစ်တပ်က ဗိုလ်ချုပ် L.C.Thomas က ဆောင်ရွက်ပါတယ်။ အပြောင်းအရွှေ့မှာ PBF မျိုးချစ်တပ်သားတွေ မနစ်နာရအောင် ဗိုလ်ချုပ်အောင်ဆန်းတို့က တောင်းဆိုပေးမယ့် မရတာတွေရှိပါတယ်။ PBF တပ်သားကို တပ်ဖွဲ့လိုက် လက်ခံဖို့တင်ပြပေးမယ့် တဦးချင်းလက်ခံဖို့သာ အင်္ဂလိပ်ကဆုံးဖြတ်ပါတယ်။ အင်္ဂလိပ်စကားမတတ်ရင် ရာထူးတက်ဖို့မလွယ်တာမို့ အင်္ဂလိပ်စာတတ်တဲ့ တိုင်းရင်းသားစစ်ဗိုလ်ကသာ ရာထူးတက်ဖို့ အခွင့်အလမ်း များပါတယ်တဲ့။

တပ်မတော်သစ်မှာလျှောက်ထားတဲ့ PBF မျိုးချစ်စစ်ဗိုလ်ထဲက သုံးပုံတပုံလောက်သာ ဝင်ခွင့်ရပါတယ်။ မျိုးချစ်ရဲဘော်အများစုဟာ L.C.Thomas ရဲ့တပ်မတော်သစ်မှာ နေရာမရကြပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗိုလ်ချုပ် Thomas လက်အောက်မှာ ဒုတိယစစ်မင်းကြီးအဖြစ် အမှုထမ်းဖို့ ငြင်းပယ်လိုက်ပြီး ၁၉၄၅ အောက်တိုဘာမှာ စစ်တပ်ကထွက်လိုက်ပါတယ်။ ဗိုလ်ချုပ် Thomas ရဲ့တပ်မတော်သစ်ကိုမဝင်ချင်သူနဲ့ ဝင်ခွင့်မရသူ PBF မျိုးချစ်တပ်မတော်သားတွေကို စုပေါင်းတဲ့ ပြည်သူ့ရဲဘော်အဖွဲ့ ကို ဗိုလ်ချုပ်အောင်ဆန်းကတည်ထောင်ပြီး လွတ်လပ်ရေးတိုက်ပွဲမှာ ပြည်သူ့အင်အားအဖြစ် အသုံးပြုပါတယ်။

ကနဦးညီလာခံကဖွဲ့စည်းလိုက်တဲ့ အမြဲတမ်းတပ်မတော်သစ်မှာ ဗမာစစ်တပ်နဲ့ တိုင်းရင်းသားစစ်တပ်ဆိုတဲ့ စစ်တပ် ၂ တပ်ရှိနေပြီး ရည်ရွယ်ချက်ချင်းမတူကြပါဘူး။ ဗမာစစ်တပ်က မျိုးချစ်ရဲဘော်ဟောင်းတွေဟာ လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကိုလိုနီအစိုးရကို အချိန်မရွေး တော်လှန်ပုန်ကန်မယ့်အနေအထားမှာရှိပါတယ်။ အာဏာရအင်္ဂလိပ်အစိုးရကိုကာကွယ်မယ့်သူဟာ တိုင်းရင်းသားစစ်တပ်ပဲဖြစ်ပါတယ်။ ဒါကြောင့် စစ်ပြီးခေတ်တပ်မတော်မှာ တဦးနဲ့တဦး တဘက်နဲ့ တဘက် မယုံသင်္ကာဖြစ်တာဟာ မဆန်းပါဘူး။ နိုင်ငံရေးခံယူချက် ပြင်းထန်တဲ့စစ်ဗိုလ်တွေလည်း ဗမာတပ်ထဲမှာ ရှိပါတယ်။

စစ်ပြီးခေတ်ဟာ နိုင်ငံရေးနိုးကြားတက်ကြွဆုံးကာလဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဂျပန်ဖက်ဆစ်ကိုတော်လှန်တိုက်ခိုက်ခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ဟာ လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကို မူသတ်နေတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဖဆပလ အဖွဲ့ထဲက ကွဲလွဲတဲ့သဘောထားနဲ့ နိုင်ငံရေးပဋိပက္ခတွေဟာ အပေါင်းအသင်းရောင်းရင်းတွေရှိရာ ဗမာတပ်ရင်းသုံးရင်းအထိ ဂယက်ရိုက်လာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ နိုင်ငံရေးဂိုဏ်းဂဏအကွဲအပြဲမှာမပါဘဲ ဖဆပလအဖွဲ့ရဲ့ခေါင်းဆောင်အဖြစ် အမျိုးသားလှုပ်ရှားမှုကိုထိန်းကျောင်းနိုင်ဖို့ ကြိုးပမ်းနေပုံရပါတယ်။ ကနဦးစာချုပ်အရ တပ်မတော်သစ်ဖွဲ့စည်းပြီး တနှစ်အကြာ ၁၉၄၆ စက်တင်ဘာလမှာ ဘုရင်ခံ Hubert Rance အစိုးရအဖွဲ့မှာ ဗိုလ်ချုပ်အောင်ဆန်း ကာကွယ်ရေးတာဝန်ခံ ဖြစ်လာပါတယ်။ လွတ်လပ်ရေးလှုပ်ရှားမှု အရှိန်အဟုန် ပြင်းထန်လာတာကို စိုးရိမ်သူတွေလည်းရှိပါတယ်။

သီးခြားလွတ်လပ်စွာနေထိုင်ရလိမ့်မယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ မဟာမိတ်နဲ့လက်တွဲပြီး ဂျပန်ကို တိုက်ခိုက်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုထဲမှာ ဗမာကြီးစိုးမှာကို စိုးရိမ်သူတွေရှိပါတယ်။ ဂျပန် လက်နက်ချပြီးမကြာမီ ၁၉၄၅ ဩဂုတ်လမှာ ကရင်ခေါင်းဆောင်စောဘဦးကြီးနဲ့ Sydney လူနီက Karenistan

လို့အမည်တွင်မယ့် ကရင်နိုင်ငံကိုတည်ထောင်လိုကြောင်း ဗေါမန်စမ်ဖဲရဲ့ကိုယ်စားလှယ် T.L.Hughes ကို ပြောဘူးပါတယ်။ နောက်ပိုင်းမှာ ကရင်ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေရဖို့ တောင်းဆိုကြပါတယ်။

ဗမာနဲ့ တိုင်းရင်းသားလူမျိုးစုက မိမိတို့မျှော်လင့်တဲ့အတိုင်းဖြစ်မြောက်လာဖို့ ကြိုးစားနေတုန်းမှာ ဗမာတပ်နဲ့ တိုင်းရင်းသားတပ်ကို ဘယ်လိုကြိုးကိုင်မလဲဆိုတဲ့ပြဿနာကို အင်္ဂလိပ်ရင်ဆိုင်ရပါတယ်။ နယ်ခြားစစ်တပ်ကို အင်္ဂလိပ် အရာရှိ သို့မဟုတ် အင်္ဂလိပ်ကိုသစ္စာရှိတဲ့ တိုင်းရင်းသားအရာရှိက ကြီးကြပ်ဖို့စီစဉ်နိုင်ပေမယ့် ဗမာတပ်ရင်းရှိတဲ့ ပြည်မစစ်တပ်ကို ဘယ်လိုကြိုးကိုင်မလဲဆိုတဲ့ပြဿနာကို အင်္ဂလိပ်ရင်ဆိုင်ရတာပါပဲ။ ဒီပြဿနာကိုဖြေရှင်းရာမှာ ကရင်စစ်တပ်ကိုအသုံးချဖို့ ဆုံးဖြတ်လိုက်ပုံ ရပါတယ်တဲ့။ ထိပ်တန်းရာထူးကို ကရင်စစ်ဗိုလ်တွေကိုပေးလိုက်ရင် တပ်မတော်ဟာ အင်္ဂလိပ်ဆန့်ကျင်တဲ့ ဗမာစစ်ဗိုလ်လက်အောက်မရောက်နိုင်ဘူးလို့ စစ်မင်းကြီး L.C.Thomas က မျှော်လင့်ခဲ့ပုံရပါတယ်။ ဒါပေမယ့် ဒီတွက်ကိန်း မှားယွင်းကြောင်း ၁၉၄၉ ကရင်တော်လှန်ရေးက သက်သေပြနေပါတယ်တဲ့။

အင်္ဂလိပ်ကိုလိုနီအစိုးရပြန်လည်အုပ်ချုပ်တဲ့ ၁၉၄၅ အောက်တိုဘာလမှ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ဂျန်နဝါရီလအထိဖြစ်တဲ့ ၂ နှစ်ကျော်ကာလကို လွတ်လပ်ရေးတိုက်ပွဲပြင်းထန်တဲ့ကာလလို့ ဗမာဘက်ကမြင်ပေမယ့် အင်္ဂလိပ်အဖို့ကတော့ အုပ်ချုပ်လို့မရတဲ့ ဒုက္ခအကြမ်းဖက်တဲ့ကာလပါပဲ။ အင်္ဂလိပ်အုပ်ချုပ်ရေး မထိမရောက်ဖြစ်နေတုန်း တပြည်လုံးမှာ လက်နက်တွေပြန့်နေတာမို့ အကြမ်းဖက်မှုနဲ့ တိုက်ခိုက်လုယက်မှုလည်း ဒီခေတ်မှာ အများဆုံးပါပဲ။ ဘုံရန်သူ ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့ ရည်မှန်းချက်ချင်းမတူသူတွေ ယာယီလက်တွဲပြီး လက်နက်ကိုင်တိုက်ပွဲ ဝင်ခဲ့ကြပါတယ်။ ဒါပေမဲ့ စစ်ပြီးလို့ နိုင်ငံရေးအရ နလုံးရည်တိုက်ပွဲဆင်နွှဲရမယ့်အချိန်ရောက်လာတော့လည်း လက်နက်ကိုင်အကြမ်းဖက်တဲ့ စစ်ခေလေ့ ကို မဖျောက်နိုင်ကြပါဘူး။ ဒါကြောင့် သူတို့အဖို့ နိုင်ငံရေးအောင်ပွဲဆိုတာဟာ အယူအဆချင်း မတူသူတွေစေ့စပ်ညှိနှိုင်းပြီး အပေးအယူလုပ်တာ၊ ပူးပေါင်းဆောင်ရွက်တာမဟုတ်တော့ဘဲ ရန်သူကိုရှာပြီးအပြတ်တိုက်တာ (သို့) လက်နက်ချနိုင်းတာပဲဖြစ်နေကြောင်း မေရီကာယ်လဟန်သုံးသပ်ထားတာကို တင်ပြလိုက်ပါတယ်။

ရှေ့အပါတ်မှာ ကရင်စစ်ဗိုလ်ခေါင်းဆောင်တဲ့တပ်မတော်အကြောင်း တင်ပြပါမယ်။

☆ ☆ ☆ ☆

# အပိုင်း (၁၁)

သီရိလင်္ကာနိုင်ငံ ကန်ဒီမြို့မှာ ၁၉၄၅ စက်တင်ဘာလအစောပိုင်းကကျင်းပတဲ့ညီလာခံမှာ စစ်ပြီးခေတ်တပ်မတော်သစ်ကိုဖွဲ့စည်းခဲ့ကြောင်း အရင်အပါတ်က ကျနော်တင်ပြခဲ့ပါတယ်။ တပ်မတော်သစ်ထဲမှာ ပါဝင်တဲ့ PBF တဖြစ်လဲ ဗမာတပ်နဲ့ တိုင်းရင်းသားတပ်ဟာ တပ်မတော်ကိုကြီးစိုးဖို့ ပြိုင်ဆိုင်ကြိုးပမ်းကြပုံ မေရီကာယ်လဟန် သုံးသပ်ထားတာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း ၁၁ မှာ တင်ပြပါမယ်။

လွတ်လပ်ရေးရချိန်မှာ တပ်မတော်ထိပ်တန်းရာထူးအားလုံးကို ကရင်အမျိုးသားနဲ့ PBF

တပ်ဖွဲ့ဝင်မဟုတ်တဲ့ စစ်ဗိုလ်တွေက ရယူထားပါတယ်။ စစ်ဦးစီးချုပ်က ဗိုလ်ချုပ်ကြီးစမစ်ဒွန်း၊ လေတပ်ဦးစီးက စောရှီးရှိုး၊ စစ်ဆင်ရေးမှူးက အင်္ဂလန်နိုင်ငံ Sandhurst ဗိုလ်သင်တန်းကျောင်းဆင်း ဗိုလ်မှူးစောကြာဒိုး၊ စစ်ထောက်ချုပ်က စောဒန်နီ စတဲ့ ကရင်အမျိုးသားတွေဖြစ်ကြပါတယ်။ ထောက်ပို့ရေးနဲ့ အချက်ပြဆက်သွယ်ရေးတပ်ဖွဲ့တွေမှာလည်း ကရင်အရာရှိနဲ့ ကရင်စစ်သားက လူများစုပါ။ ကရင်တပ်ရင်း ၃ ရင်း၊ ကချင်တပ်ရင်း ၂ ရင်းနဲ့ ချင်းတပ်ရင်း ၂ ရင်းက စစ်ဗိုလ်စစ်သားတွေကို အင်္ဂလိပ်က စုဆောင်းခဲ့တာပါ။ လွတ်လပ်ရေးရချိန်မှာ ကရင်အရာရှိနဲ့ အင်္ဂလိပ်စစ်မင်ရှင်အဖွဲ့ဟာ ဩဇာအရှိဆုံးဖြစ်နေပါတယ်။ ၁၉၄၉ ဂျန်နဝါရီလ ၁၄ ရက်နေ့မှာကျင်းပတဲ့ တပ်မှူးညီလာခံကိုတက်ရောက်တဲ့ ထိပ်တန်းအရာရှိ ၃၃ ဦးထဲမှာ PBF တပြစ်လဲ ဗမာစစ်ဗိုလ်က ၄ ဦးသာရှိပြီး ကျန်တပ်မှူးတွေဟာ တိုင်းရင်းသားအရာရှိဖြစ်ပါတယ်။

ရဲအဖွဲ့မှာလည်း စစ်မဖြစ်မီကတည်းကအမှုထမ်းခဲ့တဲ့ အင်္ဂလိပ်–ဗမာ ကပြား၊ အင်္ဂလိပ်–ကုလားကပြား၊ ဂေါ်ရခါးတပ်သားနဲ့ ကရင်အမျိုးသားတွေကပဲ ကြီးစိုးပါတယ်။ စစ်တွင်းကာလတလျှောက်လုံး ဂျပန်ကို တိုက်ခိုက်ခဲ့တဲ့ ကရင်ပြောက်ကျားတွေဟာ စစ်ပြီးသွားပေမယ့် လက်နက်ကိုင်ဆောင်ထားဆဲ ဖြစ်ပါတယ်။ ကရင့်အကျိုးစီးပွါးကိုကာကွယ်ဖို့လိုတယ်လို့ ကရင်ခေါင်းဆောင်မိုင်းက ယူဆတာမို့ ၁၉၄၇ ဖေဖော်ဝါရီမှာ KNU ခေါ် ကရင်အမျိုးသားအစည်းအရုံးကို တည်ထောင်ပါတယ်။ နောက်တော့ KNU လက်အောက်ခံ KNDO ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ဆိုတဲ့ ကရင်ပြည်သူ့စစ်ကို ဖွဲ့စည်းပါတယ်။

ဒါကြောင့် လွတ်လပ်ရေးရဖို့ ဖဆပလအဖွဲ့ချုပ်ကကြိုးပမ်းနေချိန်မှာ ဖဆပလရဲ့ သစ္စာခံမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေ အများအပြားရှိနေပါတယ်။ တပ်မတော်သစ်ကိုဦးဆောင်နေတဲ့ ကရင်နဲ့အင်္ဂလိပ်အရာရှိတွေကို PBF တပြစ်လဲ ဗမာစစ်ဗိုလ်အသိုင်းအဝိုင်းက မယုံသင်္ကာဖြစ်နေပါတယ်။ တပ်မတော်မှာ ကရင်စစ်ဗိုလ်ကြီးစိုးနေတာကို ဗမာစစ်ဗိုလ်က မကျေနပ်ပါဘူး။ နိုင်ငံခြား အကူအညီ ရယူပြီး ကရင်က ဖဆပလကို ဖြုတ်ချလိမ့်မယ်ဆိုတဲ့ ကောလာဟလကို ဗမာသတင်းစာတွေက မကြာခဏဖော်ပြကြပါတယ်။ ဗမာခေါင်းဆောင်တဲ့တပ်မတော်ပေါ်ပေါက်ရေးကို ကန်ဒီညီလာခံက ရည်မှန်းခဲ့ပေမယ့် လက်တွေ့မှာတော့ ကရင် ကြီးစိုးနိုင်အောင် အင်္ဂလိပ်စစ်မစ်ရှင်ကဟန့်တားနေတယ်လို့ ဗမာစစ်ဗိုလ်တွေက ယူဆပါတယ်။

ဗမာတပ်ရင်းတွေ မှာ ဗမာစစ် ဗိုလ်ရှိပေမယ့် အင်္ဂလိပ်အရာရှိ လက်အောက်မှာ အမှုထမ်းရတာပါ။ ဒါကြောင့် တပ်မတော်သစ်မှာ PBF တပြစ်လဲ ဗမာစစ်ဗိုလ်မကြီးစိုးနိုင်အောင် အင်္ဂလိပ်စစ်မစ်ရှင်က တမင်လုပ်နေတယ်လို့ ဗမာဘက်ကယူဆပါတယ်။ ဖြစ်နိုင်ရင် ဗမာစစ်ဗိုလ်အားလုံးကို တပ်မတော်က ထုတ်ပစ်ဖို့တောင် အင်္ဂလိပ်စစ်မစ်ရှင်ကလုပ်နိုင်ကြောင်း ဗိုလ်မှူးချုပ်ဟောင်းမောင်မောင်က ၁၉၈၂ မေလ ၉ ရက်နေ့က ပြောပြတာကိုလည်း မေရီကယ်လဟန်က ဖော်ပြထားပါတယ်။ တပ်မတော်ထဲက ဗမာစစ်ဗိုလ်ထဲမှာလည်း ကွန်မြူနစ်စစ်ဗိုလ်နဲ့ ကွန်မြူနစ်မဟုတ်တဲ့စစ်ဗိုလ်ဆိုပြီး အုပ်စု ၂ စုရှိပါတယ်။ တကယ်တော့ တပ်မတော်အရာရှိ ၂၅ ရာခိုင်နှုန်းကသာ ဖဆပလအဖွဲ့ကို ထောက်ခံတာဖြစ်တယ်လို့ ၁၉၄၈ ဖေဖော်ဝါရီ ၉ ရက်နေ့ထုတ် အင်္ဂလိပ်စစ်မစ်ရှင်အစီရင်ခံစာမှာ

ဖော်ပြထားပါတယ်တဲ့။

တပ်မတော်သစ်မှာ ဗမာစစ်ဗိုလ်အရေးမပါတာကို ဗမာခေါင်းဆောင်ပိုင်းက သဘောပေါက်ပါတယ်။ အင်္ဂလိပ်နဲ့ တောက်လျှောက်လက်တွဲခဲ့တဲ့ ကရင်စစ်ဗိုလ်တွေ တပ်မတော်သစ်မှာ ကြီးစိုးနေတာကို အန္တရာယ်လို့ ဗမာဘက်က ယူဆပါတယ်။ ကရင်နဲ့ အင်္ဂလိပ်ခေါင်းဆောင်တဲ့ တပ်မတော်သစ်ထဲကို မဝင်ချင်သူနဲ့ ဝင်ခွင့်မရသူတွေကိုစုပေါင်းပြီး ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ့ရဲဘော်အဖွဲ့ကို တည်ထောင်လိုက်ပါတယ်။ ပြည်သူ့ရဲဘော်ဟာ ဖဆပလလက်အောက်ခံဖြစ်ပေမယ့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ပိုင်စစ်တပ်အဖြစ် လှုပ်ရှားတယ်လို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။ လွတ်လပ်ရေးရချိန်မှာ ပြည်သူ့ရဲဘော် တသိန်းလောက်ရှိလာပြီး အစိုးရကိုဆန့်ကျင်တဲ့ ရဲဘော်ဖြူနဲ့ ထောက်ခံတဲ့ ရဲဘော်ဝါ ဆိုပြီး နှစ်ခြမ်းကွဲသွားပါတယ်။

ဒီအတောအတွင်း ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာနဲ့ ကရင်စစ်ဦးစီးဗိုလ်ချုပ်ကြီး စမစ်ဒွန်း တို့ရဲ့ လက်အောက်ခံမဟုတ်တဲ့ ကိုယ်ပိုင်အရံတပ်ဖွဲ့ကိုတည်ထောင်ဖို့ အာဏာရဆိုရှယ်လစ်ပါတီက စီစဉ်ပါတယ်။ ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းအိမ်မှာ ဗမာခေါင်းဆောင်အချို့ မကြာခဏ ဆုံတွေ့ကြပြီး ကရင်နဲ့အင်္ဂလိပ်ကြီးစိုးတဲ့တပ်မတော်ကို အသွင်ပြောင်းဖို့ဆွေးနွေးကြောင်း နောင်အခါမှာ ဗိုလ်ချုပ်မောင်မောင်အဖြစ်ထင်ရှားလာတဲ့ ဗိုလ်ကြီးမောင်မောင်ရဲ့ ၁၉၄၇ နေ့စဉ်မှတ်တမ်း Diary ဖော်ပြထားပါတယ်တဲ့။ ကွန်မြူနစ်စစ်ဗိုလ်ကအန္တရာယ်ပေးနိုင်တာကိုဆွေးနွေးကြပေမယ့် ကရင်စစ်ဗိုလ်နဲ့ အင်္ဂလိပ်အလိုတော်ရိ ဗိုလ်လက်ျာကိုဖယ်ရှားနိုင်ရေးကိုသာ အဓိကဆွေးနွေးကြောင်း ဗိုလ်ကြီး မောင်မောင်ရဲ့ နေ့စဉ်မှတ်တမ်းမှာဖော်ပြထားတာကို ကိုးကားထားပါတယ်။

၁၉၄၇ ဩဂုတ်လ ၁ ရက်နေ့မှာ ဦးကျော်ငြိမ်း ပြည်ထဲရေးဝန်ကြီးဖြစ်လာတဲ့အခါမှာ ဆိုရှယ်လစ်ပါတီနဲ့ ဖဆပလသစ္စာခံ ကိုယ်ပိုင်အရံတပ်ရင်းတည်ထောင်ဖို့ အခွင့်အလမ်း ပေါ်ပေါက်လာပါတယ်။ ကွန်မြူနစ်မဟုတ်တဲ့ ပြည်သူ့ရဲဘော်နဲ့ တပ်မတော်သစ်ထဲဝင်ခွင့်မရသူတွေကို စည်းရုံးသိမ်းသွင်းပြီး အထူးအရံရဲတပ်ဖွဲ့တည်ထောင်ဖို့ဖြစ်ပါတယ်။ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်နေဝင်းနဲ့ ဦးကျော်ငြိမ်းတို့ ၁၉၄၇ ဩဂုတ်လမှာတွေ့ဆုံပြီး UMP စစ်ရဲတပ်ဖွဲ့ တည်ထောင်ဖို့ ဆွေးနွေးပါတယ်။

UMP စစ်ရဲတပ်ရင်းတည်ထောင်ပြီး ပါတီကိုကျားကန်တဲ့ကိစ္စကို ဗိုလ်လက်ျာက မလိုလားဘူးလို့ ဆိုရှယ်လစ်တွေဘက်က ယူဆပါတယ်။ ကရင်အမျိုးသားနဲ့ အကျင့်ပျက်ဗမာတွေကို ရဲအဖွဲ့က ထုတ်ပစ်ဖို့ ဦးကျော်ငြိမ်းက ဗိုလ်လက်ျာကိုညွှန်ကြားပြီး ၁၉၄၈ မေလမှာ အိန္ဒိယကို ဆေးကုထွက်သွားပါတယ်။ ယာယီပြည်ထဲရေးဝန်ကြီးလုပ်တဲ့ ဗိုလ်လက်ျာဟာ ဦးကျော်ငြိမ်းရဲ့ညွှန်ကြားချက်ကို ဆန့်ကျင်ပြီး ရဲအဖွဲ့က ကရင်နဲ့ အကျင့်ပျက်ဗမာတွေကို UMP စစ်ရဲထဲသွင်းလိုက်ကြောင်း ၁၉၄၈ စက်တင်ဘာ ၂၈ ရက်က ဦးကျော်ငြိမ်းနောက်ကြောင်းပြန်ပြောဆိုတာကို ဗိုလ်ချုပ်မောင်မောင်က မှတ်တမ်းတင်ထားပါတယ်။ ရှေ့အပါတ်အပိုင်း ၁၂ မှာ တပ်မတော်ထဲက ကရင်–ဗမာတင်းမာမှု ပေါက်ကွဲမယ့် အခြေအနေရောက်ရှိလာပုံကို တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၁၂)

စစ်ပြီးခေတ် ပြန်လည်ဖွဲ့စည်းတဲ့ တပ်မတော်ထဲမှာ ဗမာတပ်နဲ့ တိုင်းရင်းသားတပ်အကြား တင်းမာမှုရှိနေတာဟာ သာမန်တပ်တွင်းပြဿနာဖြစ်တဲ့အတွက် တဘက်နဲ့တဘက် စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး အပေးအယူလုပ်လိုက်ရင် ပြေလည်သွားနိုင်ပါတယ်တဲ့။ ဒါပေမဲ့ ပြည်တွင်းစစ်ကာလမှာ ပြဿနာဖြစ်လာတာကြောင့် တပ်မတော်ထဲက ကရင်–ဗမာတင်းမာမှုဟာ ပေါက်ကွဲတဲ့အခြေအနေအထိ ရောက်ရှိသွားကြောင်း မေရီကယ်လဟန် သုံးသပ်ထားတာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း (၁၂) မှာ တင်ပြပါမယ်။

အင်္ဂလိပ်လက်အောက်ခံ စစ်ပြီးခေတ်တပ်မတော်ဟာ လွတ်လပ်ရေးမရမီကတည်းက သူပုန်နှိမ်နင်းရေးမှာ ပါဝင်ခဲ့ပါတယ်။ အကြောင်းကတော့ လွတ်လပ်ရေးမရမီကတည်းက ကွန်မြူနစ်တွေ သူပုန်ထခဲ့လို့ပါပဲ။ စစ်ပြီးခေတ်အစိုးရလမ်းစဉ်ကလည်း ကိုလိုနီခေတ်ကအတိုင်း စစ်အင်အားသုံးပြီး သူပုန်ကိုအပြတ်ရှင်းဖို့ဖြစ်ပါတယ်။ လွတ်လပ်ရေးရတော့လည်း ဒီလမ်းစဉ်ကိုပဲ ဆက်သုံးပါတယ်။ ဒါပေမယ့် ပြည်တွင်းစစ်ဖြစ်တဲ့အတွက် တပ်မတော်ထဲက ကရင်–ဗမာပြဿနာဟာ ပိုပြင်းထန်လာရပါတယ်။ ၁၉၄၆ နဲ့ ၁၉၄၉ အကြားဖြစ်ပွားတဲ့ ကွန်မြူနစ်တိုက်ဖျက်ရေးစစ်ပွဲတွေမှာ အင်္ဂလိပ်စစ်ဗိုလ်ရဲ့ အကြံပေးချက်အရ တပ်မတော်ကရင်ခေါင်းဆောင်ပိုင်းဟာ ကျေးရွာတွေကို မြေလှန်မီးရှို့နည်းနဲ့ တိုက်ခိုက်ပြီး ကွန်မြူနစ်လို့ မသင်္ကာတဲ့ရွာသူရွာသားကို ပစ်သတ်လေ့ရှိကြောင်း တပ်ရင်း ၃ အရာရှိဟောင်း ဗိုလ်မှူးကြီးချစ်မြိုင်က ပြောပါတယ်တဲ့။

ကွန်မြူနစ်နှိမ်နင်းရေးစစ်ပွဲမှာ အသတ်ခံရသူအများစုဟာ သာမန်ရွာသူရွာသားနဲ့ သံဃာတော်တွေသာဖြစ်ပြီး ကွန်မြူနစ်မဟုတ်ဘူးလို့ အငြိမ်းစားဗိုလ်မှူးကြီးချစ်မြိုင်က ပြောပါတယ်။ ဒီလို မြေလှန်မီးရှို့နည်းကျင့်သုံးနေတာဟာ တောင်သူလယ်သမားကို ဖဆပလအစိုးရကဖိနှိပ်ကြောင်း သခင်စိုး ပြောနေတာကို မှန်ကန်ကြောင်း အတည်ပြုသလိုဖြစ်နေပါတယ်။ ဖဆပလအစိုးရကိုကာကွယ်တဲ့ အနေနဲ့ ကွန်မြူနစ်သူပုန်ကို ကရင်တပ်ရင်းတွေက တိုက်ခိုက်နေပေမယ့် ဖဆပလအဖွဲ့ထဲက ဆိုရှယ်လစ်နဲ့ ဆိုရှယ်လစ်စစ်ဗိုလ်တွေကတော့ ကရင်စစ်တပ်ကို သံသယရှိနေကြပါတယ်။

ကွန်မြူနစ်သူပုန်ကို ဘယ်လိုနှိမ်နင်းပြီး ကရင်စစ်ဗိုလ်တွေ တပ်မတော်ကိုမလွှမ်းမိုးအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ကိစ္စကို ၁၉၄၈ ဩဂုတ်လလောက်ကစပြီး ဗမာစစ်ဗိုလ်တွေ အလေးအနက် စဉ်းစားလာကြပါတယ်။ ဒီအုပ်စုထဲမှာ ဗိုလ်မှူးချုပ်နေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ ဒုဗိုလ်မှူးကြီးရဲထွဋ်၊ ဒုဗိုလ်မှူးကြီးတင်မောင်၊ ဗိုလ်မှူးချစ်မြိုင်၊ ဗိုလ်မှူးထွန်းစိန်နဲ့ ဗိုလ်မှူးတင်ဦးတို့ပါဝင်ကြပြီး ကွန်မြူနစ်၊ ဆိုရှယ်လစ်နဲ့ ဗမာတပ်ကို ပေါင်းစည်းနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။ သူတို့ရဲ့ကမ်းလှမ်းချက်ကို ကွန်မြူနစ်က ပယ်ချလိုက်တော့မှ တပ်မတော်ကို ကရင်နဲ့အင်္ဂလိပ်လက်အောက်ကခွဲထုတ်ဖို့ကိစ္စဟာ ပထမဦးစားပေး ဖြစ်လာတယ်။

ဗိုလ်လက်ျာကို ကာကွယ်ရေးဝန်ကြီးရာထူးကဖယ်ရှားဖို့ အဓိကထားပါတယ်။ ဗိုလ်လက်ျာကိုထုတ်ပစ်ဖို့ ဗိုလ်နေဝင်းနဲ့ ဗိုလ်ဇေယျက ဝန်ကြီးချုပ်ဦးနုကို နားချပါတယ်။ ဗိုလ်လက်ျာနေရာကို

လူစားထိုးရင် သူတို့နှစ်ဦးထဲက တဦးဦးပဲဖြစ်ရမယ်လို့လည်း သဘောပေါက်ထားကြပါတယ်။ ဒီကိစ္စကို ဗိုလ်နေဝင်းနဲ့ ဗိုလ်ဇေယျတို့က ဦးနုကိုတင်ပြပြီးတဲ့နောက် ဗိုလ်ဇေယျဟာ ဦးနုအိမ်ကို နောက်တခေါက် ပြန်သွားပြီး သူ့ကိုသာ ကာကွယ်ရေးဝန်ကြီးခန့်ဖို့တောင်းဆိုပါတယ်။ ဒီအကြောင်းဗိုလ်နေဝင်းသိတဲ့အခါ ဗိုလ်ဇေယျကို သစ္စာဖောက်အဖြစ် သတ်မှတ်လိုက်ပါတယ်။ အဲဒီနောက်ပိုင်း ဗမာစစ်ဗိုလ်တွေထဲမှာ အကွဲအပြဲဖြစ်ပြီး ဗမာတပ်ရင်းတခက်လောက် သူပုန်ထတဲ့အထိဖြစ်ကုန်ကြောင်း ဦးနု၊ ဗိုလ်မှူးကြီးချစ်မြိုင် နဲ့ ဗိုလ်ချုပ်မောင်မောင်တို့ရဲ့ပြောပြချက်နဲ့ မှတ်တမ်းတွေကို ကိုးကားပြီး မေရီကယ်လဟန်က ဖော်ပြထား ပါတယ်။

၁၉၄၈ မတ်လမှာ ဗကပကွန်မြူနစ်ပါတီသူပုန်ထပြီး ဇူလိုင်နဲ့ဩဂုတ်လတွေမှာ ကွန်မြူနစ် စစ်ဗိုလ်တွေခေါင်းဆောင်တဲ့ ဗမာတပ်ရင်း ၂ ရင်း တောခိုသွားပါတယ်။ ကွန်မြူနစ်စစ်ဗိုလ်တွေ တောခို သွားတဲ့နောက်ပိုင်း တပ်မတော်ကရင်ခေါင်းဆောင်ပိုင်းနဲ့ ဗမာစစ်ဗိုလ်တွေအကြားဆက်ဆံရေး ပိုပြီး တင်းမာလာပါတယ်။ ဗမာစစ်ဗိုလ်စစ်သားတွေ တောခိုသွားတာကြောင့် တပ်မတော်မှာ ဗမာစစ်ဗိုလ် ဦးရေ အတော်နည်းသွားပါတယ်။ ကွန်မြူနစ်နှိမ်နင်းရေးစစ်ပွဲမှာ ကရင်ဗိုလ်ချုပ်စောကြာဒိုး နာမည်ရတဲ့ အချိန်ဖြစ်ပါတယ်။ ကွန်မြူနစ်နှိမ်နင်းရေးကိုအာရုံစိုက်နေရတဲ့ ဝန်ကြီးချုပ်ဦးနုကို ကရင်ခေါင်းဆောင်ပိုင်း က စည်းရုံးနေတဲ့အချိန်အခါဖြစ်လို့ တပ်မတော်ကို ကရင်စစ်ဗိုလ်တွေက ချုပ်ကိုင်တော့မယ့် အခြေအနေ ပါပဲ။

ဒါကြောင့် တပ်မတော်အတွင်းအပြင်က ဆိုရှယ်လစ်အုပ်စုဟာ ပါတီသစ္စာခံတပ် ဖွဲ့စည်းရေး ကို ဦးစားပေးလာပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင် ဦးကျော်ငြိမ်းရဲ့ ပြည်ထဲရေးဌာနအောက်မှာ ဖွဲ့စည်း ထားတဲ့ အရံရဲတပ်ဖွဲ့တွေစုပေါင်းကာ စစ်ဝန်ထမ်းတပ်ဖွဲ့စည်းပြီး ဗိုလ်အောင်ကြီးကို ဦးဆောင်ခိုင်းပါ တယ်။ ကွန်မြူနစ်နဲ့ကရင်ကိုဆန့်ကျင်ပြီး ဆိုရှယ်လစ်ပါတီကိုသာသစ္စာရှိတဲ့ စစ်ဝန်ထမ်းတပ်ပဲ ဖြစ်ပါ တယ်။ ဒီလို ပါတီခါးပိုက် ဆောင်တပ်ဖွဲ့စည်းတာကို ကာကွယ်ရေးဝန်ကြီးဗိုလ်လက်ျာက အကြီးအကျယ် ဝေဖန်ရှုတ်ချလိုက်ပြီး နောက်ဆုံး ရာထူးကနုတ်ထွက်တဲ့ အထိ ကန့်ကွက်ဆန္ဒပြသွားပါတယ်။

“ဖဆပလအစိုးရက တပ်မတော်နဲ့ရဲအဖွဲ့ကိုမယုံကြည်လို့ စစ်ဝန်ထမ်းတပ်ဖွဲ့တာလား။ စစ် ဝန်ထမ်းတပ်ဖွဲ့မှာပါဝင်နေသူတွေဟာ ရာဇဝတ်သားလူဆိုးဓါးပြနဲ့ နိုင်ငံရေးအရောင်အသွေး အမျိုးမျိုး ရှိသူတွေမို့ တနေ့ကြရင် ဆိုရှယ်လစ်အုပ်စုနဲ့ ဆိုရှယ်လစ်ဆန့်ကျင်ရေးအုပ်စုအကြား အကြီးအကျယ် စစ်ဖြစ်လိမ့်မယ်” လို့ ဗိုလ်လက်ျာ အစီရင်ခံစာရေးထားတာကို ရန်ကုန်ရှိအင်္ဂလိပ်သံရုံးက လန်ဒန် နိုင်ငံခြားရေးဌာနကို ပေးပို့တဲ့ ၁၉၄၈ စက်တင်ဘာ ၅ ရက် နေ့စွဲပါ သံကြိုးစာမှာ ဖော်ပြထားပါတယ်တဲ့။

စစ်ဝန်ထမ်းတပ်ဖွဲ့ကို ခရိုင် ၁၈ ခရိုင်မှာဖွဲ့စည်းပြီး ဗိုလ်နေဝင်းရဲ့ တပ်ရင်း ၄ က စစ်ဗိုလ် စစ်သား ၇၆ ယောက်၊ တပ်ရင်း ၅ က စစ်ဗိုလ်စစ်သား ၉၇ ယောက်ကို သင်တန်းဆရာတွေအဖြစ် စစ်ဝန်ထမ်းတပ်မှာ ယာယီအမှုထမ်းစေပါတယ်။ ကေအဲန်ဒီအိုကို ကရင်ကာကွယ်ရေးတပ်ဖွဲ့နဲ့ တပ်မတော် ကရင်တပ်ရင်းကို ဖဆပလ အစိုးရက မယုံသင်္ကာဖြစ်လာလေလေ ဗိုလ်အောင်ကြီးရဲ့ စစ်ဝန်ထမ်းတပ်ကို တိုးချဲ့လေလေမို့ ၁၉၄၉ ရောက်တော့ စစ်ဝန်ထမ်းတပ်ရင်း ၂၆ ရင်း စုစုပေါင်းအင်အား တသောင်း သုံးထောင် ရှိနေပါပြီ။ ထိန်းလို့မရတဲ့တပ်ဖွဲ့တွေလည်းရှိတာကြောင့် စစ်ဝန်ထမ်း ၁၂၀၀ လောက် တောခို

သွားတဲ့နောက်ပိုင်း ၁၉၅၁ မှာ ခရိုင် ၉ ခရိုင်က စစ်ဝန်ထမ်းတပ်ရင်းတွေကို ဖျက်သိမ်းလိုက်ရပါတယ်။

တပ်မတော် ကရင်ခေါင်းဆောင်ပိုင်းနဲ့ ဗမာစစ်ဗိုလ်တွေ ဆက်ဆံရေး အဆင်မပြေဖြစ်နေတုန်း ကွန်မြူနစ်ပါတီ သူပုန်ထတဲ့အခါမှာ တိုင်းရင်းသားတပ်ရင်းတွေကိုသုံးပြီး နှိမ်နင်းပါတယ်။ ဒီလိုအခြေအနေမှာ ကွန်မြူနစ်စစ်ဗိုလ်ဦးဆောင်တဲ့ ဗမာတပ်ရင်း ၂ တော်လှန်တဲ့အတွက် ကရင်–ဗမာဆက်ဆံရေးအခြေအနေဟာ ကောင်းမွန်မလာတော့ဘဲ ပိုပြီးတော့သာဆိုးဝါးလာကြောင်း မေရီကယ်လဟန် က သုံးသပ်ထားပါတယ်။ ရှေ့အပါတ် အပိုင်း ၁၃ မှာ ကရင်သူပုန်ထရတဲ့အကြောင်းရင်းတွေကို တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၁၃)

အာဏာရဖဆပလအစိုးရကို ထောက်ခံတဲ့ ကရင်အုပ်စု နဲ့ ဗမာအုပ်စုတဘက်နဲ့တဘက် မယုံသင်္ကာဖြစ်လာရာက လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရကြောင်း မေရီကယ်လဟန်သုံးသပ်တာကို ဒါနဲ့မတူဝါရန်သူ့ အပိုင်း ၁၃ မှာ တင်ပြပါမယ်။ သခင်သန်းထွန်းရဲ့ ဗကပကွန်မြူနစ်တွေ သူပုန်ထစဉ်မှာ ကရင်နဲ့ ကချင်တပ်ရင်းတွေက ဖဆပလအစိုးရကို ကာကွယ်နေတာမို့ ပြည်ထောင်စုထဲမှာ ကရင်ပြည်နယ်ကို တည်ထောင်နိုင်လိမ့်မယ်လို့ ကရင်ခေါင်းဆောင်ပိုင်းက ယုံကြည်ခဲ့ပုံရပါတယ်တဲ့။ နောက်ပိုင်းမှာ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်နဲ့ တော်ပိတဲ့ တပ်မတော်တပ်ရင်းတွေ စုပေါင်းပုန်ကန်တော့လည်း ကရင်၊ ကချင်တပ်တွေကပဲ ဖဆပလအစိုးရဘက်က တိုက်ပေးရပါတယ်။ ဒါပေမဲ့ ဖဆပလအစိုးရနဲ့ ဗမာ စစ်ဗိုလ်တွေ ဆွေးနွေးညှိနှိုင်းပြီး ၁၉၄၈ မေလမှာ လက်ဝဲညီညွတ်ရေးလုပ်ဖို့ ကွန်မြူ နစ်ကိုကမ်းလှမ်းတဲ့အခါမှာ ကရင်ခေါင်းဆောင်ပိုင်းဟာ ဖဆပလကို မယုံသင်္ကာဖြစ်လာပါတယ်။ ကွန်မြူနစ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အာဏာခွဲဝေယူကြဖို့ စဉ်းစားတဲ့အစီအစဉ်ဖြစ်တာကြောင့် အရင်အတိုင်း ခေန်းသွားလို့ မဖြစ်တော့ဘူးလို့ ကရင်ခေါင်းဆောင်ပိုင်းက ယူဆလာပုံရတယ်လို့ မေရီကယ်လဟန်ကဆိုပါတယ်။

၁၉၄၈ မတ်လမှာ ဗကပကွန်မြူနစ် တော်ပိတော့ ကွန်မြူနစ်နဲ့ရင်းနှီးတဲ့ ဗမာတပ်ရင်းတွေကို တိုက်ခိုင်းရင်း ပြဿနာပေါ်နိုင်တာကြောင့် KNDO ကရင်ပြည်သူ့စစ်ကိုတိုက်ခိုင်းဖို့ တပ်မတော်ဦးစီးချုပ်ကဆုံးဖြတ်ကြောင်း ဗိုလ်ချုပ်ကြီးစမစ်ဒွန်းရဲ့ ၁၉၈၀ ထုတ် ကိုယ်တွေ့မှတ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ တချို့နေရာတွေမှာ စစ်ဝန်ထမ်းနဲ့ UMP စစ်ရဲကလည်း ကွန်မြူနစ်ကိုတိုက်နေ တာမို့ KNDO ကရင်ပြည်သူ့စစ်နဲ့ ထိတွေ့လာတာမျိုးလည်းရှိပါတယ်။ ဒီကြားထဲ "ငြိမ်းချမ်းရေးပြောက်ကျား" ကရင်အဖွဲ့က အစိုးရငွေတိုက်ကို ဝင်ဖောက်တာမျိုးလည်း ရှိပါတယ်။ အစိုးရဘက်က တိုက်ပေးတဲ့အုပ်စုတွေအကြား ပဋိပက္ခဖြစ်လာတာပါပဲ။ ၁၉၄၈ ဩဂုတ်လ ၁၄ ရက်နေ့မှာ UMP ကရင်စစ်ရဲက တွံတေးကိုသိမ်းလိုက်တော့မှ ကရင်သူ ပုန်ကို ပီပီပြင်ပြင် မြင်ရပါတယ်။ နောက်နှစ်ပတ်လောက်ကြာတော့ သထုံနဲ့ ကျိုက်မီက ကရင်စစ်ရဲတွေ တော်ပိကြပြီး ဩဂုတ်လ ၃၀ ရက်နေ့မှာ KNDO

ကရင်ပြည်သူ့စစ်အဖွဲ့က သထုံနဲ့ မော်လမြိုင်ကိုသိမ်းလိုက်ပါတော့တယ်။

ဒီလိုအခြေအနေဖြစ်လာတာမို့ ဖဆပလလက်အောက်ခံ အထူးအရံရဲတပ်ဖွဲ့ကို ဗိုလ်အောင်ကြီးကခေါင်းဆောင်ပြီး စစ်ဝန်ထမ်းတပ်အဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ ဝန်ကြီးချုပ်ဦးနုက ၁၉၄၈ စက်တင်ဘာ ၉ ရက်နေ့က အမိန့်ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။ ကရင်စစ်ဗိုလ်တွေကြီးစိုးတဲ့ စစ်ရုံးမှာ ဗိုလ်အောင်ကြီးကို နေရာပေးပြီး စစ်ဝန်ထမ်းတပ် ဖွဲ့နိုင်းတာဟာ ကရင့်စစ်အင်အားကို တုံ့ပြန်ဖို့ ပြင်ဆင်တာဖြစ်တယ်လို့ မေရီကာယ်လဟန်က သုံးသပ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခလေးတွေဖြစ်တာကို ချက်ချင်း ဖြေရှင်းနိုင်အောင် စစ်ဝန်ထမ်းတပ်ဖွဲ့တည်ထောင်တာဟာ ဗိုလ်ကြီးမောင်မောင်ရဲ့အစီအစဉ် ဖြစ်ဟန်တူပါတယ်။ စစ်ဝန်ထမ်းတပ်ဖွဲ့စည်းတာဟာ ရေရှည်စီမံကိန်းဖြစ်တယ်ဆိုရင်တော့ အစိုးရလက်အောက်ခံ လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ ဗမာ့စစ်အင်အားကြီးထွားလာအောင် စီစဉ်တာပဲလို့ ပြောနိုင်ပါတယ်တဲ့။

ဒါကြောင့် ၁၉၄၈ စက်တင်ဘာလရောက်တော့ ဦးနုအစိုးရလက်အောက်မှာ ရည်ရွယ်ချက်ချင်းမတူတဲ့ လက်နက်ကိုင်အင်အားစုကြီးနှစ်စု အထင်အရှားပေါ်ထွက်လာပါတယ်။ ဒီအုပ်စု ၂ စုကတော့ အင်္ဂလိပ်အလိုတော်ရိ လက်ယာအင်အားစုနဲ့ PBF တပ်ဖြစ်လဲ ဗမာစစ်ဗိုလ်ကြီးစိုးတဲ့ လက်ဝဲအင်အားစုလို့ ဆိုပါတယ်။ တပ်မတော်က ကရင်စစ်ဗိုလ်၊ KNDO ကရင်ပြည်သူ့စစ်တပ်ဖွဲ့နဲ့ ဦးတင်ထွန်း ဦးဆောင်တဲ့ ပြည်ထောင်စုအရံတပ်ဖွဲ့ဟာ လက်ယာအင်အားစုဖြစ်ပါတယ်။ ဗိုလ်နေဝင်းရဲ့ တပ်ရင်း ၄၊ တောမခိုတဲ့ဗမာစစ်ဗိုလ်စစ်သား၊ စစ်ဝန်ထမ်းတပ်၊ ကျေးရွာကာကွယ်ရေးနဲ့ နိုင်ငံရေးသမား ခါးပိုက်ဆောင်တပ်တွေဟာ လက်ဝဲအင်အားစုမှာ ပါဝင်ပါတယ်။

လက်နက်ကိုင်အင်အားစု ၂ စု အားပြိုင်နေချိန်မှာ ပုံကြီးချဲ့တာများလွန်းတဲ့အတွက် ဂျိုးကလိပ် ဖြစ်သွားတာက များပါတယ်တဲ့။ တဘက်နဲ့တဘက် မယုံသင်္ကာဖြစ်နေချိန်မှာ အဆက်အသွယ်ခက်ခဲတာမို့ ပုံကြီးချဲ့တဲ့သတင်းတွေ ခေတ်စားပါတယ်။ ဒီလို အဆက်အသွယ်ပြတ်နေတာမို့ နယ်မှာ ဘယ်လိုဖြစ်ပျက်နေတယ်ဆိုတာကို ဖဆပလအစိုးရရော KNU ကရင်အမျိုးသားအစည်းအရုံးပါ သိနိုင်ဖို့ မလွယ်ပါဘူး။ ဒီလိုအခါမှာ ရန်ကုန်နဲ့မန္တလေးက ဗမာသတင်းစာတွေက မီးလောင်ရာ လေပင့်ကြပါတယ်။ ခါးပြတိုက်မှု၊ နိုင်ငံရေးအကြမ်းဖက်မှု စတာလေးတွေကို နိုင်ငံရေးလုပ်ကြံမှုကြီးသဖွယ် ပုံကြီးချဲ့ပြီး သတင်းရေးကြတဲ့အတွက် ကြိုကြားကြိုကြား တသီးတခြားဖြစ်ပွားတဲ့ အကြမ်းဖက်မှုလေးတွေဟာ နိုင်ငံတော်ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးသဖွယ် ပေါ်ထွက်လာပါတော့တယ်။

လက်နက်ကိုင်ပဋိပက္ခ တိုးပွားလာလေလေ လက်ယာအင်အားစုနဲ့ လက်ဝဲအင်အားစု အကြား မယုံသင်္ကာဖြစ်မှုတွေ များလာလေလေဖြစ်ပါတယ်။ ဒီကြားထဲ ကရင်ကိုကူညီပြီး ဖဆပလအစိုးရကိုဖြုတ်ချဖို့ရည်ရွယ်ကြောင်း ရေးထားတဲ့စာနဲ့အတူ အင်္ဂလိပ်စစ်ဗိုလ်ဟောင်း Alexander Campbell ရန်ကုန်မှာအဖမ်းခံရတဲ့အခါမှာ ကရင်နဲ့အင်္ဂလိပ်က ဖဆပလအစိုးရကိုဖြုတ်ချဖို့ ရည်ရွယ်တယ်ဆိုတဲ့ ဗမာစစ်ဗိုလ်နဲ့ ဆိုရှယ်လစ်တွေရဲ့ယုံကြည်ချက်ဟာလည်း ပိုခိုင်မာလာပါတယ်။ အင်္ဂလန်မှာ Campbell ကိုထောက်ခံသူ လက်တဆုပ်စာသာရှိပေမယ့် အင်္ဂလိပ်လုပ်ကြံမှုကြီးသဖွယ် ပုံကြီးချဲ့ပြီး ဗမာသတင်းစာက မီးလောင်ရာလေပင့်ပါတယ်။

ဒီအချိန်မှာ တဲ့တော။ သထုံနဲ့ မော်လမြိုင်ကိုသိမ်းပိုက်ထားတဲ့ ကရင်သူပုန်နဲ့ ဦးနုအစိုးရ ငြိမ်းချမ်းရေးလုပ်နိုင်အောင် စစ်ဦးစီး ဗိုလ်ချုပ်ကြီးမေဂ်ဗွန်း ကြားဝင်ဆောင်ရွက်ပေးတာကို ဗမာစစ်ဗိုလ်တွေက မကျေနပ်ကြပါဘူး။ နောက်တော့ ၁၉၄၈ နိုဝင်ဘာ ၁၃ ရက်နေ့မှာ တနင်္သာရီနဲ့ ရောဝတီတိုင်း ပါဝင်တဲ့ သီးခြားလွတ်လပ်တဲ့ ကရင်ပြည်နယ် တည်ထောင်ခွင့်ပေးဖို့ တောင်းဆိုလာတဲ့အတွက် ပြည်ထောင်စုကိုဖျက်ဆီးဖို့ကြံစည်တာဖြစ်ကြောင်း ဗမာသတင်းစာတွေက ရေးကြပါတော့တယ်။ စစ်ဝန်ထမ်းတစ်ဟာ အန္တရာယ်ပေးနိုင်ကြောင်း ကရင်ခေါင်းဆောင်တွေ သဘောပေါက်လာပါတယ်။

Campbell အယမ်းခံရပြီးနောက်တနေ့ ဇက်တင်ဘာ ၁၉ ရက်နေ့မှာ ပြည်ထောင်စု အစိုးရ တစ်ရဲ့ခေါင်းဆောင် ကရင်နဲ့ရင်းနှီးသူ ဦးတင်ထွဋ် အသတ်ခံရပါတယ်။ လက်သည်မပေါ်ပေမယ့် ဆိုရှယ်လစ်ပါတီလက်ချက်ဖြစ်ကြောင်း ရဲမင်းကြီးဦးအောင်ချိန်ကသိတဲ့အတွက် ဦးအောင်ချိန် အလုပ်ဖြုတ်ခံလိုက်ရပါတယ်။ ဦးတင်ထွဋ်ကိုသတ်ပစ်ဖို့ ဗိုလ်အောင်ကြီးကစီစဉ်တာဖြစ်ကြောင်း ကရင်စစ်ဗိုလ်တွေက အင်္ဂလိပ်အရာရှိကိုပြောပြတာကိုလည်း ၁၉၄၉ ဂျန်နဝါရီ ၈ ရက် ရန်ကုန်–လန်ဒန် သံကြိုးစာမှာ ဖော်ပြ ထားပါတယ်။ ၁၉၄၈ ဒီဇင်ဘာ ၂၄ ရက်နေ့မှာ မြိတ်ခရိုင်ပလောမြို့ ခရစ်ယာန် ဘုရားရှိခိုးကျောင်းထဲကို စစ်ဝန်ထမ်းက လက်ပစ်ဗုံးပစ်သွင်းလို့ ကရင် ၈၀ သေဆုံးရပါတယ်။ စစ်ဝန်ထမ်းနဲ့ ဆိုရှယ်လစ်ရဲ့ ကရင်ဆန့်ကျင်ရေးကို KNDO ကရင်ပြည်သူ့စစ်က လက်တုံ့ပြန်ပါ တော့တယ်။ ၁၉၄၈ နှစ်ကုန်ပိုင်းမှာ စစ်ဝန်ထမ်းတပ်ဖွဲ့ တရာကျော်ရှိကြောင်း စစ်အစိုးရထုတ် တပ်မတော် သမိုင်း စာတွဲတွဲမှာ ရေးထား ပေမယ့် ပလောမြို့လူသတ်ပွဲကိုတော့ မဖော်ပြပါဘူး။

ရှေ့အပါတ် အပိုင်း ၁၄ မှာ ပြည်တွင်းစစ်ဖြစ်ပွားပုံကို တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၁၄)

ရန်သူတွေဝိုင်းနေလို့ ရန်ကုန်အစိုးရလို့နာမည်ရနေတဲ့ ဖဆပလအစိုးရဆက်လက်ရှင်သန်နိုင်ပုံကို ငါနဲ့ မတူငါ့ရန်သူ အပိုင်း ၁၄ မှာ မေရီကာယ်လဟန်က ရှင်းပြထားပါတယ်။ တပ်မတော်ကရင်အရာရှိတွေဟာ ၁၉၄၈ နှစ်ကုန်ပိုင်းအထိ ပျဉ်းမနားခရိုင်မှာ ကွန်မြူနစ်သူပုန်ကိုတိုက်ခိုက်ခဲ့ပါတယ်။ ဖဆပလ အစိုးရ အသက်ဆက်နိုင်ဖို့အတွက် ကရင်တပ်ရင်းတွေက ကွန်မြူနစ်ကိုစစ်ဆင်နေတုန်းဖဆပလလက်အောက်ခံ ဗမာပြည်သူ့စစ်က မြစ်ဝကျွန်းပေါ်က ကရင်ရွာတွေကို တိုက်ခိုက်ကြပါတယ်။ ဒီလိုအခြေအနေကြောင့် တပ်မတော် ကရင်တပ်ရင်း၊ KNDO ကရင်ပြည်သူ့စစ်နဲ့ ကရင်နိုင်ငံရေးအုပ်စုတွေ ပေါင်းစည်းပြီး ဖဆပလအစိုးရကို တော်လှန်ဖို့ စီစဉ်လာရတာဖြစ်ပါတယ်တဲ့။

မြစ်ဝကျွန်းပေါ်က ကရင်–ဗမာပဋိပက္ခတွေဟာ ရန်ကုန်ဆင်ခြေဖုံးအထိပျံ့နှံ့လာလို့ ၁၉၄၉ ဂျန်နဝါရီမှာ အင်းစိန်အစိုးရလက်နက်တိုက်ကို KNDO ကရင်ပြည်သူ့စစ်ကဝင်စီးပြီး ရန်ကုန်ကို ဝိုင်း ထားနိုင်တဲ့အခြေအနေထိ ဖြစ်လာပါ တယ်။ စစ်ဝန်ထမ်း၊ တက္ကသိုလ်ကျောင်းသားနဲ့ လူပေလူတေတွေကို

အစိုးရက လက်နက်ပေးပြီး ကရင်ကိုတိုက်ခိုင်းရတဲ့အချိန်အခါပါပဲ။ အင်းစိန်၊ ကြည့်မြင်တိုင်၊ စမ်းချောင်းနဲ့ အလုံက ကရင်ရပ်ကွက်တွေကို ဖမ်းပြည်သူ့စစ်ကပစ်ခတ်လာတဲ့အတွက် KNDO ကရင်ပြည်သူ့စစ်က မြို့ပြင်က ကရင်တပ်တွေကို စစ်ကူတောင်းပြီး အင်းစိန်တဝိုက်မှာ နေရာယူထားပါတယ်။ ကရင်ရပ်ကွက်နားမှာနေထိုင်တဲ့ဗမာတွေဟာ အစိုးရအကူအညီမရလို့ တွေ့ရာလက်နက်နဲ့ ခုခံကာကွယ်နေရပါတယ်။

အင်းစိန်အခြေအနေ ဆိုးဝါးလာတာကြောင့် အာရုံပြောင်းသွားအောင်လုပ်ဖို့ KNU ခေါင်းဆောင် စောဘဦးကြီးက တောင်ငူအခြေစိုက်တဲ့ တပ်မတော် ကရင်တပ်ရင်း ၁ က တပ်မှူးဗိုလ်မှူးကြီး စောမင်းမောင်ကို အကူအညီတောင်းတဲ့အတွက် ၁၉၄၉ ဂျန်နဝါရီလ ၂၇ ရက်နေ့မှာ ကရင်တပ်ရင်း ၁ က တောင်ငူကို သိမ်းလိုက်ပါတော့တယ်။ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ အင်းစိန်ကို ကရင်သိမ်းပြီး ရန်ကုန်နဲ့ ၄ မိုင်ကွာအထိ ချီတက်နိုင်ခဲ့ပါတယ်။ စစ်သား၊ ရဲ၊ စစ်ဝန်ထမ်း၊ ပြည်သူ့စစ်၊ ကျောင်းသားနဲ့ လူပေလူတေတွေစုပေါင်းပြီး ခုခံနိုင်တဲ့အတွက်ကရင့်ထိုးစစ် ရပ်တန့်သွားပါတယ်။ ငါးလလောက်ကြာတဲ့ အင်းစိန်တိုက်ပွဲမှာ အကျအဆုံးများပြီး ၁၉၄၉ မေလရောက်မှ အစိုးရက အင်းစိန်ကို ပြန်သိမ်းနိုင်ပါတယ်။ မေမြို့၊ ပြည်၊ မိတ္ထီလာ၊ မန္တလေး စတဲ့ မြို့ကြီးတွေလည်း သူပုန်လက်အောက်ကျရောက်ခဲ့ပါတယ်။

ဖဆပလအစိုးရဟာ KNDO ကရင်ပြည်သူ့စစ်ကို တရားမဝင်ကြောင်းကြေညာပြီး ကရင်စစ်ဗိုလ်တွေကို ရာထူးကဖယ်ရှားကာ တပ်မတော် စစ်ဦးစီးဗိုလ်ချုပ်ကြီးမစ်ဘွန်းနေရာကို ဗိုလ်နေဝင်းနဲ့ အစားထိုးလိုက်ပါတယ်။ တောင်ငူကိုပြန်သိမ်းဖို့ ကချင်တပ်ရင်း ၁ ရဲ့ တပ်ရင်းမှူး နော်ဆိုင်းကို ဗိုလ်နေဝင်းအမိန့်ပေးတဲ့အခါမှာ နော်ဆိုင်းက သူပုန်နဲ့ပူးပေါင်းလိုက်ပါတယ်။ ၁၉၄၉ ဖေဖော်ဝါရီလမှာ တပ်မတော်ဟာ အစိတ်စိတ်အမွှာမွှာ ကွဲနေပြီ။ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်နဲ့ ကရင်သူပုန်ရဲ့ထိုးစစ်ကို ဖဆပလ အစိုးရဟာ မြစ်သလိုလှုရပြီး ခုခံတိုက်ခိုက်နေရပါတယ်။ ၂ နာရီလောက်စစ်သင်တန်းပေးပြီး တိုက်ခိုင်းတာဖြစ်တယ်လို့ စစ်ဝန်ထမ်းခေါင်းဆောင် ဗိုလ်အောင်ကြီးက ၁၉၉၂ မေလ ၈ ရက်နေ့က ပြောပါတယ်တဲ့။

ကရင်တော်လှန်ရေးစပြီးမကြာမီ အမှုထမ်း သပိတ်မှောက်တဲ့အတွက် ဖဆပလအစိုးရ ပြိုကွဲတော့မလို ဖြစ်သွားပါတယ်။ ကရင်ကိုတိုက်ဖို့အတွက် ကွန်မြူနစ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး စည်းရုံးသိမ်းသွင်းဖို့ ဗိုလ်နေဝင်းတင်ပြတာကို ဆိုရှယ်လစ်ပါတီက လက်မခံတာကြောင့် ဆိုရှယ်လစ်ဝန်ကြီးတွေကို ထုတ်ပစ်ဖို့ ဗိုလ်နေဝင်းက ဝန်ကြီးချုပ်ဦးနုကို တိုက်တွန်းတဲ့အတွက် ၁၉၄၉ ဧပြီလမှာ ဆိုရှယ်လစ်ဝန်ကြီး ၅ ဦး နုတ်ထွက်သွားပါတယ်။ ဆိုရှယ်လစ်ရဲ့အိမ်စောင့်ခွေးကြီး မလုပ်ချင်တော့ဘူးလို့ ဗိုလ်နေဝင်းက ပြောင်ပြောပြီး သခင်သန်းထွန်းနဲ့ အပေါင်းပါကွန်မြူနစ်အချို့ကို အစိုးရအဖွဲ့ထဲသွင်းဖို့ ဗိုလ်နေဝင်းက ဦးနုကိုတိုက်တွန်းကြောင်း ဦးကျော်ငြိမ်းပြန်ပြောပြတာကို ၁၉၈၄ စက်တင်ဘာလ ၂၆ နေ့စွဲပါ ဗိုလ်မောင်မောင်ရဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဖော်ပြထားပါတယ်။

ဒါပေမဲ့ ကွန်မြူနစ်နဲ့လက်တွဲဖို့ကိစ္စကို ဝန်ကြီးချုပ်ဦးနုက လက်မခံပါဘူး။ ဆိုရှယ်လစ်တွေနယ်ဆင်းပြီး သူပုန်နှိမ်နင်းရေးအတွက် စည်းရုံးရေးဆင်းဖို့သာဦးနုကညွှန်ကြားပါတယ်။ ဝေးနတဲ့ ရန်ကုန်တနယ်ဇင်းတွေကို အကြမ်းဖက်တိုက်ခိုက်လို့ ဆိုရှယ်လစ်ပါတီ နာမည်ပျက်နေချိန်လည်း ဖြစ်ပါတယ်။ ဆိုရှယ်လစ်ခေါင်းဆောင်တွေဟာ ဂျပန့်ခေတ်မှာ လူထုအဖွဲ့ အစည်းတည်ထောင်ဖို့ မကြိုးစားဘဲ စစ်ပြီး

ခေတ် လွတ်လပ်ရေးလှုပ်ရှားမှုမှာ ပါဝင်နိုင်ဖို့ ရည်ရွယ်ပြီး ပုန်းအောင်းနေခဲ့တာကြောင့် ဦးကျော်ငြိမ်း၊ ဦးဘဆွေ၊ သခင်တင် စတဲ့ ဆိုရှယ်လစ်ခေါင်းဆောင်တွေမှာ သခင်စိုးနဲ့ အခြား ကွန်မြူနစ်ခေါင်းဆောင်တွေလို ကျောထောက်နောက်ခံ လူထုအဖွဲ့အစည်း မရှိကြပါဘူး။ လွတ်လပ်ရေးရတော့လည်း အစိုးရရာထူးကို ဆိုရှယ်လစ်ကပဲရယူတာကြောင့် လူထုနဲ့ မနီးစပ်တဲ့ အင်္ဂလိပ်ကိုလိုနီအရာရှိတွေလို ဖြစ်နေပါတယ်တဲ့။

ဒီလို လူထုအင်အားမရှိတဲ့ ဆိုရှယ်လစ်ပါတီဟာ သူပုန်နှိမ်နင်းရေးအတွက် အရင်က သိကျွမ်းခဲ့တဲ့ ဒေသခံလက်နက်ကိုင်အဖွဲ့တွေကို ပြန်ဆက်သွယ်ပြီး စစ်ဝန်ထမ်းတပ်မှာ လူများလာအောင် စည်းရုံးသိမ်းသွင်းရပါတယ်။ ဓါးဘော်ဟောင်း၊ အရည်အချင်းမမီလို့ တပ်မတော်ထဲမဝင်ရသူ၊ အလုပ်မရှိတဲ့ လယ်သမား၊ အလုပ်သမားနဲ့ လူဆိုးဓါးပြတွေ သောင်းပြောင်းထွေလာပါဝင်နေတဲ့ စစ်ဝန်ထမ်းတပ်ဟာ အပုပ်အသိုး–မိလ္လာအိုးကြီးနဲ့တူတယ်လို့ ဗိုလ်အောင်ကြီးက ၁၉၉၂ မေလ ၈ ရက်နေ့က မေရီကယ်လဟန်ကို ပြောပြပါတယ်။ ဗိုလ်အောင်ကြီးရဲ့ စစ်ဝန်ထမ်းမိလ္လာအိုးကြီးကို လက်နက်ပစ္စည်း ထောက်ပံ့သူဟာ ဆိုရှယ်လစ်ပါတီဖြစ်ပါတယ်။ ကွန်မြူနစ်ကိုတိုက်နေတဲ့ လယ်ဝေးသခင်ကြည်ရှိန်နဲ့ မိတ္ထီလာဆရာထီတို့လို နယ်ခေါင်းဆောင်တွေကို လက်နက်ပစ္စည်းထောက်ပံ့ဖို့ ဗိုလ်နေဝင်းတို့အဖွဲ့က စီစဉ်ရပါတယ်။ ဒေသလုံခြုံရေးအတွက် ဒေသခံပြည်သူ့စစ်နဲ့ အစိုးရပူးပေါင်းပြီး သူပုန်ကိုတိုက်ရတာ ဖြစ်ကြောင်း ၁၉၉၃ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှာ သခင်ကြည်ရှိန်က မေရီကယ်လဟန်ကိုပြောပြပါတယ်။

ပုန်ကုန်မှုအရှိန်သေသွားတော့မှ ဆိုရှယ်လစ်ပါတီဟာ လူထုအဖွဲ့အစည်းကို စတင်တည်ထောင်ပါတယ်။ ဆိုရှယ်လစ်ပါတီကိုထောက်ခံရင် စီးပွားရေးအခွင့်ထူးလေးတွေ ခံစားကြရပါတယ်။ ၁၉၅၆ မှာ ဗိုလ်အောင်ကြီးရဲ့ စစ်ဝန်ထမ်းမိလ္လာအိုးကြီးဟာ ပျူစောထီးဆိုတဲ့ အမည်သစ်နဲ့ ဆိုရှယ်လစ်ပါတီရဲ့ ခါးပိုက်ဆောင်တပ်ဖြစ်လာပါတယ်။ သူပုန်နှိမ်နင်းရေးမှာပါဝင်ကူညီခဲ့တဲ့ နယ်ခေါင်းဆောင်တွေထဲမှာ ဖဆပလလွှတ်တော်အမတ်ဖြစ်လာသူတွေလည်းရှိပါတယ်။ သူပုန်အင်အားကျဆင်းလာလေလေ ဆိုရှယ်လစ်အဖွဲ့အစည်းတွေ အားကောင်းလာလေဆိုသလို ဖြစ်လာပါတယ်။ ရှေ့အပါတ် အပိုင်း ၁၅ မှာတော့ တပ်တွင်းတင်းမာမှုနဲ့ အရပ်သား–စစ်သားဆက်ဆံရေးပြဿနာကို တင်ပြပါမယ်။

☆ ☆ ☆

## အပိုင်း (၁၅)

လက်နက်ကိုင်ပုန်ကန်မှု အရှိန်သေလာတဲ့အခါ တပ်တွင်းတင်းမာမှုအထင်အရှားပေါ်ထွက်လာသလို အရပ်သားအစိုးရနဲ့ စစ်ခေါင်းဆောင်ပိုင်းဆက်ဆံရေးမှာလည်း တင်းမာမှုပေါ်ပေါက်လာကြောင်း မေရီကယ်လဟန် သုံးသပ်ထားတာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း ၁၅ မှာ တင်ပြလိုက်ပါတယ်။

လွတ်လပ်ရေး ရချိန်ကစပြီး ရန်ကုန်စစ်ရုံးနဲ့ နယ်ကတပ်မှူးတွေအကြား ဆက်ဆံရေးပြဿနာ ရှိခဲ့ပါတယ်။ စစ်ရုံးကိုကြီးစိုးတဲ့ ကရင်နဲ့ အင်္ဂလိပ်လက်ပါးစေ ဗမာအရာရှိတွေဟာ ရှေ့တန်းကို အကူ

အညီမပေးဘူးလို့ တပ်မှူးတွေကယူဆသလို စစ်ရုံးကလည်း တပ်မှူးတွေဟာ စစ်ရုံးအမိန့်ကို မနာခံဘူးလို့ ယူဆပါတယ်။ တပ်မှူးတွေ ဘာလုပ်နေတယ်ဆိုတာကို ရန်ကုန်စစ်ရုံးကမသိဘူးလို့ ဗြိတိသျှစစ်မစ်ရှင်ရဲ့ ၁၉၄၈ ဇွန်လအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တပ်မှူးတွေဟာ ဒေသခံပြောက်ကျားအရပ်သားနဲ့လက်တွဲပြီး အဆင်ပြေသလိုလုပ်ကြတာများပါတယ်။ ဒေသခံပြောက်ကျားရဲ့လုပ်ပိုင်ခွင့်နဲ့ တပ်မတော်ရဲ့လုပ်ပိုင်ခွင့်ကို ခွဲခြားသတ်မှတ်ပြီး နားလည်မှုနဲ့ပူးတွဲလုပ်ကိုင်ကြတာဖြစ်လို့ စစ်ရုံးရဲ့ အတည်ပြုချက် မယူပါဘူး။

၁၉၄၉ ကရင်တော်လှန်ရေးဖြစ်ပွားလို့ ကရင်ဦးစီးအရာရှိကိုယ်ရှားလိုက်တဲ့အခါမှာ စစ်ရုံးဟာ ဗမာအရာရှိလက်ထဲ ရောက်လာပါတယ်။ ဒီအခါမှာ တပ်မှူးတွေ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သူပုန်နှိမ်နင်းရေးလုပ်တာကို စစ်ရုံးကခွင့်ပြုပါတယ်။ ဖြစ်သလိုလုပ်ပြီးစစ်တိုက်တာကို စစ်ရုံးက စောင့်ကြည့်လို့ မလွယ်ပါဘူး။ ဒါပေမယ့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လွတ်လပ်စွာလုပ်ကိုင်နေတာဟာ တပ်မတော်ဖွဲ့စည်းပုံနဲ့ မဟာဗျူဟာကို အားနည်းစေတယ်လို့ စစ်ရုံးကမြင်ပါတယ်။ စစ်ရုံးက ဆက်စပ် ညှိနှိုင်းပေးတာမျိုးမရှိရင် လေ့ကျင့်ရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ စစ်သားစု ဆောင်းရေး၊ စစ်ဆင်ရေး စတာတွေကို စနစ်တကျ မလုပ်နိုင်ပါဘူး။

ကိုယ့်နည်းကိုယ့် ဟန်နဲ့တိုက်ခိုက်နေတဲ့စစ်ဗိုလ်တွေဟာ စစ်ဆင်ရာနယ်မြေမှာတွေ့ရတဲ့ မော်တော်ကားနဲ့ အခြားအဝိုးတန်ပစ္စည်းတွေကို ပိုင်ရှင်မဲ့လိုသဘောထားပြီး သိမ်းယူကြကြောင်း၊ တချို့ကလည်း ဘိန်းမှောင်ခိုနဲ့ပေါင်းပြီး စီး ပွားရှာကြကြောင်း၊ တချို့ကလည်း စီးပွားရေးလုပ်ရာမှာ စစ်ကားကို သုံးကြောင်း ဗိုလ်မှူးဘသိုက်ရေးတဲ့ “စည်းကမ်းအရေးကြီးပုံ” စာတမ်းမှာ ဖော်ပြထားပါတယ်တဲ့။ သူပုန်နှိမ်နင်းရေးကိုဦးစားပေးပြီး အလျင်အမြန်စစ်သားစုဆောင်းတာကြောင့် အကျင့်ပျက် ဂျိုးသူခိုးတွေ တပ်မတော်ထဲရောက်လာကြောင်း ၁၉၅၀ ဂျူလိုင် ၁၈ ရက်နေ့စွဲပါ စစ်ရုံးအထူးအမိန့်မှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဒေသခံပြည်သူ့စစ်နဲ့ တပ်မတော် လက်တွဲတိုက်ခိုက်တာကြောင့် ၁၉၅၀ နှောင်းပိုင်းမှာ ပုန်ကန်မှုအရှိန်သေလာတဲ့အတွက် ၁၉၅၁ နှစ်လယ်မှာ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်တဲ့အထိ နယ်မြေအများအပြား အစိုးရလက်အောက် ပြန်ရောက်သွားပါတယ်။

လက်နက်ကိုင်ပုန်ကန်မှု အားနည်းလာပြီး အရှိန်သေသွားရတာဟာ အစိုးရစစ်တပ် တော်လွန်းလို့ အားကောင်းလို့မဟုတ်ဘဲ သူပုန်ဘက်က ညံ့ဖျင်းလွန်းလို့သာ ဖြစ်မှာယ်ရှိတယ်လို့ မေရီကယ်လဟန်က သုံးသပ်ထားပါတယ်။ တပ်မတော်မှာ စစ်သားဦးရေတိုးပွားလာပေမယ့် တိုက်ရည်ခိုက်ရည် တိုးတက်လာတာမဟုတ်ပါဘူး။ ဒါကြောင့် စစ်ဆင်မှုစွမ်းရည် မတိုးတက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး တပ်မတော်အရာရှိပိုင်းမှာ အမြင်နှစ်မျိုးရှိလာတယ်လို့ ဆိုပါတယ်။ ရန်ကုန်စစ်ဦးစီးရုံးနဲ့ တပ်မှူးတွေအကြား သဘောထားကွဲလွဲတာကို အဓိကအကြောင်းရင်းအဖြစ် ယူဆတာဟာ ပထမအမြင်ဖြစ်ပါတယ်။ အရပ်သားအစိုးရနဲ့ စစ်အာဏာပိုင်တို့အကြားတာဝန်ခွဲခြားမပြတ်သားတာကို အကြောင်းရင်းလို့ယူဆတာဟာ ဒုတိယအမြင်ပါပဲ။

၁၉၄၈ က ၁၉၅၁ မတ်လအထိဖြစ်တဲ့ သုံးနှစ်ကျော်ကာလမှာ တပ်ရင်း၈ ရင်းက ၂၆ ရင်းအထိ စစ်အင်အား သုံးဆကျော်တိုးပွားလာတာကြောင့် စစ်တပ်အသုံးစရိတ်လည်း အကြီးအကျယ်

တိုးပွားလာပါတယ်။ ၁၉၅၁ စစ်တပ်အသုံး စရိတ်ဟာ အစိုးရအသုံးစရိတ်ရဲ့ ၄၀ ရာခိုင်နှုန်း ဖြစ်နေပါပြီ။ တချိန်တည်းမှာပဲ စည်းကမ်းပျက်တဲ့ပြဿနာကို တပ်မတော်ရင်ဆိုင်နေရပါတယ်။ ဒီလိုအခြေအနေကြောင့် ပဆပလနဲ့ ဆိုရှယ်လစ်ပါတီခေါင်းဆောင်ပိုင်းက စစ်တပ်ကိုကြိုးကိုင်ဖို့ကြိုးစားလာပါတယ်တဲ့။ ရန်ကုန်စစ်ရုံးကလည်း တပ်မှူးတွေကိုချုပ်ကိုင်နိုင်အောင်ကြိုးပမ်းလာပါတယ်။

စစ်မှုရေးရာနဲ့ပတ်သက်ပြီး အရပ်သားအစိုးရနဲ့ စစ်ခေါင်းဆောင်ပိုင်းအကြားမှာ တင်းမာမှုရှိလာတယ်လို့ စစ်သေနာပတိချုပ် ဒု–ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၅၀ ဂျန်နဝါရီ ၂၀ ရက်နေ့ စစ်ရုံးမှာ ကျင်းပတဲ့ တပ်မှူးများညီလာခံမှာ ဖွင့်ပြောဆိုပါတယ်။ စစ်ဗိုလ်ရာထူးတိုးမြှင့်တဲ့ကိစ္စမှာ ဝန်ကြီးချုပ်ဦးနုဝင်ရှုပ်လို့ ပြဿနာပေါ်ရပုံ ကို ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်ခင်ညိုတို့ကပြောပြပါတယ်တဲ့။ ကရင်သူပုန်ထပြီးမကြာမီ ဦးနုက ကချင်စစ်ဗိုလ်တဦးကို ဗိုလ်မှူးချုပ် ရာထူးတိုးမြှင့်ပေးလိုက်တဲ့ကိစ္စမှာ ဝါရင့်ဗမာအရာရှိအသိုင်းအဝိုင်းက မကျေမနပ်ဖြစ်ကြတာပါပဲ။ စစ်မှုရေးရာမှာ အရပ်သား နိုင်ငံရေးသမား ဝင်ရောက်စွက်ဖက်တဲ့ကိစ္စကို ဗိုလ်မှူးချုပ်ကျော်ဇောကလည်း မကျေမနပ်ဖြစ်ပါတယ်တဲ့။ တနှစ်အတွင်း ငြိမ်းချမ်းရေးရမယ်ဆိုတဲ့အစီအစဉ်ဟာ စစ်တပ်ကိုမတိုင်ပင်ဘဲလုပ်တဲ့ အရပ်သားအစိုးရရဲ့ စီမံကိန်းသာဖြစ်လို့ မအောင်မြင်နိုင်ကြောင်း ဗိုလ်မှူးချုပ်ကျော်ဇော ဝေဖန်တာကို ၁၉၅၀ တပ်မှူးညီလာခံမှတ်တမ်းမှာ ဖော်ပြပါတယ်။

တပ်မှူးနဲ့ ဦးစီးအရာရှိတွေအကြား တင်းမာမှုရှိတာကိုလည်း ၁၉၅၀ တပ်မှူးညီလာခံမှာ ဆွေးနွေးပါတယ်။ ကရင်စစ်ဗိုလ်တွေကို စစ်ရုံးကဖယ်ရှားလိုက်ပေမယ့် တပ်မှူးတွေဟာ စစ်ရုံးကို ဝေဖန်နေတုန်းပါပဲ။ တပ်ရင်း ၁၀ ရင်းကို ကူညီထောက်ပံ့ဖို့ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့စစ်ရုံးက တပ်ရင်း ၂၆ ရင်းကို ထောက်ကူနေရတာမို့ မနိုင်မနင်းဖြစ်ပြီး အဆင်မပြေတာတွေရှိနေကြောင်း ဗိုလ်ချုပ်နေဝင်းက ရှင်းပြပါတယ်တဲ့။ တပ်မှူးနဲ့ ဦးစီးအရာရှိအကြား တင်းမာမှု၊ အရပ်သားအစိုးရနဲ့ စစ်ခေါင်းဆောင်ပိုင်းအကြား တင်းမာမှု စတာတွေ ရှိနေတာကြောင့် တပ်မတော်ပြုပြင်ရေးလုပ်ဖို့ ၁၉၅၂ တပ်မှူးညီလာခံမှာ ဆွေးနွေးကြပေမယ့် တပ်မှူးတွေဟာ စစ်ရုံးကိုရန်လုပ်နေတုန်းမို့ တပ်မှူးနဲ့ဦးစီးအရာရှိဟာ အသွင်မတူတဲ့ လူတန်းစားနှစ်ရပ်ဖြစ်လာတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ တပ်တွင်းတင်းမာမှုဟာ အရပ်သား–စစ်သားတင်းမာမှုလောက် လူသိမများပါဘူး။

၁၉၅၀ နှောင်းပိုင်းမှာ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်နေဝင်းနုတ်ထွက်သွားတာမို့ ပညာတတ်ဆိုရှယ်လစ် တဦးဖြစ်သူ ဦးဝင်း ကာကွယ်ရေးဝန်ကြီးဖြစ်လာပါတယ်။ စစ်သေနာပတိရဲ့ လုပ်ပိုင်ခွင့်ကို ချုပ်ကိုင်ကန့်သတ်ဖို့ ဦးဝင်းက ကြိုးပမ်းပါတယ်။ တပ်မတော်ရဲ့စစ်အင်အားကို တန်ပြန်နိုင်ဖို့အတွက် ရဲတပ်ဖွဲ့အင်အားတိုးချဲ့ဖို့နဲ့ စစ်ကော်မတီဖွဲ့ပြီး ဗိုလ်နေဝင်းကိုကိုင်တွယ်ဖို့ ဦးဝင်းက ကြိုးစားကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ ဦးဝင်းနေရာကိုဆက်ခံတဲ့ ကာကွယ်ရေးဝန်ကြီးဦးဗဆွေဟာ ဦးဝင်းလို တက်ကြွတာမဟုတ်လို့ စစ်ခေါင်းဆောင်ပိုင်းဟာ လုပ်ပိုင်ခွင့်ပိုရှိလာပေမယ့် အရပ်သားအစိုးရနဲ့ စစ်ခေါင်းဆောင်ပိုင်းအကြားက တင်းမာမှုကတော့ ရှိနေဆဲပဲလို့ မေရီကယ်လဟန်က ဆိုပါတယ်။

ရှေ့အပါတ် အပိုင်း ၁၆ မှာ ကေအမ်တီတရုတ်ဖြူတပ် ကျူးကျော်ဝင်ရောက်လို့ ရန်သူသစ်ပေါ်လာပုံကို တင်ပြပါမယ်။

# အပိုင်း (၁၅)

ကွန်မြူနစ်နဲ့ တိုင်းရင်းသားသောင်းကျန်းရေး အန္တရာယ်အရှိန်သေလာလို့ ပအဖလအစိုးရ အသက်ရှူချောင်စ ပြုချိန်မှာ KMT တရုတ်ဖြူ ကျူးကျော်ဝင်ရောက်မှုနဲ့ ကြုံတွေ့ရပါတယ်။ ပြည်တွင်းပုန်ကန်မှုကို ရင်ဆိုင်တုန်းက အစိုးရတပ်ဟာ ဗေဒင်လက်နက်ကိုင်အုပ်စုနဲ့ နားလည်မှုယူပြီး ပူးတွဲဆောင်ရွက်နိုင်ခဲ့ပေမယ့် အင်အားကြီးမားတဲ့ KMT တရုတ်ဖြူတပ်ကို ရင်ဆိုင်တဲ့အခါမှာတော့ ဒီနည်းကိုသုံးလို့ မရတော့ပါဘူး။ တပ်မတော်ရဲ့ ရန်သူသစ်ပေါ်ပေါက်လာပုံ "မေရီကယ်လဟန်" သုံးသပ်ထားတာကို ဝါနဲ့ မတူညီရန်သူ အပိုင်း ၁၆ မှာ တင်ပြပါမယ်။ တပ်မတော်ပြုပြင်ရေးကိုဆွေးနွေးတဲ့ ၁၉၅၂ တပ်မှူးများညီလာခံကျင်းပချိန်မှာ KMTတရုတ်ဖြူတပ်သား တသောင်းကျော် မြန်မာပြည်ထဲရောက်နေပါပြီ။

KMT တရုတ်ဖြူတပ်တွေ ကျူးကျော်လာတာနဲ့ ဒု–ဗိုလ်မှူးကြီးမောင်မောင် စစ်ရုံးကို ပြန်ရောက်လာတာဟာ တပ်မတော်ပြုပြင်ရေးမှာ အဓိကကျတဲ့အချက် ၂ ချက်ဖြစ်တယ်လို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။ ကာရင်သူပုန်က ၂ နှစ်ခွဲဖမ်းဆီးထားတဲ့ ဗိုလ်မှူးမောင်မောင်ဟာ ဗိုလ်မှူးနဲ့ တပ်ထဲပြန်လာသူဖြစ်ပါတယ်တဲ့။ ကာရင်သူပုန်ရဲ့အကျဉ်းသား ဗိုလ်မှူးမောင်မောင်ကို ခရစ်ယာန် ကက်သလစ်ဘုန်းကြီးတပါးက သမ္မာကျမ်းစာအုပ်တွေ မကြာခဏလာပေးပါတယ်။ အလင်းရောင်စစ်ဆင်ရေးကြောင့် ၁၉၅၁ ဩဂုတ်လ ၂၁ ရက်နေ့မှာ လွတ်မြောက်လာတော့ ဗိုလ်မှူးမောင်မောင်ဟာ ကက်သလစ်ဘာသာဝင် ဖြစ်နေပါပြီ။ ကက်သလစ်ဘုန်းကြီးလုပ်ဖို့ ဗိုလ်ကူးပေမယ့် အချိန်ယူပြီး တပြည်ပြည်းလုပ်ဖို့ ဘုရားကျောင်းကအကြံပေးထားတုန်း တပ်ထဲပြန်ဝင်ဖို့ ရောင်းရင်းမိတ်ဆွေတွေက ဆွဲခေါ်တာကြောင့် ဗိုလ်မှူးမောင်မောင်ဟာ ဗိုလ်မှူးပါတယ်နဲ့ စစ်ရုံးကို ပြန်ရောက်လာတာ ဖြစ်ပါတယ်တဲ့။

ကိုယ်နည်းကိုယ်ဟန်နဲ့ ဖြစ်သလို ပြည်တွင်းစစ်ကိုတိုက်ခိုက်ခဲ့တဲ့တပ်မတော်ကို ပေါ်ရှုပ်ကိုင်မှုနဲ့ အုပ်ချုပ်တဲ့ ခေတ်မီ အမြဲတမ်းတပ်မတော်အဖြစ် အသွင်ပြောင်းရာမှာ ဗိုလ်မှူးမောင်မောင်ဟာ အဓိကကျတယ်လို့ အဲဒီခေတ်ကိုမီလိုက် တဲ့ စစ်ဗိုလ်အများစုက ပြောပါတယ်တဲ့။ တပ်မတော်အားကောင်းလာအောင် ပြုပြင်ပြောင်းလဲရေး ဗိုလ်မောင်မောင်နဲ့ ဗိုလ်အောင်ကြီးတို့ တပ်ထဲမှာ ဩဇာရှိလာတာပါ။ ဒါပေမယ့် KMT တရုတ်ဖြူတပ်တွေသာ ရောက်မလာဘူးဆိုရင်တော့ ဦးစီးအရာရှိရဲ့ အစီအစဉ်ကို တပ်မှူးတွေက အလွယ်တကူလက်ခံမယ်မဟုတ်ဘူးလို့ မေရီကယ်လဟန်က မြင်ပါတယ်။ တရုတ်ပြည်တွင်းစစ်မှာ စစ်ရှုံးတဲ့ KMT တရုတ်ဖြူတပ်ရင်းအချို့ မိသားစုတွေနဲ့အတူ ၁၉၅၀ မှာ ရှမ်းပြည်ထဲ ကျူးကျော် ဝင်ရောက်လာပါတယ်။ ၁၉၅၁ ရောက်တော့ KMT တပ်တွေကို အမေရိကန် လေယာဉ်၊ လက်နက်နဲ့ ဂိုက္ခ ထောက်ပံ့နေပါပြီ။ ၁၉၅၂ မှာ KMT အင်အား တသောင်း နှစ်ထောင် လောက် ရှိနေပြီး ၁၉၅၃ ရောက်တော့ ရှမ်းပြည်တောင်ပိုင်းက မိုင်းဆတ်ဟာ လေယာဉ်ဆင်းနိုင်တဲ့ KMT စခန်း ဖြစ်နေပါပြီ။

ဗိုလ်ချုပ်ကြီးလီမီခေါင်းဆောင်တဲ့ KMT တပ်တွေဟာ အမေရိကန် CIA အကူအညီနဲ့

ယူနန်နယ်ကိုပြန်သိမ်းနိုင်ဖို့ ကြိုးစားပါတယ်။ ၁၉၅၁ မှာ နှစ်ကြိမ် ထိုးစစ်ဆင်ပေမယ့် အကြီးအကျယ် တပ်လန်လာတဲ့အတွက် မြန်မာပြည်မှာပဲ ရှည်ရှည်နေဖို့ စီစဉ်ပါတော့တယ်။ ဘိန်းလုပ်ငန်းနဲ့ ရုံ့ငွေရှာပြီး နယ်စပ်ကိုသိမ်းသွင်းတာကြောင့် ကျိုင်းတုံ ကိုးကန့်နဲ့ ထိုင်းနယ်စပ်ဒေသဟာ KMT လက်အောက်ခံ ဖြစ်လာပါတယ်။ နယ်စပ်ဒေသမှာ လမ်းဖောက် တံတားဆောက်ပြီး အစိုးရသဖွယ်ကြီးစိုးတဲ့အပြင် ဗမာ အစိုးရကိုပြိုင်ဖို့လည်း KMT တရုတ်ဖြူက ဒေသခံတွေကို မြှောက်ပေးပါသေးတယ်။ KNDO ကရင် ပြည်သူ့စစ်နဲ့လည်း KMT တရုတ်ဖြူက မဟာမိတ်ဖွဲ့ပါတယ်။ ဒါပေမဲ့ ဦးနုအစိုးရနဲ့ စစ်ခေါင်းဆောင်တွေ အကြီးအကျယ် စိုးရိမ်နေတာက KMT တရုတ်ဖြူမဟုတ်ဘဲ ကွန်မြူနစ် တရုတ်နီဖြစ်ပါတယ်။ KMT အကြွင်းအကျန်ကို ချေမှုန်းဖို့ရည်ရွယ်ပြီး တရုတ်ကွန်မြူနစ်တပ်တွေ အလုံးအရင်းနဲ့ဝင်ရောက်လာပြီး တပြည်လုံးကိုသိမ်းသွားမှာကို တွေးကြောက်နေတာပါ။ ကိုရီးယားကျွန်းဆွယ်မှာလည်း တရုတ်ကွန်မြူနစ်နဲ့ အမေရိကန် စစ်ဖြစ်နေပြီမို့ မြန်မာ–တရုတ်နယ်စပ်မှာ အမေရိကန်က ဒုတိယ စစ်မျက်နှာ ဖွင့်မှာကိုလည်း စိုးရိမ်ကြပါတယ်။

ရောင်စုံသူပုန်နဲ့ KMT တရုတ်ဖြူတပ်တွေ စခန်းချရာ ရှမ်းပြည်ကို ၁၉၅၀ နှစ်လယ်မှာ မာရှယ်လောစစ်အုပ်ချုပ်ရေး ကြေညာတဲ့အတွက် တပ်မတော်အရာရှိဟာ ဒေသန္တရအုပ်ချုပ်ရေးကိုပါ တာဝန်ယူလာရပါတယ်။ ပြည်မမှာ သူပုန်နှိမ်နင်းရေးလုပ်ငန်းက ဒေသခံ ဗမာပြည်သူ့စစ်နဲ့ ပူးတွဲ လုပ်ကိုင်ခဲ့တဲ့ တပ်မတော်အရာရှိတွေဟာ ရှမ်းပြည်မှာတော့ ဒေသခံနဲ့လက်တွဲဖို့နေနေသာသာ ရှမ်း စကားတောင် ပြောတတ်တာမဟုတ်ပါဘူး။ ဒေသခံကို ထောက်ထားခြင်းမရှိတဲ့အတွက် ရှမ်းပြည် မှာ မာရှယ်လောစစ်အုပ်ချုပ်ရေး ၂ နှစ်ကျင့်သုံးစဉ် ကာလ တပ်မတော်ဟာ အတော်လေး နာမည်ပျက် သွားပါတယ်။ ပြည်မမှာ ကွန်မြူနစ်၊ KNDO၊ ကရင်ပြည်သူ့စစ်နဲ့ အခြားရောင်စုံသူပုန်ကို တိုက်ခိုက် နေဆဲဖြစ်တဲ့ တပ်မတော်ဟာ ရှမ်းပြည်မှာလည်း မာရှယ်လောစစ်အုပ်ချုပ်ရေး ကျင့်သုံးနေတဲ့အတွက် မနိုင်မနင်းဖြစ်တော့မယ့်အခြေအနေကို ရင်ဆိုင်နေရပါတယ်။ စစ်အင်အားကောင်းတဲ့ KMT ပုန်ကန်တပ် ကို တိုက်ရတာဟာ ပြည်တွင်းသူပုန်ကို တိုက်ရတာထက် ပိုပြီးခက်ခဲပါတယ်။

KMT တရုတ်ဖြူတပ်တွေ မြန်မာပြည်ကထွက်ခွာဖို့ (ဒါမှမဟုတ်လည်း) လက်နက်ချဖို့ ဦးနု အစိုးရကရာဇသံပေးတာကို လုံးဝဂရုမစိုက်တာကြောင့် တပ်မတော်နဲ့ KMT တရုတ်ဖြူတပ်တွေ မကြာ ခဏ တိုက်ပွဲဖြစ်ပါတယ်။ တပ်မတော်က အကြီးအကျယ်စစ်ပြင်ဆင်ပြီး တရုတ်နဂါးကို သတ်ပစ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၉၅၃ ဖေဖော်ဝါရီလမှာ နဂါးနိုင်စစ်ဆင်ရေးကို ဆင်နွှဲပါတယ်။ ဒါပေမယ့် လက်နက်အင်အားကောင်းတဲ့ KMT တရုတ်ဖြူတပ်က နဂါးနိုင်စစ်ဆင်ရေးကို တပါတ်အတွင်း ချေမှုန်း ပစ်လိုက်လို့ နဂါးရှုံးစစ်ဆင်ရေးဖြစ်သွားကြောင်း ပါဝင်တိုက်ခိုက်ခဲ့သူတွေကိုမေးမြန်းပြီး မေရီကာလဟန် က ရေးထားပါတယ်။

KMT တရုတ်ဖြူတပ်တွေ မြန်မာပြည်ကထွက်ခွာရေးအတွက် မြန်မာ၊ အမေရိကန်၊ ထိုင်းနဲ့ ထိုင်ဝမ်ပါဝင်တဲ့ လေးနိုင်ငံဆွေးနွေးပွဲ ၁၉၅၃ မေလ ၂၂ ရက်နေ့ ဘန်ကောက်မှာကျင်းပနိုင်လို့ ၁၉၅၃ နှစ်ကုန်ပိုင်းမှာ KMT တပ်သား ၂၀၀၀ လောက်ထွက်ခွာပြီး နောက်ပိုင်းမှာ ၇၀၀၀ ထွက်ခွာခဲ့ကြောင်း တပ်မတော်သမိုင်း စာတွဲတွေမှာ ဖော်ပြထားပါတယ်။ ၁၉၅၄ ရောက်တော့ KMT တရုတ်ဖြူ အင်အား

ဟာ တပ်မ ၃ ခုလောက်ဖြစ်နေတဲ့အတွက် စစ်ဆင်ရေးတွေလုပ်တော့မှ ၁၉၅၅ မှာ မိုင်းဆပ်နဲ့ ထိုင်း-မြန်မာနယ်စပ်က KMT စခန်းတွေကို အိမ်ဝိုက်နိုင်တဲ့အတွက် KMT တပ်သားအများအပြား မြန်မာပြည်က ထွက်ခွါကြတာပါ။ ဒီစစ်ဆင်ရေးတွေကို ဗိုလ်မှူးချုပ်ကျော်ဇောခေါင်းဆောင်ကြောင်း လူတိုင်းလိုလို သိကြပေမယ့် တပ်မတော်သမိုင်း စာတွေထဲမှာတော့ ဗိုလ်မှူးချုပ်ကျော်ဇောအမည်ကို ထိမ်ချန်ထားတာ တွေ့ရပါတယ်။ ရှေ့အပတ် အပိုင်း ၁၇ မှာ ရန်သူသစ်ကြောင့်ဖြစ်ပေါ်လာတဲ့ တပ်မတော်ပြုပြင်ရေး အကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၁၇)

ပြည်တွင်းစစ်ကိုရင်ဆိုင်နေရတဲ့တပ်မတော်ဟာ KMT တရုတ်ဖြူကျူးကျော်မှုကိုရင်ဆိုင်ရတဲ့အခါမှာ ခေတ်မီစစ်ဆင်ရေးလုပ်ပြီး တိုင်းပြည်ကိုကာကွယ်နိုင်တဲ့တပ်မတော်အဖြစ် အသွင်ပြောင်းနိုင်အောင် ကြိုးပမ်းတာပုံကို မေရီကာယ်လဟန်ရေးသားထားတာကို ငါနဲ့ မတူငါ့ရန်သူ အပိုင်း ၁၇ မှာတင်ပြပါမယ်။ ရန်သူသစ်တွေ့တဲ့အခါမှာ တခါမှမရှိဘူးသေးတဲ့ စစ်သဘောတရား military doctrine လည်း ရှိလာပါတယ်။ KMT တရုတ်ဖြူတပ်တွေကို တချောင်း တနည်းနည်းတိုက်နေလို့ အောင်မြင်မှာ မဟုတ်ကြောင်း သိသာထင်ရှား လာတဲ့အခါမှာ ဗိုလ်ချုပ်နေဝင်းဟာ စစ်စီမံခန့်ခွဲရေး ဦးစီးဌာနဖွဲ့စည်းပြီး ဗိုလ်မှူးအောင်ကြီးကို ဦးဆောင်စေတယ်လို့ ဆိုပါတယ်။ နိစ္စဓူဝ အုပ်ချုပ်ရေးကိစ္စကို လုပ်ဆောင်နေရတဲ့စစ်ရုံးဟာ ရေရှည် မဟာဗျူဟာချမှတ်တာမျိုးမလုပ်နိုင်လို့ စိတ်ပျက်ရကြောင်း၊ ပြည်ပရန်ကို ကာကွယ်နိုင်ဖို့ အရေးကြီးကြောင်း ၁၉၅၅ ဩဂုတ်လ ၂၈ နေ့ထွက် စစ်စီမံခန့်ခွဲရေးဦးစီးဌာနမှတ်တမ်းမှာ ဖော်ပြထားပါတယ်တဲ့။

ဗိုလ်ချုပ်နေဝင်းကညွှန်ကြားတယ်လို့ ဩဂုတ်လမှတ်တမ်းမှာဖော်ပြပေမယ့် အဲဒီအချိန်မှာ ဗိုလ်နေဝင်း ခွင့်ယူထားပါတယ်တဲ့။ ဗိုလ်နေဝင်းဟာ မိန်းမကိစ္စနဲ့ ဖျားများနေရတဲ့အချိန်ပါပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမြင်နှစ်မျိုးရှိနေပါတယ်။ စစ်ရုံးကအင်္ဂလိပ်အရာရှိတွေကို ဗိုလ်ချုပ်နေဝင်းက လွှတ်ထား လွန်းတဲ့အတွက် ဆိုရှယ်လစ်အမာခံအုပ်စုက စစ်စီမံခန့်ခွဲရေးဦးစီးဌာနကိုဖွဲ့စည်းတာလို့ ဗိုလ်မောင်မောင်ကပြောပါတယ်တဲ့။ ဗိုလ်အောင်ကြီးကတော့ ဗိုလ်နေဝင်းရဲ့ အာဏာကို ချုပ်ချယ်တာနဲ့ သတိမို့ ရည်ရွယ်ပြီး စစ်စီမံခန့်ခွဲရေးဦးစီးဌာနကို ကာကွယ်ရေးဝန်ကြီး ဦးဝင်းက တည်ထောင်တာလို့ ပြောပါတယ်တဲ့။

၁၉၅၅ ဩဂုတ်လ ၂၁ ရက်နေ့မှာ ကရင်သူပုန်လက်အောက်ကလွတ်မြောက်လာတဲ့ ဗိုလ်မောင်မောင်ဟာ လကုန်ပိုင်းမှာ စစ်ရုံးကိုပြန်သွားတော့ စစ်စီမံခန့်ခွဲရေးဦးစီးဌာနဖွဲ့စည်းထားတာ လေးရက်သာရှိသေးတာမို့ စမ်းတဝါးဝါး တပတ်နေတဲ့အဆင့်ပဲ ရှိပါသေးတယ်။ တပ်မတော်မှာ မရှိ သေးတဲ့ စစ်သဘောတရား military doctrine ကို ပထမဆုံးထုတ်ဖော်ပြီး လုပ်ငန်းစရမယ်လို့

ဗိုလ်မောင်မောင်က အကြံပြုပါတယ်တဲ့။ ရန်သူမသတ်မှတ်နိုင်ဘဲ စစ်တပ်တိုးချဲ့ရေး ပြန်လည်ဖွဲ့စည်းရေး နဲ့ တပ်ဖြန့်ရေးဆိုင်ရာမဟာဗျူဟာကို ချမှတ်နိုင်မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ရန်သူဟာ တရုတ် ကွန်မြူနစ် ဖြစ်တယ်လို့ ဗိုလ်မောင်မောင်က တင်ပြီး တရုတ်ကျူးကျော်တာကို နယ်စပ်မှာ သုံးလ ခုခံနိုင်အောင် အင်အားရှိတဲ့တပ်မတော်ကိုတည်ဆောက်ဖို့ အကြံပေးပါတယ်။ သုံးလအတွင်းမှာ ကုလ သမဂ္ဂ အကူအညီရနိုင်လိမ့်မယ်လို့ မျှော်လင့်တာပါပဲ။

ဒီလိုအင်အားရှိတဲ့တပ်မတော်ကို တည်ဆောက်နိုင်ဖို့ အတွက် အစိုးရအသုံးစရိတ် ၄၀ ရာခိုင်နှုန်းကို စစ်တပ်ကရယူဖို့လိုကြောင်း ဗိုလ်အောင်ကြီးက ပြောပါတယ်တဲ့။ ကွန်မြူနစ်တရုတ်ပြည်မှာ စီးပွါးရေးအထိုင်ကျဖို့ ဆယ်နှစ်လောက်လုပ်ရမှာမို့ ဗမာအစိုးရဟာ ဆယ်နှစ်အတွင်း တိုင်းပြည်စီးပွါး ရေး ပြန်လည်တည်ဆောက်ရမယ်လို့ ဆိုရှယ်လစ်ခေါင်းဆောင်ပိုင်းက ယုံကြည်ကြောင်း ဗိုလ် မောင်မောင် က ပြောပါတယ်တဲ့။ ဝန်ကြီးချုပ် ဦးနုကတော့ တရုတ်ကွန်မြူနစ်အပါအဝင်လူတိုင်းနဲ့ ချစ်ကြည်ရင်းနှီးအောင်လုပ်နိုင်တယ်လို့ယုံကြည်ပြီး စစ်တပ်တိုးချဲ့ဖို့အတွက် ငွေကုန်မခံချင်ဘူးလို့ ဆို ပါတယ်။ ဆိုရှယ်လစ်တွေဟာ ဦးနုရဲ့ ချစ်ကြည်ရေးလမ်းစဉ်ကို လက်ခံနိုင်ပေမယ့် စစ်အင်အား ကောင်း ဖို့ အရေးကြီးတယ်လို့ ယူဆပါတယ်။

တပ်မတော်တိုးချဲ့ဖွဲ့စည်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာမှာ ဗိုလ်နေဝင်း၊ ဗိုလ်မောင်မောင်နဲ့ ဗိုလ်အောင်ကြီးတို့ဟာ သူတို့လိုလားတဲ့စစ်ဗိုလ်တွေကိုနေရာပေးပြီး သူတို့ မယုံ သင်္ကာဖြစ်တဲ့အရာရှိတွေကို စစ်ရုံးကဖယ်ရှားနိုင်ခဲ့ပါတယ်။ ဥပမာ အင်္ဂလိပ်–မြန်မာကပြား ဗိုလ်မှူး ကြီးလှအောင်နဲ့ အင်္ဂလိပ်စစ်တပ်ကလာတဲ့ ဗိုလ်မှူးတင့်လို အရာရှိတွေကို စစ်ရုံးကဖယ်ရှ ားနိုင်ခဲ့ပါတယ်။ ရေတပ်နဲ့ လေတပ်မှာလည်း **PBF** ကဖြစ်လာ ဗမာစစ်ဗိုလ်တွေကိုနေရာပေးဖို့ အကြံအဖန်လုပ်ပါတယ်။ ထိပ်တန်းရေတပ်အရာရှိအများစုဟာ အင်္ဂလိပ်ရေတပ် မှာအမှုထမ်းဘူးတဲ့ အင်္ဂလိပ်–မြန်မာ ကပြားတွေ ဖြစ်ပါတယ်။ လေတပ်မှာလည်းအင်္ဂလိပ်–မြန်မာ ကပြားရှိပေမယ့် ရေတပ်လောက်တော့ မများပါဘူး။

ဒီကပြားအရာရှိတွေကို အင်္ဂလိပ်အလိုတော်ရိလို့ ကြည်းတပ်ခေါင်းဆောင်ပိုင်းကယူဆပြီး မယုံသင်္ကာဖြစ်နေကြပါတယ်။ ရေတပ်ဟာ ကြည်းတပ်နဲ့မှတွဲစစ်ဆင်မှသာ အသုံးဝင်တဲ့ တပ်ဖွဲ့ဖြစ်တာမို့ အင်္ဂလိပ်အလိုတော်ရိလို့ မသင်္ကာသူကိုထုတ်ပစ်ဖို့ ဗိုလ်နေဝင်းကဆုံးဖြတ်ကြောင်း အင်္ဂလိပ်စစ်မစ်ရှင်က ရေတပ်အရာရှိရဲ့ ၁၉၅၀ မတ်လ ၂၄ ရက်နေ့စွဲပါအစီရင်ခံစာမှာ ဖော်ပြပါတယ်။ ရေတပ်ဗိုလ်မှူး ခင်ပေကြည်နဲ့ ဗိုလ်မှူးခင်မောင်ဘိုကို ကြံဖန်အကြောင်းပြ ထုတ်ပစ်ပြီး ဗိုလ်နေဝင်းလိုလားတဲ့ ဗိုလ်မှူး သန်းပေကို ရေတပ်အကြီးအကဲအဖြစ် ခန့်အပ်ပါတယ်။ အင်္ဂလိပ်ခေတ်မှာ ရေတပ်ထဲဝင်ပြီး အင်္ဂလိပ် နဲ့အတူ အိန္ဒိယကိုလိုက်သွားသူ ရေတပ်အရာရှိအားလုံး အလုပ်ဖြုတ်ကုန်ကြောင်း ၁၉၅၂ စက်တင်ဘာ ၂၈ ရက်ထုတ် နေရှင်းသတင်းစာ အယ်ဒီတာ့အာဘော်မှာ ရေးထားပါတယ်တဲ့။

လေတပ်မှာတော့ ရေတပ်မှာလို ကြံဖန်ထုတ်ပစ်တာမျိုး မလုပ်ပေမယ့် အသေအပျောက် များတာမို့ အင်္ဂလိပ်ခေတ်က လေယာဉ်မှူးတွေ ဇာတ်သိမ်းကုန်ပါတယ်။ လေတပ် အကြီးအကဲ ကရင် ဗိုလ်မှူးရှိုးရှိုး ဟာ ၁၉၄၉ ဂျန်နဝါရီမှာ ကရင်တော်လှန်ရေးကတည်းက ပုန်းအောင်းနေတဲ့အတွက် သူ့နေရာကို လူစားထိုးဖို့ လွယ်ကူသွားပါတယ်။ သူ့နေရာဆက်ခံသူ လေတပ်အရာရှိ **Selwyn Khin**

ဟာ ကျိုင်းတုံမှာ လေယာဉ်ပျက်ကျသေဆုံးလို့ ရေးလက်ပေါင်းတွေ နိဂုံးချုပ်ကုန်ပါတယ်။

တပ်မတော်တိုးချဲ့ရေးလို့ စစ်သားများလာပေမယ့် အရာရှိ မလုံလောက်တဲ့ပြဿနာ ရှိနေတာမို့ ရှိပြီးသားအရာရှိတွေကိုတောင် သင်တန်းမပေးနိုင်ပါဘူး။ ၁၉၅၂ မှာ OTS ဗိုလ်သင်တန်း မတက်ရသေးရတဲ့ အရာရှိ ၆၀၀ ကျော်ရှိပါတယ်။ တပ်မတော်ကို ပြောက်ကျားစစ်သားမကဘဲ နိုင်ငံခြား စစ်တပ်ကိုခုခံနိုင်ဖို့ပြင်ဆင်ရာမှာ လေ့ကျင့်ရေးဟာ အရေးကြီးပါတယ်။ ပြည်တွင်းမှာ ဗိုလ်သင်တန်း တက်တဲ့ဦးရေကို တိုးမြှင့်နိုင်ပေမယ့် နိုင်ငံခြားကို စစ်ပညာသင်လွှတ်ရာမှာ အင်္ဂလိပ်စစ်မစ်ရှင်နဲ့ ပြဿနာ ပေါ်ရပါတယ်။ တပ်မတော်ကမျှော်မှန်းသလို သင်တန်းတက်ခွင့်မရပါဘူး။ ၁၉၅၃ မှာ အရာရှိ ၄၃ ဦး နဲ့ တပ်သား ၆၈ ဦးကို အမေရိကန်ကိုစေလွှတ်ဖို့ စီစဉ်ပေမယ့် တဦးသာ သွားခွင့်ရပါတယ်။ ဒီဗိုလ် ကတော့ Fort Leavenworth စစ်ဦးစီးတက္ကသိုလ်မှာ ပညာသင်ခွင့်ရတဲ့ ဗိုလ်မှူးအောင်းထိုက်ပဲ ဖြစ်ပါတယ်။

အင်္ဂလိပ်စစ်မစ်ရှင်ဟာ ကရင်သူပုန်ဘက်ကယင်းပြီး တပ်မတော်လက်နက်ပစ္စည်းဝယ်ယူမှုကို ဟန့်တားတယ်လို့ ဗမာအရာရှိတွေဘက်က ဝေဖန်စွပ်စွဲနေတာ သုံးနှစ်လောက်ရှိပါပြီ။ နိုင်ငံခြား စစ် သင်တန်းတက်ဖို့ကိစ္စမှာ စစ်ဦးစီးရုံးက လိုချင်သလို အင်္ဂလိပ်စစ်မစ်ရှင်ကစီစဉ်မပေးနိုင်တဲ့အခါ ဆက်ဆံရေးတင်းမာလာတဲ့အတွက် ၁၉၅၄ နှစ်ဆန်းမှာ အင်္ဂလိပ်စစ်မစ်ရှင်ကို ရုပ်သိမ်းလိုက်ရပါတယ်။ ဒီကာလမှာပဲ DSI စီးပွားရေးလုပ်ငန်းကို ဗိုလ်အောင်ကြီးကဦးဆောင်ပြီး ဖွဲ့ရှာလာတဲ့အတွက် စီးပွားရေး နိုင်ငံရေးနဲ့ လူမှုရေးနယ်ပယ်မှာပါ စစ်ဗိုလ်တွေ ဩဇာအရှိန်အဝါ ကြီးမားလာပါတော့တယ်။ ရှေ့အပါတ် အပိုင်း ၁၈ မှာ နိုင်ငံခြားပုံစံကိုလေ့လာပြီး တပ်မတော်ပြုပြင်ရေးလုပ်ပုံကို တင်ပြပါမယ်။

☆ ☆ ☆

## အပိုင်း (၁၈)

လွတ်လပ်ရေးရပြီးမကြာမီ ပြိုကွဲပျက်စီးခါနီးဖြစ်သွားတဲ့ ဗမာ့တပ်မတော်ကို ၁၉၅၁ ကစပြီး ပြန်လည် တည်ဆောက်ဖို့ကြိုးပမ်းတာမို့ ရှစ်နှစ်အတွင်း တပ်မတော်ဟာ ဘက်ပေါင်းစုံ တိုးတက်ပြောင်းလဲလာ ကြောင်း မေရီကာယ်လဟန် သုံးသပ်ထားတာကို ငါနဲ့မတူငါ့ရန်သူ အပိုင်း ၁၈ မှာ တင်ပြလိုက်ပါတယ်။ လေ့ကျင့်ရေး စိတ်ဓါတ်စစ်ဆင်ရေး ထောက်လှမ်းရေး တန်ပြန်ထောက်လှမ်းရေး သူပုန်နှိမ်နင်းရေး အထူးတပ်ဖွဲ့၊ အင်ဂျင်နီယာတပ်ဖွဲ့၊ စီးပွားရေးလုပ်ငန်း စတာတွေ ဒီကာလမှာပေါ်ပေါက်လာကြောင်း တပ်မတော်မော်ကွန်းတိုက်က ရက်စွဲမပါတဲ့ "တပ်မတော်အုပ်ချုပ်ရေးသမိုင်း အတွဲ (၂)" မှာ ဖော်ပြ ထားတယ်တဲ့။

နိုင်ငံခြားစစ်တပ်ကိုလေ့လာပြီး နိုင်ငံခြားလက်နက်ပစ္စည်းနဲ့ ဗမာ့တပ်မတော်ကို တိုးချဲ့ရေး တာဖြစ်ပါတယ်။ ၁၉၅၁ မတိုင်မီကတော့ အင်္ဂလိပ်ကိုသာ အားကိုးပါတယ်။ တပ်မတော်ရဲ့ အကြံပေး အဖွဲ့ဖြစ်တဲ့ အင်္ဂလိပ်စစ်မစ်ရှင်ကပဲ နိုင်ငံခြားဆက်သွယ်ရေးကိစ္စကို စီစဉ်ပါတယ်။ ဒါပေမဲ့ KMT

တရုတ်ဖြူ ကျူးကျော်ဝင်ရောက်တာကို ကုလသမဂ္ဂက အရေးယူတဲ့အတွက် ၁၉၅၂ ကစပြီး အင်္ဂလိပ်ကို အားမကိုးတော့ဘဲ အခြားနိုင်ငံတွေကို တပ်မတော်လေ့လာရေးအဖွဲ့ စေလွှတ်ပါတယ်။ နေသဟာယနိုင်ငံတွေကိုလေ့လာရုံတင်မကတော့ဘဲ ပြင်သစ်၊ အစ္စရေး၊ **Yugoslavia**၊ အနောက်ဂျာမဏီနဲ့ ကွန်မြူနစ်တရုတ်ပြည်ကိုပါ တပ်မတော်လေ့လာရေးမစ်ရှင်တွေ စေလွှတ်ပါတယ်။ နောက်တော့ အင်္ဂလန်က **Sandhurst**၊ အမေရိကန်က **West Point**၊ အိန္ဒိယက **Dehra Dun** နဲ့ **Yugoslavia** ကို အတုယူပြီး စစ်တက္ကသိုလ်နဲ့ တပ်မတော်မော်ကွန်းတိုက်ကို တည်ထောင်တာဖြစ်ပါတယ်တဲ့။

၁၉၅၁ က ၁၉၅၈ အထိဖြစ်တဲ့ ရှစ်နှစ်ကာလမှာ တပ်မတော်လေ့လာရေးအဖွဲ့တွေ ၁၅ ကြိမ်ထက်မနည်း နိုင်ငံခြားကိုသွားရောက်ခဲ့ကြပါတယ်။ နိုင်ငံခြားလေ့လာရေးခရီးကထွက်ပေါ်လာတဲ့ အကျိုးသက်ရောက်မှု ၂ ခုကို မေရီကာလ်လဟန်က ဖော်ပြပါတယ်။ ပထမက တိုင်းပြည်နဲ့ တပ်မတော်ကို ကိုယ်စားပြုပြီး နိုင်ငံခြားနဲ့ ဆက်ဆံရတဲ့စစ်ဗိုလ်တွေဟာ မိမိတို့ရဲ့ အရေးပါအရာရောက်မှုကို ပိုမိုနားလည်လာတာဖြစ်ပါတယ်။ ဥပမာ ၁၉၅၂ အိန္ဒိယ၊ ပါကစ္စတန် လေ့လာရေးခရီးအစီရင်ခံစာမှာ ဗမာ့တပ်မတော်ရဲ့ အရည်အသွေးကို နှိုင်းယှဉ်သုံးသပ်ထားပါတယ်။ အိန္ဒိယစစ်တပ်ဟာ လွတ်လပ်ရေးရပြီးတာတောင် အင်္ဂလိပ်ပုံစံချခဲ့တဲ့အတိုင်း ခိုင်းတာလုပ်တဲ့ စစ်မှုထမ်းတပ်ဖြစ်နေပြီး စစ်သွေးစစ်မာန် ကင်းမဲ့ကြောင်းဖော်ပြထားပါတယ်။ အိန္ဒိယနဲ့ အင်္ဂလိပ်စစ်တပ်ရဲ့ ပုံသေစစ်မှုထမ်းစိတ်ဓါတ်ကို ရွန့်ပယ်နိုင်တဲ့ ပါကစ္စတန်အရာရှိငယ်တွေကိုတော့ ဗမာစစ်မစ်ရှင်အဖွဲ့က ချီးကျူးထားပါတယ်။

ဒုတိယအချက်ကတော့ ဗမာ့တပ်မတော်နဲ့ သင့်တော်မယ့်ကိစ္စတွေကို နိုင်ငံခြားက တင်သွင်းနိုင်တာပဲဖြစ်ပါတယ်။ အဲဒီခေတ်က **Yugoslavia** နိုင်ငံကို သဘောကျကြပါတယ်။ ၁၉၅၅ လေ့လာရေးအစီရင်ခံစာမှာ **Yugoslavia** နိုင်ငံနဲ့ မြန်မာပြည် အသွင်တူပုံကို သုံးသပ်ထားပါတယ်။ စစ်လက်နက်ပစ္စည်းထုတ်လုပ်တဲ့ နိုင်ငံခြားကုမ္ပဏီတွေကလည်း တပ်မတော်လေ့လာရေးခရီးအတွက် စိုက်ခဲ့ပါတယ်။ နိုင်ငံခြားအယူအဆနဲ့ နိုင်ငံခြားပစ္စည်းကိုသုံးပြီး ဗမာ့တပ်မတော်ကို ချဲ့ထွင်တာပါပဲ။ အမေရိကန် ဦးဆောင်တဲ့ အရင်းရှင်ဒီမိုကရေစီအုပ်စုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ဆက်ဆံရေးတင်းမာပြီး စစ်အေးတိုက်ပွဲ ပြင်းထန်နေတဲ့အတွက် စစ်တပ်ကိုဦးစားပေးပြီး စည်းရုံးနေတဲ့အချိန်အခါပါပဲ။ တတိယကမ္ဘာစစ်ဖြစ်ရင် ကွန်မြူနစ်ကို ဝိုင်းတိုက်ပါ့မလားဆိုတာ မရေရာ မသေချာတဲ့ကာလမို့ နိုင်ငံကြီးတွေဟာ နိုင်ငံငယ်လေးတွေကို စည်းရုံးရေးဆင်းနေတဲ့အချိန်အခါဖြစ်ပါတယ်။ မြန်မာပြည်ကို စည်းရုံးသိမ်းသွင်းရာမှာ အမေရိကန်ဟာ အရပ်သားဝန်ကြီးချုပ်ဦးနုနဲ့ စစ်ခေါင်း ဗိုလ်ချုပ်နေဝင်းကို ပြိုင် မျက်နှာသာပေးတာ တွေ့ရပါတယ်တဲ့။

နိုင်ငံခြားကရတဲ့ အယူအဆတွေကို တပ်မှူးများညီလာခံမှာ ဆွေးနွေးကြတာမို့ တပ်မတော်ညီလာခံဟာ စစ်တပ်ပြုပြင်ပြောင်းလဲရေးသာမကဘဲ နိုင်ငံတော်အစိုးရ ပြုပြင်ပြောင်းလဲရေးကိုပါ ဆွေးနွေးရာနေရာ ဖြစ်လာပါတယ်။ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စတဲ့ တိုင်းပြည်ရေးရာ အမြင်များကို ဆွေးနွေးတဲ့ တပ်မှူးများညီလာခံကို တနှစ်မှာ သုံး–လေးရက်သာ ကျင်းပပါတယ်။ ညီလာခံကျင်းပတုန်း ဝန်ကြီးချုပ်ဦးနုနဲ့ အခြားဝန်ကြီးတွေက မိန့်ခွန်းပြောပြီး စည်းရုံးရေးဆင်းတာမျိုးတွေရှိခဲ့ပေမယ့် ၁၉၅၅ ကစပြီး အရပ်သားအစိုးရနဲ့ တပ်မှူးတွေအကြား ဆက်ဆံရေးပုံစံ ပြောင်းလဲလာပါတယ်တဲ့။ ဝန်ကြီးကို

စစ်ဗိုလ်က ဝေဖန်တိုက်ခိုက်တာမျိုးတွေ ရှိလာပါတယ်။ တိုင်းပြည်ကိစ္စကို အရပ်သားအစိုးရက ကောင်းကောင်းမလုပ်ရင် စစ်တပ်က ဝင်ရောက်စွက်ဖက်ရမယ်လို့ ဒုစစ်ဦးစီးချုပ်ဗိုလ်အောင်ကြီးက ဝန်ကြီးဦးကျော်ငြိမ်းကို ဝေဖန်တာမျိုးနဲ့ စစ်တပ်အသုံးစရိတ်နည်းတာကို ဗိုလ်နေဝင်းက ဝေဖန်တာမျိုးတွေ ရှိလာပါတယ်။

ဖဲအဖွဲ့နဲ့ နိုင်ငံရေးသမားခေါင်းဆောင်တချို့ကိုလည်း တပ်မတော်က ဝေဖန်ရှုတ်ချလာပါတယ်။ အစ္စရေးနဲ့ **Yugoslavia** ကို အတုယူပြီး ရပ်ရွာကာကွယ်ရေးအမှုထမ်းတပ် ဖွဲ့စည်းဖို့ စစ်တပ်ကစီစဉ်တဲ့အတွက် မြူနီစီပယ်တပ် ပေါ်ပေါက်လာရပါတယ်။ သူပုန်ရန်ကိုတွန်းလှန်ဖို့ စစ်တပ်မှာ အင်အားမရှိတုန်းကတော့ ဖဆပလအဖွဲ့က စစ်ဝန်ထမ်းတပ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမယ့် စစ်တပ်အားကောင်းလာတဲ့အခါမှာတော့ စစ်ဝန်ထမ်းကို မြူနီစီအဖြစ် ပြန်လည်ဖွဲ့စည်းလိုက်တာပါပဲ ။ ဒီကာလမှာ တပ်မတော်စိတ်ဓါတ်စစ်ဆင်ရေးဌာန ဩဇာအရှိန်အဝါ ကြီးမားလာပါတယ်။ ကွန်မြူနစ်လှုတွက်တွေကိုအသုံးပြုပြီး တပ်မတော်ကယုံကြည်တဲ့ နိုင်ငံရေးဝါဒကို ဖော်ထုတ်တဲ့အချိန်အခါပါပဲ။ နောက်ပိုင်း စစ်အာဏာသိမ်းပြီး မဆလပါတီတည်ထောင်တော့ စိတ်ဓါတ်စစ်ဆင်ရေးဌာနရဲ့ ရေးသားချက်တွေ အရေးပါလာပါတယ်။

စစ်တပ်ဩဇာအာဏာ ကြီးထွားလာတာကို ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဘဝင်မကျ ဖြစ်ရပါတယ်။ အရပ်သားအစိုးရနဲ့ စစ်ဗိုလ်တွေအကြား ဆက်ဆံရေးအဆင်မပြေဖြစ်လာရတာဟာ အကြောင်းရင်းနှစ်ခုမှာအခြေခံတယ်လို့ မေရီကာယ်လဟန်က သုံးသပ်ပါတယ်။ ၁၉၅၄ ကစပြီး ဖဆပလအဖွဲ့ထဲမှာ အကွဲအပြဲဖြစ်လာတာဟာ ပထမအကြောင်းရင်း ဖြစ်ပါတယ်တဲ့။ အာဏာရ အရပ်သားနိုင်ငံရေးအဖွဲ့ အားနည်းလာချိန်မှာ တပ်မတော်က စည်းလုံးသိပ်သည်းပြီး အားကောင်းလာတာက ဒုတိယအကြောင်း ဖြစ်ပါတယ်တဲ့။ တနည်းဆိုရရင်တော့ အာဏာရနိုင်ငံရေးသမားအချင်းချင်း မသင့်မတင့်ဖြစ်ပြီး အုပ်စုဖွဲ့တိုက်ခိုက်နေလို့ နိုင်ငံရေးအဖွဲ့အစည်း အားနည်းလာချိန်မှာ စစ်ဗိုလ်တွေဟာ နိုင်ငံခြားအယူအဆနဲ့ လက်နက်ပစ္စည်းကိုရယူပြီး တပ်မတော်ကို ပိုမိုအားကောင်းလာအောင် တည်ဆောက်နိုင်တာမို့ တပ်မတော်နဲ့ ဖဆပလအဖွဲ့ချုပ်ဟာ စပြိုင်အဖွဲ့အစည်းသဘောမျိုး ဖြစ်လာတယ်လို့ ဆိုပါတယ်၊ ရှေ့အပါတ် အပိုင်း ၁၉ မှာ ၁၉၅၈ စစ်အာဏာသိမ်းပွဲ ဖြစ်ပွါးရတဲ့ အကြောင်းရင်းတွေကို တင်ပြပါမယ်။

☆ ☆ ☆

## အပိုင်း (၁၉)

စစ်တပ်ကအာဏာသိမ်းပြီး ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်တဲ့ အိမ်စောင့်အစိုးရ ၁၉၅၈ မှာပေါ်ပေါက်ခဲ့ကို မေရီကာယ်လဟန်ရေးတဲ့ ငါနဲ့မတူငါ့ရန်သူ အပိုင်း ၁၉ မှာ တင်ပြလိုက်ပါတယ်။ အရပ်သားအစိုးရနဲ့ စစ်ဗိုလ်တွေအကြား ဆက်ဆံရေးတင်းမာတာဟာ စစ်အာဏာသိမ်းရတဲ့ အဓိကအကြောင်း ဖြစ်ပါ

တယ်။ ၁၉၅၈ ဧပြီလမှာ အာဏာရဖဆပလအဖွဲ့ နှစ်ခြမ်းကွဲသွားပြီး ဦးနု သခင်တင်ခေါင်းဆောင်တဲ့ သန့်ရှင်းဖဆပလက နုတင်အစိုးရဖြစ်သွားပြီး ဦးဗဆွေ ဦးကျော်ငြိမ်း ခေါင်းဆောင်တဲ့ ဆွေငြိမ်းအုပ်စုက အတိုက်အခံ တည်မြဲဖဆပလဖြစ်သွားပါတယ်။

ဖဆပလနှစ်ခြမ်းကွဲတဲ့ကိစ္စဟာ စစ်တပ်ထဲအထိ ကူးစက်ရိုက်သွားပါတယ်။ ဒါပေမဲ့ ဆွေငြိမ်း အုပ်စုထောက်ခံသူလို့ ယူဆကြတဲ့စစ်ဗိုလ်အားလုံးကို ဦးနုကဖြုတ်ပစ်လို့ မဖြစ်နိုင်ပါဘူး။ စစ်ဗိုလ် အများ စုက ဆွေငြိမ်းအုပ်စုကိုသာထောက်ခံအားပေးကြောင်း ထင်ရှားလာတဲ့အခါ နုတင်အရပ်သားအစိုးရနဲ့ စစ်ဗိုလ်တွေအကြား ဆက်ဆံရေးအခြေအနေ ဆိုးဝါးလာပါတယ်။ တပ်မတော်ဟာ ပြည်သူ့ရန်သူနံပါတ် ၁ ဖြစ်နေကြောင်း နုတင်အုပ်စုက အတိအလင်းပြောဆိုလာတာကို တပ်မှူးတွေက မကျေနပ်ကြပါဘူး။ တချိန်တည်းမှာပဲ နုတင်အစိုးရဟာ ကွန်မြူနစ်ခေါင်းဆောင်ပိုင်းကို အစိုးရအဖွဲ့ထဲသွင်းပြီး ကွန်မြူနစ် တပ်သားကိုတော့ တပ်မတော်ထဲသွင်းလိမ့်မယ်ဆိုတဲ့ ကောလာဟလ ထွက်ပေါ်လာပါတယ်။ လွှတ်ငြိမ်း ချမ်းသာခွင့်ရထားတဲ့ သူပုန်ဦးရေ လေးသောင်းကျော်နေပြီး နုတင်အုပ်စုကို ထောက်ခံမယ့် အနေ အထားမှာ ရှိနေပါတယ်။ ကွန်မြူနစ်ကို တပ်ထဲသွင်းမယ့်သတင်း၊ မြူဘောထိန်းပြည်သူ့စစ်အဖွဲ့ကို တောက် လျှောက်ပစ်ဖို့ ဝန်ကြီးချုပ်ဦးနု အမိန့်ထုတ်ထားတဲ့ကိစ္စနဲ့ တပ်မှူးတွေလက်အောက်က UMP စစ်ရဲတပ် တွေကို ပြည်ထဲရေးဝန်ကြီးဗိုလ်မင်းခေါင်က ရန်ကုန်ကို ခေါ်ယူတဲ့ကိစ္စ စတာတွေဟာ တပ်မှူးတွေကို အားနည်းအောင်လုပ်ပြီး နုတင်အရပ်သားအစိုးရကို စစ်အင်အားကောင်းအောင်လုပ်သလို ဖြစ်နေတယ်။

နုတင်အစိုးရရဲ့ အပြုအမူကို တပ်မှူးတွေကစိုးရိမ်မှုပွားလာတယ်လို့ ၁၉၅၈ အာဏာသိမ်းပွဲ မှာ ပါဝင်ခဲ့တဲ့ အရာရှိတွေကပြောပါတယ်တဲ့။ မြောက်ပိုင်းတိုင်းမှူးဗိုလ်အောင်ရွှေ၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်ချစ်မြိုင် ပါဝင်တဲ့ လျှို့ဝှက်အစည်းအဝေးတွေ လုပ်တဲ့အတွက် ဒီစစ်ဗိုလ်တွေကို မေရီကယ်လဟန်က တွေ့ဆုံမေးမြန်းဖို့ကြိုးစားပေမယ့် အတွေ့မခံပါဘူးတဲ့။ ဘာတွေဆွေးနွေးတယ်ဆိုတာ အတိအကျ မသိရ ပေမယ့် နုတင်အစိုးရဆန့်ကျင်ရေးနဲ့ စစ်အာဏာသိမ်းဖို့ ဆွေးနွေးမှုရှိတယ်လို့ ဆိုပါတယ်။ သမိုင်း ဆရာမတွေဖြစ်တဲ့ ဒေါက်တာဒေါ်မြင့်ကြည်နဲ့ ဒေါက်တာနော်အင်ဂျလင်းတို့ရေးတဲ့ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ စာမျက်နှာ ၁၀၉ မှာတော့ ဗိုလ်အောင်ရွှေ ဗိုလ်ကြည်ဝင်းနဲ့ ဗိုလ်ချစ်မြိုင်တို့က ဂျပန်က ပြန်လာတဲ့ ဗိုလ်အောင်ကြီးကို အာဏာသိမ်းဖို့ တိုက်တွန်းကြောင်း ဖော်ပြထားပါတယ်။

ဒီအရာရှိတွေဟာ ဗိုလ်မောင်မောင်ကိုလည်း မကျေနပ်ချက်တွေပြောပြီး အာဏာသိမ်း ဖို့အကြံပြုတာကို ဗိုလ်မောင်မောင်က ဘာမှမပြောဘဲ ငြိမ်နေလို့ သဘောတူတယ်လို့ပဲ တပ်မှူးတွေဘက် က ယူဆမှုရှိပါတယ်တဲ့။ ဒါပေမဲ့ ဗိုလ်မောင်မောင်ကတော့ တပ်မှူးတွေရဲ့ လှုပ်ရှားမှုကို မဟန့်တားဖို့ ဗိုလ်ချုပ်နေဝင်းက အမိန့်ပေးထားတယ်လို့ ၁၉၉၂ မေလ ၆ ရက်နေ့က မေရီကယ်လဟန်ကို ပြောပြ ပါတယ်။ ဒီကိစ္စမှာ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်ခင်ညိုတို့က တမျိုးပြောပါတယ်။

ဦးနုက စစ်တပ်အသုံးစရိတ် ချွေတာတာနဲ့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်ဖို့ ကြိုးစားတာကို ကက်သလစ်ဘာသာဝင် ဗိုလ်မောင်မောင်က မကျေနပ်လို့ ဦးနုအစိုးရကို ဖြုတ်ချချင် တာလို့ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်ခင်ညိုတို့က ၁၉၉၂ မေလ ၁၄ ရက်နေ့က မေရီကယ်လဟန်ကို ပြောပြ ပါတယ်။ တပ်မှူး တွေရဲ့ အကြံအစည်ကို ဦးနုရော ဗိုလ်ချုပ်နေဝင်းပါ ရိပ်မိပုံရပါတယ်။ သစ်တောတောင်

တပ်ရဲ့ UMP စစ်ရဲနဲ့ သစ္စာခံပျူစောထီးတွေကို နုတင်အစိုးရက ရန်ကုန်ကိုခေါ်ထားပါတယ်။

၁၉၅၈ စက်တင်ဘာ ပထမပတ်မှာ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်နဲ့ ဗိုလ်တင်ပေတို့ကို ဦးနုက ခေါ်ယူတွေ့ဆုံပြီး သူတို့သုံးဦးနဲ့ ဗိုလ်နေဝင်းကို ဝန်ကြီးခန့်ပြီး အာဏာခွဲဝေတာ ပြဿနာဖြေရှင်းဖို့ အကြံပြုပါတယ်တဲ့။ ဒါပေမဲ့ ဝန်ကြီးဖြစ်လာသူကို လာဘ်ထိုးခံရသူလို့ တပ်မှူးတွေကယူဆတော့မှာကို ဦးနုရဲ့ ကမ်းလှမ်းချက်ကို ဗိုလ်မောင်မောင်နဲ့ ဗိုလ်အောင်ကြီးက အတော်စိတ်ဆိုးသွားပါတယ်တဲ့။

ဝန်ကြီးချုပ်ဦးနုနဲ့တွေ့ဆုံပွဲဟာ စစ်ဦးစီးဌာနနဲ့ တပ်မှူးတွေရဲ့ဆက်ဆံရေးကိုရော၊ အရပ်သား–စစ်သားဆက်ဆံရေးကိုပါ ပြောင်းလဲသွားစေတယ်လို့ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်မောင်မောင်တို့က ယူဆတယ်လို့ ဆိုပါတယ်။ ဦးစီးအရာရှိနဲ့ တပ်မှူးတွေရဲ့ဆက်ဆံရေးအခြေအနေကို မသိလို့သာ ဦးနုက အခုလိုကမ်းလှမ်းလိုက်တာ ဖြစ်ပုံရပါတယ်တဲ့။ ဗိုလ်ချုပ်နေဝင်းနဲ့ ဘယ်လောက်ရင်းနှီးရင်းနှီး တပ်ထဲမှာ ဘယ်လောက်ဩဇာရှိရှိ တပ်မှူးတွေ မကြိုက်တဲ့ အလုပ်ကို ဦးစီးအရာရှိ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်မောင်မောင်တို့က မလုပ်နိုင်ကြောင်း ပြသလိုက်တာပါပဲ။ တပ်မှူးတွေရဲ့ လိုအင်ဆန္ဒကို အလေးထားရတာမို့ ဦးနုပေးတဲ့ ဝန်ကြီးရာထူးတို့ ရန်ကုန်အခြေစိုက် ဦးစီးအရာရှိတွေက လက်မခံခဲ့တာလို့ မေရီကယ်လဟန်က ဆိုပါတယ်။ နောက်တချက်ကတော့ ရန်ကုန်ဦးစီးအရာရှိတွေအောက်မှာ စစ်သား အနည်းငယ်သာ ရှိပြီး တပ်မှူးတွေအောက်မှာ စစ်သားအများအပြားရှိနေတဲ့ အချက်ပါပဲ။

အဲဒါကြောင့် ဝန်ကြီးရာထူးလက်ခံပြီး အရပ်သားနုတင်အစိုးရနဲ့ အာဏာခွဲဝေမယ့်အစား တပ်မှူးတွေရဲ့ လိုအင်ဆန္ဒအတိုင်း စစ်အာဏာသိမ်းဖို့ စီစဉ်ရပါတော့တယ်။ ဒါပေမယ့် တပ်မှူးတွေ အာဏာသိမ်းတာမျိုးမဖြစ်စေဘဲ စစ်ဦးစီးဌာနကအာဏာသိမ်းတာမျိုးဖြစ်အောင် ဗိုလ်မောင်မောင်တို့က ဖန်တီးပါတယ်။ စစ်ဦးစီးလက်အောက်ခံတပ်ရင်းတွေကို ရန်ကုန်မှာနေရာယူခိုင်းပြီး အာဏာသိမ်းဖို့ပြင်ဆင်ပါတယ်။ ဒီလိုလုပ်ရတဲ့ရည်ရွယ်ချက်က တပ်မှူးတွေဦးဆောင်ပြီးအာဏာသိမ်းမှာကို ဟန့်တားဖို့နဲ့ နုတင်အုပ်စုလက်အောက်ခံ လက်နက်ကိုင်အဖွဲ့တွေရဲ့ ရန်ကို ကာကွယ်ဖို့ဖြစ်ပါတယ်တဲ့။

၁၉၅၈ စက်တင်ဘာ ၂၃ ရက်နေ့မှာ ဗိုလ်မောင်မောင်နဲ့ ဗိုလ်အောင်ကြီး ဦးနုကိုသွားတွေ့ပြီး တပ်မှူးတွေအာဏာသိမ်းဖို့ကြံစည်နေတာကို ထိန်းနေရကြောင်း ကြာကြာထိန်းနိုင်မှာမဟုတ်ကြောင်း ရှင်းပြပါတယ်။ နောက်တနေ့မှာ ဗိုလ်မောင်မောင် ဗိုလ်အောင်ကြီးနဲ့ ဦးနုရဲ့ကိုယ်ရေးအတွင်းဝန် ဦးအုန်းတို့ ဆွေးနွေးပြီး နိုင်ငံရေးသမားမပါတဲ့အစိုးရကိုဖွဲ့ပြီး ဗိုလ်ချုပ်နေဝင်းကို ဝန်ကြီးချုပ်ခန့်ဖို့ သဘောတူကြပါတယ်။ နောက်တော့ စက်တင်ဘာ ၂၆ ရက်နေ့မှာ ဦးနုက ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်တင်ပေကိုခေါ်ယူပြီး ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်တဲ့ အိမ်စောင့်အစိုးရကို အာဏာလွှဲပေးဖို့ သဘောတူလိုက်ကြောင်းမေရီကယ်လဟန်က ရေးသားထားပါတယ်။ ရှေ့အပတ် အပိုင်း ၂၀ မှာ ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ အိမ်စောင့်အစိုးရအကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၂၀)

ပထမအကြိမ်အာဏာသိမ်းပြီး ၁၉၅၈ မှာဖွဲ့စည်းတဲ့ အိမ်စောင့်အစိုးရအကြောင်း ငါနဲ့မတူ ငါ့ရန်သူ အပိုင်း ၂၀ မှာ ဒီကနေ့တင်ပြပါမယ်။

တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးဖို့ဆိုပြီး ဝန်ကြီးချုပ်ဦးနုလက်ထဲအာဏာကို ဗိုလ်ချုပ်နေဝင်းလက်ထဲလွှဲပြောင်းပေးလိုက်တာဟာ အရပ်သားစစ်သား စစ်သားဆက်ဆံရေးနဲ့ ဦးစီးအရာရှိ တပ်မှူးဆက်ဆံရေးကို ပြောင်းလဲသွားစေပါတယ်တဲ့။ တပ်မှူးတွေအာဏာသိမ်းတာမဟုတ်ပဲ ဗိုလ်ချုပ်နေဝင်းနဲ့ ဦးစီးအရာရှိ ဗိုလ်မောင်မောင် ဗိုလ်အောင်ကြီး ဗိုလ်တင်ပေတို့က အာဏာသိမ်းတာဖြစ်ပေမယ့် နုတင် အုပ်စု အာဏာလက်လွှတ်ဖြစ်သွားတာကို တပ်မှူးတွေက ကြေနပ်ကြပါတယ်။ ဦးစီးအရာရှိနဲ့ တပ်မှူးအကြား တင်းမာမှုလျော့သွားရတဲ့ အကြောင်းရင်းသုံးခုရှိပါတယ်တဲ့။

ပထမအကြောင်းက စစ်ဗိုလ်အတွက် ရာထူးအများအပြားဖန်တီးလိုက်တာမို့ တပ်မှူးတွေ ရန်ကုန်ရောက်လာတဲ့အတွက် အရင်လို ပြိုင်ဆိုင်တာမျိုး နည်းသွားတာဖြစ်ပါတယ်။ ဒုတိယ အကြောင်းကတော့ DSI စစ်တပ်စီးပွားရေးလုပ်ငန်းတိုးချဲ့လိုက်လို့ စစ်ဗိုလ်တွေဝင်ငွေကောင်းလာတဲ့အတွက် မကျေနပ်မှုနည်းပါးသွားတာပါပဲ။ သူပုန်အများအပြား လက်နက်ချတဲ့အတွက် စစ်ဆင်ရေးကို အရင်လို ဦးစားမပေးပဲ ရန်ကုန်က ရာထူးကိုသာ အာရုံစိုက်လာတာဟာ ဦးစီးအရာရှိနဲ့ တပ်မှူးအကြား တင်းမာမှု လျော့သွားရတဲ့ တတိယအချက်လို့ဆိုပါတယ်။ ဝါရင့်တပ်မှူးအတော်များများ ရန်ကုန်ရောက်လာလို့ အရင်လိုစစ်ဆင်ရေးကို ဦးစားမပေးတော့ပဲ တပ်ခွဲတပ်စိတ်အဆင့်လောက်မှာသာ စစ်ဆင်ရေးလုပ်ပါတော့တယ်။

၁၉၅၈ အောက်တိုဘာ ၂၈ ရက်နေ့မှာ ဦးနုက ဗိုလ်ချုပ်နေဝင်းကို တရားဝင်အာဏာ အပ်နှင်းပြီးတာနဲ့ စစ်ဗိုလ်တွေ အစိုးရဌာနအသီးသီးကို ဝင်ရောက်ကြပါတယ်။ အရပ်သားကိုသာ ဝန်ကြီးခန့်ပေမယ့် စစ်ဗိုလ်တရာနီးပါး အုပ်ချုပ်ရေးဘက်မှာ နေရာယူကြပါတယ်။ ဒီအထဲက သုံးပုံတပုံဟာ နယ်ကလာတဲ့စစ်ဗိုလ်တွေပါ။ DSI စီးပွားရေးလုပ်ငန်းကို အကြီးအကျယ်တိုးချဲ့တာမို့ ဘဏ်လုပ်ငန်း သင်္ဘောလိုင်း ငါးလုပ်ငန်း မွေးမြူရေး ဆောက်လုပ်ရေး သယ်ယူပို့ဆောင်ရေးနဲ့ နိုင်ငံခြား ကုန်သွယ်ရေးကို လုပ်ကိုင်နေပြီမို့ အင်အားအကောင်းဆုံး စီးပွား ရေးလုပ်ငန်းကြီးဖြစ်နေပါပြီ စစ်ဗိုလ်တွေ TAXI ထောင်ပြီး ငွေရှာနိုင်ဖို့အတွက် DSI က မာဇဒါသုံးဘီးကားတွေတင်သွင်းပေးလို့ စစ်ဗိုလ်ဟာ အခွင့်ထူး ခံဖြစ်လာပါတယ်။

ဗိုလ်နေဝင်းအိမ်စောင့်အစိုးရလက်ထက်မှာ အထင်ရှားဆုံးအဖွဲ့ အစည်းဟာ လအာက ခေါ် လုံခြုံရေးနဲ့ အုပ်ချုပ်မှုကောင်စီဖြစ်ပါတယ်၊ လအာကကို တပ်မှူးတွေကပဲ ဦးဆောင်ပါတယ်။ မြို့တော်ထိ။ သစ်တောတောင့်နဲ့ UMP အချို့ ကို လက်နက်သိမ်းသူဟာ လအာကပါပဲ၊ အမျိုးသားမှတ်ပုံတင်ဌာနနဲ့ လအာက လက်တွဲပြီးလူတိုင်းကို မှတ်ပုံတင်ဖို့ကြိုးစားပါတယ်။ ရည်ရွယ်ချက်က ပြည်သူလူထုရဲ့ လှုပ်ရှားမှု ကို ထိန်းချုပ်နိုင်ဖို့ဖြစ်ပါတယ်၊ မှတ်ပုံတင်စစ်ဆေးတဲ့နည်းနဲ့ လူထုကိုစောင့်ကြည့်ဖို့ စီစဉ်တာပါပဲ။

အိမ်စောင့်အစိုးရလက်ထက်မှာ ရာဇဝတ်မှုခင်း သိသိသာသာကျဆင်းသွားပါတယ်။ ၁၉၆၀ ဖေဖော်ဝါရီလ ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်မြေ ၉၅ ရာခိုင်နှုန်းမှာ မဲဆန္ဒပေးနိုင်တာကို ကြည့်ရင် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်နိုင်တာသိသာပါတယ်။ ရန်ကုန်မြို့ထဲမှာ တဲထိုးနေထိုင်သူ နှစ်သိန်းကျော်ကို ဥက္ကလာပနဲ့ သာကေတမြို့သစ်ကို ရွှေ့ပြောင်းလိုက်တာ အိမ်စောင့်အစိုးရပါ။ အိမ်စောင့်အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို ပြည်ရေးရွာမှုဆိုတဲ့အမည်နဲ့ စာအုပ်ထုတ်ဝေပါတယ်။ ကိုယ်လုပ်တာ ကိုယ်ဂုဏ်ယူပြီး ကိုယ့်ငါးချဉ်ကိုယ်ချဉ်တဲ့ အစိုးရရဲ့ စာအုပ်ဟာ အမေရိကန် အထက်တန်းကျောင်းသားတွေ ထုတ်ဝေနေကျဖြစ်တဲ့ နှစ်လည်စာစောင်နဲ့ အတော်တူတယ်လို့ မေရီကယ်လဟန်က ဆိုပါတယ်။

ဗိုလ်နေဝင်းအိမ် စောင့်အစိုးရလက်ထက်မှာ လွှတ်လပ်မှုဆုံးရှုံးမှုကို ဗြိတိသျှသံရုံး အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အစိုးရကို အနည်းအကျဉ်း ဝေဖန်မိတာနဲ့ ကြီးလေးတဲ့အပြစ်ဒဏ် ကျခံရတဲ့အချိန်ပါပဲ။ အတိုက်အခံလုပ်သူကို ကိုကိုးကျွန်းပို့ပါတယ်။ အင်္ဂလိပ်ကိုလိုနီအစိုးရရဲ့ ၁၉ ရာစု ပုံနှိပ်သူမှတ်ပုံတင်ဥပဒေကို ပြင်ဆင်တိုးချဲ့ပြီး စာနယ်ဇင်းကို ဖိနှိပ်တာအိမ်စောင့်အစိုးရပါ။ ကွန်မြူနစ် အလိုတော်ရိလို့ စွပ်စွဲပြီးထောင်ချပစ်တဲ့ အယ်ဒီတာ သတင်းထောက်နဲ့ ထုတ်ဝေသူတွေ မနည်းပါဘူး။ အစိုးရဝေဖန်သူ လေးရာကျော်ကို ပုဒ်မ ၅ နဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။

စစ်တပ်ကထောက်ခံအားပေးတဲ့ တည်မြဲအုပ်စုအနိုင်ရဖို့ အလားအလာနည်းပေမယ့် ၁၉၆၀ မှာ ရွေးကောက်ပွဲကျင်းပပေးလိုက်တာဟာ စစ်တပ်နာမည်ပျက်လာလို့ပါပဲတဲ့ အိမ်စောင့်အစိုးရကတော့ ဒီမိုကရေစီကိုလေးစားလို့ ရွေးကောက်ပွဲကျင်းပလိုက်တာလို့ပြောပါတယ်။ ဒါပေမယ့် စစ်တပ်နာမည်ပျက်လာပြီး ဦးစီးအရာရှိနဲ့ တပ်မှူးတွေအကြား ဆက်ဆံရေးအဆင်မပြေဖြစ်လာလို့ စစ်တပ်က နောက်ဆုတ်ပြီး ရွေးကောက်ပွဲကျင်းပကာ အရပ်သားအစိုးရကို အာဏာလွှဲပေးလိုက်တာလို့ မေရီကယ်လဟန်ကဆိုပါတယ်။

ရွေးကောက်ပွဲကျင်းပပြီး စစ်ခန်းပြန်ဖို့ ဗိုလ်နေဝင်းနဲ့ စစ်ဦးစီးရုံးကစီစဉ်တာကို ရန်ကုန်ရောက်နေတဲ့ တပ်မှူးတွေက မကျေနပ်လို့ ဆက်ဆံရေးတင်းမာလာတာပါတဲ့။ ရွေးကောက်ပွဲမှာ နုတင် အုပ်စု နိုင်မယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲဆိုတာကို တပ်မှူးတချို့လျှို့ဝှက်ဆွေးနွေးရာမှာ ဗိုလ်အောင်ရွှေ ဗိုလ်လှမော် ဗိုလ်ထွန်းစိန် ဗိုလ်ကြည်ဝင်း ဗိုလ်ကြည်ဟန်နဲ့ ဗိုလ်ချစ်မြိုင်တို့လည်းပါဝင်တယ်လို့ ၁၉၅၉ ဖေဖော်ဝါရီ ၂၃ ရက်နေ့မှာ ဗိုလ်မှူးကြီးလှမော်က မေရီကယ်လဟန်ကို ပြောပြပါတယ်၊ ဘာကိုဆွေးနွေးတယ်ဆိုတာ အသေးစိတ်သိရဖို့ ခက်ပေမယ့် စစ်တန်းလျားကို မပြန်ချင်တဲ့ ဒီတပ်မှူးတွေဟာ တခုခုလုပ်ဖို့ ဆွေးနွေးတာထင်ရှားတယ်လို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။ ဦးနုခေါင်းဆောင်တဲ့ အရပ်သားအစိုးရတက်လာပြီးမကြာမီ ဗိုလ်မှူးချုပ်အောင်ရွှေနဲ့ တပ်ရင်းမှူးတချို့ဟာ ဗိုလ်ချုပ်နေဝင်းကိုဖယ်ရှားပြီး ဦးနုအစိုးရကို ဖြုတ်ချဖို့ ကြံစည်တယ်လို့ ယူဆရကြောင်း ၁၉၆၁ ဖေဖော်ဝါရီလထုတ် ဗြိတိသျှသံရုံး အစီရင်ခံစာ မှာဖော်ပြတာကိုလည်း ကိုးကားထားပါတယ်။

၁၉၆၀ ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ တည်မြဲအုပ်စုနိုင်အောင် စစ်ဗိုလ်အချို့ မဲခိုးခဲ့ကြပေမယ့် ဦးနုခေါင်းဆောင်တဲ့ သန့်ရှင်းဖဆပလ အဖြစ်လဲ ပြည်ထောင်စုပါတီက အပြတ်အသတ်

အနိုင်ရပြီး ဒီမိုကရေစီအရပ်သားအစိုးရကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ မြန်မာပြည်မှာ စစ်အစိုးရ သက်ဆိုးရှည်လိမ့်မယ်လို့ မျှော်လင့်နေတုန်း ဗိုလ်နေဝင်းက ရွေးကောက်ပွဲကျင်းပပြီး အာဏာလွှဲပေးတဲ့အတွက် တကမ္ဘာလုံးက ချီးကျူးဂုဏ်ပြုကြပါတယ်။ အခြေခံဥပဒေနဲ့ ဒီမိုကရေစီကို လေးစားသူအဖြစ် ဗိုလ်နေဝင်းကို ဖိလစ်ပိုင်နိုင်ငံက မက်ဆေးဆေးဆုချီးမြှင့်ပေးမယ့် ဗိုလ်နေဝင်းက လက်မခံပါဘူး။ ဒေါ်လာ တသောင်းတန်ဆုကိုလက်ခံလိုက်ရင် အနောက်တိုင်းလမ်းစဉ်လိုက်တဲ့အတွက် ဂုဏ်ပြုခံရတာကို အပြောခံရမှာစိုးရိမ်လို့ မက်ဆေးဆေးဆုကို ဗိုလ်နေဝင်းလက်မခံရတာဖြစ်ကြောင်း ၁၉၆၀ ဩဂုတ်လ ၈ ရက်နေ့ထုတ် ဗြိတိသျှနိုင်ငံခြားရေးဌာန အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ရှေ့အပတ် အပိုင်း ၂၁ မှာ ဦးနုအစိုးရလက်ထက်မှာ ဗိုလ်နေဝင်းက ပဟိုချုပ်ကိုင်မှု အားကောင်းအောင်လုပ်ပြီး ၁၉၆၂ မှာ စစ်အာဏာသိမ်းတဲ့အကြောင်းတင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၂၁)

ဦးနုခေါင်းဆောင်တဲ့ အရပ်သားအစိုးရ ၁၉၆၀ မှာ အာဏာရနေတုန်းတပ်တွင်းအာဏာပြိုင်မှုကို နှိမ်ချုပ်ပြီး ပဟိုချုပ်ကိုင်မှု ခိုင်မာအောင်လုပ်နိုင်တဲ့အတွက် ၁၉၆၂ မှာ စစ်အာဏာသိမ်းနိုင်ကြောင်း မေရီကာယ်လဟန်သုံးသပ်တာကို ဒီနေ့တင်ဆက်ရမယ့် အပိုင်း ၂၁ မှာ တင်ပြလိုက်ပါတယ်။ ဦးနုရဲ့ ပြည်ထောင်စုပါတီဟာ အာဏာရပြီးမကြာမီ သခင်အုပ်စုနဲ့ ဦးဗိုလ်အုပ်စုဆိုပြီး နှစ်ခြမ်းကွဲသွားပါတယ်။ ဗိုလ်နေဝင်း အိမ်စောင့်အစိုးရတည်ထောင်ခဲ့တာကို ဦးနုအစိုးရက ဖျက်သိမ်းလိုက်ပေမယ့် ဒီပါတီကို ခိုင်မာအောင် မလုပ်နိုင်တာဟာ စစ်အာဏာသိမ်းဖို့ ဖိတ်ခေါ်သလိုဖြစ်သွားတယ်လို့ ယူဆသူတွေ များပါတယ်တဲ့။ ဒါပေမယ့် ဒီလူတွေဟာ တပ်တွင်းအာဏာပြိုင်ပွဲကို သတိမထားမိကြဘူးလို့ မေရီကာယ်လဟန်က မြင်ပါတယ်။

တောင်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ရွှေနဲ့ တပ်ရင်းမှူး ၈ ဦးကို ၁၉၆၁ ဖေဖော်ဝါရီလမှာ ထုတ်ပယ်တာနဲ့ စစ်လေ့ကျင့်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မောင်မောင် အပြုတ်ခံရတာဟာ တခြားစီဖြစ်ကြောင်း မေရီကာယ်လဟန်က ရှင်းပြထားပါတယ်။ ထောက်လှမ်းရေးသစ် ဖွဲ့ထုတ်နိုင်ဖို့အတွက် ရန်ကုန်ရှိ အမေရိကန်သံရုံးက CIA အရာရှိအကူအညီနဲ့ ဗိုလ်မောင်မောင်က သုတေသနဌာနကို တည်ထောင်ပါတယ်။ ဒီဌာနရဲ့ လုပ်ဆောင်ချက်ကို ဗိုလ်မောင်မောင်က လျှို့ဝှက်ထားလို့ ဗိုလ်နေဝင်း မိတ်ကွက်သွားတာဆိုတဲ့ သတင်းစာဆရာ ဂါဒီးယန်းဦးစိန်ဝင်းရဲ့ အမြင်ကိုလည်း ဖော်ပြထားပါတယ်။ ဗိုလ်မောင်မောင် အပြုတ်ခံရတဲ့ အဓိကအကြောင်းရင်းတခုကတော့ ထောက်လှမ်းရေးညွှန်မှူး နှုတ်ခမ်းမွှေးဗိုလ်လွင်က ဗိုလ်မောင်မောင်ကို မနာလိုတိုက်ရည်ပြိုင်လာပြီး ချောက်တွန်းတဲ့ကိစ္စပါတဲ့။ ထောက်လှမ်းရေးညွှန်မှူး ဗိုလ်လွင်ဟာ သုတေသနဌာနကိစ္စနဲ့ ပတ်သက်ပြီး မကျေနပ်တဲ့အတွက် ဗိုလ်မောင်မောင်ကို CIA ကြိုးကိုင်အဖြစ် ဗိုလ်နေဝင်းကမြင်လာအောင် နားသွင်းနိုင်ခဲ့တယ်လို့ ဗိုလ်အောင်ကြီးက ပြောပါတယ်တဲ့။

ကက်သလစ်ဘာသာဝင် ဗိုလ်မောင်မောင်ရဲ့ ပြင်းထန်တဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး လမ်းစဉ်ဟာလည်း သူ့ဇာတ်သိမ်းခန်းကို ဖန်တီးမှုလည်းရှိတယ်လို့ ဆိုပါတယ်။ ၁၉၆၁ မှာ ဦးနုနဲ့ ဗိုလ်နေဝင်းဟာ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဇာတ်ကား ရိုက်ကူးနေပြီ။ အမေရိကန်လက်နက်ကိုင်ဆောင်တဲ့ KMT တရုတ်ဖြူအကြွင်းအကျန်ကိုတိုက်ခိုက်ရာမှာ တပ်မတော်တပ်ရင်း ၂၉ နဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်တို့ ပူးတွဲစစ်ဆင်ရေးလုပ်ခဲ့ကြောင်း။ ပါဝင်သူ ဗမာစစ်ဗိုလ်တွေကတော့ ဗြိတိသျှစစ်သံမှူးအစီရင်ခံစာကပါ သက်သေခံနေပါတယ်တဲ့။ ဒီလိုအခြေအနေမှာ စစ်တပ်မှာ ဒုတိယ (သို့) တတိယအာဏာရှိသူအဖြစ် ယူဆခံနေရတဲ့ ဗိုလ်မောင်မောင်ကို CIA ကြံရာပါ (သို့) မဟာမိတ်အဖြစ် သတင်းလွှင့်တာဟာ အထိနာ ပါ၏။ နှုတ်ခမ်းမွှေးဗိုလ်ထွင် အကွက်ဆင်ပြီး ဘောတီးပေးတဲ့အတိုင်း ဗိုလ်မောင်မောင်ကများ CIA အကူအညီနဲ့ အာဏာသိမ်းလေမလားလို့ ဗိုလ်နေဝင်း စိုးရိမ်ထိတ်လန့်လာတာကြောင့် ဗိုလ်မောင်မောင်ကိုဖြုတ်ပစ်လိုက်တာလည်း ဖြစ်နိုင်တယ်လို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။

ဗိုလ်မောင်မောင်နဲ့ တပ်မှူးငါးဦးကို စစ်သံမှူးအဖြစ် နိုင်ငံခြားပို့လိုက်ပြီး ဗိုလ်အောင်ရွှေကိုတော့ သံအမတ်အဖြစ် Australia ကို ပို့လိုက်ပါတယ်။ ကျန်တပ်မှူးလေးဦးကို အငြိမ်းစားပေးပါတယ်။ ဒီအရာရှိတွေဟာ ၁၉၆၀ ရွေးကောက်ပွဲမှာ ဆွေငြိမ်းအုပ်စုဘက်က ထောက်ခံအားပေးတာ ထင်ရှားတဲ့အတွက် တပ်က ထုတ်ပစ်တာဖြစ်ကြောင်း တရားဝင်ကြေညာပေမယ့် စစ်ဆင်ရေးလုပ်နေတဲ့ တပ်ရင်းမှူးနှစ်ဦးကိုပါ ဖြုတ်ပစ်တာကိုကြည့်ရင် ဗိုလ်နေဝင်းမကျေနပ်တာဟာ ရွေးကောက်ပွဲကိစ္စသာမဟုတ်ကြောင်း ခန့်မှန်းနိုင်တယ်လို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။

ဗိုလ်နေဝင်းကိုရော ဦးနုအစိုးရကိုပါ ဖြုတ်ပစ်ဖို့ ကြံစည်လို့ တပ်မှူးတွေအဖြုတ်ခံရတာလို့ အဲဒီတုန်းက ယူဆခဲ့ကြပါတယ်။ ၁၉၆၀ ရွေးကောက်ပွဲကျင်းပချိန်မှာလုပ်တဲ့ တပ်မှူးတွေရဲ့ လျှို့ဝှက်အစည်းအဝေးကို ဗိုလ်နေဝင်းသိရတဲ့အခါမှာ အလွန်စိတ်ဆိုးသွားတယ်လို့ ဗိုလ်လှမော်က ပြောပြပါတယ်တဲ့။ ဒါပေမယ့် လျှို့ဝှက်အစည်းအဝေးမှာ ဆွေးနွေးတဲ့ကိစ္စကို ဗိုလ်နေဝင်းစိတ်ဆိုးတာမဟုတ်ဘဲ ဦးစီးအရာရှိမပါဘဲ တပ်မှူးတွေချည်းအစည်းအဝေးလုပ်တာကို ဗိုလ်နေဝင်းမကျေနပ်တာဖြစ်ကြောင်း နောင်မှ သဘောပေါက်တယ်လို့ ဗိုလ်လှမော်က ပြောပါတယ်တဲ့။ ဦးစီးအရာရှိတွေဖြစ်တဲ့ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်မောင်မောင်ကိုဝိုင်းပယ်ရင် ဗိုလ်နေဝင်းကိုဝိုင်းပယ်တာနဲ့ အတူတူဖြစ်ကြောင်း နားလည်လာတယ်လို့ ဗိုလ်လှမော်က ပြောပါတယ်တဲ့။

ဦးစီးအရာရှိဗိုလ်မောင်မောင်နဲ့ တပ်မှူးအချို့ကိုဖြုတ်ပစ်တာဟာ စစ်ဦးစီးဌာနနဲ့ တပ်မှူးတွေအကြားက ပြဿနာကို ဖြေရှင်းလိုက်တာပါပဲ။ တောင်ပိုင်းတိုင်းနဲ့ မြောက်ပိုင်းတိုင်းကိုဖျက်သိမ်းပြီး တိုင်းငါးတိုင်းနဲ့ အထူးတပ်ရင်းလေးရင်း ဖွဲ့စည်းလိုက်တဲ့အတွက် စစ်ဦးစီးရုံးရဲ့ ပဲ့ချုပ်ကိုင်မှုအင်အား ပို ကောင်းသွားပါတယ်။ အရင်လို တိုင်းကြီးနှစ်တိုင်းနဲ့ တိုင်းမှူးနှစ်ဦးသာထားမယ်ဆိုရင် တိုင်းမှူးအနေနဲ့ အာဏာသိမ်းဖို့ လွယ်ကူတာမို့ တိုင်းမှူးတွေများလာအောင် ဗိုလ်နေဝင်းကဖန်တီးလိုက်တာပါပဲ။ ယုံကြည်စိတ်ချရတဲ့တိုင်းမှူးတွေကို ရန်ကုန်နဲ့ နီးတဲ့ တိုင်းမှာထားပြီး သိပ်မယုံရတဲ့တိုင်းမှူးတွေကိုတော့ ရန်ကုန်နဲ့ ဝေးရာမှာ တာဝန်ပေးထားဖို့ ဗိုလ်နေဝင်းက စီစဉ်တာဖြစ်ပါတယ်။

ဒါကြောင့်မို့ ၁၉၆၂ မှ ၁ စစ်အာဏာသိမ်းတဲ့အခါ တပ်မတော်ဟာ ပဟိုချုပ်ကိုင်မှုကို နာခံတဲ့ စစ်ဗျူရိုကရေစီယန္တရားကြီး ဖြစ်နေပြီ။ ၁၉၅၈ အာဏာသိမ်းပွဲကို ဦးစီးအရာရှိတွေက စီစဉ်ခဲ့တာ ဖြစ်ပေမယ့် ၁၉၆၂ အာဏာသိမ်းပွဲမှာတော့ စစ်တပ်တခုလုံး တညီတညွတ်တည်းပါဝင်တာ တွေ့ရပါတယ်။ ဗိုလ်နေဝင်းက သူ့အမိန့်ကို အားလုံးနာခံအောင်လုပ်ထားနိုင်တာကြောင့် ၆၂ အာဏာသိမ်းပွဲ အောင်မြင်တာလို့ လေ့လာသူတွေကသုံးသပ်ကြပေမယ့် ဗိုလ်နေဝင်းရဲ့စွမ်းရည်တခုတည်းနဲ့တော့ လုပ်နိုင်မယ်မဟုတ်ပါဘူးတဲ့။ ဗိုလ်မောင်မောင်ဦးဆောင်တဲ့ စစ်ဦးစီးခန့်ခွဲမှုဌာနက လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း စစ်တပ်ပြုပြင်ရေးတွေလုပ်ပြီး ပဟိုချုပ်ကိုင်မှုကိုနာခံတဲ့ စစ်ဗျူရိုကရေစီယန္တရားကြီးကို တည်ဆောက်နိုင်ခဲ့လို့သာ ၁၉၆၂ မှာ အလွယ်တကူစစ်အာဏာသိမ်းနိုင်တာလို့ မေရီကာလ်ဟယ်နက ယူဆပါတယ်။

ပြည်ထောင်စုကြီးပြိုကွဲမှာစိုးရိမ်လို့ အာဏာသိမ်းရတာဆိုတဲ့ဆင်ခြေကိုလည်း မေရီကာလ်ဟယ်နက လက်မခံပါဘူး။ စစ်တပ်အဖွဲ့အစည်းဟာ အရပ်သားအစိုးရအဖွဲ့အစည်း၊ ပါတီအဖွဲ့အစည်း တွေထက် အများကြီးအင်အားတောင့်တင်းပြီး စည်းလုံးညီညွတ်နေတာမို့ အရပ်သားအစိုးရအဖွဲ့အစည်းကို စစ်တပ်အဖွဲ့အစည်းနဲ့ အစားထိုးပြီး ပြဿနာကို စစ်ရေးအရဖြေရှင်းဖို့ ကြိုးစားတာ ဖြစ်ပါတယ်တဲ့။ နိုင်ငံရေးအာဏာကို အပိုင်အမာဆုပ်ကိုင်နိုင်ဖို့ စစ်တပ်ကကြိုးစားရာမှာ တိုင်းသူပြည်သားဟာ အနှောင့်အယှက် အဟန့်အတားလိုဖြစ်လာရကြောင်း မေရီကာလ်ဟယ်နသုံးသပ်တာကို တင်ပြလိုက်ပါတယ်။ ရှေ့အပတ် အပိုင်း ၂၂ မှာ မဆလနဲ့ နဝတခေတ် စစ်တပ်အကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၂၂)

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကို စစ်တပ်ကဖြိုခွင်းပြီး စစ်အာဏာရှင်စနစ်တည်တောင့်ခဲ့ပုံနဲ့ ပတ်သက်ပြီး မေရီကာလ်ဟယ်န သုံးသပ်ထားတာကို ဒီနေ့ မဟာဇ်ရန်သူ အပိုင်း ၂၂ မှာ တင်ပြလိုက်ပါတယ်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်ပေးတဲ့ ဒီမိုကရေစီစနစ်နဲ့ ပြည်သူ့ဆန္ဒကို စစ်ခေါင်းဆောင်ပိုင်းက အယုံအကြည် မရှိကြောင်း ပထမအကြိမ်အာဏာသိမ်းရင် ၁၉၅၈ အောက်တိုဘာ ၁၇ ရက်နေ့ထုတ်ခဲ့တဲ့ တပ်မတော် စိတ်ဓါတ်စစ်ဆင်ရေးဌာနအစီရင်ခံစာနဲ့ ဇက်တင်ဘာ ၃၀ ရက်နေ့ထုတ် "ခေတ်ရေး" စာစောင်မှာ ဖော်ပြထားတာတွေ့ရပါတယ်တဲ့။ ပြည်သူလူထုဟာ နိုင်ငံရေးစိတ်ဝင်စားတာမဟုတ်လို့ သူပုန်ထဲမြန် တာကို နားယောင်သွားတတ်တယ်လို့ တပ်မတော်စာစောင်က ဆိုပါတယ်။ ဘာဝ ရုပ်တည်ရေးနဲ့ ကိုယ်ကျိုးစီးပွားကိုသာ အဓိကထားတဲ့ နိမ့်ကျတဲ့စိတ်သဘာဝရှိတဲ့ ပြည်သူလူထုဟာ သူများကြိုးဆွဲရာကို ပါသွားတတ်တယ်လို့ တပ်မတော်စာစောင်က သုံးသပ်ပါတယ်တဲ့။

အဲဒီအချိန်ကစပြီး စည်းကမ်းရှိပြီး တာဝန်သိဖို့ ပြည်သူလူထုကို စစ်တပ်ကဆုံးမနေတာ ဒီကနေ့အထိပါပဲ။ တိုင်းသူပြည်သားကို အယုံအကြည်မရှိတဲ့စစ်တပ်ဟာ တိုင်းသူပြည်သားက ရွေးကောက်တင်မြှောက်ထားတဲ့အစိုးရကိုလည်း ယုံကြည်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဦးနုအစိုးရ

အာဏာပြန်ရတဲ့ ၂ နှစ်ကာလမှာ စစ်တပ်စည်းလုံးညီညွတ်အောင်လုပ်ပြီး ၁၉၆၂ မှာ ဒီမိုကရေစီစနစ်ကို ဖျက်ဆီးလိုက်တာပါပဲ။ နိုင်ငံရေးပါတီအားလုံးကိုဖျက်သိမ်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာပါတယ်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကခေတ်စားခဲ့တဲ့ လက်ဝဲဝါဒကို ပြန်လည်ဆန်းသစ်လိုက်တာပါပဲတဲ့။ တရုတ်ကွန်မြူနစ်ကိုဟန့်တားတဲ့ နည်းဗျူဟာအနေနဲ့ ဆိုရှယ်လစ်လမ်းစဉ်ချမှတ်တာလို့လည်း စစ်ခေါင်းဆောင်ပိုင်းက ယူဆပါတယ်တဲ့။ စစ်တပ်နဲ့ မဆလပါတီလက်တွဲပြီး ၂၆ နှစ်တိုင် အုပ်ချုပ်မင်းလုပ်ပါတယ်။ တိုင်းသူပြည်သားကို နိုင်ငံရေးစိတ်မဝင်စားဘူးလို့ စစ်တပ်ကယူဆတာမို့ ဆိုရှယ်လစ်နိုင်ငံသားကောင်း ပေါ်ထွက်ရေးအတွက် မဆလခေတ်မှာ နိုင်ငံရေးသဘောတရားသင်တန်းတွေ အများဆုံးပေးခဲ့ပါတယ်။

ဒါပေမယ့် တိုင်းရင်းသားလက်နက်ကိုင်ရှိရာ နယ်စပ်ဒေသမှာတော့ စစ်တပ်ကသာ ကြီးစိုးပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်ကို လူထုနဲ့အဆက်အသွယ်ပြတ်စေဖို့အတွက် ပြတ်လေးပြတ်လမ်းစဉ် တောင်ကျွန်းသုံးတဲ့အချိန်အခါပါပဲ။ မဆလပါတီဟာ စည်းလုံးရေးကိစ္စကိုသာ ဦးစားပေးနေတာမို့ သူပုန်နှိမ်နင်းရေးကို ဂရုမစိုက်ဘူးလို့ စစ်ဗိုလ်ဟောင်းတွေက ပြောပါတယ်တဲ့။ မဆလအစိုးရကသာ အားသွန်ခွန်စိုက်လုပ်မယ်ဆိုရင် ပြည်တွင်းစစ်နိုင်ငံ့ချုပ်ပြီး စည်းလုံးညီညွတ်နေတာကြာပြီလို့ စစ်ဗိုလ်ဟောင်းအချို့က ပြန်ပြောတာကိုလည်း ကိုးကားထားပါတယ်။

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကို နှိမ်နင်းလိုက်တဲ့အခါမှာ မဆလ အစိုးရ ပျောက်ကွယ်သွားပြီး စစ်တပ်ဟာ တစ်ခုတည်းသော အာဏာပိုင်အဖွဲ့ အစည်း ဖြစ်လာပါတယ်။ ၁၉၉၀ မှာ ရွေးကောက်ပွဲကျင်းပပေးလိုက်ပေမယ့် စစ်တပ်ထောက်ခံတဲ့ မဆလကပြောင်းလဲ တစညပါတီ ကိုယ်စားလှယ် ၁၀ နေရာသာရပြီး ဒေါ်စုခေါင်းဆောင်တဲ့ NLD ပါတီ အပြတ်အသတ်အနိုင်ရတာကြောင့် ရွေးကောက်ပွဲရလဒ်ကို စစ်တပ်ကအသိအမှတ်မပြုဘဲ ရွေးကောက်ပွဲနိုင်တဲ့ NLD ပါတီကိုချေမှုန်းဖို့ ကြိုးပမ်းပါတော့တယ်။

ပြည်သူလူထုရဲ့ ဆန့်ကျင်မှုကိုရင်ဆိုင်နေရတဲ့စစ်တပ်ဟာ စစ်အင်အားတိုးချဲ့ပြီး တုံ့ပြန်ပါတယ်။ အင်အားကောင်းတဲ့ KMT တရုတ်ဖြူတပ်ကြီး မြန်မာပြည်ထဲ ဝင်ရောက်အခြေစိုက်တုန်းက စစ်အင်အားတိုးချဲ့ပုံနဲ့ ခပ်ဆင်ဆင်ပဲလို့ဆိုပါတယ်။ တပြည်လုံး ငြိမ်ဝပ်ပိပြားနေပြီး နေရာတကာမှာ စစ်အစိုးရချုပ်ကိုင်နိုင်အောင် စစ်အင်အားတိုးချဲ့တာပါပဲ။ ၁၉၈၈ မှာ အင်အား တသိန်းရှစ်သောင်းကျော်ရှိတဲ့ စစ်တပ်ဟာ ၁၉၉၆ မှာ သုံးသိန်းခုနစ်သောင်းရှိပြီး ရေတပ်နဲ့ လေတပ်ကိုပါတိုးချဲ့လာပါတယ်။ စစ်တပ်ကို ထိရောက်စွာချုပ်ကိုင်ပြီး အမိန့်ပေးနိုင်ဖို့အတွက်စစ်ဦးစီးဌာနချုပ် ဩဇာအာဏာကြီးမားလာအောင် လုပ်ပါတယ်။

စစ်အစိုးရကိုသစ္စာရှိရေး အမိန့်နာခံရေး စစ်မှုထမ်းသက်သာချောင်ချိရေး တွေကို ဦးစားပေးအကောင်အထည်ဖော်တာကြောင့် စစ်မှုထမ်းဟာ အခွင့်ထူးခံလူတန်းစား ဖြစ်လာပါတယ်။ စစ်မှုထမ်းမိသားစုအတွက် သီးသန့်ဆေးရုံ သီးသန့်ကျောင်းနဲ့ သီးသန့်ကုန်ပစ္စည်း ရှိလာတယ်။ စစ်အစိုးရလုပ်ခွင့်ပေးလို့ ရှင်သန်ကြီးထွားလာတဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေကလည်း စစ်ခေါင်းဆောင်ဆွေမျိုးအသိုင်းအဝိုင်းကို ပံ့ပိုးဆက်ကြေးပေးပြီး ထောက်ပံ့နေရပါတယ်။

စစ်တပ်နိုင်ငံရေးမှာ ထောက်လှမ်းရေးအရာရှိ ကြီးစိုးတယ်လို့ ယူဆကြပေမယ့် တကယ် အာဏာရှိသူတွေကတော့ စစ်တိုင်း ၁၂ တိုင်းက တိုင်းမှူးတွေပါပဲတဲ့။ တိုင်းအတွင်းက ကိစ္စအားလုံးကို ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့တိုင်းမှူးဟာ အာဏာအရှိဆုံးပုဂ္ဂိုလ်ပါပဲ။ အာဏာရှိလေလေ ဥစ္စာဓနတိုးပွါးလေလေ ဖြစ်နေပါတယ်။ ၁၉၅၀ ပြည့်လွန်နှစ်တွေမှာ စစ်အင်အားတိုးချဲ့ရေးတုန်းကတော့ နိုင်ငံခြား အကူအညီ ကို အားကိုးခဲ့ရပါတယ်။ နဝတ / နအဖခေတ် စစ်အင်အားတိုးချဲ့ရာမှာတော့ ဘက်ပေါင်းစုံက ရံပုံငွေ ရှာပါတယ်။

အစိုးရအသုံးစရိတ်တဝက်လောက်ကို စစ်စရိတ်အဖြစ်သုံးစွဲတဲ့အပြင် မူးယစ်ဆေးလုပ်ငန်း ကရတဲ့ ဆက်ကြေးကိုလည်း သုံးစွဲပါတယ်။ တရုတ်အစိုးရက အတိုးသက်သက်သာသာနဲ့ ချေးထားတဲ့ ငွေကိုလည်း စစ်အစိုးရကသုံးပါတယ်။ ဒါတွေအပြင် စစ်တပ်ပိုင် စီးပွါးရေးလုပ်ငန်းတွေကရတဲ့ ဝင်ငွေ လည်း ရှိပါတယ်။ မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်နဲ့ မြန်မာ့စီးပွါးရေးကော်ပိုရေးရှင်းဟာ စစ်တပ်ပိုင် လက်ဝါးကြီးအုပ် စီးပွါးရေးလုပ်ငန်းတွေပါ။ အမြတ်အစွန်းကောင်းကောင်းရတဲ့လုပ်ငန်းတွေကို လက်ဝါး ကြီးအုပ်ထားတဲ့ အခွင့်ထူးခံ စီးပွါးရေးလုပ်ငန်းတွေဖြစ်ပါတယ်။ စစ်တပ်ပိုင်စီးပွါးရေးလုပ်ငန်းတွေဟာ အစီရင်ခံစာထုတ်ပြန်ပြီး ရှင်းပြရာမလိုတဲ့ အဖွဲ့ အစည်းဖြစ်တာကြောင့် ဒီလုပ်ငန်းကရတဲ့ငွေကို စစ် ခေါင်းဆောင်ပိုင်းက ထင်သလိုသုံးစွဲနိုင်ပါတယ်။ စစ်ဗိုလ်အတွက် စီးပွါးရေးမှာလုံပေမယ့် နိုင်ငံရေးမှာ မလုံခြုံပါဘူး။

NLD အဖွဲ့ချုပ်ကို တိုင်းရင်းသားတွေထောက်ခံနေတာကိုကြည့်ပြီး လက်နက်ကိုင်အုပ်စုတွေနဲ့ NLD အဖွဲ့ချုပ်သာ မဟာမိတ်လုပ်လိုက်မယ်ဆိုရင် စစ်အစိုးရဟာ ပြည်မမှာရော ပြည်နယ်မှာပါ စစ်ဆင်ရမယ့်ပြဿနာကို ရင်ဆိုင်ရ မှာဖြစ်တယ်လို့ စစ်ခေါင်းဆောင်ပိုင်းက တွက်ပါတယ်။ ဒီတွက်ကိန်း ကြောင့် စစ်အစိုးရဟာ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေနဲ့ အပစ်အခတ်ရပ်စဲပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ကိုင်လာတာဖြစ်ပါတယ်တဲ့။ စစ်တပ်ရဲ့ လုပ်ရပ်အထွေထွေကို တအုပ်တတန်း ရေးသားပြုစု နိုင်ပြီး အမွန်းတင်ရုံတင်အားမရသေးဘဲ ပြတိုက်ပြခန်းအမျိုးမျိုးဆောက်လုပ်ပြီး ပြသပါတယ်။ ၁၉၅၄ မှာ စိတ်ဓါတ်စစ်ဆင်ရေးဌာနကအကြံပြုခဲ့တဲ့ စစ်သမိုင်းပြတိုက်ကို အနှစ် ၄၀ အကြာ ၁၉၉၄ မှာ ဖွင့်လှစ်ကျင်းပနိုင်ခဲ့ ပါတယ်။ မြန်မာပြည်မှာ စစ်တပ်ဟာ အဓိကအကျဆုံးဖြစ်ကြောင်းထင်ရှားတဲ့ ပြတိုက် ပါပဲ။

စစ်မှုရေးရာအပြင် တော်လှန်ရေး၊ မဆလခေတ်၊ ငါးမှုမြှုရေး၊ မီးရထားလမ်း၊ စေတီပုထိုး၊ လေဆိပ်၊ ဂေါက်ကွင်း၊ အိုးအိမ်ဆောက်လုပ်ရေး စတာတွေပါ သဘ္ဘာရုပ်ပေါင်း စစ်သမိုင်းပြတိုက်မှာ ပြသ ထားတာကို စစ်တပ်ပြောသမျှ တပြည်လုံး ယုံရတော့မလို ဖြစ်နေပါတယ်။

ရှေ့အပတ် အပိုင်း ၂၃ နိဂုံးပိုင်းမှာတော့ စစ်အစိုးရနဲ့ အတိုက်အခံအဖွဲ့ အစည်းတွေရင်ဆိုင် နေရတဲ့ အဓိကပြဿနာကို တင်ပြပါမယ်။

☆ ☆ ☆

# အပိုင်း (၂၃) နိဂုံး

ဒီတပါတ် ငါနဲ့မဟုညီချိန်သူ အပိုင်း ၂၃ နိဂုံးပိုင်းမှာ စစ်တပ်နဲ့ နိုင်ငံရေးပါတီ ရင်ဆိုင်နေရတဲ့ပြဿနာတွေ အကြောင်း မေရီကာယ်လဟန် သုံးသပ်ထားတာကို တင်ပြလိုက်ပါတယ်။ တပြည်လုံးကိုလွှမ်းမိုးနိုင်ဖို့ စစ်တပ်က ကြိုးပမ်းရာမှာ ရည်မှန်းတဲ့အတိုင်းဖြစ်လာတာရှိသလို မဖြစ်တာလည်းရှိပါတယ်။ စစ်အစိုးရရဲ့ ပြဿနာ ၄ ရပ်ကို ဖော်ပြထားပါတယ်။ ပထမပြဿနာက တိုင်းမှူးတွေကအဆင့် အုပ်ချုပ်တဲ့ ခနော်ခနဲ့ ဖွဲ့စည်းပုံစနစ်ဖြစ်ပါတယ်တဲ့။ အလှည့်ဖြစ်နေသေးပေမယ့် တိုင်းမှူးတွေကို ကျေးဇူးတင်နေရတဲ့စနစ် ဖြစ်နေပါတယ်။ တိုင်းမှူးနဲ့ လက်အောက်ခံအရာရှိတွေ သူဌေးဖြစ်ကုန်တာ တပြည်လုံးသိပါတယ်။ တိုင်းမှူးတွေ နယ်စားပယ်စားအာဏာရှင်ဖြစ်လာလို့ ၁၉၉၇ မှာ နဝတကို ဖျက်သိမ်းပြီး နအဖကို ဖွဲ့စည်းတာ အပြောင်းအလဲလုပ်လိုက်ရပါတယ်။ တိုင်းမှူးကို ရန်ကုန်ခေါ် ဝန်ကြီးခန့်ပြီး တန်ခိုးအာဏာ လျော့နည်းသွားအောင်လုပ်တာဟာ စစ်အစိုးရရဲ့ နည်းဖြစ်ပါတယ်။

ဒါပေမဲ့ နောင်ဆိုရင် ပြဿနာကို ဒီနည်းနဲ့ ဖြေရှင်းဖို့ အခက်အခဲရှိနိုင်တယ်လို့ မေရီကာယ်လဟန်က ယူဆပါတယ်။ ဗဟိုအစိုးရက ထိန်းချုပ်ကိုင်နိုင်အောင် စီစဉ်တာကို တိုင်းမှူး / တပ်မှူးတွေက လက်မခံနိုင်ဘူးဆိုရင် တိုင်းမှူး / တပ်မှူးတွေကျေနပ်အောင် လျော်ကြေး (သို့မဟုတ်) မက်လုံး ပေးရပါလိမ့်မယ်တဲ့။ အခုအချိန်အထိတော့ တိုင်းမှူးတွေအမိန့်နာခံအောင် ဗဟိုအစိုးရက နည်းအမျိုးမျိုး သုံးရပါတယ်။ ဒါပေမဲ့ တိုင်းမှူးကိုလုပ်ပိုင်ခွင့်အာဏာပေးတဲ့ လက်ရှိစနစ်ကိုပြောင်းလဲဖို့ ဘယ်သူကမှ မကြိုးစားသေးပါဘူး။

ပြည်ရေးရွာမှုကို စစ်တပ်ကချုပ်ကိုင်ဖို့ကြိုးစားတဲ့အတွက် ပေါ်ထွက်လာတဲ့ ဒုတိယ ပြဿနာကတော့ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတွေ စည်းမဲ့ကမ်းမဲ့ ဖြစ်လာတဲ့ကိစ္စပါ။ တပ်သားသစ် နှစ်သိန်း စုဆောင်းဖို့ကြိုးပမ်းရာမှာ မြို့ရွာတွေကိုခွဲတမ်းချပြီး အတင်းအဓမ္မစုဆောင်းတဲ့ အတွက် လူဆိုး ကြမ်းပိုး (ဂျပိုး) နဲ့ ရာဇဝတ်မှုကျူးလွန်ထားသူ အများအပြား တပ်ထဲရောက်လာတာလို့ စည်းကမ်းနဲ့ စိတ်ဓါတ်ရေးရာမှာ အလွန်နိမ့်ကျနေတာဖြစ်ပါတယ်တဲ့။ ရာထူးကြီးကြီး ရထားတဲ့ စစ်ဗိုလ်တွေဟာ ရသမျှကို အိတ်ထဲထည့်နေကြပါတယ်။ သူတို့ရယူနေတဲ့လာဘ်လာဘ လျော့သွားတာကို ဒီ စစ်ဗိုလ်တွေက မလိုလားပါဘူး။ ကိုယ်ပိုင်စားကွက်ကို ကန့်သတ်ချုပ်ချယ်မခံတဲ့အတွက် ဗိုလ်ချုပ်ကြီးတွေ အကြား မကြာခဏ တင်းမာမှု ပေါ်ပေါက်ခဲ့ရပါတယ်။ အစားလွန်သွားတဲ့ဝန်ကြီးတွေကို ထုတ်ပစ်ရတာမျိုးလည်းရှိပါတယ်။

စစ်တပ်ရဲ့ဦးတည်ချက်ဟာ စစ်ဆင်ရေးမဟုတ်တော့ဘဲ အုပ်ချုပ်မင်းလုပ်ရေး ဖြစ်လာတဲ့ အတွက် စစ်ခေါင်းဆောင်ပိုင်းနဲ့ လူငယ်စစ်သားအကြား အတွေ့အကြုံကွာဟမှုကြီးမားလာတာဟာ စစ်အစိုးရဲ့ တတိယပြဿနာဖြစ်ပါတယ်တဲ့။ နဝတခေတ်မှာ လက်နက်ကိုင်တိုင်းရင်းသားအုပ်စု ၁၇ စုနဲ့ အပစ်အခတ် ရပ်စဲနိုင်တာကြောင့်လည်း နောက်ဝင်တဲ့စစ်ဗိုလ်တွေ တိုက်ပွဲအတွေ့အကြုံ နည်းပါးသွားပါတယ်။ ရွာသူရွာသားကိုချောချွေပြီး အတင်းအဓမ္မ လမ်းဖောက်ခိုင်းတဲ့ခေတ်ဖြစ်တာမို့ ဗိုလ်မှူးတွေမှာ တိုက်ပွဲအတွေ့အကြုံနည်းပြီး လမ်းဖောက်တဲ့အတွေ့အကြုံက များနေပါတယ်တဲ့။

ယာယီအပစ်အခတ်ရပ်စဲထားတဲ့ ငြိမ်းချမ်းရေးအုပ်စုတွေကို လက်နက်ကိုင်ခွင့်ပေးထားတာ တော့ရှုပ်ပြဿနာဖြစ်ပါတယ်တဲ့။ လက်နက်ကိုင်အုပ်စုကြီးမိုးရာဒေသကို အစိုးရစစ်တပ်ဝင်မယ်ဆိုရင် ခွင့်ပြုချက်တောင်းရသလို ယာယီလက်နက်အသိမ်းခံရတာမျိုးလည်း ရှိပါတယ်။ ကိုးကန့်နဲ့ "ဝ" ခေါင်းဆောင်တွေဟာကိုယ်ပိုင်ယူနီဖောင်းဝတ်လက်နက်ကိုင်တွေခြံရံပြီး ရန်ကုန်မှာ လွတ်လွတ်လပ်လပ် သွားလာနိုင်ပါတယ်။ ဒီပြဿနာ ၄ ခုရှိနေတာကိုကြည့်ရင် စစ်အစိုးရဟာ နေရာတိုင်းမှာ အစွမ်းထက်တာ မဟုတ်ကြောင်း၊ အမြဲတမ်း စည်းလုံးညီညွတ်တာမဟုတ်ကြောင်း သိနိုင်ပါတယ်။ စစ်အစိုးရဟာ အတိုက်အခံကိုကြောက်သလို တပ်တွင်းပြဿနာကိုလည်း စိုးရိမ်နေပါတယ်တဲ့။ ဒီပြဿနာနဲ့ အားနည်းချက်တွေကြောင့် နိုင်ငံရေးမှာ ထိပ်ခဲ့တည်းလည်းဖြစ်ပြီး စစ်အစိုးရက လျှော့ပေးဖို့ ဝန်လေးနေတာ ဖြစ်ပုံရပါတယ်တဲ့။

စစ်အစိုးရနဲ့ နိုင်ငံသားဆက်ဆံရေးဆိုတာ အစိုးရအမိန့်ကို နိုင်ငံသားကမနာခံရင် အစိုးရက အကြမ်းဖက်တဲ့ပုံစံပါပဲ။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ဖြစ်ပွားရာအရပ်မှာ စစ်တပ်ရဲ့ အကြမ်းဖက်မှုဟာ အပြင်းထန်ဆုံးပါပဲ။ လူမနေနိုင်အောင် ဖြတ် ၄ ဖြတ်လမ်းစဉ်သုံးတဲ့ စစ်ဆင်ရေး ဖြစ်တာမို့ နိုင်ငံခြားထွက်ပြေးတဲ့ တိုင်းရင်းသားဦးရေဟာ အမြဲတမ်းတိုးပွားနေပါတယ်။ ဒါပေမယ့် ဒီလို မတရားလုပ်တဲ့ကိစ္စကို ပြည်မနေဗမာလူမျိုးတွေက တခါမှ မေးခွန်းထုတ်ခဲ့တာ မဟုတ်ပါဘူးတဲ့။ ၁၉၈၈ အရေးတော်ပုံမှာ ဆန္ဒပြတဲ့ကျောင်းသားနဲ့ အရပ်သားကို စစ်တပ်ကပစ်သတ်ပြီး ပြည်မက အရပ်သားကိုပါ ရန်သူလိုသဘောထားလာတော့မှ စစ်တပ်ရဲ့ အကြမ်းဖက်မှုကို ပြည်မမှာဆွေးနွေးလာတာ ဖြစ်ပါတယ်တဲ့။

တိုင်းရင်းသားရပိုင်ခွင့်ကိုအာမခံတဲ့ နိုင်ငံရေးဖြစ်စဉ်မျိုးကို စတင်တည်ဆောက် နိုင်ဖို့ အရေးကြီးသလို ကွဲလွဲတဲ့ သဘောထားကို လက်ခံနိုင်ဖို့လည်း အရေးကြီးပါတယ်တဲ့။ မြန်မာ့လွတ်လပ်ရေး အနှစ် ၅၀ ကျော်သမိုင်းမှာ သဘောထားကွဲလွဲမှု ကွဲပြားခြားနားမှုနဲ့ ပေါင်းညှိနိုင်မှုကို တကယ် လက်ခံခဲ့တဲ့ အစဉ်အလာမရှိခဲ့ပါဘူးတဲ့။ ကွဲလွဲတဲ့သဘောထားကို စစ်အစိုးရက လက်မခံနိုင်ကြောင်း အထင်အရှားပြနေပါတယ်။ NLD အဖွဲ့ချုပ်ကလည်း ကွဲလွဲတဲ့သဘောထားကို လက်မခံနိုင်တဲ့လက္ခဏာ ပြနေပါတယ်။ အစိုးရဆန့်ကျင်ရေးကျောင်းသားအဖွဲ့အစည်းနဲ့ အတိုက်အခံပါတီတွေကလည်း ဝေဖန်သူ ကို ထုတ်ပစ်တဲ့အတွက် ဝင်ပြိုင်အဖွဲ့တွေ အုပ်စုတွေ ဂိုဏ်းတွေ ပေါ်ပေါက်လာပါတယ်။ တိုင်းရင်းသား အုပ်စုတွေထဲမှာလည်း ဒီပုံစံအတိုင်းပါပဲ။ ဒါပေမဲ့ ကွဲလွဲတဲ့သဘောထားကို မြန်မာ့ယဉ်ကျေးမှုက လက်ခံ ပါတယ်။

ဒါကြောင့် မြန်မာ့သမိုင်းမှာအဖြေရှာတာ ပိုကောင်းပါလိမ့်မယ်တဲ့။ ကိုလိုနီခေတ်၊ ပါလီမန် ဒီမိုကရေစီခေတ်၊ မဆလဆိုရှယ်လစ်ခေတ်နဲ့ နဝတ / နအဖ ခေတ်တွေမှာ အယူအဆသဘောတရားတွေအချင်းချင်း ပဋိပက္ခဖြစ်ပြီဆိုရင် လူဆိုးနဲ့ လူကောင်းပဋိပက္ခဖြစ်သလို အနိုင်ယူဖို့ကိုသာ အဓိကထားကြပါတယ်တဲ့။ ဖြစ်နေတဲ့ပဋိပက္ခကို ပျောက်ကွယ်သွားအောင်လုပ်တဲ့ တခုတည်းသောနည်းလမ်းဟာ လုံးဝဥဿုံ စည်းလုံးညီညွတ်ရေးရဖို့ ဖြစ်နေပါတယ်။ ပဋိပက္ခကိုကိုင်တွယ်ပြီး မှုမှုတတဖြစ်အောင် လုပ်နိုင်တဲ့ နည်းစနစ်ကို ခေါင်းဆောင်ပိုင်းက မတီထွင်နိုင်မချင်း မြန်မာ့အနာဂတ်ဟာ မျှော်လင့်ချက်ကင်းမဲ့နေ ဦးမယ်လို့ ဆိုပါတယ်။

ကွဲလွဲတဲ့အယူအဆ၊ မတူတဲ့အမြင်၊ ခြားနားတဲ့တောင်းဆိုချက်၊ ပြိုင်ဆိုင်မှု၊ ယှဉ်ပြိုင်မှု တော တွေမရှိရင် ဒီမိုကရေစီလည်း မရှိနိုင်ပါဘူး။ လုံးဝဥဿုံစည်းလုံးညီညွတ်ရေးကို ဦးစားပေးနေတာဟာ လိုအင်ချက်၊ တောင်းဆိုချက်အမျိုးမျိုးကို လိုက်လျောနိုင်မယ့်နည်းလမ်း ပေါ်ထွက်ရေးကို ဟန့်တားသလို ဖြစ်နေပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင်ရာမှာ ဗိုလ်ချုပ်အောင်ဆန်းက စည်းလုံးညီညွတ်မှုကို မြှင့်တင်ခဲ့အတွက် အင်္ဂလိပ်က လွတ်လပ်ရေးပေးတာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီသမိုင်းဓလေ့ကို မကျော်နိုင်တဲ့အတွက် မြန်မာ့နိုင်ငံရေးဟာ စည်းလုံးညီညွတ်ရေးတောင်းဆိုတဲ့ဆောင်ပုဒ်ထက်ပိုပြီး ရင့်ကျက်မလာသေးကြောင်း မေရီကာလဟန် သုံးသပ်ထားတာကိုတင်ပြရင်း "ငါနဲ့မတူ ငါ့ရန်သူ" စာအုပ်ကို နိဂုံးတမှတ် အဆုံးသတ်လိုက်ရပါတယ်။

☆ ☆ ☆ ☆ ☆

**Making Enemies by Mary P.Callahan**

**Cornell University Press, 2003**

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## ဒီပဲယင်း နိုင်ငံရေး အကြမ်းဖက် လုပ်ကြံတိုက်ခိုက်မှုဆိုင်ရာ ထပ်မံ စုံစမ်းလေ့လာတွေ့ရှိချက်များကို အခြေခံ၍ ကြိုတင်ကြံစည်ဆောင်ရွက်မှုဖြစ်ကြောင်း တင်ပြ အစီရင်ခံခြင်း။

(နအဖ)စစ်အုပ်စုသည် ဒီပဲယင်းတွင်ဖြစ်ပွားခဲ့သော နိုင်ငံရေးအကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အားပေးထောက်ခံသူများနှင့် ဆန့်ကျင်ကန့်ကွက်သူတို့အကြား ခိုက်ရန်ဖြစ်ပွားမှုအဖြစ် ဝါဒဖြန့်ရေးသား ပြောဆိုလျက် ရှိပါသည်။

သို့သော်လည်း ဒီပဲယင်းချုံခိုတိုက်ခိုက်ရေး စီမံချက်ကို အချိန်ယူပြင်ဆင်ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်းတွင် ခိုင်လုံသောသက်သေ အထောက်အထားများ ပေါ်ထွက်လာခဲ့ပါသည်။ တိုက်ခိုက်မှုအပြီးတွင် ခြေရာလက်ရာ သဲလွန်စများကို အပြီးအပြတ် ဖျောက်ဖျက်ပစ်ရန် လည်း ကြိုတင်စီစဉ်ထားကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် လူပေါင်းထောင်ချီ ပါဝင်ပတ်သက်ခဲ့သော ချုံခိုလုပ်ကြံမှုကြီးမှ သဲလွန်စများ ထောင်နှီးကျန်ရစ်ခဲ့ပါသည်။ ကြိုတင်စီစဉ်ထားကြောင်း ပထမဆုံး သိသာသည့်အချက်မှာ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံမရသေးဘဲ၊ မေ(၃၁)ရက်နေ့တွင် ချက်ချင်းသတင်းစာရှင်းပွဲလုပ်ခဲ့သောအချက်ဖြစ်ပါသည်။ အလုပ်သမားဝန်ကြီးဦးတင်ဝင်းနှင့် ထောက်လှမ်းရေး ဗိုလ်မှူးချုပ်သန်းထွန်းတို့ဦးဆောင်ရှင်းလင်းသော ယင်းသတင်းစာရှင်းပွဲတွင် လူ (၄)ယောက် သေ၍၊ (၅၀) ဒဏ်ရာရရှိသည်ဟု သတင်းထုတ်ပြန်ခဲ့သည်ကို လူထုက မှတ်မိနေပါသည်။ သို့သော်လည်း သေဆုံးသူများနှင့် ဒဏ်ရာပြင်းထန်သူများ၏ အမည်စာရင်းကို ထုတ်ပြန်ပေးနိုင်ခြင်း မရှိခဲ့ပါ။ ဒီပဲယင်းလူသတ်ပွဲတွင် ဘာတွေ ဘယ်လိုဖြစ်ခဲ့ကြောင်း၊ သတင်းအချက်အလက်များကို စောင့်ဆိုင်းနေစရာမလိုဘဲ၊ ကြိုတင်ရေးထားသည့် ဇာတ်ညွှန်းအတိုင်း သတင်းစာရှင်းပွဲတွင် ဖတ်ခဲ့သည့်အတွက်၊ ရှေ့နောက် မညီသော သတင်းအချက်အလက်များထဲမှ သဲလွန်စများ စတင်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

နောက်ပိုင်းတွင် နိုင်ငံတကာသတင်းမီဒီယာများ၏ ကျေးဇူးကြောင့် ဒီပဲယင်းချောင်းမြောင်းလုပ်ကြံတိုက်ခိုက်မှုကြီး၏ ဖြစ်ရပ်မှန်များ ဖုံးမရ ဖိမရ ရုပ်လုံးပေါ်လာခဲ့ပါသည်။ သေသူ (၄)ယောက်မကဘဲ (၇၀)အထက်မှာရှိကြောင်း မျက်မြင်သက်သေများက ပြောပြခဲ့ကြသည်။ တိုက်ခိုက်မှုမစမီ စခန်းသွင်းလေ့ကျင့်ခဲ့ပုံမှ အစပြု၍၊ တိုက်ခိုက်မှုအပြီးတွင် ဖမ်းပုံဆီးပုံ အလောင်းဖျောက်ဖျက်ပုံများအဆုံး အထောက်အထားများတသီကြီး ပေါ်လာခဲ့သည်။ ဒီပဲယင်း လူသတ်ပွဲ အတွေ့အကြုံများကို ထိုင်းနိုင်ငံ အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌရှေ့မှောက်တွင်လည်းကောင်း၊ အမေရိကန်ကွန်ဂရက် လွှတ်တော်ရှေ့မှောက်တွင်လည်းကောင်း၊ မျက်မြင်သက်သေများက ကျမ်းကျိန်ထွက်ဆိုခဲ့နိုင်ခဲ့ ကြပါသည်။ ထိုထွက်ဆိုချက်များက (နအဖ)၏ လိမ်ညာဝါဒဖြန့်မှုများကို ဖေါ်ထုတ် ဖွင့်ချနိုင်ခဲ့ပါသည်။ ယခုနောက်ဆုံးရရှိသော သတင်းအရ ဒီပဲယင်းတွင် အခင်းဖြစ်စဉ် သေဆုံးခဲ့သူ စုစုပေါင်း (၂၈၂)ရှိကြောင်း၊ စာရင်းပြုစုရာတွင်ပါဝင်သူ ဝန်ထမ်းတဦး၏ ပြန်လည်ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်၍ ဒီပဲယင်းနိုင်ငံရေးလုပ်ကြံမှုနှင့်စပ်လျဉ်း၍၊ လွတ်လပ်သော "အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့" တဖွဲ့ကို တာဝန်ပေးအပ်၍၊ လေ့လာ စုံစမ်းခိုင်းရန်လိုအပ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များ၊ နိုင်ငံတကာအစိုးရများက တိုက်တွန်းပြောဆိုလာခဲ့ကြရခြင်း ဖြစ်သည်။ "အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့"၏ စုံစမ်းလေ့လာတွေ့ရှိချက်များကို အစီရင်ခံတင်ပြနိုင်ခြင်းအားဖြင့် နောက်နောင် ယခုကဲ့သို့ အလားတူဖြစ်ရပ်မျိုး ထပ်မံဖြစ်ပေါ်မလာအောင် ကာကွယ်ရန် ရည်ရွယ်သည်ဟု ဆိုသည်။

ဒီပဲယင်းတွင်ဖြစ်ပွားခဲ့သော နိုင်ငံရေးအကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ စုံစမ်းလေ့လာတွေ့ရှိရသော သက်သေအထောက်အထားများအရ ယခုကိစ္စသည် သာမန်ရာဇဝတ်မှုမျှမက (Crimes against Humanity)ဟုပင် ဆိုနိုင်လောက်သည်အထိ ကြီးကျယ်နေကြောင်းတွေ့ရသည်။ တာဝန်ရှိအာဏာပိုင်အဖွဲ့အစည်း ကိုယ်တိုင်ပါဝင်ပတ်သက်နေသော ကြိုတင်ကြံစည်"လူအစုလိုက် သတ်ဖြတ်မှု "ဖြစ်ကြောင်းလည်း ထင်ရှားနေပေသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် "အထူးစုံစမ်း စစ်ဆေးရေးအဖွဲ့" ပေါ်ပေါက်မလာမီ ဒီပဲယင်းအရေးကိစ္စဆိုင်ရာ အချက်အလက်အထောက်အထားများကို ရနိုင်သမျှစုဆောင်းကာ မှတ်တမ်းပြု ဖြန့်ဝေရန် လိုအပ်သည်ဟုယူဆ၍၊ ယုံကြည်အားကိုးလောက်သော သတင်းရပ်ကွက်များမှရရှိခဲ့သည့် သတင်းမှတ်တမ်းများကို အစီရင်ခံ ဖြန့်ဝေလိုက်ခြင်း ဖြစ်ပါသည်။

# ဒီပဲယင်း အစီရင်ခံစာ

## ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက် ဒီပဲယင်းနိုင်ငံရေးလုပ်ကြံမှုကြီးတွင် အာဏာပိုင်များ၏ ကြိုတင်ကြံစည်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လေ့လာစုံစမ်းတွေ့ရှိချက်များကို တင်ပြ အစီရင်ခံခြင်း။

၃၀-၅-၂၀၀၃ နေ့မတိုင်မီ ၂၅-၅-၀၃ နေ့ရက်မှစ၍ ရွှေဘိုခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းသည် အမာခံကြံ့ဖွံ့အဖွဲ့ဝင်များအား လူအင်အား (၂၅၀) ရရှိအောင် စုဆောင်းထားစေခဲ့ပါသည်။ ထို လူအင်အား (၂၅၀)ကို ရွှေဘိုမြို့ ကားကြီးဝင်းအတွင်းရှိ ကြံ့ဖွံ့ရုံးတွင် နေ့စဉ်ထမင်းကျွေးကာ ညအိပ်စုစည်းထားခဲ့ခြင်း ဖြစ်ပါသည်။ စုစည်းထားသောအဖွဲ့ဝင်တစ်ဦးမှ တာဝန်ရှိသူများအား ကျနော်တို့ကို မည်သည့် တာဝန်ပေးမှာလဲ - ဟု မေးသောအခါ အချိန်တန်လျှင် ပြောမည်ဟုသာ ပြောထားပါသည်။

မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအား အရပ်ဝတ် ဝတ်စေ၍ "ဝါးရင်းတုတ်များ" ဒိုင်နာကား တစ်စင်းစာရရှိအောင် ဆောင်ရွက်ရမည်ဟု တာဝန်ပေးခိုင်းစေပါသည်။ ရွှေဘိုမြို့ဝင် အောင်မြေကျောင်းဝင်းအတွင်းရှိ တစ်နေရာတွင် "ဝါးရင်းတုတ်များ" ပြုလုပ်ခဲ့ပါသည်။ မေလ (၃၀)ရက်နေ့ နံနက် (၇)နာရီတွင် အမှတ် (၃)ရပ်ကွက်နေ ဓါတ်ဆီရောင်းသူ ဦးမြင့်အောင်ပိုင် ဒိုင်နာကားဖြင့် ယင်း ဝါးရင်းတုတ်များအားတင်ဆောင်ကာ ဒီပဲယင်း အခင်းဖြစ်ပွားရာအနီးရှိ ဆည်မြောင်းဝင်း ဟောင်းအတွင်းသို့ ကြိုတင်ပို့ဆောင်ထားခဲ့ပါသည်။

၂၀၀၃ ခုနှစ်၊ မေလ (၂၅)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ ထောက်လှမ်းရေး (၂၀)သည်လည်း ဒီပဲယင်းကိစ္စ စီမံချက်တွင် ပါဝင် တာဝန်ယူခဲ့ပါသည်။ ထောက်လှမ်းရေး (၂၀)မှ တပ်ကြပ်ဖြစ်သူ မောင်မောင်အား ရွှေဘိုထောက်လှမ်းရေးတပ်ခွဲသို့ အားဖြည့်တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့ပါသည်။ ယင်းမေလ (၂၇)ရက်နေ့တွင် ရွှေဘိုထောက်လှမ်းရေးတပ်ခွဲမှူး ယဉ်ထွေးနှင့် မောင်မောင် (ထောက်လှမ်းရေး-၂၀)တို့က လုယက်မှု၊ လူသတ်မှုများ ကျူးလွန်ခဲ့မှု၍ နာမည်ဆိုးနှင့် ကျော်ကြားနေသူ ရွှေဘိုမြို့နယ် မေခွန်ကျေးရွာမှ မောင်ပေါ်သိန်းနှင့် မောင်ချစ်မောင်တို့ နှစ်ဦးအား ခေါ်ယူပြီး စီမံချက်တွင် ပါဝင် ဆောင်ရွက်ရန် တာဝန် ပေးပါသည်။ ယင်းနောက် မေလ (၃၀)ရက်နေ့၊ နေ့လည်တွင် ရွှေဘို ခယက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းဟန်၏ညွှန်ကြားချက်အရ မောင်ပေါ်သိန်းနှင့် မောင်ချစ်မောင်တို့ နှစ်ဦးအား ယဉ်မောင်းဖြစ်သူ မောင်သိန်းထွန်းမောင်းနှင်သော ယာဉ်အမှတ် ၉က/၅၅၀၉ ဖြင့် ဒီပဲယင်း ဆည်မြောင်း ရုံးဟောင်းသို့ ပို့ဆောင်ထားခဲ့ပါသည်။ ထိုယာဉ်အမှတ် ၉က/၅၅၀၉ ၏ ပိုင်ရှင်မှာ ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက်နေ ဒေါ်ရှမ်းမ ဖြစ်ပါသည်။

မေလ (၂၇) ရက်နေ့တွင် ရွှေဘိုမြို့နယ် မယကဥက္ကဋ္ဌဖြစ်သူ ဦးမြငွေသည် ခွင့်ယူ၍ ရေစကြိုမြို့ရှိ ၎င်း၏တူဖြစ်သူ မင်္ဂလာဆောင်သို့ ရောက်ရှိနေရာ၊ ဦးမြငွေအား အရေးပေါ်ပြန်ခေါ်လိုက်ပါသည်။ ထို့နောက် ရေဦး ဆည်မြောင်း တည်ဆောက်ရေးရုံး (၎င်းတို့အခေါ် ရှေ့တန်းကွပ်ကဲရေးရုံး)တွင် ဦးမြငွေအား သွားရောက် တာဝန်ထမ်းဆောင်စေပါသည်။ ၎င်း ရှေ့တန်းကွပ်ကဲရေးရုံးတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် အတွင်းရေးမှူးက ရုံးထိုင်ပြီး ဦးဆောင်စီစဉ်ကွပ်ကဲပါသည်။ ၎င်း ကွပ်ကဲရေးရုံးတွင် ဒီပဲယင်းမြို့နယ် လက်လုပ်ကျေးရွာမှ ကြံ့ဖွံ့အဖွဲ့ဝင် မောင်ထွန်းထွန်းလည်း တာဝန်ပေး ခံခဲ့ရပါသည်။

၂၀၀၃ ခုနှစ်၊ မေ (၂၉)ရက်နေ့တွင် ရွှေဘို ခယက ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီးသန်းဟန် ညွှန်ကြားချက်ဖြင့် ခရိုင်ရဲမှူး ဦးလှမြင့်အပါအဝင် အာဏာပိုင်အဖွဲ့အစည်းမှ လူကြီးများက ရွှေဘိုမြို့မှ ရပ်ကွက် (၁၀)ရပ်ကွက်မှ ဥက္ကဋ္ဌများအား ခေါ်ယူပြီး ရပ်ကွက်တစ်ခုလျှင် လူငယ် လူလတ်ပိုင်း (၁၀)ဦးကျစီ ခေါ်ယူစေပြီး မေလ (၃၀) ရက်၊ နံနက်ပိုင်းတွင် ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံတွင်းရှိ ခန်းမတွင် စုစည်းစေခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူများက ရပ်ကွက်အသီးသီးမှ ခေါ်ယူထားသူ အခြေအနေမဲ့ လူငယ်လူလတ်ပိုင်းများကို တစ်ဦးလျှင် နေ့တွက်ခ (၅၀၀)စီပေးမည်ဟု ပြောထားပါသည်။

မေလ (၃၁)ရက်နေ့ ရွှေဘိုမြို့ မယကဥက္ကဋ္ဌရုံးခန်းရှေ့၌ နံနက် (၁၀း၃၀)နာရီ ခန့်တွင် ရွှေဘို မယက အတွင်းရေးမှူးဖြစ်သူ ဦးသိန်းဝင်းက မြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်မှ လူကြီးများအား "မင်းတို့ခေါ်ထားတဲ့သူတွေစုံပြီလား၊ ချောဆွဲထားတဲ့ကားတွေကော ရောက်ပြီလား"ဟု မေးမြန်းပါသည်။ ထို စုစည်းထားသူများအား ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံအတွင်းရှိခန်းမသို့ ခေါ်ဆောင်သွားပါသည်။ ထိုနေ့မှာပင် ကားကြီးဝင်းအတွင်းရှိ ကြံ့ဖွံ့ရုံးတွင် ကြိုတင်စုစည်းထားသော ကြံ့ဖွံ့အဖွဲ့ဝင်များအား ကြံ့ဖွံ့ခရိုင်အတွင်းရေးမှူး တင်မြင့်၊ မြို့နယ်ကြံ့ဖွံ့အတွင်းရေးမှူး ဇော်ကြီး၊ အဖွဲ့ဝင်ထွန်းကို၊ ကြက်ခြေနီ မြင့်ကျော်၊ စိုးမြင့်တို့ကဦးဆောင်ကာ ချောဆွဲထားသော ကားများဖြင့် ရွှေဘိုခရိုင် ရေဦးမြို့သို့ ခေါ်ဆောင်သွားပါသည်။

ရေဦးမြို့သို့ရောက်လျှင် ရေဦးမြို့ ဓယကရုံးတွင် အားလုံးစုဝေးစေပြီး နံနက်စာကို တစ်ဦးလျှင် ကြက်ဥပြုတ် တစ်လုံး၊ ပဲဟင်းဖြင့် ထမင်းကျွေးပါသည်။ အားလုံးထမင်းစားပြီးနောက် ရွှေဘို ခယကဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဟန်က "ဒီထမင်းကို ဘယ်သူကကျွေးတာလဲ၊ စစ်တပ်ကကျွေးတာလား၊ အန်အယ်ဒီက ကျွေးတာလား" ဟု မေးပါ သည်။ အားလုံးက စစ်တပ်ကကျွေးတဲ့ ထမင်းဖြစ်ကြောင်း ပြောပါသည်။ "စစ်တပ်က ထမင်းကျွေးတာဆိုရင် မင်းတို့ အားလုံး စစ်တပ်ကခိုင်းတာလုပ်ရမယ်" ဟု ပြောပါသည်။ ယင်းနောက် မေလ (၃၀) ရက်နေ့ ညနေ (၆)နာရီခန့်တွင် စုစည်းထားသောလူအားလုံးအား ဒီပဲယင်းမြို့ ဆည်မြောင်းရုံးဟောင်းသို့ ကားများဖြင့်ပို့ပေးခဲ့ပါသည်။ ၎င်းနောက် ကြိုတင်စုဆောင်းထားသော ဝါးရင်းတုတ်များကိုတစ်ယောက် တစ်ချောင်းစီ ကိုင်ခိုင်းပါသည်။ ထိုလူစုအား အခင်းဖြစ်ပွား မည့်နေရာနှင့် မလှမ်းမကမ်းတွင် အကာအကွယ်များယူစေပြီး ရဲများကို သေနတ် လက်နက်များကိုင်ဆောင်စေကာ စောင့်ခိုင်းထားပါသည်။

အောင်ဆန်းစုကြည်၏ကားတန်း ရောက်လာစဉ် ရွှေဘိုမြို့နယ် မေဝွန်ကျေးရွာမှ ခေါ်ထားသော လှမိုက်မောင်ပေါ် သိန်း၊ မောင်ချစ်မောင်နှင့် ရွှေဘိုခရိုင်ကြံ့ဖွံ့အတွင်းရေးမှူး မောင်တင်မြင့်၊ မြို့နယ် ကြံ့ဖွံ့အတွင်းရေးမှူး ဇော်ကြီး၊ မောင် စိုးမြင့်၊ မောင်ထွန်းဘို၊ ကြက်ခြေနီ မောင်မြင့်ကျော်တို့က "အားလုံး၊ ရိုက်ကြဟေ့" ဟု အမိန့်ပေးကာ ၎င်းတို့က စတင် ရိုက်နှက်ကြပါသည်။ ရပ်ကွက်ထဲမှခေါ်လာသူများထဲမှ တချို့က ဝင်ရိုက်ပြီး အများစုက မရိုက်နှက်ဘဲ ထွက်ပြေးကြပါ သည်။ ယင်းသို့ ထွက်ပြေးသူများအား အခင်းဖြစ်ရာမှ အပြန်တွင် ကားပေါ်တင်ခေါ်မလာဘဲ ပစ်ထားခဲ့ပါသည်။ ယင်း ကြောင့်ထွက်ပြေးသူများမှာ ရွှေဘိုသို့ နောက်တစ်ရက်မှ ပြန်ရောက်လာကြပါသည်။ ယင်းအကြမ်းဖက်မှု လုပ်ဆောင် ပြီးနောက် ၎င်းတို့ ခေါ်ယူလာသူတို့အား ကားဖြင့် ပြန်လည်ခေါ်ယူလာပြီး ရေဦးမယကရုံးတွင် ညနေစာ (ည ၁၀နာရီ၊ ၁၁နာရီ ခန့်တွင်) ထမင်းကျွေးပြီး ရွှေဘိုမြို့သို့ ညတွင်းချင်းပြန် ခေါ်လာခဲ့ပါသည်။

ယခု အစီရင်ခံစာပါ အကြောင်းအရာများမှာ (၂၀၀၃ ခုနှစ် မေလအတွင်း) စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့ အနီးရှိ "ကြည်ရွာ" ကျေးရွာတဝိုက်တွင် အကြမ်းဖက်တိုက်ခိုက်ရန် ကြိုတင်ပြင်ဆင်ခဲ့ပုံနှင့် ပါဝင်ပတ်သက်သူများအကြောင်း ရရှိသမျှအချက်အလက်များဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်း စုကြည် ဦးဆောင်သော "စစ်ကိုင်းတိုင်း စည်းရုံးရေးခရီးစဉ်" ယာဉ်တန်းအား ချုံခို တိုက်ခိုက်ချေမှုန်းရန် ရွှေဘိုခရိုင် ခယက ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီးသန်းဟန်က ကြီးကြပ် ကွပ်ကဲခဲ့ပါသည်။ ဒုဗိုလ်မှူးကြီးသန်းဟန်၏ ဒီပဲယင်း သတ်ကွင်းအတွက် ကြိုတင်ပြင်ဆင်ညွှန်ကြား စီစဉ်ဆောင်ရွက်မှုအခြေအနေများကို သိသာစေရန် တင်ပြအစီရင်ခံခြင်း ဖြစ်ပါသည်။

## ဒီပဲယင်းမေလ (၃၀) ရက်၊ နိုင်ငံရေးလုပ်ကြံမှု ကြိုတင်ကြံစည်ဆောင်ရွက်မှုတွင် ဦးဆောင်စီစဉ်ညွှန်ကြားသူများနှင့် ပါဝင်သူများ စာရင်း

၁။ စစ်ကိုင်းတိုင်း တယက အတွင်းရေးမှူး ဗိုလ်မှူးရဲထွင့်
၂။ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခယက ဥက္ကဋ္ဌဒုဗိုလ်မှူးကြီးသန်းဟန်
၃။ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခယက အတွင်းရေးမှူးဗိုလ်မှူးသိန်းထွင့်
၄။ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ မယက ဥက္ကဋ္ဌဦးမြဆွေ
၅။ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ မယက အတွင်းရေးမှူး ဦးသိန်းဝင်း
၆။ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ရဲမှူးကြီးဦးလှမြင့်
၇။ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ဒုတိယမြို့နယ်ရဲမှူး
၈။ ဒီပဲယင်း မယကဥက္ကဋ္ဌ – ဦးတင်အုန်း (ယခု ရန်ကုန်တိုင်း ပန်းပဲတန်းမြို့နယ်ဥက္ကဋ္ဌ)
၉။ ဒီပဲယင်း မယကအတွင်းရေးမှူး – ဦးသက်ဦးမောင်
၁၀။ ဒီပဲယင်းမြို့နယ်ရဲတပ်ဖွဲ့မှူး – ဦးသောင်းဝင်း (၃ပွင့်)
၁၁။ ဒီပဲယင်းမြို့နယ် ရဲစခန်းမှူး – ဦးစိန်ဝင်း (၂ပွင့်) (ယခု ရွှေဘိုကျောက်မြောင်းစခန်းမှူး)
၁၂။ စိုင်ပြင်ကျေးရွာ ရယက ဥက္ကဋ္ဌ – ဦးလှသိန်း
၁၃။ စခန်းမှူး– ဦးကြည်ဝင်း (၂ပွင့်)
၁၄။ ခင်ဦးမြို့နယ် မယကဥက္ကဋ္ဌ ဦးညွန့်မြိုင်
၁၅။ ခင်ဦးမြို့နယ် မယကအတွင်းရေးမှူး – ဦးမြင့်ထွန်း

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ရပ်ကွက် (၁၀)ခုမှ ပါဝင်ဦးဆောင်ရသူ ၊ ရယက ဥက္ကဋ္ဌများ၏ အမည်စာရင်း

၁။ ရပ်ကွက် (၁) ဥက္ကဋ္ဌ ဦးမြင့်သောင်း
၂။ ရပ်ကွက် (၂) ဥက္ကဋ္ဌ ဦးခင်မောင်ညို
၃။ ရပ်ကွက် (၃) ဥက္ကဋ္ဌ ဦးကျော်ဝင်း
၄။ ရပ်ကွက် (၄) ဥက္ကဋ္ဌ ဦးမျိုးရွှေ
၅။ ရပ်ကွက် (၅) ဥက္ကဋ္ဌ ခင်မောင်လင်း
၆။ ရပ်ကွက် (၆) ဥက္ကဋ္ဌ ဦးမောင်ကြီး
၇။ ရပ်ကွက် (၇) ဥက္ကဋ္ဌ ဦးသန်းမြင့်
၈။ ရပ်ကွက် (၈) ဥက္ကဋ္ဌ ဦးခင်မောင်မျိုး
၉။ ရပ်ကွက် (၉) ဥက္ကဋ္ဌ ဦးရင်မောင်
၁၀။ ရပ်ကွက် (၁၀) ဥက္ကဋ္ဌ ဦးဘကြည်

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်အတွင်း နယ်များမှ ခေါ်ဆောင်တာဝန်ပေးခံရသူများစာရင်း

၁။ ရဲတပ်ကြပ် ကျော်တင့်
၂။ ဆိပ်ခွန်ရွာမှ ကြံ့ဖွံ့မောင်တိုးမြင့်၊ မောင်ပြားကြီး
၃။ ရေတော်မှုမှ မောင်ပွဲ
၄။ တယ်ပင် ရယက ဥက္ကဋ္ဌ ဦးထွန်းမြင့်
၅။ ဆိပ်ခွန်ရဲစခန်းမှ ဒုလုံခြုံရေးမှူး ဝင်းတင်၊ ယင်းအုပ်စု ဗိုလ်တဲကုန်းရွာမှ မောင်ဒေါင်းချို အပါအဝင်(၅) ယောက်၊ ကားပါ တပါတည်းခေါ်ယူလာသည်။

စစ်ကိုင်းတိုင်းရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် နိုင်ငံရေးလုပ်ကြံမှု အရေးအခင်းအတွက် ရွှေဘိုခရိုင်အာဏာပိုင် အဖွဲ့အစည်းမှ အဓမ္မ ချောဆွဲ အသုံးပြုခံရသော ကားများစာရင်း

၁။ ရန်အောင်မန်း ကားအသင်းမှ
ယာဉ်အမှတ် အ/ ၄၃၅၇ ယာဉ်မောင်း ကိုမျိုး
ယာဉ်အမှတ် ၁သ/ ၇၈၇၈ ယာဉ်မောင်း ကိုသိန်းတန်
ယာဉ်အမှတ် ၅/ ၇၄၉၇ ယာဉ်မောင်း ဖော်ကြီး
ယာဉ်အမှတ် ၂/က ၁၃၁၄ ယာဉ်မောင်း ကိုကုလား
ယာဉ်အမှတ် ဒ/ ၈၉၉၂ ယာဉ်မောင်း ကိုညွှပ်စိ

၂။ နန်းမြင့်ကားသင်းမှ
ယာဉ်အမှတ် အ က/ ၄၆၉၂ ယာဉ်မောင်း ကိုမိုးခမ်း
ယာဉ်အမှတ် ၂က / ၅၇၉၆ ယာဉ်မောင်း ကိုတင်မြင့်
ယာဉ်အမှတ် ၆က/ ၅၂၈၆ ယာဉ်မောင်း မောင်ကိုလေး
ယာဉ်အမှတ် ၅က / ၈၆၆၇ ယာဉ်မောင်း အမည်မသိ
ယာဉ်အမှတ် ၁က / ၈၉၉၂ ယာဉ်မောင်း အမည်မသိ

၃။ အောင်နိုင်မန်းကားသင်းမှ
ယာဉ်အမှတ် ၆က /၅၁၈၆ မှန်လုံ ယဉ်မောင်း ကိုဖုန်း
ယာဉ်အမှတ် ၁သ/ ၆၃၄၅ ဒိုင်နာ ယဉ်မောင်းမသိ

၄။ ကံယာမင်းကားသင်းမှ
ယာဉ်အမှတ် ၃က / ၃၈၂၄
ယာဉ်အမှတ် ဝဝ/ ၄၉၅၁
ယာဉ်အမှတ် ၇က / ၇၀၅၀

၅။ ရန်အောင်ပတ္တမြားကားသင်းမှ
ယာဉ်အမှတ် ၇က / ၅၃၀၉ တို့ဖြစ်ပါသည်။

## ဒီပဲယင်း နိုင်ငံရေး အကြမ်းဖက် လုပ်ကြံတိုက်ခိုက်မှုဆိုင်ရာ ထပ်မံ စုံစမ်းတွေ့ရှိချက်များ

၂၉-၅-၂၀၀၃ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် သူ၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဌေးနိုင်ဝင်းအား ရန်ကုန် စစ်ရုံးချုပ်တွင် ချန်ထားရစ်ခဲ့ပြီး အခြားတစ်ယောက်အား ယာယီ P. S. O ခန့်ထား၍ မုံရွာသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ဗိုလ်ကြီးဌေးနိုင်ဝင်းက အခြားဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်စိုးဝင်း ရန်ကုန်တွင်ရှိနေသယောင် ပြောဆိုဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

မေ (၂၉)ရက်နေ့တွင် ဗိုလ်ချုပ်စိုးဝင်းသည် န-မ-ခတွင် သီးသန့်ရုံးထိုင်ပါသည်။ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ယခင် န-မ-ခ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့နှစ်ဦးသာ ရုံးခန်းသို့ဝင်ခွင့်ရပြီး ယာယီ P. S. O သည်ပင်လျှင် ရုံးခန်းအပြင်၌သာ စောင့်ရပါသည်။ ဗိုလ်မှူးကြီးတင်လှိုင်နှင့် န-မ-ခ တိုင်းမှူးစိုးနိုင်တို့အား ဗိုလ်ချုပ်စိုးဝင်းမှ တိုက်ရိုက် ညွှန်ကြားပါသည်။

ပြည်ထဲရေးဝန်ကြီးနှင့် န-မ-ခ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံထိန်းတပ်ဖွဲ့၊ **SB**၊ တ-ယ-က၊ ခ-ယ-က၊ မ-ယ-က၊ တို့အား ထပ်ဆင့်အမိန့်ပေးညွှန်ကြားပါသည်။ ညွှန်ကြားချက်များကို ပြည်ထဲရေးဝန်ကြီး တင်လှိုင်မှ ဖတ်ပြပြီး ပြန်လည်သိမ်းဆည်းသွားကြောင်း သိရပါသည်။ ညွှန်ကြားချက် စာရွက်စာတမ်း တစ်စုံတစ်ရာမျှ မချန်ခဲ့ပါ။ တပ်ပိုင်းဆိုင်ရာကို တိုင်မှူး ဗိုလ်ချုပ်စိုးနိုင်က တိုက်ရိုက်ကွပ်ကဲ ညွှန်ကြားပါသည်။ ရေ့တန်းတွင် မုံရွာရှိ တ-ယ-ကမှ ထပ်ဆင့်ညွှန်ကြားပြီး ရွှေဘိုခရိုင် ခ-ယ-ကနှင့် ဒီပဲယင်း မ-ယ-ကတို့က အဓိကတိုက်ရိုက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ပါသည်။

ကြည်ရွာရှိ လူဆိုးလူမိုက်များက ဒေါ်အောင်ဆန်းစုကြည်အား ဆန့်ကျင်သဖြင့် ရိုက်နှက်သယောင်ဆောင်ရန် ကြိုတင်စီစဉ်လျက် ကြည်ရွာအား သတ်ကွင်းအဖြစ် ရွေးချယ်ခဲ့ကြောင်းသိရပါသည်။ ယခုအခါ ကြည်ရွာ ရ-ယ-က ဥက္ကဋ္ဌအား စကားပြောစက်ပေးထားပြီး အရပ်ဝတ်ဖြင့် ရဲနှစ်ဦးကို လုံခြုံရေးပေးထားပါသည်။ ထောက်လှမ်းရေး(၂၀)မှ တပ်ကြပ်ကြီး မြတ်ကျော်က ကြည်ရွာတွင် စေတည်းချကာ လူဝင်လူထွက်ကို အထူးစောင့်ကြပ်စစ်ဆေးနေပါသည်။

ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့၏ ခရီးစဉ် ဘုတလင်မြို့သို့ မရောက်မီ ကြိုတင် ပြင်ဆင်ချက်များကို လေ့လာခဲ့ရာ ၊ ၂၇-၅-၂၀၀၃ရက်နေ့တွင် ခေါ်စုရောက်မည်ဟု အခိုင်အမာ တွက်ချက်ထားကြောင်းတွေ့ရပါသည်။ ၂၅-၅-၂၀၀၃ရက်၊ ညတွင် ဆန့်ကျင်ပိုစတာများစတင်ကပ်ထားသည်ကို တွေ့ရပါသည်။ ဆိုင်ကယ်များကိုလည်း စီမံချက်ချ၍ ဖမ်းဆီးထိန်းသိမ်းထားခဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တစ်ပတ်ခန့် ကြိုတင်လျက်၊ တုတ်များ၊ ဒိုင်းများဖြင့် နေ့စဉ်လေ့ကျင့်နေရပါသည်။ ရဲတပ်ဖွဲ့ စခန်းအတွင်း၌ ချောကားကြီး (၂)စီး အသင့် ပြင်ထားပါသည်။ ကားပေါ်တွင် အသံချဲ့စက် တပ်ဆင်ထားပါသည်။ အာဏာပိုင်အဖွဲ့အစည်းနှင့် ကြံ့ဖွံ့တို့ ပူးပေါင်း၍ စွမ်းအားရှင်နာမည်ပေးကာ လူစုခဲ့ပါသည်။ လူတဦးလျှင် ငွေကြေး (၅၀၀)ကျပ်နှုန်းမှစတင်ပြီး (၈၀၀)ကျပ်နှုန်းထိ နေ့စဉ် နေ့တွက်ပေး၍ စည်းရုံးကျွေးမွေးကာ လူစုစည်းခြင်း ပြုလုပ်ခဲ့ကြောင်းသိရသည်။

၂၉-၅-၂၀၀၃ ရက်နေ့ ညဘက်၌ စုစည်းထားသူများသည် အခြေအနေကို ရိပ်စားမိကြ၍၊ ထွက်ပြေးသွားကြပါသည်။

၃၀-၅-၂၀၀၃ ရက်နေ့၊ နံနက်(၄း ၃၀နာရီ )ခန့်တွင် နောက်ဆုံးသတင်းကြားသိရသည်မှာ ချောထွဲထားသော ကား (၉)စီးဖြင့် ကျေးရွာများသို့ သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုရန်ဟုပြောဆိုကြပြီး လူများကို မြှားယောင်း စုဆောင်းခေါ်ယူခဲ့သည်။ မြို့သို့ရောက်မှ ဆန့်ကျင်လုပ်ဆောင်ဖို့ရာ ပြောဆိုစည်းရုံးရာ လက်မခံကြဘဲ အားလုံး ပြန်လည်ထွက်ခွာသွားကြသည် ဟုသိရသည်။ ဤသို့ဖြင့် ဘုတလင်မြို့တွင် အနှောင့်အယှက်ပေးရေးစီမံချက်သည် ပျက်ပြယ်သွားရသည်။ (မူလ စီမံချက်မှာ ဘုတလင်မြို့မှာ ပြုလုပ်ရန်ဖြစ်သည်ဟု သိရှိရပါသည် )။ ၃၀-၅-၂၀၀၃ ရက်နေ့၊ ဒီပဲယင်းအရေးအခင်းတွင် ရ-ယ-က တာဝန်ရှိသူများ၊ ကြံ့ဖွံ့များ၊ မီးသတ်၊ ရဲအဖွဲ့ဝင်များအနက်မှ (အချို့မှာ အကြောင်း အမျိုးမျိုးပြ၍ ရှောင်တိမ်းနေခဲ့ကြသည်ဟု နောက်ပိုင်း၌ လေ့လာသိရှိရပါသည် )။

အခင်းဖြစ်ပွားပြီး ၃၁-၅-၂၀၀၃ရက်နေ့တွင် အလောင်းများ တင်လာသောကားများဖြစ်မည်ဟု ယူဆရသော ကုဏ္ဍိုကိုင်းများ ဖုံးအုပ်မောင်းနှင်လာသော ကားများကို တွေ့ရသည်ဟု သတင်းများရရှိကြသည်။ ဘုရားတွက်ရွာအနီးတွင် အလောင်းများ မြှုပ်နှံခဲ့သည်ဟု သိရှိခဲ့ရပါသည်။

နောက်ဆုံးအခြေအနေမှာ ဒီပဲယင်းမြို့နယ် ကြည်ရွာမှ အိမ်ထောင်ဦးစီး ယောကျ်ားအများစုသည် ယခုတိုင် ရွာသို့ ပြန်လည်ရောက်ရှိမလာနိုင်သေးဘဲ တိမ်းရှောင်နေကြဆဲဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

(၁) ၃၀–၅–၂၀၀၃ရက်နေ့တွင် ဒု–ဥက္ကဋ္ဌကြီး ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့သည် နေ့ (၁၃း ၃၀ နာရီ)ခန့်တွင် ဘုတလင်မြို့သို့ ရောက်ရှိလာပါသည်။ ဒု–ဥက္ကဋ္ဌကြီးဦးတင်ဦးမှ ပြည်သူများကို နှုတ်ခွန်းဆက်ပြီး ဘုတလင်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးခန်းဖွင့်လှစ်ရန်နှင့် ဆိုင်းဘုတ်တင်နိုင်ရေးအတွက် အောင်ဂါထာများ၊ မင်္ဂလာဂါထာမန္တန်များ ရွတ်ဖတ်ပေးပြီး ဒေါ်အောင်ဆန်းစုကြည်မှ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ၄င်းနောက် ပြည်သူများအား စည်းကမ်းရှိရေး၊ ကြောက်ရွံ့ခြင်း ကင်းဝေးရေး၊ ညီညွတ်ရေးနှင့် ဒီမိုကရေစီအရေးတို့ကို ဟောပြောသွားပါသည်။

(၂) ဆက်လက်၍၃၀–၅–၂၀၀၃ ရက်နေ့မှာပင် ဒေါ်အောင်ဆန်းစုကြည်၏ဦးဆောင်မှုဖြင့်၊ အထက်မြန်မာပြည် လူငယ်တာဝန်ခံများသည် ဘုတလင်မြို့နယ်၊ လူငယ်လုပ်ငန်းအဖွဲ့ကို ဒီမိုကရေစီနည်းအရ ဖွဲ့စည်းပေးခဲ့ပါသည်။ ဒုဥက္ကဋ္ဌ ဦးတင်ဦးသည် ဘုတလင်မြို့နယ်အဖွဲ့ချုပ် ရပ်/ကျေး အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

(၃) ထိုနေ့ (၁၇ း ၃၀နာရီ )ခန့်တွင်၊ ဘုတလင်မြို့မှ ဒီပဲယင်းမြို့နယ်သို့ ဆက်လက်ထွက်ခွာပါသည်။ စိုင်ပြင်ကြီးရွာ (ဒီပဲယင်းမြို့နယ်)တွင် ခေတ္တရပ်နား၍၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် (ရွှေဘိုထောင်တွင် ကျခံနေရသူ) မိသားစုကို တွေ့ဆုံအားပေးပါသည်။

(၄) ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ (၁၉ း ၀၀)နာရီကျော်ခန့်တွင်၊ ကြည်ရွာအနီးသို့ ရောက်ရှိပါသည်။ ဘုတလင်မြို့မှ လိုက်ပါပို့ဆောင်သော ယာဉ်အမှတ် (ဏ/၂၈၉၈) ဟိုင်းလတ် ငါးချိတ် အဖြူရောင်ကားကို ယာဉ်မောင်း ကိုတောက်ထွန်းဆွေ (အတွင်းရေးမှူး ဦးခင်ဆွေ၏သား) ကမောင်းနှင်ပါသည်။ ဘုတလင်မြို့နယ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးဗိုလ်ညွှန့် ကြီးကြပ်လျက် ကားပေါ်တွင် သံဃာတော်များကို တင်ဆောင်ကာ ယာဉ်တန်း နောက်ဆုံးကားအဖြစ် လိုက်ပါလာခဲ့ပါသည်။ အကြမ်းဖက်လုပ်ကြံတိုက်ခိုက်မှုမှာ ယာဉ်တန်းနောက်ဆုံးမှ စတင်တိုက်ခိုက်ရိုက်နှက်သဖြင့် ယာဉ်အမှတ် (ဏ/၂၈၉၈) သည် အဦးဆုံးတိုက်ခိုက်ခံရခြင်းဖြစ်ပါသည်။ ကားပေါ်တွင်လိုက်ပါလာသော သံဃာတော်များမှာလည်း ရိုက်နှက်မှုကြောင့် ဒဏ်ရာအသီးသီးရကြပြီး ကစဉ့်ကလျား ပြေးလွှားရင်း တကွဲတပြားဖြစ်သွားပါသည်။

(၅) ကားရှေ့ခန်းရှိ ယာဉ်မောင်း ကိုတောက်ထွန်းဆွေ၊ ဒုဥက္ကဋ္ဌဦးဗိုလ်ညွှန့်နှင့် ရဟန်းငယ်တစ်ပါးတို့မှာ ကားမှန်များကို ရိုက်ခွဲပြီး လူများကို ဆက်လက်ရိုက်ရာ ဒဏ်ရာအသီးသီး၊ သွေးအလူးလူးဖြင့် သေသူအဖြစ် ဟန်ဆောင်နေကြရပါသည်။ ဤတွင် "သေကုန်ပြီ ၊ ကားကို အခြားကားများနှင့်ပေါင်းပြီး မီးရှို့ကြရအောင် "ဟုပြောပြီး စုပေါင်း၍ ကားကို တွန်းကြပါသည်။ ဤသို့တွန်းရာတွင် ခက်ခဲသွားအောင် ယာဉ်မောင်းကိုတောက်ထွန်းဆွေက ကားကိုညာဘက်သို့ ဆွဲချလိုက်ရာ " ဟာ–မသေသေးဘူးကွ၊ ဟိတ်ကောင်တွေ မင်းတို့ပါတာ အကုန်ပေး၊ အားလုံးဆင်း "ဟုခိုင်းရာ၊ ကိုတောက်ထွန်းဆွေက သူ့မှာ ပါလာသောငွေ (၁၀၀၀ိ) ကျပ်တစ်ထောင်ကို ပေးပါသည်။ အကျႌအိတ်ထောင့်မှာ ဖောင်းနေသေးရာ " ဟိတ်ကောင် ပါတာအကုန်ပေးဆိုတာ မကြားဘူးလား"ဟု ပြောဆိုပြီး၊ အိတ်ထောင်ထဲမှ ဆွဲလုရာ ဘုတလင်မြို့ အသုဘ တစ်ခုမှ ကမ်းလိုက်သော ဆပ်ပြာမှုန့်ထုပ်အသေးစားအား ယူသွားပါသည်။ ကားမှ ဆင်းပေးလိုက်သည်နှင့် တစ်ပြိုင်တည်း ဆက်တိုက်ရိုက်နှက်ရာ ဦးခေါင်းကွဲပြဲ၊ လက်သန်း၊ လက်ညှိုးနှင့် လက်ချောင်းငယ်များ ကျိုးကြေ ဒဏ်ရာရပြီး မေ့လဲသွားပါတော့သည်။ ၃၀–၅–၂၀၀၃ရက်နေ့ညတွင် န–မ–ခ ဆေးရုံသို့ ရောက်ရှိကုသခံခဲ့ရပြီးနောက် ဆေးရုံမှာပင် ဒဏ်ရာသွေးထွက်လွန် မေ့မြောနေသဖြင့် အထူးဝိုင်းဝန်းကုသခြင်း ခံခဲ့ရသည်။ အစားအစာ ကောင်းစွာမစားနိုင်ဘဲ ရှိနေသော်လည်း ၉–၆–၂၀၀၃ ရက်နေ့တွင် ရွှေဘိုထောင်သို့ ပို့လိုက်ပါသည်။ ၂၆–၆–၂၀၀၃ရက်နေ့တွင် အိမ်တိုင်ရာရောက် ပြန်ပို့ပေးခဲ့ပါသည်။

(၆) ဒု–ဥက္ကဋ္ဌဦးဗိုလ်ညွှန့်သည် သေဟန်ဆောင်နေရာမှ ယာဉ်မောင်းကိုတောက်ထွန်းဆွေကို ရိုက်နှက်သည်မြင်ပြီး ကားရှေ့လေကာမှန်ကွဲနေပြီဖြစ်သဖြင့် ၊ ရှေ့ကားမှန်အပေါက်မှခုန်ဆင်းလိုက်ရာ ကားရှေ့ပိုင်းဘောနက်ပေါ်မှာပင် ကြိုးဆီးရိုက်ကြရာ ဦးခေါင်းညာဘက် (၁၂)ချက်၊ ဘယ်ဘက် (၅)ချက် ချုပ်ရသည်။ ဘယ်ခြေထောက် ခြေသလုံး ကျိုးကြေသွားခဲ့ရာ ယခု ကုသပြီးသော်လည်းပုံမှန်သွားလာမရ ဖြစ်နေသည်။ နှစ်လက်မခန့်ရှိသောအရိုး အကျိုးအကြေ တစ်ခုမှာလည်း ထပ်မံခွဲထုတ်ရဦးမည့် အခြေအနေမှာ ရှိပါသည်။ ၄င်းအား ၁၄–၉–၂၀၀၃ ရက်နေ့တွင် န–မ–ခ ဆေးရုံ၊ ညေ့ရိပ်သာမှ အိမ်သို့ပြန်ပို့ပေးခဲ့ပါသည်။

(၇) ရှေ့ခန်းပါ ရဟန်းငယ်မှာလည်း ဦးခေါင်းကွဲ၊ လက်ကျိုးသွားသည်ကို တွေ့ရှိခဲ့ရသည်ဟု သိရှိရပါသည်။

(၈) ဘုတလင်မြို့နယ် ပြည်သူနှင့် လူငယ် (၅၀)ကျော်ခန့်မှာ အုပ်စုလိုက် ဆိုင်ကယ်များနှင့် လိုက်ပါခဲ့ပါသည်။ နယ်မြေကျွမ်းကျင်သူ ခရီးလမ်းကျွမ်းကျင်သူများ ဖြစ်သဖြင့် တိုက်ခိုက်ခံရမှုမှ၊ အများစု လွတ်မြောက်ပြန်လာနိုင်ကြသော်လည်း ကိုဇော်မြင့် (သော်ဦးဘရွာ)မှာ အဖမ်းခံခဲ့ရပြီး၊ ရွှေဘိုထောင်သို့ ပို့ဆောင်ခံရပါသည်။ ၄င်း၏ဆိုင်ကယ် ဆုံးရှုံးသွားပါသည်။ ၂၆–၅–၂၀၀၃ရက်နေ့တွင် ကိုဇော်မြင့် ပြန်လွတ်ခဲ့ပါသည်။ မောင်မြင့် (မြင်သာရွာ)သည်လည်း လူလွတ်ထွက်ပြေးခဲ့ရပြီး ၄င်း၏ဆိုင်ကယ် ကျန်ရစ်ဆုံးရှုံးခဲ့ရပါသည်။ ဘုတလင်မြို့နယ်မှ ဆိုင်ကယ်များစွာသည် အခြားထွက်ပြေးလွတ်မြောက်လာသူများ၊ ဒဏ်ရာရသူများကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး၊ လိုအပ်သလို အကူအညီများပေးခဲ့ကြပါသည်။

(၉) ဘုတလင်မြို့ ဥက္ကဋ္ဌ ဦးအောင်ဆန်း၏နေအိမ်တွင် စုရပ်အဖြစ်ထားပြီး ရောက်ရှိလာသော ဒုက္ခသည်များကို လုံခြုံစွာ စောင့်ရှောက်ခြင်း၊ စားသောက်နေထိုင်မှုများ စီစဉ်ပေးခြင်း၊ မိသားစုများနှင့်ဆက်သွယ်ပေးခြင်း စသည်တို့ကို များစွာ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ မုံရွာလေးမြို့မှ (၁) ဦးခင်မောင်သောင်း၊ (၂) ဦးတိုး၊ (၃) ဦးတင်မြင့်၊ (၄) ဦးထွန်းဝင်း၊ (၅) ဦးထွန်းအောင်ကျော် (မုံရွာ)တို့၏ဒဏ်ရာများအတွက် မေးနိုင်ကာကွယ်ဆေးများထိုးခြင်း၊ ကုသခြင်းဆိုင်ရာ ဆေးထိုး၊ ဆေးကျွေး၊ အကွဲ၊ အပြဲ ချုပ်ခြင်း၊ အကျိုးအဏ်ရာများအတွက် ကျောက်ပတ်တီးများစီးခြင်း၊ စား၊ ဝတ်၊ နေ၊ ကိစ္စများကို မြို့သူ၊ မြို့သား၊ အဖွဲ့ဝင် များက အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြပါသည်။ဖမ်းဆီးခြင်းပြုမည့်နေ့ရက်တွင် လုံခြုံစွာစီစဉ်ပေးပြီး လွတ်မြောက် ရာသို့ ကူညီပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ အမှတ်စဉ်(၅) ဦးထွန်းအောင်ကျော် (မုံရွာ)မှာ (၂)လခန့်အကြာတွင် သေဆုံး သွားခဲ့သည်ဟု သိရှိရပါသည်။

(၁၀) ဤသို့ ရက်ရှည် ကုသဆောင်ရွက်လက်ခံခြင်းနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌဦးအောင်ဆန်း၏ဇနီး ဒေါ်ရွှေလန်း၏အိမ်ကို အာဏာပိုင်အဖွဲ့မှ ဝိုင်းဝန်းရှာဖွေ စစ်ဆေးမေးမြန်းမှု ပြုလုပ်ခြင်း ခံခဲ့ရပါသည်။

(၁၁) အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေးတွင်ပါဝင်သော ကိုခင်ဦးသည် ဘုတလင်မြို့သို့ ရောက်ရှိလာရာ ၄င်း၏လုံခြုံရေးအတွက် ကျေးရွာငယ်တွင် အထူးကြပ်မတ် စောင့်ရှောက်ထားပြီး လုံခြုံစိတ်ချရချိန်တွင် ဘေးကင်းရာသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

(၁၂) ဘုတလင်မြို့နယ် ဥက္ကဋ္ဌ – ဦးအောင်ဆန်းအား ဒေါ်အောင်ဆန်းစုကြည်က" မုံရွာမှလိုက်ပို့သော ဆိုင်ကယ်တွေ၊ ဖီးတောရွာမှာ တားဆီးခံနေရသည်ဟု ကြားသိရသည်။ တိုင်းမှတာဝန်ရှိသူ တစ်ဦးနှင့် သွားရောက်ဖြေရှင်းပါ။ မိမိမြို့နယ်အတွင်းဖြစ်နေတာဆိုတော့ ဦးအောင်ဆန်းလိုက်သွားပါ " ဟု တာဝန်ပေး လိုက်သဖြင့် (၁၄း ၃၀)နာရီခန့်တွင် တိုင်းတွဲဘက်အတွင်းရေးမှူး ဦးထွန်းမြိုင်နှင့်အတူ– ရဟန်း (၂)ပါး၊ ပါဝင်ပြီး ယာဉ်မောင်း ဦးကျော်အေး (ဦးဘဘ၏ကား) အပါအဝင် ခရီးထွက်ခဲ့ရာ ဘုတလင်မှ တစ်မိုင်ခွဲခန့်အကွာ ထိန်ပင်ကန်အနီးတွင် (၃)တန်ကားကြီး (၁၂)စီးပေါ်တွင် လက်ကောက်ဝတ် အဖြူပတ်စီးထားသော လူအပြည့်နှင့် ဟိုင်းလတ်ကား (၂)စီးပေါ်တွင် သံဃာအတုများကို တွေ့ရှိရသည်။ (သံဃာအတုဟု ဆိုနိုင်သည်မှာ သင်္ကန်း လက်ကန်တော့ မပြုတ်ရန် အပ်ချိတ်များနှင့် တွယ်ချိတ်ထားသည်ကို မြင်တွေ့ရပါသည်) ဘုတလင်မြို့နယ်အဆုံး ဖီးတောရွာအရောက်တွင် ရွာမှာတိတ်ဆိတ်နေပြီး လမ်းဘေး လူတစ်ဦးတွေ့၍ စုံစမ်းရာ "ဆိုင်ကယ်တွေတော့ မြို့ပေါ် ရွာဘက်မောင်းသွားကြတယ်"လို့ပြောပါတယ်၊ သေချာရေရာသောအကြောင်း မသိရသဖြင့် လှမ်းမြင်နေရသော ပေလမ်းပေါ်မှ ယာယီဂိတ်ကို သွားရောက်စုံစမ်းရာ တာဝန်ရှိသူနှင့်တွေ့ပေးပါမည်ဟု ပြောပြီး ခရိုင်ရဲမှူးကြီးအဆင့်ရှိ သူနှင့်တွေ့ရာ၊ သူကလည်း တာဝန်ရှိသူနှင့် တွေ့ပေးပါမည်ဟုပြောပါသည်။ ဤနေရာတွင်လည်း ကားကြီး (၅)စီးနှင့် ဘောက်ဆာကား (၁)စီး၊ သံဆူးကြိုးကာပစ္စည်းများစွာကိုလည်းတွေ့ရပါသည်။ လက်ကောက်ဝတ် အဝတ်ဖြူပတ်၍ တုတ်ကိုင်ထားသော လူများစွာကိုလည်း တွေ့ရပါသည်။ ဦးထွန်းမြိုင်မှ ကင်မရာဖြင့် မှတ်တမ်းတင်ရန်ကြိုးစားရာ ရိုက်ခွင့်မရဘဲ ရဲတစ်ဦးမှ လမ်းဘေး တုတ်ကိုင်ထိုင်နေသူများကို ကြည့်ပြီး ပုန်းကွယ်မနေသည့်အတွက် ရိုင်းပြစွာဆဲဆိုနေသည်ကို ကြုံတွေ့ရသည်ဟု သိရပါသည်။ ဤသို့ဖြင့် တာဝန်ရှိသူနှင့်တွေ့ပေးပါမည်၊ ကားကို ဆက်မောင်းပါဟုပြောပြီး ရဲများပါ ကားပေါ်တက်စီး မောင်းနှင်လာခဲ့ရာ ထောက်လှမ်းရေး(၂၀)သို့ ရောက်ရှိခဲ့ပြီး ထိန်းသိမ်းစစ်ကြော ပြုလုပ်ခံရပါသည်။ (၃၀–၅–၂၀၀၃) ညည့် (၁၂) နာရီမှာ ကားပေါ်တင်ပြီး သယ်ဆောင်သွားရာ (၁–၆–၂၀၀၃)နံက် (၆) နာရီတွင် ရွှေဘိုမြို့ အကျဉ်းထောင်သို့ပို့ဆောင် ချုပ်နှောင်ခံခဲ့ရပါသည်။ ၇ လခွဲကြာ ချုပ်နှောင်ခံရပြီး (၁၆–၁–၂၀၀၄)ရက် ည (၉)နာရီ အချိန်တွင် အိမ်သို့အရောက် ပြန်ပို့ကာ လွှတ်ပေးခဲ့ပါသည်။

(၁၃) ဘုတလင်မြို့နယ် အဖွဲ့ချုပ်ရုံးကို (၃၁–၅–၂၀၀၃)နေ့ ညနေ (၁၆း၀၀) နာရီခန့်မှာ အာဏာပိုင်အဖွဲ့မှ ရုံးခန်းကို ချိပ်ပိတ်သွားပါသည်။ (၁–၆–၂၀၀၃)နေ့ နံနက် (၈း၀၀)နာရီအချိန်မှာ ဘဏ္ဍာရေးမှူး ဦးညိုကို သက်သေပြု၍ အာဏာပိုင်အဖွဲ့မှ ဆိုင်းဘုတ်ကို ဖြုတ်ယူသွားပါသည်။

(၁၄) ယခုအခါတွင် ဘုတလင်မြို့နယ်အဖွဲ့ချုပ်၊ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်များနှင့် လူငယ်လုပ်ငန်းအဖွဲ့ဝင်များသည် ဥက္ကဋ္ဌ ဦးအောင်ဆန်း၏ နေအိမ်ကို ဆက်သွယ်ရေးစုရပ်အဖြစ် သတ်မှတ်ပြီး လုပ်ငန်းများ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်လျက် ရှိကြပါသည်။

၂၅–၄–၂၀၀၄ ရက်နေ့ ရွှေဘိုထောင်မှလွတ်မြောက်လာသူများ –

| | | |
|---|---|---|
| ၁။ | ဦးမိုးဆွေဦး | ရွှေဘို |
| ၂။ | ဦးတင်မြင့် | ခင်ဦး |
| ၃။ | ဦးမျိုးအောင် | ။ |
| ၄။ | ဦးတင်ကို | ။ |
| ၅။ | ဦးကျော်လှိုင် | ရေဦး |
| ၆။ | ဦးထွန်းထွန်းဟန် | ရေဦး |
| ၇။ | ဦးမြင့်ဖော် | ရေဦး |
| ၈။ | ဦးဝင်းမြင့်အောင် | ဒီပဲယင်းမြို့နယ် (စိုင်ပြင် MP) |
| ၉။ | ဦးဝင်းမောင် | ။ |
| ၁၀။ | ဦးတင်လှိုင် | ။ |
| ၁၁။ | ဦးတိုက်သစ် | ။ |
| ၁၂။ | ဦးဝိမလ | ကြည်ရွာ |
| ၁၃။ | ဦးဇဝန | ။ |
| ၁၄။ | ဦးကြီးညို | ။ |
| ၁၅။ | ဦးတိုက်မင်း | ။ |
| ၁၆။ | ဦးစက်ငွေ | ။ |
| ၁၇။ | ဦးခင်မောင်လွင် | ။ |

<u>ဒီပဲယင်းမြို့</u>
<u>(လယ်တီဆရာတော်အသုံးအနှုန်း = ဒီပါရင်း)</u>
<u>ကျေးရွာအုပ်စု = ၅၈အုပ်စု</u>
<u>ကျေးရွာပေါင်း = ၂၀၂ ရွာ</u>

- စိုင်ပြင်ကျေးရွာမှာ မိုင်တိုင်အမှတ် ၁၁၇ နှင့် ၁၁၈ ကြားတွင် ရှိပါသည်။ အခင်းဖြစ်ဒေသတွင် အကြီးဆုံးရွာကြီးဖြစ်ပြီး ရွာတန်းအရှည် (ကားလမ်းအတိုင်း) တစ်မိုင်ခန့် ရှိပါသည်။
- ပုံကျကျေးရွာမှာ မိုင်တိုင်အမှတ် ၁၂၃ တွင် ရှိသည်။ (ရွာငယ်လေး) ဖြစ်သည်။
- ကြည်ရွာမှာ မိုင်တိုင်အမှတ် ၁၂၅ တွင် ရှိ၊ (ရွာငယ်လေး) ဖြစ်သည်။
- ရွာသစ်ရွာမှာ မိုင်တိုင်အမှတ် ၁၂၅ နှင့် ၁၂၆ ကြားတွင် ရှိသည်။
- ဒီပဲယင်းမြို့ (မြို့ငယ် / စိုင်ပြင်ထက်သေး)မှာ မိုင်တိုင်အမှတ် ၁၂၈ တွင် ရှိသည်။
- ပုံကျကျေးရွာနှင့် ကြည်ရွာမှာ တစ်မိုင်နှင့် ငါးဖာလုံ ဝေးပါသည်။
- ကြည်ရွာနှင့် ရွာသစ်ရွာ (အဓိကအခင်းဖြစ်နေရာ)မှာ ခြောက်ဖာလုံ ဝေးပါသည်။
- ရွာသစ်ရွာနှင့် ရေပြေးအဖွဲ့အား ဖမ်းဆီးထိန်းသိမ်းထားသော ဆည်မြောင်းဝန်းမှာ (မုံရွာ–ရေဦး) ကားလမ်း၏ တစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင် တည်ရှိပါသည်။

## ၁။ အချင်းဖြစ်ပွားသည့်ရွာ

(၁) ဘုရားထွက်ကျေးရွာ (ကြည်ကျေးရွာအုပ်စု)
(၂) ရွာသစ်ကျေးရွာ (ရပ်တွေကျေးရွာအုပ်စု)

## ၂။ အထက်ပါနေရာကို ရွေးချယ်ရသည့်အကြောင်းအရင်း

(ဗေဒင်နည်းဟု ယူဆပြောဆိုနေကြသည်)

(၁) ဒီပဲရင်းမြို့
ဒီ = ဒီချုပ်
ပဲ = ဒီချုပ် ပဲရမည်၊ ပျက်ရမည်
ရင်း= ဒီပဲရင်းမှာ ရင်းမည်
(၂) ကြည်ကျေးရွာ
ကြည်ကျေးရွာတွင် စုကြည်ပဲရမည်

## ၃။ ဥပဒေ၊ ညွှန်ကြားချက်များနှင့် ဆန့်ကျင်ခြင်း

(၁) မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်တင်ခြင်း လှုငယ်ဖွဲ့စည်းခြင်း တို့အတွက် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌမှ ခွင့်ပြုမိန့်ကို (၃၀–၅–၀၃) နံနက်ပိုင်းတွင် ထုတ်ပေးခဲ့သည်၊
(၂) ရိုက်နှက်မည့် လူများအား မြို့နယ်ရဲတပ်ဖွဲ့မှူးမှ အရက်ကြိုက်သူများကို အရက်တွင်လည်းကောင်း၊ အရက်မကြိုက်သူများကို ဖျော်ရည်တွင်လည်းကောင်း၊ စိတ်[ ]ကွဆေး ကြိုတင်တိုက်နိုင်းခြင်း၊
(၃) ရိုက်နိုင်းခြင်း၊ လုနိုင်းခြင်း၊
(၄) အချို့သူများအား ငွေပေးမည်ပြော၍ ရိုက်နိုင်းခြင်း၊
(၅) ဆိုင်ကယ်၊ ကားများ သိမ်းယူခြင်း၊

## ၄။ စိတ်[ ]ကွဆေး ရှာပေးရသူ

မြို့နယ် ရဲတပ်ဖွဲ့မှူး၏ စေခိုင်းချက်အရ ဦးမြင့်အဖွဲ့ဝင်(၁) ရအဖ မှ ဦးဆွေတင့်(ဆေးဆိုင်)ကို ရှာခိုင်းသည်။ ဦးမြင့်မှာ ဦးဆွေတင့် (ဆေးဆိုင်)ရှေ့၊ လမ်းဘေးတွင် ကွမ်းယာဆိုင် ဖွင့်လှစ်ရောင်းချနေသူ ဖြစ်သည်။

## ၅။ စိတ်[ ]ကွဆေးတိုက်ကျွေးသူများ

(၁) ဦးတင်ဆွေ ဥက္ကဋ္ဌ၊ မြို့မရပ်ကွက် ရ အ ဖ
(၂) ဦးမြင့်း ဖွဲ့ဝင် (၁)၊ မြို့မရပ်ကွက် ရ အ ဖ
(၃) ဦးစိန်လင်း အရပ်သားရိုးရိုး (ဖျော်ရည် ဖျော်ရန်ခေါ်သွားပြီး စိတ်[ ]ကွဆေး ခပ်ခါနီးမှ သိ၍ ပြန်ထွက်မရ)

## ၆။ အသုံးပြုလက်နက်

– တုတ်ချွန်၊ ဓားချွန်၊ ဓား၊ လေးခွ
– မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်စီမံမှုဖြင့် ဝါးချွန်များကို မြို့ပေါ်ရှိ ဝါးဆိုင်များ (ဦးကျော်ဝင်း၊ ဦးကျော်စိုး၊ ဦးသိန်းအောင်)တို့ထံမှ ရယူ၍ ရဲစခန်းအနီးရှိ ရွှေဇာလီဘုရားကုန်းတော်ပေါ်တွင် ဝါးများဖြတ်တောက်ခြင်း၊ ဝါးချွန်များ ပြုလုပ်ခြင်း၊
– တုတ်ချွန်များကို မြို့မရပ်ကွက်ရှိ ဦးတင်ဝင်း (သစ်စက်)၊ ပရိဘောဂဆိုင်တွင် မြို့နယ် မ အ ဖ စာရေးမောင်ပြီး ဆိုသူက လုပ်ယူခြင်း၊

## ၇။ ရိုက်နှက်ရာတွင် အနီးကပ် ကြီးကြပ်မှုပေးသူများ

(၁) ဗိုလ်ချုပ်စိုးဝင်းနှင့် ဗိုလ်ချုပ်ရဲမြင့် (ယခင်မန္တလေးတိုင်းမှူး) မုံရွာ န မ ခ တွင်နေ၍ ညွှန်ကြား၊
(၂) တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် (နမခ) တိုက်ရိုက်ကွပ်ကဲ
(၃) ရွှေဘိုခရိုင် ခ အ ဖ ဥက္ကဋ္ဌ ဒု–ဗိုလ်မှူးကြီးသန်းဟန်နှင့် အဖွဲ့ဝင်များ (ရွာသစ်ဆည်မြောင်းဝင်းအတွင်းရှိ)
(၄) မြို့နယ် မ အ ဖ ဥက္ကဋ္ဌဦးတင်အုံး (ယခု ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များ
(၅) မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသောင်းဝင်းနှင့် ရဲဘော်များ (ယခု ဗထူးတွင် သင်တန်းတက်နေသူ)

## ၈။ ရိုက်နှက်သူများ

(၁) ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များမှ
- ရဲတပ်သားများ
- ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ
- စွမ်းအားရှင်အဖွဲ့များ

(၂) ဒီပဲယင်းမြို့နယ်မှ
- ရဲတပ်သားများ
- မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ
- မြို့နယ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ
- မြို့နယ် စွမ်းအားရှင် အဖွဲ့ဝင်များ
-ဝန်ထမ်းများ (မြို့နယ် လ ဝ က / ပြန်ဆက်/ သ/ မ ဦးစီဌာနမှ ဝန်ထမ်းများဖြစ်သည်၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များလည်းဖြစ်သည်)။

(၃) မြို့ပေါ်၌ ရိုက်နှက်ရာတွင် သတင်းကြီးနေသူများ
၁။ ဦးအောင်စိုးဝင်း (သ/ မ ဝန်ထမ်း) ရွှေ ၁၀ိ/ သားရသူဟု သတင်းကြီးနေသူ
၂။ ဦးမျိုးအောင် (လ ဝ က ဝန်ထမ်း) မြို့နယ်အရန်မီးသတ်
၃။ ဦးကျော်ဦး (လ ဝ က ဝန်ထမ်း)
၄။ ဦးလှမို (ပြန်/ ဆက် ဝန်ထမ်း) မြို့နယ်ပြည်ခိုင်ဖြိုးအဖွဲ့ဝင် (ရွှေရသည်ဟု သတင်းကြီးနေသူ)
၅။ ဦးစိုးတင့် (တောင်ပြင်ရပ်ကွက်သား)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လက်ရုံး
- လူ(၇)ဦး သတ်သူ
- မုဒိန်းကျင့်သူ
- ရွှေရသည်ဟု သတင်းကြီးနေသူ
၆။ ဦးဖိုးခွေး (မြို့နယ်ပြည်ခိုင်ဖြိုးအဖွဲ့ဝင်)
- မုဒိန်းကျင့်သူ
- ရွှေရသည်ဟု သတင်းကြီးနေသူ
၇။ ဦးဖိုးအေး (လက်တီးကျေးရွာသား)
- (၄)ဦးသတ်သူ (၄–ဦးတွင် မေမြို့မှ ကျောင်းသူတဦးပါသည်ဟု သိရသည်)
- ရိုက်နှက်၊ လူသတ်ပြီး ရွာအရက်ဆိုင်တွင် မူးကြောင်မူးကြောင်ဖြစ် ကိုယ်တိုင်လျှောက်ပြောနေသူ
၈။ ဦးပေါ်လွင် (တောင်ပြင်ရပ်ကွက်သား)
- ငွေရမည်ပြော၍ ရိုက်နိုင်းပြီးမှ ငွေမရ၍ အရက်ဆိုင်တွင် မူးပြီးပြောနေသူ

## ၉။ ဖြစ်စဉ်

(၁) မြို့နယ် မအဖ ဥက္ကဋ္ဌမှ ရွာသစ်ကျေးရွာအနီး ရွာသားများအပြင်မထွက်ရန် ၃၀–၅–၀၄နေ့ နေ့လည် (၂)နာရီခန့်တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ကြေညာခြင်း။
(၂) မြို့နယ် သံဃနာယကအဖွဲ့အား ခေါ်ဝေး၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ယာဉ်တန်းမှ ၄င်းတို့အား တိုက်သည့်အတွက် ယခုကဲ့သို့ ရိုက်နှက်ရကြောင်း သံဃာများအား လက်မှတ်ထိုးခိုင်းခြင်း (ထိုသို့ ထိုးနိုင်း

ရာတွင် သံဃာအများစုမှာ လက်မှတ်မထိုးဘဲ မြို့နယ်သံဃနာယကအဖွဲ့၊ အတွင်းရေးမှူး ဆရာတော် ဦးန န္ဒနှင့် ခွန်တောင်း ကျေးရွာဆရာတော် ဦးနန္ဒောဘာသ တို့နှစ်ပါးသာလျှင် လက်မှတ်ရေး ထိုးကြောင်း)။

(၃) ရွာသစ်ကျေးရွာနှင့် ကြည်ရွာအကြား တံတားမှ ရွာသစ်အထိ ကားလမ်းဘေး ဝဲယာနှစ်ဖက်တွင် ရိုက်နှက် ရန် အသင့်တန်းစီနေခြင်း၊ ၄င်းတို့နောက်မှ ရဲတပ်သားများမှ လိုက်လံကြီးကြပ်ခြင်း။

(၄) ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဘုတလင်မှ ဒီပဲယင်းသို့ မထွက်ခွာမီ ရှေ့ပြေးသွားနှင့်ကြသော ကားများ၊ ဆိုင်ကယ်များကို ရွာသစ်ကျေးရွာထိပ်မှနေ၍ ကြိုတင်ဖမ်းဆီးပြီး ရွာသစ်ကျေးရွာနှင့် မျက်နှာချင်းဆိုင်ရှိ ဆည်မြောင်းဝင်းအတွင်း အလုပ်သမား တန်းလျား၊ အခန်းထဲတွင် ဖမ်းဆီးထားခြင်း၊ ရှေ့ပြေးအဖမ်းခံထားရ သူများမှာ (၁) ဦးဘိုမောင် (လွှတ်တော်ကိုယ်စားလှယ်– ဒီပဲယင်း) (၂) ဦးမြင့်ကြည် (လွှတ်တော်ကိုယ်စား လှယ်–ကသာ) (၃) ဦးစောလှိုင် (လွှတ်တော်ကိုယ်စားလှယ်– အင်းတော်) အပါအဝင် စုစုပေါင်း (၁၅)ဦးခန့် ရှိသည်၊ အဖမ်းခံထားရသူများအား တုတ်ကိုယ်စီကိုင်ထားသော အရပ်သား (တနယ်ကျေးရွာသားများနှင့် စခန်းမှူးဦးစိန်ဝင်းဦးစီးသော လက်နက်ကိုင်ရဲတပ်သားများ စောင့်နေကြ၏၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရွာသစ်ကျေးရွာသို့ ထွက်လာချိန်တွင် အဖမ်းခံထားရသူများအား နှစ်ယောက်တတွဲ လက်ထိပ်များ၊ ကြိုးများဖြင့်ထုတ်နှောင်ပြီး အနီးရှိကား (DYNA)ပေါ်သို့ တင်ထားသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ ရောက်ခါနီးအချိန်ကို ရဲအရာရှိများ၏ ဆက်သွယ်ရေးဖုန်းများမှ ကြားသိနေရသည်၊ "ကုလားမထွက်သွားပြီ၊ ဘယ်ရွာရောက်နေပြီ၊ လိမ္မော်သီးဆယ့်နှစ်လုံးပါသည်"စသည်ဖြင့် ကြားနေရ၏၊ ဘုန်းကြီးများကို လိမ္မော် သီးဟု သုံးနှုန်းဟန်တူသည်။

(၅) ဦးဘိုမောင် (လွှတ်တော်ကိုယ်စားလှယ်)နှင့် ဦးသန်းမော်ဝင်း (မာနယ်) ဦးသန်းထွန်း (တောင်ပြင်ရပ်ကွက်) နှင့် ဦးစန်မြင့်(ပင်စီ)တို့ စီးနင်းလာသော ဆိုင်ကယ်နှစ်စီးအား ရွာသစ်ကျေးရွာအနီး မအဖ ဥက္ကဋ္ဌ ကိုယ်တိုင် လူအုပ်ထဲမှထွက်တား၍ လက်ပက်ဖြုပတ်ထားသူက ဆိုင်ကယ်သော့ကို ဖွတ်ဖြုတ်ယူသည်၊ ဆိုင်ကယ်များ ကို မြို့နယ်ရဲတပ်ဖွဲ့မှူးက သိမ်းယူ၍ လူကို ဖမ်းဆီးထားသည်။

(၆) ရှေ့ပြေးအဖွဲ့နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ရွာသစ်ကျေးရွာထိပ်မှ မအဖ ဥက္ကဋ္ဌနှင့် အဖွဲ့သားများ က လမ်းပိတ်ဆို့ထား၏။ သံဆူးကြိုးများ ကာထားခြင်း၊ ဒိုင်ယာနာကားများနှင့် ခေါင်းတည်ပိတ်ဆို့ထား ခြင်းတို့ ပြုလုပ်ထား၏။ လမ်းဘေးဝဲယာတွင် အစဉ်သင့် ရိုက်ရန်ပြင်ဆင်ထားသောအဖွဲ့နှင့် လမ်းပိတ်ထား သောအဖွဲ့မှာ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ လူများဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်ယာဉ်တန်းနောက်မှ ပိတ်ဆို့မောင်းနှင် လိုက်လာသောအဖွဲ့မှာ မုံရွာခရိုင်အတွင်းမှ လူများဖြစ်ကြောင်းသိရသည်။

(၇) ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ကျေးရွာထိပ်ရောက်ချိန်တွင် ဒေါ်စုအား စောင့်ကြိုနေသော လမ်းဘေးရှိ လူအုပ်ထဲမှ ဘုန်းကြီးတပါးက ဒေါ်စုကားအား ထွက်ထား၍ တရားဟောရန်ပြောသည်။ နောက်မှ ထိုဘုန်း ကြီးမှာ ဘုန်းကြီးအတုမှန်းသိရ၏။ ဒေါ်စုမှ အချိန်မရ၍ ဒီပဲယင်းလိုက်ခဲ့ရန်နှင့် ဒီပဲယင်းမှာ တရားဟောမည် ဖြစ်ကြောင်း ပြန်ပြောသည်။ တချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ နောက်မှပိတ်ဆို့လိုက် လာသောကားပေါ်မှ လူက စောင့်ကြိုနေသော လူအုပ်အတွင်းရှိ ဘုန်းကြီးတပါးအား ရိုက်လိုက်ရာ ဘုန်းကြီး မှာ သွေးထွက်၍ လဲကျသွား၏၊ ထိုဘုန်းကြီးမှာ ရွာခံဘုန်းကြီးဖြစ်၏။ ရွာမှဘုန်းကြီ အရိုက်ခံရသည်ဆိုပြီး ရွာသားများထွက်လာကာ ပိတ်ဆို့ကားပေါ်ပါ လူတစုနှင့် ရန်းရင်းဆန်ခတ်ဖြစ်ကြသည်။ ထိုပဋိပက္ခတွင် ရွာသားများ အသေအပျောက်မရှိဘဲ၊ ပိတ်ဆို့ကားမှ လူ(၅၀)ကျော်ခန့်သေဆုံးကြောင်း ကြားသိရသည်။ ပိတ်ဆို့ကားပေါ်တွင် မန္တလေးအကျဉ်းထောင်မှ နစ်ကြီးသမားများ၊ ဘုန်းကြီးအတုများ၊ ပြည်ခိုင်ဖြိုးအဖွဲ့များ၊ စွမ်းအားရှင်အဖွဲ့သားများ ပါကြောင်းသိရသည်။ ပဋိပက္ခတွင် ကားတစီး မီးလောင်ကျွမ်းပြီး၊ တစီးဖျက်ဆီး ခံရသည်။ သေနပ်ပစ်သံတွေလည်း ကြားနေရသည်။

(၈) မန္တလေးအကျဉ်းထောင်မှ ခေါ်လာသောနစ်ကြီးသမားများမှာ စုစုပေါင်း(၇၂)ဦးဖြစ်ပြီ၊ တခါတည်း လွှတ်ဝရမ်း ပေးကာ ခေါ်လာ၍ အနီးကပ်မှ အကျီလဲခိုင်းကာ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ရိုက်ခိုင်းကြောင်း သိရသည်။ ထိုအထဲတွင် လူ(၂၀)ကျော်မှာ မရိုက်ကြဘဲ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။ ရိုက်နှက်ရာတွင် ပါဝင်သူများကိုလည်း မုံရွာသို့ပြန်ခေါ်၍ သတ်ပစ်လိုက်ကြောင်း ကြားသိရသည်။

(၉) ကြည်ကျေးရွာအနီး ရွာသားများ ပဋိပက္ခဖြစ်နေချိန် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့မှာ ရွာသစ်ကျေးရွာ ဆီသို့ ဆက်လက်မောင်းနှင်သွားကြ၏၊ ရွာသစ်ကျေးရွာအနီး တံတားအကျော်တွင် အသင့်ပြင်ဆင်ထားကြ သော မီးဆလိုက်များဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား လှမ်းထိုးထားပြီး ရိုက်ရန်အသင့်စောင့် နေကြသောသူများက ရိုက်နှက်ကြသည်။ အချိန်မှာ ည(၇)နာရီခန့်မှ ဖြစ်သည်။

(၁၀) မီးဆလိုက်ထိုးလိုက်သည်နှင့် တပြိုင်နက် မအဖ ဥက္ကဋ္ဌနှင့်အတူ၊ ဘေးနားရှိ ဦးမြဝင်း အဖွဲ့ဝင်(၁) ရအဖ၊ မြို့မရပ်ကွက် ဦးစိုးတင့်၊ ဦးဖိုးဆွေတို့ အားလုံးက "ရိုက်ရိုက်"ဟူ၍ အော်ဟစ်အမိန့်ပေးကြသည်။ ရိုက်သံ အော်ဟစ်သံများကို ဆည်မြောင်းဝင်းအတွင်း အဖမ်းခံထားရသူ အားလုံး ကြားကြသည်။

(၁၁) ခဏအကြာတွင် ဒဏ်ရာရသူတချို့ မိန်းကလေးများအပါအဝင် ကားပေါ်သို့ လာတင်ကြသည်။ လူငယ်တယောက်အား လက်မှ မြေကြီး တရွတ်တိုက်ဆွဲလာပြီး ကားအနီး မြေကြီးပေါ်တွင် ပက်လက်ပစ်ချထားသည်။ အနီးရှိ ရဲများက သေမသေ ရင်ဘတ်ကို စမ်းကြည့်ကြသည်ကိုလည်း ကားပေါ်မှ မြင်တွေ့ရသည်။

(၁၂) တချိန်တည်းမှာပင် မြို့နယ် ပ/ရမှူးမှ ရဲဘော်တချို့အား "ဂေါ်ပြားယူခဲ့ကြ၊ ကျင်းတူး"ဆိုပြီး အမိန့်ပေးသံကြားရသည်။ သေသူများအား ကျင်းတူးမြှုပ်နှံကြောင်း ကြားသိရသည်။ တချို့မသေမရှင်တွေ မြှုပ်နှံခံရကြောင်း သိရသည်။

(၁၃) ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ရိုက်နှက်ကြသဖြင့် သေသူသေ၍ ထွက်ပြေး လွတ်မြောက်သွားသူများလည်းရှိ၏။ တချို့ ထွက်ပြေးလွတ်မြောက်သွားသူတချို့တွင် ဒဏ်ရာရသဖြင့် ဒီပဲယင်းမြို့နယ် ဆေးရုံတွင် ဆေးကုသပေး၏။ ဆေးရုံမှ လွတ်မြောက် သွားသူလည်း ရှိ၏။

(၁၄) ဒေါ်အောင်ဆန်းစုကြည် စီးနင်းလိုက်ပါလာသောကားကို ရှေ့တည့်တည့်မှ အဆင်သင့် နေရာယူထားသောကား ဒိုင်နာအား စက်နှိုးမောင်းနိုင်းပြီး တိုက်ခိုင်းရာ၊ ကားသမားမှာ မတိုးဘဲ အတိုက်ပြု၍ ဘေးသို့ ဖဲ့မောင်းလိုက်ရာ၊ ထိုအခိုက်ကို ထွက်ပေါက်မှ ဒေါ်အောင်ဆန်းစုကြည်ကားမှာ လွတ်မြောက်ထွက်ပြေးခဲ့ကြောင်း ကားသမားတဦး၏ ပြောပြချက်အရ သိရှိရသည်။

(၁၅) ထိုသို့ ထွက်ပြေးမောင်းနှင်သွားစဉ် သေနတ်ဖြင့်လှမ်းပစ်ရာ ကားဘီးမှန်၍ ဘီးပေါက်နှင့်ပင် ဒီပဲယင်းမှ (၉)မိုင်ဝေးသော ရေဦးမြို့ထိ မောင်းနှင်သွားခဲ့၏။ ဒေါ်အောင်ဆန်းစုကြည်အား သေနတ်နှင့် လှမ်းပစ်သူမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့မှူးမှ မအဖ အတွင်းရေးမှူး ဦးသက်ထားမောင်နှင့် နယ်မြေထောက်လှမ်းရေး (၂၀)မှ ဦးမြတ်ကျော်တို့အား ပြောကြားနေသည်ကို ရုံးဝန်ထမ်းအချို့မှ ကြားရ၍ တဆင့်ပြောပြ သိရှိရသည်။

(၁၆) စုစုပေါင်းသေဆုံးသူ စာရင်းမှာ အာဏာပိုင်များ၏ ပြုစုချက်အရ (၂၈၂)ဦး ဖြစ်ကြောင်း ဝန်ထမ်းတဦး၏ ပြောပြချက်အရသိရှိရသည်။ သေဆုံးသူများအား ဆည်မြောင်းဝင်းအတွင်း မြှုပ်နှံခြင်း၊ တချို့ မုံရွာမီးသဂြိုဟ်စက်အတွင်း သယ်ဆောင်၍ မီးရှို့ခြင်းများ ပြုလုပ်ကြောင်း သိရသည်။ တချို့ ဒဏ်ရာနှင့်ပြေးရင်း လယ်ကွင်းထဲတွင် သေဆုံးနေသည်ကိုလည်း သိရသည်။

(၁၇) လူသတ်ပွဲ ကျင်းပနေချိန် ရွာသစ်ကျေးရွာအကျော် (၄)ဖာလုံခန့်အကွာရှိ မဲသည်ကျေးရွာ တံတားအနီးတွင် လူထု(ခန့်မှန်း ၁၀၀၀ခန့်)မှာ လူသတ်ပွဲအား ရှုတ်ချသည့်အနေဖြင့် ဆန္ဒပြနေကြ၏၊ ညလုံးပေါက်ဖြစ်၏၊ ၎င်းတို့၏ အော်ဟစ်သံများမှာ "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ၊ ဦးတင်ဦး ကျန်းမာပါစေ၊ ကြံ့ခိုင်ဖွံ့ဖြိုးအလိုမရှိ"ဆိုပြီး အော်ဟစ်နေကြ၏၊ ထိုအော်ဟစ်ရာ နေရာသို့ အာဏာပိုင်အဖွဲ့ သေနတ်နှင့် လှမ်းပစ်သည်၊ မီးကြည်လည်းပါသည်၊ သေနတ်နှင့်ပစ်စဉ် လူထုအသံမှာ ငြိမ်သက်သွားပြီး ခဏအကြာ ဆက်လက်အော်ဟစ်ကြသည်၊ မိုးလင်းခါနီးကြမှ ကြွေးကြော်သံများ ငြိမ်သက်သွားပြီး လူစုကွဲသွားတော့၏။ လူစုကွဲသွားမှ ဖမ်းထားသူများကို ရွှေဘိုထောင်သို့ ပို့သည်။

## (၁၀) အတွေ့တွေ့

– ရွာသစ်ကျေးရွာနှင့် မျက်နှာချင်းဆိုင် ဆည်မြောင်းဝင်းအား ယခုရုံးကင်း အမှတ်(၂)အဖြစ် ပြုလုပ်ထားခြင်း။

– (၄)ဦးသာ သေသည်ဟု ကြေငြာပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့် (တရားရေး၊ ဥပဒေ၊ ဆရာဝန်၊ "စ"သုံးလုံး၊ ထောက်လှမ်းရေး၊ မအဖ ——) တို့အား ဆည်မြောင်းဝင်းအတွင်း စုံညီစစ်ဆေးရာ (၇)လောင်း မြှုပ်နှံထားသည့်နေရာကို ဖော်မိ၍ ပြန်ဖုံးပြီးမှ (၄)လောင်းနေရာကိုရှာပြီး ပြန်ဖော်စစ်ဆေးကြကြောင်း သိရသည်။

– ယခုအခါ ဆည်မြောင်းဝန်းပေါင်းအတွင်းရှိ ရှေ့ပြေးအဖွဲ့အားဖမ်းဆီးချုပ်နှောင် ထားခဲ့သောဂိုဒေါင်အဟောင်းအား ဖျက်သိမ်းပြီး ရဲစခန်းတခုတည်ဆောက်ထားကြောင်း ၂၀၀၃ ဇူလိုင်တွင် အပြီးတည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။ ရွာသစ်ရွာရဲစခန်းဟု အမည်ပေးထားပြီး အဆောက်အဦး ငါးလုံးတွေ့ရှိရသည်။ ရဲစခန်းအဆောက်အဦးမှာ ပေ ၄၀× ၂၅ပေ ခန့်ရှိပြီး ကျန်လေးလုံးမှာ ဝန်ထမ်းအိမ်ယာဟု ယူဆရပြီး ၂၅ပေ× ၂၅ပေ အုတ်မိနပ်ဖြင့် ငါးထရံကာ သွပ်မိုးဖြစ်ကြောင်း တွေ့ရှိရသည်။ ရွာသစ်ရွာဘက်အခြမ်းတွင်လည်း ရဲကင်းတခု ၅ ပေ× ၅ပေရှိပြီး ရဲသားနှစ်ဦး အမြဲထိုင်နေပြီး ဖြတ်သန်းသွားလာသော ကားမှန်သမျှ ရပ်တန့်စစ်ဆေး၍ ဂိတ်ကြေး ယူနေသည်ကို တွေ့ရှိရသည်။

– စိုင်ပြင်မှဒီပဲယင်းကြားတွင် ရဲသားတဦးနှင့်ယာဉ်ထိန်းရဲတဦးတို့မှာ စကားပြောစက်တလုံး ဆိုင်ကယ်တစီးဖြင့် မကြာခဏ လှည့်လည်သွားလာလျက်ရှိကြောင်း တွေ့ရှိရသည်။

– ကြည်ရွာနှင့် ရွာသစ်ရွာတို့သို့ ရွာနီးစပ်ချုပ်မှ ရွာသားများပင် မသွားရဲသေးကြောင်း၊ ထိုရွာနှစ်ရွာသို့ မျက်နှာစိမ်းများ အကြောင်းအချက် မခိုင်လုံဘဲ ဝင်ထွက် ခွင့်မပြုကြောင်း၊ ကြည်ရွာ ရယက ဥက္ကဋ္ဌ၏ဘေးတွင် ရဲ/စစ်သားဟု ယူဆရသူ နှစ်ဦး အနီးကပ်စောင့်ကြပ်လျက်ရှိနေပြီး ရွာတွင်းထူးခြားချက်ရှိက အမြန်ဆက်သွယ်နိုင်ရန် **cordless phone** တလုံး ပေးထားကြောင်း တွေ့ရှိရသည်။

– မုံရွာမြို့ခံတစ်ဦးက မိမိသားပျောက်ဆုံးနေ၍ ၁–၆–၂၀၀၃ရက်နေ့က လိုက်လံရှာဖွေရာ စိုင်ပြင်ကြီးရွာဥက္ကဋ္ဌမှ “သေဆုံးသူ ၂၀ လောက်ပဲရှိတယ် ကလေးနဲ့မိန်းမ မပါဘူး” ဟု ပြောဆိုကြောင်း သိရှိရသည်။

– ရွှေဘိုထောင်သို့ရောက်ရှိလာသော ဦးကြီးညို၊ ဦးခင်မောင်လွင်၊ ဦးထိုက်မင်း တို့၏ပြောပြချက်အရ– မီးရှို့ခံရသော ကားမှာ တစ်စီးတည်းသာဖြစ်ပြီး ဒီပဲယင်းမြို့နယ် ဘုရားထွက်ကုန်းရွာနေ ကြံ့ဖွံ့မောင်မြင့်(ဘ) ဦးတိုက်ဆန်းနှင့် ဌေးလွင်(ဘ) ဦးအုံးမောင်တို့အဖွဲ့မှ ရှို့ခြင်းဖြစ်ကြောင်း၊ ကားနံပါတ်ပြားအား ရွှံ့ဖြင့် သုတ်ထားကြောင်း **DYNA** အမျိုးအစား ဖြစ်ပြီး ရာဇာမင်း ကားလိုင်း (ရွှေဘို–မုံရွာပြေးဆွဲ)မှဖြစ်ပြီး ရွှေဘို ခဝတမှ ချောဆွဲထားသောကားဖြစ်ကြောင်း၊ ကြည်ရွာမှ အသေအပျောက်မရှိသော်လည်း ကိုဌေးအောင်နှင့် မောင်သက်နိုင်တို့ နှစ်ဦးမှာဒဏ်ရာများရရှိသွားကြောင်း၊ ရွာသား အချို့တိမ်းရှောင် ထွက်ပြေးနေကြ၍ ရွာမှာခြောက်ကပ်လျက်ရှိကြောင်း သိရှိရသည်။